မင်းကွန်း တိပိဋကတ = နိကာယ သာသနာပြုအဖွဲ့

ပထမ

သုံးဆူတိုင်ဘုရား

ဝမ္ဗဒီပ

မင်းကွန်၊ တိဝိဇ္ဇက=နိကာယ သာသနာပြုဘဒ္ဒန္တ
ပထမသုံးနှစ်ခရီး အဖုံးဒီဇိုင်း အညွှန်း

ဗုဒ္ဓမြတ်စွာ စက်တော်ရာ ပတ်လည်တွင် ရှိသည့် 'ဖြစ်တေင်ပေါင်း' မှအရှစ်မျိုးပေါင်း ၁၆ မျိုးကို အဖုံး၏ပတ်လည် ဘောင်တခုလုံး ဝိုင်းရံ သိုင်းခြုံ ထားခြင်းက မြတ်စွာဘုရားသခင်၏ ဧည့်တော်ရာကို ဦးခိုက်ခြင်းပင် ဖြစ်ပါ၏။

ထီးတော်ကြီးကို သိကြား ဗြဟ္မာများ ပင့်ဆောင်လာဟန်ကို မိုးမိတ်စေတီတော်ကြီးမှား ပြုပြင်စောင့်ရှောက်ကြရာတွင် သိကြား ဗြဟ္မာများပင် ပူဇော်ပါဝင်ကြသည့် အလား တင်စားထားကာ 'ရွှေထီးသုံးလက်' မှာ တိပိဋကဓရဆရာတော်ဘုရား၏ ဦးဆောင်မှုကို ညွှန်းဆိုပါသည်။

ကျောပုံးတွင်ပါရှိသည့် သာသနိက အဆောက်အအုံများက မိုးမိတ်ကုန်းမြေနှင့် ကုသိုလ်ဒါနအဝဝကို ပမာပြုလျက် ရှိပ[illegible]၊ ဝ တက်နေသော တိမ်ကနုတ်အဘွင်းဖွဲ့ နေ,လ၊ မြင်းမိုရ်တောင်၊ [illegible] ဝဋ္ဌာ၊ နတ်ဗြဟ္မာဘုံများ (စက်တော်ရာ ၁၀၀ ကွက်မှ ထုတ်နှာ ဓာက်များ) ပါဝင်နေခြင်းက ကောင်းမှုကုသိုလ်အဝဝများနှင့် သ သနာတော် တိုးတက် ပျံ့နှံ့စည်ပင်စေလိုကြောင်း ညွှန်းဆိုပါ၏။



ဒီဇိုင်းတွဲ ရွှေရောင်၊ ငွေရောင်နှင့် ကနုတ်ပန်းများ သီကြား ဗြဟ္မာနှင့် သာသနိကအဆောက်အအုံများက ဝန့်ထဲမှု၊ မြို့ဆိုင်မှု၊ မြန်မာဆန်စေမှုကို ရစေ၍၊ နောက်ခံ ဘက်တန့်ရောင်စုံက ကျယ်ဝန်းသော လောကတခွင် ကောင်းကင်ပြင်ကို လည်းကောင်း၊ လှုပ်ရှား ဆွဲဆောင်စေသော အရောင်အင်အား ကိုလည်းကောင်း ရစေလို၍ ဖြစ်ပါသည်။

ရဟန်းရှင်လူ စာရှူသူအပေါင်းတို့ထံ ဤစာစောင် ရှိနေခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာကိုလည်းကောင်း၊ တိပိဋကဓရဆရာတော်အပါအဝင် သံဃာတော်များကို လည်းကောင်း၊ ကုသိုလ်ဒါနအဝဝနှင့် ကျောက်ထက်အကွာရာတင် တရားဒေသနာများကို လည်းကောင်း ပူဇော်ရာ ရောက်နေမည်သာ၊ သို့....ညွှန်းဆိုလျက်ရှိလေသည်။

စာစောင်ကော်မတီ

ပထမ သုံးနှစ်ခရိုး ၁၃၄၀ ၁၃၄၁ ၁၃၄၂



တိပိဋကာ = နိကာယသာသနာပြုအဖွဲ့မှ ဝမ္မဒါနထုတ်ဝေသည်။

ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်၊ ကုလသမဂ္ဂ၊ ဒုတိယ ဥက္ကဋ္ဌ

ကမ္ဘာ့ငြိမ်းချမ်းရေးဆုကမ်းလှမ်းသူ

ဒေါ်ခင်ဇော်ဝင်းမြင့်

ကို ---- ဖြင့် ကုလသမဂ္ဂ၏ ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဖြစ်ပါသည်။ ဒေါ်ခင်ဇော်ဝင်းမြင့်သည် ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံရသော ပထမဆုံး ဗုဒ္ဓဘာသာဝင် အမျိုးသမီး ဖြစ်ပါသည်။

ဒေါ်ခင်ဇော်ဝင်းမြင့်သည် ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံရသော ပထမဆုံး ဗုဒ္ဓဘာသာဝင် အမျိုးသမီး ဖြစ်ပါသည်။

ကို ---- ဖြင့် ကုလသမဂ္ဂ၏ ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဖြစ်ပါသည်။

ကုလသမဂ္ဂ ကမ္ဘာ့ငြိမ်းချမ်းသည်းခံတည်ကြည်ရေးအဖွဲ့ချုပ်

မင်းကွန်း မိုးမိတ်ကုန်းဖြူ

ရွှေဘုန်းပွင့် ရုပ်ပွါးတော်



မင်းကွန်း မိုးမိတ်စေတီတော်

မင်းကွန်း မိုးမိတ်စက်တော်ရာစေတီ

အမရပူရခေတ် မူလပန်းတမော့လက်ရာ

စက်တော်ရာ

သိမ်တော်တွင်းမှ မုဒြာ (၇) ပါးနှင့် ဘုရားကိုယ်တော် (၇) ဆူ



သောဘိကသိမ်တော်

အရိယမဂ္ဂင် ဆရာတော်ကြီး

ဘဂဝတ်မဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအရိယမ၊ အရိယ မဂ္ဂဒီပချောင်၊ မင်းကွန်းတောင်ရိုး

(ဓါတ်ပုံ၊ နှယ်ဖူးဟိုဓါတ်ပုံတိုက်မှ ဝမ္မဒါန)

ရွှေဟင်္သာ ဆရာတော်ကြီး

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ၊ ရွှေဟင်္သာတိုက်သစ် စာသင်ကြီးတောင်ရိုး၊

(ဓါတ်ပုံ၊ နယူးမဟို ဓါတ်ပုံတိုက်မှ မွေးရင်း)

မစိုးရိမ် ပဌာန်းဆရာတော်ကြီး

အရှင်မဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့

၂၃၈၂ (ဓါတ်ပုံ၊ နှစ်ပေါင်းများစွာကြီးမှူးခဲ့ဖူးသော)



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

တိပိဋကဓရ ဝမ္မဘဏ္ဍာဂါရိက ဘဂဝမဟာပဏ္ဍိတ
ဘဘိဝေမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဓံသ
ဝမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး



တည်ဆောက်ဆဲ ကျောက်စာတိုက်မျှား



တိပိဋကတ်=နိကာယသာသနာပြုအဖွဲ့

မြဝေအောင်ဆရာတော်

ဒဂုံယမဂ္ဂင်ဆရာတော်ဘုရားကြီး

မင်းကွန်းတိပိဋကဓရဆရာတော်

သိဂိုဇ ဆရာတော်

ရာမည်တိုက်သမိ ဆရာတော်

အုပ်ချုပ်မှုနာယကဆရာတော်ကြီးများ

ဗြော်ဘိုချောင်ဆရာတော်

ရေဦးတိုက်ဆရာတော်

မဟာဒဏ္ဍတိုက်ဒဂုံဆရာတော်

ဝေယံဘုံမြင့်ဆရာတော်

ဂဟနာဘုံမြင့်ဆရာတော်

ဆရာဝန်ကြီးဦးသာလှ

မိုးမိတ်စေတီဖူတော်ကြီးမှူးပြုပြင်စောင့်ရှောက်ရေးအဖွဲ့

ဥက္ကဋ္ဌများ

ဗန္ဓုလ ဦးဆိုင်

၁၃၂၂ - မှ - ၁၃၂၃

ဦးစံရွှေ

၁၃၄၀ - မှ - ၁၃၄၁

ရတနာပုံ ဦးမိုး

၁၃၂၆ - မှ - ၁၃၄၀

ဦးသာလှ

၁၃၄၁ - မှ - .....

တိုပိုင္ဌက = နိုကာယသာသနာပြုအဖွဲ့

ဦးသာလှ

(ညွှန်ကြား)

ဦးညီ

(ဒု-ညွှန်ကြား)

ဦးစိန်းမောင်

(ဒု-ညွှန်ကြား)

ဦးကျော်ကျော်

(တွဲဖက်-အကျိုးဆောင်ဆောင်)

ဦးသိန်းမောင်

(စာရေးကြီး)

ဦးပါ

(စာရေးကြီး)

အမှုဆောင်လူကြီးများ

ဦးဖိုးမှိ
(ဒွေထိန်း)

မန်းခေတ်ဦးလှရွှေ
(အရာရှိးတော်ဆောင်)

ဦးအေးမောင်
တွဲပက်-အရာရှိးတော်ဆောင်

ဦးအောင်ခန့်
(ပြန်ကြားရေးမှူး)

ဦးမောင်မောင်အေး
(ပြန်ကြားရေးမှူး)

ရန်ကုန်ဌာနခွဲမှ အမှုဆောင်လူကြီးများ

ဦးသာလှ
(ဥက္ကဋ္ဌ)

ဦးသန်း
(အမှုဆောင်)

ဦးလှမောင်
(အမှုဆောင်)

ဦးစိန်
(အမှုဆောင်)

ဦးစောလှိုင်
(အမှုဆောင်)

တိပိဋကာ - နိကာယ သာသနာပြုဓာတ်တို့.

ပထမ သုံးနှစ်ခရီး

စာစောင်ကောမိတီ

ရှေ့တန်း - ဦးသာလှ၊ ဦးသုခ၊ တိပိဋကဓရဆရာတော်၊ ဦးစန်းငွေ၊ ဦးချမ်းသာ

နောက်တန်း - ဦးအေးမြင့်၊ ဦးမောင်မောင်ကြီး၊ ဦးအောင်

သာသနာ့အကျိုး၊ အဖွဲ့အကျိုး၊ ညီညာဖြစ်ဖြစ်၊ ဆောင်ရွက်ချက်အထွေထွေ။ သာသနာ့အ

နာယက ဆရာတော်ကြီးများ
၏

ဗုဒ္ဓဘိဒဂို
အာစရိယအမြဲ
ဦးထိပ်ပန်ခြင်း

တိပိဋကစာသင်သား
သံဃာများစာလည်း
ချက်၊ကြံ့၊ဒံ့၊ကြည့်

စွမ်းအားရှိသမျှ
ကြိုးပမ်းတော်မူ
ရှဲ့လေ့သည်။

ဘဘသနှံ့အကျိုး၊ အဖွဲ့အကျိုး ညီညာဖြစ်ဖြစ်၊ ဆောင်ရွက်ချက်အားထွေထွေ။ သာသနှံ့အကျိ

နွေညမပြတ်
ပြုအပ်သော
ကျင့်ဝတ်များလည်း
ပြည့်စေကြ....

ပရိယတ္တိ
ပဋိပတ္တိ
ဥစ္စိဖြာသော
အကျိုးတရားရပို
ဆောင်လျက်.....



သို့ ဆောင်ရွက်စိမ့်သောဤ
နောက်ပိုင်းမှ
ဒါနရှင်အပေါင်းတို့၏
ကျောင်း၊ဆေး၊ဆွမ်း၊သင်္ကန်း

ဤဒါနကြွယ်သည်များစာ
ဗုဒ္ဓဘာသာဝင်တို့အတွက်
ပိတ်ဖြစ်စေသော
အချုပ်မောဒနာ
ခေါ်ဖွယ်ရာများသာတည့်

သာသနာ့အကျိုး၊ အဖွဲ့အကျိုး၊ ညီညာဖွဲ့ဖြိုး၊ သောင်ရွှေ့ချင်းအထွေထွေ။ သာသနာ့အကျ

ရှေ့နောက်
ထက်အောက်
စုစုစည်းစည်း

ညီညီရင်းရင်း

ဆယ်ပါဝင်စွာ
ကျေးဇူးဆောင်မှု
မကြေမပန်း
ပြုကြသမျှ
ကုသိုလ်အဝဝ

မှတ်တမ်းတင်ကာ
စာပေ၊ အနုပညာ၊ ဓိဿကာ
စေးဂိတ ပညာရှင် အစုစု
ဂါဝင် ပူးပေါင်းကြိုဆိုကြပုံ

သာသနာ့အကျိုး၊ အပွဲအကျိုး၊ ညီညာဖြုံဖြိုး၊ ဆောင်ရွက်ချက်အထွေထွေ။ သာသနာ့အက

အာနယ်နယ်
အာရုပ်ရေမှု
ကုသိုလ်ဒါန မျိုးကားကား
နေ့စဉ်-လစဉ်
နှစ်စဉ်-ပါတဝ်ဉ်.....



သာသနာ့အကျိုး
ပမာဏမရှိုး
သေးသည်ကြီးသည်ပေါ့

စိတ်ဝမ်းကြည်ကြည်
ညီညာဖြုံဖြိုး

တမိုဝမ်းတွင်း
တအုတ်ဆင်းပမာ
ဆောင်ရွက်နိုင်ကြလေသည်။

အိမ်ငယ်=ဓိကာယသာသနာပြုအဖွဲ့ဝင်တို့

ရေအိမ်ခွင့်ပြုမြေများ ရရှိနိုးကြသော အလှူရှင်များ



၁။ ဦးလှမောင် စင်ကိုင်းမြို့
(နေထိုင်သောအိမ်လွှဲပေါင်းပါသည်)

၂။ ဒေါ်ကျော်ကော်ထင် ဦးတင်ဆွေ
နိုင်ငံဂုဏ်ရည် ပထမဆင့်။ ဒုတိယ-ဒိုလ်မူးကြီး (အငြိမ်းစား)နှင့် ဇနီးဗိုလ်မူး-**ဒေါ်ထန်းသန်း**၊
အမှတ်(၉)၊မဟာဗန္ဓုလသာ၊ဒေ-မိုင်၊ ပြည်လမ်း၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ တထပ်တိုက်နှင့် ဝင်း မြို့မြေ လွှဲပေါင်းပါသည်၊

၃။ **ဒေါ်လှနု**
အမှတ်(၁၉-အေ)၊ပြည်ထောင်စုမိုဖ်သာ၊ ဟယ်လ်ပင်လမ်း၊ရန်ကုန်မြို့။
အမှတ်-၃၅-ဘီ၊ ပြည်လမ်း၊ရန်ကုန်မြို့၊ နှစ်ထပ်တိုက်နှင့်ဝင်း မြို့မြေ လွှဲပေါင်းပါသည်၊

၄။ **ဒေါ်သန်းစိန်၊ဒေါ်မြနွယ်နှင့် ဒေါက်တာ ဒေါ်မြမြဝင်း၊**
အမှတ်(၁၀၈)၊ နတ်မောက်လမ်း၊ရန်ကုန်မြို့။
အမှတ်-၄၀၊ လမ်း-၂၀ နှင့် အမှတ်-၃၂၊၃၆-လယာလမ်း၊ ရန်ကုန်မြို့ရှိ တိုက်များကို လွှဲပေါင်းပါသည်၊

၅။ **ဒေါ်ဆင်ဆင် ကျော်၊အာမကြီး၊**
မန္တလေးမြို့၊ ပိုက်ကျုံးရပ်။ မင်းကွန်း၊တောင်ဝိုး၊ မူနာဒကျောင်းတိုက်၊သံဃာတော်များမှတဆင့်
ယခု မန္တလေးဌာနခွဲအဖြစ်ဖွင့်လှစ် ထား်သည့်အဆောက်အအုံနှင့် ဝင်းမြို့ကိုလွှဲပေါင်းပါသည်၊

၆

ဥက္ကဋ္ဌ ၏

မေတ္တာရပ်ခံစာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၏ မဟာနာယကဆရာတော် ဦးဝိစိတ္တသာရဘိဝံသ ဆရာတော်ဘုရားသည် တိပိဋကနှင့် နိကာယ ဗုဒ္ဓစာပေများကို သင်အံလေ့ကျက်၍ သတ်မှတ်သော စာလျှောက်မေးပွဲများကို လွယ်လင့်တကူ ဝင်ရောက် ဖြေဆိုနိုင်ကြရန်နှင့် မိမိကဲ့သို့ ကိုယ်စားပြုနိုင်မည့် သာသနာ့အာဇာနည်များ ပေါ်ထွန်းလာစေရန် တိပိဋကနှင့် နိကာယ သာသနာပြုအဖွဲ့ကို ဖွဲ့စည်းပြီး ကျောင်းတိုက်ကိုပါ ဖွင့်လှစ်ထားရှိခဲ့ရာ သုံးနှစ်ခရီးသို့ပင် ရောက်ရှိ ကျော်လွန်၍လာခဲ့ပါပြီ။

ဆရာတော်ဘုရားသည် ၁၂၉၉-ခုနှစ်တွင် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေ၌ ဗုဒ္ဓ၏ ဓာတ်တော်အစစ် (၁၄)ဆူ ကိန်းဝပ်စံပယ်တော်မူရာ ပါဒစေတီတော်ကြီးကို တွေ့ရှိပြီးကတည်းက သာသနာ့မိခင် သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် အတူ နှစ်စဉ် ဗုဒ္ဓပူဇော်အဖြစ် သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ပြီး ပူဇော်ခဲ့ပါသည်။

၁၃၃၂-ခုနှစ်တွင် ကျွန်တော်သည် ဆရာတော်ဘုရားထံ ကျန်းမာရေး ကြည့်ရှုပေးရန် သွားရောက်ခိုက်တွင် ယခုကဲ့သို့ ပါဒစေတီတော်နှင့် ပြိုပျက်လျက်ရှိသော မိုးမိတ်စေတီတော်ကြီးများကို ပူဇော်လျက်ရှိသော ဆရာတော်ဘုရားအား တွေ့ရှိဖူးမြော်ပြီး ဆရာတော်ဘုရား၏ ဩဝါဒကို ခံယူ၍ ဗုဒ္ဓပူဇော်မှသည် ဓမ္မပူဇော်၊ သံဃပူဇော်၊ သာသနာ့ပူဇော ပူဇော်ခြင်းလေးရပ်ကို တိုးချဲ့ပူဇော်ကြရန် ဆောင်ရွက်လာခဲ့ပါသည်။

ထိုပူဇော်ခြင်းလေးရပ်တွင် ဗုဒ္ဓပူဇော်အဖြစ် မိုးမိတ်စေတီတော်ကြီးများ ဗုဒ္ဓပူဇနိယပုံတော်များ ကျင်းပခဲ့ရာမှ တိပိဋက=နိကာယ ကျောင်းတိုက်ကြီး ပေါ်ပေါက်လာခဲ့သော အခါ မုဒြောဘုရားကြီး ခုနစ်ဆူ၊ မိုးမိတ်စေတီတော်ကြီးအား ဝန်းရံလျက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဆင်းတုတော်များနှင့် ဗောဒင်ဘဲ့ရ ပုဂ္ဂိုလ်မြတ်များ၏ ရုပ်တုတော်များကို တည်ထားပူဇော်ကြပါသည်။

ဓမ္မပူဇော်အဖြစ် ဓမ္မစေတီ ထိုက်တော်မူသော ဆရာတော်ဘုရားကို, ပူဇော်ခဲ့ရာမှ ပိဋကတ်အရပ်ရပ် နိကာယ်အသွယ်သွယ်ဆောင် စာသင်သား ရဟန်းတော်များကို နှစ်စဉ် ဂုဏ်ပြုပူဇော်သည့်အပြင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် ဝိဓေကအရပ်တော်ကိုပါ လှူဒါန်းပူဇော်ကြပါသည်။

သံဃပူဇာအဖြစ် ဗုဒ္ဓပူဇနိယပုဂ္ဂိုလ်တော်နှင့် တွဲဖက်၍ တောင်ရိုးမှ သံဃာတော်များအား သက်နှံအစုံတို့ဖြင့် ပူဇော်ရာမှ တိပိဋကနိကာယ ကျောင်းတိုက်မှ သံဃာတော်များအား တန္ဒစ်လျှင် သုံးကြိမ်ကျသက်နှံများ ဆက်ကပ်လှူဒါန်း၍ သံဃပူဇာပွဲကျင်းပပူဇော်ကြပါသည်။

သာသနာ့ပူဇာအဖြစ် ရဟန်းတော်အရှင်မြတ်များ၊ ရှင်သာမဏေများ၊ ထေရီအသွင် သီလရှင်များနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ ကျေးဇူးရှင်ကြီးများကိုပါ ပူဇော်လာခဲ့ရာဝိသေသအားဖြင့် တိပိဋက=နိကာယကျောင်းတိုက်မှ စာသင်သား ရဟန်းတော်များကို အာမိသပူဇာ၊ ဓမ္မပူဇာအဖြစ်ဖြင့် လည်းကောင်း၊ ဓမ္မစေတီ ပိဋကတ်တိုက်တော်နှင့် စာအုပ်များ ထားရှိပူဇော်၍ လည်းကောင်း ပူဇော်ခြင်းလေးရပ်ကို ပူဇော်လျက်ရှိပါသည်။

ထိုသို့ ထပ်ဆင့်တိုးခဲ့၍ ပူဇော်ကြရာတွင် ကာယအား၊ ဉာဏအား၊ ဒါနအား အပြည့်အဝဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူ စေတနာရှင်များအား မှတ်တမ်းတင်၍ အပရစေတနာပွားများနိုင်ကြပြီး ဤစာစောင်ကိုဖတ်ရှုရသူတိုင်း အနုမောဒနာ သာဓုခေါ်စေလိုရန် ရည်သန်ပါသည်။

ဤစာစောင်တွင် မဟာထေရ်ကြီးများ၊ ဆရာတော် သံဃာတော်များ၏ ဩဝါဒများနှင့် စာပေအနုပညာရှင်တို့၏ တင်ပြချက် ဆောင်းပါးများနှင့် ဝိုင်းဝန်း၍ ပရိယတ္တိသာသနာတော်အား အားပေးကူညီ ဆောင်ရွက်ကြပုံကိုပါ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

အထူးအားဖြင့် ဖော်ပြလိုသည်မှာ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးသည် မင်းကွန်းတောင်ရိုးမှ မဟာထေရ်ကြီးများ၏ အုပ်ချုပ်မှု စီမံမှု လက်အောက်တွင် ဂုဏ်ထူးဆောင် နာယကလူကြီးမင်းများ ထားရှိပြီး အဆိုပါ နာယကလူကြီးမင်းများ၏ ဩဝါဒကို ခံယူကာ ရန်ကုန်မြို့၊ မန္တလေးမြို့မှ အမှုဆောင်လူကြီးများက ဂေါပက-ရက္ခတ-ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ကြပြီးလျှင် အနာဂတ် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ လူရွယ်လူလတ်များကိုလည်း တွဲဖက်အမှုဆောင်လူကြီးများအဖြစ် သတ်မှတ်ကာ ဆောင်ရွက်လုပ်ကိုင်ပျက် ရှိပါသည်။ ဤစာစောင်တွင် ညွှန်ပြရေးသားဖော်ပြထားချက်များကို သိမှတ်နှလုံးသွင်းကြပြီးလျှင် အနာဂတ်သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေလိုသောဆန္ဒဖြင့် လူရွယ်၊ လူလတ်၊ လူငယ်များပါမကျန် ဘာသာတရားတွင် စိတ်ဝင်စားပြီး ကြည်ညိုကိုင်းရှိုင်းကာ ပါဝင်ဆောင်ရွက်ကြစေလိုပါသည်။

တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးနှင့် ကျောင်းတိုက်ကြီး၏ ဦးဆောင် ပဓာန နာယကဆရာတော်ကြီး ဖြစ်တော်မူသော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် (၂၅)နှစ်မြောက် ဋ္ဌရတုပူဇာပွဲတော်တွင် မိန့်ကြားတော်မူသည့် ဩဝါဒကထာတွင် မိမိ၏ စေတနာဇောများတွင် ဇောဦး၏အကျိုးကို ဖော်ပြဟောကြားရာ၌ "**မျက်မှောက်ဘဝအကျိုးရ–ဒိဋ္ဌဇောဦးသာ**"ဟု ဆိုသည့်အတိုင်း သာသနာပြုကုသိုလ်ဇောပီတိတွေ့ထဲမှာ ပါရှိတဲ့ ပထမဇောဓစေတနာ-ဒိဋ္ဌဓမ္မဝေဒနိယကံတွေက နှစ်မဆိုင်း လမ္မဆိုင်း အကျိုးပေးနိုင်ပါတယ်-ဟု ဖော်ပြချက်ကို ညွှန်ပြ၍ အနာဂတ်ကိုမျှော်ပြီး တိုးခဲ့.၍ ကျယ်ကျယ်ပြန့်ပြန့် သာသနာတော်ကို အားပေးဆောင်ရွက်ကြပုံများကို အတုယူကာ တိပိဋက=နိကာယ ပရိယတ္တိသာသနာတော်ကို အားသုံးပါးဖြစ်သော ကာယအား၊ ဉာဏအား၊ ဒါနအားတို့ဖြင့် ဇောဦးထားရှိပြီး စေတနာသုံးတန် ပြဋ္ဌာန်းကာ ကူညီဆောင်ရွက်ကြပါရန် မေတ္တာရွှေထား၍ ဖိတ်ခေါ်အပ်ပါကြောင်း။

ပါမောက္ခ–ဦးသာလှ
ဝဏ္ဏကျော်ထင် အထူးကုဆရာပန်ကြီး

အယ်ဒီတာချုပ် ၏ ပန်ကြားချက်

လေးစားအပ်ပါသော ဓမ္မမိတ်ဆွေများခင်ဗျား–

ဤ ပထမ သုံးနှစ်ခရီး စာစောင်အတွက် အယ်ဒီတာအဖြစ် ဆောင်ရွက်ရန် "မင်းကုန်း တိုပိဋ္ဌက=နိကာယ သာသနာပြုအဖွဲ့"မှ တာဝန်ပေးအပ်ချက်အရ အယ်ဒီတာ့ တာဝန်ကို ကျွန်တော် ယူခဲ့ရပါသည်။

အယ်ဒီတာ့အလုပ်သည် အတော်ပင် ခေါင်းရှုပ်ရသည့် အလုပ် ဖြစ် ကြောင်း ကို စစ်ကြိုခေတ် ဒဂုန်မဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့စဉ် ကတည်းက အယ်ဒီတာ့ဒုက္ခ အတွေ့အကြုံ ရှိလာခဲ့ပါသည်။

အသိုးသီးသော စာရေးဆရာတို့က မိမိတို့၏ ရှုထောင့်မှ မိမိတို့အမြင်ဖြင့် ရေးသား တင်ပြလိုက်ကြသည့် ဆောင်းပါးများစွာတို့ကို စေ့စေ့စပ်စပ် ကုန်း၍ ဖတ်ရသောဒုက္ခ၊ ဖတ်ပြီး ကျုံးရုန်း၍ ရွေးချယ်ရသော ဒုက္ခနှင့် ရွေးပြီးတဖန် တည်းရ ဖြတ်ရသော ထိုဒုက္ခ၊ ဤဒုက္ခများနှင့် ထိတွေ့ ရင်ဆိုင်ခဲ့ရလှုပ်ပြီ ဖြစ်ခြင်းကြောင့်– ဤစာစောင်အတွက်ဆိုသော် သာ၍ပင် ခက်လေအုံဟူ၍ ပထမတွင် မဝံ့မရဲ ဖြစ်နေမိခဲ့ပါသည်။

သို့သော် လက်တွေ့ဆောင်ရွက်ရသော အခါတွင်မူ အထင်နှင့်အမြင် ကွဲယွဲ့ကွာဟ နေကြောင်းကို အံ့သြစွာ တွေ့ရပါတော့၏။ ခက်လေအုံဟူ၍ ထင်ခဲ့သော ကျောက်တောင် ကြီးကို သက်သောင့်သက်သာ လွယ်ကူစွာနှင့် ကျော်လွှားနိုင်ခဲ့ပါသည်။

မှန်ပါသည်။ ဤစာစောင်အတွက် ရောက်ရှိလာသော ဆောင်းပါးများကို အဖွဲ့၏ အတွင်းရေးမှူး ဦးမောင်မောင်ကြီးက ကျွန်တော့်ထံ ပို့ပေးပါသည်။ ထိုဆောင်းပါး များကို ကသိုဏ်းကုက်ပမာ စေတနာအဓိကဖြင့် အာရုံစူးစိုက်၍ ရွှေ့ခဲ့သည်တွင် ဆောင်းပါး ရှင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ထိုဆိုသို့သော ပညာရှင်တို့ကား–ဉာဏ်မီးတန်ဆောင် အဆောင် နှင့်ရဲရဲ သမ္ဘာရှင့် ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြသည့်အတိုင်း–

–တင်ပြပုံ အချက်အလက်ပိုင်း ဆိုင်ရာဌာနလည်းကောင်း

–ဖွဲ့နွဲ့ပုံ အရေးအသားပိုင်းဆိုင်ရာဌာနလည်းကောင်း

ရေပက်မဝင်အောင် အဘက်ဘက်မှ စေ့စပ်သေချာလှသဖြင့် "ရွေးချယ်တည်းဖြတ်ဖို့" ဆိုသော ပြဿနာ မပေါ်ပေါက်လာတော့ပဲ အလိုအလျောက် ပြီးမြောက် သလောက်ပင် ဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ပုံနှိပ်ရာဌာန အမှားအယွင်း ကင်းစင်မှုလောက်ကိုသာ ဂရုစိုက်ရတော့ သဖြင့် ဤစာစောင်အတွက် အယ်ဒီတာလုပ်ရသည်မှာ သက်သောင့်သက်သာ ရှိလှပါသည်။ အကယ်၍ ချွတ်ယွင်းချက်များ တွေ့ရှိပါသော် မေတ္တာရှေထား၍ ခွင့်လွှတ်တော်မူကြပါရန် လေးမြတ်စွာ ပန်ကြားအပ်ပါသည်။

ဒဂုန် ဦးစန်းဇင်
အယ်ဒီတာချုပ်

ပထမ
သုံးနှစ်စခရီး

ကျောင်းတွင်းကျမ်းပို့ကျမ်းနှယ်

အယ်ဒီတာအဖွဲ့

* ဦးဆောင် ပဓာန နာယက
တိပိဋကဓရ မဟာဇဂ္ဂာဝါရိက
အဂ္ဂမဟာပဏ္ဍိတ
ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ
* အကိုင်ပင်ခံအယ်ဒီတာ
စာရေးဆရာ ဒါရိုက်တာဦးသုခ
ဥက္ကဋ္ဌ
ဝတ္ထုကျော်ထင်၊ အတူကုဆရာဝန်ကြီး
ပါမောက္ခ ဦးသာလှ
* အကျိုးတော်ဆောင်
ဦးမောင်မောင်ကြီး (တေးသံရှင်)
* အယ်ဒီတာချုပ်
ဒဂုန်ဦးစန်းငွေ
* ကဗျာအယ်ဒီတာ
လက်ဝဲမင်းညို
(မဟာသရေစည်သူ-ဦးချမ်းသာ
အိုင်-စီ-အက်စ် အငြိမ်းစား)
* ပန်းချီ-ဓာတ်ပုံအယ်ဒီတာ
ဦးအေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)
* မွမ်းမံမှုအယ်ဒီတာ
ဦးအောင် (ဉာဏ်လင်းစာပေ)
* ဗီသုကာပုံဆွဲအယ်ဒီတာ
ဦးခင်အောင် (ဗီသုကာ အငြိမ်းစား၊
ဆောက်လုပ်ရေးကော်ပိုရေးရှင်း)

စာပြင်

စာပြင်မှူးချုပ်
ဆရာကြီး ဦးရန်အောင်
တွဲဖက် စာပြင်
သမိန်သောင်း
တက္ကသိုလ် တင်ကြည်မောင်
ရွှေမြို့ဝင်းကြည်

ဂါဝင်ရေ ပုဇော်ကြေးဘုံ ၁၈၈၈

စာပေ

အရိယမဂ္ဂင် ဆရာတော်ကြီး
ရွှေဟင်္သာ ဆရာတော်ကြီး
မစိုးရိမ် ပဌာန်း ဆရာတော်ကြီး
မဟာစည် ဆရာတော်ကြီး
ရွှေစေတီ ဆရာတော်ကြီး
တိပိဋကဓရ ဆရာတော်ကြီး
ဦးဥက္ကံသာဘိဝံသ
ရွှေကိုင်းသား
တိုက်သစ်ပဇ္ဇောတာရုံဆရာတော်
ဦးဓမ္မနန္ဒမထေရ်
အရှင်ဝိဿုတ (ခရမ်း)
အရှင်ဦးကေလာသ
ဌေးလွင် (ဆားလင်းကြီး)

ရဝေထွန်း
အရှင်သူရိယာဘိဝံသ
အရှင်ဉာဏိသရ
အရှင်ပညာသာမိ
အရှင်မဟာသဓမ္မဇော်တ
မာဂဓိ (သဘောည်)
ဓမ္မာစရိယ အရှင်ဝေပုလ္လာစာရ
အရှင်နန္ဒမာလာ
အရှင်ဓမ္မပိယ
အရှင်ဩဘာသီတ(ရေနံချောင်း)
ဦးချမ်းသာ
ဦးသာလှ
လယ်တီ ဦးလှပိုင်
ဦးနု
ဦးညိုမြ
တင်တင်မေ
ရွှေနန်းတင်
ဦးသုခ
ဦးဆန်းထွန်း
မန်းခေတ် ဦးလှရွှေ
ဒဂုန် နတ်ရှင်

ဦးဖေမြင့်
ဒေါက်တာ မောင်မောင်
ဦးလှမောင်
ပါမောက္ခ ဦးဇမောင်
ဦးမောင်မောင်တင် / မဟာဝိဇ္ဇာ
ရဲကြေးမုံ ဇာင်အောင်
မောင်ပင့်ခိုင်(သရက်)
ဓမ္မဩသက ဦးမောင်မောင်
စောမုံညင်း
မြင့်ဆွေ(မြန်မာပြည်စာအုပ်တိုက်)
ဦးသော်ဇင်
ဒဂုန် ဦးစန်းဇွေ
ဦးပြုံင်
ဒေါ်ရီကြိုန်
ဇေယျာမောင်
ဦးထွန်းလှိုင်
ဦးမြင့်ဆွေ(လန်ဒန်)
မောင်အုံးကြိုင်
ဗိုလ်ကလေး တင့်အောင်
လူထု ဒေါ်အမာ

ပထမ

သုံးနှစ်စရိုး ဂျာနာလောင်တွင် ကျင်သို့ ကျန်ရစ်ခဲ့

ပန်းချီ

ဦးဗကြည်
ဦးအုန်းလှိုင်
ဦးဘရင်ကလေး
ဦးကိုလေး
ဦးဘလုံလေး
ဦးစိန်
ဦးကျော်
ဦးဌေးထွန်း
ဦးသောင်းဟန်
ဦးသန်းအောင်
ဦးဘီဟန်စိန်
ဦးစံတိုး
ဦးဝသုန်
ဦးကျော်သောင်း
ဦးမောင်မောင်သိုက်

ဦးကျော်ညွှန့်
ဦးမျိုးညွန့်
ဦးတင်လှဝင်းထင်
ဦးသာတင့်ထက်
ဦးအုန်းခင် (သုခုမ)
ဦးဇော်မင်း
ဦးဝင်းမောင်
ဦးတင်ဝင်း
ဦးဖေညွန့်ဇဝ
ဦးရွှေစိုးဟန်
ဦးကျော်ဖြူစံ
ဦးမြင့်မောင်ကျော်
ဦးအောင်ဘွား
ဦးစိုးဝင်းလွန်း
ဦးအေးမြင့်

ပုံဆွဲဝိသုကာ
ဦးခင်အောင်နှင့် အဖွဲ့

ဒီဇိုင်း

စစ်ကိုင်းလှမြင့်
နယူးဗဟို
ခတ္တိယဘသန်း
ညောင်ဦးဖိုးချို
စန်းအောင်
(စက်မှုတက္ကသိုလ်)
မောင်မောင်သန်း
(မိုးမိတ်ကုန်းမြေ)
ခွန်း
ပါစီကျော်စိန်
ဗီဒီယို ရုပ်မြင်သံကြား
ပန်းသာ ဦးထွန်းရီနှင့်အဖွဲ့

စာလောက

အဝင်း

ဂါထာပုဒ်ကြီးတော်

ပုံနှိပ်

* ပညာဗိမာန်ပုံနှိပ်တိုက်
အတွင်းစာသားများနှင့်
သရုပ်ဖော်ပန်းချီပုံများ

* နေလရောင် အော့ဖ်ဆက်
စိန်ဂျွန်းကြီးမြင့် ကာလာခွဲ၍
ကြွေစက္ကူနှင့်ရိုက်သော
ရောင်စုံ ဓာတ်ပုံများ၊ အဖွင့်
(၁၀)ကဏ္ဍ ရောင်စုံပန်းချီပုံများ

* ဝင်းမောက်အော့ဖ်ဆက်
စက်တော်ရာပုံတော်နှင့် မြေပုံများ

ဆယ်သန်းပုံနှိပ်တိုက်
အဖုံးနှင့် အဖွင့်မျက်နှာစာအလှ

* မြင့်သီတာ အော့ဖ်ဆက်
နှစ်ကျိပ်ရှစ်ဆူပုံတော်

* နေလင်းပုံနှိပ်တိုက်
အလှူရှင်များစာရင်း



စာအုပ်ချုပ်

ပပစိုး

ရွက်ဖက်သိမ်ဆို့ပုံကြော်

ဦးဆန် ထွန်း
ဆရာ ဦးသုခ
ရွှေမန်းတင်မောင်
စိန်အောင်မင်း
ကက်နက်စိန်
ရွှေဘိုတင်မောင်
ဦးအောင်သိန်း
(ဒု ဗိုလ်မှူးကြီး အငြိမ်းစား)
ဗိုလ်ကလေး တင့်အောင်
ဂီတလှုလင် မောင်ကိုကို
ရွှေနန်းတင်
မင်းနောင်
မောင်မောင်ကြီး
တင်တင်မြ
မာမာအေး
ရဲရဲသန့်
ဓမ္မဂီတ အသံသွင်း
လွှင်စတူဒီယို

ပုံနှိပ်ခြင်း	ပထမအကြိမ်
	သာသနာနှစ်-၂၅၂၆
	ကောဇာသက္ကရာဇ်—၁၃၄၄
	ဒုတိယဝါဆိုလဆန်း—၁၂-ရက်
	၁၉၈၂—ခုနှစ်
	သြဂုတ်လ ၁-ရက်
	ဓမ္မဒါန
အုပ်ရေ	၃၀၀၀
အဖုံးပန်းချီ	မောင်အေးမြင့် (မြန်မာ့ရှေ့ရာဒီဇိုင်း)
အဖုံးရိုက်	ဆယ်သန်းပုံနှိပ်တိုက်
စာအုပ်ချုပ်	ပပစိုး
ဓွင့်ပြုချက်	မျက်နှာဖုံး (ဝ၃၅၄) ဘာသာရေး (ဝ၂၄၆) နောက်ဆက်တွဲ (ဝ၅၅၄)
ထုတ်ဝေသူ	ဒေါက်တာ သာလှ (ကင်းလွတ်ခွင့်—၃၃) ဥက္ကဋ္ဌ မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ အမှတ် ၁၂၊ နယူးလင်းလမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	ဦးကြည် (မြ-ဝ၂၄၀၉) ပညာဖိမာန်ပုံနှိပ်တိုက် အမှတ်-၄၁၊ ၄၄—လမ်း၊ ရန်ကုန်မြို့၌ အတွင်းစာသားများ ရိုက်နှိပ်သည်။
	ဦးတိုးဝင်း (မြ—ဝ၂၄၃၁) နေလရောင်ပုံနှိပ်တိုက် အမှတ်—၉၆(ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့၌ ကြွေရောင်စက္ကူပေါ်တွင်ရိုက်သော ရောင်စုံ ဓာတ်ပုံများ၊ အဖုဝင့်(၁၀)ကဏ္ဍ ရောင်စုံပန်းချီပုံများကို ရိုက်နှိပ်၍ စိန်ဂျန်း ကြီးမြင့်က ကာလာခဲ့ပေးသည်။
	ဦးလှသောင်း (မြ--ဝ၂၄၇၇) ဝင်းမောက်ပုံနှိပ်တိုက် ၃၀၂၊ ဘားလမ်း၊ ရန်ကုန်မြို့၌ စက်တော်ထုနှင့် မြေပုံများ ရိုက်နှိပ်သည်။



သာသနာနှစ် ၂၅၂၆ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၁) မင်းကွန်း မိုးမိတ်ကုန်းမြေ

-	မင်းကွန်းမိုးမိတ်ကုန်းမြေ....	....သရုပ်ဖော်ပန်းချီ မောင်မောင်သိုက်	
-	မင်းကွန်း ဓမ္မာဒန္ဒပ် မိုးမိတ်ကုန်းမြေ ဘဲသိရ္ဘြမြေပုံ	ဦးမင်အောင်	
-	မိုးမိတ်ကုန်းမြေ ဝေဟင်မှမြင်ရပုံ	ဦးခင်အောင်	
-	ရတနံတွယပူဇာ ထောမနာ ရတုဝိုဒ်ဝံ	လက်မင်းငဲညို	
-	မင်းကွန်းကောင်ခိုး မိုးမိတ်စေတီဘေဘဲမွား သမိုင်းအကျဉ်းချုပ်		
	တိပိဋကဓာတ်တော်များ၏ ဆောင်ရွက်ခဲ့ကြမှုများ	ဒေါက်တာ သာလှ	၄
-	တိမ်ခြေရုပ်ဝန်း ဆွေမင်းကွန်းဝယ်	လယ်တီ ဦးလှပိုင်	၅၀
-	အနုမောဒမှာနှင့် ဆုတောင်း	ဝန်ကြီးချုပ်ဟောင်း ဦးနု	၆၂
-	မင်းကွန်းရောင်ခြည် သုံးစေတီ	အိုးဝေ ဦးညီမြ	၆၄
-	မိုးမိတ်မင်းသားနှင့် မင်းကင်းမင်းသမီးတို့ ဆင်းသက်ပုံနှင့်		
	အနွယ်တော်များ	တင်တင်မေ	*
-	ဥဒါန်းဂါထာ ပါဠိ မြန်မာဂိတိ	ဓမ္မာစရိယ အရှင်ဝေဠုလ္လာစာရ	၇၃
-	ဆရာဒကာ ချိန်ခွင်လျှာ ညီမျှရေး	အရှင် သူရိယာဘိဝံသ (မုံးတား)	၇၇
-	မင်းကွန်းတောင်ယံမှ ပဲ့တင်သံများ	အရှင် နန္ဒမာလာ	၈၀
-	မိုးမိတ်ကုန်းမြေမှ ညွှေ့သည်တော်မှတ်တမ်း	ဘုရားဖူး ညွှေ့သည်တစ်ဦး	၈၃
-	မင်းကွန်းမြေက တရားသံ		
	ကမ္ဘာအနှံ့ကြွယ်	ဂီတလှလင်မောင်ကိုကို၊ မစန္ဒာလင်း	၈၇
	အာဇာနည်တို့စံဌာန်	အရှင်ယောသိတ(ရေနံချောင်း)	၈၉
-	မိုးမိတ်ကုန်းမြေနှင့် တိပိဋကဆရာတော်	အရှင်ဓမ္မပိယ(မိုးမိတ်ကုန်းမြေ)	၉၁
-	မင်းကုန်း ပိုးမွှတ်ကုန်းမြေ ကိုယ်တွေ့ဟုသုတများ	လက်ဝဲမင်းညို	၁၀၂



ပေတံ

သာသနာနှစ် ၂၅၂၆ ကောဇာသင္ကြာရာဒ် ၁၃၄၄ ခုနှစ် နှုတ်ယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၂) မိုးမိတ်စေတီဆက်

- မိုးမိတ်စေတီတော် သရုပ်ဖော် ပန်းချီဆရာ ဦးဘကြည်
- မိုးမိတ်စေတီတော် ရွှေထီးအထွတ်တော်တင် မဂ်လာရတုပုဒ်စုံ
  အာဒိကမ္မိက ဓမ္မာစရိယ ဝဋ္ဌ သကာဆထရ် ၁၀၈
- မင်းကွန်း မိုးမိတ်ဘုရားတိုင် ရတုပုဒ်စုံ... လက်ဝဲမင်းညို ၁၁၃
- မိုးမိတ်ဘုရား ဒကာ ရဇဝထွန်း ၁၁၅
- မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်မျှားနှင့် တိပိဋကေနိကာယ
  ကျောင်းတိုက်ကြီး ဖြစ်ပေါ်လာပုံ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော် ၁၁၉
- မိုးမိတ်စေတီတော် ရွှေနန်းတင် ၁၂၃
- မင်းကွန်း မိုးမိတ်စေတီတော်သမိုင်းသိချင်း ဦးသုခရေး၊
  ဓိတလုလင် မောင်ကိုကို တေးသံစဉ်ဖန်တီး ၁၂၅



ပါဝိုက်

သာသနာနှစ် ၂၅၂၆ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၃) မိုးမိတ်စက်တော်ရာ

ကော်တော်ရာ အနုလက်ရာအကြောင်း သိကောင်းစရာ အကျဉ်း
မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း) ၁၂၉

- မိုးမိတ်ခက်တော်ရာပုံတော် အမရပူရခေတ်၊ မူလပန်းတမော့လက်ရာ
  မိုးမိတ်ခက်တော်ရာ သရုပ်ဖော်ပန်းချီ မောင်ကျော်ညွန့်နဲ့အဖွဲ့
- ပိုးမိတ်စက်တော်ရာစေတီတော်ကြီး အုတ်မြစ်ချပွဲတော်
  အာဒိကမ္မိက ဝဋ္ဋသကာထေရ် ၁၃၂

မမွာ်တံ ပဌာန်း ဆရာတော် ၁၃၄
ပါဒနက်သန် ပက္ကိဒါန် ကေပုဒ် ဦးဆန်းထွန်း ၁၃၈
မိုးမိတ်စက်တော်ရာ စေတီတော်ကြီး အုတ်မြစ်ချပွဲ
အာဒိကမ္မိက ဝဋ္ဋသကာထေရ် ၁၄၀
မိုးမိတ်စက်တော်ရာစေတီတော်ကြီး ထီးတော်တင်
အာဒိကမ္မိက ဝဋ္ဋသကာထေရ် ၁၄၂
မိုးမိတ်စက်တော်ရာ ဘုရားတိုင် ရတုပုဒ်စုံ လက်ဝဲမင်းညို ၁၄၉

ကဏ္ဍ (၄) နှစ်ကျိပ်ရှစ်ဆူ

နှစ်ကျိပ်ရှစ်ဆူ..... ...သရုပ်ဖော်ပန်းချီ စံတိုး ၁၅၁
မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော် ပစ္စယံပတ်လည်ရှိ
နှစ်ကျိပ်ရှစ်ဆူဘုရားများ..... ၁၅၂
မုဒ္ဒ ၁ဟန်တော် အမျိုးမျိုးဖြင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ.....



ပထမ သုံးနှစ်ခရီး



သာသနာနှစ် ၂၅၂၆ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၅) ရွှေဘုန်းပွင့်ဘုရား

- ရွှေဘုန်းပွင့်ဘုရား.... သရုပ်ဖော်ပန်းချီ ဦးအုန်းလွင်
- ရွှေဘုန်းပွင့် ရွှေထီးတင်.... အာဠာဝကမိုက ငဋ္ဌသကာဇေရ် ၁၉၂
- စကဲတောရာ ရွှေဘုန်းပွင့်.... မမော့ယာဉ်ပျံ
- နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့ တိုင်ရတုပိုဒ်စုံ.... ....လက်ဝဲဦးမင်းညို ၁၆၁
- ရွှေဘုန်းပွင့်ဘုရား သစ္စာတို့ ရတုပိုဒ်စုံ.... လက်ဝဲမင်းညို ၁၆၂

ကဏ္ဍ (၆) မင်းတရား

- မင်းဘာ.... ....သရုပ်ဖော်ပန်းချီ ဝသုန်
- မင်းကွန်း မိုးမိတ် မင်းတရားဘိုင် ရတုပိုဒ်စုံ.... ....လက်ဝဲမင်းညို

ကဏ္ဍ (၇) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်

- တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်....သရုပ်ဖော်ပန်းချီ ဦးသောင်းဟန်
- ဟံသာဝတီပိဋကဓရ ဆရာတော်ဘုရား အောင်မြန်ခဲ့သော စာပေးပို့မှုးနှင့် ဆက်ကပ် အလှူခံရရှိသော အောင်လက်မှတ် ဘွဲ့တံဆိပ်တော်များ.... အရိုရင်ခံစာ.... မန်းခေတ် ဦးလှရွှေ ၁၆၈
- ငွေရတုပုဒ်.... ....လက်ဝဲမင်းညို ၁၉၅
- အဘိမင်္ဂလာ ရတုပိုဒ်စုံကဗျာ ဒဂုန်နတ်ရှင် ၁၉၆
- သမ္မာဒနိယ အာသံသ ပတ္ထနာသြဝါဒကထာ.... ....မဟာစည် ဆရာတော် ၁၉၈
- တိပိဋကဓရ ဆရာတော်နှင့် တိ=နိကျောင်းတိုက်ကြီး တိပိဋက=နိကာယ သာသနာ့ဂုဏ်ရည် အာဇာနည် ဒဂုန်နတ်ရှင် ၂၀၀ ဦးစေမြင့် ၂၀၀

ပထမ သုံးနှစ်ခရီး



- တိပိဋကဓရ ရည်ဆဂုဏ်တော် ဂဝ ပေါ် — ဦးဖေမြင့် — ၂၀၃
- ဓမ္မစေတီ ဂုဏ်ရည်လျှံဖြာ ပတ္ထနာ — ဦးဖေမြင့် — ၂၁၄
- တေးထပ်မှတ်တမ်း — ပဋ္ဌာန်းဆရာတော် — ၂၀၅
- မဟာသမ္မတ ဦးချိပုံဖွဲ့တေးထပ် — ပဋ္ဌာန်းဆရာတော် — ၂၀၆
- ထောမနာ ဂါထာပါဠိ နိဿယ ... — ....ပုည်ကုံသလ ဗဟုဂရ အသင်း — ၂၀၇
- သာသနာ့ အာဇာနည်အကြောင်း သိကောင်းစရာ — မာဂဓီ (သာစည်) — ၂၀၈
- ထူးခြားသော ပုဂ္ဂိုလ်သူမြတ် — ဒေါက်တာ မောင်မောင် — ၂၁၆
- ကျွန်တော်နှင့် ဆရာတော်ကြီး နှစ်ပါး — ဦးလှမောင် — ၂၂၃
- ဖူးမြင်ချင်ရေးငယ်နှင့် — ရဲကြေးမုံ တင်အောင် — ၂၂၈
- ပထမ မဟာတိပိဋကဓရဆရာတော် — ပါမောက္ခ ဦးမောင် — ၂၃၄
- မင်းကွန်းဆရာတော် ဖူးခြမ်ခွင့်ကြုံခဲ့ — ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) — ၂၃၉
- ဆရာတော်သည် အမျှားအဇွက် — ဓမ္မဃောသက ဦးမောင်မောင် — ၂၄၅
- တိပိဋကဓရ ဆရာတော်၏ စေတနာနှင့်ဆန္ဒ — ဌေးလွင်(ဆားလင်းကြီး) — ၂၄၉
- မျက်မှောက်ခေတ် သာသနာ၏ နေတစ်စင်း — မောင်မွန်ခိုင်(သရက်) — ၂၅၄
- ဆရာတော် အရှင် ဝိမိတ္တသာရာဘိဝံသ၏ ပြောင်မြောက်ထူးခြားသော ဆောင်ရွက်ချက် ၁၄-မျိုး — ဦးကေလာသ — ၂၆၃
- အရှင် ဝိစိတ္တသာရာဘိဝံသ၏ သံခေပထေရပ္ပဘိုးလက်ဝမော်ကွန်း.... — ဦးဖေမြင့် — ၂၇၁
- တိပိဋက=နိကာယ သာသနာပြု အကြောင်း — အရှင် ဝိသုတ(ခရမ်း) — ၂၇၆
- ဒါနည်ဘုန်းမော် မထေရ်ကျော် — စစာမုံညင်း — ၂၇၉

ပထမ သုံးနှစ်ခရီး



သာသနာနှစ် ၂၅၂၆ ကောဇာသင်္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၈) ပိဋကတ်တိုက်

- ဒွေရတု ပိဋကတ်ဘိုက် — လက်ဝဲမင်းညီ — ၂၈၈
- ပိဋကတ်တိုက်တော် — သရုပ်ဖော်ပန်းချီ ဆရာကျော်
- မြန်မာပြည်နှင့်ယုဂ်လေးမျိုး — ရွှေဟင်္သာ ဆရာတော် — ၂၉၁
- သြဒါဒကထာ — အရိယမဂ္ဂင် ဆရာတော် — ၂၉၇
- တိုက်ရိုက်နာယူနိုင်သော ဗုဒ္ဓ၏ အဆံတော်များ — မြင့်ဆွေ — ၃၀၀
- ဓမ္မဝိဟာရီ နိကာယ်ငါးဦး ပင်လယ်ကူး — ဦးသောဘင် — ၃၀၈
- တိပိဋကဓရ သာသနာပြု ရှူထောင်များ — ဒဂုန် ဦးစန်းမြင့် — ၃၁၂
- နိကာယ်ငါးဖြာ သာသနာ ကမ္ဘာအနှံ့ပြန့်စေသောဝိ .... ဦးဥက္ကံ သာဘိဝံသ — ၃၁၉
- ပိဋကအဓမ္မ ဆက်လက်ခံယူ ထိန်းသိမ်းရေး — အရှင်မဟာသဓမ္မဇောတ — ၃၂၅
- မင်းကွန်း ပဉ္စမခရီး — ရွှေကိုင်းသား — ၃၂၉
- သင်ယင်းကျင့် ကျင့်ယင်းသင် — ဆရာတော် တိုက်သစ် ပဒေသာတာရုံ — ၃၃၄
- ပိဋကသုံးပုံဆောင် ဆရာတော်တစ်ပါးကို ပူဇော်ရခြင်းသည် ဘုရားအဆူဆူကို ပူဇော်သည်နှင့် တူလို၏ — ဦးကြင် — ၃၃၈
- သာသနာ့ သမိုင်းမှတ်တိုင် — စောရိကြွန် — ၃၄၁
- ပိဋကတ်စာပေတွေ အလွတ်အာဂုံရွတ်ဆိုနိုင်တော့ ဘာအကျိုးရှိသလဲတဲ့ — ဇေယျာမောင် — ၃၄၅
- ရတနာအုတ်မြစ် နိကာယ်ဖြစ်၏ — ဆရာတော် ဦးဓမ္မာနန္ဒမထေရ် — ၃၅၀
- ဘုရားနှင့်တွေ့ရမည့် တက္ကသိုလ် — အရှင်ဉာဏိဿရ — ၃၅၃



သာသနာနှစ် ၂၅၂၆ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

ကဏ္ဍ (၉) တိပိဋကက=နိကာယကျောင်းတိုက် (ရန်ကုန်)

- ရန်ကုန် တိ=နိ ကျောင်းတော်မြေပုံ ဦးခင်အောင်
- တိပိဋကက=နိကာယကျောင်းတိုက် (ရန်ကုန်) .... သရုပ်ဖော်ပန်းချီ ဦးကိုလေး *
- ရန်ကုန် တိ=နိ ဖွင့်လှစ်ပွဲ လက်ဝဲမင်းညို *
- ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အနွဲကြီးအဖြစ်သို့ တိုးတက်စေခြင်းသည်
  ဦးမြင့်ဆွေ(လန်ဒန်) ၃၆၃
- ကာဠဒေဝီလနှင့် ကာလဒေဝီလ ဦးထွန်းလှိုင် ၃၆၈

ကဏ္ဍ (၁၀) ရတနာတွယ်ပူဇော်ပွဲသဘင်

- ရတနာတွယ် ပူဇော်ပွဲသဘင် သရုပ်ဖော်ပန်းချီ ဦးဘရင်ကလေး
- တိပိဋကခရ ဆရာတော်ဘုရား မှတ်တမ်းဓာတ်ပုံများ
- သဓမ္မာဒနီယ အနုဇလပွဲဒါန ဩဝါဒကထာ စာတမ်း
  တိပိဋကခရ ဆရာတော် ဦးဝိစိတ္တသရာဘိဝံသ ၃၂၄
- သကုဏ ကန်တော့ပန်းဆင်ခန်း လက်ဝဲမင်းညို ၃၈၀
- ဘပိဋကံတွေ့ရ ထောမနာ ဦးဆန်းထွန်း ၃၈၄
- ဓမ္မလက်ဆောင် ပဌာန်းဆရာတော် ၃၉၁
- ထုတိမင်္ဂလာ အာသီသ ပတ္ထနာ အရှင် ပညာသာမိ ၄၀၀
- မုဒ္ဒါ ၃-ပါးနှင့် ဘုရားကိုယ်တော် ၃ ဆူ သုခ ၄၀၅
- အဘိဓဇ အဘိဓမ္မာ နှစ်ထပ်ကျောင်းတော်ကြီး မောင်အုံးကြိုင် ၄၁၁
- စိတ် ဗိုလ်ကလေး တင့်အောင် ၄၁၃
- အဂ္ဂမဟာပဏ္ဍိတ ဂုဏ ပူဇော လက်ဝဲမင်းညို ၅၁၃
- ထိပိဋကဓရ သာသနာ့မိခင်ကြီး လူထု ဒေါ်အမာ ၅၁၆





နောက်ဆက်တွဲ

- တိ=နိုသာသနာဘုရားအမွှဲနှင့် ကျောင်းတိုက်အုပ်ချုပ်မှုနာယကဆရာတော်ကြီးများ ၁
- တီ=နှိ သာသနာဟု အမှုဆောင်လူကြီးများ ၁
- တိ=နိ ရန်ကုန်ဌာနခွဲ ဂုဏ်ထူးဆောင် နာယကကြီးများ ၂
- ရန်ကုန်ဌာနခွဲ အမှုဆောင်လူကြီးများ ၂
- ရန်ကုန်ဌာနခွဲ တွဲဖက်အမှုဆောင်လူကြီးများ ၂
ရန်ကုန်ဌာနခွဲ ကြီးကြပ်ရေးမှူးဆိုင်ရာ တွဲဖက်အမှုဆောင်လူကြီးများ ၃
- မင်းကွန်း တိ=ဒီ သာသနာပြုအဖွဲ့ ဂုဏ်ထူးဆောင် နာယကကြီးများ ၃
တွဲဖက်အဆောင်လူကြီးများ ၃
ဒုနစ်လုံး ၁-ဧက် ကဲ့နေတာအတွက် အရေးဆွမ်း နွေဘုံ ညနေ
နေ့ရစဉ် သုဝေ တဲ့နေ့ လေး ဘုံကဲ့လူနေ့ ကျင်နှင့် ခေတ်
ငါးတဲ့တဲ့ ဂုဏ်ထူးဆောင်လူကြီးများ ၄
မင်းကွန်းဘောင်း ဒီဘုံစေတီတော်ကြီးများ ကုန်း ကို ဆရာတို့
ကျောင်းကန်သုခုများနှင့် ကျောင်းဆောင်များ အလှူရှင်များဖြစ် ၅
ရန်ကုန်တိုင်း ဓဂုံမြို့နယ် အမှတ်-၁ နယ်လင်းလမ်း၊ ဘုရားကြီး
ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများနှင့် အလှူရှင်များ ၆
မန္တလေးမြို့ အဗြဟ္မဏအနယ်နယ်မှ လှူဒါန်းကြသော တိပိဋကဓရ=နိကာယ
သာသနာပြုအဖွဲ့ ပဋ္ဌာန်းလေးပါး ဝေါဟာရသော အလှူရှင်များ ၇
ရန်ကုန်မြို့ အဗြဟ္မဏအနယ်နယ်မှ လှူဒါန်းသော တိပိဋကဓရ=နိကာယ
သာသနာပြုအဖွဲ့ ပဋ္ဌာန်းလေးပါး ဝေါဟာရသော အလှူရှင်များ ၉၉
ဆွမ်းပရိဘောဂအလှူရှင်များ ၂၀
ဆုန်းပရိဘောဂ အလှူရှင်များ ၂၉

မင်းကွန်း/မိုးမိတ်ကုန်းမြေ



ဟန်းချီမောင်မောင်သိုက်

ဤမိုးမိတ်ကုန်းမြေသည်ကား—

မန္တလေးမြို့၏ အနောက်မြောက်ယွန်း၊ စစ်ကိုင်းမြို့၏ မြောက်ဘက် မင်းဝံတောင်တန်းကို နောက်ခံပြုကာ ရောဝတီ မြစ်ကမ်းနဖူး မင်း ကွန်း နယ် မြေတောင်ပိုင်း၊ ထန်းမြင့်ရွာအနီး၌ လွန်ခဲ့သော နှစ် ၂၀၀ နီးပါးခန့်က ၍ ကြည်နူးသာယာဖွယ် ဆောင်ခဲ့၏။

သို့သော် နှစ်ကာလ ကြာရှည်၍ ရာသီဥတုဒဏ်၊ လျော်ဒဏ် စသည့် အကြောင်း အမျိုးမျိုးတို့ကြောင့် တစတစ ယိုယွင်းပျက်စီးကာ ချုံနွယ်ပိတ်ဖုံး၊ နွားစားကျက်ကုန်းပမာ ဖြစ်ခဲ့ရာမှ....

တိပိဋကဓရ ဆရာတော်နှင့် မြတ်ဆုမြော်မြင် သူတော်စင် အသီးသီးတို့၏ ဒါန၊ စေတနာ၊ စွမ်းအားတို့ကြောင့် မူလ ကုသိုလ်မျှားကို မွမ်းမံပြင်ဆင်နိုင်ကာ မျှားစွာသော သာသနိက အဆောက်အအုံမျှားပြည့်လျက် တိပိဋက လောင်းလျာ သံဃာတော်တို့ဖြင့် စိုပြည်သာယာမှုအတိ ရှိနေလေပြီ။

ရဟန်းရှင်လူ အမျာ အတွက် ကိုယ်စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ သာသနာ့ကုန်းမြေတခုလည်း ဖြစ်၍နေလေပြီ။

ပုံ (၁) သုခဲ့ခြင်းရှိရာဒေသ မင်းကွန်းခေတ်ရှိ တိပိဋကဓရ ဆရာတော်ဘုရားကြီး၊
ဓမ္မပျောင်းခေတ် နှင့် မင်းကွန်းခေတ်ရှိ မိုးမိတ်ကုန်းပြေ တိပိဋက-နိကာယ
ကျောင်းတိုက်များ တည်ရှိရာ နေရာပြ ပြေမံပုံ



ရတနာတွယ်ပူဇော်ထားမှုအကျင့်ပိုင်းစုံ

လက်ဝဲမင်းညို

(၁) ဘုန်းဆင့်ဆင့်ဆော်၊ မြတ်ဇီနော်ဟု၊ ဘုန်းတော်ခြောက်ဆင့်၊ အာကာဖွင့်သား၊ ဆယ်ပွင့်ပါရမီ၊ သုံးဆင့်သီ၍၊ ကမ္ဘီကမ္ဘာ၊ လေးသခ်ၤာနှင့်၊ ဆင့်ကာတသိန်း၊ ဖြည့်ကျင့်ကိန်းကြောင့်၊ မိုးဟိန်းဘဝဂ်၊ ဘုန်းလျှံတက်သည့်၊ ဘဂ္ဂဝါသခင်၊ ခြောက်ဘုန်းရှင်တည့်၊ သုံးခွင်လောက၊ သုံးခေတ္တာဝယ်၊ သုံးပါလူနာဂ်၊ မြတ်ထက်မြတ်ဟု၊ မြတ်ထုတ်အစိန္တိ၊ မဟိဿရိတည့်၊ ဣဒ္ဓိသိဒ္ဓိ၊ မဟိဒ္ဓိဂြင့်၊ သီရိဘုန်းမိုး၊ ဘဝဂ်ကျိုး၏၊ ဘုန်းနှိုးဘဝဂ်ကျော်၊ ဣဿရိယော်က၊ ဘုန်းတော်ဓမ္မ၊ ဘဝဂ်ကြွလျက်၊ ကာမဘုန်းတောက်၊ ဘဝဂ်ဖောက်သား၊ ဘုန်းမောက်ဘဝဂ္ဂ၊ ပယတ္တာနှင့်၊ ယသဘုန်းဝေ၊ ဘဝဂ်ကြွေရှင့်၊ ပဒေသာဘုန်း၊ ဘဝဂ်ချုန်းသား၊ နေနှုန်းရှစ်ဆူ၊ နှစ်ကျိပ်ကူလျက်၊ သောင်းဝူမိုးမိတ်၊ မိုးအတိတ်ဖြင့်၊ မိုးဟိတ်ဆင့်ကာ၊ ကမ္ဘာသာရ၊ မြတ်မဏ္ဍဝယ်၊ ဦးစွဲဇုဒ္ဓါ၊ တဏှာဂ်ရာမှ၊ ဤခါဘဒ္ဒ၊ တို့စောကျအောင်၊ ဘဂျဝါနွယ်၊ ခြောက်ဘုန်းကြွယ်တို့၊ နှစ်ဆယ်ရှစ်ပါး၊ ခြောက်ဆပ္ပားအောင်၊ ရည်ထားဖန်ဆင်း၊ ပူဇော်လျှင်းတည့်၊ ဘုန်းမင်းခြောက်ဖြာ၊ ဘုန်းပဒေသမှ၊ မြတ်စွာဆူစီ၊ ဘုန်းတော်ချီလျက်၊ စေတီမိုးမိတ်၊ အောင်အဟိတ်ဖြင့်၊ လျှံဖိတ်ခြောက်ဖော်၊ ဘုန်းဆင့်ဆော်သည်....

ဘုန်းတော်ခြောက်ဆင့် အာကာဖွင့်တည့်လေး၊

ကုန်းမော်မောက်မြင့် တာရာတင့်တည့်လေး၊

နှုန်းလျော်ထောက်ချင့် ယာမာနှင့်တည့်လေး။

(၂) နှုန်းချင့်ချင့်လျော်၊ ကုန်းမြင့်မော်ကား၊ မြန်ပေါ်တခွင်၊ နှိုင်းမမြင်တည့်၊ မြတ်ရှင် ဘဂ္ဂဝါ၊ ဘုန်းခြောက်ဖြာနှင့်၊ ဓမ္မာဂုဏ်အင်၊ ခြောက်ရောင်ရှင်လျက်၊ ထေရ်ရှင်သံဃာ၊ ဂုဏ်ကိုးဖြာတို့၊ ဆုံကာပေါင်းလတ်၊ လူနှင့်နတ်က၊ ဦးညွတ်ခိုက်ရာ၊ တြိရတနာတည့်၊ စက်သာသနာ၊ ငါးထောင်ကြာအောင်၊ ခန္ဓာအပေါင်း၊ ကိန်းဝပ်ညောင်းသည့်၊ တသောင်းရှစ်လီ၊ လေးထောင်သီကို၊ စေတီဓမ္မ၊ ပူဇော်ကြသား၊ ထူးစွဲတဖန်၊ ဓမ္မကွန်ကို၊ သုံးတန်ပိဋကာ၊ မြတ်ဓရနှင့်၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာက၊ သာခွာဘော်ကျူ၊ ထီးသုံးဆူကို၊ ဖွင့်ထူမိုးဝ၊ လွှင့်တင်ပြသော်၊ ဗြဟ္မ ဗြဟ္မာ၊ သက္ကာ သက္ကော၊ ဒေဝါ ဒေဝါ၊ သက်ဆင်းလာ၍၊ ညီညာသောင်းသောင်း၊ အောင်ဆုတောင်းသား၊ နှစ်ထောင်းအားရ၊ ကောင်းကြီးသလျက်၊ ထေရဗာနည်၊ ပေါ်ထွန်းစည်ဟု၊

လျှံခြည် ဓမ္မာ၊ နေရောင်ဝါနှင့်၊ စန္ဒာရောင်ပြည့်၊ ကြယ်ရောင်စည့်သို့၊ ထွန်းမှည့်သာသနာ၊ ငါးထောင်ကြာဟု၊ ပတ္ထနာဆုမြတ်၊ ပန်ဆင်လတ်တည့်၊ အထွတ်မိုးမိတ်၊ မြဖိတ်ဖိတ်တွင်၊ မတိတ်နှုတ်ပြန်၊ ဓမ္မကွန်ကို၊ ဖန်ဖန်နှေည၊ ရွတ်ဆိုကြ၍၊ ဓမ္မဘေရီ၊ နတ်စောင်းသီသို့၊ သွင်းချီသံကျော်၊ မိုးမိတ်မော်သည်....

နှုန်းလျော်ထောက်ချင့် ယာမာနှင့်တည့်လေး၊
ဘုန်းတော်ခြောက်ဆင့် အာကာဖွင့်တည့်လေး၊
ကုန်းမော်မောက်မြင့် တာရာတင့်တည့်လေး။

(၃) ကုန်းမြင့်မြင့်မော်၊ ကိုးဂုဏ်ကျော်သည့်၊ ရှင်တော် အဂ္ဂ၊ ဝဲယာပြု၍၊ နောက်မှ မဟာ၊ သာဝကာ ဟု၊ ရဟန္တာမြတ်ရှင်၊ ရှစ်ကျိပ်ဝင်လျက်၊ လေးခွင်မဂ်ဖိုလ်၊ ထီးရိပ်ခိုသား၊ ထိုထိုအရိယာ၊မြတ်သံဃာတို့၊ ကိန်းကာမွေ့လျော်၊ စေတီတော်တည့်၊ စက်ကျော်ပါဒ၊ စေတီယမူ၊ ဇေတ-ဒဂ်ညွှန်၊ရိယာမွန်တို့၊ ခွန်နစ်ဆယ့်ငါး၊ရုပ်တုမျှားဖြင့်၊ထူးခြားစွာလှ၊ ဖူးမဝရှင့်....။ ဒီပင်မှု၊ စံတုယူသား၊ မြင့်မိုးမိတ်၊ မိုးနှင့်ခွိတ်တွင်၊ လျှံဖိတ်ရောင်ခြည်၊ ဓမ္မစည်၍၊ ဇာနည်လောင်းလျှာ၊ ကြယ်တာရာသို့၊ ငါးဖြာနိကာယ်၊ သုံးသွယ်ပိဋကာ၊ အာဂုံပြလျက်၊ တဝရေးဖြေ၊ ပုစ္ဆာတွေကို၊ နှစ်ထွေစိုးပိုင်၊ ဖြေဆိုနိုင်မှ၊ သုံးခိုင်ထီးဖြူ၊ ဆောင်းရသူတည့်၊ မှန်ကူ ဓမ္မရာဇ်၊ တို့ရှင်ချစ်၏၊ ထွန်းသစ်သာသနာ၊ ငါးထောင်ကြာအောင်၊ သုံးဖြာပိဋကာ၊ မြတ်ဓရနှင့်၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာဂာ၊ ဇာနည်မြုတေ၊ မိုးလုံးဝေဟု၊ လေးထွေပစ္စယ၊ ထောက်ကူမ၍၊ စန်းလန်းထံ၊ ငွေကြယ်ပျံတို့၊ ခြံရံတောက်ပ၊ လင်းစည်ကြသို့၊ သံဃပိတာ၊ ဝိစိတ္တာဟု၊ သုတာဗုဒ္ဓ၊ မှန်မောလှတည့်၊ သံဃဝုဏ်မွန်၊ အာကာတွန်မျှ၊ ဘုန်းဝှန်တေဇော်၊ သောင်းတိုက်ကျော်သည်....

ကုန်းမော်မောက်မြင့် တာရာတင့်တည့်လေး၊
နှုန်းလျော်ထောက်ချင့် ယာမာနှင့်တည့်လေး၊
ဘုန်းတော်ခြောက်ဆင့် အာကာဖွင့်တည့်လေး။

စာဆိုတော်
မဟာ သီရိ ဇေယျသူရ ဦးချမ်းသာ
(လက်ဝဲမင်းညို)
၃၀–၇–၈၁။

[စပယ်ချီချ၊ မြင်းဆက်ခွ၊ အဖျားကောက်၊ မဏိဆံကျင် ၉-လုံး၊ ၃-ဆင့်၊ ၃-ပိုဒ် တြင်းနဝင်း၊ စကြာဆိုနည်း၊ ယမကချီ၊သော်တာရောင်၊ မြိတ်ဆွယ်ချ]

မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော် ကြိုးများသမိုင်းအကျဉ်းချုပ်

တိပိဋကတ်=နိကာယသာသနာပြုဘဲဖွဲ့စီးဆောင်ရွက်ချက်များ

(ဥက္ကဋ္ဌဆရာဝန်ကြီးဦးသာလှတင်ပြသည်)

ပေမာင်ဦးအား ယင်း
(မြန်မာမိုးကုတ်မြို့နှင်း)

နောက်ခံသမိုင်းကြောင်း

မိုးမိတ်စေတီတော်ဘုရားမိတ်မင်းသားကြီး

မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သည့် ကုန်းဘောင်မင်းဆက် (၎)ဆက်မြောက်ဖြစ်သော "ဗဒုံမင်းတရား" ခေါ် ဘိုးတော်ဦးဝိုင်း (ဘိုးတော်ဘုရား) သည် အင်းဝနေပြည်တော်မှ အမရပူရသို့ပြောင်းရွှေ့၍ မြို့နန်းအသစ် စတင်တည်ထောင်တော် မူခဲ့လေသည်။ သက္ကရာဇ် (၁၁၅၅) ခုနှစ်မှစ၍ ဘိုးတော်ဘုရားသည် မန္တလေးမြို့မှ အနောက်ဘက်ကမ်းမင်းကွန်းရွေမြင်တင် တောင်ခြေတွင်—

(၁) ပုထိုးတော်ကြီး (ယနေ့အထိ မပြီးသေးပဲရှိနေသည်။)

(၂) ခေါင်းလောင်း တော်ကြီး (ကမ္ဘာတွင် ဒုတိယ အကြီးဆုံး ကြေးအချိန် ပိဿာ ၅၅၅၅၅-ပိဿာ ရှိသည်ဟု ဆိုပါသည်။)

(၃) ခြသေ့ကြီး (ယခုအခါ နောက်ပိုင်းသာ ကျန်တော့သည်။)

(၄) တဘက်ဆည်ကန်တော်ကြီး (၎င်းနေရာကို တိပိဋကဓရ ဆရာတော်ဘုရားပြု၍ သိရှိရပါသည်၊ တောင်သူများ ယာစိုက်ပျိုးလျက် ရှိပါသည်။)

ဤ "ကြီးလေးကြီး" တို့ကို တည်ထားသော အခါ အဘက်ဘက်မှလုံခြုံမှုရှိစေရန် ဘိုးတော်ဘုရား၏ သားတော်များ၊ ဝင်းတော်မှူးများ၊ ဗိုလ်မှူးတပ်မှူးများသည် အသီးအသီး တာဝန်ယူ၍ ရောဝတီမြစ်၏ အရှေဘက်ကမ်း၊ အနောက်ဘက်ကမ်းတို့မှာ ယာယီစံနန်း ဗိုလ်တဲများဖြင့် ခြံရံ၍ စောင့်ရှောက်ကြကာ ပါရမီကို ကူညီဖြည့်စွမ်းကြလေသည်။

မိုးမိတ်မင်းသားကြီး၏ ကြွင်ရာတော်
စက်တော်ရာစေတီဘိုလှကာ မင်းကင်း မင်းသမီး

ဘိုးတော်ဘုရားသည်ထိုစဉ်က "အလယ်ကျန်း" ခေါ် ယခု (နန်းတော်ကျန်း ခေါ်သော) အရပ်၌ ယာယီစံနန်းတော်ဆောက်လုပ်၍ စံနေတော်မူပြီး စီမံခန့်ခွဲတော်မူပါသည်။ ယခု မင်းကွန်းရွာဟု ခေါ်သော ကျေးရွာမှာ မူလက "မင်းခေါင်ရွာ" အမည်တွင်၍ အင်းဝ မင်းခေါင်မင်း လက်ထက်၌ "မင်းရွာ"ဟု အမည်ပြောင်းခဲ့ပြီး၊ ဘိုးတော်ဘုရား လက်ထက်တော်

တွင်မှ "မင်းကွန်း"ဟု အမည်တွင် လာပါသည်။ (ကွန်း-မှာ ပေါရာဏစကား၊ နန်း+ဗိမာန်+အဆောက်အအုံကို ခေါ်သည်။ ဥပမာ—နတ်ကွန်း)

နောက်၌ဖော်ပြမည့် အမှတ်(၁) နန်းစဉ်နန်းဆက် မျိုးရိုးစဉ်လာစာရင်း ဇယားအရ ဘိုးတော်ဘုရားသို့ မိုးမိတ်စော်ဘွားကြီးက မဟာမိတ်အဖြစ်ဆက်သသော သမီးကညာကို မိဖုရားမြှောက်၍ "သီရိမြတ်ထားမဓဟ" ဟူသောဘွဲ့၊ "တိလောကဒေဝီ" ဟူသောဘွဲ့တို့ဖြင့် ဟန်လင်းမြို့ကိုစားစေ၍ "ဟန်လင်းမိဖုရား"ဟု အမည်တွင်သော မိုးမိတ်မိဖုရားမှသားတော် သမီးတော်ခုနစ်ပါးထွန်းကားခဲ့ရာ အကြီးဆုံးသားတော်မှာ "မင်းရဲရွှေတောင်" ဟူသောဘွဲ့နှင့် "မဟာဓမ္မရာဇာ" ဟူသောဘွဲ့တို့ဖြင့် မြှောက်စားချီးမြှင့်သည်ကို ခံရလေသည်။ မြန်မာဘုရင်များ လက်ထက်တော်၌ သီဟသူရမဟာဓမ္မရာဇာ အိမ်ရှေမင်းသားကြီးနှင့်



မိုးမိတ် ဓေတီတော်ကြီး ပြင်ဆင် မွမ်းမံမှု အတွက် ချုံနွယ်ဖိတ်ပေါင်း ရှင်းလင်းပြီးစီးပြီးစီးခဲ့ပုံ



စက်တော်ရာ အုတ်ပြာသာဒ်ကြီး မပြုပြင်ရသေးမီ ပြိုပျက်နေပုံနှင့် မိုးမိတ်ဓေတီတော်ကြီး ပြင်ဆင် မွမ်းမံ နေဆဲပုံ

အတူ အရည်အချင်းပြည့်ဝသော မင်းသားသုံးဦးတို့ကို "မဟာဓမ္မရာဇာ"ဘွဲ့မည်ကို အပ်၍ လွှတ်ရုံးသို့တက်ပြီး၊ တရားသူကြီးများနှင့်အတူ တရားစီရင်စေသည်။ ထို မင်းသားကြီးများကို "အိမ်ရှေအလျာလွှတ်တက်မဟာဓမ္မရာဇာ" ဟူ၍ ရာဇဝင်ပညာရှိတို့ ပြောဆိုသုံးနှုန်းကြသည်။မိုးမိတ်မိဖုရားမှထွန်းကားသောသားတော်ကြီး "လွှတ်တက်မဟာဓမ္မရာဇာ" "မင်းရဲရွှေတောင်" ဘွဲ့ရ ထိုမင်းသားကြီးကို "မိုးမိတ် မင်းသား"ဟူ၍ ခေါ်ဆိုသည်။ ထိုမင်းသားကြီးသည် မင်းကွန်းပုထိုးတော်ကြီးနှင့် (၂)မိုင်ခန့်ဝေးကွာသည့် တောင်ဘက်အရပ် (ယခု ထန်းမြင့်ရွာဦး)ရှိ တောင်ကုန်းမြေအရပ်၌ မိမိ၏တပ်များဖြင့် တာဝန်ကျ စောင့်ရှောက်ခဲ့ရလေသည်။ ၎င်းကုန်းမြေအနီးရှိ ချောင်းငယ်ကလေးကို ယနေ့တိုင်အောင် "မိုးမိတ်ချောင်း"ဟု ခေါ်ဆိုလျက်ရှိသည်။

မိုးမိတ်မင်းသားကြီး၏ ကြင်ရာတော်မှာ ပဲသာဝယိုးဘုရင်ဖြစ်သည့် သီရိသုရိယနာဒေပီ ဘွဲ့ခံ မိတ္တိလာမိဖုရားနှင့် ဘိုးတော်ဘုရားတို့မှထွန်းကားမည်သာ ဒုတိယမြောက်သမီးတော် "သီရိသုမင်္ဂလာနန္ဒာဒေဝီ" ဘွဲ့ခံ မင်းကင်းမင်းသမီး ဖြစ်ပါသည်။

ဘိုးတော်ဘုရား အမရပူရနေပြည်တော်သို့ ပြန်ကြွတော်မူပြီးနောက် မင်းညီမင်းသား, တပ်မှူး, ဗိုလ်မှူး အသီးအသီးတို့သည် မိမိတို့တာဝန်ယူ စောင့်ရှောက်နေထိုင်ခဲ့သော နေရာများတွင် အမှတ်တရ စေတီပုထိုးများကို တည်ထားကိုးကွယ်ကြလေသည်။ ထိုသို့ တည်ထားကိုးကွယ်ကြရာတွင် မိုးမိတ်မင်းသားကြီးသည် မိမိနေထိုင်ခဲ့ရာကုန်းမြေ၌ ဘုဇ်ဘော်အမြင့် (၇၃)တောင်ရှိ မြေပေါက်စေတီတော်ကြီးတည်ထားပြီး၊ ကြင်ရာတော် မင်းကင်းမင်းသမီးသည် မိုးမိတ်စေတီတော်ကြီး၏ ယာဘက်အနည်းငယ်နိမ့်ဝှမ်းရာနေရာကိုရွေးချယ်ပြီး မိုးမိတ်စေတီတော်ကြီး၏ ဧရှမျက်နှာမှနောက်ဆုတ်၍ မိဖုရားများစီးသည့် "ယာဉ်တော်ပုံ" (နောက်ပိတ်သုံးထက်ဖွင့်) အုတ်ပြာသာဒ်ကို တည်ထား၍ ထိုအုတ်ပြာသာဒ်အတွင်း၌ တရာ့ရှစ်ကွက် စက်လက္ခဏာအစုံနှင့် ၅၅၀-ဖြစ်တော်ပေါင်း ရုပ်တုများ ဝန်းရံသည့် နဂါးပတ် "ပါဒနက်သန်" ဗုဒ္ဓ၏ခြေတော်ရာ (စက်တော်၊၂) စေတီကို စကျင်ကျောက်ဖြင့် ထုလုပ်၍တည်ထားကိုးကွယ်ခဲ့လေသည်။

ထီးတော်ကို ဘရိတ်စေးဖြင့် မန္တလေးမြို့ စေတီပြစ်ကြောင်းဆန်ခ် ဝင်းဆောင်လာပုံ

ထိုသို့ မိုးမိတ်မင်းသားကြီးနှင့် ကြင်ရာတော်တို့က စေတီတော်များ တည်လှူကိုးကွယ်ကြသော အခါ "ဝင်းတော်မှူး" ဖြစ်သူကလည်း မိုးမိတ်စေတီတော်ကြီး၏ဝဲဘက် အရှေ့ဘက်အနည်းငယ်နိမ့်သော အရပ်၌ တဝဂု အုတ်ပြာသာဒ်ဖြင့် ဗုဒ္ဓရုပ်ပွားတော် (အုတ်ရှိုးအင်းတုံးတော်)ဟူ၍ တည်လှူကိုးကွယ်ခဲ့ပါသည်။ ကိုယ်ရံတော်တပ်မှူးများ ဖြစ်ကြသည့် "မင်းဘဇ" နှင့် "မင်းဗလ" တို့ကလည်း မိုးမိတ်မင်းသားကြီးနှင့် ကြင်ရာတော်တို့ စံတော်မူရာကုန်းမြေ၏ ကျုံးအပြင်ဘက်ဝဲယာတွင် တဝဂုစေတီတော်တဆူကျစီ တံတည်ထားကိုးကွယ်ကြလေသည်။

စက်တော်ရာကို စတင်ဖော်ထုတ်ခြင်း

ဖော်ပြပါ စေတီပုထိုးများမှာ ပြုပြင်မှုကင်းမဲ့၍ နှစ်ကာလကြာမြင့်ခြင်း၊ ငလျင်ဒဏ်အကြိမ်ကြိမ်ခံရခြင်းတို့ကြောင့် ပြိုကျပျက်စီးပြီး ချုံနွယ်များအောက်၌ရောက်ရှိကာ စက်တော်ရာကြီးရှိမှန်းပင် မသိနိုင်လောက်အောင် ကွယ်ပျောက်လုမတတ် ရှိခဲ့လေသည်။

သက္ကရာဇ်၁၂၉၉-ခုနှစ်တွင်မင်းကွန်းတိပိဋကဓရ ဆရာဒေါ်၏ ဆရာ ပထမဓမ္မနာဒကျောင်းတိုက်တည် ဆရာတော်ကြီးဦးပညာစက္ကဘဝနတ်ဆံပုံလွန်တော်မူသောအခါ(ဆရာတော်သည် ဘုရားကိုအထူးသဖြင့် ကြည်ညိုသောကြောင့်)ဆရာတော်ကြီး၏အရိုးဓာတ်ကို စေတီတော်ရာ အောက်၌ထားရှိ၍ ပူဇော်ရလျှင် ကောင်းလေစွ-ဟု ဆရာတော်နှင့် သာသနာ့မိခင် ပြည်သူလူကြီး ဒေါ်ဓမ္မစာရိတို့ တိုင်ပင်ညီညွတ်၍ မင်းကွန်းတောင်ရိုးဒွံရှိသည့် စက်တော်ရာ ဘုရားမျှားကိုရှာဖွေလေ့လာ စုံစမ်းကြလေသည်။

တိုအခါ(၁) ယခုအလယ်တောရချောင်နှင့် ကျောက်စာခင်းချောင်(ယနေ့ သံရိဇေကျောင်းတိုက်)တို့၏ အကြားဒွံ ဒေသက်--ဒေသာက် မန်းစက်တောရပုံ၊ စက်ကော်ရာ ဇစေတီငယ် နှစ်ဆူတို့နှင့်(၂)မင်းကွန်းပုဆိုးတောင်ကြီး၏ အရှေ့တောင်ဘက် ကမ်းနားဒွံ ဘိုးတော်ဘုရား တည်ထားခဲ့သော ဂန္ဓကုဋိအုတ်ပြာသဒ်တော်နှင့်တကွ စက်တော်ရာတဆူတို့ကို တွေ့ရှိရပြီး ဘို ဘော်ဘုရား၏ ကောင်းမှုတော် စက်တော်ရာ စေတီမှာ ပထမကမ္ဘာစစ်အတွင်းက စစ်သင်တန်း လေ့ကျင့်ရာဒွံ ပျက်စီး ကျန်ရစ်သဖြင့် အစားပြုလုပ် တည်ထားကြောင်း သိရှိရလေသည်။ရှေးမူမပျက် မြန်မာမင်းများ လက်ထက်က တည်ထားခဲ့သော စက်တော်ရာကို ဆက်လက် ရှာဖွေစုံစမ်းကြရာ မိုးမိတ်မင်းသားကြီး၏ ကြင်ရာတော် မင်းကင်းမင်းသမီး တည်ထားကိုးကွယ်ခဲ့သော၊ အနုပညာပြောင်မြောက်စွာ ထုလုပ်ကိုးကွယ်ထားခဲ့သည့် (ထန်းမြင့်ရှာမြောက်ဘက်) မိုးမိတ်ကုန်းမြေရှိ စက်တော်ရာစေတီတော်ကို ထန်းမြင့်ရှာသား ဦးစုပြောပြချက်အရ ဆူးရစ်ခုံ၊ ဘောင်ဘဲချုံများအောက်၌ လင်းနို့ချေးထု ဝတ္ထုလောက်ဖြင့် ဖုံးအုပ်နေသည်ကို တွေ့ရှိရလေသည်။

ဆရာတော်နှင့် သာသနာ့ မိခင် ဆရာကြီးဒေါ်မွေစာရိတို့သည် ထိုစက်တော်ရာစေတီကို သန့်ရှင်းသုတ်သင်ခြင်း၊ ဘေးပတ်လည်မှ ချုံနွယ်များကို ရှင်းလင်းခြင်းမျှသာ ပြုလုပ်နိုင်ကြပြီး စက်တော်ရာကြီးကို ဓမ္မနာဒတိုက်သို့ ပြောင်းရွှေ့ သယ်ယူရန်လည်းမသင့်၊ ထိုဒေသကုန်းသို့ သွား၍ ဆရာတော်ကြီး ဦးပညာစက္ကာ၏အရိုးဓာတ်ကို စက်တော်ရာအောက်၌ ထားရှိပူဇော်ရန်ပြုလုပ်ခဲ့ပြီးနောက် အသုမ်းဝေးကွာသောအခါ ပထမ ဓမ္မနာဒဆရာတော်၏ အရိုးဓာတ်ကို ဓမ္မနာဒတိုက်၏အနီးအနောက်တောင်ထောင့် တောင်ကုန်း၌ အရိုးအိုးစေတီ တည်ထားရလေတော့သည်။

သို့သော် ကုန်းတောင်ခေတ် အနုပညာပြောင်မြောက်လှစွာသော မိုးမိတ် စက်တော်ရာကြီးကို ဆရာတော်နှင့် မယ်ဒေါ် သာသနာ့မိခင်ကြီးတို့က မပြတ်မပြတ် သွားရောက်ကြည့်ရှု၍သန့်ရှင်းရေးများ စွမ်းအားရှိသမျှ ဆောင်ရွက်ကြသည့်နိစ္စဗဒ်ကုသိုလ်အလုပ်ကို ဆောင်ရွက်လျက် ရှိကြပါသည်။

၁၉၅၆-ခုနှစ်၊ (၁၃၁၈-ခုနှစ်)တွင် စစ်ကိုင်းငလျင်ကြီး အကြီးအကျယ် လှုပ်ခဲ့ရာ မူလပျက်စီးယိုယွင်းလျက်ရှိသော စေတီပုထိုးများ တိုး၍ပြိုကျပျက်စီးပြန်သဖြင့် စက်တော်ရာကြီးနှင့် ဝင်း

ထီးတော်တင်ပွဲသို့ မိုးဒိတ်ပြည်မှ ရှုခင်းအမျိုးသားများ ကားတင် လာရောက် ပူဇော်ကြပုံ



ဗိုးဒိတ်ဝေတီတော်ကြီးအား တင်လှူမည့် မွန်-မြန်မာ နှစ်ထပ် ထီးတော်ကြီးကို သိကြား၊ ဗြဟ္မာများနှင့် ပင့်ဆောင်လာစဉ်

တော်မျူးဘုရား ဂူအတွင်းရှိ ဆင်းတုတော်ကြီးတို့မှာ ပြိုကျသော အုတ်ပုံကြီးများ အောက်တွင် ဆောက်ရှိပြီး ချုံနွယ်များ ဖုံးအုပ်လျက် တောင်ကုန်းကြီးများသဖွယ် တည်ရှိနေပေတော့သည်။

၁၉၅၇—ခုနှစ် (၁၃၁၉-ခုနှစ်)တွင် ကျွန်တော်သည် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေတာဝန်ထမ်းဆောင်ရလေသည်။ ထိုနှစ် ဝါဆိုလတွင် မင်းကုန်းတိပိုဋ္ဌကဓရ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ(အဋ္ဌကထာ+ဋီကာသင်္ဂါယနာ) တင်နေဆဲ၌ ကျန်းမာရေး ထိခိုက်လာသဖြင့် နိုင်ငံတော် အစိုးရ ဝန်ကြီးချုပ် ဦးနု၊ ကျန်းမာရေးဝန်ကြီး ဦးဘစောတို့ မင်းကွန်းစံချိန်မီ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို အစိုးရကိုယ်စား အအပ်ခံလာကြရာ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့တို့မှ သမားတော်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများ လာရောက် ကြည့်ရှုကြပြီး မင်းကွန်းတွင် ကျေးလက် ကျန်းမာရေးမှူးသာ ရှိသဖြင့် ဆရာတော်၏ ကျန်းမာရေးအတွက် ကြည့်ရှုကုသရန် ကျွန်တော့်အား သမားတော်ကြီးများအဖွဲ့က တာဝန်ပေးအပ်ကြပါသည်။

ကျွန်တော်သည် ရုံးပိတ်ရက်နေ့တိုင်း မင်းကွန်းတောင်ရိုးသို့ သွားရောက်ပြီး ဆရာတော်နှင့် မယ်တော်ကြီး ဒေါ်မမွစာရီတို့၏ ကျန်းမာရေးကို ကြည့်ရှုကုသပေးယင်း တဖြည်းဖြည်း မင်းကွန်းတောင်ရိုးမှ ရဟန်း, သာမဏေ,သီလရှင်များအပြင် လူအိုရုံမှ ဘိုး-ဘွားများကိုပါ ကြည့်ရှုကုသပေးကာ စေတနာဝန်ထမ်းပရဟိတလုပ်ငန်းကို ရွက်ဆောင်ရပါသည်။

တနေ့တွင် ဆရာတော်ဘုရားသည် ထန်းမြင့် တောင်ရွာ, မြောက်ရွာ ရွာသူရွာသားများနှင့် မိုးမိတ်ကုန်းမြေ စေတီတော်များကို မပြုပြင်နိုင်သေးမီ တတ်နိုင်သလောက် ရှင်းလင်း သုတ်သင်ပေးသောအခါ ကျွန်တော်နှင့် မန္တလေးဘက်မှ လိုက်ပါလာသူများသည် ဆရာတော်ရှိရာသို့ လိုက်ပါသွားကြသဖြင့် မိုးမိတ် ကုန်းမြေသို့ ပထမဆုံးအခေါက်ရောက်ရှိကြကာ လေ့လာကြပါသည်။

မိုးမိတ်စေတီတော်အား စတင်ဖူးပြင်ခြင်း

မိုးမိတ်ကုန်းမြေသို့ ရောက်ရှိ၍ လေ လာ ကြည့်ရှုပြီးလျှင် 'လိုအပ်သလို ရှင်းလင်းပြီး စေတီပုထိုးများကို ပြန်လည် မွမ်းမံ ပြင်ဆင်ရန်' ဆရာတော်အား ကျွန်တော်က လျှောက်ထားရာ ဆရာဖေဘော်က ပြုပြင်မွမ်းမံ လျှင် အလွန် ကောင်း မွန်သင့်လျော်ကြောင်းနှင့် ယခု လောလောဆယ် အခြေအနေမှာ ခရီး သွားလာကြသူများအဖို့ တောထူ လူပြတ်သဖြင့် အလုအယက် ခံရမည်ကိုပင် ကြောက်ရကြောင်း၊ ၎င်းပြင် နိုင်ငံတော် အစိုးရ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူး ဦးဘစိန်အား ဘုန်းကြီး က စက် တော် ရာ စေ တီ ကို အရောက်ပို့စေသဖြင့် ၎င်းက ထိုကုန်းမြေကို ဆရာတော် စိတ်တိုင်းကျ ပြုပြင်ထိန်းသိမ်း စောင့် ရှောက်ရန် အကြောင်းပြန်ကြား၍ ယဉ်ကျေးမှုဌာနက တောရှင်းရန်အတွက် ဝတ္ထုငွေ ၂၀၀-ကျပ် ပေးပို့လှူဒါန်း၍ ထိုကျပ်ငွေ ၂၀၀-ကျပ်ဖြင့် ရွာဘုံဖျာကြမ်း ကပ်ပို့စေပြီး ထန်းမြင့် နှစ်ရွာသို့ ပေးအပ်၍ ယခု ရှင်းလင်းနေပါကြောင်း' အမိန့် ရှိပါသည်။

ကျွန်တော်နှင့် ဇနီး ဒေါ်ခင်ညွန့် မိသားစုတို့က မ,တည်ပြီး အလှူရှင်များပါ ပါဝင်စေလျက် ဥာဏ်တော်အား ၂၃-ဟောင်ရှိ (ထိုအချိန်က သပိတ်မှောက် အထိ ပျက်စီး ပြိုကျ နေသော) မိုးမိတ်စေတီတော်ကြီးကို သပိတ်မှောက်မှ စပြီး လျှင် ၁၃၂၁-ခုနှစ်တွင် ပြုပြင် မွမ်းမံ တည် ဆောက်ကြပါသည်။ ၁၃၂၂ ခုနှစ်တွင် ပြီး စီး သဖြင့် ပထမ ထီးတော်ကို တော်သလင်းလပြည့် နေ့တွင် တင်လှူကြသည်။ ထိုထီးတော်မှာ မွန်+မြန်မာ+နှစ်ထပ်ထီးတော် ဖြစ်ပါသည်။ မိုးမိတ် အဆက်အနွယ် ဖြစ်သဖြင့် မိုးမိတ်မြို့မှ ရှမ်းအမျိုးသားအဖွဲ့ ဥပါသကာများလည်း ရှမ်းအိုးစည် ဖြင့် လာရောက်ကူညီ ပူဇော်ကြသဖြင့် 'မွန်+မြန်မာ၊ ရှမ်း ချစ်ကြည်ရေးစခန်း ဘုရားကြီး' ဟူ၍ပင် ပြောစမှတ် ပြုခဲ့ကြပါသည်။

ပထမ ထီးတော်တင်လှူရန် အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ မိုးမိတ်အဆက်ဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီး မိုး မိတ် စော် ဘွား ကြီး စဝ်ခွန်ချို၊ သာသနာရေးဝန်ကြီး ဦးဘစောတို့ပါ ကြွရောက်၍ ထီးတော်တင်ရန် စီစဉ်သော်လည်း အကြောင်း မညီညွတ်သဖြင့် ၎င်းတို့၏ ကိုယ်စား မန္တလေး တိုင်း မင်း ကြီး ဦးကြည်၊ စစ်ကိုင်းတိုင်းမင်းကြီး ဦးမောင်မောင်တို့ကို ကိုယ်စား လွှတ်သဖြင့် တိုင်းမင်းကြီးများ နှင့် အတူ ထီးတော်တင်လှူကြရပါသည်။ ထီးတော် တင်လှူပွဲတွင် ထောမနာ စာတမ်း၊ ရတု၊ တေးထပ် စသည်တို့ကို ဖတ်ကြားကျူးရင့် ပူဇော်ကြရာတွင် မန္တလေးတက္ကသိုလ် မှမြန်မာစာကထိကဖြစ်သူဆရာကြီး ဦးဆန်းထွန်း၊ အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဦးကနက်စိန်၊ ရုပ်သေးမင်းသားကြီး ရွှေဘို ဦးတင်မောင်၊ ရွှေနန်းတင်၊ သာသနာ့ ညွှန် ကြား ရေး ဝန် ဗန္ဓုလ

မိုးမိတ်စေတီတော်ကြီးနှင့် ပတ်ဝန်းကျင်ရှုခင်း



ဦးစိန်တို့ ပါဝင်ကူးရင် ရွှတ်ဆို ကြပါသည်။

ကြည့်ချင်ပွဲအဖြစ် ရွှေဘိုတင်မောင် ရုပ်သေးသုံးညကာ, ပြရာတွင် ရှေးနှစ်များ (စက်တော်ရာဘုရားကို ရှင်းလင်းသောအခါ)မှစ၍ လာရောက်နေကျ ဝပါးကြီးမြွေနှစ်ကောင် လာရောက်၍ ဘုရားခြေရင်းခွင် နေကြသည်ကို ဘအုံတသြ တွေ့မြင်ကြရသောကြောင့် 'ဘူရိဒတ္တ နဂါးမင်းဇာတ်' ကို ရွှေဘိုဦးတင်မောင် က ပြခဲ့သည်ကို ယနေ့တိုင်သတိ ရမိပါသေးသည်။

ည့်ပရိသတ်များမှာ အသင့် အတင့် ပြုလုပ်စီမံထားသော မိုးမိတ်စေတီတော်ကြီး ရှေ့ခွင် နေ့အခါနေထိုင်ကြ၍ ဆွမ်းကွမ်း ဝေယျာဝစ္စ ပြုလုပ်ကြရပြီး မိမိတို့ စင်းလုံးငှား၍ လာသောမော်တော်ဉ ဖြစ်သလို ဘုဝေါင်း၍ ညအခါ အိပ်စက်ကြရပါသည်။ ခေတ္တ ငှားရမ်းလာသောမီးစက်နှင့် လက်ဆွဲ မီးအိမ် များ ထွန်းညှိပြီး စိန်မောင်ကို ဆိုင်းအဖွဲ့ကို ညလုံးပေါက် တီးခတ်၍ လုံခြုံရေးကို တမျှူးတဖုံ စီမံခဲ့ကြရပါသည်။

ဝါဂိပကအဖွဲ့ ဖွဲ့၍ ဆောင်ရွက်ခြင်း

မိုးမိတ်စေတီတော်ကြီးကို ပြုပြင်မွမ်းမံ ရွှေထီး တင်လှူပြီးသောအခါ အနီးပတ်ဝန်းကျင်ရှိ စေတီရံများနှင့် စက်တော်ရာစေတီတော် အုတ်ပြာသာဒ်ကြီးကိုပါ ပြုလည်ပြုပြင်ရန် လိုအပ်လာပြီဖြစ်၍ 'မိုးမိတ် စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဝါဂိပကအဖွဲ့' ကို ၁၃၂၃-ခု နှစ်တွင် ဖွဲ့စည်းကာ ဆက်လက် ဆောင်ရွက်ကြပါသည်။

မိုးမိတ်စေတီတော်ကြီး၏ ရှေ့မျက်နှာဘက်တွင် မန္တလေးမြို့ ကွမ်းခြံရပ် ဦးထွန်းလှ (သင်္ကန်းသည်ကြီး)မိသားစုတို့က စတင်၍ ဂန္ဓကုဋီ တိုက်ငယ်တစ်လုံး ဆောက်လုပ်လှူဒါန်းပြီး၊ မန္တလေးမြို့ မားတန်းရပ် ကျောင်းဒကာကြီး မဟာဇနလားဆိုင်နှင့် ဒေါ်စောတင်တို့က ရှေးဟောင်းဗုဒ္ဓ

ဘုဒ္ဓဆင်းတုတော်တစ်ဆူ တည်ထား ပူဇော်ကြပါသည်။

မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးဂေါပကအဖွဲ့တွင် ပထမ မဟာဗန္ဓုလဦးဆိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ဖွဲ့စည်းကြသည်။ နောက် ဦးဆိုင်၏ကျန်းမာရေး ချို့တဲ့လာသဖြင့် မြို့တော်ဝန်ဟောင်း ဦးစံရွှေအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ ထို့နောက် မန္တလေးမြို့ ဗုဒ္ဓပူဇနီယ အသင်းဥက္ကဋ္ဌ ရတနာပုံဦးမိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော် (ဆရာဝန်ကြီး ဦးသာလှ) က ဘဏ္ဍာတော် ဒွေထိန်းအဖြစ် ဆောင်ရွက်ပါသည်။

၁၉၆၄-ခုနှစ်တွင် ကျွန်တော် ရာထူး တိုးမြှင့်၍ ရောဝတီတိုင်းသို့ ညွှန်ကြားရေးဝန် အဖြစ် ပြောင်းရွှေ့ရသောအခါ ထိုအချိန်မှစ၍ ယနေ့အထိ မန္တလေးမြို့ သေဋ္ဌေးတန်းမှ ကျောင်းဒကာကြီး ဦးဖိုးမှိုက ဘဏ္ဍာတော် ဒွေထိန်းအဖြစ် ဆောင်ရွက်ပါသည်။ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီးကို ၁၃၄၀-ပြည့်နှစ်၊ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ဖွဲ့စည်းပြီး ထိုနှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် 'တိပိဋကာ = နိကာယ ကျောင်းတိုက်ကြီး' ဖွင့်လှစ်လိုက်သော အချိန်၌ ဥက္ကဋ္ဌဖြစ်သူ ရတနာပုံဦးမိုး၏ ကျန်းမာရေးမှာ လွန်စွာ ချို့တဲ့လာသဖြင့် ကျွန်တော် အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရွေးချယ်ကြပါသည်။

မိုးမိတ်စေတီတော်များ၏ ပင်းခြံမြေ နှစ်ပယ်သတ်မှတ်၍ ထားရှိရန် လိုအပ်လာသည့် အပြင် နှစ်စဉ် ဘုရားပွဲတော်နှင့် တောင်ရိုးမှ သံဃာတော်များ၊ သီလရှင် သူတော်စင် အားလုံးကို အား သက်နှံးနှင့် သီလရှင်ဝတ်စုံ စုပေါင်းလှူဒါန်းပွဲကြီးကိုပါ ကျင်းပလာခဲ့ရာ ပိုမို စည်ကားလာသဖြင့် ကျောင်းဒကာကြီး ဦးဖိုးမှိုဒေါ်ရွှေညွန့် မိသားစုတို့က ပင်းခြံမြေများကို ဟဖြည်းမြည်း တိုးချဲ့ဝယ်ယူ၍ လှူဒါန်းလာခဲ့ကြ

ယနေ့မျက်မြင် အခြေအနေအတိုင်း ကျယ်ဝန်း၍ လာခဲ့ပါသည်။

မူလက ယာမြေအဖြစ် တည်ရှိနေသော မြေများကို ဦးဖိုးမှိတို့က တန်ဖိုးပေး၍ ဝယ်ယူပြီး လျှင် သာသနာရေးအတွက် အသုံးပြုရန် သာသနိုက ဝတ္ထုကံမြေအဖြစ် လှူဒါန်း၍ မိုးမိတ် ဂေါပကအဖွဲ့သို့ ရက္ခက-ဂေါပကအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံကြသောကြောင့် အဖွဲ့က ကြပ်မတ်ပြီးလျှင် နှုံက တံတိုင်း မရှိသေးသော စေတီ ကြီးငယ်တို့၌ တံတိုင်းမီးတား ကာရံပေးပြီး ကျန်သော ဝတ္ထုကံမြေ၌ ဖိနပ်စီးခွင့်ပြုပြီးလျှင် ဓမ္မာရုံ၊ ဇရပ်-စသည် အဆောက်အအုံတိုင်းတွင် ကျန်းမာရေးအတွက် ကုဋီခန်း၊ ရေချိုးခန်းများ ပူးတွဲပါရှိသော အဆောက်အအုံများကို စည်းကမ်းတကျ ဆောက်လုပ် လှူဒါန်းကြပါသည်။

တိပိဋကဓရ = နိကာယ ကျောင်းတိုက် မပေါ်ပေါက်မီက လှူဒါန်း ဆောက်လုပ်ထားသော သာသနိက အဆောက်အအုံများမှာ....

(၁) မိုးမိတ်စေတီတော်ကြီးအား ပထမဆုံး မွန်+မြန်မာ ရွှေထီးနှစ်ဆင့် တင်လှူရာဖြစ်သော မိုးမိတ်စေတီတော်ကြီး၏ အနောက်ဘက် ကုန်းမြေ၌ ကျွန်တော်နှင့် ဇနီး ဒေါ်ခင်ညွန့် မိသားစုတို့က ၁၃၂၃-ခုနှစ်တွင် 'ပြည်သာယာ' အမည်ရှိသော ဇရပ်ကြီးကို တည်ဆောက် လှူဒါန်းပါသည်။ (ကျွန်တော်က သာယာဝတီနယ် မင်းလှဇာတိဖြစ်၍ ဒေါ်ခင်ညွန့်က ပြည်မြို့ဇာတိ ဖြစ်သောကြောင့် ဇရပ်ကြီး၏အမည်ကို 'ပြည်သာယာဇရပ်' ဟု မှည့်ခေါ်ပါသည်။)

ယခု တိပိဋကဓရ=နိကာယ ကျောင်းတိုက် ပေါ်လာသောအခါ ၎င်းဇရပ်ကြီး၏ မြောက်ဘက်ကပ်လျက် နှစ်ထပ်တိုက်ကျောင်း ဆောက်လုပ် လှူဒါန်းပြီး ထို ၂-ဆောင်တွဲ ကျောင်းဆောင်ကြီးကို နာယက အကြီးအချုပ် ဖြစ်တော်မူသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇော်သော အားဖြင့် ကျောင်း အမည် ကို 'အဘိဓဇ အဘိဓမ္မာကျောင်းတော်' ဟူ၍ အမည်ကမ္မည်း တပ်ဆင်ထားရှိပါသည်။

(၂) ထို ကျောင်း ကြီး ၏ တောင် ဘက် ပြုမန္တလေးမြို့ အရိုးအိုးကြီးရပ် နေ ဦးကိုလေး + ဒေါ်လှဖျော် မိသားစုတို့က ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းပါသည်။ ထို ဇရပ်ကြီးမှာ မူလက 'မန်းသီရိန်ဇရပ်' ဟု အမည်တွင်ခဲ့ပြီး ယခု အခါ ထိုဇရပ်ကြီးကို နှစ်ထပ်တိုက်ကျောင်းအဖြစ် ပြင်ဆင်ဆောက်လုပ်ပြီး အပေါ်ထပ်ကို တိပိဋကဓရ =နိကာယ စာသင် သား ကြီး များ ဆွမ်းစား ကျောင်းတော်အဖြစ် လည်းကောင်း၊ အောက်ထပ်ကို အလှူပစ္စည်းများ သိုလှောင်ထားရှိရာ ဘဏ္ဍာဂါရကျောင်းအဖြစ် လည်းကောင်း အသုံးပြုလျက် ရှိပါသည်။

(၃) မိုးမိတ် စေတီတော် ကြီး ၏ မဟာရံတံတိုင်း မီးတားကြီးနှင့် အရှေ့ဘက် စောင်းတန်းကြီးကို မန္တလေးမြို့ ဝါးတန်းရပ် စိန်ရွှေရတနာကုန်သည် ဒေါ်ညွန့်ညွန့်+ဒေါ်သန်းသန်း ညီအမတစ်စုတို့က ကွယ်လွန်သူ မိဘများအား ရည်စူး၍ တည်ဆောက် လှူဒါန်းထားပါသည်။

(၄) မိုးမိတ်စေတီတော်ကြီး၏ ရှေ့မျက်နှာစာ ရင်ပြင်တော်တွင် မန္တလေးမြို့၊ ဘာဘူတန်းရပ်၊ ဦးစကြိုး + ဒေါ်တင်နှင့်သမီး မသောင်း-မလှမေတို့က အလှူး ၁၀-ခန်း၊ အနုံ ၄ ခန်း အာရုံခံ တန်ဆောင်းတော်ကြီး တည်ဆောက် လှူဒါန်းကြပါသည်။ နှစ်စဉ်နှစ်စဉ် ဘုရားပွဲကောင်းပသောအခါ နေ့စဉ် ညှဉ်ခဲ့ရာ ဌာနအဖြစ်ဖြင့် လည်းကောင်း၊ နောက်ဆုံးနေ့ စုံပေါင်း ရေစက်ချပွဲကြီး ကျင်းပရာ အာရုံခံ တန်ဆောင်း၊ ညှဉ်ခံတန်ဆောင်းအဖြစ် လည်းကောင်း အသုံးပြုပါသည်။

ယခုအခါ ထိုတန်ဆောင်းကြီး မြောက်ဘက်ရှေ့တွဲလျက် စင်မြင့်(စတိတ်)ပါဝင်သော နှစ်ထပ်ကျောင်းတော် 'ဗုဒ္ဓရက္ခိတ ကျောင်းတော်'ကို မန္တလေးမြို့၊ အရိုးအိုးကြီးရပ်၊ ဘုရားအမကြီး အမေမက ဆောက်လုပ် လှူဒါန်းပါသည်။ ထိုကျောင်းတော်ကြီး၌ တိပိဋကတ=နိကာယ စာသင်သားကြီးများ စာကျက်, စာအံ, စာကြ, စာကြည့် ပရိယတ္တိတာဝန်ကို ထမ်းဆောင်ကြယင်း ဘုရားအာရုံကို အမြဲ နှလုံးသွင်းကြရပါသည်။

(၅) မန္တလေးမြို့၊ ပိုက်ကျုံးရပ်၊ သစ်စက်ပိုင်ရှင် နာယကကြီး ဦးသာဌေး-ဒေါ်သန်းသန်းမိသားစုဘို့က တိုက်ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းရာ ယခုအခါ 'အဘိဓမ္မာကျောင်း' ဟု အမည်ကမ္မည်းတပ်၍ တိ=နိ. စာသင်သားသံဃာတော်များ သီတင်းသုံးတော်မူကြပါသည်။

(၆) မြို့တော်ဝန်ဟောင်း ဦးစံရွှေ (ဥက္ကဋ္ဌဟောင်း)မိသားစုတို့ကမိုးမိတ်စေတီတော်ကြီး၏ အနောက်ဘက် ကုန်းမြေမြင့်တွင် ကျောင်း တစ်ဆောင် ဆောက်လုပ် လှူဒါန်းပါသည်။ ယခုအခါ 'ခုဒ္ဒကကျောင်း'ဟု အမည် ကမ္မည်းတပ်၍ တိ=နို စာသင်သား သံဃာတော်များ သီတင်းသုံးတော်မူကြပါသည်။

(၇) မင်းကွန်း တိပိဋကက ဓမ္မနာဒ ကျောင်းတိုက် အမကြီး ဒေါ် ဆင် ဆင် က လည်း ဇရပ်တစ်ဆောင် ဆောက်လုပ်ပြီး နှစ် စဉ် ဘုရားပွဲတော် ကျင်းပသည့်ရက်များ၌ နေ့စဉ် ဆွမ်းတော်ကြီးပွဲ အပို့လာကြသည့် ည့်ပရိသတ်များအား လက်ဖက်၊ ချင်းသုပ် စသည်ဖြင့် ည့်ခံကျွေးမွေး၍ ဘုရားပွဲပြီး၍ နောက်တစ်နေ့တွင် စုပေါင်းသန့်ရှင်း၍ နေထားတကျ ဖြစ်အောင် ပြန်လည်စီမံ ဆောင်ရွက်ကြသော သံဃာတော်များနှင့် လုပ်အားပေး ဝေယျာဝစ္စ အလှူရှင်များကို တစ်နေ့စာ ဆွမ်း ဝေယျာဝစ္စနှင့် လိုအပ်သမျှကို နှစ်စဉ် လှူဒါန်းပြုစုပါသည်။

ကျောင်းအမကြီး ဒေါ်ဆင်ဆင် ကွယ်လွန်ပြီးနောက် ၎င်း လှူဒါန်းခဲ့သော ဝတ္ထုများကို 'မြို့+မ+ဆင် သာသနာပြု ရန်ပုံငွေ ပဒေသာပင်' ဟူသော အမည်ဖြင့် ပဒေသာပင် စိုက်ထူကာ ထိုနှစ်ဖက်အလှူကို ဆက်လက်၍ လှူဒါန်းလျက် ရှိပါသည်။

စက်တော်ရာ ဂန္ဓကုဋိတိုက်ကို ပြင်ဆင်ခြင်း

ဖော်ပြပါ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းနေဆဲ အချိန်မှာပင် မိုးမိတ် စေတီတော်ကြီးနှင့် ပါဒနက်သန် စက်တော်ရာ စေတီတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူး ကူးလူးကြသည်ကို ဖူးမြင်ကြရပါသည်။ စက်တော်ရာစေတီတော်၏ ဂန္ဓကုဋိတိုက်တော်မှာ မူလက ဘုံခုနစ်ဆင့် အုတ်ပြာသာဒ် ဖြစ်သော်လည်း ဘုံနှစ်ဆင့်မျှသာ ကျန်အောင် ပြိုကျပျက်စီးနေသည်ကို မူလပုံတော်အတိုင်း ဆောက်လုပ်ကြရန် ဆုံးဖြတ်ကြပြီးလျှင် ထိုအတွက် မန္တလေးမြို့မှ မြန်မာ ဗိသုကာဆရာကြီး ဝဏ္ဏကျော်ထင် ဦးဆိုင်နှင့် သား ဦးမြသိန်းတို့ကို ဖိတ်ခေါ်ပြသပြီး မူရင်း ပုံမပျက်စေဘဲ ပိုမို တိုးချဲ့၍ ဆောက်လုပ်ကြရန် နည်းနိသယများကို တောင်းခံပြီး အလင်္ကာကျော်စွာပန်းချီဆရာကြီး ဦးစောမောင်အား ပုံတူ ရေးဆွဲပေးရန် မေတ္တာ ရပ်ခံ ခဲ့ပါသည်။ ဆရာကြီး ဦးစောမောင်ကလည်း ချက်ချင်း မဆိုင်း မတွ ဒါနပြု၍ ရေးဆွဲပေးပို့ပြီ နောက် သမိုင်းကို ရှာဖွေရန်အတွက် ရှေးပြည်ဆရာကြီး ဦးဘတင်အား အကူအညီ တောင်းခံခဲ့ရာ မိုးမိတ်မင်းသားကြီးနှင့် ကြင်ရာတော်တို့၏ အဆက်အနွယ်ထိ ရရှိပြီး နောက် လွန်ခဲ့သော နှစ်ကမှ တိပိဋကက = နိကာယ သာသနာပြုအဖွဲ့ကြီး၏ နာယက 'မဟာသရေ

စည်သူ' (လက်ဝဲမင်းညို) ဦးချမ်းသာ၏ ဇနီး ဒေါ်တင်တင်မေထံမှ ပိုမိုပြည့်စုံစွာရ၍ ပူးတွဲ တင်ပြထားပါသည်။

မိုးမိတ် စေတီတော်ကြီးအား ပြန်လည် ပြင်ဆင်စဉ်က သစ်မြစ် သစ်ငုတ်များမှာ လှည်းအစီး နှစ်ဆယ်ခန့် ရရှိပြီး ဌာပနာပစ္စည်းများလည်း များစွာ ရရှိ ခဲ့ပါသည်။ပယင်း ဆင်းတုတော်ပင် ပါရှိခဲ့လေရာ စက်တော်ရာ ဂန္ဓကုဋီ အုတ်ပြာသာဒ်တော်ကြီးအား ဖြိုဖျက်ခဲ့လျှင် ပိုမို၍ ဌာပနာပစ္စည်းများကို တွေ့ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း အနည်းငယ်သော ဗုဒ္ဓရုပ်ပွား ကျောက်ဆင်းတုတော်များမှ အပ ဘာမျှမတွေ့ရှိရပါ။ အသစ်တိုးခဲ့၊ ဆောက်လုပ်မည် ဖြစ်ပါ၍ အောက်ခြေ အုတ်မြစ်အထိ ဆက်လက်တူးဖော်သောအခါတွင် နန္ဒင်းမကင်းပုံ ရွှေချထားသော ရွှေအုတ်ချပ် ထောင့်လေးထောင့်တွင် တွေ့ရှိရပြီး စာနဂ်န္ဓေထောင့် (အရှေ့မြောက်ထောင့်) တွင် ငွေကြွေတ်ဖြင့်ထည့်၍ထားသော ဗုဒ္ဓ၏ရွှေအဆင်း ဓာတ်တော် ၁၄-ဆူတို့ကို တွေ့ရှိရပါသည်။ ၎င်း ဓာတ်တော်များမှာ မုန်ညင်းစေ့ခန့် ပမာဏ ရှိပြီး ရွှေသားကို အလုံးကလေးများ ပြုလုပ်ထားသကဲ့သို့ တွေ့မြင်ရ၍ ရွှေလုံးကလေးများ ဖြစ်မည်ဟုပင် အချို့ကယူဆကြသဖြင့် ဆရာတော်ဘုရားက ''ပိဋကတ်ဟော်ကျမ်းအလာ ဗုဒ္ဓ၏ရွှေရောင်အဆင်း ရှိသော ဓာတ်တော် များပင် ဖြစ်မည်'' ဟု အမိန့်ရှိပါသည်။

ထို့ဓာတ်တော် ၁၄ ဆူတို့ကို ပဓာန ပြု၍ ဤစက်တော်ရာကြီးကို တည်ထားကိုးကွယ်ခဲ့ဟန် ဧကြောင်း ဆရာတော်ဘုရားက ထပ်မံ အမိန့်ရှိပြန်သဖြင့် ၎င်းဓာတ်တော်များကို ပြန်လည် စာရင်းဆောက်မည့် စက်တော်ရာစေတီ ယာဉ်တော်ပုံ အုတ်ပြာသာဒ်အတွင်း၌ပင် ဌာပနာရန် ဆုံးဖြတ်ကြပြီး ဆရာတော်ဘုရား ကိုယ်တော်တိုင် ဌာပနာပွဲ မကျင်းပမီ သိမ်းဆည်းထားရန် စီစဉ်ကြပါသည်။ ထိုဆုံးဖြတ်ချက် အရ ထို ဓာတ် တော် ၁၄-ဆူတို့ကို ဆရာတော်၏ ဓမ္မနာဒကျောင်း၌ပင် လုံခြုံစွာ သိမ်းဆည်းထားပါသည်။ မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး အဖွဲ့ဝင် လူကြီးများနှင့် အလှူရှင်များသည် မင်းကွန်းဘက်သို့ ရောက်ရှိသည့်အခါတိုင်း ဆရာတော်ထံမှ ဓာတ်တော်ကြွတ်ကို ပင့်ဆောင်၍ ဖွင့်လှစ်ပြီး ရှိခိုး ပူဇော်ကြပါသည်။

ဓာတ်တော်များ၏ ထူးခြားချက်

ထိုစဉ်အခါ

(က) ဆရာတော် ကိုယ်တိုင်ပင် ထို ဓာတ်တော်များကို တစ်ညဉ့်လုံး ရေမွှေးဘူးထဲစိမ်၍ နံနက်အခါ အဝတ်ကြမ်းဖြင့် ပွတ်သပ်ကြည့်ရာ တိုး၍ တိုး၍ သာလျှင် အရောင်လက်၍ လာပါတော့သည်။ (ရွှေခုထားလျှင် ရွှေကွာအောင် ရေမွှေးစိမ်ခြင်း ဖြစ်ပါသည်။)

(ခ) အမှတ်မထင် ရဟန်းငယ်တစ်ဦးက တိတ်တဆိတ် ဓာတ်တော်ကို ယူပြီး ပေပေါ် တင်၍ တူဖြင့်ထုနှက်ကြည့်ရာ အသမ်္ဘိန္နမပြို မပျက် မကွဲ အက်သည်ကို ထူးခြားစွာ တွေ့ရှိကြရလေသည်။

(ဂ) ရန်ကုန်မြို့မှ ရောက်လာသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဤသတင်းကို ကြားသိရ၍ ဆရာတော်ထံမှ ဓာတ်တော် များကို ဖူးမြော်ခွင့် တောင်းခံ၍ မိဓိလက်ဖဝါးပေါ်၌ တင်၍ ဖူးပြီး ကြည်ညိုသဒ္ဓာ ဖြစ်ရှိလှသဖြင့် ဓာတ်တော် နှစ်ဆူတို့ကို တိတ်တဆိတ် ပင့်ယူခဲ့ပြီးနောက် ဆရာတော်အား ကန်တော့ပြီး ပြန်လာခဲ့ရာ ခရီးလမ်းတွင်ပင် ၎င်းဓာတ်တော်များ ပျောက်ဆုံးသွားပါသည်။ ထိုအကြောင်းကို ထိုပုဂ္ဂိုလ်ကြီးက ကန်တော့အား ပြောပြရာ စိတ်မကောင်း ဖြစ်ရပါသည်။ နောက်တစ်နေ့ မင်းကွန်းသို့သွားရောက်ရာ ဖူးမြော်နေကုန်တိုင်း ဓာတ်တော်ကြွ ဆရာတော်ထံမှ ပင့်ပြီး ဖူးမြော် ရတွက်ကြသောအခါ တစ်ဆယ့်လေးဆူတိတိပင် ဖြစ်နေ

သည်ကို ထူးခြားစွာတွေ့ရှိရ၍ အံ့သြဝမ်းမြောက်ကြည်ညိုကြရပါသည်။

ဤကဲ့သို့သော သတင်းများ ပံ့နှံ့သွားလျှင် ခာတ်တော် ရယူလိုသူများ ပေါများလာမည်ဖြစ်သဖြင့် ထိုသတင်း မပြန့်ပွားအောင် ထိန်းချုပ်၍ ယာဉ်တော်ပုံ အုတ်ပြာသာဒ်ကြီး အမြန်ပြီးအောင် ဂေါပကအဖွဲ့ဝင် လူကြီးများ အထူးကြိုးစားကြရပါသည်။

ထိုစဉ်အခါ မဟာဗန္ဓုလ ကျောင်းဒကာကြီး ဦးဆိုင်က အလွန်တရာ အနုပညာ ပြောင်မြောက်လှစွာသော ထိုပါဒနုက်သန် စက်တော်ရာကြီးကို ဆရာတော်ဘုရား၏ ဓမ္မနာဒ ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး တည်ထားကိုးကွယ်သင့်ကြောင်းနှင့် ထိုသို့ ပြောင်းရွှေ့ တည်ထားကိုးကွယ်လျှင် မိမိက လုံးဝဥဿုံ တာဝန်ယူ ဒကာခံပြီး ကြီးကျယ်ခမ်းနားစွာ ပြုပြင်မွမ်းမံ၍ ထားရှိမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည့် အပြင်၊ ထိုစဉ်က သာသနာရေး ဝန်ကြီး ဦးဘစောကလည်း မိမိဇာတိ ကျောက်ဖြူမြို့သို့ ပင့်၍ ပူဇော်ထားလိုကြောင်း လျှောက်ထားရာတွင် ဆရာတော်က သခင်ကိုယ်တော်မှိုင်း ရေး သား ပြု စု သော ဒေါင်းဦးကာ စာအုပ်ကို ဖွင့်ပြပြီးနောက် ထိုစာအုပ်၌ 'မင်းဘူးမြို့ အထက် စက် တော် ရာကို ပြောင်းရွှေ့ ခဲ့သော ဆရာတော်တစ်ပါး မျက်စိကွယ်ခဲ့ဘူးကြောင်း' မှတ်တမ်းကို ထောက်ပြခဲ့ဝါသည်။

စက်တော်ရာ အုတ်ပြာသာဒ်ကြီး၏ ရှေ့မျက်နှာစာ တံတိုင်းမှာ အောက်ခြေမြေများ အိုရွဲ့ပြိုလာသဖြင့် ရန်ကုန်မြို့မှ ပုလဲကုန်သည် ဦးဘသင်၊ ဒေါပုလဲ (ဒေါတင်ရီ)တို့ကအုတ်ကျောက်တုတ်ကြီးနှင့်တကွ တံတိုင်းကြီးကို အသစ်တည်ဆောက်လှူဒါန်း ကြပြီးလျှင် မန္တလေးမြို့ သံဖြူတန်းမှ တက်ခေတ်စိန် 'ဦးစိန်+ဒေါထွေး' တို့က စုလစ်မွမ်းခွန်များ တပ်ဆင်သော မုခ်ဦးစောင်းတန်း ပြာစာဒ်နှင့် တကွ ဝ + ယာ အာရုံခံ အုတ်တန်ဆောင်း နှစ်ဆောင်တို့ကို ဆောက်လုပ် လှူဒါန်းကြပါသည်။

ကျွန်တော် (ဆရာဝန်ကြီး ဦးသာလှ) နှင့် ဒေါခင်ညွှန့်တို့က မူလပင်မ မ,တည်၍ အများကောင်းမှုဖြင့် တည်ဆောက်ခဲ့ရာ ယနေ့ ဖူးမြော်တွေ့မြင်ရသည့်အတိုင်း စက်တော်ရာစေတီ ကိန်းစံရာ 'ယာဉ်တော်ပုံအုတ်ပြာသာဒ်ကြီး' ပြီးမြောက်ခဲ့ပါသည်။ မူလက စကျင်ကျောက်ဖြင့် ထုလုပ်ထားသော (ကုန်းဘောင်ခေတ် အနုပညာလက်ရာ) ၅၅၀-ဖြစ်တော်စင်ရုပ်တုများ ဝန်းရံထားသည့် စက်တော်ရာကြီးကို သာသနာ့မိခင် ဆရာကြီး ဒေါဓမ္မစာရီနှင့် ညီမ ဒေါက္ကန္ဒစာဂီတို့က ရွှေချ၍ မွမ်းမံ ပူဇော်ထားပါသည်။ စက်တော်ရာ ပလ္လင်တော်ကို မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့ အိုးတန်းကလေးရပ် ကတ်ကြေး ဆေးလိပ်ခုံပိုင်ရှင် ဦးဘအေး+ဒေါသန်းတင် မိသားစုတို့က ကနုတ်ပန်းများစီခြယ်၍ ရွှေပိန်းချ လှူဒါန်းကြပါသည်။ ပလ္လင်တော်ကြီးနှင့် စက်တော်ရာကြီးအား မန္တလေးမြို့မှ ဦးစိန်မောင်နှင့် ကျွန်တော် တို့က မှန်အိမ်ကြီးပြုလုပ်လှူဒါန်း၍ အုပ်ဆိုင်းထားခဲ့ကြပါသည်။

ယခုအခါ ၎င်း မှန်အိမ်ကြီးကို ဖယ်ရှားပြီး ပလ္လင်တော်ကို မှန်စီရွှေချပြုလုပ်ပြီးလျှင် အတွင်းနံရံ ပတ်လည်၌ ဗုဒ္ဓ၏ တေဒဂ်ဘွဲ့တော်ရ ရဟန္တာ မထေရ်များ၊ ရဟန္တာ ထေရီမကြီးများ၊ ဥပါသကာများ၊ဥပါသိကာများ စုစုပေါင်း ၇၅-ပါးတို့ကို တည်ထားပြီး ဗုဒ္ဓ မြတ်စွာက တေဒဂ်ဘွဲ့ပေးနေဟန် ပုံတော်ကို မန္တလေးမြို့ ရွှေဒဂ်ါးလက်ဖက်ခြောက် လုပ်ငန်းပိုင်ရှင် ဦးသန်းအောင် +ဒေါဝင်းမေ မိသားစုတို့က ကြည်ညိုဖွယ်ရာ တည်ထား ပူဇော်ပါသည်။

မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး ဂေါပက အဖွဲ့တွင် မန္တလေးမြို့မှ မန်းခေတ် သတင်းစာ နှင့် ပုံနှိပ်တိုက် ပိုင်ရှင်

ဦးလှရွှေမှာ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်လာခဲ့ရာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ဦးလှရွှေနှင့် ထိုစဉ်အခါက နိုင်ငံခြားရေး ဝန်ကြီး မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချို့တို့သည် ရင်းနှီးကြသဖြင့် သွားရောက် တွေ့ဆုံပြီး မိုးမိတ်စော်ဘွားကြီး၏ အဆက်အနွယ် မင်းသမီး ဘည်ထား ကိုးကွယ်ခဲ့သောစက်တော်ရာ စေတီတော်ကြီး ဖြစ်ကြောင်း ပြောပြသဖြင့် မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို့က မိမိ၏တူမကိုစေလွှတ်၍ကျုပ်ငွေတစ်သောင်းယာဉ်တော်ပုံ ဒုတ်ပြာသာဒ်အတွက် ပေး ပို့ လှူဒါန်းခဲ့ပါသည်။ နောက် သုံးနှစ်ခန့် ကြာသောအခါ ခရီးကြုံသဖြင့် စဝ်ခွန်ချို့ကိုယ်တိုင် လာရောက်ပြီး ဖူးမြော်သောအခါ တအံ့တသြတွေ့ရှိကြည်သိုပြီး 'မိမိ၏အလှူငွေ ကျပ်တစ်သောင်းမှာ မပြောပလောက်၊ နည်းလှပါသည်' ဟု တင် ပြပြောဆို သွားပါသည်။

ဝင်းတော်မှူး ဘုရားကို ပြင်ဆင်ခြင်း

မိုးမိတ် စေတီတော်ကြီး၏ ဝဲဘက် အရှေ့မြောက်ထောင့်အရပ် အနည်းငယ် နီမ့်သော နေရာတွင် စေတီတော်ကြီးနှင့် ဂိုက် ၄၀ ခန့် ဝေးသည့်ကုန်းမြေ၌ ဝင်းတော်မှူး၏ 'တဝဂူဘုရား' ပျက်စီး ယိုယွင်း ရှိနေသည်ကို ဆက်လက်ပြင်ဆင်ရန် စိုင်းပြင်းနေခိုက်မှာပင် မြင်းခြံမြို့၊ ကွေ့ကြီးရပ် ဘုရားသုံးဆူ ဂန္ဓကုဋီ ကျောင်း အမကြီး ဒေါ်ဒေါ်အိုနှင့်သား ကိုဘိုရှိန်း+ဇနီး မငြားတို့ မိသားစုက တစ်ဦးတည်းဒါယကာခံယူကြ၍ယခင် တဝဂူ ပုံသဏ္ဌာန်အတိုင်း နှစ်ဆတိုးချဲ့၍ ဂန္ဓကုဋီ ကျောင်းတော်ကို ဆောက်လုပ်ပြီး ထို၏အထက်မှ စေတီတော် ဦးတည်ထားပါသည်။ ကျောင်းတော် ပတ်ဝန်းကျင် လေးမျက်နှာ ပတ်လှက် အာရုံခံတန်ဆောင်း ဆောက်လုပ် လှူဒါန်းသဖြင့် ကျပ် ဝန်း အေးချမ်းသာယာ၍ လာပါသည်။

ဂင်းဘုရား ကုန်းဘော်ပေါ်မှ အရှေ့ဘက် ကပ်လျက်ရှိသော ရောဝတီမြစ်ကို ကျော်၍ကြည့် ရှုလိုက်လျှင် မန္တလေးဘောင်တော်နှင့် ထိုတောင်တော်ရှိ စေတီပုထိုး, ဇရပ်တန်ဆောင်း စောင်းတန်းများကို အထင်းသား ဖူးမြော် ရပါသည်။ ဝင်းတော်မှူး ဘုရားကို ပြန်လည် တည် ထားရာတွင် အထက်၌ စေတီ ပေါက်၍ အောက်ခြေ၌ ဂန္ဓကုဋီ ကျောင်းတော်အတွင်း၌မူလရှိရင်း အုတ်ရိုးဆင်းတုတော်ကြီးမှာ ဖူးမြော်ရန် ဝင်လာသူ များအား တရားဟောတော်မူနေသည့်ပုံမျိုး ဖြစ်သဖြင့် လွန်စွာသပ္ပာယ်လှပါသည်။ဘုရားအမကြီး ဒေါ်ဒေါ်အို မိသားစုတို့ က ဆင်းတုတော်ကြီးအား ရွှေပိန်းချ ပူဇော်ပြီး မူလအုတ်ရိုး ပလ္လင်တော်ကို ငုံလျက် ကျွန်း သားဖြင့် ပြုလုပ်သော သရိုးပန်း ရွှေပိန်းချ ပလ္လင်တော်ကြီးဖြင့် ကြည်သို့ ဖွယ်ရာ ပူဇော် ထားရှိပါသည်။

ဘုရားအမကြီး ဒေါ်ဒေါ်အိုကပင် ၎င်းဘုရားနှင့် ကပ်လျက် မြောက်ဘက် အနိမ့်ပိုင်းမှ ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းပြီး နှစ်စဉ်ဘုရားပွဲတော်သို့ ရက်ရှည်ရှည် လာရောက်နေထိုင်ဖြီးလှူဒါန်းလေ့ရှိပါသည်။ ဘုရားဘွဲ့တော် အမည်တပ်ရန် ဘုရားအမကြီး၏ လျှောက်ထားချက်အရ ဆရာတော်ဘုရားက 'ဇလေးမျက်နှာ ရွှေဘုန်းပွင့် စေတီတော်'ဟု ဘွဲ့အမည် သတ်မှတ်ပါသည်။ယခု အခါထိုစေတီတော်ကို အချို့ လူများက 'လေးမျက်နှာဘုရား'၊ အချို့က 'ရွှေဘုန်းပွင့်ဘုရား'ဟူ ခေါ်ဝေါ်လျက် ရှိပါသည်။ ၁၃၄၀-ဖြည့်နှစ် တိပိဋကတ=နိကာယ ကျောင်းတိုက် ဖွင့်လှစ်သော အခါ ဒေါ်ဒေါ်အို ဆောက်လုပ် လှူဒါန်းထားသော ဇရပ်ကို 'ဝိနယ ကျောင်းဆောင်' ဟု ကမ္ဘည်းတပ်၍ တိပိဋကတ=နိကာယ စာသင်သားသံဃာတော်များ သီတင်းသုံးခဲ့ရာ ၁၃၄၂-ခုနှစ်တွင် ဒေါ်ဒေါ်အိုနှင့်သား ကိုဘိုရှိန်း+မငြားမိသားစု တို့က မူလ ရှိရင်း မိခင်ကြီး၏ ဇရပ် (ဝိနယကျောင်း)ကို မိုးမိတ်ကုန်းမြေ အနောက်ဆက်ပိုင်းသို့ ရွှေ့ပြောင်းဆောက်လုပ်ပြီး ထိုဇရပ်၏အရှေ့ဘက်မှ ကပ်လျက်ရှိသော ရန်ကုန် အိမ်

ကြီးချောင်ဆရာကြီး အဘွားလေး ဒေါ်ကွန်စာဂီ၏ 'ဝိပေကကျောင်း'ကိုလည်း ထို့အတူ ပြောင်းရွှေ့ပြီးလျှင် ထိုနှစ်နေရာ ပေါင်းလျက် အရှေ့အနောက် ၁၁-ခန်း၊ တောင်မြောက် ၄-ခန်း အကျယ် အဝန်းရှိသော 'မဟာဝိနယ နှစ်ထပ်ဓမ္မာရုံ တိုက်ကျောင်းကြီး' ကို ဆောက်လုပ် လှူဒါန်း ပြီးစီးပါပြီ။

မင်းတေဇ စေတီတော်ကို ဖြူပြင်ခြင်း

ဝင်းတော်မှူး၏ စေဘီဘော် (လေးမျက်နှာရွှေဘုန်းပွင့် စေတီတော်)ကို တည်ဆောက်နေချိန်မှာပင် တပ်မှူးကြီး မင်းတေဇ တည်ထားခဲ့သော 'မင်းဘေဇ' စေတီတော်မှာ တဝက်မျှ ပျက်စီး၍ ထီးဘော် မြေသို့ခ,လျက် ရှိနေသဖြင့် ပြင်ဆင်ရန် စီစဉ်ကြသောအခါ ယခင်က ပြုပျက်ခဲ့ဖူး၍ သမင်ခြံရှာမှ ပြင်ခဲ့ဖူးသောကြောင့် 'သမင်ခြံဘုရား' ဟုပင် အမည်ဘွင် နေကြောင်း သိရှိရသဖြင့် သမင်ခြံရှာမှ လူကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသောအခါ ၎င်းတို့က ကျပ်ငါးရာမျှ ကုသိုလ်ပါဝင်ကြ၍ မန္တလေးမြို့ ရွာဟိုင်းစေ့းရပ် ကျောင်းအမကြီး ဒေါ်ဒေါ်အုန်းနှင့် ရန်ကုန်မြို့မှ ဗိုလ်မှူးတင်လတ်တို့က လိုသမျှကို တာဝန်ယူ ဒကာခံ၍ ပြန်လည်ပြင်ဆင်၍ ကောင်းလောက်မည့် စိတ်ချလောက်မည့် နေရာအထိ စေတီဟောင်းကို ရှင်းလင်းဖြို့ဖျက်ပြီး မူလအမည်ရင်းဖြစ်သည့် 'မင်းတေဇစေတီဘော်' ဟူသော အမည်ဖြင့်ပင် အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ကြရာ အုတ်မြစ်ချ ဌာပနာသောအခါ၌ ရတနာအုတ်များကို သမင်ခြံရှာ ဒကာ များက တာဝန် ယူကြကာ သမင်ရုပ်ပေါ်တွင် တင်ဆောင် သယ်ယူလာပြီး အုတ်မြစ်ချ ဌာပနာခဲ့ကြပါသည်။

မင်းဗလ စေတီတော်

မိုးမိတ်မင်းသားကြီး၏ဂိဘ်မူးဖြစ်သူ မင်းဗလကလည်း မိမိ၏နေရာ ထန်းမြင့်ရွာ၏ မြောက်ဘက်ဘွင် ကပ်လျက် မိုးမိတ် စေတီတော်ကြီး၏ ယာဘက်တွင် စေတီတော် တစ်ဆူ တည်လှူခဲ့ရာ အကြိမ်ကြိမ်အဆက်ဆက် ပြင်ဆင်ခဲ့ကြပြီးနောက် ၁၃၁၈-ခုနှစ် စစ်ကိုင်းငလျင်ကြီးကြောင့် ရစရာမရှိအောင် ပြိုပျက်ခဲ့ရာတွင် မန္တလေးမြို့မှ ပွဲစားကြီး ဦးပေါက်နှင့်ဇနီး ဒေါ်ငွေရှိ မိသားစုတို့က အသစ်တစ်ဖန် ပြင်ဆင်ကြသဖြင့် ဦးပေါက်ဘုရားဟုပင် အမည်ဘွင်လျက် ရှိပါသည်။ မိုးမိတ်စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့၏လက်အောက်ဘွင် မပါဝင်သော်လည်း အဖွဲ့က လျှပ်စစ်မီး ဆက်သွယ်၍ ပူဇော်ထားပါသည်။

မိုးမိတ်ဘုရားပွဲတော် ရက်များ အကြောင်း

မိုးမိတ်ကုန်းမြေ၌ စေတီပုထိုးများကိုပြန်လည် ပြင်ဆင် မွမ်းမံ ကြသည့်အခါများတွင် အုတ်မြစ်ချပွဲ၊ဌာပနာပွဲ၊ ထီးတော်တင်ပွဲများကို နေ့၊ရက်၊လ၊ သတ်မှတ်ခြင်းမပြုဘဲ ပြီးသည်နှင့်တပြိုင်နက် ပြုလုပ် ဆောင်ရွက် ကြပါကည်။ မိုးမိတ်စေတီတော်များ ဘုရားပွဲတော်ကိုကား တော်သလင်းလဆန်း ၁၁-ရက်မှ စ၍ လပြည့်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပလေ့ရှိရာ ပထမဦးစွာ မိုးမိတ် စေတီတော်ကြီးအား ထီးတော်တင်လှူသည့် တော်သလင်းလပြည့်နေ့ကို 'နောက်ဆုံး ရေစက်ချပွဲကြီးနေ့'ဟု သတ်မှတ်ခဲ့ကြပါသည်။

မန္တလေးမြို့၊ မလွန်စေ့း ဆန်လှူအသင်းကြီးကလည်း နှစ်စဉ် နှစ်စဉ် တော်သလင်း လပြည့်နေ့၌ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးသုံးဌာနတို့၌ ဆွမ်းဆန်တော်အလှူပွဲကြီး ကျင်းပမြဲဖြစ်သဖြင့် ရက်ချင်းတိုက်ဆိုင်နေ၍ ရက်ပြောင်းလွဲပေးရန် လျှောက်ထား မေတ္တာရပ်ခံ သဖြင့် မိုးမိတ်ဘုရား ပွဲတော်ကို တော်သလင်း လပြည့်နေ့ကို ပွဲတော်အစနေ့အဖြစ်၊ လပြည့်ကျော် ၄-



မိုးမိတ်စေတီတော်ကြီးနှင့် တံခွန်တိုင်ကြီး

ရက်နေ့ကို 'နောက်ဆုံး ရေစက်ချပွဲကြီးနေ့'ဟု မြင်ဆင် သတ်မှတ်၍ ကျင်းပခဲ့ကြပါသည်။

တိပိဋကက=နိကာယ ကျောင်းတိုက်ကြီး ပေါ်ပေါက်လာပြီးနောက် ထို ကျောင်းတိုက် ကြီးကို စတင်ဖွင့်လှစ်သည့် ၁၃၄၀- ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့ကို အထိမ်းအမှတ်အဖြစ် သတ်မှတ်ကြကာ ၁၃၄၃-ခုနှစ်မှစတင်၍ဘုရားပွဲတော်နှင့် တိပိဋကက=နိကာယ စာအောင်သံဃာတော်များဂုဏ်ပြုပူဇော်ပွဲတို့ကို တပေါင်းတည်း ဝါဆိုလဆန်း ၅-ရက်နေ့က စ၍ ကျင်းပ ပြုလုပ်ကြပါသည်။

စက်တော်ရာစေတီတော်အတွက် ယာဉ်တော်ပုံ အုတ်ပြာသာဒ် ဂန္ဓကုဋီ(တိုးခဲ့) တိုက်တော်ကို အုတ်မြစ်ချစဉ်က ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရား ကြီး အမှူးပြုသည့် ဆရာတော် သံဃာတော် ၁၀၀-ပါး တို့ အုတ်မြစ်ချနိုင်ရန် ရွှေအုတ်, ငွေအုတ်, ပတ္ထမြားအုတ်,. နဝရတ်အုတ်များကို ၁၀၀-ယောက်သော သမီး ကညာပျို တို့က ကျေးရွာအသီးသီးမှ လောင်းလှေများဖြင့် သယ်ဆောင်ခဲ့ကြပြီး သံဃာတော်တို့လက်သို့ ဆက်ကပ်ကြသည်ကို အကြောင်းပြု၍ ရေစက်ချပွဲကြီးနေ့ ဝယ် နိစ္စဗဒ်စုပေါင်း လှူဒါန်းပွဲကြီး ကျင်းပရာ၌ လည်း ၁၀၀-ပါးသော သံဃာတော်တို့အား ပင့်၍လှူဒါန်းကြသည့်အပြင်၊ ဓမ္မနာဒ သာသနာ့ မိခင် သစ္စဝါဒီဦးကာကျမ်းပြု သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ၏ သီလရှင် သာသနာထွန်းကား စေလိုသော သမ္မာဆန္ဒကို သိရှိရသဖြင့် မင်းကွန်း တောင်လုံးကျွတ် သီလရှင် သူတော်စင်တို့အား သီလရှင်ဝတ်စုံ အပြည့်အဝလှူဒါန်းကြရန် စီမံနိုးဆော် ခဲ့ပါသည်။ ရဟန်းတော်နှင့် သီလရှင် အလှူခံပုဂ္ဂိုလ်စုစုပေါင်းမှာ နှစ်စဉ်နှစ်စဉ် ၅၅၀-အောက်မလျော့နည်းစေပဲ သတ်မှတ် ပင့်ဖိတ်လှူဒါန်းခဲ့ပါသည်။ယခုဒုတိယ ခုနှစ်မှာ ၂၁ ကြိမ်မြောက် လှူဒါန်းပူဇော်ပွဲကြီး ဖြစ်ပါသည်။

မိုးမိတ်ကုန်းမြေ တည်နေပုံ

မိုးမိတ် စေတီတော်ကြီး၊ ပါဒနက်သမ်း စက်တော်ရာစေတီတော်နှင့် ဝင်းတော်မှူးဘုရားတို့မှာ ကုန်းတစ်ကုန်းတည်း တစ်မြေတည်း ပေါ်တွင် ဘည်ရှိပြီး မြေအနိမ့်အမြင့်သာ ကွာခြားကြပါသည်။ ၎င်းကုန်းကိုပတ်၍ ကျုံးဖောက်ပြီး ရောဝတီမြစ်နှင့်ဆက်သွယ်၍ မိုးမိတ်မင်းသားကြီးများ စံနေစဉ်က ရေသွင်းထားဟန်ရှိပါသည်။ ၎င်း ကျုံးမှာ ယခုအခါ သဲချောင်းများကဲ့သို့ တည်ရှိနေပါသည်။ မင်းတေဇနှင့် မင်းဗလတို့၏ ဖခင် ကုန်းမြေများမှာ ကျုံး၏အပြင်ဘက် ဝဲ+ယာတွင် ရှိနေသဖြင့် ဘိုးတော်ဘုရား၏သားတော် မိုးမိတ် မင်းသားကြီး စနစ်တကျ နေထိုင်ခဲ့ပုံကို ထောရှယူ လေ့လာကြည့်ရှုနိုင်ပါသည်။

အာရုံစေတီတော်များကို ဖူးပြင်တည်ထားခြင်း

မိုးမိတ်ကုန်းမြေ စက်တော်ရာ ဒေတီတော်၏ ယာတက်အရှေ့တောင်ထောင့်ကပို့က်တွင် စေတီငယ်ပေါင်း ၅-ဆူပြိုပျက် နေသည်ကို တွေ့ရှိရ၍ ကောင်းမှုရှင် အဆက်အနွယ်ကို လေ့လာစုံစမ်းရာ ကျွန်းထဲကျေးရွာတို့မှ လာရောက်ဘည်ထားသော စေတီတော်များဖြစ်ကြောင်း သိရှိရသဖြင့် ဆွေမျိုးအဆက်ဘုရားဒါယကာအဖြစ် ဆက်လက် ခံယူကြရန် နှိုးဆော်တိုက်တွန်းသောအခါတစ်ဦး သာလျှင် အဆက်အနွယ် ဘုရားဒါယကာ အဖြစ် ပေါ် ပေါက်၍ လာရောက် ပြင် ဆင် ပါသည်။ ကျန်ရှိနေသော စေတီငယ် လေးဆူတို့ကို ပြင်ဆင်ရန်လည်း ဘုရား ဒါယကာများ အသီးသီး ပေါ်ပေါက်ကြသဖြင့် နေ့ချင်းည့ချင်း ပြုပြင်တည်ထား၍ ပြီးမြောက်အောင်မြင်ခဲ့ပါသည်။ ထိုအရံစေတီတော် လေးဆူတို့၏ ဒါယကာ အသစ်များမှာ-

(၁) ဒေါ်ထားထား၊ဆန်ကုန်သည်၊ကွမ်းခြံရပ်၊ မန္တလေးမြို့။

(၂) ဦးအေးကျော်-ဒေါ်ကြွယ်ကြွယ်၊ ဇိုလ်ချုပ်လမ်း၊ မန္တလေးမြို့။

(၃) ဦးလှ-ဒေါ်အေးပု၊ အင်းပေါက်ရွာ၊ အင်းလေး၊ ရွာမ်းပြည်နယ်။

(၄) ဦးဘမောင်-ဒေါ်သိန်းတန်၊ ကျောက်ပင်းမန္တလေးမြို့တို့ ဖြစ်ကြပါသည်။

မိုးမိတ်ဘုရားပွဲတော်တွင် နှစ်စဉ် မန်းခေတ် ဦးလှရွှေ+ဒေါ်တင်ကြည် မိသားစုတို့က ပွဲတော်ရက်အတွင်း ညစဉ် ရောဝတီမြစ်ကြောမှ ဆီမီးထောင်ပြည့်မျှော၍ ပူဇော်ပွဲကိုလည်း အမြဲမပြတ် ပူဇော်လျက်ရှိပါသည်။ မိုးမိတ်စေတီတော်များ၏ အရှေ့ဘက် ရောဝတီမြစ်အတွင်း မလှမ်းမကမ်း နေရာတွင် သဲသောင်ခုံတစ်ခုတည်ရှိသဖြင့် ဤဝတ်မြဲကြောမှ မျှော်လွှတ်ပူဇော်လိုက်သော ဆီမီးရောင်စုံတို့သည် ထိုသဲခုံကိုပတ်လျက် စေတီတော်များ၏ခြေတော်ရင်းသို့ ဝပ်စင်းကာ ပူဇော်ထွန်းညှိထားသကဲ့သို့ ရှုမြင်ကြရသဖြင့် ကြည်ညိုပူဇော်ရန်အကြောင်းတစ်ခု၊ ကြည်နူးဖွယ်ရာအကြောင်းကစ်ခု ဖြစ်၍နေပါတော့သည်။

မိုးမိတ်ကုန်းမြေ၏ အကျယ်အဝန်းမှာ ယခုအခါ ၁၀-ကေ ရှိပြီး ဘက္ကာတော် ငွေထိန်းကျောင်းဒါယကာ နာယက ကြီး ဦးဖိုးမှိ+ဒေါ်ရွှေညွှန့်တို့၏ကောင်းမှုမြေအလှူဖြစ်ပါသည်။ တိုးချဲ့လျှင် တိုးချဲ့၍သိုသလောက်, ဆက်လက်လှူဒါန်းဆဲ ရှိနေပါသည်။



တိပိဋကာ=နိကာယ ကျောင်းတိုက် မပေါ်မီ ထပ်မံ လှူဒါန်းကြသည့် အဆောက်အဦများ

၁။ မန္တလေးမြို့၊ ၂၇လမ်း၊ ဘဘူတန်း၊ ဦးစကြိုး+ဒေါ်တင်နှင့် သမီးမသောင်း၊ မလှမေ တို့က မိုးမိတ်စေတီတော်ကြီး၏ ရှေ့မျက်နှာစာတွင် အာရုံခံတန်ဆောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းကြပြီးနောက် ပါဒနက်သန် စက်တော်ရာ စေတီတော်၏ ရှေ့မျက်နှာစာတွင်လည်း အာရုံခံအုတ်တိုက်တန်ဆောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်းကြပါသည်။

၂။ မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ အေ ဝမ်းမဲရုံပိုင်ရှင် ကျောင်းအမကြီး ဒေါ်သိန်းယူ၊သမီးကြီး ဒေါ်ခင်တုတ်နှင့် ကိုဌေးမောင်-မခင်ရီ မိသားစုတို့က တိုက်ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ရာ-မူလ အေ-ဝမ်း ဇရပ်ဘုမည်မှ ယခုအခါ 'ဒီဃနိကာယကျောင်းဆောင်' ဟုအမည် ကမ္ပည်းထိုး၍ တိပိဋကာ = နိကာယ စာသင်သား သံဃာတော်များ သိတင်းသုံးလျက် ရှိပါသည်။

၃။ အဆိုပါ ကျောင်း၏ အရှေ့ဘက်တွင် ဆရာဝန်ကြီးဦးသာလှ+ဒေါ်ခင်ညွန့် တို့နှင့်အတူ ဓါရမီ ကူညီဖြည့်ကြရန် လုပ်အားပေးကြသော ဦးခင်မောင်တိုး ခေါင်းဆောင်သည့် 'အရီးတောင်း အကြော်ဖို'မှ ကာယ လုပ်သားများက စာသင်ကျောင်းဆောင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားခဲ့ရာ-ယခုအခါ မူလ အရီးတောင်း ဇရပ်အမည်မှ 'အဂ်ုတ္တရ နိကာယ ကျောင်းဆောင်' ဟု အမည် ကမ္ပည်း တပ်၍ အရီးတောင်း အကြော် လုပ်ငန်းပိုင်ရှင် ဦးကျော်သိန်း + ဒေါ်ကြွယ်ကြွယ်မိသားစုက ပြန်လည်ပြင်ဆင် မှမ်မံ၍ နံကပ် (ပတ်ကား) တိုက်ကျောင်းအဖြစ် ဆောက်လုပ် လှူဒါန်း ကြသဖြင့် တိပိဋကာ = နိကာယ စာသင်သား သံဃာတော်များနှင့် မဟာထေရ်ကြီးများ သီတင်းသုံးနေထိုင်လျက် ရှိပါသည်။

၄။ မန္တလေးမြို့၊ မဝးတန်းရပ်၊ သာသနာ့မိခင်ဘုရားအမကြီး အမေသန်းနှင့် သမီးမခင်မြင့်တို့က ရေစက်နှင့်မီးစက်တွဲလျက် စက်တစ်လုံး လှူဒါန်းပြီး ၎င်းစက်ကြီးထားရှိနိုင်ရန် မန္တလေးမြို့၊ ပိုက်ကျုံးရပ် ဓမ္မနာဒတိုက် ဘုရားကျောင်း၊ မိုးတားတိုက် သာသနဝေယျာဝစ္စလှူ တိုက်ကျောင်းအမကြီး ဒေါ်ဒေါ်စိန်က စက်တိုက် အဆောက်အအုံကို လှူဒါန်းပါသည်။

၅။ မန္တလေးမြို့၊နဘဲကြူးရပ်၊ ဦးခင်မောင်မိသားစုတို့က ၎င်းတို့အဘိုးအဘွားများ တည်ထားခဲ့သော အရံစေတီတော်နှင့် အာရုံခံတိုက်တန်ဆောင်းကို ပြန်လည်မွမ်းမံ ပြုပြင်ပြီး ပြီးပျက်လျက်ရှိသော ဇရပ်တစ်ဆောင်ကိုလည်း အသစ်တစ်ဖန် မွမ်းမံပြင်ဆင် ဆောက်လုပ်လှူဒါန်းကြပါသည်။

မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့ လူကြီးများသည် နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော ဗုဒ္ဓပူဇော ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ပင့်သံဃာများ၊ တောင်ရိုးကုန်း သီလရှင်သူတော်စင်များအား သက်နှံးအစုံနှင့် သီလရှင်ဝတ်စုံအလှူပွဲကို မပျက်ကွက်အောင် အထူးဝါယာမ စိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြပါသည်။ တစ်နှစ်တစ်နှစ်အတွက် အလှူဒါနပြုလုပ်ကြရာဝယ် ကျပ်ငွေငါးသောင်းမှတစ်သိန်းနီးပါးအထိ တန်းဖိုးရှိပါသည်။ အထည်အလိပ်ရှားပါးသည့် နှစ်များနှင့်ကြုံကြိုက်ခဲ့ရသော်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်မှုဖြင့် လည်းကောင်း၊ နိဗ္ဗာန်အလှူရှင်များ၏ ဝတ်မပျက် လှူဒါန်းကြခြင်းဖြင့် လည်းကောင်း နှစ်စဉ် ဘုရားပဲတော်ဂုဏ် စုပေါင်းအလှူပွဲကြီးများ စက်ကားခဲ့ပါသည်။

သစ်ပင်တစ်ထောင်စိုက်ပွဲ ကျင်းပခြင်း

မိုးမိတ်ကုန်းမြေ၌ သစ်ပင်များ အလွန်နည်းပါးသောကြောင့် စစ်ကိုင်းမြို့မှ 'သာချို' ဦးပတ်အဖွဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ သစ်ပင်စိုက်ပွဲနှစ်ကြိမ်တိတိ (တစ်ကြိမ် သစ်ပင်တစ်ထောင်ကျ) စိုက်ပျိုးခဲ့ပြီး အာရာမ်စောင့် ဥယျာဉ်မှူးတစ်ဦးကို လည်း အမြဲတမ်းခန့်ထား၍ စောင့်ရှောက်စေခဲ့ပါသည်။ သို့သော်အလွန်ကျယ်ဝန်းသော နေရာဒေသဖြစ်ခြင်း၊ ရေရှားပါးခြင်း၊ သဲများသောမြေဖြစ်ခြင်းတို့ကြောင့်သစ်ပင်အများစု မအောင်မြင်သည်ကို တွေ့ရှိရပါသည်၊ ယခုအခါ တိပိဋကဓရလောင်းလျာ စာသင်သား သံဃာတော်များက ဦးစီး၍ ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြည့်ရှုတော်မူကြသဖြင့် စိမ်းလန်းစိုပြေသာယာသော မိုးမိတ်ကုန်းမြေ ဖြစ်၍နေပါသည်။

တိပိဋကာ=နိကာယသာသနာပြု အမွှဲနှင့် တိပိဋကာ=နိကာယကျောင်း၊ တိုက် ပေါ်ပေါက်လာခြင်း

တိပိဋကဓရ ဆရာတော်သည် ဤမျှ သာယာလှသော ဝိဝေကဒေရပ်၌ စေတီတော်ကြီးများ၏ ကုန်းမြေတွင် တစ်နှစ်လျှင် တစ်ကြိမ်(၅ရက်မျှ) သာပြုလုပ်ကျင်းပရသော ဘုရားပွဲတော်များဖြင့် ရောင့်ရဲတင်းတိမ်မှု မရှိပဲ သာသနာတော်အတွက် အလွန်အကျိုးရှိသော ကုန်းမြေဖြစ်အောင် ရွက်ဆောင် တော်မူလို သည်ကို ရိပ်စား မိကြသော ဂေါပကအဖွဲ့ဝင် သူတော်စင်များက ဆရာတော်အား 'ဤကုန်းမြေကြီးကို သာသနာရေးအတွက် သင့်တော်သလို စီမံ ဆောင်ရွက် ပေးပါရန် အကြောင်း' လျှောက်ထားကြပါသည်။

ဆရာတော် ဘုရားကလည်း လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာကာင် ခိုင်ရဂိသော တိပိဋက ဓရ လစာ ဆွမ်းဆန်တော် နဝကမ္မဝတ္ထုတို့ကို သာသနာတော်အား လှူဒါန်းလိုသော ဆန္ဒဖြစ်ရှိခဲ့သော်လည်း အချိန်အခါမရောက်သေးသဖြင့် စောင့်ဆိုင်းနေခဲ့ရာမှ 'ဓာတ်ခိုက်နှင့် နတ်ကြိုက်' ဆိုသကဲ့သို့ အားရဝမ်းသာ နောက်ဆက်တွဲပါ ကြေငြာစာတမ်းဖြင့် 'မိုးမိတ် ကုန်းမြေသည် ဝိဝေက အရပ်ဖြစ်၍ တိပိဋကာ=နိကာယ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သင့်လျော်သော ဒေသဖြစ်သည်'ဟု ဆင်ခြင်ကာ မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့ကို ကပ္ပိယကာရက အဖြစ်ဆောင်ရွက်ရန် အပ်နှင်း၍ မိမိ၏အတွက် နိုင်ငံတော်က ဆက်လက်လှူဒါန်းသည့် တိပိဋကဓရ လစာဆွမ်းဆန်တော်ကို နိကာယ် ငါးရပ် ပိဋက သုံးပုံတည်းဟူသော ပရိယတ္တိ သာသနာတော်အား စာတမ်းဖတ်ကြား၍လှူဒါန်းခဲ့ပါသည်။(လှူဒါန်းသည့် စာတမ်းကို နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။)

ဆရာတော်ဘုရားက ထိုသို့ လှူဒါန်းပြီးနောက် ၁၃၄၀-ပြည့်နှစ်၊ မြန်မာ နှစ်ဆန်း ၁-ရက်နေ့တွင် မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး အဖွဲ့ကိုတိုးချဲ့၍ 'တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့'ဖွဲ့စည်းပြီး ရန်ကုန်နှင့် မန္တလေး ဌာနခွဲများကိုပါ ဖွဲ့စည်း လိုက်ကြပါသည်။ 'တိပိဋကာ=နိကာယကျောင်းတိုက်ကို ၁၃၄၀ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် စ,တင် ဖွင့်လှစ်လိုက်ကြပါသည်။

ဆရာတော် ဘုရားကလည်း တိပိဋကာ = နိကာယ ဗုဒ္ဓစာပေများကို သင်အံလေ့ကျက်၍ တိပိဋကာ စာမေးပွဲ၊ နိကာယ် စာမေးပွဲများသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုလိုကြသော သာသနာ့အာဇာနည် အလျာအရှင်မြတ်များအား သတင်းစာမှုလည်းကောင်း၊ လက်ကမ်း ကြော်ငြာဖြင့်လည်းကောင်း ကိယ်တိုင် လက်မတ်ရေးထိုး၍

သန္တောသကုန်းမြေ

မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေဒေသသည် သံဃာတော်များ ရသမျှနှင့် ရောင့်ရဲ တင်းတိမ်စွာ နေထိုင်သီတင်းသုံးတော်မူကြ၍ တစ်နေ့လျှင် ၂၄-နာရီ အချိန်ပြည့်စာကျက် စာအံ စာကြံ စာကြည့် နေကြမည်ဟု အဓိဋ္ဌာန်ပြုလျက် နေထိုင် သီတင်းသုံးရာ ဒေသဖြစ်သည်ကို တွေ့မြင် ဖူးမြော် ရသော မန္တလေးတက္ကသိုလ်မှ မြန်မာစာ ကထိက (ယခု အငြိမ်းစား ဆရာကြီး) ဦးဆန်းထွန်းက 'သန္တောသ မိုးမိတ် ကုန်း မြေ' ဟု အမည်နာမ ပေး၍ ထောမနာရတု၊ တေးထပ်များဖြင့် ပူဇော် ခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ 'သန္တောသ ကုန်းမြေ' ဟူ၍လည်း ခေါ်ဝေါ်လျက်ရှိပါသည်။

ဘိဝိဋ္ဌကဓရ ဘွဲ့တံဆိပ်တော်ရ ဌာနတိုဂ္ဂာ

တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့ကြီးကို ၁၃၄၀-ပြည့်နှစ်၊ နှစ်ဆန်း ၁-ရက်နေ့၌ ဖွဲ့စည်း ကြပြီးနောက် တိပိဋကဓရဘွဲ့နှင့် စပ်၍ လူ ဒါယကာ၊ ဒါယိကာမများ အထူး စိတ်ဝင်စား ကြည်ညိုလာကြသည့်အလျောက် ဆရာတော်၏ တပည့် ဒကာ အရင်းအချာတို့သည် 'ငါတို့ ဆရာ တော်သည် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ကို ရရှိ တော် မူခဲ့သည်မှာ နှစ်ပေါင်း မည်မျှ ရှိပြီနည်း' ဟု စဉ်းစား ရေတွက်မိကြပါသည်။ ၂၄ နှစ်ပြည့် ၍ ၂၅ နှစ် အတွင်းသို့ပင် ဝင်ရောက်လာပြီ....ဟု တွက်ချက်ကြည့်မိသောအခါ 'တိပိဋကဓရ ဘွဲ့ရ ငွေရတုပူဇော်ပွဲ ကျင်းပ၍ ဆရာတော်အား ပူဇော် ရလျှင် ကောင်းလေစွ' ဟု ဆုံးဖြတ်မိကြပါသည်။ ထို့ကြောင့် 'တိပိဋကဓရဘွဲ့ ငွေရတုပူဇော အကျိုး ဆောင်များအဖွဲ့'ကို ဖွဲ့စည်းပြီး နာယက လူကြီး မင်းများကို ပါ တင်မြှောက်ကြ၍ ဒေး ရမြို့သို့ ကြွရောက်၍ တ းဟောနေဆဲ ရှိသော ဆ ရာ တော်ဘုရား ထံ [illegible]

(နောက်၌ ဖော်ပြလတ်တံ့သော) ပင့်လျှောက်စာ များကို တိုင်းနှင့် ပြည်နယ်အနှံ့ ပေးပို့ခဲ့ပါသည်။ ကျောင်းတိုက်မဖွင့်မီ ကဆုန်လဆန်း လောက်က ပင် တဖွဲဖွဲတိပိဋကာ = နိကာယ စာသင် သံ ဃာ တော်များ ကြွရောက်လာကြပါသည်။ပထမဦးစွာ ကြွရောက်လာကြသည်မှာ ၆-ပါး ဖြစ်ပါသည်။ တဖြည်းဖြည်း သံဃာဦးရေ တိုးလာရာ ဝါဆို ချိန်တွင် သံဃာ ၄၇ ပါး ဝါဆို ဝါကပ်တော် မူကြပါသည်။ ၁၃၄၀-ပြည့်နှစ်၊ ၁၃၄၂ခုနှစ်နှင့် ၁၃၄၃ ခုနှစ်အတွင်း သီတင်းသုံး နေထိုင်တော် မူကြသော သံဃာများ စာရင်း၊ ၎င်းတို့အနက်မှ စာဖြစာအောင် ဘွဲ့ရ ကျမ်းစွဲများ စာရင်းကို ကြည်ညိုသဒ္ဓာ ပွားများနိုင်ရန် ပြည်နယ်နှင့်တိုင်း အလိုက် နောက်ဆုံး ဖော်ပြထားပါသည်။

ယခုကဲ့သို့ သံဃာများ ပိုမိုများပြားလာသဖြင့် ကျောင်းတိုက် အုပ်ချုပ်မှုအဖွဲ့ နာယက ဆရာ တော်ကြီးများ၏ ဩဝါဒကို ခံယူပြီး တိပိဋကာ= နိကာယ သာသနာပြုအဖွဲ့ အမှုဆောင် လူကြီး များသည်....

(၁) လူပင် သေသော်လည်း မိုမိ၏ ဒါန ကောင်းမှု မသေပျောက်သော ပစ္စည်းလေးပါး အလှူငွေ ပဒေသာပင် (တိပိဋကာ=နိကာယ သာ သနာပြု ရန်ပုံငွေ ပဒေသာပင်)

(၂) လစဉ်ကြေး အလှူငွေများ

(၃) နှစ်စဉ်ကြေး အလှူငွေများ

(၄) ဆွမ်းကပ်ရန်အတွက် ငွေပဒေသာပင် အလှူငွေများအပြင်

(၅) မိမိတို့နှစ်သက်ရာ နေ့ရက်ကို ရွေးချယ် သတ်မှတ်ပြီး တစ်နှစ်လျှင် တစ်ကြိမ် တစ်နေ့စာ ဆွမ်း ခဘွယ်ဘောဇဉ် အဖျော်ယမကာ စတုမဓူ ဆေးကပ်လှူရန်အတွက် ရာသက်ပန် ဆွမ်းအလှူငွေ ၁၅၀၀ ကျပ်ဖြင့် သတ်မှတ်ပေးခဲ့ရာ နောက်၌ ပူးတွဲဖော်ပြပါ စာရင်းအရ အားရဖွယ်ရာ အလှူ ရင်များ အစီအရီ ပေါ်ထွက်၍ လာခဲ့ပါသည်။

ကြပြီး၊ ၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅ရက် (၂၅-၆-၇၈)နေ့တွင် ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ 'ဖလ်ယဉ် ဓမ္မာရုံကြီး'တွင် ဦးဦးဖျားဖျား ဂုဏ်ပြုပူဇော်ကြပါသည်။

ဂုဏ်ပြုပူဇော်ပွဲကြီး ကျင်းပပြီးသော အခါ နာယကဆွင့် အကျိုးဆောင် လူကြီးများ စည်း ဝေးဝိုင်ပင်ကြရာ....

(က) များသောအားဖြင့် ဂုဏ်ပြုပူဇော်ပွဲများ ပြုလုပ်ကျင်းပကြပြီးနောက် မှတ်တမ်းမှတ်ရာ ကျန်ရစ်ခဲ့ခြင်း မရှိကြပါသဖြင့် ဤယခု ပူဇော်ပွဲကြီး၏ မှတ်တမ်းမှတ်ရာ ကျန်ရှိစေလိုသည်က တစ်ကြောင်း၊

(ခ) ယခု ပူဇော်ပွဲ ကျင်းပရသည်မှာ ဆရာတော်ဘုရား အထက် အညာ သို့ ပြန်ကြွခါနီး အရေးတကြီး စီစဉ် ပြုလုပ်ကြရသဖြင့် အားရတင်းတိမ်မှု မရှိကြသေးသည်က တစ်ကြောင်း၊

ထို့ကြောင့်....

(၁) ဂုဏ်ပြုပူဇော်ပွဲ အဆိပ်းအမှတ်ဖြင့် ဓမ္မစေတီ ထိုက်တော်မူသော ဆရာတော်ဘုရားအား ဓမ္မစေတီ ပိဋကတိုက်တော်နှင့် ပိဋကတ်စာအုပ်များဖြင့် ပူဇော် လှူဒါန်းကြ၍ မှတ်တမ်း တင်ထားကြရန်၊

(၂) ငွေရတုပူဇော်ပွဲ၏ ၂၅-လ ကြာသော အခါ....

(က) ငွေရတု၏ ငွေရတုပူဇော၊

(ခ) လပေါင်း ၅၀-ကြာသောအခါ ငွေရတု၏ ရွှေရတုပူဇော၊

(ဂ) လပေါင်း ၇၅ လ ကြာသောအခါ ငွေရတု၏ စိန်ရတုပူဇောပွဲများ

ကျင်းပပြုလုပ်ကြ၍ ပူဇော်ကြရန် ဆုံးဖြတ်ကြ ပါသည်။

ထိုသို့ ဆုံးဖြတ်ခဲ့ကြသည့်အတိုင်း ဆရာတော် ဘုရား ကိုယ်တိုင် ဦးဆောင်ပဓာန တာဝန်ခံ နာယက ဆရာတော်အဖြစ် ဆောင်ရွက်၍ တည် ထောင်ထားသော ဘွဲ့လွန် 'တိပိဋကတ=နိကာယ ကျောင်းတိုက်ကြီး' တည်ရာ မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်း မြေ တွင် ပိဋကတ်တိုက်တော်နှင့် ပိဋကတ်စာအုပ်များကို နိကာယ ၅ ရပ်+ပိဋက ၃ ပုံ အဆိပ်းအမှတ် (၅+၃=၈) ရှစ်ဂဏန်းကို ယူ၍ ရှစ်သိန်းကျော် တန်ဖိုး အကုန်အကျခံကာ ၁၃၄၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄-ရက်နေ့တွင် လှူဒါန်း ပူဇော်ကြပါသည်။

အဆိုပါ လှူဒါန်းပူဇော်ပွဲတွင် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော်ဘုရား ကြီးများ ဖြစ်တော်မူကြသည့်-

(၁) စစ်ကိုင်း တောင်ရိုး ရွှေဟင်္သာ ဆရာ တော်ဘုရားကြီး၊

(၂) ဝန်းသိုမြို့၊ ခန္ဓီးဆရာတော်ဘုရားကြီး

(၃) မန္တလေးမြို့၊ မစိုးရိမ် ပဋ္ဌာန်းဆရာ တော်ဘုရားကြီးများ ကိုယ်တော်တိုင် ကြွရောက် တော်မူကြ၍ ပိဋကတ်တိုက်တော်ကို ဖွင့်လှစ်ပေး တော်မူကြပြီးလျှင် ဩဝါဒကထာ ချီးကျူးစကား မိန့်ကြားတော် မူကြပါသည်။

တေဒဂ်ရုပ်တုတော်များ တည်ထားခြင်း

ဤသို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိကြသော ငွေရတုပူဇောအဖွဲ့ဝင် ဥပါသကာ၊ ဥပါသိကာတို့ သည် ဆရာတော်၏ ဝိသေသဂုဏ်ထူးများများ ဘုရားရှင်လက်ထက်တော်က တေဒဂ်ဘွဲ့ရ အရှင် တို့၏ ဝိသေသဂုဏ်ထူးများနှင့် တစိတ်တဒေသ တူညီနေသည်ကို အာရုံပြု နှလုံးသွင်းဒိဋ္ဌ တစ်ကြောင်း၊ တိပိဋက=နိကာယ စာသင်သား အရှင်မြတ်များနှင့်တကွ ဖူးမြော်ကြရသူ ရှင်လူ

များအတွက် အားကျအတုယူ ကုသိုလ်တရား တိုးပွားစေလိုကြ၍ တကြောင်းတို့ကြောင့် ဗုဒ္ဓ မြတ်စွာလက်ထက်တော် အခါက တေဒင်္ဂါတို့ထူး ဂုဏ်ထူး အသီးသီး ရရှိတော်မူကြသော ရဟန္တာ မထေရ်များ၊ ရဟန္တာထေရီမကြီးများ၊ ဥပါသကာဒါယကာများ၊ ဥပါသိကာ အမျိုးသမီးများ၏ ရုပ်တုပုံတူများ ထုလုပ်ကြပြီးလျှင် မိုးမိတ်ကုန်းမြေ၊ ပါဒနက်သန် စက်တော်ရာ ဂန္ဓကုဋိတိုက် အတွင်း၌ စက်တော်ရာ စေတီကို ဝိုင်းရံလျက် တည်ထား ကိုးကွယ်ကြပါသည်။

ရန်ကုန်မြို့မှ ဥပါသကာ စာရေးဆရာကြီး မမွေသောသက ဦးမောင်မောင်ကို မြတ်ဗုဒ္ဓ၏ တေဒင်္ဂါရ ပုဂ္ဂိုလ်များအကြောင်း အတ္ထုပ္ပတ္တိကို မြန်မာစကားပြေဖြင့် အကျဉ်းချုပ် ရေးသားပေးရန် တောင်းပန် တာဝန်ပေးချက်အရ မမွေသောသက ဦးမောင်မောင် ရေးသားသည့် တေဒင်္ဂါရ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိစာအုပ်ပေါင်း သုံးသောင်းအထိ ထုတ်ဝေဖြန့်ချိပြီး ဖြစ်ပါသည်။ တေဒင် ရုပ်တုတော်များကို ဖူးမြော်ကြည်ညိုကြကာ သဒ္ဓါတရား တိုးတက်ပြန့်ပွားကြ၍ အလားတူ တေဒင် ရုပ်တုတော်များ ထုလုပ်ပူဇော်ကြသည့် မြို့များလည်း ပေါ်ပေါက်လာခဲ့ကြပါသဖြင့် 'တေဒင်္ဂခတော် ထွန်းသစ်လေပြီ' ဟု ပြောစမှတ်ပင် ဖြစ်ပါတော့သည်။

သာသနာ့ ချိန်ခွင်ကြီး လေးလက် ရုပ်တုတော်များ

ဆရာတော် ဘုရားသည် မြတ်ဗုဒ္ဓ၏ မုဆပါဠ်များကို အခါအားလျော်စွာ ဟောကြားတော်မူခဲ့ရာ ရာချီ၍များသော တိပ်ခွေကက်ဆက်ခွေများမှ အဆင့်ဆင့် ကူးယူကြားနာကြရပြီး တရားနှလုံးသွင်းနိုင်ကြရပါသည်။ တိုသို့ ဟောကြားခဲ့သော တရားတော်များအနက် ဇာတ်ကြီးဆယ်ဘွဲ့နှင့် သာသနာ့ချိန်ခွင်ကြီးလေးလက် တရားတို့မှာ အများဆုံး အကြာဆုံး ဟောပြောရသော တရားတော်များ ဖြစ်ကြပါသည်။ ထို့ကြောင့် သာသနာ့ချိန်ခွင်ကြီးလေးလက် တရားတော်တွင် ပါရှိသည့် (က) အရှင် သာရိပုတြာမထေရ်၊ ခေမာထေရီ၊ စိတ္တသူကြွယ်၊ ခုဇ္ဇုတ္တရာဥပါသိကာ=တည်းဟူသော ပညာဘက်ဆိုင်ရာ သာသနာ့ချိန်ခွင်ကြီး ၄-ဦး(စံပြပုဂ္ဂိုလ်ကြီး ၄-ဦး)၊ (ခ) အရှင် မဟာ မောဂ္ဂလ္လာန်၊ ဥပဝေလ ထေရ်၊ ဟတ္ထာဠဝကသီတင်းသည်၊ နန္ဒမာတာ ဥပါသိကာတည်းဟူသော သမာဓိဆိုင်ရာ သာသနာ့ချိန်ခွင်ကြီး ၄-ဦး(စံပြပုဂ္ဂိုလ်ကြီး ၄-ဦး)တို့ ရှိကြသည်ကို ပိုမိုပေါ်လွင် အာရုံထင်နိုင်စေရန် မိုးမိတ်စေတီတော်ကြီး၏ အာရုံခံ ဂန္ဓကုဋိတိုက်အတွင်း၌ ထိုသာသနာ့ချိန်ခွင်ကြီး ဂ-လက်(စံပြပုဂ္ဂိုလ်ကြီး ဂ-ဦး)တို့၏ ပုံတူရုပ်တုများထုလုပ်ပြီး ပူဇော်ထားရှိကြရန် စီစဉ်ကြပါသည်။

ထိုအခါ ဂန္ဓကုဋိ တိုက်တော်အတွင်း၌ မူလကပင် မန္တလေးမြို့ ဓားတန်းရပ် ကျောင်းဒကာကြီး မဟာဗန္ဓုလ ဦးဆိုင်-ဒေါ်စောတင်တို့က တည်ထားပူဇော် ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓဆင်းတုရုပ်ပွားတော်ရှိပြီး ဖြစ်သဖြင့် ဦးဆိုင်အား ရည်စူး၍ ကျောင်းအမကြီး ဒေါ်စောတင်ကပင် တာဝန်ယူ လှူဒါန်းပူဇော်ခဲ့ပါသည်။

စမ္မဒါနစာဆုပ် ထုတ်ဝေလှူဒါန်းခြင်း

ဗုဒ္ဓပူဇော်၊ ဓမ္မပူဇော်၊ သံဃပူဇော်၊ အဖြစ် အပြည့်အဝ ပူဇော်လိုကြသဖြင့် ဆရာ့တပည့်တရားများ ဟောကြားရေးသားခဲ့သော

(က) ငွေရတုပူဇော် သြဝါဒကထာ
(ခ) ငါးပါးသီလအကျယ်နှင့် ဗုဒ္ဓနေ့များတွင် အသံလွှင့် ဟောခဲ့ပြောချက်များ၊
(ဂ) ရာဟုလောဝါဒသုတ်၊ ဝိဇယသုတ်တို့ကို မြန်မာပြန်၊ ဓန္ဓာ ဘာယတန ဓာတ် သစ္စာကျမ်း၊ ဗောဓိပါးသိမ်းသည်း ပုံကျမ်း

ကို့ကို ဂုပေါင်းချီ စာအုပ်များ ရိုက်နှိပ်ပြီး ဓမ္မဒါန အဖြစ် ထုတ်ပေပူဇော်ခဲ့ကြပါသည်။

ဌာနတို့၏ ရည်ရွယ်ချက်များ

ဌာနရုံးပူဇော်ပွဲအတွက် အထက်ပေးပြုပါ အတိုင်း ပူဇော်ကြပြီးနောက် ဌာနတို့၏ ရွေ့ရွယ်ချက် များအတွက်-

(၁) ဆရာတော် ဦးစီး၍ ရေးသားအပ် သော မဟာဋ္ဌကထာကြီး ၆-ကွဲ၊ ဂ-အုပ်၊

(၂) အင်္ဂုတ္တရာပကိဏ္ဏက မဟာစည် ဆရာတော်ဘုရားကြီးနှင့် အမေးအဖြေ ပြုလုပ်ခဲ့သော ဆဋ္ဌသင်္ဂါယနာ အမေး အဖြေများနှင့်-

(၃) ဆရာတော် ဘုရား၏ ထေရပွတို့နှင့် ဌာနတို့သြဝါဒကထာတို့ကို ကျောက် ထက်အက္ခရာတင်၍ မိုးမိတ်စေတီဟော် များ ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက် အတွင်းမှာပင် တည် ထားရန် ဆောင်ရွက်နေကြဆဲဖြစ်ပါ သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ပြန်မာနိုင်ငံတော်၏ သတ်မှတ်နယ်မြေကို တိုင်း နှင့်ပြည်နယ် တစ်ဆယ့်လေးရပ် သတ်မှတ်ထား သည်ကို အထိမ်းအမှတ်ပြု၍ ကျောက်စာတိုက် ၁၄-တိုက် ဆောက်လုပ်ပြီး၊ ဆရာတော်၏ သက်တော် ၇၀-ပြည့်၍ ကျော်လာမည့်နှစ်ကို အထိမ်းအမှတ်ပြု၍ ကျောက်စာတိုက် တစ်တိုက် လျှင် ကျောက်စာချပ်ရေ ၇၀-ကျော် ထားရှိဖို့ ဆောက်လုပ်ကြရန် စီမံနေဆဲ ဆောက်လုပ်နေဆဲ ရှိကြပါသည်။

ယခုအခါ ဂန္ဓကုဋိ တိုက်ကျောင်းတော်နှင့် ကျောက်စာတိုက်အလှူရှင်ပေါင်း ၅-ဦး ပေါ် ထွန်းလာပြီး၊ ကျောက်စာတစ်ချပ်လျှင် ကျပ်ငွေ ၁၀၀၀-ကျဖြင့် နှစ်ဦးမဲ့ တသဲသဲ လှူဒါန်းနေ ကြဆဲ ဖြစ်ပါသည်။ ဤကျောက်စာတိုက်များကို ၁၃၄၄-ခုနှစ်၊ တန်ဆောင်မုန်းလတွင် အဂ္ဂမဟာ ပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး ကိုယ် တော်တိုင် ဖွင့်လှစ်ပေးတော်မူရန် အတွက် စီစဉ် ထားရှိပါသည်။

ဌာနတို့၏ စီရင်ရတု ပူဇော်

တိပိဋကရ ဌာနတို့၏ ၇၅-လမြောက် စီရင်ရတုပူဇော်ပွဲအတွက် ရန်ကုန်မြို့ အမှတ် ၁၂၊ နယူးလင်းလမ်းရှိ 'တိပိဋကကျောင်း တော်'တွင် ဆရာတော်ဘုရား ဟောကြားတော် မူခဲ့သော တရား တိပ်ခွေကက်ဆက်ခွေ များကို တိပ်ဘက္ကာတိုက် (**Tape Library**) ပြုလုပ် ထားရှိပြီး ၎င်းတိပ်ခွေများမှ ကျမ်းစာအုပ်အဖြစ် ရေးသား၍ ထုတ်ဝေထားရှိကြရန် ဆုံးဖြတ်ထား ပြီး ဖြစ်ပါသည်။

* * *

တိပိဋကဓရ ဌာနထူပဂုဏ်နှင့် တိပိဋက=နိကာယ သာသနာ့ဘုံ ရန်ဝုံဌာနဝင် ဖြစ်ပေါ်လာခြင်း

ဆရာတော်သည် ဖော်ပြပါ ဌာနတူပူဇော် မျှားမှ လှူဒါန်းကြသော နဝကမ္မ အားလုံးတို့ကို ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုပဲ မန္တလေးမြို့ ပရိယတ္တိ သာသနာ့ဟိတအသင်း၊ မလွန်ဆန်လှူ အသင်း၊ ထိုအသင်း ၂-သင်းတို့ကို ကျပ်ငွေ သုံးသောင်းစီ၊ ရန်ကုန်မြို့ စေတီယင်္ကဏအသင်း၊ အဘိဓမ္မာအသင်း၊ နိကာယ်အသင်း၊ ထိုအသင်း ကြီး ၃-သင်းတို့ကို ကျပ်ငွေ တစ်သောင်းစီ လှူဒါန်းပြီး ကျန်သော နဝကမ္မ အလှူငွေများကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ ကပ်ပါ၊ ကာရကအဖြစ် လွှဲအပ်ခဲ့ပြီး မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ 'အစိုးရဘဏ်၌ အပ်နှံစေ၍' တိပိဋက=နိကာယ သာသနာပြုရန်ပုံငွေ 'ပဒေသာပင်' ၂-ပင်ခွဲ၍ စိုက်စေပါသည်။

ဆရာတော်ဘုရားက စတင်၍ မ, တည်လှူဒါန်း လိုက်သည်နှင့် တပြိုင်နက် ရန်ကုန်မြို့၊ မန္တလေးမြို့ များရှိ တိပိဋကတ=နိကာယအဖွဲ့ ဌာနခွဲများသို့ အထက်အောက်မြို့ရွာ ပြည်နယ်များမှ ဒကာ၊ ဒကာမများသဒ္ဓါတရား အထူးတိုးတက် ဖြစ်ပွား ကြကာ ပုဂ္ဂိုလ်အနေအား ဖြင့် လည်းကောင်း၊ အသင်း အဖွဲ့ အနေ အား ဖြင့် လည်းကောင်း မပြတ်မပြတ် လှူဒါန်းကြသဖြင့် ရန်ကုန်ဌာနခွဲ၊ မန္တလေးဌာနခွဲ၊ ၂-ရပ်တို့မှ နိုင်ငံတော် အစိုးရ ဘဏ်တို့၌ အပ်နှံထားရှိပြီးသော တိပိဋကတ= နိကာယ သာသနာပြု ရန်ပုံငွေ ပဒေသာပင် သုံးမျိုးမှာ နှစ်ဌာနပေါင်း ကျပ်ငွေ ယနေ့ (၂၈-၄-၀၂) အထိ သိန်းပေါင်း လေးဆယ် ကျော် အပ်နှံထားရှိ စုိက်ပျိုးပြီးဖြစ်ပါသည်။ (ငွေပဒေသာပင်ဟု ခေါ်တွင်စေခြင်းမှာ အတိုး အညွှန့်တို့ကိုသာ တိပိဋကတ=နိကာယ သာသနာပြု ကိစ္စအတွက် သုံးစွဲနိုင်ခွင့် ရှိစေခြင်းကိုဆိုလိုပါ သည်။)

အခြားအခြားသော ငွေရတု ပူဇော်ပွဲများ ဆက်လက်၍ ပေါ်ပေါက်လာပြီး ပူဇော်ကြသည့် နဝကမ္မများကိုလည်း ဆရာတော်သည် တိပိဋကတ= နိကာယ သာသနာပြုအဖွဲ့သို့ ကပ်ဖွယ်ကာရက အဖြစ် လွှဲအပ်၍ ဆရာတော်က ထပ်ဆင့် ရေစက်ချ၍ လှူဒါန်းပါသည်။ ထိုသို့လှူဒါန်းရာ၌ ပုဂ္ဂိုလ် အားလည်းမလှူ၊ ဂိုဏ်းအားလည်းမလှူ၊ သံဃာ အားလည်းမလှူ၊ မိုးမိတ်ကုန်းမြေ တိပိဋကတ= နိကာယ သာသနာပြု ရန်ပုံငွေ ပဒေသာပင် ပင်မအဖြစ်ဖြင့် နိကာယ်ငါးရပ် ပိဋကသုံးပုံတည်း ဟူသော 'ပရိယတ္တိ သာသနာတော်'အား သာ လှူဒါန်းပါသည်။ ဒကာ+ဒကာမများ အလှူရှင် များက လှူဒါန်း သမျှသော ဝင်းခြံ၊ မြေ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ကျန်းမာရေး ကုဋီ၊ ရေတွင်း၊ ရေကန်၊ ရေစက် စသည်တို့နှင့် တကွ နဝကမ္မ အားလုံးကိုလည်း ပရိယတ္တိ သာသနာတော်အား လှူဒါန်းပါသဖြင့် အလွန် ထူးဆန်း အံ့သြဖွယ်ရာ သာသနာ တည်သရွေ့ တည်ရှိနေမည့် မဟာဒါနကြီး ဖြစ်ပါသည်။

နောင်ညီချင်းချင်း ဆုနှင်းရန်ပုံ ပဒေသာပင်

သန္တောသ မိုးမိတ်ကုန်းမြေသည် မင်းကွန်း တောင်ရိုးၵွဲ့ တည်ရှိပါသဖြင့် မန္တလေးမြို့၊ မလွန်ဆန်လှုအသင်းကြီးက စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးရှိ ရဟန်း၊ သာမဏော၊ သူတော်စင် သီလရှင်များအား လှူဒါန်းအပ်သော ဆွမ်းဆန် တော်များကို တိပိဋကတ=နိကာယ စာသင်သား ကြီးများလည်း လက်ခံရရှိတော်မူ ကြပါသည်။ ဆရာတော်ဘုရားသည် တိပိဋကတ=နိကာယ သာ သနာပြုအဖွဲ့ကြီး၏ ဦးဆောင်ပဓာန အုပ်ချုပ်မှု အဖွဲ့ဝင် နာယက ဆရာတော် ဖြစ်သည့်အား လျော်စွာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးနှင့် ဝိဝေကအရပ် သံဃာ့အသုံး အဆောင် ခုတင် စားပွဲ ပက်လက်ကုလားထိုင် မတ်တတ်ကုလားထိုင်မှ မကျန် ပြည့်စုံအောင် လှူဒါန်းထားသဖြင့် လက်ခံရရှိသော ဆွမ်းဆန် တော်များကို တိပိဋကတ=နိကာယ စာသင်သား ရဟန်းတော်များက ကပ်ဖွယ်ကာရက ဖြစ်သော တိပိဋကတ = နိကာယ သာသနာပြု အဖွဲ့ဝင် အမှုဆောင် လူကြီးမျာ်းသို့ လွှဲအပ်ပို့ပါသည်။ အမှုဆောင်လူကြီးများကလည်း ဆွမ်းဆန်တော် များကို နဝကမ္မဖြင့် လဲလှယ်ဖလှယ်ကြပြီး သံဃာတော် များ၏ နဝကမ္မ အသုံးပြုနိုင်ရန် သင့်တော် သလောက် ဆက်ကပ် လှူဒါန်းပြီး စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော် လှူဒါန်းပွဲ အစီအစဉ်ပြုလုပ်လျက်ရှိရာ ၎င်းအတွက် 'နောင်ညီချင်းချင်း ဆုနှင်းရန်ပုံ ပဒေသာပင်'ဟု အမည်တပ်ပြီး ငွေစုဘဏ်တွင် အပ်နှံ၍ နှစ်စဉ်

ဂုဏ်ပြု ဆုန်ငင်းပွဲတွင် လူဒါန်းလျက် ရှိကြပါသည်။

ရာသက်ပန် အသင်းဝင်ကြေးများအသိုး

အလားတူပင် တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး ပေါ်ထွန်းလာသောအခါ အဖွဲ့ဝင်များအဖြစ် လက်ခံရန် အတွက် 'ရာသက်ပန် အဖွဲ့ဝင်ကြေး' တစ်ဦးလျှင် ကျပ်ငွေတစ်ရာကျပ်စီ လူဒါန်းကြရာ ထိုဝင်ကြေး ငွေများကို အမှတ်ဘရ သတ်သတ် မှတ်မှတ် ထင်ရှားအောင် လူဒါန်းရန် ဆုံးဖြတ်ကြ၍ အောက်မြန်မာပြည်မှာ အဖွဲ့ဝင်များ၏ လူငွေထဲမှ ရန်ကုန်မြို့အမှတ် ၁၂-နယူးလင်းလမ်းရှိ တိပိဋကကျောင်းတော်ဝင်းခြံမြေ ဝယ်ယူရာ ကျပ်ငွေတစ်သိန်း၊ ဆွမ်းစားကျောင်း၏ ဆွမ်းပြင် ကျောင်းဆောင် ဆောက်လုပ်ရာတွင် ကျပ်ငွေ ၈၄၇၇၆/-၊ ဘဏ္ဍာဂါရိက သိုလှောင်ကျောင်း ဆောက်လုပ်ရာဟွင် ကျပ်ငွေ ငါးသောင်းတို့ကို သတ်မှတ် လူဒါန်းထား ပါသည်။

အထက်မြန်မာပြည်မှ ပါဝင်သောရာသက်ပန် အဖွဲ့ဝင်များ၏ ဝင်ကြေး လူငွေများကိုလည်း အမှတ်တရ လူဒါန်းရန် စီစဉ် နေဆဲ ရှိပါသည်။

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီးနှင့် ကျောင်းတိုက်အတွက် အခြေခံလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခြင်း

မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးနှင့် တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့၏ အုပ်ချုပ်မှုအဖွဲ့မှာ မင်းကွန်းတောင်ရိုးမှ နာယကဆရာတော်ကြီး ၉-ပါး၊ အကျိုးဆောင် ဆရာတော် တစ်ပါး၊ စုစုပေါင်း ၁၀-ပါးဖြစ်ပြီးလျှင် တိပိဋကာမရဆရာတော်ဘုရားက ပဓာနတာဝန်ခံဦးဆောင်နာယက ဖြစ်ပါသည်။ နာယက ဆရာတော်ကြီးများ၏ သဒ္ဓါဒေနှင့် လမ်းညွှန်မှုအတိုင်း အမှုဆောင်လူကြီး များက ဆောင်ရွက်ရသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အမှုဆောင် အဖွဲ့တွင် ၁၁-ဦးပါဝင်ပြီး၊ ရန်ကုန်မြို့ အဖွဲ့ခွဲတွင် ၅ -ဦး ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ အမှုဆောင်အဖွဲ့၏ ဂုဏ်ထူးဆောင် နာယက လူကြီးမင်းများနှင့် တွဲဖက် အမှုဆောင်များကို အမှုဆောင်အဖွဲ့က ရွေးချယ်တင်မြှောက်ကြပါသည်။ ကျွမ်းကျင်မှုဆိုင်ရာ ပုဂ္ဂိုလ်အချို့ကိုလည်း ဂုဏ်ထူးဆောင် အကျိုးဆောင်များအဖြစ် အမှုဆောင်အဖွဲ့က သတ်မှတ်၍ ရွေးချယ်ထားကြပါသည်။

မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး လုပ်ငန်းများ၏ အခြေခံ သတ်မှတ်ချက်များမှာ

(၁) မိုးမိတ်စေတီတော်ကြီးများ၊ အရံစေတီတော်များနှင့် ထပ်မံ တိုးခဲ့ ဆောက်လုပ်အပ်သော ပုထိုး၊ စေတီ၊ ဆင်းတုတော် အသီးသီး တို့ကို အခါအားလျော်စွာ ကြည့်ညှိဖွယ်ရာ ဖြစ်အောင် မွမ်းမံ ပြုပြင် စောင့်ရှောက်ကြရန်၊

(၂) နှစ်စဉ် သတ်မှတ်ထားသည့် နေ့ရက်များတွင် ဗုဒ္ဓပူဇနီယပွဲယတော် ဆွမ်းတော်ကြီး

ကပ်လှူပွဲကို မပျက်မကွက် ကျင်းပရန်၊ (ယခုအခါ ဝါဆိုလဆန်း ၅-ရက်မှ ဂ-ရက်နေ့အထိကျင်းပလျက်ရှိပါသည်။)

(၃) ဗုဒ္ဓပူဇနီယပွဲတော်တွင် ပင့်သံဃာတော်များနှင့် မင်းကွန်းတောင်ရိုးမှ သီလရှင်သူတော်စင်တို့အား သင်္ကန်းနှင့် ဝတ်စုံစသည် လှူဒါန်းပွဲ ပါဝင်စေရန်၊

(၄) ဗုဒ္ဓပူဇနီယပွဲတော် တွင် တောင်ရိုးနှင့် ဂေါစရဂံ ကျေးရွာများမှ ဆွမ်းတော်ကြီးပွဲများ ရက်စဉ်အလိုက် ပေးပို့လှူဒါန်းနိုင်ရေးအတွက် စီစဉ်ပေးရန်၊

(၅) ဘုရားပွဲတော် အစ ပထမနေ့ညတွင် ပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ် အဖြစ်ဖြင့် ဓမ္မကထိက ဆရာတော် တစ်ပါးပါးကို ပင့်၍ တရားပွဲ ကျင်းပပြီး ဓမ္မပူဇာပွဲ ပါဝင်စေရန်၊

(၆) ဘုရားပွဲတော် ရက်အတွင်း အသံမစဲ ပဋ္ဌာန်းတရားရွတ်ဆိုပွဲ' ပါဝင်စေရန်နှင့်-

(၇) ရှင်လေးရှင် ပူဇော်ရာ ဌာနဖြစ်၍ မင်းကွန်းတောင်ရိုးမှ-

(က) ကျေးငှားရှင်ကြီးများ

(ခ) အရှင်ရဟန်းတော်များ

(ဂ) ရှင်သာမဏေများ

(ဃ) သီလရှင် သူတော်စင် များအား--

လိုအပ်လာလျှင် လိုအပ်သလို ထောက်ပံ့ ပူဇော်ခြီးကျူးပွဲများ ပြုလုပ်ကြရန် ဖြစ်ပါသည်။ (ဖော်ပြပါ အချက်များအရ နှစ်စဉ် ဆောင်ရွက်လာခဲ့ကြသည်မှာ ၂၁-ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။)

တိပိဋကက=နိကာယ သာသနာပြုအဖွဲ့၏ အခြေခံလုပ်ငန်း သတ်မှတ်ချက်များမှာ-

(၁) အဖွဲ့၏ တည်ရာ ဌာနသည် မင်းကွန်း တောင်ရိုး မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေ၌ တည်ရှိစေရန်။

(၂) မန္တလေးနှင့် ရန်ကုန် ဌာနခွဲများတွင် လုပ်ငန်းပမာဏအလျောက် အမှုဆောင်များ၊ တွဲဖက်အမှုဆောင်များ ထားရှိ၍ ဆောင်ရွက်ရန်။

(၃) အခြားမြို့နယ်များ တွင် 'မင်းကွန်း တိပိဋကက=နိကာယ သာသနာပြု အကျိုးတော်ဆောင်အဖွဲ့' ဟု အမည် ကမ္မည်းတပ်၍ ဆောင်ရွက်ရန်။

(၄) ထိုသို့ဆောင်ရွက်ရာ၌ အဖွဲ့ကြီးက သတ်မှတ် ညွှန်ကြား ထားသော တာဝန်ဝတ္တရားများကို တိကျစွာ လိုက်နာ ဆောင်ရွက်ရန်။

(၅) တိပိဋကက=နိကာယ စာသင်သား ရဟန်းတော်များအား

(က) ဝိဓေကအရပ်

(ခ) သင်္ကန်းအလှူ

(ဂ) ဆွမ်းအလှူ

(ဃ) ကျောင်းအလှူ

(င) ဆေးအလှူတို့ကို

အောက် ပေါ်ပြပါ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ကြရန် စီစဉ် ထားရှိပါသည်။

(က) ဝိဝေက အရပ် အလှူ။ ။ မိုးမိတ် စေတီဘော်ကြီးများ ကုန်းမြေသည် သဘာဝ အားဖြင့် ဝိဝေက အရပ်ဖြစ်သော်လည်း သိန်း သိမ်း စောင့် ရှောက် သူ၊ နေထိုင်ကြသူ၊ လာ ရောက်သူ အသီးသီးတို့ကြောင့် ဝိဝေက အဖြစ်မ ပြောင်းလဲမသွားစေရန် ထိန်းသိမ်း ကြပ်မတ် ပေးရန်။

(ခ) သင်္ကန်းအလှူ။ ။ ငွေ-နွားလျှင် သင်္ကန်း အလှူ သုံးကြိမ်လှူရန်နှင့် ထိုသို့ လှူဒါန်းရာတွင် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် တိပိဋကဓရ ဆရာတော်၏မွေးနေ (တန်ဆောင်မုန်းလဆန်း ၁၁-ရက်) ပူဇော်ပွဲအလှူ သင်္ကန်းအဖြစ် လှူဒါန်း ကြရန်၊ သင်္ကန်းပြည့်စုံပြီး အခြား သံဃာ့ အသုံး အဆောင်များ လိုအပ်နေပါက လိုအပ်သလို ပြင်ဆင်လှူဒါန်းကြရန်။

(ဂ) ဆွမ်းအလှူ။ ။ တစ်နေလျှင် နံနက် ဆွမ်း၊ နေဆွမ်း၊ 'ညနေ' အဖျော်ယမကာ၊ 'ည' ဘုရားဝတ်ပြုက်အပြီး စတုမဓူ ဆေးတို့ကို ကပ်လှူကြရန်။

(ဃ) ကျောင်းအလှူ။ ။ ဆောက်လုပ် လှူဒါန်းကြသော ကျောင်းအသီးသီး၌ နာယက ဆရာတော်များက နေရာ ချထား ပေး သော အဆောင်တွင် ခုတင်၊ ပက်လက်ကုလားထိုင်၊ စာရေးစားပွဲ၊ မတ်တတ် စာရေးကုလားထိုင်၊ သင်ဖြူး စသည်တို့ အပြည့်အစုံ ထားရှိပေးရန်။

(င) ဆေးအလှူ။ ။ လိုအပ်သော ယာယီ သုံးဆေးများ ထားရှိပေးရန် နှင့် မင်းကွန်း တိုက်နယ်ဆေးရုံ ဆရာဝန်၏ အကြံပေးချက်အရ ဂိလာနပုဂ္ဂိုလ်တို့အတွက် ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါသည်။

တိပိဋကဓရ ဗုဒ္ဓစာပေများကို ကျွက်၊ ဘာကြား ကြည့်၍ သိတင်းသုံး နေထိုင်တော်မူကြ သည့် သံဃာတော်များ၏ အချင်းချင်း ထားရှိ အပ်သော ကတိကဝတ်၊ စာအောင်သံဃာတော် များအား ဂုဏ်ပြုပူဇော်ခြင်း၊ နေထိုင်ခွင့်ကာလ သတ်မှတ်ခြင်းနှင့် ကျောင်းတိုက် စည်းမျဉ်းများ ကို နာယက ဆရာတော်များအဖွဲ့၏ စီမံခန့်ခွဲ ညွှန်ကြား ခွက် ဖြင့် ဆောင်ရွက်ရန်များကိုပါ ရေးသားသတ်မှတ်ပြီး ဆောင်ရွက် နေကြပါ သည်။

တိပိဋကဓရ ကျောင်းတိုက်တွင် ဗုဒ္ဓ ပူဇော်အဖြစ် စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့် တယ်သပ္ပာယ်စွာ ကြည်ညိုပူဇော်နိုင်ခြင်း၊ ဓမ္မ ပူဇော်အဖြစ် မွေစေတီ ထိုက် တော် မူ ကြ သော တိပိဋကဓရ လောင်းလျာများအား ပူဇော်ရ ခြင်းနှင့် တိပိဋကဓရ ငွေရတုပူဇော ဓမ္မစေတီ ပိဋကတိုက်နှင့်တကွ ပိဋကတ် စာ အုပ် များ ကို လှူဒါန်းရခြင်း၊ သံဃပူဇော်အဖြစ် ဗုဒ္ဓမြတ်စွာ၏ သာဝကတော်စစ် ရင်နှစ်သည်းချာများ သိတင်း သုံးတော်မူကြ ဌာနကြီးဖြစ်သည့်အပြင် သာ သနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ်တို သာသနာတော်အား ပူဇော် လှူဒါန်းခြင်းတို့ ဖြင့် ပြုစုပျိုးထောင်လျက် ရှိပါသည်။



ရန်ကုန်မြို့၊ အမှတ် ၁၂း နယူးလင်းလမ်း တွင် တိုင်ဇင်ဂ ကျောင်း တော် ကြီး ပေါ် ပေါက် လာ ခြင်း

မင်းကွန်းတောင်ရိုး မိုးမိတ် ဒေဘီတော်ကြီး များ ကုန်းမြေ တိပိဋကဂ=နိကာယ ကျောင်းတိုက် ကြီးကို ၁၃၄၀-ပြည့်၊ ဝါဆိုလဆန်း ၅-ရက်နေ့ တွင် ဖွင့်လှစ်ပြီး နောက် ၁၃၄၀-ပြည့်နှစ် ဥ်ဆ သံဃာတော် ၄၈-ပါး၊ ၁၃၄၁-ခုနှစ်၌ သံဃာ တော် ၈၂-ပါး ရောက်ရှိပြီး၊ ၁၃၄၂-ခုနှစ်တွင် သံဃာတော် ၁၁၃-ပါး ရောက်ရှိလာသော အခါ ရန်ကုန်မြို့ နိကာယ် သာသနာထွန်းကား ရေးအသင်းကြီးက ကျင်းပပြုလုပ်သော စာမေး ပွဲ၊ နိုင်ငံတော် အစိုးရက ပြုလုပ်ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲနှင့် ပဲခူးမြို့ နိကာယ် သာသနာတော် ပြန်ပွားရေးအသင်းက ကျင်းပပြုလုပ်သော နိကာယ် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုကြရန်နှင့် စာအောင် သံဃာ များ ဘွဲ့တံဆိပ် လက်ခံတော်မူရန် ကြွရောက်လာ သောအခါ တည်းခိုနေထိုင် သီတင်းသုံးရန် နေရာခက်ခဲမှု ဆွမ်းကွမ်း ဝေယျာဝစ္စ သွားလာ ရေးမှ စသည့် ခက်ခဲမှုများနှင့် တွေ့ကြုံ လာ ရ သည်ကို တွေ့မြင်ရသဖြင့်....

ရန်ကုန်မြို့ရှိ တိပိဋကဓ=နိကာယ သာသနာပြု အဖွဲ့မှ အမှုဆောင်လူကြီးများနှင့် နာယကလူကြီး မင်းတို့ တိုင်ပင်ကြပြီးလျှင် အမှတ် ၁၂၊ နယူးလင်း လမ်းတွင် ခြံမြေ ဝယ်ယူပြီး ၁၃၄၂-ခု၊

တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့တွင် အဘိမင် မဟာရဋ္ဌ ဂုရု ဆရာတော် ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာ နာယအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များအား ပင့်ဆောင်၍ ပရိယတ္တိ သာသနာတော်အား ရေစက်သွန်းခြ အမျှဝေပြီး လှူဒါန်းကြသည်။ ထိုသို့ လှူဒါန်းကြ ရာတွင် အညာဒေသမှ ကြွရောက်လာကြမည့် ဓမ္မကထိကဆရာတော်များနှင့် မဟာထေရ်ကြီး များကိုပါ သပ္ပာယမဿဘဇွာ တည်းခိုနေထိုင်၍ သီတင်းသုံးတော်မူပါရန် လျှောက်ထားအပြီး တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ ရန်ကုန် ဌာနခွဲကို သာသနာရေးဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကြည်ညွန့်က ဖွင့်လှစ်ပေးခဲ့ပါ သည်။

တိပိဋကကျောင်းတော်ကြီးအား ဆက်လက် ၍ လိုအပ်သောပြင်ဆင်ခြင်းမံခြင်းများ ပြုလုပ် ပြီးနောက် ဆွမ်းစားကျောင်းတော်ကို ရန်ကုန်မြို့ ဒဂုံတော် ၇၊ ငါးထပ်ကြီးဘုရားလမ်းနေ ဦးကြူ+ ဒေါ်ခင်မြင့်မိသားစုနှင့် အမှတ် ၁၇၁၊ ဘား လမ်းနေ ဦးချစ်ဆွေ+ဒေါ်ခင်ဝင်း မိသားစုတို့က ဆောက်လုပ် လှူဒါန်းကြပါသည်။ ဆက်လက်၍ ဆွမ်းခံကျောင်းကို ရန်ကုန်မြို့၊ ဖ/၇ ကမ္ဘာ အေး စေတီလမ်းနေ ဦးမောင်မောင်ခင်+ ဒေါ်ခင်ညိုတို့က လည်းကောင်း၊ အင်စိတ်တွင်းနှင့် ရေစုပ်စက်၊ ရေစင်တို့ကို ရန်ကုန်မြို့၊ အမှတ် ၈၂ အင်းလျားလမ်းနေ နာယကကြီး ဦးကျော်သောင်း + ဒေါ်မျိုးသိမ့် မိသားစုတို့က လည်းကောင်း လှူဒါန်းကြပါသည်။

ရေချိုးဆောင်နှင့် ရေချမ်းစင်၊ ကုဋီများကို အလှူရှင်များစုပေါင်း၍ လည်းကောင်း၊ မဟာ ရာမကံတိပ်ကိုလည်း ဂုပေါင်း၍လည်းကောင်း လှူဒါန်းကြသည့်အပြင် ဆွမ်းပြင်ကျောင်းဆောင် ကို တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ ရာသက် ပန်အဖွဲ့ဝင်များက ဆောက်လုပ် လှူဒါန်းကြပါ သည်။

ယခုအခါ တိပိဋကဓမ္မသာလာ ပေ ၄၀ ပေ ဖဝရှိ အဆောင်တစ်ဆောင်၊ ပေ ၅၀ပတ်လည် ရှိ ဘိပိဋက သုံးထပ်တိုးခဲ့၊ တိုက်ကျောင်းတစ် ဆောင်နှင့် သိုလှောင်ကျောင်း၊ ဆွမ်းချက်ရုံ စသည်ဘို့ကိုလည်း ဆက်လက်ဆောက်လုပ်လျက် ရှိပါသည်။

တိပိဋကနှင့် နိကာယစာမေးပွဲများ ဖြေဆို ရန်နှင့် အောင်မြင်သော ရဟန်းတော်များ ဘွဲ့ယူရန် ကြွလာသောအခါ ခရီးစရိတ်များ လှူဒါန်းပြီး ခမ်းခမ်းနားနားကြိုဆို၍ ခုတင်၊ အိပ်ရာအပြည့်အစုံ ပေးအပ်လှူဒါန်း၍ ပြုစု ပူဇော်လျက် ရှိကြပါသည်။ သီတင်းသုံးနေထိုင် တော်မူခိုက်တွင် ဆွမ်းအလှူရှင်များကလည်း ရက်ပြတ်မရှိ ဆက်ကပ်လှူဒါန်းကြသည့်အပြင် ၁-နှစ်လျှင် တစ်ရက် မိမိတို့ ကြိုက်နှစ်သက်ရာ ရက်ကိုရွေး၍ ရာသက်ပန် ဆွမ်းဒါယကာများ အဖြစ် ခံယူ၍ လှူဒါန်းပွဲက် ရှိကြပါသည်။ တစ်နေ့စာဖြစ်သော နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်၊ ညဘက်စတုမဓု ပေါင်းလေးကြိမ် ကပ် လှူကြပါသည်။ ထိုသို့ ဆွမ်းကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ကြရာတွင်အရှက်ဆွမ်းအတွက်ရန်ကုန် မြို့၊ အမှတ် ၆၀၊ ကိုင်းတန်းလမ်းနေ၊ ဒေါ်တင်လှ မိသားစုက လည်းကောင်း၊ နေ့ဆွမ်းအတွက် တွဲဖက်အမှုဆောင်လူကြီး အောင်ပန်း-ဦးအေး မောင်+ဒေါ်လှလှမိသားစုတို့က လည်းကောင်း ကာယအား အပြည့်အဝ စေတနာဝန်ထမ်း ဆောင်ရွက်ပေးနေကြသည်ကို အထူးမှတ်တမ်း တင်၍ ကျေးဇူးတင်ရှိရမည် ဖြစ်ပါသည်။

ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံ ဆောင်အရှင်များပေါ်ထွန်းလာပါက ဘွဲ့ယူ ကြွ

လာသောအခါ လေယာဉ်ဖြင့် အသွားအပြန်ပို့ ဆောင်ခ ခရီးစရိတ်ကို လှူဒါန်းသူ တွဲဖက်အမှု ဆောင်လူကြီး ဂဠုန်မင်း ဦးတင်မောင်+ ဒေါ်ဒေါ်မြင့် သား‌သမီး‌မြေး‌တစုတို့၏ သဒ္ဓါ စေတနာကိုလည်း အထူး မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ ယမန်နှစ် ၁၃၄၂-ခုနှစ်က လေး ပါး၊ ယခုနှစ် မြန်မာတပြည်လုံး အာဂုံ‌ရော၊ ရေးဖြေပါ ဥဘတောဝိဘင်္ဂ ဝိနည်း ၂-ကျမ်း တစ်ပါတည်း‌အောင်မြင်ရာ ဤကျောင်း‌တော်မှ အရှင်ဥဏ္ဏာလင်္ကာရာဘိဝံသ ဖြစ်ပါသည်။

မိုးမိတ် စေတီတော်ကြီး‌များ၏ ဗုဒ္ဓ ပူဇော်ယပွဲ တော်ကြီး‌နှင့် မင်းကွန်း‌တောင်ရိုး‌မှ သံဃာတော် များ‌နှင့် မထရီအသွင် သီလရှင်များ စုစုပေါင်း ၅၀၀-ကျော်တို့ကို နှစ်စဉ်သင်္ကန်းဒွိစုံ၊ ဝတ်စုံ များကိုလှူဒါန်းပူဇော်ခဲ့ရာ ၁၃၄၃ - ခုနှစ်တွင် ဤတိပိဋကက = နိကာယကျောင်းတိုက်ကြီး စတင် ဖွင့်လှစ်ခဲ့သည့်နေ့ဖြစ်သော ဝါဆိုလဆန်း၅-ရက် နေ့ကို အမှတ်တရနေ့အဖြစ်သတ်မှတ်ပြီး ပူဇော်ပွဲ ကိုကျင်းပပြီးနောက် စာအောင် သံဃာတော် များ ဂုဏ်ပြုပူဇော်ပွဲကိုပါ ပူးပေါင်း၍ ပူဇော်ပွဲ သုံးပွဲကို တစ်ကြိမ်တည်း စုပေါင်းပြုလုပ်၍ ကျင်း ပကြပါသည်။

ထိုသို့ပြုလုပ်ကျင်းပရာတွင် စာအောင်သံဃာ တော်များ ဂုဏ်ပြုပူဇော်ပွဲတွင် ပူဇော်လှူဒါန်း ရန်အတွက် သီးသန့်ထား‌ရှိသော ဂုဏ်ပြုပူဇော နောင်ညီ ချင်းချင်း ဆုနှင်း ငွေပဒေသာပင်မှ အတိုးငွေများနှင့် မင်းကွန်း တိပိဋကဓရ ဆရာ တော်ဘုရား‌ကြီး အနေဖြင့် စာအောင် သံဃာ

များ၏ အာစရိယ ပူဇော်အဖြစ်ရရှိသော နဝကမ္မ ဝတ္ထု‌ငွေတို့ကိုအသုံးပြုပြီး အနယ်နယ်အရပ်ရပ်မှ လှူဒါန်း‌ကြသည့် လူငွေများနှင့် ပေါင်းစပ်ပြီး ဂုဏ်ပြုပူဇော်ပွဲကို ခမ်းနား‌သိုက်ြွက်စွာ ကျင်း ပကြပါသည်။

စာအောင် သံဃာတော်များက တိပိဋကနှင့် နိကာယ ဗုဒ္ဓစာပေများကို ကျက်၊အံ၊ကြံ၊ကြည့်၊ အချိန်ပြည့် လေ့လာမှတ်သား၍ နေတော်မူကြ သကဲ့သို့ အုပ်ချုပ်မှုအဖွဲ့ နာယက ဆရာတော် ကြီးများ၊ အမှုဆောင် လူကြီးမင်းများကလည်း မအား‌မလပ် အမြဲတစေ ဤပရိယတ္တိ သာသနာ ပြုဒါနဖွဲ့ ကြီး‌ကို အား‌သွန်ခွန်စိုက် ဆောင်ရွက် လျက်ရှိကြပါသည်။

တိပိဋက = နိကာယ သာသနာပြုဒါနဖွဲ့၏ အခြေခံသတ်မှတ်ချက် များအရ မင်းကွန်းတောင် ရိုးမှ ရှင် လေး ရှင် ဖြစ်တော်မူကြသော ကျေး ဇူးရှင်ကြီးများ၊ ရှင်ရဟန်းများ ရှင်သာမဏေ များ၊ သီလရှင်များကိုလည်း ဂုဏ်ပြု ပူဇော် လှူက် ရှိကြပါသည်။ အနည်းငယ်ချုံး၍ ဖော်ပြရ ပါမူ မိုးမိတ် စေတီတော်ကြီးမှ‌ားကို စတင် ပြင် ဆင်ပြုလုပ်စဉ်က ဆောင်ရွက် လှူဒါန်းခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား‌ကြီး၏ သာသနာ့မိခင် သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ရာပြည့်ပူဇော်ပွဲနှင့် ရုပ်တုတော် ထုလုပ်ပူဇော် ပွဲ၊မင်းကွန်းတောင်ရိုး၊ရှား‌ပင်ဇုံက်သစ်နှင့် ဂူကာ လေးချောင်မှ နိကာယ်စာအောင် သီလရှင်များ အား ရန်ကုန် နိကာယ် သာသနာတော် ဆွန်း

ကား၊ရေးအသင်းက ကျင်းပပြုလုပ်သည့် ဂုဏ်ပြု ပူဇော်ပွဲများကို ပါဝင်ဆည်းသွင်း၍ ကျင်းပပြု လုပ်ခဲ့ပါသည်။

ယခုအခါ သာသနာ့ဝန်ခင်ကြီး ဖြစ်တော်မူ သော နိုင်ငံတော် သြဝါဒါစရိယ မင်းကွန်း တောင်ရိုး အရိယမဂ္ဂင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏ သက်တော် ၉၃-နှစ်ပြည့် ပူဇော်ပွဲတွင် ရုပ်တုတော်ထုလုပ်၍ ပူဇော်ကြရန် စီစဉ်နေဆဲ ဖြစ်ပါသည်။

ဤ သုံးနှစ်ခြောက်ခွင် ပဋ္ဌာန ဘစ်ပုံဆောင် အရှင်မြတ်သုံးပါး ပေါ်ထွန်းလာခဲ့ပါပြီ။ ထို အရှင်မြတ်များမှာ....

(၁) အရှင်ဝါယာမိန္ဒ-
'ဝိနယဓရ ဝိနယကောဝိဒ'

(၂) အရှင်သုဝဏ္ဏ-
'ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ'

(၃) အရှင်ခေမာစာရ(မြိတ်)
'ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ'

တို့ ဖြစ်ပြီး--

ယခုအခါ ပဋ္ဌာန ဘစ်ပုံဆောင် အခြား အရှင်မြတ်သုံးပါးလည်း ကြွရောက် သီတင်းသုံး နေထိုင် တော်မူကြသဖြင့် ဤကျောင်းတိုက်ကြီး ဖွင့်လှစ်စ ကလည်း သံဃာ ၆-ပါး လက်ဦး အစဆုံး ရောက်ရှိလာခဲ့ကြပြီး သုံးနှစ်မျှ ကြာသောအခါ ပဋ္ဌာန ဘစ်ပုံဆောင် ဘစ်ပုံအောင် အရှင်မြတ် ၃-ပါးတို့မှ ဆက်လက်၍ ပဋ္ဌာန သုံးပုံဆောင် သုံးပုံအောင် အာဇာနည်ရဟန်းတော် အရှင် မြတ်များ မကြာမီ ပေါ်ထွန်းလာတော့မည် မျှော်မှန်းရပါကြောင်း တင်ပြအပ်ပါသတည်း-။

ဘိပဋ္ဌာန ဓရဏေရ်များ ပေါ်ထွန်းကာ၍ ဘုရားမြတ်စွာ သာသနာသည် ရောင်ဝါနေသို့ လင်းပါစေ-။

(ပုံ) သာလှ
ဥက္ကဋ္ဌ

မင်းကွန်းတောင်ရိုး တိုပဋ္ဌက = နိကာယကျောင်းတိုက် နှင့်
တိုပဋ္ဌက = နိကာယကျောင်းတော်(ရုန်ကုန်)မှ

ဝါဆိုသံဃာစာရင်းနှင့်စာဖြေ+စာအောင်သံဃာတော်စာရင်း

တိုင်းနှင့်ပြည်နယ်	ဗုဒ္ဓ၀	ကျောင်းနေသံဃာ	စာဖြေသံဃာ		စာအောင်သံဃာ		မှတ်ချက်
			တိုပဋ္ဌက	နိကာယ	တိုပဋ္ဌက	နိကာယ	
စစ်ကိုင်းတိုင်း	၁၃၄၀	၁၇	၂	၁၇	၁	၁၄	
	၁၃၄၁	၂၁	၆	၁၉	၆	၁၆	
	၁၃၄၂	၃၀	၂၀	၂၇	၄	၂၃	
	၁၃၄၃	၃၇	၁၉	၂၉	၄	၁၀	
တနင်္သာရီတိုင်း	၁၃၄၀	၁		၁		၁	
	၁၃၄၁	၂		၂		၂	
	၁၃၄၂	၄	၃	၄	၁	၄	
	၁၃၄၃	၄	၂	၄	၁	၃	
ပဲခူးတိုင်း	၁၃၄၀	၂		၂		၁	
	၁၃၄၁	၃	၂	၃		၃	
	၁၃၄၂	၇	၅	၇	၂	၅	
	၁၃၄၃	၁၁	၆	၁၁	၁	၆	
မကွေးတိုင်း	၁၃၄၀	၁၀	၄	၁၀	၄	၃	
	၁၃၄၁	၂၂	၂	၂၂	၂	၁၅	
	၁၃၄၂	၂၄	၁၇	၂၁	၅	၁၀	
	၁၃၄၃	၃၀	၁၆	၂၂	၀	၁၇	
မန္တလေးတိုင်း	၁၃၄၀	၁၀	၁	၁၀	၁	၄	
	၁၃၄၁	၁၄	၂	၁၄	၂	၆	
	၁၃၄၂	၂၀	၁၅	၂၀	၄	၁၆	
	၁၃၄၃	၂၂	၁၄	၂၀	၄	၂၀	
ရန်ကုန်တိုင်း	၁၃၄၀	၁		၁		၁	
	၁၃၄၁	၂		၂			
	၁၃၄၂	၂	၂	၂		၁	
	၁၃၄၃	၂	၂	၃	၁	၂	

မင်းကွန်းတိဝင်္ဂက=နိကာယသာသနာပြုဟန်

တိုင်းနှင့်ပြည်နယ်	နှစ်	ကျောင်းနေသံဃာ	စာမြဲသံဃာ		စာအောင်သံဃာ		မှတ်ချက်
			တိဝင်္ဂက	နိကာယ	တိဝင်္ဂက	နိကာယ	
ဧရာဝတီဘိုင်း	၁၃၄၀	၄	၁	၄	၁	၂	
	၁၃၄၁	၁၄	၁	၁၃	၁	၉	
	၁၃၄၂	၁၇	၁၄	၁၇	၄	၁၃	
	၁၃၄၃	၂၁	၅	၁၄	၁	၀	
မွန်ပြည်နယ်	၁၃၄၀	၁		၁		၁	
	၁၃၄၁	၁	၁	၁	၁	၁	
	၁၃၄၂	၂	၂	၂		၂	
	၁၃၄၃	၂	၂	၁		၁	
ရခိုင်ပြည်နယ်	၁၃၄၀	၂		၂		၂	
	၁၃၄၁	၃	၃	၃	၂	၃	
	၁၃၄၂	၅	၄	၅		၄	
	၁၃၄၃	၁၂	၆	၁၀	၃	၅	
ကရင်ပြည်နယ်	၁၃၄၀						
	၁၃၄၁						
	၁၃၄၂	၁	၁	၁			
	၁၃၄၃	၁	၁	၁	၁	၁	

နောက်ဆက်တွဲ (က)

မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
တိပိဋကဓရ လစာဆွမ်းဆန်တော်ကို
နိကာယ် သာသနာတော်အား ပူဇော် လှူဒါန်းသော
အကြောင်းအရာ စာတမ်း

(သိဒ္ဓိရတ္တု) အဂ္ဂမဟာပဏ္ဍိတ အရိယ မဂ္ဂင်ဆရာတော် ဘုရားကြီး၊ ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီးများ အမှူးပြုသော ပင့်သံဃာ အရှင်မြတ်များနှင့် ဓမ္မနာဒတိုက်သား သံဃာတော် အရှင်မြတ်တို့ ဘုရား....။

တပည့်တော်သည် (၁၃၁၅)ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်နေ့မှ အစပြု၍ နိုင်ငံတော်အစိုးရက တိပိဋကဓရဘွဲ့တံဆိပ်နှင့်တကွ လစဉ်လစဉ် ဆွမ်းဆန်တော် အလှူငွေ(၃၁/၀၀)သုံးရာတဆယ့်တစ်ကျပ်၊ ထို့ပြင် တပည့်နှစ်ယောက်ပါ ကုန်း၊ ရေ၊ လေ အခမဲ့ သွားလာနိုင်ခွင့် လက်မှတ် လှူဒါန်းသည်ကို ခံယူရရှိခဲ့ပါသည်ဘုရား။

ယနေ့(၁၃၃၉-ခု တပို့တွဲလဆန်း ၁၁—ရက်နေ့)ဆိုလျှင် တပည့်တော်၏အဖို့ တိပိဋကဓရဘွဲ့နှင့် အလှူတော်ရခဲ့သည်မှာ (၂၄)နှစ် တင်းတင်းပြည့်၍(၂၅)နှစ်မြောက် ရောက်ရှိခဲ့ပါပြီဘုရား၊ဟပတ်တော် အဖို့ရာ ဤမျှ နှစ်ပရိစ္ဆေဒ(၂၄)နှစ်ကြာ နိုင်ငံတော်ဒေးစိုးရက လစဉ်လစဉ် ဆွမ်းဆန်တော် (၃၁၀/၀၀) သုံးရာတဆယ့်တစ်ကျပ်ကျ လှူဒါန်းသည်ကို ခံယူရရှိခဲ့ပြီး ဖြစ်ပါ၍ မိမိ၏ အပန်းအနွမ်းများ ပြေငြိမ်း သွားပြီဟု ယူဆဝမ်းမြောက်ရပြီ ဖြစ်ပါ၍ ယခု(၂၅)နှစ်မြောက်မှ စ၍ ကြွင်းကျန်သော နှစ်ပရိစ္ဆေဒ ကာလရှည်ကြာ နိုင်ငံတော်အစိုးရက ဆက်လက်၍ လှူဒါန်းလိုသော ကုသိုလ်ဆန္ဒ ပြင်းပြစွာ ဖြစ်ရှိနေ ပါသည် ဘုရား။

သို့ပ၍ တပည့်တော်သည် ယခု(၁၃၃၉)ခု တပို့တွဲလ၊ (၁၉၇၈-ခု၊ ဖေဖော်ဝါရီလ)မှ စ၍ မိမိရပိုင်ခွင့်ရှိသော တိပိဋကရေ လစဉ်ဆွမ်းဆန်တော် (၃၁၀/၀၀) သုံးရာတဆယ့်တစ်ကျပ်ကျကို မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့သို့ ကပ်ဖယကာရက အဖြစ် အပ်နှင်း၍ ထိုအဖွဲ့က—

နိကာယ်စာမေးပွဲ၊ တိပိဋကဓရစာမေးပွဲဘို့ကို ဝင်ရောက်ဖြေဆိုတော်မူလိုကြပါလျက် ဘောဇန သပ္ပာယ မမျှတမြင်း၊ စာကျက်၍ အထူးရစေနိုင်မည့် ဝိဝေကအရပ်ကို မရရှိခြင်းတို့အတွက် စာပေခရီး နှေးဖင့်နေကြသော သီတင်းသုံးဖော်ညီတော် သာသနာ့အာဇာနည်အလျာ ရဟန်းတော် အရှင်မြတ် များအား ထိုမိုးမိတ် ဂေါပကအဖွဲ့က တာဝန်ယူ၍ မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်များ ကုန်းမြေ၌ (က) နေရာထိုင်ခင်း (နေထိုင်ခွင့်) ပေးလှူရန်နှင့် (ခ) ထိုအရှင်မြတ်များအား တပည့်တော် လှူအပ်သော လစာဆွမ်းဆန်တော် (၃၁၀/၀၀)သုံးရာတဆယ့်တစ်ကျပ်ကို မူလ မ,တည်၍ လိုအပ် သေးပါက ဂေါပကအဖွဲ့မှ ဒကာပေါ်အောင် ဆောင်ရွက်လျက် နေ့စဉ် (စာကျက် စာကြည့်နေသမျှ ကာလပတ်လုံး) သပ္ပာယ၊ဘောဇဉ်ဆွမ်း၊ အဖျော်ယမကာ၊ ဆေးပစ္စည်း လှူဒါန်းနိုင်ရန်အတွက်—
နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အား လှူဒါန်းပါသည် ဘုရား။

နိကာယ်ငါးဖြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။

(ပို့) ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း
(၁၁-၁၁-၃၉) (၁၈-၂-၇၈)

မင်းကွန်း တိပိဋကဓရ ဆရာတော်
ဦးဝိစိတ္တသာရာဘိဝံသ၏
အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် အလှူကို
နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား
လှူဒါန်းသောစာတမ်း

(သိဒ္ဓိရတ္ထု)၊ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော် ဘုရားကြီးနှင့် ဓမ္မစကြာသုံးဆယ်ပေး ဆရာတော်ဘုရားကြီးနှစ်ပါး အမှူးပြုသော ဓမ္မနာဒတိုက် နာယကအဖွဲ့ဝင် ဆရာတော်များကို သက်သေထား၍ တပည့်တော် ရှိသေစွာ လျှောက်ထားပါသည်ဘုရား....။

အကြောင်းမှာ-တပည့်တော်အား နိုင်ငံတော် အစိုးရက ၁၃၄၀-ပြည့်နှစ်၊ ပြာသိုလဆန်း (၇)ရက်၊ (၁၉၇၉-ခု၊ ဇန်နဝါရီလ ၄-ရက်) (လွတ်လပ်ရေးနေ့)က အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုဆိပ်တော် ဆက်ကပ်ကြောင်း ကြေငြာ၍ ၁၃၄၁-ခုနှစ်၊ နယုန်လပြည့်နေ့ (မဟာသမယနေ့) ၁၉၇၉-ခု၊ ဇွန်လ ၉-ရက် စနေနေ့က ဆင်္ဂသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူဟောင်း၌ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာသနာရေးဝန်ကြီး (ဗိုလ်မှူးချုပ် ဦးစိန်လွင်)ကိုယ်တိုင် ကြီးဦးသော အာဝမ်းအနားကျင်းပ၍ ဆက်ကပ်လှူဒါန်းခဲ့ပါသည် ဘုရား။

ထိုအဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အတွက် နိုင်ငံတော် အစိုးရက နှစ်စဉ် လှူဒါန်းမြဲ ဖြစ်သော ဆွမ်းဆန်တော်ကို နှစ်စဉ် လှူဒါန်းမည်မှာ အမှန်ပင်ဖြစ်ပါသည် ဘုရား။

ထိုသို့ နိုင်ငံတော်အစိုးရက လှူဒါန်းမည့် အဂ္ဂမဟာ ပဏ္ဍိတ ဆွမ်းဘန်တော်စရိတ် လှူဒါန်းနေကျ တန္နစ်လျှင် (၇၅၀ိ/-) (သို့မဟုတ် အသစ်တဖန် တိုးတက်ပြင်ဆင်၍ လှူဒါန်းလျှင်လည်း ထိုသို့ တိုးတက်ပြင်ဆင်၍ လှူဒါန်းမည့် ဆွမ်းဆန်တော်ဝတ္ထု)တို့ကို တပည့်တော်၏ ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုပဲ (တိပိဋကဓရ လစဉ်ဆွမ်းဆန်တော်ကိုကဲ့သို့) နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါ၏ဘုရား၊ ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါ၏ဘုရား။

ထိုသို့ တပည့်တော်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ တန္နစ်စာဆွမ်းဆန်ကောင်ကို မင်းကွန်းတောင်ရိုး ဝိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ကပ္ပိယကာရကအဖြစ် ရွက်ဆောင်၍ ထို တိပိဋက-နိကာယကျောင်းတိုက်သို့ လာရောက်၍ တိပိဋကစာပေ၊ နိကာယ်စာပေတို့ကို ကျက်၊ အံ၊ ကြံ၊ ကြည့်ကြသော တိပိဋက စာသင်သားကြီးများ၊ နိကာယ်စာသင်သားကြီးများ ပဋိညဉ်းလေးပါးဖြင့် မငြိုမငြင် မင်းပန်းစေရန် (တိပိဋကရေ လစာဆွမ်းဆန်တော်ကိုကဲ့သို့) ပရိယတ္တိသာသနာတော်အတွက် အသုံးပြုရန် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ ကပ္ပိယကာရကအဖြစ် ရွက်ဆောင်ရန် အပ်နှင်းအပ်ပါသည်ဘုရား။

ဣဒံ မေ ပုညံ ဗောဓိဉာဏသဲ့ ပစ္စယော ဟောတု။ (၃-ခေါက်)

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း

၁၃၄၁-ခု၊ နယုန်လပြည့်ကျော် ၁၃-ရက်၊
၁၉၇၉-ခု၊ ဇွန်လ(၂၂)ရက်၊ သောကြာနေ့

တိမ်ခြေရစ်ဝန်း ရွှေမင်းကွန်းဝယ်

(မိုးမိတ်ကုန်းမြေ)

လယ်တီဦးလှပိုင်

မင်းကွန်း တောင်တန်း သည် သက်ရှင်ထုံးကျောက် တို့တည်ရာ စစ်ကိုင်းတောင်ရိုး နှင့် မတူပဲ အနည်ကျ သက်နု သဲ ကျောက်များရှိသော မင်းဝံတောင် ရိုးနှင့် ယှက်နွယ်သည့် တောင်တန်းဖြစ် ၍ လန်းဆန်း စိုပြည်လေသည်။

မြကတ္တီပါခြုံလှမ်းသလိုနေသော "မင်းဝံ တောင်ညို နဂိုထောက်ဆိုင်း နောက်မှိခိုင်း" ၍ မှိုင်းမှိုင်းညို့ညို့ရှိလေသည်။ မင်းဝံတောင်ရိုး နောက်မှိ ခိုင်းလျက်နေသော မင်းကွန်းတောင်တန်းများသည် ကုန်းဌ အဆင့်ဆင့်ရှိသည်။ "ကုန်းမြင့်မို့မို့တွင် နှစ်လိုဖွယ် သပ္ပာယ် တော်မူသော 'မိုးမိတ်စေတီတော်ကြီး' အထင်းသား" ပေါ်လွင် လေသည်။ မြစ်မင်းရော ကမ်းဦးထိပ်၌ မိုးမိတ် စေတီတော်သည် ရောင်စုံယှက်သန်း လျှပ်ခြည်ပန်း လက်သလို တဖိတ်ဖိတ် တောက် နေသည်။

နောက်ခံ ပြာနှမ်းနှမ်း မိုးကောင်းကင် တခွင်တပြင်ကြောင့် လည်း ပြိုးပြိုးပြက်ပြက် တခဲနက်ထွက်သော အရောင်တို့မှာ ပို၍ ပင် ဝင်းပနေသည်။ နေခြည်နှ၍ မှောင်ရီသမ်းလုလု အချိန် ဆိုလျှင် ပို၍လှပသည်။

မိုးမိတ်စေတီတော်၏ အထွတ်တင် စိန်ဖူးသည် သာသနာ့အောင်လံတော် လွှင့်ထူသလို ဖြစ်သည်။ ရွှေထီးတော်မှ ဆည်းလည်း (ဆဲလဲ)သံကလေးတွေက လေဟုန်ဝှေ့ယမ်းတိုင်း တချွင်ချွင် မြည်သည်။ ချိုလွင်သော ဆည်းလည်း (ဆဲလဲ)သံကလေးတွေက "တေးသံစုံကိုးဝိုင်းမှ သံစဉ်ခုနစ်ထပ် တိုးဝင်နေလေ ရော့သလား" ဟု ထင်မှားနိုင်လေသည်။ ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုကြသူတို့မှာလည်း ဆည်းလည်း(ဆဲလဲ)သံကလေးတွေကို နားစိုက်ယင်း အသည်းခိုက်မတတ် သာယာကြည်နူးကြရလေသည်။

မိုးမိတ်ဘုရားကုန်းမြေ ဝန်းကျင်ရှိ အစီအရီတန်းနေသော အုန်း၊ ထန်း စသော ပန်းသစ်ပင် ပျိုအို တို့မှာ လေဟုန်စီး၍ ယိမ်းကနေကြသည်။ မင်းကွန်းတောင်တခိုမှာလည်း ညိုတော့မယောင် မှောင်တော့ မလို။

ကုန်းမြေပြင်ရှိ စေတီပုထိုး ဇရပ်တန်ဆောင်း ကျောင်းဆောင်တွေကလည်း ရောင်ပြန် ထင်ဟပ် နေ၍ ကုန်းမြေကခုလုံး ရွှမ်းဆုံး ရှိသည်။ တောကြီးမျက်မည်း ဖြစ်ခဲ့ဖူးသော မိုးမိတ်စေတီတော်များ

ကုန်းမြေ၏သမိုင်းကြောင်းကိုလည်း ပြန်လည်သုံးသပ်သည့်အခါ မှန်ဝါးဝါး ထင်လာပါသည်။

ပိုးမိတ်စေတီတော် ဒါယကာ မိုးမိတ်မင်းသားကြီးသည် တောကြီးမျက်မည်း တောင်ကုန်းမြင့်နေရာကို ခုတ်ထွင်ရှင်းလင်းသည်။ စည်မျက်နှာပြင်လို ညီညာစေသည်။ မိုးမိတ်စေတီတော်ကို တည်သည်။ သဲကျောက်ကုန်းမြင့်တွင် တည်ခဲ့သော စေတီတော်မှာ ငလျင်ဘေး အကြိမ်ကြိမ်ခံရ၍ ပျက်စီးယိုယွင်းတော်မူရသည်။ (မြန်မာ ၁၃၁၈-ခုနှစ်) (ခရစ် ၁၉၅၆-ခုနှစ်)က "စစ်ကိုင်းငလျင်" ခေါ်ရမလောက်ဖြစ်သော ငလျင် ပြင်းထန်စွာ လှုပ်ခဲ့ရာ အုတ်ပုံအတိမျှ ဖြစ်ခဲ့ရလေသည်။

ကုန်းမြေကို စေတီတိုးချဲ့တန်ဆောင်းကျောင်းကန် တွေကလည်းကောင်းပြန်ထင်ဟပ်နေ၍ ကုန်းမြေတစုလုံးရှုမြင်ဖူးကို ရသည်။

ယင်းသို့ ပျက်စီးခြင်းမလှ ပျက်စီးနေသည်ကို ရှုမြင်ရသော ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားသည် နှလုံးစိတ်ပမ်း မကြည်ချမ်းနိုင်သောကြောင့် မန္တလေး၊ စစ်ကိုင်းစသော မြို့များမှ ရင်နှီးသော ဒကာများနှင့်နိုင်ငံတော်အဝန်းမှ ကုသိုလ်ရှင်တို့ကို နှိုးဆော်ဟောပြောလေသည်။

ဆရာတော်ဦးဆောင်သည့်သံဃာတော်များနှင့် အထူးကုဆရာဝန်ကြီး "ဝဏ္ဏကျော်ထင်" ပါမောက္ခဦးသာလှ ဥက္ကဋ္ဌအမှူးပြုသော "မိုးမိတ်စေတီတော်များနှင့် ဇရပ် တန်ဆောင်း ကျောင်းကန် အဆောက်အအုံများ တည်ဆောက်ရေး ဂေါပကအဖွဲ့"ကိုလည်း ၁၃၂၃-ခုနှစ်က ဖွဲ့စည်းကာ စတင်၍ ပြန်လည်ပြုပြင်ကြသည်။ ခမ်းနားလှသော အဆောက်အအုံများနှင့် စေတီတော်များသည် မိုးမိတ်ကုန်းမြေ အပြည့်မျှ ရှိနေပြီဖြစ်၍ မျက်မြင်တွေ့ကြရသူတို့မှာ ရင်သပ်ရှုမော "အံ့သြတန့်မကုန်နိုင်" ဖြစ်ကြရလေသည်။

ဘိုးတော်နှင့် မင်းကွန်း

အမရပူရနန်းတည်ဘိုးတော် (ဗဒုံ)မင်းတရားကြီးသည် ၁၁၅၂-ခုနှစ်ကစ၍ မင်းကွန်းတောင်ခြေတွင် ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ခြသေ့ကြီး၊တဘက်ဆည်ကန်ကြီး တည်းဟူသော ကြီးလေးကြီး တည်စဉ် အခါ နတ်တို့စံရာနန်းကို "နတ်ကွန်း" ခေါ်ဆိုကြသလို မင်း မိဖုရား၊ သားတော်၊ သမီးတော်များနှင့်အတူ ယာယီစံနန်းကွန်းထောက်နေရာကို "မင်းကွန်း"ဟူ၍ ကမ္ဘည်းတင်လေသည်။ ထိုခေတ်ကစ၍ မင်းကွန်းဟူသော အမည်သတင်း ပျံ့သင်းထင်ရှားခဲ့သည်။

"ကွန်းတော် ထောက်ရာ၊ မြေ့ရပ်သာတွင်၊ မိန့်ဗျာဒိတ်ထား၊ ထိုကြောင်းလျားကြောင့်၊ကမ်းနားရေယည်၊ တောင်ရမ်ရှည်သား၊ တောစည်မိုင်းညို၊ ကိန်းဝပ်ခိုသည်၊ စွယ်ကြို "ရှေမင်းကွန်း"တည့်လေ.... တောင်ညိုတိမ်ထဲ နှင်းဖွဲဖွဲ။

တောင်စဉ်ယှက်သန်း၊ တိမ်ပန်းစိုးစွင့်၊ မိုးခွင့်လေ....၊ တိမ်ခြရစ်သန်း၊ "ရှေမင်းကွန်း"ဝယ်၊ ထွတ်စွန်းသီရိ၊ ဖျားထိထိမျှ၊ စေတီတော်ကြီး၊ အုံမပြီးကို၊ ကောင်းခြိုးကြေငြာ၊ ဌာပနာအုံ"စသည်ဖြင့်—

လက်ဝဲသုန္ဒရစာဆိုတော်ကြီးက မင်းကွန်းပုထိုးတော်ကြီးဘွဲ့"လူးတားကဗျာများ"ကို ဖွဲ့ဆို၍ မင်းကွန်းတောင်တန်း၏ရှုခင်း လှပသာယာပုံတို့ကိုလည်း သရုပ်ဖော်ထားခဲ့သည်။

ထိုစဉ်က မင်းကွန်းဘက်တွင် ဘိုးတော်သားတော်များ ဖြစ်သော လှိုင်းတက်၊ မကွေရာ၊ သုံးဆယ်၊ မိုးမိတ် စသည့် မင်းသားများလည်း တပ်စခန်းချ၍ အသီးသီး တာဝန်ယူ စောင့်ကြပ်နေကြရသည်။ ပုထိုးတော်ကြီး တောင်ဘက်၌ လှိုင်းတက်မင်းသား၊ ရှားရောင်းရှာ အရှေ့ဘက်၌ မကွေရာမင်းသား၊ အုန်းသင်္ဘောအနီး၌ သုံးဆယ်မင်းသားတို့ နေထိုင်ခဲ့ရာတွင် ခြံ၊ ဥယျာဉ်များ ရှိသည်။

မိုးမိတ်မင်းသားကြီးသည်လည်း ပုထိုးတော်ကြီးနှင့် ၂-မိုင်ခန့် ဝေးသော ထန်းမြင့်ရှာအနီး ကုန်းမို့မို့ပေါ်၌ စခန်းချ နေထိုင်ခဲ့ရာကို



သာသနာ့တာဝန်နှင့် လူသား တို့၏ တာဝန် များကို ဘာကျိုး ပြု စောင့်ရှောက် နေသော ဆရာတော်အား၊ နိဒါန် မဟန် ယုံကြည်လေးစား ကြသည်၊

"မိုးမိတ်ကုန်းမြေ"ဟု ဆိုလေသည်။ မိုးမိတ် မင်းသားသည် မိုးမိတ်ကုန်းမြေတွင် စေတီတော်များ တည်ခဲ့သည်။ မိုးမိတ်မင်းသားကြီး တည်ခဲ့သော စေတီတော်များကို "မိုးမိတ်စေတီတော်များ"ဟူ၍ ခေါ်တွင်ကြခြင်းပင် ဖြစ်သည်။

ထိုခေတ်က ဘိုးတော်အား မိုးမိတ်စော်ဘွားကြီးက မဟာမိတ်ခိုင်မြဲရန် ဆက်သသည့် သမီးတော်ကို ဘိုးတော်မင်းတရားသည့် မြတ်နိုးတော်မူသည်။ အဆောင်ရ မိဖုရားအဖြစ် တိလောကရတနာဒေဝီဘွဲ့မည်ဖြင့် မြှောက်စားပြီးလျှင် "ဟန်လင်းမြို့"ကို အသုံးကံကျေး ပေးတော်မူသည်။ ဟန်လင်းမြို့စား မိဖုရားမှ သားတော် သမီးတော်(၇)ပါး ထွန်းကားရာ မိုးမိတ်ဓေတီတော် ဒါယကာ မိုးမိတ်မင်းသားမှာ အကြီးဆုံးသားတော် ဖြစ်သည်။ ထိုမင်းသားကို ဘိုးတော်ဖြစ်သူ မိုးမိတ်စော်ဘွားကြီးက အလွန်ချစ်ခင် မြတ်နိုးလှသောကြောင့် မိုးမိတ်မင်းသားဟူ၍ ခေါ်သည်။ထိုမိုးမိတ်မင်းသားကြီးမှာ လက်ရုံးရည်နှင့်လည်း ပြည့်စုံသူဖြစ်၍ "မင်းရဲရွှေတောင်"ဘွဲ့ကိုလည်းကောင်း၊ နှလုံးရည်နှင့်လည်း ပြည့်စုံသူဖြစ်၍ "မဟာဓမ္မရာဇာ"ဘွဲ့ကိုလည်းကောင်း ခမည်းတော် ဘိုးတော်(ဗဒုံ)မင်းတရားက ပေးအပ်မြှောက်စားအဆောင်အရွက်များဖြင့် "လွတ်တက်" မင်းသားကြီးအဖြစ် မြှောက်စားခြင်း ခံရလေသည်။

နိုင်ငံဦးသျှောင် ပညာရောင်

တိပိဋ္ဌကဓရ(မင်းကွန်း)ဆရာတော်သည် ဗောဓိဉာဏ်ကို ဆုမှန်း၍ နိုင်ငံတော်အစိုးရက ရာသက်ပန် လှူဒါန်းသော တိပိဋ္ဌကဓရ လစဉ် ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်များနှင့် တိပိဋ္ဌကဓရ ဘွဲ့ရ ၂၅-နှစ်မြောက် ငွေရတုသဘင် ပူဇော်ပဲ့တို့မှလှူဒါန်းကြသည့်ဓမ္မပူဇာနဝကမ္မများကို နိကာယ် ငါးရပ် ပိဋ္ဌကတ် သာသနာတော်အား လှူဒါန်းမတည်၍(၁၃၄၀)ပြည့်နှစ်၊မြန်မာနှစ်ဆန်း တရက်နေ့က "ဝယ်ကျော်ထင်" အထူးကူ ဆရာဝန်ကြီးပါမောက္ခဦးသာလှဉာဏ်ဌအဖြစ်ပါဝင်သော "တိပိဋ္ဌကနိကာယသာသနာပြုအဖွဲ့"ကို ဖွဲ့စည်းစေ၍ ကပ်ပြိုကာရက လှဲအိပ်တော်မူသည်။

"တိပိဋ္ဌက=နိကာယ ကျောင်းတိုက်" ကိုလည်း မိုးမိတ်ကုန်းမြေတွင် ထိုနှစ် ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့ကပင် ဖွင့်လှစ် တည်ထောင်ခဲ့သည်။ ပိဋ္ဌကတ် နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့သည် ဝိနယဓရအရာ ဘေဒဂ်ရရှိတော်မူသော အရှင်ဥပါလိမဟာထေရ် ဥဒါန်းမြွက်ကျူးသည့် "ဝိနယောအာသယောမယ္ဟံ" စသော ဂါထာကို နည်းမှီး အတူယူကာ ပိဋ္ဌကသုံးပုံ နိကာယ်စုံတို့ကို နှုတ်ငုံဆောင်တော်မူကြသည်။

နိကာယော အာသယော မယ္ဟံ၊
နိကာယော ဌာနစင်္ကမံ။
ကပ္ပမိ နိကာယေဝါသံ၊
နိကာယော မမ ဂေါစရော။

ဟူ၍လည်း "သီဟနာဒ"စကား ကြုံးဝါးတော်မူကြသည်။ နွေရောဥပါ ကျက်၊ အံ၊ ကြံ၊ ကြည့်လျက် စိတ်ကို နိကာယ်ထဲမှာထား၊ နိကာယ်အာရုံဖြင့်နေ၊ နိကာယ်အာရုံ၌သာ ကျက်စား၊ ဤသို့လျှင် ဣရိယာပုထ် လေးပါးတို့၌ နိကာယ်ကိုအလစ်မထား စွဲမြဲစွာ အားထုတ်ကြသည်ဖြစ်ရကား—

"သုံးပုံကျမ်းခဲ၊ စစ်မြေထဲဝယ်၊ စွမ်းရဲအောင်မြင်နေကြသည်။နိကာယ်ငါးဦး၊ ပင်လယ်ကူးသို့၊ ကျေးဇူးနှင့်သော်၊ လိုက်ဖက်တော်မူကြသည်။"

ယင်းသို့ ပိဋ္ဌကတ်သူရဲကောင်း သာသနာ့ အာဇာနည် အလောင်းအလျာတို့ ထွက်ပေါ်ရေးအတွက် စောင့်မျော် ကြိုဆိုကြသော "တိပိဋ္ဌက=နိကာယသာသနာပြုအဖွဲ့"ကလည်း အရှင်မြတ်တို့ ပင်ပန်းနွမ်းနယ်ခြင်း မရှိရအောင် ပစ္စည်းလေးဖြာဖြင့် ပြည့်စုံစွာ ပြုစုထောက်ပံ့လျက် ရှိကြလေသည်။

တိပိဋ္ဌက=နိကာယကျောင်းတိုက် ဖွင့်လှစ်သည့် ၁၃၄၀-ပြည့်နှစ်က (၄၇)ပါး၊ ဝါဆိုသီတင်းသုံး, ကြရာ တိပိဋ္ဌကစာမေးပွဲ၊ နိကာယ်စာမေးပွဲများ၌ (၃၇)ပါး ဝင်ရောက်ပြန်ဖြေ(၃၂)ပါး အောင်မြင်

ကြသည်။ ၁၃၄၁-ခု၊ ဒုတိယနှစ်က (၈၂)ပါး ဝါဆိုသီတင်းသုံးရာ၊(၆၈)ပါး ဝင်ရောက်ပြန်ဖြေ၊ (၅၈)ပါးအောင်မြင်ကြသည်။ ၁၃၄၂-ခု၊တတိယနှစ်က(၁၁၃)ပါး ဝါဆိုသီတင်းသုံးရာ၊ (၉၈)ပါး ဝင်ရောက် ပြန်ဖြေ၊အပါး(၉၀)အောင်မြင်ကြလေသည်။

သုံးနှစ်သုံးမိုးအတွင်း တိပိဋကဓရ စာမေးပွဲ၊ နိကာယ်စာမေးပွဲ အောင်မြင်ကြသော ရဟန်းတော်ပေါင်း (၁၈၀)ပါး ရှိသွားပြီဟု သိရပါသည်။ ထို(၁၈၀)အပါးတွင် ဝိသိဋ္ဌ ဂုဏ်ထူးအောင်လည်းပါဝင်၏။ ပိဋကတပုံဆောင် (၃)ပါးလည်း ပေါ်ထွက်လာ၏။ အနာဂတ် သာသနာတော်အတွက် တအားတက်ဖွယ်ပင် မဟုတ်ပါလော....။

"မီးရောင် လ,ရောင်၊ နေအရောင်၊ ဉာဏ်ရောင် လွှမ်းခြုံမိုး။ ပညာရောင်မှာ၊ ပဒေသာ၊ သုံးရာ မကုန်နိုး။"

သုဘရတနာကျမ်းထွက်စကားဖြစ်သည်။ အခါခပ်သိမ်း ထွန်းလင်းခွင့်မရသော မီးရောင် လ,ရောင် နေအရောင်တို့ထက် ပိဋကတ် သူရဲကောင်းတို့၏ သန္တာန်၌ အမြဲတစေ တောက်ပနေသည့် ဉာဏ်ပညာအရောင်သာလျှင် လွှမ်းမိုးနိုင်သည်။ ပဒေသာပင်ကဲ့သို့ လိုရာကို သုံးစွဲ၍မကုန်နိုင် ရှိတော့သည်။

ပိဋကတ်နိကာယ်ဆောင် ပုဂ္ဂိုလ်တို့၏ ပညာဉာဏ် အလင်းရောင် တို့ကြောင့်လည်း သာသနာတော်၏ အမြုတေ မိုးမိတ်ကုန်းမြေ၏ ကျက်သရေဆောင် "နိုင်ငံဦးသျှင် ပညာရောင်" များအဖြစ် ဆိုစမှတ် ပြုကြရတော့မည်သာတည်း။

ဦးဝိစိတ္တသာရာဘိဝံသ

ဆရာတော်သည် သက်ရွယ်ပျိုနုချိုန် (၁၂၉၆-ခုနှစ်)က ရွာပါးကုန်ပစ္စည်းအလား တနှစ်မှတပါး သာ ပေါ်ထွက်သော "အစိုးရ ပထမကျော်" ကို အောင်ခဲ့ပါသည်။ သက္ကသီဟစာမေးပွဲ စာသင်၊ စာချတန်းများတွင်(၁၂၉၅—ခုနှစ်၊၁၂၉၆-ခုနှစ် များက) နှစ်မခြားပဲ နှစ်ကြိမ် တည်းဖြင့် သက္ကသီဟ ရာဇဝင် တခေတ်ဆန်းအောင် ၁-နံပါတ် ကချည်း အောင်မြင်၍ "သာသနာဦးဆောက်ပန်း" ဆိုရသည့် "ဝဠုံသကာ" "အဋ္ဌကထာပြန်အကျော်" ဘွဲ့ကိုလည်း ရရှိသည်။ သက္ကသီဟ စာမေးပွဲသမိုင်းတွင် ဝဠုံသကာ ဘွဲ့ထူးကို ရှေးဦးစွာ ဆွတ်ခူးတော်မူသဖြင့် "အာဒိကမ္မိက ဝဠုံသကာ" ဟူ၍ မော်ကွန်းရေးထိုးခြင်း ခံရသည်။

ပြိတိသျှ အစိုးရ၏ နောက်ဆုံးခေတ် အချိန် (၁၃၀၁) ခုနှစ်က ပထမဦးစွာ ကျင်းပသော အစိုးရ မူးစရိယ စာချတန်း စာမေးပွဲတွင် နှစ်ချင်းစွဲအားဖြင့် ဂုဏ်ထူးသုံးကျမ်းနှင့်တကွ အောင်မြင်၍ "သာသနဓဇသီရိပဝရ မူးစရိယ" ဘွဲ့ခေတ်ကိုထပ်၍ရပါသည်။ အစိုးရ စာချတန်းကား ပါရာဇီကဏ် သုတ်သီလကွန် ဓမ္မသင်္ဂဏီ ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကျမ်းရင်းသုံးကျမ်းအဖြစ် သတ်မှတ်၍ ပါစိတျာဒိ-စသော ပါဠို၊အဋ္ဌကထာ၊ဋီကာကျမ်းများအပါအဝင် နိကာယ်ဂုဏ်ထူး (၆)စုတို့ကို ပြဋ္ဌာန်းထားလေသည်။

ထိုနောက် ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံးဟု ဆိုရမည့် အာဂုံပြန်၊ သဘော ရေးဖြေရသည့် "နိုင်ငံတော် အစိုးရ၏ တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲ" ပေါ်ပေါက် ပြန်ပါသည်။ ဆရာတော်သည် တိပိဋကဓရ စာမေးပွဲတွင်လည်း ဂုဏ်ထူး နှစ်ဆင့်ဖြင့်ချည်း ပထမဆုံးအောင်မြင်ခဲ့ပါသည်။ ၁၃၁၂-ခုနှစ်တွင် ဝိနိယပိဋက၊ ၁၃၁၃-ခုနှစ် တွင် အဘိဓမ္မာ ပိဋကရှေ့ပိုင်း၊ ၁၃၁၄-ခုနှစ်တွင် အဘိဓမ္မာပိဋက နောက်ပိုင်းနှင့် ၁၃၁၅-ခုနှစ် တွင် သုတ္တန်ပိဋကဒီဃနိကာယ် သုတ်သုံးကျမ်းတို့ကို အာဂုံပြန်ဆိုပဲ၊သဘောရေးဖြေပဲနှစ်ရပ်လုံးတို့ဦးပင် နှစ်စဉ်နှစ်စဉ် ဂုဏ်ထူး ၂-ဆင့်စီဖြင့်ချည်း ပြန်ဆို၊ရေးဖြေအောင်မြင်ခဲ့ပါသည်။ ဤသို့အားဖြင့် ပိဋက သုံးပုံ တို့ကို နှစ်အလိုနှင့်အကြိမ်—လေးနှစ်လေးကြိမ် အကျအခံုးလုံးဝမရှိ၊ ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော် မူခဲ့ပါသည်။

အထူးသဖြင့် ဆဋ္ဌသင်္ဂါယနာ အမေး အဖြေ ပြုလုပ်ရာ၌ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားက အမေး(ပုစ္ဆက) ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်၍၊ တိပိဋကဓရဆရာတော်ကအဖြေ(ဝိဿဇ္ဇက) ပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ရာတွင် မေးတိုင်းမေးတိုင်း ဆုတ်ဆိုင်းမရှိ တိကျစွာ ဖြေဆိုတော်မူသဖြင့် "တိပိဋကဓရဘွဲ့တော်နှင့် လိုက်ဖက်တော်မူပါပေသည်" ဟု၍လည်း ပြောမပြီးအောင် ဂုဏ်သတင်း ပျံလွှင့်လျက်ရှိပါသည်။

ဆရာတော်နှစ်ပါးတို့၏ သင်္ဂါယနာ အမေး အဖြေအသံတို့သည် လိုက်ဖူတော်အတွင်းမြည်ဟည်း လျက်နေသည်။ မချွံမကြောက် ခြေသံဟောက် သကဲ့သို့ ဖြစ်သော သင်္ဂါယနာအမေး-အဖြေတရား သံတို့သည် မြန်မာနိုင်ငံ အဝန်း၊ ထိုထက် ကမ္ဘာ့ဝန်းကျင် ပျံ့နှံ့၍ ပဲ့တင်ထပ်မျှ ရှိဆဲပင် ဖြစ်ပါလေသည်။

တချိန်က မိုးမိတ် စေတီတော်များ ကုန်းငြဉ် တိပိဋကဓရ ဆရာတော်အား ဓမ္မပူဇော ယဘင်ပဲ့ ဆင်နဲ့ကြသည်ကို မှတ်မိပါသေးသည်။ ထို့ဓမ္မပူဇော်ပဲ့ဘင် ဖဲ့ဆို ကျူးရင့်ခဲ့ဖူးသော "ဂုဏာဘိတ္ထဝိတ ပင်္ဂလာဘွဲ့" "ဓမ္မဂီတတေးထပ်" ကိုလည်း အောက်ပါအတိုင်း ပုတ်တမ်းတင်လိုပါသည်-

"လက်ယာရံရှင်သာရိကဲ့သို့၊ သင်္ဃာ၏ဘောင်မှာ။
ပညာရှိ ရောင်အငါငယ်၊ အောင်ကမ္ဘာကွန်မြူး။
ပိဋကနှုန်းတင့်ဖန်လျှင်၊ သုံးဆင့်ပြန် ကြီ.ဘဲ့ ဂုဏ်ထူး။

"ဥပါလိ" "ရှင်အာနန်" လို၊ စဉ်လာဟန်ဆင့်ကူး။ သင်္ဂါယနံ ရင့်ကျူးလို၊ တပုဒ်ဖူး ငါးဟန်။ "ဝဋ်သကာ" အာဇိကပါပါ၊ စာပရိစယစွမ်းတဲ့ ရွှေဥာဏ်။

"ထွတ်ဘုန်းမြတ် ပြုစီမံသည်၊ သူ့သီလံ တန်ခိုးဟိတ်ကယ်ကြောင့်။ မိုးမိတ်မင့် စေတီတော်၊ သောင်းလေးရပ်ကျော်။ ရောထိပ်မြင့်ကမ်းပေါ်မှာ၊ ခွင့်လမ်းမျှော် ကိုးဂုဏ်ရှင့်လေး.....။"

သို့ရကား နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က မဖြစ်စဖူး ထူးခြားစွာ အောင်မြင်တော်မူသော ဆရာတော်အား သာသနာတွင် အကြီးမားဆုံးဖြစ်သည့် "ဗုဒ္ဓသာသန(ဝိသိဋ္ဌ)တိပိဋကဓရ၊ (မဟာ)တိပိဋကကောဝိဒ" ဘွဲ့တော်ကို ဆက်ကပ်လှူဒါန်း၍၊ နိုင်ငံတော် အစိုးရကလည်း "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တော်ကို ဆက်ကပ်လေသည်။ ဆရာတော်သည် ထိုဘွဲ့တံဆိပ်တော်များကို ပထမဆုံး ရရှိခဲ့လေသည်။ နိုင်ငံတော် အစိုးရကလည်း ဘွဲ့တံဆိပ်တော်များနှင့် လိုက်ဖက်အောင် "သာသနာ့အောင်လံတော်" အဆောင်အယောင်များနှင့် "ဆင်စွယ်ယပ်ဝန်းတော်"၊ လစဉ်လှူသော ဆွမ်းဆန်တော်ကို လည်းကောင်း၊ တပည့်နှစ်ဦးနှင့်တကွ ကုန်း၊ ရေ၊ လေ သုံးဌာန အထက်တန်းမှ အခမဲ့ စီးနင်းလိုက်ပါနိုင်ခွင့် ရာသက်ပန် (ပတ်စ်) လက်မှတ် များကို လည်းကောင်း လှူဒါန်းဆက်ကပ်လေသည်။

ဆရာတော်သည် ၁၃၁၅—ခုနှစ်ဘွင် တိပိဋကဓရ (ဂုဏ်ထူး) အောပ်မြင်ခဲ့သည်။ ၁၃၁၆—ခုနှစ်တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ထေရာဒါဒ ဆင်္ဃသင်္ဂါယနာစ၍တင်လေသည်။ ကမ္ဘာဦး လူသားတို့သည် နေ-လ ကို တောင့်တကြသကဲ့သို့ မင်းနှင့် တကွ ကိုင်းသားပြည်သူ ဗိုလ်လူ တို့က ဆဋ္ဌ သင်္ဂါယနာ အတွက် တိပိဋကဓရ ပုဂ္ဂိုလ်ကို မျှော်လင့်တောင့်တ နေချိန်တွင် အချိန်မီ တိပိဋကဓရ ပုဂ္ဂိုလ် ဂေါတြန်းလာသဖြင့် အံ့ချီမဆုံး၊ နှလုံးစိတ်ဝမ်း ရွှင်လန်းကြည်နူးကြရသည်။ "ဆဋ္ဌ သင်္ဂါယနာကဲ့အတွက် ပိဋကသုံးပုံဆောင် ဆရာတော် တပါး ထူးခြားစွာပေါ်ပေါက်လာပြီ" ဟု ဝမ်းမြောက် ရွှင်ပျူးကြရသည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲသို့ ထေရဝါဒ နိုင်ငံတို့မှ ကြွရောက်လာကြသော မင်းအစိုးရ သာသနာပိုင်ဆရာတော် သံဃာတော် များ ကလည်း တိပိဋကဓရ ပုဂ္ဂိုလ် တပါး ထူးခြားစွာ ပေါ်ထွက်လာ၍ ဝမ်းသာမပြီး၊ အံ့ချီးမဆုံး ဖြစ်ကြရသည်။

ပြည်သူချစ်သော ဆရာတော်

ယေဘုယျအားဖြင့် ဉာဏ်ပညာ လွန်ကဲနေလျှင် သဒ္ဓာဘက်တွင် လျော့နည်းတတ်ပါသည်။ ဆရာတော်ကား ပညာပါရမီ ထူးချွန်ကြီးမားသည်နှင့် အမျှ သဒ္ဓာလည်း ထက်သန်လေသည်။ ပညာနှင့် သဒ္ဓာ ချိန်ခွင်လျှာလို ထားသည်။ ရှေကောင်းတို့ မည်သည် အပေါ်ယံနှင့် အတွင်းသား မခြားဟူသို့ ဘိသို့ ပညာနှင့်သဒ္ဓာ နှိုင်းချိန်မျှတစွာ ဆောင်ရွက်လေ့ရှိသည်။

"ပုဂ္ဂိုလ်တွက် ရေ၊ ရာကုဋ္ဌေတွင်၊ ရှာဖွေပတ်နှောက်၊ သဒ္ဓါပေါက်သည်၊ တယောက်ရဲရဲ၊ ထွက်မည်ခဲ၏။"

ကုဋ္ဌေ အရာ၊ အထောင်သော ပုဂ္ဂိုလ် တို့ တွင် ပညာနှင့်သဒ္ဓာစွယ်စုံရှိသော ပုဂ္ဂိုလ်မျိုး အရှပ်ဆယ် မျက်နှာ ဝန်းကျင်ပတ်နှောက် ရှာဖွေ သော်လည်း တယောက် တလေ ပေါ်ပေါက်လာရန် အလွန် ခဲယဉ်းသည်ဟု အထက်ပါ လက်ာအရ အဓိပ္ပာယ် ဖွင့်ဆိုရုံလေသည်။

ဆရာတော်သည် ပညာနှင့် ရင်းနှီးရသောခြေးခဲ့ စာကို သဒ္ဓာ အရင်းခံလျက် တိပိဋကတ=နိကာယ သာသနာတော်အတွက် ရက်ရောစွာလှူခဲ့လေသည်။ အနာဂတ် သာသနာတွင် မိမိကဲ့သို့ ပိဋကသုံးပုံ ဆောင် ကိုယ်စား ထွန်းကား ပေါ်ပေါက် ဇလိုသော မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် သာသနာ့ အမွေ ဖြစ်စေရန် ပြုစု ပျိုးထောင်ခြင်းလည်း ဖြစ်သည်။ ဤမျှကြီးကျယ်သော တိပိဋက=နိကာယ သာသနာပြု လုပ်ငန်း အောင်မြင်ရေး ရှေးရှုလျက် ဇွဲလုံ့လကြီးစွာ ထားရှိလေသည်။ သာသနာ့သမိုင်း တွင် မော်ကွန်းတင်လောက်အောင် ဆောင်ရွက်ရာ၌ လမ်းစဉ် ကောင်းကို မီးမောင်းထိုးပြ သကဲ့သို့ ဖြစ်ပါသည်။ ပညာနှင့် သဒ္ဓာ အခွင့်အခါကို ကြည့်၍ သုံးစွဲရန်လည်း နမူနာပြုထားလေသည်။

ပညာရှုံ့ ဂုဏ်ဖြင့် မည်မျှပင် သင်းထုံ လှိုင်နေစေကာ အတိပဏ္ဍိတ "ဥဒ္ဒတိမာန်" ရှိနေလျှင်၊ "ရန်ကြိုင်မြူး၊ ဆပ်သွားဖူး၊ ဆူး၏အတွက်၊ ပျားမမက်" ဆိုသကဲ့သို့ ပညာဂုဏ်မာန်မရှိစေရန်လည်း စံပြတော်မူပေသည်။

ဆရာတော်သည် လုံလ ဝီရိယဘက်၌ လွန်ကဲ တော်မူသည်။ ဒီမိုင်းဆိုက် (၃)တဲ့ (ဂ)အုပ် "မဟာ ဗုဒ္ဓဝင်ကျမ်းကြီး" ကိုလည်း ပြုစု စီရင်ခဲ့ရာ စာ မျက်နှာ အများဆုံးနှင့်အကြီးဆုံး စာအုပ်ကြီးဖြစ်၍ ထူးခြားပြောင်မြောက်လေသည်။

ဆရာတော်သည် သာသနာဝင် ဂိုဏ်းအသီးသီး မှ ဆရာတော် သံဃာဘောဂများနှင့် တွေ့ကြုံရာတွင် "မြွှစွယ်ကျိုးမျှ" နိဝါတဖြင့် ဆက်ဆံဘော်မူသည်။ ယုတ်စွအဆုံးရှင်သာမဏေကလေးများကိုပင် ချီးသာ ပျော့ပျောင်းစွာ တယုတယပြုလေ့ရှိသည်။ လူပုဂ္ဂိုလ် ဘက်တွင်လည်း အလွှာ မရွေး၊ အဆင့် အတန်းမရွေး "သူ၏သဘောကိုလိုက်လျောညီထွေ" ဆက်ဆံဘော်မူလေသည်။

ပုဂ္ဂိုလ်အတန်းအစားမရွေး၊ လူမျိုးမရွေး ဆရာ တော်နှင့် တွေ့ကြုံရလျှင် နှလုံးစိတ်ဝမ်း ငြိမ်းချမ်း အေးမြကြသည်။ သာသနာ့ဝတ္တရားဝန်နှင့် လူသားတို့ ၏ တာဝန်များကို အကျိုးပြု ဆောင်ရွက်နေသော ဆရာတော်အား မမှိတ်မသုန် ယုံကြည်လေးစားကြ သည်၊ အားကိုးနေကြသည်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ် တိုင်းက ဆရာတော်အားချစ်ကြည်ကြင်နာကြသည်။ ထို့ကြောင့် ပြည်သူတွေ ကြည်ညို လေးစားခြင်း ခံယူရ၍ "ပြည်သူချစ်သော ဆရာတော်"၊ "ပြည်သူ့ ဆရာတော်" ဟူ၍သာ ဆိုလိုက်မျှင်ပါတော့၏။

ဆရာတော်၏ နက်ရှိုင်း ကြီးမားသော ဂုဏ် ကျေးဇူးဘုံတင်း အကျော်အစောဖြစ်နေခြင်းကား သာသနာခေတ် နှစ်ငါးထောင်ပတ်လုံး တည် နေမည်သာ ဖြစ်ပါလေသတည်း။

"အရှည်မကြာ၊ ဤခန္ဓာကား၊ ဝရာ အနှစ်၊ ကိုယ်၌ဖြစ်သား၊ ပြန်စစ်နှိုင်းလျော်၊ ကျေးဇူး တော်မူ၊ ကျိုးကျော်ကုန်ခန်း၊ ကမ္ဘာကျန်းလည်း၊ ဥဒါန်းမကျေ၊ လူ့မြေနယ်ရပ်၊ ပဲ့တင်ထပ်လိမ့်...."

(ဝိဇ္ဇရာဂျိုမှ)

လယ်တီ ဦးလှပိုင်

အာရုမောဒနာ (ဖုန်)ဆုတောင်း

ဦးနု (ဝန်ကြီးချုပ်ဟောင်း)

မင်းကွန်း တိပိဋကာ=နိကာယသာသနာပြုအဖွဲ့၏ "ပထမသုံးနှစ်ခရီး" စာစောင်တွင် ပါဝင်ရေးသားရန် ကျွန်တော်အား မေတ္တာရပ်ခံခြင်းအတွက် အဖွဲ့ကြီးအား ကျွန်တော် မျှားစွာ ကျေးဇူး တင်ရှိပါသည်။

သို့သော် ကျွန်တော့်မှာယခုအခါ "ပိဋကာဘာသာပြန် စာပေဖြန့်ချီရေး" အဖွဲ့၏ လုပ်ငန်းတာဝန်များဖြင့် မျှားစွာအလုပ်များနေပါ၍ အချိန်မရရှိပါသောကြောင့် ဤစာကို အကျဉ်းချုပ်မျှဖြင့် အမြန်ရေးပို့လိုက်ရခြင်း ဖြစ်ပါသည်။

နိုင်ငံတော် သံဃ မဟာ နာ ယ က အဖွဲ့ ကြီး ၏ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိပိဏ်ဃဋ္ဌက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ဂုဏ်ပေါင်း များစွာတို့ကို အများ ပြည်သူပြည်သားများ သိရှိကြပြီး ဖြစ်ပါသည်။ ကျေးဇူးရှင်သာသနာ့အာဇာနည် ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်—အစရှိသော ဂုဏ်ပေါင်းများစွာတို့ကို ကျွန်တော်များ အားလုံး အထူးကြည်ညို ပူဇော်ခွင့် ရရှိကြပါ၍ ကျွန်တော်များအဖို့ များစွာ အကျိုးထူးလှပါသည်။

ပိဋကသုံးပုံကို ပထမဆုံး အာဂုံဆောင်နိုင်သော သာသနာ့အာဇာနည်မှာ ၁၉၁၅-ခုနှစ်က ရှားရှားပါးပါး ထူးကဲစွာ တပါတည်းသာ ပေါ်ထွန်းခဲ့ပါသည်။ ထိုအရှင်မှာ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ပင် ဖြစ်ပါသည်။ ဤ မထေရ်မြတ် ပေါ်ထွန်းလာခြင်းမှာ ဝမ်းသာကြည်နူးရခြင်း အဖြစ်ဆုံး ကုသိုလ်မင်္ဂလာကြီး တရပ်ပင် ဖြစ်ပါပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရား အနေဖြင့် ပရိယတ္တိ သာသနာသည် ဗုဒ္ဓသာသနာတော်၏ အခြေအမြစ် ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်တော်မူသည့်အလျောက် ဆရာတော်ဘုရား ကိုယ်တိုင်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် အောင်ပန်းသရဖူကို ပထမဆုံး အောင်မြင်စွာ ဆွတ်ခူးခဲ့ပါသည်။

မိမိကိုယ်တိုင် ဆွတ်ခူးခဲ့ပြီးရုံမျှဖြင့် အားရ တင်းတိမ်တော်မမူပဲ မိမိကဲ့သို့ သာသနာ့အာဇာနည်များ ဆက်လက်ပေါ်ထွန်းလာစေရန် အမြော်အမြင် ကြီးမားလှစွာသော ရည်ရွယ်ချက်ဖြင့် မိမိ၏တိပိဋကဓရ ဆွမ်းဆန်တော် လစာ၊ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် နှစ်စာများကို မ,တည်၍ "တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီး" ကို ဖွဲ့စည်းခဲ့ပါသည်။

ဆရာတော်ဘုရား အနေဖြင့် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များ ကုန်းမြေ၌ တိပိဋကတ= နိကာယကျောင်းတိုက်ကြီးကို ၁၃၄၀-ပြည့်နှစ်တွင် ဖွင့်လှစ်ပြီးလျှင် တိပိဋကတ= နိကာယ သာသနာပြုအဖွဲ့ကြီးအား ကပ္ပိယကာရက အဖြစ် လဲ့ အပ် ကာ ပရိယတ္တိသာသနာတော်ကို ထူးကဲအောင်မြင်စွာ ပြုစုပျိုးထောင်နိုင်ခဲ့ပါသည်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကတ= နိကာယကျောင်းတိုက်ကြီး ဖွင့်လှစ်သည့် ၁၃၄၀-ပြည့်နှစ်မှစ၍ ကျောင်းနေ စာသင် သံဃာတော်များ ဒီဂရေအလား တိုးပွားခဲ့သည်မှာ အထင်အရှား ဖြစ်ခဲ့ပါသည်။ ပထမနှစ်တွင် စာသင်သား သံဃာတော်(၄၇)ပါးမှ စခဲ့၍ ဒုတိယနှစ်တွင်(၈၂)ပါး၊ တတိယနှစ်တွင်(၁၁၃)ပါးအထိ သိတင်းသုံးတော်မူကြလျက်ရှိပြီး ဆရာတော်ဘုရား၏ ဩဝါဒနည်းပေးချက်ကို ခံယူတော်မူကြလျက် တနေ့လျှင် ၁၂-နာရီစာကျက်၊ စာအံ၊ စာကြံ၊ စာကြည့်တော်မူကြကြောင်း သိရှိရပါသည်။ ဤသို့သော ဆရာတော်၏ အမြော်အမြင် ကြီးမားမှုနှင့် ဗုဒ္ဓသာသနာတော် အစွန့်ရှည်စွာ တည် မြဲ ပြန့် ပွား ရေး အတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများကို ကျွန်တော် လှိုက်လှဲစွာ ဂုဏ်ပြုချီးကျူးပါသည်။

ထိုကျောင်းတိုက်ကြီးတွင် ပိဋကသုံးပုံ နိကာယ ငါးရပ်တို့ကို အသီးသီး ကျက်၊အုံ၊ကြံ၊ကြည့်နေကြသော သာသနာ့အာဇာနည် အလျာ စာဖြေသံဃာတော်များသည် ဆွမ်းကွမ်း ဝေယျာဝစ္စ အတွက် မကြောင့်ကြမဲ့ ပိဋကတ်=နိကာယ်ကျမ်းစာများကို စိတ်အေးချမ်းသာ တည်ငြိမ်စွာ လေ့လာကျက်မှတ်နိုင်ကြပါ၍ နိုင်ငံတော်အစိုးရသာသနာရေးဝန်ကြီးဌာန တိပိဋကဓရ ရွှေးချယ်ရေး အဖွဲ့မှ နှစ်စဉ် ကျင်းပပြုလုပ်အပ်သော တိပိဋက စာမေးပွဲ (နှင့်) နိကာယ်သာသနာတော် ထူန်းကားရေး အသင်းကြီးမှ နှစ်စဉ် ကျင်းပပြုလုပ်အပ်သော နိကာယဘာဏကနှင့် နိကာယဓမ္မာစရိယ စာမေးပွဲကြီးများတွင် ဘနှစ်ထက်တနှစ် ပိုမိုများပြားစွာ အဆင့်အတန်း မြင့်မြင့်ဖြင့် ဆရာကောင်းတပည့်ပီသစွာ အောင်ပန်း သရဖူကို ဆွတ်ခူးနိုင်ကြသည့် အတွက် ကျွန်တော်များစွာဝမ်းသာကြည်နူးကုဏ်ပြုချီးကျူးမိပါသည်။

ယမန်နှစ်က ကျွန်တော်ကိုယ်တိုင် မိုးမိတ် ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်ကြီး ပရိဝုဏ်အတွင်းရှိ "ဥရတုပိဋကတ်တိုက်တော်သစ်" ဖွင့်ပွဲသို့ တက်ရောက်နိုင်ခဲ့ပါ၍ ဆရာတော်ဘုရား အမှူးပြုသော သာသနာ့ အာဇာနည်များကို ဖူး မြော် ခွင့် ရရှိပါသောကြောင့် များစွာမှပင် စိတ် ကြည် နူး ကြည်ညို ကုသိုလ်သဒ္ဓါတရား ပွားများခဲ့ရပါသည်။

မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ ထူးကဲစွာ အောင်မြင်သော ဆောင်ရွက်မှုများကို မင်းကွန်းတောင်ရိုး၊မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေနှင့်တကွ ရန်ကုန်မြို့ နယူးလင်းလမ်းတွင် ခမ်းနားတင့်တယ်စွာ တည်ဆောက်ထားသော သာသနာ့ အဆောက်အအုံများက ထင် ရှား စွာ သက်သေတည်လျက် ရှိပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပရိယတ္တိသာသနာထွန်းကားရေးတွင် အဖွဲ့ကြီး၏ ထူးကဲသော အောင်မြင်မှုများကို နိုင်ငံတော်အစိုးရ၏ တိပိဋကဓရနှင့် နိကာယ်သာသနာ ထွန်းကားရေး အသင်းကြီး၏ နှစ်စဉ်"စာဖြေသံဃာတော်များအောင်စာရင်း"က ထင်ရှားစွာ သက်သေတည်လျက် ရှိပါသည်။

ဗုဒ္ဓမြတ်စွဲ သာသနာတော်ကြီး ထွန်းကားတိုးတက် ပြန့်ပွားရေးတွင် အဓိကအချက်အချာဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းကားရေးကို ထူးကဲမြင့်မြတ်အောင်မြင်စွာ စွမ်းဆောင်နိုင်သော တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး အသက်ရာကျော် ရှည်ပါစေရန်(နှင့်) ဆရာတော် ကြီးမှူးသော မင်းကွန်းတိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ လုပ်ငန်းဆောင်ရွက်မှုများအားလုံး ဆတက် ထမ်းပိုး ဆက်လက် တိုးတက် အောင်မြင် ပါစေရန် ကျွန်တော် အထူးကြည်ညို သဒ္ဓါ လေးမြတ်စွာဖြင့် ဆုတောင်းမေတ္တာတင်ဆက်ပူဇော်ပါသည်ခင်ဗျား။ ။

မင်းကွန်းရောင်ခြည်သုံးစေတီ

အိုးဝေဦးညိုဖြူ



ဘိုးတော်ဘုရားခေါ် ဗဒုံမင်းသည် နန်းတက်ပြီး ၁၀-နှစ်ခန့်ကြာသောအခါ (၁၁၅၂) ခုတွင် အညာ "မင်းရွာ" သို့ ထွက်တော်မူ၍ ထိုအရပ်ကို "မင်းကွန်း"ဟု သမုတ်တော်မူလျက် ပုထိုးတော်ကြီးကို စ,တင်အုတ်မြစ်ချသည်။ ရောဝတီမြစ်တွင်းရှိ "နန်းတော်ကျွန်း" တွင် ယာယီနန်းတော် တည်ဆောက်ကာ ဘုရင်ကိုယ်တော်တိုင် ကုသိုလ်ရေးဌာနကြပ်မတ်ကြိုးပမ်းတော် မူခဲ့သည်။ ဗုဒ္ဓဘာသာလောကဌာ အကြီးဆုံးသောစေတီ၊အကြီးဆုံးသောခေါင်းလောင်းနှင့် အကြီးဆုံးသော ခြသေ့ကြီးများကို ရှုပ်လုံးဖော်ခဲ့သည်။

ဗဒုံမင်းအနေဖြင့် ရခိုင်ပြည်ကို သိမ်းပိုက်ပြီးစီးချိန်တွင် အာသံပြည်မှ ယိုးဒယားအထိ ကျယ်ပြန့်သော "ကုန်းဘောင်အင်ပါယာကြီး"ကို စိုးပိုင်လေသည်။ ထို့ကြောင့် ကောဇာမင်းတို့နှင့် လျော်ညီသော ကြီးကျယ်သည့် အဆောက်အအုံများ နေပြည်တော်ဝန်းကျင်တွင် ရှိသင့် ရှိထိုက်သည်ဟု ယူဆတော်မူ၏။

ထိုခေတ်က မြန်မာမင်းတို့သြဇာလွှမ်းပုံကို ဟင်းသင်းမင်းကြီး ရေးထုံးသော မင်းဇန်း ခေါင်းလောင်းစာ၌ ပါရှိသည်မှာ—

(မဇ္ဈိမတိုက်၊ ဝေသာလီပြည်
လိစ္ဆဝီမျိုး၊ မင်းမြေးမင်းမြစ်
ရင်သွေးစစ်ကို၊ ဆက်သသဖြင့်
ကိုးရာဝန်းပိုက်၊ တိုက်လုံးတုန်လှုပ်ခြင်း၊
ကျော်ပုဂံ၊ စန္ဒပူရီ
လင်းဇင်း၊ ယိုးဒယား
ကောလီ၊ ဇာစည်၊ ချင်းပြည်
ဗာဂံလိပ်၊ ကာလကဏ္ဍား
ဘင်္ဂလား၊ ဂရုဝန္တာ

သီစံပန္နာရပ်၊ အက္ကပတ်
မျည်းထဲ-အစရှိသော
နိုင်ငံဝေးနိုး၊ ပိုင်းခြားသီးသော
မင်းတို့သည်လည်း၊ ဆင်ကြီးမြင်းကြီး
သမီးကညာ၊ ပဏ္ဏာမပြတ်
ဆက်ကပ်ခြင်း) ဟူ၍ဖြစ်၏။

ဘုရားကြီး

ဘိုးတော်ဘုရားအနေဖြင့် ထိုပုထိုးတော်ကြီးကို ပေ-၅၀၀တိတိ မြင့်မားစေမည်ဟု ရည်မှန်းခဲ့သည်။ ရှေတိဂုံစေတီထက် ပေ-၂၀၀-ခန့် ပိုမိုမြင့်မားသော ထိုစေတီကြီးကို တရုတ်ပြည်မှ မြင်နိုင်စေမည်ဟုလည်း မျှော်လင့်ခဲ့သည်။

ထိုဓစတီအနီး၌ ၁၅-ပေမြင့် ပုံစံစေတီတော် ကလေးတဆူရှိရာ ထိုအတိုင်း ဆောက် လုပ် ခဲ့ ကြသည်။ ပုထိုးတော်ကြီး၏ အောက်ခြေပစ္စယံကား ပေ(၄၅၀)အဝန်းရှိ၏။ ၁၀-နှစ်ကြာမျှ ဆောက်လုပ်သောအခါ ၁၆၅-ပေအမြင့်ရှိသော အောက် ပိုင်းဗိမာန် ပြီးစီးခဲ့လေသည်။ တိုင်းပြည်အရပ်ရပ်မှ လူထုအင်အားဖြင့် တည်ဆောက်ရာတွင် ကြာလတ်သော် များစွာ ပင်ပန်းကြလေသည်။ ထိုအတောအတွင်း (ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်) (မင်းကွန်းဘုရားကြီးအပြီးသတ် - မုဆိုးသုညကပ်) ဟူသော တဘောင်များပေါ်လာသဖြင့် ဘိုးတော် မင်းတရားက အပြီးတိုင် ဆောက်လုပ်ရေးကို ပယ် ဖျက်လိုက်လေသည်။

အာရှ ဗိသုကာ သမိုင်းစာအုပ်၌ "မာဂူဆင်" ဆိုသူက ရေးသားရာ (မင်းကွန်းပုထိုးတော်ကြီး သည် ယခုကဲ့သို့ ပျက်စီးယိုယွင်းသော အခြေအနေ၌ပင် အလွန်ထုထည်ကြီးမားလျက် ခန့်ညားသော အုတ်ဗိမာန်ကြီးတခု ဖြစ်နေပေသည်။ အီဂျစ်ပြည်၌ ရှေးဘုရင်တို့၏ "ပိရမစ်" ခေါ် ကျောက်ဂူတွင်းများ ဆောက်လုပ်ခဲ့ကြသည်မှ စ၍ ဤမျှကြီးမားသော အဆောက်အအုံမျိုးကို မည်သည့်အရပ်တွင်မျှ ဆောက်လုပ်ခြင်း မပြုခဲ့ကြပေ။ ၁၉-ရာစု နှစ်၌ မြန်မာဘုရင် ကောင်းမှုဖြစ်သော ဤအုတ်စေတီမျိုးကား ဤကမ္ဘာ၌ ရှာမှရှားသည်ဆိုရာ၁ပမည်) ဟု ဆို၏။

ခြင်္သေ့ကြီး

ဘိုးတော်မင်းတရားရှိစဉ်က ထိုဘုရားကြီးအရှေ့ ဘက်မုခ်မှ မြက်ဆိပ်ဆီသို့ စောင်းတန်းရှိခဲ့သည်။ ထို စောင်းတန်းထိပ် မြစ်ဆိပ်ကမ်းနားတွင် "အုတ်ခြင်္သေ့ ကြီး" နှစ်ကောင်ရှိရာ အရပ်သံတောင် (၆၀)မြင့် သည်။ ရှင်ဘုရင်က ထိုခြင်္သေ့ကြီးများကို ရှစားတော် မူချိန်တွင် အမတ်ကြီး ဦးပေါ်ဦးလည်း နောက် တော်က ပါလာသည်။

ဦးပေါ်ဦးက ထိုခြင်္သေ့ကြီးများ အကြားတွင် အပန်းဖြေယင်း (လည်တိုင်ရှည်သည်၊ ဦးခေါင်း သေးသည်၊ ခံတွင်း ပြဲသည်၊ တင်ပါးဆုံ ချွန်သည်) စသော အပြစ်များကို ထင်မြင်မိ၍ ကဲ့ရဲ့လို၏။ ထို့ ကြောင့် "ဒီခြင်္သေ့ကြီး နှစ်ကောင်ကလဲဗျာ လုပ် ထားလိုက်တာ" ဟု နိဒါန်းပျိုးသည်။

ဤတွင် ဘဝရှင်မင်းတရားကြီးက ဝင်၍ "ဟဲ့.... ပေါ်ဦး၊ မောင်မင်းက ငါ့ခြင်္သေ့ကို အဘယ်သို့ကဲ့ရဲ့ မည်နည်း" ဟုမိန့်တော်မူရာ ဦးပေါ်ဦးက တမူဟုတ် အတွင်း ဇဝနဉာဏ်ဖြင့် တင်လျှောက်သည်မှာ.... "ဒီခြင်္သေ့ကြီးနှစ်ကောင်ကို မာန်ပါစွာဖန်တီးထား သဖြင့် ရောဝတီအရှေ့ဘက်ကမ်းသို့ ခုန်လိုက်တော့ မလိုလို မှတ်ထင်မိပါသည် ဘုရား" ဟူ၍ ဖြစ်၏။ ထိုအခါ မင်းတရားကြီးက "ခွေးမသား၊ မောင် မင်းက တယ်လဲကတ်နိုင်သကိုး" ဆိုကာ များစွာ ရယ်မောတော်မူလေသည်။

ယခုတိုင် ထိုခြင်္သေ့ရုပ်ကြီးများ၏ အစိတ်အပိုင်း များ ကျန် ရှိ နေ သေး၏။ ဦး ခေါင်း ပိုင်း ကား ရောဝတီမြစ်ကို ခုန်ကူးသွားကြလေသလား မပြော

သားမက ယခုအခါကမ္ဘာ၌ ဒုတိယအကြီးဆုံးဘုရား နာမည်ရနေပေသည်။ ရုရှားပြည် မော်စကိုမြို့ နန်းမြို့ရိုးအတွင်း၌ သူ့ထက်နှစ်ဆပိုကြီးသော ခေါင်းလောင်းရှိနေ၏။ သို့သော် ထိုရုရှားခေါင်းလောင်းမှာ မြေစိုက်ဖြစ်လျက် မင်းကွန်းခေါင်းလောင်းလိုတီးခတ်၍မရချေ။ အသံထွက်သော ခေါင်းလောင်းများအနက် အင်္ဂလန်ပြည် စိန်ပေါ ဘုရားရှိခိုးကျောင်းအတွင်းရှိ ခရစ်ယာန် ခေါင်းလောင်းကြီးထက်ကား မင်းကွန်းက ၁၄-ဆပို၍ကြီးမားသည်။

အမှန်မှာ ဘိုးတော်မင်းတရားက မင်းကွန်း၌ "ကြီးလေးကြီး" ဖန်တီးခဲ့ရာ မိုင်ပေါင်းများစွာ ကျယ်ဝန်းသော (တဘက်ဆည်) ကန်တော်ကြီးလည်း ရှိပေသေးသည်။ ထိုကန်ကား ယခုအခါ တိမ်ကောကာ ကွင်းပြင်အဖြစ်သို့ရောက်ရှိနေလေပြီ။

ဘိုးတော်မင်းတရားသည် သူ၏နန်းစံနှစ်ပေါင်း ၄၀-တွင် အနှစ် ၂၀-ခန့် မင်းကွန်းနန်း၌ စံမြန်းခဲ့သည်။ ၁၁၆၂-ခုနှစ်မှစ၍ အမရပူရမြို့တော်၌ သားတော် ရဲဝိုင်နိုင် အိမ်ရှေမင်းကို ရှင်ဘုရင်၏ ကိုယ်စား စီမံအုပ်ချုပ်ရန် တာဝန်လွှဲအပ်ထားလေသည်။

မင်းကွန်း နန်းတော်ကျန်း၌ပင် နိုင်ငံခြား သံတမန်များကို လက်ခံသည်။ ပဲခူးမှ (နီဗွန်ပစ္စယနာဂ) ဆင်ဖြူတော်ကို မင်းကွန်းသို့ဆောင်ခဲ့သည်။ အဖျင် မိဖုရားခေါင်ကြီး "မယ်လွမ်းမယ်" နှင့် ဘုရင်၏အကြီးတော်(ငယ်ဆရာ)တွင်းသင်းမင်းကြီး "မဟာစည်သူ"တို့သည် မင်းကွန်း၌ပင် ကွယ်လွန်ကြသည်။ အရပ်ရပ်မှ ဆက်သသော သမိုးကညာတို့ကို မင်းကွန်း၌ပင် လက်ခံတော်မူသည်။

ရှင်ဘုရင်က အကြီးဆုံးစေတီ တည်ဆောက်ချိန်တွင် အခြားသောနန်းတွင်းသူ သားတော် သမီးတော်များကလည်း ထိုအရပ်၌ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည်။ သို့လျှင် ပုထိုးတော်ကြီး၏ မြောက်ဘက် အိမ်ရှေမင်းသား၏ "မြသန်းတန်" စေတီ ပေါ်ပေါက်ခဲ့သည်။ ထို့အတူ ပုထိုးတော်

တတ်ပေ။ အကြောင်းအကျိုးမျှားပင်လျှင် ခြင်္သေ့လောကဋ္ဌ အကြမ်းဘကျယ်ဆုံး ဖြစ်နေပေသည်။

ခေါင်းလောင်းကြီး

တတိယ အံ့ချီးဖွယ်ရာဖြစ်သော ခေါင်းလောင်းတော်ကြီးကို နန်းတော်ကျန်း၌ ပန်းတင်းဝန်"မဟာနန္ဒကျော်သူ"က ကြပ်မတ်၍ သွန်းလုပ် ရာတွင် ကြေးချိန်ပိသာပေါင်း (၅၅၅၅၅) ထည့်သွင်းရသည်။ ထိုဂဏန်းကို လွယ်ကူစွာ မှတ်သားနိုင်ရန် ('မင်းဖြူမှန်မှန်ပြော') ဟူသော ဆောင်ပုဒ်တခု တီထွင်ခဲ့သည်။ ထိုခေါင်းလောင်း ကြီးနှင့် ပတ်သက်သော အခြား ဂဏန်းသင်္ချာတို့ကား....

၁၀... (၁၁)တောင်(၄)သစ်၊
လုံးပတ်....(၃၃)တောင်(၁)မိုက်(၄)သစ်၊
အစောက်....(၁၁) တောင်(၁)မိုက် (၄)သစ်၊

ယခု အတိုင်း အထွာများနှင့် ရေတွက်သော် အမြင့် ၁၂-ပေ၊ အဝ ၁၆-ပေ ၃-လက်မ၊ အထူမှာ ၆-လက်မမှ ၁၂-လက်မ၊ အလေးချိန်မှာ တန် ၆၀-ရှိ၏။

၁၇၉၀-ပြည့်နှစ်က သွန်းလောင်းခဲ့သော ခေါင်းလောင်း ကြီးမှာ ၁၀၃၀-ခု မြေလျှင် ကြောင့် မြေသို့ကျခဲ့သည်။ အနည်းငယ် နေရာရွှေကာ ကြေး(၅)ပိသာခန့် ပဲ့သွားသည်။ ၁၉၀၄-ခုနှစ်တွင် ရောဝတီသဘော်ကုမ္ပဏီမှ စကော့တလန်လူမျိုး အရာရှိတဦးက မူလသစ်သားရက်မကို သံရက်မနှင့် ပြောင်းလဲ တပ်ဆင်ပေးခဲ့သည်။

ယခုအခါ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်သဖြင့် အမိုးပြာသာဒ် သုံးဆင့်၊ တိုင်ပေါင်း(၁၆)ရှိ ဘုံပိမာန် အတွင်းဝယ် ထိုက်တန်စွာ ဆွဲချိတ်ထားရှိပေသည်။ ကုသိုလ်ရှင်တိုင်း ခေါင်းလောင်းထိုး အမျှဝေနိုင်ပေသည်။

ဘိုးတော်ဘုရား၏ ကြီးလေးကြီးအနက် မပျက်မစီး ကျန်ရှိသည်မှာ ဤခေါင်းလောင်း ဖြစ်သည်

ကြီး၏ တောင်ဘက် ၂-မိုင်ခန့် ရောဝတီမြစ်ကမ်း ၌ပင် (မယ်တော်မိုးမိတ်မိဖုရားကို အမှူးပြု၍) သား တော်ကြီး "လှတ်တက်မဟာဓမ္မရာဇာ" ဘွဲ့ခံ "မင်းရဲ ရွှေတောင် မိုးမိတ်မင်းသားကြီး" ၏ ကောင်းမှု စေတီတဆူ ရှိနေပေသည်။

မြသိန်းတန်စေတီ

မင်းကွန်း ခေါင်းလောင်းကြီး၏ မြောက်ဘက် ဂိုက် ၅၀၀-ခန့်အကွာ၌ "မြသိန်းတန်" စေတီတော် တည်ရှိသည်။ ထိုစေတီမှာ မြန်မာပြည်၌ အချို့ အစား ကျနလျက် အသပွာယ်ဆုံးဟုပင် သမုတ်ထိုက် ပေသည်။ ပုဂံမြို့ရှိ အာနန္ဒာစေတီလောက် မကြီး ကျယ်ပါ။ သို့သော် တည်ထားပုံမှာ မျှားစွာသပ်ရပ် ပြေပြစ်ပေသည်။

ထိုစေတီကို "ရှင်ဖြူဘုရား" ဟူ၍လည်း ခေါ် သည်။ မူလအမည် ဖြစ်သည်။ အလောင်းစည်သူ တိုင်းခန်းလှည့်လည်၍အပြန် ထိုအရပ်၌ ဖောင်တော် နားနေ၍ "ရှင်ဖြူဘုရားတဆူ" တည်ဆားပူဇော်စေ သည်။ ထို့ရှင်ဖြူဘုရားကို ထိုခေတ်က ထိုအရပ်နေ ကလံသံပျင်အမတ်တို့ ရောဝတီမြစ်ကမ်းထိပ် (ယခု နေရာ) တောင်ကုန်း၌ သစ်သားတန်ဆောင်းဖြင့် တည်ထားပူဇော်ကြ၍ "ရှင်ဖြူဘုရား" ဟူ၍ အမည် တွင်သည်။ တနည်းအားဖြင့် အလောင်းတော် ဆင်ဖြူတော်ဖြစ်စဉ် တခုသောဘဝ ထိုနေရာတောင် ကုန်း၌ ကျင်လည် ကျက်စားခဲ့သည်ကို အစွဲပြု၍ ထိုတောင်ကို "ဆင်ဖြူတောင်" ဟူ၍ လည်းကောင်း၊ ထိုတောင်၌ တည် သော ကြောင့် စေတီတော်ကို "ဆင်ဖြူဘုရား" ဟူ၍လည်းကောင်း ခေါ်ဆိုသမုတ် လေသည်။

ဘိုးတော်မင်းတရားလက်ထက် မင်းကွန်း ပုထိုး တော်ကြီးကို တည်သောအခါ မြေးတော် စစ်ကိုင်း မင်းသားသည် ဘေးလောင်းတော်၏ ကောင်းမှု ရှင်ဖြူဘုရား၏ တန်ဆောင်းဘော် ထိုတောင်ကုန်း ပေါ်၌ ပျက်စီးယိုယွင်းနေသည်ကို အသစ်တဖန် မွမ်းမံ တည်ဆောက်လိုကြောင်း လျှောက်တောင်း ခွင့်ပန်သောအခါ ဘိုးတော်မင်းတရားက "သစ် သားဖြင့် ဆောက်လုပ်လျှင် နှစ်မကြာခင် ပျက်စီး ယိုယွင်းမည်ဖြစ်၍ အုတ်အင်္ဂတေဖြင့် တည်ဆောက် ရန်" အမိန့်ရှိသဖြင့် ထိုနေရာ၌ ရှိရင်းအောက်ခံ "ဆင်ဖြူတောင်"ကို ခုတ်ထွင်ရှင်းလင်း၍ ယနေ့ တွေ့မြင်ရသော ပုံစံအတိုင်း တံတိုင်းမီးတားကို စကြဝဠာတောင်ပုံ (ဝိုင်းလျက်) အလယ်၌ သီဒါ ခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ် တရှေ့ရှေ့မြင့်ကာ မြင့်ကာ ပတ်လျက် ယုဂန္ဓိုရ်တောင်နှင့် အလယ် မြင်းမိုရ်ဘောင်အကြား ရင်ပြင်တော် ထားပြီးလျှင် မြတ်စွာဘုရားအရှင် အဘိဓမ္မာတရား ဟောပြီး၍ တဝတိံသာမှ လူ့ပြည် သင်္ကန်ကိုရ်ပြည်သို့ ဆင်း တော်မူသောအခါ စောင်းတန်းသုံးသွယ် သရုပ် ဖော်၍ မြင်းမိုရ်ခါးဝယ် အာလိန်ငါးဆင့်ပတ်လျက် မြင်းမိုရ်တောင်ထိပ်၌ သုံးကျိပ်သုံးဦး နတ်မှူးတို့ ဗိမာန်ဝန်းရံပြီး အလယ်၌ ဥမင်လိုဏ်ဖြင့် စေတီ တော်ကို ဖောက်ပြီးလျှင် ထို ဥမင်လိုဏ်အတွင်း၌ မူလရှိရင်း "ရှင်ဖြူဘုရား" ရုပ်တုတော်ကို ပလ္လင်ဖြင့် တည်ထားပူဇော်ခဲလသည်။ ထိုစေတီတော်ကို သမိုင်း ဆရာတို့က "ရှင်ဖြူဘုရား" ဟု ခေါ်တွင်ကြ၍၊ တသိန်း တန်သော မြရတနာကို ဌာပနာသွင်းနှံသည်ကို အစဲ့ ပြု၍ "မြသိန်းတန်စေတီ" ဟူ၍ အမျှားခေါ်ဆို သမုတ်ကြလေသည်။

ဘကြီးတော်ခေါ် စစ်ကိုင်းမင်းသည် အိမ်ရှေ့စံ ဘဝ၌ ဘိုးတော်မင်းတရား၏ အမြတ်နိုးဆုံး ၄မြား တော် "ဆင်ဖြူမယ်"နှင့် စုလျား လက်ထပ်ခဲ့ပေ သည်။ တချိန်က ဘိုးတော်သည် သားတော်၊ သမီး တော်များနှင့် ဆင်ကျုံးသို့ ထွက်တော်မူရာ ဆင်ဖြူ တော်က ကြာပန်းများကို ရှင်ဘုရင်ထံ မဆက်သပဲ ဆင်ဖြူမယ်ကိုသာ ရွေးချယ် ဆက်သသည် ဆို၏။ ဘိုးတော်က (ဒီဆင်ဖြူကြီးကလဲ မျက်နှာလိုက်ရန် ကော) ဟု မိန့်တော်မူမှ ဘိုးတော်မင်းတရားထံ ကြာပန်းများ ထပ်မံ ဆက်သလေသည်။ ဤတွင်

မင်းသမီးကလေးကို ''ဆင်ဖြူမယ်''ဟု ခေါ်ဝေါ်ကြလေသည်။

ဆင်ဖြူမယ်သည် အိမ်ရှေ့စံမိဖုရားအဖြစ် ၁၁၇၄-ခုတွင် သားတော် စကြာမင်းကလေးကို ဖွားမြင်သည်။ သူကား မြန်မာ့သမိုင်းတွင် ဘိုးဘိုးအောင်၏ အကာအကွယ်ရ စကြာမင်းအဖြစ်ထင်ရှားပေသည်။ မယ်တော်ကား သားတော်ကိုဖွား၍ ခုနစ်ရက်လည်ချိန်တွင် နတ်ရွာစံသည်။ ဤတွင် အိမ်ရှေ့စစ်ကိုင်းမင်းသားက မြသိန်းတန်စေတီကို ဆင်ဖြူမယ်အတွက် လှမ်းစေတီသဖွယ် အမှတ်တရ တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။ အားလုံးခြုံ၍ မှတ်ယူလျှင် စေတီတော်တဆူတည်းကိုပင် မူလအမည် (ရှင်ဖြူဘုရား)၊ ဌာပနာကိုအစွဲပြု၍ (မြသိန်းတန်ဘုရား)၊ ဘုရားဒကာ၏ ရည်ရွယ်ချက်ကို အစွဲပြု၍ (ဆင်ဖြူမယ်ဘုရား)ဟူ၍ အမည်သုံးပါးဖြင့် ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုဘုရားတည်ထားပုံမှာ ရိုးရိုးနှင့် အလွန်ဆန်းကြယ်ပေသည်။ မိုးတားတံတိုင်းကား လေးထောင့်မဟုတ်၊ အဝိုင်း ဖြစ်သည်။ စကြဝဠာတောင်ကို ရည်ရွယ်သည်။ စေတီတော် အောက်ခြေက ပစ္စယံခုနစ်ဆင့် တရွေ့ရွေ့မြင့်တက်ကာ ငိုင်းစက်လျက် ရှိပေ၏။ သီဒါခုနစ်တန်၊ တောင်ရံခုနစ်လုံးကို ရည်ရွယ်သည်။ သတ္တမပစ္စယံ (ယုဂန္ဓိုရ်) တောင်ထိပ်အပြင် အလယ်ဗဟိုမှ မြင်းမိုရ်တောင်ပုံ စေတီတော် အောက်ခြေကို အငိုင်း တည်ထား၏။ ထိုမြင်းမိုရ်တောင်မှာမှ အာလိန်ငါးဆင့်ပတ်လျက် တည်ထားခြင်း ဖြစ်သည်။

ပစ္စယံဖြစ်သည့် သီဒါခုနစ်တန် တောင်ရံခုနစ်လုံးတို့မှာ ကျဉ်းမြောင်းခြင်းမရှိပဲ ပရိသတ်များကောင်းစွာ လှည့်လည်လှုပ်ရှား သွားလာနိုင်၏။ အရှေ့ဘက်မှ မုခ်တခုသာရှိသည်။ ဘုံအဆင့်ဆင့်မှ အရပ်လေးမျက်နှာကို လှတ်လပ်စွာ ရှုစားနိုင်ကြပေသည်။ မင်းကွန်းပုထိုးတော်ကြီးမှာ မတ်စောက်လျက် အပေါ်သို့ မည်သူမျှမတက်နိုင် ရှိရာတွင် ဤ ''မြသိန်းတန်စေတီ'' ပေါ်မှ လှယ်ကူစွာ မင်းကွန်းနယ်တရပ်လုံးကို လေ့လာနိုင်ကြပေသည်။

ဆင်ဖြူမယ်စေတီကို ရိုးရိုးနှင့်ဆန်းဆည် ဆိုရာတွင် စက်ဝိုင်း ခုနစ်ခုအလယ်၌ စေတီတော် ရှိနေသဖြင့် မှတ်သားရန်လွယ်ကူ၏။ သို့သော် ထိုစက်ဝိုင်းများ (တောင်ရံခုနစ်လုံး) တခုထက်တခု မြင့်မားသွားပုံ၊ နဂါးရုပ်၊ ဂဠုန်ရုပ်၊ ကုမ္ဘဏ်ရုပ်၊ ယက္ခရုပ်၊ ဂန္ဓဗ္ဗရုပ်တို့ဖြင့် မြင်းမိုရ်တောင်ခါးပန်းကိုပတ်ချာလည် သရုပ်ဖော်ထားပုံတို့မှာ ဆန်းပြားလှသည်။ အင်ဒိုချိုင်းနားပြည် ဂျာဝါးကျွန်း၌ ဗုဒ္ဓဘာသာထွန်းကားချိန်က ''ဘိုရိုဗဒုံ'' ခေါ် စေတီတော်ကြီးတည်ဆောက်ခဲ့ရာ မြသိန်းတန် စေတီ ကဲ့သို့ပင် တာဝတိံသာကို သရုပ်ဖော်ခဲ့လေသည်။ သို့သော် ဘိုရိုဗဒုံစေတီက လေးထောင့်ပုံသဏ္ဌာန် ဖြစ်၏။

အင်္ဂလိပ်မင်းများ လက်ထက်က ထိုစေတီကို ကြည့်ညို့နှစ်သက်သူများ ပေါခဲ့လေသည်။ မင်းတုန်းခေတ်က သံမှူး (စလေဒင်)သည် မြသိန်းတန်စေတီတော်အကြောင်းကို မဟာအာရှအသင်း ဂျာနယ်၌ ရေးသားခဲ့သည်။ အခြားသံမှူး (ဟင်နရီယူး)ကလည်း ''ထိုဘုရား တည်ဆောက်ပုံမှာ ရှေးဟောင်းရောမနှင့် ခေါမခေတ်တို့က အက်ပါတနာ နှန်းမြို့တော်ကြီး တည်ဆောက်ပုံကဲ့သို့ ရှိသဲ့သည်''ဟု ဆိုခဲ့သည်။ထိုမြို့တော်၏ မြို့ရိုးတို့မှာလည်း တခုဒေတွင်းမှ ဟာခု မြင့်တက်သွားသည် ဆို၏။

၁၈၃၈-ခုနှစ်ကမြေငလျင်လှုပ်ရာတွင် မင်းကွန်းရှိ စေတီပုထိုးများနှင့် ခြံသင်္ဃန်းကောင်ပါ လဲပြိုခဲ့လေသည်။ ၁၈၇၄-ခုနှစ်တွင် မင်းတုန်းပင်းက မြသိန်းတန်စေတီကို ထပ်မံပြုပြင်ခဲ့ရာ ယနေ့တိုင် သပ်ရပ်ဖြူပွေးလျက် ရှိနေ၏။ ။

မိုးမိကိုစေတီတော်

မင်းကွန်းပုထိုးတော်ကြီး၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ ရောဝတီမြစ်ကမ်းဦးပင် မိုးမိတ်ကုန်းမြေသည် မင်းဝံတောင်ရိုး၏ အစွတ်အပိုင်း တခုအနေဖြင့် တည်ရှိသည်။ ထိုကုန်းမြေဦး မိုးမိတ်မင်းသားကြီး၏ ကောင်းမှု (မိုးမိတ်)စေတီတော် တည်ရှိရာ ယခင်ကမူ အလှမ်းဝေးသော ဤနေရာသို့ ရောက်ပေါက်သူနည်းပါး၏။ယခုအခါဦးဘုရားတိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသနှင့် အထူးကု ဆရာဝန်ကြီး "ဝဏ္ဏကျော်ထင်" ဦးသာလှ တို့က ခေါင်းဆောင်၍ ဂေါပကအဖွဲ့ကိုပါ ဖွဲ့စည်းကြကာ ထိုကုန်းမြေဦးပင် မိုးမိတ်စေတီတော် ပတ်လည်တွင် "တိပိဋကာ=နိကာယ ကျောင်းတိုက်ကြီး" ဖွင့်လှစ်လိုက်သဖြင့် တိုးတက်စည်ကားလျက် ရှိနေပေသည်။

ယခင်က မင်းကွန်းသို့သွားလျှင် ဘိုးတော်ဘုရား၏ ကြီးသုံးကြီးနှင့် မြသိန်းတန် စေတီတော်၊ ဒေါ်ဦးစွန်း၏ သူအိုရုံတို့သာ ပူဇော်စရာရှိသော်လည်း ယခုမူ မရောက်လျှင်မဖြစ်သော ရိပ်သာတခု တိုးလျက်ရှိနေချေပြီ။

ရွေးက အရှင်မဟာကဿပကိုယ်တော်ကြီးသည် ပထမ သင်္ကန်းတင်ကာ ဗုဒ္ဓသာသနာတော်ကို အသက်ဆက်ခဲ့၏။ ထို့အတူ သာသနာ့ တဝက် ရောက်ချိန်တွင် ဆဋ္ဌသင်္ကန်းပဲ့ ဆင်နွှဲချိန်၌ တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ ထူးကဲစွာ ပေါ်ပေါက်ခဲ့လေသည်။ ယခုအချိန်၌ ထိုဆရာတော်ကပင် ဦးဗိမိုးကာ သူ့ကဲ့သို့ **သော** တိပိဋကကို အာဂုံဆောင်ရဟန်းတော်များ တိုးပွားစေရန် မိုးမိတ်ကုန်းမြေ၌ နိကာယကျောင်းတိုက်ကြီး ဖွင့်လှစ်တော်မူခြင်း ဖြစ်သည်။ သံဃာဒါန်တရာကျော်၏ တိပိဋက ရွတ်သံ ဖတ်သံတို့ကား နာပျော်ဖွယ် ရှိလှပေသည်။

မိုးမိတ်စေတီ ပရိဝုဏ်အတွင်း လက်ဝဲဘက် တံတိုင်းတွင်ကပ်လျက် **ဘိုးတော်မင်းတရားကြီးနှင့် မိုးမိတ်မိဖုရား၏ မိသားစုပုံတော်များ**ကို ဆေးရောင်စုံ ရုပ်လုံးဖော်ထားသည်မှာ ကြည့်နူးဖွယ်ရာ ပြခန်းတခုကဲ့သို့ ဖြစ်နေ၏။ အရှင်ဝိစိတ္တာ ဆရာတော်က မိုးမိတ် အနွယ်တော်များကို ဂုဏ်ပြုလို၍ ပြည်မင်း (သာယာဝတီမင်း၏ သားတော်ကြီး)မှ ဆင်းသက်သူ ဒေါ်တင်တင်မေ(မဟာသရေစည်သူဦးချမ်းသာ၏မြေး)ကို မေးမြန်းကာ ထိုမဟာနွယ်ပုံတော်များကို ထုလုပ်စေခြင်း ဖြစ်၏။

ဘိုးတော်မင်းတရားမှာ ပုံတော်အတိုင်းမဟုတ်ပဲ ပို၍ဝဖြိုးခန့်ညားပေမည်ဟု မှတ်ထင်မိသည်။ မိုးမိတ်မိဖုရားကား ရွှမ်းစော်ဘွား၏ သမီးတော် ပီသစွာ ရွှမ်းပဝါခေါင်းစည်းနှင့် ရုပ်ဖော်ထားသည်မှာ လှုပမှန်မြတ်ပါပေသည်။ ထိုခမည်းတော် မယ်တော်တို့နှင့်အတူ သူဝို၏သားတော် သမီးတော်များသည် ဒူးတုပ်လျက် မိုးမိတ်စေတီတော်ကို အာရုံပြုနေကြလေသည်။ မိုးမိတ်ကုန်းမြေ ပြန်လည်စည်ကားလျက်ရှိသည်ကို ထိုမိသားစုက သာမုခေါလျက် ရှိနေကြပုံတည်း။

မိုးမိတ်မိဖုရားနှင့် ပတ်သက်၍ သူ၏မွေးရပ်မြေနှင့် သားတော် သမီးတော်များအကြောင်းကို လက်လှမ်းမီသမျှ ဖော်ပြလိုပါသည်။

မိုးမိတ်နယ်မြေ

(၁) မိုးမိတ်သမိုင်း၌ (၉၃၈)ခုနှစ်တွင် ဗန်းမော်၌ စော်ဘွားအဆက် ပြတ်သွားသောကြောင့် မိုးမိတ်စော်ဘွား "ဆစဝ်ဖ"ထံ မင်းလျှာ တောင်းခံရလေသည်။ မိုးမိတ်စော်ဘွားက တူတော် "စောပုခန်း"အား ဗန်းမော်ကို အုပ်ချုပ်စေသည်။

(၂) ဗန်းမော်မြို့ကို ဆက်ခံသောအခါ ကွယ်လွန်သူ စော်ဘွားကြီး၏ သမီးတော် "နန်းမြပုံ"မှာ တပင်တိုင်မင်းသမီးဖြစ်၍ အစဉ်အလာအရ မိဖုရားတင်မြောက်ရန် ရှိ၏။ သို့ရာတွင် နန်းမြပုံကား ထိုအချိန်၌ အသက် ၅၆-နှစ်ရှိကာ အိုမင်းရင့်ရော်သည်နှင့် စောပုခန်းက မနှစ်သက်၍ တပင်တိုင်နန်းနှင့် ထားမြဲထားသည်။

ဟိုးတော် မင်းတရားကြီးနှင့်မိုးမိတ်မိဖုရား၏ မိသားစုပုံတော်များကို ဆေးရောင်စုံ ရုပ်လုံးဖော်ထား သည်မှာ ကြည့်ရှုမွေယ်ရာ ပြန်းတခုကဲ့သို့ ဖြစ်နေ၏။

တချိန်၌ မိုးမိတ်နှင့်ဗန်းမော်တို့သည် နယ်မြေအရေးနှင့် အချင်းဖြစ်ပွားရာ မိုင်းလုံအမတ် ငသာဖြူက ချစ်ကြည်ရေးဖြစ်စေရန် တပင်တိုင်မင်းသမီးနန်းမြပုံကို မိုးမိတ်စော်ဘွားထံ ဆက်သရန်စီမံ၏။ မိုးမိတ် အမတ်များ လာရောက် ကြည့်ရှုကြရာ ဗန်းမော်အမတ်တို့က နန်းမြပုံ၏ကိုယ်စား အဆင်းလှသော အမတ်ကြီးဆိုင်ခန်း၏သမီး နန်းလှဖြူကို ပြသဖြင့် ကျေနပ်နှစ်သက်ကြသည်။

မိုးမိတ်သို့ရောက်လျှင် ထုံးစံအတိုင်း သတို့သမီးကို နတ်စင်သို့ သွားရောက်ပူဇော်ပသစေရာ ထိုအခါ ကျမှ အပျိုမဟုတ်ပဲ အဘွားအို ဖြစ်နေကြောင်း သိကြရသည်။ ထိုအခါ အကြိုတော်များ လွန်စွာ စိတ်ပျက် ကြသဖြင့် တည်ခင်း ကျေးမွေးသော ဧဘာဇဉ်များကိုပင် စားရမှန်းမသိ။ (ကြက်သား ဟင်းလျာများပင် အရသာမရှိတော့ပြီတကား) ဟု ညည်းတွားကြ၏။ ၎င်းကိုအစွဲပြု၍ ထိုစခန်းကို ရှမ်းဘာသာဖြင့် (နန့်ကိုင်စန်)ဟု ခေါ်တွင်လေသည်။ နန့်=ချောင်း၊ ကိုင်=ကြက်၊ စန်=ပေါ့သည်။

မိုးမိတ်စော်ဘွားအား အကြောင်းကို လျှောက်ထားကြရာ နှလုံးမသာမယာရှိသည်နှင့် မြို့တွင်းသို့ မသွင်းစေပဲ "မန်တိုင်" တောင့်ခြေတွင် တပင်တိုင် နန်း ငယောက်လုပ်ထားရလေသည်။

(၃) **သက္ကရာဇ်** (၉၇၀) တွင် ရှေကူမြို့ကို သူရသင့် ငါရသင့်သည်ဟု ဗန်းမော်၊မိုးကောင်းနှင့် မိုးမိတ်တို့စစ်ဖြစ်ကြရာ လူသူအများ ပျက်စီး၏။ ယွန်းဆရာတော်များက စော်ဘွား သုံးဦးကို ရှေပေါ်ကျန်း ဘုရားရင်ပြင်တော်ပေါ်သို့ ခေါ်ယူဟောပြောသဖြင့် ကျေနပ်မှု ရရှိသွားကြ၏။ မိုးမိတ်စော်ဘွားက-

"ကျန်ုပ်သည် ရှေပေါ်ကျန်းပြိုပျက်၍ ရေပြင်ဖြစ်သည့်တိုင် မိုးကောင်းနှင့် ဗန်းမော် ညီတော်နောင်တော်တို့ကိုစစ်မပြုတော့ပါ၊ ရှေကူနယ်မှအခွန်အတုတ်ကိုလဲ သားစဉ်မြေးဆက် မခံယူတော့ပါ"

ဟု သစ္စာပြု၏။ ထိုသစ္စာအရ မိုးမိတ်စော်ဘွား အဆက်ဆက်တို့သည် ရှေကူနယ်မြေကို မနင်းကြချေ။ ယုတ်စွအဆုံး ရှေကူအိုးဖြင့်ထည့်သော ရေကို သောက်သုံးမည်းမသောက်ကြဟု မိုးမိတ် ရာဇဝင်၌ ဆိုသည်။

ဆွေတော်မျိုးထော်

အထက်ပါ သမိုင်း ကောက်နုတ်ချက်တို့ အရ မိုးမိတ်နယ်မြေသည် မြောက်ပိုင်းတလွှား၌ အဓိကဖြစ်ကြောင်း ထင်ရှားပေသည်။ ၁၁၁၅-ခုနှစ်တွင်

မိုးမိတ်ကုန်းမြေ ပြန်လည်စည်ကားလျက်ရှိသည်ကို ထိုမိသားစုက သာရုခေါ်လျက် ရှိနေကြမည်တည်း။

အလောင်းဘုရား ဦးအောင်ဇေယျ မင်းဖြစ်သော အခါ ဗန်းမော်စေတ်ဘုံး ဦးမြတ်အောင်က သမီး ကညာ ဆက်သခဲ့သည်။ ၁၁၅၅-ခုနှစ်၌ ဘိုးတော် မင်းတရား:လက်ထက်တွင် သား မိုးမိတ်စော်ဘွား၏ သမီးတော်ကို (သီရိမြတ်ထား:မဒေဟ) ဘွဲ့တော်ဖြင့် မိဖုရား မြောက်တော်မူ၏။

ဘိုးတော်မင်းတရားနှင့် မိုးမိတ်မိဖုရားတို့မှ သား တော်နှစ်ပါး၊ သမီးတော်ငါးပါး ထွန်းကားသဖြင့် မေတ္တာမက္ကိုင် အထူးပင်မြဲခိုင်သည်ဟု ဆိုရပေမည်။ ထိုသားတော် သမီးတော်များကား—

(၁) မိုးမိတ်မင်းသား မင်းရဲရွှေတောင်
(၂) မြတောင်မင်းသမီး မင်းပတ္တမြား
(၃) ကွပ်ရွာမင်းသမီး ရွှေပခြုပ်
(၄) မကွေးမင်းသမီး မင်းရွှေမှုတ်
(၅) ကြာညွှပ်မင်းသမီး မင်းရွှေရုပ်
(၆) မင်းတုန်းမင်းသား
(၇) ဓနုဖြူမင်းသမီး

မိုးမိတ်မိဖုရားမှ ဆင်းသက်သော ထိုသားတော် သမီးတော်တို့တွင် သမိုင်း၌ ထင်ရှားသူများကား—

(၁) မိုးမိတ်မင်းသားကို ဟံသာဝတီပဲခူးမင်း၏ မြစ်တော် မင်းကင်းမင်းသမီးနှင့် စုံဖက်၏။ ထို မင်းကင်းမင်းသမီး၏ ညီမတော် ရွှေဂူမင်းသမီး၏ ကြင်ရာဇော် ပုခန်းမင်းသား:မှာ(အောင်မြေသာစံ) ပတ်ပျို:ကြီးကို ရေးသား:သူပေတည်း။

(၂) မြတောင် မင်းသမီး မင်းပတ္တမြား၏ ကြင်ရာတော် တောင်ငူ မင်းကား စစ်ကိုင်းမင်း (ဘကြီးတော်)၏ ဘထွေးတော်တည်း။ ထိုးနှန်းကို ကြံစည်မှုဖြင့် စစ်ကိုင်းမင်း နန်းတက်သောအခါ ကွပ်မျက်ခံရသည်။ ဤတွင် မြတောင်မင်းသမီးမှာ စာပေ:ရေးသား:ခြင်းဖြင့် ဆင်းရဲစွာ နေထိုင်ရသည်။ မောင်းထော်ဆရာတော်နှင့် ရန်ဖြစ်သော တောင်ငူမှာ ထိုမင်းသားပင် ဖြစ်သည်။

(၃) မိုးမိတ်မိဖုရား၏ သမီးငယ်သုံးပါး:လုံးပင် မကွေရာမင်းသား:ကြီးနှင့် ညား:ကြသည်မှာ ထူးခြား သလို ရှိပေသည်။ မင်းရွှေမှုတ်နှင့် မင်း:ရွှေရုပ်တို့ နှစ်ဦးက မကွေရာမင်းနှင့် ဦးစွာ စုံဖက်ကြသည်။ အငယ်ဆုံး ဓနုဖြူမင်းသမီးကား လှိုင်မင်းသား:နှင့် ညား:ပြီး မုဆိုးမဖြစ်ရာတွင် ခဲအိုတော်မကွေရာမင်း:နှင့် လက်ဆက်ခဲ့သည်။

မကွေရာ မင်းသား:ကြီးသည် မြဝတီဦးစတို့နှင့် ခေတ်ပြိုင်ဖြစ်လျက် စာပေအရာတွင် ထူး:ခြား:သော ပညာရှိကြီး ဖြစ်လေသည်။ သူသည် အင်္ဂလိပ်—မြန်မာ အဘိဓာန်ကို စတင်ပြုစုသူဖြစ်၏။ ကမ္ဘာ့ ဗဟုသုတ လေ့လာရာတွင် စွယ်စုံကျမ်း များ၏ တန်ဖိုးကို ဦးစွာ သဘောပေါက်သူဖြစ်၍ မြန်မာ ပြည်၏ ခေတ်မီရေးကို စတင်ပြီး အား:ပေး သူ ဟူ၍ပင် ဆိုရချေမည်။

(၄) မကွေရာမင်း၏ ဒုတိယဇနီး မင်းရွှေရုပ်မှ ပန်းတော်:မင်းသမီးကို မွေး:ဖွား:ခဲ့သည်။ စစ်ကိုင်း မင်းသား:ကို အိမ်ရွှေမြောက်ပြီးနောက် ဘိုးတော် မင်းတရား:က ဦးစွာ မြေးတော် ဆင်ဖြူရှင်မယ်နှင့် စုံဖက်ပေး:ခဲ့သည်။ ဆင်ဖြူရှင်မယ်သည် စကြာမင်း သား:ကို မွေး:ဖွား:ပြီး ကွယ်လွန်ရာတွင် ဘိုးတော် မင်းတရား:ကပင် ပန်းတော်:မင်းသမီးကို ရွေး:ချယ် ကာ မြေးတော် အိမ်ရွှေမင်းနှင့် လက်ထပ်စေသည်။ မိဖုရား:ခေါင် နေရာကို မဟာဆီ မဟာသွေးပါသူ များသာ ရစေလို၏။ မယ်နုက အိမ်ရွှေမင်းအပေါ် တွင် သြဇာလွှမ်းမိုးသည်ကို ဘိုးတော်မင်းတရား:က အလိုတော် မကျ:ချေ။

သို့သော် အိမ်ရွှေစံ စစ်ကိုင်းမင်းသား:က မယ်နု ကိုပင် မျက်နှာသာပေး၍ ပန်းတော်:မင်းသမီးကို အဆောင်အယောင် ရုပ်သိမ်း:ခဲ့ရာ ဆင်းရဲစွာနေရ သည်။ စစ်ကိုင်းမင်း နန်းကျပြီး သာယာဝတီမင်း နန်းတက်သော အခါတွင်:ကား ပန်းတော်:မင်း သမီးကို မိဖုရား:ငယ်တဦး:အဖြစ် မြှောက်စား:ခဲ့သည်။

(၅) ပန်းတော်:မင်းသမီး၏ညီမတော်အရင်း မဟာရတနာဒေဝီကား ပုဂံမင်း၏ မိဖုရား:ခေါင်ကြီး ဖြစ်လာသည်။

ဤသည်တို့ကား မိုးမိတ်မိဖုရား၏ အနွယ်တော် များပေတည်း။ မျက်မှောက်ခေတ်၌ကား မိုးမိတ် စော်ဘွား:ဟောင်း စောခွန်ချိုသည် အသက်ထင် ရှား ရှိနေပေသည်။ ။

နေမာဒုဋ္ဌာယ။
(သိဒ္ဓိ)
ဂါထာဂီတိ
ခေါင်းစဉ်

(၁)ငါးနိကာယ်စက်၊
တည်ထားလျက်၊
(၂) နောက် ဆက်
လည်စေပြီ။ ။

မိုးဝင်းလွန်း

ဥဒါန်းဂါထာ ပါဠိမြန်မာဂီတိ

ဓမ္မာစရိယ အရှင်ဝေပုလ္လာစာရ

တိပိဋကာနိကာယဌာန
သမိုင်းအကျဉ်းပြ

(၁) ငါးနိကာယ်စက်—တည်ထားလျက်

ဓမ္မရာဇာ သုမာပေသိ၊
စက္ကံ ယတ္ထ သဝါဟိနီ။
စက္ကသူတော သဏ္ဌာပေသိ၊
ဒဠှံ နိကာယ သာသနံ

စက္ကသူတော– အာဏာစက္ကဿ သူတော= ကုန်းဘောင်ခြောက်ဆက် ဘုန်းရောင်လက်သည့် အာဏာစက်သခင် ဘိုးတော်ဘုရင်၏ ရင်နှစ်သည်းချာ သားရတနာ ဖြစ်ပေသော။
ဓမ္မရာဇာ—မဟာဓမ္မရာဇာ=မိုး မိတ် စော် ဘွား သမီးတော်

မိဖုရားမှ ဖွားမြောက်၍လာ"မဟာဓမ္မရာဇာ"ရှေဘွဲ့လွှာဖြင့် သညာထင်ရှား မိုးမိတ် မင်း သား သည်။ သဝါဟိနီ= ကာယဉာဏ ဗလနှစ်ဖြာ ကောင်းစွာပြည့်ဝ"မင်းတေဇ"က စသည်ထောင်သောင်း ဗိုလ်ပါဒူးပေါင်းနှင့်တကွ။ ယတ္ထ=မင်းကွန်းမည်ထာ၊ ရပ်ငွာနဝယ်၊ မွေးဖနတ်ကျော်၊ခ မည်း တော် ဘုရား "ကြီးလေးပါး"ကို တည်ထားစဉ်ကာလ မိမိတပ်စခန်းချသည့် ငွာနနက်သန် မြစ်ယံကမ်းခြေ အကြင်ကုန်းမြေမြင့်၌။ စက္က = ရှင်တော်ဗုဒ္ဓ အနုတ္တရ၏ တရာ့ရှစ်ကွက် စက်လက္ခဏာ အ မှတ် ပါ သည့် "စက်ရာတော်ပွား" စေတီမြတ်ဘုရားကို။ ဒဋ္ဌံ= မယိမ်းမယိုင် မြဲခိုင်လှစွာ။ သုမာပေသိ= ရှေးရောင်သိဂီ မွေသရီဓာတ် ဆယ့်လေးရပ်တို့ ကိန်းဝပ်စံပျော်(မိဖုရားစီးသည့်) ယာဉ်တော်ပုံမှတ် အုတ်ပြာသာဒ်ဖြင့် ' အနာဂတ်ကာလ ဤငွာနဝယ် 'တိပိဋကနိကာယ' စက်တည် ဆက်လည်မည့် အရေး ရှေ့ပြေးအတိတ် နိမိတ်အနေ ကောင်းစွာပြုဖန်တော်မူခဲ့လေပြီ။ (ရာဇပုတ္တပက္ခ)

တတ္ထ=မိုးမိတ်မင်းသား တည်ထားပူဇော်စေတီတော်ဖြင့် ခေါ်ဝေါ်ပညတ်အမည်တပ်သည့် အမြတ်သေဋ္ဌေ ထို"မိုးမိတ်ကုန်းမြေ"၌။ စက္ကသူတော= ပညာစက္ကဿသူတော= "ဓမ္မ နဒတီ ဇေတ္ထာတိ ဓမ္မနာဒေါ" ဟူသော ဝိဂုဟကိတန္တဖြင့် ပိဋကနက်စံဓမ္မကွန်ကို ရွတ်အံရာဌာန ဗျူပ္ပတ်ပြလျက် ထူးလှနက်သန်"ဓမ္မနာဒ" တိုက်အရာမ်ကို ပြု ဖန် စ စွာတည်ခဲ့ပါသား ပညာရှိန်ထက် ဝရဇိန်စက်သို့ ထိန်လင်းကြည်ဖြူ ကျေးဇူးရှင် ဓမ္မနာဒ ပထမ ဆရာဟော်ဘုရား၏ တဦးတည်းသောသားတပည့် ဖြစ်တော်မူသော။ စက္ကသူတော= ဓမ္မစက္ကေန သူတော= နိကာယင်းဝ ပိဋကသုံးပုံ အလုံးစုံကို နှုတ်ငုံဆောင်ထား ဟောမိန့်ကြားသည့် တရားစကြာ ရဘနာဖြင့် လွန်စွာထင်ရှား ကျော်ကြားတော်မူထသော။ ဓမ္မရာဇာ=ဓမ္မဓရရာဇာ=တိပိဋက သကျသီဟ စသည်များဖြင့် စာသဘင်ဝယ် အောင်မြင်(ဝိသိဋ္ဌ)(မဟာ)နှင့် (ဝဋ္ဌသကာ) ဘွဲ့ပုံလွှာအထူးရသဖြင့် "ဓမ္မဓရ ဥကင်"အကျန်ုပ်တို့၏ ထိပ်ခေါင်တင် ကေးဇူးရှင် ဆရာတော်ဘုရားသည်။ သဝါဟိနီ=သဒ္ဓာစ သား ဗိုလ်ငါးပါးနှင့် ထင်ရှားစုံပြည့် ဂုဏ်ထူး ရှိ သည့် တပည့်တပန်း ရဟန်းသံဃာ ဒကာ-ဒကာမ ပရိဝါရ ထောင်သောင်း ဗိုလ်ပါအပေါင်းနှင့်တကွ။ စက္ကံ= မဟာဓမ္မရာဇာ ဘွဲ့လွှာခတ်နှိပ် မိုး မိတ် မင်း သား တည်ဖန်ထားခဲ့သည့် ပျက်ပြားနွံမ်းလျော် "စက်ရာတော်"ကို။ သုမာပေတ္ထာန=ဝန်းကျင်ရှိငြား စေတီများပါ တည်ထားရှေးက မူလပုံအနေ မပျက်စေပဲကျက်သရေဝေဖြာ တိုးခဲ့.ကာလျှင် ကောင်းစွာမွမ်းမံ အမွေခံကာ ပြုဖန်တော်မူခဲ့ပြီး၍။ နိကာယသာသနံ=နိကာယ်ငါးဖြာ သာသနာဟု ဆိုအပ်သော။ စက္ကံ=ဗုဒ္ဓမြတ်စွာ သြဝါဒလေးနက် တရားစက်ကို။ဒဋ္ဌံ=မြဲမြံတည်တံ့.အရှည်ခံ့.အောင်။ သဏ္ဌာပေသိ= "တိပိဋက=နိကာယ"ဟု ဌာနတိုက်တာ ဖွင့်လှစ်ကားလျှင် ကောင်းစွာထင်ရှား တည်ထားတော်မူခဲ့လေပြီ ။(ဝါ)သဏ္ဌာပေသိ....

"နိကာယ်ငါးဖြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ"ဟု ဆုခြေပန်ထွာ ပတ္ထနာလျှက်"သာသနာရှည်ခေတ် ငါးထောင်နှစ်တိုင် ထွန်းသစ်ထိန်ပြောင် နိကာယ်ရောင်ဖြင့် အေမျောင်ပယ်ခွင်း ထွန်းလင်းစေမယ်" စိတ်ကြံရွယ်လျက် နိကာယ်ဆောင်ငြား သံဃာအားလျှင် လေးပါးပစ္စယ သြဝါဒဖြင့် ကူမပုံထောက် ကျေးဇူးဆောက်၍ စောင့်ရှောက်သောထွေ.... ကောင်းစွာတည်စေတော် မူခဲ့လေပြီတကား....။

ဆိုလိုရင်း ပြန်မာဂီတိ

(အတိတ်)

အာဏာစက်ပြင်း မြတ်မင်းဘိုးတော်၊
ဓမ္မရာဇ ဘွဲ့ရသားကျော်၊
မြစ်ယံကမ်းမြင့် လျှမ်းဘင့်ကုန်းမော်၊
စက်ရာပွား တည်ထား ပြုပူဇော်။
နိကာယ်စက် ရွှေတွက်နိမိတ်တော်။

(ပစ္စုပ္ပန်)

ပညာဉာဏ်စက် ထက်မြက်ထိရှမေ၁၊
ဓမ္မဓရ ဘွဲ့ရသားကျော်၊
တဖန်ဆက်လျက် စက်ရာကိုဖော်၊
နိကာယ်စက် ဆက်လက်တည်ပြီနော်၊
အောင်အတိတ် နိဗိတ်ပြ၍ပေါ်။ ။

==========(ပ)==========

(၂)နောက်ဆက်လည်စေပြီ

ဝါစယံ ဘာသယံ ထေရော၊
စက္ကံ ဝ စက္ကဝတ္တိနော။
ဝတ္တာပေသိ သသူတာနံ၊
ဝတ္တေတ္ဝာန သူတေသယံ။-

စက္ကဝတ္တိနော=အကန့်တထောင် အရောင်ရိုးရက် ပြိုးပြိုးပြက်သည့် စကြာရတနာသခင် ဘုရင်မင်းမြတ်ကြီး၏။ သူတော=ရင်မှပေါက်ဖွား သားကြီးဥပရာနန်းညွှန့်လျာသည်။ သယံ=မိဗိကိုယ်တိုင်။ ဝါစယံ=ဝါစယန္တော= "ဝတ္တတုဘဝံ စက္ကရတနံ" ဂါထာပုံကို ဖအောင်သံသ်မ့်ဟည်း ငြိမ့်ငြိမ့် ညည်းအောင် ခမည်းတော်ကိုယ်စား မြွက် ဆို ကြားလျက် လည်းကောင်း။ ဘာသယံ=ဘာသယန္တော=လေးရပ်မျက်နှာ ယုဇနာအတွင်း အမှောင်ရှင်းအောင် ထွန်းလင်းတောက်ပစေလျက် လည်းကောင်း။ စက္ကံ=မြပုံတောင်း(ပဒေါင်း)ချက် ပ,မောင်းလက်၍ ပြိုးပြက်စိန်ဖူး အရှိန်မြူးသည့် တိမ်ဦးကွန့်စံ ယာဉ်ပုံစကြာရတနာကို။ ဝတ္တေတ္ဝာန= ဘုန်းရည်ရုံးရည် နှလုံးရည်ဖြင့် ပြုံးကြည်အေးမြဘေးမခပဲ လေးဝကျန်းမြကွန့်လည်စေပြီး၍ ...။ သသူတာနံ=မိဗိရင်ဖွား သားတော်များအား။ (ဝါ)သားတော်များကို။ ဝါစယံ-ဝါစယန္တော= "ဝတ္တတုဘဝံစက္ကရတနံ" ဂါထာပုံကို အောင်သံညွှန်းဘိ နှုတ်ခွန်းညှိ၍ မိဗိကိုယ်စား မြွက်ဆိုကြားစေလျက်။ ဘာသယံ-ဘာသယန္တော=လေးရပ်မျက်နှာ ယူဇနာအတွင်း အမှောင် ရှင်းအောင် ထွန်းလင်း တောက်ပစေလျက်။ စက္ကံ=တိမ်ဦးကွန့်စံ ယာဉ်ပုံစကြာရတနာကို။ ဝတ္တာပေသိ=မိဗိပမာ နောက်ဆက်ကာလျှင် ကောင်းစွာတဖန် (အမွေခံကာ)လည်စေပြန်သကဲ့သို့-။(ဥပမာနပက္ခ)

စက္ကဝတ္တိနော=ရှစ်သောင်းလေးထောင်အရောင်ဖြန့်လွှား တန့်မနားသည့် တရားစကြာ ရတနာသခင် ဘုရင်မင်းတရား ရှင်တော်မြတ် ဘုရား၏။ သူတော=သားကြီးဥပရာ နန်းညွှန့်လျာနှင့် ပမာထားတင် တရားရင့်မှု ဖွားမြင်တုံလစ် သားတော်စစ်ဖြစ်ပေသော။ ထေရော=သီလ မြေထု မေဓာ သမာဓိန် ဝရဇိန်ပညာ သုံးသိက္ခာတို့ လွန်စွာ ကြီးမြတ် ဘိုးမှမ်းအပ်သည့် ပိဋကတ်နက်စံ ဓမ္မကွန်သိုမ့်း ဘဏ်တိုက်ကြီး၏ ဦးစီးနာယက ပဓာနတပါး ကျေးဇူးရှင် တိပိဋကဓရ ဆရာတော် ဘုရားသည်။ သယံ=မိဗိကိုယ်တိုင်က။ ဝါစယံ- ဝါစယန္တော= မခိုမကပ် နကိုဓာတ်ဖြင့် ကိုယ်တတ်သမျှ နှုတ်မြွက်ဟောကြား ပို့ချ ဘော်မူလျက် လည်း ကောင်း။ ဘာသယံ-ဘာသယန္တော=ပိဋကသုံးပုံ သင်ရိုး စုံကို အာဂုံနှုတ်တက် ကျက်မှတ်ရွတ်အံ ပြန်ဆိုတော်မူလျက်လည်းကောင်း။စက္ကံ=ရှစ်သောင်းလေးထောင် အရောင်ဖြန့်ကြက် ကန့်ကန့်ယှက်သား ဓမ္မကွန်စကြာတော်မြတ် ပိဋကတ်ကို။ ဝတ္တေတ္ဝာန=သာသနာကွန်လိုင်း မြန်သမိုင်းတွင် ရွှေပိုင်းပထမ အဦးစွဲလျက်"(ဝိသိဋ္ဌ)တိပိဋကဓရ၊ (မဟာ) တိပိဋကကောဝိဒ" ဘွဲ့ဘော်ခအောင် နှုတ်ရဆောင်တွေ့ ကွန့်လည်စေတော် မူခဲ့ပြီး၍....။ သသူတာနံ= မိဗိရင်အောက် ခိုဝင်ရောက်သည့် စွမ်းပေါက် ထင် ရှားသားတပည့်များအား။ (ဝါ) သားတပည့်များကို။ ဝါစယံ--ဝါစယန္တော=နှုတ်ဖတ်စေလျက်လည်းကောင်း။ ဘာသယံ-- ဘာသယန္တော= ကြည့်၍လည်းကြံ အခါခါမှန်မှန် ပြန်ဆိုစေလျက် လည်းကောင်း။ စက္ကံ=နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ တရားစက်ရတနာကို။ ဝတ္တာပေသိ=မိဗိပမာ နောက်ဆက်ကာလျှင် နှုတ်မှာရွရွ ဓာရဏာဖြင့် အရဆောင်တွေ....ကွန့်လည်စေတော် မူခဲ့လေပြီ၊ (ဝါ)

"သာသနာစက်၊နောက်ပိုင်းတွက်၊ ပေါ်ထွက်၍လာ
ထေရ်မဟာ"

ရှင်းလင်းတင်ပြချက်-

(က) ဓမ္မရာဇာ၊ စက္ကသူတော— တို့ကား သာမည်နိဒ္ဒေသ၊ ဇကေသေသ၊ ပဒီပ၊ ကာကော လောကနှည်း ရသော ပုဒ်တို့တည်း။ စက္က သူတော်၌ ဥဒ်ဒိသကား ဆန္ဒာနုရက္ခန။ ဝါစယ်— ဘာသယ်—တို့ကား ကာရိုက်အခိုက် ဘူဝါဒိဂဏိက၊ သုဒ္ဓအခိုက် စုရာဒိဂဏိက၊ ကာကော လောကန၊ သိလေသ နည်း၊ သ သူတော်နှံကား ကာရိုက်ဆဋ္ဌိကံ၊ ၎င်းကို ခေတ်သုံး ဝေါဟာရ ဖြင့်(အား)ဟု အနက်ပြန်ဆိုသည်။

(ခ) ပထမဂါထာကို မိုးမိတ်ကုန်းမြေနှင့် နိကာယဌာနကို အာရုံပြု၍ လည်းကောင်း၊ ဒုတိယဂါထာကို ကျေးငှားရှင် တိပိဋကဆရာ တော်၏ "ဓမ္မနာဒ သာသနာရေး အဓိဋ္ဌာန် ပဲ့တင်သံ" ဂါထာကို ရည်ညွှန်း၍ လည်းကောင်း စိတ်ဝမ်းရှင်မြူး ဥဒါန်းကျူးပါသည်။ ။

ဓမ္မာစရိယ အရှင်ဝေပုလ္လာစာရ

ဝတ္တာပေသိ=ကြံရည်ဖန်ရည် ဉာဏ်မဟီဖြင့် မြန်ပြည် မချို လျှံခြည် ပျို့အောင်"တို့သာသနာတို့ဘာသာ ညီညာငါတို့ - ပြုကုန်စို့"ဟု ကြည်မြို့စိတ် ကြံ အဓိဋ္ဌာန်ဖြင့် နှုတ်သံခွန်းညို ဆိုညွှန်းဘိ၍ "တိပိဋကဓရနိကာယတိုက်တာ" ဖွင့်လှစ်ကာလျှင် သာသနာစက် အဆက်ရှည်တွေ့ ကွန့်လည်တော် မူခဲ့လေပြီတကား....။

(ဥပမေယျပက္ခ)။

ဆိုလိုရင်းမြန်မာဂီတိ

(ဥပမာန)

ရတနာစက်မင်း သားရင်းနှန်းလျာ၊
မွေးဖကိုယ်စား လှည့်ငြားစကြာ၊
မိမိသားများ ညွှန်ကြားဆက်ကာ၊
ထိုသည့်စက် မပျက်လည်စေပမာ။ ။

(ဥပမေယျ)

တထူးစက်မင်း သားရင်းထေရ်မဟာ၊
မွေးဖကိုယ်စား တထူးလှည့်ကာ၊
သားတပည့်များ ညွှန်ကြားဆက်ကာ၊
နိကာယ်စက် နောက်ဆက်လည်စေပါ။



သဂၢ+ဒဂၢာ
ချိန်ခွင်လျာ
ညီမျှရေး

တိပိဋကဂ=နိကာယ သာသနာပြုအဖွဲ့ကြီး ပေါ်ပေါက်လာသည်မှာ သုံးနှစ်သုံးမိုး ရှိခဲ့ပေပြီ။ ထိုတိပိဋကဂ=နိကာယအဖွဲ့ကြီးသည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်မြတ်၏ မွန်မြတ်သော ဆန္ဒတော်မှ ပေါက်ဖွားလာသော အဖွဲ့ကြီးဖြစ်သည်။ သာသနာတော်အတွက် အလွန်လိုအပ်သော အဖွဲ့ကြီးဖြစ်သည်မှာ အမျှားသိပြီး ဖြစ်သည်။

တိပိဋကဂ=နိကာယကပ်ပိယကာရကအဖွဲ့မှ "သုံးနှစ်တာခရီးစဉ်စောင်" ထုတ်ရန် စည်းဝေးဆုံးဖြတ်ထားကြပြန်သည်။ ထိုစာစောင်တွင် စာတမ်းစောင် ရေးပေးပါရန် အဖွဲ့၏ဥက္ကဋ္ဌကြီးဖြစ်သော သမဂ္ဂတော်ကြီး "ဝဏ္ဏဇကျော်ထင်" ဆရာဝန်ကြီး ဦးသာလှက လျှောက်ထားပါသည်။ စာရေးသူအနေဖြင့်လည်း စာတမ်းပုဒ်မျှ ရေးဖူးခြင်း မရှိပါ။ သို့သော် မဖြစ်ဖြစ်ဆည့်နည်းဖြင့် ရေးပေးရမည်သာ။

တိပိဋကတ်=နိကာယအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာ တိုးတက်မှုအခြေအနေကိုအမျှားသိပြီးဖြစ်သလို တိပိဋကဓရ မင်းကွန်းဆရာတော် စသော ဆရာတော်ကြီးများနှင့် အဖွဲ့ဝင် ဒကာ၊ဒကာမအပေါင်းတို့၏ ကြိုးစားမှု၊ စေဘနာထားမှုကိုလည်း အမျှားသိပြီးဖြစ်သဖြင့် တင်ပြစရာမလိုတော့ပါ။

သာသနာတော် ကြီးပွားမှု၊ တည်တံ့ပြန့်ပွားမှုဌ္ဌ ဆရာ (နှင့်) ဒကာ ချိန်ခွင်လျှာ ညီမျှမှုသည် အရေးအကြီးဆုံး ဖြစ်ပေသည်။ ဆရာ့ တာဝန်ကလည်း ကျပန်၊ ဒကာ့တာဝန်ကလည်း ကျပန်ကြလျှင် သာသနာတော်၏ အလင်းရောင်သည် ဝေဆာ တောက်ပြောင်နေမည်မှာ မလွဲပေ။

သာသနာတော်ဟူသည်မှာ မြတ်ဗုဒ္ဓ၏အဆုံးအမတော်ပင် ဖြစ်သည်။ ထိုအဆုံးအမ သာသနာတော်သည်လည်း (၁) ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်၊ စမွက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော ပရိယတ္တိသာသနာ၊ (၂) သတိပဋ္ဌာန် လေးပါး စသော အကျင့်ပဋိပတ် တည်းဟူသော ပဋိပတ္တိသာသနာ၊ (၃) မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တည်းဟူသော ပဋိဝေဓ သာသနာတို့ ဖြစ်ကြသည်။

ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည် အဓိကပဓာန ဖြစ်သည်။ ပရိယတ္တိသာသနာဘည်မှ သာသနာ တည်နိုင်ပါသည်။ ပရိယတ္တိသာသနာ တိုးတက်လေလေ၊ မြတ်ဗုဒ္ဓ၏ သာသနာ တိုးတက်လေလေ။ ပရိယတ္တိသာသနာ တည်းဟူသော ကန်ဘောင် ကုန်ရှိုး ကောင်းလေလေ၊ ပဋိပတ္တိသာသနာ တည်းဟူသော အကျင့် (ရေကြည်ရေအေး) ကောင်းလေလေ။ ထိုပဋိပတ္တိသာသနာ တည်းဟူသောအကျင့် (ရေကြည်ရေအေး) ကောင်းလေလေ၊ ပဋိဝေဓ သာသနာ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ကြာပွင့်ကြီးတွေ စွင့်ရရှင့် ပွင့်လေလေ ဖြစ်သည်။ ပရိယတ္တိသာသနာ ကန်ဘောင်ကန်ရိုး ကျိုးပေါက် ပျက်စီးပါက ပဋိပတ္တိသာသနာ ရေကြည်ရေအေး မတည်နိုင်တော့ပဲ ပဋိဝေဓသာသနာ မဂ်ဖိုလ်နိဗ္ဗာန် ကြာမျိုးငါးပါး မပွင့်နိုင်တော့ပါ။

ထို့ပြင် ပရိယတ္တိ သာသနာသည် သာသနာ့အန္တရာယ်ကို ကာကွယ်ရန် အကောင်းဆုံးလက်နက်ဖြစ်သည်။ ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့သော သာသနာ့အန္တရာယ်တို့ကို ကာကွယ်ခဲ့ကြရသည်မှာ ပရိယတ္တိ လက်နက်ကောင်း ရှိကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ပင် ဖြစ်ပါသည်၊ မြတ်ဗုဒ္ဓက သာသနာတော် အရှည်ဘည်တံ့ ပြန့်ပွားဖို့အတွက် သြဝါဒ အမျိုးမျိုး ပေးတော်မူခဲ့ရာ ထိုသြဝါဒပေါင်းများစွာမှ သြဝါဒတခုကို ထုတ်ပြပါရစေ—

"ရဟန်းတို့— ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည် ဇိမ်ခံပစ္စည်းများကို များများမသုံးဆောင်သေးသမျှ ဘိုးဘွား အမွေအနှစ်ဖြစ်သော ဝေသာလီပြည်ကြီး မပျက်မစီးပဲ တိုးတက်စည်ပင်မည်မှာ မလွဲပေ။ ထို့အတူပင် ငါဘုရား၏သားတော်များသည် ဇိမ်ခံပစ္စည်းများကို မသုံးဆောင်သေးသမျှ ငါဘုရား၏ အဆုံးအမ သာသနာတော်ကြီး တိုးတက်စည်ပင်မည်မှာ သေချာလှ၏။ ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည် ဇိမ်ခံပစ္စည်းများကို များများ သုံးဆောင်လေလေ၊ လုံလဝီရိယ လျော့ပေါ့လေလေ ဖြစ်သဖြင့် ဝေသာလီပြည်ကြီး ညိုးနွမ်းပျက်စီးလိမ့်မည်။ ထို့အတူပင် ငါဘုရား၏သားတော် ရဟန်းတော်များ ဇိမ်ခံပစ္စည်းများကို သုံးဆောင်လေလေ၊ လုံလဝီရိယ လျော့ပေါ့လေလေ ဖြစ်သဖြင့် ငါဘုရား၏ သာသနာတော်သည် အားနည်း ပျက်စီးရပေလိမ့်မည်။"

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ သြဝါဒအတိုင်း မြတ်ဗုဒ္ဓ၏သားတော် ရဟန်းတော်များ၏ လုံ့လဝီရိယ ရှိရှိ ကြိုးစားအားထုတ်မှုနှင့် ဒကာ၊ ဒကာမတို့၏ အမြော်အမြင် ကြီးကြီးမားမားထားကာ ထောက်ပံ့မှု ချိန်ခွင်လျှာ ညီမျှလေလေ၊ သာသနာတော်ကြီး ကြီးပွားတိုးတက်လေလေပင် ဖြစ်ပေတော့သည်။

သို့ရကား ပရိယတ္တိဝန်ဆောင်၊ပဋိပတ္တိဝန်ဆောင် အရှင်ကောင်း အရှင်မြတ် တို့သည် ဇီမ်ခံမှုဘက် အလေးမထား၊ သာသနာတော်အတွက် အလေးထားနိုင်ကြပါစေ။ သာသနာ့ဒကာ၊ ဒကာမတို့ သည်လည်း အမြော်အမြင် ကြီးကြီးမားမားဖြင့် သာသနာပြုနိုင်ကြပါစေ။ ။

အရှင်သူရိယာဘိဝံသ (မိုးတား)



အရှင်နန္ဒမာလာ

မင်းကွန်းတောင်ယံမှ ပဲ့တင်သံများ

ဗုဒ္ဓဝစနများ မမေ့မပျောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ရမည်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏ တာဝန်ဖြစ်သည်။

ထိန်းသိမ်းစောင့်ရှောက်ရာ၌ အပိုင်း(၃)ပိုင်း ရှိ၏။

(၁) ပရိယတ္တိ = သင်ယူမှုအပိုင်း၊

(၂) ပဋိပတ္တိ = ကျင့်သုံးမှုအပိုင်း၊

(၃) ပဋိဝေဓ = ကိုယ်တွေ့ သိမြင်မှုအပိုင်းတို့ ဖြစ်သည်။

ထို့တွင် **ပရိယတ္တိ** = သင်ယူမှု အပိုင်းသည် သာသနာတော် ရှည်ကြာတည်တံ့ ပြန့်ပွားရေးအတွက် ပဓာနအကျဆုံးအပိုင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သင်ယူမှုမရှိလျှင် ကျင့်သုံးမှု မရှိနိုင်။ ကျင့်သုံးမှု မရှိလျှင် ကိုယ်တွေ့သိမြင်မှု မရှိနိုင်သောကြောင့်တည်း။ သို့ဖြစ်၍ ကိုယ်တွေ့သိမြင်နိုင်ရန် ကျင့်သုံးမှုရှိရမည်။ မှန်ကန်စွာ ကျင့်သုံးတတ်ရန် သင်ယူမှုရှိရမည်ဖြစ်၏။

“တရား မနာ
စာပေ မသင်
နှုတ်တွင် မဆောင်
သိအောင် မပြု၊ ဓမ္မာနု ဓမ္မပ်
ပဋိပတ်ကွာ၊ ဤငါးဖြာ၊ သာသနာကွယ်ကြောင်းမှတ်။

ဟူသည်နှင့်အညီ ဗုဒ္ဓဝစနများကို မနာကြားလျင်၊ မသင်ယူလျင်၊ သင်ယူပြီးနောက် အရအမိ ဆောင် မထားလျင်၊ ဆောင်ထားပြီး နားလည်အောင်မလုပ်လျင်၊ နားလည်ပြီးနောက် မှန်ကန်စွာ မကျင့်သုံးလျင် သာသနာကယ်နိုင်သည်ဟု ဗုဒ္ဓက သတိပေးဆုံးမတော်မူခဲ့လေသည်။

ဗုဒ္ဓဝစနများ၏ ဦးတည်ချက်မှာ ဝိမုတ္တိ တမျိုးတည်းသာ ဖြစ်သော်လည်း သတ္တဝါ အမျိုးမျိုး၏ အကျင့်၊ စရိုက် အားလျော်စွာ ဟောကြားအပ်သည့် တရားတော်တို့၏ အရေအတွက်ကား အလွန်များလှ၏။ ပိဋကအားဖြင့် ၃-သွယ်၊ နိကာယ်အားဖြင့် ၅-ဖြာ၊ အင်္ဂါအားဖြင့် ၉-တန်၊ ဓမ္မက္ခန္ဓာအားဖြင့် ၈-သောင်း ၄-ထောင် မြားမြောင် ကျယ်ဝန်းပေသည်။

ဤမျှ ကျယ်ဝန်းများပြားလှသည့် ဗုဒ္ဓဝစနများကို မမေ့ပျောက်အောင် ထိန်းသိမ်း စောင့်ရှောက်တော် မူခဲ့ကြသည့် သံဃာတော် အရှင်မြတ်များ၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေသည်။

ဗုဒ္ဓလက်ထက်တော်အခါ၌ စာပေအရေးအသား မရှိမဟုတ်၊ ရှိသည်သာ ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝစနများကို စာဖြင့်ရေးမှတ်ခြင်း မပြုပဲ လွန်ကဲသော သတိ၊ စွမ်းအင်ရှိသော အသိဉာဏ်၊ ထက်သန်သော လုံ့လဝီရိယတို့ဖြင့် နှုတ်တက်သာ ဆောင်တော်မူခဲ့ကြသည်။

အထူးသဖြင့် **အရှင်ဥပါလိ**သည် ဝိနယပိဋကကို စီစဉ်တကျ စုစည်းပြီး နှုတ်ဆောင်ခဲ့သည်။ ရဟန်းတော်များအားလည်း ရှင်းလင်း ချက် နှင့် တကွ အကျယ်ဖွင့်ဆို ပို့ချပေးသည်၊ **အရှင်အာနန္ဒာ**ကား ဝိနယပိဋကနှင့်တကွ ဗုဒ္ဓဝစန အလုံးစုံကို နှုတ်ဆောင်ခဲ့လေသည်။

ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အခါ၌ အရှင် အာနန္ဒာ မထေရ်မြတ်သည် **တာဝန်ကြီးနှစ်ရပ်**ကို ထမ်းဆောင်တော်မူခဲ့၏။ ပထမတာဝန်မှာ ဗုဒ္ဓ၏ ဝေယျာဝစ္စကို ဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ဒုတိယ တာဝန်မှာ ဗုဒ္ဓဝစန များကို နာယူ မှတ်သား ဆောင်ထားခြင်း ဖြစ်ပေသည်။

ထိုတာဝန်ကြီး နှစ်ရပ်တွင် ဒုတိယ **တာဝန်၏** ခက်ခဲနက်နဲမှုကို အသိဉာဏ်ရှိ၍ စဉ်းစားမိသူတိုင်း သိနိုင်သည်။ ဤမျှထုထည်ကြီးမားလှသည့် **ဗုဒ္ဓဝစန**များကို တလုံးတပါဒမျှ မမေ့ပျောက် **ရ**အောင် နှုတ်ဆောင်ထားရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ကင်း၍ မဖြစ်နိုင်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့် လေးရက် မြောက်တွင် အရှင်မဟာကဿပ ဦးဆောင်ပြီး အရှင် ဥပါလိ၊ အရှင်အာနန္ဒာတို့၏အကူအညီဖြင့် **ဗုဒ္ဓဝစန**များကို စနစ်တကျစုစည်းသတ်မှတ်ကြသည်။ ပိဋကအလိုက်၊ နိကာယအလိုက် ခွဲထားကြသည်။ ဗုဒ္ဓကိုယ်တော်တိုင် မှင်းလင်း ဟောကြား ခဲ့သည့် ပကိဏ္ဏကဒေသနာများကို အင်္ဂကထာအဖြစ် သီးသန့်ထားကြသည်။

ဗုဒ္ဓဝစနများ ရှည်ကြာ တည်တံ့ရေးအတွက် နိကာယအလိုက် တာဝန်ခွဲဝေ ပို့ချသွားရန် ဆုံးဖြတ်ကြသည်။

မဝေးတော့သည့် အနာဂတ်ကာလမှာပင်
တိဝင်္ဂကစရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်
ကျော်တွေ ထွက်ပေါ်လာပေတော့မည်။

အရှင်ဥပါလိက ဝိနယပိဋကကို တပည့်သံယာများအား ပို့ချပေးရန်၊

အရှင်အာနန္ဒာက ဒီဃနိကာယကို ပို့ချပေးရန်၊

အရှင်သာရိပုတ္တရာ၏ တပည့်ကြီးများက မဇ္ဈိမနိကာယကို ပို့ချကြရန်၊

အရှင်မဟာကဿပက သံယုတ္တနိကာယကို ပို့ချရန်၊

အရှင်အနုရုဒ္ဓာက အင်္ဂုတ္တရနိကာယကို ပို့ချရန် အသီးသီး တာဝန်ခွဲဝေပေးအပ်ကြသည်။

ဤနည်းဖြင့် ဆရာတပည့် အဆက်ဆက် သင်ယူပို့ချပေးခဲ့ရာ များစွာအောင်မြင်ခဲ့လေသည်။ သာသနာတော် နှစ် ၄၀၀-ကျော်သည်အထိ နှုတ်ဖြင့်သာ ဆောင်ကြသည်။ သာသနာတော် နှစ် ၄၅၀-ပြည့်သို့ ရောက်သောအခါ၌ကား နှုတ်ဖြင့်ဆောင်နိုင်စွမ်းသည့်အား ပျော့လာသဖြင့် **ပေထက်အက္ခရာ** တင်ကြရလေသည်။ နှုတ်ဆောင်ခေတ်မှ စာပေခေတ်သို့ ကူးပြောင်းလာခဲ့ခြင်းပင် ဖြစ်၏။

ထိုအချိန်မှစ၍ ယနေ့အထိ ပုဒ္ဓဝစနများသည် ခေတ်အဆက်ဆက် အခက်အခဲအမျိုးမျိုးအကြားမှ ရှင်သန်လှုပ်ရှား ပြန့်ပွားလာခဲ့ပေသည်။ စာမှ နှုတ်သို့လည်းကောင်း၊ နှုတ်မှ စာသို့ လည်းကောင်း ကူးပြောင်းခဲ့သည်။နောက်ဆုံးတွင် နှုတ်သို့အရောက် နည်းလာပြီး စာပေအဖြစ်၌သာ အခိုင်အမာရပ်တည်လေတော့၏။

စာပေမှန်လျှင် လေ့လာသင်ယူသူရှိမှသာအသက်ဝင် လှုပ်ရှားနိုင်၏။ လေ့လာသင်ယူသူ မရှိပါက ပေပုရပိုက်နှင့် စာအုပ်များအကြား၌သာ တိမ်မြုပ်ပျောက် ကွယ် သွား ပေ လိမ့် မည်။ ဤအချက်ကို အလေးအနက်ထား၍ နိုင်ငံတော်အစိုးရက တိပိဋကကို ရေး ချယ်ရေး စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပနေခြင်း ဖြစ်သည်။

စာမေးပွဲရှိလျှင် သင်တန်းကျောင်း ရှိရမည် ဖြစ်၏။ မရှိလျှင် ထိုစာမေးပွဲ မတည်မြဲနိုင်။ (တိပိဋကရေ) စာမေးပွဲ ပျောက်ကွယ်လျှင် တိပိဋကရေ ပုဂ္ဂိုလ်ထူးတွေပေါ်ပေါက်လာနိုင်ဖွယ်မရှိ။ တိပိဋကရေ ပုဂ္ဂိုလ်ထူးတွေပေါ်လာပါက ဗုဒ္ဓဝစနများသည် တစတစ ပေပုရပိုက် စာအုပ်များ အကြားဌာန သာ ပျောက်ကွယ်တိမ်မြုပ်သွားမည်သာ ဖြစ်၏။

သို့ဖြစ်၍ ဤအချက်ကို အလေးအနက် ဆင်ခြင် အမြော်အမြင်ကြီးမားလှသော မင်းကွန်း တိပိဋကရေ ဓမ္မနာဒဆရာတော် (အရှင်ဝိစိတ္တသာရာဘိဝံသ) သည် မိမိ၏ တိပိဋကဓရဘွဲ့ရ ၂၅-နှစ်မြောက် ကာလ၌ သာသနာတော်အတွက် အရေးပါလှသော သာသနာ့တာဝန်တရပ်ကို ချမှတ် ဆောင်ရွက်တော်မူလိုက်လေသည်။

ထိုတာဝန်မှာ အခြားမဟုတ်ပါ။ ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း (၅)ရက် နေ့၌ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ ကမ္ဘာတွင် မပေါ်ဖူးသေးသော "တိပိဋကနိကာယကျောင်းတိုက်ကြီး" ကို "တိပိဋကနိကာယ သာသနာပြုအဖဲ့ကြီး" နှင့်တကွ တည်ထောင် ဖွင့်လှစ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ထိုကျောင်းတိုက်ကြီးသည် ၃-နှစ်အတွင်းမှာပင် ကြီးမားသောအဟုန်ဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်နေပေသည်။ ဖွင့်စနှစ်တွင် တိပိဋကနိကာယစာသင်သား သံဃာ (၄၇)ပါးမျှသာ ရှိသော်လည်း ၁၃၄၃-ခုနှစ်၌မူ (၁၅၀)ကျော်အထိ တိုးတက်များပြားလာခဲ့ပေသည်။

မင်းကွန်းတောင်ယံတွင်မိုးမိတ်ဧစတီတော်ကြီးမှ ဆည် လည်း (ဆဲလဲ) သံနှင့် အတူ တိပိဋကရေ လောင်းလျာ အာဇာနည်အရှင်မြတ်တို့၏ မွေမဲ့တင် သံတွေ လွှင့်ပျံနေပေပြီ။

မဒေးတော့သည့်အနာဂတ်ကာလမှာပင် တိပိဋကဓရ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ကျော်တွေ မြောက်မြားစွာ ထွက်ပေါ်လာပေတော့မည်။ ။

အရှင်နန္ဒမာလာဘိဝံသ

သ+စ+အ=ဓမ္မာစရိယ+ပါဠိပါရဂူ

မဟာသုဗောဓာရုံတိုက်၊

၎င်းကိုင်းမြို့။

မိုးမိတ်ကုန်းမြေမည်သည်တော်မှတ်ဟမ်း

ဤ မှတ်တမ်းကို ရူပါဟု မတိုက်တွန်းလိုပါ။ ခွန်းသံချိုချို နှင့် ဤမှတ်ဟမ်းက ဆီးကြို ညှဉ်ခံလာပါ လိမ့်မည်။ သို့အတွက် ဤမှတ်တမ်းကို ရူပါဟု တိုက်တွန်းနေစရာ လိုပါဦးမည်လား ခင်ဗျာ....

ကျွန်တော်၏ ဇာတိမှာ မိုးမိတ်ဖြစ်ပါသည်။ မိုးမိတ်က မွေးထုတ်လိုက်သဖြင့် လူ့လောကသို့ ကျွန်တော် ရောက်ရှိလာခြင်း ဖြစ်ပါသည်။

မိုးမိတ် သံယောဇဉ်ကြောင့်လေလား ကျွန်တော်မပြောနိုင်ပါ။ လွန်ခဲ့သောနှစ်အတွင်းက ပြင်းထန်သော ဆန္ဒ၏လှုံ့ဆော်ချက်အရ စစ်ကိုင်းတောင်ရိုးမှ 'မိုးမိတ်ကုန်းမြေ'သို့ ကျွန်တော် ရောက်ရှိသွားခဲ့သည်တွင် 'မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးနှင့် တိပိဋကနိကာယသာသနာပြုအဖဲ့' ဥက္ကဋ္ဌကြီး ဦးသာလှ (အထူးကုဆရာဝန်ကြီး)က ကျွန်တော့်လက်သို့ **'ညွှဲသည်တော်မှတ်တမ်း'** စာအုပ်ကြီးကို ကမ်းလှမ်း သဖြင့် (ကျွန်တော့် အတွက် ထိုစာအုပ်ကြီးတွင် မှတ်တမ်းမတင်မီ) မှတ်တမ်းတင်သွားကြသော ညွှဲသည်တော်များနှင့် ယင်းတို့၏ ဝိုင်းဝိုင်းစက်စက် မှတ်တမ်းတင်အကွက်ရာများကို စိတ်ဝင်စားစွာ အာရုံပြုနေမိ ပါသည်။ မှတ်တမ်းတွင် လူ ရှင်ရဟန်း လူဘန်းစား အလှဘအဖုံဖုံ စုံလှပါသည်။ တိုင်းရင်းသားများသာမက တိုင်းခြားညွှဲသည်တော်များ၏ မှတ်တမ်းများကိုပါ တအံ့တသြ တွေ့ရှိရပါသည်။



ကျွန်တော် မွတ်တမ်း တခုကို ရှေး ဦးစွာ ဖတ်လိုက်ရာ မွတ်တမ်းဝင် အကွရာစာလုံးလေးများက ကျွန် တော့်အား ပြုံး၍ နှုတ်ဆက် ကြသလို ထင်ရပါသည်။ ထို့ မွတ်တမ်းကား စစ်ကိုင်းတောင် ရိုး၊ ရွှေဟင်္သာ တိုက်သစ်မှ "အဘိဓမ္မဟာရဋ္ဌဂုရု" တံဆိပ် တော်ရှ ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ မွတ်တမ်း ဖြစ်နေပါ သည်။

မြန်မာသက္ကရာဇ် ၁၃၄၁-ခု၊ တော် သလင်းလပြည့်ကျော်(၄)ရက်နေ့စွဲဖြင့် ဘော်သား ရောင်အသွေး၊ ဖွေးဖွေးဖြူနေသော စက္ကူပေါ်တွင် မွတ်တမ်းတင် ထားတော်မူသည်မှာ—

ရှေးဘုန်းရှေးကံရှိသော ပုဂ္ဂိုလ်တို့သာလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို ရွက်ဆောင်နိုင်ကြသည်ဖြစ်ရာ မိုးမိတ်စေတီ တော်ကြီးကို အကြောင်းပြု၍ ဒကာ၊ ဒကာမ များ စွာတို့က သာသနာတော် အနှေးရှည်ကြာစွာ တည်စေရန်အလို့ငှာ အတိ ပယန္တ သဒ္ဓာဗလဝဖြင့် ဆောင်ရွက်နေကြကြောင်း သိရှိရသဖြင့် နှစ်ထောင်းအား၍ များစွာ ဝမ်းမြောက်လှပေသည်။

အရှင်ပဏ္ဍိတမထေရ်
အဘိဓမ္မဟာရဋ္ဌဂုရု

ထို့မှတပေါက် နောက်မွတ်တမ်း တခုမှာ ဥက္ကလာဓေယျ၌၊ မဟာရန်ကုန်မှ ဘုံပျံဆရာတော်၏ မွတ်ဘမ်းဖြစ်လေသည်။

မိုးမိတ်စေတီတော် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို အထူးအံ့သြဖွယ်ရာ တွေ့ရှိရသဖြင့် အလွန် ဝမ်းမြောက်ခြင်း ဖြစ်ရပြီး သာသနာတော်အတွက် အလွန်အားတက်မိပေသည်။ ဤနည်းအတိုင်းသာလျှင် သာသနာပြု အဖဲ့ကြီးက တက်ညီ လက်ညီနှင့် ဆက်လက် ဆောင်ရွက်သွားကြလျှင် သာသနာ ကြီးပွားမှု အလားအလာ များစွာမျှော်လင့်ဖွယ် ရှိပေသည်။

ဦးပညာသာမိ (ဘုံပျံဆရာတော်)
၉-၈-၃၉

တိပိဋကနိကာယ တိုက်တွင်
သာသနာတော်၏ ပင်မ
ထောခြေခံ အရပ်ရပ်ကို ကြည်ညို
ခဲ့ရသည်မှာ အနာဂတ် ဗုဒ္ဓ
သာသနာ အတွက် အားတက်
ဖွယ်ရာ

သံဃာတော်များ၏ ည့်သည်တော် မှတ်တမ်းများစွာရှိလေသည့်အနက် ပဲခူးမြို့က မှတ်တမ်းကို နိဒါန်းသယ်ရလျှင် သီရိမြုတေ မိုးမိတ်ကုန်းမြေကို အဘယ်သို့ မှတ်တမ်းတင်လေသနည်း ဆိုသော်—

"ဤ တိပိဋကနိကာယကျောင်းတိုက်ကြီးသို့ နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ မြို့မိမ ဆရာတော်ဘုရားကြီးနှင့် တကွ တပည့် ဦးစန္ဒောဘာသတို့သည် ပျော်ရွှင် ချမ်းမြေ့စွာ နှစ်ညဉ့်ဘာမျှနေထိုင်ခဲ့ရသဖြင့် ဘဝတသက်တာ မေ့နိုင်တော့မည် မဟုတ်ပါ။

'ကျွန်ုပ်တို့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်ရှိသကဲ့သို့ တိပိဋကဝင် သံဃာတော် အရှင်သူမြတ်အပေါင်းတို့သည်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလျက် အောင်ပန်းအဆင့်ဆင့် လွှင့်ထူနိုင်ကြပါစေ။ ဓမ္မနာဒတိုက် ဦးဂုသလအား လည်း ကျေးဇူး အထူးတင်ကြောင်း မှတ်တမ်းပြုပါသည်။"

ဦးစန္ဒောဘာသ (ဓမ္မာစရိယ)
မြို့မစာသင်တိုက်၊ ပဲခူးမြို့။

လူပုဂ္ဂိုလ်ည့်သည်တော် မှတ်တမ်းများ

ထက်အောက် ဆန်စုန်၊ သံဃာတော် များ၏ မှတ်တမ်းအဖုံဖုံတို့ကို ကုန်စင်အောင် ကျွန်တော် တင်ပြလိုက်ချင်ပါသည်။ သို့ရာတွင် နေရာအတွက် အခက်အခဲရှိသဖြင့် လူပုဂ္ဂိုလ်များဘက်သို့ မျက်နှာလှည့်ပါရစေ။ ကျွန်တော့်မျက်စိအောက် ရောက်ရှိနေသည့် မှတ်တမ်းမှာ ကျောက်ဆည်မြို့၊ ခ-လ-ရ (၂၉)မှ တပ်ရင်းမှူး ဇနီး ဗိုလ် ကြီး မြင့်ရွှေ၏ မှတ်တမ်း ဖြစ်ပါသည်။ ဗိုလ်ကြီးမြင့်ရွှေက ဤသို့ ဆန္ဒပြုထားပါသည်။

"ပထမအကြိမ် အစီအစဉ်မရှိပဲ ရောက်ရှိလာပါသည်။ ဆရာတော်ကြီးများ ရှင်းပြ၍ စိတ်ကြည်နူးရပါသည်။ နောက်တကြိမ် လာရောက်ပြီး ဝေယျာဝစ္စကူညီရန် ဆန္ဒရှိကြပါသည်။"

ဗိုလ်ကြီးမြင့်ရွှေ မိသားစု
၈-၃-၈၀

နောက် မှတ်တမ်းရှင်များကတော့ ရန်ကုန်မြို့က (နိုင်ငံတော်ကောင်စီဝင်) ဦးသန်းစိန်၊ ဒေါ်မြမေ မိသားစုဘို့ ဖြစ်လေသည်။ တို့ရှင်းနှင့်လိုရင်း မှတ်တမ်းတင် ထားသည်မှာ—

"တိပိဋကနိကာယ တိုက်တွင် သာသနာတော်၏ ပင်မအခြေခံ အရပ်ရပ်ကို ကြည်ညိုခဲ့ရသည်မှာ အနာဂတ်အတွက် ဗုဒ္ဓသာသနာအဖို့ များစွာအားကောင်းဖွယ် ဖြစ်ပါသည်။ မစိုးရိမ် ဆရာတော်ဘုရား၏ သြဝါဒကိုလည်း နာခံရပါ၏။"

သန်းစိန်
(နိုင်ငံတော်ကောင်စီဝင်)
၉-၂-၈၀

ထို့နောက် မိုးမိတ်ကုန်းမြေအဘွက် အကွာမင်ဆေးဖြင့်မှတ်တမ်းရေးသွားသူကတော့ မန္တလေးမြို့၊ မင်္ဂလာဈေးရပ်မှ ဗဟိုတရားရုံးချုပ် ရှေနေဦးတင်မောင် ဖြစ်ပေသည်။ ဦးတင်မောင်က ကမ္ဘာချင်းအောင် သာသနာရောင် လင်းစေလိုပါသတဲ့။

"တိပိဋကနိကာယ စာသင်တိုက်သို့ ကုသိုလ်ထူးလှ၍ မမျှော်လင့်ပဲ ရောက်ခဲ့ရသည်။ မြန်မာပြည်တွင် ဤကဲ့သို့ ဗုဒ္ဓသာသနာ ပြန့်ပွားရန် မြင့်မား ကြီးကျယ်လှစွာသော ရည်ရွယ်ချက်ဖြင့် တိပိဋကဆရာတော်၏ စွမ်းဆောင်ကြိုးကုတ်အားထုတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသဖြင့် အထူး ဝမ်းမြောက်လှပါသည်။

ဗုဒ္ဓသာသနာသည် ကမ္ဘာချင်းအောင် ပြန့်ပွား အဓွန့်ရှည်ပါစေသတည်း။"

တင်မောင်
၁၈-၃-၈၀

ရန်ကုန်မြို့၊ ၃၁-လမ်း၊ အမှတ် ၁၈၆-နေ၊ ကုန်သည် ဦးကြည်နှင့် တူဖြစ်သူ မောင်မောင်ကြည်တို့၏ မှတ်တမ်းက ဆိုပြန်လျှင် ဝမ်းမြောက်နုမော်သာဓုခေါ်စရာ ဖြစ်ပါသည်။

"ငင်းနွေဆွမ်း ကပ်ချိန်တွင် အချိုပွဲ ဆက်ကပ်လှူဒါန်းရန် နိုင်ငံခြားသာကြီးလုံး (၁၀)

ထုပ် လှူဒါန်းခဲ့ပါသည်။ ယခု ပထမအကြိမ် ဆရာတော်ကျောင်းသို့ ရောက်ရှိခဲ့၍ တန်ခူးလ တွင် မိသားစုများ လာရောက်ပြီး အလှူဒါန တခုခုလှူဒါန်းရန် ဉာဏ်ရှယ်ချက် ရှိပါသည်။"

မောင်ကြည်

၉-၃-၈၀

ဤမှတ်တမ်းရေး၍ လှူမည်ဟုရေးထားသောဆူ ဦးကြည်မှာ (၂၂-၄-၈၀)နေ့တွင် လူ့လောကမှ ကွယ်လွန် သွားရှာသဖြင့် ၎င်း၏ ရည်ရွယ်ချက် အကောင်အထည် ပေါ်အောင် တူတော်မောင် မောင်မောင်ကြည်က မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက် မဟာရာမ် တံတိုင်းအတွက် အလှူငွေကျပ် (၁၀၀၀) လှူဒါန်းပြီး ဦးကြည် ရောက်ရာအရပ်မှ သာဓု ခေါ်နိုင်ပါစေသောဝ်ဟု အမျှဝေသွားလေသည်။

ရှုပ်ရှင်ဂီတလောကမှ အကွာရာတင်ချက်ကိုလည်း မျက်ဝါးထင်ထင် ကျွံသို့တွေ့မြင်ရပါသည်။

ဗုဒ္ဓနှင့် တွေ့နေရသော
အရိယာသူတော်စင် ကျမ်းတတ်ပုဂ္ဂိုလ်များ အား တဇောကြုံဆုံရခြင်းသည် လွတ်မြောက်ရာ အကြောင်းတရားကို တဒင်္ဂမြင်ရခြင်း အကျိုး တရားတည်း။

ကိုကို (ဂီတလုလင်မောင်ကိုကို)
ရှုပ်ရှင်-ဂီတ ဒါရိုက်တာ
အမှတ် ၃၀/၅၊ သီရိမာလာရိပ်သာလမ်း၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

နိဒ်ဒေသ
ဧည့်သည်တော် မှတ်တမ်းများ

တိုင်းရင်သား ဧည့်သည်တော် မှတ်တမ်းများကို ဤ မျှဖြင့် တန့်နား၍ နိဒ်ဒေသရပ်ခြား တပြည်သား တို့က မိုးမိတ်တောင်နန်းကို ဤသို့ မှတ်တမ်းတင် သွားကြသည်ကိုလည်း တွေ့ရှိရပြန်ပါသည်။

(1)

NOVEMBER. 1. 1980.

နေ့စွဲ။
ဧည့်သည်တော်အမည်၊
ဂုဏ်ထူး။
နေရပ်။

ဒေါ်ခင်ကလျာ
PATRIACIA HERBERT,
BRITISH LIBRARY,
DEPT. OF ORIENTAL
MANUSCRIPTS,
LONDON.

I CONSIDER IT A GREAT HONOUR AND PRIVILEGE TO BE INVITED TO မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် AND TO SEE THE GOOD WORK DONE HERE. I WISH I CAN RETURN TO LEARN MORE ABOUT BUDDHISM AND OF THE TEACHINGS OF အရှင်ဝိစိဘ္ဘသာရာဘိဝံသ AND OTHER VENERABLE SAYADAWS.

S.d. ခင်ကလျာ PATRIACIA HERBERT

(2)

APRIL, 3. 1981 (FRIDAY)
ROBERT ALAN EDISON
HIGH SCHOOL TEACHER
30, OSTEGO ROAD

I AM VERY HAPPY TO BE HERE AND TO BE TREATED WITH SUCH HOSPITALITY AND I ONLY WISH I WAS ALLOWED TO SPEND MORE TIME IN BURMA.

s.d. ROBERT EDISON.

(3)

နေ့စွဲ၊ 12th. OF JANUARY 82
ဧည့်သည်တော်အမည်။ JON JERSTAD
ဂုဏ်ထူး။ STUDENT OF BUDDHISM, UNIVERSITY OF OSLO
နေရပ်။ DYBWADS GATE. OSLO 3. NORWAY

I THANK YOU FOR THE GENEROUS HOSPITALITY THAT HAS BEEN SHOWN ME HERE TO-DAY. MY QUESTIONS TO THE SAYADAW HAS BEEN ANSWERED IN SUCH A WAY TO FURTHER ILLUMINATE MY PRESENT STATE OF RELATIVE IGNORANCE.

YOURS SINCERELY
s.d. JON JERSTAD



မင်းကွန်းဖြေကတရားသဲ့ ကမ္ဘာအနှံ့ကြွယ်

မာမာအေး။ ။ မြင်းခြံရှိုင် သဲဖြူဝဝေါ် ကျည်းပင်ရှားတွင် ကောဇာသက္ကရာဇ် တွက်စစ်ပါက ထောင့်နှစ်ရာ ခုနစ်ဆယ့်သုံးခု ခါသမယ—မာသတန်ဆောင်တိုင် အတွင်း ဓာန်း ဆယ့်တစ်ရက် ဆင်မင်းနေ့လယ်၊ သုံးနာရီကျော်ဝယ်၊ ခမည်းတော် မယ်တော် ဦးဆုံ-ဒေါ်ဆင် ရွှေရင်တိုက်က ပိုက်ထွေးယုယရာ သားမြတ်ရတနာ ထွန်းကားလာတယ်၊ ငယ်နာမည် မောင်ခင် မှုသည် ဇာတာတော်တွင်း မောင်ရှန်ရှင်း အမည်ကြွယ်။၎

မောင်မောင်ကြီး။ ။ ခြောက်နှစ်သားအရွယ် ရောက်ပြန်တော့ ကျည်းပင်ကျောင်း ဆရာတော်ထံဝယ်၊ ပညာသင်ကြားရန် အပ်နှံကော့တယ်၊ ရှစ်နှစ်သားအရွယ် မြင်းခြံမြို့ မင်းကျောင်း တိုက်ရဲ့ စာချဆရာတော် ဦးသောဘိတထံ ရောက်ပြန်လို့ရယ်၊ ဆယ်နှစ်သားအရွယ် ကျတော့ သာမဏေအဖြစ် အနှစ်ဂုဏ်ကြွယ်၊ ရှင်ဝိစိတ္တသာရ နာမအမည် ဘွဲ့တော် ချီလေတယ်။

တင်တင်မြ။ ။ သက်တော်ဆယ့်ကိုးနှစ်ဝယ် မင်းကွန်းဒေသ လှမ်းကြကာရယ်၊ ဆရာတော် အရှင် ပညာစကြာ မဒေထရိထံတွင် ပညာသင်ကြား အစဉ်အား ထင်ရှားလို့ရယ်၊ တစ်ဆောင့်နှစ်ရာ ကိုးဆယ့်နှစ်ခုနှစ်ကောင်း၊ နှောင်းတန်ခူးလဆန်း ခြောက်ရက်ဝယ်၊ ဌေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်မှာကွယ်၊ ဓမ္မနာဒ ဆရာတော် ဘုရားကို ဥပဇ္ဈာယ်ပြုလို့ရယ်၊ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူလေတယ်။ ရဟန်း ဒါယကာများမှာ ဒေါ်မမူစာရီ အမှူးပြုလို့ရယ်၊ သဌေးကြီး ဆာဦးသွင်နဲ့ သမဌေးကတော် ဒေါ်ဒေါ်သိန်းတို့ ကိန်းခန်းအရ ငြိမ်းချမ်းကြသိန်းသန်းမက အမျဝေတယ်။

မင်းနောင်။ ။ ပရိယတ္တိအဓြခံ၊ မသွေအမှန်သင်ကြား၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတွေ့ မကျန်ဖွယ်၊ လုံလဝီရိယ ဇွဲနဲ့ မြဲလို့သာရယ်၊ အာဂယောကျွေး အာဂုံဆောင်ခဲ့တယ်၊ တစ်ဆောင့်သုံးရာ ဆယ့်ငါးခုမှာတော့ သာသနာ့အာဇာနည် ထွက်ဒေါ်ခဲ့ပြီကွယ်၊ တိပိဋကဓရ ရွေးချယ်ပွဲဝယ်၊ ဂုဏ်ထူး နှစ်ဆင့်ဖြင့် အောင်မြင်လာတယ်၊ ပိဋကသုံးပုံ အာဂုံဆောင်လို့၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကမ္ဘာသိကြ အဓိက

မထေရ်ကျော်ပါတကယ်၊သာသနာသက်ရာင်နှစ်ထောင့်ငါးရာ အခါတော်ဝယ်၊ ဆဋ္ဌသင်္ဂါယနာ တင်တော်မူရာ၌ အဖြေပုဂ္ဂိုလ် ထုတ်ဆို ညွှန်းဖွယ်၊ စကြဝဠာ တဝန်းလုံး အုံးအုံးကျက်ကျက် သာဓုခေါ်သံကြွယ်။

ရိရိသန့်။ ။ ဗုဒ္ဓဝင်ကျမ်းမြတ်အကျော် ရေးသံားတော်မူရာဝယ်၊ ဦးစီးအမှူ ပြုပေး အလေးထားခဲ့ပါတယ်။ ဒါတွင်မကပါ ပမာတင်ကာပြရယင်ဖြင့် ဂါထာလင်္ကာများ ရတုကဗျာ စာပေများရယ်၊ ရေးသားလို့ ကျမ်းပြုတော်မူဘယ်၊ သို့ကလို ဆောင်ရွက်ချက်များရယ်ကြောင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုကွယ်၊ အလှူခံရတော်မူတယ်၊ မနောအလှ၊ အဟောဝတ ကြည်ညိုဖွယ်။

အများ။ ။ ကနက်ဇဒ်ထီးဖြူ ပွင့်တော်မူလို့ရယ်၊ဝဏ္ဏစည်ကြီး မြည်ဟည်းရိုက်ချန်း မိုးမြေလုံးဝယ်၊ ကမ္ဘာရှည်သရွေ့ တည်စေ့မယဲ၊ တပည့်တော်တို့ရဲ့ ဆရာတော် သက်တော်ရာကျော် ရှည်ပါလို့ရယ်၊ မွေးနေ့အခါတော်ဝယ်၊ ဆုမြတ်ပန်ခြေတယ်၊ နေ့စဉ်ညစဉ် နိဗ္ဗာန်ရောက်ကြောင်းမြတ်တရား ဟောကြားပါလို့ သတ္တဝါတွေကိုကယ်၊ လင်းထွန်းနေတယ်၊ ဝင်းရွှန်းစေဖွယ်၊မင်းကွန်းမြေက တရားသံ ကမ္ဘာအနှံ့ကြွယ်။

ဤစမ္မဂီတစတေးသီချင်းကို
ဒါရိုက်တာ-ဗိုလ်ကလေးတင့်အောင်က
ဦးဒီးစီစဉ်၍
ဂီတလုလင်-စမောင်ကိုကိုနှင့် (သဒီး)
မစန္ဒာလင်း(မြန်မာစာ)တို့က ရေးစပ်သီကုံးပူဇော်ကြပါသည်။

တေးသံရှင်—မင်းနောင်၊မောင်မောင်ကြီး၊
တင်တင်မြ၊မာမာအေး၊
ရိရိသန့် တို့က သီဆိုကျူးရှင့်
ပူဇော်ကြပါသည်။

* * *

"လွင်"စတူဒီယို ဒာမှတ် (၈၁၀) ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့မှ
ဤစမ္မဂီတတေးသီချင်းများကို
စမ္မဒါန အဖြစ် အသံသွင်း၍ ပူဇော်ပါသည်။

* * *

မိခင်ကြီးများဖြစ်ကြသော ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်နှင့်
ဒေါ်ခင်ညွန့်တို့အား အမှူးထား၍ ဂီတလုံလင် မိသားစုဘွဲ့က
ဤစမ္မဂီတ တေးသီချင်းစာများကို
စမ္မဒါန ပြုပါသည်။

၁၃၄၃-ခု၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ ၁၉၈၁-ခု၊ နိုဝင်ဘာလ(၄)ရက်၊ ဗုဒ္ဓဟူးနေ့။

ဘာလာနည်တို့
စံပွာနီ

အရှင်ယောသိတ(ရေနံချောင်း)



* ရောဝတီ မြစ်ကမ်းနား
  မိုးမိတ်စေတီများ။
* ထန်းမြင့်ရွာဖျား တည်ထားခေါ်
  နိကာယတဲ့ တို့ကျောင်းတော်။
* ရှင်ပျော်ပျော် ဇာနည်တို့
  ပညာရင်နှီ သောက်လို့စို့။
* သာသနာတိုးဖို့ ဇာနည်တွေ
  နိကာယ်ငါးရပ် ကျက်မှတ်နေ။
* တို့တိုင်းတို့ပြည် စည်ပင်ရေး
  ဗုဒ္ဓဘာသာ တိုးတက်ရေး။
* ခေါင်းလောင်းလေးက ဒေါင်ဒေါင်ည်
  ဒူဝေဝေဝေ ကြေးစည်သံ။
* အရှင်နံနက် ဆွမ်းစားဖို့
  ဆည်တောင်ကြီးနဲ့ နွားဆော်လို့။
* ဘဉ်းပေးပြီးလို့ စာကျက်ပြီ
  ၁၀-နာရီထိ ကြိုးစားသည်။
* ၁၀-နာရီ ဒင်ဒင်ထိုး
  ကိုယ်လက်သန့်စင် ရေမိုးချိုး။
* ရေချိုးပြီးချိန် ခေါင်းလောင်းညံ့
  ဒူဝေဝေဝေ ကြေးစည်သံ။
* စည်တော်သံ အချက်ပေး
  ၁၀-နာရီခဲ့ နွေဆွမ်းကျေး။
* ဘဉ်းပေးပြီးတော့ တစ်နာရီ
  ကျိန်းစက်ကြလို့ ဆွမ်းလုံးစီ။
* ဆွမ်းလုံးစီပြီး စာကိုကျက်
  အပျင်းမဖက် ကြိုးစားလျက်။
* စာကျက်ကောင်းတုန်း သုံးနာရီ
  အဖျော်ယမကာ ကပ်ပြန်ပြီ။
* ၅-နာရီခဲ့ ညနေရောက်
  အညောင်းပြေအောင် လမ်းကိုလျှောက်။

မင်းကွန်းတိဝိဋ္ဌက=နိကာယသာသနာပြုတော်ရဲ့

* ဖ-နာရီလောက် ခေါင်းလောင်းည်
ဝတ်တက်ကြဖို့ တပ်လှန့်သံ။

* တည်ည် သြဂာသ
ဣတိပိသော် အစိန္တေယျ။

* သမန္တာတ့် ညတူတူ
ပရိတ်ရွတ်လို့ ပြီးချိန်မူ။

* စတုမဋ္ဌ ထန်းလျက်ခဲ
ကြက်သွန်ဆုပ်နဲ့ ရေနွေးပဲ့။

* သောက်ပြီးလို့လဲ ညချိန်တန်
ရပြီးစာများ အုလ့တ်ပြန်။

* စာပြန်ရတာ ပင်ပန်းချက်
၁၁-နာရီ နာရီဝက်။

* ခက်တဲ့စာများ ပြန်ပြီးပြီ
ပင်ပင်ပန်းပန်း အိပ်တော့သည်။

* ဥပုသ်သီတင်း နေ့တိုင်းလဲ၊
ဘုရားကျောင်းဝိုင်း တံမြက်လှဲ။

* နေ့စဉ်အမြဲ နားချိန်တွင်၊
ဇာနည်အရှင် ပြုံးပြုံးရွှင်။

* တိုင်တိုင်ပင်ပင် ပြုကိစ္စ၊
စာကြောင်းပေကြောင်း ဆွေးနွေးကြ။

* အရှင်ဝိစိတ္တ သာရသျှင်၊
တို့ဘတွေရဲ့ ဖသခင်။

* တို့ဖခင် ခြေရာတိုင်း၊
နင်းနိုင်ကြဖို့ စိတ်ကပိုင်း။

* စိတ်ပိုင်းပြတ်ပို့ ကြိုးစားသည်၊
တိပိဋ္ဌက အာဇာနည်။

* မြန်မာပြည်မှာ ကျော်ကြားစံပြ
တိပိဋ္ဌက=နိကာယ။

* တိပိဋ္ဌက=နိကာယ၊
အာဇာနည်တို့ စံဌာန။ ။

အရှင်ဃောသိတ (ရေနံချောင်း)

အဘိဓမ္မာဒီပကျောင်းဆောင်

တိပိဋ္ဌက=နိကာယကျောင်းတိုက်၊

မိုးမိတ်ကုန်းမြေ။

ဤကဗျာများကို-

"ပိဋ္ဌက=နိကာယ စာသင်သားတွေဟာ တနေ့(၁၀)နာရီစာကြည့်-စာဘဲ့-စာကြုံ-စာကျက် နေကြတယ်" ဟူသော တိပိဋ္ဌကဓရ မဟာဇဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဆရာတော်အရှင် ဉီးဝိစိတ္တာသာရာဘိဝံသ မြွက်ကြားသော စကားကို အကျယ်ချဲ့ရေးသားပါသည်။

မိုးမိတ်ကုန်းမြေ = ဆိုသည်မှာ ရှမ်းပြည်နယ် မိုးမိတ်ကုန်းမြေ မဟုတ်ပါ။ ကုန်းဘောင်ခေတ် ခြောက်ဆက်မြောက် အမရပူရမြို့တည် နန်းတည် ဗဒုံမင်းခေါ် ဘိုးတော် မင်းတရားကြီး၏ တိလောက ဒေဝီဘွဲ့ရ မိုးမိတ် မိဖုရားမှ ဖွားမြင်သည့် သားတော်ကြီး 'လွတ်တက် မဟာဓမ္မရာဇာ'၊ မင်းရဲရွှေတောင်'ဘွဲ့ရ မိုးမိတ်မင်းသား တည်ထား ကိုးကွယ် ခဲ့သည့် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီ တော်ကြီးကို အစွဲပြုကာ 'မိုးမိတ်ကုန်း မြေ'ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ယင်းမိုးမိတ်ကုန်းမြေမှာ မင်းဝံတောင်တန်းကြီး၏ အရှေ့ဘက် ရောဝတီမြစ်၏ အနောက်ဘက် ကမ်းနဖူး ထန်းမြင့်ရှာဦးတွင် တည်ရှိပြီး မြန်မာပြည်၏ ဗဟို ချက်မ မဇ္ဈိမအရပ်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်။

မိုးမိတ်ကုန်းမြေ၌ မိုးမိတ်စေတီတော်ကြီးနှင့်အတူ မိုးမိတ်မင်းသား၏ ကြင်ရာတော် ဟည်ထားကိုးကွယ်ခဲ့သည့် ကုန်းဘောင်ခေတ် လက်ရာ စက်တော်ရာစေတီကြီး၊ ဆွဲဘုန်းပွင့်စေတီတော်၊ မင်းတော ဆေတီ စသော စေတီတော်အဆူဆူကိုလည်း ရှိကြပါသည်။ ထိုစေတီဘုရားလုံးတို့မှာ နှစ်ပေါင်း ကြာမြင့်ခဲ့ခြင်း၊ ငလျင်ဒဏ် အကြိမ်ကြိမ် ခံရခြင်း၊ လူသူ အရောက်အပေါက် နည်းခြင်းတို့ကြောင့် ပျက်စီးယွင်းယို ဘုရားပြို ဘုရားပျက်များ ဖြစ်ကြလျက် ချို့နွဲယိမ်းပိတ်ပေါင်းတို့ ဝန်းရံကာ တည်ရှိခဲ့လေသည်။

ထိုအချိန်က ဆိုလျှင် ထိုစေတီတော်များကို ပြုပြင်ဖို့၊ ဘုရားပွဲဖြစ်ဖို့ မျှော်မှန်းမရ၊ အိပ်မက် မက်၍ပင် မရအောင် ဆိတ်သုဉ်း ခဲ့လေသည်။ ပတ်ဝန်းကျင် အနီးအနား ကျေးရွာများကပင် ရယ်ရွင်ဖွယ်စကားအနေဖြင့် 'ပွဲကြည့်ရမယ်၊ ပွဲကြည့်ရမယ်၊ မိုးမိတ်ဘုရားပွဲကျ ပွဲကြည့်ရမယ်' ဟု ပြောဆို ခဲ့ကြသည်။ သူတို့ပြောဆိုသည်ကပင် အတိတ်တဘောင်လို ဖြစ်ကျန်ခဲ့ပြီး ရယ်စကားမှ တကယ်ပါတကားဟု ကံအားသင့်လောက်အောင် ဖြစ်ခဲ့ရသည်မှာ-

၁၂၉၉-ခုနှစ် ပထမ ဓမ္မနာဒ ဆရာတော်ဘုရား ဘဝနတ်ထံဝင်စံတော်မူပြီးနောက် ထိုပထမ ဓမ္မနာဒ ဆရာတော်ဘုရားမှာ အရှင်ဝက္ကလိတမ္ဗ ဘုရား၌ ကြည်ညိုမှုပြင်းပြတော် မူသောကြောင့် -

မင်္ဂကဒ္ဒီ မတာသာပိ၊
ရဇောဘာဝံ ဝဇန္တု မေ။
ယတော ပုညေန တေ သေန္တု၊
ဒိနပါဒမ္မုဇ္ဇယေ။

"အကျွန်ုပ် ကွယ်လွန် ပြီးနောက် အကျွန်ုပ်၏ ဦးခေါင်းခွံရိုးတို့သည် မြို့မှုန်မျှးဖြစ်ကြပြီး ယင်းသည့် ဘုရား၌ ကြည်ညိုရသော ကောင်းမှုကြောင့် ထို့မြို့မှုန်မျှးသည် မြတ်ဘုရား၏ ခြေတော်အစုကြာပဒုံတို့သို့ လိမ်းကျံ ကပ်ငြိရစ်ကြပါစေ" ဟူသော သုဗာဓာလင်္ကာရကျမ်းလာ ဂါထာနှင့်အညီ ဆရာတော်၏ အရိုးဓာတ်ကို ပါဒနက်သန် စက်တော်ရာ စေတီ ဖုံးအုပ်၍ ပူဇော်လို ကြသဖြင့် တိပိဋကဓရအလျာ ဒုတိယ ဓမ္မနာဒ ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ မထေရ်နှင့် ဓမ္မနာဒ သာသနာ့မိခင် ဆရာကြီး ဒေါ်ဓမ္မစာရီတို့သည် နမူနာအတုယူရန် စက်တော်ရာကို ရှာကြသောအခါ ထန်းမြင့်ရှာ ဒကာဦးစု၏ လျှောက်ထားပြောကြားချက်အရ ချို့အပြည့်၊ လင်းနို့ချေးအပြည့် ဖုံးအုပ်လျက် ရှိသော ကုန်းဘောင်ခေတ်လက်ရာ စက်တော်ရာ စေတီတော်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ကြ

ရသဖြင့် ထိုအချိန်ကစ၍ နှစ်စဉ်နှစ်စဉ် မပြတ်မပြတ် အားလပ်သော အချိန်တို့၌ သွားရောက်၍ စက်တော်ရာစေတီကြီးကို ရေသပ္ပာယ်ခြင်း၊ ချုံပိတ်ပေါင်းများကို တတ်နိုင်သမျှ ရှင်းလင်းခြင်း ပြုလုပ်ခဲ့ကြ ရာမှ ၁၃၁၅-ခုနှစ် တွင် ဆရာတော် တိပိဋကဓရ ဘွဲ့ရပြီး ဆဋ္ဌသင်္ဂါယနာ တင်ပွဲ ပြီးဆုံးပြီးနောက် ရှေးဟောင်း သုတေသနဌာန၏ ကျပ်ငွေ ၂၀၀ အကူ အညီဖြင့် မိုးမိတ်ကုန်းမြေ တစ်ခုလုံးကို ရှင်းလင်း၍ တစ်စတစ်စ လူသူလေးပါး သွားရောက် ဖူးမြော် နိုင်လောက်သော အခါ ၁၃၂၂-ခုနှစ် တစ်နေ့သောအခါ ဆရာဝန်ကြီးဦးသာလှ တိပိဋကဓရ ဆရာတော်၏ ကျန်းမာရေးအတွက် ဆေးကုသ ရုန် မင်းကွန်းသို့ လာ ရောက် ခိုက် ကျောင်း ဒကာကြီး ဗန္ဓုလ ဦးဆိုင်၏ ကျောက်သားဆင်းတု ရုပ်ပွားတော်ကို မိုးမိတ်ကုန်းမြေသို့ ပင့်ဆောင်ကြသည်ကို ကြည်ညိုစွာ တွေ့ရှိရ၍ ထိုအခါမှ အစ ပြုကာ ဆရာဝန်ကြီး ဦးသာလှ ခေါင်း ဆောင်လျက် 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့'ကို ဖွဲ့စည်း ကြလျက် အထက်အောက်မြို့ရွာ ဒကာ-ဒကာမတို့ အားစိုက်ခွန်စိုက် စုပေါင်း ပြုပြင် မွမ်းမံကြလေရာ ၁-နှစ်အတွင်း မှာပင် ဘုရားပွဲ ကျင်းပ နိုင်လောက် အောင် ပြီး အောင်မြင်ကြသဖြင့် ၁၃၂၃ ခုနှစ်မှစ၍ နှစ်စဉ်နှစ်စဉ် မိုးမိတ် ဘုရား ပွဲတော်ကို ခြိမ့်ခြိမ့်သည်း ကျင်းပနိုင်ခဲ့ကြ ပါသည်။

တိပိဋကဓရ ဆရာတော်၏ စေတနာ

တိပိဋကဓရဆရာတော်၏စေတနာမှာ နှစ်စဉ်နှစ်စဉ် မိုးမိတ်ဘုရားပွဲတော် ကျင်း ပရရုံဖြင့် အားရ တင်း တိမ်ခြင်း မရှိ၊ ပရိယတ္တိသာသနာတော်ကြီး အထူး စည်ပင်ခြင်း ဖြစ်စေရန် ရည်သန်၍ မိမိ အား နှိုင်ံတော်ကလူသော တိပိဋကဓရ လစာ ဆွမ်းဆန်တော် (နောက်ဇင့် အဂ္ဂ မဟာပဏ္ဍိတ ဆွမ်းဆန်တော်ကိုပါ) ပရိ ယတ္တိ သာသနာတော်အား 'တိပိဋကဓရ ငွေရတုအလှူ'အဖြစ် လှူဒါန်း၍ ၁၃၄၀ ပြည့်၊ နှစ်ဆန်းတစ်ရက်နေ့တွင် ဂေါပက အဖွဲ့ကို 'မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေးနှင့်တိပိဋက=နိကာယ သာသနာပြုအဖွဲ့' ဟု တိုးခဲ့ဖွဲ့စည်း၍ သြဝါဒါစရိယ ဆရာတော်များ အဖြစ် မင်းကွန်း တောင်ရိုးမှ သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာ တော်ကြီး အမှူးပြုသော ဆရာတော် ၉-ပါးတို့ကို ဖွဲ့စည်းတော် မူပြန်ပါ သည်။

ယင်းသို့ဖွဲ့စည်းပြီးနောက် နိုင်ငံတော်အတွင်းရှိ ပြည်နယ်တိုင်းအသီးသီး၌ နေထိုင် သီတင်းသုံးကြသည့် တိပိဋကဓရအလျာ၊ နိကာယ ဘာဏက နိကာယ ဓမ္မာစရိယအလျာ အရှင်မြတ်တို့ကို သတင်းစာ လက်ကမ်းကြော်ငြာ လူကြုံသတင်းပါး သုံးနည်းအားဖြင့် ပင့်ဖိတ်ခဲ့သည့်အတိုင်း ၁၃၄၀-ပြည့်နှစ် ကဆုန်လမှစ၍ သာသနာ့ အာဇာနည်အလျာ အရှင်မြတ်များ ဆက်ကာဆက်ကာ ကြွရောက်လာကြပါတော့သည်။ ထိုနှစ် ဝါဦး၌ ၄၇ ပါး၊ ဒုတိယနှစ်၌ ၈၂ ပါး၊ တတိယနှစ်၌ ၁၁၃ ပါး၊ ယခု ၁၃၄၃ ခုနှစ်၌ ၁၅၆ ပါး ဝါဆိုစည်းဝေးမိကြပါသည်။

တိ=နိ သာသနာပြုအဖွဲ့ကြီးကလည်း အရှင်မြတ်တို့ နေထိုင်ရန် အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ရှင်များ ပေါ်ပေါက်အောင် နှိုးဆော်ဟောကြား၍ ဝိဝေကကျောင်းများ အဆက်မပြတ် ဆောက်လုပ်လှူဒါန်းကြသဖြင့် ၁၃၄၀–ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့၌ တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်ပွဲ ကျင်းပပြုလုပ်သည်မှစ၍ ကျောင်းတိုက်ကြီးသည် တနေ့တခြား စည်းကား၍လာခဲ့သည်မှာ မိုးမိတ်စေတီတော်များ၏ မူလဒါယကာ မိုးမိတ်မင်းသားကြီးနှင့် ကြင်ရာတော်တို့ကပင် 'ဤနေရာ၌ နောင်တချိန် သာသနာတော်ကြီး စည်ပင်ပြန်ပွားထွန်းကား ရစ်ပါစေ....'ဟု အဓိဋ္ဌာန်များ ပြုထားခဲ့ကြ လေရော့သလား—ဟု မှတ်ထင်ဖွယ်ရာ ဖြစ်နေပါသည်။

မိုးမိတ်ကုန်းမြို့ခင်းများ

တိ=နိ သာသနာပြု အဖွဲ့ကြီးသည် ကျောင်းတိုက်ကြီးကိုလည်း ထူထောင်ကာ မိုးမိတ်စေတီတော်ကြီး၏ အလယ်ပစ္စယံ၌ ဘုရားမုခ်ဆောင် ၂၈–ခု ဝန်းရံလျက် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ရုပ်ပွားတော်များဖြင့် ကြည်ညိုဖွယ်ရာ ခြယ်မှုံးး၍ ထားလေသည်။

စက်တော်ရာ စေတီတော် အတွင်းသို့ ဝင်ရောက်ကြည့်ဦးမည်ဆိုလျှင် အလယ်၌ ဗုဒ္ဓရှင်တော်မြတ်၏ ကုန်းဘောင်ခေတ် လက်ရာ ပါဒနက်သန် စက်တော်ရာနှင့် ဘေးပတ်လည်တွင် မှန်ဗိုရိုကြီးများ၏ အတွင်း၌ ကေဒဂ်ဘွဲ့ရ ထေရာထေရီ ဥပါသကာ ဥပါသိကာတို့၏ ရုပ်တုရုပ်လုံးများကိုလည်း ကြည့်ညိုဖွယ်ရာ၊ အတုယူအားကျဖွယ်ရာ ဖူးမဝနိုင်အောင် တွေ့မြင် ကြည့်ညို ကြရပါသည်။

ကမ္ဘာ့လေ့လာသူများနှင့် နိုင်ငံတော် အရပ်ရပ်မှ ဘုရားဖူးများအား မင်းကွန်းသို့ လမ်းဖောက်ပေးခဲ့သည့် မင်းကွန်းပုထိုးတော်ကြီး ဒါယကာ ဘိုးတော်မင်းတရားကြီး၏ ရုပ်တုရုပ်လုံးနှင့် မိုးမိတ်မိဖုရား၊ သားတော်ကြီး မဟာဓမ္မရာဇာ၊ ကြင်ရာတော်တို့၏ ရုပ်တုရုပ်လုံးများကိုလည်း အဆောက်အအုံသီးသန့်ဖြင့် မိုးမိတ် စေတီတော်ကြီး မဟာရံတံတိုင်းအတွင်း၌ နာရီစင်ကြီး၊

ပဟိုရ် စည်စင်ကြီးတို့နှင့်တကွ တွေ့မြင်ကြည်ညိုကြရပါမည်။

ထို့ပြင် ကျောင်းတိုက်ကြီး၏ မြောက်ပိုင်း၊ မင်းတေဇ စေတီတော်၊ ကုန်းမြေ၌လည်း မဟာအာဘယ ကျောက်ရေကန်ကြီး၊ မိုးဖွင့်တံတားကြီး တို့နှင့်တကွ မဟာဇုဠဝင် ကျောက်စာတိုက်များ၊ ကျောက်စာတိုင်များ၊ မုခ်ဦး အာရုံခံတန်ဆောင်းကြီးနှင့်တကွ ဥဒ္ဒိဿရုပ်ပွားတော်တို့ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါမည်။

မင်းကွန်းသို့ ဘုရားဖူးလာသူ တိုင်းသည် မိုးမိတ် ကုန်းမြေသို့ လာရောက်ကြည်ညိုကြသည်သာ။ 'မင်းကွန်းသို့ ရောက်လျက် မိုးမိတ် ကုန်းမြေသို့ မရောက်လျှင် မင်းကွန်း ရောက်သည် မမည်' ဟု ဆိုဖွယ်ရာပင် ဖြစ်နေပါတော့သည်။

ယခုဆိုလျှင် သန္တော့သ-ဝိဝေက မိုးမိတ်ကုန်းမြေမှာ သစ်ပင်ဥယျာဉ်များကလည်း ဝေဝေဆာဆာ၊ သာသနာ့အဆောက်အအုံ တွေ့ကလည်း စည်စည်ကားကား ဩဝါဒါ စရိယခုပ် သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ဆရာတော် ဘုရားကြီးက ဦးစီးရှေ့ဆောင် ဒကာခံကာ ဆောက်လုပ်လှူဒါန်းထားသော မုခ်ဦးပြာသာဒ်တွေကလည်း အဆောင်ဆောင်၊ စောင်းတန်းလှေကားတွေကလည်း အသွယ်သွယ်ဖြစ်ပြီး တံခွန်တိုင်ကြီးများကလည်း ငွားငွား စွင့်စွင့်၊ စေတီတော်ကြီးများကလည်း မားမားမြင့်မြင့်၊ ကျောင်း တိုက် ကြီးက လည်း ကြွားကြွားဝင့်ဝင့်ဖြစ်ကာ ရောပတီမြစ်ပြင်နှင့် အထူးပင် ပနံတင့်လျက် ရှိနေပါတော့သည်။

ဩဝါဒါ စရိယ ဆရာတော်များကလည်း ရောက်ရှိလာသမျှ တိ=နိ စာသင်သားတို့အား တပည့်ရင်း နှင့် မခြား ဩဝါဒ ပေးတော် မူကြလျက် လည်းကောင်း၊ တိ=နိ သာသနာပြု အဖွဲ့ကြီးကလည်း သားရင်းများပမာ ပစ္စည်းလေးအင် မငြိုငြင်ရအောင် အထူးပင် စောင့်ရှောက် ပြုစုကြပါသည်။

ပစ္စည်းလေးပါးတို့တွင် နေ့စဉ် ဆွမ်း ပစ္စည်းကိစ္စ ကုန်ကျစရိတ်မှာ မသေးလှပါ။ ယခုဆိုလျှင် တိ=နိ စာသင်သား သံဃာတော် ၁၄၀-ကျော်၊ နေ့စဉ်ပင် လျှင် အာဂန္တုသံဃာပါးရေ ၂၅-ကျော် ၃၀ ခန့်၊ ဆွမ်းပြင်ဆွမ်းကပ် ကပ်ပွဲယ ကာရက ၁၅ ယောက်ခန့်၊ အခြား ဝေယျာဝစ္စ ၁၀ ယောက်ခန့်၊ စေတနာဝန်ထမ်းဆွမ်းချက်ဟင်းချက် ပြင်ဆင် ဆရာလေးများအဖွဲ့ ၁၀ ပါးခန့်တို့နှင့် တဖွဲဖွဲ လာရောက် ကြည်ညိုကြသည့် ည့်သည်တို့ပါဆိုလျှင် တစ်နေ့တစ်နေ့ ပရိသတ် ၂၀၀ ကျော်မှ ၃၀၀–အထိ ကျွေးမွေး ပြုစုရပါသည်။ ဆွမ်းကျွေးပွဲကြီးပမာ သပ်သပ်ယပ်ယပ် ကျွေးမွေးပြုစုရသည်မှာ နံနက်အရုဏ် တစ်ကြိမ်၊ နေ့ ၁၁ နာရီ တစ်ကြိမ်၊ ညနေ၌ ဝေယျာဝစ္စအဖွဲနှင့် ည့်သည်များ တစ်ကြိမ်အားဖြင့် တစ်နေ့လျှင် သုံးကြိမ် ကျွေးမွေး ရပါသည်။

ညနေ ၃ နာရီအချိန်တွင် သံဃာတော်များအား သံပရာဖျော်ရည်၊ မန်ကျည်းဖျော်ရည် တစ်ခုခုကပ်၍ ည ၇ နာရီခွဲအချိန် သံဃာတော်များ ဘုရားဝတ်တက် ဝတ်ကပ်ပြီးသော အခါ စတုမဓူဆေး၊ ထန်းလျက်၊ ကြံသကာ ဆရာတော်များအလိုရှိရာကို ကိုက်ကပ်ပါသည်။ 'ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်၏ ပင့်ဖိတ်သွားပုံ သည့်အတိုင်းပင် ဝိဝေကလည်းကြွစ်၊ ပလိဘောဓလည်းကင်း၊ ပစ္စည်းလေးပါးလည်း မြို့ကြွင်ရသည့်.... ပရိယတ္တိကို ကြိုးစားရန် အသင့်လေ့ဆုံ နေရာပါတကား' ဟု၍ ဥဒါန်းကျူးရင်း မိပါတော့သည်။

စာရေးသူ၏ကိုယ်တွေ့ ခံစားရချက်

ဘာရေးသူကို ပန်ကြားလေးခြင်းနေစဉ်က ဆိုကြွင်း ပစ္စည်းဖေးပါ ပယ်ဖျောက်ကြွင်း နေဆိုင်းရပါသည်။ အား အာ ကြွင်း စာမေးသူမှာ ဘုန်းကံနည်းပါး၊ ထောက်ပံ့မည်သူ နည်းပါးသည့်အတွက် ပိုပြီး ငြိုငြင်ခဲရပါသည်။အခြားပစ္စည်းများထက် ဓမ္မကိစ္စ ငြိုငြင်ရသည်က ပိုပြီး ခက်ပါသည်။ သို့သော် စာရေးသူသည် ဇွဲသန်သန်နှင့် သက်ဆိုင်ရာ ကျမ်းစာများကို ကျက်မှတ်ကာ တိပိဋကစာပြန်ပွဲကို ဝင်ရောက်ပြန်ဆိုခဲ့၍ အောင်မြင်သောအခါ ကောင်းရင် မြင်းဝန် ကျောင်းအုပ် ဆရာတော်ကြီး၏ ချီးမြှင့်မှုကို ခံယူရပါတော့သည်။ ဆရာတော်ကြီး၏ ချီးမြှင့်မှုကို ခံယူကာ သဘော ရေး—ဖြေပွဲအတွက် ဆက်လက် ကြိုးစားဆဲပင် ရှိသေး၊ စာရေးသူမှာ ပညာရေးကလည်း အကျိုး မပေးလေရော့သလား မသိ၊ ဇာတိနေရပ်မှ ဆရာတော် ဘုန်းကြီး ပျံလွန် တော်မူသဖြင့် ကျောင်း မထိုင်ချင် ဘဲ နှင့် ကျောင်းထိုင်လိုက်ရပါတော့သည်။

ထိုအချိန်၌ စာရေးသူ၏ ဇာတိ မွေးရပ်နယ်မြေမှာ ကျောက်သင်္ဘော၊ လူသေလူဖြစ်၊ သမ္မာဒိဋ္ဌိ စသော ဝါဒများ တစိတ်တဒေသ လွှမ်းမိုးစ ပြုနေပြီ၊ ထို အထဲ၌ စာရေးသူ၏ ခမည်းတော်ကြီးကလည်း ပါဝင်နေသည်။ ကျန်ရှိနေသေးသည့် တစိတ်တဒေသကလည်း ကြာလျှင် စိတ်ချရမည် မဟုတ်။ ဤသို့ စသည့် အခကြောင်းများမကြောင့် စာရေးသူသည် ကျောင်းမထိုင်ချင်ပါဘဲလျက် ထိုင်လိုက်ရသည်။ အားလုံး အခြင်မှန်ရပြီး လမ်းမှန်သို့ရောက်လျက် မိတ် မအား ရသော အခါမှာပင် မိမိကျောင်းကို သင့်သလို စီမံခဲ့ပြီး မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယ ကျောင်းကိုက်ကြီးသို့ ဦးတည် ထွက်ခဲ့ရပါတော့သည်။

မိုးမိတ် ကျောင်းတိုက်ကြီးသို့ ရောက်ပါပြီ၊ စာရေးသူ ရောက်သည့် နှစ်မှာ ၁၃၄၁-ပြည့်နှစ် နောက်ပိုင်း ဖြစ်ပြီး ကျောင်းတိုက်တည်၍ ၂-နှစ်နီးပါး ရှိနေပေပြီ၊ အဆောက် အအုံများ ကတော့ ဆရာတော် မျှော်မှန်းသည့်ကတိုင်း မလုံလောက်သေးပါ၊ သို့သော် ဆောက်တုန်းအောက်ဆဲပင်။ စာရေးသူ ရောက်စ

က ဆွမ်းစားကျောင်းကြီးပေါ် တောင် ဘက်ဆုံးအခန်းမှာ သုံးတပ်သား လိုက် ကာမျှားကာပြီး သံဃာ လေး-ငါးပါး အတူနေကြရပါသည်။ သို့သော် နေရာ ကျဉ်းကျပ်လှသည်–ဟုတော့ မဆိုနိုင်ပါ။ ဆွမ်းစားကျောင်းကြီးပေါ်၌ ၂-လမျှ နေပြီး ယခုနေသည့် ကျောင်းသို့ ပြောင်း ရွှေ့ နေထိုင်ခဲ့ရပုံသည်။

ဤနေရာ ဤဌာနသည်ကား တိုင်းနှင့် ပြည်နယ် အသီးသီးတို့မှ သာသနာ့ အာဇာနည်အလျာ အရှင်မြတ်တို့ ပေါင်းစုံ စုဝေးရာဖြစ်ပြီး တအူတုံဆင်း နောင်ညီ အရင်းတို့ကဲ့သို့ ချစ်ခင် ကြည်ညိုကြသည့် ပြင် ဩဝါဒါစရိယ ဆရာတော်များ၏ အဆုံးအမကိုလည်း ညီညွတ်စွာ လိုက်နာ ကြသဖြင့် 'သမဂ္ဂါနံ တပေါ သုခေါ ပါတကား' ဟု နှုတ်ကတွတ်ထွတ် ရွတ်ဆို မိပါသည့်ပြင် တစ်ခါတစ်ရံ စာသင်သား များနားသည့်အချိန်၌ တိပိဋကဓရ ဆရာ တော် ကြွလာပြီး 'ဦးဇင်းတို့ နေထိုင် ကောင်းကြရဲ့နော်၊ နေကြ ထိုင်ကြရတာ ချမ်းသာကြရဲ့လား၊ ဘာများ လိုကြ သလဲ' စသည်ဖြင့် ချိုသာစွာ နှုတ်ခွန်း ဆက်သလေ့ ရှိပါသည်။

တစ်ခါတစ်ရံ ရန်ကုန်မှ ဆရာဝန်ကြီး ဦးသာလှနှင့်ဇနီး ဒေါ်ခင်ညွန့်တို့ ရောက် ရှိလာကာ ကျောင်းစဉ် လှည့်လည်လျက် ဆရာတော်ဘုရားနည်းတူ ဖော်ရွေ ရိုသေ စွာ မိဘအလား နှုတ်ခွန်းဆက် အားပေး စကား ပြောကြား လျှောက်ထားကြပါ သည်။

တိ=နိ အဖွဲ့ဝင် ဒါယကာကြီးများ ဖြစ်ကြသည့် ရန်ကုန်မှဒကာကြီး ဦးသန်း ဦးစွန်း၊ ဦးလှမောင်၊ ဦးကြူ၊ ဦးတင်ရွှေ စသော ဒကာကြီးများကလည်း တိပိဋကလောင်းလျာ သံဃာတော် အရှင်မြတ်များ ရန်ကုန်သို့ စာပြန် စာဖြကိစ္စနှင့် ရောက်ရှိလာကြလျှင် ချမ်းသာစွာ နေထိုင်နိုင်ရန် ကုသိုလ်ရှင်တို့ကို နှုံးဆော် တိုက်တွန်းကြကာ ရန်ကုန်မြို့ နယူးလင်း လမ်း၌ သုခိတာ ကျောင်း အမ ကြီး ဒေါ်ဖုံမိသားစု အမှူးပြု၍ တိ=နိ သာသနာပြု ဌာနခွဲကြီးတစ်ခု တိုးခဲ့ တည် လှူကြပြန်ပါသည်။

ဌာနခွဲကြီး ဖွင့်လှစ်၍မှ မကြာသေး ခင် လက်ရှိ အဆောက်အအုံကြီး အပြင် ဆောက်ပြီး ဆွမ်းစားကျောင်းတော်ကြီး တစ်ဆောင်နှင့် တိပိဋက ဆောက်ဆဲ တိုးခဲ့ သုံးထပ်တိုက် ကျောင်းတော်ကြီး၊ တိပိဋက ဓမ္မသာလာ အဆောက်အအုံ ကြီးတို့မှာ ဝိသကြံုနှတ်သား ဖန်ဆင်း သည့်အလား မားမားမတ်မတ် ရင်သပ် ရှုမော ဩဩသုတ်သုတ် ရုတ်ရုတ်သဲသဲ အံ့အဲဘနန်း လက်ပမ်းပေါက်ခတ် ယူရ အောင် တဟုန်တည်း တဆက်တည်း ပေါ်ပေါက်၍ လာကြပြန်ပါသည်။ 'ဩ-တကဏ္ဍ ဒကာ+ဒကာမတွေပါတကား' ဟု အံ့အား သင့်ရပါတော့သည်။

တိ=နိ အဖွဲ့ကြီး၏ ပြုစုမှု ယုယပုံ

သာသနာတော် အတွက် ဒကာ + ဒကာမများဘက်ကစေတနာသဒ္ဓါတရား

လွန်စွာကြီးမားလှသည့် အတွက် တစ်ခါတစ်ရံ တိပိဋကာ ဓရ ဆရာတော်ဘုရားက ဒဂါ+ဒကာမအပေါင်းတို့ဖြည်းဖြည်းချီတက်ကြပါ၊ ဘုန်းကြီးတို့က မနည်း မိအောင် လိုက်နေရပါတယ်'ဟု မိန့်ကြားတော် မူလေ့ ရှိပါသည်။

ဆရာတော် ဘုရား မိန့်ကြားသည့် အဘိုင်းပင် ဒကာ၊ ဒကာမတွေက တိ=နိ သာသနာရေးအတွက် မိမိတို့၏ အိမ်မှုကိစ္စများကိုပင် လျစ်လျူရှုကြကာ ပစ္စည်းအား၊ လူအားတို့ဖြင့် မနားမနေ ဆောင်ရွက်နေကြသည်ကို စာရေးသူတို့ နှစ်ဦးပင် မြင်ခဲ့နေရပါသည်။

မင်းကွန်းမှာ နေသည့်အခိုက် သံဃာ့ဝေယျာဝစ္စနှင့် ကိစ္စအဝဝတို့ကို မန္တလေးမြို့မှ အဖွဲ့ဝင် ဒကာကြီး၊ ဒကာမကြီးများက တာဝန်ယူ လာရောက် စောင့်ရှောက် ပြုစုကြပါသည်။ စာပြန်စာဖြေကိစ္စဖြင့် ရန်ကုန်သို့ ရောက်ပြန်တော့လဲ ရန်ကုန်ရှိ တိ = နိအဖွဲ့ဝင် ဒကာ၊ဒကာမတွေက ဆွမ်းပန်း ကိစ္စမှစ၍ အားလုံး လိုလေသေးမရှိ စီစဉ် ဆောင်ရွက် ထားလိုက်ကြသည်မှာ အံ့ဖွယ်ပါပင်။ ဆောင်ရွက် ကြရသည်မှာ လေးငါးခြောက်ရက် ကိစ္စမျိုးလည်း မဟုတ်၊ တစ်လကျော် ၂-လနှီးပါး၊ သံဃာများကလည်း တစ်ရာ၊ တစ်ရာကျော်။

စာရေးသူအံ့အားသင့်မိသည်မှာ ဤမျှ များပြားလှသည့်သံဃာတော်အပေါ် ဤမျှ ရှုံ့ကုန်မှာ ရက်၊ လ၊ ကြာမြင့်စွာ ဆွမ်းပန်းကိစ္စ တာဝန်ယူကြသည်မှာ အံ့မဆုံး။ ထို့အပြင် ယခုနှစ်ဆိုလျှင် သံဃာတစရာကျော်အိပ်ရာလိပ်မယူကြရတော့ဖဲ့ တစ်ပါးလျှင် ခုတင် တစ်လုံး ကျစီနှင့် အပြည့်အစုံ နေရာထိုင်ခင်း စီစဉ်ထားလိုက်ကြသည်မှာ ပြော၍ မကုန်နိုင်ပါ၊ မန္တလေး၊ရန်ကုန် ဒကာ ဒကာမများ၏ ဤမျှများပြားလှသည့် စာဖြေသံဃာတို့ အပေါ် ချမ်းသာစွာ ခရီးသွားလာရေး စီဝင်ထားကြပုံကို ကြည့်ပါအုံး—

မင်းကွန်းမှ ရန်ကုန်သို့ စာပြန်စာဖြေကြကြတော်မည် ဆိုလျှင် မီးရထားတွဲလိုက် နေရာအသင့်ဖြစ်ရန် ကြိုတင်စီစဉ်ထားပြီးပြီ။တစ်ခါတစ်ရံရထားတွဲအခက်အခဲကြောင့် သံဃာနှစ်သုတ်ခွဲပြီး တစ်ရက်စီ ပို့ရသည်လည်း ရှိသည်။ မင်းကွန်းမှ ရန်ကုန်သို့ ကြွရမည့် နေ့ အချိန်တန်လျှင် ရှေးဦးစွာ အချက်ပေးခေါင်းလောင်း ကြေးစည်များ တီးလိုက်သည်နှင့်တပြိုင်နက် စာဖြေကြွမည့် သံဃာတော်များသည် သင်္ကန်းရောင် အညိုမိုးမိတ် ယပ်တောင်များ ကိုယ်စီ ကိုင်ဆောင်တော် မူကြလျက် ဂေါပကရုံး တည်ရာ 'အဘိဓဇ အဘိဓမ္မာကျောင်း' သို့ တညီတည်း စုရုံးကြွရောက်ကာ သြဝါဒါ စရိယ ဆရာတော် ဘုရားကို ရှိခိုး ဝတ်ပြုကြသည်။ ဆရာတော်က ဩဝါဒ ပေးပြီးနောက် တညီတညွတ် မော်တော် ရေယာဉ်သို့ ဆင်းကြသည်။

မော်တော်များ ထွက်ခွာ၍ မန္တလေး မရမ်းခြံဆိပ်သို့ ရောက်လျှင် မန္တလေး ရိ တိ=နိ အဖွဲ့ဝင် ဒကာကြီးများက မော်

တော်ကားများ အသင့် စီစဉ်ထားပြီး အစီအရီ ကြည့်ညိုဖွယ်ရာ အဖျော်ယမကာများ ဆက်ကပ်ပြီး မန္တလေး ဘူတာကြီးသို့ ပို့ဆောင်ကြသည်၊ ဘူတာကြီးသို့ ရောက်လျှင် တီ=နို အဖွဲ့ဝင် ဒကာကြီးများက ရှေ့က ဦးဆောင်ပင့်ကြပြီး စာဖြေ သံဃာတော်များက နောက်မှ ထေရ်စဉ်လိုက် စီတန်းလိုက်ပါကြလျက် အသင့်စီစဉ်ထားသည့် ရထားတွဲပေါ်သို့ ချမ်းသာစွာ တက်ရောက် ကြရပါသည်။

ဘူတာရုံအတွင်း သံဃာတော်များ ရောက်လျှင်ပင် ဘူတာအတွင်းရှိ လူအားလုံးတို့ သဒ္ဓါကြည်ညိုဖြစ်ရှိကြကာ လမ်းဘေးဝဲယာမှ လက်အုပ်ကိုယ်စီ ချီ၍ ရိုသေကြလေသည်။

စာရေးသူတို့ မန္တလေး နေစဉ် တိပိဋကစာပြန်ပွဲသို့ စပြီးသွားခဲ့ရစဉ်က ဆိုလျှင် ကျောင်းတိုက်မှ မြင်းလှည်းကလေး ဘောက်ဆွ ဘောက်ဆွဖြင့် ထွက်ခဲ့ရပြီး ကိုယ့်အိပ်ရာ လိပ် ကိုယ် ဆွဲ၍ အပြေးအလွှား ရထားတွဲပေါ်သို့ တိုးဝှေ့၍ တက်ခဲ့ရပါသည်။ ရန်ကုန်ဘူတာကြီး ရောက်ပြန်တော့လည်း သုံးဘီးကား ဆရာက လွဲ၍ ကြိုမည့်သူ မရှိပါ။ ဒီအထဲ ခါးပိုက် နှိုက် ကိုလည်း သတိထားရပါသေးသည်။

ယခုမူ မန္တလေးဘူတာကြီးမှ တွဲသီးသန့်ဖြင့် မီးရထားတွက်ခဲ့၍ ခရီးဆုံး ဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ မီးရထားဆိုက်သည်ဆိုလျှင်ပင် ရန်ကုန်မှဒကာကြီးများက အသင့် ကြိုဆို တရိုတသေ ပင့်ဆောင်ကြပါသည်။ မိုးရထားမှတစ်ပါး ချင်းစီတန်း၍ ညီညာစွာ ဆင်းကြွလာကြသောအခါ သဒ္ဓါတရား ဖြစ်ပွားကြပြီး ဘူတာအတွင်း၌ လူအားလုံးနှင့် မိုးရထား မှထမ်း ရာထမ်းများပါ မကျန်လမ်းဘေး ဝဲယာမှ လက်အုပ်ချီ ကြည်ညိုရိုသေကြပါသည်။

စာပြန်စာဖြကိစ္စ ပြီးစီး၍ မိမိတို့ နေရာမင်းကွန်းသို့ ပြန်ကြွကြသည့် အခါ မှာလည်း ဆရာဝန်ကြီး ဦးသာလှဦးဆောင်၍ ရန်ကုန် ဒကာကြီးများက စနစ်တကျ ဘူတာကြီးသို့ လိုက်ပါပို့ဆောင်ကြကာ မန္တလေးမှ ဒကာကြီးများကလည်း မန္တလေး ဘူတာကြီးမှ အဆင်သင့် ခမ်းနားစွာ ကြိုဆို၍ မင်းကွန်း တိပိဋက=နိကာယ ကျောင်းတိုက်အရောက် ချမ်းသာအောင်ပြုစု စောင့်ရှောက် လိုက်ပါ ပို့ဆောင်ကြပါသည်။

(ဤကား မန္တလေးနှင့် ရန်ကုန် ဒကာ ဒကာမတို့၏ဆောင်ရွက်ကြပုံဖြစ်သည်။)

ကျေးဇူးရှင် တိပိဋကဓရ ဆရာတော် ဘုရားကား ဤမျှ ကြီးမားလှသည့် သာသနာပြု တာဝန် ဖြစ် သည့် ဓမ္မနာဒ ကျောင်းတိုက် ရင်ကပ် စာသင်သား တစ်ရာကျော်နှင့် တိပိဋက = နိကာယ ကျောင်းတိုက် တိ=နိစာသင်သား သံဃာ တော်တစ်ရာ့လေးဆယ်ကျော်တို့ ပစ္စည်း လေးပါး မပြုံငြင်ရေး အတွက် ကြောင့် ကြစိုက်တော် မူရသည်မှာ ဆရာတော် အနေဖြင့် ပင်ပန်းသည်ဟု မရေတွက် အပြုံးမပျက် ရွက်ဆောင်နိုင်သော်လည်း တပည့်သံဃာများအနေဖြင့်ကား သနား ၍မဆုံး ဖြစ်ရပါသည်။

စာရေးသူ နိဂုံးချုပ် ဆန္ဒပြုလိုသည်မှာ—

ဆရာတော် ဘုရား လည်း ဖြည်း ဖြည်း ဖြည်းဖြည်းသက်သာ ကြွတော်မူနိုင် ပါစေ။

ဒကာ၊ ဒကာမတွေက လည်း ဖြည်းဖြည်းသက်သာ လှမ်းကြပါစေ။

တိပိဋကဓရအလျာ သာသနာ့ အာဇာနည် အရှင်မြတ်တို့ကလည်း အရာရာ၌ သန္တောသတရား လက်ကိုင်ထားပြီး ဆရာတော်နှင့် ဒကာ၊ဒကာမတို့၏ စေတနာ သဒ္ဓါခြေလှမ်းကို မီအောင်လှမ်းနိုင်တော် မူကြပါစေ။

မီအောင် လှမ်းနိုင်တော် မူကြ၍ တိပိဋကဓရ ပန်းတိုင်သို့ ရောက်ရှိကြပြီး ဆရာတော်ဘုရားကဲ့သို့ပင် လောကကြီး အား အအေးဓာတ်၊ အလင်းဓာတ်တို့ကို ပေးစွမ်းတော် မူနိုင်ကြပါစေ ကုန်သတည်း။

ပုံ/ဆရာမမွေဝင်း

(မိုးမိတ်ဇုန်းစဉ်)

တိပိဋကက=နိကာယ သာသနာပြုအဖွဲ့

ပထမ သုံးနှစ်ခရီး

စာစောင်ကော်မတီ

နာယက ❀ မင်းကွန်း တိပိဋကဓရ
အရှင် ဝိစိတ္တသာရာဘိဝံသ

ဥက္ကဋ္ဌ ❀ ဦးသာလှ ဝဏ္ဏကျော်ထင်
အထူးကူ ဆရာဝန်ကြီး

အဖွဲ့ဝင် ❀ ဦးချမ်းသာ မဟာသရေစည်သူ
စာဆိုတော် လက်ဝဲမင်းညို

〃 ❀ ဦးသုခ အလင်္ကာကျော်စွာ၊ စာရေးဆရာ၊
ဒါရိုက်တာ

〃 ❀ ဦးစန်းငွေ (ဒဂုန်ဦးစန်းငွေ)
မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်

〃 ❀ ဦးအောင် (ဉာဏ်လင်းစာပေ)

〃 ❀ ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

အကျိုးတော်ဆောင် ❀ ဦးမောင်မောင်ကြီး (တေးသံရှင်)

ဤစာဆောင်ကော်မတီကို တိပိဋကက = နိကာယ ကျောင်းတော် (ရန်ကုန်) ၌ သက္ကရာဇ် ၁၃၄၃ ခုနှစ်၊ ဝါခေါင်လဆန်း ၉-ရက် (၉-၇-၈၁) တနင်္ဂနွေနေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

ဗုဒ္ဓဘာသာ
အနုပညာ
လက်ရာများဖြင့်
ကြည်နူး
ချမ်းမြေ့ဖွယ်ရာ
မိုးမိတ်ကုန်းမြေ

မင်းကွန်း မိုးမိတ်ကုန်းမြေ

ကိုယ်တွေ့ ဗဟုသုတများ

စာဆိုတော် - လက်ဝဲမင်းညို

၁၃၄၂-ခု၊ တော်သလင်းလပြည့်နေ့က မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်သို့ ရောက်သွားသည်။ ဘိုးတော်ဘုရား(ဗဒုံမင်းတရား)၏ သားတော် မိုးမိတ်မင်းသား တည်ထားကိုးကွယ်သည့် 'မိုးမိတ်စေတီတော်' နှင့် ၎င်း၏ကြင်ရာတော် တည်ထားကိုးကွယ်သည့် 'စက်တော်ရာ' စေတီတော်တို့၏ ဘုရားပွဲတော်ကြီး စ,သောနေ့ဖြစ်သည်။ ဧတဒဂ်ဘွဲ့တော်ရ ရဟန္တာမထေရ်များ၊ ရဟန္တာထေရီမများ၊ ဥပါသကာ၊ ဥပါသိကာများ၏ ရုပ်တုပုံတော်များနှင့် မုဒြာဘုရား ခုနစ်ဆူတို့ကိုလည်း ဖူးတွေ့ရသည်။

တောလက်ကျေးရွာဘုရားပွဲဖြစ်သည့် အတိုင်း ရောဝတီမြစ် အနောက် (စစ်ကိုင်း)ဘက်ကမ်းနှင့် အရှေ့(မန္တလေး)ဘက်ကမ်းမှကျေးရွာအသီးသီးတို့မှပဒေသာပင်များ ထမ်းပင့်လာကြကာ မြန်မာ့ရိုးရာ အတီး အမှုတ် အက အခုန်တို့ဖြင့် ဆွမ်းတော်ကြီးပွဲများ ကပ်လှူရန် လာကြသည်မှာလည်း မြစ်ကမ်းညွတ်မျှပင် ရှုရှုမငြိုးပေ။ ပရိသတ်လည်း ဘုရားကုန်းတော်ရင်ပြင် တစ်ခုလုံး ပြည့်လျှံသွားတော့သည်။ ညအခါတွင် မီးရောင်စုံကို ဖောင်ပြု၍ ရောဝတီ မြစ်ကြောဋ္ဌမျှော်၍ ပူဇော် သည်မှာလည်း မင်းကွန်းမှ - စစ်ကိုင်းမြို့လောက်အထိ ရောက်အောင် တသီတတန်းကြီးပင်၊ လရောင်အောက်တွင် အလွန်ကြည်နူးဖွယ် ကောင်းပါသည်။

မိုးမိတ် ပဲတော်နှင့် တဆက်တည်း တော်သလင်း လပြည့်ကျော် ၄ - ရက်နေ့တွင် တိပိဋကတ = နိကာယ ကျောင်းတိုက်အတွင်း တိပိဋကရေ ငွေရုတ် အထိမ်းအမှတ် အဖြစ် 'ငွေရတုဓမ္မစေတီ ပိဋကတိုက်' ဖွင့်ပဲ့ပြုလုပ်ရန်စီစဉ် ထားသည်။ နံနက်ပိုင်းတွင် ရွှေထီးတော် သုံးစင်းကို အရှေ့ဘက် မန္တလေးကမ်းမှ ကရဝိက်ဖောင်ပေါ်တွင်တင်ပြီး အတီးအမှုတ် အက အခုန် အမျိုးစုံဖြင့် ပင့်ဆောင်လာရာ မြစ်တစ်ခုလုံး ခြိမ့်ခြိမ့်သည်းသည်း ပင် ဖြစ်သည်။ ဖောင်တော်၏ ဝဲယာဘက်မှ လောင်းလှေ လှော်လှေများ ခြံရံကာ စည်တော်သံ၊ ရေကင်းသံ၊ နရည်းသံများ၊ ဖောင်လားကြိုး၊ ဖောင်ငင် ကြိုး စသည်များကို ကြားရသောအခါ မြန်မာ ရှေးရိုးအစဉ်အလာ ထုံးဓလေ့များ ၏ အရသာကို တဝကြီး ခံစားလိုက်ရပါသည်။

ထီး ဟော်၊ ဟင်ဆောင် လာသည့် ကရဝိက် ဖောင်တော် အနောက်ဘက် ကမ်း မိုးတော်ကုန်းမြေသို့ဆိုက်ရောက်လာသောအခါ ဒေါ်ကြည်ကြည်ဦးဆောင်၍ ရွှေ့နောက် ငင်းအပြည့်ခင်းလျက် စည်ကား သိုက်မြိုက်စွာ စည်တော်ကြီးများ ရွှမ်းပြီး ခြေဆိုကြသည်။ လူထုပရိသတ်များမှာလည်း ဝက်ဝက်ကွဲပင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကြီး၏ အရသာထူးဟုပင် ဆိုရပါမည်။ ရွှေ့ဝင်း နောက်ဝင်း တွင်ပါဝင်သူတို့၏ ဝတ်ဆင်ထားသော အဝတ်တန်ဆာ အဆောင်အယောင်များမှာလည်း ဖိတ်ဖိတ်တောက် သစ်လွင်ပြီး၊ မြင်းစီးလျက်ပါလာသည့် ဗန္ဓုလအဝတ်အစား ဝတ်ဆင်လျက် မားလွယ်သိုင်းထားသည့် မြင်းစီးသူရဲကောင်းများမှာလည်း ဇာတိမာန် တက်ကြွလောက်အောင် ပရိသတ်မျက်စိကို အထူးဆွဲဆောင် ပါတော့သည်။ တင့်တယ်ခမ်းနား သိုက်မြိုက်လှပါပေစွ..... ....။

သက်တော် ၉၃ - နှစ်ရှိ အဂ္ဂမဟာပဏ္ဍိတအရိယမဂ္ဂင် ဆရာတော် ဘုရားကြီး ဦးစီးလျက် ဓမ္မစေတီပိဋကတ်တိုက် ဖွင့်ပွဲနှင့် ရွှေထီးသံးစင်းတင်လှူပွဲ အခမ်းအနားကို စ,တင်လေပြီ၊ အရိယမဂ္ဂင် ဆရာတော် ဘုရားကြီး က 'ဇယန္တော ဗောဓိယာ မူလေ' အောင်ဂါထာတော်ကြီး ပါဠိ - အနက်ဖြင့် အခမ်းအနားဖွင့်ပြီး၊ 'အဘိဓဇမဟာရဋ္ဌဂုရု' ဆရာတော်ကြီး သုံးပါးဖြစ်သည့် (၁) ခန္ဓီး ဆရာတော် ဘုရားကြီး၊ (၂) စစ်ကိုင်း ရွှေဟင်သာ ဆရာတော် ဘုရားကြီး၊ (၃) မန္တလေးမြို့ မစိုးရိမ် ပဋ္ဌာန်း ဆရာတော် ဘုရားကြီးတို့က ဥက္ကဋ္ဌကြီးဦးနု၊ ဦးအောင်သိမ်းနှင့် ဦးသာလှတို့ ဆက်ကပ်သော ရွှေကတ်ကြေး အသီးသီးတို့ဖြင့် ဦးညွှန့်နှင့် ဦးချမ်းသာတို့ ကိုင်တန်းထားသော ဖဲကြိုးကို ဖြတ်၍ ဖွင့်တော်မူကြသည်။

ရွှေထီး သုံးစင်းကိုလည်း ဓမ္မစေတီပိဋကတ်တိုက် ဂန္ဓကုဋီ ခေါင်မိုးထပ်ဖျားသို့ ပန်းရထားဖြင့် တင်ကြကာ ရွှေမိုး-ငွေမိုး-ပေါက်ပေါက်မိုး ရွာသွန်း၍ စည်တော်ကြီး ရွှမ်းသည်။ ပရိသတ်ကား ကြိတ်ကြိတ်တိုးပင်။ စာဆိုတော် လက်ဝဲမင်းညို ရေး သည့် 'ရတနာတ္တယပူဇာထောမနာ ရတုပိုဒ်စုံ' ကို အာယ်ဒမီ ၆-ထပ်ကွမ်းရ ဆရာကြီး ဦးသုခက ဖတ်ကြားသံဆို၍ နံနက်ပိုင်း အခမ်းအနားပြီးဆုံးသည်။

မွန်းလွဲပိုင်းတွင် မိုးမိတ်စေတီတော် အာရုံခံတန်ဆောင်းကြီးအတွင်း၌ သံဃာစင်၏ ရှေ့ဝဲဘက်တွင် ဆိုင်းဝိုင်းကြီးများ ချဆားပြီး ရွှေမန်းပန်တျာမှ အဆိုကျော် နီနီဝင်းက သီဆို၍ အခမ်းအနားကို ဆက်လက် ကျင်းပသည်။ အခမ်း အနားမှူး 'မင်္ဂလာ ဦးအောင်မြင့်' က အစီအစဉ်ကို ကြေညာပြီး ဆရာကြီး ဦးသုခက လက်ဝဲမင်းညို၏ ထောမနာ ရတုပိုဒ်စုံကိုလည်းကောင်း၊ အဆိုကျော် ရီရီသန့်က ဆရာ

ကြီး ဒဂုန်ဦးစန်းငွေ ရေးဖွဲ့သည့် လူး တပည့်များအပေါ် ထားရှိသော မေတ္တာ
တားညွှတ် ရှစ်ဆယ်ပေါ် တေးထပ်ကို စေတနာသည်လည်း ထို့အတူပင် ကြီး
လည်းကောင်း၊ မုံရွာ ဦးလေးခန့်က မားလှပေသည်။ မိဘက သားသမီး ကြီး
ကိုယ်တိုင်ရေးစပ်သည့် မင်္ဂလာ ထော ပွားတိုးတက် လိမ္မာသည်ကို အလိုရှိသကဲ့
မနာစာတမ်းကို လည်းကောင်း၊ အဆို သို့၊ ဆရာသမားကလည်း မိမိ၏တပည့်
ကျော် ရီရီသန့်က မိုးမိတ်ကုန်းမြန့်ငှ် များ အခြားသူနှင့် ပညာချင်း ယှဉ်ပြိုင်
ပတ်သက်သည့် ဆရာဦးသုခနှင့် ဦးလေး က အနိုင်ရစေချင်သော စေတနာသည်
ခန့်တို့ ရေးသား အသံသွင်းသည့် ဓမ္မ လည်း ဓမ္မတာပင်ဟု ဆိုရပါမည်။ မှန်ပါ
တေးဂီတကို လည်းကောင်း အသီးသီး သည်။ ၂၈-၉-၈၀ နေ့ ပွဲကြီးများ ပြီး
ရွှတ်ဖတ်ပူဇော်ကြကာ ညနေ ၅-နာရီ ဆုံး၍ နေဝင်ခါနီး ၆ နာရီ အချိန်တွင်
အချိန်တွင် တိပိဋကဓရ ဆရာတော် ကျောင်းတိုက် အတွင်းမှ အချက်ပေး
ဘုရားက ရေစက် သွန်းချပြီး အခမ်း ခေါင်းလောင်းသံကို ကြားရပါသည်။
အနား ပြီးဆုံးသည်။

တိပိဋကဓရ=နိကာယ သာသနာ့ အမြစ်
တော်သလင်း လပြည့်နေ့ညကမူ ဓမ္မ တေ လောင်းများသည် 'ဒီဃနိကာယ
ကထိကအကျော် ထူးကြီးဆရာတော်က ကျောင်း' စသည် အမည်ကမွဲသည်းများ
ဘုရားပွဲ အဖွင့်တရား ချီးမြှင့်ပါသည်။ ထိုးထားသော ၂၂-ပါးမှ ၄-ပါး အထိ
အရပ်ရပ်ကိုစွမ်းများ စီစဉ်၍ ချောမော သီတင်းသုံးကြသည့် နိကာယ် ကျောင်း
အောင်မြင်စွာ ဆောင်ရွက် ပြီးစီးရေး ဆောင် အသီးသီးတို့မှ 'ရွှေဒင်္ဂါး သုံးထပ်
တွင် 'တိပိဋကဓရ=နိကာယ သာသနာပြု တိုက်ကျောင်းကြီး' ပေါ်သို့ ကြွလာကြ
အဖွဲ့' ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ၏ သည်။ တိပိဋကဓရ ဆရာတော် ဘုရား
ခေါင်းဆောင်မှုနှင့် အဖွဲ့ဝင်များ၏ ညီ သည် လည်း အလွန် ကြည်ညိုဖွယ်
ညွတ်ပူးပေါင်းဆောင်ရွက်မှုတို့မှာ ချီး ကောင်းသော သီဟာသနပလ္လင် ဥကင်
ကျူးထိုက်လှပါပေသည်။ ဓမ္မစေတီ တံတံပေါ်တွင် သီတင်းသုံး တည်ရှိတော်
ပိဋကတ်တိုက် ဖွင့်ပွဲနှင့် ရေစက်ချပွဲတို့ မူသည့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကို ကန်
ကား ပြီးဆုံးလေပြီ၊ သို့သော် တိပိဋက တော့ရှိခိုပြီး ထိပ်ဆုံးနေရာ၌ သာသနာ့
ဓရ ဆရာတော်ဘုရား အထွက်မူ ပြီးဆုံး အမြစ်တေ လောင်းများဘက်သို့ မျက်နှာ
ဟန် မတူသေးပေ၊ တစ်ခု ကျန်နေသေး မူ၍ နေရာယူလေသည်။
သည်။

ငယ်စဉ်က ကျောင်း၌ ပေးပွဲဖြေ
မိဆမေတ္တာကား သားသမီး အပေါ် ဆိုရန် သွားခါနီး တွင် ဒါဘများက
တွင် ကြီးမားလှပေသည်။ ဆရာသမား က 'သား.... ဒီသပြေညွန့်ကလေးကို ရင်မှာ

ထိုး၍ ဆောင်သွား၊ စာမေးပွဲ မဖြေမီ အရဟံ ဂုဏ်တော် ကို ရွတ်၊ မေး - ဖြေ ပြုလုပ်ရာတွင် သုဂတော - ဂုဏ်တော် ကိုရွတ်' စသဖြင့် မေတ္တာရှေ့ထား၍ မှာကြား ကြသည်ကို မှတ်မိကြပါလိမ့် မည်။

ဆရာဖြစ်သူတို့ကလည်း တပည့်များ ကို ဒီပုစ္ဆာမျိုးကလေးကို ဒီလိုဖြေရတယ်၊ ဒါကလေးကိုဘော့ မှတ်ထားကွယ်၊ မမေ့ စေနဲ့' စသည်ဖြင့် စေတနာဖြူစင်စွာဖြင့် သွန်သင်တတ်ပေသည်။

တိပိဋကဓရ ဆရာတော်ကား မေတ္တာ ပြည့်ဝ ဖြူစင် လှသည့် မိဘနှင့် တူ၏၊ စေတနာ သန့်ရှင်းစင်ကြယ်သည့် ဆရာ ကောင်း ဆရာမြတ်နှင့်လည်းတူပေသည်။ အရေအဘွက်အား ဖြင့် ၁၅၀-ပါးခန့်ရှိ သော 'တိပိဋက = နိကာယ သာသနာ့ အမြုတေလောင်းများ' ကို ဆရာတော်က သြဝါဒ ပေးသည်မှာ ခြီးကျူး အတုယူ ဖွယ် မှတ်သားဖွယ်ပင် ဖြစ်သည်။

တိပိဋက ဖြဆိုမည့် ပုဂ္ဂိုလ်တို့အနက် သုတ္တန် ဖြဆိုမည့် ပုဂ္ဂိုလ်တို့ အဓိဋ္ဌာန် ပြု နှလုံးသွင်းကြရန် သုတ္တန်နှင့်ဆိုင်ရာ ပါဠို (အောင်) ဂါထာကို ပေးသည်။ အလားတူပင် ဝိနည်းကိုဖြေမည့် အမြုတေလောင်းတို့အား ဝိနည်းနှင့် သက် ဆိုင်ရာ ပါဠို (အောင်) ဂါထာကို ရွတ် ဖတ် မွှက်ဆို၍ ပြသည်၊ အဘိဓမ္မာကို ဖြေဆိုကြမည့် တိပိဋကဓရ လောင်းလျာ တို့ကိုတော့ အဘိဓမ္မာနှင့် သက်ဆိုင်ရာ ပါဠို (အောင်) ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ရန် မှာကြားတော်မူသည်။ ထိုအတူ နိကာယ်ငါးရပ်ကို ပြန်ဖြကြမည့် အမြုတေများကိုလည်း နိကာယ် တစ်ပါးစီ တစ်ပါးစီဆိုင်ရာ ပါဠို(အောင်) ဂါထာများကို ပေးပါသည်။ သြဝါဒပေးရာ တွင်လည်း သိမ်မွေ့သော အမူအရာ ညင်သာစွာဖြင့် မေတ္တာ-စေတနာအပြည့် အဝဖြင့် မိဘသဖွယ် ဆရာကောင်းသဖွယ် ပြောသွားခြင်းမှာ နှလုံးသား အတွင်း ထိမိလှုပေသည်၊ ချီးမွမ်း၍လည်း မကုန် နိုင်ပင် ဖြစ်ပါတော့သည်။

ဤကဲ့သို့သော အလွန်ထူးမြတ်သည့် မိဘဆရာ၏ အရိပ်အာဝါသကို ခိုလှုံခွင့် ရသူများမှာ အလွန် ကံထူးပေစွ၊ အလွန် အလွန် ကံကောင်းလေစွ ဟုသာ မှတ်ချက် ချရပါတော့သတည်း။

စာဆိုဇော် ကောက်ဝဲင်းညို

မိုးမိတ်စေတီတော်



မိုးမိတ်ကုန်းမြေတွင် ဘဏ်ဇတော် အမြင့်မားဆုံးနှင့် အဓိကရ ကြည်ညိုဖွယ်ရာ ဆောင်တော်မူသော မိုးမိတ်စေတီတော်ကြီးကား ဘိုးတော် မင်းတရား၏ သားတော် "လွတ်တက်မဟာဓမ္မရာဇာ" ဘွဲ့ခံ မင်းရဲဒ္ဓတောင် မိုးမိတ်မင်းသားကြီး၏ ကုသိုလ်ကောင်းမှုပေတည်း။

နှောင်းတချိန်က စေတီတော်ကြီး၏ ခေါင်းလောင်းနား အောက်ခြေကြည်ဝန်းအထိ ပြိုပျက်ကာ ဘုရားငုတ်တိုဖြစ်ခဲ့ရာမှ ဆရာတော်၊ သံဃာတော်များ၊ မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေးနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့၊ထို့အပြင် အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ရှင် အသီးသီးတို့၏ ညီညာဖြဖြ ကြိုးပမ်းမှုစွမ်းအားများကြောင့် ယခုအခါ သပ္ပာယ်လှစွာ ဖူးတွေ့နိုင်ပေပြီ။

ပစ္စယံပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၊ အထက်တွင် မွန်မြန်မာနှစ်ထပ်ထီးတော်နှင့်၊ ရင်ပြင်တော်ပေါ်တွင် မူလ ဘုရားဒကာ—ဘုရားအမတို့ ဆွေမျိုးဆက် ရုပ်တုရုပ်လုံးများ၊ အာရုံခံဇရပ်နှင့် ဂန္ဓကုဋိတိုက်အတွင်း၌ သာသနာ့ချိန်ခွင်ကြီး ၄-လက် (စံပြပုဂ္ဂိုလ်ကြီး ဂ-ဦး)တို့ ရုပ်တုရုပ်လုံးများ၊ ထို့အပြင် ပဟိုရ်စင်နှင့် နာရီစင် ပတ်လည်တွင်မူ စောင်းတန်းသုံးသွယ်တို့ဖြင့် သာဓု အနုမောဒနာခေါ်ဖွယ်၊ ကြည်နူးဖွယ် ရှိလှချေ၏။

မိုးမိတ်စေတီဘော်ကြီး ရွှေထီးအထွတ်တော်တင်
မင်္ဂလာရတု ပိုဒ်စုံ

(သုံးပိုဒ်လုံး ၅၃-ပဒစီ၊ သက်စေ့နှက် သုံးချက်ညီ)

၁။ **ယမိုက်တေဇော**။ ။လင်းလင်းဖြာတည့်၊မြတ်စွာဥက္ကင်္၊ သုံးလူ့နတ်၏၊ မိန့်မှတ်သြဝါ၊ သာသနာဟု၊ မဟာဓမ္မစစ်၊ ထွန်းခိုန်ခေတ်တွင်၊ နေမြစ်ဒွယ်စဉ်၊ သက်ခဲ့လျှဉ်သား၊ ဓမ္မဋ္ဌရ၊ ကြိုးလုံ့လသည့်၊ ဆဋ္ဌနတ်ဆွေ၊ ကုန်းဘောင်နေဟု၊ စက်တေဇော်ဝင်း၊ ဘိုးတော်မင်းလျှင်၊ ရွှေမင်းကွန်းညာ၊ ဤမြေသာကား၊ ဒေမောဆိပ်ဦး၊ မှန်လှမူးဟု၊ နတ်မူးမိန့်ညွှန်၊ ပုံတသွန်သို့၊ ထက်ဝှန်တိဟိတ်၊ သဒ္ဓါစိတ်ဖြင့်၊ ဓမ္မိဿရော်၊ သောင်းလုံးကျော်သား၊ တေဇော်ဖြန့်စိုး၊ မြတ်ပုထိုးကို၊ မြေမိုးသံအိုင်၊ ကောင်းတင်းပြိုင်၍၊ ကိုယ်တိုင်ချယ်ညွှန်း၊ အလယ်ကျွန်းဟု၊ စံနန်းရဝေ၊ အောင်ရိပ်မြေမှ၊ တည်နေသောခိုက်၊ ထိုစဉ်ကြိုက်ဝယ်၊ ဦးခိုက်ရော၊ နောက်မျက်နှာဟု၊ သေလာဂိရိဗ်၊ ဤတောင်မြိတ်မှ၊ မိုးမိတ်မင်းသား၊ တော်ဘုရားလျှင်၊ ဘဘွားနတ်ကျော်၊ ခမည်းတော်အား၊ မပေါ်ရန်ဆူး၊ ဖိန့်ဖိန့်မူးမျှ၊ ဗိုလ်မူးပတ်ခြံ၊ အောင်ပွဲခံ၍၊ နိယံစိုးကွပ်၊ စောင့်နေကြပ်သား၊ အောင်ရပ်မြေချ၊ ဤသေလာသည်။ ။**ဇေယျာစန်းပွင့်မောသော်ကြောင့်**။

၂။ **အမြိုက်ခေမာ**။ ။ကျွတ်ဆုရှာသား၊ ပိတာမေ့းဘ၊ ဘူပါလလျှင်၊ မဟာဓမ္မရာဇာ၊ ရွှေရွက်လွှာ၌၊ ဃာယာခွန်းဟိတ်၊ ညွှန်းဖော်ငြိတ်သည့်၊ မိုးမိတ်မင်းသား၊ တော်ဘုရားလျှင်၊ (ရှည်လျားမြင့်ထွေ၊ ငါစံနေသည့်၊ ဤမြေတောင်မြတ်၊ နောင်နာဂတ်ဝယ်၊ လူနတ်ပြဟ္မာ၊ သတ္တဝါတို့၊ ခေမာကူးဆိပ်၊ ဖြစ်စေရိပ်၍၊) လူ့ထိပ်မှန်ကူ၊ ဃယမ္ဘူ၏၊ ဆူဆူသောဓာတ်၊ မွေတော်မြတ်ကို၊ သွင်းလတ်သေချာ၊ ဌာပနာ၍၊ စကြာမြသား၊ လ,ရထားသို့၊ ဖြူထွားငွေရောင်၊ ဆွတ်ဆွတ်ပြောင်လျက်၊ မိုးခေါင်အက္ကနိဋ္ဌ၊ ဘုန်းတော်ဖိတ်သား၊ မိုးမိတ်တွင်ခေါ်၊ စေတီတော်နှင့်(၁)၊ ဇီနေန်မြတ်စွာ၊ စိန္တေယျ၏၊ မင်္ဂလာစစ်၊ တရာ့ရှစ်တို့၊ ဝန်းရစ်ပတ်ခြုံ၊ ဖြစ်တော်ပုံလည်း၊ ခွေရုံဝန်းယှက်၊ ပါဒစက်ဟု၊ နက်သန်စေတီ(၂)၊ မြေမဟီ၌၊ သသီဘာဏု၊ ပြိုင်လာစုသို့၊ ဗဟုဒေဝါ၊ မနုဿာအား၊ ခေမာမျိုးညွှန်၊ ဖြိုးဖြိုးကွန့်အောင်၊ မြတ်မှန့်စံတ်ထား၊ နှစ်ဆူဘုရားကို၊ တည်ထားပူဇော၊ ကျွတ်ဆုရှာသည်။ ။**စေနာလမ်းတင့်ပြာသော်ကြောင်**။

၃။ **သမိုက်ရွှေစာ**။ ။မော်ကွန်းမှာပိမ့်၊ မြတ်စွာကိုယ်စား၊ နှစ်ဆူဘုရားတို့၊ ရှည်လျားမြင့်ကြာ၊ ချိန်အခါနှင့်၊ ဘူပါလပြင်း၊ လျင်ညှဉ်း၍၊ ယိုယွင်းပျက်ပြား၊ ရှိသည်များတွင်၊ ဘုရားဘုန်းဝှန်၊ စေတီမွန်မှ၊ လက်မွန်မဆွ၊ အဦးစ၍၊ သြသဓသိပ္ပါ၊ ဆေးဝိဇ္ဇာတည့်၊ ဒေါက်တာသာလှ၊ ဦးတည်မ,လျက်၊ ဗုဒ္ဓဘာသာ၊ နွယ်ကလျာတို့၊ သဒ္ဓါထိန်လျှမ်း၊ ပြုပြင်မွမ်း၍၊ ဆုံးခန်းတိုင်လာ၊ ယခုခါဌ်၊ မြန်မာလူထု၊ ပြည်ထောင်စု၏၊ မျက်ရှူသားကြီး၊ ပုံစံမှီးသည့်၊ ဝန်ကြီးချုပ်မင်း၊ ဦးဆောင်လျှင်း၍၊ ထိန်လင်းသာသနာ၊ ခံ့ကျန်းမာဟု၊ ဌာနနှစ်ခင်း၊ ဝန်ကြီးမင်းနှင့်၊ သက်ဆင်းနွယ်စဉ်၊ ဆက်ခဲ့လျဉ်သား၊ သမ္မဇဉ်ကြီးမား၊ နိုင်ငံခြားဟု၊ အများအံ့ချီး၊ ဌာနမှီးသည့်၊ ဝန်ကြီးဝိဓိရ၊ စဝ်ခွန်ချုိဟု၊ ကုန်းမိုဘုန်းဝှန့်၊ နွယ်တော်ညွန့်တို့၊ ဦးညွှန့်ပြုကာ၊ လူထုပါလျက်၊ မြန်မာနှင့်မွန်၊ အနုဉာဏ်တို့၊ နှစ်တန်ဖန်တီး၊ မင်းစံထီးကို၊ မြှောက်ချီးခုခါ၊ ရတုသာသည်။ ။**ခေမာမြန်းခွင့် စောသော်ကြောင့်။**

အာဒိကမ္မိက ဓမ္မာစရိယ

စံဆကာထေရ်

မိုးမိတ်စေတီတော်ကြီး ရွှေထီးအထွတ်တော်တင်
မင်္ဂလာ ထောမနာ စာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အောင်သူတကာတို့၏ မဟာဝိဇယိန္ဒာဓိပတိ သီရိပဝရ တြိလောကဝဠဲသကာ မင်္ဂလာ အမြူ တေ ကျက်သရေ တော်အပေါင်းတို့ ကိန်းအောင်းစုဝေးရာ မင်္ဂလာဘိ မင်္ဂလုတ္တမ အနုတ္တမ အနုတ္တရထွတ်ထား ဘုရားသဗ္ဗညူ သည်.... အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံဇာတ်သိမ်း ကိုယ် တော်ပင် ငြိမ်းသော်လည်း သိန်းသန်းကုဋေ နှောင်းရစ်သူ ဝေနေတို့ မျက် ခြည် မ ပျောက် ကိုယ်တော် နောက်မှ၊ တောက်လျှောက် ဆက်ကာ လိုက်စိမ့်ဌာဟု သာသနာ သုံးရပ် မနှုန်းအပ်နှင့် ဓာတ်မွေသရီ လေးရပ်သော စေတီ တို့ကို ဗျာဒီမိန့်ကြား ကိုယ်တော်မြတ်ကိုယ်ပွား နှောင်း လူတို့ ကိုးစားရအောင် တည်ထားခွင့် ပြုတော်မူခဲ့ပါ သတည်း။

ယင်းသို့ မြတ်စွာဘုရား ဟောကြားခွင့်ပြုတော်ချက် အရ အဆက်ဆက်သော သာသနဒါယကာ မဟာဓမ္မရာဇ် မင်းတရားတို့သည် ဘုရားရှင် လက်ထက်တော်မှ စ၍ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် သာသနာမြတ်ကို လိုအပ်မရှိ၊ထက်ဝန်းကျင် စုံပြည့်အောင် မိမိတို့အသက်နှင့် နှိုင်းဖက်မြတ်နိုး သဒ္ဓါဖြိုးကြ၍ လေးမျိုးသော ပစ္စည်း တို့ဖြင့် မြောက်ချီးကော်ရော် ပူဇော်ပသခြင်း၊ ဘုရား

ရဟန္တာသခင် အရှင်မြတ်တို့၏ဓာတ်တော်မွေအန် ဓမ္မကွန်နှင့် ဘုန်းသန်ရှုပ်ပွား ပရိဘောဂ စေတီများကိုလည်း ဘုရားစေတီ စွင့်စွင့်တည်၍ ကြည်ညိုကော်ရော် ပူဇော်ပသခြင်း၊ စာရင်း ဤမျှ အကျဉ်းပြအပ်သည့်ပုညမဂ္ဂင် ကျင့်လမ်းစဉ်ဖြင့် ရှင်ပင်မြတ်စွာ သာသနာနှင့် သတ္တဝါတို့အကျိုး သယ်ပိုးဆောင်ရွက်၍ အဆက်ဆက် ပုညဝင်စဉ်မပျက်အောင် ဆင်းသက်ပွားစီး၍ လာခဲ့ရာ မြန်မာနိုင်ငံ ပုဂံမြင်စိုင်း၊ စစ်ကိုင်းပင်းယ၊ အင်းဝတလှစ်၊ ကုန်းဘောင်ခေတ်တိုင်၊ ရှင်ချစ်မြတ်စွာ၊ သာသနာကို အဆိုပါခြီးမြှောက်ခြင်းတို့ဖြင့် စာရင်းဤမျှ ဖော်မပြနိုင်အောင် ရာဇ-ရာဇာ မင်းတကာတို့ သဒ္ဓါထဲနှီး စေတနာပွားစီး၍ မြှောက်ခြီး ပူဇော်ခဲ့ကြပါသတည်း။

ရတနာသီခ၊ အမည်ပသည့်၊ ပြည်မတန်ဆောင်၊ မြကုန်းဘောင်ဟု၊ ဘုန်းရောင်ဝေလက်၊ နေခွယ်ဆက်လျှင်၊ ရာဇကွမ ခြောက်ဆင့်မြောက် တိုင်ထသော် တေဇဖြိုးမော်ဟိုးဟိုးကျော်သည့် ဘိုးတော်မင်းတရား လူ့ထိပ်ဖျားသည် ရှေးမင်းများနည်းတူ မဂ္ဂင်လမ်း ထွင်တော်မူလို၍၊ ဘူသီရော စည်မှုက်နှာသို့ သာယာဆိတ်ညံ ရွှေမြင်တင်တောခြေရင်း မင်းကွန်းရပ်မြေ အရံဝယ်....

(၁) သ-သံ-ပု-က အက္ခရာလေးဝဖြင့်သိကြားတံဆိပ်ခတ်သွန်းနှိပ်သော ဓမ္မိဿရော် မဟာစေတီတော်ကြီး....၊

(၂) ဒီပါဇမ္မူ ကျွန်းလုံးဆူမျှ၊ ကျူးကျူးညံဘိ၊ တီးလိုက်တိုင်း သံသာအိသော မဟာဃဏ္ဍိက ခေါင်းလောင်းတော်ကြီး....၊

(၃) ရောဝတီ၊ နဒီသာဝှမ်း မှာဘက်ကမ်းသို့ လှမ်းပျံတော့မည် ဟန်ဖြင့်တည်သည့် ကြည်သရာပုံအစုံသော ခြင်္သေ့တော်ကြီး....၊

(၄) လူမျိုး သားမျိုး ငှက်တရိုးတို့ သုံးချိုးစေရန် ဘုန်းတော်ဖြင့်တည်ဖန်သည့် မင်္ဂလာ တဘက်ဆည်ကန်ကြီး....၊

ခသည့်ပြင် ကာလသခ်္ဂါ ရှည်ကြာမြင့်လျင်း အကြောင်း ရင်းတို့ကြောင့် ယိုယွင်းပျက်ပြို ကြည့်ညိုသူတို့ စိတ်နှလုံး ကြိမ်မီးအုံးသို့ မရွံ့ငဲ့ပြုံး မချမ်းမြလောက်အောင် လျှာ ကျကြွေပြုန်း ချုံနွယ်တို့ ပိတ်ဖုံးလျက်ရှိရာ မဟာသခ်္ဂ ဘုရားအလျာ သူတော်စွာထုံး နှလုံးအောက်မေ့ လိုက်နာ ကျင့် ကြံလေ့ရှိ သော ဘိသက္ကပဇ္ဈာတာ ဆေးဝိဇ္ဇာဟု ဒေါက်တာဦးသာလှနှင့် ရွှေရေးဆောင်တိုက်ကျောင်း ကြီး ဒါယကာ မဟာဗန္ဓုလဦးဆိုင်တို့ အမှူးပြုကြသော သာသနုပဋ္ဌာက ကလျာဏိုဏ်းဝင် မိုးမိတ်စေတီတော် များပြုပြင် စောင့်ရှောက်ရေး ကော်မတီ အဖွဲ့ဝင်တို့သည် မဖြစ်လျင်မနေရ ထက်သန်သောဇွဲလုံ့လဖြင့် ရှေ့တန်းမှ ဦးစီးကာ ဒါယကာ၊ ဒါယကာမများ၏ ကိုယ်စားပြုလုပ် ကြ၍ မိုးမိတ်စေတီတော်ကြီး ပျက်စီးယွင်းယို ရှိနေသည် တို့ကို နဂိုမူလ ပထမတည်လစ် ပုံစနစ်အတိုင်း အသစ် တဖန် မွမ်းမံပြင်ဆင်ကြရာ ယခုအခါ၌ လုပ်ဆောင်ပွဲယ်ရာ ကိစ္စ အဝဝတို့ အစစပြီးမြောက်ပြီ ဖြစ်ပါသည့်အပြင် စေတီတော်မြတ်ကြီး၏ လေးမျက်နှာ မဟာရုံတံတိုင်းများ အုတ်စောင်းတန်း လှေကားကြီးကိုလည်း ပွားစီးစေတနာ သဒ္ဓါပြဋ္ဌာန်း စိတ်ရှင်လန်းကြ၍ မန္တလေးမြို့၊ ဝါးတန်း ရပ်၊ စိန်ရွှေကုန်သည် ဒေါ်ညွှန့်ညွှန့်၊ ဒေါ်သန်းသန်း ညီအစ်မ တစ်စုတို့က အလှူဒါယကာ အဖြစ် နှစ်သက် ကြည်ဖြူခံယူကြသဖြင့် မြေမုဇ္ဈင်းဖောက် ငွေတောင်တန်း ပေါက်၏သို့ အောင်မြောက်ပြီးစီးပြီ ဖြစ်ပါသတည်း။

မဂ်လာသျှော်ဩ အခါကောင်းကြိုက်ညီသည့် ဤယခု ၁၃၂၃- ခုနှစ်၊ တော်သလင်းလပြည့် တနင်္ဂနွေနေ့ကား လွေ့လွေ့သဒ္ဓါ ဟိတ်စွဲရင်းပါကြသည့် စေတနာရှင် အပေါင်း သူတော်ကောင်းတို့သည် စားကောင်း သောက်ဖွယ် အသွယ်သွယ်တို့ကို ခြွယ်လှယ်ပြုပြင်ကာ စားလှည့်ပါ၊ သောက်လှည့်ပါ နှုတ်သံချိုသာ ဖိတ်ခေါ်ကာဖြင့် မျက်နှာမရွေး စတုဒိသာ နိဗ္ဗာန်စေ့းအလှူကြီး ပေးကြ၍ ရှေးဖော်ပြပြီး မိုးမိတ် စေတီတော်ကြီးအား

ရွှေထီးအထွတ်တင်လှူရန် အချိန်တန်သောအခါ တူရိယာသံညှင်း ပွဲသဘင်ကျင်းပ၍ ပြုဟ္မာမင်းနှစ်ဦး၊ နတ်မင်းနှစ်ဦးတို့ စိန်ဖူးအထွတ်တော်နှင့်တကွ မြန်မာ့ အနုသုခုမပညာ၊ မွန် အနု သုခုမပညာ နှစ်ဖြာရောပြွမ် ပညာရှင်တို့ စိမံ့ဆေးဝက်ပါဆရာတော်နှင့် တပည့်များ သီးခြားဒကာခံသည် မင်းစံရွှေထီး အုံ့မငြိုးကို အသီးသီးထမ်းဆောင်ကြ၍ ဝလာဟက သိန္ဓောကသည် အာကာသဝေဟင်လေယန္တရား မာတလီမောင်းနှင်သည် ယာဉ်ရထားဦးတင်ပြီးလျှင် သဘင်ကြီးစွာ ခြိမ့်ခြိမ့်ညံလျက် ဇေယျာသံညှင် အောင်စာရင်းဟု အောင်ခြင်းရှစ်ဖော် ဟစ်ကြွေးကြော်ကြ၍၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သာသနာရေးနှင့် ကျွန်းမာရေးဝန်ကြီး ဦးဘစော၊ နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်ဝန်ကြီး မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချုံတို့ အမှူးပြုသည့် ဗုဒ္ဓပဋိဂ္ဂာဂကလျာဏနွယ်ဝင် သူတော်စင်တို့သည် ရှင်ပင်ဘုန်းသန် စောဇိနံ၏ အရဟံဂုဏ် နှလုံးသွင်းထုံကြ၍ နိတုံလျှံညီး ဖိတ်ဖိတ်စီးသည် ရွှေထီးနှစ်ထပ် အလှူတော်မြတ်ကို ဆက်ကပ်ကြည်ဖြူ တင်လှူပူဇော်ကြပါသတည်း။

ဆုတောင်းအမျှဝေ ကဗျိန်လက်ာ

လေးဆင့်မဂ်ညာဏ်၊ ၊ရင့်ကြောင်းဖန်သား၊ ဝေယန်ဇာတိ၊ မျက်မဇ္ဈိသို့၊ တိဟိတ်ထဲဉာဏ်၊ လှုံ့ဆော်ဖန်၍ သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါလုလု၊ ဆည်းပူးပြုသည့်၊ ဤကုသိုလ်တော်၊ အာနုဘော်ကြောင့်၊ လေးဖော်ဖုံလ်မင်္ဂ၊ ဝဲယာယှက်သို့၊ ကနက်ပစ္စူ၊ စွင့်စွင့်ထူ၍၊ နိဗ္ဗူကြွန်း၊ ဘေးမဲ့နန်းကို၊ သိမ်းမြန်းရလို၊ ဆုပန်ဆို၏၊ ထိုကုသလ၊ မြိုက်ဗိဇ္ဇကို၊ နရမရူ၊ ဟိန္ဒူအား၊ ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေငှသည်၊ ၊ အမျှ-အမျှ-အမျှ ရကြသည် ဖြစ်စေသော်။ ။

အာဒိကမ္မိက ဓမ္မာစရိယ ဝင်္သကာဃာဘိဝံသ

မင်းကွန်း မိုးမိတ်ဘုရားတိုင် ရတုပုံစံ

(ဆယ့်နှစ်ရာသီ)

၁။ **နှစ်ဦးသဘင်**၊ မိုးလုံးရွာတည့်၊ စန်းယာဉ်စိတြာ၊ ဝိသာခါနှင့်၊ သံဝါဇင္ဒ၊ ဝင်းထွန်းပလျက်၊ ထိုမှဆက်ပြန်၊ ပြုဇွာသင့်နွယ်တာ၊ နံကာ သရဝဏ်၊ ရောင်ဝှန်ထွန်းကြိုက်၊ ဘဒ္ဒပိုဒ် သစ်ဆင်း၊ ကြာသင်းသန်တူ၊ သဝဏ်ထူလျက်၊ နောက်မူကြတ္တိကာ၊ တဖြာမိဂသီ၊ လှည်ဖုသျှ၊ မာဃနောက်ချီ၊ ဘဂုန်တို့၊ ပုဏ္ဏမီစန္ဒာ၊ ပါဒ်ဗီဇနာနှင့်၊ သုံးခါဖူးခွင့်၊ ပြိုင်မြူးတင့်ရှင့်....၊ ရှင်ပင့်ထံမှောက်၊ မယ်ခုလျှောက်အံ့....၊ ထောက်ထောက်စာစာ၊ မယ့်သည်းလျှာက၊ ကြင်နာသနား၊ မယ့်ထံပါးတွင်၊ ချစ်အားမတွန့်၊ ချစ်မစွန့်ဘဲ၊ ချစ်ညွှန့်မလျော့၊ ချစ်ပြန်ကြေ့ဟူ၊ မိန့်တော့ထုတ်ဆောင်၊ မေတ္တေးနောင်လျှင်၊ ခြောက်ရောင်လျှံဖိတ်၊ မိုး+မိုးမိတ်က၊ မဆိတ်မိန့်ခြွေ၊ ချစ်ပန်းဝေအောင်၊ မသွေမချုတ်၊ စိတ်ညွှတ်စိတ်ပျောင်း၊ ဖန်မနှောင်းသည်....၊ နှစ်ကောင်းကြိုဘက် ကူးမည့်ရက်။

၂။ **သစ်ဦးဘသွင်**၊ တောလုံးဆင်လျက်၊ စုခွင်မြိုင်ပေါ်၊ ထုံနံ့ဆော်သား၊ ကံ့ကော်ကသည်၊ စံကားစည်၍၊ ပြန်လည်စံပယ်၊ ပုန်းညက်ကြွယ်လျက်၊ ဘသွယ်ခတ္တာ၊ ရွှေယင်းမာနှင့်၊ ရွှေကြာမှုန်ကြဲ၊ ရွှေခဲတို့၊ မြိုင်ထဲစုံယံ၊ သဇင်ပျံတည့်၊ သင်းကျံခွာညို၊ ပေါက်လဲပျိုနှင့်၊ ရွှေလိုအင်ကြင်း၊ မြိုင်လုံးလင်းသား၊ ထုံသင်းကြိုင်လှိုင်၊ သုံးကြိမ်တိုင်လည်း၊ မဆိုင်မဆုံ၊ မဖူးတုံ၍၊ ဆယ်စုံကြာ

လက်၊ ဦးထိပ်ရွက်လျက်၊ တင်ဆက်ပန်းအိုး၊ ဆယ့်နှစ်မျိုးနှင့်၊ သုံးမိုး+ဆောင်း+ဒန္ဓ၊ တင်ဆက်ဝေရှင့်....၊ မသွေကံဆုံ၊ ပါချင်တုံ၍၊ ဘုန်းကံဘုန်းဦး၊ ဘုန်းဆင့်တိုး၍၊ မိုးမိတ်စေတီ၊ သုံးဆူညီက၊ ချိန်မီဘုန်းဆင့်၊ ဘုန်းတော်ဖွင့်ပါ့၊ ရှင်ပင့်ကိုယ်စား၊ ခြောက်ရောင်ကြွားလျက်၊ မခြားရက်ညောင်း၊ ဖြည့်လေတောင်းသည်....၊ **နှစ်ကြောင်းဆုံဆက် ဖူးမည့်ရက်။**

၃ ။ ။**ချစ်ဦးသခင်**၊ မယ်ထိပ်တင်လျှင်၊ မယ့်ပြင်မရှိ၊ ဆိုဦးရှိလျက်၊ ဆိုရှိမမြဲ၊ မဆိုဘဲသို့၊ ဝမ်းထဲစိတ်သွေ၊ ရှိပါချေကြောင့်၊ စေတီမိုးမိတ်၊ အောင်ဗျာဒိတ်နှင့်၊ အောင်ဘိတ်ဆင့်ကာ၊ကရဏာဖြင့်၊ မကြာပြည့်ကြောင်း၊ ဆုညွှတ်ညောင်းပါ့၊ နှစ်ဟောင်းကျွန်းကျွန်း၊ သစ်သစ်ထွန်း၍၊ သွန်းသွန်းတာရေ၊ အောင်သပြေနှင့်၊ ထွေတွေဆုတောင်း၊ ညောင်ရေလောင်းလျက်၊ မင်းပေါင်းခင်းကျင်း၊ ဘွဲ့နှင်းသဘင်၊ ဝါဝင်ပွဲတော်၊ စာတော်ရေးတံ၊ သောင်းညံလှပွဲ၊ ဝါကျွတ်ပွဲနှင့်၊ မီးပွဲရောင်ပြို၊ ကြို၊ဆိုသဘင်၊ လွတ်ပွဲဆင်ခဲ့ ...၊ ထို့ပြင်ထမင်းနှဲ၊ သဲပုံပွဲနှင့်၊မစဲဆင်လတ်၊ သုံးနှစ်ပတ်လည်း၊ မယ့်နတ်သခင်၊ သွေလင့်ကျင်၍၊ ထွတ်တင်မိုးမိတ်၊နှုတ်မဆိတ်ဘဲ၊ဖိတ်ဖိတ်ဘုန်းနှဲ၊ ဘုန်းတန်ခိုးဖြင့်၊ ဘုန်းမိုးသွန်းလောင်း၊ ဆုပြည့်ညောင်းသည်....၊ **နှစ်ထောင်းစုံမက် ထူးမည့်ရက်။**

●ဘဆိုထော် လက်ခံမင်းညို
(၁၇-၉-၈၁)

မှတ်ချက်။ ။အချို့တွင် 'ဦး' သပ် ၁ ချက်၊ အချို့တွင် 'နှစ်....မည့်ရက်' သပ် ၃ ချက်စီ နှက်၍ ထားသောကြောင့် ခိုင်ခံ့ခြင်း၊ စည်းလုံးခြင်းကို ဖြစ်စေသည်။

မင်းကွန်းဘက်သို့ သွားလေတိုင်း မိုးမိတ်ဆေတီတော်ကြီး ရောဝတီမြစ်ပြင်မှ အနောက်ခွင်သို့ မျှော်လိုက်လျှင် မြင်ရသော မြင်ကွင်းမှာ တစ်ခါနှင့်တစ်ခါ မတူ၊ အဆူဆူသော ဘုရားများ ကျောင်းများမှာ တစ်ခါထက် တစ်ခါ များ၍များ၍ ပွား၍ပွား၍ နေလေသည်။

ယခင်ကသော် တောဖုံး၍ လုံးလုံး ဘုရားငုတ်တိုကြီး တစ်ဆူမျှသာ ဖြစ်ခဲ့သည်။ ယခုသော် မင်းကွန်းဘက်သို့ ရာဘုံဖူး သွားသူတိုင်း မင်းကွန်းဘုရားကြီး၊ ခေါင်းလောင်းကြီး၊ မြသိန်းတန်

စေဟိတို့နှင့် အဆူ မုံးမတ်စေတီတော် မင်းသားတစ်ပါး ဖြစ်သည်။ သူသည် ကြီးသို့ပါ သွားရောက် ဖူးမြော်ကြရသည်။

မုံးပိတ်စေတီတော် ကြီးကား မင်း ဟွန်းနှင့် တစ်မိုင်ကျော်ခန့် ဝေးသော ထန်းမြင့်ရွာအနီး ဧရာဝတီမြစ်ကမ်းထိပ် ဆိတ်ငြိမ်သော ကုန်းမြေတွင် တည်ရှိနေသည်။ ဤတော် ၇၃-တောင်ရှိ စေတီကြီးဖြစ်၍ လုံးဝန်းသော ပုံသဏ္ဌာန်မှာ အားမာန်အပြည့် ဆောင်လျက် ရှိပေသည်။ စေတီဝန်း ကျင် ရှိ တိပိဋကတ= နိကာယ ကျောင်းတိုက်နေ တိပိဋက စာသင်သား၊ နိကာယ် စာသင်သား ရဟန်းတော် တို့ အား ကြီး မား သော အားဓာတ်ကို မပြတ် ပေး၍ နေသည့် အလားပင် ဖြစ်ပေသည်။

ယင်းစေတီ၊ ယင်းစေတီ ဝန်းကျင်နှင့် ပြည် သူ တိုင်း အား အား ဓာတ် ဖြစ် စေ သော စေတီတော်ကြီးကား အားမာန် အပြည့်ရှိသော ဘုရားဒကာ၏ အမည် ဖြင့်ပင် 'မုံးမိတ်စေတီတော်' ဟု အမည် တွင်လျက် ရှိနေပေသည်။ ဘုရားဒကာ ကား မုံးမိတ်မင်းသားကြီးပင်တည်း။

ဘုရားဒကာ မုံးမိတ် မင်းသားကြီး ကား ငယ်စဉ်ကပင် သူးခြားခဲ့သော ဘုန်းဘောင် ၁၁ ဆက်တွင် ရှိန်းလက် ဘုန်းမုံး တန်ခိုးအကြီးဆုံးနှင့် နန်းသက် အရှည်ဆုံးဖြစ်သော ဘိုးတော်မင်းတရား ကြီး (၁၁၄၃-၁၁၈၁)၏ သားတော် တစ်ပါး ဖြစ်လေသည်။ ထူးခြားသည် ကား ဘိုးတော်မင်းတရားကြီး နန်းတက် သော ၁၁၄၃ ခုနှစ်သည်ပင် သူ၏ဖွား သက္ကရာဇ် ဖြစ်လေသည်။ တစ်နည်းဆိုရ သော် သူ ဖွား မြင် သော နှစ်တွင်ပင် ခမည်းတော်သည် ထီးနန်းစည်းစိမ်ကို ရခဲ့သည်ဟု ဆိုရပေမည်။

သူ၏ မယ်တော် မှာလည်း ဇာတိ မျိုးနွယ် ကြီးကျယ် မြင့်မြတ် ပဒေသ ရာဇာ ဇာတ်ဟု ဆိုရသည့် မုံးမိတ်စော် ဘွားကြီး၏ သမီးတော်ဖြစ်၍ ဟန်လင်း မြို့ စား မိဖုရား ဖြစ် ရုံမျှမက နောင် တွင် 'သီရိ တိလောကဒေဝီ' ဟူ၍ ဘိုးတော်ဘုရား၏ နန်းရမိဖုရား တစ်ပါး အနေဖြင့် ထင်ရှားခဲ့လေသည်။ ယင်း သီရိတိလောကဒေဝီမှ ၁၁၄၃-ခုနှစ်တွင် သားတော်ကို ဖွား မြင် ရာ စော် ဘွား အနွယ် ဖြစ်သည့်အတိုင်း 'မောင်ခန်း ကျော်' ဟု မှည့်ခေါ်လေသည်။

မောင်ခန်းကျော် ၇-နှစ်သားအရွယ် ၁၁၅၀-ပြည့်နှစ် သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့တွင် ညောင်ရမ်းမြို့ကို ပေးတော်မူသဖြင့် 'မောင်ခန်းကျော်' ဟူသော ငယ်မည်ပျောက်၍ 'ညောင်ရမ်းမင်းသားကလေး' ဟု အမည် တွင်လေသည်။

တဖန် ညောင်ရမ်း မင်းသား ၉-နှစ်သားအရွယ် ၁၁၅၂-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃-ရက်နေ့တွင် 'ကျွန်ချစ်နေမျိုး၊ သားချစ် သတိုး' ဟူသော ရာဇတန္တိ ပဝေဏီမူအရ သားတော် ညောင်းရမ်း မင်းသားအား 'သတိုးမင်းရဲ့ ရွှေတောင်'ဘွဲ့ကို ပေးတော်မူခဲ့သည်။ ထိုအခါမှစ၍ 'ညောင်း ရမ်းမင်းသား သတိုး မင်းရဲ့ ရွှေတောင်'ဟု တွင်လေသည်။

ထိုနောက် သတိုး မင်းရဲ့ ရွှေတောင်ဘွဲ့ခံ ညောင်းရမ်း မင်းသား ကလေးသည် အသက် ၁၃-နှစ်သား အရွယ် ၁၁၅၆ခုနှစ် တပို့တွဲလပြည့်ကျော် ၅-ရက်နေ့တွင် မယ်တော်၏ ဇာတိမြို့ဖြစ်သော မိုးမိတ်မြို့ကို ထပ်မံ ပေးအပ်ပြန်လေသည်။ ထိုအခါမှစ၍ 'မိုးမိတ်မင်းသား' ဟူသော အမည်တော်ဖြင့် ထင်းရှားခဲ့လေ၏။ ဤအမည်တော်ကား မင်းသား၏ တစ်သက်တာ လုံး ထင်းရှား သော အမည်တော်ပင် ဖြစ်လေတော့သည်။

မိုးမိတ်မင်းသား (ကုန်းဘောင် ရာဇဝင်တွင် မိုးမိတ်မင်းသား)ကို ဘိုးတော်ဘုရားသည် မိတ္ထီလာ မိဖုရား 'သီရိသုရတနာ ဒေဝီ'၏ သမီးတော် အလတ် မင်းကင်း မင်းသမီး 'သီရိမလ္လာနန္ဒာ ဒေဝီ'နှင့် စုံဖက်ပေးတော်မူသည်။ ၁၁၅၃-ခု တန်းခူးလဆန်း ၁၅-ရက်နေ့တွင် ဘိုးတော်ဘုရားသည် မိတ္ထီလာကန်တော်ကို ဆည်ရာတွင် မိုးမိတ်မင်းသားအား ၃၇-လုံး မိုင်း အရံ-၃၇မြို့ အင်အားရှိသော မိုးမိတ် အင်အားနှင့် တကွ လိုက်ပါခွင့် ပြုတော်မူသည်။ သားတော် မိုးမိတ် မင်းသားအား မြတ်နိုးအားထားတော်မူသည့် လက္ခဏာကို ထင်ရှားပြတော် မူခြင်းတည်း။ နောက် ၁-နှစ် ဖြစ်သော ၁၁၅၈ - ခုနှစ် တပေါင်းလဆန်း ၁၅-ရက်နေ့မင်းကွန်း **မုဆိုးတော်ကြီးအား** ဌာပနာရာတွင် မိုးမိတ်မင်းသား ရွှေစင်ရုပ်တုကို ပါဌာပနာတော်မူခြင်းဖြင့် မည်မျှမြတ်နိုးတော်မူသည်ကို သိနိုင်၏။

၁၁၆၆-ခုနှစ် နယုန်လဆန်း ၄-ရက်နေ့တွင်ကား သားတော် မိုးမိတ်

မင်းသားဒေါ ကသာမြို့ကို ထပ်မံ၍ အုပိုင်စား သနားတော် မူလေသည်။ မိုးမတ်မင်းသားကလည်း ကျေးဇူးသိစွာ ဖြင့် ၁၁၆၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃-ရက်နေ နိဗ္ဗာန ပစ္စယ ဆင်ဖြူတော် သိမ်းပွဲတွင် ရွှေစင်ငါးရာနှင့် တာ သည် မျိုး အုပ် မျိုး လေး ဆယ် လက်ဖွဲ့တော် ဆက်သခဲ့လေရာ ဘိုးတော် မင်းတရားကြီး များစွာ အားရတော် မူလေသည်။ ထို့ကြောင့်လောမသိ၊ ၎င်း နှစ် တပေါင်းလဆန်း ၁၅-ရက်နေ့တွင် သားတော် မိုးမိတ်မင်းသား သတိုး မင်းရဲရွှေတောင်အား ရွှေစလွယ် ၁၈— သွယ်နှင့် 'မဟာဓမ္မရာဇာ' ဘွဲ့ကို အပ်နှင်းတော် မူခဲ့လေသည်။

ဤကား မိုးမိတ်ခစတီတော်ဒါယကာ မင်းသားနှင့် ပတ်သက်၍ မှတ်သား သိရှိသင့်သမျှကို ကုန်းဘောင် ရာဇဝင်မှ ထုတ်နုတ်ရရှိချက်များပင် ဖြစ်လေသည်။ နန်းလျာဖြစ်သော မြေးတော် စစ်ကိုင်း မင်း ထင်းရှား ကျော်ကြားသည်နှင့်အမျှ သူ့ ခေတ်တွင် သားတော် မိုးမိတ် မင်းသား၏ ထင်းရှားကျော်ကြားမှုသည် လည်း ထပ်တူထပ်မျှ ရှိနေပေလိမ့်မည်။ ဤခေတ်တွင် စစ်ကိုင်း မင်းကြီး၏ မြသိန်းတန်ဘုရား ထင်ရှားကျော်ကြား သကဲ့သို့ မိုးမိတ် စေတီတော်ကြီး၏ ထင် ရှားကျော်ကြားမှုသည် ထပ်တူထပ်မျှ ရှိ နေသကဲ့သို့ ဘုရားဒါယကာ နှစ်ဦးကို လည်း ခိုင်းယှဉ် ဝံ့သပ်နိုင်ပေသည်။

ဘိုးတော် မင်းတရားကြီး ကောင်းမှု တော် ပုထိုးတော်ကြီး၏ မြောက်ဘက် တွင် မြသိန်းတန်ဘုရားသည် လှပစွာ တည်ရှိ နေ သလို ပင် တောင်ဘက်တွင် မိုးမိတ်စေတီတော်ကြီး ခန့်ညားစွာ တည် ရှိ၍နေပေသည်။ မြသိန်းတန် ဘုရား ဒါယကာ၏ နောက်ကြောင်း ရာဇဝင်မှာ ထင်ရှား ကျော်ကြား ကြီးကျယ်သည်နှင့် အမျှ မိုးမိတ် စေတီတော် ဒကာ၏ နောက်ကြောင်းသမိုင်းမှာမူ မထင်မရှား မကြားမဝံ့ခဲ့ပေ။ သို့သော် စေတီတော် မြတ်ကြီးကား မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ နှင့် အထူးကုဆရာဝန်ကြီး 'ဝဏ္ဏကျော်ထင်' ဦးသာလှ တည်းဟူသော အထောက်အပံ့ ကောင်းတို့နှင့် တွေ့ကြုံဆုံဆည်းရ၍ ထင် ရှားကြွားဝင့် နိုင်ရုံမျှမက စေတီတော်၏ ထီးတော်ရိပ်တွင် ပရိယတ္တိ သာသနာ တော်ကြီး မကြုံစဖူး အထူးစည်ပင် တောက်လင်းနေလေပြီ။

ဤသည်ကိုသာ ဘုရားဒါယကာ 'သတိုးမင်းရဲရွှေတောင်' ဘွဲ့ 'လွှတ်တက် မဟာဓမ္မရာဇာ' ဘွဲ့ခံ မိုးမိတ်မင်းသား ကြီးနှင့် ချစ်ဖက်သည်းလျာ 'သီရိမလွာ နန္ဒာဒေဝီ'တို့ နတ်ရွာ နတ်နန်းမှ မျှော် မှန်းကြည်သာ သိမြင်ရပါမူကား လွန်စွာ ဝမ်းမြောက် လက်ပန်းပေါက်ခတ်၍ နေ နေမည်သာ မုချ ဟု မှန်းဆ ရည်မျှော်မိ ပါသတည်း။ ။

ရဲဝေထွန်း

မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်များနှင့် တိပိဋကာ=နိကာယကျောင်းတိုက်ကြီးဖြစ်ပေါ်လာပုံ

အဂ္ဂမဟာမဏ္ဍိတရွှေစေတီဆရာတော်ဘုရား



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ တော်တွင် အမှတ် ၁- အနေအားဖြင့် အလွန် ထူးခြားစွာ ရှေးဦးစွာ တိပိဋကဓရမဟာဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဂိုဏ်းပေါင်းစုံ သံဃ မဟာနာယက အဖွဲ့ချုပ်ကြီး၏ ပထမ အကျိုး ဆောင်အဖြစ်ကို ရရှိတော်မူသော မင်းကွန်း အရှင်ဝိစိတ္တာသာရာဘိဝံသ မထေရ်နှင့် ရန်ကုန်မြို့ အထူးကု ဆရာဝန်ကြီး 'ဝဏ္ဏကျော်ထင်' ဒေါက်တာ ဦးသာလှ၊ မန္တလေးမြို့ ကျောင်း ဒကာကြီး ဦးဖိုးမှိ စသော 'တိပိဋကဲ=နိကာယ သာသနာပြု' အဖွဲ့ဝင်ပေါင်း သူတော်ကောင်း တို့သည် မြတ်စွာဘုရား၏ သာသနာတော်သုံးရပ် တိုးတက်တည်တံ့ ကြီးပွားစေရန် ရည်သန်ကြ၍ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် ပေါက် ရောက် ရှိနေသည့် တောချုံ ပိတ်ပေါင်း စသည် တို့ကို ၁၃၂၃-ခုနှစ်ကစ၍ ခုတ်ထွင်ရှင်းလင်း ကြပြီး လျှင် မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာ စေတီတော်ကြီး၊ လေးမျက်နှာ ဆုတောင်းပြည့် စေတီတော်၊ မင်းတေဇစေတီတော် စသည်တို့ကို လူအများ ကြည်ညိုကိုးကွယ်နိုင်ရန် ပြုပြင်စောင့် ရှောက်ခဲ့ကြလေသည်။

ဇနုပ်တန်ဆောင်း စသည်

တောချုံများ ပိတ်ဖုံးနေသည့် စေတီတော် များကို ပြုပြင်ယင်းပင် အာရုံခံ တန်ဆောင်း၊

စက်တော်ရာစေတီ အုတ်မြစ်ချ အခမ်းအနားတွင် ဗဟုဇ ဆရာတော်ဘုရားနှင့် တိပိဋက ဆရာတော်တို့ ဦးဆောင်၍ တောထွေရ ၁၀၀-ပါးတို့က အုတ်မြစ်ချနေကြပုံ

တည်းခိုရန် ဇရပ်၊ ကျောင်းများကိုလည်း တည်ဆောက်ကြလေသည်။

မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာစေတီတော်တို့ကို အများ၏ကုသိုလ်ဖြင့် ပြုပြင်၍၊ အာရုံခံ တန်ဆောင်းတို့ကို မန္တလေးမြို့ ဦးစကြိုးဒေါ်တင် သားသမီးတစ်စုတို့က တည်ဆောက်လှူဒါန်းကြသည်။ မြင်းခြံမြို့ ဘုရားအုံမကြီး ဒေါ်ဒေါ်အို မိသားစုတို့က လေးမျက်နှာ ဆုတောင်းပြည့် စေတီတော်ကို တစ်ဦး တည်း ဒကာခံ ပြုပြင်၍ အာရုံခံတန်ဆောင်း၊ တည်းခိုရန် ဇရပ်ကိုပါ တည်ဆောက် လှူဒါန်းကြသည်။ မန္တလေးမြို့ ကျောင်းအမ ဒေါ်အုံးက မင်းတေဇ စေတီတော်ကို ပုဂ္ဂလိက ဒကာခံ ပြုပြင်ခဲ့သည်။

(က) ဆရာဝန် ဦးသာလှနှင့်ဇနီး မိသားစုတို့က 'ပြည်သာယာဇရပ်ကြီး'၊

(ခ) မန္တလေးမြို့ ဦးကိုလေးနှင့် ဒေါ်လှဖော် မိသားစုတို့က 'မန်းသီရိန် ဇရပ်ကြီး'၊

(ဂ) ကျောင်းဒကာ ဦးစံရွှေနှင့်ဇနီး မိသားစုတို့က 'သံဃာတည်းကျောင်း'

ဆောက်လုပ် လှူဒါန်းကြသည်။ ထို့ပြင်လည်း 'အာရီး တောင်း ဇရပ်'၊ 'အောဝမ်း ဇရပ်'၊ 'ဦးသာငွေး တိုက်ကျောင်း'၊ 'ဒေါ်ဆင်ဆင် ဇရပ်'၊ 'ဒေါ်ဆယ်မိဇရပ်' စသည် အသီးသီး တည်ဆောက် လှူဒါန်းကြသည်။

မိုးမိတ်ဘုရားပွဲ ကျင်းပခြင်း

စေတီတော်များကို ပြုပြင်သော ၁၃၂၃-ခုနှစ်ကပင် အစပြု၍ ရန်ကုန်၊ မန္တလေးမြို့များနှင့်တကွ ကျွန်း ၁၂-ရွာ မင်းကွန်းတိုက်နယ်တို့မှ လူကြီးများ တိုင်ပင်ညီညွတ်ကြ၍ 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့' ဖွဲ့စည်းကြ၍ ထို့နှစ် တော်သလင်းလပြည့်နေ့က စ၍ 'မိုးမိတ်ဘုရားပွဲ'ကို ၄-ရက်တိုင်တိုင် ကျင်းပလျက် လပြည့်ကျော် ၄-ရက် ရေစက်ချသဘင်တွင် ပဉ္စသံဃာ ၂၀၀-ကျော်တို့အား သင်္ကန်းဒွိစုံ၊ သီလရှင် ၄၀၀-ကျော်တို့အား သီလရှင်ဝတ်စုံ တစ်စုံကျစီ လှူဒါန်း၍ ရေစက်ချသဘင် ဆင်ယင်ကျင်းပ၍ နှစ်စဉ် ပြုလုပ်ကြသည်မှာ ယခု ၁၃၄၃-ခုနှစ်ပါဆိုလျှင် အကြိမ် ၂၁-ကြိမ်မြောက် အောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။

တိပိဋက=နိကာယ ကျောင်းတိုက်

ထို့ပြင် တိပိဋကဓရ ဆရာတော်သည် ပရိယတ္တိ သာသနာ အဓွန့်ရှည်စွာ တည်ပါစေခြင်းငှာ ၁၃၄၀-ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့က စ၍ ဆရာဝန်ကြီး 'ဝဏ္ဏကျော်ထင် ဦးသာလှ' ဥက္ကဋ္ဌရှိသော မိုးမိတ် ဂေါပကအဖွဲ့ကို တိုးခဲ့ပြီး 'မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေးနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့'ကို ဖွဲ့စည်းစေ၍ မိမိအား နှိုင်ငံတော်အစိုးရက ရာသက်ပန် လှူဒါန်းသည့် တိပိဋကဓရ လစာ ဆွမ်း

ဆန်အလျှာ၊ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်အလျှာ တို့ကို နိကာယ် ငါးရပ် ပိဋကတ် သာသနာတော် အား လှူဒါန်း၍၊ ၁၃၄၀-၄၁ ခုနှစ်တို့၌ မိမိ အား တိပိဋကဓရ ဘွဲ့ရ ငွေရတု ပူဇော်ပွဲများမှ လှူဒါန်းကြသည့် နဝကမ္မများကို လည်းကောင်း၊ ထို့နှစ်များ၌ အထက်အောက် မြို့-ရွာ တရားပွဲကြီးတို့မှ တရားပူဇော်ကြသည့် နဝကမ္မ များကို လည်းကောင်း၊ ထို့အတူပင် နိကာယ်ငါးရပ်= ပိဋကတ် သာသနာတော် အား လှူဒါန်း၍ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့သို့ ကပ်ပြီယ ကာရကအဖြစ် လွှဲအပ်၍ နှိုင်ငံတော်အစိုးရ မြန်

တော်အတွင်း၌ တိပိဋက စာသင်သား၊ နိကာယ် စာသင်သားကြီးများကို လက်ခံကာ နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အဖျော်ယမကာ၊ ည စတုမဓူ ဆေးများ လိုလေသေးမရှိရအောင် ကပ်လှူ၍ လည်းကောင်း၊ တိပိဋက=နိကာယ စာသင်သား ကြီးများကလည်း နေ့ညဉ့်မပြတ် တိပိဋကံ = နိကာယ ဗုဒ္ဓစာပေတို့ကို ကျက်၊ အံ၊ ကြံ၊ ကြည့် နာရီပြည့် အားထုတ်ကြ၍ လည်းကောင်း၊ ဆရာ နှင့်ဒကာ ပစ္စယ-ဓမ္မ အမှီရကြလျက် ဇာနမြတ်စွာ ပရိယတ္တိသာသနာကို ထွန်းလင်း ထောက်ပြောင် စောင့်ရှောက်ဆောင်ကြပါသည်။

တော ချုံ များ ဝိတ် ဖုံ့ နေသည့်စေတီတော်များကို ပြုပြင်ယင်းပင် အာရုံခံတန်ဆောင်း၊ တည်းခိုရန် ဒရင် ကျောင်းများကို တည်ဆောက်ကြလေသည်။

မာ့စီးပွားရေးဘဏ်၌ တိပိဋက်=နိကာယ သာသနာပြု ရန်ပုံငွေ ပဒေသာပင် ပင်မအဖြစ် ငွေစုလက်မှတ် ပြုလုပ်စေပြီး ထိုမှဖြစ်ထွန်း သီးပွင့်လာသော အတိုးအညွှန့်တို့ဖြင့် တိပိဋကစာသင်သား၊ နိကာယ် စာသင်သားတို့အတွက် ပစ္စည်းလေးအင် မငြိုငြင်အောင် သုံးစွဲရန် မူချပေးပါသည်။

တိပိဋက်= နိကာယ သာသနာပြုအဖွဲ့ကြီးက လည်း စိတ်အားတက်ကြွ ဝမ်းမြောက်စွာ ဆရာတော်နှင့်တကွ နာယက ဩဝါဒါစရိယ ဆရာတော် ၉ ပါး တင်မြှောက်ကြ၍ လည်းကောင်း၊ နိကာယ်အမည်၊ တိပိဋကအမည် အသီးသီး ကမ္ဘည်းသသည့် ကျောင်းကြီး ကျောင်းငယ် အဆွယ်သွယ်တို့ကို အသီးသီး ဒါယကာ ပေါ် အောင် ရွှေ့ဆောင် ဆောက်လုပ်ကြ၍ နိုင်ငံ

ရန်ကုန်မြို့ရှိ တိပိဋက ကျောင်းတော်ကြီး

ဤအပြင် ထိုစာသင်သားကြီးများ နှစ်စဉ် နှစ်စဉ် တန်ဆောင်မုန်း လပြည့်ကျော်မှစ၍ နှစ်လခွဲ သုံးလနီးပါး ရန်ကုန်သို့ လာရောက်ကြ၍ နိကာယ် စာမေးပွဲများနှင့် တိပိဋက ရွှေးချယ်ရေး စာမေးပွဲကြီးတို့သို့ အပါးရေ ၁၀၀-ကျော် ဝင်ရောက်ပြိုင်ဆို ဖြဆုံကြရာ ရန်ကုန်မြို့၌နေကြသမျှ ပစ္စည်းလေးပါး မငြိုငြင် မပင်ပန်း စေရန် ရည်သန်ကြ၍ ရန်ကုန်မြို့နှင့်တကွ အောက်မြန်မာပြည် ဒကာ၊ဒကာမတို့က တိုင်ပင်ညှိညွှန်းကြ၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် နယူးလင်းလမ်း၊ အမှတ် ၁၂-ခြံကို အိမ်ရောမြေပါ ဥက္ကဋ္ဌ သမား တော်ကြီး ဦးသာလှ အမှူးပြုသော အဖွဲ့ဝင်လူကြီးမင်းတို့က တာဝန်ယူကြ၍ ဝယ်ယူကြပြီးလျှင်

၁၃၄၂-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက် (၂၃-၁၀-၈၀)တနင်္ဂနွေနေ့၌ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘုရား၊ အကျိုးဆောင် ဆရာတော်ဘုရားထံမှောက်တွင် ပရိယတ္တိသာသနာတော်အား ရေစက်ချလှူဒါန်း၍ တိပိဋကက ကျောင်းတော်ဖွင့်ပွဲ ကျင်းပကြလေသည်။

ဆက်လက်၍ပင် တိပိဋကက=နိကာယသာသနာပြုအဖွဲ့ကြီးက တိပိဋကဓရ ဆရာတော်နှင့် နိကာယ်ဆောင် သံဃာတော်များ သီတင်းသုံးရန်

(က) တိုးခဲ့သုံးထပ် တိပိဋကတိုက်ကျောင်းတော်၊
(ခ) ဆွမ်းစားကျောင်းဆောင်၊
(ဂ) တိပိဋက ဓမ္မသာလာ ညှော့ခံကျောင်းဆောင် စသည်တို့ကို နှေ့စဉ်ဆောက်လုပ်နေဆဲ ရှိပါသည်။

နှစ်စဉ်နှစ်စဉ် တိပိဋကက=နိကာယ စာသင်သား သံဃာတော်များ တိပိဋက စာမေးပွဲ၊ နိကာယ်စာမေးပွဲ စင်ရောက် ဖြေဆို၊ ပြန်ဆိုကြရန် ရန်ကုန်မြို့သို့ ကြွရောက် လာကြသောအခါ မဇ္ဈလေးနှင့် ရန်ကုန်မြို့ရှိ အဖွဲ့ဝင်လူကြီးများက သံဃာတော်များ မပင်ပန်းရအောင် ကုန်းလမ်း၊ ရေလမ်း ချမ်းသာစွာပင့်ဆောင်ကြ၍၊ ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ကြ၍ မော်တော်ခ၊ မီးရထားခ စသည် အလုံးစုံတာဝန်ယူ ပြုစုကြသည့်အပြင်၊ စာအောင် ဘွဲ့နှင်းသဘင်သို့ ကြွကြသောအခါ မီးရထား အထက်တန်းမှလည်းကောင်း၊ ပိဋကတစ်ပုံအောင်၊ နှစ်ပုံအောင် ဘွဲ့ယူကြလာကြသောအခါ အသွား - အပြန် လေယာဉ်ဖြင့် လည်းကောင်း တာဝန်ယူ၍ ပင့်ဆောင် ပို့သ ပူဇော်ကြပါသည်။

ဤကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးနှင့် တကွ အစစ လိုလေသေးမရှိအောင် တာဝန်ယူ ဆောင်ရွက် ပြုစုခြင်းသည် အာဇာနည် အလောင်းအလျာတို့အား အာဇာနည်၏ အဆောင်အယောင်ပေး၍ ပြုစုခြင်းဖြစ်သောကြောင့် မကြာမီ အနာဂတ် ကာလ၌ ပိဋကတစ်ပုံဆောင်၊ ပိဋက နှစ်ပုံဆောင်၊ ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်ထူးများ အစိအရီပေါက်၍ သာသနာတော် အထူး ထွန်းတောက်ရန် အကြောင်းရင်း ကောန် မှန်လှပေသည်။

ထို့ကြောင့် ပြည်ထောင်စု၌ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား သူတော်စင်များသည် ဤ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးနှင့် ပရိယတ္တိ ကိစ္စများကို အတူပူးပေါင်းဆောင်ရွက်သင့်ကြောင်း တိုက်တွန်းစကား ရေးသား၍ ဆရာတော်၏ အထက်ပါသာသနာရေးဆောင်းပါး သတင်းစကားကို နိဂုံးချုပ်အပ်ပါသတည်း။

အရှင်ဆုန္ဒရ•ဆေရ်
အဂ္ဂဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ
ရွှေစေတီ သာသနာ့ရိပ်သာ
စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့

မိုးမိတ်စေတီတော်

နန်းတော်ရှေ့ ဆရာတင်၏သား
မင်းသား ရွှေနန်းတင်
၁၃၂၅-ခုနှစ်တွင်
ရေးသားသီဆို ပူဇော်သည်။

သုံးလူ့ဘ မြတ်စွာဘုရား.....၏ သရီရဓာတ်တော် (ကိန်း ဝပ်ကာ စံပျော်ပါတဲ့) စခန်း တစ်နေရာ(ပန်းပဒေသာ) ၂ ..... ရောင်စုံ ကွန့်သလိုပ တန်ခိုးအရိပ်နဲ့ မိုးမိတ်စေတီတော် .....ဖေဘာ။

ပထမမူလ .... အမရပူရ မြို့တည်ဘုရင် ရာဇာ..... အကျိုးမျှင် ဘိုးတော်သခင်ရဲ့ လက်ထက်တော် အခါက ဘူမိနက် သန်ခေါ်ဆုံရာ ရောဝတီမြစ်ကမ်း အနောက်ဘက် တစ်နေရာမှာ၊ မင်းကွန်း ၊ထိုး၊တော် ခေါင်းလောင်းပါ၊ ခြင်္သေ့ကြီးနဲ့- တစ်ဘက်ကန် ဆည် ၊တော်တည်တဲ့ - ကြီးလေးကြီးရဲ့ အံ့ချီး မကုန်နိုင်စရာ)။၂

(ဟော်နန်းသခင် ညီတော်တစ်ပါး မိုးမိတ်စော်ဘွား စေတနာ မှာ၊ အကျိုးမျှင် ဘိုးတော်ဘုရားကို- ပဏ္ဏာစော်ဆက်သွင်း သမီး တော် ယမင်းလှကညာ) ၂။

(သီရိမြတ် မဟေမှာ ဆတပိုးတိုး၍ မြတ်နိုးကာ၊ တိလောကဒေဝီ ဘွဲ့ကိုသာ (နှင်းအပ်ကာပေး) ၂ အရေးယူလေတာ) ၂။

(သားတော်သမီးတော် ခုနစ်ပါး ထွန်းတောက်ခဲ့လေရာ၊ သားတော်ကြီး မဟာဓမ္မရာဇာ၊ မင်းရဲရွှေတောင် ဘွဲ့အမည်ကိုဆောင်ပါတဲ့-တကယ့်ကိုပဲ သူရဲ့စေတနာ၊ သဒ္ဓါကြည်ညိုစွာ၊ မိုးမိတ်မင်းသားကြီးတဲ့ ပထမဒါယကာ) ၂။

(ထိုအိမ်ရှေ့ ဥပရာဇာ၊ စိတ်ဇောပိတိ-ဂွမ်းဆီထိသလို ကြည်ညိုလာလေရာ) ၂။ ဉာဏ်တော် ခုနစ်ဆယ့်သုံးတောင်-အမြင့်ရေဆောင်ရွှေရောင်ဖြိုး မိုးမိတ်စေတီတည်ရာ၊ အောင်ပွဲ ခြိမ့်ခြိမ့်သဲကာ၊ ဆယ့်လေးဆူ ဓာတ်တော်များကို ဌာပနာလာခဲ့ရာ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာစုံ အာရုံကြည်နူးစရာ၊ အထူးယနေ့တိုင်ပါ ဖူးတွေ့နိုင်တာ၊ မိဖုရားစီးသည့် ယာဉ်တော်ပုံသို့ ဂန္ဓကုဋီအုတ်ပြာသာဒ်တော်ပါ။

(ထောင့်သုံးရာနဲ့ ဆယ့်ရှစ်ခုနှစ် ဖြစ် ပျက် ခဲ့ တာ၊ မြေငလျင်ပဲ့တင်ကာလှုပ်ပါတဲ့ ဇယျာ စစ်ကိုင်းမြို့နယ်မှာ) ၂ (ရှေးမင်းများတည်ထားကိုးကွယ် တန်ခိုးကြွယ်လှတဲ့ စေတီတော်တွေမှာ၊ မြေခ ကြွေရလေတော့တာ) ၂ တောပမာချုံနွယ်ရစ်ပါလို့ ပြုလေသမျှ....သုတေသန....မေ့ကာ ကွယ်ပျောက်လုပင် နေခဲ့ရာ။

(သာသနာ....သာသနာ....ရွှေရောင် ငွေရောင် ပမာ ထွန်းလင်းတောက်ပကာ ကေဒွေးနောနဝ-တစ်ထောင့်နှစ်ရာကိုးဆယ့်ကိုးခုမှာ) ၂ ဆဋ္ဌသင်္ဂါယနာ....ဖြေဆိုသူ ... တစ်ပါး-အရှင်ဝိစိတ္တသာရာဘိဝံသမှာ.... သိသမျှအလုံးစုံ ပိဋကသုံးပုံ .... အာဂုံဆောင်၍ - အဓွန့်ရှည်စွာ၊ သာသနာရည်စူး.... သူ၏မယ်မယ် သီလရှင်ဆရာ - ဒေါ်ခမ္မစာရီပါ၊ ကျော်စီးယိုးသွင်းသမျှကို ပြုပြင်ကာ၊ လူ့ခွင်မှာကြည်ညိုစေသား၊ သဒ္ဓါ [illegible] အုတ်ပြာသာဒ်နဲ့ပါ၊ ဆုတောင်းပါကြ-ရှင်လူတွေမှာ၊ [illegible] ဝေဝီ မိုးမိတ်စေတီ ကြည်နူးစွာ ဖူးမြော်ရ ဦးတော်ပွဲခ [illegible] ကာကဗျာရင်သွေး-ရွှေနန်းတင် ရေးတဲ့ (တေးဂီတာ) [illegible]သား။ ။

ရွှေနန်းတင်

မင်းကွန်း မိုးမိတ် စေတီတော်သမိုင်း သီချင်း

မောင်မောင်ကြီး။ ။ရန်ကြီးအောင် ကုန်းဘောင်ခ၊ ငါးမည်းရ ပြည်ရွှေဘို၊ ဘေးရန်ကပြို။ မုဆိုးဘို၊ရန်ပြိုတဲ့နာသိခ်၊ ဘေး တော် ဒေ သ။ ပြည် ရွှေ ဘို ဘွဲ့ ပုံ နှင်း၊ အလောင်းမင်းတည်ထောင်၊ ကုန်း ဘောင် တဲ့ လေး။ ရန်ဘေးငယ်ကွာ၊ ထက်နတ်ရွာ ဝတိုး တိုင်းနှင့်၊ နှိုင်းတူမျှအေး။

မင်းနောင်။ ။နေတန္တူန်းအရောင်၊ အ သ ရေ မ ဆုံး အောင်၊ ရွှေကုန်းဘောင် သမ္ဘာတိုးစဉ်က၊ ဘိုးတော် ဘုရား ဗုဒ္ဓမင်းတရားသည် ပန်းသလွဲမေပျို၊ လွမ်းစရာ့နေညို၊ ပြည်ရွှေဘို အောင်ဌာနဆီက၊ တစ်သန်းမက ခြွေရွေစုံသည်၊ စခန်းလှသမို့ မြေဝသုန်ညီ၊ နန်းအမရ ရွှေဘုံတည်၊ ပန်းသက သို့ ဝေထုံစည်။

ရီရီသန့်။ ။သက္ကရာဇ်ကောဇာ၊တစ်ထောင့်တစ်ရာ ငါးဆယ့် ငါးခုမှာ၊ ရတုဟေမန် သာယာပြန်သည်၊ မြေသနင်းမွန် ခြေရင်းအစွန်၊ရွှေမင်းဝံတောင်တော် အစွယ်နား ကု သိုလ် ပွား စေ ဖို့၊ ဘိုး တော် မင်းတရား ဘုရားတည်၊ပုထိုးတော်ကြီး၊ခေါင်း လောင်းတော်ကြီး၊ တဘက် ဆည် တော် ကြီး၊ ခြသေ့ကြီးရယ်လို့၊ ကြီးကြီးမားမား လေးပါး ပေါ်ထင်၊ သမိုင်းဝင် ဖြစ်စေချင်သည်။ အဓိက ရှိသမျှ၊ 'မဟိမ' ဂုဏ်တော် ပူဆော်လုပ်ဆောင်ပြီ။

မင်းနောင်။ ။ထိုအခါကာလ၊ သားတော် မဟာဓမ္မရာဇာဂုဏ်ရည်၊ မင်းရဲရွှေတောင်ဘွဲ့ချီ၊ လက်ရုံးရည်၊ နှလုံး

ရည်နဲ့၊ ခမည်းတော်ဘုရား အားထားရသည့် မိုးမိတ်မြို့စား မင်းသားကြီးသည်၊ ဖ,ဘုရားထံ ဝယ် အန္တရာယ်ကင်းဖို့ ရန်ပယ်ရှင်းအောင်၊ ရှေ့ဝင်းနောက်ဝင်း တပ်ချင်းစီ၊ တသီးရံတိုင်း၊ ရွှေဒိုင်းရွှေလွှား၊ ရွှေကာသား၊ ယောက်ျား သံကိုယ် ဝိဇ္ဇာမိုရ်သို့၊မောက်တိုရွှေပိန်း တစ်သိန်း တစ်သန်း တပ်စွဲခို့၊ မိုးမိတ်မင်းသား (ခစား သည်) ၂ (ဤကုန်းမြေမဟီ) ၂ အကျိုးမဆိတ် သုဉ်း၊ တန်ခိုးမရိတ်ဘုန်း၊ မိုးမိတ်ကုန်းတော် ခေါ်တွင်ကြလေသည်။

မာမာအေး။ ။ခမည်းတော် အလှူဒါန၊ အတူပါရအောင် ကြံစည်၊ ဤကုန်းတော်တွင်၊ ရွှေဘုန်းတော် သခင်၊ မွေရှင်အပေါင်း၊ ထပ်လောင်း ကော် ရော်၊ ပူဇော်ဘုရားတည်၊ ရွှေစင်တမျှ၊ အသမ္ဘိန္နသရီရဓာတ်တော်၊ တစ်ဆယ်လေးဆူ ဌာပနာ တော်မူသည်၊ တစ်ရာ့ရှစ်ကွက် ပါဒစက်အလယ်၊ ငါးရာ့ငါးဆယ် ဇာတ်တော်ဝန်းလို့၊ သာသနာ မော်ကွန်း တင်ခဲ့ပါသည်၊ ခုနစ်ဆယ့်သုံးတောင် ဉာဏ်တော်အမြင့်၊ တင့်လှပေဟန်၊ မိုးယံသပ္ပါယ် ဘဝဂ်က ယ်၊ ခြောက်သွယ်ရောင်ခြည် ကွန့်မြူး လေတော့သည်။

သို့ပါသော် ကာလရွှေ့လျော ရှည်သောအခါ၊ သဗ္ဗေ သခ်ါရာ အနိစ္စသဘော၊ဓမ္မိသရ ဟောခဲ့ သည်၊ တစ်ထောင့်သုံးရာ တစ်ဆယ့်ရှစ်ခုနှစ်မှာ၊ ငလျင်တော်လဲ၊ အခြေမမြဲလေသမျှ၊ မြေကွဲစေရ၊ ထီးတော်ရွှေမျှ၊ မြေခလေပြီ၊ချုံနွယ်ပိတ်ပေါင်း၊ ကိန်းအောင်းလို့တာရှည်၊ သဘောအမှန်၊လောကခံ၊ စောအရဟံဘုရား၊ ထင်ရှားအောင် သက် သေပြလေသည်။

မောင်မောင်ကြီး။ ။ နှစ်ရှည်လများ၊မြေသားမို့တက်၊ဖုံးဝှက်ပျောက်ကွယ်၊ စက်တော်ရာကြီး၊ လူမနီးသည့် တောကြီးမြိုင်လယ်၊ နတ်ဒေဝါများ၊ မနေအားလို့၊ ညွှန်ကြားသည့်နှယ်၊ သိရှိရ၊ တိပိဋကာ၊ ဓရ မွေးမယ်မယ်။

တင်တင်မြ။ ။ထိုအခါသရော်၊ ဓမ္မနာဒ မင်းကွန်းဆရာတော်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အကျော်အမော်၊ စေတီတော်ကို ဦးချလို့၊ တူးဆွလို့၊ ဖူးရအောင်ဖော်၊ အများလူဖြင့်ဆောင်၊ ဘုရားတစ်ဆူပွင့်အောင်၊ (စေတနာပေါ်) ၂ သမားတော်၊ ဝဏ္ဏကျော်ထင် ဦးသာလှနှင့်၊ဥပါသကာ နာယကတို့၊လုပ်သားပြည်သူ လူဒါနဖြင့်၊ စုပေါင်းဝန်းရံ၊ မွမ်းမံကြလို့၊ သုံးပါးလောက၊ နှိုင်းအေး နှိုင်းအေး၊ ကယ်ယူကယ်ယူ၊ညာဏ်ပန်းမွေးလှိုင်ကြ။၊ မဉ္ဇူဒုံကင်း၊ ထွန်းရောင်ဝါလင်း၊ (ပြည်ဇဟိုပေါ်) ၂၊ ကြည်ညိုရပါပြီနော်။

အများ။ ။နှစ်ကျိပ်ရှစ်ဆူ စောဗုဒ္ဓါများ၊ လောကုတ္တရာတရား ဟောကြား ချိုးမြှင့်တော်မူသည်၊ မုဋ္ဌာ ၇-ပါးနှင့်၊ အတုလာ အရှင်များက သားနားသင့်တယ် သပ္ပာယ်ပါသည်၊ ဇေဒဂ်ရ ထေရာထေရီ၊ ဥပါသကာနှင့် ဥပါသိကာ ၇၅-ပါးများပြားစုံညီ၊ ပါဒစေတီ ဖူးမြော်နေကြသည်၊ သော ဘိဏ်သိမ် တော် ထွန်းပေါ်လာ ခဲ့ပြီ၊ တိပိဋက လောင်းလျာ၊ ဓမ္မဘဏ္ဍာ တက္ကသိုလ်၊ ဖြေဆိုတော်မူကြ၊ ဘုရာ့မုခပါဠ်၌၊ တရားဆုမြတ်၊ သဒ္ဓါကုံလုံ၊ အာဂုံပြန်ကြမည်၊ ဆွမ်း သင်္ဃန်းကျောင်းဆေး၊ လေးပါးပစ္စယ ပြည့်ဝပါသည်၊ သန္တောသ ကုန်းမြေမဟီ၊ဘုန်းဝေစည်၊မင်းကွန်းမိုးမိတ် ရွှေစေတီ၊ အကျိုးမဆိတ်၊ တန်ခိုးဟိတ်၊ မိုးမိတ်စေတီ ဤစေတီ။

ဤဓမ္မဂိတ တေးသီချင်းကို စာရေးဆရာ၊ ဒါရိုက်တာ ဦးသုခက ကဗျာလင်္ကာ ရေးသား၍ ဂီတလုလင်မောင်ကိုကိုက တေးသံစဉ် ဖန်တီး ပူဇော်ကြပါသည်။

တေးသံရှင် မင်းနောင်၊ မောင်မောင်ကြီး၊ တင်တင်မြ၊ မာမာအေး၊ ရီရီသန့်တို့က သီဆိုကျူးရင့် ပူဇော်ကြပါသည်။

'လွင်' စတူဒီယို၊ အမှတ် ၈၁၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့မှ
ဤ ဓမ္မဂိတ တေးသီချင်းများကို
ဓမ္မဒါနအဖြစ် အသံသွင်း၍ ပူဇော်ပါသည်။

မိခင်ကြီးများဖြစ်ကြသော ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်နှင့် ဒေါ်ခင်ညွန့်တို့အား အမှူးထား၍ ဂီတလုလင် မိသားစုတို့က
ဓမ္မဂိတ တေးသီချင်း စာသားများကို
ဓမ္မဒါန ပြုပါသည်။

၁၃၄၄-ခု၊ တန်ဆောင်မုန်းလဆန်း ဂ-ရက်၊
၁၉၈၁-ခု၊ နိုဝင်ဘာလ ၈-ရက်၊
ဗုဒ္ဓဟူးနေ့။

ပထမ သုံးနှစ်ခရီး

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ

မောင်အေးမြင့် (မြန်မာ့ရိုးရာဒဏ္ဍာရီ)

စက်တော်ရာ အနုလက်ရာအကြောင်း

သိကောင်းစရာအကျဉ်း

'ယာဉ်တော်ပုံ' အုတ်လိုဏ်စေတီအတွင်း တည်ရှိ၍ စကျင် ကျောက်ဖြူသား နှင့် အမရပူရခေတ် ပန်းတမော့ လက်ရာကောင်းဖြစ်သည်။ (အရွယ် အနံ-၄ပေ ၁၀ လက်မ၊ အလျား-၉ ပေ) ကမ္ဘည်းကျောက်စာဖြင့် မဖော်ပြခဲ့၍ ခုနှစ်အားဖြင့်တိကျစွာ မသတ်မှတ်နိုင်သော်လည်း အနုလက်ရာကိုကြည့်၍မူကား နှစ်ပေါင်း ၁၇၀-ခန့်မှကြာ ခဲ့ပြီဟု ယူဆရသည်။ မူလကောင်းမှုရှင်မှာ ဘိုးတော်ဘုရား၏ သမီးတော်သီရိသုမင်္လာ နန္ဒာဒေဝီ မင်းကင်း မင်းသမီးပင်ဖြစ်သည်။

စက်တော်ရာပုံတော် အနုလက်ရာပိုင်းဆိုင်ရာ သိကောင်းစရာ ၄ ပိုင်းတွင်-

၁။ စက်တော်ရာတစ်ခုလုံးခြုံ၍ ဝန်းရံထားသော မြေသဏ္ဌာန်ရှိ နဂါးနှစ်ကောင် (တိပ်ဦးတွင် ပူဇော်နေသည့် နတ်မင်းကြီး ၂-ပါးနှင့် ကမ္ဘည်းစာ တင်မထားသော ဇာတာပုံကွက်လပ်)

၂။ အတွင်းတစ်ထပ်တွင် 'ဖြစ်တော်ပေါင်း' တစ်ရာ့သုံးဆယ့်ခြောက်ရုပ်၊ (၁၆မျိုး)

၃။ အလယ်ပိုင်းတွင် ခရသင်း ၅-ခုနှင့် ၁၀၈-ကွက်ပါသော စက်လက္ခဏာ တော်ပုံများ၊

၄။ စက်ဝိုင်းတွင် အကန့် (၁၀၀၀)တစ်ထောင် စသည်ဖြင့် ပါရှိလေသည်။

အပိုင်း ၁-တွင် နမ္မဒါနဂါးမင်း၏ လျှောက်ထားချက်အရ ခြေတော်ရာ ပါဒ စေတီတော် ဖြစ်ပေါ်လာခဲ့ခြင်းကို အကြောင်းပြု၍ အစဉ်အလာအတိုင်း နဂါးမင်းပုံ ဖော်ပြခြင်းပင်ဖြစ်သည်။ (အမောက်ကနုတ်များနည်း၍ မြွေသဏ္ဌာန် ကဲ့၍နေသည်။)

အပိုင်း ၂-တွင် 'ဖြစ်တော်ပေါင်း ၁၃၆ ရုပ်မှာအောက်ပါ 'ဗြဟ္မစေတီ ပေါင်းချုပ် ဘုရားရှိုးခိုး'အတိုင်း ပေါ်လွင်လျက်ရှိသည်။

'အစကြိုးကြာ ဆယ့်ခြောက်ခါနှင့် ဟသ်ကိုးဖြစ် ခြောက်ဖြစ်ကားခို ကျွးသို့ သံးခါ သံသာကျွးဟိတ် ကရဝိက်ငါး လေးကားကိန္နရီ စာမရီဆယ့်ငါး မျောက်ကား တစ်ဆယ် ဆင်ဝယ်ဆယ့်တစ် နွားဖြစ်ဆယ့်လေး ကေးသိန္ဓဝ ကွဲအင္ဂဒဘည့် သံမြသာ ညောင်း ဥဒေါင်းနှစ်ခါ သာလိကာသတ္တ ဒွါဒသကြွက် ဝက်တစ်ဆယ့်သုံး ပေါင်းများလှ တစ်ရာ့သုံးဆယ် ခြောက်ဖြစ်ဝယ်၌ အန္တရာယ်ကင်းဘိ ဘေးမရှိသည့် မုခ်ထွင်ထား မြတ်ဘုရားကို အဟံ=အကျွန်ုပ်သည်၊ နမာမိ=ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။'

အပိုင်း ၃-တွင် ၁၀၈ ကွက် စက်လက္ခဏာတော်ပုံများ အထားအသိုမှာ ဖဝါးတော်တပြင်လုံးတွင် အဝိုင်းကွက်များဖြင့် ဖော်ပြထားလေရာ တမူဆန်း၍နေသည်။အောက်ပါ 'ရှင်မထာရဒဿဒရ ဓေး စက်တော်ရာ ဘုရားရှိခိုး'ကို ရွတ်ဆိုပူဇော်၍ တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်ပုံများကို (လက်ယာအထက်ထောင့်ရှိ 'လ' ပုံကွက်မှစတင်၍ လက်ဝဲဘက်သို့ လှည့်ပတ်ပြီး အတွင်းသို့တဖြည်းဖြည်းရစ်ကာ) ရေတွက်နိုင်လေသည်။

'အဘိုင်းမသိ ကျေးဇူးရှိသည့် မုနိသက္က ဂေါတမ၏ ပါဒမြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လျစ် တစ်ရာ့ရှစ်ကို စိစစ်ကောင်းထွေ လှည့်လည်ရေအံ့။ ချီထွေအစ လှ်မ အိမ်မွန် မကျန်ပွင့်ချပ် ဇလပ်ပို့မွှေး လည်ရေးသုံးဆင့် လှတင့်စွန်းစွန်း ဦးဆောက်ပန်းက စသည်မကွဲ ထမင်းပွဲတည်ဟန် ရွှေသလွန်ခွန်းတောင်း ရောင်မောင်း ပြာသာဒ် အထွတ်မြင့်ခိုင် တံခါးတိုင်နှင့် အပြိုင်တီးဖြူ အတူသန်လျက် ထန်းရွက် ယပ်ဝန်း တစ်ခန်းတစ်ကြောင်း ဥဒေါင်းမြီးယပ် သင်းကျပ်တခြား ပတ္တမြားရောင်ဖိတ် သပိတ်ပန်းဆိုင်း တုန့်ဂိုင်းမရ ပွင့်လှထွားထွား ငါးပါးကြာမျိုး ရေအိုးဖလား ထူးခြား သမုဒ္ဒရာ စကြဝဠာသဏ္ဌာန် ဟိမဝန်မြင်းမိုရ် ထိုထိုနေ လ နက္ခတ်စသား ဒေသ လေးလီ ဇမ္ဗူဒီပါ ပြုဗွာဥတ္တရ အပရဂေါယာ တဖြာအံ့ဖွယ် ကျွန်းငယ်တစ်ထောင် ဘုန်းရောင်စကြာမင်း ခရူသင်းဖြူဆွတ် ငါးကြင်းပွတ်စကြာ သီတာခုန္နစ်တန် သင်္ဘ ရဘန် တောင်ရံခုန္နစ်ထပ် ကြပ်ကြပ်ခိုင်ခိုင် ခုန္နစ်အိုင်တဖုံ ဂဠုန်တကြောင်း မိကျောင်း ရေသား ကုက္ကားတံခွန် မင်းတန်သံလျင်း မယွင်းတသီး သားမြီးကေသာ ကေလာ သဘ သီဟ ကျားမင်း ဆင်မင်းမြတ်ကျော် ဥပေါသထယာဉ်မွန် ဆဒ္ဒန်တခြား နဂါး ဝမ်းဘဲ မကွဲတကွ ဥသဘမကျန် ရောဝဏ်မကာရ် ထူးဆန်းဒဲ့ဖွယ် တင့်တယ်လှထွေ ရွှေလှေလျှံဝါ မျက်နှာလေးပါး နွားသားမိစစ် အဖြစ်များစွာ ကိန္နရာ ကိန္နရီ တလီ ကရဝိက် ဘိသိက်သောင်းသောင်း ဥဒေါင်းကြိုးကြာ ဟသ်ာစက္ကဝက် ငှက်၏အမျိုး ဇီဝဇိုးအစုံ ခြောက်ဘုံနတ်ရွာ ဆကာမာနှင့် ဗြဟ္မာနတ်ရပ် ဆယ့်ခြောက်ထပ်က စေ့ စပ်မကြွင်း ခပင်းများစွာ ခြံရံကာဖြင့် စကြာမခြမွန် တင့်တယ်ဟန်ကို ထက်စွန်မိုးဖျား သိကြားဗြဟ္မာ တုရေးရှာလည်း ဘယ်မှာတမျှ အတူရလိမ့် အသမသမာ သုံးလူ့ချာ၏ ရဘနာဆွန်းလင်း အဆင်းသန့်သန့် အကန့်တစ်ထောင် ရွှေရောင်ချယ်သ တစ်ရာ့ရှစ်ကွက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုးလျင်ဆော ရောက်စေသော်....'

အပိုင်း၄-တွင် ဆယ်ကန့်တိုင်းတွင် ထီးဖြူတစ်စင်းကျစီဖြင့် အကန့်တစ်ထောင် ထီးတော်တစ်ရာ ပြည့်သောအဝိုင်းဖြင့် ဖော်ပြထားသည်။ ခေတ်အဆက်ဆက် ကုသိုလ်ရှင်အသီးသီးတို့၏ဒါနစွမ်းအား ကြောင့် သပွါယ်လှစွာသော ရွှေအဆင်းရှိစက်တော်ရာ ပါဒစေတီတော်ကို ကြည်ညိုပူဇော်ရပါ၏။ ဗုဒ္ဓအနုပညာ အတွေ့အမြင်များ တိုးပွါးရပါ၏။

ဖူးမြင်သူတိုင်း ကောင်းကျိုးချမ်းသာ မင်္ဂလာဖြင့် ပြည့်စုံပါစေသတည်း။

မိုးမိတ်စက်တော်ရာ

ပန်းချီမောင်ကျော်ညွှန့်အောင်

မိုးမိတ်စေတီတော်ကြီး ဘုရားဒကာ "မင်းရဲရွှေတောင်" မိုးမိတ်မင်းသား ကြီး၏ ကြင်ရာတော် "သီရိသုမင်္လာ နန္ဒာဒေဝီ" ဘွဲ့ခံ မင်းကင်း မင်းသမီး၏ ကောင်းမှု ဖြစ်တော်မူခဲ့သော အမရပူရတော် ပန်းတမော့ လက်ရာမွန် "စက်တော်ရာ" နှင့်ယာဉ်တော်ပုံ (လိုက်စေတီတော်)ကို မူလလက်ရာပုံ ဟန်မပျက် ဖူးပြင်မွမ်းမံ ထားပေသည်။

တရာ့ရှစ်သွယ်သော "စက်လက္ခဏာတော်များ" ကို တရာ့သုံးဆယ် ခြောက် သွယ်သော "ဖြစ်တော်စဉ်ပုံကြွများ" နှင့် နမ္မဒါနဂါးမင်း ဝန်းရံတော်မူလျက် ရှိသော စက်တော်ရာသည်ကား ဝါဝင်းထိန်လင်းသည့် ရွှေအဆင်းတို့ဖြင့် သပ္ပာယ် လှပေသည်။

ထို့အပြင် ဝိတက်ကမူဒြာဟန်တော်ရှိဆင်းတုတော်နှင့် တေဒဂ်ရအရှင်မြတ်များ၊ ဥပါသကာ၊ ဥပါသကီများ(၇၅)ပါးသော အရှယ်တူ ရုပ်တုတော်များကိုလည်း ထိုစက်တော်ရာနှင့်အတူ ယာဉ်တော်ပုံ (လိုက်စေတီတော်)အတွင်း၌ ဆိတ်ငြိမ် ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်လေသည်။

စက်တော်ရာ စေတီတော်အတွင်း ရှိ သပ္ပာယိလုဏ်သော ရုပ်ပွား ဆင်းတုတော်
(အင်္ဂတေ ရုပ်လုံး ပန်းပုပညာရှင် ကိုဝင်းတင်နှင့် အန္တိမ လက်ရာ)

မိုးမိတ်စက်တော်ရာစေတီတော်ကြီး
အုတ်မြစ်ချ ပွဲတော်

(၁၃၂၄–ခု၊ တော်သလင်းလပြည့်နေ့၊ နံနက် စက်-၁၀–၁၅)
ဗိုးမိတ် စက်ခတော်ရာခစေတီခတော်ကြီး အုတ်မြစ်ချပွဲတော်၌
အဘိဓဇ မဟာရဋ္ဌဂိုဏ် မစိုးရိမ်ဆရာခတော်ဘုရားကြီး
အမှူးပြုသည့် ဆရာခတော်သံဃာဂဏ် (၁၀၈)ပါးတို့အား
ဖတ်ကြား လျှောက်ဆိုအပ်သော

"မင်္ဂလာရတုပိုင်ခုံ"

(သတ်စေ့နှက် သုံးချက်ညီ၊ သုံးပိုင်းလုံး–၅၃–ပဒစီ)

(၁) **ပိတရောင်ရွှေ။** ။ပြောင်ပြောင်ဝေတည့်၊ထောင်နေရဝိ၊ နွှင်းပုံရှိလျှင်၊ မုနိသာသနာ၊ လင်းပွင့်ဖြာက၊ တေဇာလျှံဝင်း၊ ဘုံးတော်မင်းသည်၊ ရွှေမင်းကွန်းညာ၊ ဤမြေချာ၌၊ မဟာထူပ၊ စေတီယကို၊ ကြပ်မတည်တော်၊ မူသရော်တည့်၊ ထိုသော်ကာလ၊ ခါသမယ ဝယ်၊ "မဟာဓမ္မရာဇာ"၊ ရွှေဘွဲ့လွှာဖြင့်၊ သံသာကျူးညိတ်၊ တန်ခိုးဖိတ်သား၊ မိုးမိဘ်တွင်ခေါ်၊ သားဘုန်းကျော်ကား၊ ဘိုးတော်ရာဇည်း၊ မြတ်ခမည်းကို၊ ဝိဇည်းသေလာ၊ ဤမြေချာမှ၊ ဗိုလ်ပါဝန်းပတ်၊ စောင့်နေလတ်၍၊ ပြည်မြတ် အမရ၊ ပြန်ကာလဝယ်၊ ထာဝရကုသိုလ်၊ ဖြစ်ခစေလို၍၊ ကိုယ်တော်စံဖူး၊ ဤတောင်ထူး၌၊ မြင့်ဖြူးလျှံဖိတ်၊ "မြတ်မိုးမိတ်"ဟု၊ ဓမ္မိဿရော်၊ စေတီတော်နှင့်၊ ဇီနော်သက္ခ၊ ဖက်မမျှ၏၊ ပါဒစေတီ၊ ဤနှစ်လီကို၊ မဟီသောင်းခေတ်၊ ပူဇော်ရစ်အောင်၊ ထွန်းသစ်ဉာဏ်ကူ၊ တည်တော်မူခဲ့....၊ နတ်လူညွတ်ပျော်း၊ ခဝပ်ညောင်း၍၊ ကောင်းမှုမျှားဖြင့်၊ တရားငြင်ဟု၊ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗု သွားသည်...၊ တံခါး ဖွင့်ကြပြီ ဘုရား....။

(၂) **ဇီန ဓဇျာင်ကေ။** ။ငါးမာရ်ခြေ၏၊ ဓာတ်မွေတော်မြတ်၊ ကိန်းစံလတ်သား၊ မဟာတ္တရိ၊ ထိုစေတီတို့၊ မဟိစာလ၊ ဒဏ်ချက်ခနှင့်၊ ကာလမြင့်ရှည်၊ ကြောင်းနှစ်မည်ကြောင့်၊ မကြည်သာတောင်း၊ ရှုမကောင်းအောင်၊ ပိတ်ပေါင်းယှက်ရုံ၊ ယွင်းပျက်တုံက၊ ရွှေဘုံမောက္ခ၊ ဆုပန်သ၍၊ သြသဓသိပ္ပာ၊ ဆေးဝိဇ္ဇာဟု၊ ဒေါက်တာသာလှ၊ ဦးတည်မလျက်၊ ဗုဒ္ဓဘာသာ၊ နှယ်ကလျာတို့၊ သဒ္ဓါကြိုးထိတ်၊ တိုးတက်ဟိတ်ကြောင့်၊ မိုးမိတ်စေတီ၊ မဟေသီအား၊ ဦးချီပဘာဝ၊ လက်မှန်စ၍၊ မြေမှ

မိုးမိတ်စက်တော်ရာ
အုတ်မြစ်ချအခမ်းအနား

တစ်ရာ့ရှစ်ဦးသော ကုမ္မာရီများက တစ်ရာ့ရှစ်ပါး သော မဟာဆေရ်ကြီးများသို့ ဒွေအုတ်၊ ဒွေအုတ် ရတနာ ၇ ပါး စီချယ်သောအုတ်များကို....

ငွေတောင်၊ ပေါက် သော့ ယောင်သို့၊ မြင့် ခေါင် ညီး ညီး၊ ပြင်ဆင်ပြီးသော်၊ ရွှေထီးနှစ်ဆင့်၊ မြောက် ချိုး မြင့် သား၊ သဘင်ပွဲထူး၊ အံ့စမူးကို၊ ရင့်ကျူးသျှန်း၊ ဖြဟ္မာသီလျက်၊ တေဝိ+တိ+ကော်၊ ယမန် နှစ်ဝယ်၊ ဖူးသစ်ပွင့်လွှာ၊ ထုံဂန္ဓာဖြင့်၊ ရင့်မာကြိုင်သင်း၊ တော်သလင်းဟု၊ ရေခင်းကြိမ်တွေ့၊ လပြည့်နေ့တွင်၊ သိမ်မွေ့သံအေး၊ နိဗ္ဗာန်စေ့းဟု၊ တည်ကျွေးဖိတ်ကာ၊ ဒါယကာတို့၊ စေတနာသုံးပါး၊ ဆင့်ဆင့်ပွားသည်...၊ ကံအား မြှင့်ကြဖို့ ဘုရား....။

(၃) **သီဝအောင်မြေ**။ ။ ရောက် ကြောင်းဖွေသား၊ စေတနာဖြိုး၊ လှုံ့ ဆော်နိုး၍၊ မြိုက်မျိုးဒါန၊ ကုသလကို၊ ကြဲချလိုသော၊ စိတ်သန်ဇောဖြင့်၊ ရှင် စောသက္ကျ၊ မုနိန္ဒ၏၊ ပါဒစေတီ၊ ကိန်းစံ မှိသား၊ ကုဋ္ဌရွှေကျောင်း၊ ဆွေးမြေ့ ဟောင်းကို၊ နောက်နှောင်း ရှည်ကြာ၊ သာသနာ၌၊ အခါလေးမြင့်၊ ရှေးထက် တင့်အောင်၊ ပြုပြင်အံ့ဌာ၊ ဒါယကာတို့ သဒ္ဓါလှုလှု၊ ထွက်ပေါ်မှုကြောင့်၊ ရတု သဘင်၊ ပွဲကြီးယင်လျက်၊ စက်ရှင် ကိန်း အောင်း၊ စံရွှေကျောင်းကို၊ အဟောင်း ပယ်ချ၊ ကျောက်မြစ်ကလျှင်၊ စ,ရွှမ်းမံ၊ အကျည်ခံမှ၊ ထေရ်သံဃရာဇ်၊ ဦးဆောင် လစ်၍၊ ရာ့ရှစ်ဘုန်းမော်၊ ဆရာတော်တို့၊ ရွှေလှော်ငွေသား၊ ပတ္တမြားနှင့်၊ ကိုးပါး ရတနာ၊ စီခြယ်မြှောသည့်၊ တစ်ရာရှစ်ရပ်၊ မလစ်လပ်အောင်၊ အုတ် ချပ် ကိုယ် စီ၊ လက်တော်ချီ၍၊ သျှန်္ခီသမယ၊ ဤကာလ ဝယ်၊ ဇေယျမင်္ဂလာ၊ ဂါ+ဂါထာဖြင့်၊ သာယာခွန်းဟ၊ အုတ်မြစ်ချသား၊ သိဝ-မဂ္ဂင်၊ လမ်းကြောင်းထွင်ဟု၊ သဘင်ဆန်း ပြား၊ ဤခမ်းနားသည်....၊ စံထား သင့် လှဖြို့ဘုရား။ ။

အာဒိကမ္မိက ဝဋ်သဏာဆေရ်
စီကုံးရေးသား၍

ဝဏ္ဏကျော်ထင်
ဦးစိန်အောင်မင်း
ဖတ်ကြားလျှောက်ဆိုသည်။

ဓမ္မဂိတိ

၁၃၃၁-ခု၊ တော်သလင်းလဆန်း ၁၂-ရက်နေ့၊
မင်းကွန်းမိုးမိတ် ဘုရားပွဲတော်သို့ ကြွလာတော်မူသော ပဋ္ဌာန်းဆရာတော်ဘုရား
ရေးသားစပ်ဆိုသော

ဓမ္မဂိတိ ဝါဒနာများ

တစ်ရာကျော်ဘက် အသက်ရှည်ရှည် စက်တော်မှီ-

သန္တာနံ သီလဂန္ဓေဟိ၊ ပုပ္ဖဂန္ဓေဟိ စု+ဘယံ။
ဝါယန္တီ ပါဒစေတိယေ၊ မညာမိ မမ မာနသေ။

ပါဒစေတိယေ = ရွှေစက်တော် စေတီတော်မြတ်ကြီး၌။ (ဝါ) ပါဒစေတ်ယေ = တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တ-သာရာဘိဝံသ နာမပုံ့မွေး လေးမြတ်ယုံကြည် စိစဉ်မွမ်းမံလျက် ရှိနေသော စက်တော်ရာ စေတီတော်မြတ်ကြီး၌။ သန္တာနံ=သူတော်ကောင်းတို့၏။ (ဝါ) သန္တာန် = လူသူတော်ကောင်း၊ နတ်သူတော်ကောင်း၊ ရဟန်းသူတော်ကောင်း၊ သီလဝတီသူတော်ကောင်း ဂူပေါ် အောင်းကြတဲ့ သူတော်ကောင်း၊ သူမြတ်လောင်းတို့၏။ သီလဂန္ဓေဟိ စ=အကျင့်သီလ အာစာရဂုဏ် သင်းသင်းထုံထုံ ဂန္ဓာရုံ ဂန္ဓမာတ်တို့ဖြင့် လည်းကောင်း။ ပုပ္ဖဂန္ဓေဟိ စ = တောပန်း တောင်ပန်း မြို့တော်ပန်းဟု ပန်းမျိုးစုံစုံ ဂန္ဓာရုံ ဂန္ဓ မာတ်တို့ဖြင့် လည်းကောင်း။ ဥဘယံ-ဥဘယေဟိ=ပကတိပန်း သီလပန်းဟု ပန်းစုံယှက်ထွေး မွှေးပုံကြိုင်ပုံ နှစ်မျိုးစုံတို့ဖြင့်။ ဝါယန္တီ = တကြိုင်ကြိုင်သင်း၍ တညှင်းညှင်းထုံကြလှိုင်ကြလေကုန်၏။ ကတိ=ဤသို့။ မမ မာနသေ=ဤစာကို ရေးသူ၏ တွေးတောမှု စိတ်သန္တာန်အစဉ်၌။ မညာမိ = ဝမ်းမြောက်ဝမ်းသာ အောက်မေ့ကြည်နူးလျက် နေပါသတည်း။

သဒ္ဒိံ ဟောန္တု သုခိသဇ္ဇေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ မဟာမာတုဟိ ဉာတိဘိ။

သဇ္ဇေ = စက်တော်ပွဲမှာ နွဲပျော်လာကြ အပစာယနအသင်းခပင်းဥဿုံ အလုံးစုံကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ အတ္တနော=

မိမိ၏။ ပရိဝါရေဟိ=အခြံအရံ အတန်တန်တို့နှင့်၊ သုဒ္ဓိ=အတူတကွ သာလျှင်။ သုဒိဟောန္တု=ကိုယ်ရောစိတ်ပါ နှစ်ဖြာနှစ်ဝ အာရုံအေး၍ စိတ်အေး ချမ်းသာကြပါစေကုန်သတည်း။ မဟာမာတုဟိ = မယ်တော်ကြီးတို့နှင့် လည်းကောင်း။ (ဝါ) မဟာမာတုဟိ= ဓမ္မံ စရတိ အမှန်ရှိ၍ အသိလေးချက် တေးကွက်ကိုဖော် မြောမြင်သိပ်သည်း မယ်တော်ကြီးတို့နှင့် လည်းကောင်း။ ဉာတိဘိ=ဝါအတွင်းသား ဤသူမျှားဟု ပိုင်းခြားသတ်မှတ် သိမြင်အပ်တောင်း ဆွေမျိုးအပေါင်းတို့နှင့် လည်းကောင်း။ (သဟ = အတူတကွ)။ အနီဃာ = ကျောအောင့် ရင်နာ မသီဃာဘဲ အနာမရှိ ပကတိသန့်ရှင်း ဆင်းရဲ ကင်းကြကုန်သည်။ သုမနာ = အသက်ရာကျော် ရွှင်ပျော်ချမ်းသာ အလွန်ဝမ်းသာကြကုန်သည်။ ဟောန္တု = စစ်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ (ဝါ)သုမနာ ဟောန္တု=ကိုးဆယ့်ခြောက်ဖြာ လွတ်ကင်းကွာသား တစ်ရာကျော်တက် အသက်ရှည်ရှည် ဉာဏ်ရည်ဂုဏ်မွှေး သတိလေးတို့ဖြင့် အေးမြချမ်းသာကြပါစေကုန်သတည်း။ (ဝါ) သုမနာ ဟောန္တု=တစ်ရာကျော်တက် အသက်ရှည်ရှည် စက်တော်မှီလျက် ဉာဏ်ရည်ဂုဏ်မွှေး ငြဟ္မစိုရ်လေးတို့ဖြင့် အေး မြဝမ်း သာ ကြ ပါ စေ ကုန်သတည်း၊ ။

သာသနာ့ဥယျာဉ် နတ်သစ်ပင်

အာရာမေ ဇိနစက္ကမ္မိ၊ နရာမရ နိသေဝိတေ။
ဝိစိတ္တော+သိ မဟာသာခိ၊ နိစ္စံ သာဓုမနောဟရီ။

နရာမရ နိသေဝိတေ=လူအရပ်ရပ် နတ်အဖြာဖြာ ငြဟ္မာငြဟ္မာတို့ အခါမစဲ မှီဝဲဆည်းကပ်အပ်ပေထသော။ ဇိနစက္ကမ္မိ အာရာမေ=ဘုံဖွယ်ရှစ်ပါး ပရိုင်း (တံတိုင်း) သားသည့် ဘုရားမြတ်စွာ အစိန္တေယျ၏ သာသနာမြိုက်ခင်း ဥယျာဉ်တော်အတွင်း၌။ နိစ္စံ=နေ့ရောညှဉ်ပါအခါမစဲ အမြဲတစေသာလျှင်။ သာဓုမနောဟရီ=သူတော်စင်ပေါင်း ဗောဓိလောင်းတို့၏ ပျော့ပျောင်းသည့် စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင်နိုင်ပေထသော။ ဝိစိတ္တော = ဉာဏ်ရည်ညွှန့်ဖူး ဥယျာဉ်မှူးတို့ အထူးစိုက်ဆောက် မြေတောင်မြောက်သဖြင့် ပေါက်ပုံဆန်းကြယ် အံ့ဖွယ်လည်း ဖြစ်ပေထသော။ မဟာသာခိ=တိပိဋကဓရတွင်မည် မြတ်ပင်

စည်ဝယ်၊သီရိပဝရ ဓမ္မာစရိယ ဝဠုသကာ ခက်မ,ဖြာ၍ ဘဏ္ဍာဂါရိက အပွင့်အသီးတို့ဖြင့် ခုံငြိုးတင့်လွင် သာသနာ့ နတ်သစ်ပင်ကြီးသည်။ အာသီ=ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့ အစဉ်နိစ္စ သုံးဆောင်ကြဟု ဒေဝသနင်း နတ်ဖန်ဆင်းသကဲ့သို့၊ ကောင်းတင်းလှိုက်ခါ ပြည့်ထောင်စု ဤမြန်မာဝယ် ကံဇာတာ တခေတ်ထူးပြီမို့ (သြ....) မဖြစ်စဖူး ဖြစ်ခဲ့လေပြီတကား....။

ဝါယတိ ဂုဏပုပ္ဖာနံ၊ ယဿ ဂန္ဓော ဒိသောဒိသံ။

မဓုရာနိ စ ဓမ္မောဇ-ဖလာနိ ယတ္ထ သောဘရေ။

ယဿ=အကြင် တိပိဋကဓရ နာမမည်တွင် သာသနာ့နတ်သစ်ပင်၏၊ ဂုဏပုပ္ဖာနံ=အစိုးရပဋမကျော် နိုင်ငံတော် တိပိဋကဓရ ဓမ္မာစရိယ ဝဠုသကာ ဘဏ္ဍာဂါရိက် တံဆိပ်တော်အဆင့်ဆင့် ဂုဏ်ပန်းပွင့်တို့၏၊ ဂန္ဓော='ဆရာကောင်းတပည့် အမိကောင်းသား ရှာမှရှားသည့် ယောကျ်ားဇာနည် ဤသူသည်ကား ပီပါဘိသော' အံ့တသြလျှင်ရှင်ရောလူပါ နှုတ်လျှာမြိန်ရွှန်း ချီးမွမ်းအပ်တုံ ကောင်းသတင်းဂန္ဓာရုံသည်။ ဒိသောဒိသံ = အောက်ထက် ကြေညာ အရပ်မျက်နှာတိုင်း၌။ ဝါယတိ=မွှေးတကြိုင်ကြိုင် ပျံ့လှိုင်လှုပါပေ၏။ ယတ္ထ=အကြင် တိပိဋကဓရ သာသနာ့ညွှန့်ရှင် နတ်သစ်ပင်၌။ မဓုရာနိ=တရားသဘော သက်သက်ကိုသာ ဟောမြွက်ခြေငံ ဓမ္မစစ်မှန်သဖြင့်။ အနှစ်အဆန် အပြည့်ပစ်ရန်မရှိအောင် ဝိမုတ္တိရသာ ချိုမြိန်လှစွာကုန်သော။ ဓမ္မောဇဖလာနိ-စ = သြဇာပွားစီး တရားတည်းဟူသော အသီးတို့သည်လည်း။ သောဘရေ-သောဘန္တိ=အပြိုင်းအပြိုင်း အတိုင်းတိုင်းတို့မှ ဆွတ်တိုင်း ကြည်ဖွယ်(သြ....)တင့်တယ်လှုပါပေကုန်စွတကား....။

ဃာသဲရေ ဂုဏပုပ္ဖာနိ၊ ဘမရာ သာဓဝေါ ဇဟူ။

သကိမွိ ဃာယိတော ယေသံ၊ ဂန္ဓော စိရံ ပဝါယတေ။

ယေသံ=အကြင်တိပိဋကဓရ သာသနာ့နတ်သစ်ပင်ဝယ် အစဉ်လန်းတင့် ဂုဏ်ပန်းပွင့်တို့၏၊ ဂန္ဓော=မွှေးပျံ့ပျံ့ထုံ ဂန္ဓာရုံသည်။ သကိမွိ=တကြိမ်တဖန် တရုံတစ်ခါမျှလောက်လည်း၊ ဃာယိတော=သင်္ခါလက်

ဖြင့် ကိုင်လျက်ဆွဲဆုပ် ပညာတည်းဟူသော နှာခေါင်းဖြင့် နမ်းရှုပ်လိုက် ရုသည်ရှိသော်။ စိရံ=နေ့ရက်ရှည်ကြာ အခါကာလပတ်လုံး။ ပဝါယ တေ = မွေးတကြိုင်ကြိုင် ပျံ့လိုင်၍နေပါပေ၏၊ ဗဟူ = အကြိုးအဂယ် အရွယ်စားစား များပြားလှကုန်သော။ သာဓေါ ဘမရာ = နှလုံး ပျော့ပျောင်း သူတော်စင် ပိတုန်းအပေါင်းတို့သည်။ တာနိ ဂုဏာ ပုပ္ပာနိ=ထိုအစဉ်လန်းတင့် ဂုဏ်ပန်းပွင့်တို့ကို။ ယာယယေ=ယာယန္တီ= သဒ္ဓါတက်ကြွား ညာလက်ပေါ်ထားကြပြီး စဉ်းစားဝေဖန် အသိဉာဏ် နှာဝဖြင့် အားရအင်ပြည့် တားဟန့်သူ ဘိတ်မရှိကြဘဲ ပိတိရွှန်းကာ (သြ....) လွတ်လပ်စွာ နမ်းရှုပ်ရပေကုန်စွတကား။

ပရိဘုဉ္ဇန္တီ သဒ္ဓမ္မ- ဖလံ သာဓု ဝိဟင်္ဂမာ၊
ယဿ ရသော သကိံ ဘုတ္တော၊ သာဓု သန္တပ္ပယိ စိရံ။

ယဿ=အကြင်တိပိဋကဓရ သာသနာ့ နတ်သစ်ပင်ဝယ် အစဉ် ပွားစီး တရားတည်းဟူသော အသီးဏ်။ ရသော=ဓမ္မသြဇာမြိုက်ရသာ သည်။ သကိံ ဘုတ္တော=သဒ္ဓါထွန်းထိန် ရှိဉီးနှိမ်၍ တစ်ကြိမ်တစ်ခါမျှ သုံးဆောင်လိုက်ရသည်ရှိသော်။ သာဓု=နှလုံးပျော့ပျောင်း သူတော်စင် အပေါင်းတို့ကို။ စိရံ သန္တပ္ပယိ=လောဘ တဏှာ ကိလေသာဟု အဆာ ပျောက်ပြေ ကြာမြင့်စွာနှစ်သိမ့်စေနိုင်ပေ၏။ တံ သဒ္ဓမ္မဖလံ = ထို တိပိဋကဓရ သာသနာ့ နတ်သစ်ပင်ဝယ် အစဉ်ပွားစီး တရား တည်း ဟူသော အသီးကို။ သာဓု-ဝိဟင်္ဂမာ=အရပ်ဒီသာ ရှစ်မျက်နှာမှ ကပ်လာ ခိုဝင် တရားကို ခုံမင်သည့် သူတော်စင် ငှက်အပေါင်းတို့သည်။ ပရိဘုဉ္ဇန္တီ=သဒ္ဓါတောင်ပံ လူးလာပုံ၍ သာခုံသံ ကိုယ်စီကြွေးပြီးလျှင် (သြ....) အေးမြရွှင်ပျော် သုံးဆောင်တော် မူကြလေကုန်သတည်း...။

ပဌာန်းဆရာတော်

ပါဒနက်သန် ပတ္တိဒါန် ကေပို့ဒ်

ကြားလော့လွံ့ဝန်း၊ မျှဝေညွှန်းပိမ့်....၊ လေးကျွန်းစကြာ၊ သံသမ္မာနှင့်၊ သမ္မာသမ္ဗုဒ္ဓ၊ ဝိသိဋ္ဌတည့်၊ အရိယတံခွန်၊ လွှင့်ရာမှန်သား နိဗ္ဗာန်ဆိပ်ဦး၊ ကျွန်းမြေထူးတွင်၊ လူ့မှူးဖုန်းခေါင်၊ မိတည်းနောင်၏၊ မာရ်အောင်နင်းချင်း၊ ပွင့်လှာခြင်းကား၊ မီးတွင်းကြာပေါက်၊ ဆိုစလောက်ရှင့်....၊ ခုရောက်ခါကပ်၊ ပြစ်မျိုးထပ်သား၊ ခါး,စပ်,ဖန်,ပူ၊ ကလိဟူသည်၊ လူအစုန်များ၊ အဆန်ရှား၏၊ ဘုရားဗုဒ္ဓ၊ အသံမျှလည်း၊ ရအံ့ခဲလှော်၊ အဖြစ်တော်ကား၊ အံ့သြော်ဖွယ်ရေး၊ ယုန်ချီလေးနှင့်၊ နံ့မွှေးကြိုင်လွင့်၊ သဖန်းပွင့်တည့်၊ ယုန်နှင့်စန်းသုမ်၊ တကြိုက်ကြုံသို့၊ လူ့ဘုံမြတ်စွာ၊ပွင့်ထွန်းလှာဟု၊သဒ္ဓါ-နုသဝ၊ သဒ္ဓေယျတည့်၊ဗာတ်တံသလက္ခဏာ၊ ပြည့်စုံစွာဟု၊ ကျမ်းလာသုတ၊ အဒိဋ္ဌတည့်၊ ဗျဥ္ဇနရှစ်ဆယ်၊ ရောင်ခြောက်သွယ်လည်း၊ အကယ်ဒိဋ္ဌ၊ မဖူးရတည့်၊ မုဂ္ဂပဲနောက်၊ အခန့်လောက်သား၊ ကြီးမြောက်ဓာတု၊ အစပြုသား၊ ဓာတ်စုဓာတ်ပွား၊ ကိုယ်တော်စားလည်း၊ ကြွသွားစကွင်၊ ဆင့်ဆင့်သာတည့်၊ ပါဋိဟေရ၊ ယမိုက်စ-သား၊ လှိုင်းမ-ဟိုးကျော်၊ ကျေးဇူးတော်လည်း၊ ဆိုသော်မလွယ်၊ အဝန်းကျယ်၏....၊ မြေဝယ်ဗိုင်းထွေး၊ ဖိဖိရေးလည်း၊ အရေးကြောင်းကြောင်း၊ မထင်ကောင်းသို့၊ ဖုန်းပေါင်းစေ့ဆော်၊ မြတ်မျိုးကျော်ကား၊ ကိုယ်တော်ဓလေ့၊ ပြကတေ့လျှင်၊ မေ့သည်စင်စစ်၊ဖြစ်၍လည်းကောင်း၊ တန်ရှောင်းရေပြင်၊ ကြာဖက်တွင်၌၊ စိုင်းနှင်သိန္ဓော၊ ဖောဖောနင်းကြွား၊ ထိကာသွားသို့၊ ယောကျ်ား ဗိုလ်ခြေ၊ ကုဋေတစ်သောင်း၊ ပေါင်းမတူနိုင်၊ အားဆုံးတိုင်သား၊ စွမ်းခိုင်လှထွန်၊ကိုယ်တော် ဆန်ဖြင့်၊ သန်၍လည်းကောင်း၊လမ်းတစ်ကြောင်း၌၊ ကြွရောင်းလတ်သော်၊ ခြေတော်ဖဝါး၊ ရာထင်ရှားက၊ နောက်သားလူသူ၊ နင်းမိမှုကား၊ အပူအဆာ၊ ဖြစ်ခဲ့ရာဟု၊ တာ၍လည်းကောင်း၊ အကြောင်းသုံးပါး၊ ဤသို့အားဖြင့်၊ ဖဝါးရွှေစက်၊ ကြွစဉ်ပက်လျှင်၊ မြေထက်နင်းရာ၊ မထင်ပါ၍၊ နောင်လာလူများ၊ ဖူးရရှား၏၊ ရှေးဖျားကပွ၊ ကောရဉ္ဇကို၊ ပါဒနက်သန်၊ ပုဇော်ရန်ဟု၊ စိတ်သန်ဆောင်သွား၊ တောလုပ်သားလျှင်၊ စိတ်ထားကြည်လျက်၊ တင်လှဆက်ရှင့်....၊ ရှေးထက်ကာရီ၊ ခေတ်သီရိဟု၊ ပူရိအောင်မျိုး၊ ရွှေပြည်မြို့၌၊ ပျိုတို့ထွတ်ခေါင်၊ ဒွတ္တဘောင်လျှင်၊ လှေဖောင်တော်ကန်၊ ဖူးမြော်ဆန်၏၊အာဒျန္တ၊ နည်းထုံး

ပြဖြင့်၊ စူဋ္ဌအဂ္ဂရာဇာ၊ သညာအပရ၊ ဒုတိယမင်းခေါင်၊ စောဥသျှောင်လျှင်၊ သေဖောင်ယာဥ်သုံန်၊ ဖူးမြော်စုန်၏၊ ရန်မှုန်လှိုက်ပွက်၊ မင်းကိုးဆက်မျှ၊တိုင်းပျက်သမယ၊ တိမ်ကွယ်လ–သို့၊ ပါဒနက်သန်၊ တိမ်မြုပ်ပြန်ရှင့်၊ အနန္တဓဇ၊ အရိယအလက်ာ၊ တိလောကာလက်ာရ၊ သုဓမ္မရာဇကုရု၊ သမုနတ်ဆရာ၊ တောင်ဖီလာအကျော်၊ ဆရာတော်လေးပါး၊ ဦးဆောင်သွား၍၊ နှစ်ပါးရာတော်၊ စက်စုံဖော်ရှင့်၊ လွှဲ့ကျော်တိုင်းခွင်း၊ သမိုင်းဝင်လည်း၊ ထွန်းထင်နေလ၊ တူပြိုင်ပသော်၊ ပါဒနက်သန်၊ စုံအရန်ကို၊ ဗိတာန်ထီးမျိုး၊ ကြက်ကာမိုးသား၊ မိုးမိတ်ဘုရား၊ဘိုးတော့်သားလျှင်၊ မြစ်နားကမ်းခြေ၊ မင်းဝံမြေ၌၊ စေတျာသန၊ ဘူမိန္ဒတွင်၊ ပသန္နဂုဏ်၊ သဒ္ဓါဟုန်လည်း၊ မံတုန်မလဲ့၊ ပူဇော်ခဲ့ရှင့်၊ ထီးမဲ့နန်းကွယ်၊ မြန်ဖုန်းပြယ်က၊ ပိတ်ဆွယ်ရက်ဆိုင်း၊ တောချုံ ဝိုင်းသား၊ သမိုင်းစဉ်လာ၊ စက်တော်ရာတည့်၊ ပူဇာရဟ၊ ပါဒနက်သန်၊ စက်တော်ကြန်ကို၊ ထေရ်မွန် ဝိစိတ္တာသာရာဘိဝံသ၊ ဓမ္မဘဏ္ဍာဂါရိုက်၊ ရွှေတိုက်တော်စိုး၊ လုံးပန်းကြိုးလျက်၊ နောင်ကျိုးတမလွန်၊ နိဗ္ဗာန်ပရမတ်၊ ရည်ရော်မှတ်သား၊ မဟတ္တဂုဏ်၊ ဘုံခန်းကုန်သား၊ ဆန်စုန်ကြည်ဘာ၊ မန္တလာတွင်၊ မဟာဗန္ဓုလ၊ ရုဋ္ဌိရ၍၊ပုနတစ်ဖန်၊ 'ဝေယန်စံလွတ်'၊ ကမ္ဘည်းတတ်သား၊ ဓကျောင်းမြတ်ဒါယကာ၊ ဝေဟာ-ဦးဆိုင်၊ အဦးကိုင်၍၊ ဖြိုးလှိုင်သဒ္ဓါ၊ ဉာဏ်ရည်ဝါသား၊ ဒေါက်တာသာလှ၊ ဝေဇ္ဇကန္ဒင့်၊ ဥဒဂ္ဂစိတ်၊ ရွှမ်းရွှမ်းဖိတ်မျှ၊ ပုရိက္ခတ၊ ကံပုဗ္ဗန္ဒင့်၊ လုံ့လဉာဏ်ပါ၊ စေတနာဇောစစ်၊ ရွှန်းရွှန်းသစ်သား၊ မန်းခေတ်ဦးလှရွှေ၊ ဖော်မိတ်ဆွေတို့၊ ဝေဝေဆာဆာ၊ စေတနာဖြင့်၊ ဇရာကမ်းဦး၊ သုံးလှုမ္ဘူး၏၊ နှစ်ဦးစက်ကြန်၊ ပါဒ်နက်သန်ကို၊ဆော်ဖန်ကြိုးပမ်း၊ ပူဇော်ခမ်းတွင်၊ ရွှင်ဝမ်းဖြိုးဖြိုး၊သဒ္ဓါမျိုးကို၊ ပျိုးအံ့တစ်ခန်း၊ အမှုကွန်းတည့်၊ 'ဆန်းထွန်း' တပည့်တော်၊ ဥဒါန်းကြော်သည်၊ ဂေါစာစရ၊ ဒွယ-တေး- ဇော်၊ သက္ကဲ့ရာဇ်တည့်၊ သံရစ် ဝင်း-ဝင်း၊တော်သလင်းတွင်၊ရင်းမာလှိုင်ဝေ ့၊လပြည့်နေ့တည့်။

မြေ့မြေ့သံညောင်း၊ သန်ကောင်မောင်းဟု၊ စောင်းသံခတ်ချိန်၊ ပဥ္စသိန်နှင့်၊ သတိန်အလား၊ သောင်းတိုက်ကြားအောင်၊ အပွားကုသိုလ်၊ အမျှဆိုသည်၊ ၊ နောင်စို ကပ်ဆုံးတိုင်စေသော်။

ဦးဆန်းထွန်း

၁၁-၉-၆၂

ကိုယ်တိုင်ရေးစပ် ရွတ်ဖတ်ပူဇော်သည်။

ပိုးမိတ်စက်တော်ရာ စေတီတော်ကြီး
အုတ်မြစ်ချပွဲ

၁၃၂၄-ခုနှစ်၊ တော်သလင်းလပြည့်နေ့နံနက် စက် ၁၀-နာရီ ၁၂-မိနစ်၊ ၁၇-စက္ကန့်အချိန်။ စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့်ရွာအနီး **ပိုးမိတ်စက်တော်ရာ စေတီတော်ကြီး** အုတ်မြစ်ချပွဲ အခမ်းအနား-

မင်္ဂလာထောမနာစာတမ်း

နမော တဿ ဘဂဝတော မဟိမတော ဘဿ တမော နာ
ကဝိဒ္ဓဇလျောက် ရတု

အလယ်ဘက်ကျောင်းစွာ
ရွှေမန်းဦးတင်မောင်
ဖတ်ကြား လျောက်ဆိုနေစဉ်။

ဘုန်းပန်းမဉ္ဇူ၊ ကြိုင်လှိုက်ကြူတည်း။ နတ်လူရှောင်ဖူး၊ အောင်ပွဲမူး၏၊ ရင့်ကျူး မိန့်မှာ၊ ထားခဲ့ပါသား၊ သာသနာစက်၊ ထွန်းထိန်လက်အောင်၊ မွှားတက်စေတနာ၊ ဒါယကာတို့၊ မဟာပုည၊ ထာဝရကို၊ လုံ့လ ပြောထူ၊ အားသစ်မူသော၊ နိဗ္ဗူဖီဇ့်၊ ကြောင်းခြင်းတကို၊ သံဃာ့ဦးသျှောင်၊ ထေရ် ဘုန်းခေါင်နှင့်၊ မြား မြောင်ဝန်းလျား၊ ရှင်တို့အားလျှင်၊ ညွှတ်ထွားထောမနာ၊ ကြားလျှောက်ပါမည်....၊ ၊သံဃာ့တည့် ထေရ်များ ပန်ဆင်တော်မူဘုရား....။

အောင် သူတကာ တို့၏ မဟာ အဂ္ဂိန္ဒာ မိပတိ သီရိပဝရ တြိလောက ဝဠုံသကာ မဂ်လာယှက်ရုံ ကျေးဇူးဂုဏ်ကို ပေါင်းစုံ စုဝေးရာ မဟာဇနနွှဲ သုံးလောကမျက်ရှု၊ ဘုန်းဂုဏ် ဖြန့်လွှား - သုံးဘုံတိုင်နှံ့ကြား

သောဘုရား သဗ္ဗညုသည်.... အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်တော်ပင် ကိန်းစံလည်းနှောင်းကျန် ဝေနေ ယျတတွေတို့ နေရဗာန်ကွန်းပြောက် မျက်ခြည်မပျောက်ဘဲ တည်ဆောက်နိုင်ကြရန် ကရဏာတော်လှုံ့ဖန်၍ ဓမ္မခန်အစုစု ဓာတုနှင့် ပရိဘောဂ ဥဒ္ဒိဿဆင့်ပွား စေတီမြတ်လေးပါးတို့ကို ကိုယ်စားတော် ပြုထားခဲ့မှုကြောင့် ယခုမျက်မှောက် အချိန်ရောက်အောင် မြားမြောက်လှစွာ ဖြူသဒ္ဓါနှင့် သမ္မာဒိဋ္ဌိ အယူကောင်းရှိကြသော အရိယသာဝက အရိယသာဝိကာ စဉ်လာမပျက် ဘုရားဒါယကာ+ဒါယိကာမ အဆက်ဆက်တို့သည် အထက်ဖော်ပြရာ ပူဇော်ရာစေတီယလေးပါး ဘုရားရှင်ကိုယ်စားတို့ကို တည်ထား ပူဇော်ကြသဖြင့် မဇ္ဈိမတိုက်တခို မြန်မာနှင့်သီဟိုဠ် ထိုထိုအရပ်မျက်နှာ သာသနာဝင် အဆက်ဆက် သာသနာတော် ထွန်းထိန်လက်သည့် မြေချက်မင်္ဂလမှန်သမျှတို့ဌာ သောဝဏ္ဏ ရဇတာ ခြည်ဝါလျှံတောက် ရွှေတောင်ကြီး ငွေတောင်ကြီးတို့ အသီးသီးပေါက်သကဲ့သို့ မြားမြောက်ပြောထူ စေတီမြတ် အဆူဆူတို့သည် နိဗ္ဗာသောင်မြိတ် ကုတို့ဆိပ်ကြီးတို့ပမာ ငြဟ္မာနတ်လူ ဟိန္ဒဂူတို့အား ဗဟူပကာရ ပူဇနီယပူဇာ မင်္ဂလာကုသိုလ်ထူးဖြည့်ဆည်းပူးကြရန် ကျေးဇူးပြုလျက် ရှိကြကုန်သတည်း။

ယင်းသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ကိုယ်စား စေတီတော်လေးပါးတို့ကိုထားခဲ့တုံလျှင်း အကြောင်းရင်းကြောင့် မင်းနှင့်ပုဏ္ဏားသူကြွယ်နှင့် ဆင်းရဲသား မျိုးလေးပါးတို့ စွမ်းအားအလျောက် ပူဇော်တည်ဆောက်ခဲ့ကြသည့် မြားမြောက်ပြောထူ စေတီမြတ် အဆူဆူတို့တွင် ဘူသီခရာ မြေချက်နာဟု သာယာတင့်ရွှန်း ဘေးမဲ့မြေ ခေါ်ဆိုဩွန်းရသော မင်းကွန်းတိုက်နယ် အဝင်အပါထန်းမြင့်ရွာအနီး 'မိုးမိတ်စေတီတော်ကြီး'နှင့် တဆက်တည်းကပ်ကာ တည်ရှိပါသော ပူဇာရပာ 'ပါဒနက်သန် မိုးမိတ်စက်တော်ရာ မြတ်စွာဘုရား' စေတီတော်နှစ်ပါးတို့မှာ ရှည်လျားမြင့်ကြာ လွန်ခဲ့သော ၁၁၅၅-ခုနှစ်ကစ၍ ရတနာသီခ ပြည့်မတန်ဆောင် ဘုန်းရောင်ဝေလက် ကုန်းဘောင်နွယ် ဆယ့်တစ်ဆက်တွင် ရာဇကွဲမ ခြောက်ဆင့်မြောက်ထွန်းပသည့် သာသနာ့ဒါယကာ တေဇာဝုန်ဖြိုး စက်တန်ခိုးတို့ မြေမိုးရိုက်ဆော် ကျွန်းလုံးကျော်သော 'ဘိုးတော်မင်းတရား' လူ့ထိပ်ဖျားလျှင် ဆယ်ပါးရာဇံ အာဒိကံဒါန မဟာတ္တကို ဆွဆွကြည်ဖြူ အားသစ်တော်မူလို၍ နတ်လူတို့နှုတ်ခွန်း သာဓုဂီသံပြိုင်ညွှန်းရအောင်....

(၁) မင်းကွန်းပုထိုးတော်ကြီး
(၂) ခြသွေ့ကြီး
(၃) ခေါင်းလောင်းတော်ကြီး
(၄) တဘက်ဆည်ကန်တော်ကြီး

ဤလေးသီးတို့ကို ဖန်တီး တည်သွန်းတော် မူသောအခါ....

'မဟာဓမ္မရာဇာ' ခရာရွှေလိပ် ခတ်သွန်းနှိပ်သော 'မိုးမိတ် မင်းသား' တော်ဘုရားသည် ဖ,ဖွားနတ်ကျော် ခမည်းတော် မင်းတရား 'ကြီးလေးပါး'ခေါ်ဆို ထာဝရကုသိုလ်တို့ကို မငြိုစိတ်ဝမ်း ချမ်းမြေ့ကြည်သာ အားထုတ်တော် မူစိမ့်ငှာ - ဟု ရောဝတီ နဒီကမ်းထိပ် အနောက်ဘက် ဤဆိပ်တွင် မိုးမိတ်တွင်ခေါ် ဤတောင်ပေါ်မှ ယော် ခါဇိဝ 'မင်းတေဇ' အစရှိသော ဗိုလ်မှူးကြီးများ ဝန်းလျားပတ်ခြံ သွန်းသွန်းရံ၍ တာဝန်ခွဲထောက် ရန်မနှောက်အောင် စောင့်ရှောက် တော်မူပြီးနောက်၊ မဟာအမရ ပုရသာစည် နန်းရွှေပြည်သို့ ပြန်လည် ဆိုက်ရောက်တော်မူသောအခါ 'ငါ၏နေရာ ဤသေလာကား ခေမာ သောင်ဆိပ် ဖြစ်စေရိပ်၍' မိုးမိတ်တွင်ခေါ် မြေစိုက် စေတီတော်မြတ် ကြီးနှင့်တကွ ပါဒနက်သန် စက်တော်ရာဘုရား နှစ်ဆူသော ထာဝရ ကုသိုလ်များကို အားသစ်တည်ဆောက် နိဗ္ဗာန်ကြင့်နှံး-ဘေးမဲ့နန်းသို့ စောင်းတန်း သွယ်ဖောက်ခဲ့သတည်း။

'မိုးမိတ်မင်းသား'တော် ဘုရားလျှင် တည်ထားပူဇော် ကုသိုလ် တော် စေတီကြီးနှင့်တကွ ပါဒနက်သန် စက်တော်ရာ မြတ်စွာဘုရားတို့ ရှည်လျားကာလ ငလျင်ဒဏ် အကြိမ်ကြိမ်ခ-မူကြောင့် သခ်ါရပြကတော့ အဓလေ့ဖြင့် ဆွေးမြေ့ယွင်းယို ပျက်ပြိုကျိုးပွင့် မြင်မတင့် ရှုမကောင်း ချုံပိတ်ပေါင်းဖုံးအုပ်၍ တိမ်ပုပ်ကွယ်သည့် လ,သဖွယ် မတင့်မတယ် ရှိသည်များကို ကြီးမားမြင်းမိုရ် ပြုပြင်လိုသော ကုသိုလ်ဆန္ဒသွေး လှုံ့ဆော်ပေးသဖြင့် 'ရွှေရေးဆောင် တိုက်ကျောင်းကြီး' ဒါယကာ မဟာဗန္ဓုလဦးဆိုင်၊ 'ဝဏ္ဏကျော်ထင်' ဆရာဝန်ကြီး ဦးသာလှတို့အမှူး ပြုသော 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ကြီး'က ဦးစီး ရှေ့ဆောင်ကာ များစွာသော ကုသိုလ်ရှင်တို့၏ကိုယ်စား ပျက်

ပြားယွင်းယို ထိုမှိုးမိတ်စေတီတော်ကြီးကို မီးတား တံတိုင်းနှင့်တကွ မူလ တည်လစ် ပုံစံနှစ်အုတိုင်း အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ကြကာ လွန်ခဲ့သော ၁၃၂၃-ခုနှစ်၊ တော်သလင်းလပြည့်နေ့က အစစပြီးစီး, သဘင်ခြိမ့်ညံ-အောင်ပွဲခံအောင် သံစုံ သိမ့်သိမ့်ဟည်းစေလျက် ရွှေထီးနှစ်ဆင့် တင်လှူခဲ့ပါသတည်း။

ဖော်ပြရာပါ စေတနာလှူက်ဖြိုး ကုသိုလ်မှ အား ကြိုး သည့် 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးကော်မတီအဖွဲ့ကြီး'က မိုးမိတ်စေတီတော်ကြီးနှင့် တဆက်တည်းတည်ရှိသည့် ထိုမင်းသားကြီး၏ ကုသိုလ်တော်ပင်ဖြစ်သော 'ပါဒနက်သန် မိုးမိတ်စက်တော်ရာ စေတီတော်ကြီး' ပျက်စီးယွင်းယို ရှိနေသည်တို့ကိုလည်း နဂိုမူလ ပထမတည်လစ် ပုံစံနှစ်အတိုင်း ကျစ်လျစ်ခိုင်မာစွာ သာသနာခွန်ရှည် တည်ပါစိမ့်သောငှာ ပဌမာဒိက မူလကျောက်မြစ်မှစ၍ အသစ်တစ်ဖန် တည်ဆောက်ရန်အရေး တာဝန်မှာ မသေးသဖြင့် ဆွေးနွေးစိုင်းပြင် တိုင်ပင် ညီညွတ်ကြကာ 'စက်တော်ရာစေတီမြတ်' ကိန်းဝပ် စံပယ်တော်မူရာ ဗုဒ္ဓဂါလယ ဂန္ဓကုဋီ ရွှေဘုံ 'ယာဉ်တော်ပုံ' အုတ်ပြာသာဒ်တော်ကြီး အတွက် အုထက်ပြာသာဒ် ဆောင်မတော်ကြီးနှင့် မုခ်ဦးဒါယကာတို့ ပေါ်ထွက်ရန် ဆက်လက်ကြိုးစား တရားဟောခြွေအား ထုတ်ရှာဖွေကြသည်တွင် မူလဘုရားဒါယကာ မဟာဓမ္မရာဇာ မိုးမိတ်မင်းသားကြီး၏ ဆွေနီးမျိုးသင်း နွယ်တော်ရင်းမှ သက်ဆင်းစဉ်စီ ဆက်ခဲ့ချီသော ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုနှင့် မဟာဒေဝီတို့က အထက်ဆောင်မ အုတ်ပြာသာဒ်တော်ကြီးအတွက် အားတက်ကြည်လျှံ ဒါယကာခံကြသဖြင့် လည်းကောင်း၊ ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သေဋ္ဌေးကြီး၊ ပုပ္ပာရုံကျောင်းအမ အစလသဒ္ဓါဝိသာခါ သေဋ္ဌေးကတော်ကြီးတို့ကို နည်းမှီးစံပြု နိဗ္ဗုကြဌန်း ဘေးမဲ့နန်းသို့ တက်လှမ်းခိုလှုံလိုကြသော....

(၁) ရန်ကုန်မြို့ ပုလဲကုန်သည်ကြီးဦးဘတင်+ဒေါ်ပုလဲ(ခေါ်) ဒေါ်တင်ရီ၊

(၂) မန္တလေးမြို့ ပိုက်ကျုံးရပ် ဓမ္မနာဒ ကျောင်းတိုက် အမကြီး ဒေါ်ဆင်ဆင်၊

(၃) မန္တလေးမြို့ ဝါးတန်းရပ် ပွဲစား‌ကြီး ဦးထီ+ဒေါ်အမ-တို့က ဗလဝစေတနာ သဒ္ဓါလွှဲ.လွှဲ. လှုံ့ဆော်၍လျှင် အရှေ့မျက်နှာ၊ မြောက်မျက်နှာ၊ တောင်မျက်နှာ မုခ်ဦး‌ကြီး အသီးသီးတို့အတွက် အုံချိုးထိုက်တန် ဒါယကာခံ‌ကြသဖြင့် လည်းကောင်း၊ ပြင်ဆင်ရန်ကာလ ဒေဝဒေဝေါ်-နှိုးပင့်ဆော်အချိန်တော်‌ကြပြီ ဖြစ်ရကား-

ဖော်ပြပါ အဖွဲ့‌ကြီး‌က ဦးစီးရှေ့ဆောင်ကာ ဆရာဝန်‌ကြီး ဦးသာလှ+ဒေါ်ခင်ညွန့် မိသား‌တစ်စု‌က လှူဒါန်းအပ်သော နဝရတ်အုတ်၊ ပဘွာမြား‌အုတ်၊ ရွှေအုတ်၊ ငွေအုတ်၊ သရုပ်သတ်မှတ် တစ်ရာ့ရှစ်ချပ်တို့‌ကို ကလပ်အသီး‌သီး မြောက်ပင့်ချီး‌ကြ၍ သမီး‌ကညာ တစ်ရာ့ရှစ်ယောက်တို့က 'အဘိဓဇမဟာရဋ္ဌဂုရု သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ် ဆရာတော်ဘုရား‌ကြီး' အမှူးပြုသော ဆရာတော် သံဃာတော် တစ်ရာ့ရှစ်ပါး လက်သို့ ကပ်ဆက်‌ကြသော အခါ မင်္ဂလာသျှမ်းတို့အချိန်ကောင်း‌ကြိုက်ညီသည့် ၁၃၂၄-ခုနှစ်၊ တော်သလင်းလပြည့်နေ့ နံနက် စက် ၁၀နာရီ ၁၂မိနစ်၁၇စက္ကန့် အချိန် ကျွန်ုပ်ဒေါ်မိုးငြိမ်မာတို့ကိုယ်း ပတ္တာနမော် တပြိုင်နက်-သာဓု ခေါ်စေလျက် ဆရာတော် တင်ရာ့ရှင်ပါး‌တို့က မြတ်စွာဘုရား၏ စက်တော်ရာ ပါဒနက်သန် ဧစတီတော်မြတ် ယာဉ်တော်ပုံ အုတ်ပြာသာဒ်‌ကို နှုတ်လွတ်ညီညာ ဧဂယျ၊ ဂါထာ တပြိုင်တည်းရွတ်ဆို‌ကာဖြင့် မင်္ဂလာ အုတ်မြစ်ချပွဲ‌ကို ကြီး‌ကဲကျင်းပ ဆင်ယင်တော်မူ‌ကြသတည်း။

ဒေါ်၊ ကိုး၊ ခန်း၊ မစ်၊ အ = ငါးရပ်သော မာရ်ပါပ‌ကို လှလှ‌ကြီးအောင်နိုင် သက်တော်ရှိ မြတ်ဘုန်းလှိုင်သည် ကိုယ်တော်တိုင်က မြင့်မြတ်၍ မြတ်သော ပရိသတ် ဝန်းပတ်ခြံရံ အောင်ပွဲတော်ခံသည်‌ကို အာရမ္ဘာဓိပတိ ပစ္စည်းကောင်းရရှိ၍ တိဟိတ်ဥက္ကဋ္ဌ အမြတ်စေတနာသဒ္ဓါစိတ်ဝမ်း ဖိတ်ဖိတ်လျှမ်း‌ကြသော-

(၁) မန္တလေးမြို့ ရွာဟိုင်းရပ် ဆန်ကုန်သည် ဒေါ်ထား‌ထား၊

(၂) မန္တလေးမြို့ ၈၄-လမ်း ကျောက်သွေးတန်း ဘား‌မား မော်ဒင် အင်ဂျင်နီယာ ဦးဘမောင်+ဒေါ်သိန်းသိန်းနှင့် သား‌သမီး‌များ၊

(၃) မန္တလေးမြို့ စိန် ရွှေ ရတနာ ကုန်သည် ဦးအေးကျော်+ဒေါ်ကြွယ်ကြွယ်၊

(၄) ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေး ဆီဆုံရွာ နှစ်ဘက်သော မိဘများကို အမှုးထား၍ ပိုးကုန်သည် ဦးလှ+ဒေါ်အေးပု၊

(၅) မန္တလေးမြို့ နဘဲကြူးရပ် ဘုရားဒါယကာကြီး ဦးရွှေရုံ၊

(၆) (ရွှေကုန် သည်ကြီးများ ဖြစ်ကြသော) မန္တလေးမြို့ မျက်ပါးရပ် ဦးချို+ဒေါ်သက်ရှည်၊

(၇) ၎င်း ဦးမြရင်+ဒေါ်လှမင်း၊

(၈) ၎င်း မန္တလေးမြို့ ဒီဘိုးလမ်း၊ ဦးသွင်+ဒေါ်ဒေါ်သိန်း တို့ကလည်း မိုးမိတ်စေတီတော် နှစ်ဆူတို့ နတ်လူ ဦးခပူဇော်၍ အားမရနိုင်အောင် ပါသာဒိကဂုဏ်ကြီး ထွန်းထိန်ညီးလတ်သည်တွင် အနီးရှိ စေတီရုံ ငါးဆူတို့ကိုလည်း ပျက်စီးယိုယွင်းသမျှ အစစ မွမ်းမံ အသစ်တဖန် ပြုပြင်၍ ရွှေစင်သိင်္ဃနိုက် ဖိတ်ဖိတ်လျှပ်စီး ရောင်လျှံ ညီးသည့် ရွှေထီး အထွတ်တို့ကို တင်လှူကာ ဗုဒ္ဓါဘိသေက အနေကဇာတင် သဘင်အသီးသီး ကျင်းပခြင်း၊

(၉) ရန်ကုန်မြို့ မိုးကြိုး သတင်းစာတိုက်ပိုင်ရှင် ဦးအုန်းခင် ကလည်း ပညာသံဝတ္ထုနိုက ထာဝရ ကုသိုလ်ထူး ဆည်းပူး အားသစ်ရန် 'ဗုဒ္ဓ ပူဇနီယ' လျှပ်စစ်အင်ဂျင် ဓာတ်မီးစက်ကြီး ညီသီး ကော်ရော် ပူဇော် တင်လှူခြင်း၊

(၁၀) မန္တလေး ပွဲကုန်းရပ် ပွဲစားကြီး ဦးခို+ဒေါ်စိမ်းညို-တို့နှင့်

(၁၁) မန္တလေးမြို့ ဆိုင်းတန်းရပ် အော+ဝမ်း ပွဲရုံပိုင်ရှင် (အမိ ဒေါ်သိမ်းယုကို အမှုးထား၍) ပွဲစား ဦးဌေးမောင် + ဒေါ်ခင်ရီ-တို့ကလည်း ကာလရှည်ခိုင် တည်တံ့နိုင်အောင် တံခွန်တိုင်ကြီး နှစ်တိုင် အပြိုင်ဝဲ+ယာ ကောင်းစွာစိုက်ထူ တင်လှူပူဇော်ခြင်း၊

(၁၂၂) မိုးမိတ် စေတီတော် ကြီးများနှင့် တကွ အရံစေတီတော် အဆူဆူတို့အား လည်း ကြည်ဖြူသဒ္ဓါ အမြိုမြိုအရွာရွာ ဒါယကာတို့က ရသာကြိုင်လျှမ်း ဆွမ်းတော်ကြီးများ ကပ်လှူ ပူဇော်ကြခြင်း၊

(၁၂၃) ထိုဗုဒ္ဓပူဇာ မင်္ဂလာကောင်းမှု ကုသိုလ်ပွဲ အခမ်းအနားဌာ ရှေးနှစ်ကနှင့်မခြား အလှူရှင်များကလည်း 'စားလှည့်ပါ သောက်လှည့်ပါ' သာယာခွန်းသံ ညွှန်းဖိတ်မန်ကြ၍ 'နိဗ္ဗာန်စျေး'တည်ခင်း ကျွေးမွေး လှူဒါန်းခြင်း၊ စာရင်းသွင်းဖော်ပြရာပါ ပရိဝါရဒါနမှ အဝဝတို့ဖြင့် 'ပါဒနက်သန် မိုးမိတ် စက်တော်ရာ စေတီ အုတ်မြစ်ချပွဲကြီး' ကို ဝဲချီးသံသာ မဟဂ္ဃတ်ဖြဟ္မာ လက်ခုပ်ညာအောင် မင်္ဂလာ ဤသမယတွင် စေတနာ ဗလဝဖြင့် ကျင်းပဆင်ယင်ကြပါသတည်း။

ဆုတောင်းအမျှဝေ ကဗိုဒ်လင်္ကာ

လေးဆင့် မင်္ဂဉာဏ်၊ ရင့်ကြောင်း ဖန်သား၊ ဝေယန္တာတိ၊ မျက်မကွယ်သို့၊ တိဟိတ်ထဲဉာဏ်၊ လှုံ့ဆော်ဖန်၍၊ သုံးတန် စေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါလုလု၊ ဆည်းပူးပြုသည့်၊ ဤကုသိုလ်တော်၊ အာနုဘော်ကြောင့်၊ လေးဖော်ဖုံလမ်း၊ ဝဲ+ယာယှက်သို့၊ ကနက်ပစ္စူ၊ စွင့်စွင့်ထူ၍၊ နိဗ္ဗူကြွန်း၊ ဘေးမဲ့နန်းကို၊ သိမ်းမြန်း ရလို၊ ဆုပန်ဆို၏။ ထိုကုသလ၊ မြိုက်ဗီဇကို၊ နရမရူ၊ ဗုံလ် + ဗိုလ်လူအား၊ ရည်တူရရန်၊ ပတ္တိဒါန်ဖြင့်၊ မကျန်စေရ၊ ပေးဝေဌသည်....၊ ၊အမျှ....အမျှ.... အမျှ ရကြသည် ဖြစ်စေသော်....။ ။

အာဒိကမ္မိကဝဏ္ဏသကာဝထေရ်

ဓိဇုံးရေးသားခြင်း

အလင်္ကာဓဇကျော်စွာ

ရွှေမန်းဦးတင်မောင်

ဗတ်ကြားခဲ့လျှောက်ဆိုသည်။

မိုးမိတ် စက်တော်ရာ စေတီတော်ကြီး

ထီးထောင်တင်

စစ်ကိုင်းခရိုင် မင်းကွန်းတိုက်နယ် ထန်းမြင့်ရွာဦးရှိ
မိုးမိတ် စက်တော်ရာ စေတီတော်ကြီး ရွှေထီး အထွတ်တော်တင်
မင်္ဂလာ ရတုပိုဒ်စုံ
(သုံးပိုဒ်လုံး ၅၃- ပဒစီ၊သတ်စေ့နှက်)

၁။ **မြတ်တေဇသီ**။ ။ဆွေသာကီတည့်၊ ကိုးလီဂုဏ် ပုဒ်၊ စိုးပိုင်ချုပ်သား၊ ဇီနက္ကဋ္ဌာ၊ တို့မြတ်စွာ၏၊ သာသ နာစီးပွား၊ ဒကာများတို့၊ ရွှင်အားကြည်လင်၊ ဆည်းစု အင်ကို၊ သံလွင်ကျူးရင့်၊ မော်ကွန်းဖွင့်ပိမ့်....၊ မိုးမင့် မိတ်ဆွေ၊ဤကုန်းမြေ၌၊ တေဇာလျှံကဲ၊ နတ်စက်နဲ့လျှင်၊ 'မင်းရဲ့ရွှေတောင်'၊ ဘွဲ့ရည်ပြောင်သား၊ ဘုန်းရောင် ဝိသိဋ္ဌ၊ ဉာဏ်တိဟိတ်ဖြင့်၊ 'မိုးမိတ်'ခေါ်ငြား၊ ဘုံးတော် သားသည်၊ ဖဘွားနတ်ကျော်၊ ခမည်းတော်အား၊ သမ္မော်ဓိဆု၊ ပြည့်စေမှုဖြင့်၊ ဗိုလ်ထုပတ်ခြံ၊ ဤတောင်ယံမှ မြူဆံခြည်လောက်၊ ရုန်မနှောက်အောင်၊ စောင့်ရှောက်နေဖူး၊ ဤမြေထူးဟု၊ မြင့်ဖြူးဝေယန်၊ မိုးရပ်ဌာန်၌၊ နေတန်ဆောင်လော၊ ရွှေတောင်လောဟု၊ တွေးတောလူရှင်၊ စွဲမှတ်ထင်သား၊ ရှင်ပင်စောဓိး၊ စေတီကြီးနှင့်၊ ထိန်ညီးရွှေလှော်၊ ဆင်းမြတ်ကျော်တည့်၊ ဓာတ်တော် ဆယ့်လေး၊ နတ်ဆောင်ပေးဖြင့်၊ ဇီနေးမြတ်စွာ၊ စက် တော်ရာဟု၊ ပူဇာရဟ၊ စေတိယကို၊ နေလန္ဓနိမ့်၊ ဘုန်း စက်မိုးဖြင့်၊ ဖန်တီးတည်ကာ၊ ရှိပူဇာသည်၊ ၊**စေတနာ ဖြိုးပွင့် လန်းသော်ကြောင့်**....။

၂။ **ဓာတ်မွေသရီ**။ ။ကိန်းစံမှီသား၊ နှစ်လိမြတ် ဖျား၊ စေတီများတို့၊ ရှည်လျားမြင့်ဖန်၊ ငလျင်ဒဏ် ကြောင့်၊ ဖောက်ပြန်ပျက်စီး၊ တောတိုပြီး၍၊ ပိတ်ဆီးချုံ နွယ်၊ မတင့်တယ်ခဲ့....၊ ဤနှယ်ဖြစ်ချက်၊ မကြည့်ရက်၍၊ ဘိသက္ကဝိဇ္ဇာ၊ ဉာဏ်ကျယ်စွာတည့်၊ ဒေါက်တာသာလှ၊

ဦးတည်မ,၍၊ တိပိဋကဓိရ်၊ ထေရ်ပုဂ္ဂိုလ်တို့၊ ထိုစေတီစု၊ ပျက်စီးမှုကို၊ လူထု ဒါယကာ၊ နှိုးဆော် ကာဖြင့်၊ မကွာနေညာ၊ ပြုပြင်ကြသော်၊ ဆွမ်ဆွေတောင်၊ ပေါက်ဒသဉ်ယောင်သို့၊ မြန်ဘောင်ဝန်းကျင်၊ လူလူရှင်လည်း၊ ဤတွင်ဒေသ၊ ရောက်သမျှသျှင်၊ အားရတင်းတိမ်၊ ဂွမ်းဆီစိမ်သို့၊ 'ဝတိ' သာလော၊ နိမ္မာလော'ဟု၊ စိတ်ခေသာဆင်မှား၊ ကုသိုလ်ပွားအောင်၊ မားမားမြင့်သီ၊ စေ-စေတီနှင့်၊ နဒီရော၊ ရေ့မျက်နှာမှ၊ ရှုသာတင့်ဆန်း၊ မုခ်စောင်းတန်းက၊ ဘုံနန်းရိပ်ပျံ၊ အာရုံခံတည့်၊ ကိန်းစံရာဒကျောင်း၊ ဇရပ်ကျောင်းတို့၊ နတ်ကောင်းဝိသကြံ၊ စီရင်ပုံသို့၊ မယုံနိုင်လောက်၊ အောင်ပြီးမြောက်ခဲ့၊ ဘုန်းတောက်မြတ်စွာ၊ စိန္တေယျာသည်၊ ။ ဘေဒာကိုးတဲ့ ဆန်းသင်္ကြောင့်... ။

၃။ နတ်ဒေဝရီ။ ။သာဓုဂီဖြင့်၊ ဟင်္ခါနက်လေး၊ တောင်သံကြွေးစိမ့်....၊ ဇီနေးမြဘ်ဒွာ၊ စက်တော်ရာဟု၊ မဟာရဟ၊ စေတီယကို၊ ရွေးကထက်တိုး၊ ဆတပိုးလျှင်၊ မူရိုးမဒျောက်၊ သွန်းသွန်းမောက်အောင်၊ တည်ဆောက်ရန်လျှင်၊ စိုင်းတိုင်ပင်ဘ၊ မြဲတ်ရှင်ဘုန်းစက်၊ ကျေးဇူးနက်ကြောင့်၊ သူ့ထက်ငါပင်၊ သဒ္ဓါရွှင်၍၊ အာင်မုခ်ကြီး၊အသီးသီးနှင့်၊ ဘုံထီးပြာသာဒ်၊ အထပ်ထပ်၏၊ မဟပ္ဖလာ၊ ဒါယကာတို့၊ သူသာခံပိမ့်၊ ငါခံပိမ့်ဟု၊ နှစ်သိမ့်ကိုယ်ခံ၊ တာဝန်ချီက၊ ထေရ်သံဃာဇ်၊ ဦးဆောင်လစဉ်၍၊ ရာ့ရှစ်ဘုန်းမော်၊ ဆရာတော်တို့၊ အဟော်ဝတာ၊ အုတ်မြစ်ချခဲ့....၊ ဒေဝမှူးခေါင်၊ ပူးရွက်ဆောင်သို့၊ ဉာဏ်ရောင်ကြီးမား၊ ဆရာများလည်း၊ မခြားနဲ့ညီ၊ တည်ဆောက်ကြ၍၊ ကာလခုခု၊ ထုပိကာနှင့်၊ ဘုံသာပြာသာဒ်၊ ပြီးပြေလတ်၍၊ ဝန်းပတ်သီညာ၊ ဒါယကာတို့၊ သောဏ္ဍာရောင်ညီး၊ ဖိတ်လျှံစီးသည့်၊ ရွှေထီးစွင့်စွင့်၊ မြောက်သူမြင့်သား၊ သဘင့်ပွဲခါ၊ ခြိမ့်ခြိမ့်ညာသည်၊ ။ခေမာစိုးခွင့် မှန်းသော်ကြောင့်....။ ။

အာဒိကမ္မိကဝဏ္ဏသာဒေါ်

စီကုံးရေးသားခြင်း၊

နန်းတော်ရှေ့ ဆရာတော်၏ သား

ဝဏ္ဏနန်းဇင်ဖတ်ဆို ကျူးရင့်သည်။

မိုးမိတ်စက်တော်ရာ

ဘုရားတိုင် ရတုပိဒ်စုံ

၁။ ဦးရကနိဿျင်။ ။ထက်ခွင်အာကာ၊ ဒေါင်းစကြာနှင့်၊ ဖလံဝါစကံခြည်၊ မိန်သို့လည်သော်၊ ရွှေရည်စုံနှိုင်၊ ရဂုံမြို့ငါးလည်း၊ ထုံကြိုင်အင်ကြင်း၊ ပင်လုံးဝင်းသား၊ ရှင်းရှင်းပင်ခြေ၊ နှင်းနှင်းဝေနှင့်၊ လေပြေခွေ့ခွေ့၊ မြူဝဲဝဲမှ၊ သွဲ့သွဲ့မှုန်မှိုင်း။ တွဲ့တွဲ့ဆိုင်းလျက်၊ ရှစ်တိုင်းရှစ်ခွင်၊ ပုရစ်ပြင်သော်၊ သခင်မယ်သက်၊ မေတ္တာယှက်၍၊ မပျက်သစ္စာ၊ တည်စိမ့်ငှာဟု၊ မေတ္တာချစ်လှိုင်း၊ ချင်းကြိုးဆိုင်းအောင်၊ ပွင့်ကြိုင်းသိဂ်ါ၊ မိုးသန္တာနှင့်၊ ပန်ထွာဝပ်စင်း၊ ပန္နက်ခင်းတည့်၊ မယွင်းမကွက်၊ မေတ္တာဆက်ဟု၊ 'ရွှေစက်ပါဒ-စေတိယ' လျှင်ဒသပါရမီ၊ သုံးဆင့်သီကြောင့်၊ သိဂ်ဖွားထက်၊ ရာ့ရှစ်ကွက်တည့်၊ ဖိုလ်မဂ်သခင်၊ ကိုးဂုဏ်ရှင်က၊ ဆောလျင်မိန့်ခြွေ၊ တန်ခိုးဝေပါ့၊ မသွေစင်စစ်၊ မယ့်သည်းနှစ်သည်၊ ၊မချစ်တုံ့တုံ ချစ်တုံ့တုံကို ထားး

၂။ မူတဇနိဗ္ဗြင်။ ။သူမကြင်၍၊ သခ်ျိလေးခါ၊ သိန်းကမ္ဘာတွင်၊ ပါရမီဆယ်ပါး၊ သုံးဆင့်ပွားရှိ၊ သုံးပါးလူနတ်၊ မြတ်ထက်မြတ်သည့်၊ မြတ်ထွတ်စိန္ဒေ၊ စက်တော်ရွှေ။ ။နေလည်းတူတူ၊ လူလည်းမျှမျှ၊ ရလည်း စုစု၊ ပြုလည်းတူစုံ၊ မခွဲတုံဟု၊ သက်ပုံသက်နှင်း၊ ဆိုရင်းမဆွ၊ ရှိဦးကလျက်၊ ခုမှတမူ၊ သည်းမဖြူဘဲ၊ လျစ်လျူရှုရှု၊ ကြင်ယွင်းမူကြောင့်၊ ယခုကပင်၊ ရွှေလွန်းကြင်သို့၊ တူရွှင်မောင်မယ်၊ ချစ်နုံ့ကြွယ်ဟု၊ ခြောက်သွယ်ကွန့်တက်၊ ပါဒနက်မှ၊ ဘုန်းစက်ရှင်တော်၊ ရာ့ရှစ်ဖော်လျှင်၊ မျက်ဖျော်သက်တင်၊ ချစ်စိတ်ငင်ပါ့၊ မချင်မရဲ၊ ဆင့်လှကဲ့၍၊ ဝမ်းထဲစိတ်ပွေ၊ လွမ်းစိတ်ဝေကြောင့်၊ မပြေ ပြေကြောင်း၊ ဖြေဆုတောင်းရှင့်၊ မပြောင်းမပျက်၊ မယ့်သက်ပုံနှစ်၊ မေတ္တာစစ်သည်၊ ၊မချစ်ပုံ့ပုံ ချစ်ပုံ့ပုံကိုကား။

၃။ ကူမဉာဏ်ရှင်။ ။ ဘုန်းတော်ရှင်သား၊ မြင့်ရှင်ဇနော်၊ သုံးခေတ်မော်၏၊ စက်တော်ပါဒ၊ စေတီယဟု၊ တရုတ်[illegible]ဘုန်းတော်ရှင်။ ။သဘင်ရတု၊ လှည့်လည်မှုတွင်၊ ဥတုသုံး[illegible]ဒေသီနှင့်၊ သုံးချီဂုဏ်ဝင့်၊ ရွှေအင်ပွင့်လန်း၊ ရှောင်လင့်သွေးသူ၊ [illegible]ကတ်တူလျှင်၊ တမူခြားခြား၊ ဖက်မထားသို့၊ စိတ်ပြားပုံ့ငှင်း[illegible]မမြင်ဘဲ၊

မမြင်လေတောင်း၊ မြင်မျက်စောင်းနှင့်၊ ညောင်းရက်လရှည်၊ ချစ်မလည်၍၊ မဆည်မယဉ်ဝမ်း၊ လွမ်းရရမ်းရှင့်။ ငယ်ကျွမ်းသခင်၊ မေတ္တာဝင်ပြီး၊ လျင်လျင်မယဉ်ထံ၊ ပြန်ကြောင်းကြံလျက်၊ သက်နှံစိတ်ပြေ၊ ရှိပါလေအောင်၊ မိန်ခွေဗျာဒိတ်၊ မြင်မော်မိတ်မှ၊ မဆိတ်နူတ်ပြန်၊ ဉာဏ်တော်ဖန်ပါ၊ နက်သန်ပါဒ၊ စေတီယလျှင်၊ သက်မျှသက်တူ၊ ချစ်စိတ်ဖြူအောင်၊ လှုင့်ထူသစ်သစ်၊ ဘုန်းကုန်လှစ်သည်၊ ၊မချစ်ရုံ.ရုံ ချစ်ရုံ.ရုံကိုကား။

မှတ်ချက်။ ။ ရွှေလောင်းပြန်ခို၊ သဝဲလွတ်ခို-ချ၊ ယမက၊ သော်ကာရောင်၊ မဏိဆက္ခင်၊ ဥ-လုံးချ။ ။ 'က+စ+တ+ယ၊ ပ+ရ+မ·တို့၊ သတ္တဗျဥ္ဇနာ၊ ချခြိုရာလည်း၊ မည်သာတတန်၊ 'ရွှေလောင်းပြန်'ရှင့်၊ မှတ်ရန်တမူ၊ သတ်တူသံတူ၊ ကာရန်တူချ၊ လ၏မည်ဆောင်၊ သော်ကာရောင်တည့်။ (မဃဒေဝ ပိုဒ်ရေ-၆၂၃'။)

စာဆိုတော် လက်ဝဲမင်းညို

၂၂-၉-၁၁



မိုးမိတ်စက်တော်ရာ

ဖြစ်တော်ပေါင်းနှင့်
စက်လက္ခဏာတော် ၁၀၈-ကွက်
အာမရပူရခေတ်
ပန်းတမော့လက်ရာ

နှစ်ကျိပ်ရှစ်ဆူ

မိုးမိတ်စေတီတော်ကြီး၏ ပစ္စယံပတ်လည်တွင် မူလက ဤနှစ်ကျိပ်ရှစ်ဆူ ဘုရားများ မရှိခဲ့ချေ။ စေတီတော်ကြီးအား ဖူးမြင်ရသူတို့အဖို့ ထူးထူးခြားခြား မှတ်မှတ်ရရ ကြည်ညိုနိုင်စေရန်အလို့ငှာ နှစ်ကျိပ်ရှစ်ဆူ ဘုရား ကိုယ်တော်များကို မုခ်လှများဖြင့် ပူဇော်ထားလျက် ရှိလေသည်။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားကိုယ်တော်မြတ်များ၏ မူဒြာလက်ဟန်တော်များမှာလည်း တဆူနှင့်တဆူ မတူစေပဲ၊ လေးနက်သော အဓိပ္ပာယ်များကို ဆောင်လျက် ရှိနေသည်ကို ဖူးတွေ့နိုင်ပေသည်။

ဗုဒ္ဓဘာသာ အနုပညာရပ်များကို စိတ်ပါဝင်စား လေ့လာသူများနှင့် ကြည်ညိုပူဇော်တတ်သူများအတွက် အကျိုးများလှချေသည်တကား။



မင်းကွန်းတောင်ရိုး

မိုးမိတ်စေတီတော်

ပစ္စယံပတ်လည်ရှိ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ

၁။ ။တဏှာကံရာမြတ်စွာဘုရား။
(စျာနမုဒြာ) တရားအားထုတ် စျာန်ဝင်စားနေသည့် ပုံတော်။
အလှူဒကာ။ ။ဆရာဝန်ကြီး ဦးသာလွန်-ဇနီး-ဒေါ်ခင်ညွန့် သားသမီးစာစု ကောင်းမှု၊ (၆)မိုင်-မာတင်ရိပ်သာ၊ (၁၀)ခ/ပြည်လမ်း-ရန်ကုန်။

၂။ ။မေဓင်္ကရာ မြတ်စွာဘုရား။
(သုဖဿမုဒြာ) မာရ်နတ်ကို အောင်မြင်သည့်ပုံတော်။
အလှူဒကာ။ ။ဒေါ်ဒေါ်ဖုံ (၄၈)ဂွတ္တလစ်လမ်း၊ ရန်ကုန်မြို့။

၃။ ။သရဏင်္ကရာ မြတ်စွာဘုရား။
(ဝိမှယဟတ္ထမုဒြာ) အုံသြချီးမွမ်းနေသည့်ပုံတော်။
အလှူဒကာ။ ။ဒေါ်ဒေါ်ဖုံ (၄၈)ဂွတ္တလစ်လမ်း-ရန်ကုန်မြို့။

၄။ ။ဒီပင်္ကရ မြတ်စွာဘုရား။

(ပတ္တဟတ္ထ မုဒြော) ဝိရိယ အဓိဋ္ဌာန ဒါန ခန္တီပါရမီများကို ညွှန်ပြသည့် ပုံတော်။

အလှူ့ဒကာ။ ။ဒေါ်ခင့်-မြို့မရပ်၊ မိုးကုတ်မြို့။

၅။ ။ကောဏ္ဍည မြတ်စွာဘုရား။

(ဒါန မုဒြော) အလှူပေးနေသည့် ပုံတော်။

အလှူ့ဒကာ။ ။ဒေါ်ချင့်-မြို့မရပ်၊ မိုးကုတ်မြို့။

၆။ ။မင်္ဂလ မြတ်စွာဘုရား။

(ဓမ္မစက္ကာမုဒြော)ပဉ္စဝဂ္ဂိငါးဦးအား တရားဦး ဟောသည့် ပုံတော်။

အလှူ့ဒကာ။ ။ကျားပုံ့ ဦးသန်းမောင်၊ ဇနီးဒေါ်ကောက်၊ ၅၁-လမ်း၊ ရန်ကုန်မြို့။

၇။ ။သုမန မြတ်စွာဘုရား။

(သန္ဒဿမုဒြော)ဝိရိယ ခန္တီ ဥပေက္ခာ မေတ္တာ စသော ပါရမီစခန်း ရည်ညွှန်းသည့် ပုံတော်။

အလှူ့ဒကာ။ ။ကျားပျံ့ ဦးသန်းမောင်၊ ဇနီးဒေါ်ကောက်၊ ၅၁လမ်း ရန်ကုန်မြို့၊

၈။ ။ရေဝတ မြတိစွာဘုရား။

(သမာဟိတ မုဒြော)စိတ်တည်ငြိမ်၍ သမာဓိ ရနေသည့် ပုံတော်။

အလှူ့ဒကာ။ ။ ဦးသံဒိုင်၊ ဇနီး - ဒေါ်တင်တင်၊ ဆင်းဒဝစ်လမ်း၊ ရန်ကုန်မြို့။

၉။ ။သောဘိတ မြတ်စွာဘုရား။

(အဘယမုဒြော) ဘေးရန်အန္တရာယ် မရှိအောင် ကာကွယ်ပေးနေသည့် ပုံတော်။

၁၀။ ။အနောမဒဿီ မြတ်စွာဘုရား။

(ပဒုမဟတ္ထမုဒြော) ဖြူစင်ခြင်း၊ လန်းဆန်းခြင်း၊ ကြည်လင်ခြင်းတို့ကို ရည်ညွှန်းသည့် ပုံတော်။

အလှူ.ဒကာ။ ။ဦးအောင်ကျော်၊ ဇနီး ဒေါ်စိန်စိန်၊ အမှတ် ၉၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

၁၁။ ။ပဒုမမြတ်စွာဘုရား။

(ပေါတ္ထကဟတ္ထမုဒြာ) စာပေ ကျမ်းဂန်များကို ပြုစုရေးသားခြင်း၊ ပရိယတ္တိ သာသနာတော်ကို ထောက်ပံ့ချီးမြှင့်ခြင်း၊ ပညာပါရမီ ဖြည့်ဆည်းခြင်းတို့ကို သဘောဆောင် ရည်ညွှန်းသည့် ပုံတော်။

အလှူ.ဒကာ။ ။ဦးအောင်ကျော်၊ ဇနီး ဒေါ်စိန်စိန်၊ အမှတ် ၉၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

၁၂။ ။နာရဒမြတ်စွာဘုရား။

(ဇုဒ္ဓသမဏမုဒြာ) ရဟန်းသံဃာတော်တို့အား နှုတ်ခွန်းဆက်နေသည့် ပုံတော်။

အလှူ.ဒကာ။ ။ဦးဝါ၊ ဇနီး-ဒေါ်တင်၊ အမှတ် ၂၇၊ လမ်း ၅၀၊ ရန်ကုန်။

၁၃။ ။ပဒုမုတ္တရမြတ်စွာဘုရား။

(ဗျာချာနမုဒြာ) တရားဓမ္မ ဆွေးနွေးနေသည့် ပုံတော်။

အလှူ.ဒကာ။ ။ဦးဝါ၊ ဇနီး-ဒေါ်တင်၊ အမှတ် ၂၇၊ လမ်း ၅၀၊ ရန်ကုန်။

၁၄။ ။သုမေဓ မြတ်စွာဘုရား။

(ပြာဋိဟာရိယမုဒြာ) တရားဓမ္မ ဟောပြောခြင်း၊ အနာဂတ်တွင် ဖြစ်ပျက်မည့် အကြောင်းများကို အတပ်မှန်ကန်စွာ ဟောကြားတော်မူပုံ။

အလှူ.ဒကာ။ ။ဦးချစ်ယုံ၊ ဇနီး-ဒေါ်တင်တင်ဝင်း၊ ၉၉- ရွှေနှင်းဆီ လမ်း၊ ရန်ကုန်မြို့။

၁၅။ ။သုဇာတ မြတ်စွာဘုရား။

(ဝရမုဒြာ) ကရုဏာရသ ဟာသရသ ဒါနပါရမီနှင့် မေတ္တာပါရမီ ရည်ညွှန်းသည့် ပုံတော်။

အလှူ.ဒကာ။ ။ဦးချစ်ယုံ၊ ဇနီး-ဒေါ်တင်တင်ဝင်း၊ ၉၉- ရွှေနှင်းဆီ လမ်း၊ ရန်ကုန်မြို့။

၁၆။ ။ဗိယဒဿီ မြတ်စွာဘုရား။
(သမာဟိတမုဒြာ) စိတ်တည်ငြိမ်၍ သမာဓိ ရနေသော ပုံတော်။
အလ္ဟာဒကာ။ ။ဒေါတင်တင် (၄၇) ၄၊ ၃၁-လမ်း နှင့် ၃၂-လမ်း ကြား၊ ရန်မျိုးလုံရပ်၊ မန္တလေးမြို့။

၁၇။ ။အတ္ထဒဿီ မြတ်စွာဘုရား။
(ဉာဏမုဒြာ) သဗ္ဗညုတဉာဏ်တော်များ ဟောပြောနေသည့် ပုံတော်။
အလ္ဟာဒကာ။ ။ဦးလှရွှေ၊ ဇနီး-ဒေါ်လှလှ၊ ၇၁- တက္ကသိုလ်ရိပ်သာ လမ်း၊ ရန်ကုန်။

၁၈။ ။ဓမ္မဒဿီ မြတ်စွာဘုရား။
(မဟာကရုဏာ မုဒြာ) သတ္တဝါအပေါင်းအား ကရုဏာတရား ထား တော်မူပုံ။
အလ္ဟာဒကာ။ ။ဦးသိန်းလွင်၊ ဇနီး-ဒေါ်အေးအေး၊ တက္ကသိုလ်ရိပ်သာ လမ်း၊ ရန်ကုန်မြို့။

၁၉။ ။သိဒ္ဓတ္ထ မြတ်စွာဘုရား။
(တြိပတ္တကဟတ္ထမုဒြာ) မေတ္တာပါရမီ၊ ပညာပါရမီတို့ကို ရှင်းပြတော် မူသည့် ပုံတော်။
အလ္ဟာဒကာ။ ။ဦးမြင့်၊ ဇနီး-ဒေါ်သန်းသန်း ၄၈-ဂွတ္တလစ်လမ်း၊ ရန်ကုန်။

၂၀။ ။တိဿမြတ်စွာဘုရား။
(စိန္တာမုဒြာ) တရားသဘောကို ရှင်းလင်းဟောပြောနေသည့် ပုံတော်။
အလ္ဟာဒကာ။ ။ဗိုလ်မှူးသန်းလွင်၊ ဇနီး ဒေါ်အေးအေးမြင့်၊ ၁၀ စီး၊ ပြည်ထောင်စုရိပ်သာ၊ ရန်ကုန်မြို့၊

၂၁။ ။ပုဿမြတ်စွာဘုရား။
(ကရဏာမုဒြာ)နာဋ္ဌာဂိရိဆင်အား ချွတ်တော်မူပုံ။
အလ္ဟာဒကာ။ ။ဦးကျော်စိန်၊ ဇနီး ဒေါ်မြင့်မြင့်ရီ၊ ၅၆-ကမ္ဘာအေး စေတီလမ်း၊ ရန်ကုန်မြို့။

၂၂။ ။ဝိပဿီ မြတ်စွာဘုရား။
(တဇ္ဇနမုဒြာ)သတိပေး ဆုံးမတော်မူသည့် ပုံတော်။
အလ္ဟာဒကာ။ ။ဦးဘဝမ်း-ဒေါ်တင်တင်၊ ၄-က၊ ဝင်ဒါဖိယာကုတ်၊ ရန်ကုန်မြို့။

၂၃။ ။သိဒီ မြတ်စွာဘုရား။

(စျာနမုဒြာ)တရား:အာ:ထုတ် စျာန်၀င်စား:နေသည့် ပုံတော်။
အလှူ့ဒကာ။ ။ဆရာကြီး ဒေါက်တာန္ဒမာလာ၊ အရိယ မဂ္ဂင် ချောင်၊
မင်းကွန်း။

၂၄။ ။၀ေဿဘူ မြတ်စွာဘုရား။

(ကဋကဟတ္ထမုဒြာ) ဒါနပါရမီ စခန်းကို ညွှန်သည့် ပုံတော်။
အလှူ့ဒကာ။ ။ဦးမြင့်သိန်း၊ ဇနီး ဒေါ်စိန်စိန်၊ ၄၁–က၊ ရွှေတောင်
ကြား:လမ်း၊ ရန်ကုန်မြို့။

၂၅။ ။ကကုသန္ဓ မြတ်စွာဘုရား။

(တိဏကိရဏမုဒြာ) သောတ္ထိယ မြက်ရိပ်သမား: လှူဒါန်း:သော မြက်ကို
ပလ္လင်အဖြစ် ဖန်ဆင်း:ရန် ဖြန့်ကြဲတော်မူနေသည့် ပုံတော်။
အလှူ့ဒကာ။ ။ဦး:လှကြိုင်၊ ဇနီး ဒေါ်ကြည်ကြည် ၁၄၊ အောင်သိဒ္ဓိ
လမ်း၊ ရန်ကုန်မြို့။

၂၆။ ။ကောဏာဂမန မြတ်စွာဘုရား။

(ဥတ္တံရဗောဓိမုဒြာ)အထွတ်အထိပ်သို့ရောက်၍ ပွင့်တော်မူသည့် ပုံတော်။
အလှူ့ဒကာ။ ။ဖွား:၀ါနှင့် ဦးကိုလေး-ဒေါ်လှဗျော်မိသား:စု၊အရိုး:အိုး
လေး:ရပ်၊ မန္တလေး:မြို့။

၂၇။ ။ကဿပ မြတ်စွာဘုရား။

(ဘူမိဖဿမုဒြာ) ၀သုန္ဓရေမြေကြီး:ကို သက်သေညွှန်း:နေသည့် ပုံတော်။
အလှူ့ဒကာ။ ။ဦး:ဌေးမောင်+ဒေါ်ခင်ထွေးကြည်၊ရွှေလင်း:ယုန်တံဆိပ်
ရွှေဆိုင်း:ကုန်သည်၊ သာ:သမီး မြေး:တစ်စု၊ မျက်ပါး:ရပ်၊
မန္တလေး:မြို့။

၂၈။ ။ဂေါတမ မြတ်စွာဘုရား။

(ဝိတက္ကမုဒြာ) ကြုံစည်ဆွေး:နွေး:တော်မူသည့် ပုံတော်။
အလှူ့ဒကာ။ ။ဗိုလ်မှူး:တင်လတ်–ဒေါ်စိုး:စိုး:လွင်၊ (မောင်) အောင်
မြတ်စိုး၊

ရွှေဘုန်းပွင့် ရွှေထီးတင်

နမော ဗုဒ္ဓါယ

။ သီဒွန် ။

အောင်သူတကာတို့၏ မဟာဝိဇယုဿာ ဒွိပဒုတ္တမဟု ဗုဒ္ဓ မြတ် စွာ ဘော သတ္ထာ ၏ သာ သနာ နေ ဝန်း သရေရွှန်း၍ ဝေထွန်းတောက်ပဆဲအခါ.... ဘေဇာဘုန်း ရောင် ဟုန်းဟုန်းပြောင်သည့် ကုန်း ဘောင် ရာ ဇကြာမ ခြောက်ဆင့်မြောက်တိုင်ထသော် 'သီရိပဝရ ဝိဇယာနန္ဒ ယသတြိ' အစရှိသောဘွဲ့ပုံ ကျင့်ဂုဏ်းဆယ်စုံဖြင့် ပဒုံ မင်းတရားခေါ် ဘိုးတော်ဘုရင်မင်းမြတ်သည် တင့်အပ် သော ပတိရူပ ဒေသစက်ဝန်း ကျိမင်းကွန်းရပ်မြေဝယ် စေတီတော်ကြီး၊ ခေါင်းလောင်းကြီး၊ခြသေ့ကြီး၊ရေကန် ကြီး=ကျွဲလေးသီးတို့ကို ဖန်တီးတည်ဆောက်, နိဗ္ဗာန်ကြွ ဌန်း ဘေးမဲ့နန်းသို့ စောင်းတန်းသွယ်ဖောက် လတ်သော် အနောက် အရပ်မျက်နှာ ဧရာဝတီကမ်းထိပ် ကျိကုန်းရိပ် မှ မိုးမိတ်မင်းသားကြီးသည် ဖြင်ပည်းများစွာ ယော်ဓာ ဇီဝ မင်း တေ ဇ အစရှိသော ဗိုလ်မှူးတပ်မှူး အပေါင်း တို့ ခညောင်းဝန်းရံ အောင်ပွဲခံ၍ တာဝန်ခွဲယူ စောင့် နေတော်မူခဲ့ပါသတည်း။

ဘိုးတော်မင်းတရား လူ့ထွတ်ဖျားသည် တရားကဲ့သိုလ် မဂ်လမ်းခို၍ နဂိုသာစည် အမရပူရ မင်းနေပြည်သို့ ပြန် လည်ကိန်းစံတော် မူသောအခါ....များစွာသော မင်းညီ မင်းသားတို့သည် မိမိတို့စံခဲ့ရာ အိမ်နေရာဟောင်းတို့၌ ဂူကျောင်းဘုရား စေတီများကို တည် ထား ပူ ဇော် ကြ သည်တွင် ဖော်ပြရာပါ မိုးမိတ်မင်းသားကြီးသည် မိမိ၏

နေရာ ဤမိုးမိတ်ကုန်းသေလာ၌ မဟာစေတီကြီး ညီးရရီး နှင့် တကွ ပါဒနက်သန် စက်တော်ရာစေတီကြီးကို ဖန်တီး ပူဇော် တည်တော်မူလတ်လျှင် 'အရှင်ရော ကျွန်ပါ ပကာသန မလိုလား ကြ၍ အမှတဲအသား ကျောက်စာ အကွရာ မော်ကွန်းမျိုး သမိုင်းပင် မထိုးခဲ့သော်လည်း' ဘိုးဘေး အဆက်ဆက် နှုတ်ဥဒါန်းအမြွက်နှင့် လက်ရာအနုသုခုမ ပညာအနေအထား ကို ထောက်ထား ရှာဖွေ နယုပဒေသဟု သုတသန ရှာကြံ၍ရသည်မှာ-ဌာနသပ်ရပ် ဤကုန်းမြေ ခုလတ်မှ တပ်မတော်အနီး ရန်သူတို့ မကပ်မိုးနိုင်အောင် သိမ်းဆည်းကြပ်မ ထိန်းစောင့်ရသော ရာဇသေဝကာ သဒ္ဓါလျှံမြူး 'ဝင်းတော်မူး' သည် ကျေးဇူးရှင်မင်းသား ဘုရားစေတီအစုံ ကောင်းမှုကြီး ပြုလုပ်ပုံကို အာရုံ အဓိပတိ နည်းယူညှိ၍ မိမိ၏နေအိမ်ရာ ဤကုန်းလပ် ရိပ်သာဝယ် အရာအခွင့် သင့်သလို ရသလို ကြည်ညိုဖွယ် တောင်း ဂန္ဓကုဋီအုတ်ကျောင်းနှင့် ၎င်း၏အတွင်းဝယ် သပ္ပာယ်စွာလှ ဥဒ္ဒိဿက ရုပ်ပွားဆင်းတုတော် မြတ်စွာ ဘုရားကို မျှားစွာသော ဌာပနာပစ္စည်းတို့ဖြင့် သိုမှီး သွင်းနှံ တိဟိတ်ဉာဏ်ဖြင့် နှိဗ္ဗာန်ဆုပွား ထာဝရကုသိုလ် မျှားကို တည်ထား ပူဇော်ခဲ့ပါသတည်း။

မိုးမိတ်မင်းသားနှင့် တပ်မှူးဗိုလ်မှူး ဝင်းတော်မှူးတို့၏ ကုသိုလ် ထိုထိုမျှားပြား မိုးမိတ်ကုန်းတော်ရှိ စေတီတော် မျှားမှာ ရှည်လျားကာလ ငလျင်ဒဏ် အကြိမ်ကြိမ် ခသဖြင့် ရစရာမရှိ ကြည့်ရှု၍ မသပ္ပာယ် ချုံနွယ်ဖုံးဖိ တောအတိပြီး ပျက်စီးယွင်းယို ရှိနေသည်တို့ကို ဝိဓိရ ပညာ ဆရာဝန်ကြီး ဦးသာလှ၊ မဟာဗန္ဓုလ ဦးဆိုင်၊ ရတနာပုံဦးမိုး၊ မြို့တော်ဝန်ဟောင်း ကျောင်းဒါယကာ ဦးစံရွှေ အမှူးပြုသည့် သာသနုပကာရ ရတနတ္တယ-မာမကာ သဒ္ဓါလျှံသည်း 'မိုးမိတ်စေတီတော်မျှား ပြန်လည် တည်ဆောက်ရေးအဖွဲ့ကြီး' က ဦးစီး ရှေ့ဆောင်ကာ ပြုပြင် တည်ဆောက်ကြသောအခါ....

ဥစ္စာစီးပွားဟူသည်မျှားကို၊ ငါးပါးရန်သူ၊ ဆက်ဆံပြု၍၊ ဆမြူခြမ်းမျှ၊ နှစ်မရဘူး၊ ဒါနပုညာ၊ ကောင်းမှုသာလျှင်၊ ဥစ္စာအနှစ်၊ မှန်တုံလစ်၏၊ ရှင်ချစ်မိန့်မှာ တရားတော်အလာကို သဒ္ဓါထန်ပြင်း ပညာထဲနည်း ကဲကဲစည်၍ ယုံကြည်ခြင်းရှိကြသော၊ မြင်းခြံမြို့၊ ကွေ့ကြီးရပ်၊ ဘုရားအမကြီး ဒေါ်ဒေါ်အိုနှင့် သား ကိုဗိုလ်ရှိန်း+မင်္ဂေပြား တို့သည် ဘုရားမြတ်စွာ သာသနာဟု လယ်ယာဝတ္ထုဤမြေနှင့် ကုသိုလ်မြိုက်မျိုး ကြဲစိုက်ပျိုး၍ ကိုးပါးလောကုတ် ဝိမုတ်ခေါ်ဆို မဂ်ဖိုလ်နိဗ္ဗာန်အသီးအရှိမ်းလိုသည့် ကုသိုလ်ဆန္ဒ တူညီစွာရှိကြသဖြင့် ပေါ်ပြရာပါဝင်းတော်မှူး လက်ဦးဖန်တည်, အုတ်ကျောင်းတော်နှင့် တကွသော ဥဒ္ဒိဿကစေတီ မြေမဟီရောက် ကျိုးပေါက်ယွဲင်းယို တိမ်းပြိုပျက်စီးနေသည်ကို နဂိုမူလထက် သုံးဆပြန့်ကျယ် သုံးဆပင် မြင့်ကယ်စေလျက် သပွာယ်ရွှန်းစိုဖူးလိုက်တိုင်း ကြည်ညိုအောင် လိုသည်ဟူ၍မရှိရ စေတနာဥက္ကဋ္ဌဖြင့် လေးသောင်းမျှသော အသပြာတို့ကို သဒ္ဓါရဲရဲ စွန့်လှူကြဲကြ၍ အုံအဲစလောက် ဘုန်းရှိန်တော်တောက်သည်ကို အထောက် ပြုကာ အနွယ်ဆက်သည်ဖြင့် 'ရတနာရွှေဘုန်းပွင့်' ဘွဲ့မည်တော် ထပ်ဆင့်၍ မြင့်မားခိုင်ဖြိုး စေတီတော်မြတ်ကြီးကို အပြီး တည်ဆောက်ကြကာ သောဏ္ဏာရောင်လျှမ်း ရွှေသင်္ကန်း၊ ရွှေပလွင်၊ ရွှေဇာပြင် မျက်နှာကြက် တင့်တယ်စွာ ဖွဲ့ယှက်၍ အထက်ဖော်ပြုရာပါ 'ရတနာရွှေဘုန်းပွင့် ဆုတောင်းပြည့်' စေတီတော်ကြီး အစစ ပြီးပြီဖြစ်ရကား—

ဗုဒ္ဓမြတ်စွာ အတိတ် သာသနာနှစ် ၂၅၁၃-နှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် ကုန်းမြေ့သာယာ ဤသေလာဌ် ဗုဒ္ဓာဒနအောင်ပွဲကြီးကျင်းပ၍ တရားငါးဆယ်ကျော် သံဃာတော်တို့နှင့်တကွ သူတော်နွယ်စင် သီလရှင်အပါး တစ်ရာ့ငါးဆယ်တို့အား သင်္ကန်းအစုံစသော ဒါနဝတ္ထုတို့ကို

လုလုကြည်ဖြူ။ သက္ကစ္စမြောက် ကပ်လှူ၍ ဘူမိပတိ မင်း+ မိဖုရား ခမ်းနားစီမံ, ရေ+ကုန်းမစဲ-ခြိမ့်ခြိမ့်သဲအောင်- ဆွမ်းလှူပွဲသဘင် ခံ,ကြ၍၊ မင်းစံရွှေထီး မြောက်ချီး တင် လှူကုသိုလ်စက် ဆောက်အုံကို ကြွလာသူ မင်းပရိသတ် တို့နှင့်တကွ လောကပါလာ ကွန္ဒာဒေဝ သက္ကဲ့ဗြဟ္မာ နတ်တကာတို့သည် ပတ္တာနုမောဒန ပုညကြိယာ ထော မနာနက်လေး, ဗြဟ္မာမဟဂ္ဂုတ်-ဘဝင်္ဂလွှပ်အောင်-လက် ခုပ်သံ အောင်ပတ္ထနာဆုဖြင့် အောင်သာဓု ဟစ်ကြွေး, တော် မူကြစေကုန်သတည်း။ ။

(စစ်ကိုင်းတိုင်း၊ မင်း ကွန်း တိုက် နယ်၊ ထန်းမြင့်ရွာဦးရှိ ရတနာရွှေဘုန်းပွင့်စေတီတော်ကြီး ရွှေထီး အထွတ်တင် ထော မနာ စာတမ်း)

အာဒိကမ္မိကဝဋ္ဋသကာထေရ်
စီကုံးရေးသား၍၊

မန္တလေးတက္ကသိုလ်
မြန်မာစာဌာနထိပ
ဆရာကြီး—ဦးဆန်းထွန်း
ရိုက်ဖတ်ပုံနှိပ်သည်။



နှစ် ကျိပ် ရှစ် ဆူ

ဘုရားတိုင် ရတု ပိုဒ်စုံ

၁။ **နှစ်ကျိပ်ရှစ်လျှင်**။ ။သုံးခွင် လောက၊ သုံးခေတ္တာ၌၊ သုံးပါးနတ်လူ၊ ထွတ်မှန်ကူဟု၊ သယမ္ဘူသနှင်း၊ မင်းမျှားမင်းထက်၊ တုကင်းတုလွတ်၊ မြတ်ထွတ်မြတ်ခေါင်၊ ဘုန်းရောင်ဘုန်းဝေ၊ ခြောက်ရောင်ခြွေလျက်၊ စိန္ဒေကုဏ်ပေါင်း၊ ဉာဏ်လေငါးဉာဏ်ဝေ၊ အနေ+နေထက်၊ ဘုန်းတွေဘုန်းတန်း၊ ဆယ်ရပ်ကျွန်းလည်း၊ မခန်းမကုန်၊ ဂုဏ်အနန္တ၊ များတောင်းလှကို၊ ညွတ်ခဉီးတင်၊ ပန်ဆုဆင်အံ့....။ တဏှာဂ််ရာ၊ မြတ်+မြတ်စွာမှ၊ သက္ကာသက္ကာ၊ မြတ်ဗုဒ္ဓ။ ။သီတဂူနတ်၊ ပုံတူမှတ်မျှ၊ လှထွတ်စံကင်း၊ နတ်မိမင်းလျှင်၊ မျက်ချင်းမဆိုင်၊ နှူတ်မပြိုင်ပဲ၊ ကြယ်စိုင်မလက်၊ ခွန်းမမြှက်နှင့်၊ မသက်ချစ်ကြည်၊ ဖက်မရည်ကြောင့်၊ မဆည်ကျွန့်ဝမ်း၊ ကျွမ်းရရမ်း၍၊ ကွတ်လမ်းဖန်ဆင်၊ ကယ်မတင်ပါ့....၊ လေနှင်တိမ်ပြာ၊ စန်းမှခွာသည်....၊ ၊**မသာလိုဆို-သာလိုဆို**။

၂။ **တစ်စိပ်ပြစ်မြင်**။ ။ဆံတစ်မျှင်မျှ၊ ပြစ်စင်ကင်းဝေး၊ ကြာနတ်မွေးသို့၊ လှသွေးစံကျွန်း၊ လှခေါင်ထွန်းလျှင်၊ နှူတ်ခွန်းမတုံ့၊ မျက်မဆုံ့ပဲ၊ မယုံ့မရဲ၊ မျက်နှာလွဲလျက်၊ တူန္ဆဲမပျော်၊ ဖက်မလျော်၍၊ မိုးမော်ဦးထိပ်၊ စေတီရိပ်က၊ 'နှစ်ကျိပ်ရှစ်ဆူ'၊ မှိုင်းမ-ကူလျက်၊ မဉ္ဇူသက်ဝေ၊ တင်းစိတ်ဖြေပါ့....။ နွေ+မိုး+ဆောင်းရှည်၊ သုံးပတ်လည်လည်း၊ နတ်ရည်တရှိ၊ လှခေါင်ထိလျှင်၊ တိကျချစ်ဝှန်၊ တုံ့မပြန်၍၊ အနန္တဇိန၊ မဟာဝိဇယဟု၊ ငါးပါးမာရ်အောင်၊ မေတ္တားနောင်တို့၊ ချစ်ရောင်မယ့်တွင်၊ စန်းနှယ်ရွှဲငိုသို့၊ ကြည်လင်တောက်ပ၊ ချစ်ရောင်ပြဟု



ဖျောင်းဖျမယ့်စိတ်၊ ပျောင်းပျညိတ်အောင်၊ နှိမိတ်ရွှေရင်၊ ချစ်ကြောင်းဆင်ပါ့....၊ ဆုတင်တောင်းဆက်၊ ပြည့်မည့်ရက်ကို၊ တွက်ဆခါခါ၊ ဗိမခြာသည်....၊ ။**မကြာလိုသို့-ကြာလိုသို့**။

၃။ ရှစ်ရိပ် ရှစ်ပြင်။ ။မုန်းတိုင်းဆင်သို့၊ ရှစ်ခွင်ရှစ်တိုင်း၊ ညိုရစ်မှိုင်းသား၊ ချစ်သိုင်းမဟုန်၊ ချစ်မသုန်၍၊ ဝိဇ္ဇုန်မာလီ၊ လျှပ်စစ်ချီလည်း၊ မပြီမသ၊ တခဏတည့်....၊ မေဃအမှုန်၊ ပြင်းမာန်ဟုန်ဖြင့်၊ ပဇ္ဇုန်ဒေဝါ၊ သွန်းဖြိုးရွာသို့၊ဆင်းကြာနွယ်နတ်၊ ဘုံကြိုးပြတ်ကို၊ မချွတ်ချစ်မိုး၊ ရွာသွန်းဖြိုးအောင်၊ တန်ခိုးအနန္တ၊ မြတ်ဇနဟု၊အဋ္ဌရှစ်ဆူနှစ်ကျိပ်ကူလျက်၊ သောင်းဋ္ဌမိုးမိတ်၊ ဘုန်းဖိတ်ဖိတ်ဖြင့်၊ ဗျာဒိတ်မိန့်ခွေ၊ ဘုန်းမိုးစွေပါ့....၊ ဇလျာရွှေမြေ၊ ပတ်ကုန်းဝေသား၊ ထွေထွေဆန်းထွန်း၊ မိုးမိတ်ကွန်းမှ၊ ဝေစွန်းစေတီ၊ ခြောက်ရောင်သီတွင်၊ သိဂီလှထွတ်၊ လှုံလွတ်လျှင်၊ မချွတ်ကေန်၊ ချစ်တုံ့ပြန်ဟု၊ ဖန်ဖန်ဦးထက်၊ ဆုပန်ဆက်သည့်....၊ ချစ်သက်သူဇာ၊ ချစ်မိုးရွာသည်....၊ ၊ **မဖြာလိုသို့-ဖြာလိုသို့**။ ။

စာဆိုတော်
လက်ဝမင်းညို
(၁-၁၀-၈၁)

မှတ်ချက်။ ။သဝေလွတ် ခ၊ီ+ချ၊ယမက၊ရွှေလောင်းပြန်၊ ပေါက်ပြ၊ ခိုင်ညွှန့်ခက်ဖြာ၊ ၇-လုံး သော်တာရောင်ခြ။
သတ်မဲ့တုံလျှင်း၊ ခ၊ီခြင်းကို 'ပေါက်ပြ'။

ဧရွှံ့ဘုန်းပွင့်ဘုရား

မိုးမိတ် ကုန်းမြေရှိ ရွှေဘုန်းပင့် မြတ်စွာဘုရား ရုပ်ပွားတော်သည် ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်ဦးတွင် ပူဇော်လေ့ရှိသော ပုံတော်ဖြင့် ဉာဏ်တော် ၃ တောင်ကျော်ခန့်ရှိ ရှေးဘုရားတဆူဖြစ်လေသည်။ (ဝင်းတော်မှူး ဘုရားဟုလည်း တွင်သည်။) မိုးမိတ်ကုန်းမြေဟောင်းကို ပြန်လည်မွမ်းမံ တည်ဆောက်ရေး အတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းစဉ်အခါက ပေါ်တော်မူခဲ့သည်။

မူလက အုတ်အင်္ဂတေ၊ ပန်းတော့လက်ရာတွင် ကုသိုလ်ရှင်တို့၏ ဒါန စွမ်းအားကြောင့် ထိန်ထိန်ရောင်ဝင်း ရွှေအဆင်းဖြင့် သပ္ပာယ်လှပေသည်။

စက်တော်ရာ ရွှေဘုန်းပွင့်

၁၃၂၅–ခုနှစ်၊ ဇော်သလင်းလပြည့်နေ့၊
စစ်ကိုင်းခရိုင်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့်ရွာဦးရှိ
စက်တော်ရာ ခစတီတော်ကြီးနှင့် ရတနာရွှေဘုန်းပွင့် စေတီတော်ကြီးများ
ရွှေထီးဆင်္ဃတ်တော်စင် ထပ်တွန့် မင်္ဂလာ ရှစ်ဆယ်ပေါ်။

စီကံုးရေးသားသူ
မေဓာဝီပျို

သီဆိုကျူးရင်းသူ
အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်

ဒေဝါ ဗြဟ္မာ ညီထွေခ၊ ပြည်ရွှေအမတ ဘောင်စိတ်သန်။ ဤမြေ ဌာန တောင်ရိပ်ပျံဝယ်၊အောင်အတိတ်သံကျူးသီရင့်။ ။သမ္ဘာထွန်းထိန်၊ သံသာရန်းအိမ့်၊ဗြဟ္မာခွန်းငြိမ့် ရှိပူဇော်တယ်၊ မဏိစူဠာ ဓာတ်ပေါင်းစေတီ ထင့်။

ရွှေဘုန်းတော်ပွင့် နေန္ဒန်းမျော်ချင့် မြေလုံးကျော်လွှင့် အုတ်ကြွ ညာတယ်၊ ဥက္ကဋ္ဌသဒ္ဓာ ကျူးဘော်အသွင့်။ ။ဗုဒ္ဓပူဇော သူတော်ခပင့်တို့၊ ပူဇော်သဘင် ခြိမ့်ခြိမ့်ညံ့။ ။မိုးမိတ်စက်တော် ဘုန်းတော်ပွင့်၊ သုံးဘော် သခင့် ရှင်တော့်စေတီရံ။

ဆွမ်းဝတ် ပန်းဝတ် ကမ်းညွှတ်လျှံအောင်၊ နန်းထွတ်ခေမံ ဆုမြွက် ကျူး၍၊ သူ့ထက်ငါထူး ရေကြောင်းဆီမှုန်ော်။ ။ဥဒေမောင်းဟီကြ သော် (လှေလောင်းချီကြသော်)။ ။ဟေဟီးတင်ပြဲ့ မြေကြီးငလျင်သဲ့ ရွှေထီးတင်ပွဲ့ ဤသဘင်တော်ကို၊ ကြည်ရွှင်ပျော်ပျော် ဆင်နွှဲပါကြ လေး....။

သြောင်းဇေယျတု လောင်းဥဒေခရ သောင်းမြေအထု သာဓုခေါ် တယ်၊ အမတာဆုမျှော် အောင်ပွဲသာစွဲလေး....။ ။

စက်တော်ရာ ဘုရား ပြန်လည်ပြင်ဆင် ဆောက်လုပ်ရာတွင် ဗန္ဓုလဦးစီန်(သား သနာရေး)နှင့် ဆရာဆိုင် (မြန်မာဗိသုကာကြီး)တို့၏ ဉာဏ်စွမ်းအားများကို ရယူခဲ့ပေသည်။

ရွှေဘုန်းပွင့် ဘုရား
သစ္စာတိုင် ရတုပိုဒ်စုံ

၁။ ဆန်းလတိုးက။ ။မိုးစွန်အာကာ၊ စန်းသော်တာလျှင်၊ တိမ်လွှာကင်းစင်၊ လွန်ကြည်လင်လျက်၊ မြင်သူနှလုံး၊ ကြည်ရွှင်ပြုံးသို့၊ မြကုံးနက်မင်၊ မျက်ခုံးရှင်ကို၊ ဘယ်တွင်ဘယ်ခါ၊ ဒေဝါဒေဝီ၊ ကေ-ကေသီတို့၊ ယှဉ်ညီပြိုင်အံ့၊တုမောဝံ လိမ့်....၊ လွတ်စံ့လှထွတ်၊ယိမ်းမည့်တ်၍၊ မြတ်လှဘုန်းခေါင်၊ မိုးမိတ်တောင်မှ၊ ကြယ်ရောင်လ, ရောင်၊ နေအရောင်ထက်၊ ရုံးပြောင်ရောင်ဖွင့်၊ 'ရွှေဘုန်းပွင့်'လျှင်၊ သူနှင့်ရစ်ဆုံ၊ မေတ္တာပုံ၍၊ တူစုံမကွာ၊ ချစ်ညွှန့်ဖြာအောင်၊ ဖြည့်ပါလေကြောင်း၊ ဉာဏ်တော်လောင်းပါ့....၊ ရှစ်သောင်းလေးထောင်၊ မြင့်ခေါင်မြင့်မား၊ မြင့်မိုရ်လားသို့၊ မခြားကျွန့်ချစ်၊ ခိုင်တည်လစ်ဟု၊ ဇွဲစစ်စံမြှုံး၊ ဝင်းတော်မှူးအား၊ တင့်ဦးခါခါ၊ လျှောက်တုံပါ၏၊ သူဇာနတ်သွင့်၊ လှလွန်တင့်၍၊ နတ်နှင့်နှိုင်းလို၊ အကျွန်ဆိုသည်၊ ၊**ဗျို့နဲ့ ဘယ်နံ့ ယုံပါအုံ့**။

၂။ နန်းမြဖြိုးက။ ။မြင့်မိုးဝလာ၊ပုဏ္ဏားမာတွင်း၊ရောင်ဖြာလျှံပွင့်၊ သရေတင့်သို့၊ သခင့်မျက်နှာ၊ ဆင်းရူပါလည်း၊ စန္ဒာတမူ၊ လှရည်တူဟု၊ ချစ်သူအကျွန်၊ ကြည်စိတ်သွန်တည့်....၊ ရှေ့စွန်ဥဒည်၊ သောက်ရှုံးသည်လျှင်၊ ဖြာစည်နှစ်ခိုင်၊ ထွန်းမြှုံးပြိုင်သို့၊ လှပိုင်မှုက်လုံး၊ ကြည်ရွှင်ပြုံးသား၊ လှရုံးရှင်ပိုင်၊ ချစ်ဆုပိုင်အောင်၊ ဘုန်းလိုင်ခြောက်ဆင့်၊ 'ရွှေဘုန်းပွင့်'က၊ လှတင့်လှမော၊ လှခေါချစ်စိတ်၊ လျှံ လျှံ ဖိတ်အောင်၊ နိမိတ်ရွှေရင်၊ ချိတ်ဆွဲငင်ပါ့....၊ သုံးခွင်ထင်ပေါ်၊ 'ဝင်းမှူးတော်'က၊ တောင်းသော်ဆုပြီ၊ ဖြစ်ရဘိဟု၊ နှံ့သိကျော်ကြား၊ ခြောက်ရပ်ကွား၍၊ ကျွန်အားသက်ဝေ၊ ချစ်မျှလေဟု၊ မသွေမချုတ်၊ တောင်းဆုဆုတ်လျက်၊ ညှတ်ညှတ်ညို့သွယ်၊ ချစ်နှိုးကြွယ်ဟု၊ သက်လှယ်လှကို၊ မိန့်ဟဆိုသည်၊ ၊**ညို့လဲ့ ဘယ်နံ့ ဆုံပါအုံ့**။

၃။ ပန်းလှမျိုးက။ ။နွေ-မိုး-ဆောင်းရှည်၊ သုံးပတ်လည်သား၊ ဘယ်မည်ဘုံနတ်၊ သက်တုံလတ်၍၊ မပြတ်ကျွန်ုကို၊ ချစ်ရေးဆိုလည်း၊ မယ့်ကိုနှံသက်၊ သံမှုန်ကသို့၊ မပျက်မပြား၊ ခိုင်ကျည်ငြားတည့်....၊ နတ်များ ကြည်ဖြူ၊ နံ့လိုင်ကြူဟု၊ မဋ္ဌသက၊ နတ်ပန်းလှန်ုင့်၊ တူမျှတဖြာ၊ အာသာဝတီ၊ နတ်နွယ်နီတို့၊ ယှဉ်ညီထုံပျံ့၊ ခြောက်ရပ်နံ့သို့၊ ရနံ့မွှေးကြူ၊ ညီနွှဲမှုနှင့်၊ ရည်တူပုံ့သင်း၊ ကြိုင်နံ့ရှင်းတည့်၊ ဖြူစင်းသဘော၊ တွင်းမနောကား၊ ဇောတိမျက်လှ၊ ဝေပူမြှုနှင့်၊ ရည်မျှဂုဏ်သန့်၊ ပြည်လုံးပြန့်တည့်....၊ ပျံ့ကွန့်တေဇာ၊ 'ဝင်းမဟာ'၏၊ ဝေဆာကုန်းမြင့်၊ 'ရွှေဘုန်းပွင့်'က၊ ဘုန်းဆင့်ထူကာ၊ ကျွန်ုချစ်လွှာကို၊ ရွှေစာရွှေရစ်၊ ရွှေကညစ်ဖြင့်၊ သစ္စာကုန်ခွဲ၊ မေတ္တာဖွဲ့သည်၊ ။အိုဘယ် ဘယ်နံ့ ထုံပါဘုံ။ ။

စာဆို့တော်
လက်ဝဲမင်းညို
(၂၄-၉-၀၁)

ကော်ဇင်း။ ■သဝေလွတ် ခွီ-ချ၊ ရွှေလောင်းပြန်ချီ၊ သော်တာရောင်၊ မြိတ်သွယ်၊ ခိုင်ညွန့်ခက်ဖြာ၊ ၇-လုံးချ။ ■

မင်းတရ



မိုးမိတ်မင်းသားကြီး၏ ကိုယ်ရံတော်တပ်မှူး 'ဗိုလ်တေဇ' **တည်ထား**ခဲ့သော စေတီကို 'မင်းတေဇဘုရား'ဟု ဘဲမည်ခေါ်ဆို **ကြသည်။**

ထိုစေတီကား မိုးမိတ်ကုန်းမြေ၏ မြောက်ဘက်စွန်း၊ အတိ အကျ ဆိုရပါသော် မိုးမိတ်စေတီတော်ကြီး၏ အရှေ့မြောက်ယွန်း ပေသုံးရာ အကွာခန့်တွင် တည်ရှိသည်။ ဘုဂ်တော်အားဖြင့် အတောင် ၂၀ ခန့်ရှိ၍ ယခုအခါ ရှေးပုံတော်မပျက် ပြုပြင်မွမ်းမံ ထားလျက် ရှိလေသည်။

မိုးမိတ်ကုန်းမြေတွင် အလားတူ စေတီရံ၊ စေတီငယ်များ လည်းရှိ၍နေသည်။

ဘုရားပုထိုး အဆူဆူရှိ၍နေခြင်းဖြင့် "ပသာဒ ဖြစ်လှ သည်"ဟု မြင်တတ်သော ဗုဒ္ဓဘာသာဝင်တို့အဖို့ ကြည်နူးဖွယ် ရှိလှချေ၏။

၃။ ပန်းလှမျိုးက။ ။နွေ-မိုး-ဆောင်းရှည်၊ သုံးပတ်လည်သား၊ ဘယ်မည်ဘုံနတ်၊ သက်တုံလတ်၍၊ မပြတ်ကျွန့်ကို၊ ချစ်ရေးဆိုလည်း၊ မယ့်ကိုနှံသက်၊ သံမှုန်သို့၊ မပျက်မပြား၊ ခိုင်ကျည်ငြားတည့်....၊ နတ်များကြည်ဖြူ။ နံ့လိုင်ကြူဟု၊ မဋ္ဌသက၊ နတ်ပန်းလှန့်၊ တူမျှတဖြာ၊ အာသဝဝတီ၊ နတ်နွယ်နီတို့၊ ယှဉ်ညီထုံပျံ့၊ ခြောက်ရပ်နံ့သို့၊ ရနံ့မွှေးကြူ၊ ညီနွှဲမှုန့်၊ ရည်တူပျံ့သင်း၊ ကြိုင်နံ့ရှင်းတည့်၊ ဖြူစင်းသဘော၊ တွင်းမနောကား၊ ဇောတိမျက်လှ၊ ဝေပူမြှုန့်၊ ရည်မျှဂုဏ်သန့်၊ ပြည့်လုံးပြန့်တည့်....၊ ပျံကွန့်တေဇာ၊ 'ဝင်းမဟာ'၏၊ ဝေဆာကုန်းမြင့်၊ 'ရွှေဘုန်းပွင့်'က၊ ဘုန်းဆင့်ထူကာ၊ ကျွန့်ချစ်လွှာကို၊ ရွှေစာရွှေရစ်၊ ရွှေကညစ်ဖြင့်၊ သစ္စာကုန်ခွဲ၊ မေတ္တာဖွဲ့သည် ၊အိုဘယ် ဘယ်နံ့ ထုံပါဘုံ။ ။

စာဆို့ဘော်
လက်ဝဲမင်းညို
(၂၄-၉-၈၁)

မှတ်ချက်။ ။သဝေပွတ် ခို်-ချ၊ ရွှေလောင်းပြန်ချီ၊ သော်တာရောင်၊ ဖြိုက်သွယ်၊ ခိုင်ညွှန့်ခက်ဖြာ၊ ၇-လုံးချ။ ။

မင်းတရ

မိုးမိတ်မင်းသားကြီး၏ ကိုယ်ရံတော်တပ်မှူး 'ဗိုလ်တေဇ' **တည်ထားခဲ့သော** စေတီကို 'မင်းတေဇဘုရား' ဟု ဘဲမည်ခေါ်ဆို **ကြသည်။**

ထိုစေတီကား မိုးမိတ်ကုန်းမြေ၏ မြောက်ဘက်စွန်း၊ အတိအကျ ဆိုရပါသော် မိုးမိတ်စေတီတော်ကြီး၏ အရှေ့မြောက်ယွန်းပေသုံးရာ အကွာခန့်တွင် တည်ရှိသည်။ ဉာဏ်တော်အားဖြင့် အတောင် ၂၀ ခန့်ရှိ၍ ယခုအခါ ရှေးပုံတော်မပျက် ပြုပြင်မွမ်းမံထားလျက် ရှိလေသည်။

မိုးမိတ်ကုန်းမြေတွင် အလားတူ စေတီရံ၊ စေတီငယ်များ လည်းရှိ၍နေသည်။

ဘုရားပုထိုး အဆူဆူရှိ၍နေခြင်းဖြင့် "ပဿဒ ဖြစ်လှသည်" ဟု မြင်တတ်သော ဗုဒ္ဓဘာသာဝင်တို့အဖို့ ကြည်နူးဖွယ် ရှိလှချေ၏။

မင်းကွန်း ဒိုးဒိတ်

မင်းတော

ဘုရားတိုင် ရတုပိုဒ်စုံ

(၁) ကြာနံ့ထုံ၍။ ။ထက်ဘုံအာကာ၊ ပုဏ္ဏမာတွင်၊ လျှံဝါစန္ဒီ၊ သဝကိဘို၊ ယှဉ်ညီနှစ်ဆိုင်၊ နှစ်ပါးပြိုင်တည့် ... ၊ နှစ်ခိုင်ပုံးစာ၊ မဆုံပါ၍၊ သူဌေးနတ်နွယ်၊ ချစ်ကြိုးသွယ်အောင်၊ ဘုန်းကြွယ်"တေဇ-စေတိယ" ဟု၊ လောကသုံးခွင်၊ ဘုံသုံးပြင်တွင်၊ ပြိုင်ယှဉ်ကင်းဘိ၊ တုမရှိသား၊ မုနိမြတ်ရှင်၊ ကျွန်ုထိပ်တင်က၊ နှတ်အင်လှသွေး၊ မြင်သူငေးလျှင်၊ မနေးလျင်လျင်၊ ချစ်တုံတင်အောင်၊ မြတ်ရှင်ကူမ၊ တန်ခိုးပြပါ့... ၊ မိုးဝစန္ဒာ၊ ကြယ်တာရာနှင့်၊ နှစ်ဖြာတူပြိုင်၊ နန်းချင်းဆိုင်သို့၊ငါးခိုင် ရွှေကြာ၊ ဖြူနီပြာကို၊ မြတ်စွာလေးဆူ၊ ရည်မှန်းလှူ၍၊ချစ်သူနတ်သွင်၊ လှခေါင်တင့်နှင့်၊ တူရွှင်ကြည်စွာ၊ ချစ်နံ့ဖြာ၍၊ သစ္စာမခန်း၊ ကပ်ဆုံး လန်းသည်... ၊ ချစ်ပန်းသီသီ ထုံပါလှည့်။

(၂) မှာဝံ့ယုံ၍။ ။သက်ပုံမဋ္ဌ။၊ ကြွေ့နန်းသူကို၊ ရစ်ချေ။ မောင်တာ၊ ခိုင်သစ္စာဖြင့်၊ မကြာကျွန်နှင့်၊ ပူးဆုံခွင့်ကို၊ ဖွင့်ထိုး" တေဇ-စေတိယ" ဟု၊ လောကမားရင်ုန်၊ စောမုနိန်လျှင်၊ ပြင်းရှိန်တေး၊ တန်ခိုးပြလျက်၊ မိန်ဟသော့ထွေ၊ ဆင့်ခေါ်ခြေပါ့....၊ တန္ဒေကျွန်းကျွန်း၊ တမိုးယွန်း၍၊ တသွန်းဟေမန်၊ သုံးရစ်ဖန်လည်း၊ တုံ့ပြန်မေတ္တာ၊ ပင့်မဖြာ၍၊ ကြာနန်းနွယ်မှတ်၊ စံတုလွတ်လျှင်၊ မချတ်ရှင့်မှာက်၊ ပူးမြော်ရောက်သော်၊မဖောက်သစ္စာ၊ ကျွန်ုမေတ္တာကား၊ သိလာပံသု၊ရှိနှင်းတုဟု၊ ဖွင့်ပူဇော်ခွန်း၊ မိန့်တော်ညွှန်းပါ့၊ ဒေစွန်း ငွေလ၊ ထက်သစ်စသို့၊ ရွှမရွှပါ၊ သူ့သူဌာထက်၊ မူထာဟောင်ဆင့်၊ လှခေါင်တင့်က၊ ကျွန်နှင့်ဆောင်ကွန်း၊ သစ္စာသွန်းသည် ၊ တင်ခွန်းပြိုပြို ယုံပါလှည့်။

(၃) လာအုံ့ဆိုး၍။ ။သက်ပုံမယ်နှင့်၊ မေတ္တာပွင့်အောင်၊ ခြောက်ခွင့်ထောင်ခြည်၊ အဝတ်လည်မျှ၊ ဘွဲ့မည်"တေဇ—မြတ်ရှင်လှ"ဟု၊ ငါးပါးပဒါခြေ၊ ပရမေလျှင်၊ နှစ်ထွေကဲဆင်၊ ပူးချင်းယှဉ်လျက်၊ ရွှေဝဲငှက်မြမျက်၊ ဂဟေဆက်သို့၊ နတ်ဥက်ယိုးမှား၊ ပြိုင်ဘက်ရှားနှင့်၊ ထူးခြားသာစွ၊ တာကူးလတွင်၊ စံတြနက္ခတ်၊ ထွန်းလင်းလတ်သော်၊ ပန်းမြတ်ကုံကော်၊ ကြိုင်လိုင်ဆောင်က၊ သက်ဖော်သက်ထား၊ ကြာနတ်ဖွားနှင့်၊ စုံလျားရစ်အောင်၊ ဉာဏ်တော်ဆောင်ပါ့ ၊ ဘုန်းခေါင် "ဇတေ"၊

မင်းကွန်းတိပိဋကဓရဆရာသန္တာပြုအမွှဲ

ထူးထူးပလှင်၊ မြသပြေကူ၊ ကွန်းမိတ်ဌမှ၊ လွှင့်ထူတန်ခိုး၊ မိုးနှင်မိုးလျက်၊ ပြည့်ဖြိုးဆုဝ၊ တောင်းတိုင်းရ၍၊ မိဿသဘင်၊ ဝယူပျော်ရွှင်ရန်၊ ဘုန်းရှင်"တေဇ"၊ ဆုပြည့်သပါ့ ...၊ လ၊ နှစ်ကုန်ကျွန်း၊ သုံးနှစ်ဝန်းသည် ...၊ နှစ်ဆန်းပိမိ ဆုံပါလှည့်။

စာဆိုတော်-လက်ဝဲမင်းညို
(၆-၁၀-၈၁)

ပုတ်ချက်။ ။ ပုလဲသွယ်ချီ၊ စံပယ်ချီ ၊ ချ၊ မြင်းဆက်ခွ၊ သဝေလွတ်ချ၊ ယမက၊သော်တာရောင်၊ ခိုင်ညွှန့်ခက်ဖြာ(၇)လုံးချ။ ။
"သတ်ကျော်၍ပါ၊ ပွဲချီရာဝယ်၊ ပုလဲသွယ်"

တိဝိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်



မြတ်စွာဘုရားသခင် လက်ထက်တော်တွင် အရှင် အာနန္ဒာမထေရ်မြတ်သည်–

* အကြားအမြင်မျှားခြင်း၊
* တရားစကား ကြာမြင့်စွာ သတိရှိရှိ ဆောင်ထားနိုင်ခြင်း၊
* မြတ်ဘုရားဟောသည့်အတိုင်း သိစွမ်းနိုင်ခြင်း၊
* လုံ့လဝီရိယ အားကောင်းခြင်း၊
* မြတ်ဘုရားအား ပြုစုလုပ်ကျွေးခြင်း၊

ဤအချက် (၅) ချက်တို့နှင့် ပြည့်စုံခြင်းကြောင့် "တရား ဘဏ္ဍာစိုး" အမြတ်ဆုံးဘွဲ့ "တေဒင်" ကို ရရှိတော်မူခဲ့လေသည်။ မျက်မှောက်ခေတ်တွင် ဆရာတော်သည် သူတကာတို့ ရနိုင်ခဲလှသော "ဓမ္မဝိနယ" စွမ်းရည်ဖြင့် "တရား ဘဏ္ဍာစိုး" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့လေပြီ။

ဗုဒ္ဓဘာသာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ အခွန့်ရှည်ရေးတို့အတွက် တိပိဋကဓရအာဇာနည်များ ထွန်းကားများပြားစေလိုသော ဆရာတော်၏ ကြီးမားမြင့်မြတ်လှသော ဆန္ဒနှင့်တကွ စိမံလုပ်ဆောင်ချက်များကား အောင်မြင်လှချေ၏။ ဆရာတော်သည် သာသနာတော် အတွက် "နေတစင်းပမာ" အလင်းဆောင်လျက်ရှိသတည်း။

တိပိဋကတ=နိကာယ
သာသနာပြုအဖွဲ့.
အကျိုးဖတ်ဆောင်

မန်းဓမ္မတိဋ္ဌိုးလှဓြ
၏
အာဇီဝဋ္ဌကသုတ်

ပရိယတ္တိ စာပေခရီး ဖြတ်သန်းခဲ့ပုံ

၁၂၇၃ - ခုနှစ်၌ မြင်းခြံမြို့နယ်တွင် ဖွားမြင်ခဲ့သော တိပိဋကဓရ အာလျာ အရှင်သူမြတ်သည် အသက် ၈-နှစ်အရွယ်မှစ၍ မြင်းခြံမြို့ မင်းကျောင်းတိုက်သစ်တွင် နေလျက် ပရိယတ္တိစာပေကို စတင်သင်ကြားခဲ့ရာ အသက် ၁၅-နှစ် ၁၆-နှစ်တွင် အစိုးရ ပထမငယ်၊ ပထမလတ် စာမေးပွဲများကို နှစ်ချင်းစီ အောင်မြင်ခဲ့သည်။ (အသက် ၁၆-နှစ်အရွယ် နောက်ပိုင်းမှစ၍ သာမဏေဘဝ ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတ မကျန်းမာသည်ကို သုံးနှစ်ရာသီ အနှံ့အတာခံ ပြုစုခဲ့၍ ဆရာတော် ဦးသောဘိတ ပျံလွန်ပြီး စျာပနကိစ္စ ပြီးစီးလတ်သော်) အသက် ၁၉-နှစ် အရွယ်၌ မန္တလေးမြို့ အနောက်ဘက် မင်းကွန်း ဓမ္မနာဒ တိုက် ဆရာတော် ဦးပညာစက္က ထံတွင် ဆည်းကပ် လျက် ဆရာတော်နှင့် သစ္စဝါဒီဋီကာ ကျမ်းပြု



သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီ တို့၏ စောင့်ရှောက်မှုဖြင့် ပညာ ဆက်၍ သင်ခဲ့ရာ အသက် ၂၀ ရဟန်း ဖြစ် စတွင် ပထမကြီးတန်း၊ ၂၁-နှစ်တွင် အမျိုးသား ပထမကြီးတန်း၊ ၂၂ နှစ်တွင် သက္ကသိဟ စာသင်တန်း၊ ၂၃ နှစ်တွင် သက္ကသိဟ စာချတန်းနှင့် အစိုးရ ပဌမကျော်တန်းတို့ကို ဆက်တိုက် အောင်သဖြင့် ပထမဆုံး သက္ကသိဟ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့ကို ရရှိခဲ့ပါသည်။

အသက် ၂၆ နှစ် ရဟန်းဝါ ၇ ဝါ ရပြီး၍ ၈ ဝါသို့အရောက် ၁၂၉၉ ခုနှစ်၊ တော်သလင်း လဆုတ် ၉ ရက်နေ့ တွင် ဆရာတော် ဦးပညာစက္က ပျံလွန်တော်မူ၍ ထိုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဓမ္မနာဒတိုက်၏ တိုက်အုပ် နာယက ဆရာတော် အဖြစ် တာဝန်ယူ၍ ရဟန်းငယ်၊ ရှင်ငယ်တို့အား စာပေ ပရိယတ် ပို့ချခဲ့သည်။ (ဆရာတော်သည် ညောင်ကန်ဆရာတော်ကြီး၊ ဘုရားကြီး

'အတ္တဟိတ' ခေါ် မိမိ၏ စာပေလုပ်ငန်း အကျိုးအတွက် ကိစ္စအဝဝ ပြီးစီးခဲ့လေသည်။

ဆဋ္ဌသင်္ဂါယနာ၌ အဖြိုပုဂ္ဂိုလ်

ထိုမှနောက်၌ကား ဆရာတော်သည် 'ပရဟိတ' ခေါ် အမျိုးဘာသာ သာသနာနှင့်တကွ လောက အကျိုးကို ပါမကျန် ရှေးကထက်ပင် ပင်ပန်းကြီးစွာ ခံလျက် နေ့ညမကွာ ဆောင်ရွက်ခဲ့ပုံကို ကျွန်တော်သိသမျှ ဖော်ပြပါရစေ....

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် သာသနာ့သမိုင်းတွင် ထူးခြားလှသော မှတ်တိုင်ဖြစ်သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပရန် အနှစ်နှစ် အလလက စိုင်းပြင်းလာခဲ့ရာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ အင်္ဂါအစိတ်အပိုင်း တစ် ခု ဖြစ်သော 'တိပိဋကရပုဂ္ဂိုလ်သူး'ယခုလို အချိန်မီ ပေါ် ထွက် လာ ခဲ့ သ ဖြင့် သာ သ နာ

ဆရာတော်ကြီး ဦးဇာဂရ တို့ကို မှီရာ နိဿရည်းပြု၍ မယ်တော်ကြီး ဒေါ်မဓု စာရိ၏ စောင့်ရှောက် အားပေးမှုဖြင့် တိုက်တာဝန်ကို ကောင်းစွာ အုပ်ချုပ် နိုင်ခဲ့သည်။) အသက် ၂၉ နှစ်တွင် ပထမ ဆုံးအကြိမ် စတင် ကျင်းပသော အစိုးရ စာချုပ်တန်းကို ဝင်ရောက်ဖြေဆိုရာ နှစ် ချင်းစဉ် ဂုဏ်ထူး ၃ ကျမ်းဖြင့် အောင် မြင်၍ သာသနဓဇ သီရိပဝရမဟာစရိယ ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် အသက် ၃၉ နှစ်တွင် တတိယအကြိမ် ကျင်းပသော တိပိဋကခရ စာမေးပွဲတွင် ဝိနယပိဋက၊ အသက် ၄၀ တွင် အဘိဓမ္မပိဋက ရှေ့ပိုင်း ၅ ကျမ်း၊ ၄၁ နှစ်တွင် အဘိဓမ္မ ပိဋက နောက်ပိုင်း ၂ ကျမ်း၊ အသက် ၄၂ နှစ် ၁၃၁၅ ခုနှစ်တွင် သုတ္တန္တ ပိဋက ဒီဃနိကာယ် ကျမ်းတို့ကို ဝင် ရောက်ပြန်ဆို၊ ဖြေဆိုခဲ့ရာ တစ်ကြိမ်မျှ အကျအရှုံးမရှိ အာဂုံပြန်ရော၊ သဘော ရေးဖြေပါ ဂုဏ်ထူးဖြင့်ချည်း အောင် မြင်ခဲ့လေရာ (တိပိဋက ဓရ စာမေးပွဲ ကျင်းပသည့် ၆ ကြိမ်မြောက်၌) ပထမ အဝိုးဆုံး 'ဝိသိဋ္ဌ တိပိဋကဓရ မဟာ တိပိဋကကောဝိဒ' ဂုဏ်ထူး နှစ်ဆင့်နှင့် တကွ 'တိပိဋကဓရ မဓုဘဏ္ဍာဂါရိက' ဘွဲ့ကို ရရှိသည့် ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။

ဤသို့လျှင် ဆရာတော်သည် အသက် ၄၂ နှစ်၊ ၁၃၁၅ ခုနှစ် တွင် ပရိယတ္တိ စာသင်သားတို့ ဖြတ်သန်းရမည့် စာမေး ပွဲပန်းတိုင်ကို ပါမကျန် ဆုံး ခန်း တိုင် အောင်မြင် အပြီးအဆုံး ရောက်ခဲ့သဖြင့်

၂၅၀၀ ပြည့်နှစ်နှင့် အချိန် ကိုက် လျက် ဆင်္ဃသင်္ဂါယနာတင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အင်္ဂါတစ်ပါး ရရှိလေပြီ။

ဆင်္ဃသင်္ဂါယနာတင် ဓမ္မသဘင်ပွဲကြီး ကို ၁၃၁၆-ခုနှစ်မှစ၍ ၁၃၁၈ ခုနှစ်အထိ ၂ နှစ်တိုင်တိုင် ပါဠိတော် သင်္ဂါယနာတင်ပွဲ ကျင်းပလေရာ မဟာစည် ဆရာတော် ဘုရားကြီး က အမေးပုဂ္ဂိုလ် 'ပုစ္ဆက' အဖြစ် ဆောင်ရွက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ က အဖြေပုဂ္ဂိုလ် 'ဝိဿဇ္ဇက' အဖြစ် ဆောင်ရွက်လေသည်။ သင်္ဂါယနာ၌ အဖြေပုဂ္ဂိုလ်သည် ပိဋကသုံးပုံနှင့် ပတ်သက်၍ အမေးပုစ္ဆာပြဿနာအားလုံးကို တိကျ မှန်ကန်စွာ ဖြေဆိုနိုင်သော အရှင်အာနန္ဒာ မထေရ်မြတ်လို ပုဂ္ဂိုလ်ထူးမျိုး ဖြစ်ပါမှ စံချိန်မီ သင်္ဂါယနာတင်ပွဲ ဖြစ်နိုင် အောင်မြင်နိုင်သည်။ ဤကဲ့သို့ တိပိဋကဓရ ပုဂ္ဂိုလ်ထူး ပါဝင် ဆင်နွှဲခဲ့သဖြင့် ဆင်္ဃသင်္ဂါယနာသည် အင်္ဂါ တစ်စိတ်တစ်ပိုင်း ပြည့်စုံကာ သင်္ဂါယနာသမိုင်းတွင် ရှေးရှေး သင်္ဂါယနာ တင်ပွဲများ ကဲ့သို့ အဆင့်အတန်းမီသော သင်္ဂါယနာ တင်ပွဲကြီး အဖြစ်ဖြင့် ထူးကဲစွာ အောင်မြင် ထမြောက်မှု ရရှိခဲ့လေသည်။

ဆရာတော်သည် ဆင်္ဃသင်္ဂါယနာ၌ အဖြေပုဂ္ဂိုလ်တာဝန်ကိုသာ ဆောင်ရွက်ရသည်မဟုတ်သေး။ ပိဋကတ် ပါဠိတော် များ၌ ကာလ ကြာညောင်း၍ အရေးအကြီး တိမ်းစောင်းခဲ့သော ပုဒ်ပါဠိအကြောရာ ချွတ်ယွင်းချက်များကို ပထမရွေးဖျားသုတ်သင်ရသော မူလ ဝိသောဓက ပုဂ္ဂိုလ်အဖြစ်၊ တဖန်ထပ်၍ သုတ်သင်ရသော ပဋိဝိသောဓက ပုဂ္ဂိုလ်အဖြစ်၊ နောက်ဆုံးအပြီးသတ် သုတ်သင်ရသော ဩသာနသောဓက ပုဂ္ဂိုလ်အဖြစ်ဖြင့်လည်း တာဝန်ယူ ဆောင်ရွက်ရသည်။ ပါဠိတော် သင်္ဂါယနာပြီးဆုံးပြီးနောက် အဋ္ဌကထာဋီကာ သင်္ဂါယနာတို့၌လည်း အဖြေပုဂ္ဂိုလ်အဖြစ် လည်းကောင်း၊ ဩသာနသောဓက ပုဂ္ဂိုလ်အဖြစ် လည်းကောင်း အရေးကြီးသော အခန်းတို့မှာ စွမ်းစွမ်းတမံ အပင်ပန်းခံ၍ ဆောင်ရွက်ခဲ့လေသည်။

မဟာဗုဒ္ဓဝင် ကျမ်းဖြစ်ပုံခြင်း

၁၃၁၃-ခုနှစ်၌ (ထိုအချိန်က နိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သူ) ဦးနုသည် ဆရာတော်အား ဗုဒ္ဓအကြောင် အရာနှင့် ပတ်သက်၍ အပြည့်စုံဆုံးဖြစ်သော မဟာဗုဒ္ဓဝင် ကျမ်းကြီး ရေးသားပြုစုရန် တောင်းပန်ခဲ့သည်။ ဆရာတော်က ဆင်္ဃသင်္ဂါယနာတင်ပွဲ အမှီ တိပိဋကဓရ စာမေးပွဲအောင်နိုင်ရန် လုံးပန်းနေရသဖြင့် ထိုတောင်းပန်ချက်ကို ငြင်းပယ်ခဲ့ရလေသည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်သည် ရှေးဦးစွာ မေဓာဝီဆရာကြီးဦးဆိုင်အား တာဝန်ပေးခဲ့သည်။ ဆောင်ရွက်၍

တပိုင်းတစမျှ လပိုင်းကာလမျှဖြင့် ရေးသားဆဲဘွင် ဆရာကြီးဦးဆိုင် ကွယ်လွန်ပြီးနောက် ပဌမကျော်ဆရာကြီး ဦးကြီးဖေက ဆက်လက် ရေးသား ခဲ့ပြန် ရာ မပြီးစီး ခဲ့ပေ။ ထို နောက် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းက ဆက်လက် အုပ်ချုပ်ရေးသားခဲ့ရာ ပဌမတွဲတစ်အုပ် စာမျှအပြီး ၁၃၁၆ ခု နှစ်၌ ဆရာကြီး ဦးလင်း ကွယ်လွန်သွားခဲ့လေသည်။

ဤဘွင် နိဒါန်းတော်ဝန်ကြီးချုပ်သည် တဖန် ဆရာတော်အား မဟာဗုဒ္ဓဝင် ကျမ်းကြီး အပြီးသတ် ရေးသားရန် လျှောက်ထား တောင်း ပန် ပြန် သည်။ ဆရာတော် သည် လက်ရှိ ဗုဒ္ဓဝင် ကျမ်း ရေးသားနေဆဲ ပညာရှင်တို့ ထမင်းအိုး မကွဲစေရန် ရည်ညွှန်း၍ 'လက်ရှိဗုဒ္ဓဝင် ဌာန စာရေးပညာရှင်တို့ ရေးမြရေးနှင့် ကြပါစေ၊ ပါဠိတော် သင်္ဂါယနာပြီးဆုံး သောအခါ ကိုယ်ဖိရင်ဖို ဆောင်ရွက်ပါ မည်'ဟု ဝန်ခံလိုက်ပြီး ၁၃၁၈-ခုနှစ်မှ စ၍ အဋ္ဌကထာသင်္ဂါယနာ ဋီကာသင်္ဂါယနာတင်ဆဲမှာပင် ရှေးဖေါ်ပြရာပါ သင်္ဂါယနာကိစ္စတို့ကိုလည်း ဆောင်ရွက်၍ မဟာဗုဒ္ဓဝင်ကျမ်းဦး ပဏာမမှစ၍ မိမိစိတ်ကြိုက် စကား၊အသုံးအနှုန်းတို့ဖြင့် ကိုယ်ဘိုင်ပင် လက်နှိပ်စက်ဖြင့်ရိုက်၍ရေးသား၍ ၁၃၃၁ ခုနှစ်တွင် (ဆဋ္ဌသင်္ဂါယနာကိုရည်စူး၍) အတွဲအား ဖြင့် ၆တွဲ၊ (မဂ္ဂင်္ဂဝိပါးကိုရည်စူး၍) အုပ်ရေအား ဖြင့် ၈အုပ်၊ စာမျက်နှာပေါင်း ၅၀၀၀ ကျော်ရှိသော 'မဟာဗုဒ္ဓဝင်ကျမ်းကြီး' ပြီးစီးလေသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီးကား ပိဋကတ်စာပေသမိုင်းတွင် အကြီးဆုံး အကျယ်ဆုံး နှင့်အကြောင်းအရာ အစုံလင် ဆုံး ကျမ်းကြီး ဖြစ်၍ ဗုဒ္ဓ၏ အဖြောင်းအရာ မှတ်သားဖွယ် မြောက်မြားစွာပါရှိလေသည်။

မိုးမိတ်ဧစတီတော်များ ဖြိုဖြင်ခြင်း

၁၃၁၈-ခုနှစ်တွင် က မ္ဘာကျော် 'စစ်ကိုင်းငလျင်ကြီး' အပြင်းအထန် လှုပ်ခဲ့လေရာ စစ်ကိုင်းမြို့ တဝိုက် ပတ်ဝန်းကျင်ရှိ အုတ်အဆောက် အအုံမှန်သမျှ စေတီပုထိုး ကျောင်းကန်လူနေအိမ်များ ကြောက်ခမန်းလိလိ ပြိုလဲပျက်စီး ခဲ့ရလေသည်။ ထိုအထဲတွင် မိုးမိတ်ကုန်းမြို့ရှိ စေတီတော်များလည်း ပါဝင်လေသည်။ ဆရာတော်သည် ၁၂၉၉ ခုနှစ်တွင် မိမိ၏ ဥပဇ္ဈာယ်ဆရာ ပထမမဟာဒဆရာတော် ပျံလွန်တော်မူရာ၊ ပထမမဟာဒ ဆရာတော်မှာ ဘုရားကို အလွန်အမင်း ကြည်ညိုလှသဖြင့် ဆရာတော်၏ အရိုးဓာတ်ကို စက်တော်ရာအုပ်၍ ပူဇော်နိုင်ရန် သာသနာ့မိခင် ဆရာကြီး ဒေါ်မမှ စာရိနှင့် စက်တော်ရာ ဟောင်းများကို လေ့လာရှာဖွေကြ၍ ထန်းမြင့်ရွာ ဒကာ ဦးစုည်နှင့်ကြားချက်အရ မိုးမိတ်စက်တော်ရာစေတီကြီးကို တွေ့ရသည့် အချိန်ကပင် အစပြုကာ နှစ်စဉ်မပြတ် အချိန်ရတိုင်း မိမိတတ်နိုင်သမျှ (မိမိကျောင်းမှ ၂ မိုင်

ခန့်ဝေးဘော) ထိုမိုးမိတ်စက်တော်ရာ စေတီတော်ကို ယာသနာ့ မိခင် ဆရာကြီး ဒေါ်ခမ္မစာရီနှင့် သွားရောက် သုတ်သင်ရှင်းလင်းခဲ့ရာမှ ဆရာတော် တိပိဋကဓရဘွဲ့ရပြီး ဆဋ္ဌသင်္ဂါယနာတင် ပြီးနောက် ရှေးဟောင်း သုတေသနဌာန၏ ကျပ်ငွေ ၂၀၀ အကူအညီဖြင့် မိုးမိတ်ကုန်းမြေ သုတ်သင်ရှင်းလင်းရေး လုပ်ငန်းမှာ ကြည်ညိုဖွယ် ရှိလောက်အောင် ပြီးမြောက်ခဲ့ပါသည်။

၁၃၂၂ ခုနှစ်တွင် ဆရာတော် မကျန်းမမာဖြစ်၍ ထိုအချိန်က ဝန်ကြီးချုပ် ဦးနုနှင့် ကျန်းမာရေးဝန်ကြီး ဦးဘစောတို့သည် ဆရာတော် ဦးစီး၍ ကျောင်းဒကာကြီး ဦးဖိုးမှိ + ဒေါ်ရွှေညွန့်တို့က ဒကာခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော စံချိန်မီ မင်းကွန်း ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံကို အအပ်ခံရန် မင်းကွန်းသို့လာကြရာ စစ်ကိုင်းနှင့် မန္တလေး ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး၊ သမားတော်ကြီးများနှင့် တိုင်ပင်ကြသည်တွင် အားလုံးက၊ ဒေါက်တာ ဦးသာလှနှင့် ကုသလျှင် အသင့်တော်ဆုံးပါဟု အကြံပေးသဖြင့် ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးတို့၏ တာဝန်ပေး ညွှန်ကြားချက်အရ ဒေါက်တာ ဦးသာလှသည် ထိုအချိန်မှစ၍ ဆရာတော်၏ ကျန်းမာရေးကို တာဝန်ယူ စောင့်ရှောက် ကုသပေးခဲ့ရာမှ တစတစနှင့် သီလရှင်ကြီးများ၊ မင်းကွန်း လူအိုရုံ အဘိုးအဘွားများ၊ တောင်ရိုးရှိ ဆရာတော်ကြီးများ၏ ကျန်းမာရေးကိုပါ တာဝန်ယူ၍ ဇီဝိတဒါနအဖြစ် ကုသ ပြုစုပေးခဲ့လေသည်။

မိုးမိတ်ဓေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့

ဒေါက်တာ ဦးသာလှသည် ခုနှစ်ရက် တစ်ကြိမ် ဆရာတော်၏ ကျန်းမာရေးကို စစ်ဆေးရန် မင်းကွန်းသို့ လာရောက်သည်။ ထိုသို့လာရောက်ရာ တစ်နေ့ဦး ကျောင်းတွင် ဆရာတော်နှင့် မတွေ့ရသဖြင့် မဟာဗန္ဓုလ ဦးဆိုင် ပြုပြင်မွမ်းမံသော ကျောက်သား ဆင်းတုတော်ကို မိုးမိတ်ကုန်းမြေသို့ ပင့်ဆောင် ပို့သနေသော ဆရာတော်ထံ မိုးမိတ်ကုန်းမြေသို့ လိုက်ပါလာ၍ ထိုအချိန်မှ အစပြုကာ ဆရာဝန်ကြီး ဦးသာလှသည် ပုဂံစီးနေသော မိုးမိတ်စေတီတော်များကို ပြုပြင်လိုသည့်ကဲ့သို့လ်စေတနာ ဆန္ဒထက်သန်စွာ ရှိလာသဖြင့် ဆရာတော်၏ ဒကာရင်းများနှင့် တိုင်ပင်ညှိညှိတ်၍ ၎င်းကိုယ်တိုင် ဦးစီးပြီးလျှင် 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး' ကို ၁၃၂၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် အောက်ပါအတိုင်း ဖွဲ့စည်း လိုက် လေလည်။

မိုးမိတ်စေတီတော်မျှား ပြုပြင်စောင့်ရှောက်ရေး အဖွဲ့

၁။ ဦးဆိုင်၊ ဥက္ကဋ္ဌ၊ မဟာဗန္ဓုလ ကျောင်းဒကာကြီး၊ ဒါးတန်း၊ မန္တလေး

၂။ ဦးမိုး (ရတနာပုံ)၊ ဒု-ဥက္ကဋ္ဌ၊ သံဖြူတန်း၊ မန္တလေး

၃။ ဦးမောင်မောင်၊ ဒု-ဥက္ကဋ္ဌ၊ မင်းကွန်းရွာသူကြီး

၄။ ဦးသာလှ၊ ဘဏ္ဍာတော်ငွေထိန်း၊ ဆရာဝန်ကြီး၊ မန္တလေး

၅။ ဦးထွန်းအေး၊ အကျိုးဆောင်၊ ထောက်ပံ့ရေးဝန်ထောက်၊ စစ်ကိုင်း

၆။ ဦးစံရွှေ၊ တွဲဖက်အကျိုးဆောင်၊ ဒေါင်းရိုးရပ်၊ မန္တလေး

၇။ ဦးဌေးမောင်၊ တွဲဘက်အကျိုးဆောင်၊ အေဝမ်း ပွဲရုံ၊ မန္တလေး

၈။ ဦးကိုလေး၊ တွဲဖက်အကျိုးဆောင်၊ ရဲဌာနအုပ်၊ မင်းကွန်း

၉။ ဦးလှဖေ၊ စာရင်းစစ်၊ အုတ်သင်း၊ မန္တလေး

၁၀။ ဦးလှရွှေ(မန်းခေတ်)၊ ပြန်ကြားရေးနှင့် ဝါဒဖြန့်ချိရေး၊ မန္တလေး

အဖွဲ့ဝင်များ

က။ ဦးစံ၊ သဌေးတန်း၊ မန္တလေး

ခ။ ဦးကျော်စော၊ မြန်မာပညာရှိ၊ ဆင်တံတား၊ မန္တလေး

ဂ။ ဦးလေးဦး၊ သံဖြူတန်း၊ မန္တလေး

ဃ။ ဦးတင်မောင်အေး၊ ကျန်းမာရေးမှူး၊ မင်းကွန်း

င။ ဦးစံခ၊ ထန်းမြင့်မြောက်ရွာ

စ။ ဦးဆင့်၊ ထန်းမြင့်မြောက်ရွာ

ဆ။ ဦးဖိုးအိ၊ ကျေးရွာလူကြီး၊ ထန်းမြင့်မြောက်ရွာ

ဇ။ ဦးအောင်လှ၊ ထန်းမြင့်တောင်ရွာ

စျ။ ဦးမြအောင်၊ ထန်းမြင့်တောင်ရွာ

ည။ ဦးသူဇတော်၊ မင်းကွန်းတောင်ရွာ

ဋ္ဌ။ ဦးဝိဇ္ဇ၊ ဖောင်ခေါင်းကြီး၊ မင်းကွန်းမြောက်ရွာ... တို့ဖြစ်ကြသည်။

မိုးမိတ်စေတီတော်ကြီး ထီးတော်တင်ခြင်း

မိုးမိတ် ဂေါပကအဖွဲ့ကြီး ဖွဲ့စည်းပြီး လျှင်ပင် အချိန်မဆိုင်းပဲ လူကြီးများ၏ ဟောပြောလှုံ့ဆော်၊ ဒကာ-ဒကာမတို့၏ စေတနာသဒ္ဓာ ထက်သန်မှုတို့ကြောင့် မိုးမိတ် စေတီတော်ကြီး ပျက်စီးယိုယွင်းသည်များကို သပိတ်မှောက်မှစ၍ အသစ်တဖန် မွမ်းမံပြင်ဆင် နေ့နေ့ညည ကြိုးစားပြုပြင်ကြကာ ၁၃၂၃-ခုနှစ်၊ တော်သလင်း လပြည့်နေ့တွင် မြန်မာထီး နှင့် မွန်ထီး = ရွှေထီးနှစ်ဆင့်တင်လှူပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေရာ ထိုဘုရားပွဲ၌ ပတ်ဝန်းကျင်ကျေးရွာ ဒကာ - ဒကာမတို့သည် စေတနာ ထက်သန်စွာဖြင့် စေတီတော်များအား ဆွမ်းတော် ကြီးဟင်လှူပွဲ ကျင်းပကြသည့်အပြင် ထန်းမြင့်နှင့် မင်းကွန်းကျေးရွာ လူငယ်များအဖွဲ့ကလည်း ဝေယျာဝစ္စအဝဝကို အားစိုက်ခွန်စိုက် ဆောရွက်ကြလေသည်။

မန္တလေးမြို့မှ ဒေါက်တာ ဦးသာလှ ခေါင်းဆောင်သော ဒကာ - ဒကာမ အဖေါင်းတို့ကလည်း ဆွမ်းဂမ်းစသော လှူဒါန်းကြသည်။

၁၃၂၄ – ခုနှစ်တွင် ဒုတိယအကြိမ် မိုးမိတ်စေတီတော်များ ဘုရားပွဲနှင့် စက်တော်ရာစေတီ ဂန္ဓကုဋီတိုက် အုတ်မြစ်ချပွဲ ကျင်းပရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၊ ကိုပိဋ္ဌကဓရ ဆရာတော်-စသော ဆရာတော်သံဃာတော် ၁၀၈-ပါးတို့နှင့် ကျေးရွာများမှ သမီးကညာ ၁၀၈-ယောက်တို့က နဝရတ်အုတ်၊ ရွှေအုတ်၊ ငွေအုတ် ၁၀၈-ချပ်တို့ကို ဆက်ကပ်၍ အုတ်မြစ်ချပွဲ ကျင်းပခဲ့ပါသည်။

၁၃၂၅-ခုနှစ်တွင် တတိယအကြိမ် မိုးမိတ် စေတီတော်များ၊ ဘုရားပွဲနှင့် စက်တော်ရာစေတီတော် ထီးတင်ပွဲ၊ ရွှေဘုန်းပွင့်စေတီတော် ထီးတင်ပွဲတို့ကို ခြိမ်ခြိမ့် သည်းသည်း ကျင်းပရာ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဦးကင်နက်စိန်၊ အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်၊ ရွှေနန်းတင်၊ ရွှေဘို ဦးတင်မောင်စသော အနုသုခုမ ပညာရှင်ကြီးများကပါ ပါဝင်၍ ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

မင်းကွန်းစေတီတော်များနှင့် မင်းကွန်းရွာ မီးလင်းရေး

ဆရာတော်သည် မိုးမိတ်စေတီတော်များအတွက်သာ တင့်တယ် တိုးတက်အောင် ဆောင်ရွက်သည် မဟုတ်ပါသေး။ ရှေးဟောင်းမင်းကွန်းစေတီများအတွက်လည်း တင့်တယ်အောင် ရွက်ဆောင်ပါ၏သေးသည်။ ကျေးလက်အရပ်၌ လျှပ်စစ် မီးလင်းရေးသည် ကျေးရွာ

သာ ယာ ဖို့ အ တွက် အဓိက အချက် ဖြစ် သောကြောင့် မင်းကွန်းမှန်ကူကျေးရွာရှိ အောင်မြေစေတီတော် (ပုဂံမင်း၏မယ်တော် တည်သောကြောင့် မယ်တော်ကြီး ဘုရား ဟူ၍လည်းကောင်း၊ ဘိုးတော်၏ သား အိမ်ရှေ့ မင်းသား၏ အိမ်နေရာ၌ တည်သောကြောင့် အိမ်တော်ရာ ဘုရား ဟူ၍ လည်းကောင်း ခေါ် ဝေါ် ပါသည်။)မင်းကွန်းရွာဦး ဖောင် တော်ဦး ဆုတောင်းပြည့် ဘုရား ကို နှင့် တ ကွ မင်းကွန်းတောင်ရွာ၊ မြောက်ရွာတို့ကို ပါ မီးလင်းရေးအတွက် ရန်ကုန်မြို့၊ သိမ်ကြီးစေ့သမဂ္ဂ နာယကကြီးဦးဘရင် + ဒေါ်မြသီတို့ကို ဒါယကာ ခံစေလျက် လျှပ်စစ်မီးစက် လှူဒါန်း၍ မီးလင်းရေး ရန်ပုံငွေပင်ပါ စိုက်လှူပြီးနောက် မိုးမိတ် စေတီတော်များ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်သည်နှင့် တချိန်တည်းမှာပင် မင်းကွန်း ပုထိုးတော်ကြီး၊ မြသိန်းတန် စေတီတော်၊ မဟာဗောဓိ စေတီတော်၊ မင်းကွန်း စက်တော်ရာ စေတီတော်၊ (နောင်တော်ကြီးဘုရားခေါ်) ပုံတော် ဘုရား ဤ ၅-ဌာနတို့နှင့်တကွ မင်းကွန်း ကျေးလက် ကျန်းမာရေးဌာန၊ လုံခြုံ ရေးရဲဌာနတို့ ပါ လျှပ်စစ်မီးလင်း အောင် ရွက်ဆောင်ခဲ့ပါသည်။

ကိုယ်ကျိုးမငဲ့သည့် ဆရာတော်

ဆရာတော်သည် ဂုဏ် ပကာသနကို မမက်၊ ရိုးရိုးပင် နေလေ့ရှိသည်။ မိမိ အကျိုးထက် အများအကျိုးကို ပို၍ ကြည့် လေသည်။ (တစ်နည်းအားဖြင့် ကိုယ် ကိုယ်ကျိုးကို စွန့်လွှတ်ရှိသည်။) ပါဠိတော် သင်ကြားနာပြီးစ ၁၃၁၈ ခုနှစ် (သင်ကြား ပြီး နောက် ၁၃၁၉ ခုနှစ်ဖြစ်ပြည့် ဗုဒ္ဓဇယန္တီပွဲ ကျင်းပချိန်)တွင် နိုင်ငံ တော်အစိုးရက မှန်လုံ ရုရှားကားကြီး တစ်စီးကို အပြီးအပြတ် လှူသောအခါ 'ဘုန်းကြီးသည် တောမှာနေသည့် တော ဘုန်းကြီး ဖြစ်ပါတယ်၊ တောဘုန်းကြီး အဖို့ ဒီလိုကားမျိုး စီးလို့ မလျော်ပါ၊ အစိုးရစေတနာကို ငဲ့၍ သံဂါယနာ အောင်ပွဲပြီးရုံ အသုံးပြုပါရစေ'ဟု မိန့် ကြား၍ ၅-ရက်မျှသာ အသုံးပြု စီးပြီး နိုင်ငံတော်အား ပြန်၍ စွန့်လှူလိုက်လေ သည်။

ရတနာပုံ အုတ်သင်းအား ချီးကျူးပုံ

ဆရာတော်သည် ပိဋကတ် စာပေ၌ သာ တတ်ကျွမ်းသည် မဟုတ်။ မြန်မာ စာပေ အရေးအသား၊ ကဗျာလင်္ကာ၊ တေးထပ်၊ ထောမနာစာတမ်း စသည့် ရေးသားမှု၌လည်း ရသမြောက်အောင် ရေးနိုင်စွမ်း ရှိသည်။ မိမိ၏ ဥပဇ္ဈာယ် ဆရာ ပထမ ဓမ္မနာဒ ဆရာတော်သည် မိမိ၏ ဘွဲ့အမည်နှင့် အဓိပ္ပာယ်တူ ဖြစ် သော 'မေဓင္ကယာဥ်ပုံ' ဟူသော ကလောင်အမည်ကို အသုံးပြု၍ ကဗျာ လင်္ကာ တေးထပ်များကို ရေးစပ်လေ့ရှိ၍ ဆရာတော်သည် မိမိဆရာ၏ 'မေဓင္ကယာဥ်ပုံ' ဟူသော ကလောင်အမည်ကို ပင် အသုံးပြုလျက် ရံဖန်ရံခါ 'ကဗျာ

လက်ာ တေးထပ်တို့ကို ရေးစပ်လေ ရှိသည်။

၁၃၂၅-ခုနှစ်က မိုးမိတ်စေတီတော်နှင့် ရတနာရွှေဘုန်းပွင့် စေတီတော်တို့အား တစ်နေ့တည်းမှာပင် ရွှေထီးအထွတ်တင် လှူသော ပွဲတွင် မန္တလေး မြို့မှ 'ရတနာပုံ ဗုဒ္ဓပူဇနိယ ဥဿာဟအသင်းကြီး'က ဒုတိယအကြိမ် လာရောက်ပါ၀င်ဆင်နွှဲပူဇော်သောအခါ ဆရာတော်သည် ထိုအသင်းကြီးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် အောက်ပါ မင်္ဂလာရှစ်ဆယ်ပေါ် တေးထပ်ကို ရေးစပ်ခဲ့လေသည်။

ဒေ၀ါပြဟ္မာ ညီထွေခ၊ ပြည်ရွှေအမတ ဆောင်စိတဲသန်။ ဤမြေဌာန တောင်ရိပ်ပျံ၀ယ်၊ အောင်အတိတ်သံကျူးသီရင့်။ ။

သမ္ဘာထွန်းထိန် လှိုင်ဖြာရွှန်းအိမ့် သံသာခွန်းငြိမ့် ရှိပူဇာတယ်၊ မဏိစူဠာ ဓာတ်ပေါင်း စေတီထင့်။

ရွှေဘုန်းတော်ပွင့် နေနှုန်းမျှော်ချင့် မြေးလုံးကြော်လွှင့် အုတ်ကြွေညာတယ်၊ ဥက္ကဋ္ဌ သဒ္ဓါ ကျူးဘော် အသွင့်။ 'ဗုဒ္ဓပူဇာ'သူတော်ခပင့်းတို့၊ ပူဇော်သဘင့် ခြိမ့်ခြိမ့်ညံ။ မိုးမိတ် စက်တော် ဘုန်းတော် ပွင့်၊ သုံးဘော်သင့် ရှင်တော် စေတီရုံ။

ဆွမ်း၀တ် ပန်း၀တ် ကမ်းညွတ် လှိုအောင်၊ နန်းထွတ်ခေမံ ဆုမြွက်ကျူး၍၊ သူ့ထက်ငါထူး ရေကြောင်းဆီမှနော်၊ ငွေမောင်း ဟိကြသော်၊ (တစ်နည်း လှေလောင်းခို့ကြသော်) ဟေ-ဟီးတင်ပြု မြေကြီး ငလျင်သဲ့ ရွှေထီး တင် ပွဲ ဤသဘင်တော်ကို၊ ကြည် နှင် ပျော် ပျော် ဆင်နွှဲပါကြလေး။

သြောင်းဇယျတု သောင်းငွေခရု သောင်းမြေအထု သာမဲ့ခေါ်တယ်၊ အမတာဆုမျှော် အောင်ပဲ့ သာစွလေး....။

(၎င်းတေးထပ်ကို ရွှေမန်း ဦးဘင်မောင်နှင့် ဦးကနက်စိန်တို့က သီဆို ပူဇော်ကြသည်။)

ထို့အပြင် ဖော်ပြရာပါ ရွှေထီး တင်လှူပွဲသဘင် ဆင်ယင်ကျင်းပချိန်၌ ဆရာလယ်တီ ဦးလှပိုင်က 'ရှစ်ဆယ်ပေါ်တေးထပ်'ကို ရေးစပ်သီကျူး ရွတ်ဆိုသည်ကို ကြားရသဖြင့် ဆရာတော်သည် ဇတေးထပ် ရေးချင်စိတ် ပေါက်လာပြီး အထက်ပါ တေးထပ်နှင့် အောက်ပါ ရတုပိုဒ်စုတို့ကို ခဏအဘွင်းမှာပင် ကောက်ဘောင်ကာ ရေးစပ်ခဲ့ပါသည်။

ရတုပိုဒ်စု

မြတ်တေဇသီ....၊
စေတနာ ဖြိုးပွင့် လန်းသော်ကြောင့်။
ဓာတ်မွေသရီ....၊
တေဇာ တိုးတင့် ထွန်းလင်းကြောင့်။
နတ်ဒေ၀ရီ....၊
ခေမာ စိုးခွင့် မှန်းသော်ကြောင့်။

၁။ မြတ်တေဇသီ။ ။ဆွေသာကီဝဟာဒ်၊ ကိုးလီဂုဏ်ပုဒ်၊ ဘဝင်လှုပ်သား။ ဗုဒ္ဓနှင့်ဥဒ္ဒါ၊ စိန္တေယျာ၏၊ သာသနာစီးပွား၊ ဒကာများတို့၊ ရွှင်အား ကြည်လင်၊ ဆည်းကြအင်ကို၊ သံလွင်ကျူးရင့်၊ သုခုံးဒွဲ့ပိမ်၊ မိုးမင့်မိတ်ဆွေ၊ ဤကုန်းပြေ၌၊ တေဇာလှိုက်၊ နတ်စက်နဲလျင်၊ 'မင်းရဲရွှေတောင်'၊ဘွဲ့ရည် ပြောင်သား ဘုန်းရောင်ဝိသိဋ္ဌ၊ ဉာဏ်တိဟိတ်ဖြင့်၊ 'မိုးခိတ်'တွင်ငြား၊ ဘိုးတော်သားလျင် ဘွဲ့ား နတ်ကျော်၊ ခမည်းတော်အား၊ သမွှာ်ခံဆု၊ပြည့်စုံမှုဖြင့်၊ဗိုလ်ထုပတ်ခြံ၊ ဤတောင်ယံမှ၊ မြူဆမျှလောက်၊ ရန်မနှောက်အောင်၊ စောင့်ရှောက်နေဖူး၊ ကြောင်းရာထူး ကြောင့်၊ မြင့်ဖြူးဝေယန်၊ မိုးရပ်ဌာန်၌၊ 'နေတန်ဆောင်လော၊ ဒွေတောင်လော'ဟု၊ တွေးတောလူရှင်၊ စွဲမှတ်ထင်သား၊ ရှင်ပင်စောခိုး၊ စေတီကြီးနှင့်၊ ထိန်ညီးရွှေလှော်၊ ဆင်းမြင်ကျော်တည့်၊ ဓာတ်တော်ဆယ်လေး၊ နှာ်ဆောင်ပေး၍၊ ဇီနေးမြတ်စွာ၊ 'စက်တော်ရာ'ဟု၊ ပူဇာရဟာ၊ နှစ်ဌာနကို၊ လှုသူတည်ကာ၊ ရှိပူဇာသည်။ ၊ စေတနာဖြူးပွင့် လန်းသော်ကြောင့်။

၂။ နတ်ဒေဝရီ။ ။သာဓုဂီဖြင့်၊စီစီညံကြွေး၊ အောင်သံပေးစိမ့်....၊ ဇီနေးမြတ်စွာ၊ 'စက်တော်ရာ'ဟု၊ မဟာရဟာ၊ စေတီယကို၊ ရွေးကထက်တိုး၊ ဆတပိုးလျှင်၊ မူရိုးမပျောက်၊ သွန်းသွန်းမောက်အောင်၊ တည်ဆောက်ရန်လျှင်၊ စိုင်းတိုင်ပင်က၊ မြတ်ရှင်ဘုန်းစက်၊ ကျေးဇူးနက်ကြောင့်၊သူ့ထက်ငါပင်၊ သဒ္ဓါရွှင်၍ အဝင်မုခ်ကြီး၊ အသီးသီးနှင့်၊ ဘုံထီးပြာသာဒ်၊ အဆစ်ဆစ်၏၊ မဟပ္ပလာ၊ ဒါယကာလျှင်၊ 'သူသာခံပိမ့်၊ ငါခံပိမ့်'ဟု၊ နှစ်သိမ့်ကိုယ်စီ၊ တာဝန်ချီက၊ ထေရ်

၃။ မြတ်တေဇသီ။ ။ဆွေသာကီဝဟာဒ်၊ ကိုးလီဂုဏ်ပုဒ်၊ ဘဝင်လှုပ်သား။ ဗုဒ္ဓနှင့်ဥဒ္ဒါ၊ စိန္တေယျာ၏၊ သာသနာစီးပွား၊ ဒကာများတို့၊ ရွှင်အား ကြည်လင်၊ ဆည်းကြအင်ကို၊ သံလွင်ကျူးရင့်၊ သုခုံးဒွဲ့ပိမ်၊ မိုးမင့်မိတ်ဆွေ၊ ဤကုန်းပြေ၌၊ တေဇာလှိုက်၊ နတ်စက်နဲလျင်၊ 'မင်းရဲရွှေတောင်'၊ဘွဲ့ရည် ပြောင်သား ဘုန်းရောင်ဝိသိဋ္ဌ၊ ဉာဏ်တိဟိတ်ဖြင့်၊ 'မိုးခိတ်'တွင်ငြား၊ ဘိုးတော်သားလျင် ဘွဲ့ား နတ်ကျော်၊ ခမည်းတော်အား၊ သမွှာ်ခံဆု၊ပြည့်စုံမှုဖြင့်၊ဗိုလ်ထုပတ်ခြံ၊ ဤတောင်ယံမှ၊ မြူဆမျှလောက်၊ ရန်မနှောက်အောင်၊ စောင့်ရှောက်နေဖူး၊ ကြောင်းရာထူး ကြောင့်၊ မြင့်ဖြူးဝေယန်၊ မိုးရပ်ဌာန်၌၊ 'နေတန်ဆောင်လော၊ ဒွေတောင်လော'ဟု၊ တွေးတောလူရှင်၊ စွဲမှတ်ထင်သား၊ ရှင်ပင်စောခိုး၊ စေတီကြီးနှင့်၊ ထိန်ညီးရွှေလှော်၊ ဆင်းမြင်ကျော်တည့်၊ ဓာတ်တော်ဆယ်လေး၊ နှာ်ဆောင်ပေး၍၊ ဇီနေးမြတ်စွာ၊ 'စက်တော်ရာ'ဟု၊ ပူဇာရဟာ၊ နှစ်ဌာနကို၊ လှုသူတည်ကာ၊ ရှိပူဇာသည်။ ၊ စေတနာဖြူးပွင့် လန်းသော်ကြောင့်။

၄။ ဓာတ်မွေသရီ။ ။ကိုန်းစံမှိသား၊ နှစ်လိမြတ်ဖျား၊ စေတီများတို့၊ ရှည်လျားမြင့်ဖန်၊ လျှင်ဒဏ်ကြောင့်၊ အောက်ပြုန်ပျက်စီး၊ တောတိုပြီး၍၊ ပိတ်ဆီးချုံနွဲ့၊ မတင့်တယ်ခဲ့၊ ဤဃ်ဖြစ်ရက်၊ မကြည့်ရက်၍၊ ဘိသက္ကဝိဇ္ဇာ၊ ဉာဏ်ကျယ်စွာတည့်၊ 'ဒေါက်တာ သာလှ'၊ ဦးတည်မ,လျက်၊ 'တိပိဋကဓိုရ်'၊ ထေရ်ပုဂ္ဂိုလ်ကို၊ထိုစေတီစု၊ ပျက်စီးမှုကို၊လူထုဒါယကာ၊နှိုးဆော်ကာဖြင့်၊မချာနေ့ည၊ ကြိုးလုံ့လသော်၊ မြေမှ ငွေ တောင်၊ ပေါက်သော့်ယောင်သို့၊ မြန်ဘောင်ဝန်းကျင်၊ လူလူရှင်တို့၊ ဤတွင်ဒေသ၊ရောက်သမျှလျှင်၊ အားရတင်းတိမ်၊ ဂုမ်းဆီစိမ်သို့၊ 'ဝတိ်သာလော၊ နိမ္မာလော'ဟု၊ စိတ်စောထင်မှား၊ ကုသိုလ်ပွားအောင်၊ မြင့်မားဝေသီ၊ ရွှေစေတီနှင့်၊ ဝတီရော၊ ရှေ့မျက်နှာမှ၊ ရှုသာတင့်ဆန်း၊ မုခ်စောင်းတန်းက၊ ဘုံနန်းရိပ်ပျံ၊ အာရုံခံနှင့်၊ ကိန်းစံရာကျောင်း၊ ဇရပ်ပေါင်းကို နတ်ကောင်းဝိသကြံ့၊ စိရင်ပုံသို့၊ မယုံနိုင်လောက်၊ အောင်ပြီးမြောက်ခဲ့၊ ဘုန်းတောက်မြတ်စွာ၊ စိန္တေယျာသည်၊ ၊ စေတနာတိုးတင့် ထွန်းသော်ကြောင့်။

၅။ နတ်ဒေဝရီ။ ။သာဓုဂီဖြင့်၊စီစီညံကြွေး၊ အောင်သံပေးစိမ့်....၊ ဇီနေးမြတ်စွာ၊ 'စက်တော်ရာ'ဟု၊ မဟာရဟာ၊ စေတီယကို၊ ရွေးကထက်တိုး၊ ဆတပိုးလျှင်၊ မူရိုးမပျောက်၊ သွန်းသွန်းမောက်အောင်၊ တည်ဆောက်ရန်လျှင်၊ စိုင်းတိုင်ပင်က၊ မြတ်ရှင်ဘုန်းစက်၊ ကျေးဇူးနက်ကြောင့်၊သူ့ထက်ငါပင်၊ သဒ္ဓါရွှင်၍ အဝင်မုခ်ကြီး၊ အသီးသီးနှင့်၊ ဘုံထီးပြာသာဒ်၊ အဆစ်ဆစ်၏၊ မဟပ္ပလာ၊ ဒါယကာလျှင်၊ 'သူသာခံပိမ့်၊ ငါခံပိမ့်'ဟု၊ နှစ်သိမ့်ကိုယ်စီ၊ တာဝန်ချီက၊ ထေရ်

သံဃဲရာဇ်၊ဦးဆောင်လစ်၍၊ ရာ့ရှစ်ဘုန်း မော်၊ သံဃာတော်တို့၊ အဟော်ဝတ၊ အုတ်မြစ်ချခဲ့၊ မြေမှင်ငွေတောင်၊ ပေါက်သေ့ ယောင်သို့၊ ဉာဏ် ခေါင် ဝိ ဇ္ဇာ၊ ဗိသုကာတို့၊ မချာ နေ့ည၊ တည်ဆောက် ရကား၊ ကာလခုခါ၊ထုပိကာနှင့်၊ဘုံသာ ပြာသာဒ်၊ ပြီးမြောက်လတ်က၊ ဝန်းပတ် ညီညာ၊ ဒါယကာတို့၊ သောဏ္ဍာရောင် ညီး၊ ဖိတ်ဝေစီးသည့်၊ ရွှေထီးနှစ်ဆင့်၊ မြောက်လှူမြင့်သား၊ သဘင်ပွဲခါ၊ခြိမ့်ခြိမ့် ညာသည်၊ ၊ခေမာဗိုးခွင့် မှန်းသော် ကြောင့်။

လူထုကျန်းမာရေး ဦးစားပေးခြင်း

ဆရာတော်သည် စေတီ၊ ကျောင်းကန် စသည့် သာသနာရေးဆိုင်ရာ ကိစ္စများကိုသာ ရွက်ဆောင်သည် မဟုတ်သေး၊ လူမှုရေး နယ်ပယ်၌လည်း မရှိလျှင် မဖြစ်အောင် လိုအပ် နေသော အများအတွက် ကျေးဇူး ရှိ မည့် လုပ်ဆောင်ဖွယ်တို့ ကိုလည်း မလစ်ဟင်းရအောင် တတ်စွမ်းသမျှ ဆောင်ရွက်လေ ရှိသည်သာဖြစ်၏။ (သံဃ ဒိန္နံ မဟပ္ဖလံ =သံဃာအား လှူဒါန်းခြင်းသည် လွန်စွာ အကျိုးကြီး၏။) ဟူ၍ အကျိုးများသည့် လှူဒါန်းနည်းကို ဘုရားရှင် ကိုယ်တော် တိုင် ညွှန်ပြသည့်မူနှင့်အညီ ဆရာတော် သည် မိမိထံ လာရောက် လှူဒါန်းလိုကြသောဒကာ၊ ဒကာမတို့အား မိမိအတွက် မငဲ့ကွက်ဘဲ သာသနာနှင့် လူမျိုးအတွက် ပို၍ အကျိုးများမည့် နေရာ၌သာ လှူဒါန်းခြင်းသည် လွန်စွာ ကောင်းသည်။

အခါတပါး လွန်ခဲ့သော ၂၁-နှစ်ခန့် (၁၃၂၂-ခုနှစ်)ကမန္တလေးမြို့မှကျောင်းဒကာကြီး ဦးဖိုးမှိန့် ဒေါ်ရွှေညွန့်တို့က ဆရာတော်၏ မမှနာဒ ကျောင်းတိုက် အရှေ့ဘက် ဝင်းတံခါး မုခ်ဦးဝဋ်သဘာဝ ခြင်္သေ့ကြီး နှစ်ကောင် တည်ထားလိုကြောင်း လျှောက်ထားရာ ဆရာတော်က "ထိုသဘာဝ ခြင်္သေ့ရုပ်မှာ ငွေရွှစ်ထောင်-တစ်သောင်း အကုန်အကျ များပြီး မိုးရွာ၊ နေပူ၍မှ လူတစ်ယောက် မခို လှုံနိုင်ပါ၊ အကျိုးမများပါ၊ မင်းကွန်းတိုင်းရင်းသား လူထုများ၏ ကျန်းမာရေးအတွက် အထူးလိုအပ်လျက်ရှိသော၊ ကျေးငှဲးများသော 'ကျေးလက် ကျန်းမာရေး ဆေးပေးငှာန' ဆောက်လုပ်လှူဒါန်းပါ" ဟု တိုက်တွန်းလေသည်။ ဦးဖိုးမှိ - ဒေါ်ရွှေညွန့်တို့ကလည်း ဆရာတော် တောင့်တသည့်အတိုင်း မင်းကွန်းတွင် 'စံချိန်ပြည့် ကျေးလက် ကျန်းမာရေး ဆေးပေး ငှာန' ကို ဆောက်လုပ်လှူဒါန်းကြလေသည်။

တဖန်လည်း ၁၃၁၃-ခုနှစ်က မိုးကုတ်မြို့မှ ကျောင်းဒကာကြီး ဦးဘရှင်းနှင့် သားသမီးတို့က သိန်းကျော်တန် ဓမ္မာရုံကြီး ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားကြရာ ဆရာတော်က 'ဤဓမ္မာနာဒ ကျောင်းတိုက်၌ ဓမ္မာရုံရှိပြီးဖြစ်၍ နောက်ထပ်

ဆောက်လှူလျှင် အဟောသိက် ဖြစ်နိုင်ပါသည်၊ လူထုအတွက် အလွန် ကျေးဇူးများမည့် တိုက်နယ်ဆေးရုံတစ်ခု ဆောက်လှူသင့်ပါသည်' ဟု အမိန့်ရှိသ ဖြင့် ဦးဘရှင်းနှင့် သားသမီးတို့သည် နှစ်သက်ဝမ်းမြောက်စွာ ဆရာတော်၏ ဆန္ဒအဘိုင်း 'မင်းကွန်းတိုက်နယ်ဆေးရုံ' ကို ဆောက်လုပ်ကြကာ ၁၃၃၅-ခုနှစ်၊ ဝါဆိုလဆုတ် ၄-ရက်နေ့၌ သမားတော်ကြီး ဦးသာလှနှင့် မန်းခေတ် ဦးလှရွှေတို့က ဦးဆောင်လျက် ဆောက်လုပ်ပြီးသော တိုက်နယ်ဆေးရုံကို နိုင်ငံတော် အစိုးရ၏ ကျန်းမာရေးဌာနသို့ အခမ်းအနားဖြင့် လွှဲအပ် လှူဒါန်းကြလေသည်။ ထိုအခမ်းအနား၌ ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းနှင့်အဖွဲ့သားများက လက်ခံ၍ ဖွင့်လှစ်အပြီး ရုပ်ရှင်မင်းသားကိုဝင်းဦးနှင့်တင်တင်မြ၊ ချိုပြုံးတို့ကပါ ပါဝင် ကူညီကြလေသည်။

ဆေးရုံအလှူ၏ အခြံအရံ ပရိဝါရဒါန အဖြစ်ဖြင့်–

(၁) ဆရာဝန်နေရန် နံကပ် ပတ်ကားတိုက်အိမ်

(၂) အမှုထမ်းများနေရန် အိမ်များ

(၃) ဂိလာနသံဃာဆောင်

(၄) ကူးစက်ရောဂါဆောင်

(၅) ယူနာရှင်ဧည့်ရိပ်သာဆောင်

(၆) သောက်ရေကန်တို့ကိုပါ နိုင်ငံတော် ကျန်းမာရေးဌာနသို့ လွှဲအပ်လှူဒါန်းကြရာ တိုက်နယ်ဆေးရုံနှင့် တကွ လိုအပ်သော အဆောက်အအုံများ လှူဒါန်းပြီးနောက် လူနာများ အတွက် လိုအပ်သော ဆေးပစ္စည်းများ လှူဒါန်းနိုင်ရန် ၁၃၃၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့မှစ၍ 'မင်းကွန်းတိုက်နယ် ဆေးရုံထောက်ပံ့ရေး ရန်ပုံငွေပင်' ကိုစိုက်၍ ငွေပင် ပင်မကိုမထိစေရဲ အတိုးအညွှန့်ဖြင့်သာ လိုအပ်သည့် ဆေးပစ္စည်းများကို ၁၃၃၆-ခုနှစ်ကစ၍ ၁နှစ် ၃၆၀၀-ကျပ်ဖိုး၊ နောက် ၁ နှစ်

တိုက်နယ်ဆေးရုံ ထောက်ပံ့ရေးရန်ပုံငွေ



မင်းကွန်းဆေးရုံ

ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ အရိယ မဂ္ဂင် ဆရာတော် ဘုရားကြီးကို ရှေ့ထားအမှူးပြု၍ တိုက်နယ် ဆေးရုံနှင့်တကွ လိုအပ်သော အဆောက်အအုံများ လှူဒါန်းပြီးနောက် လူနာများ အတွက် လိုအပ်သော ဆေးပစ္စည်းများ လှူဒါန်းနိုင်ရန် ၁၃၃၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့မှစ၍ 'မင်းကွန်းတိုက်နယ် ဆေးရုံထောက်ပံ့ရေး ရန်ပုံငွေပင်' ကိုစိုက်၍ ငွေပင် ပင်မကိုမထိစေရဲ အတိုးအညွှန့်ဖြင့်သာ လိုအပ်သည့် ဆေးပစ္စည်းများကို ၁၃၃၆-ခုနှစ်ကစ၍ ၁နှစ် ၃၆၀၀-ကျပ်ဖိုး၊ နောက် ၁ နှစ်

၂၅၀၀ - ကျပ်ဖိုး၊ နောက် ၁ နှစ်
၁၀၀၀၀ - ကျပ်ဖိုး၊ နောက် ၁ နှစ်
၁၂၀၀၀-ကျပ်ဖိုး၊ နောက် ၂-နှစ်ဆက်
၍ ၂၀၀၀၀-ကျပ်ဖိုး တိုး၍တိုး၍ လူးခဲ့ရာ
၁၃၄၂-ခု၊၄၃-ခုနှစ်တို့ဌ ၂၅၀၀၀-
ကျပ်ဖိုး လူးပြီး၊ ၁၃၄၄ - ခုနှစ်လွန်၍
၁၃၄၅-ခုနှစ်မှစ၍ ၃၀၀၀၀ - ကျပ်ဖိုး
လူဒါန်းရန် အသင့်စီမံဆုံးဖြတ်ပြီး ဖြစ်
ပါသည်။

၁ နှစ်လျှင် လေးကြိမ် ခွဲ၍ သင်္ကန်း
ဒါနဖြစ်အောင် ဆေးအပ်ပွဲ ကျင်းပ
သောအခါ ကျန်းမာရေးနှင့် ရဲဌာနအမှု
ထမ်းအိမ်ထောင်စု၊ နွမ်းပါးသောအိမ်
ထောင်စု စုစုပေါင်း ၁၀၀ ကျော်တို့
အား ဆန်၊ ပရုပ်ဆီ၊ ငွေကြေးတို့ကိုပါ
ပရိဝါရဒါနအနေဖြင့် လူဒါန်းတော်မူ
ပါသည်။

မှတ်ချက်။ ။ယခု ၁၃၄၃ - ခုနှစ်တွင်
မင်းကွန်းတိုက်နယ် ဆေးရုံ
အတွက် ထောက်ပံ့ရေး ရန်ပုံ
ငွေပင်မှာ ၃-သိန်းကျော်သွား
ပြီဟု သိရှိရပါသည်။



မင်းကွန်းရဲဌာန

ပေးလေသည်။ မင်းကွန်း ရဲဌာနသည်
ယခင်က ရဲဌာနကြီးဖြစ်ခဲ့ပြီး နောက်ပိုင်း
တွင် နယ်မြေ အေးချမ်းသဖြင့် ကင်းဂတ်
ကလေး တစ်ခုမျှသာ ရှိနေပါသည်။ ထို
ရဲဌာနအတွက် လိုအပ်သည့် အမှုထမ်း
တန်းလျား စသည်ကို လည်းကောင်း၊
အိမ်း စသည်ကို လည်းကောင်း၊ ရေကန်
နှင့်တကွ မီးလင်းရေးကို လည်းကောင်း
ဦးဆောင် ဆောက်လုပ် ဆောင်ရွက်ပေး
လေသည်။

မင်းကွန်း အလယ်တန်းကျောင်း

ဆရာတော်သည်ပညာ သံဝတ္တနိက
ကုသိုလ်ထူး ဆည်းပူးလိုသဖြင့် မင်းကွန်း
တိုက်နယ် အတွင်းရှိ လူငယ် လူရွယ်တို့
ပညာရေး နောက်မကျရအောင် အစ
ပထမ မူလတန်းကျောင်း အစိုးရက
သတ်မှတ်ပေးခဲ့ရာ လိုအပ်သောမူလတန်း
စာသင်ကျောင်းကို လည်းကောင်း၊ အုတ်
နံကပ်(ပတ်ကား)နှစ်ထပ် အလယ်တန်း

မင်းကွန်း ရဲဌာနအား ကူညီခြင်း

ဆရာတော်သည် ထိုကဲ့သို့ လူထု
ကျန်းမာရေး အတွက်သာ ဆောင်ရွက်
သည်မဟုတ်သေး။ မင်းကွန်း ပတ်ဝန်း
ကျင် ကျေးရွာများအတွက် လုံခြုံရေး
တာဝန်ယူရသော ရဲဌာန တိုးတက်ရေး
ကိုလည်း တတ်အားသမျှ ဆောင်ရွက်



မင်းကွန်း အလယ်တန်းကျောင်း

ကျောင်းကြီးကို လည်းကောင်း ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ဆရာ, ဆရာမများနှင့် ကျောင်းသားများ ရေ မဆင်းရဲစေရန် သောက်ရေကန် တည်ဆောက်ပေး၍ အခမဲ့ရေကို အမြဲ လှူဒါန်းလေသည်။ ယခုအခါ မင်းကွန်း အလယ်တန်းကျောင်းသည် ဆရာတော်၏ အကူအညီအထောက်အပံ့ဖြင့် တွဲဖက် အထက်တန်းကျောင်းပါ ဖွင့်နိုင်လေပြီ။

မြင်းခြံမြို့နယ်အတွက် ရွှေဆောင်ချက်

ဆရာတော် သည် မိမိ နေထိုင်ရာ 'ပဂတို' နယ်မြေ (မင်းကွန်း)၏ ကြီးပွားတိုးတက်ရေးကိုသာ ဆောင်ရွက်သည့် မဟုတ်သေး။ မိမိမွေးဖွားခဲ့ရာ 'ဇာတို' နယ်မြေဖြစ်သော မြင်းခြံမြို့နယ်၏ တိုးတက် ကြီးပွားရေးကိုလည်း ဆောင်ရွက်ခဲ့လေသည်။ တစ်နည်းအားဖြင့် မိဘကျေးဇူး ဆပ်ရာတွင် အများပြည်သူတို့အား ကျေးဇူးများသော ပုံစံဖြင့် ရွက်ဆောင်သည်ဟု ဆိုနိုင်သည်။ ဆရာတော်သည် မြင်းခြံမြို့နယ်တိုးတက်ရေးအတွက် ဤသို့ ဆောင်ရွက်လေသည်။

၁။ ဆရာတော်သည် အသက် ၈-နှစ်သားအရွယ်မှ စ၍ ၁၁-နှစ်တိုင် ပထမငယ်၊ ပထမလတ် အောင်မြင်ပြီး ပထမကြီး စာပေတို့ကို အခြေပြုခဲ့ရာဖြစ်သည့် မြင်းခြံမြို့ မင်းကျောင်းတိုက်ကြီးအား ကျေးဇူးတုံ့ပြန်သော အနေဖြင့် မိမိ၏ အဒေါ်ဖြစ်သူ ဆေးကုန်သည် ကျောင်းအမကြီး ဒေါ်ဆယ်မိ နှင့် တိုင်ပင်၍ ၁၃၃၈-ခုနှစ်က 'မဟာဓမ္မပါလ' အမည်ရှိသော ဓမ္မာရုံကျောင်းကြီး ၂ ထပ်ကို ကျပ်ငွေ ၄-သိန်းကျော်ခန့် စွန့်လွှတ်၍ ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

၂။ ထို့ပြင် မိမိ၏ မွေးဖွားနေထိုင်ခဲ့ရာ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာကျောင်း၏အနီးရှိ 'ဟင့်အင်' ခေါ်သောချောင်းရိုးဥ ရေကျသွားသောအခါ နွားလှည်းများ သွား၍ မရနိုင်အောင် ဗွက်ကြီးဖြစ်နေသည်ကို ၁၃၁၈-ခုနှစ်က ကျောက်တံတား ကျောက်လမ်းဖြစ်အောင် ခင်းကျင်းပေးခြင်း၊ သဲဖြူဝန်ရွာနှင့် သင်္ဘောဆိပ်အသွားတွင် ချောင်းရိုးကို ဖြတ်၍ တံတားတစ်ခု ဆောက်လုပ်လှူဒါန်းခြင်းတို့ဖြင့် လူရော တိရစ္ဆာန်များကိုပါ ချမ်းသာစေခဲ့ပါသည်။

၃။ ၎င်းပြင် ပညာ အလှူဒါနအဖြစ် သဲဖြူဝနှင့် ကျည်းပင်ရွာ ကလေးများ စာသင်ရာ မူလတန်း နှစ်ထပ်ကျောင်း

နှစ်ဆောင် ကိုလည်း ဆောက် လုပ် လှူဒါန်းသည့်ပြင် ၁၃၄၂ ခုနှစ်က စ၍ သဲဖြူဝရွာ ကျောင်းဝိုင်းမြေနှင့် တကွ ကျပ်ငွေ သုံးသိန်းကျော်တန် 'တိပိဋကကျောင်း'ဟု အမည်ကမ္မည်းတပ်၍ သဲဖြူဝရွာဦးဌာန နှစ်ထပ် တိုက် ကျောင်း ကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ် လှူဒါန်းလေသည်။ ၎င်းတိုက်ကျောင်းကြီးကို ၁၃၄၃ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်နေ့က ရေစက်ချပွဲ ပြုလုပ်ရာ ဆန်တင်းပေါင်း ၆၅-တင်းကုန် ကျွေးမွေး ညှဲခံရလေသည်။

၄။ ထိုမှတပါး မိမိ၏ မွေးဖွား နေထိုင်ခဲ့ရာ ကျည်းပင်ရွာကျောင်း (ကံ့ကူလက်လှည့်ဆရာ့ကျောင်း) ဟောင်းနွမ်းသည်တို့ကို အသစ်တဖန် မွမ်းမံပြုပြင်၍ လျှပ်စစ်မီးစက်ပါ တည်ဆောက်ပြီးလျှင် သဲဖြူဝရွာ 'တိပိဋကကျောင်း'နှင့် အတူ ရေစက်ချ၍ အပြီး တစ်လကျော်မျှ ရှိသောအခါ တန်ဆောင်မုန်း မိုးကြိုးနှင့်နှင့် အထက်မှ ဆည် ကျိုးပေါက်သဖြင့် ကျောင်းဦး ၁၅-ပေခန့်အရောက် ကမ်းပါးစောက်ကြီး ဖြစ်ခဲ့ရာ ယခု ၁၃၄၁ ခုနှစ်အတွင်းမှာပင် (ကံ့ကူ လက်လှည့် ဆရာတော် ဦးသာသနာ၏မြေးမျိုး ဖြစ်ကြသည့်)ဦးဘညွန့်၊ ဦးဘို၊ဒေါ်လှကျင်၊ ဒေါ်သိန်းတို့နှင့် လည်း ကောင်း၊ ဒေါ်မိမိကြီး၊ဒေါ်မိမိလေး၊ဦးခင်မောင်စသည်တို့နှင့် လည်းကောင်း ညီအစ်ကို မောင်နှမတစ်စုတို့ တိုင်ပင်ညီညွတ်ကြ၍ ကျပ်ငွေ နှစ်သိန်းကျော်တန် နှစ်ထပ်တိုက် ကျောင်းကြီးကိုလည်း ဆရာတော် အမှူးပြုသော ဖော်ပြရာပါ ညီအစ်ကို မောင်နှမတစ်စုတို့က ယခု ၁၃၄၃-ခုနှစ်မှာ ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။

ဤသို့လျှင် 'သစ်တစ်ပင်ကောင်းငှက် တစ်သောင်းနား' ဆိုသည့်အတိုင်း ပြည်ထောင်စုခေတ်တွင် ထူးခြားစွာ ပေါ်ထွန်းလာခဲ့သော ပထမ တိပိဋကဓရ သာသနာ့အာဇာနည်မထေရ်၏ ဘုန်းကံကြောင့် မြင်းခြံမြို့နယ်သည် များစွာ ကျေးဇူးအထူးကို ခံစားရခြင်း ဖြစ်လေသည်။

မလွန်ဆန် လှူသင်းဘတွက်
ကျိုက်ပမ်းချက်

မန္တလေးမြို့၌ နိုင်ငံကျော်ကြား ထင်ရှားသောအသင်းကြီး နှစ်သင်း ရှိသည်။ ၎င်းတို့မှာ....

(၁) ၁၂၅၈-ခုနှစ်က တည်ထောင်ခဲ့၍ စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုး သုံးဌာနတို့အား ဆွမ်းဆန် လှူဒါန်းသော မလွန် ဆန်လှူအသင်းကြီးနှင့်

(၂) ၁၂၆၀-ပြည့်နှစ်က တည်ထောင်၍ စာမေးပွဲ ကျင်းပ ပြုလုပ်ပေးသော ပရိယတ္တိ သာသနဟိတ (သကျသီဟ)အသင်းကြီးတို့ ဖြစ်ကြသည်။

ထိုနှစ်သင်းတို့တွင်....

၁။ ။မလွန်ဆန်လှူအသင်းကြီးကား ဂေါစရဂံအား နည်းပါးသည့် ဖော်ပြရာ ပါတောင်ရိုးသုံးဌာနတို့၌ ဝါဆိုသီတင်း သုံးကြသည့် အရှည်ဝါသီ သံဃာတော် များနှင့် သူတော်စင် သီလရှင်များအား ဆွမ်းဆန်တော် ထောက်ပံ့၍ ကျွေးမွေး ပြုစု စောင့်ရှောက်သဖြင့် မိခင်အသင်း ကြီးနှင့် တူ၏။

၂။ ။သကျသီဟ အသင်းကြီးကမူ ပရိယတ္တိစာပေ၌ ထူးချွန်သော ရဟန်း သာမဏေများကို စာမေးပွဲ ကျင်းပ ထုတ်ဖော်မှုပြုသဖြင့် ဖခင် အသင်းကြီး နှင့် တူ၏။

ထိုနှစ်သင်းတို့တွင်....

(၂) ဖခင်=သကျသီဟ အသင်းကြီး မှာ မိမိမွေးထုတ်လိုက်သော သာသနာ့ အာဇာနည် အရှင်မြတ်များ၏ ဂုဏ်သတင်း အရှိန်အဝါကြောင့် ပို၍ ထင်ပေါ်ကျော်ကြားပြီး ၁-နှစ်တခြား တိုးတက် ကြီးထွားလျက် သာသနာ့ဗိမာန်ကြီးတွေ အစီအရီ ပေါ်ထွန်းလာခဲ့ပေသည်။

(၁) မိခင်=ဆန်လှူအသင်းကြီးကား နောက်ကွယ် မီးဖိုချောင်ကိစ္စ၌ အားစိုက်လုပ် ဆောင်ပေး နေရ၍ ထိုက် သင့်သလောက် ဂုဏ်ရှိန်မဝင့်နိုင်ဘဲ မျက်နှာငယ်သကဲ့သို့ ရပ်တည်ခဲရပေသည်။

ဆရာတော်၏ ပင်ကို သဘာဝ မှာ မျက်နှာကြီးရာ ဟင်းဖတ်ပါမျိုး မဟုတ်ပဲ အားနွဲ့သူကို အားရှိအောင် ရွက်ဆောင် ချီးမြှောက်လေ ရှိသည့် အ တိုင်း ထို အသင်းကြီး နှစ်သင်းတို့အပေါ် မေတ္တာ စေတနာ အညီအမျှ ထားရှိသော်လည်း သာသနိက အဆောက်အအုံ အတွက် မျက်နှာငယ်သကဲ့သို့ ရှိနေရသော မိခင် ဆန်လှူအသင်းကြီးအတွက် မိခင်=ဖခင် အသင်းကြီးနှစ်သင်း 'နေနှင့်လ' 'လွှန်နှင့် မြ' ပမာ လိုက်ဖက်ညီလာရေးကို ရှေးရှု၍ ဆန်လှူအသင်းကြီးအတွက် အထူး ကြိုး ပမ်း၍ ရွက်ဆောင်ပေးရလေသည်။ ထို့ကြောင့်ပင် ယခုအခါ မလွန် ဆန်လှူ အသင်းကြီးအတွက် အထက်နှင့် အောက် မြို့-ရွာ ဆန်လှူသင်းထောက်များ၊ သီး ခြားအလှူရှင်များ အထူး နှိုးကြားလာ ကြ၍ 'သုံး ထပ် တိုက် ညီမူရာ ခန်းမ ဆောင်ကြီး' တည်ဆောက် လျက် ရှိရာ မကြာမီ ပြီးစီး၍ ကြည်ညိုဖွယ်ရာ တွေ့ မြင်ကြရပါတော့မည်။

မလွန် ဆန်လှူအသင်းကြီး၏ အဖို့ရာ ယမန်တလတ် ဆန်ပြုသနာ စတင် ပေါ် ပေါက်ချိန်က တောင်ရိုးသုံးဌာနရှိ အလှူ ခံပုဂ္ဂိုလ်တို့အား တစ်ပါးလျှင် ဆန် တခွဲ ကျစီသာ လှူဒါန်းနိုင်ခဲ့သဖြင့် ဆရာတော် နှင့်တကွ အသင်းကြီး၏ ရေစက်ချ ဓမ္မ ကထိက ဆရာတော်များ၏ အထက် + အောက် မြို့ရွာ လှည့်လည် ဟောပြော ပေးမှုကြောင့် ယခုအခါ အသင်းကြီးက ရဟန်းတော်တစ်ပါးလျှင် ဆွမ်းဆန် ၅-တင်း၊ သာမဏေ တစ်ပါးလျှင် ၄-တင်း၊ သူတော်စင် သီလရှင် တစ်ပါးလျှင် ၃-

တင်းကျစီ တိုးမြှင့်၍ လှူဒါန်းနိုင်ခဲ့ပေသည်။

သို့ရာတွင် မန္တလေးမြို့ပေါ်ရှိ ရဟန်းသာမဏေများအား ၁၃၄၂-နှစ် တိုင် အောင် မလှူဒါန်းနိုင်ခဲ့သေးပေ။ ဤအတောအတွင်း မန္တလေးမြို့ သံဃာတော်များအတွက် 'ချမ်းသာကြီး ဆန်လှူအသင်း' ပေါ်လာ၍ ဆရာတော်က ထို အသင်း ဒကာကြီးများကို 'ဒကာကြီးများအသင်းက မြို့ပေါ် သံဃာတော် အား တစ်ပါးလျှင် ဆန် ဘယ်မျှ လှူဒါန်းကြသနည်း' ဟု မေး၍၊ ဒကာကြီးများက 'တစ်ပြည်ကျစီ လှူဒါန်းကြောင်း' ပြန်ကြား လျှောက်ထား၍ ဆရာတော်က မြို့သံဃာ အတွက် မိမိအား အထက် အောက် မြို့-ရွာ ဒကာ ဒကာမ တို့က လှူဒါန်းကြသော ဆွမ်းဆန်တို့မှ တင်းပေါင်း ၁၂၀-တို့ကို နေ့ချင်းပင် ချမ်းသာကြီး ဆန်လှူအသင်းသို့ အပ်၍ လှူဒါန်းခဲ့လေသည်။ ထိုနှစ် ၁၃၄၂-ခုနှစ်က ချမ်းသာကြီး ဆန်လှူအသင်းမှ မန္တလေးသံဃာအား သုံးခွက်စီ လှူဒါန်းနိုင်ခဲ့သည်။

ဆရာတော်နှင့်တကွ မလွန်ဆန်လှူရေစက်ချ ဓမ္မကထိက ဆရာတော်များသည် မန္တလေး သံဃာတော်များ အတွက်ပါ ဆွမ်းဆန် လှူနိုင်ရေး အတွက် အထက် အောက် မြို့-ရွာ မလွန်ဆန်လှူရေစက်ချ တရားပွဲတို့၌ ဟောကြား နှိုးဆော်ကြသဖြင့် ၁၃၄၂ ခုနှစ်တွင် အနယ်နယ် အရပ်ရပ်တို့မှ မန္တလေး သံဃာတော်များ အတွက်ပါ သီးသန့် ကမ္ဘည်းတပ် စေတနာဇောပြတ်၍ ဒရဟော ဝမ်းပန်းတသာ လှူဒါန်းကြသောကြောင့် ၁၃၄၃ ခုနှစ်အတွက် မန္တလေး သံဃာတော်များအား ပါ မလွန် ဆန်လှူ အသင်းကြီးက တိုးချဲ့ လှူဒါန်းခဲ့လေသည်။ ဤ ကား ဆရာတော်၏ နောင်တော်၊ ညီတော် သီတင်းသုံးဖော် သံဃာတော်များ အတွက် ကြိုးပမ်းအားထုတ်မှု၏ အကျိုးရလဒ် ဖြစ်ပါသည်။

မစိုးရိမ် အန္တိမပူဇော

၁၉၄၂-ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်နေစဉ်အခါ၌ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးသည် မင်းဂုန်းတောင်ရိုး ရှားပင်တိုက်သို့ကြွ၍ စစ်ဘေးတိမ်းရှောင် ခိုလှုံ သီတင်းသုံးတော်မူသည်။ ထိုအခါ ယနေ့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ရ ပဋ္ဌာန်း ဆရာတော် အရှင် ဝိသုဒ္ဓာဘိဝံသ နှင့် မိုးထား ဆရာတော် အရှင်သီလာစာရမထေရ် တို့သည် ဓမ္မနာဒတိုက်၌ စစ်ဘေးတိမ်းရှောင် သီတင်းသုံးနေတော်မူကြခိုက် ဖြစ်၍ မစိုးရိမ် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ထိုဆရာတော်နှစ်ပါးတို့နှင့် ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ တို့သည် ယနေ့ ဓမ္မနာဒတိုက် အုပ် ဆရာတော် အရှင်ဥက္ကံသာဘိဝံသကို စာဆိုပြု၍ ဆရာတော်ကြီးထံ၌ ပဋ္ဌာန်းညဝါကို နာယူသင်ကြား မှတ်သား ခဲ့ကြရပါသည်။

သို့ဖြင့် ဆရာကော် ဦးဝိစိတ္တသံရာဘိဝံသ သည် မစိုးရိမ် ဆရာတော် ဘုရားကြီး၏ ပဋ္ဌာန်း စာသင်သား ဖြစ်ခဲ့သည်။

၁၃၃၂-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့တွင် သာသနာတော်၌ နေ+သ=အသွင် ထင် ရှား တော် မူသော အာဘိဓမ္မာရဋ္ဌဂုရု ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး ရန်ကုန်မြို့၌ ပျံလွန်တော်မူခဲ့၍ ဥတုဇ ရုပ်ကလာပ်တော်ကို နေရင်းဌာန မန္တလေးမြို့ မစိုးရိမ်တိုက်သို့ လေယာဉ်ဖြင့် တန်ဆောင်မန်းလယ်ပြည့်ခန့်ဘွင့်၌ ပင့်ဆောင်ယူလာခဲ့ပြီး နှစ်ခုတာလပြည့်နေ့ အထိ အစွမ်းမစျာပနသဘင်ကို ခမ်းနားစွာ ဆင်ယင်ကျင်းပလေရာ တိပိဋကဓရ ဆရာတော်သည် ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်း စာ သင် သား ဟောင်း ဖြစ် သည့် အခေါ်ကျော်က် မိမိ မကျန်းမာသည်ကို လျစ်လျူပြု၍ နှစ်တော်လဆန်း ၁၃-ရက်နေ့၌ မစိုးရိမ်ကျောင်းတိုက်သို့ကြွရောက်ပြီး နောက်ဆုံး ပူဇော်ခြင်းဖြင့် ဆရာတော်ကြီးအား ပါဠိဂါထာ ၅-ဂါထာ ပါဠိအနက်နှင့်တကွ အောက်ပါ မမွတေးထပ်ကို ရေးစပ် ခ်ီးကျူး ပူဇော် လေသည်။ (ပါဠိဂါထာ ၅-ဂါထာ- ပါဠိအနက်တို့ကို ရှည်မည် စိုး၍ မဖော်ပြတော့ဘဲ မမွတေးထပ်ကိုသာ ဖော်ပြလိုက်ပါသည်။)

ပူဇော်အစွမ်း

မန်းဂီရိန် သောင်းကေတုဆီက၊
သြောင်း ဟေတုဟေတူ။
ဒေါင်းရွှေ့ နေတစ်ဆူငယ်၊
ဇေယျတူသံရင့်။ ။
ကျောင်းဆောင်မြင့် ဝေဇယန်ဝယ်၊
နေရဟန် လမ်းဖြောင့်ကိုဖွင့်။
ပစ္စည်းနှင့်ပစ္စယုပ္ပန်၊
နှစ်-ရုပ်နာမ်ဒွန်ပွင့်။ ။
ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊
ခုနှစ်ဆင့် ဗောဇ္ဈင်။ ။
စက်ဘုန်းရောင် သာရွှင်မြူးသော်
ကြောင့်၊
ကြာခင်ဘူး ပွင့်မည့်ပြင်ဆင်။
မစိုးရိမ့် ဘုန်းတောက်သခင်ကို၊
ဆုံးနောက်ခွင် ပူဇော် သဘင့်တွင်မှာ၊
သူတော်စင့် နည်းထောက်စံမှီ၊
ချီးလျှောက်ပန်ခြီ။ ။
ကျေးဇူးမြတ် ဂုဏ်စိုင်မဟီငယ်၊
ကုန်ခိုင်မည် ထင်ဘူးဘုရ့်လေး။

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏
ပဋ္ဌာန်းစာသင်သားဟောင်း
ဇီဝိဒုက္ခဓုဝိစိတ္တသာရာဘိဝံသဆေရ်
ရေးဖွဲ့ပူဇော်သည်။

၁၃၃၂-ခု၊ နတ်တော်လဆန်း ၁၃-ရက်

ဤအစွမ်းမစျာပနာသဘင်ပွဲတွင် ဆရာတော်သည် ဤသို့ ဓမ္မပူဇာဖြင့် ပူဇော်ရသော်လည်း တင်းတိမ် အားရခြင်းမရှိပဲ အာမိသ ပူဇာဖြင့်လည်း ပူဇော်လိုသည့် အတွက် မိမိ၏သာသနာ့မိခင်, ဖခင်များဖြစ်ကြသည့် ကျောင်းအမကြီးဒေါ်ဒေါ်ဆင်၊ ဘုရားအမကြီး ဒေါ်ဒေါ်သန်း၊ ကျောင်းဒကာကြီးဦးဖိုးမှိ+ဒေါ်ရွှေညွန်၊

ဘုရားအမကြီးဒေါ်သိမ်းယူ မိသားစုတို့နှင့် တိုင်ပင်ညီညွတ် တရားဟောပြ၍ ပင့်သံဃာ ၂၅၀-ကျော်တို့အား ဆက်နှဲးဒွိစုံ ၂၅၀-စုံ၊ထီး ၂၅၀-လက်၊ဖိနပ် ၂၅၀-ရံ၊ မျက်နှာသုတ်ပဝါကြီး ၂၅၀-ထည် စသည် တို့ကိုပါ သီးခြားလှူဒါန်းလေသည်။

တိပိဋကဓရ=နိကာယကျောင်းတိုက် တည်ဆောင်ခြင်း

တိပိဋကဓရဆရာတော်သည် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ ရှေးဟောင်း စေတီပုထိုးများကို မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေးဂေါပကအဖွဲ့ကြီး'ဖြင့် ကောင်းမွန်စွာပြန်လည် ပြုပြင်မွမ်းမံတည်ဆောက်၍ ပြီးခဲ့လေပြီ။ ဇရပ်တန်ဆောင်း, ရဟန်းကျောင်းများကိုလည်း အတော် အသင့် ဆောက်လုပ်၍ ပြီးလေပြီ။ မိုးမိတ်ဘုရားပွဲကိုလည်း ၁၃၂၃-ခုနှစ်မှစ၍ ယခု ၁၃၄၃ ခုနှစ်အထိ ၂၁ ကြိမ်တိုင် အောင်အောင်မြင်မြင် နှစ်စဉ်နှစ်တိုင်း ပို၍ပို၍ စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့လေပြီ။

ဤတွင် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးက မိမိ၏ နိကာယ် သာသနာပြုကိစ္စအတွက် 'ဝိဒေဟရာဇ်မင်းကြီးအား မဟောသဓာသုခမိန် စောင့်ရှောက်ကူညီသကဲ့သို့' ကူညီပြုစုရန် သြဝါဒစကား မိန့်ကြား တော်မူချက်အရ ဆရာတော်သည် မန္တလေးမြို့၊ ဓားတန်းရပ်၊ သာသနာ့မိခင် ဘုရားအမကြီး ဒေါ်ဒေါ်သန်း မိသားစုအား နိကာယ် သာသနာပြုရန် တရားဓမ္မဟောပြ၍ ဒေါ်ဒေါ်သန်း မိသားစုကလည်း ဝမ်းမြောက်ဝမ်းသာ ဆရာတော်အား အမှုးထား၍ ၁၃၄၆ ခုနှစ်က ဆိပ်ကမ်းဒီပင်ချာစာချုပ် ကျပ်ငွေ ၅ သိန်းဖိုးဝယ်၍ နိကာယ်သာသနာပြုရန် ပဒေသာဝင်စိုက်ထားလေသည်။ ယင်းသည်ပင် ဆရာတော်၏ တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့ကြီးကို ကြိုဆိုသကဲ့သို့ ရှေ့ပြေးသဖွယ် ဖြစ်နေပါသည်။

၁၃၄၉ ခုနှစ်သို့ ရောက်သောအခါ ဆရာတော်သည် မိုးမိတ်ကုန်းမြေရှိ စေတီ၊ကျောင်းကန်၊ဇရပ်၊ တန်ဆောင်းများကို သာသနာတော်အတွက် အရှည်သဖြင့် ပို၍အကျိုးရှိအောင် မည်ကဲ့သို့ ရွက်ဆောင် သင့်သနည်းဟု မိုးမိတ်ဂေါပကအဖွဲ့နှင့် အလေးအနက် တိုင်ပင်ဆွေးနွေးလေသည်။ ထိုအခါ ဆရာတော်သည် ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး အလွန်လိုလား တောင့်တအပ်သော နိကာယ် သာသနာ ပြန့်ပွားထွန်းကားရေးကို အစည်းအဝေး၌ အလေးအနက် တင်ပြ ဆွေးနွေးပြီးနောက် ထိုတိပိဋကဓရ=နိကာယ သာသနာပြု လုပ်ငန်းကြီးကို အောင်မြင်ထမြောက်အောင် အကောင်အထည် ဖော်ကြစို့ဟူ၍ တညီတညွတ် ဆုံးဖြတ် ကြလေသည်။

ဆရာတော်၏မူတွေးခေါ်ဆိုနာ

နိကာယ်ငါးရပ်ပိဋကတ်တို့ကို ကွက်၊ အံ၊ ကြံ၊ ကြည့်၊ လေ့လာရခြင်း တည်း

ဟူသော ပရိယတ္တိ လုပ်ငန်းကြီး၏ ခက်ခဲပင်ပန်းပုံကို ကိုယ်တိုင် သိရှိခဲ့ရသော တိပိဋကဆရာတော်သည် 'ငါ၏ညီတော်များ ပစ္စည်းလေးခန်း ပင်ပန်းခြင်းမရှိပဲ ကိုယ်စိတ် ကျန်းမာ ချမ်းသာစွာ ဖြင့် နိကာယ် ငါးရပ် ပိဋကတ် တော်တို့ကို ကျက်၊ အံ၊ ကြံ၊ ကြည့် လေ့လာနိုင်ကြစေရန် စာကျက် စာအံ စာကြံ၍ကောင်းသော ဤ 'ဝိဝေက=သန္တောသ မိုးမိတ် ကုန်းမြေ' တွင် 'တိပိဋက = နိကာယ ကျောင်းဘိုက်' ဖွင့်လှစ်၍ တိပိဋကဓရ အသျှာ အနှင်မြတ်များအား ပစ္စည်းလေးပါး မငြိုငြင်ရအောင် ပြုစုထောက်ပံ့ပေအံ့...' ဟူ၍ သန္နိဋ္ဌာန်ချ ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့် ဆရာတော်သည် ပထမဆင့် အနေဖြင့် မိမိအား နှိုင်းတော်က ၂၄-နှစ်ဘိုင်တိုင် ထောက်ပံ့ခဲ့ပြီး၍ ရာသက်ပန် ဆက်လက် ထောက်ပံ့ရမည့် တိပိဋကဓရ လစာ ဆွမ်းဆန်တော်လစဉ် ၃၁၁-ကျပ် တစ်နှစ်လျှင် ၃၇၃၂ ကျပ်တို့ကိုပါ မိမိအဘွက် လုံးဝ မသုံးတော့ပဲ တိပိဋက=နိကာယ သာသနာပြု မှတည်ငွေအဖြစ် နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား စာတမ်းဖတ်၍အာလယပြတ် လှူဒါန်း လိုက်လေသည်။ မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေးအဖွဲ့ကိုသည်းတိုးခဲ့၍ 'မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေး နှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့' ဟု အမည်ဆင့်၍ တိပိဋက=နိကာယ သာသနာပြု လုပ်ငန်းကိုပါ နာယကဆရာတော်ကြီးများ အုပ်ချုပ်လျက် ရွက်ဆောင်ရန် အဖွဲ့အား တာဝန်ပေး အပ်နှင်းပါသည်။

၁၃၃၉-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက်နေ့က တိပိဋကဓရ ဆရာတော်က ငွေရတု အလှူအဖြစ် နိုင်ငံတော်က ဆက်လက်၍ လှူဒါန်းမည့် တိပိဋကဓရ လစာဆွမ်းဆန်တော်ကို ပရိယတ္တိ သာသနာတော်အား လှူဒါန်းပြီးနောက်၊ အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို နိုင်ငံအနှံ့ ကြညာချက်ထုတ်ပြီး အနယ်နယ်အရပ်ရပ်မှ နိကာယ်ငါးရပ် ပိဋကတ်တော်ကို ကျက်၊ အံ၊ ကြံ၊ ကြည့် လေ့လာ၍ နိကာယ် စာမေးပွဲ၊ တိပိဋက စာမေးပွဲတို့ကို ဝင်ရောက်ပြန်ဆို ဖြေဆိုကြမည့် နိကာယ် စာသင်သား၊ တိပိဋက စာသင်သားကြီးများ ဤ မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယ ကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးကြပါရန်အကြောင်း၊ ပစ္စည်းလေးပါး မငြိုငြင်ရအောင် ထောက်ပံ့မည် ဖြစ်ကြောင်းကို ဖော်ပြ၍ (ဆရာတော်ကိုယ်တိုင် လက်မှတ် ရေးထိုး၍) ပင့်ဖိတ်ခဲ့ပါသည်။

၁၃၄၀-ပြည့်နှစ် နှစ်ဆန်း တစ်ရက်နေ့တွင် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်း၍ ထိုနှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်ပွဲ အခမ်းအနားကို ပြုလုပ်သောအခါ တိပိဋက=နိကာယ စာသင်သားကြီးပေါင်း ၄၇-ပါး စုဝေး

ရောက်ရှိ. ဝါဆိုကြပြီး နောက် ၁-နှစ် ထက် ၁ နှစ် တိုးတက်လာခဲ့ရာ သုံးနှစ် ကျော်မြောက် လေးနှစ်ရောက်သော ယခု နှစ်၌မူ စာသင်သားကြီး အပါးရေ ၁၅၀ ကျော်ပင် ရှိလာလေပြီ။

၁၃၄၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် လည်းကောင်း၊ ထိုနှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် လည်းကောင်း၊ တိ=နိ သာသနာပြုအဖွဲ့ကြီး၊ မလွန် ဆန်လှူ အသင်းကြီးတို့က အစဉ် အတိုင်း ဆရာတော်၏ တိပိဋကဓရ ဘွဲ့ရ ၂၅ နှစ်မြောက် ငွေရတု ပူဇော်ပွဲကြီး များကို ရန်ကုန်မြို့ သာသနာ့ ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံနှင့် မန္တလေးမြို့ သကျသီဟ မဟာဗန္ဓုလ ဝေဇယန္တာ ဓမ္မာရုံ ကြီးတို့၌ ခြိမ့်ခြိမ့်သည်း ပူဇော် ကျင်းပ ကြလေရာ ထိုပူဇော်ပွဲတို့၌ ဒကာ ဒကာမ များက ခြိမ့်ခြိမ့်သည်း ပူဇော်လှူဒါန်းကြ သည့် တစ်သိန်းလေးသောင်းခန့် နဝကမ္မ အလှူငွေများမှ မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတ (သကျသီဟ) အသင်းကြီး နှင့် မလွန်ဆန်လှူ အသင်းကြီးတို့သို့ ကျပ် ငွေ သုံးသောင်းစီ၊ ရန်ကုန်မြို့ စေတီ ယင်္ကာ အသင်း၊ နိကာယ် သာသနာ တော် ထွန်းကားရေးအသင်း၊ အဘိဓမ္မာ ပြန့်ပွားရေး အသင်းတို့အား ကျပ်ငွေ တစ်သောင်းစီ လှူစေပြီးနောက် ကျန် သော ငွေ ရှစ်သောင်းခန့်တို့ကို တိ=နိ အဖွဲ့ကြီးသို့ ကပ်ပွယအဖြစ် လွှဲအပ်ပြီး ရန် ကုန် မန္တလေးမြို့တို့၌ တဝက်စီ 'တိပိဋက =နိကာယ သာသနာပြု ရန်ပုံငွေ ပဒေ သာပင်' တည်စိုက်စေလေသည်။ (ထိုသို့ နှစ်ပင်ခွဲ၍ စိုက်စေခြင်းမှာ အထက်, အောက် မြန်မာပြည် ဒကာ ဒကာမများ အလွယ်တကူ လှူဒါန်းနိုင်ရန် ဖြစ်သည်။)

ဤမျှသာမဟုတ်သေး၊ ဆရာတော် အား နိုင်ငံတော်အစိုးရက ၁၃၄၁ ပြည့် နှစ် ပြာသိုလဆန်း ၇-ရက် လွတ်လပ် ရေးနေ့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ကြောင်း ကြေညာပြီး ၁၃၄၁ ခုနှစ် နယုန်လပြည့်နေ့ တွင် ဆဋ္ဌသင်္ဂါ ယနာ လိုဏ်ဂူ၌ ဘွဲ့တံဆိပ် ဆက်ကပ်လေ သည်။ ထို နယုန်လပြည့်ကျော် ၁၂ ရက် နေ့မှာပင် ဆရာတော်သည် မိမိအား နိုင် ငံတော်က အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန် တော် ၁-နှစ် ကျပ်ငွေ ၁၀၀၀ လှူဒါန်း မည်ကို ကြေငြာ၍ပင် ထိုအဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်ကိုလည်း စာတမ်းဖတ်၍ နိကာယ်ငါးရပ် = ပိဋကတ် သာသနာ တော်အား လှူဒါန်းလေသည်။ တိပိဋက ဓရ ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်များကို ၁ နှစ်အတွက် ပေါင်းလိုက်လျှင် ၄၇၀၀ ကျပ် ကျော် ရှိသဖြင့် ဆရာတော်သည် အခြား နဝကမ္မတို့မှ ကျပ်ငွေ ၃၀၀ ကျပ်ကို ထပ် ဖြည့်စေကာ နှစ်စဉ်နှစ်စဉ် တိပိဋက= နိကာယ သာသနာပြုဆွမ်းစရိတ်အတွက် ၅၀၀၀ ကျပ် လှူဒါန်းပါသည်။

ထိုအခါမှစ၍ ဆရာတော်၏ ပရိယတ္တိ သာသနာပြု လပ်ငန်းကို ကြည့်ဦး၊ ဝမ်း မြောက်ကြသော အထက် အောက် မြို့၊

ရွာ၊ ဒကာ ဒကာမ၊ အသင်းအဖွဲ့အသီးသီးတို့က စေတနာဇလဝဖြင့် 'တိပိဋကတ=နိကာယ သာသနာပြု ရန်ပုံငွေပဒေသာပင်' ပင်မအဖြစ် ဒလဟော လှူဒါန်းကြရာ သုံးနှစ်လွန်မြောက် လေးနှစ်အတွင်း သို့ ရောက်သော.... ထို ပဒေသာပင်မှာ သုံးဆယ့်လေးသိန်းကျော်သို့ ရောက်ရှိခဲ့လေပြီ။ ကျောင်း အဆောက်အအုံတို့မှာလည်း တစ်နေ့တခြား တိုးတက်များပြားလာရာ မိုးမိတ်ကုန်းမြေတစ်ခုလုံး ဘုရားပုထိုး၊ ဇရပ်ဘန်ဆောင်း၊ တိပိဋကတ=နိကာယကျောင်း၊ မဟာအဘယ ရေကန်ကြီး၊ မဟာဗုဒ္ဓဝင်နှင့် သင်္ဂါယနာ မေးဖြေ ကျောက်စာတိုင် ကျောက်စာတိုက်များ (ဆောက်လုပ်နေဆဲ)တို့ဖြင့် ကြက်ပျံမကျ စည်ကားလျက် ရှိလေပြီ။ ။

(ဤကား ဆရာတော် ၏ သာသနာတော်အတွက် အကြီးမားဆုံးသော ရွက် ဆောင် ချက် ဖြစ် လေသည်။)

သာသနာ့မယ်တော် နှစ်တစ်ရာပြည့်ပွဲ

တိပိဋကဆရာတော်ကို ငယ်စဉ် သာမဏေဘဝ ကတည်းက စ၍ ပြုစုပျိုးထောင် စောင့် ရှောက် ပေး ခဲ့ သော ပုဂ္ဂိုလ် ကား သစ္စဝါဒီဦးကာ ကျမ်းပြုသီလရှင်ဆရာကြီး ဒေါ်မမွစာရီ ဖြစ်သည်။ ဆရာကြီးသည် ၁၂၄၀–ပြည့်နှစ် တပို့တွဲလဆန်း ၄ ရက် စနေနေ့တွင် မွေးဖွားခဲ့၍၊ ၁၂၅၇ ခုနှစ် တန်ဆောင် မုန်းလဆန်း ၂ ရက်နေ့တွင် ကောမာရီပြဟ္မစာရိနီ သီလရှင် အဖြစ်သို့ ရောက် သည့်နေ့ကစပြီး တစ်သက်လုံး ၁၀ ပါး သီလ စောင့်ထိန်းခဲ့လျက် ၁၃၃၃ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ အသက် ၉၃ နှစ်တွင် ဘဝနတ်ထံ ဝင်စံခဲ့လေသည်။

နောက် ၇–နှစ် ကြာ သော အ ခါ ၁၃၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၄ ရက်နေ့၌ မယ်တော်ကြီး၏ နှစ်တစ်ရာပြည့်ပွဲကို ဆရာတော်သည် ကတည်း ပုဂ္ဂိုလ် ကတဝေဒီ ပုဂ္ဂိုလ်ပီပီ ကြီးမှူး ကျင်း ပ လျက် ထိုရာပြည့်ပွဲ၌ ပင့်သံဃာများအား သင်္ကန်း ဒွိစုံ၊ ထီး၊ ဖိနပ် စသည်တို့ကို လည်း ကောင်း၊ မင်းကွန်းတောင်ရိုးရှိ သီလရှင်ပါးရေ ၄၀၀ ကျော်တို့အား သီလရှင်ဝတ်စုံ တစ်စုံစီကို လည်းကောင်း လှူဒါန်းလေသည်။ နောက် ၁–နှစ် ကြာ သောအခါ ဆရာတော် သည် မိမိအား ကျေးဇူးများလှသော မယ်တော်ကြီး၏ ပုံတူ ရုပ်တုကို ထုလုပ်၍ 'တိပိဋကတ = နိကာယ ကျောင်းတိုက် အတွင်း' ၌ အမှတ်တရ သမိုင်းဝင်အဖြစ် ထား ရှိလေသည်။ ဆရာတော်၏ ပုံတူရုပ်တုနှင့် မယ်တော်ကြီး၏ ပုံတူရုပ်တုတို့ကို ထား ရှိရန် ပြတိုက်အတွက် မန္တလေးမြို့ ဘာဘူတန်း ဦးစကြီး ဒေါ်တင်နှင့် သား သမီးများက ဒါယကာ ခံကြလေသည်။ တိုပုံတော်ဖွင့်ပွဲတွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကို ၃ ရက်နှင်အပြီး ရေးသား ရိုက်နှိပ် လူဒါန်း ဖြန့်ဝေခဲ့လေသည်။

မယ်တော်ကြီး၏ ရာပြည့်ပူဇော်ပဲ့အကြောင်း ရေး သားနေစဉ်ပင် မယ်တော်ကြီး အသက်ရှိစဉ် ၁၃၃၀-ပြည့်နှစ်၊ အသက်နှစ် ၉၀ - ပြည့်မြောက် ၉၁-နှစ်ရောက် မွေးနေ့အလှူပွဲကျင်းပခဲ့စဉ်က ကျေးဇူးရှင် ဖြစ်တော်မူသော မန္တလေးမြို့၊ ရွှေကျင် နိကာယ ဓမ္မသေနာပတိ အဘိဓဇ မဟာရဋ္ဌ ဂုရု သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး က မယ်တော်ကြီး အတွက် တပည့်များအား ရေးသား ဂုဏ်ပြု ဖတ်ကြားစေအပ်သော ထုတိဝေဒလွဂါထာပါဠိ အနက်ကို ဤသို့ အလျဉ်းသင့်၍ ထည့်သွင်း အပ် ပါသည်။

စာရေးသူ

၁၃၃၀-ပြည့်နှစ် တပို့တွဲလဆန်း ၄-ရက်
မင်းကွန်းတောင်ရိုး ရန်ကုန် အိမ်ကြီးချောင်
ဆရာကြီး ဒေါဓမ္မစာရီ
အသက် ၉၀-ပြည့်မြောက် ၉၁-နှစ်ရောက်
မွေးနေ့မင်္ဂလာ အလှူပွဲ၌
ချီးမွမ်းဖတ်ကြားအပ်သော

ထုတိဝေ ဒလွမင်္ဂလာဂါထာ

(၁) မာတုစ္ဆာ ဗုဒ္ဓဘရိတာ၊
စက္ကံ ယာတိ သမုဒ္ဒတိံ။
တထာ သာသန မာတုယာ၊
ထေရပုတ္တ သုပါလိတာ။

(၂) သံဃမိတ္တာ အနုဋ္ဌာ စ၊
ဓမ္မစာရိစ မာမိကာ။
အနုဂ္ဂဏှာတု သဒ္ဓမ္မံ၊
စိရံဂ စိရဋ္ဌိတာ။

၁။ မာတုစ္ဆာ=မာတုစ္ဆာယ=ဘုရားရှင် ရွှေလက်ထက်တော်က ဇေတဒင်္ဂရ = ရတ္တညူ။ ဂုဏ်ယူထင်ပေါ် မိဇ္ဈေးတော်ဂေါတမီ ရဟန္တာ-မြတ်ထေရီ၏။ ဗုဒ္ဓဘရိတာ = သိဒ္ဓတ်မင်းသား လောင်းဘုရားကို နို့ချိုတိုက်ကျွေး မြဲပိုက်ထွေးကာ အလေးတမူ အရေးယူ၍ မွေးမြူအပ်ခဲ့သည်၏ အဖြစ်ကြောင့်။ စက္ကံ=ဗုဒ္ဓမြတ် စွာ သာသနာတော်ကြီး သည်။ သမုဒ္ဒတိံ=ဘုရားမြတ်စွာ ပွင့်ပေါ်လာ၍ သာသနာစက် ကမ္ဘာထက်ဝယ် ဘဝင်လွှမ်းကျော် မြတ် ဂုဏ်တော် ဖြင့် ထင်ပေါ်မြင့်မား ထွန်းကားတိုးတက်ခြင်းသို့။ ယာတိ ယထာ=စကြဝဠာ ကမ္ဘာမြေမိုး လွှမ်းအုပ်မိုး၍ တန်ခိုးတော် အနန္တထိန်ထိန်ပလျက် သာသနာ့ ကျက်သရေမက်မပြေအောင် လက်ဝေထွန်းတောက်အထက်တန်း ရောက်သကဲ့သို့။ တထာ=ထိုသို့မခြား အလားပုံယူ နည်းအတူသာလျင်။ သာသနမာတုယာ=မင်းကွန်း ရွှေဘောင် ရန်ကုန်အိမ်ကြီးချောင်၌ ဂုဏ်ရောင်ကျော်ဟည်း ဆရာကြီး ဒေါဓမ္မစာရီ နာမည်သစ်လွင် သာသနာ့မိခင်ကြီး၏။ ထေရပုတ္တ သုပါလိတာ=အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုတ္တသားကျော် ဆရာတော်ကိုပူဇော်ချီးမြှောက် ကောင်းစွာ စောင့်ရှောက် အပ်သည် ၏ အဖြစ်

ကြောင့်။ စက္ကံ=ဗုဒ္ဓမြတ်စွာ သာဝကသာ
တော်ကြီးသည်။ သမုန္နတိ=ဆဋ္ဌ သင်္ဂါ
ယနာ မင်္ဂလာသဘင် အောင်ပွဲယင်၍
အစဉ်ထိန်လင်း တိုးတက်ခြင်းသို့။ယာတိ
=ကမ္ဘာတွင် မကြုံဖူးအောင် သာသနာ
ဝင် တစ်ဂိုဏ်းသူးစေဖို့ ခွီးကျူးမကုန်
ကမ္ဘာတုန်မျှ သမ္ဘာဟုန်ကဲမောက် ရဲရဲ
တောက်ပါရမီ အာဇာနည် အရှင် တစ်
ပါးဟု ထင်ရှားပေါ်ပေါက် အထက်
တန်းရောက်ရလေပြီဘကား....။

၂။ သံဃမိတ္တာ စ=သီရိဓမ္မာသောက
သာသနာ့ဒါယကာ တေဇာ ထွန်းသစ်
ကေရာဇ်၍ ရင်နှစ်မျက်ဖျော် သမီးတော်
သင်္ဃမိတ္တာ ရဟန္တာထေရီကဲ့သို့ လည်း
ကောင်း။ အနုဠာ စ=ဒေဝါနံပိယတိဿ
နာမထင်လင်း ဘုရင်မင်း၏ နောင်ရင်း
ဇနီး မရီးတော်စပ် ဂုဏ်မြင့်မြတ်သည့်
တင့်အပ်တေဇာ အနုဠာဒေဝီ မြတ်ထေရီ
ကဲ့သို့ လည်းကောင်း။ မာမိကာ=ဗုဒ္ဓမြတ်
စွာ သာသနာကို ရှည် ကြာ တိုး ပွား
အကျိုးမျာ:ဖို့ လိုလားနှစ်သက်ပေသော။
ဓမ္မစာရီ စ=အသက်ကိုးဆယ် ဖြိုးကြွယ်
ပြည့်မြောက် ကိုးဆယ့်တစ်နှစ် ရောက်
သည့်တိုင်အောင် ထွန်းတောက် ဇာတေ
နေနှင့်လ,သို့ သာသနာ့မိခင် ဂုဏ်အင်
ကျော်ဟည်း ဆရာကြီး ဒေါ်ဓမ္မစာရီ
သည်လည်း။ စိရဇီဝိတာ = တက်သစ်နေ
ဝန်း ထွန်းသစ်လစန်း ပွင့်သစ်ပန်းသို့
ရှင်လန်းနှစ်သက် ရာကျော်တက်၍ မပျက်
မြတည် အသက်ရှည်နိုင်သည်ဖြစ်၍။ စိရံဝ
=အခါမလင့် သမ္ဘာတင့်၍ ကြာမြင့်စွာ
သာလျှင်။ (ဝါ)စိရံဝ=ကိုးဆယ့်ခြောက်
ဖြာ ဘေးဘယာတို့ ဝေးကွာမသန်းစိတ်
ရွှင်လန်း၍ အေးချမ်းရှည်ကြာ ကျန်းမာ
ချမ်းသာစွာလျှင်။ သဒ္ဓမ္မံ = သဒ္ဓမ္မသုံးဖြာ
မြတ် ဘုရား သာ သ နာ တော်ကို။
အနုဂ္ဂဟာတု=သာသနာအတွက် အဘက်
ဘက်မှ ဆောင်ရွက်ပြီး မြောက် ခရီး
ရောက်အောင် ခွီး မြှောက်နိုင်ပါစေ
သတည်း....။

ဖတ်ကြားဂုဏ်ပြုသူ ငရုးသားဂုဏ်ပြုသူ
အရှင်ဇဋိလ အရှင်ဇဉ်ဒီဘိဝံသ
ဆရာတင်ကြီးဒင်မြူး မဟာဝိသုဒ္ဓါရုံ မန္တလေး

အားကျစေသား
တေဒဂ် ရုပ်တုတော်များ

ဆရာတော်သည် မိမိကိုယ်ဌာကပိဋကတ်အရာဝယ် ဆရာကောင်း မိတ်
ကောင်း အထောက်အပံ့ကောင်း အမှီ
ရသဖြင့် ထိုက်တန်သလောက် ကျွမ်းကျင်
လိမ္မာသူ ဖြစ်ခဲ့သည့်အလျောက် မိမိကဲ့သို့
ပင် ပရိယတ္တိအရာ၌ လိမ္မာကျွမ်းကျင် ထူး
ချွန်သော အရှင်မြတ်များ ပေါ်ထွန်းလာ
ရေးအတွက် တိပိဋကက=နိကာယ သာ
သနာပြု လုပ်ငန်းကြီးကို ရှေ့တန်းက
ဦးဆောင်ခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ပရိ
ယတ်အရာဝယ် လိမ္မာကျွမ်းကျင် ထူးချွန်
သော အရှင်မြတ်များ ပေါ်ထွန်းလာ
ရေးအတွက် အထောက်အပံ့ = ဥပနိ-
သရည်း ပစ္စည်း ဖြစ်နိုင်ရေးအတွက်
(တစ်နည်း တိပိဋက=နိကာယ စာတော်
သင်အရှင်မြတ်များ အားကျနိုင်အောင်)

ဘုရားရှင်လက်ထက်တော်က သာသနာတော်၌ ပါရမီအလျောက် ထူးချွန်သော =တေဒင်္ဂဘွဲ့ထူး ဂုဏ်ထူးကို ရရှိတော်မူကြသော တေဒင်္ဂဘွဲ့ရ မထေရ်များ၊ ထေရီမများ၊ လူဒါယကာများ၊ ဥပါသိကာ ဒါယကာမများ၏ ရုပ်တုတော်များကို ဆရာတော်နှင့် ဆရာဝန်ကြီး ဦးသာလှတို့က တိုင် ပင် ထု လုပ် ကြ၍ ၁၃၄၀-ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် ရန်ကုန်မှ အခမ်းအနား ဖြင့် လမ်းတလျှောက်ရှိ မြို့ရွာ ဒကာ-ဒကာမတို့ ကြည်ညိုသဒ္ဓါ ပွား များ စေရန် စခန်းတထောက်၌ တစ်ညဉ့်နား၍ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကာ =နိကာယ ကျောင်းတိုက်အရောက် မော်တော်ကားများဖြင့် ပင့်ဆောင်၍ ရောက်သောအခါ စက်တော်ရာ စေတီတော်ကြီးအတွင်း၌ အစီအရီထား၍ ပူဇော်ပါသည်။ တေဒင်္ဂရ ပုဂ္ဂိုလ်တို့မှာ ရဟန္တာမထေရ်မြတ် ၄၁-ပါး၊ ရဟန္တာထေရီများ ၁၃-ပါး၊ တေဒင်္ဂရ ဥပါသကာအမျိုးသား ၁၁-ဦး၊ တေဒင်္ဂ ဥပါသိကာအမျိုးသမီး ၁၀-ဦး=ပေါင်း ၇၅-ပါး ဖြစ်လေသည်။

ဒါနအနှစ် အားသစ်လေ့ရှိခြင်း

ဆရာတော်သည် ဉာဏ်ပညာကြီးမား သလောက် ဘုန်းကံလည်းကြီးမား၊ လူဒါန်းမည်သူ များလှပါဘိသည်။ (နှစ်ပါးစုံ အကျိုးပေးရန် မလွယ်ကူလှချေ။) အနယ်နယ်အရပ်ရပ်မှ ဒကာ ဒကာမတို့သည် ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကို လွန်စွာ ကြည်ညိုကြ၍ စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လူဒါန်းပူဇော်ကြသည်မှာ အံ့လောက် ဖွယ်ပင်။ ထို့မျှလောက် ဘုန်းကံကြီးမား သော်လည်း ဆရာတော်ကား ရောင့်ရဲတင်းတိမ်မှ = သန္တုဋ္ဌိတရားကို လက်ကိုင်ထားသူဖြစ်ပါသည်။ မိမိအတွက် မရှိလျှင်မဖြစ်သော ရဟန်း အသုံးအဆောင် တို့ကိုသာ သုံးဆောင် လျက် ရိုး ရိုး ပင် နေထိုင်စား သောက်လေ့ရှိသည်။ မိမိရရှိသော ဝတ္ထုပစ္စည်းများကို အမျိုး, ဘာသာ, သာသနာအတွက် အကျိုးရှိမည့်ပုဂ္ဂိုလ်၊ အရပ်ဌာနတို့၌ စွန့်ကြဲလူဒါန်းဖို့သာ ရည်သန်လေ့ရှိသည်။ ထို့အကြောင်းကို အနည်းငယ် ဖော်ပြရပါလျှင်....

၁။ ဆရာတော်သည် မိမိအား လူဒါန်း၍ ရှိလာဘော လူဖွယ် ပစ္စည်းမှ ကောင်းမွန်သော ပစ္စည်း အသုံးအဆောင်များကို ထေရ်ကြီး ဝါကြီးများအား အမြဲလူဒါန်းလေ့ရှိပြီး မိမိကိုယ်တိုင်ကမူ သင့်တော်ရုံမျှသော အသုံးအဆောင်များဖြင့် မျှတလေ့ရှိသည်။

၂။ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်တရားဟောရာတွင် ရရှိသော နဝကမ္မ လူဖွယ် ပစ္စည်းများကို တရားပွဲ ကျင်းပရာ နေရာများ၊ ဆင်းရဲနွမ်းပါးသည့် ရဟန်းရှင်လူတို့အား လိုသလောက် ခွဲဝေစွန့်ကြဲ လူဒါန်းလေ့ရှိသည်။

၃။ အခါတပါး(၁၃၃၉ ခုနှစ်)တန်ခူး လက မန္တလေးမြို့ တောင်ပြင်တွင် မီးအကြီး အကျယ် လောင်းကျွမ်း လေရာ ဘုန်းကြီးကျောင်းများ မီးထဲပါသွား၊လေသည်။ မီးဘေး သင့် သံဃာများမှာ စား၀တ်နေ ရေးအတွက် လွန်စွာ ပင်ပန်းကြ လေသည်။ ထိုအခါဆရာတော်သည် မိမိ၏နောင်တော် ညီတော် သီတင်း သုံးဖော် ၂၅၀–ကျော်တို့ ဒုက္ခ ရောက်ကြသည်ကို ကြား၊လျှင်ကြား ခြင်း မိမိ၌ရှိသမျှသော သင်္ကန်း, ထီး, ဖိနပ်, စောင်, မျက်နှာသုတ် ပဝါ, ဆပ်ပြာ, ဆန်, ဆီ, ဆား, ပဲ တို့ကို အချို့းကျခွဲ၀ေပြီး အလှူခံ ပုဂ္ဂိုလ်လက်ရောက် ပို့သလှူဒါန်းခဲ့ သည်မှာ စုစုပေါင်းတန်ဖိုး ခြောက် သောင်းကျော်ခန့် ရှိလေသည်။

၄။ ၁၉၈၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့ က မန္တလေးမြို့ အနောက်မြောက် ပိုင်း၌ ၂ မိုင်ပတ်လည်ကျော် မီး အကြီးအကျယ် လောင်းကျွမ်းလေ ရာ ဘုန်းကြီးကျောင်းတိုက်ပေါင်း ၁၅ တိုက်၊ ကျောင်းပေါင်း ၆၂ ကျောင်း မီးသင့်ခဲ့ပြီး သံဃာတော် ပေါင်း အပါး ၄၀၀ ခန့်မှာ ဒုက္ခ ကြီးစွာ ရောက်ခဲ့ရသည်။ ထိုအခါ ဆရာတော်သည် ထိုမီးဘေး သင့် သော သံဃာများအား ပလာတာ ဆွမ်းကပ်ပြီး သံဃာစေ့သက်နှံးဒွိစုံ၊ ထီး (သို့မဟုတ်) ဖိနပ်၊ ဆွမ်းဆန် စသည်တို့ကို အချို့းကျ ခွဲ၀ေပြီး ၁၃၄၂ ခုနှစ် နယုန်လဆန်း ၂ ရက် နေ့က ပုံ၍ လှူဒါန်းရာ စုစုပေါင်း တန်ဖိုးမှာ ကိုး သောင်း ကျော်ဖိုး ခန့်ရှိလေသည်။

၅။ ထိုမှတပါးလည်း ဆရာတော်သည် နိဗ္ဗဒေတ်ထား၍ အစဉ်ထာ၀ရ လှူဒါန်းသော ကုသိုလ်လည်း ရှိပေ သေးသည်။ ဆရာတော်သည် မင်း ကွန်းတောင်ရိုး သံဃာ ၁၀၀-ကျော်ရှိ ဓမ္မနာဒ 'နေရင်း' ကျောင်း တိုက်နှင့် သံဃာ ၁၅၀-ကျော်ရှိ တိပိဋကတ = နိကာယကျောင်း၊ ဤ ကျောင်းတိုက် နှစ်တိုက်တို့၏ တာ ဝန်ခံ နာယကဆရာတော်ဖြစ်သဖြင့် လည်းကောင်း၊ မင်းကွန်း ဗုဒ္ဓဘာ သာလူအိုရုံ အသင်း၏ နာယက ဆရာတော် ဖြစ်သဖြင့် လည်း ကောင်း၊ မင်းကွန်းတိုက်နယ်ဆေး ရုံကို ကြီးမှူးဆောက်လုပ်၍ နိုင်ငံ တော်အစိုးရသို့ လှူဒါန်း ခဲ့သဖြင့် လည်းကောင်း၊ မိုးမိယ်စေတီတော် များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ ၏ နာယက ဆရာတော်ဖြစ်သဖြင့် လည်းကောင်း ဖော်ပြရာပါ ငါး ဌာနတို့၌ လိုအပ်သလို အချို့းကျကူ တွက်ချက်၍ နှစ်စဉ် လှူဒါန်းသည့် ဆန်တင်းပေါင်းမှာ ၁၆၉၀ ရှိလေ သည်။ အခါအား၊လျော်စွာ ထိုဌာန များသို့ လာရောက်ကြသည့် အာ ဂန္တုနှင့် ည့်သည်များအား ကျွေး

မွေးရသော ဆန်များ နှင့်ပါဆိုလျှင် စုစုပေါင်း လူဒါန်းသည့် ဆန်တင်းပေါင်းမှာ ၁၇၀၀-ကျော်ဖြစ်လေသည်။

ဆရာတော်သည် အမျိုးဘာသာသာသနာအတွက် ရွက်ဆောင်ရာတွင် မည်မျှကြိုးပမ်း ရွက်ဆောင်ပုံအကြောင်းကို တချိန်ကကျွန်တော့်ထံ ကိုယ်တိုင်ရေးသားသော ဆရာတော်၏ပေးစာမူရင်းတစ်စောင်ကို အဆင်သင့်၍ တင်ပြ အပ်ပါသည်။

၁၃၇၇-ခု၊ တန်ဆောင်မုန်းလဆန်း ၇-ရက်
(၁-၈-၁၇)

ကိုလှရွှေ-

ဘုန်းကြီး၏ အလုပ်များပုံကို ထင်ပြလိုပါသည်-

(၁) ယနေ့နံနက် ၁၀နာရီခွဲ ဘုရားနှံ့ဘုရားသွား၍ဆွမ်းစားပြီးမွန်းလွဲ ရေစက်ချရပါမည်။

(၂) ရေစက်ချ တရားဟောပြီး ၂-နာရီခန့် အချိန်တွင် ဝက်လက်မြို့စုပေါင်း ဘုံကထိန်သို့ ညတရားဟောအမိ သွားရပါမည်။(၎င်း၌ ညဲ့တရားဟောပြီး)-

(၃) ၈-ရက်နေ့ ရေစက်ချပြီး ၎င်းညမြောင်မြို့စုပေါင်းကထိန်၌တရားဟောရပါမည်။

(၄) ၉-ရက်နေ့ မြောင်ကထိန် ရေစက်ချပြီး အပြန် စိန်ပန်း ကထိန်၌ ညတရားဟောရပါမည်။ (ညဲ့ ၂၂ နာရီမှ ကျောင်းသို့ ပြန်ရောက်မည်။)

(၅) ၁၀-ရက်နေ့နံနက် ကျောင်း၌ ရန်ကုန်အဖွဲ့၏ အလှူကို ရေစက်ချပေးပြီး မွန်းလွဲအမိ စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ကထိန်၌ ရေစက်ချတရားဟောပြီး အပြန် ညဲ့-ကျောင်း၌ ရန်ကုန် အလှူအတွက် တရားဟော်ရပါမည်။

(၆) ၁၁-ရက်နေ့တနေ့လုံး ကျောင်း၌မွေးနေ့ အလှူနှင့် တောင်ရိုးပရိယတ္တိစာအောင် ဆုနှင်းသဘင်အတွက် တာဝန်ယူ၍၊ ည-မဟာအောင်မြေ ကထိန်၌ တရားဟောရပါမည်။

(၇) ၁၂-ရက်နေ့ ဆေးရုံဒကာကြီးတို့လာကြမည်။၎င်းနေ့၌ တစ်နေ့လုံးကျောင်း၌ ရွှေဒင်္ဂါး ရဟန်းခံ-ရှင်ပြု-ကထိန် ရေစက်ချ တရားဟောပြီးလျှင် ၎င်းည ထီးဝင်းကထိန်၌ တရားဟောရပါမည်။

(၈) ၁၃-ရက်နေ့ နံနက်မှ မွန်းလွဲ ၁-နာရီခွဲတိုင် ဆေးရုံ ဒကာကြီးဦးဘရှင်းတို့၏ ကထိန် အလှူဆောင်ရွက်ပြီးလျှင် ၎င်းညဲ့ မော်တော်ကားဖြင့်သွား၍ ကျောက်မြောင်းမြို့ ဓမ္မပါလ ကျောင်းတော်တိုက်၌ တရားဟော ရပါမည်။

(၉) ၁၄ - ရက်နေ့။ (က)နံနက် ကျောက်မြောင်းဌ သိမ်သမုတ်၊ (ခ)မွန်းလွဲ ကထိန်ရေစက်ချပြီး၊ (ဂ)ည ရွှေကြီးမြင့်ဘုရားဌ တရားဟောရပါမည်။

အထက်ပါ မအား‌လပ်သည့် ကိစ္စများကြောင့် ပဋ္ဌာန်းပါဠိတော်စက်ရိုက်ရန် အချိန်မရအောင်ပင်ရှိနေ၍-

'မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ' ဟူသော အတိုင်း ပဋ္ဌာန်းပါဠိတော် စက်ရိုက်ပေးရန် ကိစ္စကို လက်မခြောက်ချင်ပဲလျက် မြောက်လိုက်ရပါသည်။ ဖြစ်သလိုသာ စက်ဖြင့် ရိုက်ကြပါလေတော့။ (လုပ်မည်ဟု တာဝန်ယူပြီး ပြီးအောင် မဆောင်ရွက်နိုင်လျှင် နှလုံးမသာဖွယ် ဖြစ်နိုင်ပါသည်။)

စံညွှန့် (မန်းခေတ်စက်လုပ်သား) ကိုသာ အဒီခိုင်း၍ မန်းခေတ်ကပဲရိုက်ပါတော့။(စံညွှန့်နှင့် လုပ်သားခကို ဘုန်းကြီးလှူပါရစေ။) စက္ကူ ၄-ထုပ် ဘုန်းကြီးက လှူပါရစေ။ ကောင်းမှုရှင်အမည်ကို 'တိပိဋကက ဆရာတော်ကို အမှူးပြု၍ မန်းခေတ်တို့မိသားစု ဓမ္မဒါန'ဟု ရိုက်နှိပ်စေပါလေ။

၉-ရက်နေ့ညနှင့် ၁၀-ရက်နေ့ ညနေတို့၌ ပရိုက ကြည့်ပေးပါမည်။

ဦးဓိဇဂ္ဂသာရာဘိဝံသ

ဤသည်တို့ကား....

ထင်းရှား၍အရေးပါလှသော ဆရာတော်၏ အမျိုး ဘာသာ သာသနာအဘွက် ဆောင်ရွက်ချက်များကို အကျဉ်းမျှ ဘင်ပြဆွေးဖြစ်ပါသည်။

ဤသို့လျှင် အမျိုး ဘာသာ သာသနာအတွက် ဆရာတော်၏ ရွက်ဆောင်ချက်တို့ကို နှစ်သက်အားရ နည်းယူကြ၍ သာသနာပြု ပုဂ္ဂိုလ် အမြောက်အများ ပေါ်ထွန်း လာပါစေသား။ ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ဦးလှဒ္ဓိ-မန်းခေတ်
အကျိုးတော်ဆောင်
တိပိဋကက=နိကာယ သာသနာပြုအဖွဲ့
၁၈-၁၁-၈၁



ငွေရတုပူဇော

ဆီပိဒုကရေ ငွေရတု၏ ငွေရတုပူဇော
●မွေစေတီ ပိဒုကတ်တိုက်တော်
ထူဒါန်းရေစက်ချပွဲဦး
ချီးပွဲဖတ်ကြားအပ်သော ထောမနာရတုပိုဒ်စုံ

၁။ **သုံးလူ့ပရမေ။** ။မြတ်စိန္ဒေ၏၊ သုံးထွေသာသနာ၊တည့်မွန်းသာသို့၊ ရောက်ရာအလို၊ တစ်နှစ်ကြို့တွင်၊ မြင်းမိုရ်လက်ယာ၊ မြရပ်သာ၏၊ မြန်ချာမြလူ၊ မြတ်မြေဋ္ဌတွင်၊ ဇမ္ဗူတစ်သောင်း၊သိမ့်သိမ့်စောင်းသို့၊ ဆုတောင်းပါရမီ၊ စုံပြည့်မီလျက်၊ သုံးလီပိဋ္ဌကတ်၊ ထွတ်အမြတ်ကို၊ လူနတ်ဗိုလ်ပုံ၊ မင်းပေါင်းစုံ၌၊ နှုတ်ငုံဆောင်ပြ၊ တိပိဋ္ဌကဟု၊ ဓမ္မဘဏ္ဍာဂါရိကာတည့်၊ ထိုခါသရော်၊ ထေရ်ဘုန်းမော်ကား၊ အကျော်နှစ်ထပ်နှစ်ရပ်ဓမ္မာစရိ၊ ဝိသိဋ္ဌလေးဖြာ၊ လေးခါကောဝိဒ၊ လေးဝမဟာ၊ ကြီးမြတ်စွာတွင်၊ ထွတ်ချာထိပ်ဖူး၊ ထူးထက်ထူးသည့်၊ ဆွတ်ဦးတိပိဋ္ဌကနှစ်မျိုးရ၍၊ သာသနာ့မှန်ကူ၊ ပုဂ္ဂိုလ်ဟူသား၊ နတ်လူအုံ့ကြွ၊ ညွတ်ဦးခလျက်၊ ဓမ္မဘဏ္ဍာ-ဂါရိကာတည့်၊ ပါရမီထူးဘိ၊ တိ-သုံးတိမူ၊ တိဟိတ်တဖြာ၊ တိတိကွာနှင့်၊ နှစ်ဖြာတိပိဋ္ဌက၊ ထွတ်တင်သလျက်၊ ထူးစွဝိစိတ္တဝိသိဋ္ဌနှင့်၊ ဝိသေသမှန်၊ ဝိ-သုံးတန်တည့်၊ တံခွန်သုံးဆင့်၊ ထီးဖြူဖွင့်လျက်၊ သုံးကျင့်သိက္ခာ၊ ပြည့်စုံစွာတည့်၊ ဇာနည်တံခွန်၊ သုံးဆင့်ခွန်သော်၊ မိုးစွန်ကိုထောက်၊ မိုးကိုဖောက်မျှ၊ မိုးအောက်စံပြု၊ ပညာထုလည်း၊ မေရုဦးကိုင်၊ နှုန်းနှိုင်းနိုင်ကို၊ ဆယ်ခိုင်လက်ကြာ၊ ရှိဦးဖြာသည်သာ(သ)နာ့နေဝါ-အောင်ဖြာဝေစည်- **ရွှေခြည်လွှမ်းမျိုး ဖြာစည့်သို့။**

၂။ **သုံးလူ့အာသရေ။** ။ခြောက်ရောင်ဝေသား၊ ဗိန္ဒေဂုဏ်ရှင်၊ သုံးလူ့သခင်၏၊ သုံးအင်သာသနာ၊ တည့်မွန်းသာ၍၊ ဇထောင်ဝါနေခြည်၊ ပွင့်လင်းစည်က၊ လူ့ပြည်နတ်ဘုံ၊ မင်းပေါင်းစုံ၍၊ ကြုံခေါင့်ကြုံခဲ၊ ဆင်ခွပွဲဟု၊ ယင်နွဲသစ်ဂါ-မြတ်ယနာ ၌၊ ဥပါလိလို၊ ဝိနည်းဓိရ်နှင့်၊ ထိုထိုဓမ္မကွန်၊ ညီအာနန်သို့၊ နှုတ်ပြန်မွေမျိုး၊ ဆက်ခံကြိုးလျက်၊ မြေမိုးကောင်းကြီး၊ ရိုက်ဆော်တီးတည့်၊ အံ့ချီးတဖန်၊ ပညာဝှန်၍၊ တံခွန်စံပြု၊ ပဏ္ဍိတတွင်၊အဂ္ဂထမ်ဆောင့်၊ မဟာ မြင့်လျက်၊ ဦးတင့် တင်ချီ၊ ဖူးပွင့်စီသို့၊ ကျူးသီရင့်ညောင်း၊ ဗိုလ်လူပေါင်းလည်း၊ နှစ်ထောင်းအား၍၊ ဖူးမဝတည့်၊ ထူးစွာ့ဆက်ကာ၊ သူ+သူ+ငါတို့၊ သဒ္ဓါသစ်သစ်၊ ဖြစ်ထက်ဖြစ်အောင်၊ ရှင်ချစ်သာသနာ၊ မင်းကူကာဖြင့်၊ ညစ်ကွာသန့်ရှင်း၊ တည်တံ့ခြင်းနှင့်၊ ပွင့်လင်းပွားရေး၊ အားသွန်ပေးဟု၊ စည်းဝေးသံဃာ၊ ဂိုဏ်း

စုစွာဒ္ဓ၊ မဟာဂုဏ်မြောက်၊ တံခွန်ဆောက်လျက်၊ မောဂ္ဂလိပုတ္တာ၊ တဝ ဆေရ်ရဟံ၊ မွေဆက်ခံသို့၊ သံဃဲ့စည်းဝေး၊ အကြံပေးခဲ့၊ မြတ်လေး သံဃ-မဟန္တတည့်-နာယကဖွဲ့တော်၊ကျိုးဆောင်ကျော်ဟု၊ ထင်ပေါ်ထူး တင့်၊ သမ္ဘာရင့်သား၊ စံမြင့်သဝင်၊ ရွှေစာရှင်အား၊ ရှိတင်ဆယ်ကြာ၊ ဦးဆိပ်ဖြာသည်၊ ၊သာ(သ)နာ့ဒေဝါ-ဆောင်လာပေသည်- ရွှေစည်ရွန်းလို သာသည့်သို့။

၃။ **သုံးလူ့အာမတေ။** ။ခေတ်ကောင်းပေတည့်၊ ခေမာနိဗ္ဗု။ ပိုဆောင်ယူသား၊ မှန်ကူခမ္မရာဇ်၊ တို့ရှင်ချစ်၏၊ ထွန်းသစ်သာသနာ၊ လျှံနေဝါသို့၊ စုံစွာပရိယတ်၊ ပိဋကတ်ဟု၊ ငါးမြတ်နိကာယ်၊ ကုံလုံကြွယ်လျက်၊ လ-နှယ်ပြည့်ဝန်း၊ နေ-နှယ်ထွန်းသို့၊ မင်းကွန်းအောင်တိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဟိတ်လျှံကြွား၊ ဘုံးတော် သား၏၊ ပိုင်စား ကုန်းမြေ၊ မိုးမိတ်ဇွတ်ငင်၊ မြုံတေပွားဆင့်၊ မိုးလုံးချင့်မျှ၊ ကြယ်ပွင့်ကုဋေ၊ လက်လက်ဝေသို့၊ သုံးထွေပိဋက၊ မိမိရလျက်၊ ဝိဇယသရဖူ၊ ဆောင်းစိမ့်ဟူ၍၊ ဆွတ်ချူနှစ်တိုင်း၊ အောင်ကသိုက်းနှင့်၊ အောင်ဂိုက်းကိုင့်၊ အောင်စည်ရင့်သို့ ၊အခွင့်ကြုံဘိ၊တိ-သုံးတ်နှင့်၊ဝိ-လည်းသုံးဖြာ၊ ဆင့်ဆင့်မြှောသား၊ ပညာမြော်ကြီး၊ မြုံတေထီးကား၊ မြှောက်ချီးပစ္စယ၊ ကုန်ဖြည့်ဝ၍၊ ကျောင်းကမြောင်း၊ အဆောင်ဆောင်တည့်၊ မြတ်ခေါင်ဗုဒ္ဓ၊ စေတိယဝယ်၊ ရွှန်းလှရွှန်းဝေ၊ မီးနှင့်ရေလည်း၊ သရေဂုဏ်ဆင့်၊ ကုန်းတော်တင့်၏၊ တိမ်မြင့်မိုးယံ၊ ဝိသုကံက၊ စီမံမွမ်းမံ၊ ထပ်ထပ်မံတု၊ ရောင်လျှံဦးဝါး၊ ထင်ယိုးမှားတည့်၊ မခြားညှဉ်နှေ့၊ မြတ်ဘုန်းဟော့လျှင်၊ သုံးထွေ့သာသနာ၊ တက်ထွန်းဖြာအောင်၊ ဆယ်–ရာ–ထောင်ကိုး၊ ဆောင်သယ်ပိုးလျက်၊ ကျန်းဖြိုးသက်တော်၊ ရာညွန့်ကျော်ဟု၊ ပူဇော်ဆယ်ကြာ၊ တင့်ဦးဖြာသည်၊ ၊သာ(သ)နာ့ထေရ်ဝါ–အောင်ချာရွှေပြည်- **ရွှေရည်လွှမ်းမို့ ရာပြည့်သို့။**

ရေးသားဆက်ကပ်သူ
စာဆိုတော် **လက်ဝဲမင်းညို**
(မဟာသရေစည်သူ၊ အိုင်+စီ+အက်၊ အငြိမ်းစား)
ဦးချမ်းသာ

(စာရေးဆရာကြီး ဒါရိုက်တာ အကယ်ဒမီ ၆–ထပ်ကွမ်းရဦးသုခက ရွဲတ်ဖတ်ပူဇော်သည်။)

၁၃၄၂-ခု၊ ဆောင်းလခြည်ဝကျော် ၄-ရက်၊ တနင်္ဂနွေနေ့

မင်းကွန်း တိပိဋကာ=နိကာယ ကျောင်းတိုက်
တိပိဋကာ=နိကာယ သာသနာတော်နှင့်
တိပိဋကမရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား

ဦးစေခ်ကန်တော့အပ်သော

အာဘိမင်္ဂလာ ရတုပိုဒ်စုံကဗျာ

ဒဂုန်နတ်ရှင်

၁။ **တေဇောမွေသရီ။** ။ခြောက်ရောင်ခြည်ဖြင့်၊ကွန့်ချိုဖြန့်ယွန်း၊ ဇမ္မူကျွန်းကို၊တင့်ထွန်းပြီးခဲ့၊ သာသနာကား၊ တည်ရာဌာန၊ မဇ္ဈိမမှ၊ လှည့်ကျွဲဖြန့်ခြိုး၊ စက်ဝန်းလည်၍၊ သီရိလင်္ကာ၊ ကျွန်းသာယာဝယ်၊ငါးရာစွန်းသော်၊ တစ်ထောင်ကျော်၍၊ ဆယ်ပေါ်ခြောက်တင်၊ ဤသည့်ခွင်၌၊ ဘုရင်ဥဂ္ဂ၊ အနုရုဒ္ဓဟု၊ ပထမရာဇာန်၊ မြတ်ကဝိန်လျှင်၊ ထိန်ထိန်လောင်မြူး၊ ဗောဓိဖူး၏၊ ကြည်နူးသဒ္ဓါ၊ စေတနာကြောင့်၊ သုနာပရန်၊ အောက်နိုင်ငံမှ၊ တမွဒီပ၊ တိုင်းဌာနသို့၊ သင်္ကာန္ဒာ၊ ဆောင်ယူလာ၍၊ သုံးဖြာပိဋကတ်၊ သီရိထွတ်ကို၊ ညီညွတ်ခံယူ၊ မြန်ပြည်သူတို့၊ ကြည်ဖြူသဒ္ဓါ၊ လွန်ကဲစွာဖြင့်၊ ဝဋ္ဌာစက်ဘောင်၊ တိုက်ဆယ်ထောင်ကို၊ ပိတ်မှောင်မည်းခဲ့တိ်၊ မြတ်စည်းရိပ်သို့၊ ပြည့်သိပ်မည်းပြာ၊ ဖြစ်စဉ်ခါဝယ်၊ မင်္ဂလာနေဝန်း။ ပေါ်ပေထွန်း၍၊ လေးကျွန်းရဲရင့်၊ ပနံတင့်သို့၊ကြာနှင့်အရက်၊ပွင့်ခိုက်ကြုံလျှင်၊ မြန်ဘုံဤခါ၊ သာသနာလည်း၊ တည်ရာဌာန၊ ဆန်းသစ်လသို့၊ ရွှန်းပလျှံဖိတ်၊ အောင်နိမိတ်ဖြင့်၊ အတိတ်စဉ်ရှိ၊သဂီတိကို၊ သီရိစက်ရှိန်၊ နှစ်ပြန်ကြိမ်ခဲ့၊ တောက်ထိန်လျှံဝင်း၊ တိုင်းလုံးလင်းအောင်၊ ပင်ရင်းနိကာ၊ သာသနာသည်၊ ၊ **တေဇောနေသို့ ရှည်စေသော်။**

၂။ **ဇယျာရွှေပြည်။** ။စစ်ကိုင်းတည်သည့်၊ထက်ပြည်စိုးမှတ်၊ ဘိုးတော်မြတ်လျှင်၊ မိုးနတ်အသွင်၊ ဘိသိက်ဆင်၍၊ တောင်ခွင်မင်းကွန်းစံခဲ့မြန်းလျက်၊ ကိန်းခန်းသင်္ကာဇ၊ မိန့်ရင်းနှစ်တွင်၊ ထောင်သစ် ပထမ၊ ဤဌာနကို၊ ထာဝရမွန့်ရှည်၊ ဘုန်းတော်တည်ခဲ့၊ မန္တာကီနိ၊ တူပြိုင်ရှိသား၊ ကန်ကြီးရတု၊ မှန်းမျှော်ရှက၊ ရတုအေးကြည်၊ မင်းကွန်းတည်၍၊ ငါးမည်ထက်ပုံ၊ ဘူတဂံတို့၊ ဝေလုံစိမ်းလန်း၊ ဥယျာဉ်နန်းနှင့်ကြင့်နန်းဘုန်းထူ၊ စံတော်မူခဲ့၊ကြာဖြူ+ညို+ပြာ၊ ပဒုမာတို့၊ ငုံအာမို့မို့၊

ပွင့်တချို့နှင့်၊ အစို့အရင်း၊ ပျဉ်ပျဉ်သင်းကြ၊ ရှယင်းတဖန်၊ ရှေ့ရပ်ဌာန်သို့၊ မျှော်ပြန်လိုက်တိုင်း၊ ပြိုင်းရရိုင်းလျှင်၊ မိုင်းမိုင်းစိုစို၊ တောင်တန်းလျှိုနှင့်၊ ညိုညိုဖြူဖြူ၊ မြတ်လိုဏ်ဂူလျှင်၊ ဆောက်ဦဆင်ပြင်၊ စေတနာရှင်ခဲ့၊ ရာဇဝင်ထူး၊ မကြားဖူးသား၊ ထောင်ဦးပထမ၊ မြို့ပူရကို၊ ပိုင်သစ်စိုးပျော်၊ မြတ်ဘိုးတော်နှင့်၊ မင်းဖော်တသင်း၊ စံခဲ့ခြင်းကြောင့်၊ 'ရွှေမင်းကွန်း'ဟု၊ သမိုင်းပြုခဲ့၊ ရတုသာယာ၊ ဤခန်းဝါကား၊ မဟာဝသုန်၊ ကြေပျက်ကုန်လည်း၊ ကျော်ဟုန်မဆုး၊ ကမ္ဘည်းကုံး၍၊ လက်သုံးမင်ဆေး၊ မော်ကွန်းရေးလျက်၊ ပြည်အေးသာယာ၊ နှုံကြောင်းညီ၊ ။ဇေယျာရွှေမြို့ တည်ဧသောဝ်။

၃။ ။ရာရေကြည်။ ။ဝိုက်သန်းလည်လျက်၊ နဒီကမ်းစ၊ ဤဒေသကား ဇ်နမြတ်စွာ၊ ရှေးစဉ်ခါက၊ ဒေသစာရီ၊ ကြွမြန်းခဲ့လျက်၊ ဂီရိတောင်ညို၊ ချက်ဗဟိုဝယ်၊ ရွှန်းစိုတင့်လှ၊ ရပ်ဌာနကား၊ ဓမ္မသာလာ၊ ထေရ်သံဃာတို့၊ ဝိဟာဘုံရိပ်၊ တည်နိမိတ်ဟု၊ အထိတ်ဖော်ကာ၊ မှတ်ဖွယ်သာတည့်၊ သေလာမြတ်ထင်၊ တောင်ခြေပြင်ဝယ်၊ ထေရ်ရှင်ညက္ကဋ္ဌ၊ 'ဝိစိတ္တ-ဟု၊ ဓမ္မဘဏ္ဍာ'၊ ရှင်မဟာအား၊ သိကြားလျှောက်ဟန်၊ အာရုံဖန်လျက်၊ ပြည်တန်တစ်ပွင့်၊ နှတ်မှားဖွင့်၍၊ အခွင့်ကြိုက်ကြုံ၊ ဝိဟာဘုံကို၊ စွယ်စုံ'တိပိဋက = နိကာယ'ဟု၊ နာမအသီး၊ တပ်ဆင်ပြီးသော်၊ ဘေးနီးကြောင်း၊ ထောင့်သုံးရာစု၊ လေးဆယ်ခုဝယ်၊ ရတုဝါလ၊ ဆန်းပဉ္စမ်၊ စာချုတန်းကျော်၊ ရဟန်းတော်တို့၊ ပင့်ခေါ်လျှောက်ထား၊ ဆွမ်းကွမ်းမျှားနှင့်၊ လေးပါးဒါန၊ ဝိဘေကကို၊ ဒီရိယ+ဉာဏ်၊ အမြင်သန်လျက်၊ ပဋိဘာန်လောက်လုံ၊ ကျမ်းသုံးပုံကို၊ အာဂုံဘာသာ၊ နက်နဲစွာလျှင်၊ သဒ္ဒါဆန်းကျ၊ သင်အံရသည်၊ ပါဝစနမွန်၊ ဆက်ပြည့်နှံကြား၊ စွမ်းရည်အားဖြင့်၊ ပေါက်သားမုန်ယစ်၊ ပညာနှစ်ကို၊ ခြစ်၍ယူစေ၊ ပဌိန္ဒြေဝယ်၊ ဉာဏ်ခြေခိုင်မာ၊ ဆရာမဟာသည်....၊ ။ရာရေသို့ကြည်ဧသောဝ်။ ။

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏
သဏ္ဌာဒနိယ အာသံသပတ္ထနာဩဝါဒကထာ

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ပရိယတ်တရားတော်မှစ၍ ဗုဒ္ဓသာသနာတော်တိုးတက်ထွန်းကားရေးအတွက် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး သန္တောသ = မိုးမိတ်ကုန်းမြေတွင် တိပိဋက = နိကာယ ကျောင်းတိုက်ကို တည်ထောင်၍ တိပိဋက = နိကာယ သာသနာပြုအဖွဲ့ စသည်ကို တည်ထောင် ပြုစု ခဲ့သည်မှာ ဗုဒ္ဓ သာသနာတော်အတွက် အလွန်ပင် ဝမ်း မြောက်ဖွယ် ကောင်းလှပါပေသည်။

ဝမ်းမြောက်ဖွယ် ဖြစ်ခြင်းအကြောင်းမှာ **လောကဋ္ဌ ချမ်းသာရေး**နှင့် လောကမှ လွတ်မြောက်ကာ **နိဗ္ဗာန် ရောက်လျက် ချမ်းသာရေး** များ အတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်က ပရိယတ်၊ ပဋိပတ် သာသနာ ရေးများကို ကြိုး စား အား ထုတ် ရန် ရည်သန်ညွှန်ပြ ဆုံးမတော်မူခဲ့ပေသည်။

ထိုအဆုံးအမတော်နှင့်အညီ ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက် ကြီးပွားစေရန် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်က ယင်း တိပိဋက = နိကာယ ကျောင်းတိုက်ကို တည်ထောင် စေပြီးလျှင် ထိုဌာသို့ လာရောက်၍ ချမ်းသာစွာ နေထိုင်ကြလျက်တိပိဋက=နိကာယ ဗုဒ္ဓစာပေများကို သင်ကြား လေ့လာကြရန် စီမံ ညွှန်ပြတော်မူခဲ့ပေသည်။

ထိုသို့ စီမံခြင်းကြောင့် ၁၃၄၀-ပြည့်နှစ်က ထိုဌာနဌ် ရဟန်းတော်များ ၈၈-ပါး၊ လာရောက်လေ့လာကြ၍ ၃၇ ပါးက ဝင်ရောက်ဖြဆိုကြရာ ၃၂-ပါးက အောင်မြင်ကြကြောင်း၊ ၁၃၄၁-ခုနှစ်က ၈၂-ပါး လာရောက် လေ့လာကြ၍ ၆၈=

ပါးက ဝင်ရောက်ဖြေဆိုကြရာ ၅၈ ပါးက အောင်မြင်ကြကြောင်း၊ ၁၃၄ ခုနှစ်က ၁၀၃ ပါး လာရောက်လေ့လာကြ၍ ၉၈ ပါးက ဝင်ရောက် ဖြေဆိုကြရာအပါး ၉၀ က အောင်မြင်ကြကြောင်း ဖော်ပြထားသည်ကို ထင်ရှားတွေ့ရပါသည်။

ထိုသို့ တွေ့ရသဖြင့်လည်း အလွန်ပင် ၁မ်းမြောက်ရ ဝမ်းသာ ရပါသည်။ နောက်နှစ်များ ကျတော့ ထို့ထက်ပို၍ လာရောက်နေထိုင်ကြ လေ့လာကြပြီး၊လျှင် တိပိဋကဓရ စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသဖြင့် ထို့ထက်ပို၍ များစွာပင် အောင်မြင်ကြမည်ကို မျှော်လင့် ယုံကြည်ကြရပါသည်။

ထိုသို့ ပရိယတ္တိသာသနာကို လေ့လာကြသည့်ပြင် ပဋိပတ္တိသာသနာကိုလည်း မိမိတို့ သိနားလည်သည့် အတိုင်း ကျင့်သုံးကြသဖြင့် ပဋိဝေဓ သာသနာတော်ကိုလည်း ကိုယ်တိုင်ပင် တွေ့မြင်ကြသိကြ၍ အထူးအမြတ် ဗုဒ္ဓသာသနာတော်များနှင့်ပို၍ ပြည့်စုံကြမည်ကို မျှော်လင့် ယုံကြည်ကြရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ်အထူးသဖြင့် တိုးတက်ပြည့်စုံအောင် စွမ်းနိုင်သမျှ တိုးတက်ကူညီ အားပေးနိုင်ကြပါစေ။ ။

စကားစည်ဆရာတော် သာသနာ့ရိပ်သာ ရန်ကုန်မြို့။

တိပိဋကဓရဆရာတော်နှင့်
တိ=နိ ကျောင်းတိုက်ကြီး

မင်းကွန်း တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဓံသ
အဂ္ဂမဟာပဏ္ဍိတ နှင့်
ဆိပိဋက=နိကာယ ကျောင်းတိုက်ကြီးဓဲ့

၇၀-ပေါ် စေးမဟာ

လူရောနတ်ပါ ဝဋ္ဌာအပြည့်၊ ကမ္ဘာအသိ ကြေငြာမည်။ ဓမ္မာပတိ ဒေသနာအဆီကို၊ ထေရ်မဟာအမည် တည်စေကြောင်း။ ။မင်းကွန်း ဂီရိ မိုးမိတ်မြေဝယ်၊ ပုထိုးရိပ်ဗွေ ရွှခင်းသာဘိတောင်း။ ။

နိကာယ်ငါးရပ် ပိဋကတ်မဟာကို၊ ကြည့်ကြပ်ခါခါ အနုလာပေါင်း။ ပရိယတ်ဖြာဖြာ သုဓမ္မာ တန်ဆောင်းနဲ့၊ အတုလာ ကျောင်းဝိဟာရေ။ ။သန္တောသ,ပါ သဒ္ဓာမာန်ဇွန့်၊ စာပြန်ပွဲကြီး ဆင်နွှဲနိုင်ဖို့ပေ။ ။

ဝေးနီးဌာန စာချမထေရ်ကို၊ အာဒရအနေ ကြိုဆိုခြင်းဖြင့်၊ ထိုထိုခပင်း အချင်း ညီညာအစဉ်၊ မယွင်းကြည်သာရွှင်။ ။ဦးဝိစိတ္တသာရ အရှင်ကို၊ အာဒရသဘင် ဆင်နွှဲချိန်ထင့်လေး။ (သာသနပလ္လင် တင်ပွဲကြိမ်ထင့်လေး)။ ။

ဒဂုန်နတ်ရှင်

တိပိဋက=နိကာယ သာသနာ့ဂုဏ်ရည် အာဇာနည်
ရတုပိန်စုံ

၁။ဖူးပွင့်ဝေဆာ။ ။ခိုင်ညွှန့်ဖြာသား....၊ အာသာဝတီ၊ ပန်းနွယ်နိကား၊ ထောင်ချီနှစ်ပေါင်း၊ချိန်ခါညောင်းမှ၊ အကြောင်းသင့်စွာ၊ ဖူးပွင့်လာသော်၊ ဒေဝါနတ်များ၊ ဝမ်းမြောက်ငြားသို့၊ မြင့်မား သာသ

နာ၊ ပြည်မြန်မာဝယ်၊ ရှေးခါမင်းများ၊ သဒ္ဓါပွား၍၊ သုံးပါးပိဋကတ၊ အာဂမလျှင်၊ သာသနာ့ဂုဏ်အင်၊ မြတ်ထေရ်ရှင်ကို၊ ဖူးမြင်ရဌာ၊ အားထုတ်ပါလည်း၊ ချိန်ခါမသင့်၊ မပေါ်လင့်၍၊ ဖူးခွင့်မကြုံ၊ ဖြစ်ခဲ့တုံ၏....၊ ဗူးငုံဆင့်ဆင့်၊ နွယ်နီပွင့်သို့၊ မျိန်သင့်ရောက်လာ၊ ပြည်မြန်မာဝယ်၊ သဒ္ဓါကြည်ရွှင်၊ ဆာ-ဦးသွင်က၊ ကြံဆင်ဉာဏ၊ ထုတ်ဖော်ပြ၍၊ ဗုဒ္ဓသာသနာဥဂ္ဂဟ၊ ဖွဲ့ချုပ်ကလျှင်၊ အစတီထွင်၊ စာပွဲယင်၍၊ သုံးအင်သာသန၊ ပိဋကကို၊ ဓရရွေးချယ်၊ သံဃာ့အလယ်၌၊ အုံဖွယ်ဉာဏ်ရည်၊ သမ္ဘာဉဿိန္ဒြိယ်ကာ၊ ဝိစိတ္တာဟု၊ သာရသည်၊ ဘွဲ့ပုံချီသား၊ နွယ်နီပန်းသွင်၊ မြတ်ထေရ်ရှင်ကား၊ ကြည်လင်သာယာ၊ သံစုံဖြာလျက်၊ အံ့ရာဉာဏ၊ သဘာဝနှင့်၊ အာဂမစုံလင်၊ မြင်းကောင်းနှင့်သို့၊ ရေသွင်ကရား၊ ပမာလားလျှင်၊ ထူးခြားပါလှ၊ လေးနှစ်မျှဖြင့်၊ လေးဝမဟာ၊ ဝိသိဋ္ဌာဟု၊ လေးဖြာလေးထပ်၊ ဆင်စွယ်ယပ်နှင့်၊ ပွင့်ချပ်စုံစွာ၊ ထီးစုံဖြာလျက်၊ ဘဏ္ဍာဓမ္မ-ဂါရိကဟု၊သာသနာ့ဂုဏ်ဝါ၊ပန်းအာသာသည်၊ ၊ဝေဆာဖူးလို့ပွင့်သည်ဘုရား။

၂။ထူးတင့်တေဇာ။ ။ဘုန်းရောင် ဖြာသား....၊ အာဇာနေယျ၊ ပုဂ္ဂလဟု၊ ဆေရမြို့တော၊ ဂုဏ်ဝိသေဖြင့်၊ ထူးထွေဉာဏ၊ မြတ်ထေရသည်၊ ဆဋ္ဌသင်္ဂါ၊ ယင်သဘာဟု၊ တင်ငှာကာလ၊ သမယ၌၊ ဘာရနီတွာ၊ အဖျာဖြာဘွင်၊ ဘာရာဟ၊ သြသာနတည့်၊ သာသနာ့တာဝန်၊ ကြိုးအားသွန်လျက်၊ ကြားညွှန်အဆင့်ဆင့်၊ ချိန်မလင့်အောင်၊ အသင့်ပြင်ဆင်၊ ပွဲကြီးယင်သော်၊ ပလ္လင်ထက်ဝယ်၊ ဂုဏ်ရောင်ကြွယ်လျက်၊ ဆန်းကြယ်ဆပ်ဆပ်၊ ဆင်စွယ်ယပ်ကို၊ ကိုင်အပ်ချိန်သင့်၊ ဘုန်းပန်းပွင့်၍၊ သုံးဆင့်ပဋိဘာ၊ ဝိနယနှင့်၊ ဓမ္မဖြာဖြာ၊ အရာရာ၌၊ မဟာစည်တွင်၊ ဇာနည်ရှင်၏၊ ဘွဲ့သင်းသင်းမြး သမ္မာအာဝကို၊ ပထမသင်္ဂါ၊ ယင်သဘာ၌၊ ဥပါလိသွင်၊ အာနန်ရှင်သို့၊ ဝန်းကျင်လျှောက်ပတ်၊ တာဝန်မြတ်ကို၊ မပြတ်အားသည်း၊ တင်ပါးတည်းလျှင်၊ နိဿည်းစုံစွာ၊ ဉာဏ်ပထျာဖြင့်၊ ဘဏ္ဍာဓမ္မ-ဂါရိကဟု၊ ဘွဲ့ရညီဥာ၊ သံစုံဖြာလျက်၊ သာယာချို့မြဲ၊ နာမာခဲ....၊အာဠဝိယ၊ အဋ္ဌကထာလျှင်၊ ထူးစွာပါရမီ၊ စုံပြည့်သီလျက်၊ ဉာဏ်ဆီနှင့်၊ ဂါဟ်ဒထရအာ၊ 'အာမဟာဝက္ခိတ'၊ ဘွဲ့တော်သလျက်၊ သံဃာ့ဥာဏ်၊ ဝိုဟ်းပေါင်းစုံဟု၊ ကြည့်ညှိုမြဲလေး၊ စည်းအဓိဌာန်မှ၊ စိစစ်ဖန်

ဖန်၊ အတန်တန်လျှင်၊ တာဝန်အထူး၊ 'တွင်းရေးမှူး'ဟု၊ ချိုးကျူးရွေး ချယ်၊ ဂုဏ်ပေါင်းကြွယ်လျက်၊ အုံဖွယ်ဖြာဖြာ၊ ထေရ်မဟာဝဿဉ်၊ ။ **ဧတဇ္ဈာထူးလို့ တင့်သည်ဘုရား၊**

၃။ **ကျူးရင့်ဧယျာ။** ။အောင်ခွန်းပြာသား၊ အာဇာနေ ယျ၊ မြတ်ထေရသည်၊အမျှကိုယ်စား၊ ကိုယ်တူပွား‌တို့၊ စဉ်အား‌ပေါ်မှု၊ ထောက်မျှော်ရှုလျက်၊ အနုတိပိဋကဓရ၊ ဇာနေယျဟု၊ ထေရ‌လောင်း လျာ၊ မြောက်မြားစွာကို၊ ရောကမ်းစ၊သာယာလှသား၊ရာဇနတ်ကျော်၊ မြတ်ဘိုးတော်၏၊ ကုသိုလ်ပျော်မှီး၊ ကြိုးလေးကြီးဖြင့်၊ သီးသီးထင်စွာ၊ မင်းကွန်းရွာနှင့်၊ မကွာယှဉ်စံပ်၊ ကုန်းမြေရပ်ဝယ်၊ ဘပ်ရပ်ဂုဏ်ဟိတ်၊ ပုညဇာဒ်ဖြင့်၊ မိုးမိတ်မင်းသား၊ တည်ဖန်ငြားသည့်၊ မြတ်ဖျားမွေသရီ၊ ဧစ-စေတီဖြင့်၊ သည်မည်း၊ မော်ကွန်းထိုးလျက်၊ ကိုးလောက်ဂုယ်ရာ၊ စက်တော်ရာ၌၊ မြတ်စွာလက်ထက်၊ တေဒဂ်ဟု၊ ခွါမြွက်ထုတ်ဖော်၊ များပုံတော်နှင့်၊ မြင်မြော်အံ့ချီး၊ သိမ်တော်ကြီးဂယ်၊ ဉာဏ်မှီးပူဇော၊ မုဒြောဟု၊ မြတ်စွာခုနစ်ဆူ၊ စံတုယူလျက်၊ ပုံတူသွယ်သွယ်။ ကြည်ညိုဖွယ် တည့်၊ မှန်းရွယ်မြော်ဆ၊ 'မင်းဇေဌ'နှင့်၊ တဝမျှော်ချင့်၊ 'ဧရွှေတန်းပွင့်' လျှင်၊ မြင့်မြင့်မား‌မား၊ စေတီများ‌တို့၊ ရုပ်ပွားစုံလင်၊ ပဟိန်စင်ကာ၊ ကန်လျှင်ကြီး‌မား၊ ကျောင်းတော်များလည်း၊ စား‌စား‌ပြည့်ကြွယ်၊ သက်ခုနစ်ဆယ်မှ၊ စွန်းကယ်မြား‌မြောက်၊ ဆောက်ဆဲဆောက်လျက်၊ အုံလောက်စွာဘိ၊ စုံညီညှို့၍၊ 'တိပိဋကာ=နိကာယဟု၊ သာသနာရ' ဖွဲ့ကြီးမှုလျှင်၊ လုံ လအား‌သစ်၊ မျက်မှောက်ခေတ်၌၊ သုံးနှစ်အတွင်း၊ ဆောင်ရွက်ခြင်းဖြင့်၊ မြေထွင်းကာဖောက်၊ ဘုံနန်းပေါက်သို့၊ ဝမ်း မြောက်ဖွယ်ပင်၊ ကုသိုလ်ရှင်တို့၊ ငွေပင်စိုက်ကာ၊ သိန်းများစွာဖြင့်၊အာ ဇာနည်လောင်း၊ ထေရ်အပေါင်းကို၊ ဆွမ်း+ဧကျောင်း+သက်နှံး၊ဆေး လှူဒါန်းလျက်၊ မပန်းစေဌာ၊ စောင့်ရှောက်ပါသည်၊ ။**ဧဇယျာကျူး လို့ ရင့်သည်ဘုရား။**

သက်စေ့နှက် သုံးချက်ညီ စပယ်ဖျိုချ

ဇမ္မူ.တန်ဆောင်

သာသနာ့အလင်းရောင်

ဦးဓမ္မဇြင့်

တိပိဋကဓရ ရည်ဆဂုဏ်တော် ဂဝ-ပေါ်

ပဌနာ စေးထဝ်

ပါရမီ စာဂီ နှစ်ဖြာညီတင့်လို့၊ သာကီအရှင့် မြတ်ဘုန်းထေရ်။ သာကီသခင့်သခင့်-သမ္ဘာညီ အဆင့်ဆင့် ညွှာစီပွင့်လို့ ခိုင်ပန်းဝေသည်၊ ကြိုင်လျှမ်းထွေထွေ ရနံ့စုံဖျန်း။ ။ပရိယတ် ပဋိပတ် သိမှတ်စရာစုံသည်၊ ပိဋကတ်ဂုဏ်ရည် ကိုယ်လုံး ထုံလို့မွှမ်း။ ။

ဇာနည်စိတြ သာကီဟိတ်ကြွ မဟာထေရ်အတိတ်က အောင်ခာတ်ပါသည်၊ အောင်အပ်အဖြာဖြာ ခေါင်အဆင့်တန်း။ ။ဆဋ္ဌသင်္ဂါ အောင်ပလွင့်နန်းမှ၊ အခါတင့်လျှမ်းဓမ္မစည်။ ။ဉာဏ်ဝါလှိုင်ဖြာ ဘဂ္ဂာ စိုးမို့၊ သာသနာအကျိုး ပွားတိုးစေဖို့ရည်။ ။

ကြားဖြတ် အားလပ် မနားမရပ်ပြီငယ်၊ တရားမြတ်အဆီ ကျမ်းစီရေးလို့၊ ချမ်းကြည်အေးဖို့ ဗုဒ္ဓမြတ်ဒေသနာ၊ ဥဿဟ မပြတ်သွေ့မကွာ။ ။

ထေရ်ဘုရား မဟာသမဏ စည်ကားသာစွ၊ ညီအမျှားပမာတမျှ မိုးမိတ် မြေမဟာမှာ၊အဖြိုးစိတ် စေတနာ ဆောင်ရွက်ပါလို့လေး။ ။

ယခုရှိရှိ သမဏ - အနုတိပိဋကဓရ ဓမ္မဘဏ္ဍာ အစဉ်မကွာ ပေါ်အောင်၊ အကြင်နာတော် မူစွမ်းနိုင် ဘုရ့ဲလေး။ ။

ဘယာနော် မယ့်ကသပ၊ ရာကျော် အသက်မက၊ မဟာခေါ်အဂ္ဂ (သာသနာတော်အတွက်ပ) အောင်ကနက်ထူတယ်၊ ဆောင်ရွက်တော်မူ မူစွမ်းနိုင်ဘုရ့ဲလေး။ ။

သာသနာ့အလင်းရောင်

ဦးမြင့် ၈၈



ပမ္ပဝတီ

ကဏ္ဍရည်လှ"ပြောပြချင်း

မြမာ့ဂုဏ်ရည်၊ တင့်ထူးလည်သား၊ ရွှင်ကြည်သာစွ၊ပစ္စက္ခဟု၊ ဗုဒ္ဓသာသနာ၊ ခိုန်အခါ၌၊ အံ့ရာတဝ၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာ-ဂါရိကာဟု၊ မဟာထေရ်ရှင်၊ဘဏ် တိုက်သွင်သို့၊ ဉာဏ်တွင်ကိန်းလတ်၊ နှလုံးဓာတ်၌၊ မပြတ်တည်ရာ၊ ဝိနယာဟု၊ ငါးဖြာတန်ဆောင်၊ နေလရောင်သို့၊ နှစ်ထောင်နှစ်ရာ၊ ခြောက်ဆယ်သာ၏....၊ စာဖြာဘိဓမ္မ၊ ပထမလျှင်၊ ငါးဝကျမ်းမှာ၊ ထောင့်သုံးရာ၌၊ စွန်းလာကိုးဆယ်၊ ဂဏန်းချယ်၍၊ တသွယ်ဘိဓမ္မ၊ ဒုတိယမူ၊ ထွန်းပဂုဏ်ရောင်၊ အုပ်ရှစ်စောင်ကား၊ သုံးထောင်ငါးရာ၊ ကိုးဆယ်မှာလျှင်၊ ရှစ်ဖြာစွန်းထ၊ သုတ္တန္တဟု၊ ဒီဃနိကာ၊ သုံးအုပ်မှာကား၊ ခုနစ်ရာခုနစ်ဆယ်၊ ကိုးခုကယ်၍၊ ဉာဏ်ဝယ်ကိန်းလတ်၊ ပိဋကတ်၏၊ ရည်မှတ်မျက်နှာ၊ ရှစ်ထောင်မှာလျှင်၊စွန်းကာနှစ်ဆယ်၊ ခုနစ်ဂယ်တည့်၊ သုံးသွယ်ပိဋကတ်၊ မုခပါဠ်ဟု၊ ထွတ်မြတ်ရှစ်သောင်း၊ လေးထောင်ဆောင်းသား၊အပေါင်းဓမ္မ+ဝိနယကို၊ ရွှေရွှေထင်ထင်၊ အာဂုံနှင့်၍၊ စုံလင်ဓိပ္ပာယ်၊ အသွယ်သွယ်ကို၊ မိုးကြယ်လ-သွင်၊ လင်းလင်းမြင်လျက်၊ လက်တွင်တင်ထား၊ ပတ္တမြားသို့၊ ခွဲခြားစိတ်ဖြာ၊ နှက်နဲစွာဖြင့်၊ ခဲရာခဲဆစ်၊ ကျမ်းဆိနှစ်ကို၊ ကျစ်လျစ်သေချာ၊ ဉာဏ်ရောင်ဖြာသား မဟာဝိသိဋ္ဌ၊ ကောဝိဒနှင့်၊ ဓရနှစ်ဖြာ၊ စုံလင်စွာဖြင့်၊ ဂုဏ်ဝါမျိုးပ၊ ဝိသေသလျှင်၊ ဓမ္မဘဏ္ဍာ–ဂါရိကာဟု၊ သင်္ဂါဆဋ္ဌ–ဝိဿဇ္ဇကတည့်၊ အစ္ဆရိယ၊ အဗ္ဘုတလျှင်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဂုဏ်ရည်စသား၊ ထေရမဟာ၊ မြတ်ဆရာကို၊ ဤခါကာလ၊ သမယ၌၊ ကြုံရခဲစွာ၊ ကြုံရပါ၍၊ သဒ္ဓါမနသီ၊ အလီလီဖြင့်၊ စေတီဓမ္မ၊ ရည်မြော်ဆလျက်၊ ဗုဒ္ဓညီခင်၊ အာနန်ရှင်သို့၊ စိတ်တွင်ရည်စူး၊ ကြည်–ကြည်နူးလျက်၊ ရှိဦးပန်ဆင်၊ မြတ်ထေရ်ရှင်ကား၊ လေးအင်မဟာဘုတ်၊ မယုတ်မလို၊ မပို့ညီမျှ၊ ချမ်းကြည်မြ၍၊ သုခဖြာဖြာ၊ စုံလင်စွာဖြင့်၊ သာသနာ-အမျိုး၊ ဘာသာကျိုးကို၊သယ်ပိုးရွက်ဆောင်၊ ဆောင်တိုင်းအောင်လျက်၊ ဂုဏ်ရောင်ထွန်းတင့်၊ ဘုန်းပန်းပွင့်၍၊ အရှင့်သက်တော်၊ ရာတမ်းကျော်အောင်၊ မှန်းမျှော်ခါခါ၊ ပတ္ထနာသည်၊ ၊ **ဓမ္မာ ဖူးတွေ့ရစေသောငါ။**

သာသနာ့ အလင်းရောင်
ဦးစေမြင့်—၏
ပတ္ထနာ အာသီသ

ပဋ္ဌာန်းဆရာတော်မှ- တေးထပ်မှတ်တမ်း

၁၃၁၆-ခုနှစ်။ ကဆုန်လပြည့်ကျော် ၆-ရက်နေ့

ကြားသူတိုင်း အကြည်ဝင်အောင် မထေရ်ရှင် ရင့်ကျူးပုံဖွဲ့

တေးထပ်မှတ်တမ်း

၁။ ထင်ပေါ်လျှင် စင်တော့်က ကောက်ကြရ (ကွေ မောဒတိ)
၂။ မြင်မြော်ထောက် ထောက်ကာ၊ (ပေစ္စ မောဒတိ)
၃။ ရွှင်ပျော်လောက် လောက်ပါသည် (ဥဘယတ္ထ မောဒတိ)
၄။ တစ်ယောက်သာ ဆိုစို့။ (ငါနှင့်ငါသာ၊ နှိုင်းစရာသို့၊ ၉ ခန်းပျို့.)
၅။ သုတ္တန္တ ဝိနယာပါ၊
၆။ ဘိမ္မော နှုတ်တက်ဆောင်လို့။ (တိပိဋကဓရ)
၇။ ဟိုစဉ်က နှစ်ပါးဟာကို၊ (အရှင်အာနန္ဒာနှင့် အရှင်ဥပါလိ)
၈။ တစ်ပါးသာ ယူလို့။ (ဆဋ္ဌသင်္ဂါယနာဋ္ဌကထာပါတည်းတာဝန်ယူ)
၉။ မျှားငြဟ်မာ ယူင်ပို့ရော့ထင့် (နောက်သင်္ဂါယနာဖို့ ငြဟ်မာ့ပြည်က တက်၍ တောင်းပန်ပုံ)
၁၀။ မူတင်လို့ မှတ်ရန်။ (သာသနာဝင် ရာဇဝင်မှတ်တမ်းတင်ရန်)
၁၁။ ကေသရာ ရွှေအာမှုတ်သည်သို့၊ (လိုဏ်ဂူနှင့် ကေသရာ-
၁၂။ ဖြေကာထုတ် ဆဋ္ဌလိုဏ်ရာမ်။ ဥပမာ ညီမျှပုံ)
၁၃။ ဟတ်ဒန္တ ဗီဇနံပါ(ဝါ-ဆန္ဒန္တ ဗီဇနံပါ)
၁၄။ ဝဇီရံ စိန်ယပ်နှင့်
၁၅။ ထိန်လျှပ် ခန်းမပလ္လင်၊ (ဆဋ္ဌသင်္ဂါယနာ ပထမသုံးရက်၌
၁၆။ စန်းလ အသွင်။ ပရိသတ်တို့၏ စိတ်ခံဓာတ်ကို အဆွဲ
၁၇။ ကြားသူတိုင်း ကြည်ကြည်လင်အောင်၊ ငင်ဆုံးသောအချိန်)
၁၈။ ထေရ်သခင် ရင့်ကျူးလို့လေး။
ဒုလ္လဘ ကြုံရပေသည်၊ ဥုံဖွဲ့ အောင်ရမည်ဟူလို့....
ဥုံဖွဲ့ဟေ အောင်ကြိုး အောင်လို့လေး။ ။ ဆိုသလို)

❀ ❀ ❀

မဟာသမ္မတ ဦးချီပုံဖွဲ့ ဇာတ်

ပဋ္ဌာန်းဆရာတော်မှ-

၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆-ရက်နေ့

ပေးပို့အပ်သော

ဇာတ်မြန်မာ သမ္မာကြွရန်မို့၊ မဟာသမ္မတ ဦးချီပုံဖွဲ့

ဇာတ်ထပ်

၁။ တကယ့်ကို ရွှင်ကြည်မိပါရဲ့
၂။ သဂီတိ မေး+ဖြေ။
၃။ ဘွင်ကြည်အိ အေးစေသည်
၄။ ရွှေးပလေ သံဃဲ။ (အာဒိဝစနံ-၄-ပိုဒ်ခံ)
၅။ ဆုတောင်းနှင့် လာခဲ့ပေသည်
၆။ သာတဲ့မြေ သင်းပျံ့ လိုက်ဝ။ (အမှန် ၂-ပိုဒ်အုပ်)
၇။ ဆင်စွယ်ယပ် ယပ်ကာသည်
၈။ ပြဿနာ ဖြေပြ။
(၀၁)ဆင်စွယ်ယပ် ယပ်ကာသည်
နက်ဖြဟ္မာ ဖန်သ။ (၂-ပိုဒ်တက်ပြန်)
၉။ ဓာတ်မြန်မာ သမ္မာကြွချိန်မို့.
၁၀။ မဟာသမ္မတ ဦးချီ။ (၂-ပိုဒ်ခံ)
၁၁။ မှူးမတ်ပုံ ညီလာခ-ကြရ၊
၁၂။ ဤကာလ အံ့ဖွယ်ဂုဏ်ရည်။ (အမှန် ၂-ပိုဒ်အုပ်)
၁၃။ မင်းသေဋ္ဌေး စုံအညီတွင်
၁၄။ ကိုယ်စားလည်(လှယ်)စာတမန်တွေနှင့်
၁၅။ ကမ္ဘာနှံ့ ဖူးမြော်ကြရှာ၊
၁၆။ ဦးတော်သ-လာ။ (အာဒိဝစနံ၊ ရှေးနည်းခံ)
၁၇။ သုံးပုံဆောင့် သွင်အဝါပါ
၁၈။ မြင်ရှာချင် ချင်လွန်းလို့လေး။
သုံးပုံဆောင့် သံသာသာကို
ဖန်ခါခါ နာကြားပါလို့လေး။ ။ (အမှန် ၂-ပိုဒ်အုပ်)

+ + +

၁၃၁၄ ခုနှစ်၊ (ဝိနည်းနှင့် အဘိဓမ္မာ) ပိဋကနှစ်ပုံအောင် အရှင် ဥဒ္ဓိစ္စသာဏ်
ဘိဝံသအား ရန်ကုန်မြို့၊ ပုည်ကုသလ ဗဟုကရ(စီ+အဓိ+ဒေ) အသင်းမှ
ချီးကျူး ပူဇော် အပ်သော-

ထောမနာဂါထာ ပါဠိနိဿယ

သမတ္ထော ဝတ ဘဒ္ဒန္တော၊ သရဒေ သရဒေ တုဝံ။
ဝိနယေနာ+ဘိဓမ္မေန၊ တောသယိ ဇနတာမနံ။ ။

ဘဒ္ဒန္တော=မဟာ(နှင့်)မဟာ ဝိသိဋ္ဌာဝိသိဋ္ဌ ဝိစိတ္တသာရဟု အဘိဝံသ ဝဠုံသကာ အာဇာနည်ဇာတ် မမ္မာစရိယ အရှင်သူမြတ်ဘုရား....။
တုဝံ=သဝေါ(နှင့်)အား ဂုဏ်စွယ်တို့ ကုံလုံထင်ရှား အရှင်ဘုရားသည်။

သရဒေ=တစ်ထောင့်သုံးရာ ကောဇာသက္ကရာဇ် တစ်ဆယ့်နှစ်ဟု ထွက်စစ်သခ်္ခါ ဟိုယမန်နှစ်အခါက။ ဝံနယေန=ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်းတစ်ထောင် မြားမြောင်ဒေသနာ မြတ်စွာမုခပါဋ်ဝိနယ ပိဋကတ်ကို နှုတ်လွတ်သဖြင့် ဂုဏ်ထူးနှစ်ဆင့်ရအောင် ဖြေဆိုတော်မူခဲ့ခြင်းဖြင့်။ ဇနတာမနံ=တပည့်ဘော်ဘို့အား အစထား၍ များပြားတွက်ကူး လူထုဓါတ်နှလုံးကို။ တောသယိ = 'တကယ့်ယောကျ်ား ရှာမှရှား'ဟု လက်ဖျားတခါခါ ကောင်းတင်းညာအောင် ကြည်သာရွှင်ပျို. နှစ်မြို့စေတော်မူခဲ့ပါပြီ ဘုရား....။

သရဒေ=တစ်ထောင့်သုံးရာ ကောဇာဖွဲ့ဆုံး တစ်ဆယ့်သုံးနှင့် ခေါ်နှုန်းဝေါဟာ ယမုတစ်ထောင့်သုံးရာ တစ်ဆယ့်လေးခုနှစ်ဦးလည်း။ အဘိဓမ္မေန = ဓမ္မက္ခန္ဓာပေါင်း လေးသောင်းနှစ်ထောင် မြားမြောင်ဒေသနာ မြတ်စွာမုခပါဋ်ဝ အဘိဓမ္မာ ပိဋကတ်ကို ပရိသတ်အလယ် ခြေသံ့မင်းစပယ်သကဲ့သို့ ဘင်တင်ရဲရင့်ကြားမြင်သူ ဘဝင်ပင့်လောက် လှစ်ဖွင့်သဖြင့် (ဂုဏ်ထူးနှစ်ဆင့်ရအောင်ပင်) ဖြေဆိုတော်မူခြင်းဖြင့်။ ဇနတာမနံ=ဘယ်သို့ဘော်ဘို့အား အစထား၍ များပြားတွက်ကူး လူထုဓါတ်နှလုံးကို။ တောသယိ='ယောကျ်ားဘသား ဇာနည်ဖွား' ဟု လက်ဖျားတခါခါ ကောင်းကြီးညာအောင် ကြည်သာရွှင်ပျို. နှစ်မြို့စေတော်မူခဲ့ပါပြီ ဘုရား....။

တုဝံ=အရှင်ဘုရားသည်။ သမတ္ထော တဝ=စွမ်းနိုင်ပါပေစွဘုရား။
(ဝါ) သမတ္ထော ပတ=

'နှစ်ဘိုင်းဇေယျော်၊သစ်လိုင်းတေဇော်၊ တစ်ဂိုဏ်းထေရ်မော်၊ ဝိစိတ္တာ-သာရ ပဌမကျော်နှစ် နှစ်ဘိုင်းဇေယျော်၊ သစ်-သစ်လိုင်းတေဇော်၊ တစ် -တစ်ဂိုဏ်းထေရ်မော်၊ ဝိသိဋ္ဌ=အဋ္ဌကထာ အကျော်'။

'နာယကထေရ်မော်၊ လာသမ္မမထေရ်ကျော်၊ စာအရိယဝံသော်၊ ဟောဒါမှ-သာသနာ့ရဲဘက်ဘော်။ နာ-နာယကထေရ်မော်၊ လာ-လာသမ္မမထေရ်ကျော်၊ စာ-စာအရိယဝံသော်၊ ဟောဒါမှ-သာသနာ ကိုရဲကောင်းဘော်'၊ ပဲ့ချဲ့....ညြ....ညြော်.... ဟု ချီးငါဥဒါန်းရှင်ပူဇော်ကျော်ဘင်မှမ်းလောက်အောင်....

လျှံးတင့်ကောင်းဆုံး၊ စွမ်းဆောင်းဝါင်း၊ စွဲသံးဆောင်နိုင်ပါပေစွဘုရား....

ကမ္ဘာ့ အကြီးဆုံးစာမေးပွဲ

မြန်မာနိုင်ငံအတွင်း၌-

၁။ လူနှင့်သာ သက်ဆိုင်သော လောကီ သက်သက် စာမေးပွဲများ၊

၂။ ရဟန်းတော်နှင့်သာ သက် ဆိုင် သော လောကုတ္တရာ စာမေးပွဲများ၊

၃။ လူရှင်ရဟန်း နှစ်မျိုးလုံးနှင့် သက်ဆိုင်သော လောကီ လောကုတ္တရာ စာမေးပွဲများ....

အသီးသီးရှိသည့်အနက် 'တိပိဋကဓရ စာမေးပွဲကြီး'သည် အဆင့် အတန်း အမြင့်မား ဆုံးအခက်ခဲဆုံး၊ ဂုဏ်အရှိဆုံး စာမေးပွဲကြီး ဖြစ်၏။

ကမ္ဘာပေါ်တွင် တိပိဋကဓရ စာပြန်ပွဲ စာမေးပွဲထက် မည်သည့်စာပြန်ပွဲ မည်သည့် စာမေးပွဲမှ ပိုမို၍ ကြီးကျယ်ခက်ခဲ နက်နဲလိမ့်မည် မဟုတ်ပါချေ။ ထို့ကြောင့် အကြီးကျယ်ဆုံး စာပြန်ပွဲ၊ အကြီးကျယ်ဆုံး စာမေးပွဲဟု ဆိုလျှင် တိပိဋကဓရ စာပြန်ပွဲ စာမေးပွဲသာ ဖြစ်သင့်၏။ တိပိဋကဓရ စာပြန်ပွဲ စာမေးပွဲဟု ဆိုလျှင် အကြီးကျယ်ဆုံး စာပြန်ပွဲ၊ အကြီးကျယ်ဆုံး စာမေးပွဲဟု သိသင့်၏။

တိပိဋကဓရ စာပြန် စာမေးပွဲကြီး ကျင်းပရသောရက်သည် ၃၃ ရက် ကြာသောကြောင့် ကမ္ဘာပေါ်၌ နေ့ရက် အကြာဆုံး ကျင်းပရသော စာမေးပွဲကြီး ဖြစ်၏။ ဤစာမေးပွဲကြီးကို အမျာ သူငါနားလည်ထားကြသည့်အတိုင်း 'တိပိဋကဓရ စာမေးပွဲကြီး'ဟု ဆိုထားသော်လည်း သင်္ဂီး ပိဋကသုံးပုံကိုသာမဟုတ်ဘဲ ကျန်သော သုတ္တန်ပိဋကအပါအဝင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ ခုဒ္ဒကနိကာယ် ကျမ်းကြီးများကိုလည်း ဖြေဆိုခွင့်ပြုထားပါ၏။

စာဖတ်သူများ အထူး မှတ်သားထားရန်မှာ မြတ်စွာဘုရား ၄၅ ဝါ ကာလ ကြာ ဟောတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ရှစ်သောင်းလေးထောင်တို့ကို ယနေ့ စာအုပ်ခေတ်၌ တူညီသော အကြောင်းအရာ၊ သိလောက်သော အကြောင်းအရာများကို ပေယျာလမြှုပ်၍ စာအုပ်ရိုက်သောအခါ လက်နှစ်လုံး သုံးလုံးခန့်ထူသော စာအုပ်ကြီးပေါင်း ပါဠိတော်စာအုပ်က အုပ်ရေ(၄၀)လေးဆယ် ဖြစ်လာ၏။ (ပါဠိတော်ကို ပါဝစန-ဟု ခေါ်ပြန်၏။ လိုရင်းစကားတော်ဟု ဆိုလိုသည်။)

မြတ်စွာဘုရား ဟောကြားတော်မူစဉ် အခါကပင် လိုရင်းစကားတော် = ပါဝစနကိုလည်း ဟောကြားတော်မူ၏။ ထိုလိုရင်းစကား ပါဠိတော်=ပါဝစန၏ အနက် အဓိပ္ပာယ် ကိုလည်း အကျယ် ဖွင့်ပြ၍ ဟောကြားတော်မူ၏။ ၎င်းကို ပကိဏ္ဏကဒေသနာဟု ခေါ်၏။ ထို ပကိဏ္ဏက ဒေသနာကိုသင်္ဂါယနာတင်သောအခါ၌ အဋ္ဌကထာဟူသောအမည်ဖြင့် သင်္ဂါယနာ တင်တော်မူခဲ့ကြ

ပါ၏။ (စတုတ္ထ သင်္ဂါယနာခေတ်၏ နောက်ပိုင်း သီဟိုဠ်ကျွန်း သာသနာတော်ခေတ်၌ အဋ္ဌကထာမှ အသိခက်သော အရာတို့ကို ထပ်မံ ဖွင့်ပြသော 'ဋီကာကျမ်းများ' ပေါ် ထွန်း လာခဲ့သည်။) (ဤ စာဘမ်း၌ ပါဠိတော်ကိုသာ ပိဋကတ် အမည်ဖြင့် ခေါ်ပုံ၊ နိကာယ်အမည်ဖြင့် ခေါ်ပုံ တို့ကိုသာ ဖော်ပြပါမည်။ ပါဠိတော်ကို ဖော်ပြလျှင် အဋ္ဌကထာနှင့် ဋီကာတို့လည်း 'ဒီနောက်ရေပါ ဟူသကဲ့သို့ ပါဠိတော်၏နောက်က ပါဝင်စေလျက် မှတ်သားရပါမည်။)

ပါဠိတော်အုပ်ရေ ၄၀-တို့ကို ပိဋက အမည်ဖြင့် စုပေါင်း ခေါ်လိုက်သောအခါ သုံးစုသုံးပုံ၊ နိကာယ်အမည်ဖြင့် စုပေါင်း ခေါ်လိုက်သော အခါ ငါးနိကာယ်ငါးအုပ်စု ဖြစ်လာသည်။

ပိဋကသုံးပုံ

ပိဋကသဒ္ဒါသည် ပစ္စည်း ဝတ္ထု၊ ထည့်သော တောင်း၊ ခြင်းတောင်းကို ဟောသည်။ ဤ၌ 'တရားဒေသနာတို့ကို ထည့်ထားသော တရားခြင်းတောင်းကြီးသုံးလုံး'ဟု ဆိုလိုသည်။ ၎င်းတို့မှာ (၁) ဝိနည်းပိဋက = ဝိနည်းတရားရတနာတို့ကို ထည့်ထားသော တရားခြင်းတောင်းကြီး ဟုဆိုလိုသည်။ စာအုပ်ကြီး ၅-အုပ်၊ ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀-ပါဝင်၏။ (၂) အဘိဓမ္မာပိဋက=အဘိဓမ္မာတရားရတနာတို့ကို ထည့်ထားသော တရားခြင်းတောင်းကြီး ဟု ဆိုလိုသည်။ စာအုပ်ကြီး ၁၂-အုပ်၊ ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀-ပါဝင်သည်။ (၃) သုတ္တန်ပိဋက= သုတ္တန်တရား ရတနာတို့ကို ထည့်ထားသော တရားခြင်းတောင်းကြီးဟု ဆိုလိုသည်။ စာအုပ်ကြီး ၂၃-အုပ်၊ ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀-ပါဝင်သည်။

(ဤကား ပိဋကသုံးပုံ မှတ်ဖွယ်အကျဉ်းတည်း)

နိကာယငါးရပ်

နိကာယဟူသော ပါဠိသဒ္ဒါမှ နိကာယ်ဟူသော မြန်မာဝေါဟာရ ဖြစ်လာသည်။ 'သဘောတူရာ တရားဒေသနာအုပ်စု'ဟု ဆိုလိုသည်။ ၎င်းနိကာယ် ၅-အုပ်စု ရှိသည်။

၁။ ဒီဃနိကာယ်= ရှည်လျားသော သုတ္တန် တရားဒေသနာအုပ်စုဟု ဆိုလိုသည်။ သုတ္တန်ပေါင်း ၃၄-သုတ်၊ ပါဠိတော်စာအုပ် ၃-အုပ် ဖြစ်သည်၊ (၎င်းကို သုတ်သုံးကျမ်း ဟုလည်း ခေါ်ဆို၏။)

၂၊ မဇ္ဈိမနိကာယ် = မရှည်လွန်း မတိုလွန်းသော သုတ္တန်ဘရား ဒေသနာအုပ်စု ဟု ဆိုလိုသည်။ သုတ္တန်ပေါင်း ၁၅၂-ပါဠိတော်စာအုပ် ၃-အုပ် ဖြစ်သည်။

၃။ အင်္ဂုတ္တရနိကာယ်=အင်္ဂါတစ်ပါး၊စီ တစ်ပါး၊စီတိုး၍တိုး၍ ဟောကြားအပ်သော တရားဒေသနာအုပ်စု ဟု ဆိုလိုသည်။ သုတ္တန်ပေါင်း ၉၅၅၀-ကျော်၊ ပါဠိတော်စာအုပ်ကြီး ၃-အုပ် ဖြစ်သည်။ ,

၄။ သံယုတ္တနိကာယ်=တရားနာခံတူရာ သုတ်များ၊ တရားသဘောချင်းတူရာ သုတ်များကို ယှဉ်တွဲပေါင်း၍ သင်္ဂါယနာ တင်ထားသော တရားဒေသနာ အုပ်စုဟု ဆိုလိုသည်။ သုတ္တန်ပေါင်း ၇၇၀၀-ကျော်၊ ပါဠိတော်စာအုပ်ကြီး ၃-အုပ် ဖြစ်သည်။

၅။ ခုဒ္ဒကနိကာယ်=စာနေကျဉ်းသော ငယ်သော တရားဒေသနာအုပ်စု ဟု ဆိုလိုသည်။ စာအုပ်ပေါင်း ၂၈-အုပ် ဖြစ်သည်။

သင်ရိုးပိဋကတ်နှင့် ကျမ်းအိပ်ပိဋကတ်

ဤဆိုခဲ့ပြီးသောအတိုင်း နိကာယ်ငါးရပ် = ပိဋကသုံးပုံ ပါဠိတော် စာအုပ်ရေပေါင်း ၄၀ ရှိလေရာ ဗြိတိသျှခေတ်က မြန်မာပြည် သာသနာတွင် ခုဒ္ဒကနိကာယ် အပါအဝင် ဝိနည်း ၅-ကျမ်း အဘိဓမ္မာ ခုနစ်ကျမ်းတို့နှင့် ဒီဃနိကာယ် (သုတ်သုံးကျမ်း)တို့ကိုသာ အသင်အကြား အချအပို့များကြ၍ ဝိနည်း ၅-ကျမ်း ၅-အုပ်၊ အဘိဓမ္မာ ၇-ကျမ်း, ၁၂-အုပ်၊ သုတ်သုံးကျမ်း ၃-အုပ်= ပေါင်း ဤပါဠိတော်အုပ်ရေ ၂၀-တို့ကိုသာ

အဋ္ဌကထာ ဋီကာတို့နှင့်တကွ ချပို့သင်ကြားခြင်းများသဖြင့် ထိုပါဠိတော်အုပ်ရေ ၂၀-တို့ကို သင်ရိုး ပိဋကသုံးပုံ အုပ်ရေ ၂၀-ဟူ၍ ခေါ်စမှတ် ပြုကြသည်။ မဇ္ဈိမနိကာယ် ၃-အုပ်၊ အင်္ဂုတ္တရနိကာယ် ၃-အုပ်၊ သံယုတ္တနိကာယ် ၃-အုပ်တို့နှင့် ကျန်သော ခုဒ္ဒကနိကာယ် ၁၁-အုပ်=၎င်ပါဠိတော်အုပ်ရေ ၂၀-တို့ကိုကား အသင်အကြား အချအပို့ နည်းလှသောကြောင့် (ဗီရိုစာတိုက်၌သာ အိပ် နေ သကဲ့သို့ ဖြစ်ရကား) 'ကျမ်းအိပ်' ပါဠိတော်ကြီးများဟူ၍ ခေါ်စမှတ် ပြုကြသည်။

ပိဋကတ်သုံးပုံ ဟူသည်မှာလည်း ပါဠိတော်အုပ်ရေ ၄၀-တို့ပင်ဖြစ်၏။ နိကာယ်ငါးရပ် ဟူသည်မှာလည်း ထိုပါဠိတော်အုပ်ရေ ၄၀ တို့ပင်ဖြစ်၏။ သုံးပုံ ပုံခြင်းနှင့် ငါးစု စုံခြင်းသာ ကွဲ၏။ စာအုပ်တို့မှာ အတူတူပင် ဟူ၍ မှတ်ယူရာ၏။

နိုင်ငံတော်အစိုးရ၏ တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ကား 'သင်ရိုး ပိဋကတ်သုံးပုံ' အုပ်ရေ ၂၀ တို့ကို အဋ္ဌကထာ ဋီကာတို့နှင့်တကွ ဝိနည်း ၅-ကျမ်းကို တပိုင်း၊ အဘိဓမ္မာ ၇-ကျမ်းတို့ကို ရှေ့ပိုင်း ၅-ကျမ်း ၄-အုပ်ကို တပိုင်း နောက်ပိုင်း (ယမိုက်နှင့်ပဋ္ဌာန်း ၂ ကျမ်း) အုပ်ရေ ၈-အုပ်တို့ကို တပိုင်း၊ ပေါင်း လေးပိုင်းပိုင်း၍ ပါဠိတော်ကို နှုတ်ရအောက် ပြန်ဆိုရပြီး ပါဠိတော်နှင့် အဋ္ဌကထာဋီကာလာ အဓိပ္ပာယ်တို့ကို သဘောရေးဖြေ စာမေးပွဲ ပြုလုပ်ပေး၍....

အောက်မြန်ဆိုပွဲအတွက် တစ်နေ့လျှင် ၅-ကြိမ်ထက် ပို၍ ထောက်, မ, ပေးရလျှင် 'အကျအရှုံး၊ ၅ ကြိမ်အတွင်းသာ ထောက်, မ, ပေးရလျှင် သာမန်အောင်၊ အထောက်, အမ လွတ်ကင်းလျှင် ဂုဏ်ထူးအောင်ဟု သတ်မှတ်သည်။ သဘော ရေးဖြေပွဲ၌လည်း ကျမ်းတိုင်း ကျမ်းတိုင်း စာအုပ်တိုင်း စာအုပ်တိုင်း၌ ၁၀ ပုစ္ဆာစီ အမှတ် ၁၀၀ စီထား၍ နေ့စဉ် ကျမ်းတိုင်း ၂၅ မှတ် ရလျှင် သာမန်အောင်၊ နေ့စဉ် ကျမ်းတိုင်း ၈၅ မှတ်မှ စ၍ ထိုထက်ပို၍ အောင်မှတ်ရလျှင် ဂုဏ်ထူး အောင်ဟု သတ်မှတ်သည်။

အောက်ပြန်ဆိုပွဲအတွက် (က) ဝိနည်း ၅-ကျမ်း သာမန်အောင်လျှင် 'ဝိနယဓရ' ဘွဲ့၊ ဂုဏ်ထူးဖြင့် အောင်လျှင် 'ဝိသိဋ္ဌ ဝိနယဓရ' ဘွဲ့။ ထို့အတူ (ခ) အဘိဓမ္မာ ခုနစ်ကျမ်း သာမန် အောင်လျှင် 'အာဘိဓမ္မိက' ဘွဲ့၊ ဂုဏ်ထူးဖြင့် အောင် လျှင် 'ဝိသိဋ္ဌ အာဘိဓမ္မိကဘွဲ့'။ (ဂ) သုတ်သုံးကျမ်း (ဒီဃနိကာယ်) သာ မန် အောင် လျှင် 'ဒီဃ ဘာဏက' ဘွဲ့၊ ဂုဏ်ထူးဖြင့်အောင်လျှင် 'ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့ ဆက်ကပ်သည်။ သင်ရိုး ပိဋကသုံးပုံ အောင်မြင်ချက် ပြည့်စုံသောအခါ သာမန်အောင်လျှင် 'တိပိဋကဓရ' ဘွဲ့၊ သုံးပုံလုံး ဂုဏ်ထူးဖြင့်ချည်း အောင်လျှင် 'ဝိသိဋ္ဌ တိပိဋကဓရ' ဘွဲ့ ဆက်ကပ်သည်။

ထို့အတူပင် သဘော ရေးဖြေပွဲ အတွက်လည်း သာမန်အောင်၊ ဂုဏ်ထူးအောင်လိုက်၍ (က) 'ဝိနယကောဝိဒ' 'မဟာဝိနယကောဝိဒ' ဘွဲ့၊ (ခ) 'အဘိဓမ္မကောဝိဒ' 'မဟာ အဘိဓမ္မ ကောဝိဒ' ဘွဲ့၊ (ဂ) 'ဒီဃနိကာယ ကောဝိဒ' ဘွဲ့၊ 'မဟာဒီဃနိကာယ ကောဝိဒ' ဘွဲ့၊ သုံးပုံလုံး သာမန်အောင်လျှင် 'တိပိဋက ကောဝိဒ' ဘွဲ့၊ သုံးပုံလုံး ဂုဏ်ထူးဖြင့်ချည်း အောင်လျှင် 'မဟာတိပိဋက ကောဝိဒ' ဘွဲ့တို့ကို အသီးသီး ဆက်ကပ်သည်။

နိုင်ငံတော်အစိုးရ၏ ထိုတိပိဋကဓရ ရွှေးချယ်ရေး စာပြန်စာမေးပွဲကြီး၌ ဆိုခဲ့ပြီးသော အတိုင်း သင်ရိုး ပိဋကသုံးပုံအပြင် တတ်နိုင်ပါက ကျန်သောနိကာယ် (ပိဋကတ်) ပါဠိတော်ကြီးများကိုလည်း အောက် ပြန်နိုင်ရန် (အဋ္ဌကထာ+ဋီကာလာ အဓိပ္ပာယ်တို့နှင့်တကွ) သဘော ရေးဖြေရန်လည်း ပြဋ္ဌာန်း သတ်မှတ်ပေးထား၏။ အထူးမှာ....

ထိုနိကာယ် ပိဋကတ်တော်များအတွက်

၁။ မဇ္ဈိမနိကာယ် တပိုင်း၊

၂။ အင်္ဂုတ္တရနိကာယ် တပိုင်း၊

၃။ သံယုတ္တနိကာယ် တပိုင်း၊
၄။ ခုဒ္ဒကနိကာယ် ၁၁-အုပ်တို့ကို လေးစု ပြု၍ တပိုင်း....

ဤသို့ လေးပိုင်း (အုပ်စု ခုနစ်စု)ပြု၍ ပြန်ဆို ရေးဖြေရသည်။ တပိုင်း တပိုင်းပြန်ဆို ရေးဖြေ အောင်မြင်သောအခါအောင်မြင်သော နိကာယ် အမည်ကို ရွေ့မှခံ၍ အာဂုံပြန်အတွက် 'ဘာဏက' ဘွဲ့၊ သဘော ရေး ဖြေ အတွက် 'ကောဝိဒ' ဘွဲ့ တို့ကို ဆက်ကပ်သည်။ ဘွဲ့မည်တို့မှာ....

(က) မဇ္ဈိမနိကာယ်အတွက် (ရိုးရိုးအောင်) 'မဇ္ဈိမဘာဏက' 'မဇ္ဈိမနိကာယကောဝိဒ' ဘွဲ့၊ (ဂုဏ်ထူးအောင်) 'ဝိသိဋ္ဌမဇ္ဈိမဘာဏက' 'မဟာမဇ္ဈိမနိကာယကောဝိဒ' ဘွဲ့။

(ခ) သံယုတ္တနိကာယ် အတွက် = (ရိုးရိုးအောင်) 'သံယုတ္တဘာဏက' 'သံယုတ္တနိကာယကောဝိဒ' ဘွဲ့၊ (ဂုဏ်ထူးအောင်) 'ဝိသိဋ္ဌသံယုတ္တဘာဏက' 'မဟာသံယုတ္တနိကာယကောဝိဒ' ဘွဲ့။

(ဂ) အင်္ဂုတ္တရနိကာယ် အတွက် (ရိုးရိုးအောင်) 'အင်္ဂုတ္တရဘာဏက' 'အင်္ဂုတ္တရနိကာယကောဝိဒ' ဘွဲ့၊ (ဂုဏ်ထူးအောင်) 'ဝိသိဋ္ဌအင်္ဂုတ္တရနိကာယကောဝိဒ' ဘွဲ့။

(ဃ) ခုဒ္ဒကနိကာယ်အတွက် (ရိုးရိုးအောင်) 'ခုဒ္ဒကဘာဏက' 'ခုဒ္ဒကနိကာယကောဝိဒ' ဘွဲ့၊ (ဂုဏ်ထူးအောင်) 'ဝိသိဋ္ဌ ခုဒ္ဒက ဘာဏက' 'မဟာခုဒ္ဒကနိကာယကောဝိဒ' ဘွဲ့များကို အသီးသီး ဆက်ကပ်သည်။

သင်ရိုး ပိဋကသုံးပုံနှင့်တကွ ကျန် နိကာယ် လေးရပ်တို့ကို အပြည့်အစုံ အပြီးအစီး အောင်မြင်လျှင် (ရိုးရိုးအောင်) 'ပဉ္စနိကာယိက-တိပိဋကရေ' 'ပဉ္စနိကာယိက-တိပိဋကကောဝိဒ' ဘွဲ့၊ (ဂုဏ်ထူးအောင်) 'ဝိသိဋ္ဌ ပဉ္စနိကာယိက တိပိဋကရေ' 'မဟာပဉ္စနိကာယိက တိပိဋက ကောဝိဒ' ဘွဲ့တို့ကို အသီးသီး ဆက်ကပ်သည်။

ဤအချက်များကို စာဖတ်သူများ အထူး မှတ်သားသင့်ပါသည်။

ဤမှု ကြီးကျယ်နက်နဲ ခက်ခဲသော တိပိဋက ရေးစာမေးပွဲကြီးမျိုးကား ရှေးအခါက မပေါ်ခဲ့ဘူးဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ဤမှာ ဘက်ခေတ်ရောက်မှ ထို 'တိပိဋကရေးစာမေးပွဲကြီး' ကို ၁၃၁၀-ပြည့်နှစ်ကမှ စတင်၍ ကျင်းပခွင့် ရခဲ့ပါသည်။

ရည်ရွယ်ချက်များ

ဤတိပိဋကရေးစာမေးပွဲကြီး ကျင်းပ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ

မင်းကွန်း ဂီဠိဳကရေဘဏ္ဍာဂါရိက ဆရာတော် ဘုရား ရေးသားသော မဟာဗုဒ္ဓဝင် ကုမ်းမှ ဗုဒ္ဓဝင် ကျောက်စာများနှင့် ဆဋ္ဌသင်္ဂါယနာတင် ကျောက်စာများ:-

ကျောက်စာချပ် ၁၀၈၄ယောခု ၃၀၀-ကျော်ပြီးစီး၊

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အခွန့်ရှည်စွာ သန့်ရှင်း တည်တံ့ခိုင်မြဲ ထူးကဲပြန့်ပွား စည်ပင်စေရန်။

၂။ ပိဋကတ်သုံးပုံကို နှုတ်ဝဲ ဆောင်နိုင်သည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ စဉ်ဆက်မပြတ် ပေါ်ထွက်လာရန်။

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော် တွင်း၌ ဘုန်းကံ ပါရမီထူး, ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အစာန်း မြင့်မား စွာ အား ပေး ချီး မြှောက် ထောက်ပံ့နိုင်ရန် ဟူသော ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ဤစာမေးပွဲကြီးကို ကာယအား၊ ဉာဏအား စွမ်းပကားနှစ်မျိုး ဖွံ့ဖြိုးထက်သန်သည့်ပြင် အာစရိယဝါဒ အထောက်အကူ ရရှိဖို့ လိုအပ်ရုံမျှမက ပိဋကတ်ကျမ်းဂန် အခြေခံလုံလောက်မှု ဖြေဆိုနိုင်ကြသည်။ ကြိုးစားတိုင်းလည်း ရနိုင်သည် မဟုတ်။ ပါရမီမာတ်ခံ အထူးရှိသော ပုဂ္ဂိုလ်များ၏ အာဂုဏ်ဖြစ်သည်ဟု ဆိုသင့်ပါသည်။

ကျက်အံလေ့လာရသော ကျမ်းဂန်များ

သင်ရိုး ပိဋကတ်သုံးပုံ အောင်မြင်ရန်အတွက် စာမျက်နှာများကိုလည်း သိထားသင့်၏။ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းအား ဖြင့် ကျမ်းဂန်အခေါ် အရေအတွက် ၁၅-ကျမ်း ရှိဘည်။ စာအုပ် အရေအတွက် ၂၀-ဖြစ်သည်။ ထိုစာအုပ် ၂၀-တို့ကို အရက်ကျက်၍ အခေါက်ခေါက် ရွတ်အံထားနိုင်မှ အာဂုံပြန် 'တိပိဋကဓရ' ဖြစ်နိုင်သည်။ နှုတ်ဖြင့် ပြန်ဆိုရသော စာမျက်နှာများမှာ-

၁။ ဝိနည်းငါးကျမ်း ပါဠိတော်အုပ်ရေ ၅၊ စာမျက်နှာ ၂၂၆၀၊
၂။ သုတ်သုံးကျမ်း ။ ၃၊ စာမျက်နှာ ၂၀၂၊
၃။ အဘိဓမ္မာခုနစ်ကျမ်း ။ ၁၂၊ စာမျက်နှာ ၄၄၃၁၊ စုစုပေါင်း-စာမျက်နှာ ၂၉၀၃) မျက်နှာဆိတိ ပြန်ဆိုရသည်။

သဘောရေးဖြေ 'တိပိဋကကောဝိဒ' ဖြစ်နိုင်ရန်အတွက် ထိုပါဠိတော် အုပ်ရေ ၂၀-လာ အာဂုံနှင့် သဘောအဓိပ္ပာယ်ကို ကျွမ်းကျင်ရမည့်အပြင်....

အဋ္ဌကထာအုပ်ရေ ၁၀၊ စာမျက်နှာ ၃၀၁၃ ဋီကာ ။ ၁၄၊ ။ ၆၁၂၁ တို့ကိုလည်း မှတ်မိအောင် ကြည့်ရှု လေ့လာရသည်။ အတိုချုပ် သဘောပေါက်အောင် ပြောရလျှင် 'တိပိဋကဓရ' 'တိပိဋကကောဝိဒ' ဖြစ်နိုင်ရန် အရှင်မြတ်တို့ လေ့လာကျက်အံ ကြုံကြည့်ထားရသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယစာအုပ်များမှာ အလုပ်သမားတစ်ယောက် အနှင့်ထမ်း: အလုပ်သမားတစ်ယောက် အနှင့် ရွက်ယူရလောက် အောင်ပင် များပြားလှပါသည်။ ထို့ကြောင့်ပင် စာမေးပွဲတကာတို့တွင် ဤ 'တိပိဋကဓရ စာမေးပွဲကြီး' ကို အဆင့်အတန်း မြင့်၍ ခက်ခဲလေးနက်သော စာမေးပွဲကြီးဟု ပြောဆိုခြင်း ဖြစ်ပါသည်။

တိပိဋကဓရ သိမှတ်ဖွယ်ရာ

တိပိဋကဓရ စာမေးပွဲကြီးနှင့် စပ်လျဉ်း၍ ဖော်ပြလိုတို့သော မှတ်ဖွယ်ရာ အကြောင်းများကိုလည်း အကျဉ်းချုပ်အနေဖြင့် သိထားသင့်ပါသည်။ ၎င်းတို့မှာ....

၁။ ၁၃၀၉-ခုနှစ်တွင် တိပိဋကရေ ရွှေးချယ်ရေးအဖွဲ့ကို စတင် ဖွဲ့စည်းခဲ့သည်။

၂။ ၁၃၁၀-ပြည့်နှစ်ကစ၍ ထိုစာမေးပွဲကြီးကို ကျင်းပခဲ့သည်။

၃။ တစ်ကြိမ် ကျင်းပလျှင် ၃၃-ရက် ကြာ၍ ဖွင့်ပွဲ အခမ်းအနား ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။

၄။ ၁၃၂၂-ခု (၁၉၆၀) ပြည့်နှစ်တွင်

တိပိဋကဓရ အက်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

၅။ ၁၃၄၃-ခုနှစ် နယုန်လဆန်း ၁၄-ရက် (ခရစ် ၁၉၈၁-ခုနှစ် ဇွန်လ ၁၆-ရက်) အင်္ဂါနေ့တွင် 'တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲ စည်းမျဉ်း' အသစ်ကို အတည်ပြု ပြဋ္ဌာန်းသည်။

၆။ နေ့စဉ် အမှတ် ၁၀၀-သတ်မှတ်၍ မေးရာ ၂၅-မှတ် အနည်းဆုံး ရရှိမှ ရိုးရိုး သာမန် အောင်မြင်သည်။

၇။ အာဂုံပြန်ဆိုရာ၌ (သာမန်)မှိုးရိုးဟောင်းကို 'ဓရ' ဘွဲ့ပေးပါသည်။

၈။ အာဂုံပြန်ဆိုရာ၌ အထောက်,အမ, လွတ်ကင်းပြီး ဂုဏ်ထူးအောင်ကို 'ဝိသိဋ္ဌ-ဓရ' ဘွဲ့ ပေးပါသည်။

၉။ သဘောရေးဖြေတွင် ၂၅-မှတ်မှ စ၍ ၈၀-မှတ် အဘွင်းသာ ရလျှင် ရိုးရိုး (သာမန်) အောင် ဖြစ်၍ 'ကောဝိဒ' ဘွဲ့ ပေးပြီး၊ ၈၅-မှတ် အထက် ရရှိပါမှ ဂုဏ်ထူးအောင်ဟု သတ်မှတ်၍ 'မဟာ-ကောဝိဒ' ဘွဲ့ ချီးမြှင့်ပါသည်။

၁၀။ ပြန်ဆိုရသော စာမျက်နှာ ပေါင်း ၂၉၀၃ မျက်နှာ ရှိသည်။

၁၁။ သဘောရေးဖြေ စာမျက်နှာပေါင်း ၁၇၉၁၇-ရှိပါသည်။

၁၂။ ၁၁၄၂-ခုနှစ် အထိ ၃၃-ကြိမ် အတွင်း 'တိပိဋကရေ၊ တိပိဋကကောဝိဒ' ဘွဲ့ရ ၄-ပါး ဖြစ်ပါသည်။ ထို ၄-ပါးတို့မှာ-

၁၃။ (က) ၁၃၁၅-ခုနှစ်တွင် မင်းကွန်း ဘောင်ခိုးမှ ဦးဝိစိတ္တသာရာဘိဝံသ၊

(ခ) ၁၃၂၁-ခုနှစ်တွင် ပခုက္ကူမြို့မှ အရှင်နေမိန္ဒ၊

(ဂ) ၁၃၂၅-ခုနှစ်တွင် ပြည်မြို့မှ အရှင်ကောသလ္လ၊

(ဃ) ၁၃၃၅-ခုနှစ်တွင် ရန်ကုန်မြို့မှ အရှင်သုမင်္ဂလာ လက်ဝဲရ တို့ ဖြစ်ပါသည်။

၁၄။ ပထမဦးစွာ တိပိဋကဓရ 'ဦးဝိစိတ္တသာရာဘိဝံသ' ပေါ်ပေါက်သော တပို့တွဲလဆန်း ၁၀-ရက်နေ့ကို နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က 'တိပိဋကဓရ'နေ့ဟု သတ်မှတ်ထားပါသည်။

ဂုဏ်ပြုချီးမြှောက်မှုများ

သင်ရိုး ပိဋကတ်သုံးပုံ အာဂုံ၊ ရေး-ဖြေ အောင်မြင်တော်မူသော အရှင်မြတ်တို့အား....

(၁) 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက = ပိဋကသုံးပုံဆောင် တရားဘဏ္ဍာတိုက်စိုး' ဟုသော ဘွဲ့ဆက်ကပ်သည့်ပြင် ဗုဒ္ဓသာသနာ၌ အမြင့်ဆုံးဖြစ်သည့် 'သာသနာ့အာဇာနည်' ဟူသော ဂုဏ်ပုဒ် ဖြင့် နိုင်ငံတော်က ဂုဏ်ပြုထားပါသည်။ (၂) ဆင်စွယ်ယပ်ဝန်းတော်နှင့် (၃) အရိုးဝါကဲနက္ကဒဏ်ထီးဖြူတော်သုံးလက် အမှတ်တံဆိပ် ပါရှိသော 'သာသနာ့အောင်လံတော်'ကို ဆက်ကပ်ထားပြီး (၄) ကုန်း၊ရေ၊လေ အခမဲ့ တပည့် နှစ်ဦးနှင့်အတူ အထက်တန်းမှ ခရီးယာဉ်နှိုင်ခွင့် ရာသက်ပန် (ပတ်စ်)လက်မှတ် ဆက်ကပ်ထားပါသည်။ (၅) လစဉ် ရာသက်ပန် ဆွမ်းဆန်တော် များကိုလည်း နိုင်ငံတော်က လှူဒါန်းရုံမျှမက (၆) မိဘနှစ်ပါးတို့ကိုလည်း ဆောက်ပံ့ကြေးများပေး၍ ဂုဏ်ပြုထားပါသည်။ယနေ့ကမ္ဘာတွင် ရာထူးလခအမြင့်ဆုံး ရကြသည့် သမ္မတ အတွင်းဝန်ချုပ်တို့သည်ပင် မိဘနှစ်ပါးအတွက် သီးခြား မြှောက်စားမှု အခွင့်အရေးကို ယခုကဲ့သို့ မရရှိကြပါ။

အာဇာနည် ၄-မျိုး

တိပိဋကဓရ အရှင်မြတ်များကို နိုင်ငံတော်က 'သာသနာ့အာဇာနည်'ဟု ဂုဏ်ပြု ချီးကျူးခြင်းနှင့် စစ်လျှင်းပြီး အာဇာနည် ၄-မျိုး ရှိကြောင်း ဖော်ပြလိုသည်မှာ....

(၁) ဟတ္ထာဇာနိယ=ဆင်အာဇာနည်၊(၂) အဿာဇာနိယ=မြင်းအာဇာနည်၊(၃) ဥသဘာဇာနိယ=ဥသဘအာဇာနည်၊ (၄) ပဋိသာဇနိယ

=လူယောက်ျား အာဇာနည်ဟူ၍ အာဇာနည် ၄-မျိုးရှိကြောင်း ဓမ္မပဒကျမ်းဦး ဖွင့်ပြထားပါသည်။

ဆင် မြင်း နွားလား အာဇာနည် သုံးမျိုးတို့မှာ ဖြစ်ရာ ဌာန၌, ဒေသ, အမျိုး, ပုံသေ သတ်မှတ်ချက်ရှိ၏။ လူယောက်ျား အာဇာနည်မှာမူ ဘယ်မြို့ဘယ်ရွာ၊ ဘယ်ဒေသ၊ ဘယ်အမျိုးမှ ထွက်ပေါ်သည်ဟု ပုံသေ သတ်မှတ်ချက် မရှိချေ။ တိရစ္ဆာန် အာဇာနည်များထက် ပို၍ ခက်ခဲသည်ဟု ဆိုရပါမည်။ တိရစ္ဆာန် အာဇာနည်များ ဖြစ်ထွန်းရာ ဌာနဒေသ အမျိုးတို့ကို ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၁၆၁ ၌....

ဟတ္ထာဇာနီယော ဆဒ္ဒန္တကုလေ ဝါ ဥပေါသထကုလေ ဝါ ဥပပဇ္ဇတိ။ (ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုးနှင့် ဥပေါသထ ဆင်မျိုး၌ ဖြစ်၏။)

အဿဇာနီယော သိန္ဓဝကုလေ ဝါ ဝလဝဟကဿ ရာဇကုလေဝါ ဥပပဇ္ဇတိ၊ (မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး၊ သို့မဟုတ် ဝလာဟက မြင်းမျိုး၌ ဖြစ်၏။)

ဥသဘော ဂေါ အာဇာနီယော ဒက္ခိဏာပထေ ဥပပဇ္ဇတိ၊ (နွားလားဥသဘ အာဇာနည်သည် အိန္ဒိယနိုင်ငံ ဒက္ခိဏာပထ အရပ်၌ ဖြစ်၏) ဟူ၍ ဖွင့်ပြထားပါသည်။

ဤအကြောင်းကို....

(၁) အာဇညဘော၊ ဂဇိန်ချောကား၊ ဥပေါသထာ၊ ဆဒ္ဒန္တာဟု၊ ဆင်သာမျိုးဇာတ်၊ ဖြစ်လွယ်တတ်၏။ (၂) အဿတရာ၊ အာဇညာ လည်း၊ ဝလာဟက၊ သိန္ဓဝ ဟု၊ မြင်းမျာ့းအနွယ်၊ ဖြစ်ထွန်းလွယ်၏။ (၃) တသွယ်ပုဂ်ဝ၊ ဥသဘမူ၊ ဒက္ခိဏာကိုဏ်း၊ ပထတိုင်းမှ၊ ခြားပိုင်းရပ်နယ်၊ ရစလွယ်၏။ (၄) လူဝယ်တမည်၊ ရှင်ဇာနည်ကား၊ ဤသည်မျိုးဆွေ၊ ဤနယ်မြေဟု၊ ပုံသေမြဲမြံ၊ ဖြစ်နိုင်ခဲ၏။ ဆွေထဲမျိုးပုံ၊ ထွန်းခဲ့ကြုံမူ၊ နိတုံကောင်းကျိုး၊ ချမ်းသာတိုး၏-

ဟူ၍ ပဒုက္ကူမြို့ မဟာဝိသုဘာရာမတိုက် တိုက်အုပ်(ရတနသိဒ္ဓိ)ဆရာတော် ဘဒ္ဒန္တနန္ဒိယမထေရ်က မှတ်ဖွယ်လက်ာ ကဗျာ ရေး ဖွဲ့ခဲ့ပါသည်။ (ပခုက္ကူနိကာယ မှတ်တမ်း စာအုပ်မှ)

အာဇာနည်ပုဂ္ဂိုလ်ကို ရခဲကြောင်း

မြတ် စွာ ဟု ရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါက အရှင်အာနန္ဒာမထေရ် လျှောက်ထားသဖြင့်-

ဒုလ္လဘော ပုရိသဇညော၊
နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊
တံ ကုလံ သုခ+မေဓတိ။

ဟူသော 'အာဇာနည်ဂါထာ' ကို မြတ်စွာဘုရား ဟောကြားတော်မူသည်၊ ထို၏ မြန်မာပြန်ကား....

'လူယောက်ျား အာဇာနည်ကို ရခဲ၏၊ သူသည် နေရာတိုင်း ဒေသတိုင်း လူမျိုးတိုင်း၌ ဖြစ်သည်မဟုတ်၊ သူ(အာဇာနည် ပုဂ္ဂိုလ်)သည် အကြင် နေရာဒေသ လူမျိုး၌ ဖြစ်ထွန်းပေါ်ပေါက်ငြားအံ့၊ ထိုနေရာဒေသ လူမျိုးသည် ကြီးပွားချမ်းသာခြင်းကို ရနိုင်၏' ဟူ၍ ဖြစ်သည်။

အာဇာနည် ပုဂ္ဂိုလ်သည် ဘယ်မြို့ ဘယ်ရွာက ပေါ်ထွက်မည်၊ ဘယ်လူမျိုး ဘယ်အနွယ်က ပေါက်ဖွားမည်၊ ဘယ်ခေတ် ဘယ်အခါမှာ ပေါ်ထွက်မည်ဟု ပုံသေသတ်မှတ်ချက်ချထား၍ မရနိုင်သောကြောင့် အလွန်အလွန် ခဲယဉ်းလှပေသည်။ အကယ်၍ အာဇာနည်ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာပြီဆိုလျှင် ပေါ်လာသည့် တိုင်းပြည်၊ မြို့ရွာ၊ ဒေသ၊ ပေါ်လာသည့်လူမျိုး၊ ပေါ်လာသည့် ခေတ်အခါသည် အောက်ကျနောက်ကျ တိုင်းပြည် မြို့ရွာ ဒေသ၊ အောက်ကျနောက်ကျ လူမျိုး၊ အောက်ကျနောက်ကျခေတ် မဟုတ်တော့ဘူးဆိုတာ သေချာသွားပါပြီ။ အာဇာနည်ပုဂ္ဂိုလ် ပေါ် ပေါက်လာ ခြင်း အား ဖြင့်

အထက်တန်းကျတဲ့ ဘိုင်းပြည် မြို့ရွာ ဒေသ၊ အထက်တန်းကျတဲ့ လူမျိုး၊ အထက်တန်းကျတဲ့ ခေတ်ကာလ အဖြစ် မပြောင်းလဲ'ကိုးတက်သွားမည်မှာ မလွဲနိုင်တော့ပေ။

သက်သေထူရာသျှင် 'ပုဂံခေတ်တွင် အနော်ရထာစော ပေါ်လာခြင်း၊ တောင်ငူ (ကေတုမတီ ဟံသာဝတီ)ခေတ်တွင် ဘုရင့်နောင် ကျော်ထင်နောက်ရထာ ပေါ်လာခြင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရား ပေါ်လာခြင်း၊ ပြည်ထောင်စု ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပေါ်လာခြင်းအား ဖြင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း တစ်မျိုးဘဲ ပြောင်းလဲသွားခဲ့သည်မှာ ထင်ရှားသော သက်သေသာဓကများ ဖြစ်ပေသည်။

အာဇာနည်ကို ဖြိုခြင်း

ရှေးဖော်ပြရာပါ အာဇာနည်ဘို့မှာ လူမှုရေးနှင့် စပ်နွယ်သော လောကီနယ်မှ အာဇာနည်များအကြောင်း တစိတ်တဒေသ ဖြစ်သည်။ ဤစာမူ၌ ဂုဏ်ပြု တင်ပြလိုသော အာဇာနည်များမှာ ဘုရားဟော ပိဋကတ်တော် များ ကို မပျောက်မကွယ်ရအောင် နှုတ်မှာ တွတ် တွတ် အာဂုံရွတ် ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ထိန်းသိမ်းစောင့်ရှောက်တော် မူကြသော လောကုတ္တရာ သာသနာ့ အာဇာနည် များ သာ ဖြစ်ပါသည်။ အာဇာနည်ကို လက်ဝယ် ရအောင် ရောင်းတမ်းပစ္စည်းကဲ့သို့ ငွေပေးဝယ်၍ မရနိုင်ချေ။ အာဇာနည်ကို လိုချင်လျှင် အာဇာနည်နှင့် ထိုက်တန်သော အပြုအစု အထောက်အပံ့ အဆောင်အယောင်များကို ပေးအပ်ခြင်း အရင်းအနှီးကို မြှုပ်နှံကြရပေလိမ့်မည်။

ဤသဘောသွားကို အလေးအနက် ယုံကြည်ချက် အပြည့်အဝဖြင့် ယောနိသော နှလုံးသွင်းရှိကြသည့် မင်းကွန်း တိပိဋကဓရ ဆရာတော်နှင့် 'ဝဟ္ဘကျော်ထင် အထူးကုပါမောက္ခ ဆရာဝန်ကြီး' ဒေါက်တာ ဦးသာလှ အမှူး ရှိကုန်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က 'မင်းကွန်း တိပိဋက=နိကာယ သာသနာပြု' အဖွဲ့ကြီးကို ဖွဲ့စည်းကြကာ သာသနာ့ အာဇာနည် လောင်းလျာ အရှင်မြတ်တို့အား ကာယစိတ္တ သုခနှစ်ဖြာ ပြည့်စုံစွာဖြင့် ဘုရားဟော ပိဋကတ်တော်တို့ကို လေ့လာကျက်၊ အံ၊ ကြုံ၊ ကြည့်နိုင်ကြစေရန် ထက်သန်သော သဒ္ဓါ၊ စေတနာ၊ ပညာတို့ဖြင့် ပြုစုထောက်ပံ့ အားပေးလျက် ရှိကြသည်မှာ.....အကြိမ်ကြိမ် သာဓုခေါ်ထိုက်သော သာသနာပြု ကိစ္စကြီး ဖြစ်ပေသည်။

ထို့ကြောင့်ရကား တိပိဋကဓရ သာသနာ့ အာဇာနည် အလျှာ သာသနာနုရက္ခီတ = သာသနာစောင့် သူရဲကောင်း ဖြစ်တော်မူကြသော အရှင်မြတ် အပေါင်းတို့သည်....

မြင့်မြတ်သော စိတ်ဓာတ်၊
ဖြောင့်မတ်ဖြူစင်သော ကိုယ်ကျင့်သိလ၊
အားရှိလှသော ယုံကြည်ချက် သဒ္ဓါတရား၊
ကြီးမားစူးရှသော ဉာဏ်ပညာ၊
ခိုင်ခံ့စွာသော ဇွဲလုံ့လတို့ဖြင့်....

တိပိဋကဓရနှင့် နိကာယ စာမေးပွဲကြီး များ၌ အောင်ပန်း အထူး ဆွတ်ခူးတော်မူနိုင်ကြပါစေ။ ဤအရှင်တို့ကို မငြိုမငြင် ပြုစုစောင့်ရှောက် ထောက်ပံ့နေသော 'တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီး'၏ သာသနာပြု ရိပ်မြုံ ပန်းရုံမှ သာသနာ့ အာဇာနည် တည်းဟူသော အောင်ပွင့် အောင်ပန်းတို့သည် တလျှမ်းလျှမ်း မွှေးထုံ ရန့်ဂုဏ်တို့ဖြင့် နှစ်စဉ်နှစ်တိုင်း တဖြိုင်ဖြိုင်ဝင်း၍ တကြိုင်ကြိုင် သင်းကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း....။

လိပ်စာ-
ဦးပညာသာမိ
အခန်း-၈၂၊
ဓမ္မဒီပကျောင်းဆောင်
ကမ္ဘာငေး၊ ရန်ကုန်မြို့။

(မာပခီ'သာစည်)

ထူးခြားသောပုဂ္ဂိုလ်သူမြတ်

ဒေါက်တာမောင်မောင်

မင်းကွန်းတောင်ရိုး မိုး မိတ် စေ တီ တော် နှင့် စေတီတော် ကုန်းမြေတွင် ပေါ်ထွန်းလျက်ရှိသော တိပိဋကာ ကျောင်းတိုက်များသို့ အိမ်သူမြင့်နှင့် သမီးများ၊ မိတ်ဆွေများနှင့်အတူ ကျွန်တော် ရောက်ခဲ့ပါသည်။ လူမရောက်ပဲ စိတ်ရောက်ခဲ့သည်မှာ ကြာပြီ။ ၁၃၄၃-ခုနှစ်၊ သီတင်းကျွတ် လဆန်း တွင် မှ အကြောင်းသင့်သဖြင့် ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

မင်းကွန်းသို့ ကျွန်တော် စိတ်သည် မကြာမကြာ ညွတ်ပါသည်။ မင်းကွန်း၏ကျေးဇူးသည် ကျွန်တော့် အပေါ်မှာ ရှိပါသည်။ စစ်အတွင်းက ဖခင်၊ မိခင်နှင့် ကျွန်တော်တို့ မောင်နှမများ မင်းကွန်း၏ အေးမြသော အရိပ်ဝယ် စစ်အန္တရာယ်မှ ခိုလှုံခဲ့ကြသည်။ စိတ်ပန်း၊ ကိုယ်နှမ်းသော မိခင်သည် မင်း ကွန်း ၌ အတန်ကြာ စိတ်ချမ်း သာခဲ့ရသော်လည်း စစ်ပြီး သည်ထိ မနေရ။ မင်းကွန်း၌ပင် ခေါင်းချခဲ့ရှာသည်။

နောက်ပိုင်းတွင် မင်းကွန်း တိပိဋကာ ဆရာတော် ဘုရားသည် ဖခင်၏ ဆရာရင်း ဖြစ်လာသည်။ ဖခင်သည် ဆရာအလွန်ရွေးသူ ဖြစ်လေသည်။ သို့ရာတွင် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသကိုမူ အလွန်ကြည်ညိုသည်။ ဖခင်နှင့်ဆက်၍ ကျွန်တော်တို့လည်း တပည့်ရင်းခြာ ဖြစ်လာသည်။ ဆရာတော်၏ပညာ၊ သီလတို့အပြင် မာန်မာနထောင်လွှားမှု ကင်းရှင်းခြင်း၊ မိမိတတ်သိသလို တပါးသူတို့ တတ် သိ စေ လိုသည့် ပြင်းပြသော စေတနာဆန္ဒ၊ ထိုဆန္ဒနောက်သို့ မိမိ၏ ကိုယ်ခန္ဓာ နှမ်းနယ်သည်ကို မမှုမူ၍ မနေမနား လိုက်လံ ဟောပြော ပြသသော ဝီရိယတို့သည် ဆရာတော်၏ ဂုဏ်ထူး၊ သတ္တိထူးတို့မှ အချို့မျှသာ ဖြစ်ပါသည်။ တဆင့်ကြားဖြင့်၊ စာတွေ့ဖြင့် သိ ရ သည် မဟုတ်၊ ကိုယ်တိုင်မြင်ကြား ခံစား၍ အထင်အရှား သိရခြင်း ဖြစ်ပါသည်။

=====o=====

အမေး။ ။ ဆွေး ကျောင်း၊ အ ဖြေ = ဘုရား လောင်းဆိုစကား ရှိပါသည်။ တခါက ကျွန်တော် သည် ဗုဒ္ဓတရားတော် ကျမ်းအချို့ကို မြန် မာ လို၊ အင်္ဂလိပ်လို ဖတ်ရှုပြီးနောက် စိတ်တွင်မပြေလည်၊ မရှင်းလင်းသော ပြဿနာအချို့ကို မေးခွန်းထုတ်၍ ဆရာတော်အား စာဖြင့် ဆက်သ လိုက်ပါသည်။

ဤဆောင်းပါးရှင် **ဒေါက်တာမောင်မောင်** ရေးသားခဲ့သော မြန်မာ့အင်္ဂလိပ်စာအုပ်များတွင် "**မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း**"နှင့် "**သားမောင်စစ်သည်သို့**" ပါဝင်သည်။

ဆရာတော်အား ကျွန်တော်လျှောက်ထား မေးမြန်းခဲ့သော ပုစ္ဆာအလုံးစုံ၊ ကျွန်တော့် စိတ်တွင် မရှင်းသေးပဲ ရှိနေသေးလျှင် ကျွန်တော်ကိုယ်တိုင်ဆင်ခြင်အားထုတ်ဖို့ လိုနေသေးဟု သာ ဖြစ်ပါလိမ့်မည်။ ဆရာတော် ပြည့်နှန်ခဲ့သော လမ်းကို ကျွန်တော် အလျှောက် နှေးနေသေးဟု သာ ဖြစ်ပါလိမ့်မည်။

* * *

မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်တွင် အရိယမဂ္ဂင် ဆရာတော်ကြီးနှင့်တကွ ဆရာတော် အား ကျွန်တော်တို့ မိသားစု တခါက ဖူးကြရသည်။ မဂ္ဂင်ဆရာတော်ကြီးက ဓမ္မနာဒ ကျောင်းတိုက်သို့ တောင်ရိုးသဲလမ်းကြောင်းကို တောင်ဝှေးတချောင်းကိုင်၍ စကြံကြွလာခဲ့ခြင်း ဖြစ်လေသည်။ ထိုစဉ်က သက်တော်ဂျစ်ဆယ် ကျော်ပြီဖြစ်သော်လည်း ဆရာတော်ကြီးသည် ဘေးလူမကူ၊ မထူရာ၊ ကိုယ်တိုင် တောလမ်းခရီးကို မမောမပန်း ကြွလာနိုင်ခဲ့သည်။

မဂ္ဂင်ဆရာတော်ကြီးကို ခုံမြင့်တွင် သီတင်းသုံးစေပြီးလျှင် တိပိဋကဆရာတော်က ကြမ်းပြင်ပေါ်တွင် သင့်တင့်ရုံ ခင်းကျင်းပြီး ကျွန်တော်တို့အား သင်ဖြူးဖျာကြီးများပေါ်တွင် ချမ်းသာစွာ ထိုင်စေသည်။ ပြီးနိုင်ငံတော် အေးချမ်း၍ စည်ပင်ဝပြောစေသော နည်းလမ်းတို့ကို ကုဋ္ဌဒန္တသုတ်မှ ထုတ်ဖော်ဟောပြ ပါသည်။ ထို သုတ်တော် တွင် ဘုရားလောင်း ပုရောဟိတ် ပုဏ္ဏားက မဟာဝိဇိတမင်း အား ခိုးသူ၊

နိဗ္ဗာန်၏သဘောမှ အစချီ၍၊ အနိစ္စ အကြောင်း၊ အနတ္တအကြောင်း ပုစ္ဆာစုံကို အတိုဆုံး၊ အရှင်းဆုံး ဖြေကြားပါရန် ပန်ကြားလိုက်ခြင်း ဖြစ်လေသည်။ ဆရာတော်က စာဖြင့်ပြန်ကြားသည်ထက် တွေ့ဆုံကြသောအခါ ကိုယ်တိုင် တတ်နိုင်သမျှ ရှင်းပြမည်ဟု စကားပြန်လိုက်သည်။ တနေ့ မနှစ်လေးသို့ ရောက်သောအခါ ဖခင်က မစိုးရိမ်ဆရာတော်ကြီးနှင့် တိပိဋကဆရာတော်တို့အား အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီးနောက် ဆရာတော်တို့ တရား နာယူနိုင်ရန် စီစဉ်ပေးသည်။ ဆရာတော်နှစ်ဆူ ကြွလာကြရာတွင် တိပိဋကဆရာတော်သည် မစိုးရိမ် ဆရာတော်ကြီး အား နေရာထိုင်ခင်း ကိုယ်တိုင်ခင်းကျင်းပေးသည်မှ အစ၊ အထူးရှိသေကိုင်းရှိုင်းစွာ ဝတ်ပြုသည်ကို ဝမ်းမြောက်စွာ တွေ့မြင်မှတ်သားရပါသည်။ ဆရာတော်ထက် အသက်အရွယ်အားဖြင့် ဆယ်နှစ်ကျော်ကြီးသော ကျွန်တော်တို့ ဖခင်အားလည်း ဆရာတော်က ခင်မင်လေးစားစွာ ဆက်ဆံသည်။ ငယ်ရွယ်၍ တရားဓမ္မအရာမလိမ္မာသေးသော ကျွန်တော့်အပေါ်၌လည်း အထူး စေတနာထား၍ စိတ်ရှည်စွာ ဟောပြောပြသပါသည်။ မိမိကိုယ်ကို မိမိလည်း "ဦးပဉ္စင်း" "ဘုန်းကြီး" စသည်ဖြင့်သာ နှိမ့်ချစွာ ခေါ်ဝေါ်ပါသည်။ ကျွန်တော် တဦးတည်းအား သုံးနာရီကြာမျှ မမောမပန်း ဟောကြားပါသည်။

ပရိသတ် စည်ကားမှု ဟောအားကောင်း သော ပုဂ္ဂိုလ်မျိုး မဟုတ် ဟုကား ကျွန်တော့် စိတ် ဝယ် မှတ်ချက် ပြုခဲ့ မိပါသည်။

မိုးမိတ်ကုန်းမြေမြောက်ဘက်သို့ရှုပါသော်၊ တည်ဆောက်ဆဲ ကျောက်စာတိုက်များကို မြင်ရပေမည်

တိပိဋကဓရဆရာဇတင်၏ ဇာတိနှင့် ဇာတိမြေ

ဒမြ သောင်းကျန်း ဖနသော် နိုင်ငံကို ဝင်ပြောသာယာလာစေ ရေး အကြံပေး လျှောက်ထား ခဲ့ပုံပါသည်။

'အရှင်မင်းကြီး၊ ထိုထိုခိုး ဒမြတို့ နိုင်ငံတော်တွင်း တရားဥပဒေ စိုးမိုး အား၊ ဖမ်းဆီးထောင်သွင်း၊ သတ်ဖြတ် ခြင်းဖြင့် နိုင်ငံအေးချမ်းမည်မဟုတ်၊ အ ခြား အခြားသော ခိုးသူ၊ ဒမြတို့ ထ ကြ လိမ့်မည်။

'နိုင်ငံသာယာဝပြောရန် နည်းလမ်း မှန်ကား လယ်ယာ စိုက်ပျိုး သူတို့အား မျိုးရိက္ခာ၊ ရောင်းဝယ် ဖောက်ကား သူ တို့အား အရင်းအနှီး၊ မင်းမှုထမ်းတို့ အား သင့်တော်သော လစာရိက္ခာ— ထောက်ပံ့ ပေးကမ်းခြင်း ဖြစ်ပါသည်။ ထိုနည်းလမ်းကို လိုက်နာငြားအံ့၊ ပြည် သူတို့သည် ကောင်းသော အသက်မွေး ခြင်းကို အားထုတ် ကြသဖြင့် လုယက် ဖျက်စီးခြင်း ပြုဖွယ်မရှိပါ။ အေးချမ်းစွာ သွားလာလုပ်ကိုင်ကြ၍ ညအခါ တံခါး မပိတ် ချမ်းသာစွာ အိပ်စက်ကြရပါ လိမ့်မည်။ နိုင်ငံတော် သာယာဝပြော၍ အခွန်အတုတ် ဥစ္စာဘဏ္ဍာ တိုးပွားပါ လိမ့်မည်။'

ရေးကို တဘက်တွင် ထန်းသမီးယင်း ပြည်သူတို့ စားဝတ်နေရေး ချောင်လည် အောင်၊ လုံခြုံချမ်းမြေ့စွာ ကောင်း သော အသက်မွေး ဝမ်းကျောင်းမှု ပြု နိုင်ကြလေအောင် လုပ်ဆောင်ပေးခြင်း သည် နိုင်ငံတော်အဖို့ အဓိကကျသော ကိစ္စများဟူ၍ ဥက္ကဋ္ဌကြီး ဦးနေဝင်းက လည်း တသမတ်တည်း ခံယူကျင့်သုံး လမ်းညွှန်ခဲ့ခြင်းသည် ကူဋဒန္တသုတ်လာ လမ်းညွှန်ချက်တို့နှင့် ကိုက်ညီလှပေသည်။

သုံးလေးနှစ်တစ်ကြိမ်လို မင်းကွန်းသို့ မိသားစုရောက်ခဲ့ကြရာ တခါတွင် ဓမ္မ နာဒကျောင်းတိုက်၌ပင် တိပိဋက ဆရာ တော်ဘုရားက 'အက္ကောစဓန ဇာတ် ကောခံ' အစချီသော ဓမ္မပဒလာ ဂါထာ ကို ဟောကြား ဆုံးမသည်ကို အထူး မှတ်သားခဲ့ရပါသည်။

'ဒေါသအမျက် သူက ထွက်သည်ကို အမျက်မထား မေတ္တာပွားသဖြင့် အောင်

မင်းကွန်း ဆရာတော်ကြီး နှစ်ပါးသည် ဥက္ကဋ္ဌ ဦးနေဝင်းအား မပြတ် မေတ္တာပို့သကြသည်။ ဆရာတော်များထံ ရောက်သွားလျှင်လည်း ဆီးကြို၍ ဥက္ကဋ္ဌကြီး ကျန်းမာရဲ့လား မေးမြန်းကြသည်။ တိပိဋကဓရ ဆရာတော်အဖို့မူ ၁၉၅၃-ခုနှစ်ခန့်မှပင် စတင်၍ ဗုဒ္ဓသာသနာတော်ကို လေးစားကိုင်းရှိုင်းကြောင်း သတိမူခဲ့ရပုံကို 'မြန်မာ့ နိုင်ငံရေး ခရီးနှင့် ဗုဒ္ဓသာသနာ့ဝန်ထမ်းနေဝင်း' စာအုပ်တွင် ဆရာတော် မိန့်ဆိုသည့်အတိုင်း ကျွန်တော် ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။

'ဘုန်းကြီးတို့ ဆဋ္ဌသင်္ဂါယနာတင်မှာ ပါဝင်ကြတုန်းက တစ်နေ့မဲ့မှာ ကမ္ဘာအေးစေတီဘက်မှ ရွှေတိဂုံဘုရားသို့ ကားတန်းရှည်ကြီးနဲ့ ထွက်လာကြတယ်။ ဗုဒ္ဓသာသနာတော်ကို ဘုန်းကြီးကြီးကြပ်ရေးဌာနမှ ဦးနေဝင်းကားက နောက်က မောင်းလာတာကို ဘုန်းကြီးက ကားရဲ့ နောက်ကြည့်မှန်မှာ မြင်ရတယ်။ ဘုန်းကြီးတို့ကားတန်းရှည်ကြီးက ခပ်နှေးနှေး တရွေ့ရွေ့ သွားနေကြတာ ဗုဒ္ဓသာသနာ့ဝန်ထမ်းနေဝင်းက ရာ၏။ အမှုကြမ်းကြုတ် လူသူယုတ်ကို သူတော်နှလုံး ကိုယ်ကသုံးသဖြင့် အောင်နိုင်၏။ ကိုယ်လည်းမလှူ သူကိုလည်း ဟန့်တားကြမ်းတမ်းသော မစ္ဆရိယသမား၏ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်စကား မုသားပြောသူကို အမှန်စကား ကိုယ်ကပြောကြားသဖြင့် အောင်နိုင်ရာ၏။'

ဘုန်းကြီးကိုယ်တိုင် ဓမ္မပဒလာဂါထာတော်နှင့်အညီ နေထိုင် ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထား၊ ပြစ်တင်စကားပြောသော သံဃာအချင်းချင်းကိုပင် မိမိက ဦးအောင် သွားရောက် ကန်တော့တောင်းပန်ခဲ့သဖြင့် ရန်ပြေငြိမ်းကာ မိတ်ကောင်း ဖြစ်စေခဲ့သည်။ ဤသည်းခံခြင်းတရား၊ မေတ္တာတရားတို့ကို ဒကာတို့ကောင်းစွာ မှတ်သား၍ မမေ့မလျော့ ပွားများကြလေလော့-ဟု ဆရာတော်က မှာကြားခဲ့ပါသည်။

မှာကြား ဆုံးမ ခဲ့သည်တို့ကို တတ်အားသရွေ့ သတိရ ဆင်ခြင် လိုက်နာခဲ့သဖြင့် အရေးကိစ္စကြုံရလျှင် စိတ်အေးချမ်းသာ စွာ ရင်ဆိုင်နိုင် ခဲ့ပါသည်။ အနည်းဆုံး သက်သာရာ ရခဲ့ပါသည်။ ဘေးရန်တို့မှ လွတ်မြောက် ခဲ့ရပါသည်။ မပြတ် ပြည့်ပြည့်ဝဝ လိုက်နာနိုင်သဖြင့် ရင့်ကျက်သောစိတ် ရရှိလာပါလျှင် မည်မျှ ဒုက္ခဘေးလေမည်နည်း ဟူသော အသိစိတ်ဓာတ်လည်း လေ့ကျင့်နေရပါသည်။

\+ + +

ကားက ကျော်တက်သွားမယ်ဆိုယင်လဲ သွားဖို့ပဲ၊ ဒါပေမယ့် ဗိုလ်ချုပ်ဟာ စိတ်အေးအေး ရှည်ရှည်နဲ့ နောက်ကတဖြည်းဖြည်းပဲ လိုက်လာတယ်၊ ရွှေတိဂုံဘုရားကို ဘုန်းကြီးတို့ ကားတန်းကြီး ချိုးဝင်မှ ဗိုလ်ချုပ်ကားဟာ ဆက်ပြီး မောင်းသွားတော့တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးဟာ ဗုဒ္ဓသာသနာကို မလေးစား မကိုင်းရှိုင်းဘူး လို့ပြောယင် မှန်နိုင်ပါ့မလား။'

သာသနာတော် သန့်ရှင်းတည် တံပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်ပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာပြီးမြောက်ပြီးနောက် ကမ္ဘာအေး ကုန်းမြေသို့ ကျွန်တော် သွားရောက်ကာ မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ကြီးအား ကန်တော့သည်။ ဆရာတော်ကြီး သည် အထူးဝမ်းမြောက်နေလေသည်။ သမ္မတကြီး ဦးနေဝင်းအား လည်း ချီးကျူးမကုန် ဖြစ်လေသည်။

'တကယ့် ဘုန်းရှင် ကံရှင်ကြီးပဲ၊ တို့များ ဂိုဏ်ပေါင်းစုံ သံဃာတွေဆိုတာ အတူတွေ့ဆုံ စည်းဝေးနိုင်ခဲ့ကြတာ မဟုတ်ဘူး၊ ဂိုဏ်းဂဏ အစွဲအလမ်းက အကြီး သား က လား၊ သ မ္မ တ ကြီး ဦးနေဝင်း လက်ထက်ကျမှပဲ အခုလို စည်းဝေးကြပြီး ညီညွတ်တဲ့ အဖွဲ့အစည်းဖွဲ့စည်းနိုင်ကြတာ၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆက်လက်ပြီး ဆောင်ရွက်ကြဖို့ စီစဉ်နိုင်ကြတာ၊ အရာရာမှာ ဓမ္မစက်၊အာဏာစက်၊ နှစ်ဘက်တွဲမှ အောင် မြင်တယ် ဂွယ်၊ သမ္မတကြီးရဲ့ မေတ္တာစေတနာနဲ့ ဘုန်းကံကိုတော့ တို့ ချီး ကျူး သာမုခေါ်လို့ မဆုံးကြဘူး၊ သူ အသက်ရှည်ပြီး နိုင်ငံကို ဦးဆောင်နိုင်ဖို့ကို တို့ အမြဲ ဆုတောင်း မေတ္တာ ပို့ကြရတယ်။'

ဓမ္မစက်နှင့် အာဏာစက် သူ့စည်းကိုယ်စည်း စောင့်ရသည့်အခါ စောင့်ရသည်။ အတူ ပူးပေါင်း၍ လုပ်ဆောင်ကြမှ အောင်မြင်သည့် အရာများလည်း ရှိသည်။ ထိုအချက်ကို ဆရာတော်ကြီး နှစ်ပါးသည် ကြုံသလို ဆုံသလို ဟောကြားညွှန်ပြကြသည်။ ကိုယ်တိုင်ခံယူ ကျင့်သုံးကြသည်။

\+ \+ \+

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသသည် မဂ္ဂင်ဆရာတော်ကြီးနှင့် အတူပူးတွဲ၍ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုး တလျှောက် စိပြည်သာယာရေး၊ တောင်ရိုးတွင် မွေ့လျော်ကြသော ရဟန်းသံဃာ၊ သီလရှင်၊ ယောဂီတို့အတွက် ဆွမ်းဆန် လုံလောက်ရေး၊ ချောင်များသို့ ရေ၊ လျှပ်စစ်မီး ရောက်ရှိရေး၊ မင်းကွန်း ဒေါ်ဦးစွန်း ဘိုးဘွား

ရိပ်သာအတွက် အရာရာ ပြည့်စုံရေး စသည်တို့အတွက် ကြိုးပမ်းခဲ့သည့်အပြင် မင်းကွန်းဌဲ့ ဆေးရုံ၊ စာသင်ကျောင်း၊ စသည်တို့ကို ဖြစ်မြောက်စေခဲ့သည်။ မိမိ အား ကြည်ညိုလေးစား၍ လှူရန် လာ ကြသူတို့၏ စေတနာကို ထိုထိုသော အမျှားအကျိုးပြု လုပ်ငန်းများသို့ ညွှတ် စေသည်။ အလှူငွေပိုင်ငွေလျှံများကို ငွေစုဘဏ်တွင် အပ်နှံကာ ဂေါပကအဖွဲ့နှင့် အုပ်ချုပ်စေ၍ နှစ်စဉ် အတိုးအမြတ်ကို ဆေးရုံ အတွက် ဆေးဝါး၊ စာသင် ကျောင်းအတွက် လိုအပ်ရာတို့အဖို့ စနစ် တကျ သုံးစေခဲ့သည်။ ငွေပင်စိုက်၍ ငွေ သီးငွေပွင့်များကို ဝေငှစားသုံးကြခြင်း ဖြစ်လေသည်။

\+ \+ \+

ပညာသဒ္ဓါဝီရိယ စသည့် အာဇာနည် ပုဂ္ဂိုလ်ထူးတို့၏ ဂုဏ်ဆူး သတ္တိ အရာရာ တဲ့ဝှဲ့ အခြေခြေလောက်သော ဟူးခြားသော ပုဂ္ဂိုလ်သူမြတ် တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တာ သာရာဘိဝံသ၏ ပြောင်မြောက် သော လုပ်ဆောင်ချက်တို့တွင် မင်းကွန်း မိုးမိတ် စေတီတော်တဝိုက်၌ အခြေစိုက် တည်ထောင်လျက်ရှိသော နိကာယ သာသနာပြု လုပ်ငန်းသည် အဓိက ကျလှသည်ဟု အနာဂတ်က မှတ်ချက်ပြုမည် ထင်ပါသည်။

ဆရာတော် ဦးဆောင်သော ဂေါပက အဖွဲ့သည် နိုင်ငံအရပ်ရပ်မှ နိကာယ် စာ မေးပွဲ၊ တိပိဋကဓရ စာမေးပွဲတို့ကို ဖြေ ဆိုလိုကြသော သံဃာတို့ကို ပင့်ဆောင်၍ မိုးမိတ်စခန်း ကျောင်းများတွင် အေး ချမ်းပြည့်စုံစွာ သီတင်းသုံးကြယင်း ပရိ ယတ္တိစာပေ လေ့လာ ကျက် မှတ် ကြစေ သည်။ သပ္ပာယ ဘောဇဉ်-ဆွမ်း၊ အဖျော် ယမကာ၊ ဆေးပစ္စည်း စသည် အတွက် ကြောင့်ကြစရာ မလို၊ ပြည့်စုံလှသည်ကို ကျွန်တော်တို့ မိသား စုနှင့် မိတ်ဆွေများ ဝမ်းမြောက် ဝမ်းသာ တွေ့ခဲ့ကြသည်။ ဆရာတော်ကိုယ်တိုင် ဘွဲ့တော် အဆူဆူ အတွက် နိုင်ငံတော်က ကပ်လှူသော လစာ၊ ဆွမ်း ဆန် တော် စရိတ်တို့ကို နိကာယ်ငါးရပ်၊ ပိဋကတ် သာသနာ တော်အတွက် လှူဒါန်း၍ မဲ့တည် ခဲ့သည်။ လုပ်ငန်းကို လည်းကောင်း၊ ဆရာ တော်ကိုလည်းကောင်း ကြည်ညိုအား ရကြသဖြင့် အရပ်ရပ်မှ အလှူငွေ ဝတ္ထု ပစ္စည်းများ တဖွဲဖွဲ ရောက်ရှိ လာကာ ယခုအခါ မိုးမိတ်စေတီတော်တဝိုက်တွင် နေရာမလပ် ကျောင်းကြီး ကျောင်းငယ် များဖြင့် ပြည့်လျက် ရှိလေပြီ။ နွေအခါ ရောဝတီမြစ်ရေ ဆတ်သဖြင့် ရေ အထူး ရှားလျှင် အသုံးပြုဖို့ တောင်ကျရေ ခံ ယူ၍ကန်ကြီးတူး၊ ရေးစုပ်စက်များ တပ် ဆင်နေသည်မှာလည်း ပြီးလုပြီ ဖြစ်နေ သည်ကို တွေ့ခဲ့ရသည်။

စာမေးပွဲများအတွက် ကျက်မှတ် ပြင် ဆင်နေကြသော ရဟန်းများနှင့် တကွ ကျောင်းများတွင် သီတင်းသုံးကြသော သံဃာတော်တို့အတွက်လည်း ဆွမ်းအလှူ

ရှင် နေ့စဉ် အပြည့်ရှိနေသည်။ ရပ်ဝေး ရပ်နီးမှ သဒ္ဓါကြည်ညိုသူတို့ ဆွမ်းရက် ကြို၍ ယူကြသည့်အထဲတွင် အစ်မဖြစ်သူ ဒေါသန်းသန်းသည်လည်း တစ်ယောက် ဖြစ်၍ သူ့မှာ နှစ်စဉ် ဆွမ်းရက်ရသဖြင့် ပျော်၍ မော်၍ နေလေသည်။ ကျွန်တော်တို့ မိုးမိတ် ရောက်သည့်နေ့က ဆွမ်းဒကာမှာ မန္တလေးမြို့ ဆိုက်ကားဆရာတစ်ဦး နှင့် သူ့ဇနီး ဖြစ်ကြသည်။ ၁-နှစ်လုံး စုဆောင်း၍ ရရှိသော ပိုင်ငွေဖြင့် လာရောက်၍ ဝမ်၊မြောက်စွာ ဆွမ်း ကပ်လှူခြင်း ဖြစ်လေသည်။

မိမိကဲ့သို့ ပညာအရာ ထူးချွန်စေလိုသည်။ မိမိကဲ့သို့ သာသနာတော်ဝန်ကို ထမ်း၍ သာသနာတော် ပြန့်ပွားရေးကို အကျိုးဆောင်စေလိုသည် ဟူသော ကြီးမားသော မေတ္တာစေတနာဖြင့် သာသနာ့ အာဇာနည် အလျာတို့ကို ပို့ဆောင်လျက်ရှိသော မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသအား မိုးမိတ်စေတီ ရင်ပြင်တော်ပေါ်မှ နေ၍ ကျွန်တော်တို့ မိသားစု ကြည်ညိုလေးစားစွာ စိတ်ဖြင့် မျှော်မှန်းလျက် ကန်တော့ခဲ့ကြပါသတည်း။ ။

ဒေါက်တာ မောင်မောင်

ကျွန်တော်နှင့်

ဆရာတော်ကြီးနှစ်ပါး

ဦးလှမောင်

ဒုတိယအကြိမ်

ဧည့်ကြိုးရေးမူးချုပ်

သာသနာရေး

ဦးစီးဌာန

၁၉၆၅-ခုနှစ်က ဖြစ်သည်။ တိုဝင်ဒုက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသနှင့် တွေ့သည်။ (ယခု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသဖြစ်သည်။) စကား စပ်မိကြသဖြင့် သာသနာတော် တည်တံ သန့်ရှင်းပြန့်ပွားသည့် ကိစ္စအကြောင်းကို လျှောက်ထားသည်။ ဆရာတော်က ဤကိစ္စနှင့် စပ်လျဉ်း၍ သံဃာ လေးမျိုး ဆောင်ရွက်မှသာ အောင်မြင်နိုင်သည်ဟု မိန့်ကြားသည်။ ဆရာတော်က သစ်ပင်ကို ဥပမာတင်၍ ပြောသည်။ အကိုင်းအခက် အညွှန့်အရွက်များ ဝေဝေဖြာဖြာ စိမ်း လန်းစည်ကားနေသော သစ်ပင်တစ်ပင် ကို ကြည့်လျှင် အောက်ပါလေးခုကို တွေ့ နိုင်သည်ဟု မိန့်ကြားသည်....

၁။ ပင်စည်ကြီးကို ဖုံးလွှမ်းထား သည့် အပွေး၊

၂။ ထိုအပွေး၏ အတွင်းကရှိသော အခွံအခေါက်၊

၃။ ထိုအခွံအခေါက်၏ အတွင်းက ရှိသော အကာအသား၊

၄။ ထိုအကာအသား၏ အတွင်းက ရှိသော အနှစ်အသား။

၁။ ။အပွေးသည် သစ်ပင်ကြီးကို လေဒဏ်, မိုးဒဏ်, ရာသီဒဏ်တို့မှ ကာ ကွယ်ထားသည်။ သစ်ပင်၏ အပွေးမှာ အလွန်ဆုံး ထင်း အဖြစ် လောက်သာ အသုံးဝင်သည်။ သို့သော် သစ်ပင်ကြီး ဝေဝေဆာဆာ အကိုင်းအခက် အညွှန့်

အဖူးများ ဝေဖြာနေအောင် ထောက်ပံ့ သည့်ကိစ္စကို ဆောင်ရွက်နေသည်မှာ ထင်ရှား သည်။ (ထို့အတူပင် သီလ အကျင့်သည် သာသနာ သစ်ပင်ကြီး၏ အပွေးသဖွယ် ဖြစ်သည်။သီလကို အလေးထား၍ ကျင့်သောအရှင်သည် သာသနာ သစ်ပင်ကြီး စည်ပင်အောင် အပွေးပိုင်း အနေဖြင့် ကျေးဇူးပြုလျက် ရှိသည်။)

၂။ ။အခွံ အခေါက် မှာ အကာ အသားနှင့် ကပ်နေပြီးလျှင် ထို အကာသား ရင့်ကျက်စေရန် အထောက်အကူ ပြုသည်။ အခွံ အခေါက်သည် လူသုံး ပစ္စည်းအဖြစ်ဖြင့် များစွာ အသုံးမဝင် သော်လည်း အကာသားကို တိုးတက် ရင့်ကျက်စေသည့် သတ္တိထူးရှိသည်။ (ထို့ အတူပင် သမာဓိအကျင့်သည် သာသနာ သစ်ပင်ကြီး၏ အခွံ အခေါက်သဖွယ် ဖြစ်သည်။ သမာဓိကို အလေးထား၍ ကျင့်သော အရှင်သည် သာသနာ့သစ်ပင်ကြီး၏ ဝိပဿနာပညာ အကာအသား ကြီးထွားအောင် အခွံ အခေါက်ပိုင်း အနေဖြင့် ကျေးဇူးပြုလျက် ရှိသည်။)

၃။ ။သစ်ပင်ကြီး၏ အကာသား ကား လူတို့ကိစ္စ အဝဝအတွက် အလွန် အသုံးဝင်ပေသည်။ အိမ်၊ကျောင်း၊ဇရပ် စသော အဆောက်အအုံများ၊ သေတ္တာ စား ပွဲ ကုလား ထိုင် စသော အသုံး အဆောင် ပရိဘောဂများ၊ လှည်း လှေ သင်္ဘော မီးရထား လေယာဉ် စသည်တို့ ၌ အသုံးပစ္စည်းများအဖြစ် အသုံး တွင် ကျယ်သည်။ သစ်ပင်ကြီး၏ အကာသား ကောင်းသလောက် အနှစ်သား အားရှိ ပြီး သစ်ပင်ကြီး စည်ပင်ပြန့်ပွား၍ သစ် တစ်ပင်ကောင်း ငှက်တစ်သောင်း နား ရသည်။ (ထို့အတူပင် ဝိပဿနာပညာ အသိဉာဏ် ပညာများသည် သာသနာ သစ်ပင်ကြီး၏ အကာသားများ သဖွယ် ဖြစ်ကြသည်။ ထိုပညာနှစ်ပါး အကာ သားတို့က လောကုတ္တရာ မဂ်-ဖိုလ်-နိဗ္ဗာန်တည်းဟူသော သာသနာ့ အနှစ် တရား ကြီးထွား အောင် ကျေးဇူးပြု သည်။)

၄။ ။သစ်ပင်ကြီး၏အနှစ်မှာ အလွန် ခိုင်မာသည်။ တာရှည် တည်တံ့စေလို သည့် အရာဟူသမျှတို့၌ အလွန် အသုံးဝင် သည်။ စေတီပုထိုးတို့၏ အထွတ်အထိပ် ထီးတင်သည့်အခါ ပိန္နဲတိုင်အဖြစ် အရာ ရောက်သည်။ (ထို့အတူပင် မဂ်-ဖိုလ်-နိဗ္ဗာန် လောကုတ္တရာ တရားကိုးပါးတို့ သည် သာသနာ သစ်ပင်ကြီး၏ အနှစ် သားသဖွယ် ဖြစ်ကြသည်။ မဂ်-ဖိုလ်သို့ ရောက်၍ နိဗ္ဗာန်ကို အာရုံပစ္စက္ခ မျက် မှောက် ပြုလိုက်ရလျှင် သာသနာ့ကိစ္စ အစဉ်အတိုင်း ပြီးဆုံးအောင် မြောက် လေသည်။)

အထက်ပါ ဖော်ပြပါအတိုင်း သာ သနာ တည်တံ့သန့်ရှင်း ပြန့်ပွားသည့် ကိစ္စနှင့်စပ်လျဉ်း၍ တိပိဋကရေ ဆရာ တော်က သစ်ပင်ကို ဥပမာဆောင်၍ မိန့် မြွက်ကြားသည်။

ဒုတိယဆရာတော်

၁၉၆၅ - ခုနှစ်ကပင် ဖြစ်သည်။ မန္တလေးမြို့ ဒကွိဏာရာမ ဘုရားကြီးကို မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီဆရာတော်ကိုဖူးတွေ့ရသည်။ သာသနာတော် တည်တံ့သန့်ရှင်း ပြန့်ပွားရေးကိစ္စနှင့် စပ်လျဉ်း၍ပင် ဆရာတော်အား လျှောက်ထားရာ ဆရာတော်ကြီးက အောက်ပါ အတိုင်း မိန့်ကြားသည်....

"ဒကာ လုမောင်ရ....သာသနာ တည်တံ့သန့်ရှင်း ပြန့်ပွားအောင် လုပ်မယ်ဆိုယင် အကြမ်းစားအား ဖြင့် သံဃာ လေးမျိုး ရှိရတယ်ကွယ့်၊ အဲဒီ လေးမျိုးက တော့....

(၁) ပရိယတ္တိ စာပေကိုချည်းသာ စူးစိုက်ပြီးတော့ လုပ်နေတဲ့သံဃာ၊ အဲဒါက တစ်မျိုး၊ ဥပမာဆိုပါတော့ ဒီဘုရားကြီးတိုက်ထဲက စာချ မဟာနာယက ဆရာတော် ဦးနာရဒတို့လို သံဃာမျိုးပေါ့၊ ဒီဆရာတော်ဟာ တိုင်းပြည်ကိစ္စမြို့ရွာကိစ္စ ဒါယကာ - ဒါယိကာမကိစ္စ နောက်ဆုံး ပြောရမယ်ဆိုယင် ကျောင်း, တိုက်တာ ကိစ္စတွေကိုတောင် ဘာမှ ဂရုပစိုက်ဘူး၊ သိအောင်လည်း အားမထုတ်ဘူး၊ အလှူအတန်း ဘုန်းကြီးပံ့ အသုဘစတဲ့ သာ ရေး နာ ရေး တွေကိုလည်း မသွားဘူး၊ ပင့်ယင်တောင်မှ သူ့စာဝါ ပျက်မှာဆိုယင် စာကြည့်တယ်၊ စာဖတ်တယ်၊ စာချတယ်၊ ဒါကလွဲယင် ဘာမှ မလုပ်ဘူး၊ အဲဒီလို ပရိယတ္တိစာပေထဲမှာ နစ်မြုပ်ပြီးနေတဲ့ ဆရာတော်မျိုးလဲ လို တယ်၊ ဒီလိုပုဂ္ဂိုလ်မျိုး ရှိမှလည်း သာသနာ တည်တံ့သန့်ရှင်း ပြန့်ပွားနိုင်တယ်။ ဒီလို ပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓမြတ်စွာဘုရားအလိုတော်ကျ ဂန္ထဓုရပုဂ္ဂိုလ်မျိုးလို့ ခေါ်တယ်။

(၂) ကမ္မဋ္ဌာန်းတရားချည်း အားထုတ်နေတဲ့ ဝေဘူ ဆရာတော်မျိုးလည်းလိုဘယ်၊ ဝေဘူ ဆရာတော်ဟာလည်း လောကီ ကိစ္စမှန်သမျှကို ဘာမှဂရုမစိုက်ဘူး၊ ကမ္မဋ္ဌာန်း ဘာဝနာတရားနဲ့ပဲ မွေ့လျော်နေတဲ့ သူတော် သူမြတ်ကြီးဖြစ်တယ်၊ သူ့ဒကာ-ဒကာမတွေနဲ့တွေ့ယင်လည်း လောကီကိစ္စတွေနဲ့ စပ်လျဉ်းလို့ ဘာမှ အပိုစကား မပြောဘူး၊ သီလဆောက်တည်ခိုင်း တယ်၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်ခိုင်းတယ်၊ သင်ကြားပေးတယ်၊ အဲဒါပဲ သူလုပ်တယ်၊ ဒီလို ဆရာတော်မျိုးလည်းရှိရမယ်၊ ဒီလိုဆရာတော်မျိုးရှိမှလည်း သာသနာဟာ တည်တံ့သန့်ရှင်း ပြန့်ပွားမယ်။ ဒီဆရာတော်မျိုးကတော့ မြတ်စွာဘုရားအလိုတော်ကျ ဝိပဿနာဓုရပုဂ္ဂိုလ်လို့ခေါ်တယ်။

(၃) နောက်သံဃာတမျိုးကတော့ စာပေ ပရိယတ္တိကို မင်းတိုင်းကျလောက်ပဲ လေ့လာကြတယ်။ သံဃာများသိသင့် သိထိုက် သလောက်တော့ သိအောင် စာဝါများကိုလည်း တော်တော်လေးမှန်အောင် လိုက်ကြပါတယ်။ ပရိယတ္တိ စာမေးပွဲတွေကိုလည်းတာဝန်ကျ

လောက်ရုံတော့ ဝင်ရောက်ဖြေဆို ရှာကြ ပါတယ်။ သံဃာငယ်တွေပေါ့လေ၊ လစ်တဲ့ အချိန် ကလေးတွေမှာတော့လည်း စျေးထဲသွားလိုက်၊ ဘောလုံးပွဲသွားလိုက် ရုပ်ရှင်သွားလိုက်၊ ပွဲတွေသွားလိုက် သူတို့ကခေါင်းဆောင်ပြီးတော့ ဒကာ-ဒကာမအဖွဲ့တွေနဲ့ ဟိုမြို့ ဒီမြို့ကိုဘုရားဖူးသွားလိုက်ကြ၊ ဘယ်ဟာရယ်လို့တော့ လေးလေးနက်နက် စူးစူးစိုက်စိုက်ကြီး မရှိလှပါဘူး၊ ဒါပေမယ့် တကယ့်အရေးသံဃာများအရေး သာသနာကိစ္စအရေးဆိုယင် ဒီသံဃာလေးတွေဟာ ထက်ထက်သန်သန် လုပ်ကြတယ်၊ ဒကာလူမောင်လည်းသိမှာပေါ့၊ ရပ်ရွာထဲမှာ မီးထင်းကိစ္စများဆိုယင်လဲ သူတို့တွေပဲ ဝိုင်းဝန်းထိန်းသိမ်းပြီးတော့ မီးငြိမ်းကြတယ်၊ ကူညီကြတယ်၊ ရေအလွန်ကြီးတဲ့ နှစ်များမှာ မြို့ရိုးတာတမံကြီး လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေတဲ့အချိန်မှာလည်း သူတို့တတွေပဲ နေ့လုံးပေါက် ညလုံးပေါက် စောင့်ပြီးတော့ ဆောင်ရွက်စရာတွေကို အားတက်သရော လုပ်ကိုင်နေကြတယ်။ အဲဒါကြောင့်မို့လဲ မြို့သူမြို့သားတွေ နယ်သူနယ်သားတွေအားလုံးက ဒီသံဃာငယ်ကလေးတွေကို ကြည်ညိုနေကြတာပေါ့။ အဲဒီတော့ သာသနာတော်ကြီး တည်တံ့သန့်ရှင်း ပြန့်ပွားတဲ့ ကိစ္စမှာလည်း ဒီသံဃာမျိုးတွေဟာအလွန်လိုတယ်။

(၄) နောက်တမျိုးကတော့ တို့လို သံဃာတော်တွေပေါ့၊ တို့ကတော့ ပရိယတ္တိ စာပေကိုလဲပဲ ကိုယ်လေ့လာထားတဲ့အပိုင်းမှာ သေသေချာချာ ထိထိရောက်ရောက် ပေါက်မြောင်အောင်သင်ကြားပို့ချ ပေးတယ်။ ကျန်အပိုင်းတွေကိုတော့ ဗဟုသုတအဖြစ်နဲ့ ကြားဖူးနားဝဖြစ်အောင် စကားစပ်မိစပ်ရာ ထည့်သွင်းပြီးတော့ ပို့ချသင်ကြားပေးတယ်။ ဆရာတော် ဦးနာရဒတို့လိုတော့ တဘက်သတ် စူးစူးစိုက်စိုက်ကြီးတော့ မဟုတ်ဘူးပေါ့လေ။ ပြီးတော့ ငါတို့က နိုင်ငံရေးထဲမှာလည်း ရှေ့က မားမားမတ်မတ်ရပ်ပြီး စွာကျယ်စွာကျယ်နဲ့ ပါလိုက်တာပဲ၊ ဝိနိစ္ဆယကိစ္စတွေမှာလည်း ဦးစီးဦးကိုင်အဖြစ်နဲ့ ပါလိုက်တာပဲ၊ ငါတို့ကတော့ ဘာကိစ္စမဆို ခေါင်းဆောင်ပြီး အသံကျယ်ကျယ်နဲ့ ပြောလိုက် ဆိုလိုက် ပါဝင်ဆောင်ရွက်လိုက်ကြတာပဲ၊ ရပ်ရွာကိစ္စ မြို့ရွာကိစ္စ အချင်းဖြစ်ပွားတဲ့ ကိစ္စ

တွေ့မှာသည်း ခုံလူကြီးအဖြစ်နဲ့ ဝင်ပါလိုက်ကြတာပဲ၊ အဲဒီလို လောကီကိစ္စရော လောကုတ္တရာကိစ္စရောမှာ ဦးဆောင်ပြီး လုပ်တဲ့ သံဃာမျိုးဟာလည်း ဘာသနာတော် တည်တဲ့ သန့်ရှင်း ပြန့်ပွားရေး ကိစ္စအတွက် အလွန်လိုအပ်တယ်။

အဲဒီလိုအကြမ်းအားဖြင့် သံဃာလေးမျိုးရှိပါမှ ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ သန့်ရှင်း ပြန့်ပွားမှာဖြစ်တယ်'ဟု ဟံသာဝတီ ဆရာတော် ဘုရားကြီးက မိန့်မြွက်ကြားပါသည်။

အထက်ပါ ဆရာတော် ဘုရားကြီး နှစ်ပါး မိန့်ကြားချက်များထို ကျွန်တော်သည် တစိမ့်စိမ့်တွေးပြီး သံဃာတော်အားလုံးကို ကြည်ညိုနေမိပါသည်။ ဆရာတော်ကြီး များ၏ မိန့် ကြား ချက် ကို အကျယ်ချ၍ ရေးသားရလျှင် ကျမ်းစာတစ်စောင်ပင် ဖြစ်နိုင်ပါသည်။

ဆရာတော်ကြီးများ၏ မိန့်ကြားချက်များကို သာသနာ၌ ကြည်ညိုသူများအတွက် သာသနာ့ခေါင်းဆောင်ဖြစ်ကြသော သံဃာတော်အရှင်မြတ်တို့ကို ပို၍ပို၍ ကြည်ညို လေးစားနိုင်ရန် တင်ပြလိုက်ပါသည်။ ။



ဦးလှမောင်

ခ၆-နယူးလင်းလမ်း၊ ရန်ကုန်မြို့

ဗုဒ္ဓဝင်ဇာတ်လမ်းများမှ ရိုးကြားမုဒ်တင်ဇနီး

ဝန်း ရှမ်းရွာ ဝေဘာကြီး လေးဝင်း ကျော်

(က)

ကမ္ဘာ ပေါ် တွင်၊ တုမမြင် သည့်၊ အရှင် ဝိစိတ္တာ သာရ၊ မြတ်ထေရကား၊ ပရိယတ္တိ သာသနဟိတ၊ ဓမ္မာစရိယ ဝဠံသကာ၊ အဋ္ဌကထာပြန်အကျော်၊ ပဌမကျော်နှင့်၊ နိုင်ငံတော်အစိုးရ သာသနဓဇ သီရိပဝရ ဓမ္မာစရိုယ၊ ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ၊ မဟာ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ မဟာဓမ္မကထိက၊ သံဃဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဂုဏ် ပေါင်း ခဏျက်၊ ဇီဝအသက်၊ သာသနာတွက်ဟု၊ နားရက်မချန်၊ လွန်ထက်သန်စွာ၊ မြန်မာပြည်လုံး၊ ထက်အောက် ဆုံးအောင်၊ ပတ်ကုံးဒေသစာ၊ ကြွချိုလာလျှင်၊ဒေသနာ စည်ကြီး၊ ရိုက်ဆော်တီးသည်.....အံ့ချီးဖွယ်ရာပါ ဘုရား။

ဤကား မင်းကွန်း ဓမ္မနာဒဲ့ကျောင်းတိုက် ကျေးဇူးရှင် ဆရာတော်ဘုရား၏ ဂုဏ်ဆူး ဝိသေသ တို့ကို အကျဉ်းရုံး၍ ဆရာ 'ရဝေထွန်း' စီးကုံးပူဇော်အပ်သော မော်ကွန်းတင် လင်္ကာတစ်ပိုဒ် ပေတည်း။ အဖြတ်အတောက်မှန်မှန် ဌာန်ကရိဏ်း ကျကျ ရွတ်ဖတ် ပါလျှင် သုတိသာယာလှပါ၏။

ထိုလင်္ကာကို ကျွန်တော်သည် အမှတ်တရ အမြတ်တနိုး အရကျက်မှတ်၍ ဆရာတော်ကို အာရုံပြု ကြည်ညိုလေ့ ရှိပါသည်။ ဆရာတော်၏ ပကတိ ရုပ်သွင်တော်ကိုမူ ယနေ့တိုင် ဖူးမြင်ခွင့် မကြုံသေးပါ။ ဖူးမြင်လိုသည့် စိတ်ဆန္ဒကား ဆဋ္ဌသင်္ဂါယနာ တင်ချိန်ကပင် စတင်ဖြစ်ပေါ် ခဲ့ပါသည်။

ကျွန်တော်သည် ဆရာတော်၏ ထေရုပ္ပတ္တိကို သိတန်သမျှ သိထားပါသည်။ ထေရုပ္ပတ္တိ အကျဉ်းအကျယ် ဆရာတော်နှင့်စပ်သမျှ အကြောင်းအရာတို့ကို ဟိုမှသည်မှ ဖတ်ရှု သိရှိခွင့် ရခဲ့ပါသည်။

ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အသီးသီးတို့က ဆရာတော်၏ ဂုဏ်ပုဒ်တို့ကို ချီးကျူးကြပူဇော်ကြသည့် သာရကာဇယကထာ၊ ထေရပူဇာ၊ မနောဟရာ ထောမနာစသည့် စာတမ်းအမျိုးမျိုး ရေပန်နာမ်မမှ၊ သန်ဒါရဘို့၊ကိုယ်ကျင့်ပုံ၊ဖြစ်လိုတုံလည်း' စသော ယပ်တောင်ပေါ်မှ သံဝေဂလက်ာ အတို ကလေးမျိုးမှအစ 'ကြားလော့ရှင်လူ'ခြို့ သာသနရိပ်သာ မော်ကွန်း သံပိုင်းကဲ့သို့ စာမျိုး၊ 'ဇေန္တပုရောပဝိတပုတ္တထေရ' 'မဟာရာဟုလော၀ါဒသုတ္တန်' 'ဝိဇယသုတ္တန်' ကဲ့သို့ မြန်မာပြန်ကျမ်းများနှင့် တကွ မဟာဗုဒ္ဓဝင်ကျမ်းကြီးအထိ ဆရာတော်၏ စာပေလက်ရာများကလည်း လက်လှမ်း မီသလောက် ဖတ်ရှုပြီး ဖတ်ရှုဆဲ ဖြစ်ပါသည်။

ဆရာတော်၏ ရုပ်သွင်တော်ကိုလည်း နှုတ်ဖျားစဉ်မှစ၍ ဇာရာရိပ် ထင်လာသည် အဘဲ ပန်းချီ၊ ဓာတ်ပုံ၊ ဆေးရေး၊ ပုံနှိပ် အမျိုးမျိုးတို့ကို တွေ့ဖန် မြင်ဖန်များခဲ့ပါပြီ။ 'ဆရာတော်၏ အသံတော်ကိုလည်း ဆဋ္ဌသံဂီတိဝိဿဇ္ဇက အဖြုပုဂ္ဂိုလ် အဖြစ် လေလှိုင်းများမှတဆင့် ကြားနာခဲ့ရဖူးသည်မှအစ ကက်ဆက် တိပ်ခွေတို့မှ ထုတ်ပေါ်လာသည့် အသံတော်များအထိ မကြာခဏ နာကြားခဲ့ရသဖြင့် ကောင်းစွာကျက်မှတ် မိနေပါပြီ။

ဆရာတော်သည် လက်ရေးဖြင့် ရေးခဲ့ပြီး လက်နှိပ်စက်ဖြင့်သာ စာရေးလေ့ရှိရာ တွေ့ရခဲသာ ဆရာတော်၏ လက်ရေးစာလုံးကိုလည်း ကျွန်တော် တွေ့မြင်ဖူးပါသည်။ ဆရာတော် စာရေးလျှင် (စက်ရိုက်လျှင်) စာလုံးတွဲများကို (+) လက္ခဏာ ကလေးများနှင့် ပြလေ့ရှိသည်ကိုလည်း သတိပြုမိပါသည်၊ (ပုံစံ-မဂ်+ဖိုလ်+နိဗ္ဗာန်)၊ (=)ညီမျှခြင်းလက္ခဏာကိုလည်း အသုံးပြုလေ့ ရှိပါသည်၊ (ပုံစံ-တိပိဋကဓ = နိကာယ)၊ ရက်စွဲရေးထိုးရာတွင်လည်း အင်္ဂလိပ် ရက်စွဲထိုးနည်းအစဉ်အတိုင်း မြန်မာရက်စွဲ ထိုးတတ်ပါသည်၊(ပုံစံ-၉/၁၁/၃၅)။

သို့ကလို ကျွန်တော်၏ စိတ်အာရုံတွင် ဆရာတော်သည် အစဉ်ငြိတွယ် ထိတွေ့လှုက်ရှိသော်လည်း ဆရာတော်ကိုယနေ့တိုင် မဖူးမြင်ရဖူးသေးပါ၊ ဆရာတော်၏ပကတိ အသံတော်ကိုလည်း တိုက်ရိုက် ဆတ်ဆတ် မကြားရဖူးသေးပါ။

ကံမွဲလှချေ၏။

(၁)

'အမောင် နှံဖျင်း လှသည်တကား၊ အမောင်သည် ထိုအခွင့်အရေးတို့ကို ဤမျှ နှစ်လရှည်ကြာ လက်လွတ်ခံလာခဲ့ခြင်းမှာ အမောင်သည် မသွားနှိုင် မလာနိုင် မလှုပ်ရှား နိုင်လောက်အောင် ပဇာသို့သော အနာရောဂါ စွဲကပ်နေ၍ ပါနည်း၊ တချိန်လုံး အမောင်ဘယ် ချောင်မှာ ကပ်နေဘိ သနည်း၊ ဆရာတော်သည် အနယ်နယ် အရပ်ရပ်သို့ ဒေသစာရီလှည့်လက်ကာ တရားစည်ကြီး ဆော်တီးရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက် ရှိသည်မှာ ဆဋ္ဌသင်္ဂါယနာ

တင်ပြီးချိန်မှစ၍ ယနေ့အထိ အကြိမ်ပေါင်း ရှစ်ထောင်ကျော်ပြီကို သင် တရုံတဆစ်မျှ မကြုံကြိုက် ခဲ့ပါသလော' ဤသို့သော ပုစ္ဆာမျှားကို မေးမည်ဆိုသော် မေးသင့်လှတော့သည်။

ကျွန်တော် ဖြေကြားရမည်မှာ..... ကျွန်တော်သည် အသက် ခြောက်ဆယ်အရွယ် ရောက်လုနီးပြီဖြစ်၍ ဇရာနှင့်မိတ်ဖွဲ့နေရသည့် တိုင်အောင် ဇရာ၏ အထောင်းအပုတ်ကို လှလှကြီး မခံစားရဖူးသေးပါ။ သန်တုန်းမြိန်တုန်းပါပဲ—ဟု မာန်မဝင့်နိုင်စေကာမူ သွားလိုရာ လာလိုရာသို့ သွားနိုင် လာနိုင် လှုပ်ရှားနိုင် လျက်ပင် ရှိပါသေးသည်။ ဆရာတော်ထံ မရောက်သည်မှာ မရောက်ထိုက် သေး၍ သာဖြစ်မည် ထင်ပါသည်။ သွားရောက်ရန် ကြံစည်သမျှ ၈၀တ လွဲကပ်လွဲ လွဲခဲ့ရသည်ချည်း ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ကျွန်တော်သည် ရန်ကုန်တွင် တချိန်လုံး ရှိနေခဲ့ပါသည်။ ပြည်သူ့ဝန်းထမ်းဘဝဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့သည်လည်း, ကြုံရတတ်ပါသည်။ နောက်ပိုင်း၌ ရန်ကုန်မြို့မှ လွှင့်ပါးကာ ရခိုင်, တနင်္သာရီ ဒေသများတွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင် နေခဲ့ရပြန်ပါသည်။ လွန်ခဲ့သော ၃-နှစ်ခန့်ကမှ ဆရာတော် နှင့် နီးရာ မန်းမြို့ ဒေသသို့ ရောက်လာရာ ယခုတိုင် အခြေမကျ မနှင့် ဘဝေဘဝက ရေစက်ကြောင့် မန်းတောင်ရိပ်ကိုပင် ခိုလှုံနေရပါသည်။

ပြည်သူ့ဝန်ထမ်းဘဝက ကျွတ်လွတ်ခဲ့ရပြီဖြစ်သော ကျွန်တော် အဖို့ ယခုအချိန်တွင် ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ သူတော်ကောင်းရိပ်တို့သည် အေးငြိုလှပါဘိသည်။ မန်းမြို့တွင် တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ အတွင်းရေးမှူးလည်းဖြစ်၊ ဆရာတော်၏ သာဝကတစ်ဦးလည်းဖြစ်သော 'မန်းခေတ်' ဦးလှရွှေ ကဲ့သို့ နှစ်ပေါင်း ၂၀-ကျော်က သိဟောင်းကွမ်းဟောင်း မိတ်ဆွေမျိုးနှင့် ပြန်လည် ဆုံးစည်းရသဖြင့် ဆရာတော်နှင့် ပိုမို နီးကပ်လာသည့် အခွင့်အလမ်းလည်း ရှိနေပါသည်။ ဦးလှရွှေကလည်း ၂-ကြိမ်၊ ၃-ကြိမ်မျှ မင်းကွန်းသို့ ခေါ်ဖူးပါသည်။ သူ ခေါ်ချိန်တွင် ကိုယ်က အကြောင်း မညီညွတ်၊ ကိုယ် သွားနိုင်သည့်အခါ ဆရာတော်က မင်းကွန်းမှာ မရှိ၊ ဝေးနေစဉ်က ဝေးနေသောကြောင့်၊ နီးနေပြန်တော့လည်း 'အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့်' အထူးမြောက်သည် မရှိခဲ့ပါချေ။

(၈)

၁၃၄၃-ခုနှစ် တော်သလင်းလဆန်း ၃-ရက်နေ့။

ထိုနေ့တွင် ကျွန်တော်သည် ပဲကုန်းရပ်ရှိ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ နေအိမ်သို့ ထုံးစံအတိုင်း သူ၏ စာအုပ်ပုံများကို မွှေနှောက်ရန် စောစောစီးစီး ရောက်ရှိသွားပါသည်။

ရောက်မဆိုက်....

'ကဲ အတော်ပဲ၊ ဦးညိုမြကို မင်းကွန်း လိုက်ပို့မလို့၊ ခင်ဗျားလဲ လိုက်ခဲ့ပေါ့။'

ဆရာဦးညိုမြ နှင့် လည်း ကျွမ်းဝင် ရင်းနှီးပြီးဖြစ်၍ တကြောင်း၊ မင်းကွန်း တိပိဋကဆရာတော်ကိုလည်း ဖူးတွေ့ရ တော့မည် ဟု ဝမ်းသာသွား သောကြောင့် တကြောင်း....

'ကောင်းတာပေါ့ဆရာ-၊ကျွန်တော် လဲ မင်းကွန်းသွားဖို့ကြံတာ မျှားပြီ၊တစ်ခါမှ အဆမမြောက်နိုင်ခဲ့ဘူး'ဟု မဆိုင်း မတွ အဖြေ ပေး လိုက်ပါသည်။ 'အနို့ ဆရာတော်ကော မင်း ကွန်း မှာ ရှိရဲ့လား၊ ရန်ကုန်က ပြန်ရောက်ပြီလား' ဤအမေးကိုမူ မမေးမိပါ။ ဆရာဦးညိုမြသည် ဆရာတော်နှင့်တွေ့ပြီး စာတစ်ပုဒ် ရေးရန် အဆူးတာဝန်ဖြင့် လာခြင်း ဖြစ်သည်ဟု သိသဖြင့် 'ရှိတာသေချာလို့သာ သွားတာ ဖြစ်မှာပေါ့'ဟု စိတ်တွင် မှတ်ယူပြီး မမေးမိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးယောက် ဆရာဦးမောင်မောင်တင်အိမ်မှ ထွက်လာချိန် တွင်နေပင် အတော် မြင့်နေခဲ့ပြီ။ မြစ်ဆိပ်မှ ခရီးသည်တင် မော်တော်ကလေး တစ်စင်းဖြင့် ဘောင်းလန်အောင် ပြည့်နေသော ရောဝတီ မြစ်ပြင်ကျယ်ကြီးကို ဖြတ်ကျော်၍ လာခဲ့ကြရာ မင်းကွန်းဆိပ်သို့ ဆိုက်ကပ်သည့်အခါနံနက် ၁၁-နာရီခွဲပြီဖြစ်ပါသည်။ ကျွန်တော်တို့ သုံးဦးအနက် မင်းကွန်းသို့ ဥဒဟို ရောက်တတ် သူမှာ ဆရာဦးမောင်မောင်တင်သာ ဖြစ်ပါသည်။ မန္တလေးဆိပ်မှာရော မင်းကွန်းဆိပ်မှာပါ ဆရာတင်ကို ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင် ထိုင်နေကြသူများ အပြင် မြင်မြင်သမျှ ငှက်သမား၊ လှေသမား၊ မော်တော် လုပ် သား များက မကျွန် ခရီးဦးကြို နှုတ်ခွန်း ဆက်သကြပါသည်။ ဆရာတင်ကလည်း ကလေးသူငယ်များမှအစ သွားယင်း လာယင်း နှုတ်ဆက်ရုံမျှမက ရပ်၍ပင် မကြာမကြာ စကား ပြောနေပါသေး သည်။ ဦးပဉ္စင်း ကလေးများကလည်း ဆရာ ဦးမောင်မောင်တင်ကို အဝေးကပင် လှမ်း၍ ခေါ်ပြော နှုတ်ဆက်ကြပါသည်။ဆရာဦးညိုမြကား စစ်ပြီးစက တစ်ခေါက် ရောက်ပြီးနောက် နှစ်ပေါင်း ၃၀-ကြာမှ ယခု တစ်ခေါက် မဝံးကွန်းသို့ ရောက်လာခြင်း ဖြစ်သည်။ လုံး၀ မရောက်ဖူးသူမှာ ကွန်တော်သာ ဖြစ်ပါသည်။

ရောဝတီမြစ်ပြင်ကြီးကို ဖြတ်သန်းနေစဉ် ဆရာတင်သည် နိုင်ငံသမိုင်း အကြံပေးပုဂ္ဂိုလ်ဗိမိ ခရီး တစ်လျှောက်လုံးရှိသမိုင်း၀င် နေရာဟောင်းများကို လက်ညှိုး တညွှန်ညွှန်ဖြင့် ကျွန်တော်တို့အား ရှင်းလင်း ပြောပြလာပါသည်။ အသင်ပါလာသော မှန်ပြောင်းကိုလည်း ထုတ်ပေး၍ ကြည့်ရစေပါသည်။ မော်တော်စက်ခုတ်သံကြောင့် ဆရာတင်၏ စကားများကို တခါတရံ သဲကွဲစွာ မကြားလိုက်ရသော်လည်း ကျွန်တော်သည် စိတ်ဝင်စားစွာ နားထောင်နေပါသည်။ မင်းကွန်းသည် ဘိုးတော်ခေတ်၏ ကြေးမုံပင်

ဖြစ်၍ ဆရာတင် ပြောသမျှ စကားများမှာ စိတ်ဝင်စားဖွယ် နှကောင်းပါသည်။ သို့ရာတွင် ကျွန်တော် သည် ဘိုးတော်ခေတ်၏ ကြေးမုံရိပ်သွင်များထက် လတ်တလော တိပိဋကဆရာတော်အား ကိုယ်တိုင်ကိုယ်ကြပ် ဖူးမြင်ရန်ကိုသာ စိတ်စောနေမိပါသည်။ ဘိုးတော်၏ ပုထိုးတော်ကြီးနှင့် ခေါင်းလောင်းတော်ကြီးကို တွေ့မြင်ရမည်ထက် တိပိဋကဆရာတော်၏ မိုးမိတ်ကုန်းခေါ်ရွာ မင်းတေဇကုန်းတွင် ဖွင့်လှစ်ထားသော 'တိပိဋကနိကာယ ကျောင်းတိုက်'သို့သာ ရောက်လိုသော ဇော အားကြီးနေပါသည်။ သို့နှင့် ဆရာတင်၊ ဆရာ ဦးညိုမြတို့နှင့် ပြောဆိုနေကြယင်းကပင် ကျွန်တော်၏ စိတ်တွင် ဤသို့ ကြုံးဝါးလာမိပါသည်–

'ရော-သည်တစ်ခါ ငါဟဲ့ယောက်ျား ကံကုသိုလ်ထောက်ပင့်၍ အခွင့်ဖြင့် သာချေပြီ၊ လတ်တလောမရွယ်ရည်၊ မကြံစည်ပေသမင့်၊ အခန့်သင့်ဖြစ်လာ၊ တင်-ဆရာအဖော်ညိုတာကြောင့်၊ တိပိဋကကျော်၊ ပုဂ္ဂိုလ်ခေတ်ကို၊ ဖူးမြော်ရန် ကိစ္စနှင့် ဦးညိုမြထိုဆရာ၊ ရန်ကုန်က လာသမို့၊ ခုမကြာ သုံးယောက်သား၊ မင်းကွန်းသို့ သွားကြစို့ တဲ့၊ ဟန်ပြီဟဲ့ နိပ်ကပြီ၊ သည်တချီ သေချာပေါက်၊ ဘုန်းဖျော့ထံ ရောက်ကပေါ့။'

မင်းကွန်းသို့ရောက်လျှင် ရောက်ချင်း ကျွန်တော်တို့သည် ဗုဒ္ဓဘာသာလူအိုရုံကို ဝင်ကြည့်ကြပါသည်။ ထိုတွင်မှ ဆရာတော် ရန်ကုန်မှာပင် ရှိနေသေးကြောင်း ကြားသိရပေရာ.... 'သည်တချီ သေချာပေါက်၊ ဘုန်းဖျော့ထံ ရောက်ကပေါ့' ဟု လမ်းတလျှောက်လုံး စိတ်ထဲက ကြုံးဝါးလာချက်မှာ 'ပက်လက်လန်' သွားရပါတော့သည်။

သို့သော် ဝမ်းနည်းစရာ မရှိပါ။ ဝမ်းနည်းစရာမရှိသည်ကို မကြာမီ အထင်အရှား ခံစားလာရပါသည်။ ယခင်က ကျွန်တော်သည် ဆရာတော်နှင့် စပ်သမျှ 'ရိပ်ဖမ်းသံဖမ်း'မျှသာ ကြားသိ တွေ့မြင်ခဲ့ရပါသည်။ ယခုသော် ဆရာတော်သီတင်းသုံးရာ ဗဟိုဌာနသို့ ရောက်လာပြီဖြစ်၍ ဆရာတော် ကိုယ်တိုင် ကြပ်ကြပ်မတ်မတ် စီမံ ဆောင်ရွက်နေသည့် အလုပ်များ၊ ထို့အလုပ်များမှ ပေါ်ထွက်လာသည့် အသိ အံ့ အဖူး အပွင့် အခက်အလက်များကို မျက်ဝါးထင်ထင် တွေ့မြင်ရပါပြီ။

ဆရာတော် မင်းကွန်း၌ မရှိသော်လည်း ဆရာတော်၏ သာသနာပြု အဖွဲ့ဝင် လူကြီးလူငယ်များက ကျွန်တော်တို့အား နေရာတကျ ညွှန်ခံလျက် သိလိုသမျှ ရှင်းလင်း ပြောပြကြပါသည်။ ကျေးဇူးတင်ဖွယ် ကောင်းလှပေ၏။

'တော်သလင်း တိမ် ညို၊ စဖိုသည် ဆင်းရဲ၊ မိုးမစဲ'ဟု ဆိုရိုး ရှိသော်လည်း ထိုနေ့က တစ်နေ့လုံး မိုးမရွာပါ။ ကျွန်တော်တို့ သုံးဦးသား နေပူကဲ့တဲအောက်မှာပင် အနှံ့အပြား သွားလာကြည့်ရှုခဲ့ပါသည်။ ကလေးများဆိုသည့် သီချင်း

ထဲကလို 'မောဘော့မောတာပေါ့၊ ဒါပေမယ့် မမောဘူး'ဟု ပြောရမည် ထင်ပါသည်။ အဘယ်ကြောင့်ပါနည်း။

ကျွန်တော်တို့သည် တိပိဋကနိကာယ ကုန်းမြေဝန်းကျင်တွင် ဆရာတော်၏ အစီအမံ အဆောင်အရွက်တို့ကို အားပါးတရ ကြည့်ရှုခွင့်ရပြီး ငိုတိတွေ ဝေဖြာနေ ကြသော ကြောင့် ဖြစ်ပါသည်။ တိပိဋကနိကာယ စာသင်သား သံဃာတော် တစ်ရာကျော် တို့သည် 'ငါးဖြာနိကာယ်၊ သုံးသွယ် ပိဋကတ ဓမ္မ+ဝိနယ တို့ကို နှံ့+ည မဆိတ် ကျက်၊ အံ၊ ကြံ၊ ကြည့် အချိန်ပြည့်၊ နာရီပြည့် စွမ်းစွမ်း တမံ ထက်သန်သော ဇွဲလုံ့လဖြင့်' ကြိုးပမ်း အားထုတ်နေကြသည်မှာ သာသနာတော်၏ ရှေ့ရေးအတွက် အထူးအားရဖွယ် ကောင်းလှပါသည်။ သာသနာတော်၏ အကျိုးစီးပွားကို လိုလားကြကုန်သော စေတနာရှင် သူတော်စင် အဝေပါင်းတို့၏ ကုသိုလ် ဒါန မျှားမှာလည်း ပြုပြီး ပြုဆဲမျှားပြား လှ၍ သာဓုခေါ်၍ မဆုံးနိုင်အောင် ရှိနေပါတော့သည်။ ဆရာတော်၏ ပါရမီကို ဝိုင်းဝန်းဖြည့်ဆည်း နေကြသည့် လုပ်ငန်းဌာန အသီးသီးမှ ပုဂ္ဂိုလ် ကြီးငယ် တစ်စုတို့မှာလည်း နေပူပူ မိုးရွာရွာ မည်း မည်း တဖျပ်တပါး လက်ညိုတက်ညို လုပ်ဆောင်နေကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ကျွန်တော်တို့သည် မိုးမိတ် ကုန်းမြေတွင် တနေကုန် နေပြီးမှ ညနေ ၅-နာရီ ခန့်တွင် မန္တလေးဘက်သို့ နိကာယ အဖွဲ့ပိုင် မော်တော်ကြီးဖြင့် ပြန်လာခဲ့ကြပါသည်။

ဆိုလိုရင်းကိုတင်ပြရပါသော်—

ယခုတခါနှင့်တွင်လည်း ကျွန်တော်အဖို့ ဆရာတော်ကို မဖူးမြင်ခဲ့ရပါ။

'ရကား ရ၏ မထိုက်'ဟု ဆိုရမည်လား မသိ။

ဆရာတော်ရှိရာသို့ ရောက်ခွင့် ရပါလျက် ဆရာတော် မရှိခိုက်နှင့်ကြုံ၍ လွဲခဲ့ရပြန်သည်။

သို့သော် ဝမ်းမနည်းပါ၊ ကံမဲ့သည်ဟုလည်း မဆိုလိုတော့ပါ။

ဆရာတော်၏ ပကတိ ရုပ်သွင်ကို ကိုယ်တွေ့မျက်မြင် မဖူးတွေ့ခဲ့ရစေကာမူ ဆရာတော်၏ သီလ သိက္ခာ သမာဓိနှင့် စေတနာ လုံ့လ ဝီရိယတို့မှ ပေါ်ထွက်လာသည့် အကောင်အထည်ဖြစ်တို့ကို ဆရာတော်အား ဖူးတွေ့ရသည်နှင့် မခြားအထင် အရှား တွေ့မြင် ကြည်ညိုခဲ့ရပြီ မဟုတ်ပါလော.....။

ရဲကြီးမုံ တင်အောင်

မှတ်ချက်။ ။ဤဆောင်းပါးရှင် ဦးတင်အောင် (ရဲကြီးမုံ)သည် လွန်ခဲ့သော ၁၉၈၁ ခုနှစ် ဒီဇင်ဘာလအတွင်း အမရပူရမြို့၌ ကွယ်လွန် သွားခဲ့လေသည်။ ကောင်းရာသုဂတိ လားစေကြောင်း အမျှပေးဝေပါ၏။

ပထမ မဟာဓရ ဆရာတော်

ပါမောက္ခ ဦးမောင်

၁။ **အရှင်ဝိစိတ္တ**။ ။သာရဒါမွန်၊ ထေရ်တံခွန်အား၊ ကဲလွန်သဒ္ဒာ၊ ကြည်ညိုစွာဖြင့်၊ လက်ဝဲ့သီ၊ ဂုဏ်ပြုမည်ဟု၊ ကြံစည်ဖုံဖုံ၊ စိတ်အာရုံ၌၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ဟပ်ထင်သည်ကို၊ ဖွင့်ဆိုညွှတ်ခ၊ တင်ခြယ်သပိမ့်....၊ သိကြွားသည်းလျာ၊ သူဇာဒေဝီ၊ မဟာသီက၊ မည်သည့်ပန်းကို၊ မြတ်ဆုံးဆိုဟု၊ သိလိုပါကြောင်း၊ ခွင့်ပန်တောင်းသော်၊ ငြိမ့်ညောင်းသာယာ၊ နတ်ကွန္ဒာက၊ မြွက်ကာစကား၊ ဤသို့ကြား၏....၊ ဘုရားမြတ်စွာ၊ စောသဗ္ဗာ၏၊ နှိုင်းရာမမြင်၊ ဉာဏ်တော်ပင်မှ၊ ပေါ်လွင်ရှင်သန်၊ 'သုတ္တန်ဝိနယ၊ အဘိဓမ္မ'ဟု၊ ရွှန်းပမြိုင်ဆိုင်၊ ပန်းသုံးခိုင်ကား၊ မွှေးကြိုင်ပျံ့ဆုံး၊ သိမ်မွေ့ဆုံးက၊ လှဆုံးတင့်ဆုံး၊ နက်နဲဆုံးနှင့်၊ မြတ်ဆုံးကောရာ၊ ပန်းထွတ်ချာတည့်၊ ပွင့်လွှာပွင့်ချပ်၊ ပွင့်ဖတ်ဝတ်မှုန်၊ ပြည့်စုံအပေါင်း၊ ရှစ်သောင်းလေးထောင်၊ ခြယ်လှယ်ဆောင်၏....၊ အခေါင်ချင်းနင်း၊ ပန်းမင်းအာဏာ၊ ငြွန့်သည်မှာလည်း၊ စက္ကဝါကုဋေ၊ တစ်သိန်းရေတည့်၊ မြေတပွင့်လျှမ်း၊ သုံးခိုင်ပန်းမှ၊ လန်းဆတ်ဝတ်ရည်၊ ဝတ်ရက်သည်လည်း၊ စင်ကြည်အေးဘိ၊ 'ဝိမုတ္တိ'ဟု၊ မရှိနှိုင်းလျှင်၊ ရသကျော်နှင့်၊ အဟော်ဝတ၊ ပြည့်စုံလှ၏....၊ ရွှန်းမြထွတ်ပန်း၊ ခိုင်လုံးလန်းကို၊ လှမ်းဆွတ်ဘယ်သူ၊ ငင်ချူလိမ့်နည်း၊ မျှော်အားသည်းစဉ်၊ အရည်းနွယ်ဝင်၊ ထေရ်ရှင်ဝိစိတ္တ – သာရတွင်မည်၊ အာဇာနည်ကား၊ တည်ကြည်ကျင့်သုံး၊ ပန်းအားလုံးကို၊ သိမ်းကျုံးချူငင်၊ ဆွတ်သည်မြင်သော်၊ သဘင်ကြီးစွာ၊ သုဓမ္မာ၌၊ ဒေဝါအပေါင်း၊ ရွှန်းနှစ်ထောင်းလျက်၊ သောင်းသောင်းဖြဖြ၊ ဝဲချီးပ၍၊ ထွန်းပရွှေဝါ၊ ရွှေချပ်လွှာ၌၊ စဉ်ကာကြောင်းကျိုး၊ မော်ကွန်းထိုးသည်....၊ ။ဘုန်းမိုး သွန်းဆင့် တန်ခိုးပွင့်။ ။

၂။ **သုဓမ္မာသဘင်။** ။မှတ်တမ်းတင်သည်၊ ရွှေစင်ရောင်မြိုက်၊ ပုရပိုက်မှ၊ အထိုက်အသင့်၊ ရွေးချယ်ချင့်၍၊ ဖွင့်ဆိုရလျှင်၊ ထေရ်ရှင်မဟာ၊ ဝိစိတ္တသာရာဘိဝံသ၊ ဇာနေယျကား၊ငယ်ကအစဉ်၊ ဉာဏ်ကြည်လင်လျက်၊ စာသင်ပျော်မွေ့၊ လုံ့လကြွေ၏၊ မျိုးစေ့ကောင်းမွန်၊ အပင်သန်လျက်၊ ဖူးတံဆင့်ဆင့်တိုး၊ သီးပွင့်ဖြိုးသို့၊ သင်ရိုးမက၊ တတ်ပွန်လှ၍၊ ချက်ကျသီးသီး၊ 'ငယ်, လတ်, ကြီး' နှင့်၊ ကျော်သည်းပထမံ၊ စာတော်ပြန်၌၊ အောင်သံမလပ်၊ အောင်ပွဲထပ်၏၊ မပြတ်သဒ္ဓါ၊ ဝိရိယာနှင့်၊ ပညာသတိ၊ သမာဓိ-ဟူ၊ ကြီးဘိအင်အား၊ ဗိုလ်ငါးပါးကို၊ မှီငြားပိုင်ပိုင်၊ လက်စွဲကိုင်၏၊ ကြုံခိုင်သစ္စံ၊ အဓိဋ္ဌာန်လည်း၊ တဆံခြည်မျှ၊ မယွင်းရတည့်၊ ဗဟုကပင်၊ သန့်စင်မနော၊ မေတ္တာနှောလျက်၊ ကြီးသော, နက်သော၊ ထက်သော, လျင်သော၊ ရှင်သော, ဆန်းသော၊ ခဲ့သော, ချဉ်းသော၊ ဉာဏ်ကျယ်ပြော၏၊ အံ့သြဖွယ်ရာ၊ ထူးခြားစွာဖြင့်၊ သုံးဖြာခိုင်လန်း၊ ပိဋကပန်းကို၊ ဆွတ်လှမ်းယူဆောင်၊ အောင်ဓော်မူက၊ ရှင်လူအားလုံး၊ ပီတိဖုံး၏၊ ရုန်းလွတ်စ–ခါ၊ ပြည်မြန်မာ၌၊ ဦးစွာမဆွ၊ ပေါ်ထွန်းရသည့်၊ သာသနာ့ဇာနည်၊မှန်ပေသည်--ဟု၊ မြွက်ချီထပ်ထပ်၊ ပဲ့တင်ထပ်မျှ၊ ရှိထပ်ကော်ရော်၊ ရင့်ကြွေးကြော်လျက်၊ ပူဇော်ကြကုန်၊ ဂုဏ်ပွဲဆုံ၏၊ တဖုံထိုမှ၊ ဆဋ္ဌသဘင်၊ သင်္ဂါယနာ၊ တင်ရာသောကြောင်း၊ အခွင့်ကောင်းကို၊ ကြုံတောင်းကြုံလှာ၊ ရတော်စွာ - ဟု၊ လူမှာလူလျှောက်၊ နတ်လျှောက်နတ်မှာ၊ တက်ကြွစွာဖြင့်၊ အံ့အာထူးထူး၊ မေတ္တာကူးသည်၊ ။**ရှင်မြူးထပ်ဆင့် ပြုံးပန်းပွင့်**။ ။

၁၂၉၆-ခု၊ မန္တလေးမြို့သကျသီဟ ပရိယတ္တိအဋ္ဌကထာကြီးသုံးကျမ်းအောင်မြင်ပြီးစ....

အိဝိဋ္ဌကဝရ
ဘာဝဂုဗြဟ္မဆိုင်ရာဝဋ္ဌ

၃။ **အိဝိဋ္ဌက။** ။အောင်ပွဲရ၍၊ ကာလတွက်စစ်၊ တစ်နှစ်အကြာ၊ ကောဇာသက္ကရာဇ်၊ ထွန်းသစ်တထောင်၊ သုံးရာဆောင်လျက်၊ စွန်းမြောင်ဆယ့်ခြောက်၊ ရောက်လတ်သော့ခါ၊ ဗျာ,ဖွား,ပွင့်,ဝင်၊ လေးအင်မြတ်ဂုဏ်၊ တင့်မျိုးစုံသည်၊ကဆုန်လပြေ့၊ မဂ်လာနေ့တွင်၊ ရေတွေ့ရွှေကြာ၊ လန်းလန်းဖြာသို့၊ ဆင်းဝါအရောင်၊ အသရေဆောင်သည့်၊ နှစ်ထောင်ငါးရာ၊ ထေရ်သံဃာတို့၊သင်္ဃာယနာ၊ မဟာဓမ္မ၊ ဆဋ္ဌသင်္ဂါ၊ ပွဲကြီးယင်သော်၊ စင်ကြယ်သီလ၊စိတ္တပညာ၊ပြည့်စုံစွာသား၊ 'မဟာစည်အကျော်၊ဆရာတော်'က၊မြွက်ဖော်ပိဋကတ်၊အရပ်ရပ်မှ၊စေစပ်သေချာ၊ မေးလေပါက၊ဖုံးကာအုပ်ဆား၊ပတ္တမြားကို၊လှစ်ငြားယူငင်၊ ပြကာတင်သို့၊အရှင်ဝိစိတ္တသာရာဘိဝံသ၊ ဇာနေယျသည်၊ ဓမ္မတရား၊ အပြားပြားကို၊ထင်ရှားပေါ်လွင်၊ သဘောထင်အောင်၊ လျှောက်တင်စေ့ရေ၊ ဖြကြားပေသော်၊ နှုတ်ခြွေခွန်းသံ၊ မဆိတ်ညံတည့်၊ တရံတဆစ်၊ ဘယ်မလစ်ပဲ၊ မထစ်မငေါ့၊ မပေါ့မပျက်၊ သက်သက်ကြည်သာ၊ ပီစွာသွက်လက်၊ လိုက်ဖက်တင့်တယ်၊ရွှေးချယ်သုံးနှုန်း၊စကားလုံးလည်း၊ ကောင်းဆုံးစံပြ၊ မှန်ပေစွရှင့်၊ သဒ္ဒ အတ္ထာ၊ ဥပစာနှင့်၊ ပမာပမည်း၊ သမ္မန်ဆည်းသည်၊ ဖွဲ့နည်းစုံစွာ၊ အလင်္ကာကို၊ ကောင်းစွာကျန၊ ကျွမ်းကျင်လှ၍၊ မြွက်ဟဖြေကြား၊ တရားဟူသမျှ၊ နားဝစွဲဝင်၊သဒ္ဒါရှင်၏၊ရှင်ရှင်လူလူ၊ ဦးဖြူဦးမဲ၊ လိုက်လိုက်လဲလျှင်၊ အံ့အဲ့ခဲ့ချီး၊ ပြောမပြီးတည့်၊နတ်လည်းနတ်မှာ၊ ပီတိဖြာလျက်၊ သြဘာဟစ်ကြွေး၊ ကောင်းကြီးပေးသည်၊ ၊ကြ။မွှေးဆင့်ဆင့် သတင်းလွှင့်။ ။

၄။ **ပရိယတ္တိ။** ။တတ်ခေါင်ထိသည့်၊ ကဝိမဟာ၊ ထေရ်မြတ်စွာကား၊ မေတ္တာရှေ့သွား၊ နှလုံးထားလျက်၊ အများကောင်းအောင်၊ ကြိုးပမ်းဆောင်၏၊ တိုင်းဘောင်မြန်မာ၊ မြို့ရွာရပ်ရပ်၊ အနှံ့စပ်ပင်၊

မပြတ်ခဲ့သစာ၊ လှည့်လည်ကာဖြင့်၊ မမှတ်ရား၊ ဟောမြွက်ကြား၏၊ နားရက်မရှိ၊ နွမ်းလျဘိလည်း၊ မိမိတွက်တာ၊ ငဲ့မည်ဘာဘဲ၊ သတ္တဝါအကျိုး၊ လွန်သယ်ပိုး၏၊ မြတ်နိုးဟောကြား၊ တရားပွဲစု၊ ရေတွက်ပြုသော်၊ ပြည့်လုကိုးထောင်၊ ကြိမ်မြားမြောင်၏၊ ယခေါင်ကာလ၊ တိပိဋကဓရ၊ ဖြေရဖို့တွက်၊ လေးရက်မှသာ၊ လိုတုန်းခါဝယ်၊ ဒါနရှင်တစ်ဦး၊ အနှူးအညွတ်၊ တောင်းပန်လတ်၍၊ ကျက်မှတ်စာများ၊ ခေတ္တထားပြီး၊ တရားဒေသနာ၊ သူ့ဂေဟာတွင်၊ ကောင်းစွာချီးမြှင့်၊ သဒ္ဓါပွင့်၏၊ ကဲဆင့်စေတနာ၊ ခုသည်ခါဝယ်၊ များစွာများစွာ၊ သာသနာ့ဇာနည်၊ ပေါ်စေရည်၍၊ ရမည်မှန်မှန်၊ စိုးရထံမှ၊ ဆွမ်းဆန်လစာ၊ တဖြာထို့ပြင်၊ သဘင်ငွေရတု၊ ဂုဏ်ပြုတိပိဋကဓရ၊ လှူခံရသည့်၊ အသပြာသုံးသိန်း၊ ခဲ့တမ်းကိန်းကို၊ မယ်မ်းမဖယ်၊ နိကာယ်ငါးရပ်၊ ပိဋကတ်သာသနာ၊ တည်စိမ့်ဌာလျှင်၊ သဒ္ဓါကော်ရော်၊ လှူပူဇော်၏၊ ကုန်းတော်မိုးမိတ်၊ စေတီရိပ်တွင်၊ တံတ်ဆိတ်ခန်းဝါ၊ တည်ပြီးခါဝယ်၊ လေးဖြာပစ္စည်း၊ ထောက်ပံ့ဆည်းလှူက်၊ ထန်သည်းလုံ့လ၊ ထုတ်စေကလျှင်၊ ကာလတွက်စစ်၊ နှစ်နှစ်အတွင်း၊ သတင်းမွှေးပျံ၊ ဒီဃဘာဏက၊ အောင်ပွဲရသည်၊ သံဃာ့ထူးခြား၊ ဆယ့်ခြောက်ပါးတို့၊ ထင်ရှားပေါ်ထွက်၊ ကောင်းကျိုးနက်၏၊ ဆက်၍ဖော်ပြ၊ ချက်ကျလှတီ၊ ပြုသည့်ကောင်းမှု၊ အချို့စုကား၊ သုတပညာ၊ ပွားစေငှာလျှင်၊ စာသင်သုံးကျောင်း၊ ဆောက်ဦးကောင်းခွည်း၊ သွန်းလောင်းရေစက်၊ ဆုပန္နက်သည်၊ ၊ဘယ်တွက်ထပ်ဆင့် ပါရဒိမြှင့်။

၅။ ထိုမှတလိ။ ။ဟမြွက်ချီသော်၊ သက်ရှည်စေရာ၊ အနာမဲ့ကြောင်း၊ ဆေးခန်းကောင်းနှင့်၊ ထပ်လောင်းဆေးရုံ၊ တည်ဆောက်တုံ၏၊ ဒဂုံစေတီ၊ ပြတိုက်ရည်၍၊ လှူသည်အောင်ရိပ်၊ အောင်တံဆိပ်ရွှေသား၊ ဆယ့်လေးပြားတည့်၊ ရေးသားဦးဆောင်၊ အခေါင်ရတနာ၊ 'မဟာဗုဒ္ဓဝင်'၊ ကျမ်းထိပ်တင်လည်း၊ ကောင်းအင်စုံတင့်၊ တဂုဏ်မြင့်၏.....၊ ဆင့်ဆင့်ပါရမီ၊ ဆယ်သုံးလီကို၊ ဖြည့်သည့်လောင်းလှာ၊ ပုံနှုန်းကာဖြင့်၊ သာသနာဇာနည်၊ မဟာထေရ်အား၊ ဘုရားဆုပန်၊ မှန်ပါသလော၊ ဖွင့်ဟာပါရန်၊ လျှောက်ပန်တောင်းသော်၊ ဓိတ်ကောင်းပညာရှိ၊ အမှီပြည်လျက်၊ ဒုတိယဘဝ၊ ထိုကာလတွင်၊ 'မွေရေ'၊ အမည်ရသော၊ သောတာပန်နတ်၊ ဖြစ်ပေလတ်၍၊ မြတ်သာသနာ၊ ဤခါတွင်းပင်၊ ဝင်လိုက္ခတ်တမ်း၊ တောင်းမျှော်မှန်းဟု၊ ဆွင်လန်းအေးဆေး၊

အဖြေပေး၏၊ အရေးကျိတွင်၊ ကြံဆင်ခြင်၍၊ နတ်ရှင်မာယ၊ ဝါသဝ-က၊ လှထွတ်သည်းလျာ၊ သုဇာတာအား၊ အမှာစကား၊ ကျိသို့ကြား၏... ၊ 'ထူးခြားဂုဏ်အင်၊ ထိုသခင်သည်၊ ထွန်းထင်လှစွာ၊ ဉာဏ်ရောင်ဖြာလျက်၊ ဒေဝါလောက၊ ကြွချိန်ကျ၍၊ ကြွရောက်လာသော်၊ အုတ်အော်သောင်းသဲ၊ အုံချီးပွဲသည့်၊ နတ်ပွဲသဘင်၊ ကြီးစွာယင်လိမ့်၊ မဉ္ဇူသက၊ စန္ဒနနှင့်၊ ကက္ကဲရုတဖြာ၊ မန္ဒာရဝ၊ အာသဉ္ဇတီ၊ စသည်ဆန်းဆန်း၊ နတ်တို့ပန်းဖြင့်၊ ရွှင်လန်းအား၍၊ ပူဇော်ကြလိမ့်၊ 'ဓမ္မဓရ'၊ နတ်သဉ်းသောတာပန်၊ အပူဇော်ခံလည်း၊ သုတ္တန်ဝိနယ၊ အဘိဓမ္မ-ဟု၊ ရွှန်းပမြိုင်ဆိုင်၊ ပန်းသုံးခိုင်မှ၊ ဆိုင်ရာသင့်ရာ၊ ရွေးချယ်ကာဖြင့်၊ ဒေဝါသစ်သစ်၊ ဒေဝစ္ဆရာထွေထွေ၊ ပန်ဆင်စေလိမ့်၊ ညွှန့်ဝေလှဆန်း၊ ဘယ်နတ်ပန်းမျှ၊ နှိုင်းတမ်းမမီ၊ ချမ်းကြည်ငြိမ်းထွေ၊ မြတ်တေပြည့်လျှမ်း၊ တုလွတ်ပန်းကို၊ ဆင်မြန်းဖို့ရာ၊ ဟန်ပြင်ကာဖြင့်၊ ၊စောင့်ပါအသင့် မမေ့နှင့်။ ။'

ပရိယတ္တိသာသနဟိတ မမ္မာစရိယဝဋ်သကာ
သာသနဓဇသီရိပဝရမမ္မာစရိယ
အစိုးရပဌမကျော်
ဗုဒ္ဓသာသန (ဝိသိဋ္ဌ) တိပိဋကဓရ
မဟာတိပိဋကကောဝိဒ
တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
ဆဋ္ဌသင်္ဂါယနံ့ာ ဝိသဇ္ဇက
အရှင်ဝိစိတ္တသာရာဘိဝံသ
ပထမ တိဓဋ္ဌကဓရဆရာဟော်ဘုရားကြီးအား
ချီးကျူးကော်ရော် ပူဇော်ဂုဏ်ပြုသော လက်ာ။

ပါဒမာက္ခ ဦးဇဋမောင်

မင်းကွန်းဆရာတော်
ဖူးမျော်ခွင့်ကြုံခဲ့

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

တိပိဋကမရ မမ္မဘဏ္ဍာဂါရိက အဂ္ဂ မဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကို မဖူးမမြင်ဖူးမီ ကာလ၌ ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာတင်နေစဉ်အခါက ဆရာတော်၏ မမ္မတရားသံများကို ရှေးဦးစွာကြားနာခဲ့ရပေသည်။ **အသံတော်သည်** သန့်ရှင်းစင်ကြယ်သည်၊ သာယာသည်၊ သိလွယ်သည်၊ နာချင်ဖွယ်ရှိသည်၊ ပုံ့နှံ့သည်၊ တစည်းတလုံးတည်းရှိသည်၊ နက်နဲသည်၊ ပဲ့တင်ထပ်ခြင်းရှိသည်။ ဘုရားရှင်၏ အသံတော်ရှစ်ပါးနှင့် (အများအားဖြင့်) အညီရှိ၍ ဆရာတော်ကို ကိုယ်ထင်ဖူးတွေ့ မကြုံသေးမီကပင် ကြည်ညိုရိုကျိုး ရှိခိုးမိပါသည်။

မန္တလေးမြို့ပေါ် ဆရာတော်၏ တရားပွဲများရှိရာသို့ အနှံ့သွားရောက်၍ လည်း အဖေးမှဖြေ၍ တရားကို နာယူရပါသည်။ မိတ်ဆွေများ၏ ဆွမ်းကျွေး တရားပွဲများမှာလည်း အနီးကပ်ဖူးမြော်ခွင့်ရပါသည်။ သို့သော် ဆရာတော် စက်တော်အောက်တရောက် ဖူးမြော်ခွင့်မူကြုံခဲ့ပါ။

တန္နေသော် ရန်ကုန်မြို့မှ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် စစ်ကိုင်းသား ဦးသိန်းတန်၊ မန္တလေး စည်ပင်သာယာအငြိမ်းစား ဦးလှရီ (ပုပ္ပါးဆေးတိုက်) တို့နှင့်အတူ ၁၉၇၀-ပြည့်နှစ်ခန့်က မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ပထမဆုံး ဦးတိုက်ရောက်ခဲ့ပါသည်။

ဆရာတော် ဘုရား၏ **ဓမ္မနာဒကျောင်းတိုက်သို့** မင်းကွန်း ပုထိုးတော်ကြီးမှ သဲဖြူချောင်း လမ်းကိုလိုက်၍ တောလမ်း ခရီးဖြင့်သွားရာ အရိပ်အာဝါသတို့နှင့် ပြည့်စုံသော ဝိဟာရကျောင်းတိုက်သို့ ရောက်ကြသည်။ တပည့်ရဟန်း၊ ဥပါသကာ၊ ဒကာ+ဒကာမများနှင့်လည်း ပြည့်စုံသည်။

ငင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်း



မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ

ခမ်းနားမှုလည်းရှိသည်။ ဆရာတော်ကို ဖူးရန် သူ့တိုက်ခန်းသို့ ဝင်ကြရာ ပထမ ဆုံးအကြိမ် ဦးတိုက်ဖူးမြော်ခွင့် ရပါသည်။ စိတ်ကြည်စရာဖြစ်ရသည်။ အေးငြိမ်းရာ ဖြစ်ရသည်။

ဆရာတော်မှာ ရိုးသားသည်။ သာမန်မှု နေထိုင်သည်။ ဒကာမျာ်းက ဦးချကန်တော့ကြရာ ဆရာတော်က သူ့တပည့်မျာ်းကို မှတ်မိသည်။ အလွာပစကား နှုတ်ဆက်စကား ပြောသည်။ မိတ်ဆွေမျာ်းက ဆရာတော်ထံ ကျွန်တော်ဖူးမြော် ရန် လိုက်ပါလာသည်ကို လျှောက်ထား ကြသည်။ ဆရာတော်ကလည်း ယဉ်ကျေးမှုနှင့်ဆိုင်ရာ တာဝန်ရှိသူအဖြစ် ဂရုစိုက်သည်။

စကားပြောကြစဉ် ဆရာတော်သည် ပကတိမူအနေဖြင့် သနပ်ဖက် ဆေးပေါ့လိပ်ကိုကိုင်သည်၊ မီးခြစ်သည်၊ မီးညှိသည်၊ ဆေးလိပ်ဖွာသည်။ နောက်စကား ဆက်၍ မင်းကွန်း ပုထိုးတော်ကြီးအနီးမှ ယဉ်ကျေးမှု အမွေအနှစ်မျာ်း ပျက်စီးပြုန်းတီးမှုမျာ်းကို ပြောပြသည်။

ဘိုးတော်ဘုရား (ဗဒုံမင်း) တည်ထားခဲ့သော ကုသိုလ်တော်ကြီးဖြစ်သည့် မင်းကွန်း ပုထိုးတော်ကြီးသည် ဆောက်ပြီးသမျှမှာ ၁၆၂-ပေ (၄၉-ဒသမ ၃၈-မီတာ)ရှိသည်။ **ခေါင်းလောင်းကြီး** မှာ ယခုအခါ ကမ္ဘာတွင် ဒုတိယအကြီးဆုံးဖြစ်၍ အသံတီး မြည်သေးသည်။ အမြင့်မှာ ၁၂-ပေ (၃ ဒသမ ၇ မီတာ)၊ အဝန်း

အကျယ်မှာ ၁၆-ပေ(၄ ဒသမ၉ မီတာ) ရှိသည်။ အလေးချိန် ၅၀ ဒသမ ၅ တန်၊ (၅၁၀၀၀ ကီလိုဂရမ်)ရှိသည်။ ၁၉၀၄-ခုနှစ် ပျဉ်ဘောင် ပျက်ကျရာမှ သံဘောင်သို့ ရွှေ့တင် ထားသည်။ အရှေ့ဘက်ရှိ မင်းကွန်း **ခြေသံ့ကြီး နှစ်ကောင်** သည် အမြင့် ၉၅-ပေ(၂၉-မီတာ) ရှိသည်။ ပြုတ် ကျ နေ သော စကျင် ကျောက် ဖြင့် ပြုလုပ်ထား သော ခြေသည်း လက်သည်း တခုလျှင် ၅-ပေ (၁၅ဒသမ ၃မီတာ)ရှိသည်။

ခြေသည်း စကျင်ကျောက် တစ်ခုကို အိမ်ဝင်းခြံ အကာအရံ ပြုထား လျက်ရှိရာ ဆရာတော်ဘုရား ကြီးက ရှေးဟောင်း ပစ္စည်းမို့ ရှေ့ပြောင်း ထိန်းသိမ်းပေး ရန် အကြံပေး မှာကြား ပေသည်။

ဆရာတော်သည် ရှေးဟောင်းပစ္စည်း များကို မြတ်နိုးရှာသည်။ ဆရာတော်မှာ ကြား၍ ခြေသည်းတစ်ခုကို ပုထိုးတော် ကြီးဘုရား အရှေ့ဘက် ၅၅၀-ဇာတ်နှင့် သာသနာဝင် အုတ်စဉ့်ကွင်းရုပ်များ

မင်းကွန်း ဗုဒ္ဓဘာသာ
လူအိုရုံအသင်း ဥက္ကဋ္ဌ
ဘိအိုင်အေ ဦးမောင်ကြီးက
ဩဝါဒစကားများ
မြွက်ကြားနေပုံ

မင်းကွန်း လူအိုရုံ

ထား:ရာ ပြတိုက်ငယ် အနှီးသို့ ယခုအခါ ရွှေ့ထား:ပြီး:ဖြစ်လေသည်။

ခြသေ့ကြီး:၏ စကျင်ကျောက်မျက်လုံး: များ:မှာ ၉-ပေ(၂၅သမ၇မီတာ)အဝန်း: ရှိသည်။ ဧရာဝတီမြစ်ကမ်း:ဘေး: ကျ ရောက်နေသည့် နေရာမှာပင် မရွှေ့သေး ချေ၊ ခြသေ့ကြီး:များ:ရှေ့ပိုင်း:သည် ရာ ဝတီမြစ်ကမ်း:ဘေး:၌ ပြိုကျလျက်ရှိသည်။ ၁၇၉၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့ ဗြိတိသျှ သံတမန် ဟီရမ်ကော့စ်လာစဉ်က နေ့စဉ်မှတ်တမ်း:တွင် 'ဤကျောက်မျက်လုံး: များ:ကို မတပ်ဆင်ရသေး:မီတွေ့ရှိရ၍ တစ်ခုလုံး:ပတ် ၁၃-ပေ ရှိကြောင်း:၊ ခြသေ့မျက်လုံး:ခေါင်း:ပေါက်ထည့်ဖို့ ဘယ်သို့တပ်ဆင်မည့် စက်မှုလုပ်ငန်း:ကို ကြည့်လိုလှကြောင်း:' ရေး:သား: သွား:လေသည်။

ဆရာတော်ဘုရား:သည် ပရိယတ္တိစာပေ အတွက် အထူး: အာရုံပြုသည်။ တိပိဋကဓရ ပုဂ္ဂိုလ်များ:များ: ထွက်ပေါ်စေလိုသည်။ ဤသို့ စာပေမြတ်နိုး:သည့် စိတ်ဓာတ်ကြောင့် ဆရာတော် ဘုရား:ကို အထူး: လေး:စား: ကြည်ညိုရပါသည်။

တိပိဋကတ တတ်မြောက်ရန်၊ အာဂုံဆောင်နိုင်ရန်အတွက် ဓမ္မာစရိယစာမေးပွဲ အောင်မြင်ပြီး:သော သံဃာတော်များ:ကို စစ်ကိုင်း:တောင်ရိုး: မိုး:မိတ်စေတီကုန်း:မြင့်ပတ်ဝန်း:ကျင်၌ မင်း:ကွန်း: တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကို ဖွဲ့စည်း:ပြီး: တိပိဋက စာသင်သား:ကြီး: များ:၊ နိကာယ် စာသင်သား:ကြီး:များ:ကို လက်ခံစောင့်ရှောက်ကျွေး:မွေး: စာကျက်စာအံ စာကြံ့ စာကြည့်စေသည်။ ယင်း:သို့ သာသနာ အာကျိုး:ကို ဆောင်ရွက်ရာ၌ ထိုတိပိဋက = နိကာယ ကျောင်း:တိုက်ကြီး:'ဝယ်....

၁၉၇၈-ခုနှစ် ၁၃၄၀-၌ ဝါဆိုသံဃာ ၄၈-ပါး:
၁၉၇၉-ခုနှစ် ၁၃၄၁-၌ ။ ၈၂-ပါး:
၁၉၈၀-ပြည့်နှစ် ၁၃၄၂-၌ ။ ၁၀၃-ပါး:
၁၉၈၁-ခုနှစ် ၁၃၄၃-၌ ။ ၁၅၁-ပါး:
သံဃာတော်များ: လက်ခံထား:သည်။

ပထမဆုံး: စတင်ဖွင့်လှစ်သည့် နှစ်က တိပိဋက = နိကာယ သာသနာပြုအဖွဲ့သို့ သွား:ရောက် ငွေလှူဒါန်း:ရန် တစ်ခေါက်ရောက်ပါသည်။ ကြည်ညိုလေး:စား:ဖွယ် သံဃာငယ်များ:ကို ဖူး:တွေ့ ရပါသည်။ စာကျက် နေသည်မှာ မိမိဘာသာ အလျှောက် ကိုယ့်စရိုက်နှင့် ကိုယ်ကျက်နေသည်။ အချို့ကျောင်း:သင်ခန်း: အခန်း: တွင်း:ထိုင်လျက်၊ ရပ်လျက်၊ လမ်း:လျှောက်လျက်၊ လျောင်း:လျက် ကျက်မှတ်နေကြသည်။ အချို့စင်္ကြံလမ်း:မှာ တွေ့ရသည်။ အချို့ သစ်ပင်ရိပ် အောက်မှာ၊ အချို့ စေတီရင်ပြင်၊ အချို့ဘုရား:လိုဏ်အတွင်း: ၌ ပျော်မွေ့စွာ စာကျက် နေကြသည်။ အချို့မှာမူ ကြိုက်နှစ်သက်ရာ စီး:ကရက် ဆေး:လိပ်ကို စာကျက်ချိန်၌ ဖွာကြသည်။ သို့သော် အလွန်နည်း:ပါး:လှသည်။ ထိုစာသင်သား:ကြီး:များ:သည်။ ဓမ္မာစရိယစာ ချတန်း:အောင်မြင်ပြီး: ပုဂ္ဂိုလ်များ:ဖြစ်ကြ

၍ သူကို့အလေါ်ချုပ်ချယ်မှု မထားတော့ဟု သိရပါသည်။

၁၂-၉-၈၁ နေ့က မန္တလေးအနောက်တောင်မြို့နယ် အမှတ် ၂-နယ် ခြေပါဘီယူနစ်ဥက္ကဋ္ဌနှင့်အတူလွတ်တော်ကိုယ်စားလှယ် သောင်းညွှန့်သိန်းနှင့်အတူ မင်းကွန်းသို့ တစ်ခေါက်ရောက်ကြသည်၊ နိကာယအခွဲဘွင် မုံရွာမြို့နယ် မှ ၉-၁၂ ရဟန်းငယ်တစ်ပါးကို တွေ့ဆုံမေးမြန်းရာ၌ "ဒကာကြီး....နိကာယသာသနာပြုအဖွဲ့နှင့် ဆရာတော်တို့ စေတနာကတော့ ပြောဖွယ်ရာမရှိပါဘူး၊ မလိုဘောပါဘူး၊ လိုဘာရှိပါလျှင် ကျုပ်တို့ဘက်ကသာ လိုမှာပါ။ မလိုရအောင်လဲ ကျုပ်ဘို့ ကြိုးစား အားထုတ်နေကြပါတယ်'ဟု ပြောကြားလိုက်ပါသည်။

ဆရာတော်ဘုရား မ့တည်၍ထားသော အသူဌေးနှင့် ပြည်သူတို့၏ ဒါနရုံပုံငွေသည် သိန်း ၃၀ – ကျော်ရှိကြောင်း သိရပါသည်။

သံဃာတော်များကို နေ့စဉ်နှင့် အမျှဆွမ်း နှစ်ထပ်အဖျော် စတုမဓူများ တစ်နေ့ လေးကြိမ် ဆက်ကပ်သည်။ နေခင်းထိုင်ခင်း သန့်ပြန့်စွာထား သည်။ လျှပ်စစ်မီးစက်၊ ရေစက် အပြည့့်အစုံ ရှိသည်။ ဝေယျာဝစ္စ အဖွဲ့တာဝန်သည် ကြိုးလေးလှသည်။ ဆွမ်းဟင်းစီမံမှု၊ စျေးဝယ်မှု၊ ချက်ပြုတ်မှု၊ ကျွေးမွေး ဆက်ကပ်မှု တာဝန်ကား နေ့စဉ် တာဝန်ကြီးဖြစ်၍ ကျေကွန်အောင်လည်း ဆောင်ရွက်နေ ကြပေသည်။ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ ထမ်းဆောင်လျက် ရှိကြသည်။ ဤသို့ အမှုဆမ်းများ စေတနာကို ထောမနာ ချီးကျူးရပေသည်။

သံဃာတော်များ အတွက် ကျောင်းသစ်မ်းများ တိုးချဲ့ ဆောက်လုပ်ဆဲ ဖြစ်သည်။ ကျောင်းဗိမာန်များ အသစ် အသစ် ပေါ်လျက်ရှိသည်၊ ငွေရတု အဆိမ်းအမှတ် ပိဋကတ်တိုက် အတွင်း၌ ဆရာတော်ဘုရားပုံ၊ မယ်တော်သီလရှင် ကြီးပုံရုပ်လုံးများ ထား ရှိသည်။ ဆရာတော်၏ဘဝနှင့် စာအောင် လက်မှတ်စသော ဖြစ်စဉ်သမိုင်း မှတ်ပုံများကို ချိတ်ထားသည်။ ပိဋကတ် စာပေကျမ်းများလည်း စုံပါဘိသည်။

ဆရာတော်၏အရိပ်ကို မှီခိုလျှင်စစ်ကိုင်း မင်းကွန်း တောင်ရိုးတစ်လျှောက် သာသနာရေး၊ လူမှုရေး တိုးပွား စည်ပင်လျက်ရှိသည်ဟု ဆိုပါက မှားမည်မဟုတ်ပါ။ မန္တလေးမြို့ မလွန် ဆန်လှအသင်းကြီး၌လည်း ဆရာတော်ဘုရား ဦးစီးနာယက ပြုလျက်ရှိသည်။ မင်းကွန်းလူအိုရုံ အသင်းကြီးမှာလည်း ဆရာတော် ဦးစီးနာယက ဆောင်ရွက်သည်။

ဒေါ်ဦးစွန်းနှင့် ဘီ-အိုင်-အေ ဦးမောင်ကြီးတို့ အစပျိုးခဲ့သော မင်းကွန်း လူအိုရုံ၌ ၁၉၈၁-ခု စက်တင်ဘာလတွင် တွေ့ရသော စာရင်းအရ–

အဘိုး ၄၈-ယောက်

(ခွင့်-၂၊ စဆး-ရုံ-၁)

အဘွား ၈၅-ယောက်
သီလရှင် ၆-ပါး
ဝေယျာဝစ္စ ၂၂-ယောက်
ပေါင်း ၁၆၁-ယောက်ရှိသည်။

လူမှုရေးအရ- တိုင်းရင်းသားများကို လက်ခံထားရှိ၍ ကိုးကွယ်သည့်ဘာသာကိုလည်း လွတ်လပ်ခွင့်ပေးထားကြောင်း သိရသည်။

လူမျိုး	ကျား	မ	ပေါင်း
ကရင်....	၁	၁	၂
ပအို၀်....	၁	၂	၃
ရှမ်း....	၁	၅	၆
ဘင်္ဂလီ+ဟိန္ဒူ....	၂	၁	၃
မွတ်ဆလင်....	၀	၁	၁
ဓရစ်ယာန်....	၃	၃	၆
တရုတ်....	၆	၂	၈
မြန်မာ....	၃၄	၃၆	၁၁၀
စုစုပေါင်း	၄၈	၅၁	၁၃၉

ရှိသည်။

ဘိုးဘွားများကို တုန့်ပြန်စောကျွေးမွေးစရိတ် နေ့+ညဆမင်းအတွက် အလှူငွေ ၄၀၀-ကျပ်သာ ခံယူ၍ အသင်းမှနေ့စဉ် ကျပ်ငွေ ၂၀၀-ဖြည့်စိုက်ကျွေးမွေးလျက်ရှိသည်။ စက်တင်ဘာလ ကျွေးမွေးစာရင်းမှာ ပြည့်လျက်ရှိသည်။

မင်းကွန်း တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့၏ ပထမ **'သုံးနှစ်ခရီး'** စာစောင်အတွက် (ဆရာတော်ကို) ဦးသိန်း-ဟန်နှင့် ရန်ကုန်မြို့တွင် တွေ့ဆုံမှု၌ ဤစကားစပ်မိကြရာ ဆရာတော်သည် ခေတ်သစ်စာပေများကိုလည်း မျက်ချည်မပြတ် လေ့လာကြောင်း သိရသည်။ တချို့နှင်ရန်ကုန်မြို့ ဒေါက်တာ သိန်းမောင်အိမ်တွင် ဆွမ်းကျွေးခွဲ ဆရာတော်နှင့် ဆရာဇော်ဂျီတို့ ဆုံမိကြသည်။ ဆရာတော်က-

ဦးဇော်ဂျီကို သိပါတယ်၊ ဦးဇော်ဂျီရဲ့ 'လွတ်ပြီတဲ့ ကွတ်ပြီ' ကဗျာကို အလွန်နှစ်ခြိုက်ပါတယ် ဟု ပြောလျှက် လွတ်လပ်ရေး ကဗျာကို ဆရာတော်ကိုယ်ထိုင် ရွတ်ပြဖူးကြောင်း ဤသို့ကြားခဲ့ရသည်။

ဆရာတော်၏ သာသနာရေး လူမှုရေး ဆောင်ရွက်ချက်များမှာ ရေးဖေကုန်ပါ၊ မင်းကွန်း တိုက်နယ်ဆေးရုံအတွက်လည်း ဆရာတော်ကြီးမှူး၍ မင်းကွန်းတိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ရန်ပုံငွေပင် စိုက်၍ အတိုးအညွှန်ပြင့် သုံးလတစ်ကြိမ် ဆေးပစ္စည်းများ လှူလျက်ရှိသည်။ တောခေါင်သော ဆေးရုံ၌ ရှားပါးဆေး၊ အဝယ်ခက်သော ဆေးများ ပြည့်စုံလျက်ရှိသည်။

ယခုအခါ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့သည် ရန်ကုန်မြို့၊ နယူးလင်းလမ်း၊ အမှတ်-၁၂၊ တွင် ဌာနခွဲတိုးချဲ့ဖွင့်လှစ်ထားလျက် တိပိဋကာ=နိကာယ စာသင်သား သံဃာ ၉-ပါး ရှိနေကြောင်း သိရသည်။ ဆရာတော်ဘုရား၏ဆန္ဒ ပရိယတ္တိ ပိဋကစာပေပြန့်ပွား၍ ဆထက်တိုးသာသနာစည်ပင်ရန် ပြည်သူတရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ကူညီကြစေဖို့ နှိုးဆော်အပ်ပေသတည်း။ ။

ဦးဇေးင်ဇမင်တင် (မဟာဒိဋ္ဌ)



ဒုတိယ ဘဘွားဝမ်း၊ လဒ္ဓာ သပ္ပညနီသယံ။
ဓမ္မဓရော ဘိ နာဓမနံ၊ ဓသာတာပန္နော မရွေ ဘဒေ။

''ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိအမှိုက်ရပြီး ဓမ္မဓရ-ဟူသောအမည်ဖြင့် သောတာပန်နတ်သား ဖြစ်ရပါလို၏-လို့ ဆုတောင်းပါတယ်၊ ဤဘုရား သာသနာတော်မှာပင် ကျွတ်တမ်း ဝင်ရပါလို၏ လို့ ဆုတောင်းပါတယ်၊ ဆောင်ပုဒ်နဲ့ ပြန်စစ်ပြီး ပြောရလို့ရှိယင် 'အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်း'ကို လိုချင်တဲ့ပုဂ္ဂိုလ် လို မိမိဆောင်ရွက်ချက်က သမ္မောဓိဆုကြီးပန် ပုဂ္ဂိုလ်များလို ရွက်ဆောင်ပြီးတော့ လိုချင်တဲ့ ဆုကတော့ သာဝကဗောဓိမှ ပကတိသာဝက ဗောဓိဆုလောက်သာ ယူချင်ပါတယ်၊ ဒါဟာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ....''

၁၃၄၀-ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅-ရက်၊ (၂၅-၆-၇၈) တနင်္ဂနွေနေ့ နေ့လယ် ရန်ကုန်မြို့၊ ကုက္ကိုင်း၊ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ဆရာတော်သည် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိဘော်ဖသည့် ၂၅-နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပသည့် အချိန်အခါက ဆရာတော်၏မွှက်ကြွားချက် ဖြစ်ပါသည်။

ဆရာဝန်ကြီး ဦးသာလှ၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင် ဒု-ဗိုလ်မှူးကြီးဟောင်း ဦးအောင်သိမ်း အစရှိသော ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင် လူကြီးများ၏ တာဝန်ပေး မေတ္တာရပ်ခံချက် အရ စာရေးသူသည် ဆရာတော်အား ပါဝင်ဂုဏ်ပြုပူဇော်ခွင့် ရရှိခဲ့လျက် ထိုပူဇော်ပွဲကြီး၏ အကြောင်း အရာ အစီရင်ခံစာကို လည်းကောင်း၊ သုံးဆယ်မြို့မှ စေတနာရှင်တစ်ဦး၏ မေတ္တာရပ်ခံချက်အရ မင်းကွန်းနှင့် မန္တလေးပူဇော်ပွဲများ၌ ဓမ္မဒါန ကမ်းလှမ်းဝေငှရန် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း နှင့် ငွေရတု ဩဝါဒကထာကို လည်းကောင်း ရေးသား ပြုစုခဲ့ရပါသည်။

ရန်ကုန် သာသနာ့ပူဇော်ပွဲ အစီရင်ခံစာတွင် ဆရာတော်၏ အထက်ဖော်ပြပါ မိန့်ကြား ချက်၏ အကျဉ်းမျှလောက်ကိုသာ ဖော်ပြလျက် မင်းကွန်း မန္တလေးပူဇော်ပွဲစာစောင်၌မူ မိန့်ကြား ချက် အပြည့်အစုံကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

ဆုကြီးပန် ဖြစ်ရမတဲ့

တစ်နေ့တွင် ရန်ကုန် ခြောက်ထပ်ကြီး ဘုရားကျောင်းတိုက် နိကာယ်စာမေးပွဲ ဆွမ်းကျွေး အလှူ၌ ရန်ကုန်မြို့၊ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဥက္ကဋ္ဌ ဆရာဦးကျော်နှင့် တွေ့ဆုံမိပါသည်။

ဦးကျော်။ ။ ကျွန်တော် ဦးမောင်မောင်ရဲ့ စာအုပ် နှစ်အုပ်စလုံးကို ဖတ်ရပါတယ်၊ ထိုနှေ့ (ငွေရတုပူဇော်ပွဲနေ့)က ဆရာတော်ရဲ့ မိန့်ကြားချက်ကိုလဲ ကိုယ်တိုင် နာကြားလိုက်ရပါတယ်၊ အဲဒီ မိန့်ကြားချက်ထဲမှာ ဆရာတော်က ပကတိ သာဝကဆုကိုသာ တောင်းတယ်ဆိုတာ ကျွန်တော်တော့ လက်မခံနိုင်ဘူး။

စာရေးသူ။ ။ ဆရာတော် မိန့်ကြားတဲ့အတိုင်း ကက်ဆက်တိပ်ခွေထဲမှ လုံးစေ့ပါဠိစေ့ ကျွန်တော် ကူးယူ ဖော်ပြထားတာပါပဲ ဦးကျော်။

ဦးကျော်။ ။ တစ်ခါက ကျွန်တော်တို့အသင်းမှာ ဩဝါဒပေးဘဲ့ ဆရာတော်က ဆုကြီးပန် (ဘုရားဆု)သဘောမျိုး မိန့်ကြားဖူးပါတယ်၊ ဆရာတော် လုပ်နေတဲ့ သာသနာရေး လုပ်ငန်းတွေက ဦးမောင်မောင် သိတဲ့အတိုင်း သာမန်ပုဂ္ဂိုလ်တွေ မလုပ်နိုင်တဲ့၊ မစွမ်းဆောင်နိုင်တဲ့ အလုပ်တွေပဲဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် ဆရာတော်က ပကတိသာဝက ဆုကိုသာ အလိုရှိပါတယ်-ဆိုပေမယ့် ကျွန်တော်ကတော့ လက်မခံချင်ဘူး၊ ဘုရားဆုပဲ ဖြစ်ရမယ်လို့သာ ပြောချင်တယ်၊ ဒီကိစ္စကို ကျွန်တော် ဆရာတော်ထံ လျှောက်ထား တင်ပြထားတယ်၊ လက်နှိပ်စက်နဲ့ စာ-သုံး-လေး မျက်နှာလောက် ရှိပါတယ်၊ ဆရာတော်ထံမှ ပြန်စာတော့ မရသေးဘူးဗျာ။

စာရေးသူ။ ။ ဦးကျော်ရဲ့စာကို ဖတ်ကြည့်ချင်ပါတယ်။

ဦးကျော်။ ။ ရနိုင်ပါတယ်၊ လက်ခံ ကော်ပီတစ်စောင် ကျွန်တော် ပို့လိုက်ပါ့မယ်၊ ကျွန်တော်ပြောချင်တာ တစ်ခု ရှိတယ်၊ ဆုကြီးပန်ပုဂ္ဂိုလ်များဟာ တခါ

တလေ စီတ်ဆန္ဒ ပြောင်းလဲတတ်တယ်လို့ ဆိုတယ်၊ ဒါပေမယ့် သူ လုပ်တဲ့ အလုပ်၊ သူ ဖြည့်ဆည်းပူးတဲ့ပါရမီက ဆုကြိုးပန်ပုဂ္ဂိုလ်များရဲ့ အလုပ်မျိုး၊ ပါရမီမျိုးသာ ဖြစ်နေယင် နွုတ်က ဘာဆုပဲ ဖြစ်ပါတယ်လို့ ပြောပြော ရလဒ်ကတော့ ဆုကြိုးပန်ရလဒ်ပဲ ဖြစ် ရမှာ ခပါ့၊ မဟုတ် ဘူး လား ဦးမောင်မောင်။

အများအတွက်သာ

'ဆရာတော်သည် (ဘုရားဆု)သာ ဖြစ်ရမည်'ဟူသော ဆရာကျော်၏တင်ပြချက်(နှင့်) စာကို ကြားနာရ ဖတ်ရှုရပြီးနောက် စာရေးသူအနေဖြင့် ဤသို့ ဆက်လက် စဉ်းစားမိပါသည်။ ဗုဒ္ဓဂေါတမ လောင်းလျာသည် သုမေဓာရှင်ရသေ့အဖြစ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ ဗျာဒိတ်ခံယူစဉ်အခါက 'ကိ ံ မေ ဧကေန တိဏ္ဏောန=ငါတစ်ယောက်တည်း သံသရာမှကူးမြောက်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ သဗ္ဗညုဘုရားအဖြစ်သို့ရောက်အောင် ကြိုးကုတ်အား ထုတ်ပြီးလျှင် နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲဒုက္ခပင်လယ်ထဲမှ ထုတ်ဆောင်ကယ်တင်ပေအံ့'လို့ အဓိဋ္ဌာန်ပြုတဲ့အကြောင်း ဖတ်ရပြီးသည့်နောက် ဆရာတော်က မဟာဗုဒ္ဓဝင် ပဌမတွဲ ပဌမပိုင်း အနုဒီပနီ(ဗျာဒိတ်ခန်း)တွင် ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

> 'လောကဋ္ဌ တကိုယ်ကောင်းမကြံရာ၊ တကိုယ်ကောင်းကြံသောသူသည် အတ္တဟိတသမား (ကိုယ်ကျိုးသက်သက် ကျင့်သောသူ) ဖြစ်သည်။ ကိုယ့်အကျိုးသက်သက်ကိုသာ ရှာသောသူသည် လောကဋ္ဌ အသုံးမဝင်ဟု ပြောဆိုကဲ့ရဲ့တတ်ကြသည်။'
>
> '....အများအကျိုး သယ်ပိုးမည့်အယောင်ဖြင့် ကိုယ်ကျိုးသက်သက်ကိုသာ ရွက်ဆောင်သူကား ယုတ်မာကောက်ကျစ်သူသာ ဖြစ်၏'စသည်ဖြင့် 'မိမိဋ္ဌ သဒ္ဓာ ပညာ ဝီရိယ အား အစွမ်းရှိသောသူသည် သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ရမည်' ဟူသော ဆရာတော်၏ခံယူချက်များကို ထောက်ဆပါက ဆုကြိုးပန် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆရာတော်သည် အလောင်းတော်များ၏ လုပ်ငန်းစဉ်အတိုင်း အရင်းကြိုးကြိုးနဲ့ အမြတ်နည်းနည်းကို လိုချင်သော သူတစ်ပါး၏ အကျိုးဆောင် ဖြစ်သည်ကိုကား မငြင်းနိုင်ကြပါ။ ပို၍ထင်ရှားသည်ကား မဟာဗုဒ္ဓဝင် ကျမ်းပြီး နိဂုံးဆုတောင်းခွင့် ဆရာတော်က ဤသို့ ဆိုထားခြင်းပင် ဖြစ်၏။

ပရသ=သူတစ်ပါး၏။ အတ္တံ=အကျိုးကို။အကုဗ္ဗတော=မပြုသောသူ၏အဖို့ရာ။သကတ္ထော= မိမိအကျိုးသည်။ နတ္ထိ=မရှိနိုင်။ နတ္ထေဝ=တကယ့်ကိုမရှိနိုင်။ ဣဒံ=ဤစကားသည်။ သစ္စံ= မှန်၏။ ပုနပ္ပိ=တဖန်လည်း။ သစ္စံ=မှန်၏။ ဣတိ=ဤသို့။ ဘုဇံ=လက်ရုံးကို။ ဥက္ခိပ္ပ= ချီမြှောက်၍။ ဝုစ္စတေ=ဆိုအပ်၏။ (၀၂) ဆိုလေ့။

ဣတိ = ဤသို့။ ဝစနတော=ကဝိထိုထို ပုဂ္ဂိုလ်+ဂိုလ်တို့ မိန့်ဆိုတော်မူကြခြင်းကြောင့်။ သပ္ပု ရိသေဟိ=သူတော်ကောင်းမှန်သမျှတို့သည်။ ပရတ္ထောဝ=သူတစ်ပါး၏ အကျိုးကိုသာ လျှင်၊ ကတ္တဗ္ဗော = အဦးထားကာ ပြုထိုက်စွာ၏။ ပရတ္ထ = သူတစ်ပါး၏အကျိုးကို။ သမ္မာဒိတေ ပန = ပြည့်စုံစေအံ့သည်ရှိသော်ကား။ သကတ္ထော = မိမိအကျိုးသည်။ သမ္ပဇ္ဇေဝ နာမ=ပြည့်စုံသည်သာလျှင် မည်၏။

ဆရာတော်၏ပါရမီကို ဖြည့်ပါသည်ဆိုလျှင်

မလွန်ဆန်လှူကိစ္စများ မပေါ်သေးမီ အသင်းအဖွဲ့အစည်းများ မရှိသေးမီအခါကာလက စာရေးသူသည် အောက်မြန်မာပြည်ရှိ ရပ်ဝေးရပ်နီး မြို့ရွာဒေသအချို့သို့ ဆရာတော်၏နောက်ပါးက အလုပ်အကျွေး=ကပ်ဝယ်ကာရက်အဖြစ်ဖြင့် လိုက်ပါဆောင်ရွက်ဖူး၏။ ဆရာတော်သည် မိမိ၏ အနေအထိုင် ချမ်းသာရေး ကျန်းမာရေးတို့ကို လုံးဝမငဲ့ကွက်ဘဲ ရောက်လေရာအရပ်၌ ရဟန်းရှင်လူတို့၏ လိုအင်ဆန္ဒကိုသာ လိုက်လျော ဆောင်ရွက်တော်မူသည်။ ဂုဏ်ရှိသည်၊ ဂုဏ်ငယ်သည်။ မျက်နှာကြီးသည်၊ မျက်နှာငယ်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝသည်၊ မကြွယ်ဝသည် စသည်-စသည်ဖြင့် ခွဲခြားမှုမရှိ။ အချိန်ကာလမရွေး ပင့်လျှောက်လာပါက ချောင်ကြိုချောင်ကြားက တဲအိမ် တဲကျောင်းပင်ဖြစ်စေ အပင်ပန်း အဆင်းရဲခံ၍ ပင့်လျှောက်လာသူ၏ အလိုဆန္ဒကို ဖြည့်စွမ်းပေး၏။ ထူးခြားသောပါရမီဟု ဆိုရပါမည်။

ရှင်လူတိုင်း၏ စိတ်ချမ်းသာမှု၊ ရှင်လူတိုင်း၏အကျိုးကို လိုလားရှေးရှုပြီး ပါရမီ ဖြည့်တော်မူသော ဆရာတော်အတွက် ကပ်ဝယ်ကာရက်အဖြစ် လိုက်ပါဆောင်ရွက်နေသူအဖို့ တခါတရံ သည်းမခံလိုသောစိတ်မျိုး၊ ဝန်တိုသောစိတ်မျိုး၊ ငါပြောသလို ငါစီစဉ်သလိုသာဖြစ်ရမည်-ဟူသော စိတ်မျိုး (ဒေါမနဿ=စိတ်ဆိုးစိတ်ယုတ်)တွေ အမှတ်မထင် ဝင်လာတတ်သည်။

ထိုအခါမျိုး၌ ဤသို့ ဆင်ခြင်ရ၏။ 'ဆရာတော်သည် အများအတွက်သာ လုပ်ဆောင်နေသော ပါရမီရှင်ပုဂ္ဂိုလ်မြတ်ဖြစ်သည့်အလျောက် ဆရာတော်အား ငါတစ်ဦးတည်းသာ သက်ဆိုင်သည် မဟုတ်၊ ရှင်လူအများနှင့် သက်ဆိုင်သောပုဂ္ဂိုလ် ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် **One For All And All For One** ဆိုသည့်အတိုင်း ဆရာတော်သည် အများအတွက်ဖြစ်ပြီး၊ ရှင်လူအများသည်လည်း ဆရာတော်အတွက် ဖြစ်ပေသည်'ဟု ဆင်ခြင်ရပါသည်။

တဖန် မိမိသည် ဆရာတော်၏ သီလ,သမာဓိ,ပညာဂုဏ်များကို ကြည်ညိုသည့်အလျောက် အပင်ပန်း အဆင်းရဲခံကာ ဆရာတော်၏ မေတ္တာကရုဏာ ဥပေက္ခာ ခန္တီ စသည့် ပါရမီလုပ်ငန်းများကို ဖြည့်နေခြင်း၊ စွမ်းဆောင်ကူညီပေးနေခြင်း ဖြစ်သည်။ 'ဆရာတော်၏ အလိုဆန္ဒအတိုင်း ဖြစ်စေရမည်။ မိမိ၏ အလိုဆန္ဒအတိုင်း မဖြစ်စေရ။' မိမ်ကြောင့် ဆရာတော်အား ဆည်းကပ်လိုသူ၊ လှူဒါန်းလိုသူ၊ ဆရာတော်၏ သြဝါဒတရားတော်များကို နာကြားလိုသူ' ရှင်လူအားလုံးအတို့တွက် စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှု မဖြစ်ပါစေနဲ့ဟု မိမိကိုယ်ကို မိမိ သတိနှင့် ထိန်းချုပ်ရပါသည်။

ဆုကြီးပန် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆရာတော်၏ဒါန၊ မေတ္တာ၊ ခန္တီ-အစရှိသည့် ထူးခြားသော ပါရမီလုပ်ငန်းတို့ကို ကြည်လင်မှန်ကန်သော သဒ္ဓါစိတ်၊ မူမှန်သောစေတနာ (**True And Sincere**) တို့ဖြင့် ဖြည့်စွမ်းဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

စမ္ဘော်သာဒီး(မောင်မောင်)
၃၂-မဟာသုခလမ်း၊ ကျိုတော်ရပ်၊
အထွက်ပုဇွန်တောင်၊ ရန်ကုန်။

၁၃၄၃-ခု၊ တော်သလင်းလဆန်း ၁၀-ရက်။
(၈-၃-၈၁)

တိုဝိဋ္ဌက ဆရာတော် ၏
စေတနာနှင့် ဆန္ဒ

ဌေးလွင် (ဆားလင်းကြီး)

ထူပါရုံ ဒါယကာ နရပတိမင်းကြီး လက်ထက်ဆီက ရတနာပူရ အဝပြည်ထဲတွင် ကျမ်းဂန်တတ်မြောက်လှသော ရှင်မဟာ အရိယဝံသဆရာ ကျော်စော ထင်ရှားစွာဖြစ်၏။ ထိုဆရာကဲ့သား ပင်းယစကား ခုနစ်ကျောင်းမှ ရဟန်းကောင်း ရဟန်းမြတ်တို့မှ သက်ဆင်းခဲ့သော ပုဂံ ရွှေသာသနာ နောက်သာသနာ အနွယ်အဆက်အဝင် ပေတည်း။

ထိုဆရာသည် ပင်းယစကားကျောင်းကပင် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို သင်ကြား၍ 'မိန်းမ ကိုယ်ဝန်ဆောင် တရွက်ခန့်' ရွက်ဆောင်လောက်အောင် နူတ်တက် အာဂုံ ရွတ်-ဆောင်ပါလျက် ကျမ်းဂန်တတ်သည်၊ စာပေတတ်သည်-ဆိုသည့် သဘောကိုပင် မသိသေး၍ စစ်ကိုင်း အရပ်ဝယ် ကျမ်းဂန်တတ်သည့် ဆရာများထံ နည်းနာခံမည်ဟု စစ်ကိုင်းသို့ ကူးလေ၏။

(သာသနာဝေက်ာရ စာတမ်း၊ စာမျက်နှာ-၁၄၂)

(နရပတိမင်းကြီး နန်းတက်နှစ်ကို သာသနာ လက်ာရဋ္ဌ ဂ၄၄-ဟု ဆိုသည်။ မှန်နန်း၊ သာသနာ ဝံသပွဲဒီပိကာဋ္ဌ-ဂဝ၄-ဟု ဆိုသည်)

မဏိသာရမဉ္ဇူသာ ဋီကာကျမ်းပြု 'အရိယဝံသ ဓမ္မဿနာပတို့' ဘွဲ့တံဆိပ်တော်ရ အရှင်မဟာ အရိယဝံသ အကြောင်းကို မဟာဓမ္မ သင်္ကြန်က သူ၏ သာသနာ လက်ာရ စာတမ်းတွင် ဤသို့ ရေးထားသည်။ အံ့ရှင်မဟာအရိယဝံသသည် 'မိန်းမ ကိုယ်ဝန်ဆောင် တရွက်ခန့် ရွက်ဆောင်လောက်အောင် နူတ်တက် အာဂုံဆောင်သည့်အကြောင်း' စာပိုဒ်ကို ဖတ်ရှုရသောအခါ နှစ်သက်ကြည်နူး အထူး ကြည်ညိုမိပါသည်။ မပေါ်ပေါက်ဖူး ထူးထူးကဲကဲ အံ့ဖွယ်သရဲကို ဖြစ်စေသော ဆရာတော်တစ်ပါးဟု လေးစား အံ့သြမိပါသည်။

ယင်းသို့ အံ့သြမိခြင်းကား အကြောင်းမဲ့ မဟုတ်ပါ၊ မြန်မာနိုင်ငံသို့ သာသနာ ရောက်သည်မှ အစ သာသနာ့သမိုင်းတလျှောက်တွင် ပိဋကတ် စာပေတတ်ကျွမ်းသော်လည်း ဤမျှ နူတ်ရအာဂုံ ဆောင်နိုင်သော ပုဂ္ဂိုလ်ကား မပေါ်ထွက်ခဲ့သေးပေ။ အရှင် မဟာအရိယဝံသကား ယောက်ျား အာဇာနည်တည်း။ ထို့ကြောင့်ပင် အံ့သြကြည်ညိုခဲ့မိပါသည်။ သို့သော် တစ်ခါတရံတွင်ကား 'ဟုတ်မှ ဟုတ်ပါလေစ' ဟု သံသယပင် ဝင်ခဲ့မိပါသည်။

မြန်မာသက္ကရာဇ် ၁၃၁၂-ခုနှစ်၊ နတ်တော်လ

ထိုနှစ်တွင်ကား ကျွန်တော့် စိတ်သန္ဓန်တွင် တခါတရံ ဖြစ်ပေါ်ခဲ့သော သံသယစိတ်ကလေးမှာ ကင်းစင်၍ သွားပါတော့သည်။ ထိုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ကျင်းပသည်။ ပထမနှစ်-(၁၃၁၀) ပြည့်နှစ်တွင် အောင်မြင်သော ပုဂ္ဂိုလ်တစ်ပါးမျှ မပေါ်ခဲ့။ ဒုတိယနှစ်တွင်ကား အရှင်ပညာသာရ အာဂုံပြန် တစ်ပါးမျှသာ အောင်မြင်ခဲ့သည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အနေဖြင့် ဇွဲကောင်းကောင်းဖြင့်သာ ကျင်းပနေရသည်၊ အခြေအနေက ဟန်ပါ့မလား--ဟု စိတ်အား မထက်သန်လှ။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲအမီ တိပိဋကဓရ ပုဂ္ဂိုလ်ကျော်တစ်ပါး ထွက်ပေါ်စေလိုသော ဆန္ဒကလည်း စောနေသည်။

ဤဘတိယအကြိမ်၌ အရှင် ဝိစိတ္တသာရာဘိဝံသ ဝင်ရောက်ပြန်ဆိုသည်။ ထိုအချိန်က သက်တော် ၃၉-နှစ်သာ ရှိသေးသည်။ သို့သော် အရှင်ဝိစိတ္တသာရာဘိဝံသကား မန္တလေး ပရိယတ္တိသာသနဟိတအသင်းက ကျင်းပသော သီးခြား ဂဃသင်တန်းနှင့် စာချုပ်တန်းတို့ကို နှစ်ခြားမဖက် တဆက်ဘဲ အောင်မြင်ခဲ့သည့်ပြင် အဋ္ဌကထာကြီး သုံးကျမ်းကို နှစ်ခြားမဖက် တစ်နှစ်တည်းဖြင့် အောင်မြင်ဘော်မူသဖြင့် သက်တော် ၂၃-နှစ်ကပင် ပရိယတ္တိသာသနဟိတ မဟာစရိယ ဝဋ္ဌသကာ ဘွဲ့ထူးကို ခွဘ်ခွန်းရရှိပြီး ဖြစ်သည်။ ဆရာတော်၏ ပဋ္ဌကစာပေ အခြေခံကား ခိုင်မာ တောင့်တင်းလှသည်။ ခန္ဓာကိုယ်ဘား ဉာဏ်အား စိတ်အား နူပျို့သောအချိန်ပင် ဖြစ်သည်။ ဝီရိယကား သူမတူတန် အောင် ထက်သန်လှသည်။

ယင်းသို့ အဘက်ဘက် ပြည့်စုံလျက်ရှိရာ ဝိနည်း ငါးကျမ်းကို ပြန်ဆိုတော်မူရာ စာမျက်နှာ ၂၂၆၀ ရှိ ဝိနည်း ငါးကျမ်းကို သန့်ရှင်းပီသ ပြတ်သားစွာ အောင်မြင်တော်မူသည်။ ရေးဖြေကိုလည်း ဘဆက်ဘဲ့ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့သည်။

အရှင် ဝိဒိဘ္ဘသာရာဘိဝံသကား ဆဋ္ဌသင်္ဂါယနာခေတ် ထေရဝါဒ သာသနာစင်တွင် မကြုံစဖူး ထူးထူးကဲကဲ ရှေးဦးစွာ ပေါ်ပေါက်လာသော ပုဂ္ဂိုလ်ထူးပေတည်း။ မှန်ပါသည် ၁၃၁၃ ခုနှစ်တွင် စာမျက်နှာ ၁၃၅၀ ရှိ အဘိဓမ္မာပိဋကရှေ့ပိုင်း၊ ၁၃၁၄-ခုနှစ်တွင် စာမျက်နှာ ၃၅၅၁ မျက်နှာရှိ အဘိဓမ္မာပိဋကနောက်ပိုင်း ကျမ်းများကို အာဂုံရေ+သဘောရှေးဖြေပါ ဂုဏ်ထူးဖြင့် ချည်း အောင်မြင်ဘော်မူ၍ 'ဗုဒ္ဓသာသန ဒီဃဒ္ဓ အာဘိဓမ္မိက ●ဟာ အာဘိဓမ္မကောဝိဒ' ဘွဲ့ဘော်ကို ရတော်မူခဲ့သည်။

၁၃၁၅-ခုနှစ်တွင် စာမျက်နှာ ၃၂၉-မျက်နှာရှိ ဒီဃနိကာယ် သုတ်သုံးကျမ်းကို အာဂုံရော သဘောရှေးဖြေပါ ဂုဏ်ထူး ၂-ဆင့်ဖြင့် အောင်မြင်တော်မူသည်။ အနားမယူပဲ ၄-နှစ် ဆက်တိုက် ပြန်ဆိုဖြေဆိုဘော်မူခဲ့ရာ စာအုပ် အရေအတွက်အားဖြင့် အုပ်ရေ ၂၀-ရှိ သင်ရိုး ပဋ္ဌက သုံးပုံကို အာဂုံရော သဘောရှေးဖြေပါ ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူသည်။ ဤအုပ်ရေ ၂၀-မှာ ပါဠိဘော်သက်သက်သာ ဖြစ်သည်၊ သဘောရှေးဖြင့် အဋ္ဌကထာ+ဋီကာကျမ်းများ ပါဝင်သည်။ နိုင်ငံဘော် ဗုဒ္ဓသာသနအဖွဲ့က ဆက်ကပ်သော 'ဗုဒ္ဓသာသန ဒီဃဒ္ဓ တိပိဋကရှေ ●ဟာ တိပိဋက ကောဝိဒ' ဟူသော ဂုဏ်ထူး ၂-ထပ် ဆင့်သော ဘွဲ့တံဆိပ်တော်ကို ရှေးဦးစွာ ရရှိတော်မူခဲ့သည်။

နိုင်ငံဘော်အဝိုးရက ဆက်ကပ်သော 'ဘဒ္ဒန္တ ဝိစိတ္တသာရ ဇင်မိဋကခရ ●မွဘဏ္ဍာဂါရိက' ဟူသော ဘွဲ့ဘံဆိပ်တော်ကိုလည်း ရရှိတော်မူသည်။ အရှင်ဝိစိတ္တသာရ၏ တိပိဋကခရ ဘွဲ့ထူးကို ဆွတ်ခူးလိုက်သောအဖြစ်ကို တွေ့မြင် ကြားသိလိုက်ရသောအခါ အရှင်မဟာ အရိယဝံသ အပေါ်တွင် သံသယဝင်မိသော အကျွန်ုပ်၏ သံသယစိတ်ကား လုံးဝကင်းစင်သွားပါတော့သည်။

ထို့ပြင် အောက်ပါ ဖော်ပြလတ္တံ့သော စာပိုဒ်ကလေးသည် အကျွန်ုပ်၏ စိတ်တွင် ပေါ်လွင် ထင်ရှား၍ လာပါတော့သည်-။

'ဘုရား လက်ထက်တော်က စ၍ ကာလအရှည် ယခင်ဆိုခဲ့သော ဆရာစဉ်ဆက် နှုတ်တက်ဆောင်၍ နှုတ်တွင်သာ စောင့်ရှောက် ထိန်းသိမ်းကြကုန်သည်၊.....သာသနာနှစ်

၄၅၀ - ရောက်သောအခါ သီဟိုဠ် မင်း ၁၀ - ဆက် မြောက် သဒ္ဓါတိဿမင်း၏သား ဝဋ္ဋဂါမဏိမင်း နန်းစံခြောက်နှစ်တွင် နောင်သောအခါ သင်္ဃဝါတို့ သတိပညာ သမာဓိ ယုတ်လျော့ကြ၍ မုခပါဠိဖြင့် နှုတ်တက် မဆောင်ရွက်နိုင် လတ္တံ့သည်ကို မြင်တော်မူကုန်၍ ယခင် ဆရာစဉ်ဆက်မှ လာသော ရဟန္တာကြီး ငါးရာကို့သည် ထိုမင်း အစောင့်အရှောက် ပြုသည်ဖြစ်၍ သီဟိုဠ်ကျွန်း အစိတ်, မလယဇနပုဒ်, အသောကမည်သော လိုဏ်ဌာ အဋ္ဌကထာ နှင့်တကွ ပိဋကသုံးပုံကို ပေထက် ရေးသား တင်ထားလေကုန်၏'။ (သာသနာ လင်္ကာရ)

စတုတ္ထသင်္ဂါယနာ တင်ရခြင်း အကြောင်းကို ရေးသားသော စာပိုဒ်ဖြစ်သည်။ရဟန္တာကြီး ငါးရာတို့သည် 'နောင်အခါ သင်္ဃဝါတို့ သတိပညာ သမာဓိယုတ်လျော့၍ နှုတ်တက်အာဂုံ မဆောင်နိုင်ကုန်လတ္တံ့'ဟု မြင်တော်မူခဲ့ကြသည်။ အရှင်ဝိစိတ္တာသာရကား ထိုအမြင်ကို တော်လှန်သော သူရဲကောင်း အာဇာနည် ပေတည်း။

အရှင် မဟာအရိယဝံသသည် မိန်းမကိုယ်ဝန်ဆောင် တရွက်ခန့် ရသည်-ဟုဆို၏။ အရှင်ဝိစိတ္တာသာရ ပြန်ဆိုခဲ့သော သင်္ဃိုးပဋကသုံးပုံသည် ပေဆုပ်ဖြင့် ရေတွက်သျှင် ၂၃-ဆုပ် ရှိသည်။ အဘိဓမ္မာပိဋက တစ်ဆူတည်းပင် ၉-ကြောင်းရေး ပေဖြင့် အင်္ဂါပေါင်း ၁၉၀-ရှိသည်။ (တအင်္ဂါလျှင် ပေ ၁၂-ရွက် ရှိသည်)။ အရှင်ဝိစိတ္တာသာရသည် ပရိယတ္တိ သာသနဟိတအသင်းက ကျင်းပသော စာချတန်းကို ဇြဲဆိုစဉ်ကပင် 'စာတတ် လက္ခဏာ'ကို ကောင်းစွာ ပြခဲ့လေသည်။ တိပိဋကပြန်ဆို စဉ်ကလည်း (ထိုအချိန်ရ မတည်းဖြတ်ရသေးသော) ပါဠိတော် အသွားအလာတို့ကို ညှိနှိုင်း ထောက်ပြတော်မူခဲ့သည်။

ဗုဒ္ဓသာသနာနှုဂုဟ အဖွဲ့၏ရည်ရွယ်ချက်ကား အောင်မြင်ခဲ့လေပြီ။ ဆဋ္ဌသင်္ဂါယနာပွဲ အမီ တိပိဋကမရ ပုဂ္ဂိုလ်ကျော် တစ်ပါးကို ရွေးချယ် ဖော်ထုတ်နိုင်ခဲ့လေပြီ။ ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ကြီးတွင် အရှင်ဝိစိတ္တာသာရသည် နိကာယ်ငါးရပ် ပိဋကတ်တော်အားလုံးကို ဝိသဇ္ဇက (အဖြေ) ပုဂ္ဂိုလ်အဖြစ် ပါဠိမြန်မာ နှစ်ဘာသာဖြင့် ပီပြင်ပြတ်သားစွာ ဖြေကြားတော် မူခဲ့သည်။

ဆရာတော်၏ ကြည်လင်ပြတ်သား ဖြေဆိုသံကို နာကြားရသူတိုင်း သဂ္ဂါထုံမွှမ်း ပီတိ လွှမ်းခဲ့ရသည်။

ဤသို့လျှင် ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဆောင်ရွက်တော်မူခဲ့သည်။ ဤမျှဆိုလျှင် ဆရာတော်၏ သာသနာလုပ်ငန်း တာဝန်သည် ကျေပွန်ပြည့်စုံပါပြီလော။ ကိုယ်တိုင် ပိဋကသုံးပုံကို အာဂုံ ပြန်ဆိုဖြေကြားခြင်း၊ ဆဋ္ဌသင်္ဂါယနာတွင် ပါဠိဝိသောဓက ပဋိဝိသောဓက ဩသာနသောဓက ဝိသဇ္ဇကအဖြစ် ဆောင်ရွက်ခဲ့သော်လည်း မိမိတာဝန် ကျေပွန်ပြီဟု ဆရာတော်က မယူဆခဲ့ပေ၊ ယူဆ၍လည်း မဖြစ်ပေ။

ပထမ သင်္ဂါယနာ တင်ပွဲအပြီးတွင်, အရှင်အာနန္ဒာ၏ တပည့် အစဉ်အဆက်တို့ သုတ္တန်, အဘိဓမ္မာ နှစ်ဖြာသော ပိဋကတို့ကို တာဝန်ခွဲဝေ၍ နှုတ်တက် အာဂုံ ဆောင်တော်မူခဲ့ကြသည်။ အရှင်ဥပါလိ၏ အဆက်အနွယ်ဖြစ်သော အရှင်ဒါသက-စသည်တို့သည် ဝိနယပိဋကကို ဆောင်ရွက်တော် မူခဲ့ကြသည်။ ဤအစဉ်အလာကား တတိယ သင်္ဂါယနာ အထိပေတည်း။ ယခုလည်း ဆရာတော်

အဖို့ မိမိ၏ တိပိဋကအမွေကို ခွဲဝေ ထမ်းဆောင် နိုင်မည့် သာသနာ့ အာဇာနည် လောင်းလျာ များကို မွေးထုတ်ရပေဦးမည်။

ဤရည်ရွယ်ချက်ဖြင့်ပင် ဆရာတော်သည် သာသနာတော်၏ မူလဘူတဖြစ်သော ပရိယတ္တိ သာသနာ့တော်ကြီး ခိုင်ခိုင်ခံ့ခံ့ တည်တံ့ရေးကိုရှေးရှုလျက် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီ တော်ကြီး ကုန်းမြေတွင် 'တိပိဋကနိကာယ ကျောင်းတိုက်ကြီး'ကို ဖွင့်လှစ် တည်ထောင်တော် မူခဲ့သည်။ 'ဆိပိဋကနိကာယ သာသနာပြုဘုန်ကြီး'ကို ဖွဲ့စည်း၍ ကဲ့ပြိုယ ကာရက လွှဲအပ် ကာ တိပိဋက ပြန်ဆိုမည့် သာသနာ့ အာဇာနည်ပုဂ္ဂိုလ်တို့ကို ပြုစု စောင့်ရှောက်တော်မူသည်။

ဆရာတော်၏ 'တိပိဋက=နိကာယ ကျောင်းတိုက်ကြီး'ကား ရောဝတီမြစ်ကမ်းဘေး မိုးမိတ် ဧစတီတော်ကြီး၏ကုန်းမြေတွင် ထည်ဝါခန့်ညား အဆောက်အအုံများဖြင့် စည်ကား တိုး တက် လှုက် ရှိလေပြီ။ ဝိနယ သုတ္တန် အဘိဓမ္မာ ကျမ်းစာအလိုက် ကျောင်း အဆောက်အအုံများကို ခွဲခြား စီစဉ်ထား၍သည်။ သုံးနှစ်တာ ခရီးဝယ် အုံဆို်းလောက်အောင် စည်ကား တိုး တက်နေ သည်။ လာရောက်သူတို့၏ သဒ္ဓါတရားကို တိုးပွားကြည်လင်စေသည်။ ရုပ်ပိုင်းကသာ တိုးတည်နေ သည် မဟုတ်ပါ၊ အလုံပ်ပိုင်းကလည်း တိုးတက်အောင်မြင်နေသည်။

သုံးနှစ်တာ ခရီးပယ် ဤကျောင်းတိုက်မှ ပိဋကတစ်ပုံဆောင် သာသနာ့အာဇာနည် သုံးပါးနှင့်တကွ ဘွဲ့ရ+ကျမ်းစွဲ သာသနာ့ အာဇာနည်ပေါင်း ၁၈၀-ကျော် ပေါ်ထွန်းတော် မူခဲ့ ကြလေသည်။ ဆရာတော်သည် မိမိ၏ တိပိဋကအမွေကို လက်ဆင့်ကမ်း၍ ပေးအပ်တော်မူသည်။ ဆရာတော် ပေးအပ်သောအမွေကို အစဉ်မပျက် ထိန်းသိမ်းယွားလျှင် ပရိယတ္တိ သာသနာ့အလင်း ရောင်သည် ထွန်းပြောင်ဘောက်ပု မြန်မာ့ သာသနာဝင်တွင် စည်ပင်ဝဲ တိုးတက်လျက် ရှိပေမည်။ ဤသည်ပင်လျှင် ဆရာတော်၏ စေတနာ, ဆရာတော်၏ဆန္ဒ ဖြစ်သည်။ ဤမွန်မြတ်သော စေ တနာနှင့် ဆန္ဒတို့ကို ထာဝရ ကြိုးပမ်း ထမ်းဆောင်နိုင်ကြပါစေသတည်း။ ။

ဌေးလွင်

(ဆရာလင်းကြီး)

မှတ်ထွေးဖွယ်ကောင်းသော သာသနာ့ဝတ္ထုတစ်ခု

ဆရာမြင့်ဦးဘုန်းသာကြီး

ကမ္ဘာဦးက အလင်းရောင်

ကမ္ဘာဦးကာလက နေမရှိ၊ လမရှိ။ မြေဆီကို စားသောက်မိသဖြင့် တပ်မက်သော တဏှာ လောဘ စိတ်ကြောင့် ကမ္ဘာဦးလူ (ငြဟ္မာ) တို့၏ ကိုယ်ရောင် ကိုယ်ဝါလည်း ကွယ်လေပြီ။ လောကမှာ ဘာအလင်းရောင်မျှ မရှိ၊ မှောင်အတိ။

အလင်းရောင် မရှိ၍မဖြစ်၊ အလင်းရောင်မရှိလျှင် အလင်းရောင်နှင့် သက်ဆိုင်သော ကောင်းကျိုးများကို မရရှိနိုင်။ ထို့ကြောင့် အလင်းရောင်ကိုမျှော်လင့်ကြ၏။ အလင်းရောင်ကို တောင့်တကြ၏။ ကမ္ဘာဦးလူတို့ ဆန္ဒပြင်း၍ ပထမဆုံး နေဘစ်စင်းအလင်းရောင် ပေါ်ရလေပြီတကား။

မှောင်အုံးခံရသော မြန်မာ့သာသနာ

မြန်မာပြည်သည် ၁၂၄၇-ခုနှစ်တွင် ထီးသုဉ်း နန်းသုဉ်း၍ သူ့ကျွန်ဖြစ်ခဲ့ရ၏။ ကျွန်ဘဝမှာ သခင်၏ ဖိနှိပ် ချုပ်ချယ်မှုကို မရှုမလှ ခံခဲ့ရသည်။ ကျွန်ဝေတ်၏ ပညာရေးသည် မှေးမှိန်လှ၏။ ဗုဒ္ဓ၏ သာသနာလည်း လွတ်လပ်မှု မရှိသော ဘာသာသာသနာ ဖြစ်ခဲ့ရ၏။ မြန်မာပြည် ဗုဒ္ဓသာသနာသည် မှောင်အုံးခံနေရသည်။ အလင်းရောင်အား မရှိ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် ဆီးဗန်းနီ ဆရာတော်က-

ဂေါတမဘုန်းခေါင်၊ သာသနာရောင် လည်း၊ မပြောင်မရွှန်း၊ အမှောင်စွန်းခဲ့၊ (ဟူ၍လည်းကောင်း)

တိုင်းကြီးပြည်ကြီး၊ အခြည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသည်၊ သုဉ်းသံ့းဝဖြင့်၊ သုဉ်းရပြန်လစ်၊ သည်ခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့တတွေသည် ....၊ ဒေသသော်မတည့် .... သြော်....ကောင်းတို့၏၊ (ဟူ၍လည်းကောင်း)

ရေးသား ညည်းညူးခဲ့ရသည် မဟုတ်ပါ လော။

၁၃၁၀-ပြည့်နှစ် ပတ်ဝန်းကျင်

မြန်မာပြည်သည် ၁၃၁၀-ပြည့်နှစ်မှာ လွတ်လပ်ရေးရခဲ့သည်။ သို့သော် ထိုကာလသည် မြန်မာပြည် ဗုဒ္ဓသာသနာအတွက် မှောင်ခိုပ်မည်းသော ကာလ၊ လွတ်လပ်ပြီးစ ခေတ်သစ် မြန်မာပြည်မှာ သာသနာအတွက် အမှောင်ကို အလိုမရှိ၊ အလင်းရောင်ကို မျှော်လင့်၏။ သာသနာ့နေ+လမျာ: တဝင်းဝင်းပေါ်သင့်ပြီ၊ အလင်းရောင် နေ+လကို ကမ္ဘာဦးလူတို့ တောင့်တသလို တောင့်တနေကြပြီ။ မြန်မာပြည်မှာ နေလို လလို ထွန်းပသော တိပိဋကရ ဆရာတော် မျိုးပေါ်ထွန်းစေချင်ကြပြီ။

ထို့ကြောင့်ပင် ၁၃၁၀-ပြည့်နှစ် တပို့တွဲလဆန်း ၆-ရက်နေ့တွင် ပထမဆုံး 'တိပိဋကရ ရွေးချယ်ပွဲကြီး'ကို ကျင်းပခဲ့ကြ၏။ ထိုရွေးချယ်ပွဲကို နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ဖွင့်လှစ်ပွဲ အခမ်းအနားသို့ ပင့်သံဃာတော် တစ်ရာကျော် တက်ရောက်တော်မူခဲ့ကြသည်။

ထိုအခမ်းအနားသို့ သက်တော်-၃၇၊ ဝါတော်-၁၇ ဝါရှိ ရဟန်းတော်တစ်ပါးလည်း တက်ရောက်ခဲ့သည်။ ထိုအရှင်ကား 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ' ဘွဲ့နှင့် 'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဂဠုံသကာ' ဘွဲ့၊ 'အစိုးရ ပဌမကျော်' ဘွဲ့များကို ရရှိထားသည့် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် နာယကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတည်း။

အရှင်ဝိစိတ္တသာရာဘိဝံသသည် သံဃာစင်၌ ထေရ်စဉ်အလျောက် ရောက်သောနေရာ၌ ငြိမ်သက်စွာ ထိုင်နေ၏။ ထိုစဉ် အခမ်းအနားမှူး - ပဌမကျော် ဆရာကြီး ဦးကြီးဖေ၏ 'နိုင်ငံတော်သမ္မတကြီး ကြွလာပါပြီ' ဟူသော ကြေညာသံသည် ပွဲသဘင်တစ်ခုလုံးကို လွှမ်းခြုံ၍ သွားသည်။ အရှင်ဝိစိတ္တသာရာဘိဝံသ သည် သမ္မတကြီး၏ မော်တော်ကား ဆီသို့ ကွန်ဒြေရစွာကြည့်မိသည်။ သမ္မတကြီးသည် ရွေးချယ်ပွဲ မဏ္ဍပ်တွင်းသို့ တရွေ့ရွေ့ ဝင်လာနေသည်။

တိပိဋကရှာပုံတော် လက်အုပ်

သမ္မတကြီးသည် မော်တော်ကားမှ ဆင်းလာကတည်းကပင် သံဃာတော်များရှိရာဘက်သို့ လက်အုပ်ကို မြှောက်ချီထား၏။ မိမိနေရာသို့ ရောက်၍ နေရာတကျ ထိုင်ပြီးသော်လည်း မချသောလက်အုပ်ကို အမြဲ မြှောက်ချီထား၏။

အရှင် ဝိစိတ္တ သာ ရာ ဘိ ဝံ သ သည် သမ္မတကြီး၏လက်အုပ်ကိုသတိပြုမိသည်။ 'ဒီလက်အုပ်ဟာ သာမန် အရိုအသေ ပြုသော လက်အုပ်မဟုတ်၊ ပရိတ် တရားတော်နာဖို့ သက်သက်မဟုတ်။ တိပိဋကရေပုဂ္ဂိုလ်ကို ရာဖွဲ့နေသောလက်အုပ် ဖြစ်သည်။ ငါတို့ သာသနာ့ဝန်ထမ်း ရဟန်း

တော်များဘက်က တိပိဋ္ဌကဓရ ပုဂ္ဂိုလ် မပေါ်ထွက်နိုင်ယင်တော့ လက်အုပ်ကြွေး တင်ချေတော့မဲ့ည်။ ဒီလိုဆိုလျှင် လက် အုပ်ကြွေးကို ငါဆပ်မည်။'

အရှင် ဝိစိတ္တာသာရာဘိဝံသသည် ထိုင် ယင်း တွေးလျက် သမ္မတကြီး၏လက်အုပ် ကို အဓိပ္ပာယ်ဖွင့်နေသည်။ထိုနှစ် တိပိဋ္ဌက ဓရ ရွေးချယ်ပွဲမှာ အောင်မြင်သူ မရှိ၊ အာဂုံပြန်ပွဲ+သဘောရေးဖြေပွဲ= ၂-ရပ် အပြီးမှာ နာယကဆရာတော်များအဖွဲ့က တစ်ပါးမျှ အောင်မြင်သူ မရှိကြောင်း ကြေညာလိုက်သော အခါ ထိုအစည်း အဝေး၌ ထေရ်ငယ်ပိုင်းမှ အလယ်တော ရ စာချကျောင်း ဆရာတော် အရှင် သူရိယာဘိဝံသ နှင့် မင်းကွန်း အရှင် ဝိစိတ္တာသာရာဘိဝံသတို့ နှစ်ပါးလည်း ပါ ရှိနေသည်။ ရွေးချယ်ပွဲဥက္ကဋ္ဌ သတိုးသီရိ သုခံမှ သေဋ္ဌးကြီး ဆာ-ဉီးသွင်လည်း ပါရှိလေသည်။ သေဋ္ဌးကြီးသည် မိမိ မျှော်လင့်နေသော တိပိဋ္ဌကဓရ ပုဂ္ဂိုလ် မပေါ်ထွက်သည့်အတွက် မျက်နှာ ညှိုး ချုံး၍ သွားလေသည်။

ဆရာတော် အရှင်သူရိယာဘိဝံသက အရှင်ဝိစိတ္တာသာရာဘိဝံသအား လက်တို့ ၍ 'ဆရာတော် ရဟန်းဒကာကြီး မျက် နှာကို ကြည့်ပါဦး'ဟူ၍ တိုးတိုး ပြော သည်။ 'လာမည့်နှစ်များမှပဲ ဒကာကြီး စိတ်ကို နှစ်သိမ့်စေရတော့မှာပဲ ဆရာ တော်'ဟု အရှင်ဝိစိတ္တာသာရာဘိဝံသ က တိုးတိုး ပြန်၍ပြောသည်။ ရဟန်းဒကာ ကြီး၏ ညှိုးငယ်သောမျက်နှာကိုကြည့်ပြီး 'ယခုနှစ်တော့ ရှိစေဦးတော့၊ လာမည့် နှစ်များကျမှပဲ ရဟန်းဒကာကြီးကို နှစ် သိမ့်စေရတော့မည်' ဟု အရှင် ဝိစိတ္တာသာရာဘိဝံသ၏စိတ်ဥ ဆုံးဖြတ်ချက် ချ လိုက်သည်။

ထိုနှစ် တပေါင်းလ နေ့တစ်နေ့တွင် မင်းကွန်း ဓမ္မနာဒ သာသနာ့ မိခင် ဆရာကြီး ဒေါစမ္မစာရီ၊ သေဋ္ဌးကြီး ဆာ-ဉီးသွင်နှင့် ဒေါဒေါသိန်းတို့သည် ရှင်ဝိစိတ္တာသာရာဘိဝံသ တည်းခိုနေထိုင် ရာ ရန်ကုန်မြို့ ကင်းဘဲလ်လမ်း အောင် မြေသုခ ကျောင်းတိုက်ကြီးသို့ လာကြ သည်။ အာလာပ+သလ္လာပ ပြောဆိုကြ စဉ် တိပိဋ္ဌကဓရ ရွေး ချယ်ပွဲကြီးမှာ အောင် မြင်သူ မရှိသည့် ပူပူ နွေးနွေး သတင်းကို ပြောဆိုမိကြသည်။

ထိုအခါ အရှင်ဝိစိတ္တာသာရာဘိဝံသက 'မိမိ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ရောက်စ ဆယ့်ကိုးနှစ် အရွယ်ကစ၍ ပြုစု စောင့်ရှောက် လာခဲ့ကြသည့် သာသနာ့ မိခင်ဆရာကြီး၊ ရဟန်း ဒယကာကြီး၊ ရဟန်း အမကြီးတို့၏ ကျေးဇူးများကို တိပိဋ္ဌကဓရ စာမေးပွဲ ဝင်ရောက် ဖြေဆို ပြီး ဆပ်ပါမည်။ အနည်းဆုံး ဝိနယ ပိဋ္ဌကတစ်ပုံဆောင်အဖြစ်ဖြင့် (ဝိနယဓရ အဖြစ်ဖြင့်)ဆပ်ပါမည်။ အကယ်၍ ကျန်း မာရေး ပြည့်စုံခဲ့လျှင် တိပိဋ္ဌကဓရ ဖြစ် အောင် ကြိုးစားပါမည်'ဟု ရဲဝံ့ပြတ် သားစွာ ပြောဆိုခဲ့သည်။

လက်အုပ်ကြွေး ဆပ်နိုင်ပြီ

အရှင်ဝိဗိတ္တသာရာဘိဝံသသည် ၁၃၁၁-ခုနှစ် ကဆုန်လမှစ၍ ဝိနည်း ၅-ကျမ်းကို စတင်ကျက်မှတ်သည်။ ဝိနည်း ၅-ကျမ်းကား စာမျက်နှာ ၂၂၆၀-ရှိသည်။ တိပိဋကဓရ စာမေးပွဲ ဖြေဆိုရမည့် စနစ်မှာ ပထမ ပါဠိတော်များကို အလွတ် (အာဂုံ) ပြန်ဆိုရသည်။ အာဂုံပြန် အောင်မြင်ပြီးလျှင် သဘောရေးဖြေပွဲ ဖြေဆိုရသည်။ ထိုနှစ် နတ်တော်လဆဲ့ တိပိဋကဓရ စာမေးပွဲ ကျင်းပရာ ကျက်ရမည့်စာ တစ်လစာ ကျန်နေသေး၍ ထိုနှစ်ဆဲ့ အရှင်ဝိစိတ္တာသာရာဘိဝံသ မပြန်ဆိုလိုက်ရပေ။

၁၃၁၂-ခုနှစ် စာမေးပွဲဆဲ့ကား အရှင်သည် ဝိနည်း ၅-ကျမ်းကို အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သည်။ သဘော ရေးဖြေပွဲဆဲ့လည်း ဝိနည်း ၅-ကျမ်းဝယ် အစဉ်အတိုင်း အောင်မှတ် ၈၉၊ ၉၉၊ ၉၂၊ ၉၈၊ ၁၀၀၊ ရ၍ ဂုဏ်ထူးဖြစ် အာဂုံ+သဘော နှစ်ရပ်လုံး အောင်မြင်ခဲ့သောကြောင့် 'ဗုဒ္ဓသာသနာနုဂ္ဂဟ ဓိသီဋ္ဌ ဝိနယဓရ မဟာ ဝိနယကောဝိဒ' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ နိုင်ငံတော် အစိုးရ ကလည်း အရိုးဝါ ကနက်ဂဒက် ထီးဖြူတော်တစ်လက်အမှတ် တံဆိပ်ပါသော သာသနာ့ အောင်လံတော်နှင့် မီးသင်္ဘော၊ မီးရထားတို့၏ ပထမတန်းမှ (တပည့်နှစ်ဦးပါ) အခမဲ့ စီးနင်းခွင့် လက်မှတ်ကိုပါ ဆက်ကပ်လှူဒါန်းသည်။

၁၃၁၃-ခုနှစ်ဆဲ့ အာဘီဓမ္မာပိဋကတ် ရှေ့ပိုင်း (ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု) ငါးကျမ်း (အုပ်ရေ ၄-အုပ်၊ စာမျက်နှာ ၁၃၉၀)ကို လည်းကောင်း၊ ၁၃၁၄-ခုနှစ်ဆဲ့ အာဘိဓမ္မာပိဋက နောက်ပိုင်း (ယမိုက် ၃-အုပ်၊ ပဋ္ဌာန်း ၅-အုပ်၊ အုပ်ရေ ၈-အုပ်၊ စာမျက်နှာ ၂၅၂၁)ကို လည်းကောင်း အာဂုံရော သဘောရေးဖြေပွဲပါ ၂-ရပ်လုံးတို့ဆဲ့ ဂုဏ်ထူးဖြင့် ချည်း အောင်မြင်တော်မူ၍ 'ဗုဒ္ဓသာသနဓိသီဋ္ဌ အာဘိဓမ္မိက **မဟာ** အာဘိဓမ္မကောဝိဒ' ဟူသော ဘွဲ့ကိုရရှိပြန်သည်။ နိုင်ငံတော် အစိုးရကလည်း **အရိုးဝါ ကနက်ဂဒက် ထီးဖြူ**တော် နှစ်လက်အမှတ် တံဆိပ် ပါသော သာသနာ့ အောင်လံတော်ကို ဆက်ကပ်လှူဒါန်းသည်။

အရှင်သည် ၁၃၁၅-ခုနှစ် တိပိဋကဓရ စာမေးပွဲဆဲ့သင်ရိုး သုတ္တန္တပိဋကဒီဃနိကာယ် ၃-အုပ်၊ (စာမျက်နှစ် ၂၂၉) ကို အာဂုံပြန်ပွဲဆဲ့ ဂုဏ်ထူးဖြင့် အောင်မြင်သည့်အပြင် သဘော ရေးဖြေဆဲ့လည်း သီလက္ခန္ဓဝဂ္ဂဆဲ့ ၉၃ မှတ်၊ မဟာဝဂ္ဂဆဲ့ ၉၇ မှတ်၊ ပါထိကဝဂ္ဂဆဲ့ ၉၇ မှတ်ရ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသောကြောင့် 'ဗုဒ္ဓသာသန **ဓိသီဋ္ဌ** ဒီဃဘာဏက ကောဝိဒ' ဘွဲ့ကို ရရှိတော်မူပြန်သည်။

ဤသို့လျှင် အရှင်သည် ၄-နှစ် ၄-ကြိမ် ဆက်ကာ အကျအရှုံး လုံးဝမရှိဘဲ သင်

ရိုးပိဋကတ်သုံးပုံ အောက်၊ သတောရေး-ဖြပွဲ ၂-ရပ်လုံးတို့၌ ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူသောကြောင့်....

(က) နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးက 'ဗုဒ္ဓသာသနာ ဝိသိဋ္ဌ တိပိဋကဓရ မဟာ တိပိဋကာ ကောဝိဒ' ဟူသော ဘွဲ့တံဆိပ်တော်နှင့် ၁၃၁၅-ခုနှစ် တပို့တွဲ လဆန်း၁၀-ရက်နေ့၌ ထိုဘွဲ့တံဆိပ်တော် ဆက်ကပ်သည်ကို အကြောင်းပြု၍ တိုတွဲ **လဆန်း ၁၀-ရက် တိဝိဋကဓရနေ့** ဟူသော တံခွန်တော်အလှူကို ကပ်လှူပူဇော်လေသည်။

(ခ) နိုင်ငံတော် အစိုးရကလည်း ဆဋ္ဌသင်္ဂါယနာ၌ အရှင်အာနန္ဒာမထေရ်၏ သင်္ဂါယနာ အဖြေတာဝန်ကို ထမ်းဆောင်နိုင်ရန် ရည်သန်၍ 'ဘဒ္ဒန္တဝိစိတ္တ-သာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်၊ အရိုးဝါကနက္က ဒဏ်ထီးဖြူတော်သုံးလက် အမှတ်တံဆိပ် ပါရှိသော 'သာသနာ့ အောင်လံတော်'၊ ပထမသင်္ဂါယနာ တင်စဉ်အခါက အရှင်အာနန္ဒာမထေရ်မြတ်ဆင်စွယ်ယပ်ဝန်းကို ကိုင်ဆောင်၍ ဖြဆိုတော်မူသည်ကို အစွဲပြုကာ 'ဆင်စွယ်ယပ်ဝန်းတော်'၊ကုန်း၊ ရေ၊ လေ သုံးဌာန ရာသက်ပန် အခမဲ့လက်မှတ်တော်' တို့ကို သမ္မတအိမ်တော်၌ အခမ်းအနားကြီးစွာ ကျင်းပ၍ ၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့က လှူဒါန်းပါသည်။

အရှင်မြတ်၏အဖို့ရာ ပေးဆပ်လိုသော လက်အုပ်ကြွေးကို အပြေအလည် ပေးဆပ်ရပြီး ထားခဲ့သော ကတိနှင့် မျှော်မှန်းချက်တို့ သည် လေးနှစ်မျှ ကာလအတွင်းဖြင့် စာရင်းကုံလုံ ပြီးပြည့်စုံခဲ့လေပြီ ကကား။

ဝိဋ္ဌကတ်ကန္တာရ

တိပိဋကဓရ အောင်သောနှစ်၌ အရှင်မြတ်သည် သက်တော် ၄၂-နှစ်၊၀ါတော် ၂၂-၀ ရှိပြီ ဖြစ်၏။ ဤအသက်အရွယ်မှာ စာသင်သား ရဟန်းငယ်တစ်ဦးကဲ့သို့ နေ့စဉ်နေ့စဉ် ပိဋကတ် စာပေတို့ကို ၁၀-နာရီ မှန်မှန်ကျက်၊အံ၊ကြံ၊ကြည့်နိုင်သည်မှာ အံ့သြစရာပင်။

ထိုစဉ်က မျက်မှောက်ခေတ် မြန်မာပြည်၌ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ပုဂ္ဂိုလ် မပေါ်ထွန်းသေးချေ။အရှင်သည် မြန်မာပြည်နှင့် မျက်မှောက်ခေတ် မြန်မာ့ဗုဒ္ဓသာသနာအတွက် အံ့ဖွယ်တစ်ပါးပါပေ။ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ပုဂ္ဂိုလ်ဘဝကို လွယ်လွယ် နှင့် ရနိုင်ကြသည် မဟုတ်။ ဖြတ်သန်းသွားလာရန် ခက်ခဲသော ခရီးကို ကန္တာရဟု ဆိုရသည်။ဖြတ်သန်းသွားလာရန် ခက်ခဲသောသဲသောင်ပြင် ကျယ်ကြီးများကို သဲကန္တာရ ခေါ်ရ၏။ ဖြတ်သန်းသွားလာရန် ခက်ခဲသောတောနှင့် ရေလမ်းခရီးကိုလည်း တောကန္တာရ – ရေကန္တာရဟု မှတ်ယူကြရမည်သာ ဖြစ်သည်။ ဤသို့လျှင် ပိဋကတ်သုံးပုံ ကျမ်းစာသည်လည်း များပြားကျယ်ပြန့်နက်နဲလှ၍ ကျက်မှတ်ရန် ခက်လှပါ၏။ 'ပိဋကတ်ကန္တာရကြီး' ပါပေ။

အရှင်မြတ်သည် ပိဋကတ်ကန္တာရကြီးကို ဖြတ်သန်းရန် အသုအထည် မို့မောက်သော သဒ္ဓါအား၊ ဝီရိယအား သတိအား၊ သမာဓိအား၊ ပညာအား တို့ကို အရင်းအနှီး ပြုရသည်။ ပင်ပန်းမှုအလုပ်အထိပ်ကို ဖြတ်သန်းရသည်။ အရှင်သည် ၁၁-နှစ်သား အရွယ်ကပင် 'ပျင်းလျှင် ဖျင်းတတ်တယ်' ဟူသော ဆောင်ပုဒ်ကို စွဲမြဲစွာ နှလုံးသွင်းခဲ့သည်။ ပိဋကတ် ကန္တာရကို ဖြတ်သန်းရာ၌ ထိုလမ်းစဉ် ဆောင်ပုဒ်ပေါ်မှ မတိမ်းယိမ်းအောင် တပင်တပန်း လျှောက်ရပေလိမ့်မည်။

'ဆန္ဒဝတော မေ ကိ နာမ ကမ္မံ နသိဗ္ဗတိ=

ဆန္ဒကဲ့မို့၊ ငါသို့သဖူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာဝသည်၊ သယ်မှာမပြီး ရှိအံ့နည်း။

ဝီရိယဝတော မေ ကိ နာမ ကမ္မံ နသိဗ္ဗတိ=

ဝီရိယကဲ့မို့၊ ငါသို့သဖူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့သနည်း။

'စိတ္တဝတော မေ ကိ နာမ ကမ္မံ နသိဗ္ဗတိ=

စိတ်ဓာတ်ကဲ့မို့၊ ငါသို့ သဖူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

ဒိဋ္ဌဝတော မေ ကိ နာမ ကမ္မံ နသိဗ္ဗတိ=

ပညာကဲ့မို့၊ ငါသို့သဖူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့သနည်း။'

နောင်သောအခါ အရှင်သည် ထိုသံပေါက်လက်ာကို ရေးခဲ့သည်။ ထိုခဲယူချက်သည် အရှင့်နှလုံးသားထဲ၌ အစဉ်တည်ရှိနေခဲ့ဟန် တူသည်။ ဤသို့သော ပုဂ္ဂိုလ်ထူးအတွက် သူ ဖြတ်သန်းခဲ့ရသော ပိဋကတ် ကန္တာရကို အဘယ်မှာမအောင်မြင်ပဲ ရှိပါအံ့နည်း။

အာတိတ်နှင့် အနာဂတ်ကို ဆက်သွယ်ခြင်း

၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့ (၈-၂-၅၄)။ အရှင်မြတ်အား တိပိဋကဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲနှင့် ခြီးကျူး ပူဇော်ပွဲ ကို နိုင်ငံတော်အစိုးရက ဦးစီး ကျင်းပသော နေ့ ဖြစ်သည်။ အခမ်းအနားကို နိုင်ငံတော် သမ္မတကြီးက လျှောက်ထား:ခဲ့သည်။

'ဗုဒ္ဓအရှင်မြတ်ကိုယ်တော်တိုင် ဟောတော်မူခဲ့သော ဒေသနာတော်များ ဖြစ်သည့် ပိဋကတ်တော် အစဉ်တို့ကို ယနေ့တိုင် ရဟန်းရှင်လူအများတို့ သင်အံလေ့ကျက်ကာ လိုက်နာ ကျင့်သုံးနိုင်မှုသည် ရှေးယခင် စဉ်ဆက်မပြတ် သံဃာတော် အရှင်မြတ်တို့၏ ကြီးမားလှသော ဂုဏ်ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည် ဘုရား။

'ထို့အတူပင် နောင်ကာလတွင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့နိုင်

ရေးကိစ္စမှာ ယခုအချိန်ရှိ သာသနာ့ဝန်ထမ်း ရဟန်းတော်အားလုံး၏ ဂန္ဓဓုရ၊ ဝိပဿနာဓုရဟု ဆိုအပ်သော ဓုရနှစ်ပါးကို ကြိုးစား အားထုတ်မှု၊ လူဒါယကာများကလည်း ထိုသို့ ဓုရနှစ်ပါး ကြိုးစား အားထုတ်လျက် ရှိသော သံဃာတော် အရှင်မြတ်များအား ပစ္စည်းလေးပါး ဖြင့် ချီးမြှောက် ထောက်ပံ့မှုဟု ဆိုအပ်သော ဤအချက်နှစ်ရပ်ပေါ်တွင် လုံးဝ တည်နေပါသည် ဘုရား။'

မှန်ပါသည်။ အတိတ်က ရဟန်း သံဃာတော်တို့သည် မျက်မှောက်ခေတ် ရဟန်း သံဃာတော်တို့အား သာသနာ့ အမွေအနှစ်ကို ပခုံးပြောင်း၍ ပေးခဲ့သည်၊ မျက်မှောက်ခေတ် ရဟန်းသံဃာတော်တို့ကလည်း ထိုအမွေကို အမွန်အမြတ် ထိန်းသိမ်း၍ အနာဂတ် ရဟန်း သံဃာတော်များအား ပခုံးပြောင်းပေး ရပေဦးမည်။ ဤသို့ဆိုလျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ သုံးပါးလုံး အဘယ်မှာလျှင် သာသနာ တိမ်ကော ပပျောက်နိုင်ပါမည်နည်း။ အရှင်မြတ်သည် ထိုသို့သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သာသနာ့ လမ်းကြောင်းကို ဖြောင့်တန်းအောင် ဆက်သွယ်ပေးသူ ဖြစ်ပါ၏။ ဆက်သွယ်ရေး တာဝန်ကျသူ ဖြစ်ပါ၏။

ထို ၁၃၁၅–ခုနှစ်မှ စ၍ မြန်မာနိုင်ငံသည် တိပိဋကဓရ တစ်ပါးကို ပိုင်ဆိုင်ခဲ့ပြီ။ ဗုဒ္ဓသာသနာအတွက် အားတက်ဖွယ် ဖြစ်ခဲ့ပြီ။ ဂန်ကုန် ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပသော အခါ အရှင်မြတ်သည်အဖြာ(ဝိသဇ္ဇက) ပုဂ္ဂိုလ်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ (ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာဝစည် ဆရာတော်ဘုရားကြီးက အမေး=ပုစ္ဆက ပုဂ္ဂိုလ်အဖြစ် တာဝန်ယူ ဆောင်ရွက်တော် မူခဲ့ပါသည်။) အရှင်မြတ်သည် မျက်မှောက်ခေတ် သာသနာအတွက် အချိန်သင့် အခါသင့် ပေါ်ထွန်းလာခြင်းပါတကား....။

မျက်မှောက်ခေတ် သာသနာ၏ နေတစ်စင်း

ယခု ၁၃၄၂-ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဂိုဏ်ပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပနိုင်ရန် စီစဉ်ပေးခဲ့၏ သံဃာတော်များ၏ ညီညွတ်မှု စွမ်းအားဖြင့် သံဃာ့ အဖွဲ့အစည်းများကို အဆင့်ဆင့် ဖွဲ့စည်းနိုင်ခဲ့ပြီ။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၏အကျိုးတော်ဆောင်(အတွင်းရေးမှူး) ဖြစ်လာခဲ့၏။ ဗုဒ္ဓသာသနာကို မြန်မာနိုင်ငံတွင်သာ မက ကမ္ဘာအထိ ပျံ့နှံ့အောင် ဆောင်ရွက်တော် မူကြပေတော့မည်။

၁၃၁၀ - ပြည့်နှစ် ပတ်ဝန်းကျင်က မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်တို့ မျှော်လင့်ခဲ့ကြသော တိပိဋကာမရ သာသနာ့ နေတစင်းသည် ၁၃၁၅ ခုနှစ်မှာ ပေါ်ထွန်းလာခဲ့၏။ ကမ္ဘာဦးလူတို့သည် အမှောင်ကြောင့် ကြောက်လန့်နေခဲ့ကြရာ နေမင်းပေါ်လာသောအခါ အကြောက် ပြေကြသည်။ လွတ်လပ်ရေး ရစ ခေတ်က မြန်မာပြည် ဗုဒ္ဓဘာသာဝင်တို့လည်း သာသနာ စည်ပင် တိုးတက်ရေးအတွက် စိုးရိမ်နေခဲ့ကြရပါ၏။ သို့ရာတွင် ၁၃၁၅ ခုနှစ်မှာ မျက်မှောက်ခေတ် သာသနာ၏ ပထမဆုံးသော တိပိဋကဓရ သာသနာ့ နေတစင်း ပေါ်လာကတည်းက ပင် သာသနာအတွက် စိုးရိမ်ကြောက်ရွံ့ဖွယ် မလိုတော့ပြီ။

သာသနာ့နေမင်းသည် ထွန်းပေါ်စမှ ယနေ့တိုင်အောင် ဝင်းမြဲလင်းမြဲ ဖြစ်ပါ၏။ နောင်လည်း ကာလကြာအောင် ဝင်းနေ လင်းနေပါစေသတည်း။ သာသနာ့နေမင်း, လမင်း, ကြယ်မင်းတို့သည်လည်း အဆက်မပြတ် ထွန်းပေါ်လာနိုင်ပါစေသတည်း။ ။

ဒေါင်မွင့်ခိုင် (သရက်)



ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံ၏
ပြောင်မြောက်ထူးခြားသော ဆောင်ရွက်ချက် ၁၄ ပွဲ

အရှင် ဦးကေလာသ

ပန်းချီဝေယျာ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂ မဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင် ဝိစိတ္တသာရာဘိဝံသ၏ ဆောင်ရွက်ချက် တို့ကား ပုဂ္ဂိုလ်သာမန်တို့ ဆောင်ရွက်ဖို့ ခဲယဉ်းလှပေ၏။

အဆက်မပြတ် ထူးချွန်စွာ ဆောင်ရွက်ခဲ့

ဆရာတော်သည် ငယ်စဉ်က စ၍ ယခု တိုင်အောင်ရင်သပ်ရှုမော အံ့သြရအောင် သာသနာရေးကိစ္စ အဝဝတို့ကို ခေါင်က ချည်း ပြောင်မြောက်ထူးချွန်စွာ ဆောင် ရွက်တော် မူခဲ့လေသည်။

၁၃-နှစ်သား ကစ္စည်းသဒ္ဒါကြီး အာဂုံမြန်

အသက် ၁၃-နှစ်သား အရွယ် ရှင် သာမဏေဝတ်ဖြင့် မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီ အသင်းက ဦးစီး ကျင်း ပ ပြုလုပ်သည့် စာပြန်ပွဲ (ဝိနည်းစာပြန်ပွဲ) ၌ စာမျက်နှာ ၃၀၀ ကျော်ခန့်ရှိ ကစ္စည်း သဒ္ဒါကြီးပါဠိကို အထောက်,အမ,လွှတ် ကင်းစွာ 'ကြောင်ပုစွန်စား ကြွပ်ကြွပ် ဖေါ်း' ပြန်ဆိုတော်မူခဲ့လေသည်။ ဤကား ဦးစွာပဏ္ဏာမ ထူးချွန် ပြောင်မြောက်စွာ ရွှမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လက်ာ။ ။ဆယ့်သုံးနှစ်ရွယ်၊ သက်ငယ်ငယ်တွင်၊ ဆန်းကြယ်စွာလှ၊ ကဉ္စာယန၊ မည်ရ တင့်ဆန်း၊ သဒ္ဒါ ကျမ်းကို၊ ဘက်ကမ်း ပေါက်ရောက်၊ ရဲရဲ ဘောက်မျှ၊ အာဂုံခုနှစ်၊ ပထမဇော်နှင့်၊ ပြန်ဆိုပါသည်၊ ။ဦးစွာလက် ဇွန်စွမ်းရည်တည်း။ ။

အဘိဓမ္မာသင်္ဂြိဟ် အာဂုံပြန်ဆိုတော်မူခြင်း

တဖန် အသက် ၁၉-နှစ် အရွယ်ဘွင် ဖော်ပြရာ သံဃသာမဂ္ဂိအသင်းကြီးကပင် ဦးစီးကျင်းပ ပြုလုပ်သည့် စာပြန်ပွဲကြီးတွင် ကရောင်းဆယ်ခြောက်ချိုး ဆုကဖြင့် စာမျက်နှာ ၁၆၁-ကျော်ရှိ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို အထောက်အမ လွတ်ကင်းစွာ ကရားရေလွှတ် တတွတ်တွတ် နှုတ် လွတ် အာဂုံ ပြန်ဆို တော်မူ ခဲ့လေသည်။ ဤကား အရွယ်တော်နှင့် မလိုက်အောင် အဖွယ်ရာ ၂ ကြိမ်မြောက်စွမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လက်ာ။ ။ဆယ့်လေးနှစ်ရွယ်၊ သက်ငယ်ငယ်တွင်၊ ဆန်းကြယ်ခဲကတ်၊ ဒုဋ္ဌယတ်ဟု၊ သတ်မှတ်ခေါ်ဆို၊ သင်္ဂြိဟ်မည်ရ၊ ကျမ်းဂန္ထကို၊ ဝါစုဂုတ၊ နှုတ်လွတ်ရွှတ်၊ နရ+မန္ဒ၊ ဇိုက်ဆူကျော်ကြား၊ လွန်ထင်ရှား သည်၊ ။ဤကား ဒုတိယအကြိမ် စွမ်းဆောင်တော်မူခြင်းဟုရား။ ။

ပထမငယ်တန်း ဖြေဆို အောင်မြင်တော်မူခြင်း

အသက်အရွယ် ၁၅-နှစ်သာ ရှိသေးသော အရွှင်ဝိဓိတ္တသာရသည် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိဟ်၊ မာတိကာ+ခာတုကထာ အရကောက်ညဝါ၊ ဘာသာပြန် တို့ ပြဋ္ဌာန်းပါရှိသည့် ပထမငယ်တန်း စာမေးပွဲကို နှစ်ချင်းစွဲ ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။ ဤကား ၄-ကြိမ်မြောက်စွမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လက်ာ။ ။တစ်ဆယ့်ငါးနှစ်၊ ရွယ်တော်ခေတ်တွင်၊ စုံလင်လှစွာ၊ ကျမ်းစာပြဋ္ဌာန်း၊ တန်းပထငယ်၊ အောင်မြင်ဖွယ်ကို၊ ခက်ခယ်(ခဲ)မရှိ၊ အောင်မြင်ဘိသည်၊ တတိယမြောက် စွမ်းဆောင်ခြင်းပေ တကား။ ။

ပထမလတ်တန်း ဖြေဆိုအောင်မြင်တော်မူခြင်း

အသက်အရွယ် ၁၆-နှစ်သား အရွယ်တွင်ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိဟ်၊ မာတိကာ+ခာတုကထာ အရကောက်ညဝါ၊ ယမိုက် အရကောက်ညဝါ၊ ဘာသာပြန် ကျမ်းစာ ပါဠိပြဋ္ဌာန်းသည့် ပထမလတ်တန်းကို နှစ်ချင်းစွဲ ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။ ဤကား ၄-ကြိမ်မြောက်စွမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လင်္ကာ။ ။တစ်ဆယ့်ခြောက်နှစ်၊ ရွယ်တော်ခေတ်ဟု၊ ပျိုမျစ်နုနယ်၊ သင်္ကယ်ငယ်တွင်၊ ဆန်းအင်ဒုန္နယတ်၊ ပထမလတ်ဟု၊သတ်မှတ်ပြုဆင်၊ စာသဘင်ကို၊ အောင်မြင်ဖြဆို၊ ဂုဏ်ကဲပို သည်၊ ၊ဝိဓိရုကဝိ ဂုဏ်းဝင်တည်း။ ။

ပထမအကြိမ် ပထမကြိုးတန်း ဖြဆိုအောင်မြင်တော်မူခြင်း

အရှင်ဝိစိတ္တာသာရာဘိဝံသသည် သက်တော် နှစ် ၂၀-ပြည့်မြောက်ရာ သင်္ကရာဇ် ၁၂၉၂-ခုနှစ် နှောင်းတန်ခူးလဆန်း-၆ ရက်နေ့တွင် မင်းကွန်းတောင်ရိုး ၌ တောင်တောရတိုက် ခဏ္ဍသိမ်၌ ပထမဓမ္မနာဒ ဆရာတော် အရှင်ပညာစက္က မထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ် စ ဝါမရှိမီ ၁၂၉၃-ခုနှစ်တွင် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂဟ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကခ်ါ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ အဘိဓမ္မာယမိုက်၊ ပဋ္ဌာန်း ညဝါအရကောက်များ၊ ဘာသာပြန်၊ ဝိသုဒ္ဓိမဂ်၊ ဇာတ်ဘို့ ပြဋ္ဌာန်းပါရှိသည့် ပထမကြိုးတန်းကိုနှစ်ချင်းစီဖြဆိုအောင်မြင်တော်မူခဲ့သည်။ ၁၂၉၄-ခုနှစ်တွင် အမျိုးသား ပထမကြိုးတန်းကို နှစ်ချင်းစီ ဖြဆိုအောင်မြင်၍ တဖန် ၁၂၉၅-ခုနှစ်တွင် အစိုးရပထမကြိုးတန်းကို (*) ခရေပွင့်အမှတ်ဖြင့် ၁-နပါတ်မှ ဖြဆိုအောင်မြင်တော်မူခဲ့သည်။ ဤကား အရှင်ဝိစိတ္တာသာရ၏ ၅-ကြိမ်မြောက် စွမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လင်္ကာ။ ။ရဟန်းဖြစ်စ၊ သုဝတန်စို့၊ နှုပျိုဝယ၊ ခေတ်ကာလတွင်၊ များလှဖုံဖုံ၊ ကျမ်းစုံပြဋ္ဌာန်း၊ တန်းပထမကြိုး၊ အပြီးတိုင် မြောက်၊နှစ်ထောက်နှစ်ကြိမ်၊ ဂုဏ်သိန်ပြောလှ၊ အောင်ပွဲရသည်၊ ၊မုချအစ္ဆရိယပုဂ္ဂိုလ် တည်း။

သကျသီဟ စာမေးပွဲစာသင်တန်း အောင်မြင်တော် မူခြင်း

ထို ၁၂၉၅– ခုနှစ်မှာပင် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂဟ၊ ကခ်ါ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ ယမိုက် အောက် ၅-ကျမ်းအရကောက်၊ မာတိကာ၊ မာတုကထာ အရကောက်တို့ ပြဋ္ဌာန်းပါရှိသည့် သကျသီဟ စာသင်တန်း စာမေးပွဲကိုလည်း ပြန်ဆို+ဖြဆို အောင်မြင်တော်မူခဲ့လေသည်။ ဤကား **ဆဋ္ဌမမြောက်** စွမ်းဆောင်တော်မူခြင်း တည်း။

လင်္ကာ။ ။လွန်စွာခက်ခဲ၊ စာမေးပွဲဟု၊ အံ့အဲကြရ၊ သကျသီဟ၊ မည်ရဟစ်ကြွေး၊ မေးဖြေပွဲတွင်၊ စာသင်ခေါ်မှန်း၊ ထိုအတန်း ၌၊ မပန်းမလျ၊ အောင်ပန်းရ

သည်၊ ၊ဆဋ္ဌမမြောက် စွမ်း
ဆောင်တော်မူခြင်းဘုရား။ ။

အစိုးရပဌမကျော်
ဖြဆိုဆောင်မြင်တော်မူခြင်း

တဖန် ရဟန်းသိက္ခာ ၃၀ ဂါရှိရာ ၁၂၉၆ ခုနှစ်တွင် မလျှော့သော ဇွဲလုံ့လ ဖြင့် ပထမကြီးတန်းကို ထပ်မံ ဝင်ရောက် ဖြဆိုတော်မူရာ ပထမ တစ်စွဲကာ ပဌမ ကျော်ဘွဲ့ကို ရရှိတော်မူခဲ့လေသည်။ ဤကား ၇ကြိမ်မြောက် စွမ်းဆောင် တော် မူခြင်း ဖြစ်၏။ ထိုအခါမှစ၍ 'ပဌမကျော် အရှင်ဝိစိတ္တသာရ' ဟု မြန်မာပြည် ပရိယတ်တိသာသနာတွင် ထင် ရှားတော်မူလေသည်။

လင်္ကာ။ ။ရဟန်းသိက္ခာ၊ ဝါတော် တွက်ပြု၊ သုံးဝါရသော်၊ ပဌမ အကျော်၊အံ့ဩြော်ဆန်း ထူး၊ အောင်ပန်းခူးခဲ့၊ လူ့မှူး သခင်၊ ရှင်ပင်မြတ်စွာ၊ သာ သနာဝယ်၊ တင့်တယ် သော ဘန၊ကျော်စောလှသည်၊ ၊ သတ္တမ ကြိမ်မြောက် စွမ်း ဆောင်ပြီ တကား။ ။

သကျသီဟဓမ္မာစရိယ ဝဋ်သကာ ဘွဲ့ကို ဆွတ်ခူးခြင်း

အစိုးရ ပဌမကျော် ဘွဲ့တော်ကို ရရှိသည့် ရဟန်းသိက္ခာ သုံးဝါရှိရာ ၁၂၉၆ ခုနှစ်မှာပင် ပါရာဇိကဏ် အဋ္ဌကထာ၊ သုတ်သီလက္ခန် အဋ္ဌကထာ၊ အဋ္ဌ သာလိနီအဋ္ဌကထာ-ကျမ်းကြီး သုံးကျမ်း တို့ကို 'ယောဇနာမဏိ်း၊ အာမ်းရိုးငါး ချက်၊ ဆက္က + ပဉ္စကာ၊ ဌပနာတည့်၊ ပုစ္ဆာထွက် + တက်၊ စုဒ်ဖက်နိုင်း ရှည့်၊ ရှေ့နောက်ညှိ၍၊ သန္ဓိ အနု၊ ကေဋ္ဌဘ နှည်း၊ ဝုတ္တောဒည်းက၊ ထုတ်နည်းပဋ္ဌာ န၊ ပစ္စယနှင့်၊ နယလေးတန်၊ ပဋ္ဌာန်သာ သနာ၊ နှာသကောက်ပုံ၊ နည်းမျိုးစုံ' မေး မြန်းသည်၊ သကျသီဟ စာချတန်းစာမေး ပွဲတွင် ရှေးအခါက 'ဧအောက် စာသင် တန်းမှ နှစ်မခြား ပဲ သုံးကျမ်း ပြည့် အောင်မြင်ခဲ့ဖူးသည် မရှိသေးပဲ' ထူးထူး ချွန်ချွန် စံမရှိ ထုံးမရှိ အောင်မြင်တော်မူ သောကြောင့် 'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ်သကာ' ဟူသော ဘွဲ့ကို ရှေးဦးစွာ ဆက်ကပ်သည်ကို ခံယူတော်မူ ခဲ့လေသည်။ ဤကား အဋ္ဌမမြောက် စွမ်း ဆောင်တော် မူခြင်းပေတည်း၊

လင်္ကာ။ ။ဝါဆိုတတိယ၊ သမယတွင်၊ အရှင်ထေရ၊ ဝိစိတ္တကား၊ သကျသီဟာ၊ စာပွဲမှာလျှင်၊ 'ဝဋ်သကာ'၊ လွန်စွာထူး လည်၊ ဘွဲ့ဂုဏ်ရည်ကို၊ မြန် ပြည် အလုံး၊ အံ့မဆုံး မျှ၊ အစွေ့ရဖြင့်၊ အစပကတူး၊ ဆွတ်ယူခူးသည်၊ ၊ထူးခြား အဋ္ဌမစွမ်းဆောင်ခြင်းဘုရား။

သာသနဓဇသီရိပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော် အလှူခံရရခြင်း

တဖန် ၁၃၀၂- နှစ်တွင် (ပထမဆုံး အကြိမ် ကျင်းပသည့်) အစိုးရ စာချ

တန်းကို ဝင်ရောက်ဖြေဆို၍ နှစ်ချင်းစီ ကုဏ်ထူး သုံးကျမ်းနှင့်တကွ အောင်မြင်သဖြင့် 'သာသနာဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူခဲ့လေသည်။ ဤကား ၉-ကြိမ်မြောက် စွမ်းဆောင်တော် မူခြင်းတည်း။

လင်္ကာ။ ။ခက်ခဲလှစွာ၊ ဓမ္မာစရိယ၊ စာ
တော်ချတန်း၊ မပန်းလွယ်ကူ၊
အောင်တော် မူ၍၊ လှိုက်ဆူ
ကျော်ကြား၊ လွန်ထင် ရှား
သည်၊ ၊ဤကား နဝမ
ဆောင်ရွက်ချက် ဘုရား....။

ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာ ဝိနယ ကောဝိဒ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၃၁၂-ခုနှစ် ၃-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲတွင် စာမျက်နှာပေါင်း ၂၂၆၀ ရှိ ဝိနည်း ၅-ကျမ်းပါ ပါဠိတော်များကို အထောက် အမလွှဲဘဲ ကင်း သန့်ရှင်းစွာ ပြန်ဆိုတော်မူသည့် အပြင် သဘောရေးဖြေပဲ့၌လည်း ပါရာဇိကဏ် ၉၉-မှတ်၊ ပါစိတ် ၉၉-မှတ်၊ မဟာဝါ ၉၂-မှတ်၊ စူဠဝါ ၉၈-မှတ်၊ ပရိဝါ ၁၀၀-မှတ် ရရှိအောင်မြင်တော် မူခြင်းကြောင့် 'ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌ ဝိနယ ဓရ မဟာဝိနယ ကောဝိဒ' ဘွဲ့တံဆိပ်တော်ကို အလှူခံတော် မူရလေသည်။ ဤကား ၁၀ ကြိမ်မြောက် ပြောင်မြောက်စွာ စွမ်းဆောင်တော် မူခြင်း ဖြစ်လေသည်။

လင်္ကာ။ ။သုဒုဒ္ဓသ၊ ဝိနယမည်ရ၊ ပိဋကကို၊ နှုတ်ရအာ ဂုံ၊ ဗိုလ်ပုံအလယ်၊ တင့်တယ်သန့်ရှင်း၊ ရွတ် ပြန် ခြင်း နှင့်၊ လွန်မင်းခက်စွာ၊ သဘာဝ ဖြပွဲ၊ အခေါင်စွဲကာ၊ အောင်မြင်ပါသဖြင့်၊ သာသနာဝိသိဋ္ဌ၊ ဘွဲ့တံဆိပ်ကို၊ ခတ်နှိပ် ပန်ဆင်၊ အောင် အောင် မြင် သည်။ ဤတွင် ဒသမ စွမ်းဆောင်ခြင်းဘုရား။

ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ

၁၃၁၃ ခုနှစ် ၄ ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ပွဲ နှင့် ၁၃၁၄ ခုနှစ် ၅ ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ပွဲတို့၌ ကျမ်းစာအုပ်ပေါင်း ၁၂ အုပ်၊ စာမျက်နှာ ၄၉၈၈ ရှိ အာဘိဓမ္မာ ခုနစ်ကျမ်းကို အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုတော်မူခြင်း၊ သဘောရေးဖြေပဲ့၌ နေ့စဉ် အောင်မှတ် ၉၀ ကျော် ရရှိခြင်း

တို့ကြောင့် နိုင်ငံတော်အစိုးရတို့ လှူဒါန်း အပ်သော 'ဝိသိဋ္ဌ အာဘိဓမ္မိက မဟာ အာဘိဓမ္မ ကောဝိဒ' ဟူသော ဘွဲ့တံဆိပ် တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။ ဤကား ၁၁-ကြိမ်မြောက် စွမ်းဆောင် တော်မူခြင်းပင်တည်း။

လင်္ကာ။ ။နက်ကျယ်လှစွာ၊ ဘိဓမ္မာကို၊ ညှာ်သွာစူးရှ၊ အာဂုံရှ်။ သဘာဝ ရေးဖြေ၊ ပွဲမဟာ လည်း၊ မှတ်ရေပိုကဲ၊ဂုဏ်ထူး စွဲဖြင့်၊ မြင့်မား:စွာလှ၊ ဝိသိဋ္ဌ အာဘိဓမ္မိက၊ စသည် ဂုဏ် ဟိတ်၊ တံဆိပ်လှူန၊ အပိုင် ရသည်၊ ကောဒသမ စွမ်း ဆောင်ခြင်း ဘုရား။ ။

ဝိသိဋ္ဌ ဒီဃဘာဏက
မဟာဒီဃနိကာယ ကောဝိဒ

တဖန် ၁၃၁၅-ခုနှစ် ၆-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကရ ရွေးချယ် ပွဲဌာ် စာမျက်နှာ ၂၇၉ မျက်နှာရှိ သုတ္တန်အ ပိဋကာ ဒီဃနိကာယ် သုတ် ၃ ကျမ်းကို လည်း အထောက် အမ လွတ်ကင်းသန့် ရှင်းစွာ ပြန်ဆိုနိုင်ခြင်း၊ သဘော ရေး



ဖြေပွဲတွင်လည်း သီလက္ခန် ၉၃-မှတ်၊ မဟာဝါ ၉၇ မှတ်၊ ပါထေယျ ၉၇ မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော် မူသည့်အတွက် နိုင်ငံတော်အစိုးရတို့ လှူ ဒါန်း ဆက်ကပ် သော 'ဝိသိဋ္ဌ ဒီဃ ဘာဏက မဟာဒီဃနိကာယ ကောဝိဒ' ဘွဲ့ကို အလှူခံ ရရှိတော် မူခဲ့လေသည်။ ဤကား ၁၂ ကြိမ်မြောက် ရဲရဲတောက် စွမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

လင်္ကာ။ ။သိမ်မွေ့စွာလှ၊ သုတ္တန္တဟု၊ မည်ရနာမ၊ ပိဋကဋ္ဌ၊ ဉာဏ လွှင့်ထူ၊ အောင်တော်မူသဖြင့် ရာဇူ ဆက် သ၊ 'ဝိသိဋ္ဌဒီဃ ဘာဏက' စသည်၊ရွှေဘွဲ့ချီပြီ၊ ဤသည် ဒွါဒသမ ဆောင် ရွက်တော်မူခြင်း ဘုရား။ ။

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ
မဟာတိပိဋက ကောဝိဒ
ဘဏ်ဍဒိ ဝိစိတ္တသာရ တိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိက

အရှင် ဝိစိတ္တသာရာဘိဝံသ သည် ယင်းသို့ပိဋကသုံးပုံကို နှုတ်ငုံဆောင် ပြန်ဆိုနိုင်ခြင်း၊ သဘော ရေးဖြေပွဲတွင် အလွန်အမင်း ထူးခြားစွာ ဖြေဆိုနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရ ဆက်ကပ် လှူဒါန်းသည့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ' ဘွဲ့ တံဆိပ်တော် နှင့် 'ဘဒ္ဒန္တ ဝိစိတ္တသာရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့

တံဆိပ်တော်တို့ ကိုလည်း အလှူခံ ရရှိ တော်မူခဲ့လေသည်။

သံပေါက်

တိပိဋကရေ၊ ဝိသိဋ္ဌ၊ ပထမ ရခဲ့သည်။
ဘဏ္ဍာဂါရိက၊ လဋ္ဌန၊ ပထမရခဲ့သည်။
ဝိစိတ္တာသာရ၊ဘဒ္ဒန္တ၊ ထူးလှ မြတ်မထေရ်။

ဆဋ္ဌသံဂီတိဝိဿဇ္ဇက

၁၃၁၆ ခုနှစ်မှ စ၍ ၁၃၁၈ ခုနှစ် အထိ နှစ်နှစ်တိုင်တိုင် ကျင်းပအပ်သော ပါဋိတော် ဆဋ္ဌသင်္ဂါယနာ မဟာမွေ့ သဘင်ကြီး၌ ပုစ္ဆက ဆရာတော် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရား မေးတော်မူသမျှ တလုံးတပါဒမျှ ထစ်ခြင်း၊ မေ့ကျန်ခြင်း၊ ပျောက်ရှခြင်းအလျင်းမရှိပဲ ဖြေဆိုတော်မူ၍ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဤကား ၁၄ ကြိမ်မြောက် ပြောင်မြောက်စွာ ဆောင်ရွက်တော်မူခြင်း ဖြစ်လေသည်။

လင်္ကာ။ ။ဆဋ္ဌသင်္ဂါယနာ၊ပွဲမဟာတွင်း၊
မဟာစည်ထေရ၊ မေးသမျှကို၊
သိန္ဓဝနှင်၊ သော အသွင် သို့၊
လျင်မြန် တောက် တပို့၊ ဖြေ

ဖြေဆို သည်၊ ၊ ဤကား
တေရသမမြောက် ဆောင်
ရွက်တော်မူခြင်း ဘုရား။ ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်သည် မဟာဗုဒ္ဓဝင် ကျမ်းကြီးကို ပြုစုရေးသားခြင်း၊ တရားပွဲ ပေါင်းများစွာ ဟောကြားတော်မူခြင်း စသည့် အံ့မခန်း ဆောင်ရွက်ချက်တို့ ကြောင့် ၁၃၄၁-ပြည့်နှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသည့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိ တော်မူခဲ့လေသည်။

ကဗျာ။ ။အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊
လဋ္ဌာခတ်နိုပ်၊ တံဆိပ်တော်
မြတ်၊ မင်းဆက်ကပ်၊ ထူး
မြတ်ထေရ်မဟာ။
တိုင်းပြည် သာသနာ၊ နှစ်ဖြာ
လုံးမှာ၊ ဂုဏ်ရှိန်ဝါ၊ တိုးလှ
ဝေဝေဆာ။ ။

နိုင်ငံတော် သံဃမဟာနာယက အကျိုးဝေါ်ဆောင်

ဆရာတော် အရှင်ဝိစိတ္တသာရ တိဝံသ သည် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-

ရက်နေ့မှ စ၍ စတင် ပေါ်ပေါက်လာသော နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင် တာဝန်ကိုလည်း တည့်မတ်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။ ဤကား ၁၄-ကြိမ်မြောက် သူးချွန်စွာ ဆောင်ရွက်တော်မူခြင်းပေတည်း။

ဇာကြောင့်၊ ပေါ်လာထွန်းလာ၊ မဟာသံဃ၊ နာယကအဖွဲ့ချီး၊ အဖွဲ့ကြီးတွင်၊ လွန်လျှင်ပခာန၊ အချက်ကျသည့်၊ လေခအဓိကာရီ၊ ဂုဏ်ရည်ဖွံ့ဖြိုး၊ အကျိုးတော်ဆောင်၊ ဉာဏ်ရောင် လျှမ်းလျက်၊ ဆောင်ဆောင်ရွက်သည်....၊ လက်ဖျစ်တီး၍ အဖွယ်တည်း။

လက်ခ။ ။ပြည်ထောင်သမ္မတ၊ အစိုးရတို့၊ လုံလည်သာ ဘုန်းဓာ

မှတ်ချက် ။ဤစာပြုသူသည် သာသနာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏အဖြစ်တော်စဉ်ကို 'တိပိဋကရေ ဝုတ္တန္တဝိကာသိနီကျမ်း' အမည်ရှိသော ကျမ်းကြီးဖြင့်လည်း ရေးသားပူဇော်ခဲ့လေသည်။ ၎င်းအပြင်လည်း 'တိပိဋကမရဏုတ္တရသုပနိကျမ်း' 'စဝ်ကိုင်းသာသနာဝင်ကျမ်း' 'မဟာထေရဂုပ္ပတ္တိသန်းပန်းကျမ်း' တို့ဖြင့်လည်း ဖော်ပြပူဇော်ခဲ့လေသည်။ ။

ဦးကေလာသ
(ဘီအေ-ဟုန်း၏)
ဓမ္မာစရိယဂဏစေါစက
သာသနဓောတိပါလဓဇာဂင်း
မဟာဒိသုတာရာမတိုက်၊ ပခုက္ကူမြို့

အရှင်ဝိစိတ္တာသာရာဘိဝံသ ၏

သံခေပထေရုပ္ပတ္တိ လက်ဝဲမောင်းကွန်း

သားသမီးအလယ်းဇော်ဌင်
ဦးဖေမြင့်

၁။ မျိုးမြင့် သာကီ။ ။သမ္ဘာ ညီ
လျက်၊ ဂမ္ဘီဉာဏ်အား၊ စိန်အပ်သွားသို့၊
ထင်ရှားလီလီ၊ ပါရမီနှင့်၊ စာဂီတင့်စွာ၊
ဆေရိမဟာ၏၊ ဖွားရာဒေသ၊ ထိုဌာန
ကား၊ သာစွာ့မချို့၊ မြင်းခြံမြို့ဟု၊ မျို့
မဂ်လာ၊ 'ကျည်းပင်ရွာ'ဌာ၊ ပညာဆီမီး၊
ဖွေရှာမှီးသား၊ သူကြီး 'ဦးဆုံ'၊ ဂုဏ်ရိပ်
လုံ၍၊ တူစုံပျော်ရွှင်၊ 'ဒေါ်ဒေါ်ဆင်'၏
ဝမ်းတွင် ကိန်းအောင်း၊ ထေရ်ကျော်
လောင်းကို၊ နှစ်ထောင်းဝမ်းသာ၊ ယုယ
ကာဖြင့်၊ ကော်+ဒွာ+သတ်+တြီ၊ လ-
ကြတ္တိဟု၊ တွန်းညီဘန်ဆောင်၊ အေးမြ
ရောင်ဖြင့်၊ ဝင်းပြောင်ဌေစန်း၊ တူယှဉ်
မြန်းသည့်၊ လဆန်းဆယ့်တစ်ရက်၊ ဗုဒ္ဓ
စက်ဟူ၊ သုံးချက်နာရီ၊နေ့ခါဆီဌာ၊ရာသီ
မိဿ၊ ဟိုင်း+နာဂနှင့်၊ ပြိဿဘုံတွင်း၊
ခြသေ့မင်းလျှင်၊ ကန့်တွင်းမှာပူး၊ ရွှင်
မြူးတောင်ဟုန်၊ သိမ့်သိမ့်တုန်မျှ၊ ဂဠုန်
ဆင်မင်း၊ တူစုံချင်းလျက်၊ပျော်ခင်းစံရာ၊
ဖြိုခွာနန်းတွင်း၊ ဂုဏ် ရှိန် လင်း သည့်၊
ကြွက်မင်းစံရွှင်၊ ကုံတွင်ငွေစန်း၊ မိန်ရွှေ
နန်းဌ၊ စံမြန်းလင်မြတ်၊ စဉ်နက္ခတ်ကား၊
-မှတ်သားတဝ၊ တေဝီသလျှင်၊ သားလှ
မျက်ရှင်၊ ဖွားမြင်ပြီးခါ၊ ထေရ်လောင်း
လျာအား၊ ငယ်စွာနထွား၊ ငါးနှစ်သား
က၊ ဘိုးဘွားဖိုး၊ ဘိုင်ပင်ကြီး၊ ဆရာ့ထံ



ဒေါ်ဆင်
ယယ်တော်ကြီး

ချင်း၊ ဆက်အပ်နှင်းခဲ့၊ ထန်ပြင်းလုံ့လ၊ တတ်သိပွင့်ကို၊ ငယ်ကပင်လျှင်၊ ဉာဏ်ရည်ရွှင်လျက်၊ ကြားမြင်ခဏ၊ တတ်မြောက်ရ၍၊ တောက်ပပညာ၊ ခြောက်နှစ်မှာလျှင်၊ နှစ်ဖြာဘိုး + ဘွား၊ သဒ္ဓာပွားလျက်၊ ဘုရားသာသနာ၊ မြေးညွှန့်လျာကို၊ ခမ္မာပစ္စယ၊ နှုဂ္ဂဟဖြင့်၊ ဗုဒ္ဓသာသနာ၊ ချီးမြှင့်ပါခဲ့။ ငယ်စွာနှုထွား၊ ခုနှစ်နှစ်သား၊ တွင်၊ သင်ကြားသိပ်၊ သင့်စီမံ၍၊ မြင်း ခြံမင်းကျောင်း၊ တဖန် ပြောင်းလျက်၊ အကြောင်းသင့်စွာ၊ အခွင့်သာ၍၊ ဆရာတော်ထံ၊ အပ်နှံသင်ကြား၊ ဆယ်နှစ်သား ဘွင်၊ ဆက်ပွားသဒ္ဓါ၊ မိမာတာက၊ သာသနာ့အမွေ၊ ခံယူပေ၍၊ ထွေထွေဆန်းကြယ်၊ ပညာကြွယ်သည့်၊ သက်ရွယ်နှစ်၌၊ ထေရ်လောင်းလျာကို၊ ကောင်းစွာခွဲပ၊ 'ဝိစိတ္တ ဟု၊ သာရ'သည်၊ ဘွဲ့ထူးခြီ၍၊ တလီရှင်ချစ်၊ မြေးတော်ဖြစ်သို့၊ ထွန်းသစ်ရောင်ဖြာ၊ သာသနာ၌၊ ဝင်း ဝါထိန်ပြောင်၊ သက်နှံးရောင်ဖြင့်၊ ဘုန်းခေါင်မြတ်ဖျား၊ ထံတော်ပါးဝယ်၊ ထူးခြားထွေထွေ၊ သာမဏော 'သုခ'၊ 'ပဿိဘ'သို့၊ တူမျှပမာ၊ သက်မှာတွက်စစ်၊ ဆယ်သုံးနှစ်တွင်၊ ထွန်းသစ်ရောင်ဝါ၊ တက်နေပြာသို့၊ ပညာအရောင်၊ ထွန်းလင်းပြောင်လျက်၊ ရှစ်စောင်သဒ္ဓါ၊ သဒ္ဒါဟာကို၊ ဝင်ကာဆင်နွှဲ၊ စာပြန်ပွဲ၌၊ တစ်စွဲ၍သာ၊ အောင်မြင်ပါခဲ့၊ ပညာပါရဂူ၊ ဂုဏ်ထူးချီသည်၊ ၊စာရိုးတိုက်ကြီးဆရာတော်ဘုရား။

ရဟန်းဒါယကာ
ဆာဦးသွင်

ရဟန်းအမ
ဒေါ်ဒေါ်သိန်း

၂။ **တိုးတင့်စာရီ၊** ၊အလီလီဖြင့်၊ သာကီယဇာတ်၊ နွယ် တော် မြတ် မို့၊ လျောက်ပတ်တင့်တယ်၊ သံဃာ့လယ်၌၊ သက်ရွယ်ဆယ့်ငါး၊ ဉာဏ်မြင်ထွား၍၊ ထူးခြားအံ့ဖွယ်၊ ပထမငယ်အောင်ပန်း၊ ဆွတ်ချူမြန်းလျက်၊ ဆင့်တန်းအလတ်၊ နှစ်သောင်္ဂြိသ် တွင်၊ မ ပြတ် ဆက် စဉ်၊ ပဲ့အောင်မြင်ခဲ့၊ ပျော်ရွှင်လေ လော၊ ဝါသနာဖြင့်၊ ပ ညာ ကြီး ကုတ်၊ နောက် မဆုတ်ဘဲ၊ အား ထုတ်လျက်သာ၊ ရွယ်မှာ ပျိုမျစ်၊ ဆယ့်ကိုးနှစ်မှ၊ စွန်းသစ်မာသ၊ ငါးလချိန်ခါ၊ နှစ်ကောဇာကာ း၊ကော်+ဒွာ+နော+ဒွေး၊ခေါ်ရေး တလီ၊ ရာသီ မ ဿ၊ ဝသန္တ တည့်၊ စိ တြ ကြယ်၊ ကောင်းကင်လယ်၌၊ တင့်တယ်ရောင်ဝါ၊ ယုန်စန္ဒာနှင့်၊ ယှဉ်ကာထွန်းပ၊ သာယာလှသား၊ဆန်းစတံခူး၊တာမကူးမီ၊နေ့ထူးခြောက်ရက်၊ ကျား မင်းစက်တင်၊ မပျက်စဉ်လာ၊သာသနာ၌၊ ဝင်းဝါထိန်ပြောင်နေဘန်ဆောင်သို့၊ 'ငွေတောင်တောရ၊ သိမ်ခက္ကာ'၌၊ ဓမ္မနာဒ၊ အာစေရကို၊ သံဃာ့အလယ်၊ ဥပဇ္ဈာယ်ဟု၊ ကြီးကျယ်ကံဆောင်၊'ဂူကလေးချောင်'မှ၊တောက်ပြောင်ဉာဏ၊ ကျင့်သီလနှင့်၊ 'သစ္စဝါဒီ' ဂုဏ်ဘူးချီသား၊ ဋ္ဌီကာကာရ၊ အာစေရတည့်၊ 'ဒေါဓမ္မစာရီ'၊ ဘွဲ့ပုံမှီသည့်၊ ပါရမီခိုင်ဖြိုး၊ ဆရာကြီးနှင့်၊ မငြိုးဂုဏ်သိရ်၊ မင်းစည်းစိမ်သို့၊ ရိပ်ငြိမ်ချမ်းအေးစက်သေဌေးဟု၊ နီးဝေးနိုင်ငံ၊ သတင်းလျှံ၍၊ ဂုဏ်သံပေါ်လွင်၊ ဆာ-ဦးသွင်နှင့်သက်သွင်ပိုက်ထိန်း၊ **'ဒေါ်ဒေါ်သိန်း'** တို့၊ အေးကိန်းနေရဇန်၊ ဆုရည်သန်လျက်၊ လေးတန်ပစ္စယ၊ ခွဲးမြောက်ကြ၍ ဥပသမ္ပဒါ၊ ပြုကြီးခါ၌၊ သုံးဖြာတင့်ဆန်း၊ အကြီးတန်းကို၊ အောင်ပန်းဆွတ်ကာ၊ နှစ်မကွာဘဲ၊ တစ်ဝါအရ၊မန္တလှ၌၊ ကျင်းပဆင်နွဲ၊ စာ ပြန် ပဲ့တွင်၊ တစ်စဲ့အောင်မြင်၊ ဘွဲ့ ထူး ဆင် ခဲ့၊ နှစ်လျှင်မကွာ၊ ဆက်လျှောက်ကာဖြင့်၊ သာသနဟိတ၊ အမည်ရသည့်၊ သက္ကသီဟ၊ ဓမ္မာစရိယဝယ်၊ အဋ္ဌကထာသုံး စောင်၊ အောင်-အောင်-အောင်-ဟု၊ ဂုဏ်ရောင်လျှံညီး၊ နှစ်ချင်းပြီး၍၊ ဘွဲ့သီးနာမံ၊ သစ်စီမံ၍၊ 'ဝဋ္ဋသကာ'၊ ဆက်ကပ်ကာလျှင်၊ လွန်စွာအံ့ချီး၊ လက်ဖျစ်တီးကြ၊ ဉာဏ်မီးတောက်ပ၊ အစိုးရဝယ်၊ ပဌမအကျော်၊ ရပြီးသော်လျက်၊ နှစ်ဖော်ခူရ၊ နေ့နှင့်ညဝယ်၊ ပို့ချသင်ယူ၊ သူမတူသည့်၊ ကြည်ဖြူမြတ်နိုး၊ အား အန်ကြိုးလျက်၊ သင်ရိုးဌကထာ၊ ဋ္ဌီ-ဋ္ဌီကာကို၊ ကောင်းစွာ မွေ့နှောက်၊ ဉာဏ်ရောင်တောက်၍၊ မြင့်မောက်စုံညီ၊ ပါရမီသည် ...၊ ၊**ဉာဏ်ဖြိုးလို့ ပွင့်သည်ဘုရား**။

၃။ **ဖြိုးပွင့်ဉာဏ်**။ ။ခိုင်စုံ ညီသား၊ လီလီဂုဏ်ပန်း၊ လွန်တင့်ဆန်းလျက်၊ ပွင့်လန်းချပ်လှာ၊ ရောက်ရှစ်ဝါ၌၊ ဆရာထေရ်ကောင်း၊ နတ်ပြည်ပြောင်းသော်၊ မြကျောင်းတိုက်မွန်၊ ဂဏဝန်ကို၊ ကျပွန်တန်တန်၊ ထမ်းရွက်ရန်ဟု၊ 'ညောင်ကန်'ဘုန်းခေါင်၊ 'ရန်အောင်မင်္ဂလာ'၊ 'သမ္မာသတိ'၊ ထေရ်ဘုန်းရှိတို့၊ မိန့်ဘိ

မြွက်ဟ၊ ဩဝါဒဖြင့်၊ သာသနာ့ဝန်ဆောင်၊ ဘဲတိုင်းအောင်၏....၊ တောက်ပြောင်ပညာ၊ဆယ့်နှစ်ဝါဠ်၊ဦးစွာပထမ၊ အဦးရှု၏၊ စာချုဂုဏ်သူး၊ အောင်ပန်းခူးခဲ....၊ ဘုန်းထူးပွင့်သစ်၊ ပြည်ဆောင်ခေတ်ဝယ်၊ သုဉ်+ကော်+တိ+ကဲ၊ သက္ကရာဇ်ဘယ်၊ ပွင့်သစ်ပေါက်လဲ၊ တပို့တဲ့ဠ်၊ စိုးညဲ့နှင်းပေါက်၊ လဆန်းခြောက်ဝယ်၊ ပဋ္ဌေဆောက်သာသနာနုဂ္ဂဟမှ၊တိပိဋကခိုရ်၊ ဆေရပုဂ္ဂိုလ်ကို၊ ထုတ်ဆိုရွေးစဉ်၊ အစဖြဉ်၍၊ သုံးနှစ်ဘိုင်မြောက်၊ သုံးကြိမ်ရောက်ဘယ်၊ အဲ့လောက်ဆင်ရှား၊ ဇာနည်ဘွားဟု၊ ထူးခြားဉာဏ်ကြွယ်၊ ဗိုလ်ပုံလယ်ဠ်၊ ငါးသွယ်ဝိနယ၊ ပါဝစနကို၊ အာဂမငုံကာ၊ သံစုံဖြာလျက်၊ သာယာချို့မြ၊ နာမဝအောင်၊ စာမ-စာထောက်၊ ဆေရဘုန်းတောက်တို့၊ အလောက်ကျေပွန်း၊ ရေဘံခွန်နှင့်၊ ရေသွန် ကရား၊ ပမာလား၊သို့၊ အချားဝမ်းမြောက်၊ လက်ပန်းပေါက် အောင်၊ တောက် တောက် ပြန်ကာ၊ ရေးဖြေရာလည်း၊ ပုစ္ဆာမျှားထွေ၊ ရာနှုန်းပြေလျက်၊ ဝိသေပုဂ္ဂလ၊ မြတ်ထေရကို၊ 'ဗုဒ္ဓသာသနာနုဂ္ဂဟ ဗိသိဋ္ဌ ဝိနယဓရ + မဟာ ဝိနယကောဝိဒ'ဟု၊ ပထမဦးစွာ၊ ထွက်ပေါ်လာ၍၊ သာသနာဂုဏ်ဆူး ကြည့်-ကြည်နူး၏....၊ အံ့ကျူးစတုဏ္ဌ၊ ပဥ္စမဠဲ၊ ကဏ္ဍနှစ်ဖြာ၊ ဘိဓမ္မာတည့်....၊ ကြိမ်မှာခြောက်ဝ၊ ရောက်တုံထသော်၊ ဒီဃနိကာ၊ ရှေးနည်းသာရှင့်။ သုံးဖြာပိဋကာ၊ လေးနှစ်မျှဖြင့်၊ 'ဗုဒ္ဓသာသန ဗိသိဋ္ဌ တိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ'ဟု၊ နှစ်ဝဂုဏ်ပန်း၊ ပွင့်စုံလန်းလျက်၊ ဆင်မြန့်သပွါယ်၊ လွန်တင့်ကယ်၏၊ ဆန်းကြယ်ဉာဏ၊ 'ဘဒ္ဒန္တဝိဒိတ္ထသာရ တိပိဋကခရ ဓမ္မဘဏ္ဍာဂါရိက'ဟု၊ရာဇဘွဲ့ထပ်၊ 'ဆင်စွယ်ယပ်'နှင့်၊ နှင်းအပ်တထွေ၊ ကုန်းရေလေဠ်၊ ကိုယ်နေမပန်း၊ အာဆက်ဘန်းမှ၊ ကြွမြန်းပါရန်၊ ရာသက်ပန်လျှင်၊ လှူပြန်တဝ၊ အားမရခဲ့....၊ ဆဋ္ဌသင်္ဂါ၊ ယင်သဘာတွင်၊ ထင်စွာဝိဿဇ္ဇက၊ မြတ်ထေရဟု၊ အဂ္ဂမဟာပဏ္ဍိတ၊ လှူပြန်ရသား၊ သာသနာ့ဇာနည်၊ ဂုဏ်ရည်ထူးချွန်၊ ပညာဝန်ပုဂ္ဂိုလ်၊ တိပိဋကခိုရ်အား၊ ကြည်ညိုအံ့ချီး၊ မင်းလူထီးနှင့်၊ သီးသီးစုံညီ၊ မော်ကွန်းချီသည်....၊ ၊သာကီမျိုးမို့ မြင့်သည်ဂုဏ်း။ ။

သားသနာ့အသင်းခန့်ဦးဇင်မြင့်



တိပိဋကတ=နိကာယ သာသနာပြုအခြေကြီး

အရှင်ဇီဝကဿပ (ရန်ကုန်တိုင်းရင်းသားတပည့်)

မိုးမိတ်ကုန်းမြေ

ဤကုန်းမြေသည် ဘူမိနက်သန့်မှန် သည်။ မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာ စေတီ၊ ရွှေဘုန်းပွင့်စေတီတော်တို့ ဤကုန်းမြေတွင် တည်ရှိသည်။ မန္တလေးမြို့၏အနောက်ဘက် ရောဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိနေခြင်းကြောင့် ရောဝတီမြစ်တွင်းမှပင် ထင်ရှားစွာ ဖူးမြင်နိုင်သည်။ အရှေ့ဘက်ကမ်း တည့်တည့်တွင်လည်း မန္တလေးတောင်တော်နှင့် စေတီပုထိုးများကို ကြည်ညိုဖွယ်ရာ ဖူးမြင်နေရသည်။ အနောက်ဘက်မှလည်း စစ်ကိုင်း မင်းကွန်းတောင်တန်းကြီး ကာရံလျက် ပကတိပြီးရှိ တိတ်ဆိတ်နေသည်။ ကျေးငှက် သာရကာတို့၏ တွန်ကျူးသံတို့ဖြင့်လည်း 'တော' ဟူသော အမှတ်သညာကို ရရှိစေသည်။ စာပေ



ကျမ်းဂန် သင်အံ လေ့ကျက်ရန်နှင့် တရား ဘာဝနာများကို ပွားများအားထုတ်ရန် လျော်ကန်သင့်မြတ်လှသည်။ ထို့ကြောင့်ပင် တိပိဋကဓရဆရာတော်က ဤကုန်းမြေကို 'ဝိဝေကကုန်းမြေ' ဟူ၍ လည်းကောင်း ဆရာဦးဆန်းထွန်းက 'သင်္ဃာသကုန်းမြေ' ဟူ၍ လည်းကောင်း အမည်ပညတ် သတ်မှတ်ခဲ့ပါသည်။

တိ=နိ သာသနာပြု အခြေကြီး

တိပိဋကဓရ ဆရာတော်သည် မိမိ၏ ညီတော်များဖြစ်ကြသည့် တိပိဋက=နိကာယ စာသင်သား တို့၏ (၁) ဝိဝေကအာရုံကို မရခြင်း၊ (၂) ပစ္စည်းလေးဝ မမျှတခြင်း=ဤနှစ်ချက်ကို ဖြည့်စွက်ပေးနိုင်ရန် (က) မိမိ၏ တိပိဋက ဓရ လစာ ဆွမ်းဆန်တော်၊ (ခ) အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်၊ (ဂ) တိပိဋကဓရတွဲ့ရင့်ရတု ပူဇော်ပွဲများမှ လှူဒါန်းကြသည့် နဝကမ္မများကို မ,တည်လျက် ဆရာဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ ၁၃၄၀-ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့တွင် 'တိပိဋက=နိကာယ သာသနာပြုအခြေကြီး' ကို ဖွဲ့စည်းပြီး ကပ်ပိယကာရကအဖြစ် လွှဲအပ်ကာ ၁၃၄၀-ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် အထက်ပါ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ 'တိပိဋက=နိကာယ ကျောင်းတိုက်' ကို စတင် ဖွင့်လှစ် တည်ထောင်ခဲ့ပါသည်။

မန်းသီရိန် ဆွမ်းစားကျောင်းတွင်....

နောင်ညီပမာ ချစ်ခင်စွာ

တိုင်းနှင့်ပြည်နယ် အသီးသီး မြန်မာ နိုင်ငံ အရပ်ရပ်တို့မှ ဓမ္မာစရိယ စာချုတန်းအောင်မြင်ပြီးကြသော ကိုဏ်းပေါင်းစုံ အရှင်မြတ်တို့သည် နိကာယ်ငါးရပ် ပိဋကတ်မွေကွန်တို့ကို ကျက်-အံကြ-ကြည့်ရန် ပထမနှစ်၌ ၄၇-ပါး၊ ဒုတိယနှစ်၌ ၈၂-ပါး၊ တတိယနှစ်၌ ၁၂၃-ပါးတို့နှင့် ယခု စတုတ္ထနှစ်၌ ၁၅၂-ပါးတို့ စုပေါင်းရောက်ရှိ ဝါဆိုကြီး တမဲဝမ်းဆင်း နောင်ရင်းညီများ ပမာ ခွဲခင်ကြင်နာစွာ နေထိုင်ကြလျက် တစ်နေ့လျှင် ၁၂-နာရီ၊ ပါဠိ-အဋ္ဌကထာ-ဋီကာကျမ်းတို့ကို ကျက်-အံ-ကြ-ကြည့်လျက် ရှိတော်မူကြသည်။

ပစ္စည်းလေးဖြာ ပြည့်စုံစွာ

ဘောဇနပုံဖြစ်၍ စားမှုနေမှုဆင်းရဲ ပင်ပန်းလိမ့်မည်ဟု ထင်မြင်ဖွယ်ရှိပါ၏။ မဆင်းရဲ မပင်ပန်းပါ။ အရက်ဆွမ်းတွင်ဟင်း ၄-မျိုး ၅-မျိုးနှင့် နေ့ဆွမ်းတွင် ဟင်း၅-မျိုး ၆-မျိုး၊ နေ့စဉ် ကပ် လှူသည့်အပြင် အချိုပွဲ အချဉ်ပွဲ ပြည့်စုံစွာ၊ ညနေချမ်းမှာလည်း အဖျော်ယမကာနှင့် ညဉ့်ဘုရား ဝတ်တက်၍ ပြီး ချိန် တွင် လည်း စာကျက်-စာအံ-စာပြန် နှိုင်ရန် စတုမဓူ စသော ဆေးပစ္စည်း မျာ း ကို နေ့ စဉ် ဆက်ကပ် ပါသည်။ စာအောင်ဆုန်းချီးကျူးပွဲ၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ မိုးမိတ် စေတီတော် မျာ း ဘုရားပွဲတော်နှင့် ကထိန်သင်္ကန်းကပ်လှူပွဲ၊ တိပိဋကဓရဆရာတော်၏ မွေးနေ့ အလှူပွဲ စသော ကောင်းမှုကုသိုလ်ပွဲမျာ းကို စည်ကား သိုက်မြိုက်စွာ ကျင်းပပြီး ထိုကောင်းမှုပွဲမျာ း၌ တိ=နိ သာသနာပြုအဖွဲ့ကြီးက ဦးစီးရွေ့ ဆောင်ကာ သံဃာတော်မျာ း အား မိုး, ဆောင်း ရာသီအတွက် တက်ထရွန်သင်္ကန်းအစုံ၊ နွေရာသီအတွက် ပိတ်သင်္ကန်းအစုံ၊ ၁၂-ရာသီအတွက် လိုအပ်သလို ထီး၊ ဖိနပ်၊ စောင်မျက်နှာသုတ်၊ နေရာထိုင် (နိသီဒိုင်)၊ ဖောင်တိန်၊ နာရီ စသော ရဟန်းတို့ အသုံးအဆောင် ပစ္စည်းမျာ းကို လိုလေသေး မရှိရအောင် လှူဒါန်းပါသည်။

ရန်ကုန်မြို့ [illegible]လင်းလမ်းရှိ တိ=နိ သာသနာပြု ဌာနခွဲ၌လည်း ရန်ကုန်သို့ စာဖြေကြွကြသည့် တိ=နိ သံဃာတော်မျာ း အိပ်ရာလိပ် ယူဆောင်မသွားရတဲ့ခုတင်၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ မျက်နှာသုတ် အစုံအလင် ပြင်ဆင် လှူဒါန်းပါသည်။ မိုးမိတ်ကုန်းမြေတွင် ၄-နှစ်

ကျော် ကာလအတွင်း ကုသိုလ်ရှင် ဒကာ၊ဒကာမ များက ကျောင်းပေါင်း ၅၀-ကျော်မျှ ဆောက် လုပ်လှူဒါန်းပြီးဖြစ်ရာ တစ်ထပ်ကျောင်း၊နှစ်ထပ် ကျောင်းနှင့် သုံးထပ်ကျောင်းများ ပါဝင်ပြီး ရာသီဥတုဒဏ်ခံနိုင်ရန် အမိုး ပျဉ် အုတ်ကြွပ်နှင့် နံကပ် (ပတ်ကား) တိုက်ကျောင်းများသာဖြစ်၍ သံဃာတော်များ ချမ်းသာစွာ ပိဋကတ် စာပေ ကျမ်းဂန် သင်အံ လေ့ကျက်နိုင်ကြပါသည်။ ရေ+ မီး အပြည့်အစုံရရှိသည်။ ကျန်းမာရေးကိုဦ ရေ ချိုးခန်းများလည်း ကျောင်းထဲမှာပင် ရှိပါသည်။ ကုန်းမြေ တစ်ခုလုံးတွင် ကျောင်း အဆောက် အအုံများ စည်ကားလျက် ရှိနေပါသည်။

ကျန်းမာရေးအတွက်လည်း သံဃာတော်များ နာဖျားမကျန်းရှိခဲ့လျှင် ကျောင်းတိုက်တွင် ဆေး အပြည့်အစုံထားရှိသည့်ပြင် လိုအပ်ပါက တိုက် နယ် ဆရာဝန်ကို အလျင်အမြန် ခေါ်ယူ၍ လည်း ကောင်း၊ ထိုထက်ပိုမိုလိုအပ်ပါက မန္တလေး ပြည် သူ့ဆေးရုံကြီးသို့ နာရီပိုင်း အတွင်း ရောက် အောင် ရေယာဉ်၊ မော်တော်ကားတို့ဖြင့် အမြန် ပို့၍ လည်းကောင်း စောင့်ရှောက်ကုသပေးပါ သည်။

သံဃာတော်များအား ပြုစု လုပ် ကျွေး ရန် ကပ်ပြယကာရကများကိုလည်း ရိက္ခာလစာပေး၍ လိုလေသေးမရှိ အပြည့်အစုံ ထားရှိသည့်ပြင် သီလရှင်ဆရာကြီး ဆရာလေး များကလည်း စေ တနာ့ဝန်ထမ်း ဝေယျာဝစ္စအဖွဲ့ ၁၄-ဖွဲ့ ဖွဲ့စည်း ၍ တဖွဲ့လျှင် ဥပုသ်တပတ် တာဝန်ယူ၍ သန့်စင် ကောင်းမွန်အောင် ချက်ပြုတ် ပြုပြင်စီရင်ပေးကြ ပါသည်။ တိ=နိ သာသနာပြုအဖွဲ့ နာယကကြီး များ၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ စသော အမှုဆောင်လူကြီးများကလည်း တာဝန် အသီးသီး ခွဲဝေ၍ သံဃာတော်များ အကြားဦး ချိုသာသောစကား၊ ရွှင်ပျသော မျက်နှာထား ဖြင့် အားရဖွယ်ရာ ပြုစုစောင့်ရှောက်လျက် ရှိပါ သည်။ နာယက ဆရာတော်များကလည်း တပည့် ရင်းစိတ်ထား ဩဝါဒ ညွှန်ကြား၍ ကိုယ်တိုင် လည်း တာဝန်ယူ စောင့်ရှောက်တော် မူကြပါ သည်။

လာရောက်ကြည်ညို၊ များထိုထို

ဆိုခဲ့သော ဂုဏ်သတင်းတို့ကြောင့် မြန်မာ နိုင်ငံအရပ်ရပ်မှ လာရောက်ကြည်ညို၊သူ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး = ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူကြသူ၊ ငွေပဒေသာပင် စိုက် ထူလှူဒါန်းကြသူ၊ မဟာဗုဒ္ဓဝင်၊ သင်္ဂီယနာ အမေး-အဖြေ ကျောက်စာတိုင် စိုက်ထူလှူဒါန်း ကြသူတို့ နေ့စဉ်မပြတ် စည်ကားသိုက်မြိုက်လျက် ရှိပါသည်။

မိခင်ပမာ ဆရာဝန်ကြီး၏စေတနာ

မိခင်သည် သားများအပေါ်၌ မေတ္တာ ကရုဏာ စေတနာတို့ကြီးမားသည်၊ ကျေးဇူး များသည်။ ဆရာဝန်ကြီးကား ဤသည့် မိခင်မေတ္တာ ကရုဏာ စေတနာတို့ဖြင့် တိပိဋကတ=နိကာယ စာ သင်သားများ အပေါ်၌ စောင့်ရှောက် ပြုစု သည်။ ပဒုမ ဒေဝီ မိဖုရားကြီးသည် ပစ္စေကဗုဒ္ဓာ အလျာ သားငါးရာတို့ကို ဖွားမြင်သည့် အလား ဆရာဝန်ကြီး သည်လည်း တိပိဋကဓရ အလျာ တိပိဋက=နိကာယ စာတော် သင် သား တွေကို ဖွားမြင်ပေးလျက် ရှိသည်။

တိ=နိ သာသနာပြုအဖွဲ့ကြီး၏ စေတနာ

ပဓာနနည်းအားဖြင့် ဤအဖွဲ့ကြီးတွင် ပဓာန ဖြစ်ကြသည့် ဆရာဝန်ကြီး ၄နိုးမောင်နှံတို့၏ မေတ္တာ,ကရုဏာ,စေတနာတို့ဖြင့် ဆောင်ရွက် ချက်တို့ကို အမြွက်မျှ ဖော်ပြခဲ့ပါသည်။ တိ=နိ သာသနာပြုအဖွဲ့ကြီး၏ စေတနာ (၀၇)အဖွဲ့ဝင် များဖြစ်ကြသည့် နာယကကြီးများ၊ အတွင်းရေး မှူးများ၊ အမှုဆောင်လူကြီးမင်းများ၊ အဖွဲ့ဝင် အမျိုးသား အမျိုးသမီး အသီးသီးတို့၏ တစ်ဦး

ချင်း မေတ္တာ,ကရဏာ,မေတနာနှင့် ဆောင်ရွက်ချက်တို့ကို ဖော်ပြရလျှင်လည်း ထိုနည်း ၎င်းပင် ဖော်ပြရမည် ဖြစ်ပါသည်။

စစ်ကိုင်း မင်းကွန်းနှင့် မန္တလေးမှ အဖွဲ့ဝင် လူကြီးများက သံဃာတော်များ မန္တလေးမှ ရန်ကုန်သို့ စာဖြေအကြွတွင် မော်တော်ကား တစ်စီးလျှင် စာဖြေသံဃာ ၂-ပါး၊ ၃-ပါးခန့်မျှနှင့် ကိုယ်ပိုင်ကားပေါင်း များစွာဖြင့် စည်ကားသိုက်မြိုက်စွာ မန္တလေး ဘူတာကြီး သို့ အရောက် ပို့ဆောင်ပေးကြသည်။ အပြန်ဘွင်လည်း ထိုနည်း တူပင် ကမ်းနားအရောက်၊ ထိုမှ မော်တော်ယာဉ်ဖြင့် မင်းကွန်း ကျောင်းတိုက်သို့ အရောက် စောင့်ရှောက်ကြိုဆို ပို့ပေးကြသည်။

ရန်ကုန် ဌာနခွဲမှလည်း နာယကကြီးများ အမှူးပြု၍ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှနှင့် အဖွဲ့ဝင်လူကြီးအားလုံးတို့က ရန်ကုန် ဘူတာကြီးမှ ကြည်သာရွှင်ပျ ကြိုဆိုကြလျက် ကိုယ်ပိုင်ကားများ၊ ဟိန်းကားကြီးများဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ကြပြီး ရန်ကုန်ဌာနခွဲ(နယူးလင်းလမ်း၊တိပိဋကကျောင်းတော်)တွင် စာမေးပွဲမျာ ပြီးဆုံးသည့်တိုင် ချမ်းသာစွာ သီတင်းသုံးစေကြပါသည်။ အပြန်တွင်လည်း ထိုနည်းအတူ ပင် ပို့ဆောင်ကြပါသည်။

ဤနေရာ၌ စာဖြေသံဃာတော်များ ရန်ကုန်သို့ကြွခြင်း၊ မင်းကွန်းသို့ပြန်ကြွခြင်းတို့၌ ခရီးစရိတ်ကား မနည်းလှချေ။ ၁-နှစ် ၁-နှစ်လျှင် ကျပ်ပေါင်း တစ်သောင်း ပတ်ဝန်းကျင်မှာရှိပေလိမ့်မည်။ အခါအခွင့် သင့်လျော်အောင်လည်း စီမံပေးကြသည်မှာ - စာဖြေကြွခိုန်နှင့် ပြန်ချိန်တို့၌ အမြဲနီးရထားခရီးဦးတန်းမှ သံဃာအားလုံးကိုပို့ပေးပြီး ဘဲနွန်းသဘင်ဟက်ရောက်ရန် ကြွခိုန်၌ နိကာယဆိုင်ရာ ပိဋကတ် အာဂုံအောင် သံဃာတော်များကို အမြန်ရထား အထူးတန်းဖြင့် သွား+ပြန်ပို့ပေးသည်။ တိပိဋကက သဘောရေးဖြေအောင်မြင်သော တိပိဋက တစ်ပုံအောင် သံဃာတော်များကိုမူ လေယာဉ်ပျံဖြင့် သွား+ပြန်ပို့ပေးပါသည်။ အကျဉ်းဆုံးခြုံး၍ ပြောရပါလျှင် တိ=နိ သာသနာပြုအဖွဲ့ကြီး၏ သဒ္ဓါ + မေတ္တာ+စေတနာတို့သည် မိရင်း+ဖရင်းပမာ ကြီးမားလှပါသည်။

အဖွဲ့ကြီး၏ မျှော်လင့်ချက်

တိ=နိသာသနာပြုအဖွဲ့ကြီးသည် တိပိဋက=နိကာယ ကျောင်းတိုက်ကြီး ဖြစ်စေလိုသည်။ ဘွဲ့လွန် သာသနာ့တက္ကသိုလ်ကြီး အဖြစ် တည်ရှိစေလိုသည်။ ဤတိပိဋက=နိကာယ စာသင်အရှင်တို့ကို တိပိဋက ဓရ ဆရာတော်ဘုရားကို ကိုယ်စားပြုနိုင်သူတို့ ဖြစ်စေလိုသည်။ တိပိဋကဓရ ဆရာတော်ကဲ့သို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြဖို့ လိုလား တောင့်တမျှော်လင့်သည်။

ခြေလှမ်းညီညီ လှမ်းကြမည်

ဆရာတော် ဘုရားသည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက=ဘွဲ့တံဆိပ်တော် တည်းဟူသော ဧစီးကွာလှသော ခရီးကို ၄-နှစ် ၄-ကြိမ် တည်းဟူသော ခြေလှမ်း ၄-လှမ်းဖြင့် နှစ်မခြား အရောက် လှမ်းနိုင်ခဲ့သည်။ စာရေးသူ အပါအဝင် တပည့်တော်တို့ တိ=နိ နောင်တော်+ညီတော်များသည် ဆရာတော်၏ ခြေလှမ်းမျိုး တထပ်တည်း ကျအောင် မလှမ်းနိုင်ကြစေကာမူ ခြေလှမ်းညီညီလှမ်း၍ ဆရာတော်၏ ခြေရာကို အမီ လိုက်ကြဖို့ -ဟု အဓိဋ္ဌာန်ပြုရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အရှင်ဝိသုတ (ခရမ်း)
ကိဒိဋ္ဌက=နိကာယကျောင်းတိုက်
မိုးမိတ်ကုန်းဧရိယာ
မင်းကွန်းဒေသ
(၁၁/၁၁/၄၃)

ဇာနည်ကျောင်းဖောင်

မထေရ်ကျော်

ဒေဝံ့ညင်း

ရှေးကပြုဖူး၊ ဒါနထူးကို၊ ကြည်နူးစေ့စေ့၊ အောက်မေ့ဖန်များ၊ ကုသိုလ်ပွား၏။

'သာဝတ္ထိယံ ဘန္တေ' အစချီသော ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ ၏ ကြည်လင်ပြတ်သား ကြည်ညိုသဒ္ဓါ ပွားရသော အသံတော်သည် ဆင္ဒသင်္ဂါယနာလိုဏ်ဂူတော်ကြီးကို ပဲ့တင်ထပ်စေခဲ့ပါသည်။ သင်္ကန်းတော်များ အရောင်ကြောင့် လိုဏ်ဂူတော်ကြီးမှာ ရှေတောင်ပေါက်သည့်နှယ်။ တစ်ကြိမ်တစ်ခါမျှ စုစုဝေးဝေး

သံဃာတော် ၂၅၁၀-ကို မဖူးတွေ့ရဖူးသည့်အတွက်လည်း လိုက်လိုက်လဲလဲ ပူဇော်၍ မဝနိုင်အောင် ရှိပါတော့သည်။ ကျွန်မတို့ ကင်းထောက်အမျိုးသမီးများမှာ ဘုရားဖူးပရိသတ်များအား လမ်းပြလမ်းရှင်း ပေးရသည်။ အမျိုးသမီးများ၊ သူနာပြုတပ်ဖွဲ့များနှင့်အတူ ကျန်းမာရေးအတွက် အကူအညီ ပေးရသည်။ ကြိုးကျယ်သော အသူ မဟုတ်လင့်ကစား ဤသာသနာ့ပွဲကြီးတွင် လုပ်အားလှူရသည်များကို ယနေ့ပြန်၍ သတိရ၊ ပရစေတနာ တရား ကုသိုလ်ပွားရပါသည်။

သင်္ဂါယနာ အမေး၊ အဖြေများ အသံလွှင့်သည်ကို ကြားရလျှင် ကြည်နူး၍ မဆုံးခဲ့၊ ကျမ်းစာအုပ်များကို ဖွင့်၍ ဖတ်တော်မူသည်ဟု အထင် ရှိခဲ့ပါသည်။ သို့ရာဘွင် အဖြေ ဆရာတော်ဘုရား၏ နှုတ်တက်အာဂုံ ကရားရေလွှတ် ရွတ်ဆို ဖြေကြားတော်မူခြင်း ကြားသိရသည့်အခါ၌ကား အံ့သြ၍ မဆုံးနိုင်ခဲ့ပါ။ မကြည်ညိုဘဲ မနေနိုင်ခဲ့ပါ။ ကျက်ဉာဏ်၊ မှတ်ဉာဏ် ကောင်းသည်ဆိုခြင်းမှာ ရှေးဘုန်းကံကောင့်ဟု သိသာနိုင်ပါသည်။ 'ဓည ပုည လက္ခဏ သပ္ပုန္ဒ'ဟူသော စာဆိုနှင့်အညီ ဘုန်းနှင့်ပညာ ထက်ကြပ်ပါလာသော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း သိရပါသည်။ ကျွန်မတို့မှာ စာတစ်ပုဒ် ကျက်ရသည်မှာ မောပါဘိခြင်း။

ယဘ္ဆ=အကြင်အမျိုး၌။ သော ဓိရော=တစ်ထောင်မှာ တစ်ယောက်၊ ထွန်းပေါက်ရန် မလွယ်၊တကယ်ပင်ရှားပါး၊ ထိုယောက်ျား အာဇာနည်သည်။ဇာယတိ=ဘုန်းကံအလျောက်၊ပေါ်ပေါက်ဖြစ်ပွားလတ်၏။ တံ ကုလံ=ထိုအာဇာနည် ဖြစ်လာသော အမျိုးအနွယ်သည်။ သုခံ=ချမ်းသာခြင်းသို့။ ဓေတိ=ရောက်ရ၏ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူကြောင်း သိရှိရပါသည်။

ဆရာတော် အရှင်သူမြတ်၏ ပညာဉာဏ် ပါရမီကား အံ့ဖွယ်သူရဲဖြစ်ကြောင်း စာအစောင်စောင် ဖတ်ရှု၍ ကြည်ညိုသဒ္ဓါ ပွားရပါသည်။ သာမဏေဘဝကပင် ဉာဏ်အမြင် ဆန်းကြယ်ခြင်းကြောင့် 'ရှင်ဝိစိတ္တသာရ'ဟု တွဲတော်ခံယူခြင်း ဖြစ်ပါသည်။

၁၃-နှစ်အရွယ်ဘွင် သဒ္ဒါကြီးရှစ်စောင်ကို ပထမစွဲ၍ အောင်မြင်တော်မူခြင်း၊ ၁၄-နှစ်အရွယ်ဘွင် သင်္ဂြိဟ် ၉-ပိုင်း၊ ၁၅-နှစ်တွင် ပထမငယ်၊ ၁၆-နှစ်တွင် ပထမလတ် အောင်မြင်တော်မူခြင်း၊ ရဟန်းဖြစ်သောနှစ်၌ အစိုးရ ပထမကြိုးတန်းတွင် လယ်းခကောင်း၊ ရဟန်းသိက္ခာ ၂-ဝါအရတွင် သကျသီဟ စာသင်တန်းနှင့် အစိုးရ ပဉ္စမကြိုးတန်းတွင် (*) ခရေပွင့်အမှတ်ဖြင့် နံပါတ် ၁-အောင်မြင်ခြင်း၊ ရဟန်းသိက္ခာ ၄-ဝါအရတွင် အစိုးရ ပဉ္စမကျော်နှင့် ပရိယတ္တိ သာသနဇ်တ သကျသီဟ

စာချုတန်းတွင် အဋ္ဌကထာကြီး ၃ ကျမ်းကို ၁-နှစ်တည်းနှင့် စံချိန်သစ်ဖြင့် အောင်တော်မူသည့်အတွက် 'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ်သကာ' ဟူသော ဘွဲ့တော် ဆက်ကပ်ခြင်း ခံခဲ့ရပေသည်။ ပါဠိမြန်မာအသင်း၏ 'အဋ္ဌကထာပြန် အကျော်' ရွှေတံဆိပ်ကြီးနှင့် ရဟန်းသိက္ခာ ၉ ဝါ အရတွင် အစိုးရ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဟူသော ဂုဏ်ထူးဆောင်, စာချဘွဲ့တိဆိပ်ကို ရတော်မူလေသည်။ ရဟန်းသိက္ခာ ၈-ဝါ အရကပင် ဓမ္မနာဒ ကျောင်းတိုက်၏ ဦးစီးနာယက ၎င်တော်မူသည်မှာလည်း ထူးကဲသော ပါရမီကြောင့်ဟု ဆိုနိုင်ပါသည်။

၁၃၁၂-ခုနှစ် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲ၌ စာမျက်နှာ ၂၂၀၀-ကျော်ရှိ ဝိနည်းပါဠိတော်ကြီး ၅-ကျမ်းကို အာဂုံ၊ သဘော ပြန်ဆို၊ ရေးဖြေရာ၌ 'ဝိနယဓရ' ဘွဲ့တော်တွင် ဝိသိဋ္ဌ ဂုဏ်ထူးကို လည်းကောင်း၊ ဝိနယ ကောဝိဒ ဘွဲ့တော်တွင် မဟာ ဟူသော ဂုဏ်ထူးကိုလည်းကောင်း ရတော်မူသည်ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရ+မဟာ ဝိနယကောဝိဒ ဟူသော ဂုဏ်ထူး ၂-ထပ် ဘွဲ့ဘော်မြတ်ကို ဆက်ကပ်ခံယူ ရရှိတော်မူခဲ့ပါသည်။

၁၃၁၃-ခုနှစ်နှင့် ၁၃၁၄-ခုနှစ်တို့၌ အဘိဓမ္မာပိဋကဓရ ရှေ့ပိုင်း ၅-ကျမ်း၊ နောက်ပိုင်း ၂-ကျမ်း စာအုပ်ရေ ၁၂-အုပ်၊ စာမျက်နှာ ၃၀၀၀-ကျော်ရှိ ဓမ္မက္ခန္ဓာ ၄၂၀၀၀ တို့ကို အာဂုံ+ရေးဖြေ ၂ ထွေလုံး၌ပင် ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူသောကြောင့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ အာဘိဓမ္မိက+မဟာ အဘိဓမ္မ ကောဝိဒ ဘွဲ့တော်ကို လည်းကောင်း၊ ၁၃၁၅ ခုနှစ်၌ တိပိဋကဓရ စာမေးပွဲ မကျင်းပသေးမီ အချိန်အတွင်း ဆဋ္ဌသင်္ဂါယနာ ဆိုင်ရာ ပါဠိဝိသောဓကတာဝန်၊ ပါဠိပဋိဝိသောဓက

တာဝန်၊ သြသာန သောဓက တာဝန်တို့ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူရုံမျှမက စာမျက်နှာ ၂၀၀ ကျော်ရှိ ဒီဃနိကာယ် သုတ်သုံးကျမ်းတို့ကို အထောက်အမ ကင်းလွတ်စွာ ယခင်က ချွတ်ယွင်းချက်ဖြစ်သော ပါဠိ အပိုအပျက် အချက် ၈-ချက်ကိုပါ စာပြန်ဆိုယင်း ဖြေရှင်းဆုံးဖြတ်သည့်ပြင် အာဂုံ သဘောနှစ်ရပ်လုံး ဂုဏ်သူးဖြင့်ချည်း အောင်မြင်တော်မူသောကြောင့် ဗုဒ္ဓသာသန၊ ဝိသိဋ္ဌ ဒီဃ-ဘာဏကက+မဟာ ဒီဃနိကာယ ကောဝိဒ ဟူသော ဘွဲ့တံဆိပ်အပြင်၊ ၄ နှစ် ၄ ကြိမ် ပြန်ဆို+ရေးဖြ နှစ်ထွေဒွန်တွဲ. ဂုဏ်သူးဖြင့်ချည်း အောင်ပွဲ ဆင်ခဲ့သဖြင့် သင်ချီး ပိဋကသုံးပုံ စုံလင်ပြီဖြစ်ရကား ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ + မဟာတိပိဋက ကောဝိဒ ဟူသော ဂုဏ်ထူး ၂ ထပ် ဘွဲ့ပုံတော်လက်မှတ် ဆက်ကပ်သည်ကို ခံယူရရှိတော်မူခဲ့ပါသည်။

ထို ၁၃၁၅-ခုနှစ်မှာပင် အရှင်သူမြတ်သည် ၁၃၁၆-ခုနှစ်၌ စတင်ကျင်းပမည့် ထေရဝါဒ ဆဋ္ဌသင်္ဂါယနာတွင် အရှည်ပါလို၊ အရှင်အာနန္ဒာတို့အလား သင်္ဂါယနာအဖြတာဝန်ကို တစ်ပါးတည်း ထမ်းဆောင်ရမည်ကို သိရှိ၍ နိုင်ငံတော် အစိုးရက သင်္ဂါယနာဖြေသောအခါ ကိုင်ဆောင်ရန် 'ဆင်စွယ်ယပ်ဝန်း' နှင့်တကွ ဘဒ္ဒန္တဝိစိတ္တသာရ ဘိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဟူသော ဘွဲ့ထူးကိုဆက်ကပ်လှူဒါန်းလေသည်။ သို့ရကား ဆရာတော်ကို 'ဘွဲ့တော်စုံ သေဋ္ဌး' ဟု ဆိုရပါမည်။

၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ကျင်းပသော 'ထေရဝါဒ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ပွဲကြီး' တွင် ဆရာတော်သည် စာအုပ်ကြည့်၍ ရွတ်ဆိုနေသည့် အသား အဖြတော်တာဝန်ကို အံ့ဖွယ်ရာ ယူတော်မူခဲ့သည့် ထူးခြားသော ပုဂ္ဂိုလ် သူမြတ် ဖြစ်ပါသည်၊ 'ထေရဝါဒ ဆဋ္ဌသံဂီတိ ပါဠိတော် သင်္ဂါယနာ' ပြီးဆုံးသော အခါ ဆရာတော်သည် 'မဟာဗုဒ္ဓဝင် ကျမ်းကြီး' ကို(ဆဋ္ဌသင်္ဂါယနာကို ရည်ညွှန်း၍) အဘွဲ့အား ဖြင့် ၆-တွဲ၊ (မဂ္ဂင်ရှစ်ရပ် မဇ္ဈိမ ပဋ္ဌပတ်ကို ရည်ညွှန်း၍) အုပ်ရေအား ဖြင့် ၈-အုပ်ဘို့ကို ဓမ္မဒါန သက်သက်အဖြစ် ရေးစီရင်တော်မူပါသည်။ ဆရာတော်ဘုရား၏ ဘူးခြားချက်မှာ အာဂုံဆောင်ရာ၌ ပြတ်သားပ်သ ရှင်းလင်းစွာ ပြန်ဆိုနိုင်ခြင်း၊ သဘောရေးဖြေ စာမေးပွဲများ၌ ၉၀-ကျော် အောင်မှတ် ရရှိတော်မူခြင်းများပင် ဖြစ်ပါသည်။ မြင်းကောင်းစိုင်းသည့်နယ် ပြတ်ပြတ်သားသား ပီပီသသ ပြန်ဆိုတော်မူနိုင်သော မှတ်ညာဏ် ပါရမီတော်ကြောင့် ကြည်ညိုသဒ္ဓာ အထပ်ထပ် ပွားကြရပါသည်။ အာဂုံဆောင် မှတ်ဉာဏ် ထက်သန်လှသောကြောင့် 'ဇာနည်ဘုန်းမော် မဆထရ်ကျော်' ဟူ၍ မှတ်တမ်းတင်ကြပါသည်။

သက်တော် ၇၀–ပြည့်ပြီး ဖြစ်သော်လည်း ရပ်နီးရပ်ဝေးမှ ဒကာ၊ ဒကာမ များ၏ အကျိုးငှာ ကိုယ်ပင်ပန်းမှုကို အလေးမထား၌ တရားဓမ္မဟောကြားကာ သာသနာပြုနေသူဖြစ်၍ နေ အသွင်၊ လ အလား အားထားကြရပါသည်။ ဆရာတော်ဘုရားကား သဒ္ဓါ ပဗ္ဗဇိတ ရဟန်းတော်ဖြစ်ပါသည်။ သဲသဲမဲမဲ အားထုတ်၍ မိမိသိသမျှကို တပည့်သားမြေးတို့အား ဖြန့်ချီဝေငှတော် မူခဲ့ပါသည်။ ထို့ပြင် မိမိအားထုတ်ထားသော အကျင့်သိက္ခာ ဝိနည်းတော်များကို တပည့်သားတို့အား ဖြန့်ဖြူးဝေငှတော် မူပါသည်။ အသိခက်သော ပါဠိတော်များကိုလည်း မြန်မာဝေါဟာရဖြင့် ပါဠိ တပိုဒ် မြန်မာတပိုဒ် အမျှားနားလည်အောင် ရွေးချယ် ဟော တော်မူသည့်အပြင် နမော တဿနှင့် ဩကာသ အဓိပ္ပာယ် ရှင်းတမ်း၊ သီလပေး အကျယ်စသည်တို့ကို အမျှား နားလည်သဘောပေါက်အောင် ဟောကြားတော် မူသဖြင့် များစွာ အကျိုး ခံစားကြရပါသည်။

ဆရာတော်ဘုရားသည် နိုင်ငံတော်အစိုးရက (၁) ဗုဒ္ဓသာသနာတော်တွင်း ဝယ် နိုင်ငံတော်အဘွင်း၌ ပရိယတ္တိ သာသနာတော်အရှည် တည်တံ့သန့်ရှင်း ထူးကဲ ပြန့်ပွား စည်ပင်စေရန် အလို့ငှာ လည်းကောင်း၊ (၂) ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် အရှင်မြတ်တို့ စဉ်ဆက်မပြတ် ပေါ်ထွက်စေရန် အလို့ငှာ လည်းကောင်း၊ (၃) ဗုဒ္ဓမြတ်စွာ သာသနာစောင့်တွင်း၌ ဘုန်းကံ ပါရမီထူး၊ ဉာဏ် ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အား ပေးခြီးမြှောက်ရာတွင် အဆင့်အတန်းမြင့်မားစွာ အားပေးခြီးမြှောက် ထောက်ပံ့ နိုင်ရန်အလို့ငှာ လည်းကောင်း=ဤ ရည်သန်ချက်သုံးရပ်တို့ဖြင့် ၁၃၁၀-ပြည့်နှစ် က စ၍ 'တိပိဋကဓရ ရွှေးချယ်ရေး' စာမေးပွဲကြီးကို ကျင်းပလာခဲ့ရာ ၁၃၁၂-ခု နှစ် တတိယအကြိမ် စာမေးပွဲမှစ၍ အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော် စင် ရောက်ပြန်ဆို 'ဖြဆိုဘော်မူရာတွင် ၄-နှစ်တိုင်တိုင် ဆက်ကာဆက်ကာ နှစ်ခြား မလပ်ပဲ သင်ရိုးပိဋကတ်သုံးပုံ ပါဠိ (အဋ္ဌကထာ+ဋီကာဆိုင်ရာ) အာဂုံ ၄-ကြိမ်၊ သဘော ရေးဖြေ ၄ ကြိမ်(အာဂုံ+သဘော ဒွန်တွဲလျက်) ဂုဏ်ဘူးနှစ်ဆင့်စီဖြင့်ချည်း အောင်မြင်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ယခုနှစ်ဆိုလျှင် ဆရာတော် တိပိဋကဓရ ဖြစ်ခဲ့သည်မှာ နှစ်ပေါင်း ၂၈-နှစ်ရှိပြီ ဖြစ်ပါသည်။ ပိဋကတ် ပုံနှိပ်တိုက် အသီးသီး က ထုတ်ဝေသော မူကွဲများကိုပါ တမျိုးစီ ရှင်းလင်းပြန်ဆိုသွားနိုင်သော ဉာဏ် ရည်ကိုလည်း ချီးကျူးမကုန် ဖြစ်ရပါသည်။

ဆရာတော်သည် တိပိဋကဓရပြန်ဆို ရေးဖြေ အောင်မြင်သော ၁၃၁၅-ခုနှစ်က မိမိအား တိုင်းအသီးသီးမှ ချီးကျူးကြမည့် ပူဇော်ပွဲများကို မေတ္တာရပ်ခံ တောင်းပန်၍ ဇာတိဒေသ ၄-ဌာနတို့၌သာ ချီးကျူးပွဲများ ပြုလုပ်စေပါသည်။

'တိပိဋကဓရ၊ဖြစ်ရတဲ့အာနိသင်၊ ၊ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့(ကွယ်) ပြောမပြချင်။ ။ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်၊ နေချင်လျက် မနေရ၊ ၊ ပူ+ အအေး၊ ယှက်ထွေးကာ ဒဏ်ခံလို့၊ စုန်+အဆန် မြန်းရတဲ့ ခရီးမှာ(ကွယ်)၊ ကြီးတဲ့ ဒုက္ခ။ ။' (၁)

'မငြင်းတဲ့ မဆန်သာ၊ ၊နိုင်ငံတော် သာသနာရေးပေမို့ (ကွယ်)၊ ပြေး မလွတ်ပါ။ ။သူတကာ၊ ချမ်းသာဟုထင်မြင်ကြ၊ ။သို့ကတဲ၊ စိတ်ထဲမှာ သံဝေ ယူလို့၊ ကံမွေထူ ဤအဖြစ်ကို(ကွယ်)၊ နှစ်လို့ခံရ။ ။' (၂)

ဟူသောသဖြန် ၂ ပုဒ် ဖြင့်လည်း ညည်းညူခဲ့သည်ဟု သိရပါသည်။ ဤတွင် ကဗျာ ပညာရှင်ကြီးအား ထပ်မံ ပူဇော်ရပြန်ပါသည်။

ထို့ပြင် ဆရာတော် ဘုရားသည် ပစ္စယာနုဂ္ဂဟ ဒကာ - ဒကာမများ၏ လှူဒါန်းသမျှကိုလည်း ဒါနမြောက်အောင် လက်ခံလျက် အများ အကျိုးရှိအောင် စီမံဆောင်ရွက်တော်မူလေ့ ရှိပါသည်။ စစ်ကိုင်းမင်းဝံ မင်းကွန်းတောင်ရိုးတို့၌ သီတင်းသုံး နေထိုင်ကြသော ရဟန်း၊သာမဏေ၊ သူတော်စင် သီလရှင်များအတွက် နိုင်ငံတော်အနှံ့ မလွန်ဆန်လှူသင်းထောက် သင်းခွဲများ ဖွဲ့စည်းပေးခြင်း၊ မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံရှိ ဘိုး၊ ဘွား များ၏ စား ဝတ် နေ ရေး ကျန်းမာရေးအတွက် သဒ္ဓါတရား ထက်သန်စွာ နှစ်စဉ် တရားဟောပြ၊ လိုအပ်သည်ကို ထောက်ပံ့ ကူညီ ခြင်း၊ ဒကာ, ဒကာမများ၏ နဝကမ္မ အလှူများကိုစည်း ကိုယ်ရေးအတွက် မသုံးပဲ့ မိမိ၏ ဇာတိ ရပ်ရွာ၌ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ ဆောက်လုပ် လှူဒါန်းခြင်း၊ မြင်းခြံမြို့ရှိ အမွေခံကျောင်းကိုလည်း စာချဆရာတော် ဦးသူရိယ မဇ္ဈိမာရ်အား လှူဒါန်း၍ စာသင်သားများအတွက် ဆရာတော်နှင့်တကွ ချမ်းသာစွာ သီတင်းသုံး စာချ၊ စာသင်နိုင်ရန် ၆-ခန်း၊ ၄-ခန်းရှိ ဂန္ဓကုဋီ ကျောင်းဦးနှင့်တကွ ဓမ္မပါလ အမည်ကမ္မည်းသ, သော ၂ ထပ် အုတ်ကျောင်းကို မိမိ၏ကြီးဒေါ်(ကျောင်း အမကြီး ဒေါ်ဆယ်မိန့်နှင့်) နှစ်ဦး တာဝန်ယူ၍ ဆောက်လုပ်လှူဒါန်းခြင်း၊ မင်းကွန်း တောင်ရိုး ချောင်များနှင့်တကွ အစိုးရစာသင်ကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲဌာန များအတွက် (တောင်ပိုင်း၊မြောက်ပိုင်း) ရေစက်ကြီးနှစ်လုံး ထားရှိ၍ သောက် သုံးရေ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းနှင့် မင်းကွန်းတောင်ရိုး ပရိယတ္တိ သာ သနာနုဂ္ဂဟ အသင်း၏ နာယကအဖြစ် နှစ်စဉ် စာပြန်ပွဲ၊ စာမေးပွဲ ဖြစ်အောင် ရွက် ဆောင်တော်မူပါသည်။

ဆရာတော်သည် မိမိ၏ကျောင်း၌ အဝင်မုခ်ဦး သဘာဝ ခြသေ့ရုပ်ကြီး (ကျပ်ရှစ်ထောင်ကျော်တန်) လှူဒါန်းလိုသော မုံရွာမြို့မှ ဒေါင်းယာဉ်ပို့ စတိုး

ပိုင်ရှင် မိဘပမာ ဦးဖိုးမှိ-ဒေါ်ညွန့်ရွှေတို့အား တရားဟောပြ၍ 'စံချိန်မီ ကျေးလက် ကျန်းမာရေး ဌာန'ကို အမှုထမ်းများအတွက် တန်းလျား၊ နေအိမ်၊ သောက်ရေ ကန်နှင့်တကွ ဆောက်လုပ်စေ၍ လည်းကောင်း၊ မိမိ၏ ကျောင်းတိုက်၌ မိုးကုတ် မြို့မှ ကျောင်းဒကာကြီး ဦးဘရှင်း+(ဒေါ်ဒေါ်မျင်) မိသားစုတို့က သိန်းကျော် တန် ဓမ္မာရုံကြီး ဆောက်လုပ် လှူဒါန်းလိုသည်ကို တရားဟောပြ၍ 'စံချိန်မီ မင်းကွန်း တိုက်နယ် ဆေးရုံ'ကို သုံးရေကန်၊ ဆရာဝန်နေအိမ်၊ အမှုထမ်းများနေအိမ်၊ လူနာ ရှင် တည်းခိုခန်းနှင့်တကွ ဆောက်လုပ်စေ၍ လည်းကောင်း၊ နိုင်ငံတော် အစိုးရ ကျန်းမာရေးဌာနသို့ သက်ကစ္စဒါန ဖြစ်အောင် အခမ်းအနား ကျင်းပ၍ အပ်နှင်း လှူဒါန်းပြီးလျှင်..... 'တိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ရန်ပုံငွေပင်' ကိုပါ ကိုယ် တိုင်က ဦးဆောင် လှူဒါန်းစိုက်ပျိုး၍ အတိုးအညွှန့်တို့ဖြင့် နှစ်စဉ်နှစ်စဉ် ၁-နှစ် လျှင် ၄-ကြိမ်ကျ ဆေးပစ္စည်းများကို တိုးမြှင့်တိုး၍ လှူဒါန်းခဲ့ရာ ယခု ၁၃၄၃ ခုနှစ်၌ ကား ၁-နှစ်အတွင်း ကျပ်ငွေ ၂၅၀၀ ဖိုးတန် ဆေးပစ္စည်းများ လှူဒါန်း၍ ၁၃၄၅ ခုနှစ်ကစ၍ ၁ နှစ်လျှင် ၃၀၀၀ ကျပ်ဖိုးအထိ လှူဒါန်းရန် စီမံဆုံးဖြတ်ပြီးကြောင်း သိရှိရပါသည်။

ဆရာတော်ဘုရား၏ အဆုံးအမ ဩဝါဒ ဓမ္မသံဝေဂလက်ာ စာပိုဒ်များမှာ ယပ်တောင်တိုင်း၌လိုလိုပင် ဖတ်ရှုသူအား သတိပေးလျက်ရှိနေပါသည်။

နေ့ကြီး ရက်ကြီး အခါကြီးများ၌ ဆရာတော်၏ တရားတော်များကို ကြားနာ ကြရသည်။ ဆရာတော်ဘုရား၏ တရားတိပ်ခွေများ၊ ဆင်္ဂသင်္ဂါယနာ အမေးအဖြေ များမှာ နှလုံးပျော့ပျောင်း သူတော်ကောင်းများအတွက် မမှအမွေများ ဖြစ်၍နေ ပါသည်။

ဆရာတော်သည် မိမိအား နိုင်ငံတော်အစိုးရက လှူဒါန်းသော တိပိဋကဓရ လစဉ် ဆွမ်းဆန်တော် (၃၁၀/၀၀)ကို ၁၃၃၉-ခုနှစ် တပို့တွဲလ (၁၉၇၈-ခု၊ ဖေဖော်ဝါရီလ)မှစ၍ လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော် (နှစ်စဉ် နှစ်စဉ်)ကျပ်ငွေ တစ်ထောင် တစ်ထောင်ကို ၁၃၄၁ ခုနှစ်မှ စ၍ 'မင်းကွန်း တောင်ရိုး မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးနှင့် တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့'ဟု ဖွဲ့စည်းစေကာ ထိုအဖွဲ့ကို ကပ်ပြီး ကာရကအဖြစ် ရွက်ဆောင် ရန် တာဝန်ပေး လွှဲအပ်၍ 'နိကာယ ငါးရပ်=ပိဋကသုံးပုံ'တည်း ဟူသော ပရိယတ္တိ သာသနာတော်အား (လိုသမျှ မိမိ၏ နဝကမ္မတို့မှ ဖြည့်စွက်၍) နှစ်စဉ်နှစ်စဉ် ကျပ် ငွေ ငါးထောင်ပြည့်အောင် မ,တည့် လှူဒါန်းတော်မူသည်။

တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ကလည်း ဆရာတော်၏အလှူကို မတည်၍ လိုသမျှကို ဒကာပေါ်အောင် ဟောပြောဆောင်ရွက်၍ မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းခြေခဲ့ ၁၃၄၁ ပြည့်နှစ်မှ အစပြုကာ တိပိဋကတ=နိကာယ ကျောင်းတိုက် ဖွင့်၍ တိုင်းနှင့်ပြည်နယ် အရပ်ရပ်ရှိ ဓမ္မာစရိယ စာချုတန်း အောင်မြင်ပြီးသော အရှင်မြတ်များကို သတင်းစာမှ ကြေငြာ၍ လည်းကောင်း၊ လက်ကမ်းကြော်ငြာ ဖြန့်ချိပေးပို့၍ လည်းကောင်း ပင့်ဖိတ်ပြီးလျှင် နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အဖျော်ယမကာ၊ ညစတုမဓူ ဆေးပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်း၍ ပစ္စည်းလေးပါး မငြိုငြင်ရအောင် ဆက်ကပ်လှူဒါန်းကာ ပရိယတ္တိ သာသနာပြု လုပ်ငန်းကြီးကို အောင်မြင်စွာ ရွက်ဆောင်ပြုလုပ်သဖြင့် အရှင်မြတ်တို့အဖို့ရာ ဝိဝေက အရပ်ကို ရရှိခြင်း၊ ပစ္စည်းလေးပါး လုံလောက်ပြည့်စုံခြင်းတို့ကြောင့် နေစဉ် နေစဉ် စာကျက်၊စာအံ၊ စာကြံ၊ စာကြည့် နာရီပြည့် ပရိယတ္တိ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော် မူကြရပါသည်။ ဝါဆိုသံဃာ ၁ နှစ်ထက် ၁ နှစ် တိုး၍ တိပိဋကဓရ စာမေးပွဲ၊ နိကာယ်စာမေးပွဲတို့၌ ထိုကျောင်းတိုက်မှ စာဖြစာအောင် သံဃာအများဆုံး တိုးတက်လျက် ရှိနေသည်ကို ကြည်ညိုသဒ္ဓါပွားကြရပါသည်။

ဤမှုသာမဟုတ်သေး၊ ရန်ကုန်မြို့လယ် ဒဂုံမြို့နယ် အမှတ် ၁၂၊ နယူးလင်းလမ်း၌လည်း 'တိပိဋက ကျောင်းတိုက်' ကို ဌာနခွဲအဖြစ် တည်ထောင်၍ ထိုကျောင်း၌ သာသနာပြု ဓမ္မာစရိယ ဆရာတော်များ၊ မဟာထေရ်ကြီးများ ရန်ကုန်မြို့သို့ ရောက်သည့်အခါ သာသနာပြုရန်အတွက် ပစ္စည်းလေးပါး လှူဒါန်း၊ တည်းခို သီတင်းသုံးနိုင်ရန် စီစဉ်ထားပါသည်။ ထိုကျောင်းတော်၌ ကြည်ညိုဖွယ် ကောင်းလသော ဗုဒ္ဓဆင်းတုတော်ကိုလည်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူကိုးကွယ်ဒါန ပွားနိုင်ကြရန် စီစဉ်ထားပါသည်။ အများကိုးကွယ် ဖြစ်ပွားရန်အတွက် ဤမျှ ထက်သန်စွာ စေတနာတရား ထားရှိခြင်း ဖြစ်ပါသည်။

ဆရာတော်၏ဘုန်းကံ ဉာဏ်ပညာပါရမီ ဂုဏ်ကျေးဇူးတို့ကား များပြားလှပါသည်။ ယခု ရေးသားခဲ့သော ခြိုးကျူးချက်များမှာ မိမိသိကျွမ်းသမျှ မှုန်စိတဆုံးအချို့သာ ဖြစ်၍ ပြည့်စုံလှပြီဟု မဆိုသာပါ။ စာရေးသူသည် မိုးမိတ်တွင် ကြီးပြင်းခဲ့ရပါသော်လည်း မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်ကြီးများ၏ သမိုင်းကို မလေ့လာရသေးသည့် အတွက် ဆရာတော်ဘုရားထံ သွားရောက် လျှောက်ထားမည်ဟု အကြိမ်ကြိမ် ကြိုးစားခဲ့ပါသော်လည်း ယနေ့တိုင်အောင်ပင် အထမမြောက်သေးပါ။ ဤစာအုပ်ဟာ ဒကာများ နည်းတူ ပင့်ဖိတ်၍ ဆွမ်းဒါန ပြုလိုပါ

သော်လည်း အလှူ မမြောက်သေး။ သို့ရာတွင် ဆွမ်းကပ်ရသည်ထက် ဆရာတော်ဘုရား၏ အဆုံးအမ၌ တည်အောင် ကြိုးကုတ်နိုင်လျှင်ပင် ကျေနပ်ပါတော့မည်ဟု မိမိကိုယ်ကို နှစ်သိမ့်ထားရပါသည်။

ဤသို့လျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကျေးဇူးတို့ အထူး ကြီးကျယ်ကောင်းကင်နယ်သို့ ထည်ဝါမြင့်မား ဆရာတော်ဘုရားအား ကြည်ညိုစိတ်သန်ဦးထိပ်ပန်လျက် သုံးတန်ဂါရဝ ပဏာမဖြင့် စာသင်တင်ခြီ အဉ္ဇလီညွတ်လျှိုး၍ ရှိခိုးပူဇော်လိုက်ပါသည် ဘုရား.....။

မနော ထုံ သင်းမြ–ဇောဟုန်ပြင်းပြ 'စောမုံညင်း'က ဇာနည် အရှင်ကို သဒ္ဓါကြည်လင် ခညောင်းပါ၏ ဘုရား....။ စာပေဒါန၊ ဆက်ကပ်ရ၊ ခေမာ့အမတ် နီးစေသော်။ ။

စောမုံညင်း

ငွေရတု ပီဋကတ်တိုက်

စီကုံးရေးသား- သူ-လက်ရဲမင်းညို ရွတ်ဖတ်ပူဇော်သူ- ဆရာသန်းမြင့်

၁။ ဘုန်းဆင့်ဆင့်ထူး ။သယမ္ဘူတည့်....၊ သုံးလူသနင်း၊ မင်းမျှဉ်းမင်း၏၊ မြတ်ခြင်းမြတ်သွတ်၊ ခေါင်တမွတ်လျှင်၊ လူနတ်ငြဟ္မာ၊ ဘုံသုံးရွာမှ၊ ငြဟ္မာငြဟ်မိန်၊ မာ+မာယိန်နှင့်၊ ဒေဝိန်ဒေဝါ၊ နရိန္ဒာထက်၊ လွန်စွာကဲမောက်၊ ဘုန်းမိုတောက်သား၊ ဘုန်းခြောက်လက်ဖြာ၊ ဘဂဝါဟု၊ စက္ကဝဠေ၊ တွက်ဖြာရေက၊ ကုဋေတစ်သိန်း၊ ဘဝဂ်ဟိန်းမျှ၊ ကျွတ်ကိန်းအနန္တ၊ ဝေနေယျကို၊ ကယ်မဆယ်တင်၊ ပါယ်လေးခွင်မှ၊ ကျွတ်ဝင်ခေမာ၊ နိဗ္ဗုတာသို့၊ ဆောင်ကာပို့ယူ၊ ထွတ်မှန်ကူတည့်၊ သုံးဆူညီထွေး၊ မြတ်မေတ္တား၏၊ နောင်လေးမှန်လှ၊ သမ္မုဒ္ဓကို၊ ဘဝလုံးကျွတ်၊ ဦးထိပ်ဆွတ်သည်၊ ၊မြတ်ထွတ် သုံးလူ့ရှင်ကိုသော်။

၂။ ကုန်းမြင့်မြင့်ဂူ။ ။ဆင့်ဆင့်လူတည့် ...၊ သုံးဆူပိဋကတ်၊ ဓိပဝရကို၊ ရှိသမျှနတ်လူ၊ ပူဇော်ဟူ၍၊ ဆယူအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲသား၊ ထူးကဲစွာဘိ၊ ထေရ်ဘုန်းယိုမူ၊ တိပိဋကခိုရ်၊ ဂုဏ်ထူးပိုလွက်၊ ထိုဥုံတဝ၊ ဆက်၍ပြသား၊ ဓမ္မဘဏ္ဍာဂါရိကာနှင့်၊ မဟာအဂ္ဂ၊ ပဏ္ဍိတဟု၊ ဂုဏ်မြင့်ဟီး၊ သုံးဖြူထီးက၊ အံ့ချီးတုံရှောင်း၊ မကုန်တောင်းလျှင်၊ သောင်းမူရှစ်ဖြာ၊ လေးထောင်သာသား၊ ခန္ဓာဓမ္မ၊ စေတိယဘို့၊ လူ့ဘမှန်ကူ၊ ကိုယ်စားတူ၍၊ ကုန်းငူမိုးမိတ်၊ မိုးသို့ချိတ်မျှ၊ လျှံဖိတ်ဂုဏ်အင်၊ လင်းလင်းထင်လျက်၊ မြတ်ရှင်ပိဋကာ၊ စေတိယကို၊ ဂန္ဓကုဋီ၊ တိုက်ဦးဆီမှ၊ ထို+ဤလူနတ်၊ ဦးချိလတ်သည်၊ ၊မြတ်ညွတ် သုံးဆူ့ရှင်ကိုသော်။

၃။ နှုန်းတင့်တင့်ယူ။ ။ဘုန်းမြင့်လူသား၊ ရှစ်ဆူအရိယာ၊ ထေရ်သံဃာတည့်၊ အောင်ချာမင်းကွန်း၊ မိုးမိတ်စွန်းသို့၊ လဝန်းစန္ဒီ၊ ပုဏ္ဏမီနှင့်၊ ယှဉ်မှီသော်ကြိုက်၊ ဘဒ္ဒပိုဒ်တို့၊ ဆုံခိုက်ကောဇာ၊ ထောင်သင်္ချာမှ၊ သုံးရာပြည့်ရွှန်း၊ လေးဆယ်ကျွန်း၍၊ အစွန်းနှစ်ခု၊ သည်ရတုဝယ်၊ အောင်ဆုမဂ္ဂင်၊ ခေါင်မှူးတင်၍၊ မြတ်ရှင်သိက္ခာ၊ ဓိ-သုံးဖြာနှင့်၊ လွန်စွာပြည့်ထား ဘိဓဇတည့်၊ ရဋ္ဌဂုရု၊ သွန်းခတ်ပြုသား၊ ပြည်သူ့ဆရာ၊ ဘွဲ့သညာနှင့်၊ မဟာအဂ္ဂ-ပဏ္ဍိတ ဟု၊ ဂုဏ်ထင်ရှား၊ ထေရ်ဘုရားတို့၊ ဖွင့်ငြားပွဲကြီး၊ အောင်စည်တီးခဲ့၊ အံ့ချီးဖြာဖြာ၊ မြတ်သံဃာအား၊ ရှိကြာဦးညွတ်၊ သောင်းလုံးကျွတ်သည်၊ ၊မြတ်မွတ် သုံးဖြူ့ရှင်ကိုသော်။ ။

၁၃၄၂-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄-ရက်
မင်းကုန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကာ=ခိုကာယကျောင်းတိုက်
တိပိဋကဓရ ငွေရတုပူဇော ဓမ္မစေတီပိဋကတ်တိုက် ဖွင့်ပွဲ၌
ဖတ်ကြားအပ်သော-

ရတနုတ္တယပူဇာ ထေရဓမ္မာ ဒေသိတံ

(ထက်ဒဋ္ဌိသီး သုံးခွက်ညီ)

ပိဋကတ်တိုက်တော်



သာသနာ့ အာဇာနည် လောင်းလျာ၊ တိပိဋကနှင့် နိကာယစာသင်သား သံဃာတော်များအတွက် ထားရှိသော ပေ၊ ပုရပိုက်၊ ပိဋကတ် ကျမ်းကြီးကျမ်းငယ်များ အပြင် မိုးမိဘ် ကုန်းမြေအေးရိပ်သို့ ဘုရားဖူးနှင့် ကုသိုလ်ကောင်းမှုပြုရန် ရောက်ရှိလာသူများ ကြည်ညိုမှတ်သား ကြည့်ရှုနိုင်ရန်အလို့ငှာ—

တိပိဋကဓရဆရာတော်ဘုရား၏ ရုပ်တုပုံတူ၊ ကျေးမိခင် ဆရာကြီး ဒေါ်ခမ္မစာရီ၏ ရုပ်တုပုံတူတို့နှင့် ဆရာတော်၏ ဘဝမှတ်တမ်း၊ ဓာတ်ပုံများကို စိတ်ဝင်စားဖွယ်ရာ စနစ်တကျ ပြသထားပေသည်။

ပိဋကတ်တိုက်လည်း မှန်ပေ၏။ ပြခန်း၊ ပြတိုက်အသွင်လည်း ဆောင်၍နေလေသည်။

ဗွေရတုဘိုးကတိတိုက်



အဘိဓမ္မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ
ဖြောသော် ဆရာတော်ဘုရားကြီး၏
ဩဝါဒမိန့်ခွန်းတော်

ဗုဒ္ဓမတ္ထြဒီပနီ ယုဂ်လေးပိုး

ယခုခေတ် ယခုအခါကို ဆုတ်ကပ် အခါဆုတ် ကပ် ကာ လ - ဟူ၍ သာသနာတော် ကျမ်းတို့၌လည်း အဆိုအမိန့် ရှိသည်။ လောကီကျမ်းတို့၌လည်း ဆုတ်ကပ်ကာလ ဆုတ်ကပ်ခေတ် ဟူ၍ပင် ဆိုကြသည်။ ဆုတ်ကပ်ဆိုသည်မှာ - လူတို့၌ လူ့ကျင့်ဝတ်တရား ဆုတ်ယုတ်ခြင်းကို ဆိုလိုသည်။ လူတို့၌ လူ့ကျင့်ဝတ်တရား ဆုတ်ယုတ်လျှင် လောဘ, ဒေါသစသော အကုသိုလ်တရားတွေ သောင်းကျန်းလာပြီးလျှင် ဒုစရိုက်မကောင်းမှုတွေ ထူပြောလာပေသည်။ လောဘ, ဒေါသ စသည် တို့နှင့်တကွ ဒုစရိုက်တွေ ထူပြော၍ လူ့ကျင့်ဝတ်တရားတွေ ပျက်ပြားလာလျှင် လူတို့သန္တာန်၌ ရောဂါ ဝေဒနာတွေ တစစ ပေါများစွာ ဖြစ်ပေါ်လာသည်။ ရောဂါဝေဒနာတွေ ပေါများစွာ ဖြစ်ပေါ်လာလျှင် လူတို့၏ အသက်တမ်း ယုတ်လျော့သဖြင့် အသက်တမ်း တိုလာကြသည်။ ဤသို့ဖြစ်ရခြင်းကို ဆုတ်ကပ်ကာလဟူ၍ ခေါ်ဆိုကြသည်။

လောကီကျမ်း အလိုအားဖြင့် လူလောက၌ ယုဂ်လေးမျိုးရှိသည်–ဟု ဆိုသည်။ ယုဂ်လေးမျိုးဆိုသည်မှာ–

(၁) ကတယုဂ်၊
(၂) တေတာယုဂ်၊
(၃) ဒွာပရယုဂ်၊
(၄) ကလိယုဂ် ဟူ၍ လေးမျိုးဖြစ်သည်။ ထိုယုဂ်လေးမျိုးတို့တွင်–

၁။ **ကတ ယုဂ် ဆန်း သော အခါ၌....**

လူတို့သန္တာန်တွင် လူ့ကျင့်ဝတ်တရား အပြည့်အစုံရှိသည်။ လူတို့သည် သူတော်

ကောင်းတရား၌ မွေ့လျော်ကြသည်။ ရသမျှနှင့် မျှတရောင့်ရဲသဖြင့် လောဘ, ဒေါသ ခေါင်းပါးကြသည်၊ ရောဂါကင်း၍ အသက်ဘမ်းရှည်ကြသည်။ ငြိမ်းချမ်းသာယာရှိသည်။ ဥပမာအား-ဖြင့်-အခြေလေးချောင်းရှိသော ခုတင်၊ ကုလားထိုင်၊ စာပွဲတို့သည် အခြေလေးချောင်း အပြည့်အစုံရှိသဖြင့် မလှုပ်မရှား ကြွေရွှေ့ရရ တည်ငြိမ်နေကြသကဲ့သို့၊ ကတညုဂ်ဆန်းသောအခါ၌ လူတို့သည် လူ့ကျင့်ဝတ်တရား အပြည့်အစုံ ရှိကြသည်ဖြစ်၍ လူ့လောကကြီးသည် ငြိမ်သက်စွာ ရပ်တည်၍ ကွဲကွေ့ရရ ကိုယ်စိတ်နှစ်ဝ ချမ်းသာစွာ နေကြသည်ဟု-ဆိုသည်။

၂။ တေတာယုဂ်ဆန်းသောအခါ၌

အခြေလေးချောင်း ရှိသော ခုတင်၊ ကုလားထိုင်၊ စားပွဲတို့သည် အခြေတစ်ချောင်းပြုတ်၍ အခြေသုံးချောင်းဖြင့် သာ ထောက်တည်နေဘိသကဲ့သို့၊ လူတို့၌ လူ့ကျင့်ဝတ်တရား လေးပုံရှိရာတွင် လူ့ကျင့်ဝတ်(လေးပုံတစ်ပုံ)ပျက်၍ သုံးပုံသာ ရှိတော့သည်ဖြစ်၍၊ လောဘ ဒေါသ အတော်အတန် ထူပြောကာ ဒုစရိုက်ဘို့သည်သည်း အတော်အတန် ဖြစ်ပွားလာသောကြောင့် ကိုယ်စိတ် ချမ်းသာမှု နည်းပါးလာကြသည်။ ရောဂါဝေဒနာ အနည်းငယ်ဖြစ်ပေါ်လာကြသည်။ အသက်တမ်း မသိမသာ ယုတ်လျော့လာကြသည်။

၃။ ဒွာပရယုဂ်ဆန်းသောအခါ၌....

အခြေလေးချောင်း ရှိသော အရာဝတ္ထုသည် အခြေနှစ်ချောင်းပြုတ်၍ အခြေနှစ်ချောင်းသာ ကျန်ရှိသဖြင့် ဒယိမ်းဒယိုင် ဟိုထိုးဒီရောက်ဖြစ်၍ တည်ငြိမ်ခြင်း မရှိသကဲ့သို့၊ လူတို့သန္တာန်၌ လူ့ကျင့်ဝတ်တရား လေးပုံတွင် နှစ်ပုံပျက်စီး၍ နှစ်ပုံသာကျန်သဖြင့် ကိုယ်ကျင့်တရားနည်းပါး အကုသိုလ်တွေသာ ပွားများကြသဖြင့် နှလုံးစိတ်ဝမ်း ချမ်းသာတည်ငြိမ်မှု နည်းပါးသည်ထက်နည်းပါးကာ ရောဂါတိုးပွား၍ အသက်တမ်းလည်း တိုသည်ထက် တိုလာကြသည်။ ကုသိုလ်နည်းပါး အကုသိုလ်သာလျှင် များလာကြသည်။

၄။ ကလိယုဂ်ဆန်းသော အခါ ကာလ၌ကား-

ကလိယုဂေ သမာယာတော၊
ကောပါဒေါ ဘဝေ ဓမ္မော၊
သဗ္ဗေ ပါပရတာ ဇနာ။

သဗ္ဗပါပေကမန္ဒီရေ= အလုံးစုံသော မကောင်းမှုတို့ဖြင့် ပြည့်သော အိမ်ကြီးသဖွယ် ဖြစ်သော။ ကလိယုဂေ=ကလိယုဂ် အခါကာလသည်။ သမာယာတော=ကောင်းကောင်းကြီ ရောက်လာခဲ့သည် ရှိသော်။ ဓမ္မော=လူတို့၏ ကျင့်ဝတ်တရားသည်။ ကောပါဒေါ=အခြေ

တစ်ချောင်းသာ ရှိသော အရာဝတ္ထုနှင့် ရမည်။ ကလိယုဂ် သက်နှင့် တွက်လျှင် ဤသည်။ ဘဝေ=ဖြစ်၏။ သို့သော် ဤကဲ့သို့ ကလိယုဂ်နှစ်၏ ရှစ်ပုံတစ်ပုံ ကျလိယုဂ် ထက်ထိုင်း လူထိုင်း တို့ကဲ့သို့။ တိုလရစာ=ခေတ်သို့၊ ရောက်နေကြောင်း သိရမကောင်းသော်လည်း ဝဓိကမူတို့ သည်။ ဟင်းကသိယုဂ်ခေတ်=မကောင်းမှုဟူသော ပျော်မိတ်ကကန်၏။

ကလိယုဂ် ဆန်းသော ခေတ်အခါဌ အနေလေးခြောင်းရှိရာမှာ ဒုတိယ၊ မှ ထိုင်၊ စားပွဲခုံ အခြားသုံး ခြောင်းပြုတိုသည့် အခြေတစ် ခြောင်းသာလျှင်ဖြစ်ကျန်တော့သကဲ့သို့ လူတို့၏သန္တာန်၌ ရှိကျင့်ဝတ်တရား တို့သည်လည်း ပုံမှာ သုံးပုံပြုပြီး တစ်ပုံသာ ကျန်တော့သဖြင့် လောဘ ဒေါသတွေ့ ပုံသဏ္ဌာန်တွေ့ သာလျှင် ထူပြောသည်ဖြစ်၍ လူ့လောက ကြီးသည် ငြိမ်းချမ်းသာယာမှု အလွန်နည်းပါး၍ ရောဂါဆန်းတွေ့ ဖြစ်ကြ၊ အသက်အရွယ် ငယ်ငယ်နှင့်သေကြ၊ စား ရေရိက္ခာ ရှားပါး၊ မိုးခေါင်ရေရှား-အစရှိသော ဒုက္ခအမျိုးမျိုး တို့နှင့်သာ တပူပူ တလောင်လောင် နေကြရသည်ဟု ဆိုသည်။

ကလိယုဂ်သက် သည် နှစ်ပေါင်း ၄၃၂၀၃-နှစ်ရှိသည်ဟု ဆိုသည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ကလိယုဂ်နှစ် ၂၅၀၀ ကျော်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်-ဟု ဆိုသည်။ ယခု အချိန် ဆိုလျှင် ကလိယုဂ်နှစ်သို့ ရောက်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀၀၀ ကျော်လာပြီဟု ဆို

ဤသို့ပြဆိုခဲ့ခြင်းသည် တစ်ကမ္ဘာလုံး အနေဖြင့် တစ်ကမ္ဘာလုံးကို ခြုံ၍၊ လူ့လောက တစ်ရပ်လုံးကို ကြည့်၍ ပြဆိုခြင်းဖြစ်၏။ ထိုထိုတိုင်းပြည်တို့၌ ကလိယုဂ်ခေတ် တော်တော် ရင့်စေကာမူ မြန်မာနိုင်ငံ အဖို့မှာမူကား ကလိယုဂ်ခေတ် မဆန်းသေးဟု ဆိုချင်သည်။ တစ်နည်းအားဖြင့် မြန်မာပြည်၌ ကတယုဂ် မဆန်းသေးစေကာမူ တေတာယုဂ်ခေတ်လောက်တော့ ရှိသေးသည်ဟု ဆိုချင်သည်။ ဤသည်ကား မိမိဆိုလိုသည်ကိုသာ ပြောခြင်းဖြစ်သည်။

အဘယ်ကြောင့် ကတယုဂ် သို့မဟုတ် တေတာယုဂ်ခေတ်ဟု ဆိုချင်သနည်းဟူမူ



ယင်းသို့လျှင် သောဘ, ဒေါသတို့ကို တဘ်နှိုင်သမျှ ချိုးနှိမ်၍ မကောင်းမှုဒုစရိုက်တို့ကို ကင်းနှိုင်သမျှ ကင်းအောင် ရှောင်ကြဉ်ကြ၍၊ ကောင်းမှု ကောင်းလုပ်ဖြစ်သော ဂုဏယကံမှု၊ ဝစီကံမှုတို့ကို ပြုလုပ်ဆောင်ရွက်နေကြသော မြန်မာနိုင်ငံတိုင်းရင်းသား ဥပါသကာ ဥပါသိကာတို့၏ ကာယကံကောင်းမှု၊ ဝစီကံကောင်းမှုတို့ကို တွေ့မြင်ရသည်ဖြစ်ရာ အခြားနိုင်ငံ အခြားသော လူတို့၌ ကလိယုဂ် ခေတ် ဆန်းနေစေကာမူ မြန်မာနိုင်ငံ၌မူကား ကလိယုဂ် မဆန်းသေးပါ။ ကတယုဂ်(သို့မဟုတ်) တေတာယုဂ်ဆန်းလျက် ရှိပါသေးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

အထူးအားဖြင့် ကတယုဂ်ဆန်းဆဲပင် ရှိသေးသည်'ဟု ဆိုလိုခြင်း၏အကြောင်း တရပ်တကား အခြားမဟုတ်၊ မင်းကွန်း တောင်ရိုး မိုးမိတ် ကုန်းမြင့် တည်ရှိသော **'တိဝိဒုက=နိကာယ ကျောင်းတိုက်ကြီး'** ပင်ဖြစ်သည်။ ဤကျောင်းတိုက်ကြီးကို ဥာဏ်အမြင် ကျယ်တော်မူသော အရှင် ဒိဝိဇ္ဇသာရာဘိဝံသ ဆရာတော် ဦးဒီး၍ ပရိယတ္တိ

သံဃာဇာဂ်များဘက်ကိုကြည့်လျှင် ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်တော်မူကြသော သံဃာတော်များ၊ ပဋိပတ္တိသာသနာတော်ကို ဆောင်ရွက်တော်မူကြသော သံဃာတော်များ၊ ပရိယတ္တိ၊ ပဋိပတ္တိဘို့ကို ဆောင်ရွက်ယင်း စတုပါရိသုဒ္ဓိသီလ ကျင့်ဝတ်တို့ကို ထိန်းသိမ်းကာ သူတော်ကောင်း တရားကို ပွားများအားထုတ်လျက် ဗုဒ္ဓတော်မူကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရသော ကြောင့် ဖြစ်သည်။

ဥပါသကာ – ဥပါသိကာ၊ ဒကာ-ဒကာမတို့ဘက်ကို ကြည့်ပြန်လျှင်လည်း ဘုရား တရား သံဃာ=ရတနာသုံးပါးကို ဆည်းကပ်ကြလျက် နေ့စဉ်ဘုရားဝတ်ပြုရှိခိုးခြင်း၊ မိဘဆရာတို့ကို ရှိခိုးခြင်း၊ ရိုသေ လေးစားခြင်း၊ မိဘဆရာတို့ကို ပြုစုလုပ်ကျွေးခြင်း၊ ဒါနပြုခြင်း၊ သီလ သီတင်း ကျင့်သုံး ဆောက်တည်ခြင်း၊ စွမ်းနိုင်သမျှ အခြိုးရသမျှ သမထဝိပဿနာ ဘာဝနာပွားများခြင်း၊ စေတီတော်တို့ကို သွားရောက်ဖူးမြော်ကာ စွမ်းနိုင်သမျှ ကောင်းမှုပြုခြင်း စသည်တို့ကို တွေ့မြင်ကြရပေသည်။





သာသန မာမက ဒကာများ အဖွဲ့ဖြင့် တည်ထောင်ထားခြင်း ဖြစ်သည်။

သာသနာတော် သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် ပဓာန အရင်းမူလ ပင်မ သာသနာတော်ဖြစ်သည်။ ပရိယတ္တိသာသနာကွယ်လျှင်မြယ်စွာဘုရားသာသနာတော်ကွယ်ပေတော့သည်။ထို့ကြောင့် သာသနာတော် အဓွန့်ရှည်စွာ တည်စေခြင်းငှာ ရည်ညွှန်းတော်မူ၍ ဤတိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တည်ကာ ယနေ့ပရိယတ္တိစာသင်သား ဒဂုဝကျော်တို့ကို လက်ခံ၍ ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိ၊ ချမ်းသာစေခြင်း ထောက်မံပြုစု၍ တပ်ဋ္ဌကဓရ နိကာယပါရဂူ သံဃာတော်များ ပေါ်ထွက်အောင် ဆောင်ရွက်လျက် ရှိလေသည်။

ဤ တိပိဋကနိကာယကျောင်းတိုက်၊ သာသနာပြု ကျောင်းတိုက်ကြီးကို အကြောင်းပြု၍ မန္တလေး၊ ရန်ကုန်-အစရှိသော ထိုထိုမြို့ရွာတို့မှ ဒကာ+ဒကာမတို့သည် လောကီ ပွဲလမ်း သဘင်တို့ကို ကျောခိုင်း မျက်နှာလွှဲခဲ့လျက် ကျောင်းအလှူဒါန၊ ဆွမ်းအလှူဒါန၊ သင်္ကန်းအလှူဒါန၊ ဆေးအလှူဒါန စသည်တို့ကို ပြုလုပ်၍ ကောင်းမှုတို့ကို အားထုတ်ကြရသည်။ သီလသီတင်း ကျင့်သုံးကြသည်။ တရားပေစာ ကြားနာကြသည်။ သာသနာနှင့်စပ်၍ ကောင်းမှုမျိုးစုံကို ပွားများအားထုတ်ကြရသည်။

ဤကောင်းမှုတို့ကို အားထုတ်ပြုလုပ်ကြကုန်သော ဒကာ+ဒကာမတို့သည်ဆန္ဒာနှင့် ဦဒ္ဓအကုသိုလ်နည်းပါး၍ ကုသိုလ်တို့သည် သာလျှင် ပွားများလျက် ရှိကြသည်။ တိပိဋကနိကာယဝန်ဆောင် သံဃာတော်များ သန္တာန်ဦဒ္ဓလည်း သာသနာ့အလုပ် သာသနာ့ကိစ္စဌသာ အာရုံပြု၍ ပရိယတ္တိဓမ္မကို အားထုတ်နေကြရသည်ဖြစ်၍ ထိုသံဃာတော်များ သန္တာန်ဦဒ္ဓလည်း အရိယာတမျှ လောဘ,ဒေါသစသော အကုသိုလ်တရားတို့ ခေါင်းပါးအားနည်းကာ ကုသိုလ်တရားတို့သာ ပွားများဖြစ်ပေါ်နေကြသည်။

ယင်းသို့သော သံဃာတော်များနှင့် ယင်းသို့သော ဒကာ + ဒကာမတို့၏ သန္တာန်ကို ဉာဏ်ဖြင့် ကြည့်ရှုကြပါလျှင် ထိုသံဃာတော်၊ ထိုဒကာ-ဒကာမအဖွဲ့ဟာ ကတယုဂ် ဆန်းသောခေတ် ဖြစ်နေကြ



သည်-ဟု ဆိုရမည်။ ကလိယုဂ်ခေတ်မှာ ဘုရားရဲ့သာသနာမဟုတ်၊ သင်ကြား တတ်တော်သူနေကြသော ပုဂ္ဂိုလ်တို့ကိုယ် ပြုဖူတ်ပြီးသည့်အခါ ထိုထိုပိဋကတည်း။ တိပိဋကတ=နိကာယ ကျောင်း နိကာယ်တို့၌ မြတ်စွာဘုရား ဟောကြားတိုက်ကြီးကို နိုင်ငံနှင့်အဝန်း အားဖြင့် စုတ်မူသော တရားတော်တို့ကို ထုတ်ချီးမြောက်နေကြသည် ဖြစ်၍ နိုင်ငံနှစ် နိုင်ငံမြောက်တိုင်လည်း ပွားများ အားအာဒန်းပင် ကလိယုဂ်ခေတ်ကို ခြေကန်ထုတ်ဖြင့် ဖြတ်လာကုတ္တရာ တရားကို တွန်းလှန် နေကြခြင်းပင် ဖြစ်သည်-ဟု မှတ်မှတ်ယုံကြည်ပြုနိုင်ကြောင်းလည်း ဖြစ်ဆိုရမည်။

ထို့ကြောင့် ကမ္ဘာဝါဒီတို့ အကြား ကြားသဖြင့် ဒဂ္ဂာ+ဒကာမ တို့သည် နိုင်ငံတို့၌ ကလိယုဂ် ခေတ်ရှိနေသော်လည်း မဒီဘီဂဝါမာတာ ဒကာမကြီးလည်း မြန်မာပြည် အဖို့၌ ကလိယုဂ် ကုသို့လောကုတ္တရာတရားကိုမျက်မှောက်ဆန်းလျက် (သို့မဟုတ်) တတာယုဂ် ပြုနိုင်ကြောင်း ဖြစ်စေမည်ဟု ဤသို့ဆန်းလျက်ရှိသည်ဟု ဆိုခဲ့သည်။

ဆရာတော် အရှင် ဝိစိတ္တသာရာဘိ ဦးဆောင်ရှေ့သွားပြုကာ ဆောင်ရွက်ဝံသသည် အမှန်စင်စစ်ကိုယ်တိုင်ကိုယ်ကျင့်ဖြင့် ပြသသွားခဲ့သော လောက်ကိုသာ ရည်ရွယ်ထိတော် မူမည်ဟု ယုံကြည်သည့် အလျောက်မဟုတ်ချေ။ အဘယ်သို့သော အကျိုးအလိုလေးစားမှု ခြေကန်တွန်းလှန်၍ မြန်မာစီးပွားတိုင်အောင် ရည်ရွယ်သနည်းဟူမူကား တိပိဋကတ=နိကာယ သာသနာပြုပြည်၌ ကတိယုဂ်+တေတာယုဂ် ဆန်းကြယ်စေသော သံဃာတော်များနှင့် တကွကောင်းမှုကို အကြောင်းပြု၍ သံဃာတိပိဋကတ=နိကာယ ကျောင်းတိုက်ကြီးကို တော်များ၊ ဒကာ+ဒကာမများပါအား၊ပေး၊ချီး၊မြှောက်ကြကုန်သော ဒကာ+ဒကာမတို့သည် ခန္ဓာ လောကကြီးကို 'အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ'ဟု အရှင်ပဉ္စာထေရ် မိန့်တော်မူသကဲ့သို့ တဏှာ+ဒိဋ္ဌိတို့၏ အစွဲအလမ်းမှ လွတ်မြောက်၍ ကိလေသာမီးနှင့် ဒုက္ခကွန်ရာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို ရရှိကြသည့်တိုင် အောင် ရည်ညွှန်း၍ ဤသို့ ဦးဆောင်ကာ အားထုတ် ပြုလုပ်ခြင်း ဖြစ်ပေလိမ့်မည်။

တိပိဋကတ=နိကာယဝန်ဆောင် သံဃာတော်တို့သည် တိပိဋကတ = နိကာယကို ကျင်းသို့ ယုံကြည်သည့် အလျောက် ခြေကန်တွန်းလှန်၍ မြန်မာပြည်၌ ကတိယုဂ် + တေတာယုဂ် ဆန်းကြယ်စေသော သံဃာတော်များနှင့် တကွ တိပိဋကတ=နိကာယ ကျောင်းတိုက်ကြီးကို အားပေး၊ချီး၊မြှောက်ကြကုန်သော ဒကာ+ဒကာမတို့သည် ခန္ဓာ လောကကြီးကို တဏှာ-ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ တဏှာ-ဒိဋ္ဌိတို့မှ လွတ်မြောက်ရာနိဗ္ဗာန်ကို ချမ်းသာသောကျင့်ဝတ်၊ လျင် မြန် သော အမြင်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

အရှင်ပဉ္စာဘိထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး
၁၃၄၃-ခု၊ တော်သလင်းလဆန်း ၁၃-ရက်



အရှင်မဟာပဏ္ဍိတ အရိယမဂ္ဂင်ဆရာတော်ကြီးမြတ်

ဆွတ်ခတ်ကထာ

ဘုန်းကြီးသည် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတိုပိဋကနိကာယ သာသနာပြုအဖွဲ့၏ နာယက ဆရာတော် တစ်ပါးဖြစ်သည့်အားလျော်စွာ ထိုအဖွဲ့ကြီး၏ သုံးနှစ်မြောက် မဂ်လာ အခါသမယတွင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုစကား အနည်းငယ် ပြောကြားလိုပါသည်။

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ = ချစ်သောအာနန္ဒာ.... ငါဘုရားသည် သင်တို့အား ဓမ္မ=တရားတော်ကိုလည်း ဟော ကြား ခဲ့ပြီ၊ ဝိနယ=ဝိနည်းကိုလည်း ပညတ်ခဲ့ပြီ၊ ထို ဓမ္မ နှင့် ဝိနယသည် ငါဘုရား

ပရိနိဗ္ဗာန်စံလွန်ပြီး သည့် နောက်တွင် သင်တို့၏ဆရာပင် ဖြစ်သည်။

ဤကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခဲ့တော်မူခါနီးတွင် မိန့်ကြားခဲ့သော မှာဘမ်းစကား တော် ဖြစ်ပါသည်။

ဤမှာတမ်းစကားတော်၌ 'ခမ္မ' ဟူသည် သုတ္တန္တပိဋကနှင့် အဘိဓမ္မပိဋကကို ဆိုလို၍ 'ဝိနယ' ဟူသည် ဝိနယပိဋကကို ဆိုလိုသည်။ သို့ဖြစ်၍ ခမ္မဝိနယဟု ခေါ်ဆိုသော ပိဋကသုံးသွယ် နိကာယငါးရပ်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်၏ ကိုယ်စား တပည့်သာဝက ရဟန်းတော်များ၏ ဆရာအဖြစ် ထား တော် မူ ခဲ့ကြောင်း အတည့်အလင်း တွေ့မြင်သိရှိရပါသည်။ ဤစကားတော်အရ ပိဋကသုံးပုံသည် ဘုရားရှင်၏ ကိုယ်စားတော် ခမ္မကာယ ဖြစ်မါသည်။

ထို့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သည် မြတ်စွာဘုရား၏ နောက်ဆုံးမှာတမ်း စကား တော် ကို လေးနက်စွာ မှတ်သား၍ သာသနာတော်၏ အစဉ်ထာဝရ ရှင်သန်တိုးတက် ပြန့်ပွားခြင်းကို လိုလားလျက် ပိဋကသုံးသွယ် နိကာယငါးရပ်တို့ကို သင်အံလေ့ကျက်မှုဟူသော ပရိယတ်တိတာဝန်ကို မလွဲမသွေ ထမ်းဆောင်ရပါမည်။ ပရိယတ်တိ မရှိတော့လျှင် ဗုဒ္ဓသာသနာတော်လည်း တခါတည်း ကယ်သည် မည်သော ကြောင့် ပရိယတ်တိစာပေ သင်ကြားမှုကို အားမထုတ်သော ရဟန်းသည် မြတ်စွာဘုရားကို ကြည်ညိုလေးစားရာ မရောက်သည့်အပြင် ဗုဒ္ဓသာသနာတော် အာသက်ရှည်ရာရှည်ကြောင်း ရဟန်းတိုင်း ထမ်းဆောင်ရမည့် တာဝန်ကိုလည်း သွေဖည်ရာ ရောက်ပေမည်။

မြတ်စွာဘုရား သည် ကိုယ် တော် ၏ သာသနာကို 'ပရိယတ်တိ ပဋိပတ်တိ ပဋိဝေဓ' ဟူ၍ အဓိဋ္ဌာန်သုံးဆင့် ပိုင်းခြား သတ်မှတ်တော် မူခဲ့သည်။ 'ရှေးဦးစွာ 'ပဋိပတ်တိ' အဆင့်ဌာနား မိမိ လေ့လာဆည်းပူးခဲ့သော တရားတော်ကို လက်တွေ့ ကျင့်သုံးအားထုတ်မှုကို ဆက်လုပ်ရပါမည်။ 'ပဋိပတ်တိ' ဟူသော အကျင့်လုပ်ငန်းကို အောင်မြင်စွာ အားထုတ်နိုင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဟူသော 'ပဋိဝေဓ' အဆင့်သို့ တက်လှမ်းနိုင်ပါမည်။ ဘုရားရှင် သတ်မှတ်ထားတော်မူခဲ့သော ဤအဆင့် သုံးဆင့်ကို အစဉ်အတိုင်း သွားရပါမည်။ အဆင့်ကျော်၍ သွားမရနိုင်ပါ။

ပရိယတ်တိ သင်ကြားမှု သည် အသိဉာဏ်ကို ဆည်းပူးခြင်းဖြစ်သောကြောင့် 'မျက်စိ' နှင့် တူပါသည်။ ပဋိပတ်တိသည် သိသည့်အတိုင်း ကျင့်ကြံအားထုတ်မှု ဖြစ်သောကြောင့် ခြေထောက် နှင့် တူပါသည်။ လောက၌ မျက်စိ နှင့် ခြေထောက် နှစ်ပါးစုံမှ သာ လိုရာခရီးသို့ ရောက်နိုင်သကဲ့သို့၊ ထို့အတူ ပရိယတ်တိ နှင့် ပဋိပတ်တိ ဟူသော အသိ နှင့် အကျင့် ဝိဇ္ဇာ နှင့် စရဏ နှစ်ပါးစုံမှ

သာ ပဋိဝေဓ ဟူသော မဂ်ဖိုလ်နိဗ္ဗာန် ခရီးသို့ ဖြောင့်တန်းစွာ ရောက်ရှိနိုင်ပါ မည်။

ဤစကားစဉ်အရ ပရိယတ္တိ=ဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို သင်ကြားလေ့လာမှုသည် မိမိအတွက်၊ သူတစ်ပါး အတွက်၊ သာသနာတော် အတွက် အလွန် အထူး အရေးပါလှသော လုပ်ငန်းဖြစ်ကြောင်း ထင်ရှားပါသည်။ သို့ဖြစ်၍ ပရိယတ္တိ တတ်ကျွမ်းထားသော ရဟန်းသည် သမ္မာအယူကို ကောင်းစွာသိပြီး ဖြစ်သောကြောင့် မိမိ အကျိုးအတွက် တဆင့်တက်၍အကျင့် = ပဋိပတ်ကိုလည်း အားထုတ်နိုင် ပါသည်။ သူတစ်ပါးတို့အားလည်း သမ္မာအယူနှင့် ပြည့်စုံအောင် ညွှန်ကြားပြသ ပေးနိုင်ပါသည်။ သာသနာတော် အစဉ်ထာဝရ ရှင်သန် တိုးတက် ပြန့်ပွားရေး အတွက်လည်း ထိထိရောက်ရောက် ထမ်းဆောင်နိုင်ပါသည်။ ပရိယတ္တိ အားထုတ်မှုသည် ဤကဲ့သို့ အကျိုးထူးသုံးရပ်ကို ပေးစွမ်းနိုင်သောကြောင့် ယင်း လုပ်ငန်းကြီးကို ရဟန်းတော်တိုင်း ဦးလည်မသုန် ထမ်း ရွက်သင့်သည့် မဟာတာဝန်ဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်ယူထိုက်လှပေသည်။

နိဂုံး ချုပ် အား ဖြင့် 'တိပိဋက = နိကာယကျောင်းတိုက်' မှ တိပိဋကဓရ လောင်းလျာ အာဇာနည် အရှင်သူမြတ် များအား သြဝါဒစကား လက်ဆောင် ပါးလိုသည်မှာ....

'အတတ်ပညာ မည်သည် အချို့သော လူမိုက်များအဖို့ အကျိုးမဲ့ဖို့သာ ဖြစ်သည်' ဟူ သော ဇာတ်နိပါတ်တော်လာ ဘုရားစကားတော် အရ 'မိမိ တတ်ကျွမ်းသည့် ပညာအတွက် မာန်ထောင်လွှားမှု + လောကီ ဂုဏ်ပကာသန နာမည်ကြီးမှုတို့ အတွက် မိမိ၏ပညာကို အလွဲသုံးစား ပြုမှု+တလွဲဘဝချော် ပြောဆိုရေးသားမှု တို့ကို ရှောင်ရှားပြီး သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက်ကိုသာ ကြိုးစားအားထုတ်ကြရန်.... အဆုံး မေတ္တာ ရပ်ခံအပ်ပါသည်။

ဒေရိယမဂ္ဂင်ဆရာတော်



တိုက်ရိုက်နာယူနိုင်သော ဗုဒ္ဓ၏အသံတော်များ

မြင့်ခွေ

ဗုဒ္ဓသာသနာတော်၏ အသက်

စင်စစ်သာမုကျံသိတ ဗုဒ္ဓဘာသိတဖြစ်သော နိကာယ်ငါးရပ် ပါဠိတော်ကြီးများသည် ဗုဒ္ဓသာသနာတော်၏ အသက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းကို ပြန်လည်လေ့လာကြည့်ပါက တကောင်းခေတ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရမည်။ သို့သော် တကောင်းခေတ်ရေး ဗုဒ္ဓစာပေ ကျမ်းဂန်များကို ယခုအခါ တကျမ်းတလေမျှ မတွေ့ရှိရပေ။ ထို့အတူ သရေခေတ္တရာ ခေတ်၌လည်း ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်။ သို့သော် သရေခေတ္တရာခေတ်ရေး ဗုဒ္ဓစာပေကျမ်းဂန်များကို ယခုအခါ တကျမ်းတလေမျှပင် မတွေ့ရှိရပေ။

ယခုအခါ တွေ့ရှိနေရသော မြန်မာနိုင်ငံဖြစ် ဗုဒ္ဓစာပေ ကျမ်းဂန်များအနက် ပုဂံခေတ်ရေး စာပေကျမ်းဂန်များကိုသာ အစောဆုံးအဖြစ် တွေ့ရှိနေရသည်။

ယင်းသို့ဖြစ်ရသည်မှာ သာမုက္ကံသိတ ဗုဒ္ဓဘာသိတဖြစ်သော နိကာယ်ငါးရပ် ပါဠိတော်ကြီးများသည် ပုဂံခေတ်ကမှ သာ ပုဂံသို့ အပြည့်အစုံ ရောက်ရှိလာသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ သာမုက္ကံသိတ၊ဗုဒ္ဓဘာသိတ ဖြစ်သော နိကာယ်ငါးရပ် ပါဠိတော်ကြီးများမှာ စင်စစ် ဗုဒ္ဓသာသနာတော်၏ အသက် ဖြစ် ကြောင်း ထင် ရှား လှ ပေသည်။

ယင်းသို့ ဗုဒ္ဓသာသနာတော်၏အသက်ဖြစ်ပါလျက် ဝမ်းနည်းစရာကောင်းသည်မှာ ပုဂံခေတ် နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ ပရိယတ္တိ ပညာ ရေး လောက ၌ နိကာယ်ငါးရပ် ပါဠိတော်ကြီးများမှာ သင်ကြားပို့ချမှု နည်းပါးကာ ကျမ်းအိပ်များဘဝသို့ ရောက်ရှိလာခဲ့ရခြင်းပင်ဖြစ်သည်။

တိဝိဋကဓရရွေးချယ်ပွဲမှ ဗုဒ္ဓ၏အာသံ

သို့သော် ခေတ်ရေစီးကြောင်းကား အပြောင်းလဲကြီး ပြောင်းလဲလာပြီဖြစ်သည့်အတိုင်း ယနေ့ခေတ်ကား စာမေးပွဲခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယနေ့ စာမေးပွဲခေတ်တွင် မြန်မာနိုင်ငံ ပရိယတ္တိ ပညာရေးခေတ်၌ အမြင့်ဆုံး စာမေးပွဲကြီးတစ်ခု ပေါ်ပေါက်လာခြင်းမှာ သာသနာခေတ် တခေတ်တွင် ဗုဒ္ဓဘာသာဝင်များအတွက် ကံကောင်းလာခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ယင်းစာမေးပွဲဖြင့် ဗုဒ္ဓ၏ အသံတော်များကို တိုက်ရိုက် နာယူခွင့် ရရှိလာနိုင်ရုံမျှမက ဆဋ္ဌသင်္ဂါယနာ၏ ရှေ့ပြေး ရောင် နီ လည်း သန်း လာ သော ကြောင့် ဖြစ်သည်။

ယင်း အမြင့် ဆုံး စာ မေး ပွဲကား 'တိပိဋကဓရရွေးချယ်ပွဲ' ဖြစ်၍ မြန်မာသက္ကရာဇ် ၁၃၁၀ - ပြည့် (ခရစ်နှစ်-၁၉၄၈)ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနှစ်တွင် ယင်းတိပိဋကဓရ ရွေးချယ်ပွဲကို စတင် ကျင်းပခဲ့ကြသည်။

တိပိဋကဓရ ရွေးချယ်ပွဲကို

၁။ ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး

၂။ ပရိယတ္တိ သာသနာတော်ကို အား ပေး ချီး မြှောက်ရာတွင် အထက်တန်း အကျဆုံး ချီး မြှောက်ရေး

၃။ သာသနာတော်၌ ဓမ္မစေတီ ထိုက်သော ပိဋကနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး

ဟူသော မြင့်မား သည့် ရည်ရွယ် ချက် ဦးတည်ချက်များဖြင့် ကျင်းပ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ပထမဆုံး တိဝိဋကဓရ ပုဂ္ဂိုလ်

တိပိဋကဓရ ရွေးချယ်ပွဲအနေဖြင့် မြင့်မားသည့် ရည်ရွယ် ချက် ရှိသလောက် ယင်းရည်ရွယ်ချက်များအတိုင်း ပြည့်ဝ

အောင်မြင်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် တိပိဋကရေ ရွှေးချယ်ပွဲကျင်းပ၍ ၆-ကြိမ်မြောက် ဖြစ်သော ၁၃၁၅-ခုနှစ်မှာပင် သာမုက္ကံသ်တပိဋကသုံးပုံကို အာဂုံသည်း ပြန် ဆိုနှိုင်၍ သဒ္ဒါ ခရုံးခဖြသည်း အောင်မြင်ခဲ့ခြင်းဖြစ်ဆိုနိုင်သော တိပိဋကရေ ပုဂ္ဂိုလ်ထူးပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။

ယင်းပုဂ္ဂိုလ်ကား မင်းကွန်း မွေနာဒတိုက်မှ အရှင်ဝိစိတ္တာသာရာဘိဝံသ ဖြစ်သည်။

အရှင်ဝိစိတ္တာ သာရာဘိဝံသ သည် ၁၂၃၆-ခုနှစ်၊ ရဟန်း သုံးဝါကပင် အစိုးရ ပဋိမကျော် အောင်မြင်တော်မူသည့်ပြင် သကျသီဟစာချတန်းစာမေးပွဲကိုလည်း အဋ္ဌကထာကြီး သုံးကျမ်းကို ထူးချွန်စွာ အောင်မြင်ကာ စံချိန်သစ်တင်လိုက် နိုင် သဖြင့် 'ဘဒ္ဒန္တ ဝိစိတ္တာ-သာရာဘိဝံသ ပရိယတ္တိ သာသနဟိတ မဟာစရိယဇုံသကာ'ဟူသော ဘွဲ့ထူးကို ရရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၁၃၀၂-ခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းကို နှစ်ချင်းစွဲ ဂုဏ်ထူးနှင့် အောင်မြင်တော်မူသဖြင့် 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' တံဆိပ်ကိုလည်း ရရှိတော်မူခဲ့ပြီးဖြစ်သည်။

ထူးကဲသော ပါရမီရှင်နှင့် အမြင့်မားဆုံး ဂုဏ်ဖြူပွေဂော်မှူ

တိပိဋကဓရ ပုဂ္ဂိုလ်ဆိုသည်မှာ တိပိဋက နှုတ်ငုံဆောင်ပုဂ္ဂိုလ်ဖြစ်၍ ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကပင် ဓမ္မစေတီထိုက်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ယင်းသို့ ဓမ္မစေတီထိုက်သော တိပိဋကဓရအဖြစ် ရောက်ရှိရန်မှာ သာမန်ဇွဲလုံ့လ၊ သာမန်ဘုန်းကံပါရမီ၊ သာမန်ဉာဏ်ပညာရှိရုံဖြင့် ဖြစ်နိုင်ဖို့ဝေးစွ၊ ကြုံစည်ရုံမျှပင် ကြုံစဉ်ဝံ့ဖို့မလွယ်ပေ။ စင်စစ် တိပိဋကဓရဆိုသည်မှာ ထူးကဲသော ဇွဲလုံ့လ၊ ထူးကဲသော ဘုန်းပါရမီ၊ ထူးကဲသော ဉာဏ်ပညာနှင့် ပြည့်စုံသူတို့၏ အရာသာဖြစ်သည်။

တိပိဋကဓရ ရွှေးချယ်ပွဲ အနေဖြင့် ယင်းကဲ့သို့ တိပိဋကဓရ ပုဂ္ဂိုလ်ထူးကို ဖော်ဆုတ် ပေးလိုက်သော အခါ မကြုံစဖူး ထူးကဲဂုဏ် ပေါ်ပေါက်လာခြင်းဖြစ်၍ အရှင် ဝိစိတ္တာ သာရာ ဘိဝံသအား မြန်မာတစ်နိုင်ငံလုံးကပင် ရင်သပ်ရှုမော အံ့သြလှစွာဖြင့် ခြွမ်းခြိမ်သည်းမျှ ဂုဏ်ပြုပူဇော်ခဲ့ကြသည်။ တိပိဋကဓရရွှေးချယ်ပွဲကြီး အနေဖြင့်လည်း မူလရည်ရွယ်ဦးတည်ချက်မျာ:အတိုင်း အရှင်ဝိစိတ္တာသာရာဘိဝံအား 'ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ၊ တိပိဋက မဟာကောဝိဒ' ဘွဲ့ကို ဆက်ကပ်လှူဒါန်းကာ အထက်တန်းအကျဆုံးနှင့် အမြင့်မားဆုံး ချီးမြှောက်ပူဇော်နိုင်ခဲ့ကြသည်။

ဆဋ္ဌသင်္ဂါယနာနှင့် ထေရဝါဒငါးနိုင်ငံ

အရှင် ဝိစိတ္တာသာရာဘိဝံသမှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သည့်

အတိုင်း ၁၃၁၆-ခုနှစ်တွင် စတင်ကုင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးဦးလည်း 'ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက' အဖြစ်ဖြင့် တာဝန်ယူ ဖြေဆိုတော်မူခဲ့သည်။

ဆဋ္ဌသင်္ဂါယနာမှာ မြန်မာနိုင်ငံကဦးဆောင်ကာ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို ဟူသော ထေရဝါဒနိုင်ငံများပါဝင်ခဲ့ရာ အရှင်ဝိဒိတ္ထသာရာဘိဝံသကဲ့သို့ ဆဋ္ဌသံဂီတိဝိဿဇ္ဇက အဖြစ် တာဝန်ယူ ဖြေဆိုနိုင်သော ပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံ၌သာမဟုတ်၊ ထေရဝါဒဂေါဒနိုင်ငံ၌ပင် မပေါ်ပေါက် ဖူးသေးကြောင်းဖြင့် ထေရဝါဒနိုင်ငံအားလုံးကတအံ့တသြ ချီးကျူးမဆုံး ဖြစ်ခဲ့ကြရသည်။

အရှင် မောဂ္ဂလိပုတ္တတိဿကဲ့သို့

အရှင် ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရဘွဲ့ထူးကို ပထမဆုံး ထူးခွန်ဖွာရရှိတော်မူပြီးနောက် ပထမသင်္ဂါယနာတင်စဉ်က အရှင် မဟာကဿပကြီး၏ အမေးကို အရှင် အာနန္ဒာ ပြန်လည်ဖြေကြားသကဲ့သို့ ဆဋ္ဌသင်္ဂါယနာ မဟာသဘင်တွင်လည်း ဆဋ္ဌသံဂီတိဝိဿဇ္ဇက အဖြစ်ဖြင့် မဆုတ်မဆိုင်း မြင်းကောင်းစီင်းသိ ရဲရင့်ပြတ်သားစွာ ဖြေဆိုသည်ကို ကြည့်ညိုဖွယ်ရာ ဖူးတွေ့ရသော အခါ၌ အရှင် ဝိစိတ္တ သာရာဘိဝံသအား ဆဋ္ဌသင်္ဂါယနာ သဘင်ကြီး အောင်မြင်ရန် အတွက်၊ သက်သက် ပေါ်ပေါက်လာရသော ပုဂ္ဂိုလ်အဖြစ်ချက်ချင်း တွေးတောယူဆလိုက်မိသည်။

ယင်းနှင့်တဆက်တည်းပင် သာသနာနှစ် နှစ်ရာတစ်ဆယ့်ရှစ်နှစ် အချိန်တုန်းကလည်း တတ်ယသင်္ဂါယနာအတွက် သက်သက် ပေါ်ပေါက်ပေးလာခဲ့ရဖူးသော အရှင်မဟာမောဂ္ဂလိပုတ္တတ်သမဏ၏ ဖြစ်စဉ်အကြောင်းကိုလည်း ပြန်ပြောင်းသတိရလာမိသည်။

ဒုတိယ သင်္ဂါယနာ ဘင်ပြီးနောက် သင်္ဂါယနာခေါင်းဆောင် ရဟန္တာကြီးများသည် နောင် အနာဂတ်အခါ သာသနာ့ဘေးရန်များ ဖြစ်ရာဦးအံ့လောဟု ဆင်ခြင်သော် သာသနာနှစ် နှစ်ရာတစ်ဆယ့်ရှစ်နှစ် ရောက်သောအခါ သီရိမံဃောကမင်းသည် သာသနာတော်ကို သူမတူအောင်ချီးမြှောက်လတ္တံ့၊ ထိုအခါ သာသနာ့ဘဏ္ဍာလည်း ကြီးစွာသော အဓိကရုဏ်းများ ပေါ်ပေါက်လာလတ္တံ့ဟု မြင်တော်မူသည်။ တဆက်တည်းပင် ယင်း သာသနာ အဓိကရုဏ်းများ ငြိမ်းအောင် ပြုစုမ်းနိုင်သောသူကို ဆင်ခြင်ကြည့်ရှုပြန်သော် လူ့ဘုံနှင့်နတ်ဘုံတွင် တစ်စုံတစ်ယောက်ကိုမှ မမြင်ရပေ။ ငြဟ္မာ့ဘုံကို ကြည့်ရှုသောအခါကျမှ နည်းသောသက်ကြွင်းရှိလျက် အထက်ငြဟ္မာ့ဘုံသို့ လားလတ္တံ့သော တိဿ ငြဟ္မာကြီးကို မြင်သည်။ ထိုအခါရဟန္တာကြီးများက 'ဤတိဿငြဟ္မာကြီးကို ငါတို့ တောင်းပန်ရသော် မောဂ္ဂလိပုတ္တော်မ၏ဝမ်း၌ ပဋိသန္ဓေနေလာ၍ ရဟန်း ပြုပြီးနောက်

ပဋိသမ္ဘိဒါဉာဏ် လေးပါး နှင့် တကွ ရဟန္တာဖြစ်လတ္တံ့၊ ထိုသူသာလျှင် ယင်း သာသနာတော်၌ဖြစ်သော အဓိကရုဏ်း ကိုငြိမ်းအေးစေ၍ တတိယ သင်္ဂါယနာ တင်သဖြင့် သာသနာတော်ကို ခိုင်းမြောက် ပေလတ္တံ့' ဟု သိရှိကြ၍ ရဟန္တာကြီးများ ကိုယ်ဘိုင် ငြဟ္မာဘုံသို့ တက်ကာ တိသဿ ငြဟ္မာကြီးအား အကြောင်းစုံကို ပြောကြား၍ တောင်းပန်ခဲ့သည်။တိသဿငြဟ္မာ ကြီးကလည်း အား၀တက်ဝမ်းမြောက်စွာ ၁န်ခံကတိ ပေးခဲ့သည်။

သို့ဖြင့်ပင် တိသဿ ငြဟ္မာ ကြီး သည် မောဂ္ဂလိပုတ္တ်ားမ၏ဝမ်း၌ ပဋိသန္ဓေ နေ လာပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိသ မထေရ်အဖြစ်ဖြင့် တတိယသင်္ဂါယနာကို ခေါင်းဆောင်ကာ ခိုင်းမြောက်တော် မူခဲ့ သည်။

အရှင်မောဂ္ဂလိ ပုတ္တတိသ မထေရ် ကဲ့သို့ပင် ၂၅၀၀-သာသနာ စာစ်ခေတ် တွင် ဆင်ယင်ကျင်းပသည့် ဆဋ္ဌ သင်္ဂါ ယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိ ဝိသဒ္ဒကအဖြစ် တာ၀န်ယူရန် အတွက် အရှင်ဝိစိတ္တာ သာရာဘိဝံသ၏ အလောင်း အလျာသည်လည်း သာသနာစောင့် နတ်များ၏ တောင်းပန်မှုကြောင့် နတ် ဘုံ၊ သို့မဟုတ် ငြဟ္မာဘုံ တစ်ခုခုမှ လူ့ ဘုံဘာသို့ ရောက်ရှိလာသူ ဖြစ် လေ သလောဟု တွေးတောယူဆကာ အရှင် မောဂ္ဂလိပုတ္တတိသ၏ ဖြစ်စဉ်ကို ပြန် လည်သဘိရမိခြင်း ဖြစ်သည်။

တိဝိဋကဓရ နိကာယကျောင်းတိုက်

ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ သည် ကိုယ်တော်တိုင် တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိကအဖြစ်သို့ ရောက်ရှိသကဲ့သို့ အခြား တိပိဋကဓရ ပုဂ္ဂိုလ်များလည်း အများအပြား ပေါ်ထွက်လာစေလိုသည်။ ထို့ကြောင့်လည်း မင်းကွန်း တောင်ရိုး မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေ၌ ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တည်ထောင် ဖွင့်လှစ်ကာ တိပိဋကဓရ ပုဂ္ဂိုလ်များကို မွေးထုတ်ပေးလျက် ရှိသည်။

တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ၏-

+ တိပိဋကဓရ ဆွမ်းဆန်တော်လစာ
+ အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် နဝကမ္မ

၂၅-နှစ်မြောက် တိပိဋကဓရ ငွေရတု ပူဇော်ပွဲ....

အလှူများမှ လက်ခံရရှိသော နဝကမ္မ ဝတ္ထု ပစ္စည်းတို့ကို မ,တည်ကာ ဆရာ ဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌ အဖြစ် တင်မြှောက်၍ ၁၃၄၀-ပြည့်နှစ်၊ မြန်မာ နှစ်ဆန်း ၁-ရက်နေ့ တွင် 'တိပိဋက= နိကာယ သာသနာပြုအဖွဲကြီး' ကို ဖွဲ့ စည်းပြီး ကပ်ပိယကာရကအဖြစ် လွှဲအပ်

ကာ တာဝန်ယူ ဆောင်ရွက် ထောက်ပံ့ စေခဲ့သည်။

ယင်း တိပိဋကဓရ နိကာယ ကျောင်း တိုက်ကြီး၌ တိုင်းနှင့်ပြည်နယ် အသီးသီး မှ ဓမ္မာစရိယ စာချတန်း အောင်မြင်ပြီး သော သံဃာတော်များ ကြွရောက် သီတင်းသုံးကာ သာမုဏ်ကံသိတ ဖြစ်သော တိပိဋက=နိကာယ ဗုဒ္ဓစာပေများကို-၁ နေ့လျှင် နေ့စဉ် ၁၂-နာရီ၊ စာကျက်၊ စာကြံ၊ စာအံ၊ စာကြည့်လျက် ရှိကြ သည်။

မျက်မှောက်ခေတ်၏ နိကာယ်သမိုင်း မှတ်တိုင်

ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ သည် တိပိဋကနိကာယ ကျောင်းကြီးကို တည်ထောင်ဖွင့်လှစ်ခြင်းမှာ ယခု ပစ္စက္ခ အတွက် 'တိပိဋကဓရပုဂ္ဂိုလ် အများ အပြား ပေါ်ထွက်လာစေရန်' ရည်ရွယ် ချက် ထား၍သာလျှင် အနာဂတ် အတွက် လည်း ဆရာတော်၏ တိပိဋကဓရ နှင့် အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် လစာ နဝကမ္မတို့ကို အခြေခံ မ, တည်အဖြစ် လှူ ဒါန်းရာ၌၊ 'ကြံဒံ မေ ပုည်ံ ဗောဓိညာဏသမ ပစ္စယော ဟောတု' ဟု ဗောဓိညာဏ်ကို ဦးတည်ရည်စူးတော် မူခဲ့သည်။

ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ ၏ ယင်းကဲ့သို့ ရည်ရွယ်ချက် ဦးတည်ချက် သည် ပြည့်ဝသည်ဟုပင် ဆိုရပေမည်။ အဘယ် ကြောင့် ဆိုသော် တိပိဋက နိကာယ ကျောင်းတိုက်မှ....

+ ပထမ နှစ် ၁၃၄၀ - ပြည့်တွင် သံဃာတော် ၄၈-ပါး သီတင်း သုံးပြီး တိပိဋကဓရ ရွေးချယ်ပွဲ၌ ၃၇-ပါး ဝင်ရောက် ဖြေဆိုရာ ၃၂-ပါး အောင်မြင် ခဲ့သော ကြောင့် လည်းကောင်း။

+ ဒုတိယနှစ် ၁၃၄၁-ခုနှစ်တွင် သံ ဃာတော် ၈၂-ပါး သီတင်းသုံး ပြီး တိပိဋကဓရ ရွေးချယ်ပွဲ၌ ၆၈ ပါး အောင်မြင်ခဲ့သောကြောင့် လည်းကောင်း။

တတိယနှစ် ၁၃၄၂ - ခုနှစ် တွင် သံဃာတော် ၁၃၃-ပါး သီတင်း သုံးပြီး တိပိဋကဓရ ရွေးချယ်ပွဲ၌ ၉၈-ပါး ဝင်ရောက် ဖြေဆိုရာ အပါး ၉၀ - အောင်မြင်ခဲ့သော ကြောင့် လည်းကောင်း။

ရည်ရွယ်ဦးတည်ချက် ပြည့်ဝသည်ဟု ဆိုရခြင်းဖြစ်သည်။ ထို့မျှသာ မကသေး၊ တိပိဋကနိကာယ ကျောင်းတိုက်မှ ယခု အခါ ပိဋကတစ်ပုံဆောင် သုံးပါးပင် ထူးခြားစွာ ပေါ်ထွန်းလာခဲ့ပြီ ဖြစ် သည်။

တိပိဋကနိကာယ ကျောင်းတိုက်ကြီး မှာ သုံးနှစ်အတွင်း ၁-နှစ်ထက် ၁-နှစ် သီတင်းသုံးသူ သံဃာတော်များ ဦးရေ တိုးတက်လျက်ရှိရာ ယခု စတုတ္ထနှစ် ဖြစ် သော ၁၃၄၃-ခုနှစ်တွင် သံဃာတော် ၁၅၂ပါးအထိ သီတင်းသုံးလျက်ရှိသည် ဟု သိရပေသည်။

သို့ဖြစ်ရာ ကိုယ်ခတော်ဘုရား ဟိုဝိန္ဒက မရ မမွေ ဘဏ္ဍာဂါရိ ဒါန ပြုခဲ့စဉ်က တိပိဋကဓရ ပုဂ္ဂိုလ်ပေါင်း ခုနစ်ရာကျော် ရှိစာ ရွေးထုတ်ပေးသနားခဲ့သော ဆရာတော် အရှင်ဝိစိတ္တ သာဘိဝံသအား မြန်မာနိုင်ငံ မှက် ရောက် ခေတ်၏ နိကာယ်သမိုင်းမှတ်တိုင် အဖြစ်ဖြင့် မှတ်တမ်းတင်ရမည် ဖြစ်သည်။

ကျမ်းအိပ်ကြီးများ နိုးလာကြပြီ

တိပိဋကဓရ ရွေးချယ်ပွဲပေါ်ပေါက်လာပြီးသည့်အခါနှစ်မှစ၍ ၁-နှင်ထက် ၁-နှစ် နိကာယ ငါးရပ် ပါဠိတော်ကြီးအား စိတ်ဝင်စားသူများ ပိုမိုတိုးဝက် များပြားလာသည်။ ယခုအခါ 'နိကာယ်' ဟူသောအသံသည် မြန်မာတစ်နိုင်ငံလုံး၌ ပဲ့တင်ထပ်အောင် ပျံ့နှံ့လာခဲ့သည်။

တိပိဋကဓရ ရွေးချယ်ပွဲအပြင် အခြားရန်ကုန်၊ မန္တလေးစသော မြို့များ၌ပင် နိကာယ်ငါးရပ် စာလျှောက်ဓမ်းပွဲများ ပေါ်ပေါက်လာသည်။ နိကာယ် သာသနာတော် ဟွန်းကား ရေးအသင်းများလည်း ပေါ်ပေါက်လာကာ နိကာယ်ငါးရပ် ပါဠိတော်ကြီးများ မှာလည်း ကျမ်းအိပ်ကြီး နိုးလာခဲ့ကြပြီဖြစ်သည်။

ဗုဒ္ဓအသံကြောင့် ပိုမိုထွန်းတောက်လာတော့မည့် ဗုဒ္ဓသာသနာ

ယင်းသို့ သာမုက်သိတ - နိကာယ် ပါဠိတော်ကြီးများ ကျမ်းအိပ်ဘုဝမှ နိုးလာသည်နှင့် တစ်ခါနိုးတည်းမှာပင် ဗုဒ္ဓ၏အသံများကိုလည်း ဗုဒ္ဓ၏အလိုကျအတိုင်း တိုက်ရိုက် ကြားနာနိုင်ကြပြီ ဖြစ်ရာ-

- ခုဒ္ဒကနိကာယ် ဝိနည်း ပါဠိတော်ကြီးများမှ ဗုဒ္ဓ၏အသံကို တိုက်ရိုက် ကြားနာရခြင်းဖြင့် ရဟန်းတော်များ၏ ကျင့်ဝတ် သိက္ခာများ သည်လည်း လျော့လျဲမှုနည်းပါးကာ ပိုမိုတင်းကျပ် ခိုင်မာလာပြီး ဗုဒ္ဓ သာသနာတော် ပိုမို သန့်ရှင်း တည်တံ့ ပြန့်ပွားလာတော့မည် ဖြစ်သည်။
- ခုဒ္ဒကနိကာယ် အဘိဓမ္မာ ပါဠိတော် ကြီးများမှ ဗုဒ္ဓ အသံကို တိုက်ရိုက် ကြား နာ ရခြင်း ဖြင့် ရုပ်နာမ်တို့၏သဘာဝနှင့် အတွေ့အခေါ်ပိုင်းများလည်း ရှုးကာ ထက် ပိုမို ထက်မြက် တောက်



ပြောင် စူးရှလာတော့မည် ဖြစ်သည်။

+ ဒီဃနိကာယ် သုတ်သုံးကျမ်း ပါဠိတော်ကြီးများမှ ဗုဒ္ဓ၏ အသံကို တိုက်ရိုက် ကြား နာ ရခြင်း ဖြင့် ရတနာသုံးပါး အပေါ် သဒ္ဓါတရား သက် ဝင် ယုံကြည်မှုများလည်း ယခင်ကထက် ပိုမိုလေးနက်ခိုင်မာလာတော့မည်။

+ အင်္ဂုတ္တရနိကာယ် ပါဠိတော်ကြီးများမှ ဗုဒ္ဓ၏အသံကို တိုက် ရိုက် ကြားနာရခြင်းဖြင့် ဒါန ခန်း၊ သီလခန်း၊ ဆိုင်ရာ လုပ်ထုံး လုပ်နည်းများလည်း ဖောင်းပွမနေတော့ပဲ ဗုဒ္ဓနည်းကျအတိုင်း ပိုမို ကျစ်လျစ်သိပ်သည်း တိကျလာကာ ယင်း ဒါနသီလတို့၏ အကျိုးစွမ်းအင်များကိုလည်း ပိုမို ယုံကြည်မှု ရှိ လာ တော့ မည် ဖြစ်သည်။

+ မဇ္ဈိမနိကာယ်နှင့် သံယုတ်နိကာယ် ပါဠိတော်ကြီးများမှ ဗုဒ္ဓ၏အသံကို တိုက်ရိုက်နာကြားရခြင်းဖြင့် လောကီသီလ၊ လောကီသမာဓိ၊ လောကီ ပညာ အဆင့်မျှလောက်ဖြင့် တင်းတိမ် ကျေနပ်မနေကြတော့ပဲ လောကုတ္တရာ သီလ၊ လောကုတ္တရာ သမာဓိ၊ လောကုတ္တရာ ပညာ အဆင့်များ အထိ ရောက်အောင် ကြိုးစားကြသူများ၊ မဂ်ဉာဏ်ရရေး၊ ဖိုလ်ဉာဏ်ရရေး အဆင့်ထိအောင် ကြိုးစားကြသူများ ပိုမို တိုးတက်များပြားလာတော့မည် ဖြစ်သည်။

သို့ဖြင့် ဗုဒ္ဓဘာသိတ နိကာယ်ငါးရပ် ပါဠိတော်ကြီးများအပေါ် လုံးဝ အခြေခံလျက်ရှိသော ဗုဒ္ဓသာသနာတော်သည်လည်း ယခင်ကထက်ပိုမိုထွန်းကားပြန့်ပွားတော့ကြောင်းလာတော့မည် ဖြစ်ပေသတည်း။

မြင့်ဆွေ

မဟာဓိကရိ

နိကာယ၎ငါးဦးပင်လယ်ကူး

ဦးသော်ဇင်

ဒီဃော မဇ္ဈိမ သံယုတ္တာ၊
အင်္ဂုတ္တရော စ ခုဒ္ဒကော။
ကွတိ ပဉ္စ နိကာယေဟိ
သုဝိနေန္တံ ပဇံ နမေ။

ဒီဃော = ဒီဃနိကာယ် လည်းကောင်း၊

မဇ္ဈိမ သံယုတ္တာ = မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ် တို့ လည်းကောင်း၊

အင်္ဂုတ္တရော စ = အင်္ဂုတ္တရနိကာယ်လည်းကောင်း၊

ခုဒ္ဒကော = ခုဒ္ဒကနိကာယ် လည်းကောင်း၊

ကွတိ=ကျင်္သို့၊

ပဉ္စ နိကာယေဟိ = နိကာယ်ငါးပါးတို့ဖြင့်၊

ပဇံ = လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို၊

သုဝိနေန္တံ = ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို၊

အဟံ=အကျွန်ုပ်သည်၊

နမေ-နမာမိ=ရှိခိုးဝါ၏။

နိကာယ်ငါးဦး ပင်လယ်ကူးဖြစ်တော်မူသော ဟောင်တွင်းဆရာတော် ခင်ကြီးပျော်၏ သုတဝန္ဒနာ ဘုရားရှိခိုးမှ 'နိကာယ်ငါးဦး ပင်လယ်ကူး' ဘုရားရှိခိုး ဖြစ်၏။ ဆရာတော်သည် ကုသိုလ်လည်းရ၊ ဗဟုသုတလည်းရစေရန် စီစဉ်ခြင်းဖြစ်သည်။ ကျွတ်ငင် နိကာယ်ငါးပါးကိုသိရ၏။ ယင်းတို့မှာ-

(၁) ဒီဃနိကာယ်
(၂) မဇ္ဈိမနိကာယ်
(၃) သံယုတ္တနိကာယ်
(၄) အင်္ဂုတ္တရနိကာယ်နှင့်
(၅) ခုဒ္ဒက နိကာယ်တို့ဖြစ်၏။

နိကာယ် ဟူသည်မှာ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသော ပိဋကတ် ပရိယတ်ပင်

ဖြစ်၏။ သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာ ဖြစ်၏။ ပရိယတ္တိသာသနာသည် ကြွင်းသော ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာနှစ်ပါးတို့၏ တည်ရာဖြစ်၏။ ပရိယတ် မတည်လျှင် သာသနာ မတည်နိုင်ချေ။ ထို့ကြောင့် မြတ်စွာဘုရား၏ ဃားတော် ရဟန်းတော်တို့သည် ရှေးဦးစွာ ပရိယတ်ကို သင်ကြားကြခြင်းဖြစ်၏။ ရှေးအခါက ရဟန်းတော်တို့ ပိဋကတ် = ပရိယတ် သင်ကြားစောင့်ရှောက်ရပုံကို အာရုံပြုနိုင်စေရန် 'မဟာဓမ္မသင်္ကြန်' အမည်ရှိသော အမတ်ကြီးစီရင်သည့် 'သာသနာလင်္ကာရ စာတမ်'မှ ကောက်နုတ် ဖော်ပြပါမည်။

'....ဤဆိုအပ်ခဲ့ပြီးသော ဆရာတပည့် အဆက်ဆက်တို့သည် ဘုရားလက်ထက်တော်ကစ၍ ပေထက်မတင်မီ ပိဋကတ်တော်ကို နှုတ်တက်သာ ဆောင်ကုန်သည်။ အပြည့်အစုံ မရေးသား ထားကြကုန်။ နှုတ်ဖြင့်သာ ထိန်းသိမ်းသဖြင့် အလွန်ငြိုငြင် ခဲခက်သော အမှုကို ပြုကြပေသည်။ ထိန်းသိမ်းဆောင်ရွက်သော နည်းအမြွက်ကား-

'သီဟိုဠ်ကျွန်းဌ် ပြည်ရွာကို လုယက်သော စက္ကာလတိဿမည်သော ဒွိန်းစကွား သူဖုန်းစားဘေးဖြစ်သောအခါ မိုးကောင်းစွာမရွာ၊ မလုပ်ဆောင်ရ၍ ငတ်မွတ်ကြလတ်သော် သိကြားမင်းလာ၍ 'အရှင်ဘုရားတို့ ပိဋကတ်ကို မဆောင်နိုင်ကုန်လတ္တံ့၊ ဤဖောင်ကိုဗိုး၍ ဇမ္ဗူဒီပသို့ ကူးပါကုန်။ ဖောင်မဆံ့လျှင် သစ်တုံးဝါးလုံးကိုပင် ရင်ဖြင့်အပ်၍ ကူးပါကုန်၊ ဘေးမဖြစ်ရအောင် ကျွန်ုပ်စောင့်ရှောက်ပါအံ့'ဟု ရဟန်းတို့ အားလျှောက်ကြား၏။

'ထိုအခါ ရဟန်းခြောက်ကျိပ်တို့သည် သမုဒ္ဒရာအနှားသို့ ရောက်မှပင် 'ဇမ္ဗူဒီပသို့ မကူးလိုပြီ၊ ဤတွင်သာနေ၍ ပိဋကတ်ကို ဆောင်ရွက် စောင့်ရှောက်ကုန်အံ့'ဟု ကတိကဝတ်ပြုလျက် သင်္ဘောဆိပ်က ပြန်ခဲ့ပြီးမှ သီဟိုဠ်ကျွန်း အစိတ် မလယဇနပုဒ်သို့သွား၍ သစ်ဖု သစ်မြစ်သစ်ရွက်ဖြင့်သာကိုယ်ကိုမျှစေသဖြင့် ပိဋကတ်စာပေ သရဇ္ဈာယ်တော်မူကုန်၏။ ဆာလောင်ခြင်း ဖြစ်လှ၍ မသရဇ္ဈာယ်နိုင်သောအခါ သဲကို စုပုံ၍ ဝမ်းအောက်ထားပြီးမှ တစ်ခုတည်းသော အရပ်၌ ဦးခေါင်းဆိုက်ကုန်လျက် ပိဋကတ် စာပေတို့ကို စိတ်ဖြင့်ဆင်ခြင်ကုန်၏။ ဤသို့လျှင် ၁၂-နှစ်ပတ်လုံးအဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို မကွယ်မပျောက်ရအောင် ဆောင်ရွက် စောင့်တော်မူကုန်၏။

၁၂-နှစ်စေ့၍ ဒွိန်းစကွား သူဖုန်းစားဘေးပြေငြိမ်းသောအခါ ယခင် ဇမ္ဗူဒီပသို့ကူး၍ ပိဋကတ်ကို ဆောင်ရွက် စောင့်ရှောက်ကြလေသော ရဟန်းခုနှစ်ရာတို့ ပြန်လာ၍ သီဟိုဠ်ကျွန်း အစိတ် ကလ္လာရာမဇနပုဒ်၊ မလ္လလာရာမကျောင်းသို့ ရောက်ကုန်၏ ဇမ္ဗူဒီပသို့ မကူးပဲ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော ရဟန်း ခြောက်ကျိပ်တို့လည်း မလ္လလာရာမကျောင်းသို့ သွား၍ တွေ့ကြသော် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကိုတိုက်ဆိုင် တည်းဖြတ်ကြသည်။ တစ်ပုဒ်တစ်သဝေမျှ မချွတ်မလွဲကြ၊ ဂင်္ဂါရေနှင့် ယမုနာရေကို ရောနှောသော် ညီညွတ်သကဲ့သို့၊ ဇမ္ဗူရာဇ်ရွှေစင်ကို ဖြတ်၍စံသော် ရောင်လျှံမထူးမပြား ညီညွတ်သကဲ့သို့ ညီညွတ်ကြလေသည်။ ဤသို့လျှင် ပိဋကတ်တော်ကို နှုတ်တက်သာ ဆောင်ကုန်သည်။ အပြည့်အစုံ ရေးသား မထားကြကုန်။ နှုတ်တွင်သာ ထိန်းသိမ်းသဖြင့် အလွန်ငြိုငြင်ခက်ခဲသော အမှုကို ပြုကြသတည်း။'

ပိဋကတ်တော်ကို တစ်ပုဒ်တစ်ပါဒမျှ မယို မယွင်းရအောင် သင်ကြား ဆောင်ရွက်ကြသည့် အရာလည်း' အလွန်ငြိုငြင်ခက်ခဲလှပေသည်။

သီဟိုဠ်ကျွန်းတွင် ပုနဗ္ဗသုမည်သော သူကြွယ်သား တိဿမထေရ်သည် စာပေသင်စဉ်ကာလ သီဟိုဠ်ကျွန်းက ဇမ္ဗူဒီပသို့ကူး၍ ယောနကတိုင်း၊

မမှရကိုတ မထေရ်ထံ၌ ပိဋကတ်ကို သင်၏။ တတ်မြောက်ပြီအမှတ်နှင့် သီဟိုဠ်ကျွန်းသို့ ပြန်ခဲ့သော် သဘော်ဆပ်သို့ ရောက်မှ တစ်ခုတည်းသောပုဒ်၌ ယုံမှား သက်ဖြစ်ခဲ့၏။

ထို သဘော်ဆိပ်နှင့် ယောနကတိုင်းကား ယူဇနာတစ်ရာ ကွာဝေးသတည်း။ ထိုသို့စင်လျက် တစ် ပုဒ် အတွက် ကြောင့် ယူဇနာတစ်ရာခရီးကို ပြန်၍ ဆရာ့ထံ သွားလေသော် ခရီးအကြာင်း၌ သူကြွယ်တစ်ဦး မေးသော ပြဿနာကို ဖြေ၍ ကြည်ညိုသဖြင့် လူသော တစ်သိန်း ထိုက်သော ကမ္မလာတစ်ထည်ကို မမှရကိုတမထေရ်အား လှူလေ၍....မထေရ်ကား ပြန်လာကြောင်းကို မေးလျှင် 'တစ်ခုသောပုဒ်၌ ယုံမှားသက်ရှိ၍ ယူဇနာတစ်ရာခရီးကိုပင် ပြန်လျက် ဆရာ့ထံ မေးမြန်းလာသည်-ဟု နောင်လာသူတို့ ပြောပရစ်၍ အကျွန်ုပ်ကဲ့သို့ပင် ကျင့်ကြပါစေ-ဟု နှလုံးထားလျက် ပြန်လာကြောင်း'ကို လျှောက်ပြီးမှ ယုံမှားသက်ကင်းအောင် ပြု၍ သီဟိုဠ်ကျွန်းသို့ ပြန်မြဲပြန်လေသည်။

ဤသို့ ဝိဘင်းအဋ္ဌကထာ လာသည့်အတိုင်း ပိဋကတ်တော်ကို တစ်ပုဒ်တစ်ပါဒမျှ မယိုမယွင်းရအောင် သင်ကြားဆောင်ရွက်သည့် အရာလည်း အလွန်ပြုပြင် ခက်ခဲလှပေသတည်း။

အများ အဆောင်အရွက်မရှိ၊ ပိဋကတ်တော်ကျမ်းဂန်ကွယ်ပျောက်လုသည်ကို မကွယ်မပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်သည့် အရာသည် ပြုပြင်ခဲခက်စွာ၏၊

အရှင်သာရိပုတ္တရာဟောသော မဟာနိဒ္ဒေသကျမ်းကို အများ ဆောင်ရွက်မည့်သူမရှိ၊ ကွယ်ပျောက်လုလျှင်၊ သီဟိုဠ်ကျွန်းတွင် အလင်္ကာရဟန်းတစ်ဦး ဆောင်ရွက် လေ့လာသည်ကို မဟာပိဋကမထေရ်သိ၍ မဟာရကိုတမထေရ်ကို 'ထိုရဟန်းထံ မဟာနိဒ္ဒေသကျမ်းကို သင်ကြားပါ' ဆိုသည်ကို 'ထိုရဟန်း အလင်္ကာဖြစ်သည်၊ မသင်ကြားလို' ဟု ငြင်းဆန်သဖြင့် 'အခြားသူများ မဆောင်မရွက်၊ အစွန်းဌ်တည်၍ ကွယ်ပျောက်လုသောကျမ်းဖြစ်သည်။ ငါတို့လည်း စောင်မ,ပါမည်' ဟု တိုက်တွန်း၍ သင်ကြားစေသည်။

သင်ပြီးသည့်နေ့ပင် ညောင်စောင်းအောက်၌ အိပ်သော မာတုဂါမကို မြင်လေသည်ဟူ၏။

ဤသို့ ဝိနည်း အဋ္ဌကထာ လာသည့်အတိုင်း အစွန်းဌ်တည်၍ ကွယ်ပျောက်လုသော ပိဋကတ်တော်ကျမ်းဂန် မကွယ်မပျောက်ရအောင် သင်ကြားဆောင်ရွက်သည့် အရာသည် ပြုပြင်ခဲခက်စွာသတည်း။

ဤကား ရှေးအခါက သီဟိုဠ်ရဟန်းတော်တို့ ပိဋကတ် စောင့်ရှောက် ထိန်းသိမ်းကြခြင်း အကြောင်းတို့ဖြစ်၏။

မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသော တရားတော်တို့သည် ပိဋကအားဖြင့် သုံးပါးရှိ၏။ ယင်းမှာ-

(၁) သုတ်
(၂) ဝိနည်း
(၃) အဘိဓမ္မာတို့ဖြစ်၏။ ဤတွင် သုတ်မှာ နိကာယ်ငါးရပ်လုံးတွင် ပါဝင်၏။ ဝိနည်းမှာ ခုဒ္ဒကနိကာယ်မှ ဝိနည်းငါးကျမ်းဖြစ်၏။ အဘိဓမ္မာလည်း ခုဒ္ဒကနိကာယ်မှ အဘိဓမ္မာခုနှစ်ကျမ်းဖြစ်၏။

နိကာယ်ဟူသည်မှာ နိကာယ=ဟူသော ပါဠိကို မြန်မာလို ပြန်ဆိုထားခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ အပေါင်းအစုဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာတော်များကို အမျိုးအစား ပိုင်းခြား၍ အပေါင်းအစု ငါးခု ပြုထားခြင်းပင်တည်း။

(၁) ရှည်သောသုတ်များ၏ အပေါင်းအစုကို ဒီဃနိကာယ်ဟု ခေါ်၏။

(၂) မရှည်မတို အလယ်အလတ်ဖြစ်သော သုတ်များ၏ အပေါင်းအစုကို မဇ္ဈိမနိကာယ်ဟုခေါ်၏။

(၃) တရားသဘော (သို့မဟုတ်) ဟောကြားချက်အားဖြင့်တူ၍ ယှဉ်တွဲသင့်သော သုတ်များကို ယှဉ်တွဲစုပေါင်းထားသည့် သုတ်တို့၏ အပေါင်းအစုကို သံယုတ္တနိကာယ်ဟု ခေါ်၏။

(၄) အင်္ဂါတစ်ခုစီ ကျော်လွန်သော သုတ်များ၏ အပေါင်းအစုကို အင်္ဂုတ္တရနိကာယ်ဟု ခေါ်၏။

(၅) အတိုင်းအရှည် ပမာဏအားဖြင့် တိုသော သုတ်များ၏ အပေါင်းအစုကို ခုဒ္ဒကနိကာယ်ဟု ခေါ်၏။

စင်စစ် စွမ်းဆောင်နိုင်သော ပညာရှိ ဘုရားသားတော် ရဟန်း တော်တို့သည် ရှေးဦးစွာ 'နိကာယ်ငါးဦး ပင်လယ်ကူး' ဖြစ်ဖို့လိုပါသည်။

ထို့နောက် အထူးသဖြင့် တရားနှင့် နေလေ့ရှိသော = ဓမ္မဝိဟာရီ-ဖြစ်ဖို့ လိုပါသည်။ သို့မှလည်း နိကာယ်ငါးဦး ပင်လယ်ကူးရခြင်း၏ အာနိသင် ပေါ်လွင်မည်။

အင်္ဂုတ္တိရ် ပါဠိတော် ဓမ္မဝိဟာရသုတ်၌ ဟောတော်မူသည်မှာ-

တရားကိုသင်ကြားပြီး အချိန်ကုန်လွန်သော ရဟန်းသည် ပရိယတ်များသူ ကျမ်းဂန်နှံ့စပ် စာတတ်သူသာ ဖြစ်၏။

တရားကိုဟောကြားခြင်းဖြင့် အချိန်ကုန်လွန်သော ရဟန်းသည် သိစေခြင်းများသူ တရားဟောသူသာဖြစ်၏။ ဓမ္မကထိကတည်း။

တရားကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အချိန်ကုန်လွန်သော ရဟန်းသည် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းများသူသာ ဖြစ်၏။

တရားကို ကြံစည် တွေးတောခြင်းဖြင့် အချိန်ကုန်လွန်သော ရဟန်းသည် ဝိတက်များသူသာ ဖြစ်၏။

တရားကို သင်ကြားခြင်းဖြင့်သာ အချိန်မကုန်လွန်စေပဲ တစ်ယောက်တည်း ကိန်းအောင်း၍ စိတ်၏ငြိမ်းမှုကို ကြိုးစားသော ရဟန်းသည်သာ တရားနှင့် နေလေ့ရှိသော=ဓမ္မဝိဟာရီ ဖြစ်လေသည်။

သန္တံ တသ မနံ ဟောတိ၊
သန္တာ ဝါစာ စ ကမ္မ စ။
သမ္မဒညာ ဝိမုတ္တသ၊
ဥပသန္တသ တာဒိနော။ (ဓမ္မပဒ--၉၆)

'အကြောင်းအား လျော်စွာ တရား သိ၍ ကိလေသာမှ လွတ်မြောက် ငြိမ်သက်သော၊ ဖောက်ပြန်ခြင်းသဘော မရှိသော ထိုပုဂ္ဂိုလ်၏ စိတ်သည်လည်း ငြိမ်သက်၏။ ကိုယ်နှုတ်အမူအရာလည်း ငြိမ်သက်၏။' (ဘာသာပြန်)

ဤကား ဓမ္မဝိဟာရီ၏ သရုပ် အချုပ်ပင်တည်း။

သင်္ဃင်



ကိပိဋကရ မမ္မဘာဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဖြစ်တော်မူသော ဆရာတော်ဘုရားသည် ဗုဒ္ဓသာသနာတော် အရှည်သဖြင့် စည်ပင် ပြန့်ပွားမှုကို မည်သည့် ရှုထောင့်မှ နေ၍ မည်သို့ အကျိုးပြု ဆောင်ရွက်နေတော် မူသနည်း။

ဤအတွေး အာရုံသည် နှလုံးအုံ၌ 'ပျားစွဲသကဲ့သို့' စွဲတည်နေစဉ် ဟိုယခင် ဗုဒ္ဓလက်ထက်တော်အခါ နေလ အသွင် ထင် ရှား ခဲ့သော 'အရှင်ကိမိလ မထေရ်'၏ အသွင်ကို မြင်ယောင်ပါသည်။ မြင်ထိုက်သောကြောင့်လည်း မြင်ခြင်း ဖြစ်ပေ၏။ ထို အရှင်ကိမိလ မထေရ်နှင့် တိပိဋကရ မမ္မဘဏ္ဍာဂါရိက အရှင်မြတ်တို့၏ 'သာသနာရေး'အတွေးစိတ်ဓာတ်ခံငြင်း တူညီနေသောကြောင့် ဖြစ်သတည်း။

ဤတွင် အရှင်ကိမိလ မထေရ်၏ အကြောင်း သိကောင်းစရာ ဖြစ်လာသဖြင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ တတိယတွဲ ပဉ္စကနိပါတ် ကိမိလသုတ် အဖွင့်တွင် အရှင်ကိမိလ မထေရ်နှင့် ပတ်သက်သည့် မှတ်တမ်းအရဆိုသော်....

ထိုအရှင်ကိမိလကား ကိမိလမြို့ သေဋ္ဌေးမျိုးရိုးမှ ဖွားမြင်သော အရှင်ဖြစ်ပြီး အရွယ်ရောက်သောအခါ သာသနာ၌ ဝမ်းကိုအပ်၍ ပဉ္စင်းရဟန်းအဖြစ် ခံယူလေသည်။ ရဟန်းကျင့်ဝတ် မချွတ်စေရ 'သွေးပူလုံ့လဖြင့်' မဆုတ်မနစ် အားထုတ်တော် မူလေသည်တွင် ပုဗ္ဗေနိဝါသဉာဏ်ကို ရရှိသွားလေသည်။ ပုဗ္ဗေနိဝါသဉာဏ်ကား ရှေးအတိတ်က မည်သည့်ဘဝတွင် မည်သို့ ဖြစ်ခဲ့ပုံများကို သိသော ဉာဏ်တည်း။

အရှင်ကိမိလသည် တစ်နေ့သော အခါတွင် မိမိ၏နောက်ကြောင်း ဘဝဖြစ်စဉ်များကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ကြည့်ရှုမိလေသည်။ ထိုအခါ ကဿပဘုရားသခင်၏ သာသနာ၌ မိမိအနေဖြင့် ရဟန်းဘဝရရှိခဲ့ပုံကို မြင်၍ ဝမ်းသာခြင်းဖြစ်မိလေ၏။

သို့သော်-သာသနာကွယ်ပခါနီး အားအင် ဆုတ်ယုတ်နေခြိန်ဖြစ်သဖြင့် ဘိက္ခု,ဘိက္ခုနီ,ဥပါသက,ဥပါသကာတို့ သာသနာ၌ ဂါရဝတရားနည်းပါးနေကြသည်ကို မြင်ရသောအခါ ဝမ်းမသာနိုင် ဖြစ်ရပြန်ချေ၏။

အရှင်ကိမိလသည် ထိုသည့်ရှုကွက်ကို မျက်စိထဲမှ မထွက်၊ ဆက်၍မြင်ရသည်ကား - ထိုစဉ်က ရဟန်းဖြစ်ခဲ့သော မ်မိသည် မိမိဝတ်ရုံထားသော သင်္ဃန်းကိုကြည့်ကာ 'မြတ်ဘုရား ပေးထားသည့် အရေတော်ကို ခြုံထားသောငါသည် မြတ်ဘုရား အလိုတော်ကျ နေရမည်။ တရားဓမ္မကို ကျင့်ကြံအားထုတ်ရမည်။ သာသနာ့ဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်ရမည်။' ဟူ၍ သာသနာတည်တံ့မှုကို ရှေးရှုခဲ့ပုံ၊ မတ်စောက်သော တောင်ကြီးပေါ်၌ တရားမလေ့ဖြင့် မွေ့လျော်ခဲ့ပုံများကို အာရုံမြင်ကွင်းတွင် အထင်သား ပေါ်လာလေသည်။

ဤသည့် ရှုကွက်ကြောင့် အရှင်ကိမိလမှာ စိတ်မအေးဖြစ်လာသည်။ မြတ်စွာဘုရား၏ သာသနာတော် ထိုကဲ့သို့ ဖြစ်မည့် အရေးကို တွေးတော စိုးရိမ်မိလာသည်။ 'သာသနာသည် အဘယ်သို့သော အခြင်းအရာအားဖြင့် အဝန့်ရှည်ကြာစွာ တည်ရှာပါအံ့နည်း။'

အရှင်ကိမိလသည် ထိုအတွေးကို ရင်ဝယ်ထွေးပိုက်လျက် ဘုရားသခင်အား ဦးတိုက် ဝင်၍ မေးလျှောက်လေတော့၏။

'အရှင်ဘုရား....မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သာသနာတော် ကြာရှည်စွာ မတည်နိုင်ခြင်း၏ အကြောင်းကား အဘယ်ဖါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။'

သာသနာ တည်တံ့ရေးစိတ်ဓာတ် အရှင်ကိမိလသန္တာန်၌ အဘယ်မျှ ပြင်းပြစွာ ကိန်းဝပ်နေ သနည်း ဆိုသော်....အရှင် ကိမိလသည် ထို အကြောင်း အင်္ဂါတို့ရှိ ပဉ္စကနိပါတ်၌ လည်းကောင်း၊ ဆက္ကနိပါတ်၌လည်းကောင်း၊ သတ္တကနိပါတ်၌လည်းကောင်း ဆင့်ကာဆင့်ကာ မေးလျှောက်ရှာသည်ကို ထောက်ခြင်းဖြင့် ထင်ရှားပေသည်။ အရှင်ကိမိလကို အကြောင်းပြု၍ ထိုသုံးသုတ်စလုံး 'ကိမိလသုတ်' ဟူ၍ချည်း တွင်သတည်း။

ဗုဒ္ဓမိန့်ကြားချက်ကို ဤသုံးသုတ်မှ အဆိစစ်၍ အနှစ်ကိုထုတ်သော်-

'ကိမိလ....မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ဤသာသနာတော်၌ ရဟန်းရဟန်းမ ဥပါသကာ ဥပါသကိမတို့သည်-

+ မြတ်စွာဘုရား၌ မရိုမသေ မတုပ်မဝပ်နေကြကုန်၏။
+ တရား၌ မရိုမသေ မတုပ်မဝပ် နေကြကုန်၏။
+ သံဃာ၌ မရိုမသေ မတုပ်မဝပ် နေကြကုန်၏။
+ သိလသိက္ခာ၌ မရိုမသေ မတုပ်မဝပ် နေကြကုန်၏။
+ သမာဓိ၌ မရိုမသေ မတုပ်မဝပ်နေကြကုန်၏။
+ မမေ့မလျော့ခြင်း=အပ္ပမာဒ၌ မရိုမသေ မတုပ်မဝပ်နေကြကုန်၏။

+ အစေ့အစပ်ပြုမှု=ပဋိသန္ဓာရခဲ့ မရှိမသေ မတုပ်မဝပ်နေကြကုန်၏။
+ အချင်းချင်း မရှိမသေ မတုပ်မဝပ် နေကြကုန်၏။

ကိမိလ....မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာမြင့်စွာမတည်တံ့ခြင်း၏ အကြောင်း အထောက် အပံ့ကား ဤသည်ပင်တည်း။'

ဤသည်ကား အရှင်ကိမိလ၏ သာသနာတည်တံ့ရေး အတွေးမှ ရရှိလာသော အမြတ်ဟူ၍ ဆိုအပ်သည်။

တိပိဋကရေ မမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားသည် အရှင်ကိမိလ၏ မေး လျှောက်ချက်မှ ထွက်ပေါ်လာသော 'သာသနာ အားနည်းဆုတ်ယုတ်ကြောင်း အခွင့်အပေါက်များ' ကိုဆို ပိတ်၍ အခွန့်ရှည်ကြာစွာ သာသနာ တည်စေရန်အလို့ငှာ တိုင်းအတည်တည်ပြည်အစို့စို့ မြို့အဖြာဖြာ ရွာအသီးသီးသို့ ခရီးယာယီ စက်ပန်းခရီးပြီးလျှင် ရဟန်းရှင် လူ သူ ခပ်သိမ်းတို့အား-

+ ဘုရားဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊
+ တရားဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊
+ သံဃာဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊

+ သီလသိက္ခာဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊
+ သမာဓိဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊
+ မမေ့မလျော့ခြင်း = အပ္ပမာဒဥ္စ ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်၊
+ အချင်းချင်း ရှိသေတတ် တုပ်ဝပ်တတ် ဖြစ်လာအောင်-

ဤသို့ တရားဟောပြ ဆုံးမခြင်း=ဓမ္မကထိကရှုထောင့်မှလည်း သာသနာ တည်တံ့မှုကို အားသွန်ခွန်စိုက် ပြုနေတော်မူ၏။

ထိုမှတပါး သာသနာတည်တံ့မှု၊ မတည်တံ့နိုင်မှုနှင့် ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်၌ ပ၊ဒု၊တ သုံးသုတ်စဉ်လျက် မြတ်ဘုရားဟောကြားအပ်သော သဒ္ဓမ္မသမ္မောသသုတ်များ၌ လာရှိသည်-

'ရဟန်းတို့ နောက်တစ်မျိုးကား အကြားအမြင်များကုန်၊ အာဂုံ(ပါဠို)နှုတ်တက်ကုန်၊ သုတ် အဘိဓမ္မာ ကိုဆောင်ကုန်၊ ဝိနည်းကိုဆောင်ကုန်၊မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် ပါဠိတော်ကို သူတစ်ပါးအား ရှိသေစွာ မပို့ချကြကုန်၊ ထိုရဟန်းတို့ ကွယ်လွန်သောအခါ ပါဠိတော်သည်အမြစ်အရင်း



ပြတ်၏။ဆောက်တည်ရာမရှိတော့ဆေး။ရဟန်း တို့.... ဤတတိယ သဘောထားသည် သူတော် တရား ပျောက်ပျက်ရန်ဖြစ်၏' ဟူသော....

ဤဓမ္မစက်ကို အလေးအနက်ပြု၍ 'ပရိယတ္တိ နာမ သာသနဿ မူလ'သာသနာတော်၏ အမြစ် ဖြစ်သော ပရိယတ္တိမကြွင်ကြီး ခိုင်သည်ထက် ခိုင် စေရန်အတွက် ပိဋကတ် မှိုးဆက် ပြတ်မသွား လေပဲ ခက်လက်ညွှန့်စည်၍ အဓွန့် ရှည်ကြာစွာ တည်ပါစေရန် အလို့ငှာ မင်းကွန်းဟောင်ရိုး မိုးမိတ်ကုန်းမြေထက်၌ 'တိပိဋက = နိကာယ ကျောင်းတိုက်ကြီး' ကို တည်စိုက်ကာ ပစ္စယာနုဂ္ဂဟ ရှုထောင့်မှလည်း သာသနာ အား တောင့် အောင် စောင့်ရှောက်တော်မူလျက် ရှိနေပေသည်။

ထိုမျှသာမက ဓာရာတော်သည် အခြိန် ကို အခြည်းနှီး ကုန်လွန်မသွားစေပဲ တိပိဋက = နိကာယ စာသင်သားကြီးတို့အား နည်းညွှန် လမ်းပြ ဩဝါဒပေးတန်သည်ကို ပေးကာ၊ သာ သနာ့အာဇာနည်လောင်းလျာ သာမဏေ ငယ် များကိုလည်း လက်ရင်းကျကျ ဩဝါဒပေးလျက် 'ပိုးမွေးသကဲ့သို့' မွေးမြူခြင်း တည်းဟူသော ဓမ္မာနုဂ္ဂဟရှုထောင့်မှ လည်းကောင်း၊ နိုင်ငံ တော်အစိုးရက မိမိအား တိပိဋကဓရ အတွက် လစဉ်လှူဒါန်းသော ဆွမ်းဆန်အော် ၃၁၁ ကျပ် နှင့် အဂ္ဂမဟာပဏ္ဍိတအတွက် နှစ်စဉ် လှူဒါန်း သော ဆွမ်းဆန်တော် ၁၀၀၀-ကျပ် တို့ကို နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား လှူဒါန်းခြင်း တည်းဟူသော ပစ္စယာနုဂ္ဂဟ ရှုထောင့်မှလည်းကောင်း သာသနာစည်ပင်မှုကို ပြုစုလျက် ရှိနေပေသည်။

(ထိုသို့ ဆရာတော်၏ တိပိဋကဓရ လစဉ် ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်တို့ကိုနိကာယ်သာသနာတော် အား လှူဒါန်းပါကြောင်း ဆရာတော်ကြီး မျာ်းကို မိမိကျောင်းသို့ ပင့်၍ လျှောက်ထား သော အကြောင်းအရာ စာတမ်းကို သူတော် စင်မျာ်း ဖတ်ရှုရပြီး ဖြစ်မည်ဟု ယုံကြည်ပါ သည်။)

ဤသို့ ပေါင်းအပ် မျာ်း မြတ် လှစွာ သော လုပ်ငန်း အရပ်ရပ် တို့ကား သာသနာတော် အတွက် ရှုထောင့်အမျိုးမျိုးမှ ဆောင်ရွက်လျက် ရှိနေသည့် တိပိဓကဓရ ဆရာတော် ဘုရား၏ သာသနာပြု လုပ်ငန်းမျာ်း ဖြစ်ပါသတည်း။

နိဂုံးချုပ်အားဖြင့် ဆရာတော်အတွက် ဆုပန် ရွက်အပ်သည်ကား-



+ 'ကိုယ်လက်ချမ်းသာ၊ ပွင့်လန်းစွာဖြင့်၊ တရာရေကွက်၊ သည်တသက်တွင်၊ မွတ်ညက်ကြည်စင်၊ ရွှေရောင်ပြောင်သို့၊ သို့ပင်နှိုး၊ မြင်ချင်လှ၏၊ ထေရဘုန်းမော်၊ အာယုတော်လျှင်၊ ကိုယ်ပေါ် ကိုယ်တွင်း၊ မကင်းတံထွာ၊ ဖြစ်တတ်စွာသား၊ ကြွမ္မာခိုက်ရန်၊ ဘေးဒဏ် ဥပဒ်၊ ရှင်းရှင်း၊ လွတ်၍၊ ရာမြတ်တည်ပါစေ သတည်း။'

+ 'လူတို့မျက်စိ၊ အရှင်ဝိ အား၊ ဗျာဓိ ရောဂါ၊ အနာအမျိုး၊ ကိုးဆယ့် ခြောက်သွယ်၊ အန္ဆရာယ်လည်း၊ မတွယ်ရှင်းလင်း၊ ထိပါးကင်းလျက်၊ ဆီးနှင်းပေါက်ကြွေ၊ တက်သစ် နေသို့၊ ကျက်သရေလျှံ ရှိန်၊ တထိန်ထိန်နှင့်၊ ရွှေအိမ်ခန္ဓာ၊ ရှုသာတင့်တယ်၊ ရုပကာယ်တို့၊ လ,နှယ်ရောင်လင်း၊ ပြောင်ပြောင်ဝင်း၍၊ ရှင်းရှင်း ကြည်ပါစေ သတည်း။'

+ 'တရား၊ ကျေးဇူး၊ ဟောမြွက်ကျူးလည်း၊ အထူးအဆန်း၊ ပန်းသီသောနှယ်၊ စ, လယ်, ဆုံးဖျား၊ သုံးပါးစုံဘိ၊ ကောင်းခြင်းညီလျက်၊ ပါဠိအနက်၊ နှစ်ချက်ပြတ်ပြတ်၊ ပညတ် ပရမတ်၊ ထင်မှတ်စေ စေ၊ ဟောတတ်ရွေ့လျှင်၊ နေ့ ညဉ့် ညီးညံ။ အရှင့်ထံဝယ်၊ ခါရံမပြတ်၊ ဝန်းပတ်ပြီးတ၊ အဆူဆူတို့၊ အူအူသောင်းသောင်း၊ တစုပေါင်း၍၊ ပွဲကောင်း တည်ပါစေ သတည်း။'

ဟု၍ ဖြစ်ပါသည်။ ။

ခုန် ဦးစန်းငွေ
၁၁-၇-၇၂

နိကာယ်ငါးဖြာ သာသနာ
ကမ္ဘာအနှံ့ ပြန့်စေသောဝ်

ဦးဥက္ကံသာဘိဝံသ

မူလကံ ပရိယတ္တိဝ၊ စိရံ စက္ကဿ ဝုဒ္ဓိယာ။
တသ္မိံ ဝုဒ္ဓေ ဟိ ဝဗုန္ဓိ၊ သဒ္ဓမ္မာ ဣတရေ ဒုဝေ။

စက္ကဿ=ဘုရားမြတ်စွာ သာသနာသုံးရပ် စက်တော်မြတ်၏။ စိရံ=အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလ ပတ်လုံး။ ဝုဒ္ဓိယာ=တန့်တခြား ဒီရေလားသို့ တိုးပွားကြည်လင် စည်ပင် ပြန့်ပြောခြင်း၏။ မူလကံ=အခြေခံမူလ ပဓာန အကြောင်းရင်းသည်။ ပရိယတ္တိဝ=ပရိယတ်သာကေန် စင်စစ်မှန်၏။ဟိ=ဆိုခဲ့ပြီးတောင်း ထိုစကားဟုတ်မှန်စီသည့် ယုတ္တိအကြောင်းကား။ တသ္မိံ=ထိုပရိယတ္တိသဒ္ဓမ္မ နာမဝေါဟာ စက်သာသနာသည်။ဝုဒ္ဓေ=ပို့ချ+သင်+အံဟောပြည့်နှင့်ဖန်ဖန်လေ့ကျက်ပွားတက်စည်ပင်လတ်သည်ရှိသော်။ ဣတရေဒုဝေသဒ္ဓမ္မာ=ဤမှတခြား ပဋိပတ်နှင့်ပဋိဝေဓသာသနာ နှစ်ပါးတို့သည်။ ဝဗုန္ဓိ=ကန်ဘောင်ခိုင်မတ် ရေတည်လတ်၍ ငါးရပ်ပဒုံ ဖူး,ပွင့်ပုံသို့ အဟုန်မားမား ထိုနည်းလားလျှင် ကြီးပွားစည်ပင်နိုင်ကြကုန်၏။

မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆိုဆုံးမအပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော် သုံးရပ်တို့ ဤလောကဓာတ် အတွင်းဝယ် ထွန်းလင်းတောက်ပ စည်ပင်ရေး၊ အနှစ်ငါးထောင် မြားမြောင် ရှည်ကြာ အခါပတ်လုံးတည်တံ့ရေးတို့သည် ပရိယတ္တိသာသနာတော်အပေါ်၌သာ မှီ၍တည်၍ နေပါသည်။

ထို့ပရိယတ္တိ သာသနာတော်ဟူသည်မှာ....ဘုရားမြတ်စွာ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟော ကြားတော် မူအပ်သော တရားတော်အစုပေါင်း ရှစ်သောင်းလေးထောင် မြားမြောင် ပြောကျယ် နိကာယ်ငါးရပ် ပိဋကသုံးပုံဟုဆိုအပ်သော ပါဠိတော်နှင့်ပက်ဆက်ဒေသနာအဋ္ဌကထာမှာဖြစ်ပါသည်။

ထို့ပရိယတ္တိသာသနာတော်ဖြင့် မြတ်စွာဘုရားသည် ဝေနေယျတို့ လိုလားတောင့်တအပ်သော အကျိုးကို ဖြစ်ပေါ်စေနိုင်သည့် မှန်ကန်သော အကျင့်တရားတို့ကို လည်းကောင်း၊ ထိုအကျင့်တရား တို့ကို လေးစားရိုသေစွာ လိုက်နာ ကျင့်သုံးခြင်းဖြင့် ရရှိအပ်သော အကျိုးတို့ကို လည်းကောင်း၊ ထို အကျင့်တရားတို့ကို ဆုတ်ယုတ်စေနိုင်သည့် ပယ်ရှားရမည့်တရား နှင့် ထိုအကျင့်တရားတို့ကို တိုးတက်ဖြည့် ပင်စေနိုင်သည့် မှီဝဲရမည့် တရား တို့ကို လည်းကောင်း အပြည့်အစုံ ညွှန်ပြတော် မူခဲ့ပါသည်။ သို့ဖြစ် ရကား ပရိယတ္တိသာသနာ မကွယ်မပ တည်တံ့ထွန်းလင်း၍ နေမှသာလျှင် နည်းမှန်လမ်းမှန် ကျင့်ကြံ အားထုတ်ခြင်း ဟူသော ပဋိပတ္တိ သာသနာနှင့် ထိုသို့ကျင့်ကြံအားထုတ်ခြင်းဖြင့် မဂ်ပေါက်၊ ဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဟူသော ပဋိဝေဓ သာသနာတော်=ဤသာသနာ နှစ်ရပ်တို့ မတ်မတ်ခိုင် ကျည် မကွယ်မပ တည်တံ့ ပိုးတက်ကြရမည် ဖြစ်ပါသည်။

ဥပမာ ဆိုရပါမူ ရေကန်ကြီး၌ ကန်ဘောင် ကန်ရိုး ခိုင်ခံ့ လုံခြုံလျှင် ရေများ တည်နေကြ၍ ကြာမျိုး ငါးပါးတို့ပွင့်ကာ ရေကန်ကြီး တင့်တယ်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် ရေတည်၊ ကြာ ပေါက် ရှုတိုင်းတင့်သည့် အဆင့်သို့ ရောက်ရန် ကန်ရိုးကန်ဘောင် ခိုင်ခံ့၊ လုံခြုံအောင် ဂရုတစိုက် အင် တိုက်အားတိုက် ဆည်ကြရ၊ ဖို့ကြရသကဲ့သို့... ထို့အတူပင် သာသနာတော် သုံးရပ်တို့ လောကဓာတ် အတွင်းဝယ် ထွန်းလင်းတောက်ပ အနှစ် ငါးထောင် ကာလပတ်လုံး တည်တံ့ရေး အတွက် ပရိယတ္တိ သာသနာတော်ကို ပူဇော်ချီးမြှောက် ထောက်ပံ့ကြရမည် ဖြစ်ပါသည်။

ရှေးမထေရ်မြတ်တို့ သာသနာပြုပုံ

အရှင် မဟာကဿပ မထေရ်မြတ်သည် "သာသနာတော် အရှည်တည်တံ့ရန် ဘုရားစကားတော် တရားတော်တို့ကို သင်္ဂါယနာ တင်ရလျှင် ကောင်းလေစ့" ဟု နှလုံးပိုက်တော်မူ၍ ဘုရားရှင် ရှေ့လက် ထက် တေဒဂ် ဘွဲ့တော်ရ အမျှားဆုံး ပါဝင်သည့် "တိပိဋကသဗ္ဗ ပရိယတ္တိ ပဘေဒ ဓရ ဆဠဘိည ပဋိ သမ္ဘိဒါပတ္တ" ဖြစ်တော်မူကြသော ရဟန္တာမထေရ် ငါးရာတို့ကို ရွေးကောက်၍ ဘုရားပရိနိဗ္ဗာန်စံတော် မူပြီးနောက် လေးလအရောက်တွင် မြတ်စွာဘုရား၏ စကားတော် တရားတော် တို့ကို သင်္ဂါယနာ တင် တော်မူခဲ့ပါသည်။

(သင်္ဂါယနာတင်-ဟူသည်မှာ.....ပန်းသီတံ ပန်းသီကြိုးဖြင့် မသီ မကုံး ရ၍ ဖရိဖရဲ ပြန့်ကျဲ လေလွင့် ပျောက်ပျက်ရန် အခွင့်နှင့် နီးကပ်နေသော ပန်းပွင့်တို့ကို မပျောက် မပျက်ရန် ပန်းသီတံ ပန်းသီကြိုးတို့ဖြင့် ထိုးစုပေါင်းရုံး သိုက်ုံးဖွဲ့စည်း သိမ်းဆည်း စောင့်ရှောက် သကဲ့သို့၊ ထို့အတူ ပင် ထိုထိုဒေသတို့၌ ထိုထို ဝေနေယျတို့အား အကြောင်း အားလျော်စွာ ဟောကြားတော်မူ အပ် ပညတ်တော်မူအပ်သည်ဖြစ်၍ ဖရိဖရဲ ပြန့်ကျဲ၍ နေသော မြတ်စွာဘုရား၏ တရားတော် ဒေသနာတို့ကို သာသနာခေတ် အနှစ် ငါးထောင်ပြည့်သည့် တိုင်အောင် မြဲခိုင် တည်တံ့ စေရန် ဝေဖန် စီစဉ်တော် မူကြ၍.....

'ဤတရား ဤတရားစုကား ဒီဃ နိကာယ်တည်း၊ ဤတရား ဤတရား စုကား မဇ္ဈိမနိကာယ်တည်း'... ဤသို့ စသည်ဖြင့် သဘောတူရာ တူရာ တရား တော်တို့ကို စုစည်း သတ်မှတ်တော် မူကြပြီး လျှင်–

တရားတော် တစ်ခုစီ တစ်ခုစီ၏ နိဒါန်း ပုဂ္ဂိုလ် စသည်တို့ကို မေး တော်မူ ဖြေတော်မူကြပြီး နောက် ထို တရား တော်တို့ကို မထေရ်မြတ် ငါးရာတို့ စုပေါင်းညီညွတ်စွာ ရွတ် ဆို အတည်ပြုတော်မူကြခြင်း ဖြစ်ပါ သည်။

ထိုသို့ သင်္ဂါယနာ တင်တော်မူကြပြီး နောက် အရှင် မဟာ ကဿပ အ မှူး ရှိသော မထေရ်မြတ် ငါးပါးတို့နှင့်တကွ မထေရ်မြတ်တို့၏ တပည့် အဆက်ဆက် တို့သည် သင်္ဂါယနာ တင်အပ်သည့် အစဉ် အတိုင်း မြတ်စွာဘုရား၏ မုခပါဠ် ပရိ ယတ္တိ သာသနာတော်ကို သင်ကြားပို့ချ ခြင်း၊ သုံးသပ်ဆင်ခြင်ခြင်း၊ နှုတ်တက် အာ ဂုံဆောင် တော်မူ ကြ ခြင်း တို့ ဖြင့် အသီးသီး တာဝန် ယူ ကာ ယနေ့တိုင် တည်ရှိခိုင်မြဲအောင် ထိန်းသိမ်း စောင့် ရှောက်တော် မူခဲ့ကြပါသည်။

သာသနာတော်ကို သိကြားမင်း ကူညီကြောင်း

သာသနာတော် နှစ် ၄၃၅ - နှစ်ခန့် အချိန်ဝယ် သီဟိုဠ်ကျွန်း၌ ဒုတ္တဂ္ဂ ဘေး ကြီး ကျရောက်လုနီး လတ်သော် သိကြား မင်းသည် ကြီးစွာသော ဖောင်တစ်ခုကို ဖန်ဆင်းပြီး နိကာယ်ငါးရပ်=ပိဋကတ် တော်ဆောင် မထေရ်မြတ်တို့ထံ ရိုသေ စွာ ချဉ်းကပ်၍....

'အရှင်မြတ်တို့ဘုရား–ဤ သီဟိုဠ် ကျွန်းဝယ် မကြာမီ ဒုဋ္ဌဂ္ဂဘေးကြီး ကျရောက်တော့မည် ဖြစ်ပါ သည်။ ရဟန်းတော်တို့သည် ပစ္စည်းလေး ပါးတို့ဖြင့် ငြိုငြင် ပင်ပန်းကြ၍ နိကာယ် ငါးရပ် = ပိဋကတ်တော် တည်းဟူသော ပရိယတ္တိ သာသနာ တော်ကို မဆောင်စွမ်းနိုင် ဖြစ်ကြပါ သည်။ ဤဖောင်သို့ တက်စီးတော် မူကြ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူ ကြပါ အရှင်တို့ဘုရား'....

ဟု လျှောက်ထား၍ နိကာယ် ငါးရပ် ပိဋကတ်ကို သင်၊ အံ၊ ပို့ချ နှုတ်တက် အာဂုံ ဆောင်တော်မူကြသည့် ရဟန်း တော်တို့ကို ပစ္စည်းလေးပါး ပြည့်စုံရာ ဇမ္ဗူဒိပ်ကျွန်းသာယာသို့ တာဝန်ယူ ပို့ ဆောင်ပေးခဲ့ပါသည်။

မင်းကွန်း

တိပိဋကဓရ ဆရာတော်၏ စေတနာ

ဤသို့လျှင် ရှေး မထေရ်မြတ်တို့နှင့် ရှေး သူတော် စင် တို့ စံတင် နည်း ပြ ဆောင်ရွက်တော် မူကြသည့်ထုံးကို နှလုံး ပိုက် စံနမူ အတုယူ၍ အကျွန်ုပ် တို့၏ ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒတိုက်

တိပိဋကခရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘုရားသည် ခြောက်ကြိမ်မြောက် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာ သဘင်၌ ပါဠိဝိသောခန၊ ပါဠိ ပဋိဝိသောခန ပါဠိဝိသောနသောခန ကိစ္စတို့ နှင့် တကွ ထို ဆဋ္ဌသင်္ဂါယနာသဘင် စတင် ကျင်းပသည့်နေ့မှ စ၍ ပါဠို အဋ္ဌကထာ သင်္ဂါယနာ သဘင်ကြီး ပြီးဆုံးသည့် တိုင်အောင် သင်္ဂါယနာအဖြစ် ဝိဿဇ္ဇနာ တာဝန်တို့ကို ကျပွန်စွာ ထမ်းဆောင် လျက်ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူဝမ်းမြောက် ကုသိုလ်တရား တိုးပွား သည်ထက်တိုးပွားခြင်းသို့ရောက်အောင် ရွက်ဆောင်တော်မူပြီးသောအခါမြန်မာ နိုင်ငံအဆက်ပိုင်း၊ အောက်ပိုင်းရှိ ထိုထို မြို့ရွာ ဒေသတို့၌ သာသနာ့အခြေခိုင်မြဲ သည်ထက် ခိုင်မြဲစေရန် တရားဒေသနာ မိုးကိုတဖြိုးဖြိုး ရွာသွန်းလျက် ဒကာ၊ ဒကာမတို့သန္တာန်၌ သဒ္ဓာ၊ စေတနာ၊ ပညာတည်းဟူသော ကောင်းမှုမျိုးတို့ကို တိုးဘက် ရှင်သန်စေခဲ့ပါသည်၊

ကောဇာသင်္ကရာဇ် ၁၃၃၉ - ခုနှစ် တို့တွဲလဆန်း ၁၁-ရက်(မိမိ၏တိပိဋကခရအဖြစ် ၂၅-နှစ်မြောက်ရောက်သော) နေ့၌ကား တစ်ဆင့်တက်လှမ်း နိုင်ငံတော်အဝိုးရတို့က မိမိအား လှူဒါန်းသည့် 'တိပိဋကခရ လစာ ဆွမ်းဆန်တော်အလှာ' 'အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်အလှာ' တို့နှင့် တကွ ထိုထို တရားပွဲ ပူဇော်ပွဲတို့မှ ပူဇော်ကြသည့် ဓမ္မပူဇာ ပစ္စည်းလေးပါး အလှာတို့ကို ငါးဖြာနိကာယ်၊ သုံးသွယ်ပိဋကပရိယတ္တိ သာသနာတော်အား လှူဒါန်းပြီး လျှင်တူညီသော ကုသိုလ်ဆန္ဒ ထက်သန်စွာရှိကြသည့် တပည့် ဒကာ၊ ဒကာမ အပေါင်းတို့နှင့် တိုင်ပင်ညီညွတ်၍....

၁။ လေကောင်းလေသန့် ရခြင်း

၂။ သာသာယာယာရှိခြင်း

၃။ ဆိတ်ငြိမ်အေးချမ်းခြင်း

စသည်တို့ကြောင့် စာကျက်၊ စာအား၊ စာပြန်၊ စာကြည့်ဌာန်သို့စသည့် စာပေကိစ္စတို့ကို ရွက်ဆောင်ရန် လျော်ကန်သင့်မြတ်သော မင်းကွန်းတိုက်နယ် ထန်းမြင့်ရွာဦးရှိ ရောဝတီမြစ်ကမ်း 'ရှုခင်းသာမှုံးမိတ် ကုန်းမြေစခန်း' ဝယ် ခမ်းနားသိုက်မြိုက် 'တိပိဋက=နိကာယ ကျောင်းတိုက်'ကို ၁၃၄၀-ပြည့်နှစ် ဝါဆိုလဆန်း ၅-ရက်နေ့က ဖွင့်လှစ် တည်ထောင်တော်မူခဲ့ပါသည်။

ထိုတိပိဋက=နိကာယ ကျောင်းတိုက်ကြီး မဖွင့်မီကပင် ကြိုတင်ပြင်ဆင်သောအားဖြင့် ၁၃၃၉-ခု တပေါင်းလဆို့တိုင်း နှင့်ပြည့်နယ် အသီးသီးရှိ တိပိဋက=နိကာယ စာသင်သား သံဃာတော်တို့အား သဘင်းစာမှုလည်းကောင်း၊ လက်ကမ်းကြော်ငြာဖြင့် လည်းကောင်း ပင့်ဖိတ်ခြင်း၊ ၁၃၄၀-ပြည့်နှစ် နှစ်ဆန်း ၁ ရက်နေ့တွင် နဂိုရှိရင်းဖြစ်သည့် 'ဝဏ္ဏကျော်ထင်'အဆူးကုပါမောက္ခ ဆရာဝန်ကြီး ဦးသာလှ ဥက္ကဋ္ဌရှိသော မင်းကွန်း

တောင်ရိုး မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့ကို တိုး ခဲ့၍ 'မင်းကွန်း မိုးမိတ်စေတီတော်ကြီး များ ပြုပြင် စောင့်ရှောက် ရေးနှင့် တိပိဋကတ=နိကာယ သာသနာပြု အဖွဲ့' ဟူ၍ အသစ်တဖန် ထပ်မံတိုးခဲ့ ဖွဲ့စည်း ခြင်း၊ ၁၃၄၀-ပြည့်နှစ် ကဆုန်လမှ စ၍ တိပိဋကတ=နိကာယ စာသင်သား အရှင် မြတ်များကို လက်ခံခြင်း၊ နဂိုရှိရင်း ဇရပ် ဓမ္မာရုံ အသစ်ပြုပြင် ကျောင်း အ ဖြစ် ရောက်အောင် ပြင် ဆင် မွမ်း မံ ခြင်း၊ ကျောင်းဒကာ အသစ်သစ်တို့က အသစ် အသစ် ကျောင်းဆောင်များ နေညဉ့် ဆက်ကာ တည် ဆောက် ခြင်း တို့ ဖြင့် အရပ်ရပ် ပရိက်ဥသုံ ကုံလုံစေပြီးလျှင်....

(က) မိမိကိုယ်တိုင် နိကာယ်ငါးရပ် ပိဋကသုံးပုံတို့ကို အာဂုံ နှုတ်တက် အရ ကျက်ဆောင်တော် မူ သုံးသပ်ဆင်ခြင်တော် မူကြ၍ လည်းကောင်း၊

(ခ) မိမိ၏တပည့် အဆက်ဆက်တို့ ကိုလည်း မပျက်မကွက် ပို့ချ သင်ကြားပေးတော် မူကြ၍ လည်းကောင်း။

ပရိယတ္တိသာသနာကို အရာအထောင် သော၊ နေမင်းလမင်းတို့ကဲ့သို့ ထွန်းလင်း တောက်ပြောင်စေလျက် သာသနာခေတ် အနှစ် ငါးထောင် တည်တံ့ တိုးတက် စည်ပင်အောင် ထိန်းသိမ်းစောင့်ရှောက် တော် မူကြမည့် သာသနာ့ အာဇာနည် အလျာ တိပိဋကတ=နိကာယ စာသင်သား ကြီးများကို ဝိဝေက နေရာများ ခူထား ပေး၍ ထိုအရှင်တို့ မငြိုမငြင် ပလိဗောဓ ကင်းပြတ်လျက် ပိဋကတ် စာပေတို့ကို နာရီပြည့် ဆန္ဒရှိသလောက် ကျက်၊ မှတ်၊ ရွတ်၊ ပြန် အဖန်ဖန် သုံးသပ်လေ့လာနိုင် ကြရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးတို့ဖြင့် အားရ ဝမ်း မြောက် လိုလေသေးမရှိရအောင် နေ့ည စောင့်ရှောက် ခြီးမြှောက် ထောက်မ ပြုစုလျက် ရှိကြပါသတည်း။

နိကာယ်ငါးဖြာ၊သာသနာ၊
ကမ္ဘာအနှံ့ ပြန့်စေသော်။
အနှစ်ငါးထောင်၊ ပြည့်တိုင်အောင်၊
အရောင်ထိန်ဝင်း လင်းစေသော်။ ။

ဦးဥက္ကံသာဘိဝံသ (အကျိုးတော်ဆောင်)
အုပ်ချုပ်မှု နာယကာ ဆရာတော်များအဖွဲ့
တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့
မိုးမိတ်(သန္တောသ)ကုန်းမြေ
မင်းကွန်းတောင်ရိုး

ဝိဇ္ဇကတ်အဖွဲ့ဆက်လက်ခံယူထိန်းသိမ်းရေး

အရှင်မဃောသဓပဏ္ဍိတ



မိမိ၏ ပတ်ဝန်းကျင်တွင် သိမြင်သိတွေ့ နေရသည့် အရာဝတ္ထု များဖြင့် တိုင်းတာ၍ ကြည့်တတ်ကြသည်မှာ·လောက သဘာဝပင် ဖြစ်သည်။

စာရေးသူသည် စာ အခြေခံ အသင့်အတင့်ရ၍ ကျမ်းစာများလေ့လာ ကြည့်ရှုတတ်လာသော အခါ မိမိ၏ ဓကျးဇူးရှင် ဆရာတော် (အရှင် ဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ)၏ သဂြိုဟ် ဘာသာဋီကာ ကျမ်းကြီးမှာ ကြည့်မဝ ရှုမဝ ရှိပါတော့သည်။ရတနာတို့ဖြင့် ပြည့်နေသော ဘဏ်တိုက်ကြီး ကဲ့သို့ပင် သုံး၍ မကုန် စွဲ၍ မကုန်နိုင်သော စာပေရတနာတို့ဖြင့် ပြည့်နေသည့် 'စာပေ ဘဏ်တိုက်ကြီး' ဖြစ်နေပါသည်။

ဆရာတော်သည် သူ၏ ကျန်းမာရေး အခြေအနေကို အားမရလှသဖြင့် 'နောင်တွင် ဂန္ဆဝင်မြောက် စံတင်လောက်အောင် ကျန်ရစ်စေတော့' ဟု သဘောထား၍ အစွမ်းကုန် ပြုစုရေးသားခဲ့ခြင်းလည်း ဖြစ်သည်။

အလားတူပင် တိပိဋကဓရ ဆရာတော် (အရှင် ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ)သည်လည်း ဗုဒ္ဓဝင် ကျမ်းကြီးကို ပိဋကတ်သမုဒ္ဒရာကြီးအတွင်း မွှေနှောက်၍ လက်ပေါက်ကုန်နိုက်ကာ ရေးသားချယ်မှုန်းခဲ့လေသည်။ ဤကျမ်း တစ်ဆူတည်းဖြင့်ပင် ဂန္ဆဝင်မြောက် ကျမ်းပြုဆရာ အကျော်အမော် ဆရာတော်ကြီး

တစ်ပါးအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူစေခဲ့နိုင်ပါသည်။

သို့ရာတွင် တိပိဋကက ဆရာတော်အား 'ဂန္ထဝင်ကျော်ပုဂ္ဂိုလ်ကြီး'အဖြစ် 'သတိမမူဂူမမြင်'သို့ ရွှေကောင်းရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပိဋကတ် သုံးပုံအာဂုံရွတ် စွမ်းဆောင်နိုင်သည့် တိပိဋကဓရဂုဏ်၊ နိုင်ငံအဝန်း လှည့်၍ နက်ရှိုင်းကျယ်ဝန်းလှသည့် တရားတော်များ ကို လေးနက်ခန့်ညား ဟောကြား နှိုင်စွမ်းသည့် ဓမ္မကထိကဂုဏ်ကြီးများက လွှမ်းနေသောကြောင့်ပင် ဖြစ်ပါသည်။

မိမိကား ကျမ်းပြုဆရာတော်၏ လက်ပေါ်တွင် ကြီးပြင်းလူလားမြောက်ခဲ့ရသူဖြစ်၍(မိမိပတ်ဝန်းကျင်အသိအမြင် အထိ အတွေ့အရ) တိပိဋကက ဆရာတော်အား 'ဂန္ထဝင်ကျော် ပုဂ္ဂိုလ်ကြီး' အဖြစ် ပို၍ မြတ်နိုးကော်ရော် ပူဇော်မဝနိုင်အောင် ရှိနေပါတော့သည်။

မှန်ပါသည်၊ ဆရာတော်ကြီးမျှ်းသည် အချိန်ပို အချိန်အား မထား၀ဲ–

ဆန္ဒပြင်းထန်ခြင်း
ဇွဲလုံ့လပြင်းထန်ခြင်း
စိတ်ဓာတ် ပြင်းထန်ခြင်း
ဉာဏ်အား ပြင်းထန်ခြင်း

ဟူသော 'ထန်လေးချက်'ကို အမိအရ ဆုတ်ကိုင်၍ လုံးပန်းကြိုးကုတ် အားထုတ်တော်မူခဲ့ကြသောကြောင့်သာ ဤအဖိုးတန်ကျမ်းစာကြီးများ ထွက်ပေါ်လာခဲ့ရခြင်းဖြစ်ပါသည်။

တိပိဋကဓရ ဆရာတော်ကား ဤမျှဖြင့် တင်းတိမ်ရခြင်း ရှိတော်မမူပဲ မင်းကွန်း တောင်ရိုး မိုးမိတ်ကုန်း ရမြဲဌ် 'တိပိဋက = နိကာယကျောင်းတိုက်ကြီး' ကို တည်ဖန်၍ သာသနာ့ အာဇာနည်များကို မွေးထုတ်တော် မူခဲ့ပြန်သည်။ ယခုဆိုလျှင် သုံးနှစ်သက်တမ်းပြည့်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။

ဤတိပိဋက=နိကာယ ကျောင်းတိုက်ကြီးသည် အချိန်အခါနှင့် အခြေအနေအရ ပေါ်ထွက်သင့်၍ ပေါ်ထွက်လာခြင်း ဖြစ်ရုံမက 'ဆရာတော်၏ စွမ်းပကားကြောင့် သာသနာတခေတ်ဆန်း၍ ပွင့်လန်း ထွန်းတောက်ခဲ့သည်'ဟု မှတ်တမ်းထိုးရမည်ဖြစ်သည်။ ဤသုံးနှစ်သက်တမ်းတွင် ဝိနည်းငါးကျမ်းအာဂုံဆောင်၊ သုတ်သုံးကျမ်း အာဂုံဆောင်၊ အဘိဓမ္မာအာဂုံဆောင်နှင့် နိကာယ် အာဂုံဆောင်များ အမြောက်အမြား ပေါ်ထွက်ခဲ့သည်မှာ ဝမ်းသာကုဏ်ယူဖွယ်ကောင်းလှသည်။

ဤကဲ့သို့ သာသနာ့ အာဇာနည်ပုဂ္ဂိုလ်များ အရှိန်အဟုန် မြင့်မားစွာ ပေါ်ထွက်လာခဲ့သည်မှာလည်း တိပိဋကဓရ ဆရာတော်နှင့် ကျောင်းတိုက်အုပ်ချုပ်မှုအဖွဲ့၊ အမှုဆောင်လူကြီးများအဖွဲ့တို့၏ အမြော်အမြင်ရှိခြင်း စည်းကမ်းစနစ်ကြနခြင်း၊ (သပ္ပာယ မှုတအောင် ခိုးမြောက်နိုင်ခြင်း၊ ဦးဆောင်မှု မုန်ကန်ခြင်းတို့ကြောင့် ဖြစ်သည်ဟူဆိုလျှင် မှားမည်မဟုတ်ပေ။)

သာသနာ့သမိုင်းဘွင် ပိဋကတ်အာဂုံဆောင် အရှင်ပြုတ်တို့၏ အခန်းကဏ္ဍသည်လည်း ထွန်းပြောင်ခဲ့သည့် အစဉ်အလာ ရှိပေသည်။ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံဘွင် ပြာဟ္မဏတိသဿပုန်ဘေးကြီးဆိုက်ရောက်နေစဉ် ဤအရှင်မြတ်ကြီးများသည် ပိဋကတ်အော်များ မပျောက်ပျက်ရအောင် နေ့စဉ်ပြန်ဆို ထိန်းသိမ်းခဲ့ကြသည်။ အဟာရချို့တဲ့ပါးရှားသည့်ကြားမှပင် ရေစိုသဲအိတ်ကြီးများ ပေါ်တွင်မှောက်၍(ရင်ပူဝမ်းပူဒဏ်ခံနိုင်ရန်) အပတ်တကုတ် အားထုတ်တော် မူခဲ့ကြသည်။ မေ့ပျောက်မသွားစေရန် အသက်အဆေးခံ၍ ရွတ်အံနေတော် မူခဲ့ကြသည်။

ဤအရှင်မြတ်များ၏ 'လေ့ခွက်ချည်းကျန်-အလံမလဲ'ဟူသည့် သာသနာချစ်မြဘ်နိုးသည့် စိတ်ဓာတ်သည် အားကျအတုယူဖွယ်, ကြည်ညိုဖွယ် ကောင်းလှပေတော့သည်။

မြန်မာနိုင်ငံတွင် အင်းဝ သိုဟန်ဘွား ခေတ်၌လည်း ဤဖြစ်ရပ်မျိုးကြုံခဲ့ဖူးသည်။ သိုဟန်ဘွားသည် ပိဋကတ်ကျမ်းစာများကို မီးရှို့ဖျက်ဆီး ခဲ့လေသည်။ တိုင်းပြည်အေးချမ်းသောအခါ ပိဋကတ်တော်များကို နိုင်ငံတစ်ဝန်းလုံး၌ လိုက်လံရှာဖွေ၍ ပြန်လည်စုဆောင်းခဲ့ရသည်။ ထိုသို့ စုဆောင်းခဲ့ရာတွင် ဝိနည်းငါးကျမ်းအောင် 'ပရိဝါရကျမ်း'မှာ ပြန်၍မရ၊ ပျောက်ဆုံး၍ နေခဲ့လေသည်။

ဝိနည်းအာဂုံဆောင် အရှင်မြတ်တို့ကို လိုက်လံရှာဖွေမှ တောရဆောက်တည်နေသော 'အရှင်ဒီပ'ထေရ်ကို တွေ့ကြရသည်။ ဤအရှင်၏နှုတ်မှ ရွတ်ဆိုပြသည်များကို ပေထက်ရေးမှတ်ခွင့်ရသဖြင့်သာ 'ပရိဝါရကျမ်း'ကို ယနေ့ အရှင်တို့ သင်ယူ ပို့ချခွင့် ရနေခြင်း ဖြစ်သည်။ တောရဆောက်တည်နေသည့် ဝိနည်း အာဂုံဆောင် အရှင်ဒီပမထေရ်ကြီး၏ ကျေးဇူးကား ကြီးမားလှပေစွ။

ဤသို့လျှင် ပိဋကတ်အာဂုံဆောင် အရှင်မြတ်တို့၏ သာသနာတော်ကြီး ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပုံ အခန်းကဏ္ဍသည် သာသနာ့သမိုင်းတွင် အရေးပါလှစွာရှိရာ ထိုအရှင်မြတ်တို့ကို မွေးထုတ်ရာဖြစ်သော ဤ'တိပိဋကတ=နိကာယ ကျောင်းတိုက်ကြီး'သည်လည်း အမှန်ပင် အခိုင်အမာ တည်ရှိနေစေရန် လိုအပ်လှပေသည်။

စာရေးသူ၏ စိတ်အာရုံ၌ သံမှိုနှက်သကဲ့သို့ စွဲလျက်ရှိသော တိပိဋကဆရာတော်၏ ဩဝါဒတစ်ရပ်မှာ—

'မလုပ် မပြော၊ လုပ်မှ ပြော၊
သဘော စင်လှပေ။

အပြော သာခဲ့၊ အလုပ် မဲ့၊
ကဲ့ရဲ့မလွတ်ချေ'—ဟူ၏။

ဆရာတော်ကား ဤဩဝါဒအတိုင်း ကိုယ်တိုင်လည်း ကျင့်သုံးတော်မူ၏။ အပြောနှင့် အလုပ်ညီအောင် တကယ်လည်း အလုပ်လုပ်တော်မူ၏။

မှန်ပါသည်။ ဆရာတော်သည် ဗုဒ္ဓ မြတ်စွာအား ပူဇော်လိုပါသဖြင့် လည်း ကောင်း၊ သမာနတ္တတာ(မိမိနှင့်တန်းတူ ခြီးမြှောက်မှု)ဟူသော သင်္ဂဟတရားနှင့် အညီသာသနာ့အာဇာနည် လောင်းလျာ ညီငယ်များစွာတို့အား ခြီးမြှောက်တော် မူလိုသဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ 'စံပြကျက်သရေဂုဏ်ဆောင်' အဖြစ် ကမ္ဘာ့အလယ်တင့်တယ် ဝင့်ကြွား စေလို သဖြင့် လည်းကောင်း ကိုယ်အား, ဘာဏ် အား စိုက် ထုတ်၍ ဤ 'တိပိဋကဓရ = နိကာယကျောင်းတိုက်ကြီး' ကို အစွမ်း ကုန် တည်ထောင်ပြုလုပ်တော်မူခြင်း ဖြစ် ပါသည်။

နိဂုံးချုပ် ဖော်ပြရလျှင် မိဘသည် သားသမီးအလိမ္မာတို့အား အမွေအနှစ် များ ပေးအပ်သကဲ့သို့ လည်းကောင်း၊ စကြာမင်းကြီးသည် သက်ဇောတ် ရင့် ညောင်း၍ တရားဓမ္မတို့ဖြင့် မွေ့လျော် နေလိုသည့် အခါ သားကြီး ဥပရာဇာ အား ထီးမွေနန်းမွေ လွှဲပြောင်းနှင်းအပ် လေ့ရှိသကဲ့သို့ လည်းကောင်း၊ တိပိဋကဆရာတော် သည်လည်း 'တိပိဋက = နိကာယ ကျောင်းတိုက်ကြီး' တည်ဖန်၍ သာသနာ့ အာဇာနည် ရှင်ရဟန်း ကောင်းတို့ အား 'သာသနာ့ အမွေ ပိဋကတ်အမွေ' ခွဲဝေ အပ်နှင်းခြင်း ဖြစ် သည်။ ဤအမွေကို အသက်နှင့် ရင်း၍ ထိန်းသိမ်း ဆောင် ရွက်ကြရန် ကား သာသနာ့ အာဇာနည် လောင်းလျာ တိပိဋက=နိကာယစာသင်သား' အရှင် မြတ်များ၏ တာဝန် သာ လျှင် ဖြစ်ပေ တော့သည်။ ။

အရှင်ဇနကာဘိဝံသ

၁၉၃၉-ခု၊ မတ်လ ၁၀-ရက်

နှနက် ၇-နာရီ ၃၀-မိနစ် အချိန်တွင် မန္တလေးမြို့ သစ်တောရုံး ဆိပ်ကမ်းမှ ဌက်(သမ္ဗန်)ဖြင့် မင်းကွန်းဘက်သို့ ခရီးထွက်ခဲ့ကြသည်။ ဌက်ခမှာ ရေဆန်ဖြစ်၍ လူတစ်ယောက် တစ်မတ်=(၄-ပဲ=၂၅-ပြား)ယူသည်။ အပြန်ခရီးမှာ ရေစုန်ဖြစ်၍ လူတစ်ယောက် တစ်မူး=(၂-ပဲ=၁၅-ပြား)သာ ယူသည်။ ဌက်ခ (သို့မဟုတ်) သမ္ဗန်ခမှာ မမျှားလှ၊ သူ့ခေတ်နှင့်သူ သွားပျော်သော ခရီးဖြစ်သည်။

မန္တလေး သစ်တောရုံးဆိပ်မှ နံနက် ၇-နာရီ မိနစ်-၃၀ အချိန်တွင် ထွက်ခဲ့ကြသည်။ ၉-နာရီ အချိန်တွင် သမင်ခြံစခန်း သို့ရောက်သည်။ သမင်ခြံတွင် လက်ဖက်ရည်ကြမ်း နှင့် ကောက်ညှင်းပေါင်း၊ အကြော် ရသည်။ မင်းကွန်းခရီးတွင် သမင်ခြံသည် စခန်းထောက် ဖြစ်သည်။ ဌက်ဆရာမှာ ၎င်းရွာသားဖြစ်သည်။ နာမည်က 'ကိုမြတ်ကျော်'၊ နာမည်လေးကလှသလို ခင်မင် ဖော်ရွေ တတ်သော လူငယ် တစ်ယောက်လည်း ဖြစ်သည်။ မင်းကွန်းအသွားခရီးမှာ ရေဆန်ဖြစ်၍ သူ့ကို ငဲ့ညှာသောအားဖြင့် ခရီးသည်များ ဆင်းပြီး လမ်းလျှောက် ကြသည်။ သောင်ပြင် သဲဖွဖွကလေးပေါ်မှာ ရွှရွ အိအိကလေး နင်းပြီး လမ်းလျှောက်ရသည်မှာ ထူးကဲသော အတွေ့တစ်မျိုးပင် ဖြစ်ပါသည်။

ကိုမြတ်ကျော် တစ်ယောက်မှာတော့ 'လှေခွက်ချည့်ကျန်ပစေ၊ အလံမလဲဘူး' ဆိုသည့် ဇွဲမျိုးဖြင့် ဌက်ခွက်သာကျန်တော့သည့် ဌက်ဦးမှာ တပတ်လျှိုရစ်ပတ်ထားသည့် ကြိုးစရှည်ရှည်ကို သူရဲ့ညာပခုံးမှာ သိုင်းရစ်ပြီးလျှင် ခရီးသည်များနောက်မှ နောက်မကျရစေဲ့ သက်တောင့်သက်သာနှင့်ပင် တစ်လှမ်းချင်း

လှမ်းပြီး လိုက်ပါလာခဲ့ပေသည်။ သို့နှင့် မင်းကွန်းဆိပ်ကမ်းသို့ ၁၂-နာရီ မထိုးမီ ရောက်ကြပါသည်။

မင်းကွန်း ဗိုလ်တဲ

စာရေးသူနှင့် အဖော်တစ်စုမှာ အစိုးရအမှုထမ်းများ ဖြစ်ကြ၍လည်းကောင်း၊ ထို့ပြင် ကျောက်စာဝန် ဦးလူဖေဝင်းလည်း မကြာမီ ရောက်လာမည်ဖြစ်၍ လည်းကောင်း (ပီ+ဒဗလျူ+ဒီ) ဗိုလ်တဲမှာပင် ဆရာ့ကိုစောင့်ယင်း တည်းခိုကြရပါသည်။

ဗိုလ်တဲမှာ ရောဝတီမြစ် ကမ်းနဖူးတွင် မရန်း သရက် မန်ကျည်းပင်ကြီးများ၏ အရိပ်အာဝါသ အောက်တွင် မနိမ့်မမြင့် ပျဉ်ကာကပ်မိုး အဆောက် အအုံဖြစ်၍ အမြဲတမ်း လေကောင်းလေသန့် ရနေသည့်နေရာမို့ စိတ်ကြည်နှုးဖွယ်ရာ ဖြစ်ပေသည်။ ကွယ်လွန်သူ သိပ္ပံဒေါင်ဝ–တို့လို စာရေးစာဖွဲ့ဇော်ဝါသနာပါသူ အရာရှိများမှာ တဘက်ကလည်း အစိုးရကိစ္စကို ဆောင်ရွက်ယင်း၊ တဘက်ကလည်း ကိုယ်ရောက်ခဲ့သည့် မြို့ရွာဒေသ အခြေအနေနှင့် ထိုဒေသတွင် လုပ်ရှားသွားလာနေကြသည့် သူများကိုပါ တွေ့စေတကြောင်း ကြည့်ပြီး စာဖွဲ့နိုင်ပေသည်။

တာဝန် ကိုယ်စီ

စရေးသူနှင့် အဖော် ဓာတ်ပုံဆရာ ကိုကြယ်၊ ကိုဘခင်တို့မှာတော့ စိတ်ကူးမယဉ်နိုင်ကြ။ ဆရာဦးလူဖေဝင်း ရောက်လာသျှင် မင်းကွန်းနယ်မြေနှင့် သမိုင်းဝင်ဌာနကြီးများ၏ အခြေအနေကို အစီရင်ခံကြရမည်ဖြစ်၍ ကွင်းဆင်းပြီး လေ့လာနေကြရသည်။ အထူးသဖြင့် အညာမြေတွင် ရှားရှားပါးပါး ရှိနေသည့် 'မင်းကွန်း ဦးပုကြီး ပိဋကတ်တိုက်'ကို အလေးပေးပြီး လေ့လာမှတ်သား နေကြရသည်။

ဦးပုကြီး ပိဋကတ်တိုက်

မတ်လ ၁၂-ရက်နေ့စွဲနှင့် ရေးမှတ်ထားသည့် လက်တစ်ဝါးသာသာ မှတ်စုစာအုပ်ကလေးတွင် 'မင်းကွန်း ဦးပုကြီး ပိဋကတ်တိုက်' အကြောင်းကို အောက်ပါအတိုင်း ရေးမှတ်ထားပါသည်။

'မင်းကွန်း ဆိပ်ကမ်းမှ ဦးပုကြီး ပိဋကတ်တိုက် တည်ရှိရာ တောင်ခြေအရောက် တစ်မိုင်ခန့်ဝေးသည်။ မင်းကွန်းရွာလယ် ဓမ္မာရုံ တောင်ဘက်သဲဖြူခြောင်းလမ်းအတိုင်း သွားကြရသည်။ ၎င်းမှတဖန် တစ်ဖာလုံခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသော စောင်းတန်းအဘိုင်း ဦးပုကြီး ပိဋကတ်တိုက် တည်ရှိရာ တောင်ကုန်းပေါ်သို့ တက်ကြရသည်။ ယင်း တောင်ကုန်းပေါ်တွင် 'ဦးပုကြီး ပိဋကတ်တိုက်'ကို နှစ်ဆင့်တိုက်ဖြင့် တည်ထားသည်ကို တွေ့ရပါသည်။ အပြင်မှ တစေ့တစောင်း ကြည့်ရသည်မှာ အတွင်းဘက်၌ လင်းလင်းချင်းချင်း မရှိလှ၊ အမှောင်သန်းနေသည်။ သို့သော်ရှေ့ရောင် တပြောင်ပြောင်နှင့် စာတိုက် သေတ္တာများကို တော့ မြင်သာပေသည်။ တကယ်

အားဖြင့်တော့ စာကြည့်တိုက် (သို့မဟုတ်) ပိဋကတ်တိုက်နှင့် မတူလှပေ။ စာဆုပ် ပေဆုပ်များကို စုပြုံသိမ်းဆည်း ထားသည့် တိုက်တစ်တိုက် အနှစ်သာ တွေ့ရလေသည်။'

ကျောက်စာ သက်သေ

သို့သော် ပိဋကတ်တိုက်၏ နောက်ခံသမိုင်း ကြောင်းကိုတော့ ကျောက်ထက် အက္ခရာ ရေးတင်ထားတာမို့ ဘမိုင်း ကြောင်းတော့ မပျောက်ပေ။ သမိုင်း ခြေရာကို လိုက်ကြည့် နိုင်ပေသည်။ ကျောက်စာ၏ လမ်းညွှန်မှုဖြင့် ရှေးအခါက သင်္ဂါယနာသုံးတန် တင်ခဲ့ပုံကို လည်း ကောင်း၊ သက္ကရာဇ် ၎၅၀-တွင် သီဟိုဠ်ကျွန်း 'ဝဋ္ဋဂါမဏိမင်း' လက်ထက် ပေထက်အက္ခရာ တင်ခဲ့ပုံကို လည်းကောင်း၊ ယင်းကို အခွဲပြု၍ မြန်မာနိုင်ငံလည်း ပေပင်ပေါက်ခြင်း၊ ပေါများခြင်း၊ မြေဆီရေနုပေါခြင်း၊ ကံကုဆန် ပေါများခြင်း သည် အုံဖွယ်သရဲဖြစ်သည်-ဟု ဦးပုကြီး ကျောက်စာတွင် ဖော်ပြထား ပေသည်။

၎င်းနောက် သက္ကရာဇ် ၈၈၈-ခုနှစ်တွင် တစ်ကြိမ်၊ ၁၁၁၃-ခုနှစ်တွင် တစ်ကြိမ်=ပေါင်း နှစ်ကြိမ်နှစ်ခါ သာသနာတော် ညီးနွှမ်းသည်များကို ဖော်ပြပြီး လျှင် အမရပူရ မြို့တည် နန်းတည် ဘုံးတော်မင်းတရားကြီး လက်ထက် ပျက်စီးတိမ်းယိမ်းသည့် ပိဋကတ် စာပေများကို 'မောင်းထောင် ဆရာတော် သာသနာပိုင်'လျှင် အကြီးအမှူးပြု၍ကျမ်းဂန်တတ်သူ ပညာရှင်တို့ ကြီးကြပ်ကာ ပေထက်အက္ခရာတင်သည်များကိုဖော်ပြပြီးလျှင်-

၁။ မဟာဇောတိက သေဋ္ဌးကြီး သည် မုနိန္ဒာဘိယောသ' လေးကြိမ်တံဆိပ်တော်ရ ဆရာတော်ကြီးကို အမှီပြု၍ ပိဋကတ်တိုက်ကို ပထမအကြိမ် တည်ထား ကိုးကွယ်ခဲ့သည်။

ထို့နောက်....

၂။ သက္ကရာဇ် ၁၂၀၂-ခုနှစ်တွင် စာရေးတော်ကြီး 'နေမျိုးသီရိကျော်ထင်' က ဒုတိယအကြိမ်၊

၃။ သက္ကရာဇ် ၁၂၂၈-ခုနှစ် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အမြောက်ဝန် တောင်ခား ဝယ်ဗိုလ် ပတိန်းမြို့စား သမီး - ခင်ပွန်းတို့က တတိယအကြိမ်၊

၄။ ၁၂၆၁-ခုနှစ်တွင် မန္တလေးမြို့တောင်ပြင် ဘုရားအမ ဒေါ်ဆွေက ပိဋကတ်တိုက် အရှေ့မြောက်မျက်နှာသံ တံခါးများကို တပ်ဆင်ပြုပြင်ဖြစ် စတုတ္ထအကြိမ်၊

၅။ ၁၂၆၇-ခုနှစ်တွင် သီပေါမင်းတရားက သူကောင်း ပြုတော်မူသော ရွှေတိုက်စာရေး သမီး - ခင်ပွန်းတို့က ပဉ္စမအကြိမ်-

အား ဖြင့် ၅-ကြိမ်တိုင်တိုင် ပြုပြင်မွမ်းမံခဲ့သည်များကို ကျောက်ထက် အက္ခရာ ရေးတင်ထားပါသည်။

ဦးပုကြီး ပိဋကတ်တိုက်မှ သင်္ဂါယနာတင် စဉ်ကွင်းများ

စာရေးသူ၏ ၁၉၃၉-ခု မင်း ကွန်း

သွား မှတ်တမ်းတွင် 'မင်းကွန်း ဦးပုကြီး ပိဋကတ်တိုက်မှ သင်္ဂါယနာတင် စဉ်ကွင်း အချို့. တွေ့ရှိရကြောင်းနှင့် ရွှေ ကျင် ဆ ရာ တော် ဘု ရား ၏ အရိုးအိုး စေတီ မဟာရံ တံတိုင်းအတွင်း၌လည်း သင်္ဂါယနာတင်စဉ်ကွင်းများကို အစီအရီကြည့် ညိုဖွယ်ရာ ကပ်ထား ပြီး လျှင် ရွှေချ မွမ်းမံ ထား သည်ကို တွေ့ရှိရကြောင်းနှင့် ယင်း သင်္ဂါယနာတင် စဉ်ကွင်းများသည် မူလ က မင်းကွန်း ပုထိုး ကြော်ကြီး၏ ပထမ မဟာရံတံတိုင်းတွင် စုံပုံရှိနေသည့် စဉ် ကွင်းများမှ အချို့ အဝက် ဖြစ်ကြောင်း နှင့် စဉ်ကွင်း ပေါင်း ၁၇၁-ချပ် ရှိ ကြောင်း' ရေးသား ဖော်ပြထား ပါ သည်။

သင်္ဂါယနာတင် စဉ်ကွင်းများ သည် ပိဋကတ်တိုက်နှင့် ပိဋကတ်စာပေ ကျမ်း ဂန်များအတွက် အင်အား ဖြည့်ပေးသည့် သမိုင်းဝင် အထောက်အပံ့ ပစ္စည်းများ ပင် ဖြစ်ကြပါသည်။

❀ ❀ ❀

၁၉၇၂-ခုနှစ်
နိုင်ငံတကာ စာအုပ် နှစ် နှင့်
ဦးပုကြီး ပိဋကတ်တိုက်

၁၉၇၂-ခုနှစ်ကို 'နိုင်ငံတကာ စာအုပ် နှစ်' အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ၊ စာပေ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ (ယူနက် စကို) အဖွဲ့ကြီးက သတ်မှတ်ခဲ့ရာ အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံကလည်း တ တပ် တ အား အနေနှင့် ပါဝင်ဆင်နွှဲခဲ့ရာ စစ်ကိုင်းမြို့ အနေဖြင့်လည်း တ ခြား မြို့တွေထက် အောက်မကျရစေပဲ ကျောက်စာ ပေစာ ပုရပိုက်နှင့် အခြား ရှေးကျသော ပုံနှိပ် စာအုပ်များကိုပါ ခင်းကျင်းပြသပြီး လျှင် ပါဝင်ဆင်နွှဲနိုင်ခဲ့လေသည်။

ယင်းစာအုပ် စာပေပြပွဲတွင် အခမ်း အနား ဖွင့် မိန့်ခွန်းရေးပေးရရာ မိန့်ခွန်း တွင် 'မင်းကွန်းဦးပုကြီး ပိဋကတ်တိုက်' နှင့် အောက်ပါအတိုင်း မိတ်ဆက်ပေးခဲ့ ပါသည်။

စစ်ကိုင်းမြို့နယ်မှာ အပါအဝင် ဖြစ်တဲ့ မင်းကွန်း ဦးပုကြီး ပိဋကတ် တိုက် မော်ကွန်းတင် ကျောက်စာမှာ 'မြန်မာနိုင်ငံတွင် ပေပင်ပေါက်ခြင်း၊ မြေဆီ ရေနံ ပေါခြင်း၊ ကံ့ကူဆန် ပေါခြင်းတို့ဟာ အုံဖွယ်သရဲ ဖြစ်တဲ့ အကြောင်း' ရေးထိုးခဲ့တာကို ဖတ်ရှု ရပါတယ်၊ ပေပင်တို့၊ မြေဆီရေနံ ခေါ်တဲ့ ရေနံချေးတို့နဲ့ ကံ့ကူဆန် ဆိုတာတွေဟာ မြန်မာပေ-ပုရပိုက် ရေးသားရာမှာ မရှိမဖြစ်တဲ့ အခြေခံ ကျတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ရေနံ ချေးဆိုယင် ပေရွက်ကို အရှည်ခံဖို့နဲ့ ခပထက်မှာ ကညစ်နဲ့ ရေးတင်ထား တဲ့ အက္ခရာတွေကို ကွင်းကွင်းကွက် ကွက် ပေါ်လာအောင် စွမ်းဆောင် နိုင်တဲ့ ပစ္စည်းတစ်ခုပါ။ ကံ့ကူဆန် ဆိုယင်လဲ သင်ပုန်းနဲ့ ပုရပိုက်မှာ ရေး သားစရာ ဖြစ်ပါတယ်။ ဒီလို စာပေ ရေးသား ပြုစုနိုင်ဖို့ရာ လိုအပ်တဲ့ သဘာဝတွင်းထွက်ကုန်တွေ ပေါပေါ

မျှော်မှန်း ရှိနေတာဟာ ဦးပုကြီး ကျောက်စာမှာ ဖော်ပြထား တဲ့ အဘိုင်း အုံဖွယ်သရဲလဲ ဖြစ်ပါတယ်။ ပြီးတော့ စာပေရှုထောင့်က ကြည့်မယ်ဆိုယင်လဲ စာပေထုတ်လုပ်မှု အတွက် ကုန်ကြမ်းပစ္စည်း တွေဟာ သူတပါးနိုင်ငံကို အားမကိုးရပဲ ကိုယ့် ပြည်တွင်းမှာဖြစ်တဲ့ ပစ္စည်းနဲ့ပဲ ဖူလုံနေတာဟာ တကယ်ကို အားရစရာ ကြီး ဖြစ်တဲ့အကြောင်း အဖွင့်မိန့်ခွန်းမှာ ထည့်သွင်းပြောဟောခဲ့ပါသည်။

မင်းကွန်း ဦးပုကြီး ပိဋကတိုက်မှ မင်းကွန်းတောင်ရိုး

မိုးမိတ်စေတီတော်ကြီး တည်ရှိရာ တိပိဋက= နိကာယကျောင်းတိုက်ကြီးသို့

မင်းကွန်း ဦးပုကြီး ပိဋကတ်တိုက်ကို နိုင်ငံတကာ စာအုပ်နှစ် ဖွင့်ပွဲနှင့် မိတ်ဆက်ပေးပြီးနောက် ရေမြေ တဆက် တည်း ရှိနေသည့် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက = နိကာယ ကျောင်းဘိုးတော်ကြီးနှင့် ပေါင်းကူးပေးလိုပါသည်။

၂၀၀-ဖြည့် အဓိ

မင်းကွန်း ဦးပုကြီး ပိဋကတ်တိုက်မှာ အာမရပူရမြို့တည် နန်းတည် ဘိုးတော် မင်းတရားနှင့် ခေတ်ပြိုင်ဖြစ်၍ အကြမ်းဖျင်းအားဖြင့် 'အင်း၊အိုင်၊ ဝိုက်၊ လည်၊ အာမရကည်' ဟူသော ရွှေးသူ တော် ကောင်းဘိုးတော်ခဲ့သည့် သက္ကရာဇ် ၁၁၄၄-ခုနှစ်တွင် ဘိုးတော်တည်ခဲ့သည့် အာမရပူရမြို့တော်ဟောင်းသည် မြို့သက် အနှစ်နှစ်ရာ (၂၀၀)တိတိ ပြည့်ပေတော့ မည်။

ထိုအခါ ဦးပုကြီးပိဋကတ်တိုက်လည်း အနှစ် နှစ်ရာတိတိ ပြည့်တော့မည် ဖြစ်၍ အနှစ် နှစ်ရာပြည့် အထိမ်းအမှတ်ကို အမှတ်တရ ကျင်းပပြုလုပ်နိုင်ရန် ယခု ကပင် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ် ထားရန် အကြံပေးလိုပါသည်။

နောက်ဆက်တွဲ (က)

'စံထားလောက်သည့် ပုဂံခေတ် ကျောင်းတိုက်ကြီးများ ဖွဲ့စည်းပုံ'

စောင်းငန်း ဦးပုကြီး ပိဋကတ်တိုက်
သာသနာ့ဆောင်နှင့်ဆင်းတုတော်
(အင်းစေတီ ဇရုပ်ဆင်လက်ရာတန်)

ပုဂံခေတ် ကျောင်း တိုက် တော် ကြီး များ ဖွဲ့စည်းတည်ထောင်ပုံကို သမိုင်း ပါမောက္ခ ဒေါက်တာ သန်းထွန်း၏ 'ခေတ်ဟောင်း မြန်မာရာဇဝင်' စာအုပ် 'ပုဂံခေတ် အနုပညာနှင့် ဗိသုကာပညာ' အခန်းမှ ထုတ်နုတ်၍ အောက်တွင် ဖော် ပြလိုက်ပါသည်။

သူနေအိမ်ခြေနှင့် လူနေစဉ် အသုံး အဆောင် ပစ္စည်း ဟူ၍ ပုဂံခေတ် မှ အကြွင်းအကျန် မတွေ့ဖူးချေ။ ကျန်သမျှ ရဟန်းကျောင်း ဘုရားကျောင်း စေတီ ပုထိုးနှင့် ထိုကျောင်း ဘုရားနံရံများမှ ဆေးရေး ပန်းချီလက်ရာများသာ ဖြစ် ပါသည်။ ယင်းတို့မှာ သာသနာနှင့် ဆိုင် သော အနုပညာနှင့် ဗိသုကာပညာများ ကိုလေ့လာရလျှင် ထိုခေတ်၏ ယဉ်ကျေး မှုအဆင့်အတန်းကို သိရ၏။

ထို့ပြင် ထိုလိုင်မင်း၏ နန်းတော် ကျောက်စာ (အေဒီ–၁၁၀၁-၂) ကျန် ရစ်သဖြင့် မင်းနေသောအိမ်ကား ဤသို့ တည်း-ဟု အသင်အတင့် ပြောနိုင်ပါ သည်။ ပုဂံဝန်းကျင်တွင် ယခုအခါ အုတ် ကျောင်းပျက်နှင့် ဘုရားပျက်များကိုသာ အများအပြား တွေ့မြင်နေရသော်လည်း ပုဂံခေတ် ကျောက်စာများအရ စုလစ် မွမ်းခွန်နှင့်တကွ သာယာစွာသော သစ် သားကျောင်းက ပို၍များကြောင်း သိရ ပါသည်။ ထို့ကြောင့် ယခုမြင်တွေ့ရ သော ပုဂံကျောင်း၊ ဘုရားများနှင့် ကျောက်စာအရ သိရသော ကျောင်း၊ ဘုရားတို့ကို ပေါင်းစပ်၍ ပုဂံခေတ် အနု ပညာ ဗိသုကာပညာ လက်ရာများ အကြောင်းကို ဖော်ထုတ် ကြရပါမည်။

အဆောက်အအုံ တစ်ခုကို စတင် ဆောက်ရန်အတွက် ပထမဦးဆုံး တံ တိုင်းရှိရပါမည်။ဒါယကာ တစ်ဦးက အေဒီ ၁၁၉၂-ခုနှစ်တွင် အာမနာ မည်သော ကန်အရပ်၌ သာယာစွာ သော ကျောင်းကြီး ဆောက်ရန် အုတ်တိုပြုသော တဲတိုင်းပြုသည်ဟု-ဆိုသဖြင့် တံတိုင်းကို အုတ်နှင့်ပြုပြုဟု ယူဆနိုင်ပါသည်။

'ကူဘုရားတစ်လုံး၊ ကျောင်းတစ် ဆောင်နှင့် တံတိုင်း ဝန်းကျင်ခတ်ရန် ငွေ ၁၀၀၀၀-(တစ်သောင်း) ကုန် သည်။' ဒကာတစ်ဦးက မှတ်တမ်း ထားခဲ့သည်။ တံတိုင်းအတွက် ကုန် ကျငွေမှာ ၄၃၂-ကျပ် ၁-မတ်ဟု အေဒီ-၁၂၄၈-ခု ကျောက်စာ အရ သိရ၏။ 'ထို တံတိုင်း အတွင်း၌ က ဘုရားလေးမျက်နှာတစ်လုံး၊ပိဋကတ် တိုက်တစ်ဆောင်နှင့် ကျောင်းနှစ် ကျောင်းရှိသည်'ဟု ဆိုသောကြောင့်

ထိုတံတိုင်းမှာ အသင့်အတင့် ရှည်လျားကျယ်ဝန်းမည်-ဟု ခန့်မှန်းနိုင်ပါသည်။

တံတိုင်းကို တခါတရံ အဝိုင်းဆောက်သော်လည်း များသောအားဖြင့် လေးထောင့်ပြုလေ့ရှိသောကြောင့် မုခ်အစုံနှင့် တံတိုင်း လေးမျက်နှာဟု ခေါ်လေ့ရှိ၏။ တံတိုင်းအကာအရံမှာ အဆောက် အအုံကို ထင်ရှားသိသာအောင် ခြားနားပေးသည့်ပြင် မီးဘေးမှကာကွယ်၍ ပေးသည်ဟုလည်း ယူဆ နိုင်ပါသည်။ သို့သော် ဒါယကာတစ်ဦးက အေဒီ ၁၂၆၂-ခုတွင် တံတိုင်းမီးကာပြု၍-ဆိုရာ၌ တံတိုင်းအပြင် ဝန်းကျင်ကို ရှင်းလင်း၍ တလင်း ပြုလုပ်ထားသည် ဟု ယူဆရန်ရှိ၏။ သစ်သား အဆောက်အအုံများသောအရပ်ဖြစ်သောကြောင့် မီး ဘေး အန္တရာယ်ကြီးသည်။အေဒီ ၁၂၂၅-ခုက မီးကြီးလောင်သဖြစ် ပုဂံမြို့တော် တစ်ခုလုံး ပျက်စီးရသည်ဟုသိရ၏။ ထို့ကြောင့် မီးဘေး ကာကွယ်ရေးကို ပဓာနထား၍ စဉ်းစားကြဟန်တူပါသည်။

တံဘိုင်းတစ်ထပ်မျှဖြင့် စိတ်မချရသူများက တံတိုင်းနှစ်ထပ် ရံကြ၏။ အဖိုးတန် အဆောက်အအုံကို အတွင်းတံတိုင်းတွင်း၌ ထား၍၊ သာမည အဆောက်အအုံမျိုးကို အပြင်တံတိုင်းတွင် ထားခြင်းအားဖြင့် သီးသန့်ခြားနားခြင်း ပြုရာ ရောက်ပါသည်။ ဆိုလိုသည့် သဘောမှာ အတွင်းတံတိုင်း၌ ဘုရားစေတီ၊ ပဋိကတ်တိုက်၊ ဓမ္မာရုံ၊ သိမ်နှင့် ကျောင်းထိုင် ဆရာတော်၏ ကျောင်းရှိတတ်၍၊ အပြင်တံတိုင်း၌ စာ သင် သား တို့အတွက် ကျောင်းဆောင်နှစ်ဆယ် ဆောက်သည်-ဟု စာခါက တွေ့ရှိဖူးသည်။

သီတင်းသည် ဥပါသကာတို့အတွက် နားနေရန် တန်ဆောင်းကိုလည်းကောင်း၊ အလှူပေးရန် ဇရပ်ကိုလည်းကောင်း၊ ဝတ္ထုပစ္စည်း သိုလှောင်ရန် ကပိုယကုဋိကိုလည်းကောင်း ဆောက်ကြရသေး၏။ တစ်ခါက ဗုဒ္ဓဂါယာမှ ယူခဲ့သော ညောင်စေ့မှပေါက်သော ညောင်ပင်ကို တံတိုင်းရံသည်-ဟု ဆိုပါသည်။ ယင်းသို့ အဆောက်အအုံ များစွာပါဝင်သော အဝန်းအဝိုင်းတစ်ခုကို စံပြုအဖြစ်ကြည့်လိုလျှင် 'မင်းနန်သူရာ'၏အနီးတွင်ရှိသော အေဒီ ၁၂၂၃-ခု၊ ဒီဇင်ဘာလ ၁၇-ရက်နေ့တွင် လက်စသတ် တည်ဆောက် ခဲ့သော အနန္တသူရအနှစ် မောင်နှံတို့၏ ကုသိုလ်တော်(ပုံ)ကို ကြည့်ရှု၏။

(ဒေါက်တာ သန်းထွန်း၏ မြန်မာရာဇဝင် အမှတ် ၁၊ ပုဂံခေတ် အနုပညာနှင့်ဗိသုကာပညာ စာမျက်နှာ ၂၉၃+၂၄၁-မှ)

ရွှေကိုင်းသား

သင်ယင်းကျင့် ကျင်ယင်းသင်

ဆရာတော်
တိုက်သစ်ပဇ္ဇောတရဲ့

တောင်ဆက်

'မီးပုံကြီးအလယ်မှာ ပဒုမ္မာကြာပန်း ပွင့်လန်းသည့်ပမာ ကလိယုဂ် ခေတ်အခါမှာ မြတ်စွာဘုရား ပွင့်လာခြင်းကား အလွန်အံ့ဖွယ် ကောင်းပေစွ'

ဤသို့ ပဇ္ဇောသဒ္ဒီကာ ဆရာက ဘုရားရှင် ပွင့်ထွန်းလာခြင်းကို ချီးကျူး မိန့်ဆိုထားပါသည်။

ရှိရှိသမျှ သတ္တဝါများကို တရားရှိ၊ တရားမဲ့ အားဖြင့် ခွဲတမ်းချလိုက်သော် သုံးစုံလောက်က တရားမဲ့၍၊ တစ်စုံလောက်က တရားရှိရာ ခေတ်အခါကို 'ကလိယုဂ်ခေတ်အခါ' ဟု ဆိုသည်။

ယင်းခေတ်အခါဝယ် ဖြစ်ကြသော သတ္တဝါများ၏သန္တာန်၌ လောဘ+ ဒေါသ+ မောဟ စသော ကိလေသာ မီးများက တဟုန်းဟုန်း တောက်လောင်လျက် ရှိသည်။ သတ္တလောကကြီး၏ ယင်းအပူခတ်သည် ဩကာသလောကကြီး၌ပင် ထင်ဟပ်လျက် ရှိသည်။ သည်မျှသာ မကသေးပါ၊ သံသရာတလျှောက်လုံး စွဲလမ်းလာခဲ့သော အတ္တစွဲကလည်း ပြင်း ထန် လှ ချေ၏။ သတ္တဝါဟူသမျှပင် အတ္တရေယဉ်ကြောဝယ် မျောပါနေကြ၏။

ဗုဒ္ဓဝါဒကား သိမ်မွေ့၏၊ နက်နဲ၏၊ ခက်ခဲ၏၊ သာမန်ဉာဏ်ဖြင့် မသက်ဝင်နိုင်။ အနတ္တ ဒေသနာတော်ဖြစ်၍လည်း သတ္တဝါများအဖို့ ရေစုန်မဟုတ်၊ ရေဆန်လမ်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ ဗုဒ္ဓသာသနာသည် စ,တည်ရန် ခက်ခဲလှသည်။

သို့ဖြစ်၍ ပဇ္ဇောသဒ္ဒီကာ ဆရာ၏ အထက်ပါ စကားသည် မလွန်တန်ရာပါ။ ဆိုသင့် ဆိုထိုက်သော စကားသာ ဖြစ်ပါသည်။

သို့ဆိုလျှင် မီးပုံအလယ်မှာ ကြာပန်း ပွင့်ခြင်းထက် ယင်းကြာပန်း ကြာရှည် လန်းဆန်းအောင် ထိန်းသိမ်းထားရေးက သာလွန်၍ ခက်ခဲဘိသို့၊ တည်ပြီးသော သာသနာ ကြာရှည် တည်တံ့ ပြန့်ပွားအောင် ရွက်ဆောင် ထိန်းသိမ်းရေးကား သာသနာ စ,တည်သည်ထက်ပင် သာလွန် ခက်ခဲ၏-ဟု ဆိုနိုင်ဖွယ်ရာ ရှိပါသည်။

သို့ပင် ခက်ခဲစေကာမူ အခြေခံ ခိုင်မာပါက သာသနာသည် ကြာရှည် တည်မည်သာတည်း။ ယင်း သာသနာ့ အခြေခံကား အဘယ်နည်း-ဟု မေးငြားအံ့၊ ပရိသတ်သည်သာ သာသနာ၏ အခြေခံ မူလဘူတ ဖြစ်သည်-ဟုပင် ဖြေဆိုရပေမည်။

မှန်၏၊ ပရိယတ် အားနည်းသော် ပဋိပတ် ချွတ်ယွင်းမည်။ပဋိပတ် ချွတ်ယွင်းသော် ပဋိဝေဓ ဟူသည် ဝေးလှပါဘိတော်။ ပုံစံ ပြပါဦးမည်။

အရောင်အသွေး စုံလင်လှသော အလှစုဝေး ပန်းကလေးများသည် ပန်းသီချည်ဖြင့် ကုံးသီထား မှသာလျှင် ကြာရှည်တည်၍ လောကကို အသုံးဆောင်နိုင်ပေမည်။ ပန်းသီချည်ဖြင့် ကုံးသီမထား လျှင် လေအဝှေ့တွင် လွင့်စင်ရွေ့လျား လုံးဝပင် ပျောက်ကွယ်သွားနိုင်ပါသည်။ထို့အတူ ပရိယတ်ချည်ဖြင့် ကုံးသီယ်ိန်းကွပ်၍ မထားပါလျှင် ပဋိပတ် အာကျင့်လမ်း အလှပန်းများသည် မိစ္ဆာအယူ လေအဝှေ့တွင် လွင့်စဉ် တိမ်းပါး ပျောက်ကွယ်သွားဖွယ်ရာ ရှိပါသည်။

ပွင့်ဝေမှုပြီးကြသော ဘုရားရှင် သာသနာ့သမိုင်းများကို တစေ့တစောင်း ပြန်ပြောင်းကြည့်လျှင် နှစ်မျိုးနှစ်စား ကွဲပြား ခြားနားခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အချို့သော ဘုရားရှင်များ၏သာသနာသည် ကြာရှည်မတည်၊ အချို့သော ဘုရားရှင်များ၏ သာသနာသည် ကာလ အရှည် တည်တံ့ပြန့်ပွားသည်။ ပရိယတ် အခြေခံ ကွဲပြားသောကြောင့် ယင်းသို့ နှစ်မျိုးနှစ်စား ခြားနားရခြင်း ဖြစ်ပါသည်။

မှန်၏-ဘုရားရှင် ဟူသမျှသည် သစ္စာ လေးတန်၊ သတိပဋ္ဌာန်အစရှိသော ဘုရားရှင် အဆူဆူတို့၏ လက်စွဲ ဟောကြားမြဲ တရားတော်များကို ဟောကြားခြင်းနှင့် ဂရုကအာပတ်ကို ပညတ်ခြင်းတို့၌သာ တူတော်မူကြသည်။ ထိုမှ တပါး အခြားသော တရားများနှင့် ဝိနည်းပညတ်ကို ဟောကြား ပညတ်ရာ၌ကား တစ်ဆူနှင့်တစ်ဆူ တူတော် မမူကြချေ။

အချို့သော ဘုရားရှင်များသည် တရားဓမ္မကို အကျယ်အားဖြင့် ဟော လေ့ ဟော သ မရှိကြကုန်။ အကျဉ်းအားဖြင့်သာ ဟောကြား၍ ဖလသမာပတ် ချမ်းသာဖြင့် အချိန်ကို ကုန်စေတော်မူကြသည်။

သို့ဖြစ်၍ ထိုဘုရား ရှင်များ ပရိနိဗ္ဗာန်စံတော်မူသောအခါ ဘုရားစကားတော် တည်းဟူသော ပရိယတ်တရားမှာ များစွာ မကျန်ရစ်ပေ။ အနည်းအကျဉ်းသာ ကျန် ရစ် ခဲ့တော့သည်။ ထိုအနည်းအကျဉ်းသာ ကျန်ရစ်သော ပရိယတ် တရားမှာလည်း ကာလရှည်ကြာ မတည်ပါခဲ့။

မှန်၏-နှဉ်ပရိစ္ဆေဒဖြင့် မရေတွက်ဘဲ သာဝက အဆက်ဖြင့် ခိုင်စက်ကြည့်ပါလျှင် ထိုဘုရားရှင်တို့၏ လက်ထက်မှာ သာဝက တဆက်ပြတ်သော် သာသနာဘော်လည်း ကွယ်ပျောက်သွားသည်ကို တွေ့မြင်ရပေမည်။ အကြောင်းကျိုး ဆက်စပ်ဆင်ခြင်ကြည့်လျှင် ဤသို့ တွေ့မြင်ရပေမည်။

တရား အဟောအပြော နည်း၍ တရားတော်မှာ အနည်းငယ်သာ ကျန်ရစ်သည်။ နည်းသော တရားတော်ကို အာဂုံနှုတ်တက် ဆောင်ရွက်ရန် ကား မခဲယဉ်းလှချေ။ သင်ယူပို့ချရန်လည်း လွယ်တုလှပေသည်။ သို့ဖြစ်၍ သင်ယူပို့ချ ဆောင်ရွက်ကြသော သာသနာ့ဝန်ထမ်း ရဟန်းရှင်များသည် လုံ့လဝီရိယ ထက်သန်စွာဖြင့် အားမထုတ်ကြတော့ပေ။ အခက်အခဲကိုမူ အားထုတ် ဆောင်ရွက်ချင်ကြသည်မှာ လူသားများ၏ ဓမ္မတာပင် မဟုတ်ပါလား။

ထို့ပြင် ဘုရားရှင်ကို အတုလိုက်၍ သာဝက များကလည်း တရားဓမ္မကို တဆင့် ဟောပြော မှုဌ် ဗျာပါရမစိုက်တော့ပဲ ဖလသမာပတ် ချမ်းသာဖြင့်သာ အချိန်ကို ကုန်စေကြတော့သည်။ သို့ဖြစ်၍ သာဝက အဆက်ပြတ်ရုံမျှဖြင့် သာသနာတော်လည်း ကွယ်ပျောက်ရလေတော့၏။

အချို့သော ဘုရားရှင်များသည်ကား တရား ဓမ္မကို အကျယ်အားဖြင့် ဟောပြောတော် မူ

သည်။ သို့အတွက် ထိုဘုရားရှင်များ၏ လက်ထက်တော်မှာ ပရိယတ်တရား များပြားစွာ ကျန်ရစ်သည်။ ထိုပရိယတ်တရားကို သာဝက အဆက်ဆက်က မပျောက်မပျက်ရအောင် ကြိုးမားသော လုံ့လဥဿဟဖြင့် ဆောင်ရွက်ကြသည်။ ထို့ကြောင့် ထိုဘုရားရှင်များ၏ သာသနာတော်သည် ကြာရှည်တည်တံ့ ပြန့်ပွားရပါတော့သည်။

အဏ္ဍန်ပ်တို့၏ ဗုဒ္ဓဂေါတမ ဘုရားရှင်သည်ကား တရားမမှုကို အကျယ်အားဖြင့် ဟောပြော ဆုံးမတော်မူသော ဘုရားတစ်ဆူ ဖြစ်တော်မူပါသည်။ သက်တမ်းတို့၌ ကိလေသာမီးများ တဟုန်းဟုန်း တောက်လောင်နေသော ကလိယုဂ် ခေတ်အခါမှာ ပွင့်လာရသောကြောင့် တရားတော်များကို မနေမနား ဟောကြားတော်မူရသည်။ ယင်းသို့ မနေမနား ဟောကြားတော် မူခဲ့သောကြောင့် ပရိယတ်တရား များပြားစွာ ကျန်ရစ်ခဲ့သည်။ ဓမ္မက္ခန္ဓာနှင့် တွက်လျှင် ရှစ်သောင်းလေးထောင် ပင် ရှိပါသည်။ ယင်း ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော ပရိယတ် တရားများကို မပျောက်မပျက်ရအောင် သာဝက အဆက်ဆက်တို့ ဆောင်ရွက်ကြသောကြောင့် သာဝက အဆက်ဆက် လွန်လာခဲ့သော်လည်း ယခုထက်တိုင် သာသနာတော် ထင်ရှား ရှိနေသေးခြင်း ဖြစ်ပါသည်။

သာသနာ့သမိုင်းကို ဤမျှ သုံးသပ်ရုံဖြင့်ပင် ပရိယတ်သည်သာ သာသနာ၏အခြေခံ မူလဘူတ ဖြစ်ကြောင်း သိမြင်နိုင်လောက်ပေပြီ။ ယင်းသို့ သိမြင်ကြသဖြင့်လည်း တရားတော်များ မပျောက် မပျက်ရအောင် စွမ်းရည်သတ္တိရှိသည့် သာသနာ့အာဇာနည်များက ယနေ့အထိ ရွက်ဆောင် လာခဲ့ကြခြင်း ဖြစ်ပါသည်။ ယင်းသို့သော သာသနာ့အာဇာနည်များတွင် မင်းကွန်း တိပိဋကဓရ မဟာထေရ်သည် တစ်ပါး အပါအဝင် ဖြစ်ပါသည်။ ရှာမှရှာသော အာဇာနည် ပါပေတည်း။

မှန်၏-ရှေးရှေးသော သာသနာ့အာဇာနည် မထေရ်များကား သတိ,သမာဓိ ပညာ ရင့်ကျက်ပြီးသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာ မထေရ်ကြီးများသာတည်း။ သို့ဖြစ်၍ ရဟန္တာ မထေရ်များ ပိဋကသုံးပုံ အာဂုံနှုတ်တက် ဆောင်ရွက် စွမ်းနိုင်တော့ မူကြခြင်းမှာ သတိ,သမာဓိ,ပညာ လွန်စွာ ကြီးမားတော် မူကြသောကြောင့် ဝန်မလေးလှပါချေ။ ပုထုဇဉ်အဖြစ်မှ ပဋိသကသုံးပုံ အာဂုံနှုတ်တက် ဆောင်ရွက်နိုင်ခြင်းသည် များစွာခဲယဉ်းသော ဓမ္မအလုပ် စင်စစ် ဖြစ်ပါသည်။

မင်းကွန်း တိပိဋကဓရ မဟာထေရ်သည် ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇကထေရ်အဖြစ်ဖြင့် သာသနာတော်ကို တင့်တယ်စေခဲ့ချေပြီ။ ယခုတဖန် သာသနာ အရှည်တည်ရန် အားထုတ်လိုက်ပြန်ချေပြီ။

မှန်၏-ယင်း မဟာထေရ်သည် ပိဋကသုံးပုံကို ကိုယ်တိုင် နှုတ်ငုံဆောင်ရုံသာမက 'တိပိဋက = နိကာယ ကျောင်းတိုက်' တည် ထောင်ကာ တိပိဋကဓရ လောင်းလျာများကို မွေးထုတ်နေချေပြီ။ သာသနာ့အတွင်းအား ဖြစ်သော သာသနာ့ဝန်ထမ်းများသန္တာန်၌ ပရိယတ်တရားများ

မပျောက်မပျက် တည်ရှိနေစေရန် ရည်သန် အား ထုတ်ချက်ပေတည်း။ ထို့ပြင် ကျမ်းဂန်အရပ်ရပ်ကို ညှိနှိုင်း၍ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုသည်။ မြန်မာနိုင်ငံ အရပ်ရပ်ကို လှည့်လည်၍ တရား ဟောတော်မူသည်။ သာသနာ့အပြင်အား ဖြစ်သော ဒကာ ဒကာမများ၏သန္တာန်ဝယ် သာသနာတည်စေခြင်းပေတည်း။

ယင်းသို့ပင်လျှင် လူဘက်၊ ရှင်ဘက်=ဘက်စုံအောင် သာသနာပြုသော ဆရာတော် ဖြစ်၍ ဘယ်ဘက်မှာ လိုနေသည်-ဟု ဆိုမှယ်ပင် မရှိတော့ပါချေ။ သို့ဖြစ်၍ 'ရှာမှရှားသော သာသနာ့အာဇာနည်ပါပေတည်း'ဟု ဆိုခဲ့ရခြင်းဖြစ်ပါသည်။ သည်ထက်ပို၍ ချီးကျူးစရာဝေါဟာရ ရှာမရပါပြီတည်း။ သို့ဖြစ်၍....

'တကမ္ဘာလျှင်၊ မဟာပြဟ္မာ၊ လျှောကုဋေဖြင့် ဆန်းနေဂိုဏ်းညီ၊ ဂါထာသီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်း(ဂုဏ်) တော်ကဲလွန်၊ အနေကုန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်'

ဟူသော (ရတနာနဒီမော်ကွန်း) စကားဖြင့်ပင် ချီးကျူးစကားရပ် အနားသတ်လိုက်ရပါ၏။

သာသနာ့အာဇာနည် မဟာထေရ်များသည် ပရိယတ် သာသနာအရှည်တည်ရန် အခြေခံမူလ ဘူတ ဖြစ်သည်-ဟု အကြွင်းမဲ့ ယူဆလက်ခံတော်မူခဲ့ကြသည်။ ထို့ကြောင့်ပင် သင်္ဂါယနာ အကြိမ်ကြိမ်ဟင်၍ သာသနာတော်ကို စောင့်ရှောက်ခဲ့ကြသည်။

သင်္ဂါယနာ တင်ခြင်း ဟူသည် .... သာသနာ့အခြေခံပရိယတ်ကို (ဘုရားဟောသည့်အတိုင်း) သန့်စင်ကာ ပျောက်မပျက်ရအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ သို့သော်-

'ပဋိပတ်အဝုံးစုံသော ပရိယတ် ရေဆိုးသည်ဉီးအဘျ ဒွေယ်သည်' ဤသို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားက မိန့်ကြားခဲ့ပါသည်။ ပဋိပတ်ကင်းကွာ၍ ပရိယတ်ကိုသာ အားထုတ်ပါမူ လမ်းကိုသာသိလျက် ထိုလမ်းအတိုင်း မလျှောက်သူကဲ့သို့ လိုရာခရီး အဘယ်မှာလျှင် ရောက်ချိမ့်မည်နည်း။ သို့ဖြစ်၍ ပရိယတ်နှင့် ပဋိပတ် မကင်းကွာစေသင့်ကြောင်းကို သင်္ဂါယနာတင်ရခြင်း၏ အကြောင်းရင်းများကပင် ညွှန်ပြ သက်သေခံနေပါသည်။

မှန်၏-ပဋိပတ် ယိမ်းယိုင်လာ၍ ပရိယတ်ဖြင့် ထိန်းကိုင်ကာ သင်္ဂါယနာ တင်ရခြင်း ဖြစ်ပါသည်။ အကြိမ်ကြိမ်သော သင်္ဂါယနာများအနက် ပရိယတ်ရော ပဋိပတ်ပါ သန့်ရှင်းတည်တံ့ ပြန့်ပွားစေခဲ့သောကြောင့် အထူးခြားဆုံး-ဟု ဆိုနိုင်လောက်သော တတိယသင်္ဂါယနာအကြောင်းကို အကျဉ်းမျှ ပြဆိုပါဦးမည်။

မမှာသောကမင်းကြီး၏လက်ထက်ဝယ် သာသနာတော်သည် လွန်စွာပင့် လင်း စည်ကားသည်။ ထိုမင်းကြီးကား တိတ္ထိပေါင်း ခြောက်သောင်းတို့ကို မိရိုးဖလာ ကိုးကွယ်နေရာမှ နှုတ်ပြောစေ သာမဏေ၏ကျေးဇူးဖြင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ သာသနာတော်ကို လွန်စွာချီးမြှောက်သည်။ တိတ္ထိတို့အား လူဒါန်းမြဲ ဒါနဝတ်ကို ဖြတ်၍ သာသနာ၌သာ လူဒါန်းသည်။



ထိုအခါ တိတ္ထိဂိုဏ်းသားတို့သည် လာဘ်လာဘ ရှားပါးလာ၍ သာသနာ့အရေခြုံကာ သာသနာတွင်းသို့ ဝင်ရောက်လာကြသည်။ သို့သော် သူတို့သည် သာသနာ့အယူကို မယူ၊ သာသနာ့အကျင့်ကို မကျင့်ကြချေ။ မိမိတို့၏ တိတ္ထိဝါဒအမျိုးမျိုးကို ဗုဒ္ဓဝါဒယောင်ယောင် လိမ်ညာလှည့်ဖြား ဟောကြား၍ တိတ္ထိအယူ အတိုင်းသာ ကျင့်ကြံနေထိုင်ကြသည်။ထို့ကြောင့် သာသနာဝယ် ပရိယတ်ရော ပဋိပတ်ပါ လွန်စွာညစ်ထေး ရှုပ်ထွေးခဲ့ချေပြီတည်း။

ထိုအခါ ဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူး ရှိသော ရဟန္တာ မထေရ်ကြီးများထံဝယ် ဗုဒ္ဓဝါဒ အစစ်အမှန်တို့ သိနိုင်ရန် အခြေခံပရိယတ်ကို သိမ်းယူသည်။ အစစ်နှင့်အထူ ကွဲပြားစွာ ခွဲခြားနိုင်သော အခါအရေခြုံရဟန်းများနှင့် အရောရောအနှော နှော ဖြစ်နေသော သံဃာ့လောကကို စိစစ်သည်။ အစစ်ကိုသာ ချန်ထား၍ အတုအယောင် ရဟန်းများကို ပရိသုဒ္ဓပြု လူဝတ် လဲစေသည်။ အစစ်ချည်းသာ ကျန်သောအခါမှ သင်္ဃာယနာ တင်၍ ပရိယတ်ကို သန့်စင်စေသည်။ သန့်စင်သော ပရိယတ်ကို သင်ယင်းဖြင့် ပဋိပတ်ကို ကျင့်စေသည်။ ပဋိပတ်ကို ကျင့်ယင်းဖြင့်လည်း ပရိယတ်ကို သင်ဝေသည်။ သို့ဖြင့် သာသနာတော်သည် ဇမ္ဗူတိပ်မှသာ တန့်ရပ်မနေတော့ပဲ သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံ-စသော ပစ္စန္တရစ်အရပ်များမှာပါ ထွန်းလင်းတောက်ပြောင်လာရပါတော့သည်။

ယင်းသို့လျှင် ရှေး သင်္ဂါယနာ တင်ခဲ့ပုံကို ဘစေတစောင်း ပြန်ပြောင်းကြည့်ကာ အတူယူ၍ သာသနာ ပြုသူတို့မည်သည်-

'ဝဋိပတ် မယိုင်သွတ်စေရန် ပရိယတ်ဖြင့် ခိုင်စတ်စေရမည်'

'ပရိယတ် မတိမ်းညွတ်စေရန်လည်း ပဋိဝတ်ဖြင့် ထိန်းကွပ်ပေးရမည်'

သာ ဖြစ်ပါသည်။

သို့မှသာလျှင် သာသနာတော်သည် သန့်ရှင်းတည်တံ့ ပြန့်ပွားမည် ဖြစ်ပါသတည်း။ ။

ဆရာတော်

တိုက်သစ်ပင်ဇောတာရုံ၊ နေရှင်နယ်ကုန်း၊
မြောင်းမြမြို့။

'စာတစ်လုံး ဘုရားတစ်ဆူ' ဟုအမျာ
ယူဆကြသော သဘောတရားကို ဟော
ကြားတော် မူခဲ့သော မြတ်စွာဘုရား ဒေ
သနာတော်အရ အသေအချာ ဖော်ပြရ
ပါက....

အက္ခရာ ကော မေကဥ္စ၊
ဗုဒ္ဓရူပသမံ သိယာ

ဟုဥဒါန်းထားတော်မူခဲ့သည့်အလျှောက်
အက္ခရာဟူသည်ကား **စာလုံး၊ ကဗျည်း**
စာ အက္ခရာ ဟု အဓိပ္ပာယ် ရပါသည်။
သီလ၊ သမာဓိ၊ ပညာ၊ သစ္စာလေးပါး၊
ပဋိစ္စသမုပ္ပါဒတရား စသည်များကို သိ
ကြားနားလည်စေနိုင်စွမ်းရှိသော ထိုစာ
လုံးတို့၏ အပေါင်းအစုသည် ဗုဒ္ဓဘာသာ

ဝင်များ အဖို့ ပရိယတ်ခေါ် ဘုရားစကား တော်ပင် ဖြစ်ပါသည်။

ဗုဒ္ဓ ရှင်တော် မြတ်ဘုရား ပရိနိဗ္ဗာန် စံဝင်သွား သော်လည်း ဓမ္မ၊ ဝိနယ တည်း ဟူသော ရှင်တော်ဘုရား၏ အဆုံးအမ ဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှာ မြတ်စွာဘုရား၏ကိုယ်စား တည်ထား ခဲ့၍ ရှင်တော်ဘုရား နှင့် တူမျှကြောင်း မဟာ ပရိနိဗ္ဗာနသုတ် ပါဠိတော်တွင် ပါရှိပါသည်။ သို့ဖြစ်၍ မျက်မှောက်ကာလတွင် ပရိယတ္တိခေါ် သည့် စာသည် ဘုရားပင် ဖြစ်သည်ဟု ယူဆအပ်ပါသည်။ ပရိယတ္တိ ကို သင်အံလေ့ကျက်နေသူအပေါင်းသည် နေ့စဉ်နှင့်အမျှ ဘုရားရှင်ကို ဖူးမြင်နေရ သည်ဟု မှတ်ယူအပ်လှသည်။

တစ်ဖန်အကွာရာကို ဝိဂြိုဟ်ပြုပါက—

နကွာရန္တိ နစလန္တီတိ အကွာရာ= 'မပျက်စီး မတုန်လှုပ်သောကြောင့် အကွာရာ မည်ကုန်၏' ဟု ဆိုပြန်ပါသည်။ ဘုရားစကား တည်းဟူသော ပရိယတ်ကား မဖောက် မပြန် မှန်ကန်သော ဂုဏ်သတ္တိရှိသဖြင့် မည်သည့်အခါမျှ မပျက်စီး မတိမ်ကော နိုင်သောကြောင့် ဘုရားနှင့် ထပ်တူ ကိုး ကွယ်အပ်ပေသည်။

တစ်နည်း ဆို ပြန် လျှင် ဝိမာနဝတ္ထု ပါဠိတော်အရ တရားဓမ္မ၏ ဂုဏ်တော် များတွင် ပဂုဏ = လေ့လာ အပ်ခြင်း၊ မဓုရ = ချိုမြိန်သာယာခြင်း တည်းဟူ သော ဂုဏ်ဝိသေသနတို့မှာ ပရိယတ္တိဓမ္မ နှင့်သာ သက်ဆိုင်သည်ဖြစ်ပြန်ရာ ပရိ-ယတ္တိ ဓမ္မ (သို့မဟုတ်) စာသည် ကိုးကွယ် ဆည်းကပ်ထိုက်သော **သရဏ ဂမနီယ** ဂုဏ်ကို ကောင်းစွာ ဆောင်လျက် ရှိပေ သည်။ ထို့ကြောင့် ပရိယတ္တိ ဓမ္မ (သို့မ ဟုတ်) တရားစာမှာ ဓမ္မစေတီထိုက်သဖြင့် မြတ်စွာဘုရားကဲ့သို့ကိုးကွယ် အား ထား ထိုက်ပေသည်။

ဗုဒ္ဓ ရှင်တော် ဘုရားသည် ပရိယတ္တိ ဗဟုသုတနှင့်ပြည့်စုံသူ ရဟန်းသံဃာများ အား မိမိ၏အာရာဓ်ထား သည်ဖြစ်၍ ယင်း သံဃာတော်များကို ကိုးကွယ် ဆည်းကပ် ခြင်းသည် မြတ်စွာ ဘုရားကို ကိုးကွယ် ခြင်းပင် ဖြစ်သည်ဟု—

ယော ဟိ နတုမှာကံ သာဝကော နာမ၊ ဗုဒ္ဓော နာမသေ စုန္ဒ-ဟု ဆိုထား ပြန်သည်။ ထို့ကြောင့် ဘုရား တရား သံဃာတည်းဟူသော ရတနာမြတ်သုံး ပါး ကို မှီ၍ စာသည် ကိုးကွယ်ထိုက်သော ဂုဏ်ပေါင်း ခ သဖြင့် 'စာတစ်လုံး ဘုရား တစ်ဆူ' ဟု ပြောစမှတ် ပြုကြပါသည်။

ပိဋကသုံးပုံ ပြန် ဆို သူ မှန် သမျှမှာ အဋ္ဌကထာ၊ ဋီကာမပါ—

ဝိနည်း ငါးကျမ်း—

ပါဠိစာမျက်နှာ ၂၂၆၀

အဘိဓမ္မာခုနစ်ကျမ်း—

ပါဠိစာမျက်နှာ ၄၉၈၇

သုတ္တန္တပိဋက—

ပါဠိစာမျက်နှာ ၇၇၉

တို့ကို ပြန်ဆို အောင်မြင်ရသဖြင့် ပေါင်း

၈၀၂၆-မျက်နှာရှိသော သင်ရိုး ပိဋကသုံးပုံ ပါဠိုအလုံးစုံကို အာဂုံပြန်ဆိုနိုင်မှသာ ပိဋကသုံးပုံဆောင်=တိပိဋကဓရဘွဲ့ထူးတို့ ဆွတ်ခူးရရှိကြပါသည်။

ထိုစာမျက်နှာ ၈၀၂၆-တွင် ပါရှိသော စာလုံးပေါင်းကို မှန်းဆရပါက စာတစ်မျက်နှာ လျှင် စာကြောင်းရေ ၂၅၊ စာတစ်ကြောင်းလျှင် ပါဠိုစာလုံးပေါင်း ၁၂-လုံးမျှ ကြိတ်နှုန်းတွက်ချင့်ပါလျှင် ပါဠိုစာလုံးပေါင်း ၂၄၀၇၀၀ (သိန်းမဟုတ်) နှစ်သန်းကျော်မျှ ဖြစ်ပါသည်။ သို့ဖြစ်၍ ဓမ္မစေတီထိုက်သော ပရိယတ္တိဓမ္မ စာလုံးပေါင်း နှစ်သန်းကျော်ကို အာဂုံဆောင်သော ပိဋကသုံးပုံဆောင် ဆရာတော်တစ်ပါးကို ပူဇော်ရခြင်းသည် ဘုရားရှင် အဆူပေါင်း နှစ်သန်းကျော်ကို ပူဇော်သည်နှင့် တူလှပေ၏။

ထို့ကြောင့်ပင် တောအုပ် ဝနေ၊သုံးထွပိဋကတ်၊ ငါးရပ်နိကာယ်၊ ရောင်စုံခြယ်သော၊ အသွယ်သွယ်အဖုံဖုံ၊ ပန်းရုံမှ၊ ထုံနံ့သင်းကြည်၊ ပန်းဝတ်ရည်တို့ကို၊ ကိုယ်တော်တိုင် ဝအိအောင် သောက်စို့ပြီးခါမှ ဝေနေယျများစွာအတွက် ပိဋကအရသာကို ကျန်စွာတည်ခင်း ကျွေးမွေးတော်မူလျက် ရှိသော လွတ်လပ်သည့် မြန်မာနိုင်ငံဝယ် နေ + လသဖွယ် ဦးဦးဖျားဖျား ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ပေါ်ထွက်၍လာပေသော တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဆရာတော်ဘုရား အရှင်ဝိစိတ္တသာရာဘိဝံသအား ရဟန်း ရှင်လူအပေါင်းသူတို့သည် ဘုရားအဆူဆူနှင့် ထပ်တူထပ်မျှ ပူဇော်သက္ကာရ ပြုကြပါကုန်သတည်း။ ။

ဦးဇြင်

အငြိမ်းစား ဆံအမတ်ဗြိုး၊

၁၃၄၃-ခု၊ သီတင်းကျွတ်လဆန်း ၁၄-ရက်

ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များနှင့် အကျွမ်းတဝင် ရှိနေသူများအဖို့ 'နိကာယ်'ဟူသော စကားကို ကြားဖူး၊ ဖတ်ဖူး၊ နာဖူးကြပါသည်။ သာသနာရေးဆိုင်ရာ စာမေးပွဲများနှင့် ပတ်သက်၍လည်း ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ပထမကျော်စသော စာမေးပွဲများ၊ စေတီယင်္ဂဏ+ဓမ္မာစရိယ+သက္ကသီဟ — စသော စာမေးပွဲမျိုး၊ ၁၃၁၀-ပြည့်နှစ်က စတင်ပေါ်ပေါက်ခဲ့သော တိပိဋကဓရဆွေးချယ်ရေး စာမေးပွဲမျိုးကိုလည်း ကြားဖူး၊သိဖူး၊မှတ်သားကြဖူးပါသည်။

၁၃၃၅ - ခုနှစ် လောက် ဆီက မှ 'နိကာယ်စာမေးပွဲ' 'နိကာယ်သာသနာပြု'ဟူသော ဝေါဟာရကို တွင်ကျယ်စွာ သုံးစွဲလာကြလေသည်။ ထိုအခါ နိကာယ်ဆိုသည်မှာ အဘယ်နည်းဟု တွေးတောကြံဆမိပါတော့သည်။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ် ငါးရပ် ရှိကြောင်း လေ့လာမိပါသည်။ ဤမျှဖြင့် မလုံလောက်သေးပါ။

'နိကာယ်ဆိုတာ ဘာကို ခေါ်သလဲ' လို့မေးယင်— 'ဘုရားစကားတော်

အပေါင်း စာအုပ်ရေ ၄၀-ကို ခေါ်တယ်'လို့ ပြောတတ်ကြပါစေ။ နိကာယ်ဆိုတာ ဘုရား စကား တော်တွေကို သခေါတူရာ စုပေါင်းပြီး သင်္ဂါယနာ ၆-ကြိမ်တိုင်တိုင် တင်ထား ခဲ့တဲ့ ဘုရား စကားတော်အပေါင်းကို နိကာယ်ခေါ်တယ်'လို့ ပြောတတ်ကြပါစေ။

နိကာယ်ခေါ်တဲ့ တရား ရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်ဘဲ့ ရဟန်း ဘော်တွေနော်၊ ရှင်တွေရော၊ လူတွေရော အားလုံး၏ ဆရာတော်ဖွေ ဖြစ်ကြပါတယ်။

ဟိုဘဘက် ဘာသာဝင်များက 'မင်း တို့ဘုရား ရှိရဲ့လား'လို့ မေးယင် 'ရှိတယ်' လို့ ဖြေရပါမည်။

'မင်းတို့ဘုရား ဘယ်မှာလဲ'လို့ မေးယင် အဲဒီနိကာယ်တွေကို လက်ညှိုးထိုးပြရပါမယ်၊ 'နိကာယ်ငါးရပ်ဆိုတဲ့ ပိဋကတ်ခမ္ဓာန္ဓာတွေဟာ ကျုပ်တို့ရဲ့ ဘုရားဘွေ၊ ကျုပ်တို့ကို အမြဲတမ်းသြဝါဒပေးနေတဲ့ ဘုရားပေါင်း ရှစ်သောင်း လေးထောင်'လို့သာ လက်ညှိုးထိုးပြကြပါ၊ အဲဒါ နံပါတ် တစ် ဘုန်းကြီးပြောချင်တာ။'

အထက်ပါစကားများသည် ၁၃၃၇-ခု၊ တန်ခူပေါင်းလပြည့်နေ့၊ ရန်ကုန်မြို့၊ ၆ ထပ်ကြီး ဘုရားကြီး ကျောင်းတိုက် 'သာသနဝိပုလ မဟာသိမ်တော်တိုက် ကျောင်းကြီး'၌ ပူဇော် ကျင်းပသော 'နိကာယ်ငါးရပ် စာလျှောက် စာမေးပွဲ ဆုနှင်းသဘင်'တွင် မင်းကွန်း ဓမ္မနာဒ တိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား မိန့်ကြားတော်မူသော 'အနုဗလပွဒါန သြဝါဒကထာ'မှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ဖော်ပြတော်မူချက်အရ နိကာယ်ဆိုသည်မှာ မြတ်စွာဘုရား ဟောကြား ဓိန့်မြွက်အပ်သော ပိဋကတ်ဓမ္မက္ခန္ဓာများ ဖြစ်ကြောင်း ရှင်းလင်းနေပေပြီ။ နိကာယ် သာသနာ ဟူသော ဝေါဟာရ တွင်ကျယ်လာပြီး နိကာယ်သာသနာ့ လုပ်ငန်းကြီးများကို စတင်ခဲ့သူအား ညွှန်ပြပါဆိုလျှင် ကျေးဇူးတော်ရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးနှင့် ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တော်ကိုပင် ညွှန်ပြရပါလိမ့်မည်။

နိကာယ်သာသနာ ဟူသော လုပ်ငန်းမပေါ်ပေါက်မီက မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ သမိုင်းကိုပြန်ပြောင်း လေ့လာမည်ဆိုပါက သက္ကရာဇ် ၃၉၇-ခုနှစ်၌ ပုဂံပြည် အနော်ရထာမင်း လက်ထက်တွင် ရှင်အရဟံ ကြွရောက်၍ ဗုဒ္ဓသာသနာ မျိုးစေ့ကို ချတော် မူခဲ့လေသည်။ အနော်ရထာ မင်းစော အား အရှင်အရဟံက ပရိယတ္တိ သာသနာတော် ရှိမှသာ ပဋိပတ္တိ ပဋိဝေဓ သာသနာတော် အရှည်တည်တံ့မည်ဟု ဟောပြော ညွှန်ကြားသဖြင့် အနော်ရထာက သဒ္ဓါပြည်ကို အနိုင်ရ၍ ပိဋကတ် တော်များကို

ဆောင်ယူခဲ့ခြင်း၊ လေ့လာစေခဲ့ခြင်းဖြင့် ဗုဒ္ဓသာသနာကို စတင် အုတ်မြစ်ချခဲ့လေသည်။

သက္ကရာဇ် ၅၉၆-ခုနှစ်တွင် နန်းတက်သော ဓမ္မရာဇာမင်းကြီးသည် မိမိကိုယ်တိုင် ပိဋကတ်တော်ကို ကိုးခေါက် သင်ယူ၍ ပရိယတ္တိဗန္ဓုကျမ်း၊ သဒ္ဒဗိန္ဒုကျမ်းများ ပြုစုခဲ့သည်။ ထိုမင်းကြီး သည် ပိဋကတ်တော်အရာတွင် လွန်စွာ ကျန်တော်မူလျှ၍ 'ကျစွာမင်းကြီး' ဟုပင် ခေါ်တွင်ခဲ့ရသည်။ ကျစွာမင်း၏ သမီးတော် သံပျင်မင်းသမီးသည် ပိဋကတ်တော်ကို လွန်စွာ တတ်မြောက်လျှ၍ ရဟန်းငယ်များကိုပင် စာချနိုင်ခဲ့ကြောင်း မှတ်တမ်းများ တွေ့ရှိခဲ့ရပေသည်။

ပင်းယခေတ်တွင် ပိဋကတ်သာသနာတော်သည် လွန်စွာ ထွန်းကားခဲ့ရကား စတုရင်္ဂလအမတ်ကြီး ကိုယ်တိုင် အာဘိဓာန်ဋီကာကျမ်းကြီးကို ရေးသား ပြုစုခဲ့လေသည်။

ပိဋကတ်တော် ထွန်းကားမှု အရှိန်အဟုန်သည် အင်းဝခေတ်တွင်လည်း မြင့်မားဆဲ ဖြစ်ပေသည်။ ဘုရင်မင်းများကိုယ်တိုင် ပိဋကတ်တော် စာသင်သားတို့အား အထောက်အပံ့ ပေးခဲ့ရုံမျှမက သာလွန်မင်းတရား လက်ထက် (၉၈၀-၁၀၁၈ခုနှစ်)တွင် စာပြန်ပွဲ သဘင်များ နှစ်စဉ် နယုန်လရောက်တိုင်း ကျင်းပပေးခဲ့လေသည်။ ထိုစာမေးပွဲ သဘင်မှာ နောင်မင်းများ လက်ထက်၌ပင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့၍ အင်းဝခေတ် စာဆိုတော် ဦးအောင်ကြီး၏ နယုန်လတွဲ့လူးတား၌—

"ရာသီမေထုန်၊ လနယုန်မူ၊ မြူးခုန်သာရွှင်၊ မိုးလုလင်လည်း၊ ရွာကျင်ခြင်္ဂိမ္မ၊ ရေငန်းပြလှုက်၊ သိလသမာ၊ ဖြတ်သယ်ာတို့၊ သဒ္ဒာရှစ်စုံ၊ သုံးပုံပိဋကတ်၊ ရုပ်ခေတ်ဖော်ညွှန်း၊ အခန်းခန်းကို၊ ရွှေနန်းတော် တောင်၊ မြတ်မာရ်အောင်ဝယ်၊ မြားမြောင်စုဝေး၊ စာမေးပွဲသဘင်၊ မွမ်းမွမ်းဖြင်သည်၊ လူရှင်ရင်ထက်ဝန်းတည့်လေ။ ပွင့်လင်းစည့်သည်၊ ရွှေပြည် ရွှေဝ နန်းတည့်လေး" ဟုပင် ရေးသားစပ်ဆိုခဲ့ပါသည်။

ကုန်းဘောင်ခေတ် မင်းတုန်း မင်းတရားကြီး လက်ထက်တော်တွင် ပိဋကတ်တော် သာသနာသည် အထွတ်အထိပ်ရောက်ခဲ့လေသည်။ စာပွဲသဘင်ကိုတခမ်းတနား ကျင်းပ ပေးရုံမျှမက စာအောင်ပုဂ္ဂိုလ်များကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သေး၏။ ပထမငယ်, ပထမလတ် အောင်မြင် သူတို့အား ဆုတော်ငွေဒေါင်းဒင်္ဂါး တစ်ထောင်နှင့် အင်တ်အထည်များ၊ ပထမကြီး အောင်သူအား ကျောက်နီလက်စွပ် တစ်ကွင်း၊ ဒေါင်းဒင်္ဂါးတစ်ထောင် ငါးရာနှင့် မိဘဆေမျိုးနီးစပ်ရာ ၁၈-ဦး အထိ ၁၂-မ မင်းတိုင်း လွတ်ငြိမ်းခွင့် ပေးလေသည်။ ပဉ္စမကျော် နောင်သူတို့အား ကျောက်နီလက်စွပ်တစ်ကွင်း၊ ကျောက်စိမ်း လက်

စွပ်ငေါ်ကွင်း၊ ဆုတော်ငွေ ၂၅၀၀-နှုံ့ အဝတ်အထည် ကောင်းမျာ ချီးမြှင့်၍ အောင်လက်မှတ်မျာ:ကို ဘုရင်မင်းမြတ် ကိုယ်တိုင် ဆက်ကပ်ခဲ့လေသည်။

အရင်းရှင် ကိုလိုနီခေတ်သို့ ရောက် လာသောအခါ ၁၀-နှစ်ကြာမျှ ကာလ ပတ်လုံး သာသနာ့ စာမေးပွဲမျာ: ဆိတ် သုဉ်းခဲ့ရုလေသည်။

မြန်မာသက္ကရာဇ် ၁၂၅၇-ခုနှစ်တွင်မှ ဆရာတော်မျာ:နှင့် မြန်မာ မင်းမျာ:၏ မှူးဟောင်း မတ်ဟောင်းမျာ:၏ ကြိုး ပမ်းမှုကြောင့် ပထမပြန် စာမေးပွဲကို ပြန်လည် ကျင်းပ နိုင်ခဲ့၏၊ ထို့နောက် ၁၂၆၁-ပြည့်နှစ်တွင် မန္တလေးမြို့၌ ပရိ-ယတ်သာသနဟိတ အသင်းကြီး တည် ထောင်ပြီး ၁၂၆၅-ခုနှစ်တွင် သကျသီဟ စာလျှောက်မေးပွဲကြီး ကျင်းပပူဇော်နိုင် ခဲ့လေသည်။ ၁၂၇၅-ခုနှစ်မှစ၍ ရန်ကုန် မြို့တွင် စေတီယင်္ကာ စာမေးပွဲသဘင်ကို နှစ်စဉ် ကျင်းပနိုင်ခဲ့လေသည်။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး သည့်နောက် သက္ကရာဇ် ၁၃၁၆-ခုနှစ်၊ သာသနာတော်နှစ် ၂၄၉၈-ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ထေရ ဝါဒ ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပခဲ့လေသည်။

ဆဋ္ဌသင်္ဂါယနာ မတင်မီ ၁၃၁၀-ပြည့်နှစ်ကစ၍ တိပိဋကရေ ရွှေးချယ်ရေး စာမေးပွဲ ကျင်းပခဲ့လေသည်။ ပထမနှစ်တွင် စာအောင် ပုဂ္ဂိုလ် မပေါ်ထွန်း သော်လည်း ၁၃၁၅-ခုနှစ်တွင် စစ်ကိုင်း မြို့နယ် မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက် ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသ မထေရ်သည် သက်တော် ၄၂-နှစ်တွင် တိပဋိကရ စာမေးပွဲကို ထူးချွန်စွာ အောင်မြင်တော်မူ၍ တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ကို မြန်မာ့သမိုင်း တွင် ဦးစွာ ဆွတ်ခူးတော် မူခဲ့လေသည်။

တိပဋိကရ စာမေးပွဲ ဆို သည်မှာ လွယ်လှသည် မဟုတ်ပါ။ ပထမနှစ်တွင် ဝိနည်း ၅-ကျမ်းကို ပြန်+ဆို+ရေး ပြရာ တွင် ၅-ကျမ်းလုံး အမှား မခံ မှန်ကန်စွာ ပြန်ဆို ရေးဖြရလေသည်။ ဒီဃနိကာယ် သုတ်သုံးကျမ်း ပြန်ဆို ရေးဖြရာ၌လည်း ထိုနည်းအတူပင် သုံးကျမ်းလုံး အမှား မခံ မှန်ကန်စွာ ပြန်ဆို+ရေး ဖြရလေသည်။ အဘိဓမ္မာပိဋကကို ပြန်ဆိုရေးဖြ ရာ၌လည်း ထိုနည်းအတူပင် ဖြစ်လေ သည်။

မင်းကွန်း တိပိဋကရ ဆရာတော် ဘုရားသည် မိမိကိုယ်တိုင် ဖြတ်ကျော်ခဲ့ရ

သော လမ်း၏အခက်အခဲကို မြင်တော်မူသည်။ တိပိဋကဓရ အံ့ရှင်မြတ်မျာ းလည်း အဆက်မပြတ် ပေါ်ထွန်းစေလိုသည်။ ထို့စေတနာက တိုက်တွန်းနှိုးဆော်၍ ဖြစ်ပေါ်လာသော ဆန္ဒအရ ကျေးဇူးတော်ရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးအား နိကာယ်စာမေးပွဲကို စာသင်သား များအင်အား ရှိသလောက် တစ်ကျမ်း နှစ်ကျမ်းစသည် ဖြဆို့နိုင်မည့်စာပေပေါင်း ကူးတံတား စာမေးပွဲတစ်ခု ပြုလုပ်ပေးရန် တောင်းပန် လျှောက်ထား ခဲ့လေသည်။ ဤတွင် မစိုးရိမ် ဆရာတော်ဘုရားကြီးက မှန်ကန်သင့်မြတ်သော အကြံပြုချက်ဖြစ်၍ ဝမ်းမြောက်စွာ လက်ခံတော်မူပြီး မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းအား တာဝန် ပေး အပ်ကာ နိကာယ်စာမေးပွဲ ကျင်းပစေခဲ့သည်။ အသက်ငယ် ကိုးဆယ် ကျော် မြောက်ရောက်လတ်သောအခါ မစိုးရိမ် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၌ အမြဝါဆို သီတင်းသုံးတော်မူကာ နိကာယ် သာသနာတော် ထွန်းကားရေးအသင်းကို ဖွဲ့ပေး၍ နိကာယ် စာလျှောက်မေးပွဲ ကျင်းပစေခြင်းဖြင့် နိကာယ် သာသနာသမိုင်းမှတ်တိုင်ကို ကျေးဇူးတော် ရှင် မစိုးရိမ် ဆရာတော် ဘုရားကြီး နှင့် တိပိဋကဓရ အရှင်ဝိစိတ္တာသာရာဘိဝံသတို့ စိတ်တူသဘောတူ စိုက်ထူတော် မူခဲ့ကြသည်ဟု ဆိုရပါမည်။

အရှင် ဝိစိတ္တာသာရာဘိဝံသသည် သာသနာရေးကိစ္စ ဤမျှဖြင့် တင်းတိမ်ရောင့်ရဲတော် မမူခဲ့ချေ။ မိမိ ရရှိသော တိပိဋကဓရ လစာ ဆွမ်းဆန်တော်+အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်များနှင့် တိပိဋကဓရ ဘွဲ့ရ ၂၅-နှစ် မြောက် ငွေရတုသဘင် ပူဇော်ပဲတို့မှ ရရှိသော နဝကမ္မများကို မ,တည်လျက် ၁၃၄၀-ပြည့် မြန်မာ နှစ်ဆန်း တစ်ရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးမျာ း ကုန်းမြေ၌ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးကို ဖွင့်လှစ်ခဲ့လေသည်။ ထို့အဖွဲ့၏ဥက္ကဋ္ဌကာ အထူးကု ဆရာဝန်ကြီး ဒေါက်တာသာလှ ဖြစ်ပါသည်။

တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး သုံးနှစ်မြောက်တွင် သံဃာတော် ပေါင်း ၁၅၀ – တို့သည် မင်းကွန်း

တိပိဋကတ = နိကာယကျောင်းတိုက်တွင် ပိဋကတ်တော်များကို လေ့လာအား ထုတ်လျက် ရှိနေပါပြီ။ ယခင် လွန်ခဲ့သော နှစ်များက ထိုကျောင်းတိုက်မှ တိပိဋကမရ စာမေးပွဲ၊ နိကာယ်စာမေးပွဲတို့သို့ ဝင်ရောက်ပြန်ဆို ဖြေဆိုကြရာ ရာခိုင်နှုန်း ၉၀ မျှ အောင်မြင်တော် မူကြသည့်ပြင် သုံးနှစ်တာခရီး၌ ပိဋကတ်တော် တစ်ပုံဆောင် သုံးပါးတို့ကို ပေါ်ထွန်းစေခဲ့ပါပြီ။

ပရိယတ္တိ အခြေခံပြီး သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွား ရေးအတွက် ဆောင်ရွက်ကြမည့် ဘုရား သားတော်များ တိပိဋကမရ ဘွဲ့ထူးကို ဆွတ်ခူးနိုင်ကြရန် သာသနာ့ ပေါင်းကူး တံတားကြီးကို တာဝန်သိသူများက တာဝန်ရှိရှိ ဆောက် တည်လာ ခဲ့သည်မှာ သုံးနှစ်သုံးမိုး ပြည့်ခဲ့လေပြီ။ ဤ ပေါင်းကူးတံတား တည်ဆောက်ခြင်းသည် ပင်လျှင် သာသနာ့သမိုင်းတွင် မှတ်တိုင်တစ်တိုင် စိုက်ထူလိုက်ခြင်း ဖြစ်ပေသည်။

သမိုင်းပေးတာဝန်အရ သာသနာတော် ထွန်းကားရေးကို လိုလားသော ဆရာဝန်ကြီး ဒေါက်တာဦးသာလှ အမှူးပြုသော အမှုဆောင်အဖွဲ့၏ ကြိုးပမ်းချက်ကြောင့် စာသင်သား ရဟန်းတော်များမှာ ပိဋကတ် စာပေများကို လေ့ကျက်သင်အံ ကျင့်ကြံ မှတ်သားချိန်တွင် ပစ္စည်းလေးပါးမှ အစ လိုအပ်သမျှ မကြောင့်ကြရသည်သာမက ရန်ကုန်မြို့သို့ စာမေးပွဲဖြေဆိုရန် လာရောက်ကြချိန်၌လည်း မပင်မပန်း သက်တောင့်သက်သာ တည်းခို နားနေစရာ ဒကုံမြို့နယ်၊ နယူးလင်းလမ်း၊ အမှတ် ၁၂-တွင် တည်ရှိသည့် နိကာယ သာသနာပြုအဖွဲ့ခွဲက ပြည့်စုံအောင် ဖြည့်စွမ်းလျက် ရှိရကား ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် တာဝန်ယူ ဆောင်ရွက်ကြသည့်အဖွဲ့ဝင်အပေါင်းတို့လည်း ကျန်းမာ ချမ်းသာစွာနှင့် ဆက်လက်ကြိုးပမ်းနိုင်ကြပါစေ'ဟု နိကာယ် သာသနာပြု သုံးနှစ်မင်္ဂလာ အခါသမယတွင် ဆုမွန်ကောင်း တောင်းခြွေပြီး မေတ္တာရေ သွန်းလောင်း လိုက်ရပါသတည်း။ ။

ဒေါ်ရီကြွန်

ပိဋ္ဌကစာပေတွေ
အလွတ်အာဂုံရွတ်ဆိုနိုင်တော့
ဘာအကျိုးရှိသလဲ.....တဲ့

ဝိနည်းကစာစောတွေ
အလွတ်အာဂုံရွတ်ဆိုနိုင်တော့
ဘာအကျိုးရှိသလဲ.....တဲ့

ပိဋ္ဌကစာပေတွေ
အလွတ်အာဂုံရွတ်ဆိုနိုင်တော့
ဘာအကျိုးရှိသလဲ.....တဲ့

ရေယျာဓမောင်

ပိဋ္ဌကစာပေတွေ အလွတ်အာဂုံရွတ်ဆိုနိုင်တော့
ဘာအကျိုးရှိသလဲတဲ့ . . .

'ပိဋ္ဌကစာပေတွေ အလွတ်အာဂုံ ရွတ်ဆိုနိုင်တော့ ဘာအကျိုးရှိသလဲ' ဤမေးခွန်းကို နှစ်ကြိမ်တိုင်တိုင် အမေးခံရဖူးသည်။

ပထမအကြိမ်မှာ လွန်ခဲ့သော ၁၀-နှစ်ခန့်က ဖြစ်သည်၊ သာသနာ့ရိပ်သာ **ဖလယဉ် ဓမ္မာရုံ**တွင် တိပိဋ္ဌက စာပြန်ပွဲ ဆင်နွှဲကျင်းပနေသော နေ့ရက်တစ်ရက်။ **နိုင်ငံခြားသားတစ်ဦး**က စာပြန်ပွဲကျင်းပနေပုံကို လေ့လာယင်း အခမ်းအနားအကြောင်းကို မေးမြန်းခဲ့သည်၊ ပိဋ္ဌကသုံးပုံကို အာဂုံရွတ်၍ စာမေးပွဲဖြေဆိုနေကြောင်း ရှင်းလင်းပြောပြရာမှ 'ပိဋ္ဌကစာပေတွေ အလွတ် အာဂုံ ရွတ်ဆိုနိုင်တော့ ဘာအကျိုးရှိသလဲ'ဟု ထပ်ဆင့်မေးခွန်း ပေါ်ထွက်လာပါသည်။

'မပျောက်မပျက် ထိန်းသိမ်းထား နိုင်တာပေါ့'ဟု ယင်းမေးခွန်းကို သာမန်အားဖြင့် ဖြေကြား လိုက်ရာ 'ခုခေတ်မှာ ဒီလို ပင်ပန်းခံဖို့ လိုသေးသလား၊ စာကြည့်တိုက်၊ ပြတိုက်တွေက အဲဒီ ထိန်းသိမ်းတဲ့ တာဝန်ကို လုပ်ဆောင်နေကြပြီ မဟုတ်လား'ဟု စောဒက တက်လာပါသည်။

မှန်ပါသည်၊ နိုင်ငံတိုင်းတွင် စာကြည့်တိုက်ကြီးများ၊ ပြတိုက်ကြီးများ ရှိကြပါသည်။ စာပေ,သိပ္ပံ,အနုပညာ ဆိုင်ရာ ပစ္စည်းများကို ရှာဖွေစုဆောင်း ဝယ်ယူ (အချို့ကလည်း မတရားနည်းလမ်းများဖြင့် ခိုးယူဝှက်ယူ)၍ သိမ်းဆည်းသိုမှီးထားကြပါသည်။ ခေါမခေတ်က 'အယ်လီဇန္ဒရီးယား' ပြတိုက်ကြီး၊ စာကြည့်တိုက်ကြီးများ လွန်စွာ ထင်ရှား ခဲ့ပါသည်။ ကျော်ကြားခဲ့ပါသည်၊ ပညာရပ်မျိုးစုံ ထိန်းသိမ်းထားခဲ့သော ဘဏ္ဍာတိုက်ကြီး ဖြစ်ပါသည်။

'အခု အဲဒီပြတိုက်ကြီးများ ရှိသေးသလား၊ ခေါမရောမ ခေတ်ပြောင်းကာလတွင် ပြုတ်ပြုတ်ပြုန်းခဲ့ပြီ မဟုတ်လား၊အဲဒီတုန်းက အလွန် အဆင့်မြင့်မြင့် တင်သိ နားလည်ခဲ့ကြတဲ့ သခ်ၤာပညာ၊ နက္ခတ်ပညာ၊ ဓာတုဗေဒ ပညာတွေ ပျောက်ဆုံးကုန်လို့ ဟိုတစ ဒီတစ ရှာဖွေဆက်စပ်ပြီး အစက ပြန် စသင်လာခဲ့ကြရတယ် မဟုတ်လား' အစရှိသည့် မေးခွန်းများဖြင့် သူ့အား တန်ပြန် ထိုးနှက်လိုက်ပါသည်။ သူနှင့် ဆက်လက်၍ ဆွေးနွေးခဲ့ပုံမျာသည် အောက် ဖော်ပြပါ ဆွေးနွေးချက်များတွင် အကျုံးဝင်သွားသဖြင့် သီးသန့် ဖော်ပြရန် မလိုတော့ပါ။

ဒုတိယအကြိမ် မေးခွန်း မေးသူမှာ မြန်မာ့ဗုဒ္ဓဘာသာတစ်ဦး ဖြစ်သည့်ပြင် တက္ကသိုလ်မှ ပါမောက္ခကြီး တစ်ဦးပင် ဖြစ်ပါသေး သည်။ လွန်ခဲ့သော ၃-နှစ်က မေမြို့တွင် တိပိဋကဓရ ဆရာတော်ကြီး ၄-ပါးကို ပူဇော်ကြသောအခါန်က ဖြစ်ပါသည်။ သူကလည်း အလားတူ စကားလုံးတူ ပုစ္ဆာကိုမေး၍ 'ခုခေတ်မှာ ဒီလို ပင်ပန်းခံဖို့ လိုသေးသလား၊ စာကြည့်တိုက်တွေ ပြတိုက်တွေက အဲဒီ ထိန်းသိမ်းတဲ့တာဝန်ကို လုပ်ဆောင်နေကြပြီ မဟုတ်လား'ဟု အလားတူ စောဒက တက်လာပါသည်။

ကျွန်တော်သည် ရှေးဟောင်းခေတ် စာကြည့်တိုက်ကြီး ပြတိုက် ကြီးများကို ရည်ညွှန်းပြီး အခုခေတ် ပြတိုက်ကြီးများ စာကြည့်တိုက် ကြီးများလည်း အယ်လီဇန္ဒရီးယား ပြတိုက်ကြီးအတိုင်း တစ်ချိန်သောအခါတွင် ကွယ်ပျောက် ပျက်ပြုန်းသွားကြမည်သာ ဖြစ်ကြောင်း နိဒါန်းပျိုး၍ သူ၏ စောဒကအချက်ကို အခိုင်အတောင်ယူကာ ရှင်းလင်း ပြခဲ့ပါသည်။

'အမှန်စင်စစ် ဒီနေရာမှာ ထိန်းသိမ်းစောင့်ရှောက်တယ်ဆိုတာ ပိဋကများကို ပေပုရပိုက် စာအုပ် အဖြစ် ဂရုတစိုက် သိုမှီးသိမ်းဆည်းထားတာကို ပြောတာ မဟုတ်ပါဘူး။

ပိဋကတော်လာ တရားတော်များကို တရားတော်အဖြစ် ကျက်မှတ်ထားခြင်း၊

အနက်အဓိပ္ပာယ်နှင့်တကွ နားလည် သဘောပေါက်ခြင်း၊

ယင်းတရားများကိုအတိမ်းအစောင်း အမှားအယွင်းမရှိ၊ တစ်ဆင့် ပြန်လည် ဟောပြနိုင်ခြင်း၊

ဆိုတဲ့ ခေတ်အဆက်ဆက် သယ်ဆောင် ယူသွားတဲ့ သဘောကို ပြောတာပါ။'

'အဲဒီ သယ်ဆောင် ယူသွားတဲ့ တာဝန်ကို ပိဋကစာပေကို လေ့လာ သင်ကြားတဲ့ ပညာရှင်များက သာ လုပ်ဆောင် နိုင် တာပါ၊ စာကြည့်တိုက်မှာထားတဲ့ စာပေ ပုရပိုက်တွေက မဆောင်ရွက်နိုင်ပါဘူး၊ ၊အဲဒီလို ပညာရှင်ဆိုတာလဲ တစ်ခေတ်မှာ တစ်ယောက်ကောင်း နှစ်ယောက်ကောင်း ပေါ်ထွက်လာရုံနှင့် မပြီးဘူး၊ ဥရောပမှာ ပါဠိစာပေတွေ ရောက်သွားကတည်းက ပါဠိပညာရှင်တွေ ပေါ်ထွက် ခဲ့ဖူးသားပဲ၊ မက်ဇ်စမူးလား တို့၊ ဖောစ်ဘိုလ်တို့ စသည်ဖြင့်ပေါ့၊ ဒါပေမယ့် သူတို့လို ပညာရှင်က ၁၀-နှစ်မှ တစ်ယောက်၊ ၁၅-နှစ်မှ တစ်ယောက် ပေါ်လာခဲ့တာ။ သူတို့က ပိဋကစာပေတွေ သင်ကြား၊ သူတို့နားလည်သမျှ ထင်မြင် ယူဆချက်တွေ စာအုပ် စာတမ်းရေး၊ နောက် ပျောက်ကွယ် သွားပြန်ရော၊ နောက်တစ်ယောက်ပေါ်လာပြန်၊ သူလိုပဲလေ့လာ၊ သူလိုပဲ စာအုပ်တွေရေးပြန်၊ ပျောက် သွားပြန်ရော၊ ဗုဒ္ဓဘာသာဆိုင်ရာ သူတို့ ရေးသားချက် အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ ဟာ ပညာရှင် တစ်ဦးနှင့်တစ်ဦး အစဉ် အဆက် ပြိတ်ပြိတ်နေလို့ အယူအဆ အမျိုးမျိုးတွေ ဖြစ်ပေါ်လာရော။ နှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓတရားတော်များကို မပြောပါနှင့်၊ မနေ့တနေ့ကလို အချိန်ကမှ ပေါ်ထွက်လာတဲ့ ကားလ်မတ်စ်၏ 'ဒါးစ်ကာ်တယ်လ်' ကျမ်းလေ့လာပုံကိုသာ ကြည့်ပါ၊ နှိုင်းစံတကာ ဘာသာမျိုးစုံနဲ့ ပြန်ဆိုရေးသားပြီး ဆရာအမျိုးမျိုးက အဓိပ္ပာယ် အမျိုးဖွင့်ပြီး သင်ကြားကြတော့ မူရင်းကျမ်းဆရာရဲ့ အာဘော်ဟာ ဘာလဲဆိုတာ မပြောနိုင်လောက်အောင် ဖြစ်နေပြီ မဟုတ်လား။ ။

'အေး ထေရဝါဒ ဗုဒ္ဓဘာသာဂိုဏ်းမှာ ဒီလိုအန္တရာယ်တွေ မပေါ်ပေါက်အောင် လက်ဆင့်ကမ်း သင်ကြားပို့ချသင်ယူ ထိန်းသိမ်းပြီး လာခဲ့တာပဲ။ ဒီလက်ဆင့်ကမ်းဆိုတာ ဆရာစဉ်ဆက် အာဂုံဆောင် ကျက်မှတ်တဲ့နည်းကို ဆိုလိုတာပါ။ ရှင်တော်မြတ်ဘုရား လွှေလက်ထက်တော်က စပြီး သီဟိုဠ်ကွန်းမှာ စတုတ္ထအကြိမ် သင်္ဂါယနာတင်သည်အထိ တရားတော်များကို ပေပုရပိုက် စသည် ရေးမှတ်ထားသည်မရှိ၊ တဦးတည်း အာဂုံပြန်ဆို ညှိနှိုင်း သတ်သင်ခဲ့ကြတာပါ။ စတုတ္ထပဉ္စမ၊ ဆဋ္ဌမအကြိမ် သင်္ဂါယနာ တင်ရာမှာမှ ပေ၊ ဂိုက်နှင့် ကျောက်ထက် အက္ခရာတင်ခြင်း၊

စာပုံနှိပ်ခြင်း စသည်ဖြင့် မှတ်တမ်းတင်ထားသော်လည်း အခြေခံ ညီနှိုင်း သုတ်သင်နည်းမှာ တညီတညွတ်တည်း အာဂုံပြန်ဆိုနည်းပဲ ဖြစ်ပါတယ်။' စသည်ဖြင့် အကျယ်တဝင့် ပြောပြီးနောက်–

ဆက်လက်၍ 'အဲဒီလို ဆရာစဉ်ဆက် မှုမကွဲမပြား၊ အနက် အဓိပ္ပာယ် အဖွင့် အဆို မကွဲမပြား ထိန်းသိမ်းလာခဲ့ကြတော့ ရရှိတဲ့ အကျိုးတရားတွေဟာ မရေတွက်နိုင်ပါဘူး။ ဒါပေမယ့် အဖိုးထိုက်တန်လှတဲ့ အကျိုးတရား နှစ်မျိုးကိုသာ ပြောပြပါမယ်–

မြတ်စွာဘုရားရဲ့ အဆုံး အမတော်ဟာ-

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ဆိုတဲ့အတိုင်းအကျင့်တရားသာဖြစ်တယ်။ အဲဒီအကျင့်တရားဟာ ဘာတွေလဲ၊ ဘယ်လိုကျင့်ရမလဲ ဆိုတာတွေဟာ ပရိယတ္တိစာပေတွေမှာ မမှေ့နှောင်ခဲ့တဲ့ ၉၄၀၀၀-အဖြစ် ရှိကြတယ်၊ အဲဒါတွေကို ထိန်းသိမ်းမထားလျှင် ဘာတရားတွေ ဘယ်လိုကျင့်ရမလဲ၊ အခြားတရားတွေ မပြောပါနှင့်၊ သစ္စာ ၄-ပါး၊ မဂ္ဂင် ၈-ပါးနှင့် သတိပဋ္ဌာန်တရား ၄-ပါးကိုပဲ ဆရာစဉ်ဆက် တညီတညွတ်တည်း ထိန်းသိမ်း မထားခဲ့လျှင် ကြားတောင် ကြားဖူးကြတော့မှာ မဟုတ်ဘူး၊ ကြားဖူးကြလဲပဲ ကိုယ်ကြိုက်သလို အနက် အဓိပ္ပာယ် ဖွင့်ပြီး ကိုယ်ကြိုက်သလိုကျင့်နေကြမှာပဲ' ဟု နိဂုံးချုပ်ရှင်းပြခဲ့ရပါသည်။

ပေထက် ကျောက်ထက် အက္ခရာတင်ခြင်း၊ စာပုံနှိပ်ခြင်း စသည်တို့မှာ ခေတ်အလိုက် မှတ်တမ်းတင်ထားသော နည်းများဖြစ်သောကြောင့် ယင်းနည်းများအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်သော်လည်း အစစ်အမှန် သယ်ဆောင်ယူသွားနည်းမှာ အာဂုံဆောင်နည်းသာ ဖြစ်ပါသည်။ တိပိဋကဓရ စာမးပဲ့ ပြုလုပ် ဖြေဆိုတော် မူစေခြင်းမှာ ဤအာဂုံဆောင်နည်းကို အရှိန်အဟုန် မြှင့်တင်ပေးရန်နှင့် ကျယ်ပြန့်တိုးပွားစေရန် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ သာသနာ့ အာဇာနည် အရှင်သူမြတ်များ ထွန်းကားပေါ်ထွက်လာစေရန် ဆောင်ရွက်ပေးခြင်းလည်း ဖြစ်ပါသည်။

ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် သာသနာတော်၌ ကြည်ညိုသဒ္ဓါတရားပွားများလာစေနိုင်သည်မှာ မုချမျက်မြင်ပင် ဖြစ်ပါသည်။ ကောင်းသော သဒ္ဓါတရားသည် ကောင်းသော ဒါန သီလ ဘာဝနာ အမှုများကို ပြုလုပ်ရန် သူတော်ကောင်း အစစ်အမှန်များ ထံပါးသို့ တွန်း၍ ပို့ပေးပါသည်။ တိပိဋကဓရ စာပြန်ပွဲများ ပြုလုပ်ပေးခြင်း၊ တိပိဋကဓရ ဆရာတော်များအား ပူဇော်ပွဲများ ပြုလုပ်ပေးခြင်း တို့သည် စာသင်သားသံဃာတော် အရှင်သူမြတ် များအား နည်းယူကြစေရန်၊ အား ကျကြစေရန်၊

သာသနာတော်ဦး သက်စွန့်ကြိုးပမ်းအား ထုတ်ကြစေရန် ကောင်းသော သဒ္ဓါတရားကို ဖြစ်စေပါသည်။ လူဝတ်ကြောင်ပရိသတ်အား သာသနာတော်ဦး ပိုမိုကြည်ညိုလေးစားရန် ကောင်းသော သဒ္ဓါတရား တိုးပွားရန် လှုံ့ဆော်တိုက်တွန်း ဆွဲဆောင်ပါသည်။

အထက်ပါ တင်ပြချက်များမှာ ဟုတ်မှန်ကြောင်း မျက်ဝါးထင်ထင် မြင်နိုင်ကြစေခြင်းငှာ မင်းကွန်း တိပိဋကရေ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တော်တိုင် မိမိအား နိုင်ငံတော်အစိုးရက လှူဒါန်းသည့် တိပိဋကမရ လစာ ဆွမ်းဆန်တော်၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်များကို နိကာယ ငါးရပ် ပိဋကတ် သာသနာတော်အား လှူဒါန်း၍ စတင် ဦးဆောင် ပျိုးထောင် ပေးတော်မူသော 'တိပိဋက=နိကာယ သာသနာဖြိုးကြီးရေး' အဖွဲ့ကို လေ့လာယင်း မင်းကွန်းဘောင်ဖိုး မိုးမိတ်စေဘီတော်များ ကုန်းမြေ ပတ်ဝန်းကျင်တွင် တည်ဆောက်ထားသော 'တိပိဋက = နိကာယ ကျောင်းတိုက်' ကျောင်းတော် များ၌ တိပိဋကမရ လောင်းလျာ အရှင်မြတ်များ နေ့ည မလပ် တိပိဋကမရ စာမေးပွဲ၊ နိကာယ် စာမေးပွဲဘို့အတွက် ကြိုးပမ်းအားထုတ် နေကြပုံ၊ ထိုအရှင်မြတ်များအား ပစ္စည်းလေးပါးဖြင့် လိုလေသေး မရှိ အစဉ်ထောက်ပံ့နေကြပုံများကို ကိုယ်တိုင် ကြုံရောက် ကြည်ညိုသဒ္ဓါပွားများကြည့်ကြပါလော....ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

ရေယျာဓမ္မောဘိ

ဓမ္မစရိယာအမည် ဦးခေမာဘွဲ့ဓမ္မာစရိယတို့ဏ်
သာဓုခေါ်ပြုစီရင်အာဒီသဂဏာတော

ဘုရားရတနာအကြောင်း ဦးကြီးပြုခဲ့ပုံ

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး၊ အပြားသုံးဆယ် အသွယ်သွယ်တို့ကို မဆုတ်မနစ် ဖြည့်ကျင့်တော်မူခဲ့သည့် အတွက်ကြောင့် လေးပါးသောသစ္စာတို့ကို သိမြင်တော်မူသည့်အတွက် ဘုရားအဖြစ်သို့ ရောက်တော်မူသည့် ကာလ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသောရတနာတို့သည် လောကတခွင်တွင် ထင်ရှားစွာ ပေါ်ထွန်းခဲ့လေသည်။ ပေါ်ထွန်းလေငြား ထိုသုံးပါးသောရတနာတို့ကို သဒ္ဓါတရား ပါရမီအားနှင့် ပြည့်စုံကုန် သော လူနတ်များစွာသတ္တဝါတို့သည် မြတ်နိုးကြည်သာ ပူဇော်ကြကုန်၏။

ထိုတွင် တရားတည်းဟူသော ရတနာအား ပူဇော်ပုံ အခြင်းအရာကို ထုတ်ဆောင်၍ ပြလိုပေသည်-

တရားရတနာအား ပူဇော်ပုံ

အခါတပါး ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူစဉ် သာဝတ္ထိပြည်သား သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဏ္ဏားသူကြွယ် တစ်ယောက် မြတ်စွာဘုရားထံ ချဉ်းကပ်၍-

'အရှင်ဘုရား.... သာသနာတော်၌ ကိုးကွယ်ပူဇော်ရန် သုံးပါးသော ရတနာတို့ ရှိကြပါသည်။ ထိုတွင် ဘုရားရတနာနှင့် သံဃာရတနာနှစ်ပါးတို့မှာ အလှူခံပုဂ္ဂိုလ် ထင်ရှားပါ၍ လှူဒါန်း ပူဇော်နိုင်ပါသည်။ တရားရတနာကား အလှူခံပုဂ္ဂိုလ် ထင်ရှားမိပါ၍ မည်ကဲ့သို့ လှူဒါန်း ပူဇော်ရပါမည်နည်း'

ဟု လျှောက်ကြားရာ ဘုရားရှင် အလိုတော်ကျ တရားရတနာကို ပူဇော်ရန် ညွှန်ပြခဲ့သည်မှာ

'ဒါယကာပုဏ္ဏား.... တရားတည်းဟူသော ရတနာကို ပူဇော်လိုသော အမျိုးကောင်းသား

အမျိုးကောင်း သမီး တို့သည် 'တရားတော်ကို ပူဇော်အံ့'ဟု အာရုံပြု၍ သွာက္ခာတတာ အစ ရှိသော ခြောက်တန်သော ဂုဏ်၏ တည်ရာ ဖြစ်သော တရားတော်တို့ကို ဒဋ္ဌိကမ္မ အာဂမနှုတ် တက် ဆောင်ရွက်ကြကုန်သော ရဟန်း သံဃာတော်တို့အား ဆွမ်း, သက်န်း, ကျောင်း, ဆေးလေးပါးသော ပစ္စည်းတို့ဖြင့် ကြည်ဖြူလှူဒါန်းသော သူသည်လည်းကောင်း၊ ငါဘုရား နှဟာကြားအပ်သော သုံးပါးသော ပိဋကတ် ပရိယတ်တို့ကို စွမ်းနိုင်သည့်အလျောက် မပျောက်မပျက် စေခြင်းငှာ လက်ခ ကံကျွေးပေး၍ ကူးရေးမှတ်သား ကိုးကွယ်သောသူများသည် လည်းကောင်း တရားတော်ကို ပူဇော်သည်မည်၏' ဟု ဟောကြားတော် မူခဲ့ပေသည်။

စမ္မတရား ဘုရားတစ်ဆူ

ထို့ပြင် တရားတည်းဟူသော ရတနာသည် ဘုရားရှင်အလားကဲ့သို့ အားထား ကိုးကွယ်ရမည့်အကြောင်းကို မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံခါနီး 'ကိုးကွယ်ရာ မရှိတော့ပြီ'ဟု တွေးတောပူပန်မည့် အရှင်အာနန္ဒာအား ဘုရားရှင် ခေါ်တော်မူ၍-

'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ=အာနန္ဒာ.... ငါဘုရားကိုယ်တိုင် ရှိသည်ကား တစ်ဆူတည်းသာ ဖြစ်၏။ ငါဘုရား မရှိသည့်နောက် ထားတော် မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဘုရားပေါင်း ရှစ်သောင်းလေးထောင်တို့ဖြစ်၍ သင်ချစ်သားတို့၏ အားကိုးရာဆရာဖြစ်ပေလိမ့်မည်။'

ဟု ဟောကြားတော် မူခဲ့သောကြောင့် တစ်ခုတစ်ခုသော ဓမ္မက္ခန္ဓာသည်ပင် တစ်ဆူ တစ်ဆူသော မြတ်စွာဘုရားကဲ့သို့ ကိုးကွယ် အားထားထိုက်သော ရတနာ ဖြစ်ပေသည်။

သာသနာ့အဖြစ် ပရိယတ်ဖြစ်သည်

ရှေ့ဖော်ပြရာပါ[1] မြတ်စွာဘုရား၏ စကားတော်အရ သုံးပါးသောရတနာ သုံးဖြာသော သာသနာတို့တွင် ပရိယတ်တိုဓမ္မ တည်းဟူသော သာသနာသည် အရင်းမူလ ပဓာနဖြစ်၍ 'ပရိယတ်ထို ဓမ္မော နာမ တိဝိဓမ်ိ သဒ္ဓမ္မ ပတိဋ္ဌာပေတိ'ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော် မခဲ့ပေသည်။

ထိုသို့ ပရိယတ်တိသဒ္ဓမ္မ တည်ရှိသည်ရှိသော် ပဋိပတ်တိ ပဋိဝေဓ တည်းဟူသော သာသနာသည် မပျောက်မပျက် တည်လှုက် ခိုင်မြဲလေသောကြောင့် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှစ၍ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ၊ အရှင်မဟာကဿပ အစရှိသော မထေရ်ကျော် မထေရ်မြတ်တို့သည် သာသနာ့နောင်ရေး မြော်တွေးတော် မူကြ၍ ပရိယတ်တိတည်းတူသော ရတနာထုပ်ကို မပျောက်ပျက်စေရန်အတွက် ဆရာစဉ်ဆက်မှ တပည့်တို့လက်သို့ကြောင့်ကြပြု၍ လက်လှမ်းကာ ပေးခဲ့ကြသဖြင့် ယမှ မျက်မှောက်တိုင်အောင် သာသနာရောင်ဝင်းပြောင်လျက် ရှိသည်ကို တွေ့မြင်ကြရပေသည်။

တာဝန်သိသူတို့မှာ တာဝန်ရှိသည်

တာဝန်သိသောသူမှာ တာဝန်ရှိသည်ဟု မိန့်တော်မူသော တိပိဋကဓရ မင်းကွန်းဆရာတော်သည်ကား အပြောနှင့် အလုပ်ကို ညီညွတ်စွာ ဖော်ထုတ်သည့်အလား နောင်တစ်ခေတ် သာသနာထောင်၏ အရေးသည် ငါ၌ဌာနဉ် ရှိနေ၏ ဟု သင်္ဂါယနာတင် ထေရ်အရှင်တို့ကဲ့သို့ နောင်သာသနာရေးကို မြော်တွေးတော်မူ၍ မိမိလက်သို့ ရောက်ရှိလာငြား တရားတည်း ဟူသော ရတနာထုပ်ကို မိမိလက်တွင် မပျောက်ပျက်စေပဲ တပည့်စဉ်ဆက် တည်လှုက် အရောင်တောက်စေ

ရန် ရည်ယန်တော်မူ၍ ဆရာမတော် ကိုယ်တိုင် ဦးဆောင်၊ ယင်းက ပဓာနပြုတော်မူကာ တဝန်သို၍ ဝေဝေန်ရှိကြသော တပည့်ဒကာ၊ ဒကာမ အပေါင်းနှင့် တိုင်ပင်ညီညွတ်ကြ၍ မင်းကွန်း တောင်း မိုးမိတဲစေတီတော်များ ကုန်းမြင့်ရှိ 'တိပိဋကက=နိကာယကျောင်းတိုက်ကြီး' ကို တည် ထောင်နှင့်လှစ်ကြကာ ပရိယတ္တိ သာသနာတော် ကို ပြုစုခဲ့ကြသည်မှာ 'ခု-နှစ်' ရှိခဲ့ပြီ။

ဤကဲ့သို့သော တိပိဋကက=နိကာယက ပရိယတ္တိ ရသောက်မြစ်ကြီးကို မြင်တွေ့ရပါသဖြင့် နောင် ဘစ်ခေတ် သာသနာရေးအတွက် စိတ်အား အား ဘက်ပွယ် ဖြစ်ပါတော့သည်။

သာသနာတည်မှ ရတနာတည်မည်

သုံးရပ်သော သာသနာ တည် ရှိနေသည် ရှိသော် ဘုရားရှင် ဟောကြားတော် မူအပ်သည့် ခုနစ်ပါးသော ရတနာတို့လည်း ကောင်းစွာ တည်ရှိကြမည် ဖြင်ပေသည်။ ။သတ္တိ မာနိ ဘိက္ခဝေ ဓနာနိ၊ ကတမာနိ ဇတ္တာ၊ သဒ္ဓါဓနံ သီလဓန ဟိရိဓနံ သြတ္တပ္ပဓနံ သုတဓန စာဂဓန ပညာဓန ဟု (အံ၊ ၂၊ ၃၉၈) မိန့်ဟောတော် မူခဲ့သော ရတနာတို့ ဖြစ်ပေသည်။

ဆိုခဲ့....

၁။ စကြာမင်း၏ ဓနတိရတန မည်သော ပတ္တမြားရတနာသည် နောက်ကျလှစွာသော ရက်ကို ခဏအတွင်း ကြည်စေနိုင်သကဲ့သို့ ဘုရား အာရှိသော ရတနာသုံးပါးတို့ခြင် အလွန် သန့်စင် ကြည်ညိုခြင်း တည်းဟူသော သူတော်စင်တို့ သန္တာန်၌ဖြစ်သော သဒ္ဓါတရား တည်းဟူသော ရတနာ

၂။ ငါးပါး၊ ခြောက်ပါး၊ ဆယ်ပါး၊ စသည် အလွန်ပြုစင်သော ကိုယ်ကျင့် သီလ တည်း ဟူသော ရတနာ

၃။ မကောင်းမှု အကုသိုလ်၊ ဒုစရိုက်တို့မှ ရှက်ရွံ့စက်ဆုပ်ခြင်း တည်းဟူသော ဟိရီ တရား ရတနာ

၄။ မကောင်းသော အကုသိုလ် တရားဆိုး တို့၏ မကောင်းကျိုးကို မြင်၍ထို မကောင်းမှု တို့မှ ထိတ်လန့် ကြောက်ရွံ့ခြင်း ကည်းဟူသော သြတ္တပ္ပတရားရတနာ

၅။ ဓမ္မရေးရာ အဖြာဖြာဝယ် နာယူ မှတ် သား အကြားအမြင် ပြည့်စုံလင်ခြင်း တည်း ဟူသော သုတဉာဏ် ရတနာ

၆။ ကံ ကံ၏ အကျိုးတရား တို့ကို ခွဲခြား သိမြင်၍ လှူဒါန်းခြင်းတည်ဟူသော စာဂဉာဏ် ရတနာ

၇။ ဥဒယဗ္ဗယဉာဏ် အစဖန်သည်း ဉာဏ် ပညာထူး ကည်းဟူသော ပညာရတနာ

ဤရတနာတို့သည် ပရိယတ် တည်းဟူသော သာသနာ့မူလ တည်ရှိနေသမျှ တည်ရှိနေကြမည် ဖြစ်လေသည်။

ထို့ကြောင့် နောင်တစ်ခေတ်မှာ လောကုတ္တရာ ဓမ္မရတနာတို့ကို ထိန်းသိမ်း စောင့် ရှောက်မည် ဖြစ်သော ပရိယတ္တိ အုတ်မြစ်သဖွယ် ဖြစ်သည့် တိပိဋက=နိကာယ ကျောင်းတိုက်ကြီး သည် သာသနာငါးထောင် နှစ်ကြာအောင်လျှင် အမှောင်ပယ်တွန်း ဓမ္မလမ်းမှန်ကို ပြည့်နှန်းလျက် တည်ထွန်းပါစေ သတည်း။ ။

ဆရာတော် ဦးဓမ္မာနန္ဒ

ရွှေကျောင်း ပရိယတ္တိစာသင်တိုက်

မိုးမိတ်မြို့

ရှမ်းပြည်မြောက်ပိုင်း

ဘုရားနှင့်
ဖွဲ့ရပုံ
ဘာသိသင့်သလဲ

ဆရာဦးသန္တ

နှစ်တွေကြာညောင်းခဲ့ပြီးဖြစ်၍ စနစ်တွေလည်း ပြောင်းခဲ့လေပြီ။ ပထဝီသင်္ဂါယနာ တင်ပွဲကြီး အပြီးမှာ သာသနာ့ဝန်ဆောင် သံဃနာယက မထေရ်ကြီးများက သာသနာတည်တံ့ ပြန့်ပွားရေးအတွက် နိကာယ်ကြီးငါးရပ်ကို ဆောင်ရွက်ပို့ချရန် ဘာဏက ဓာရက မထေရ်များအား အုပ်စုခွဲ၍ တာဝန်ပေးတော်မူခဲ့ကြပါသည်။

ပထမအကြိမ် သံဃာ့အစည်းအဝေးကြီးက စုစည်းစီစဉ်အတည်ဘဲ့ လက်ခံထားခဲ့သော နိကာယ်ငါးရပ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးရာ၌ အရှင်ဥပါလိနှင့် တပည့်များ အဖွဲ့က ဝိနည်းပိဋကတ်ကိုလည်းကောင်း၊ အရှင်အာနန္ဒာနှင့် တပည့်များ အဖွဲ့က ဒီဃနိကာယ်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာ၏ တပည့်များ အဖွဲ့က မဇ္ဈိမနိကာယ်နှင့် အာဘိဓမ္မာ ခုနစ်ကျမ်းကိုလည်းကောင်း၊ အရှင်မဟာကဿပနှင့် တပည့်များအဖွဲ့က သံယုတ္တ နိကာယ်ကိုလည်းကောင်း၊ အရှင်အနုရုဒ္ဓာနှင့်တပည့်များအဖွဲ့က အင်္ဂုတ္တရနိကာယ်ကို လည်းကောင်း အသီးအသီး တာဝန် ယူတော်မူခဲ့ကြ၍ နှုတ်ဆင့် ကမ်း သယ်ဆောင်တော် မူလာခဲ့ကြသည်မှာ သာသနာနှစ် ငါးရာစုသို့ ရောက်ခဲ့သည်။

သာသနာနှစ် ငါးရာစုမှ နှစ်ဆယ့်ခြောက်ရာစုအထိ နှုတ်မှ ပေရွက်ပေါ်သို့ လည်းကောင်း၊ ပေမှ ကျောက်သို့ လည်းကောင်း၊ ကျောက်မှ စက္ကူသို့ လည်းကောင်း အဆင့်ဆင့် ကူးပြောင်းလာခဲ့ပေသည်။ နိကာယ်ဆောင် မထေရ်ကို၏ ကျေးဇူးကား နှစ်ပေါင်း ငါးထောင်ဆပ်လို့မကုန်နောင် ကြီးမားလှပါပေသည်။

နှုတ်ဆောင် တစ်ခေတ်ဆန်း

နှုတ်ဆောင် တစ်ခေတ်သည် သိပ်မကြာခဲ့ပေ။ နှစ်ပေါင်း ငါးရာခန့်သာ အာဏာကောင်းခဲ့သည်။ ပဋ္ဌိသန္ဓဒါပတ္တရဟန္တာကြီးများ ရှား ပါး သွား သည့် အခါ နိကာယ် နှုတ်ဆောင်ခေတ်လည်း တိမ်ကောလာခဲ့ရသည်။

ရင်မဟိန္ဒနှင့် ရှင်မ သံဃမိတ္တာတို့ သယ်ဆောင်သွားသော သီဟိုဠ်ရောက် ဗုဒ္ဓသာသနာသည် နှုတ်ဆောင် အဖြစ်

နှစ် ၂၀၀-ကျော်မျှသာ တည်ရှိခဲ့သည်။ ရှင်မဟိန္ဒကို သာသနာပြုအဖွဲ့ သာသနာ နှစ် ၂၃၆-တွင် သီဟိုဠ်သို့ ရောက်သည်။ ပဋ္ဌာန်းပုံကို အရှင်တို့ နှုတ်ဖြင့် သယ်ဆောင်သွားကြခြင်း ဖြစ်သည်။

နှုတ်ဆောင် ဘာဏက ဒေသနိ ဘို့ သဒ္ဒါ၊ သတိ၊ သမာဓိ၊ ပညာအား နည်းပါးလာခြင်း၊ ဝဲဒိုင်းပြည် ဒေးဒုဂ္ဂမှာ လာသဖြင့် မင်းနှင့် ပြည်သူတို့၏ အာဠဟာ အား နည်းလာခြင်း အကြောင်း တို့ကြောင့် သာသနာနှစ် ၃၅၁-တွင် နှုတ်မှ ပေသို့ ကူးပြောင်း ခဲ့ရသည်။ ထိုကို စတုတ္ထသင်္ဂါယနာတင်သည်ဟု ဆိုသည်။

သူပုန်ထသဖြင့် ရှင်ဘုရင် တောမှာ ပြေးပုန်းနေရသော ၁၄-နှစ်တာ ကာလ ပတ်လုံး သစ်သီးသစ်ရွက်ကိုစား၊ ရေကို သောက်လျက် ပိဋကတ်ကို ရွတ်ဆိုနေကြ သော သီဟိုဠ် ဘာဏကမထေရ် တို့၏ သဒ္ဒါ၊ ဒီရိယကား ဘဲဗွယ်လိုင် ဖြစ်ပေ၏။

တိုင်းပြည် အေးချမ်း၍ ရှင်ဘုရင် ပလ္လင်ပြန်အရ ဘာဏက မောရကမထေရ် တို့ကို စုံး၍ နိကာယ်ကျမ်းတို့ကို စစ်ဆေးရာ ဒီဃဘာဏက မဇ္ဈိမဘာဏက အင်္ဂုတ္တရဘာဏက သံယုတ္တဘာဏက ပဓိနယခရ အဘိဓမ္မက ပဋ္ဌာန်းတို့ကို များစွာတွေ့ရှိကြ၏။ ကျမ်း အရေအတွက် အားဖြင့် သေသော ခုနှစ်က နိကာယ်တွင် မဟာ နိဒါနကျမ်းကို ဆောင်ထားသူ ရှာမရှိတော့ပေ။ သို့ဖြစ်သောကြောင့် ဝင်းကျမ်း ဂျပ်ပျောက်လုလုသို့ ရှိသည်။ မထေရ်တို့ ကြိုးစား၍ ရှာကြရာ မဟာ နိဒ္ဒေသဘာဏက ဒုဿီလ ပုဂ္ဂိုလ် တစ်ပါး ရှားရှားပါးပါး တွေ့ရလေသည်။

မထေရ်ကြီးက ဆောင်နိုင်စွမ်းရှိသည် မထေရ်တစ်ပါးကို ထိုပုဂ္ဂိုလ်ထံမှ သင်ယူရန် ညွှန်ကြားကြရာ ညွှန်ကြားခံရသူ မထေရ်က မသင်ယူလိုကြောင်း ငြင်းဆိုလေသည်။ အထပ်ထပ် တိုက်တွန်းမှ သင်ယူလေသည်။ ။(ဤ ဖြစ်ရပ်တို့ကား သာသနာနှစ် ၄၄၀-က စခဲ့သော ဝဋ္ဋဂါမဏိမင်းနှင့် ပြာဟ္မဏတိဿသူပုန်တို့ ၁၄-နှစ်ကြာ စစ်ပွဲအပြီး စတုတ္ထသင်္ဂါယနာ မတင်မီက ဖြစ်ရပ်များ တည်း။)

စတုတ္ထ သင်္ဂါယနာ တင်ပြီးနောက် သာသနာ ငါးရာစု နောက်ပိုင်းဦးက ဘာဏက ဓာရက ပုဂ္ဂိုလ်တို့ ရှားပါးသွားခဲ့လေသည်။ မဟာယာန မဟာသံဃိကဂိုဏ်းက ကြီးမှူးတည်ထောင်ခဲ့သော (အိန္ဒိယပြည်-မဂဓတိုင်း) နာလန္ဒတက္ကသိုလ်ကြီး ရှိလေသည်။ ယနေ့ နာလန္ဒ တက္ကသိုလ်ကား ပါဠိဘာသာ တစ်ခုကိုသာ ဦးစားပေး သင်ကြားပို့ချ နေပေသည်။ ဗာရာဏသီ တက္ကသိုလ်က ဗေဒ သက္ကတဘာသာကို ဦးစားပေး သင်ကြား ပို့ချနေသည်။

ပြောင်းလဲလာသော ပညာရေးစနစ်

စတုတ္ထ သင်္ဂါယနာ တင်ပြီးနောက် သာသနာ ငါးရာစု နောက်ပိုင်းဦးက ဘာဏက ဓာရက ပုဂ္ဂိုလ်တို့ ရှားပါးသွားခဲ့လေသည်။ မဟာယာန မဟာသံဃိကဂိုဏ်းက ကြီးမှူးတည်ထောင်ခဲ့သော (အိန္ဒိယပြည်-မဂဓတိုင်း) နာလန္ဒတက္ကသိုလ်ကြီး ရှိလေသည်။ ယနေ့ နာလန္ဒ တက္ကသိုလ်ကား ပါဠိဘာသာ တစ်ခုကိုသာ ဦးစားပေး သင်ကြားပို့ချ နေပေသည်။ ဗာရာဏသီ တက္ကသိုလ်က ဗေဒ သက္ကတဘာသာကို ဦးစားပေး သင်ကြား ပို့ချနေသည်။

သီဟိုဠ်ကျွန်း အနုရာဓပုရမြို့၌ သာသနာငါးရာစုခေတ်က စတင်ထင်ရှားခဲ့သော မဟာဝိဟာရ ကျောင်းတိုက်ကြီးများ၊ ဇေတဝနဝိဟာရ၊ အဘယဂိရိ ဝိဟာရ ကျောင်းတိုက်ကြီးများလည်း အယူဝါဒကွဲပြားပြီး ပျက်စီး ပျောက်ကွယ် ခဲ့ကြကုန်ပြီ။

ယနေ့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဝိဇ္ဇောဒယ ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်ကြီးများလည်း ဥရောပ၊ အမေရိကကော လိပ်များ၏ ပညာရေး စနစ်ကို အတုယူ၍ ခေတ်မီ ပညာရပ်များကို သင်ကြားပို့ချနေကြပြီ ဖြစ်၍ နိကာယ်ငါးရပ် ကျမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်များ ပေါ်ထွက်လာရန် ခဲယဉ်းလှဘိ၏။

ယနေ့ သီရိလင်္ကာ ရဟန်းတော်များ၏ ပညာရေး စနစ်သည် ပါဠိဘာသာ သုတ္တန် ကောက်နုတ်ချက်များ လောက်သာ သင်ကြားသော စနစ် ဖြစ်သည်။ နိကာယ်များကို အစအဆုံး သင်ကြားသော စနစ် မဟုတ်တော့ချေ။

ထိုင်းနိုင်ငံ သံဃာတော်များ၏ မဟာချုပ်လာ တက္ကသိုလ်ကြီးမှာလည်း ခေတ်မီ ပညာရပ်များကိုချည်း ဦးစားပေးကာ သင်ကြား ပို့ချပေးနေသော ကြောင့် ထိုင်း သံဃာတော်များမှာ သုတ္တန်နှင့် အဘိဓမ္မာ အတွက် ကောက် နုတ် ချက် လောက်ကိုသာ အစမ်းအမြည်းသဘော သင်ယူနေရပေသည်။ ရိုးရိုး ပါဠိပညာရေး စာမေးပွဲမှာလည်း အဆင့်ကိုးဆင့် သတ်မှတ်၍ အမြင့်ဆုံးကျမ်းစာကို မမှပဒအဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ အဘိဓမ္မတ္ထဝိဘာဝနီနှင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတို့ကို ပြဋ္ဌာန်း ထားပေသည်။ အဆင့်ကိုးဆင့်အောင် ပုဂ္ဂိုလ်၏ အရည်အချင်းသည် မြန်မာပြည်က ပထမတန်းနှင့် ဓမ္မာစရိယ အတန်းကြားလောက်မှာ ရှိပေသည်။ ထို့ကြောင့် မြန်မာပြည်က နိကာယ် စာပြန်ပဲများနှင့် တိပိဋကဓရ စာပြန်ပဲများ၊ နိကာယ်ဆောင် ပုဂ္ဂိုလ်များနှင့် ဧကပိဋကဒ္ဝိပိဋကက တိပိဋကဆောင် ပုဂ္ဂိုလ်များ အကြောင်း ပြောပြသောအခါ သီဟိုဠ် ရဟန်းတော်များ၊ ထိုင်း ရဟန်းတော်များ ရင်သပ်ရှုမော အံ့သြကြသည်။

အဆင့်အတန်းမြင့်သော မြန်မာနိုင်ငံ ပညာရေး

မြန်မာနိုင်ငံတွင် ပိဋကဓ ပညာရေး စနစ်ကား—

၁။ နိကာယ်လမ်းဖောက် သည့် ပညာရေး စနစ်

၂။ နိကာယ်လမ်း လျှောက် သည့် ပညာရေး စနစ်

၃။ နိကာယ်ဆောင် ပညာရေး စနစ် ဟု၍ ယနေ့ သုံးမျိုးရှိသည်။

ထိုတွင် ပထမငယ် ပထမလတ် ပထမကြီး ဓမ္မာစရိယတန်း စနစ်များမှာ နိကာယ် ငါးရပ် ကူးခပ်နိုင်ဖို့ လမ်းဖောက်နေခြင်း ဖြစ်သည်။ ဤနည်းစနစ်

ဆောင် ဆောက်လုပ် နေစဉ်မှာပင် သာသနာတော်ဘုရားကြီး ကွယ်လွန်တော် မူလေသည်။

တိဝိဋက = နိကာယကျောင်း၊ တိုက်ကြီး၊ ပေါ်ထွန်းလာခြင်း

ယခုအခါ မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက မမြင်ခဲ့။ ကာယစွမ်းအားတွေကို တိပိဋက နှင့် ပဋိနိကာယ ပရိယတ္တိ သာသနာတော်ကြီးအတွက် ဖုံးပြုံ အသုံးခွလိုက်ရာ တိပိဋကဓရ လောင်းလျှာ၊ နိကာယ ဘာဏက လောင်းလျှာ၊ နိကာယ ခမ္မာစရိယလောင်းလျှာအရှင်မြတ်တို့အားလုံး ပစ္စည်းလေးပြား လွန် ချမ်းသာ သည့် 'တိပိဋက=နိကာယ ကျောင်းတိုက်ကြီး' ပေါ်ပေါက်လာခဲ့ပြီ ဖြစ်လေသည်။

ဒာတ်ဒတ်မှား၍ မင်းသား တို့သည် တက္ကသိုလ်ပြည့်သို့ ပညာသင် သွား ကြလေသည်' ဆိုသော စာပိုဒ်မျိုးကို မကြာ မကြာ တွေ့ရလေသည်။ (ဂန္ဓာရတိုင်း တက္ကသိလမြို့ ဆိုသည်မှာ ယခုအခါ ပါကစ္စတန်ပြည်ထဲမှာ ရှိသည်။)

ယခုခေတ်မှာလည်း တိပိဋကစာမေးပွဲ ဝင်လိုသူတိုင်း နိကာယဘာဏကဖြစ်လို သူတိုင်း တိပိဋက = နိကာယ ကျောင်း ကိုက်ကြီးသို့ သွားရောက်ကြပေတော့ မည်။ တိပိဋကစာသင်သား၊ နိကာယ် စာသင်သား အရှင်မြတ်များ အချိန်ပြည့် စာကျက် + စာဒုံ + စာကြံ + စာကြည့် တော် မူနိုင်ကြရန်အတွက် တိပိဋက =

ကို မန္တလေး စာသင်တိုက်ကြီးများက စာပြီး အပြီးပြီး စာသင်တိုက်တိုင်းမှာ သင်ကြား ပို့ချ နေကြပေသည်။

နိကာယ် လမ်း လျှောက် ဆိုသည့် နိဒါန်းရုပ် ကျမ်းပေါက် သင်နည်း စနစ်ကို သင်ကြား ပို့ချသည့် အရာမှာ တော့ ပခုက္ကူ။ စာသင်တိုက်ကြီးများ သည် သာသနာ စပြများ ဖြစ်ကြပေသည်။

ပိဋကသုံး အာဂုံပြန်ဆိုပွဲ၊ သဘော ရေးခြင်း နှင့်မျိုးပါရှိသော 'တိပိဋက ဓရ ရွေးခွယ်ရေး စာမေးပွဲ'ကို နှင့်ငံတော် အဝိုးဂုက ဥပဒေ သတ်မှတ်၍ နှစ်စဉ် ကျင်းပသည်။ ၁၃၁၀-ပြည့်နှစ်က ၁ သည် စာမေးပွဲ ဖြစ်သည်။

တိပိဋကဓရ အလောင်းအလျာများ တောတောင် လှိုဏ်မြောင်သို့ ချဉ်းကပ်၍ မိမိတို့ အစီအစဉ်ဖြင့် သာလျှင် ခြုံခြုံ ခေါင်ခေါင်ပါးပါး ပိဋကသုံး ကို ကျက်မှတ် လေ့လာတော် မူကြလေသည်။

အဘိဓမ္မာရှုဒ်ရာရ မစိုးရိမ်ဆရာတော် ဘုရားကြီးက နိကာယ် သာသနာတော် သွန်းလောင်းခန်းအကွက် မန္တလေး၊ ရန်ကုန်၊ ဦးပြိုကို နိကာယ်စာဓမ္မ ပေါ်ထွန်းအောင် ရွက်ဆောင်တော် မူသည်ဖြင့် နိကာယ်ကောင်မည့် အရှင်တို့ အားလုံး ပစ္စည်းလေးပါး ဖြစ်သည့် ဓမ္မကျောင်းတိုက်ကြီး (ရန်ကုန်မြို့ ကန်တော်ကူကာဂျုံလမ်း ပဉ္စနိကာယ သာသနာ့ပဓာနတော်) အကောင်အထည် ဖော်

နိကာယ သာသနာပြု အဖွဲ့ကြီး က
ကပ္ပိယကာရက အဖြစ် တာဝန် ယူ၍
ပစ္စည်းလေးပါး ထောက်ပံ့လျက်ရှိသည်။

သာသနာနှစ် ငါးရာကျော်က စ၍
အား နည်း လာ ခဲ့ သော နှုတ် ဆောင်
ဘာဏကခေတ်သည် ယခုအခါ ပြန်လည်
ဆန်းသစ်လာလေပြီ။ မြန်မာတပြည်လုံး
နိကာယ် နိကာယ်-ဟူသော အသံသည်
တောလက် ကျေးရွာများ အထိ ကျော်
စောလျက် ရှိနေပေသည်။ ထို့ကြောင့်
သာသနာ ၂၆-ရာစုကို ဘာဏက ဆန်း
သစ်သည့်ခေတ်ဟု ဆိုထိုက်ပါသည်။ ဤ
ခေတ်ကို မင်းကွန်း တိပိဋကဓရ ဆရာ
တော် တည်ထောင်သည်ဟု ဆိုက မှား
နိုင်မည် မဟုတ်ပါပေ။



နိကာယဝင်းရပ် ပိဋကတ်ကို ပေါက်
ရောက်သေ့လာရာ ပဌာန်ကြီးများ သည်
စာသင်သားတို့ကို တုန်းရှင်နှင့် တွေ့ဆုံ
ပေးရာ ပဌာန်ကြီးများ ဖြစ်ပေသည်။ ထို
ပဌာန်ကြီးများကား ယခုခေတ် မြန်မာ
ပြည် သာသနာ့သာ အာယင်အရှား
အထက်+အောက် အနှံ့အပြား ရှာ၍
တွေ့နိုင်လေသည်။

ထို့ကြောင့် သံဃာတော်များ၏
စရဏအား နှင့် ပညာအား + ဝိရာ +
ဒကာမများ၏ သဒ္ဓါအား နှင့် ထောက်ပံ့
မှု အနုဂ္ဂဟအား တို့ ပေါင်းစု အခြေခံ၍
တည်ဆောက်ထားသော မြန်မာနိုင်ငံ
သံဃာတော်များ၏ ပိဋကတ် နိကာယ
တက္ကသိုလ်ကြီးများကို ပြည်ဝင်ဘောင်၊

ပိဋကတ်ဆောင်၊နိကာယ်ဆောင်မထေရ် ကြီးမျာ:ကို လည်:ကောင်: အနောက် တိုင်: ပညာရှင်မျာ:က အံ့သြကြသည်။ ပိဋကတ်ဆောင်ပုဂ္ဂိုလ်မျာ:၏ ဦ:နှောက် ကိုပင် ဓာတ်ခွဲ၍ ကြည့်ချင်သည်ဟု ဆိုကြသည်။

သို့ဖြစ်သောကြောင့် ဤ တိပိဋကာ= နိကာယကျောင်:တိုက်ကြီ:သည် တိပိဋက စာသင်သာ:၊ နိကာယ်စာသင်သာ:တို့ အာ: နေ့စဉ်မပြတ် ဘုရာ:ရှင်နှင့် တွေ့ နေအောင် ကျေ:ဇူ:ပြုပေ:သော ဌာန ဖြစ်သောကြောင့် ဓမ္မမျက်စိနှင့် ကြည့်က ကမ္ဘာတွင် အမြတ်ဆုံ:သော တက္ကသိုလ် ကြီ:ဖြစ်၏။

ဤ တိပိဋကစာသင်သာ:၊ နိကာယ် စာသင်သာ:တို့ သည်လည်: ကမ္ဘ တက္ကသိုလ် ကျောင်:သာ:တို့တက် သာ လွန်သော ဗုဒ္ဓ၏ ဓမ္မတက္ကသိုလ် ကျောင်: တော်သာ:ကြီ:မျာ: ဖြစ်ကြပေ၏။

ဤ တိပိဋက=နိကာယ ကျောင်:တိုက် ကြီ:ကို တည်ထောင်တော်မူသော ဆရာ တော်ကာ: ကမ္ဘာ့တက္ကသိုလ်ကြီ:မျာ:ကို တည်ထောင်ခဲ့ကြသော ဆရာကြီ:မျာ: နည်:တူ ဗုဒ္ဓရှင်တော်၏ ဓမ္မတက္ကသိုလ် ကြီ:ကို ထူ:ကဲ့ တည်ထောင်သူတစ်ဆူ ဖြစ်ပါပေသ:တည်:။ ။

တိပိဋကာ=နိကာယကျောင်းတော် (ရန်ကုန်)

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့၏ အကျိုးသည် သာသနာတော်၏ အကျိုးပင် ဖြစ်သတည်း။

ယင်းအကျိုးတရားများ ပိုမိုသယ်ပိုး၊ စွမ်းဆောင်နိုင်ရန် အလှူဌာနိုင်ငံတော်၏ အချက်အချာ ရန်ကုန်မြို့တွင် "တိပိဋကာ= နိကာယကျောင်းတော် (ရန်ကုန်)" ကို ဖွင့်လှစ်ခဲ့လေသည်။

အဆိုနိကာလကား — သက္ကရာဇ် ၁၃၄၂—ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်၊ (၁၉၈၀—ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃-ရက်)

နေရာဌာနကား — အမှတ် ၁၂၊ နယူးလင်းလမ်း၊

တယ်လီဖုန်းအမှတ် — ၈၀၄၇၁

တိပိဋကဆရာတော်ဘုရားနှင့် သံဃာတော်များ သီတင်းသုံးရာ ကျောင်းတော်လည်း ဖြစ်၍၊ အဖွဲ့၏ သာသနာရေးရာနှင့် ဝေယျာဝစ္စ ကိစ္စများ ဆက်သွယ်ဆောင်ရွက်ရန် နေရာလည်း ဖြစ်ပေသည်။

ခဉ၄၂-ခု၊ တန်ဆောင်မုန်း လ
ပြည့်ကျော် (၁)ရက်၊ (၂၃/၁၁/
၈၀) ဘန်ဂလိန္ဒေနွေ၊ ရန်ကုန်မြို
နယူးလင်းလမ်း အမှတ် (၁၂)
မင်းကွန်း ·တိဝဋ္ဋက = နိကာယ
သာသနာပြုအဖွဲ့၊ (ရန်ကုန်ဌာနခွဲ)
ဖွင့်လှစ်သည်။

ရန်ကုန် တိ = နိ ဖွင့်ပွဲစ်ပွဲ

(၁) **ဆက်ညွှန်းဒေဝါ။** ။ထက်အာကာမှ၊ မဟာမုနိန်၊ မာဧဇိန်၏၊ လျှံထိန်ထွန်းဝါ၊ သာသနာကို၊ စောင့်ကာသယ်ပိုး၊ ဘုန်းဆင့်တိုးဟု၊ မိုးဖျားအာဟိန်၊ မာ-မာဃိန်ကား ပြင်းရှိန်တေဇ၊ မိန့်တော်ဟာသား၊ မင်္ဂလာပဟို၊ လေးရောင်ပြိုတွင်၊ မြင်းမိုရ်တပိုင်း၊ မြရိပ်ဆိုင်းသည့်၊နှိုင်းတုကင်းကွာ၊ စက္ကဝါ၏၊ မြေချာဥသျော်၊တို်ပြည်ထောင်၌၊ရွှေဆောင်ပိဋကတ်၊ ပရိယတ်တည့်၊ ငါးမြတ်နိကာယ်၊ ကုံလုံကြွယ်မှု၊ မကွယ်သာသနာ၊ တည်စိမ့်ဌာဟု၊ သာဝင်တလျောက်၊ တံခွန်ဆောက်သား၊ ပြောင်မြောက်စံတင်၊ မြတ်ထေရ်ရှင်ဟု၊ သုံးအင်ပိဋကမြတ်ဓရန္ဒင့်၊ ဓမ္မဘဏ္ဍာ-ဂါရိကံဘဏ္ဍည့်၊ ပါရမီထူးလှ၊ ဝိစိတ္တာဟု၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဘက၊ များစွာမြတ်တေ၊ မိုးလုံးဝေအောင်၊ အောင်မြေမင်းကွန်း၊ မိုးမိတ်စွန်းတွင်၊ ခတ်သွန်းပုံလောင်း၊ များလှတောင်းတည့်၊ အောင်ပေါင်းဆုယင်၊ သိဒ္ဓိရှင်က၊ ကုန်စင်ပိဋကတ်၊ ပရိယတ်ကို၊ မြတ်စွဲအမွေ၊ဆက်ကာဝေလျက်၊ မြတေဆင့်ဆင့်၊ ထပ်ပွားတင့်ဟု၊ မြတ်ရှင့်သာသနာ၊ နတ်ကူလာသည် ။

ဒေဝါဆက်ညွှန်း-မြွက်ဆိုန်းခြေဟ-မှာဘိသို့။
ဧယျာထက်ကွန်း—ဘက်ကျွန်း—ဒေသ-သာဘိသို့။
တေဇောထက်ဝန်း—တက်ထွန်းနေလ—ဖြာဘိသို့။ ။

(၂) **ထက်ဝန်းတေဇော။** ။ခြောက်နတ်ရွာနှင့်၊ ဗြဟ္မာနှစ်ဆယ်၊ ဘဝဂ်ကယ်သား၊ ခြောက်သွယ်သခင်၊ ကိုးဂုဏ်ဒှင်ဟု၊ ထုတ်ဘင်လေးဦး၊ ရွှေပြည်ကူး၍၊ ရင့်ဖူးနောင်လာ၊ မေတ္တာယျာကို၊ ဧစောင့်ကာ မျှော်ဆဲ၊ ကြိုက်တော်ခံတည့်၊ ထူးကဲလှစွာ၊ ကမ္ဘာ-ဘာထက်၊ အောင်ချမှန်လှ၊ ဤဘဒ္ဒတွင်၊ ဗုဒ္ဓရှင်ချစ်၊ ကိုယ်စားဖြစ်သည့်၊ ရှစ်ပြန်တသောင်း၊ လေးထောင်ဆောင်းသား၊ သုံးတောင်းပိဋကတ်၊ ငါးမြတ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ များစွာ ဓမ္မကွန်၊ နှုတ်ပြန်ရေးဖြေ၊ များမြတ်တို့၊ လျှံဝေမိုးလယ်၊ လ-ရံကြယ်သို့၊ အုံဖွယ်အတိ၊ နှိုင်းမရှိဘည့်၊ ပရိယတ်အရေ၊ ခိုင်မြဲလေ၍၊ ကျင့်ထွေမှန်မြတ်၊ ပဋိပတ်ကြောင့်၊ တည့်မတ်မင်္ဂလမ်း၊ နိဗ္ဗုလှမ်းတည့်၊ အောင်ခမ်းမင်းကွန်း၊ ထပ်ဆင့်ထွန်းဟု၊ လေးကျွန်းမြင်းမိုရ်၊ မြရိပ်ညိုတွင်၊ ရန်ပြိုအောင်ဘုံ၊ မြို့ရွှေဂုံ၏၊ သာပုံတမှတ်၊ သိဂုံတ်ဆွတ်၌၊ မြတ်စွဲ

ရန်ကုန် တိ = နိ ဖွင့်လှစ်ပွဲ၌
စာရေးဆရာ ဒါရိုက်တာ
အလင်္ကာကျော်စွာ ဦးသုခ
ချီးကျူးဖတ်ကြားအပ်သော
မင်္ဂလာရတုပိဒဏ်

မြတ်ခေါင်၊ မြတ်လေးနောင်၏၊ ခြောက်ရောင်လျှံစီ၊ ဓာတ်မွေသရီထို၊ စုံညီစုဝေး၊ တောင်းဆုပေးသား၊ လေးဆူဓာတ်ပုံ၊ ရှေတိုဂုံ၏၊ ခြေစုံတော်ရင်း၊ နက်သန်ခင်းသို့၊ နတ်မင်းဒေဝါ၊ ဆောင်ပို့လာသည်....။

တေဇာထက်ဝန်း-တက်ထွန်းနေလ-ဖြာဘိသို့။
မြေချာနက်စွန်း-ထက်ကွန်းဒေဝ-လာဘိသို့။
ခေမာမင်္ဂလာန်း-ထက်နန်းပေလှ-ရှာဘိသို့။

(၃) **မင်္ဂလာန်းခေမာ**။ ။ဆောင်ပို့ရာသား၊ မြတ်စွာသာသနာ၊ ငါးထောင်သာဟု၊ ဒေဝါသိကြား၊ မိန့်တော်ထား၍၊ နတ်များကူလာ၊ မြတ်ဝိဟာကို၊ မြန်ချာဦးစွန်း၊ မြို့ရန်ကျွန်း၏၊ နေဝန်းမှောင်နှည်၊ လဝန်းစည်သည့်၊ ခြောက်ခြည်ရောင်ပွင့်၊ ကိုးဂုဏ်ဖွင့်လျက်၊ မင်းမင့်ဦးတင်၊ တိဂုံရှင်မှ၊ သာရှင်ညွှန့်ခေါင်၊ အနောက်တောင်ဝယ်၊ ရွှန်းပြောင်ဝေယန်၊ နတ်တို့ဖန်သို့၊ သုံးတန်ပိဋကာ၊ ဗိမာန်လှကို၊ တည်ထဆောင်နှင်း၊ အောင်ပဲ့ကျင်းတည့်၊ ခပင်းဗိုလ်လူ၊ ပြည်ပြည်သူတို့၊ ကြည်ဖြူသဒ္ဓာ၊ ဆယ်ညွှန့်ကြာနှင့်၊ ပူဇာကော်ရော်၊ ဆရာတော်လည်း၊ ရာကျော်သက်ရှည်၊ တောင်းဆုရည်တည့်၊ ထောင်ခြည်လျှံဝါ၊ သာသနာ၏၊ မှီရာပရိယတ်၊ ပိဋကတ်တည့်၊ ငါးမြတ်နိကာယ်၊ ကုံလုံကြွယ်၍၊ မိုးလယ်ဖူးပွင့်၊ လ+ကြယ်တင့်ဟု၊ ဆောင်မြင့်ဝိဟာ၊ ဖွင့်လှစ်ကာဖြင့်၊ သာသနာ့ဇာနည်၊၊ ပေါက်ဆန်းစည်လျက်၊ လေးမည်မင်္ဂခိုင်၊ ဗိုလ်လေးဆိုင်နှင့်၊ စိုးပိုင်နိဗ္ဗု၊၊ မြတ်ဆုယူဟု၊ ဆုတ်ချုံအမတ်၊ ဝိရာဂံနှင့်၊ ခယံကုန်ခန်း၊ ပဏိတနန်းကို၊ မြော်မှန်းရည်ကာ၊ တောင်းဆုဖြာသည်....။

ခေမာမင်္ဂလာန်း-ထက်နန်းပေလှ-ရှာဘိသို့။
မေဃာထက်ဝန်း-မျက်ရှန်းရွှေမြ ရှာဘိသို့။
ဒေဝါဆက်ညွှန်း-မြက်ခွန်းခြေဟ-မှာဘိသို့။ ။

မဟာသီရိဇေယျသူရဘွဲ့ခံ
ဦးချမ်းဘာ (လက်ဝဲမင်းညို)
သီကုံးရေးသားပူဇော်သည်။

မှတ်ချက်။ ။**စပယ်ချီ-စပယ်ချ၊** မြင်းဆက်ခွ၊ အဖျားကောက်၊ **စကြာဆိုနည်း၊ အာသာဝတီဝတ်ဆံ ဆယ့်ဘလုံး** သုံးထပ် ၃-ပိဒ် **ကိုးနဝင်းချနည်း။** ။

ကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့ကြီး အဖြစ်သို့ တိုးတက်စေချင်သည်

ဦးမြင့်ဆွေ(လန်ဒန်)



ကဏ္ဍ ၄ဥသာသနာရှိသမျှကြီးဆုံးဖြစ်သို့ တိုးတက်ဝေဆာင်သည်

တိပိဋကတ ဆရာတော်သည် ၁၃၁၅-ခုနှစ် သက်တော် ၄၂-နှစ် အရောက်တွင် ပထမဦးဆုံး တိပိဋကမရ မွေဘက္ကာဂါရိက ဘွဲ့တံဆိပ်တော်ကို ရခဲ့ပြီးသည့် အချိန်မှစ၍ သာသနာတော်အတွက် ကြီးမားသော လုံ့လဥဿာဟဖြင့် ကြိုးပမ်းတော် မူခဲ့လေသည်။

၁၃၁၆-ခုနှစ်မှစ၍ ၂-နှစ် တိုင်တိုင် ကျင်းပခဲ့သော ဆဋ္ဌ သင်္ဂါယနာ တင်ပွဲတွင် ဝိသဇ္ဇက ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပါဠိ+အဋ္ဌကထာ+ဋီကာများကို နောက်ဆုံးအဆင့် သုတ်သင်တည်းဖြတ်ရသော သြဘာနသောဓက ပုဂ္ဂိုလ်အဖြစ် ပါဝင်လုပ်ဆောင်ခဲ့သည်။ ဗုဒ္ဓစာပေကဏ္ဍတွင် လွန်စွာ အရေးပါလှသော 'မဟာဗုဒ္ဓဝင် ကျမ်းကြီး'ကို ရေးသားခဲ့သည်။ စင်္ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုး သံဃာ သီလရှင်များ ဆွမ်းကိစ္စ ပြေလည်ရေး အတွက် ရွက် ဆောင်ပေးသော 'မလွန် ဆန်လှူအသင်းကြီး'အဖွဲ့က် မနားမနေ ကြိုးပမ်း လုပ် ဆောင်ပေးခဲ့သည်။ 'မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ' အတွက် သင်္ကြီးရွယ်အိုများ၏ကိုယ်စိတ်နှစ်ပါး၊ ချမ်းသာစွာ နေထိုင်နိုင်ရန် အဘက်ဘက်မှ ကူညီ ဆောင်ရွက်ပေးခဲ့သည်။ ဆင်းရဲနွမ်းပါးစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသည့် ရှင်ရဟန်းတို့အား အတတ်နိုင်ဆုံး ထောက်ပံ့ကူညီခဲ့သည်။ မင်းကွန်းတောင်ရိုး ပတ်ဝန်းကျင် ကျေးရွာများ၏ ကျန်းမာရေး ပညာရေး လူမှုရေး တိုးတက်ဖို့ အတွက် အစဉ်မပြတ် ကြည့်ရှု စောင့် ရှောက်ခဲ့သည်။

ဤသို့ စသည်အားဖြင့် ဆရာတော်သည် မိမိ၏ ဉာဏ်ပညာကြီးမားမှု၊ မနေမနား ကြိုးစား အားထုတ်မှုတို့ကို မိမိ အကျိုး နောက်ထား၍ သူတပါးအကျိုး အမျိုးဘာသာ သာသနာ့အကျိုးအတွက် အပြည့်အဝ အသုံးချခဲ့ပေသည်။ ဆရာတော်သည် ဖော်ပြရာပါအတိုင်း အမျိုးဘာသာ သာသနာအတွက် လုပ်ဆောင်ဖွယ်ရာများကို ကိုယ်စွမ်းရှိသရွေ့ အစွမ်းကုန် ကြိုးပမ်းပြီးသည့်နောက်တွင် ပရိယတ္တိ သာသနာအတွက် အခြေ ခိုင်ခံ့ထုထည်ကြီးမားလှသော ရေရှည် စီမံကိန်းတစ်ရပ် အနေဖြင့် 'တိပိဋက = နိကာယ သာသနာပြုအဖွဲ့ကြီး'ကို တည် ထောင်လျက် တိပိဋကဓရ သာသနာ့

အာဇာနည် ပုဂ္ဂိုလ် ထူး မျာ: အစဉ် အဆက်မပြတ် ထွက် ပေါ် လာ ရေး ကို ကြိုး ပမ်း အား ထုတဲ့ ပြန် ပေသည်။

ဘိပ်ဒုက=နိကာယ သာသနာပြု လုပ် ငန်း ကြီး ကို လုပ်ဆောင်ခဲ့သည်မှာ ယခု ဆိုလျှင် ၃-နှစ်ရှိသွား လေပြီ။ ထို ၃-နှစ် အတွင်း ဆရာတော်၏ လုပ်ဆောင်ချက် တို့မှာ အံ့မခန်း လောက်အောင် တိုး တက် ကြီး သွား အောင်မြင်မှုမျာ: ဖွာ ရရှိခဲ့ပေ သည်။ ရှေး ဦး ပထမနှစ် ရဟန်း တော် ၄၁-ပါး ဖြင့် သာသနာပြု လုပ်ငန်း ကို စတင်ခဲ့ရာ ၃-နှစ်အတွင်း မှာ တိပိဒုက ဓရုလောင်း လျှာ သံဃာပေါင်း ၁၅၀-ကျော် ရှိလာပေပြီ။ တိပိဒုက=နိကာယ သာသနာပြုအဖွဲ့ကြီး ရေရှည် တည်တံ့ အုံး တက်ရေး အတွက် ရန်ပုံငွေပင် တည် ထောင်ခဲ့ရာ ယခု ၃-နှစ် အတွင်း မှာပင် ၃၂-သိန်း ကျော်ခန့် ရရှိပေပြီ။ တိပိဒုက ဓရုလောင်း လျှာ သံဃာတော် ၁၇၀-ကျော်ဘို့ကို ကျွေး မွေး ပြုစုရသည်မှာ တစ်နေ့လျှင် ၂၀၀၀-ကျပ်ကျော် ကုန်ကျ သည်။ ထို သံဃာတော်မျာ: သီတင်း သုံး နေထိုင်ရန်အတွက် ကျန်း မာရေး တိုက် ကျောင်း မျာ:နှင့် တကွ အခြား လိုအပ် သော အဆောက်အအုံမျာ:ကို ဆောက် လုပ်ရသည်မှာ သိန်း ပေါင်း ၁၈-ကျော် မျှ သုံး စွဲခဲ့လေပြီ။ ယခုအခါ မင်း ကွန်း တောင်ရိုး မိုး မိတ်ကုန်း မြေပေါ်ရှိ မူလ တိပိဒုက=နိကာယ ကျောင်း တိုက်အပြင် ရန်ကုန်မြို့တွင်လည်း တိပိဒုက=နိကာယ တိုက်ခွဲကို တိုး ချဲ့ ဆောက် လုပ် ရာ တွင် သိန်း ပေါင်း ၂၀-ကျော် မျှပင် သုံး စွဲခဲ့ လေပြီ။

(ပစ္စည်း ဥစ္စာမျာ:ကို ပစ္စုပ္ပန်နှင့် သဲ့သရာအကျိုး ရှိအောင် ရွက်ဆောင် ပြုလုပ်ခြင်း ကို ပရိဘောဂ = သုံး ဆောင်ခြင်း သုံး စွဲခြင်း ' ဟူ၍ ခေါ် ရ မည့် အကြောင်း၊ ' ပရိက္ခယ = ကုန် ခန်း သည် ' ဟု မ ခေါ် ဆို ရ ကြောင်း ကောသလ သံယုတ်၌ မြတ်စွာဘုရား ဟောကြား တော် မူခဲ့သည်။)

ဤသို့လျှင် ဆရာတော်သည် တိပိဒုက =နိကာယ သာသနာပြု လုပ်ငန်း ကြီး အတွက် ရှေ့ ဆောင်ရှေ့ ရွက် ပြုလုပ်ကာ ၃-နှစ်အတွင်းမှာပင် သိန်း ပေါင်း ၅၀-ကျော် ရင်း နှီး မြှုပ်နှံခဲ့လေပြီ။ အမှန်စင်စစ် ဤ သာသနာပြု လုပ်ငန်း ကြီးမှာ သိန်း ၅၀-မျှဖြင့် လုံလောက်ပြီဟု မဆို နိုင်ပေ။ ဤအဖွဲ့ကြီးရေရှည် စဉ်းသွား =သာသနာပြုနိုင်ရေး အတွက် နောက် ထပ် ရန်ပုံငွေ ၃၄-သိန်းမျှ လိုပေဦး မည်။ ပင်မရန်ပုံငွေ သိန်း ၅၀-ခန့်ဖြင့် ဒက်လက် လုပ်ဆောင် သွား ပါမှ ဤ သာသနာပြု လုပ်ငန်း ကြီး သည် အစဉ် ထာဝရ တည်တံ့ ခိုင်မြဲ၍ တိုး တက် အောင်မြင် သွား ပေမည်။ ယင်း အတွက် ဆရာတော်အနေဖြင့် အလွယ်တကူ ရှေ့ ဆောင်ရှေ့ ရွက် ပြုလုပ် နိုင်ပေလိမ့်မည် ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ဤမျှသော စကား အစဉ်ဖြင့် ဆရာတော်သည် ပရိယတ္တိ သာသနာ



တော်ကြီး အစဉ်ထာဝရ ရှင်သန်တိုးတက်မှုအတွက် မည်မျှ ကြိုးပမ်းလာခဲ့သည်ကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော် ချမှတ် လုပ်ဆောင်အပ်သော ပရိယတ္တိသာသနာပြုလုပ်ငန်းကြီးမှာ ၃-နှစ်မျှသော အချိန်မှာပင် လွန်စွာ အရှိန်ရနေလေပြီ။ နောင် အစဉ်အဆက် အမြဲထာဝရ တိုးတက်သည်ထက် တိုးတက်အောင် လုပ်ဆောင်နိုင်ဖို့သာ ရှိပေတော့မည်။ ဤသို့ သာသနာပြု လုပ်ငန်းကြီး သာသနာတော် တည်ရှိသရွေ့ တည်တံ့တိုးတက်နိုင်ဖို့ အရေးမှာ

၁။ ဆရာတော် ချမှတ် အပ် သော လမ်းစဉ်အတိုင်း တိပိဋကတ = နိကာယ သာသနာပြုအဖွဲ့ဝင် ပုဂ္ဂိုလ်တို့၏ ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားမှု

၂။ တိပိဋကဓရ လောင်းလျာ အရှင်သူမြတ်တို့၏ 'ဆရာတော်. နမူနာ' အတိုင်း အဆက်မပြတ် ကြိုးပမ်း လုပ်ဆောင်သွားမှု-

တို့ အပေါ်တွင် တည်ရှိ နေပေသည်။ သို့ဖြစ်၍ ဤနှစ်ဘက်သော ပုဂ္ဂိုလ်တို့က တက်ညီလက်ညီ အတူလက်တွဲ၍ ဝုဒ္ဓသာသနာ့ မျက်နှာ၊ ဆရာတော်. စေတနာကိုသာ ကြည့်ရှု ထောက်ထား၍ ကြိုးစားအားထုတ် သွားပါမူကား ဤတိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ကြီးသည် ဆရာတော် မျှော်မှန်းသည့်အတိုင်း အပြည့်အဝ အောင်မြင်မှု ရရှိမည်မှာ ကေန်ပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဤအတိုင်း မြင်နေပါသည်။ မြင်သည့်အတိုင်း ဖြစ်ပါစေရန် ဆုပန်တောင့်တပါသည်။

အဖွဲ့အစည်းတစ်ခု အခြေခိုင်ခံ့တည်တံ့ဖို့အရေး၊ နောင် နှစ်ပေါင်းများစွာ အစဉ်ထာဝရ ရှင်သန်နေဖို့ အရေးမှာ ခေါင်းဆောင် ကောင်းမှုနှင့် နောက်လိုက်များကောင်းမှု=ဤနှစ်ခုသည် လွန်စွာမှ အရေးကြီး လှပေသည်။ ထင်ရှားသော သာဓက အနေဖြင့် တင်ပြရပါမူ ဗုဒ္ဓ သာသနာတော်ကြီးကို စတင် တည်ထောင် တိုးတက်အောင် လုပ်ဆောင်တော်မူခဲ့သော ဘုရားရှင်သည် အတုမရှိသော ခေါင်းဆောင်ကြီး ဖြစ်ပါသည်။ ထိုခေါင်းဆောင်ကြီးသည် ကိုယ်တော်၏ သာသနာတော် အစဉ်ထာဝရ ရှင်သန်တိုးတက် နေရေးအတွက် 'ဓမ္မ+ဝိနယ' တည်းဟူသော အခြေခံ ဝါဒနှင့် အခြေခံဥပဒေ စည်းမျဉ်းများကို ချမှတ်တော်

မူခဲ့ပါသည်။ ထိုအတူမရှိသော ခေါင်း ဆောင်ကြီး ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသွား သည့် နောက်ပိုင်းတွင် အရှင်မဟာ ကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ၊ အရှင်ယသ၊ အရှင်မဟာ ကောဂလိပုတ္တာဘိသရဟန္တာ မထေရ်ကြီး အစရှိသော ဗုဒ္ဓ၏ နောက်လိုက် တပည့် သာဝက အဆက်ဆက်တို့သည် ဘုရား ရှင်ဟောကြား ပြသ ချမှတ်တော်မူခဲ့သော 'ဓမ္မ+ဝိနယ' တို့ကို တသွေမတိမ်း လိုက်နာ ကျင့်သုံး၍ ဇွဲလုံ့လကြီးစွာဖြင့် လုပ်ဆောင်ခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာသည် ယနေ့ နှစ်ပေါင်း ၂၅၀၀-ကျော် တိုင်အောင် ရှင်သန်ကြီးထွား တိုးတက်နေခြင်း ဖြစ်ပါသည်။

ဤနည်းအတိုင်းပင် ဆရာတော်သည် ပရိယတ္တိ သာသနာတော်ကြီး အတွက် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ စိုက်ထုတ်ပြီး ဤတိပိဋကတ=နိကာယ သာသနာပြု လုပ်ငန်းကြီးကို သမိုင်းတွင် စံတင်ရစေအောင် အောင်မြင်စွာ တည်ထောင် ပြုလုပ်အပ်သည်မှာ အထူး ကျေပွန်နေပြီ ဖြစ်ပါသည်။ ဆရာတော်သည် ခေါင်းဆောင်ပုဂ္ဂိုလ် တို့၏ တာဝန်ကို အစစ ကျေပွန်အောင် လုပ်ဆောင်တော်မူသကဲ့သို့ ဆရာတော် ချမှတ်အပ်သည့် လမ်းစဉ် လုပ်ငန်းစဉ်အတိုင်း ကျွန်ုပ်တို့ တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ဝင် ပုဂ္ဂိုလ်များနှင့် တိပိဋကဓရလောင်းလျာ သာသနာ့အာဇာနည် အရှင်သူမြတ်တို့သည် သာသနာ့မျက်နှာ၊ ဆရာတော်၌ စေတနာတို့ကို ထောက်ထား၍ ဆရာ + ဒကာ လက်တွဲညီညွတ်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ဆတက်

ထမ်းပိုး ကြိုးပမ်း လုပ်ဆောင်သွားသင့်လှပါသည်။

ထို့မှတပါး တင်ပြလိုသော အချက်တစ်ခုရှိ ပါသေးသည်။ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်၏ သာသနာတော်ကို လေးဆယ့်ငါးဝါ ကာလအတွင်း အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသအတွင်း၌ အခြေခိုင်ခိုင် တည်ဆောက်၍ တိုးတက်ပြန့်ပွားအောင် လုပ်ဆောင်တော် မူခဲ့သည်။ အရှင်မဟာကဿပ အစရှိသော နောက်လိုက်တပည့် သာဝက အဆက်ဆက်တို့က အစဉ်မပြတ် ပင်ပန်းကြိုးစွာခံ၍ ကြိုးစား အားထုတ်တော် မူကြသောကြောင့် ယနေ့ ဗုဒ္ဓသာသနာတော် သည် ကမ္ဘာကြီး၏ တဝက်အတွင်းရှိ နိုင်ငံ အများအပြား မှာပင် ပျံ့နှံ့စည်ပင် တိုးတက်ထွန်းကားလာခဲ့ပေသည်။ ထိုနည်းအတူပင် ဆရာတော်သည် ကျွန်သာသနာပြုလုပ်ငန်းကြီးကို ပြည်ဘွင်းသာသနာ အခြေ ခိုင်ခံ့ပြန့်ပွား နိုင်ရေးအတွက် အောင်မြင်စွာ လုပ်ဆောင်အပ်လေပြီ။ အရှိန်အဟုန်မြင့်မားနေသော လက်ရှိအဆင့်မှသည် ရှေ့သို့ တစ်ဆင့်တက်၍ တိုပိုင်ငှက်=နိကာယ သာသနာပြုအဖွဲ့ဝင် ကျွန်ုပ်တို့နှင့် တကွ တိုပိုင်ငှက်ခရလောင်းလျှာ သာသနာ့အာဇာနည် အရှင်မြတ်တို့သည် အစဉ် လက်တွဲယှက် တကမ္ဘာလုံး၌ သာသနာ ပြုနိုင်သည်အထိ တိုးခဲ့၍ ဆက်လက်ကြိုးကုတ် အားထုတ်သင့်လှပါသည်။ ထိုကဲ့သို့ ကြိုးပမ်း လုပ်ဆောင် နိုင်ကြလိမ့်မည်—ဟု မျှော်လင့်တောင့်တလျက် ရှိပါသည်။

နိဂုံး

ယံ ဟိ ကယိရာ တံ ဟိ ဝေဒေ၊
ယံ နု ကယိရာ နု တံ ဝေဒေ၊
အကရောန္တံ ဘာသမာနံ၊
ပရိဇာနန္တိ ပဏ္ဍိတာ။

'မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ။

အပြောသာခဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ။

ဆရာတော်ဃည် အလုပ်ဃည်း လုပ်သည်၊ ပြောလည်း ပြော ဟော သည်။ အပြောနှင့်အလုပ် ညီညွတ်သော ပုဂ္ဂိုလ်ဖြစ်၏။ အလုပ်မလုပ်ဘဲ ပြောသာ ပြောနေသည့်ပုဂ္ဂိုလ် မဟုတ်၊ အလုပ်ကိုသာ ကုတ်လုပ်၍ မပြောမဟောဘဲ ငြိမ်နေသည့် ပုဂ္ဂိုလ်လည်း မဟုတ်၊ အပြော အဟော ကောင်းသလို ကောင်းကောင်း အလုပ်လုပ်သော ထို ဆရာတော်၏ အထက် ဖော်ပြရာပါ 'လက်သုံးစကား' ဖြင့် နိဂုံး ချုပ်လိုက်ရပါကြောင်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု
ဦးမြင့်ဆွေ
(လန်ဒန်)



တစ်ခုနှစ်သောအခါ ကျွန်တော် ထံသို့ မိတ်ဆွေကြီး ဦးစာကျော် ရောက်လာပါသည်။

ဦးစာကျော်သည် တစ်ခါ တစ်ခါ ယူးမြားသည့် အတွေးအခေါ် အပြောအဆိုများကို ပြောဆိုတတ်သောကြောင့် ကျွန်တော်က ရိုသေထိုက်သူ-ဟု သတ်မှတ်ခြင်းခံရသည့်ပုဂ္ဂိုလ်များတွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ဤနေရာ၌ ဦးစာကျော်၏အကြောင်း အနည်းငယ်ကို 'ကာဋ္ဌဒေဝီလ နှင့် ကာလဒေဝီလ' အကြောင်း မရေးသားမီ အနည်းအကျဉ်းမျှ တင်ပြလိုပါသည်။

ဦးစာကျော်သည် ရဟန်းဘဝမှာ နေစဉ်က ရှေးခေတ် မြန်မာပြည်ရှိ နာမည်ကြီး စာမေးပွဲ တော်တော်များများကို အောင်မြင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဦးစာကျော်သည် သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြောင်းလဲသော်လည်း 'ပါရမီကုန်လို့ ပြောင်းသည်' ဟူ၍သာ တိုတိုကျဉ်းကျဉ်း ပြောတတ်ပါသည်။

လူ့ဘဝသို့ ရောက်လာသော ဦးစာကျော်သည် အသက်မွေးဝမ်းကျောင်းရေးအတွက် အလုပ်အကိုင် အမျိုးမျိုးကို စဉ်းစားတွေးတော ရှာဖွေခဲ့ပုံသည်။

မိဘရိုးရာ လယ်သမား အလုပ်ကိုမူ ပင်ပန်း ကြမ်းတမ်းသော အလုပ် ဖြစ်၍ ငယ်စဉ်မှစပြီး သာသနာ့ဝန်ထမ်း ဖြစ်ခဲ့သော နှုန်နယ်နယ် ဦးစာကျော်နှင့် မကိုက်ညီကြောင်း ဦးစာကျော် လူဝတ် မလဲမီကပင် သိရှိခဲ့ပါသည်။

ပေါ့ပေါ့ အေးအေး လုပ်လို့ရသည့် ကုန်သည် ပွဲစား လုပ်ကိုင်ရန်မှာလည်း ဦးစာကျော်လို ရဟန်းလူထွက် ရိုးရိုး အာအာ အားနာတတ် ရှက်တတ်သူများနှင့် ဆက်စပ်၍ မရနိုင်အောင် ဖြစ်နေသည်။

စာသင်ဘာ များစွာ ပါဝင်သည့် ဗေဒင်လက္ခဏာ ဟောစာရန် စဉ်းစားပြန်သော် ဗေဒင်လက္ခဏာ ဟောရန်မှာ နှုတ်စ အာစ ရှင်ပြီး အသံကောင်း အပြောကောင်း လူရိပ်လူကင်း ပါးသူများနှင့်သာ သင့်လျော်သည်။ ဦးစာကျော်လို နှုတ်လေး အာလေး အသံ

သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်

ဆရာဦးထွန်းလှိုင်

[ဆရာမောင်တက်အောင်]၏

ကာဠဒေဝီလနှင့် ကာလဒေဝီလ





တိပိဋကနိကာယသာသနာပြုအဖွဲ့

ပထမ သုံးနှစ်ခရီး

စာစောင်ကော်မတီ

နာယက — မင်းကွန်းတိပိဋကဓရ
အရှင်ဝိဇ္ဇာသာရာဘိဝံသ

ဥက္ကဋ္ဌ — ဦးသာလု ဝဏ္ဏကျော်ထင်
အထူးကုဆရာဝန်ကြီး

အဖွဲ့ဝင် — ဦးချမဲသာ မဟာသရေစည်သူ
စာဆိုတော်လက်ဝဲမင်းညို

" — ဦးသုခ အလင်္ကာကျော်စွာ၊ စာရေးဆရာ၊
ဒါရိုက်တာ

" — ဦးစန်းငွေ (ဒဂုန်ဦးစန်းငွေ)
မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်

" — ဦးအောင် (ဥဿံလင်းစာပေ)

" — ဦးအေးမြင့် (မြန်မာ့ရိုးရာဒဏ္ဍာရီ)

အတွဲးတော်ဆောင် — ဦးမောင်မောင်ကြီး (တေးသံရှင်)

ဤစာစောင် ကော်မတီကို တိပိဋက=နိကာယကျောင်းတော်
(ရန်ကုန်)၌ သက္ကရာဇ် ၁၃၄၁-ခုနှစ် ဝါခေါင်လဆန်း ၉-ရက်
(၂-၀-၀၁) တနင်္ဂနွေနေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

အော အပြော မလည်ပတ် လူရိပ်လူကဲ မခတ်တတ်သူများ အဘွက် ထမင်းငတ် မည်မှာသေချာလှပေသည်။

ငယ်စဉ်က ဝါသနာလည်း ပါ၍ အနည်းအကျဉ်း လေ့လာဖူးသည့် ဆေးကုစားရန်မှာမူ ဆေးကုဟူသည် မကျန်းမမာ ဖျားနာ နေသူများကိုသာ ကုရသည်၊ မကျန်းမမာ ဖျားနာနေသည့် ဒုက္ခသည်များထံမှ ပိုက်ဆံကို နှိုက်ယူရသည့် အလုပ်ကို လုပ်ကိုင် နှိုင်လောက် အောင် ဦးစာကျော် မရဲမဝံ့လှသေး။

မိမိ တတ်ကျွမ်းသည့် စာပေပညာ၊ ပါဠိပညာများနှင့် ကိုက်ညီသည့် ပုဂ္ဂလိက ပုံနှိပ်တိုက်များမှာ ဝင်၍ စာပြင်ဆရာလုပ်ရန် လေ့လာပြန်သော် ပုံနှိပ်တိုက်ရှင်များသည် လူပြန်တော်ပညာရှိများကို အပြင်ဗန်းမှာသာ 'ဆရာဆရာ' ခေါ်၍ ရိုသေသယောင်ပြုသော်လည်း အခိုက်မှာ စာအုပ်များများ ကောင်းကောင်း ထွက်ရေး၊ အပြတ်များများရှိရေး၊ မိမိအိမ်သားစု မော်တော်ကား စီးနိုင်ရေးတို့သာ ဖြစ်သည်။ လူပြန်တော် ပညာရှိကိုမူ အရှိအနသပေးမှု၊ ချီးမွမ်းပြောဆိုမှု မျှလောက်ဖြင့်သာ ကျေနပ် နှစ်သိမ့်စေသည်။ ငွေကြေးမပါ-ဟူ၍ ကြားသိရဖူးသောကြောင့် ဦးစာကျော် ဝေးဝေးမှ ရှောင်ခဲ့သည်။

ရဟန်းဘဝတုန်းက စာတော်သောကြောင့် ချစ်ခင်သည့် ဆရာတော်တစ်ပါးက ရွှေဖြစ် ငွေဖြစ် အင်္ဂိုဏ်ထိုးနည်း ပြောသား ဟူးပါသော်လည်း အရင်း အနှီး စရိတ်စကလည်း ကြီးလေးသည်။ ရဟန်းဘဝ ထွက်ခါစ ဦးစာကျော်အဖို့ ဖားဖိုဝယ်ရန်၊ လုံ ညှပ် ခဲတံပစ္စည်းဝယ်ရန်၊ နေရာထိုင်ခင်းရရန် မလွယ်သောကြောင့် မလုပ်ဖြစ်သေး။ 'နောက်မှ နောက်မှ' ဟူ၍သာ တေးမှတ်ထားရသည်။

ဤသို့စသည်ဖြင့် ဦးစာကျော်အတွက် ထမင်းစားရန် အလုပ်အကိုင် ဘာတစ်ခုမျှ မဖြစ်နိုင်သေးပဲ ရှိခဲ့သည်။

'လူထွက်ရဟန်း၊ နန်းကျဘုရင်၊
ပင် စင် အ ငြိမ်း စား၊ ယော ကျ်ား
လူထူး၊ ဤသုံးဦးကား၊ စပ်ကူး မတ်
ကူး မလွယ်ဘူး'

ဟူသော စာချိုးကလေးနှင့် ကိုက်ညီနေပေသည်။

ဟိရိမတာ စ ဒုဇ္ဇိဝံ၊
နိစ္စံ သုစိ ဂဝေသိနာ။
အလီနေနာ+ပဂဗ္ဘေန၊
သုဒ္ဓာဇီဝေန ပဿတာ။

အရှက်ရှိသူ၊ အပြစ်မထင် စင်ကြယ်မှုကိုသာ ရှာသူ၊ နှမြောတွန့်တိုခြင်းမရှိသူ၊ မကြမ်းကြုတ်သူ၊ စင်ကြယ်သည့် အသက်မွေးခြင်း အလုပ်လုပ်သူ၊ ရှေ့ နောက် ဆင်ခြင်အမြော်အမြင်ကြီးသူ=ဤသူများသည် (လူ့လောက၌) အသက်မွေးမှုခက်ခဲ၏-ဟူသော ဓမ္မပဒပါဠိတော် ဂါထာနံပါတ် ၂၄၅-၏ သရုပ်ဖော်သာဓကလည်း ဖြစ်နေပေသည်။

မကြာမီဦးစာကျော် ဇာတာစန်းလင်းကံစွမ်း တက်လာသော ကြောင့် ဗုဒ္ဓသာသနာ့မဏ္ဍိုင် ပုံနှိပ်တိုက်၌ စာပြင်ဆရာအလုပ်ကို ရရှိခဲ့သည်။ ယခု ကျွန်တော် ထံလာသောအခါ ဦးစာကျော်သည် လက်ဟာန်းစာပြင်ဆရာ တစ်ဦးဖြစ်နေပေသည်။

'ဘာတွေများ တွေးလို့ ဘာတွေများ ရေးနေသလဲဗျ'

ဦးစာကျော်သည် သူ၏ဝါသနာဗီဇ အဘိုင်း ကျွန်တော် ကို ခပ်ရွင်ရွင်လေး နှာဘ်ဆက်မေးမြန်းလိုက်သည်။

'ဟာ....ဆရာ ဦးစာကျော်ကြီး၊ ၊ လာဗျာ ထိုင်ပါ၊ ကျွန်တော်စဉ်းစားနေတာနော....'

ကျွန်တော်က ပြန်နှုတ်ဆက်၍ သူ့အမေးကို ဖြေရန် စကားခံလိုက်စဉ်.... ဦးစာကျော်သည် ကျွန်တော် စားပွဲမှ ကုလားထိုင် လွတ် တစ်လုံးပေါ် ထိုင်ယင်း—

'ကဲပြောစမ်းဗျာ'

ဦးစာကျော်က တိုက်တွန်းသောကြောင့် ကျွန်တော်ဆက်သည်—

'ကျွန်တော်တို့ရဲ့ တိုပိုင်ကခရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက ကြီးမှူးဦးဆောင်ပြီး စစ်ကိုင်းတောင်ရိုး မင်းကွန်း မိုးမိတ် စေတီတော်များ ကုန်းမြေမှာ တိုပိုင်ကခရ စာမေးပွဲကို ဝင်ရောက်ပြီး စာပြန်၊ စာဖြေတော် မူကြမည့် သံဃာတော်များကို လက်ခံတဲ့ တိုပိုင်က =နိကာယ ကျောင်းတိုက်ကြီး ဖွင့်ထားတယ်ဗျ'

ကျွန်တော် ပြောသည်ကို ဦးစာကျော် ငြိမ်သက်စွာ နားစိုက်ထောင်နေသည်။ ကျွန်တော်ကဆက်ပြောပြန်သည်-

'တိုပိုင်ကစာမေးပွဲဆိုတာက မြန်မာပြည်မှာ ထိပ်တန်း စာမေးပွဲကြီး ဖြစ်သည်က တစ်ကြောင်း၊ နာမည်ကျော် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့ရ တိုပိုင်ကခရဆရာတော်က ဦးဆောင် တည်ထား‌တဲ့ ဒီ 'တိုပိုင်က = နိကာယ ကျောင်းတိုက်'မှ စာသင်သားများက တိုပိုင်က စာမေးပွဲမှာ စာအောင်များသည်ကတစ်ကြောင်းတို့ကြောင့် ကျောင်းတိုက် နာမည်က တဟုန်ထိုး တိုးတက်လာတယ်၊ သာသနာတော်ကို ကြည်ညိုကြတဲ့ ဗုဒ္ဓဘာသာဝင် ရှင်လူများက ဒီကျောင်းတိုက်ဘက်ကို မျက်နှာမူလာကြတယ်၊ အာရုံပြုလာကြတယ်။

ယခုဆိုလျှင် တိုပိုင်က = နိကာယ ကျောင်းတိုက် တည်ထောင် သည်မှာ သုံးနှစ်ပြည့်မြောက်လာပြီဖြစ်လို့ 'သုံးနှစ်မြောက်စာစောင်' ထုတ်ဝေမည် ဖြစ်ပါတယ်၊ အဲဒီစာစောင်မှာ ဆောင်းပါးတစ်စောင် ရေးပေးပါလို့ တောင်းခံထားတဲ့ အတွက် ရေးဖို့ရန် ကျွန်တော် စဉ်းစား စိတ်ကူး နေတာပါပဲဗျာ။'

ကျွန်တော်၏ စကားဆုံးလျှင် ပင် ဦးစာကျော်သည် သဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ.....

'တိပိဋကဓရ စာမေးပွဲဖြေမယ့် စာသင်သားတွေအတွက် ပစ္စည်းလေးပါး ပြည့်စုံရေး၊ ကျန်းမာရေး၊ ပညာရေးများကို အစစ စီစဉ်ဆောင်ရွက်ပေးနိုင်လို့လား'-

ဟုဦးစာကျော်က သူသိချင်သည်က မေးလေသည်။

'အားလုံး ပြည့်ပြည့်စုံစုံပါပဲဗျာ၊ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးက တာဝန်ယူပြီး လှူဒါန်းနေပါတယ်၊ ဆွမ်းဆိုလျှင် နံနက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ခဲဖွယ်ဘောဇဉ် အပြည့်အစုံ ဆက်ကပ်ပါတယ်၊ ညနေပိုင်းမှာတော့ အဖျော်ယမကာ၊ ညဘုရားဝတ်တက်ပြီး စတုမဓုဆေး ဆက်ကပ်ပါတယ်။ နာဖျားမကျန်းဖြစ်လျှင်လည်း အနောက်တိုင်းဆေး အရှေ့တိုင်းဆေးများဖြင့် သမားတော်ကြီးများ တာဝန်ယူပြီး ကုသပေးပါတယ်။

လက်နှိုး၊ ထီး၊ ဖိနပ်၊ ပရိက္ခရာ အသုံးအဆောင်များလဲ လိုလေသေး မရှိရအောင် ထောက်ပံ့လှူဒါန်းပါတယ်။ သေနာသနဝတ် ဆိုသည်မှာ ခုနှစ်ရက်တစ်ကြိမ် ကတိကဝတ်ထားပြီး အားလုံးတပြိုင်နက်တည်း တံမြက်လှည်းကြလေတော့ မိနစ်ပိုင်း နာရီပိုင်း အတွင်းမှာပဲ ကျောင်းတိုက်တစ်တိုက်လုံး သန့်ရှင်းပြီးသား ဖြစ်သွားပါတယ်။ ကျန်တဲ့ရက်များတော့ မိမိနေရာ အခန်းထဲမှာသာ ကျန်းမာရေး ညီညွတ်အောင် တံမြက်လှည်းရပြီး အပြင်ဘက်မှာတော့ ဘားလုံး ကပ်ယများကတာဝန်ယူ ရှင်းလင်းပေးပါတယ်။ တိ=နိ စာသင်သားများဖြဆိုမည့် ကျမ်းစာကို လေ့လာ၊ ကျက်အံ၊ ကြံကြည့်နိုင်ရန်အတွက် ပါဠိ အဋ္ဌကထာ ဋီကာ နိဿယ မြန်မာပြန်ဂန္ထန္တရတွေ အပြည့်အစုံ အထင်ထပ်ပေးထားပါတယ်။ ဘာမှလိုလေသေး မရှိပါဘူး'

ဟူ၍ ကျွန်တော်က အားပါးတရပြောချလိုက်ပါတယ်၊ ကျွန်တော် ပြောတဲ့ စကားဆုံးလျှင် ဆုံးခွင်းပင် ဆရာဦးစာကျော်သည် မျက်နှာညိုမည်းရှုံ့မဲ့သွားပြီး မျက်ရည်များ တတွေတွေစီးကျလာက တရှိုက်ရှိုက်ဖြစ်ရာမှ 'ဟီး-ဟီး-ဟီး' ဟု အသံထွက်အောင် ငိုကြွေးပါတော့သည်။

ဆရာ ဦးစာကျော် အဖြစ်ကို ကျွန်တော် အံ့သြစွာဖြင့် ကြည့်နေစဉ်မှာပင် တခဏချင်း ဦးစာကျော်သည် မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။ ညိုမည်းရှုံ့မဲ့နေရာမှ သူ၏ မျက်နှာသည် ကြည်လင်လာသည်။ ပြုံးရောင်သန်းလာသည်။ ထို့မှထို့မှတဆင့် 'ဟား-ဟား-ဟား' ဟု အသံထွက်၍ အားရပါးရ ရယ်မောလိုက်သည်။ ကျွန်တော်ကား ထူးဆန်းလှသည့် ဆရာဦးစာကျော်၏ ဖြစ်ပုံကိုကြည့်ပြီး မည်သို့ဖြစ်သည်ကို စဉ်းစား တွေးတော၍ မရနိုင်တော့ပါ။

ရှေးက ဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေးကို တွေ့ရသော အခါ ခမည်းတော် သုဒ္ဓောဒနမင်းကြီး ကိုးကွယ်သည့် 'ကာဠဒေဝိလ' ရသေ့ ကြီးရယ်သည်၊ ရယ်ပြီးနောက် ငိုသည်။ ရသေ့ကြီးကား အဘိညာဉ် ငါးပါး သမာပတ် ရှစ်ပါးရ၍ အတိတ်ကမ္ဘာ လေးဆယ် အနာဂတ်ကမ္ဘာလေးဆယ်ကို သိခြင်နိုင်သူဖြစ်သည်။

ရယ်ခြင်းအကြောင်းကတော့ သိဒ္ဓတ္ထ မင်းသား ကန္တ ဘုရားဖြစ်မည်ကို သိသောကြောင့် ကမ္ဘာ လောကသား တို့ တရားမှန်ကို သိကြရတော့မည်၊ စီးပွား ချမ်းသာ ဖြစ်ရတော့မည်ကို တွေးပြီး ကာဠဒေဝိလရသေ့ကြီး ရှေးဦးစွာရယ် ခြင်း ဖြစ်သည်။

ငိုခြင်း အကြောင်းကတော့ သိဒ္ဓတ္ထ မင်းသား ဘုရားဖြစ်သောအခါ မိမိ (ကာဠဒေဝိလ)သည်သေပြီး နေဝသညာ နာသညာ ယတနဘုံသို့ ရောက်နေ၍ တရား မနာရမည့် ဖြစ်သောကြောင့် ငိုခြင်းဖြစ်သည်။ ဤအကြောင်းကို ကျွန်တော်သည် တိပိဋကရေ ဆရာတော် ရေးသားစီရင်သည့် မဟာ ဗုဒ္ဓဝင်ကျမ်း ဒုတိယတွဲ (စာမျက်နှာ ၁၅၇-၁၆၂)မှ ဖတ်ရှုသိရှိခြင်းဖြစ်သည်။

ကာဠဒေဝိလ ရသေ့ ဟူသည်မှာ အမည်ခံ 'ဒေဝိလ' ကြောင့် အသားရောင် မည်းနက်သောကြောင့် ကာဠ ဟူသော ဝိသေသနတစ်ခု၍ 'ကာဠဒေဝိလ' ဟု ခေါ်ခြင်း ဖြစ်သည်။ 'အသားမည်း ဒေဝိလ ရသေ့'ဟု မြန်မာလို အဓိပ္ပာယ် ရပေသည်။

ကာဠဒေဝိလ ရသေ့ကြီးကတော့ ရယ်ပြီး ငိုသည်၊ ဆရာ ဦးစာကျော်က တော့ ငိုပြီး ရယ်သည်။ အကြောင်းကို မေးမှ သင့်တော်တော့မည်–

'ဆရာဘယ်လိုဖြစ်သွားတာလဲ၊ ပထမ ဆုံး ဘာ့ကြောင့် ငိုရသလဲဗျာ'

'ကျွန်တော် ငိုတာကတော့ ကျွန်တော် တို့ စာသင်သား ဘဝတုန်းကဆိုလျှင် စေ တနာ၊ သဒ္ဓါအလျောက် အရမ်းကားရော စာတွေကျက်ရတယ်၊ ဖတ်ရဲဝံ့ယ်၊ အနုလို စနစ်တကျ ပြုစုစောင့်ရှောက် လှူဒါန်း မည့်သူ မရှိဘူး၊ စာသင်သား ရဟန်း တော်ဘစ်ပါးရဲ့ ပစ္စည်းလေးပါး ပြည့်စုံ ဖို့ဟာ သူ့အဖေ-အမေနဲ့ ရဟန်း ဒကာ တွေရဲ့ တာဝန်လို့ ယူဆထားကြတယ်၊ အချို့များ ဆရာရင်းကလဲ နည်းလိုက် တာ၊ ဆေးဝါးဆိုလျှင် စတုမဓု မငြာနဲ့ ထန်းလျက်ခဲတောင် မှန်အောင် မမှီဝဲခဲ့ရ ဘူး၊ အာဟာရပြည့်ဝအောင် မမှီဝဲရဘဲ စာကြိုးစားရလို့ အားနည်းပြီး အူဆုံး ထွက်၊ ဒူလာသွေးဝမ်းဖြစ်၊ လေနာမျက်စိ မှုန် စတဲ့ ရောဂါတွေ စွဲကပ်ပြီး သေတဲ့ စာသင်သားလဲ သေရောဗျာ၊ မသေယင်လဲ မလှုမပ လူစဉ်မမီ၊ သက်တမ်းပြည့် မနေကြရဘူး၊ အဲဒီလို စသည်ဖြင့် ပရိ ယတ်တို့ကို ချို့ချို့ငဲ့ငဲ့ သင်ကြားရတဲ့ဂုဏ်ရိုလ် တွေကို ပြန်တွေးကြည့်ပြီး ဝမ်းနည်းလို့ ငိုခြင်း ဖြစ်ပါတယ်ဗျာ'

ဟု ပြန်ဖြေသည်။

'ငိုပြီး ရယ်တာကတော်ကော ဆရာ.... ဘာကြောင့်ပါလဲ'

'ရယ်တာကတော့ အခုလို တိပိဋ္ဌက = နိကာယ သာသနာပြု အဆင်းကြီးက ကြီးမှူးပြီး တိပိဋ္ဌကရေပုဂ္ဂိုလ်တွေပေါ် ထွက်လာအောင် ပြုစုရှောင့်ရှောက် လှူဒါန်းတာတွေ တွေ့ရတော့ တို့ဗုဒ္ဓ ဘာသာဝင်တွေ မုဒိစိပွင့်လာကြပြီ၊ အသိဉာဏ်ရင့်လာကြပြီ၊ တိပိဋ္ဌက စာသင်သားတွေကို ထိထိရောက်ရောက် ပြုစုစောင့်ရှောက်သလို အဆင့်အတန်း အမျိုးမျိုးမှာရှိတဲ့ ပရိယတ္တိ ဝန်ဆောင် ပုဂ္ဂိုလ်တွေကိုလဲ ပြုစုစောင့်ရှောက် လှူဒါန်း ပူဇော်ကြတော့မှာပဲ၊ အဲဒီလိုဆို ပရိယတ္တိသာသနာ ထွန်းကား ပွင့်လင်းသာတော့မယ်၊ အခြေခံ အရင်းအမြစ် ပရိယတ္တိသာသနာ ထွန်းကားလာလျှင် ပင်စည်ပင်မ ပဋိပတ္တိ သာသနာလဲ စည်ပင်ဖွံ့ဖြိုးတော့မယ်၊ ပရိယတ္တိနဲ့ ပဋိပတ္တိ = အမြစ်၊ ပင်စည်များ ပြည့်ဖြိုးစည်ပင်လျှင် ပဋိဝေဆိုတဲ့ အဖူး၊ အပွင့်၊ အသီးတွေ လဲ မြိုင်မြိုင်ဆိုင်ဆိုင် စည်ကားဖွံ့ဖြိုးပြီး သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားတော့မှာကို တွေးပြီး ကျွန်တော် ဝမ်းသာလွန်းလို့ရယ်မိခြင်း ဖြစ်ပါတယ်' ဟူ၍ ဆရာ ဦးစာကျော်က ရှင်းပြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ကာဠဒေဝိလရသေ့ကြီး ငယ်ခြင်း ငိုခြင်းပြုခဲ့သလို ယခုမျက်မှောက် ခေတ် ကာလ မှာလည်း ငိုခြင်း၊ ရယ်ခြင်းကို ပြုသော ဆရာဦးစာကျော်ကို ကျွန်တော်က 'ကာလဒေဝိလ' ဟု အမည် ပေးချင်ပါတော့သည်။

တိပိဋ္ဌက = နိကာယ သာသနာပြု အသင်းကြီး အရှည် တည်တံ့ဖွာ သာသနာ ပြုနိုင်ပါစေ။

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားပါစေ။

ရှင်လူအများ သာသနာ့ အကျိုး တရား ခံစားနိုင်ကြပါစေ။ ။

ဇွန်းလှိုင်



ဦးဝေဒဂ္ဂါယ

။ သိဒ္ဓိ ။

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ဝင် သူတော်ဝင် ဒကာ၊ ဒကာမ အပေါင်းတို့အား ဘုန်းကြီး အနေမြင့် ဝမ်းမြောက်ဖွယ် စကား၊ အားပေးစကား၊ ညွှန်ကြားသည့် ဩဝါဒစကား ပြောကြားလိုပါသည်။ ထိုသို့ ပြောကြားရာ၌ 'မဇ္ဈိမနိကာယ်၊ မဇ္ဈိမ ပဏ္ဏာသ' ကျမ်းလာ 'အဓ္ဓလဋ္ဌိက ရာဟုလောဝါဒသုတ္တန်' ကို အမှီပြု၍ ညွှန်ကြားချက် ဩဝါဒစကား ပြောကြားပါမည်။

အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်မှာ ၇ နှစ် အရွယ် အရှင်ရာဟုလာ သာမဏေငယ်ကို .... (က) ကလေးသူငယ် လူမမယ်တို့သည် လိမ်လည် လှည့်ဖြား မုသား ပြော ရသည်ကို နှစ်သက် သဘောကျတတ်သောကြောင့် ထိုသို့ လိမ်လည်

ရတနာတွင်ယ ပူဇော်ပွဲသဘင်

ပူဇော်ထိုက်သည်ကို ပူဇော်ခြင်းသည် မင်္ဂလာမည်ပေ၏။ မြတ်သောဒကျိုးကို ရစေ၏။ သန့်စင်ပြင်းပြသော သဒ္ဓါစိတ်တို့ဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး လှူဒါန်း ပူဇော်ကြသည့်အပြင် စာပေ ပညာရှင်တို့က စာပေ အနု၊အလှ၊ အညွှန့်အပွေးများဖြင့် သိကုံးပူဇော်ကြသည်။ ပန်းချီ၊ ပန်းပုနှင့် ကေး-ဂီဘ၊ သဘင်၊ အနုပညာရှင် အသိုးသိုးတို့ကလည်း မိမိတို့ကျမ်းကျင်ရာ အနုပညာ တို့ဖြင့် ပူဇော်ကြလေသည်။

အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်၊ အရှင်သူမြတ်များ ရှိနေခြင်းနှင့် ပူဇော် နိုင်စွမ်းသူများ ရှိနေခြင်းတို့က ဗုဒ္ဓဘာသာ သာသနာတော်ကြီး စည်ပင်ဝေဆာ နေသည်ကို ပြဆိုနေခြင်းပင် ဖြစ်သတည်း။

ဆရာတော် ယေဘုယျကပုံ

တိုင်းဌာနရေးချယ်ပွဲ
အဖြေကြွေးများကို လက်မှတ်
ရေးထိုးတောင်မျှနေစဉ်

ဗဟုသုတနှင့်ဂဟေအပွဲချုပ်မှုပိုနယ်ရောက်ခဲ့ဆိုပြီးတော်ကပ်လျှောဒနအပြီး

၁၃၁၄
၁၃၁၅

ကိုယ်ပိုင်ကာဒရဲ့ ရွေးချယ်ရေး
စာမေးပွဲကြီးဝင်ခြင်း
လက်ဆွဲပြိုင်ဖက်ဖြင့် ရေးပြနေပုံ။

၁၃၁၇

သမ္မတကြီး စပ်ရွေသိုက်ကိုယ်တိုင်
ဘွဲ့ခံဆိပ်ကော်ဆက်ကပ်နေပုံ။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန
ဝန်ကြီး မိုလိမ္ပုံးချုပ်စိန်လွင်
အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံဆိပ်ဆော်
ဆက်ကပ်နေပုံ။

၁၃၄၀

ဆဋ္ဌသင်္ဂါယနာတင်စဉ်က



နာယက = ညောင်ရမ်းဆရာတော်ကြီး



အမေး = ဖဒ္ဒန္တဥတ္တမဆရာတော်

အဖြေ = အရှင်ဝိစိတ္တသာရာဘိဝံသ



တိပိဋကဓရဆရာတော် (၇၀) ပြည့်

ပူဇနီယပွဲ

ပူဇနီယပွဲတွင် စာရေးဆရာ

ဒါရိုက်တာ ဦးသုခ ဂုတ်ဖတ်ပူဇော်နေပုံ

တေးဂီတအနုပညာရှင်များ

ဂုတ်ဖတ်ပူဇော်နေကြပုံ

လှည့်ဖြား မုသားမပြောကြားအောင် ဥပမာ ၅-ချက်ပြ၍ ဆုံးမတော်မူရာ အခန်း၊ (ခ) ကိုယ်၊ နှုတ်၊ နှလုံး သုံးဒွါရ စင်ကြယ်အောင် ကျင့်တတ် နိုင်ရန် ကာယကံအတွက် သုံးပိုင်း၊ ဝစီကံအတွက် သုံးပိုင်း၊ မနောကံအတွက် သုံးပိုင်း = ဤကဲ့သို့ ကိုးပိုင်း ကန့်သတ်လျက် ဆုံးမတော်မူရာအခန်း ဟူ၍ နှစ်ပိုင်းနှစ်ခန်း ရှိခဲ့ရာ (ခ) အခန်း ဖြစ်သည့် ကိုယ်၊ နှုတ်၊ နှလုံး သုံးဒွါရ စင်ကြယ်အောင် ကျင့်ကြံပုံကို ညွှန်ပြသည့် ကိုးပိုင်းတို့ကို စာနေကျဉ်း၍ မှတ်ယူ လွယ်အောင် သုံးပိုင်းတည်းဖြင့် ကံသုံးပါးတို့ကို ပေါင်း၍ ဖော်ပြပါမည်။ ရှေးဦးစွာ မြတ်စွာဘုရားက အရှင်ရာဟုလာအား ဆုံးမတော်မူပုံကို ကြည့်ရှုအောင်၊ ထို ဆုံးမတော်မူပုံမှာ....

(၁) ချစ်သားရာဟုလာ။ ။ သင်ချစ်သား သည် ကာယကံမှုပြုလုပ်လိုလျှင်၊ ဝစီကံမှု ပြောဆိုလျှင် မနောကံမှု ကြံစည်လိုလျှင် မပြုလုပ်မီ မပြောဆိုမီ မကြံစည်မီ ကြိုတင်၍ ဆင်ခြင်ရမည်။ ဆင်ခြင်ပုံကား 'ငါ ယခု ပြုလုပ်လိုသည့် ကာယကံမှု၊ ပြောဆိုလိုသည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံမှုများသည် မိမိဆင်းရဲရန်လဲ ဖြစ်လိမ့်မည်လော၊ သူတပါးဆင်းရဲရန်လဲ ဖြစ်လိမ့်မည်လော။ ဤ ငါ ယခု ပြုလုပ်လိုသည့် ကာယကံမှု၊ ပြောဆိုလိုသည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံမှုများသည် အပြစ်ရှိသည့် အကုသိုလ်မှု၊ဆင်းရဲကို ပွားစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုးရရှိစေမည့် အကုသိုလ်မှုများ ဖြစ်လိမ့်မည်လော' ဟု သင်ချစ်သား စဉ်းစား ဆင်ခြင်ရမည်။

(က) ချစ်သားရာဟုလာ။ ။သင်ချစ်သား သည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်လိုသည့် ကာယကံမှု၊ ပြော ဆို လို သည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံမှုများသည် မိမိ ဆင်းရဲရန်လဲ ဖြစ်လိမ့်မည်၊ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်လိမ့်မည်ဖြစ်၍ ဤ ငါ ယခု ပြုလိုသည့် ကာယကံမှု၊ ပြောဆိုလိုသည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံမှု များသည် အပြစ်ရှိသည့် အကုသိုလ်မှု၊ ဆင်းရဲကို ပွားစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုးရရှိစေမည့် အကုသိုလ်မှုများ ဖြစ်လိမ့်မည်' ဟု အကဲယ်၍ သင်ချစ်သား စဉ်းစားဆင်ခြင်သိမြင်ခဲ့လျှင်၊ ချစ်သားရာဟုလာ....ဤသို့သဘော ရှိသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးကို သင်ချစ်သားသည် စင်စစ်ကေန် အမှန် တကယ်ပင် (ဘယ်နည်းနှင့်မျှ) မပြုလုပ်လေနှင့်၊ မပြောဆိုလေနှင့်၊ မကြံစည်လေနှင့်။

(ခ) ချစ်သားရာဟုလာ။ ။ သင်ချစ်သား သည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်လိုသည့် ကာယကံမှု၊ ပြောဆိုလိုသည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံ မှုများသည် မိမိ ဆင်းရဲရန်လဲ ဖြစ်လိမ့်မည်မဟုတ်၊ သူတစ်ပါး ဆင်းရဲရန်လဲ ဖြစ်လိမ့်မည်မဟုတ်၊ မိမိ, သူတပါး နှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်လိမ့်မည် မဟုတ် သည့်အတွက် ဤ ငါ ယခု ပြုလုပ်လိုသည့် ကာယကံမှု၊ ပြောဆိုလိုပြုည့် ဝစီကံမှု၊ ကြံစည်လိုသည့် မနောကံမှုများသည် အပြစ်ကင်းသော ကုသိုလ်မှု၊ ချမ်းသာသုခကို ပွားစေတတ်သည့် ကုသိုလ်မှု၊ ချမ်းသာသုခကောင်းကျိုး ရရှိစေမည့် ကုသိုလ်မှုများ ဖြစ်လိမ့်မည်'ဟု အကယ်၍ များ သင်ချစ်သား စဉ်းစားဆင်ခြင်သိမြင်ခဲ့လျှင် ချစ်သားရာဟုလာ ဤသို့ သဘောရှိသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးကို သင်ချစ်သားသည် ပြုလုပ်လေ၊ ပြောဆိုလေ၊ ကြံစည်လေ။

(ဂ) ချစ်သားရာဟုလာ။ ။သင်ချစ်သား သည် ကာယကံမှု ပြုလုပ်နေစဉ်၊ ဝစီကံမှု ပြောဆိုနေစဉ်၊ မနောကံမှု ကြံစည်နေစဉ်မှာလဲ ဆင်ခြင်ရမည်။ ဆင်ခြင်ပုံကား 'ဤ ငါ ယခု ပြုလုပ်

နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ ဖြစ်နေသလော၊ သူတပါး ဆင်းရဲရန်လဲ ဖြစ်နေသလော၊ မိမိ သူဘပါး နှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်နေသလော။ ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် အပြစ်ရှိသည့် အကုသိုလ်မှု၊ ဆင်းရဲကို ပွာ်းစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုး ရရှိစေသည့် အကုသိုလ်မှုမျာ်း ဖြစ်နေသလော'ဟု သင် ချစ်သား စဉ်းစားဆင်ခြင်ရမည်။

(က) ချစ်သားဆုထုးသာ။ ။သင်ချစ်သားသည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ ဖြစ်၍နေသည်၊ သူတပါး ဆင်းရဲရန်လဲ ဖြစ်၍ နေသည်၊ မိမိ သူတပါ်း နှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်၍နေသည် ဖြစ်ရကား ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် အပြစ်ရှိသည့် အကုသိုလ်မှု၊ ဆင်းရဲကို ပွာ်းစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုးကို ရရှိစေသည့် အကုသိုလ်မှုမျာ်း ဖြစ်နေသည်'ဟု အကယ်၍ သင်ချစ်သား စဉ်းစားဆင်ခြင်မိလျှင် ချစ်သားရာဟုလာ ဤသို့ သဘောရှိသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးကို သင်ချစ်သားသည် ရှုပ်သိမ်းလေ၊ ဆက်၍ မပြုလေနှင့်၊ ဆက်၍ မပြောလေနှင့်၊ ဆက်၍ မကြံစည်လေနှင့်။

(ခ) ချစ်သားရာထုလာ။ ။ သင်ချစ်သားသည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ မဖြစ်၊ သူတပါး ဆင်းရဲရန်လဲ မဖြစ်၊ မိမို့ သူဘပါး နှစ်ဦးသား ဆင်းရဲရန်လဲ မဖြစ်။ သို့ရကား ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် အပြစ်ကင်းသော ကုသိုလ်မှုမျာ်းသာ ဖြစ်နေသည်'ဟု အကယ်၍ သင်ချစ်သား စဉ်းစား ဆင်ခြင် သိမြင်ခဲ့လျှင် ချစ်သားရာဟုလာ ဤသို့ သဘောရှိသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးကို သင်ချစ်သားသည် ဆက်၍ ကြိုးစားအာ်းထုတ်လေ၊ ဆက်၍ ပြုလုပ်လေ၊ ဆက်၍ ပြောဆိုလေ၊ ဆက်၍ ကြံစည်လေ။

(ဂ) ချစ်သားဆုတုသာ။ ။ကာယကံမှုမျာ်း ပြုလုပ်ပြီးလျှင်လဲ၊ ဝစီကံမှု ပြောဆိုပြီးလျှင်လဲ၊ မနောကံမှု ကြံစည်ပြီးလျှင်လဲ ဆင်ခြင်ရမည်။ ဆင်ခြင်ပုံကာ 'ဤ ငါ ယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု၊ ကြံစည်ပြီးသော မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီလော၊ သူတပါ်း ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီလော၊ မိမိ, သူဘပါ်း နှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီလော။ ဤ ငါ ယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု ကြံစည်ပြီးသော မနောကံမှုမျာ်းသည် အပြစ်ရှိသည့် အကုသိုလ်မှု၊ ဆင်းရဲကို ပွာ်းစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုး ရရှိစေသည့် အကုသိုလ်မှုမျာ်း ဖြစခဲ့လေပြီလော' ဟု သင်ချစ်သား စဉ်းစား ဆင်ခြင်ရမည်။

(က) ချစ်သားဆုထုသာ။ ။သင်ချစ်သားသည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု၊ ကြံစည်ပြီးသော မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီ၊ သူတပါ်း ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီ၊ မိမိ သူဘပါ်းနှစ်ဦးသား ဆင်းရဲရန်လဲ ဖြစ်ခဲ့လေပြီ၊ ဤ ငါ ယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု၊ ကြံစည်ပြီးသော မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ မဖြစ်၊ သူတပါ်း ဆင်းရဲရန်လဲ မဖြစ်၊ မိမို့ သူဘပါ်း နှစ်ဦးသား ဆင်းရဲရန်လဲ မဖြစ်။ သို့ရကား ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် အပြစ်ကင်းသော ကုသိုလ်မှုမျာ်းသာ ဖြစ်နေသည်'ဟု အကယ်၍ သင်ချစ်သား စဉ်းစား ဆင်ခြင် သိမြင်ခဲ့လျှင် ချစ်သားရာဟုလာ ဤသို့ သဘောရှိသော ကာယကံမှုမျိုး၊ ဝစီကံမှုမျိုး၊ မနောကံမှုမျိုးကို သင်ချစ်သားသည် ရှုပ်သိမ်းလေ၊ ဆက်၍ မပြုလေနှင့်၊ ဆက်၍ မပြောလေနှင့်၊ ဆက်၍ မကြံစည်လေနှင့်။

(ခ) ချစ်သားရာထုလာ။ ။ သင်ချစ်သားသည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤ ငါ ယခု ပြုလုပ်နေသည့် ကာယကံမှု၊ ပြောဆိုနေသည့် ဝစီကံမှု၊ ကြံစည်နေသည့် မနောကံမှုမျာ်းသည် မိမိ ဆင်းရဲရန်လဲ မဖြစ်၊ သူတပါ်း ဆင်းရဲရန်လဲ

ကြံစည်ပြီးသော မနောက်မှုများသည့် အပြစ်ရှိသည့် အကုသိုလ်မှု၊ ဆင်းရဲကို ပွားစေတတ်သည့် အကုသိုလ်မှု၊ ဆင်းရဲဒုက္ခ မကောင်းကျိုးရရှိစေသည့် အကုသိုလ်မှုများ ဖြစ်ခဲ့လေပြီ' ဟု အကယ်၍ သင်ချစ်သား စဉ်းစားဆင်ခြင် သိမြင်ခဲ့လျှင် ချစ်သားရာဟုလာ ဤသို့ သဘောရှိသော ကာယကံမှုမျိုး၊ ဤသို့ သဘောရှိသော ဝစီကံမှုမျိုးကို သင်ချစ်သားသည် ဆရာ့ထံ၌ ဖြစ်စေ၊ ပညာရှိတို့ထံ၌ဖြစ်စေ၊ သီတင်းသုံးဖော်တို့ထံ၌ ဖြစ်စေ ပြောကြားရမည်၊ ဖွင့်ပြရမည်။ ပြောကြားပြီးလျှင် ဖွင့်ပြပြီးလျှင် ထင်စွာ ပြုပြီးလျှင် နောက်အခါ၌(ငါသည် ဤကာယကံမှုမျိုး ဝစီကံမှုမျိုးကို နောက်ထပ်မပြုတော့ဘူး၊ မပြောတော့ဘူးဟု) စောင့်စည်းရမည်။ ချစ်သားရာဟုလာ.... ဤသို့ သဘောရှိသော အကုသိုလ် မနောကံမှုမျိုးကို သင်ချစ်သားသည် ငြီးငွေ့ရမည်။ ရွံရမည်။ စက်ဆုပ်ရမည်။ ငြီးငွေ့ပြီးလျှင်၊ ရွံကြီးလျှင်၊ စက်ဆုပ်ပြီးလျှင် နောက်အခါ၌ (ငါသည် ဤအကုသိုလ်၊ မနောကံမှုမျိုးကို နောက်တဖန် မကြံတော့ပြီဟု) စောင့်စည်းရမည်။

(ခ) ချစ်သား ဆုထုလာ။ ။ သင်ချစ်သားသည် ထိုသို့ စဉ်းစားဆင်ခြင်၍ 'ဤငါယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု၊ ကြံစည်ပြီးသော မနောကံမှုများသည် မိမိ ဆင်းရဲရန်လဲ မဖြစ်ခဲ့၊ သူတပါး ဆင်းရဲရန်လဲ မဖြစ်ခဲ့၊ မိမိ သူ တပါး နှစ်ဦးသား ဆင်းရဲရန်လဲ မဖြစ်ခဲ့။ သို့ရကား ဤ ငါ ယခု ပြုလုပ်ပြီးသော ကာယကံမှု၊ ပြောဆိုပြီးသော ဝစီကံမှု၊ ကြံစည်ပြီးသော မနောကံမှုများသည် အပြစ်ကင်းသော ကုသိုလ်မှု၊ ချမ်းသာသုခကို ပွားစေတတ်သည့် ကုသိုလ်မှု၊ ချမ်းသာသုခ ကောင်းကျိုးကို ရရှိစေသည့် ကုသိုလ်မှုမျိုးသာ ဖြစ်ခဲ့လေပြီ'ဟု အကယ်၍ သင်ချစ်သား စဉ်းစားဆင်ခြင် သိမြင်ခဲ့လျှင် ချစ်သား ရာဟုလာ.... (ထိုသို့ သိမြင်လာသည့် အတွက် သင်ချစ်သား၏စိတ်၌ နှစ်သက်ခြင်း ပီတိ တရား၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားများ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားလာလိမ့်မည်။) သင်ချစ်သားသည် ထို နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်ကြံ ပွားများအားထုတ်ကာ (ချမ်းသာစွာ) နေထိုင်ရမည်၊ နေထိုင်လေ ချစ်သား။

ဤကဲ့သို့ မြတ်စွာဘုရားသည် ခုနစ်နှစ်အရွယ် အရှင်ရာဟုလာ သာမဏေငယ်အား ဆုံးမစကား မိန့်ကြားတော် မူခဲ့ပါသည်။

ထီဝဒုက္ခနိကာယ ဆာသနာပြု အဖွဲ့ဝင် သူ ဌေးဝင် ဒကာ၊ ဒကာမ အပေါင်းတို့.... အသင် သူတော်ကောင်းတို့သည် လွန်ခဲ့သော သုံးနှစ်ကပင် အစပြုကာ ဤတိပိဋကနိကာယ သာသနာပြု ကိစ္စအတွက် အားတက်သရော ကာယဏ်္ဍ မြောက်မြားစွာကိုလဲ ပြုလုပ်ခဲ့လေပြီ၊ ယခုလဲ ပြုလုပ်နေကြဆဲ၊ နောင်လဲ ပြုလုပ်ကြလိမ့်မည်။ ဝစီကံမှု မြောက်မြားစွာကိုလဲ ပြောဆိုခဲ့ကြလေပြီ၊ ယခုလဲ ပြောဆိုနေကြဆဲ၊ နောင်လဲ ပြောဆိုကြလိမ့်မည်။ မနောကံမှု မြောက်မြားစွာကိုလဲ ကြံစည်ခဲ့ကြလေပြီ၊ ယခုလဲ ကြံစည်နေကြဆဲ၊ နောင်လဲ ကြံစည်ကြလိမ့်မည်။ ထိုသို့ မိမိတို့ ဤတိပိဋကနိကာယ သာသနာပြုကိစ္စနှင့် ပတ်သက်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် = ကာလသုံးပါးတို့၌ ပြုလုပ်ခဲ့ပြီး ပြုလုပ်နေဆဲ ပြုလုပ်ကြလတ္တံ့ ဖြစ်တဲ့ = ကာယကံမှုတွေ၊ ပြောဆိုခဲ့ပြီး ပြောဆိုနေဆဲ ပြောဆိုလတ္တံ့ ဖြစ်တဲ့ ဝစီကံမှုတွေ၊ ကြံစည်ခဲ့ပြီး ကြံစည်ကြဆဲ ကြံစည်ကြလတ္တံ့ ဖြစ်တဲ့ =မနောကံမှုတွေ အသခ်ျေ အသခ်ျေ မြားမြောက်လှစွာတွေကို ဤ 'အမွေလဋ္ဌိက ရာဟုလော ဝါဒသုတ္တန်'နှင့် အညီ ဆင်ခြင်စဉ်းစား၍ ကြည့်ကြစေချင်ပါသည်၊ ထိုသို့ ဆင်ခြင်စဉ်းစား၍ ကြည့်ကြလျှင်....

(၁) ဆဆီဆ်ဏာလအတွက် 'ငါတို့တတွေ လွန်ခဲ့သောသုံးနှစ်က ဤ တိပိဋက = နိကာယ

သာသနာပြုကိစ္စနှင့် ပတ်သက်၍ ပြုလုပ်ခဲ့သမျှ
နှစ်စဉ် ကံယကံမှုများ၊ ပြောဆိုခဲ့သမျှသော
စကားမှုများ၊ ကြုံစည်ခဲ့သမျှသော မနောကံမှု
များသည် တိပိဋကစာသင်သား၊ နိကာယ် စာ
သင်သား အရှင်မြတ်များတို့ ပဒေသာ ကင်း
ဖြူမှော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ပရိယတ်တို
သာသနာဝန်ကို အား သွန်ကြိုးပမ်း ထမ်း
ဆောင်ဆောင်ရွက်ခြင်း သဒ္ဓါ၊ ပညာ၊ စေတနာ
တရားသုံးပါးရှေ့ သွားပြု ရွက်ဆောင်ခဲ့ကြသည့်
ကာယကံမှုများ၊ ဝစီကံမှုများ၊ မနောကံမှုများ
သာ ဖြစ်ကုန်စွဘကား။ ဤအမှုများသည် မိမိ
တို့သဲ့ ပစ်ချမ်းသာရန်ဖြစ်၊ စာသင်သား သံဃာ
တို့သဲ့ စိတ်ချမ်းသာရန်ဖြစ်၊ ဒကာ ဒကာမ
သားလုံး ဂိုက်ချမ်းသာရန်ဖြစ်ကြ၍ အာပြစ် ပင်
သော်, စုသိပ်မှုများ၊ ချမ်းသာသုခ တရားကို
ပွားစေတတ်သော ကုသိုလ်မှုများ၊ ချမ်းသာသုခ
ဘောင်းကျိုးကို ရစေနိုင်သည့် ကုသိုလ်မှုများသာ
ဖြစ်ကုန်စွဘကား'ဟု စဉ်းစားတိုင်း၊ စဉ်းစား
တိုင်း၊ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း မိုဃ်းတွေ
ထဲ့ခြုန်ပဝဲက်ခြင်း ပီတိဘရား၊ ဝမ်းမြောက်ခြင်း
ပါမောဇ္ဇဘကားတို့ တရိပ်ရိပ် တဖွားဖွား ဖြစ်
ပွားလျက် လာကြလိမ့်မည်၊ ထိုသို့ဖြစ်ပွားလျက် လာ
သော နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း တရား
နှစ်ပါးဖြင့် သာလျှင် 'ငါတို့ကတွေသည် နေ့ရော
ညဉ့်ပါ ကျင့်ပရိယတ်တို့ သာသနာပြု ကုသိုလ်တရား
တို့ကို ပွားများကြိုးကုတ် အားထုတ်၍ နေထိုင်
ကြရမည် ဖြစ်ပါတကား'ဟူ၍ သဘောပေါက်
နားလည်လာကြလိမ့်မည် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် တိပိဋက = နိကာယ
သာသနာပြုအဖွဲ့ဝင် အာဠာ၊ ဒကာ၊ ဒကာမ
အပေါင်း သူ့ကာကောင်းကို သည်ကျင့် တိပိဋက
=နိကာယ သာသနာ့ကိစ္စနှင့်ပတ်သက်၍ လွန်
ခဲ့သော နှစ်အတွင်း ဝိုင်းကို ပြုလုပ်ပြောဆို
ကြံစည်ခဲ့ကြသည့် ကာယကံမှု ဆောင်ရွက်ချက်
များကို စဉ်းစားဆင်ခြင် နှစ်သက် ဝမ်းမြောက်
ခြင်းကိုင်း ဆင်ခြင်တိုင်း အာသီဉာဏ်တရား တရိပ်
ရိပ် ဖြစ်ပွားပြီးလျှင် 'ငါတို့ ယခု ပြုလုပ်နေဆဲ၊
ပြောဆိုနေဆဲ၊ ကြံစည်နေဆဲဖြစ်သည့် တိပိဋက=
နိကာယ သာသနာပြုကိစ္စ ကာယကံမှု၊ ဝစီကံမှု၊
မနောကံမှုများကား ငါတို့တတွေ ဆက်၍ ကြိုး
စားအားထုတ်ရမည့် ကုသိုလ်မှုတွေပါတကား'
ဟူ၍ သဘောပေါက် နားလည်လာကြလိမ့်မည်
ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် တိပိဋကဓရ = နိကာယ သာသနာတော်ရှေးကို ပွားစေတတ်သော အုပ်ချုပ်ရေး သာသနာပြုအဖွဲ့ဝင် . အသင် ဒကာ၊ ဒကာမ များ၊ ချမ်းသာသုခ ကောင်းကျိုးတို့ ပေးနိုင်အပေါင်း သူတော်ကောင်းတို့သည် တ္ထိတိပိဋကာ =နိကာယ သာသနာပြုကိစ္စနှင့် ပတ်သက်၍ တို့ ယခု ရောက်ဆဲနှစ်၌ မိမိတို့ ပြုလုပ်နေဆဲ၊ ပြောဆို နေဆဲ၊ ကြုံစည်နေဆဲ ဖြစ်သည့် ကုသိုလ်မှု ဆောင် ရွက်ချက်များကို ဆက်၍ ကြိုးစား ဝမ်းမြောက် စွာ အားထုတ်ကြပါရန် အပ္ပမာဒ၌က ရေးသော စ၅ သုတ္တန်နှင့်အညီ ဤဒုတိယ ဩဝါဒကား ဩသန်ကြားအပ်ပါသည် သူတော်ကောင်းတို့ ....။

(၁၊၊) တဖန်လာမည့် အနာဂတ် နှစ်ကာလ များအတွက် 'ငါတို့တစ္ခေ လာမည့် အနာဂတ် နှစ်များ၌ ဤတိပိဋကာ = နိကာယ သာသနာပြု ကိစ္စနှင့် ပတ်သက်၍ ပြုလုပ်ကြမည့် ကာယကံမှု များ၊ ပြောဆိုကြမည့် ဝစီကံမှုများ၊ ကြုံစည်ကြ မည့် မနောကံမှုများသည် တိပိဋကာ စာသင်သား နိကာယ် စာသင်သား အရှင်မြတ်များတို့ ပလိ ဗောဓကောင်းငြိမ်းစွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ စွာ ပရိယတ္တိ သာသနာဝန်ကို အားသွန်းကြိုး ပမ်း (နာရီပြည့် ဆန္ဒရှိသလောက်) ထမ်းဆောင် တော်မူနိုင်ကြရန် သဒ္ဓါ၊ ပညာ၊ စေတနာ၊ တရားသုံးပါးတို့ကို ရှေ့ဆွားပြု ရွက်ဆောင်ကြ မည့် ကာယကံမှုများ၊ ဝစီကံမှုများ၊ မနောကံမှု များသာ ဖြစ်ကုန်စွဘ်တကား-။ ထိုအမှုများသည် မိမိတို့လည်း စိတ်ချမ်းသာရန်၊ စာသင်သား သံဃာတို့လည်း စိတ်ချမ်းသာရန်၊ ဒကာ ဆရာ နှစ်ဦးသားလုံး စိတ်ချမ်းသာရန် ဖြစ်ကြလိမ့်မည် ဖြစ်၍ အပြစ်ကင်းသော ကုသိုလ်မှုများ၊ ချမ်း

သို့ဖြစ်သောကြောင့် တိဝိဋကဓရ = နိကာယ သာသနာပြုအဖွဲ့ဝင် အသင် ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့သည် ဤတိပိဋကာ =နိကာယ လာသနာပြုကိစ္စနှင့် ပတ်သက်၍ လာ မည့် အနာဂတ် နှစ်များ၌လည်း ပြီးခဲ့သော သုံးနှစ်နှင့် ယခု ရောက်ဆဲနှစ်တို့ နည်းတူ တိပိဋကာ =နိကာယ သာသနာပြုကိစ္စ ကာယကံမှု၊ ဝစီကံ မှု၊ မနောကံမှုများကို မချွတ်ကော်နှံ အမှန်ပင် ပြုလုပ် ဆောင် ရွက် ကြပါရန် အပ္ပမာဒ၌က ရေးသော လောဝါဒသုတ္တန်နှင့်အညီ ဤ တတိယ ဩဝါဒ စကား ဩသန်ကြား သိစေအပ်ပါသည် ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

မင်းကွန်းဘုရားတော် ရထားတွယ်ပုံစာ ပွဲတော်ကြိုးပုံတွင်

သကုဏာ ကန်တော့ ပန်းဆင်ခန်း

(ရတု ၆-ပုဒ်)

(၁)ဖြင်ခန်းဦးဘဲ။ ။နေဝါ
ဖောင်ခြည်၊ တွင်းလမ်းလည်
သား၊ မြရည်ခိုမ်းမြိမ်း၊ မြစိမ်း
ခိုန်းနှင့်၊ ဖြလိန်းလှသူး ဧရွက်
တူ၊ မောင်မူမနွေး ဘုရြုး၍၊
နိုးဝေးရပ်တွင်း၊ တောင်ဟုန်
ပြင်းလွှက်၊ ရှတ်ခြင်းပုံသန်း၊
တောင်ဖြေမန်းမှ၊ တောင်တန်း
ကိုကျော်၊ ရှမ်းကုန်းမော်နှင့်၊
နှမျော်မြောက်ဆီ၊ တ မန် ချို
လော့၊ ရွှေလီမဲ့၊ ရောက်တုံက
လျှင်၊ သုဝဏ္ဏသက်၊ ခရီးဆက်
၍၊ နောက်ဘက်မှးရိုး၊ တောင်
ဆက်ချိုးပြီး၊ ရွှေဖြိုးဗရာ၊ ငွေ
ဝလွှာတို့၊ ဆုံရုပြခင်း၊ ရောက်
ခဲ့လျှင်းသော်၊ ရွှေ့ကွင်းကို
ဆက်၊ မြေမသက်ပဲ၊ ပြက်ခရွေ

တောင်၊ သာလျှောင်းမြောင်
နှင့်၊ ချို့ဆောင်နဖား၊ လှို
မြောင်ကြားမှ၊ သက်သား ဖယ်
ထံ၊ ဆောလျှင်ပျံခဲ့၊ ခြိမ့်ညံပွဲ
ကြီး၊ ရွှမပြီး၍၊ အံ့ချီးမကုန်၊
မြေကြီးတုန်မျှ၊ ရေစုန်ရေဆန်၊
ဟန်တန်ကုန်းက၊ လာရောက်
ကြဟု၊ ပူဇော်ပူဇာ၊ ပွဲမဟာကို၊
ကြည်ညာသော့အား၊ ဖိတ်မန်
ကြားဖို့၊ သံကြားသံကြော်၊
နိဗ္ဗာန်ဆော်လော့၊ လာသော်
မြဟို့၊ ပညောင်ညိုမှ၊ ကြိုဆို
မပျက်၊ ညောင်သီးဆက်မည်၊ ၊
ကြာ်ကြာ်ဘူးကာ ထလွှားလွှား။

(နိဗ္ဗာန်ဆော်)

ကြက်ဂူ ၀၊ ဖို၊ ဝဒညင်အို

ဝဏ္ဏကျော်ထင် ဦးကက်နက်စိန်
ရတုပိုဒ်စုံ ရွတ်ဖတ်ပူဇော်နေပုံ

(၂) ညင်ခွန်းဟာ၏။ ။မြို့ရွာတိုင်းလုံး၊ထံတျာဖုံးသား၊ ရွှင်ပြုံးထန်းမြင့်၊ သိုက်မြုံတင့်မှ၊ သံဆင့်ရွှေသြ၊ တျာတော့ တျောဖြင့်၊ သာမောတခွင်၊ သံရွှင်ရွှင်တည့်၊ တေရှင်ထံတျာ၊ အာ+နှာ+လျာဖြင့်၊ သံသာတေးသီ၊ မိုးလုံးအိမ္မာ၊ သံစီကျူးကာ တြီရတနာကို၊ သံဝါသံရွှင့်၊ သံစုံဖွင့်၍၊ ကျူးရင့်ဆက်ကာ၊ ရှိပူဇာတည့်၊ ဘဂ္ဂဝါဘုန်းချီ၊ 'မိုး' စေတီမှ၊ လေးလီသတ္တာ၊ မြတ်,မြတ်စွာနှင့်၊ 'ပါဒစက်' ဝေ၊ 'ဘုန်းပွင့်ရွှေ'မှ၊ 'တေဇာ ဗုဒ္ဓ'၊ သမ္ဗုဒ္ဓနှင့်၊ သုတဗုဒ္ဓ၊ 'ဝိစိတ္တာ'ဟု၊ အဂ္ဂမဟာ၊ ပဋ္ဌိတာ ကို၊ ပူဇာပူဇ၊ အကမ်မိုး၊ အတိုးမဖက်၊ ဆိုတေးသက်ဖြင့်၊ ညံ့ညက်ညိုညော၊ အုတ်ရွှေသြတို့၊ စိတ်ဇောကြည်ညို၊ ပူဇော်လို၍၊ သံချိုသံဆန်း၊ ကန်တော့ပန်းတည့်၊ ထန်းမြင့်သာမော၊ ထံတျာတျောဖြင့်၊ မောင်သြတချီ၊ မယ်တလီနှင့်၊ တညီကညာ၊ ကျူးရင့်သာက၊ လူ့ရွာအထက်၊ သြသံတက်သည်၊ ၊ ညက် ညတ်ကျူးတာ၌ ဆင်ထွေးကြွေး။

(မူဒဝူဇာ) ရွှေသြမောင်,မယ်၊ ထန်းမြင့်ဇယ်

ဦးမြင့်ဟန်
နှုတ်ခွန်းဆက် အမှာ စကား
ပြောကြားနေပုံ

(၃) ခင်ဇန်းသာ၏။ ။ဝါးဘုံဧမ့်မှ၊ တွန်ကြွေ့တေတျာ၊ တျောထပ်တျာနှင့်၊ ထံတျာဒူလေ၊ တေဒူလေနှင့်၊ ဒူလေတျန့် တျန့်၊ တောလုံးပြန့်တည့်၊ သံဝှန့်ကက်တူ၊ ကျွတ်ကျွတ်ဆူလျက်၊ ပူဇော်ဓမ္မ၊ စေတီယနှင့်၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာဟု၊ သုံးဖြာ ပိဋ္ဌက=မြတ်ဓရလျှင်၊ စံပြအောင်ပြီး၊ သုံးဆူတီးကို၊ အံ့ချီး ကနက်၊ အောင်ဆက်ဆက်ဖြင့်၊ ဓမ္မကွန်ပေါင်း၊ ရွှင်သောင်း လေးထောင်၊ ။ နှုတ်ငုံဆောင်သည့်၊ စံခေါင်စံထား၊ ကောရ် ဘုရားအား၊ ခါးခါးတက်တူ၊ တက်တက်တူတို့၊ တက်တူခါး ခါး၊ ခါမိသားက၊ အကြွားမပါ၊ပကာမဖက်၊ ''ဆိုတေးတက် ဖြင့်၊ သံထွက်တွန်ကာ၊ ပူဇော်ပါတည့်၊'' ပူဇာပွဲကြီး၊ ရွှေငြီး တွင်၊ ဆို+တီး+အက၊ စုံလင်လှ၏၊ ''ဆိုလှဆိုတော်၊ အဆို ကျော်နှင့်၊ ဆိုမော်အံ့ချီး၊ဝိုင်းတော်တီးက''၊စည်ကြီးတော်ဆင့် နတ်စည်ရင့်သို့၊ ရောက်ခွင့်ကြုံခဲ၊ ပူဇော်ပွဲတွင်၊ ထပ်လဲတွန် ကာ၊ တျောထံတျာနှင့်၊ ဝါးဖြာရုံထက်၊ သံကြွင်ထွက်သည်၊ ထင်ထင်တူထာ ထာစီးစီး။

(ဓမ္မဝူဇာ) ရွှေဂါ မိသားး၊ ရွှံမြင့်ဝါး

ရုပ်သေး မင်းသား ကြီး
ရွှေဘိုတင်မောင်
တေးစံနှစ်ဆယ်ပြည့် ဂုဏ်ဖော် ဆုခေါ်နေပုံ

(၅) စင်ဒုန်းခြာမြီးပိုင် မြဝါဝိမ်းရွှေ ထနောင်းဝေ
သော်၊မောင်+မေ ရွှေခြိုး၊ ပတ်သဲပျိုးလွက်၊ ဝဲတိုးသံစျေး၊
သီကုံးဝေသို့၊ လေသမ်းလေဟူ၊ ခြိ-ခုကူလွက်၊ မူသံနွဲ့နွဲ့၊
သံတွဲ့ထွဲ့နှင့်၊ သံဖွဲ့အေးအေး၊ ခံသံလေးလေးဖြင့်၊ ဆိုတေး
သံဖြာ၊ ကူကူသာ၍၊ ရဟန္တာမြတ်ရင်၊ မဂ်ဖိုလ်ဝင်နှင့်၊ နွယ်
စင်ရိယာ၊ ထေရ်မဟာအား၊ ပူဇော ပူဇော၊ တင်ဆက်သရှင့်၊
ထိုမှတဖြာ၊ ထူးမြတ်ပါဃား၊ သာဝင်တွင်းပြောင်၊ မော
ကွန်းဆောင်မည့်၊ သုံးဆောင်ပိဋ္ဌက၊ မြတ်ဗုရုန်၊ ဓမ္မ
ဘဏ္ဍာ၊ ဂါရိကာဟု၊ မင်္ဂလာဘွဲ့မည်၊ ရတြောင်းရည်သား၊
ဇာနည်လောင်းလျာ၊ ထေရ်သံဃာအား၊ ထံတကာကူကူ၊
မောင်+မယ်ကူ၍၊ ဒူတော်ဆောင်တာ၊ တော်ထံကာတည့်၊
ဝေဆာစိမ်းညို၊ ထနောင်းပျိုမှ၊ သံချိုလေးချို၊ ဘွဲ့ကြိုး
နွဲသွား၊ ယိုးဒယားကို၊ မယ်ကားတေးသီ၊ မောင်ချိုးချိုလွက်
ပီပီသသ၊ သံခြို+ချွဲ၍၊ သံသပူဇော၊ တေဇောတည့်၊ တောဇော
လှ ဖိတ်၊ ကုန်းတော်မိတ်ကွင်၊ မဆိတ်ရှင့်ကျူး၊ တကူးကူး
လှင်၊ သံမြူးလှ ထွက်၊ ဝိုးသို့တက်သည်၊ ၊ ဆတ်ဆက်
တူကာ တဖွားဖွား၊

သံသာဇော ရွှေချို၊ ၁၀ဝို၊ ဇာဝင်းဖို

(၇) ဆင်ခြိုန်းရုံခွဲ။ ။သဒ္ဒါလွှမ်းခြုံ၊ ဖူးရောင်တုံသော်၊
စွဲစုံခင်းကျင်း၊ ပူဇော်ခင်းဝယ်၊ ညီမြင်းရွှေကျီး၊ လေးရပ်
ဆီး၍၊ ခရီးဦးကြို၊ သာနှုတ်ချိုဖြင့်၊ ကြွဆိုကြွပါ၊ ခွန်းဆက်
ဆလေ့၊ မယ်က သကာ၊ ချိုသံသာဖြင့်၊ လာပါ လာပါ၊ ဖိတ်
ခေါ်ရလိမ့်၊ ဘဝအတိဘ်၊ မကောင်းစိတ်ကြောင့်၊ အဟိတ်
မြစ်မျိုး၊ ဘဝဆိုးမှ၊ ကောင်းကျိုးကိုဆက်၊ ကောင်းမှုထွက်
အောင်၊ တိုးတက်သဒ္ဓါ၊ ဘေရီမဟာ၏၊ ပါရမီထူး၊ ဖြည့်
ကြဦးဟု၊ မြင့်မြူးသိုက်မြုံ၊ မန်ကျည်းဘုံမှ၊ ဆွေဆုံမိတ်များ၊
စီတ်မန်ကြွား၍၊ အလားတူစွာ၊ ကုသိုလ်ရှာဟု၊ သံဃာတို
ညို၊ တိုက်တွန်းဆိုလေ့၊ အပိုမကြွား၊ မယ် ခုကြားအံ့၊
အခြားဘဝ၊ နောင်ကာလဝယ်၊ ရူပဖြူကြွယ်၊ အနက်ကွယ်
၍၊ လူဝယ်ပြည့်ဝ၊ ချမ်းခင်ကြွယှက်၊ သာသနာ့တွင်၊ ကျွတ်
တမ်းဝင်ဟု၊ တွာတင်ရတနာ၊ မြတ်သုံးဖြာနှင့်၊ ဦးစွာ
စီပိဋ္ဌက၊ မြတ်ခရေဟု၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာအား၊ သံသာ
ညက်ညက်၊ တောင်းဆုဆက်သည်၊ နှစ်နှစ်ဓူကာ တအား
အား။ (ဇော်ဦးကြူသို) ဖုန်ကျည်းဘုံမှာ၊ ရွှေကျီးသာ

ဆရာကြီး ဦးဆန်းထွန်း ▶
ရကုပိဒ်စုံ ရွတ်ဖတ်ပူဇော်နေပုံ



(၉) ရှင်ဆန်းဝါဆို။ ။ရွှေမာပင်နန်း၊ ဘုံသာဆန်းဝယ်၊ ထုပ်တန်းဆီးဆီး၊ ဘိုင်းစီးစီးနှင့်၊ အမြီးတောင်ခတ်၊ နပန်းသတ်လျက်၊ ကွတ်ကွတ် ကွိကွိ၊ ပင်လုံးအိမ္မ၊ ပျော်ဘိဆက်ရက်၊ အုတ် ကျက်ကျက်နှင့်၊ စုံဖက်တူပျော်၊ သံငေါငေါဖြင့် ပူဇော်ပွဲကြီး၊ ရောက်လာပြီးလျှင်၊ အထီး ကယ္၊ အမ, ကူ၍၊ ဤမူ အစား၊ ဤကား ဖျော်ရေ၊ ညှော့ ဝတ်ကျေလျက်၊ မနေမနား၊ လုပ်အားကြည်ဖြူ၊ ထပ်ဆင့်ကူသို့၊ လှသူပေါများ၊ ဖျော်, အစား နှင့်၊ ဤကား ဘူးကြော်၊ မုန့်ဆီကြော်က၊ ပဲကြော် စုံပေါင်း၊ ကောက်ညှင်းပေါင်းမှ၊ မုန့်ပေါင်း မုန့်ရေ၊ မုန့်လေပွေကို၊ လာလေသမျှ၊ ကျွေးအဝ တည့်၊ ငှက်လှဆက်ရက်၊ ပျော်တော်ဆက်ဟု၊ ဝါး ချက်စည်းကိုက်၊ ဇာတ်မတိုက်ဘဲ၊ နှန်းသိုက် ရွှေမြို+ရွှေမာဘုံက၊ ဂျုံဂျုံဂျမ်းလွှဲ၊ ဒိန်းဒေါင်း ပွဲနှင့်၊ မြီးဆွဲခေါင်းကုတ်၊ သတ်ပုတ်ကစား၊ ကျွမ်းတားကွဲလောင်း၊ ခြေချောင်းတွဲလဲ၊ ဆပ် ကပ်ပွဲသို့၊ ငါးတွဲကမူ၊ သံအာက်အူဖြင့်၊ သံဆူ သံပုက်၊ သံငေါထွက်သည်၊ ၊ ချွတ်ချွတ်ဆူကော ဆခါးဝါး။

(ဓမ္မဒိန်ဟောင်ဆက်) ရွှေမာပင်နန်း၊ ဘုံဆက်ရက်

လက်ဝဲမင်းညို

မဟာသရေစည်သူဦးချမ်းသာ
လက်ဝဲမင်းညို ရေးဖွဲ့သည်။
(၂၄-၁၀-၈၁)

သကြား ဦးဃောသ၏ ဘဒ္ဒန္တေ အာယုသံ ဝိဇိတံ ဟိတံ သိဝံ

(၁) ဘဒ္ဒန္တေ အာယုသံ ဝိဇိ၊
ဇိဝိတံ စ ဟိတံ သိဝံ။
မင်္ဂံ သမ္မံ ပစ္ဆာ+မတ္ထု၊
ပဒယာဇနံ သုဝေ သုဝေ။

ရာ့နှစ်ဆယ်တည်၊ သက်တော်ရှည်၊
ယင်းသည် ခုနှစ်ဝ။
နှုရုဒ် ငါးဆယ်၊ ရာက ကယ်၊
ခြောက်ဆယ် ဗာကုလ....

ဘဒ္ဒေးနှင်= အရှင်မြတ်ဘုရား။ (ဘဒ္ဒန္တေ တိ ပုဒ်မှ အာဃာတံ အာသပတိ၊ ၊မဟာနိဒ္ဒေသ၊ ၁-အဋ္ဌကဝဂ်၊ ၁၄ တုဝဋ္ဋက သုတ္တံ နိဒ္ဒေသ)။ ။ဘ=အရှင်မြတ်အား။ ဘဒ္ဒ စ = ကောင်းခြင်း အစရှိ မက္ခာ မင်္ဂလာ အစဉ်ဆင့်သည် လည်းကောင်း။ (အဆ ဝါ သုန္ဒဒံ ဘဒ္ဒကံ ကလျာဏံ၊ ၎င်း)။ ။အာယုသံ စ=သက်ပိုင်း သက်ဆစ် တွက်စဉ်ကပ်ဆုံး ပတ်လုံးမယိုင် ခိုင်ခိုင်ကျည် ကျည် တည် တော် မူကြောင်း ကောင်းသော အခြေခံသည် လည်း ကောင်း။ စိရံ ဇိဝိတံ စ=

ဝိ ဒေပါက် ပြဟ္မာ၊ သေလ ဗာ၊
အာနန် ကသပ။

အာယုပရမ ကျော်သာသည့် တော်မဟာ ကွန့် ကွန့် အညွန့်အဖျား သက်တော်ရှည် 'ရာကျော်'များ ကဲ့သို့ ရှည်လျားသော သက်တော်သည် လည်းကောင်း။ဟိတံ စ =အတွက် ပရ နှစ်ဝအကျိုး တိုးတက်ပွား စီးခြင်းသည် လည်းကောင်း။ သိဝံ စ= ကိုယ်ဘွင်းကိုယ်ပ နှစ်ဝဘေးဘျမ်းအေး ဆွမ်းတော်မူခြင်းသည် လည်းကောင်း။ မင်္ဂံ စ=ပီတိသောမနဿ ဇောမပြတ် အစဉ်လည် ရွှင် ကြည် လန်းဆန်းခြင်း သည် လည်း ၎ င်း။ (မင်္ဂ = ဒေသ ဝိသေသ၊ ဟသ၊ အာဟ္လာဒ၊ ၊သဒ္ဓါသိန္ဓု အာဘိခာန်)။ ။သမ္မံ စ=မသက်မသာ ရက်မချာလျှင် ဆက်ကာ ဆက်ကာ-ထပ်

ထပ်ဟော ဖတ်ဖတ်မော-ဝင်္ဂအတွင်းမှ လွတ်ကင်း အဟောအပြော တလော တ လော နား နေ ခွင့် သည် လည်း ကောင်း။ (သမ္မ=သုခ သာစ္ဆန္ဒ၂ အာရာမ၊ ၊သဒ္ဒသ်ဒ္ဓ၊ အဘိဓာန်)။ ။ ပစ္ဆိမ = ဧလောက ဓမ္မ ရာဇ အဓရး အဓိကြောင်းဥ္စ ဆေးကောင်း လပ်မကွာ စာတ်စာဝင်ပေ အဆင် ပြေ သကဲ့သို့ အဆင်ပြေမှုသည်လည်းကောင်း။ (ပစ္ဆိ= ရောဂိနော(အတ္ထာဖ)ဝိဟိတာ-ဟာရ၊၊ သဒ္ဒသိဒ္ဓ၊အဘိဓာန်)။ ။ပယောဇနံ စ= ကြံ ဘိုင်းစည်တိုင်း ရည်ဘိုင်းပြီး ဖြောက် ခရီးရောက်တော် မူခြင်း သည် လည်း ကောင်း။ သုဝေ သုဝေ=ယနေ့ နက်ဖြန် ဆက်ရန် သန်ဘက် ရက်ဘိုင်း နေ့တိုင်း။ အာတ္တ၊=ကလာဆန်းကြွ စန်းလ+ဒီရေသို့ တည်နေ ဖြစ်ပွား ပါ၏စသတည်း။

(၂) ယဇ္ဇပိ ခဒိဗာရဉ္ဉေ၊
ဂုတ္တေ ဝဿေ ဟိ စမ္မကော
ရူက္ခော။
တဒပိ စ ပဇိမလ မတုလံ၊
ဒိသိ ဒိသိ ကထယေ
သမိရကော တာသ။
(အဇိသာဂဒါဓာ)

စမ္မကော ရူက္ခော=စံကားပင်သည်။ ဂုဒက္ခ-လုံခြုံသော။ ခဒိရာရဉ္ဉေ ဟိ-ရော=ရွားတောင်္ဒသာလျှင်။ယဇ္ဇပိ ဝဿေ = အာကယ်ဆိုကား မကြွား မမောက် အလျောက်သာသာ နေ၏။ အပိ စ = သို့ပင်တစေ အနေချုပ်ရုပ် ကုပ်ကုပ်နေ ပါသော်လည်း။ တာသ = ထိုစံကားပင်၏။ အတုလံ=သူနှင့်သူသာ တူရာဆုန်းဆန်းမမျှသော။ တံ ပရိမလံ = ဘဝင်ချို အေး ထိုအမွှေးကို။ သမိရကော=ပန်းသတင်းဆောင် ဧလည်းမောင်က။ ဒိဆိ ဒိသိ=ခေါက်ပြန်လှောက်လှက် အောက် ထက်ကြည့ နေရာအနှံ့။ ကထယေ= ပန်း စံကား ဂန္ဓိုင်တွင်း ကြိုင်သင်းမဆုံ ပုံလှိုင်သော အတွင်းရေးကို သဟင်း ပေးပြောကြား လေ၏။

(၃) နံ ပုပ္ဖဂန္ဓော
ပဋိဝါတ+မေတိ၊
နံ စန္ဒနံ တဂရ မလ္လိကာ ဝါ။
သတ္တာ ဂန္ဓော
ပဋိဝါတ+မေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော
ပဝါယတိ။

စန္ဒကူးဇလပ်၊ အာချပ်ချပ်နှင့်၊ လှပ် လှဖ်စံပယ်၊ လေဝယ်ပုံ့ပုံ့၊အနံ့လွှမ်းထုံ၊ ပန်းစုံနံ့သာ၊ မွှေးလှိုင်ပါလည်း၊ ဧလ ညာမပေါက်၊ ဝန်း ကျင် လောက် နှင့်၊ လေအောက်နိုး၀ေး၊ ရနံ့ ပြေး၏။ အေး မြစိတ်ဝမ်း၊ အရိပ်ချမ်းသို့၊ မသွမ်းနှုတ် ချို၊ ခွန်းမြိန်ဆိုသား၊ ကိုယ် မူ ပျော့ ပျောင်း၊ သူတော်ကောင်းကား၊ ဂုဏ် ပေါင်းပုံ့လှိုင်၊ ဆယ်ရပ်တိုင်၏....။

(၄) ဝိသိဋ္ဌ ဒီဃ ဘာဏကော၊
မဟာဒိ ကောဝိဒေါ တထာ။
တဒဉ္ဉနိကာယိကော
ထေရော၊
သုတ္တန္တိကောတိ ဝိဿုတော။

(၅) ဝိသိဋ္ဌာဘိဓမ္မိကောတိ၊
မဟာဘိဓမ္မ ကောဝိဒေါ။
ဝိသိဋ္ဌ ဝိနယဓရော၊
မဟာဝိနယ ကောဝိဒေါ။

(၆) ဝိသိဋ္ဌာဒိ တိပိဋကာ-
ဓရောပါမိ မရော စ သော။
မဟာဒိ တိပိဋကာဒိ-
ကောဝိဒေါ ပါမိကော
သုတော။

ဝိသိဋ္ဌဝိနယဓရောတိ စ = ဝိသိဋ္ဌ ဝိနယ ဓရ ဟူ၍ လည်းကောင်း။ မဟာဝိနယ ကောဝိဒေါတိ စ=မဟာဝိနယ ကောဝိဒ ဟူ၍ လည်းကောင်း။ ဝိသုတော=မြန်ပြည်မဆံ့ အနှံ့ကမ္ဘာ အုတ်အာသောသော ကျော်စောထင်ရှားတော်မူပါသတည်း။

(၇) ပုရတ္ထာကာလပွဘုတိ၊
ယာဝဒဇ္ဇတနာ သတိ။
ရောဝတီ နဒီ နိစ-
မုစ္စဂတိဟိ သန္ဒတေ။

ပုရတ္ထာကာလပွဘုတိ=ကမ္ဘာတည်ဦး ပကတ္တူးမှ စ၍။ ယာဝဒဇ္ဇတနာ=ယနေ့ကျွန်အောင်။ သတိ=မပ မကွယ် မပြယ် မခပျာက် မခြောက်မခန်းသေးသော။ ရောဝတီ နဒီ=ရောဝတီသည်ာ မြစ် သာယာသည်။ နိစမုစ္စဂတိဟိ = မြစ်ကျဉ်း မြစ်ကျယ် မြစ်အငယ်နှင့် သုံးသွယ်ရတဲ့ ရေအစုမှာ ရေနုရေငှိမ့် ရေ အလိုမ့် ကြောင့် နိမ့်+မြင့်နေငြား ရေအလားတို့ဖြင့်။ သန္ဒတေ=စီစီလျှဉ်လျှဉ် အစဉ်စဉ်ဖြင့် အယဉ်မပြတ် စီးဆင်းနေပေသတည်း။ သန္ဒတေ = လျှပ်စစ်နှင့်မီးလှုံနာမ်ခန္ဓာ ရုပ်တရားတို့ တဖြုတ်မနား စီးလေသကဲ့သို့ စီးနေ တုန်း ဖြစ်ပါသတည်း။

ထေရော = ရဟန်းဇာနည် မဟာထေရ်သည်။ ဝိသိဋ္ဌဒီဃဘာဏကောတိ စ=ဝိသိဋ္ဌ ဒီဃဘာဏက ဟူ၍ လည်းကောင်း။ တထာ=ထိုမှတပါး။ မဟာဒီကောဝိဒေါ တိ စ=မဟာဒီဃနိကာယ ကောဝိဒ ဟူ၍ လည်းကောင်း။ တဒဉ်ဉ နိကာယိကောတိ စ = ထိုမှ တပါး နိကာယ်ချီးဖြစ်နှစ်ပါးဝိသိဋ္ဌ ကောဝိဒ ကုအော် ဝူး စုပူးထည့်သွင်းနိကာယ်ဆောင် ဟူ၍ သတ်ပုံးကောင်း။ သုတ္တန္တိကောတိ စ = သုတ္တန်ပိဋကတ် ပရိယတ်ကျမ်းကြီး ငြန်းထီး ဝင်ထောင် မကိုင်ဆုတန်ဆောင် ဟူ၍ လသ်းကောင်း။ ဝိသုတော = မြန်ပြည်မဆံ့ အနှံ့ကမ္ဘာ အုတ်အာသော ကျော်စောထင်ရှားတော် မူပါသတည်း။

ထေရော = ရဟန်းဇာနည် မဟာထေရ်သည်။ ဝိသိဋ္ဌာဘိဓမ္မိကောတိ စ= ဝိသိဋ္ဌအာဘိဓမ္မိက ဟူ၍ လည်းကောင်း။ မဟာကိစ္စကာဝိဒေါတိ စ = မဟာအာဘိဓမ္မ ကောဝိဒ ဟူ၍ လည်းကောင်း။

(၈) ပါရာပါရေသု တဿာပိ၊
သဇ်ဝါ ဇ်ဝ သခ်တာ။
ပါတုဘူတာ တိရောဘူတာ၊
ဝုဒ္ဓိဟာနိဝသံဂတာ။

တသာ=ထိုရောဝတီမြစ်၏။ ပါရာပါရေသုပိ=ထို+ဤကမ်းဘေး ဝေး နီးရွာမြို့ အစိုစိုတို့၌။သဇီဝါဇီဝသန်တာ=သန်ဒါရစက်ဂွင်း သက်ဆင်း ကျလာသတွာဝတ္ထု အစုစုအတင်တင် ဇင်္ဂမ ထာဝရ သဘာဝအုပ်စိုး အရှင်အသေမျိုးတို့သည်။ ဝုဒ္ဓိဟာနိဝသံဂတာ = မြင့်တုံအတက် သက်တုံအလျှော တလောဝယခါအလိုသဘော ဓမ္မတာကို လိုက်လျောကြရ ကုန်သည်ဖြစ်၍။ (တိရောဘူတာပိ = တိမ်မြုပ် နေကြရာမှလည်း) ပါတုဘူတာ=အခါသင့် အခွင့်သာသဖြင့် ပွင့်လာ ပေါ်လာကြပေကုန်၏။ (ပါတုဘူတာပိ = ကျော်ကျော်ထင်ထင် ပေါ်ပေါ်လွင်လွင် ဘဝမှလည်း)။ တိရောဘူတာ = တိမ်တခဲနက် ကြည့်ယင်း ပျက်သို့ ပြက်ပြက်မထင် 'စင်ဝင်သော အရုပ်များ' ကဲ့သို့ မြုပ်သွား ကွယ်ပကြရလေကုန်၏။

(၉) တံတံယုဂေသု သုတေသု၊
ယထာယုဂံ တဟိံ တဟိံ။
မဟပ္ဘုတာနိ ဘူတာနိ၊
အသိံ ဗြဟ္မ မဏ္ဍလေ။

အသိံ ဗြဟ္မ မဏ္ဍလေ=ထက်အောက် ဝန်းလည် ဤမြန်ပြည်၌။ သုတေသု = သမိုင်း စာတင် ရာဇဝင် အစဉ်အား ဖြင့် ထင်ရှားလုစွာကုန်သော။တံတံ ယုဂေသု =ထိုဆိုဖြစ်ပျက် ခေတ်အဆက်ဆက်တို့၌။ ယထာယုဂံ=သီရိခေတ္တ ပုဂံစ၍ ပင်းယ+စစ်ကိုင်းတိုင်းမ နေတည် ရွှေပြည်အင်းဝ ယင်းက ညောင်ရမ်း အာခေါင် လွှမ်း လျက် ခမ်းနားဘုန်းရောင် ကဲ့နှံးဘောင်စ, နှောင်း ကြိမ် ကြိမ် ပြောင်း၍ အဟောင်း, အသစ် ခေတ် အား လျော်စွာ။ တတိံ တဟိံ=မပြတ်လိုလို ရင်တိုထို၌။ မဟပ္ဘုတာနိ=ပြောသေး ဝေး ကြား၍မယုံ ကြုံမှအံ့မူး လွန်ကြည့်နှုး ရသည့် ထူးလှသောဖြစ်အင် တခေတ်တွင် တစ်ခါပေါ် ကမ္ဘာကျော် ပုထိုးအ မျိုး မျိုး စေတီ မွေ သရီအောင်း ကျောင်းပြာသာဒ်ဂူ အဆူဆူ အဆန်း ဆန်း ပန်းဆယ်မျိုး လက်မြောက်အနက် မ ပြောက်ဆင် ဖြူ။ 'ရှင်တဆူ လူတစ်ယောက်' ငမောက် ကျောက် သို့ အထောက်မတန် အံ့ဖွယ် ကြီးတို့သည်။ ဘူတာနိ=အသစ် အထူး ဖြစ်ပေါ်ဖူးလှလေကုန်ပြီ။

(၁၀) ကလိယုဂသ္မ စုတသ္မ၊
အဇ္ဇကာလော မဟတ္တရော။
သန္နိဋ္ဌော ဟိ တေပိဋကော၊
အာဒိမော ဝိမ္ဗယက်ရော။

စုတသ္မ=ခုံလေးချောင်းထောက်သုံး ချောင်းပျောက်၍ အထောက်တချောင်း မပျောက်သောင်းသဖြင့် ကျန်ရော ကျန်လေပါသို့ အရာရာမျိုး ကြမ္မာညှိုးသဖြင့် အဆိုးပေါလှ လျှော ကျဆုတ်ယုတ်နေသော။ ကလိယုဂသ္မ= ခရစ်မပေါ်မီ သုံးထောင် တစ်ရာ့နှစ်ခု (၃၁၀၂)ဖေဖော်ဝါရီလ ၁၈-ရက်နေ့ မနက်ခင်းမှစ၍ ဆန်းခဲ့သော ကလိယုဂ်၏။ (ကေဒေသော=တစိတ်တပိုင်း ဖြစ်

သော)။ အဇ္ဇကာလော = အဝေးကြိမ်လာယနေ့အချိန်အခါကား။ မဟတ္တရော = အခါတပါးထက် သာသွား သဖြင့် ချီးဖွယ် ကြီးကျယ်သော အခါပါတည်း။ ဟိ=ဖေ=ဟေတု='မဟတ္တရော' ဇာတ်ခင်္ဂသဘောမှာ ထပ်ပြောလောင်း စွဲအကြောင်းပြကား။ ဝိမှယက်ရော=တိုင်းအတည်တည် ပြည်အစိုစို မြို့တကာနယ်တကာ ထောင့်တိုင်းမှာပင် ပေါ်လာခဲလှ ထွက်ခဲလှ-ဟု အဇ္ဇုတ .... အလောကဖြစ်ခြင်းကို ပြုတော်မူလတ်သော။ အာဒိမော=တစ်ခေတ်တစ်ခေတ် အသစ်ကူးရာ ဦးစွာပထမ အစ=လက်မွန်ဖြစ်သော။ တေပိဋကော = ပိဋကသုံးပုံ အလုံးစုံကို ကျုံးခြုံနှုတ်တက် ပုဒ်မပျက်ပဲ ပုဒ်နက်အဓိပ္ပာယ် အသွယ်သွယ်ကို မကွယ်မဝှက် ပြက်ပြက်ထင်ထင် မြင်သိတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ်ကို။ (အဇ္ဇ - ကာလိကေဟိ= သေသူကို ရှင်သူ တ, ရသည့် ခုကာလ ခေတ်ဂင်သူတော်စင်တို့သည်)။သန္ဓိဋ္ဌော = ကံတော်ကံငြား အံ့ဘပါးဟု အံ့အား အံ့ဩအော် အနှံ့ကြောဲလျက် ပူဇော် အံ့အဲ့ခြိမ်ခြိမ့်သဲမျှ ဝဲ့ချီး အံ့အော သောသော အံ့အာ သဒ္ဒါဖြူးကြွေး ပူးရမြော်ရ အပ်လေပြီ။

(၁၁) ဆဋ္ဌသင်္ဂီတိ သခ်ါတေ၊
သဋ္ဌမ္မောဒယ ဘူဓရေ။
တိပိဋကမို နိသင်္ဂ-'
ဝိသဇ္ဇဓေ ဒိဝါကရော။

ဆဋ္ဌသင်္ဂီတိ သခ်ါတေ = ဆဋ္ဌသင်္ဂါယနာ တည်းဟူသော။ သဋ္ဌမ္မောဒယ ဘူဓရေ=ဓမ္မဝိနယ ပိဋကဟု သဒ္ဒမ္မရှိန်ရောင် ထိန်ထိန်ပြောင်သား အခေါင်ထွန်းတက် ဥဒည်းဟူသော နေစ,ရာဘောင်ထက်၌။ တိပိဋကမို=ခြင်းငေါင်းကြီးသုံးဆူ အနှန်းဟူ၍ သုံးဋ္ဌသော ကျွန်းခွင် အမွှမ်းတင်သည့် သုံးအင်္ဂသော ပိဋက ပို့ဝေစနှ်။ နိသင်္ဂ် ဝိသဇ္ဇကော= ဆီးနှင်း+မြူ+တိမ် အရောင်သိမ်အောင် ရှက်လိမ့်ဟန်ဆိုး မြူ+အုံးကို လိုးဖောက်ထွင်းကာ လင်းပြာ စင်လတ်-

'တင်ခတ် နှီးခိုက်
ရေ၌ ငုပ်ပေါ်
မေးလင့်သော်လည်း
ဖျော်ဖျော်လေကျွမ်း
ဖြေနိုင်စွမ်း'၍-

မအာမ်း+မငေး မလေး+မဆိုင်း အမေးတိုင်း၌ ခိုင်းခိုင်းလွတ်လွတ် တွတ်သွတ်လှုပ်ကာ နှုတ်အာသန့်ရှင်း ဓင်းမင်းကြီးဖြေဆိုနိုင်ပေသော။ ဒိဝါကရော = နေမင်းလျှံလူ စံတမူ ဖြင့် မှန်ကူညာဖျားအရာထားရသော ပုဂ္ဂိုလ် ကျော် သည်တည်း။ အာဒိးမော တေပိဋကော=အဦးအစ ဟိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ် ဖြာတော်မူပါသတည်း။

(ကျိုက်ထာသို့ အမိုးရာရန်ည်း အားဖြင့် အထက်ဂါထာမှ အာဒိမော တေပိဋကော လိုက်သည်။)
သို့မဟုတ်....

ဒာန္ဒ ဝတ္ထ သုဝဏ္ဏာနိ၊
ရတနာနိ ဝိဝိဓာနိ စ။
ဗြာဟ္မဏာနံ နဒီတီရေ၊
ဒဒါတိ ဝေ ဂေဂသော။-

ဟူသောဂါထာ၌ ဗြာဟ္မဏဟူသော အာလုပ်ပုဒ် ဂ္ဂဟ္ဘော (သို့မဟုတ် သမိဒ္ဓေါဟူသော ကတ္တားပုဒ်ကို ဂုတ္တနည်းအားဖြင့် ဝှက်မြုပ်ထားသကဲ့သို့ မြုပ်ထားသည်ဟုလည်း ဆိုခွင့်ရှိသည်။)

(၁၂) 'မဟာဓမ္မကထိကော တိ၊
မဟာသယေဟိ သမ္မတော။
အသဒ္ဓေါ သော
အမာယာဝီ၊
သုဟုဇုတိ စ မာနိတော။

သော = ထိုတိပိဋကအရှင်မြတ်ကို။ မဟာသယေဟိ=ထိုက်ထိုက်တန်တန် မှန်ရာကိုရွေး လေးစားတတ်သူ၊ လေးစားအပ်သူ လူကြီး ရှင်ကြီး အသိုးသိုးအသက် အသက ဟဒယပျော့ပျောင်းသူတော်ကောင်းနွယ်ဖွား အရွယ်အစားစား တို့က။ မဟာဓမ္မကထိကောတိ=ဓမ္မကထိက အရှင်မြတ်ကြီးဟူ၍။ သမ္မတော=ဝဲ့မျိုးပညတ် သမုတ်အပ်ပါ၏။ အသဒ္ဓေါတိ စ = ဂုဏ်မရှိကို အရှိလုပ်ကာ ယုတ်မာဝါကား တလွဲလွဲနှင့် ကြွားကြွားကြွကြွ တရွရွလျှောင် သာဓုယူသဘော မနောမဒင် မင်နှင့်ဟန်ပန် သဏ္ဌာန်မလုပ် ချုပ်ငုပ်နှတ်လျှာ စောင့်စည်းပါ၍ ဆိုရာဆိုကြောင်းဆိုစကောင်းမှာ 'နှုတ်ကောင်းခွန်းမြိန်၊ သုခမိန်၊ မှိန်မှန်နေတတ်သော' အရှင်မြတ်ဟူ၍သည်းကောင်း။ အမာယာဝီတိ စ=အပြစ်ရှိုးကို မရှိသယောင် လုံအောင်ဖုံးဖိ သိမ်ဆွဲထင်သူကိုဖယ် ပရိယာယ် မူယာ သူသာအတော်အကောင်းဟုအလှော်အပေါင်းဘေးတီးခြင်း ဝေးနိုးလိမ်ညာ မာယာသဘော ကင်းစင်ပေသော အရှင်မြတ်ဟူ၍ လည်းကောင်း။ သုဟုဇုတိ စ=ဟန်ပန်မမောက် မကောက်မကျစ် အပြစ်နှစ်ထွေ စင်ကြယ်ပေသဖြင့် အနေစင်းစင်းအတွင်းအပ ဖောင်တည့်ဖွယ်ရာနှလုံသော အရှင်မြတ်ဟူ၍ လည်းကောင်း။ မာနိတော=ဝေးရာမသီး နိုးရာမခြားအများရှင်လူ စဉ်းသိသူတို့ အလိုက်သည်းလိုက် အသည်းခိုက်အောင် စဲစိုက်ကြည်ညိုအပ်ပါသတည်း။

(၁၃) သဗ္ဗတ္ထ ဗဟုဿုတောပိ၊
နေသော ရန္ဓဂေဝသကော။
ဘဒြာနိပသီ သဗ္ဗတ္ထ၊
နေသော ဓမ္မဂေဝသကော။

နေသော = အဆိုပါအကျော်ထိုဆရာတော်သည်။ သဗ္ဗတ္ထ=အရာရာ၌။ ဗဟုဿုတောပိ = ငဿုဟုတ လွန်ကဲလျက်။ နရန္ဓဂေဝသယော = အကျင့်ကောင်၌အပေါက် ရှာတတ်သော ပဋိဝေါလ်မဟုတ်ပါဒပါသဗ္ဗတ္ထ=အရာရာ၌။ ဘဒြာနိပသီ = အကောင်းမြင်ဝါဒ ရိုးကာမာဂ်ဖြစ်၍။ နေသော = အဆိုပါအကျော် ထိုဆရာတော်သည်။ ဓမ္မဂေဝသကော = တေဒဂ်ဝင် ရှင်သုဘူတိအလား တရား

သဘောကိုသာ ရှာတတ်သော ပုဂ္ဂိုလ် ●ါတည်း။

(ဟောန္တိ စေတ္ထ....

(က) အဂါမေလ သဒ္ဓါရီ၊
နဂဒ္ဓံ ယာတိ ရောဟိတော။
အဂုံဌောဒကမတ္တေန၊
သဖရီ ပုပ္ဖရာယတေ။

(ခ) ပိသာ ဘာရ သဟဿေန၊
ဂဒ္ဓံ နာယာတိ ဝါသုတီ။
ဝိပ္ပိဋ္ဌကော ဗိန္ဒုမတ္တေန၊
ဇဉ္ဈံ ဝဟတိ ကဏ္ဍကံတိ။ ။)

(၁၄) ပူဇိတ ပူဇကေ လောကေ၊
ပူဇနီယောတိ ပူဇိတော။
ပူဇကာနဉ္စ ပုညံ။ပ-
စယတ္ထာယ နိယာမကော။

ပူဇိတ ပူဇကေ = ပူဇော်လက်စ အဆက်ရက တက်ကြွပူဇော်တတ်သော။ လောကေ=သူတော်ကောင်းတရား ထွန်းကားလာဆဲ ဤလောကထဲ၌။ ဧသော=ထိုတိပိဋကဓရဆရာတော်ကို။ ပူဇနီယောတိ=ပူဇော်အပ်သည် အမှတ်ရည်၍။ ပူဇိတော = အလိလိအထပ်ထပ် ပူဇော်အပ်ပြီ။ ဧသော=ထို တိပိဋကဓရ ဆရာတော်သည်။ ပူဇကာနံ=ပူဇော်သသူ များရှင် လူတို့၏။ ပုညံ။ပစယတ္ထာယ=ကောင်းမှုအကျိုး ဖွားဖွားဖြိုး၍ ပွားတိုးစိမ့်သောငှာ။ နိယာမကော စ='လွန်နည်းမှန်စေ' ဘဲ အာခြေတည် မသွေလည်အောင် အာရုံမြောင့် ပဲ့လည်းကိုင်တော်မူတတ်ပါသတည်း။

(၁၅) ဘဝတော သ-တော သန္တောသ-
သောမ သောမံ ဝိနိမ်မိတော။
တေပိဋကဓ နိကာယောတိ၊
သမယော သမယံ လဘိ။

သ-တော=နှုလုံးပျော့ပျောင်းသူတော်ကောင်း စင်စစ် ဖြစ်တော်မူ ပေသော။ ဘဝတော = အရှင်မြတ်၏(၀၇) အရှင်မြတ်သည်။ သန္တောသ သောမသောမံ ဝိနိမ်မိတော = အတိရေက လာဘ်လာဘ၌ ဂါဟမစ်ိ မနှောင့်ပဲလျှင် ရောင့်ရဲတင်းတိမ် စဉ်းအိမ်စန်းလ လျှမ်းလျှမ်းပ-သ ဖြင့် ချမ်းမြသည့် ရည်အတူသီတဂူဧတ္တာ ငွေ့ဖြင့် လွေ့လွေ့လျှံလန်း ဖန်ဆန်း တည် တော်မူအပ်သော။ တေ-ပိဋကနိကာယောတိ သမယော = 'တိပိဋက=နိကာယ'ဟု ကုမုဒကြာအသွင် စာသင်သမာဂမ 'ဘာဏက' ဝှဲ့ချီး အဖွဲ့ကြီးသည်။ (ဒါနိ=ဝိ, သ, သီ, သု, ဒါ ယုဂ် အခါငါးခု တစ်စုတည်း၊ စုလာ ယခုအခါ၌)။ သမယံ လဘီ=ဒါနဖြာဝေ စာပေသုတ သမာဓိ ဝိမုတ္တိချက်ကဲ့ ဘက်စုံရှိသွယ် နိကာယ်သာသနာ ထိန်ထွန်းလာဖို့ အခါတော်ပေး အောင်သံကြွေးရွှ အာရေးခွင့်သံ ပွင့်လာခဲ့ပြီတကား....။ ။

ဦးဆန်းထွန်း
ထာဝိယ၊ ၇၆

ဓမ္မမိတ်ဆွေနှစ်ဦး ဆွေးနွေးခန်း

၁။ ဓမ္မမိတ်ဆွေ။ ။ဩော်.... ဓမ္မမိတ်ဆွေပါလား၊ ဒီလိုနေရာမျိုးမှာ ကျွန်းကျွန်း မာမာ ချမ်းချမ်းသာသာနဲ့ လာတွေ့ရတာ အလွန်ဝမ်းသာပါတယ် မိတ်ဆွေ။

စကားမစပ် မေးစမ်းပါရစေနော်၊ မင်း တုန်း မင်း တ ရားကြီး လက်ထက် စလေဆရာကြီး ဦးပုညရေးသားခဲ့ဖူးတဲ့ 'သောင်ကမ်းနှင့်

ရေ၊ လွမ်းစရာပွေလွန်းလို့'ဆိုတဲ့ စာသွားအတိုင်း ဟောဟိုက ရော ဝတီသောင်ကမ်းနဲ့စမ်းရေရယ်၊ ဟောဒီက တောင်တန်းတွေနဲ့ ဘုရား စေတီတော်မြတ် ဟွေရယ်၊ ကျောင်းဆောင်လေးတွေရယ်ဟာ ဘယ် လောက် ပန်ရသလဲ၊ ဒီတောတောင်ရိပ်သာနဲ့ ဒီစေတီတော်မြတ်၊ ဒီကျောင်းကလေး တွေဟာ လွန်စွာကြည်ညိုဖွယ်ဖြစ်သလို ကြည်နူး မွေ့လျော်ဖွယ်လဲ ကောင်းလှပါတယ် မှတ်ဆွေ။

ဒီတော ဒီတောင် ဒီစေတီနဲ့ ဒီကျောင်းဆောင်တွေ အရှေ့ကြောင်းကို သိစမ်းပါရစေ ဓမ္မမိတ်ဆွေ ခင်ဗျား။

၂။ ဓမ္မမိတ်ဆွေ။ ။ ဒီတောင် တော် က မင်းဝံတောင်ရိုးမှာ အပါအဝင်ဖြစ်တဲ့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ-ပါတဲ့မှတ်ဆွေ၊ ဒီစေတီတော် များကတော့(ကြားဖူးနားဝအတိုင်း ပြောရမယ်ဆိုလျှင်) အမရပူရ မြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး(ဦးဝိုင်း)ရွှေဘုံရောက်တဲ့ အခါ ရွှေဘုံမှ လှမ်းပြီး ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ထားကိုး ကွယ်တော်မူတဲ့ မင်းကွန်းပုထိုးတော် စေတီမြတ်ကြီး၏ အခြံအရံဖြစ် တဲ့(ထိုပုထိုးတော်ကြီးတည်စဉ်က မိမိ၏ ဓာပ်မတော် တပ်မှူး ဗိုလ်မှူး ကြီးများနဲ့ နေရာယူ အစောင့်တာဝန်ကျတဲ့ 'မိုးမိတ်မင်းသားကြီး' တည်ထားကိုးကွယ်တဲ့) မိုးမိတ်စေတီတော် မြတ်စွာဘုရား ဖြစ်ပါ တယ် မိတ်ဆွေ။

ဒီ၃ကျောင်းတော်တွေကတော့ တိပိဋကဓရစာမေးပွဲနဲ့ အရပ်ရပ်ရှိ အသင်းများ၏ နိကာယ်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြမယ့် 'တိဒဋ္ဌက စာသင်သားကြီးများ၊ နိကာယ် စာသင်သားကြီးများ' ပစ္စည်းလေးပါးအတွက် လုံးဝ ကြောင့်ကြမှုမရှိစေရပဲ နိကာယ်ငါး ရပ် ပိဋကတ်စာပေကို အချိန်နာရီပြည့် ကျက်+အံ+ကြံ+ကြည့် နိုင်ကြ ရန် တည်ထောင်ထားတဲ့ 'တိပိဋက=နိကာယကျောင်းတိုက်ကြီး'ရဲ့ နိကာယ်ငါးရပ် ပိဋကတ်တော်ဆိုင်ရာ အမည်ကမ္ဘည်း အသီးသီးတပ် ထားတဲ့ နိကာယ်ကျောင်းဆောင်တွေ ဖြစ်ပါတယ် မိတ်ဆွေ။

၁။ ဓမ္မမိတ်ဆွေ။ ။ဒီလိုဆိုလျှင် ရှေးရှေးက စေတီတော်မြတ်တွေနဲ့ ယခုခေတ်မှ အသစ်ဆောက်လုပ် လူဒါန်းထားကြတဲ့ အဆောက်အအုံတွေ ရော နှောနေတာပေါ့နော်။

၂။ ဓမ္မမိတ်ဆွေ။ ။ဟုတ်ဘာပေါ့ဗျာ၊ ဒါမှလဲ မြတ်စွာဘုရားကို ဖူးမြော်ပြီးတာနဲ့ မြတ်စွာဘုရား၏ သာဝကတော်တွေဖြစ်တဲ့ သံဃာတော်တွေရဲ့ ရွတ်ဖတ်

စက်တော်ရာ အုတ်မြစ်ချပွဲတွင်
အာဘိဓမ္မာဟာရဒုဝိဂ္ဂ
မစိုးရိမ် ဆရာတော်ဘုရားကြီး
အပါဝင် မြွက်ကြားတော်မူ နေစုံ

သရဇ္ဈာယ်နေကြတဲ့ မြတ်စွာဘုရား၏ မုခပါဠ် တရားတော်သံတွေကို ပါ တစ်ခါတည်း၊ တစ်ထိုင်တည်းနဲ့ ဖူးမြော်နိုင်၊ ကြည်ညိုနိုင်ကြတာပေါ့ဗျာ။

၁။ ဓမ္မမိတ်ဆွေ။ ။သာဓုဗျာ သာဓု၊ သာဓု၊ ဒါထက် အခုလို ရတနာသုံးပါးကို တစ်ခါတည်း တစ်ထိုင်တည်းနဲ့ ဖူးမြော်နိုင်၊ ကြည်ညိုနိုင်အောင် မည်သူကမျှား တီထွင်ပြီး စီစဉ် ဖန်တီးထားတယ်ဆိုတာ သိပါရစေလား မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ဩော်.... ဟုတ်သားပဲ၊ ဓမ္မမိတ်ဆွေက မေးမှပဲ ကျွန်တော်လဲ ပြောဖို့ သတိရတော့တယ်၊ ဒီလိုပါ ပထမအနေနဲ့ ဟောင်းနွမ်းဆွေးမြည့်ပြီး အုတ်ပုံကြီးမျှားသဖွယ် ဖြစ်ကာ ပြိုကျ ပျက်စီးနေတဲ့ မိုးမတ်စေတီတော်ကြီးနှင့် တကွ အရံစေတီတော်များ အားလုံးကို ချုံနွယ် ပုပ္ပေါင်းတွေ ဖယ်ရှင်းပြီး ပြင်ဆင်မွမ်းမံ၍၊ ဒုတိယအနေနဲ့ ကျောင်းတိုက်ကြီးတည်ပြီး ကျောင်းဆောင်တွေ အသီးသီး ပေါ်ပေါက်လာအောင် စီစဉ် ဖန်တီးသူတွေကတော့ မင်းကွန်း ဓမ္မနာဒ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဦးစီး ဦးဆောင်ပြုတဲ့ နာယကဆရာတော်များအဖွဲ့နဲ့ မိုးမိတ်

စေတီတော်များ ပြုပြင် စောင့် ရှောက် ရေး ဂေါပကအဖွဲ့ခေါ်
တိဝိဋ္ဌက = နိကာယသာသနာပြုအဖွဲ့ရယ်၊ အရပ်ရပ်ရှိ အလှူရှင်
ဒကာ+ဒကာမများ:ရယ် ဖြစ်ပါတယ် မတ်ဆွေ။

ခ။ ဓမ္မဒိဋ္ဌာသွဲ့။ ။သာဓုပါပဲဗျာ သင်္ခဲ့ သာမဲ့၊ ဒီလိုမျိုးတွေလဲ ဒီမုဂ္ဂိုလ်တွေဟာ
အနာဂတ် သာသနာအတွက် အားတက်စရာကောင်းလေ့ရှိအောင်
ပင်ပင် အင်မတန်မှ အမြော်အမြင်ကြီးကြပါလေတယ်။ ကျွန်တော်ဖြင့်
ဒီစေတီတော်တွေနဲ့ ဒီနေကျောင်းရှေ့ဆောင်တွေ ကြည့်မြဲမြံမှန်လည်ဆာရာ
တော်ဘုရား ရေးသားတဲ့ မဃဒေဝ လင်္ကာသစ် ပုဒ်ရေအမှတ်-၅၈၄
ထဲက....

'ဝင်း ဝင်း ပြောင် ပြောင်၊ သာသနာရောင်လည်း၊ တန်
ဆောင်+ခမ္မအိမ်၊ ရွှေသိမ်+ရွှေကျောင်း၊ တန်ဆောင်းပြာသာဒ်၊
ပွေခာတ်သရီ၊ စေတီ+ဗောဓိ၊ သီရိမဂ္ဂါ ပေါင်း၊ ရွှမညောင်းတည့်၊
မျိုးကောင်းသူတော်၊ မျှားတွေဖော်တို့၊ ရွှေဇော်ဓိပင်၊ ခုံပလ္လင်၏၊
ရင်မြှောင်တော်ရင်း၊ သာတာသင်း၌၊ ပန်းခင်းမျှလို့၊ ထုံသင်းကြိုင်
လျက်၊ မုခ်လိုက်မထုတ်၊ သမုတ်ရုဋ္ဌာ၊ ပွတ်နယ်ဆီသွေး၊ စေတီဖြူး
မြိုင်၊ အဆိုင်ဆိုင်နှင့်၊ မုခ်လိုက် ရှိ+မဲ၊ ဘွဲ့ထူးသည်၊ ဝေဟာ



ကြည်ညိုဖွယ်ရာ
မိုးဓိတ်
စက်စေတ်ရာ

ခေါ်ရိုး၊ ပုထိုး ထူပ၊ များလှ ပည်းထူ၊ အဆူအဆူဝယ်၊ ကြည်ဖြူကော်ရော်၊ ရှိပူဇော်၍၊ ရွှင်ပျော်စိတ်ယဉ်၊ ကုသိုလ်ယှဉ်လုက်၊ အစဉ်မပြောင်း၊ နံ့သာပျောင်းနှင့်၊ သွန်းလောင်းရေစက်၊ ဥ + နံနက်ဖြင့်၊ ဝတ်တက်+ဆွမ်း + ပန်း၊၊ ညှိထွန်းဆီပြည့်၊ နှုးပြီးအောင်၊ ညီးညီးမိုးယံ၊ ထိန်ထိန်လျှံသည်၊ ၊စည်သံနှေး + ညပြိုးပြန်းတည်း။'

ဆိုတဲ့လက်ာကို၊ အမှတ်ရပြီး စိတ်ထဲမှာ ကြည်နူးမဆုံး၊ တကိုယ်လုံးငင် ဖိတီသောမနုဿတွေ ဖုံးပြီး ပျော်လို့လဲ မဆုံးနိုင်အောင် ရှိပါ၏ဘုရား တယ် မိတ်ဆွေ။

ဒါကြောင့် စကားစပ်မိတုန်း ယခုလို ဘုရား တန်ဆောင်းအဟောင်းပြုပြင်ရတဲ့ ကုသိုလ်၊ ကျောင်းကန်အသစ် တီထွင် ဆောက်လုပ်ရတဲ့ ကုသိုလ်နှစ်တွေကြောင့်၊ ပစ္ဆုပ္ပန် သံသရာ နှစ်ဖြာဆသောအဂ္ဂိုး တိုးပွားရရှိသွားတဲ့ 'ဒီဃာယုကောဘဝ' အမည်ရတဲ့ 'ဝသဘ' ၎င်း အကြောင်းကို ပြောပြလိုပါတယ် မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ပြောပါခင်ဗျာ ပြောပါ၊ပြောပါ၊နားထောင်ရန် အသင့်ပါပဲ။

၁။ ဓမ္မမိတ်ဆွေ။ ။ဇာတ်ကြောင်းနှင့်တကွ ပြောမှ ပြည့်စုံမှာမို့ လိုရင်းဇာတ်ကြောင်းလေးက စ,ပြီးပြောပါ၏ယ်၊ နားထောင်ပါ၏တ်ဆွေ။

တရံရောအခါ သီဟိုဠ်ကျွန်းမှာ ပညာရှိတစ်ယောက်က ဝသဘာဆိုတဲ့သူငယ်ရဲ့ဇာတာကို တွက်စစ်ပြီး 'မင်း၊ မင်းဖြစ်လိမ့်မယ်' လို့ ဟောသတဲ့။

ဒီတော့ ဝသဘကလဲ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဖွမ်းရည်ရှိတဲ့ ယောက်ျားများကို စုရုံးကာ 'မုန့်သည်မသားသည် မုန့်အနားက၌ စား၊ရသည်' ဆိုတဲ့ စကားပုံကို လက်သုံးပြု၍ သီဟိုဠ်ကျွန်း၏ မြို့စွန်ရွာစွန်မှ တစတစ တိုက်ခိုက်သိမ်းယူ၍ နှစ်ဖားတန်ကြေးတဲ့ဘဝါဒုလ်ပါဆင်မြင်းလဲ တောင့်တင်းလာအောင်နဲ့ ထိုဒေသခွဲနှုန်း ဘုံပင့်ကွန်း၏ မြို့တော်ဖြစ်တဲ့ အနုရာဓမြို့ကို ချီတက်ပြီး ဝိုင်းစန်းပိတ်ဆို ပါ၁ တဲ့။

အဲဒီအမျိန်မှာ သီဟိုဠ်ကျွန်းကိုသုဘ အမည်ရှိတဲ့ ဘရင် အုပ်စိုးနေသတဲ့၊ သုဘဘုရင်ဟာ ဝသဘ စစ်သည်အင်အားနဲ့ ဂိုဏ်းဆဏ္ဍာဂ်ကို သိတာနဲ့တပြိုင်နက် မိမိမှာရှိတဲ့ စစ်တပ်အလုံးအရင်းနဲ့ ပြန်လည် ရုံ

တိုက်ခိုက်သော်လည်း အရေးမသာပဲ စစ်မြေမှာ သုဘမင်း ကျဆုံးသွားသတဲ့။

သုဘ-မင်း ကျဆုံးသွားတာနဲ့တပြိုင်နက် ဝသဘ-ဟာ တမြို့လုံးကို သိမ်းကာ မင်းပြုပါတယ်၊ မိမိ မင်းမဖြစ်ခင်က သုဘ မင်းရဲ့ အမိန့်အာဏိုင်း မိမိကိုသတ်ဖို့ရန် ကြံစည်နေတဲ့ ဦးရီးဖြစ်သူ စစ်သူကြီးဟာလဲ သုဘမင်းနှင့်အတူ စစ်မြေပြင်မှာ ကျဆုံးသွားပါတယ်။

ထိုဦးရီးတော်ဖြစ်သူရဲ့ မယား ပေါ်ထွ အမည်ရှိတဲ့ အမျိုးသမီးကတော့ 'ဝသဘ၊ သင်၏ဦးရီးတော်သည် သင့်အား မင်းကိုအပ်၍ သတ်လိမ့်မည်၊ သင် လွတ်ရာ ပြေးလေလော့'ဟုဆို၍ အသပြာတစ်ထောင်ပေးကာ အသက်ကယ်ခဲ့ဖူးပါတယ်၊ အဲဒီလိုအသက်ကယ်ခဲ့ဖူးတဲ့ကျေးဇူးကို ထောက်ထား၍ ထို ပေါ်ထွအမည်ရှိတဲ့ အမျိုးသမီးကို ဝသဘမင်းက မိဖုရားမြှောက်ပါသတဲ့။

ထို၁သဘမင်းဟာ တနေ့တွင် ပညာရှိ ဟူးရားတို့ကိုခေါ်၍'ကျွန်ုပ်ဘယ်မျှလောက် အသက်ရှည်နေ၍ မင်းပြုရအံ့နည်း'ဟု မေးတဲ့အခါ ပညာရှိ ဟူးရားဆရာတို့က 'မင်းကြီး၊အသင်မင်းကြီးသည် တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်'လို့ ဟောကြသတဲ့။

ထိုအခါ ထို၁သဘမင်းဟာ ထိုဟူးရား ဆရာတို့ကို စကား စောင့်စိမ့်သောငှာ 'မည်သူအား မျှ မပြောကြားကြလင့်'ဟု ဆို၍ အသပြာတစ်ထောင်ပေးကာ လွှတ်လိုက်ပြီး နောက်တွင်မှ သံဃာတော်တို့ကို ပင့်ဖိတ်၍ ရှိခိုးပြီးလျှင် 'အရှင်ဘုရားတို့....အသက်ရှည်လျှား တိုးပွားခြင်း အကြောင်း ကောင်းမှုရှိသလော'ဟု မေးလျှောက်သောအခါ ဆရာတော် သံဃာတော်တို့က ဤသို့ ဟောကြားတော်မူကြသတဲ့-ဝသဘမင်းအား ကျွန်းကျွန်းမာမာ ချမ်းချမ်းသာသာနဲ့ ရာကျော်တက်၍ အသက်ရှည်ရှည် နေရအံ့သော နည်းကို သံဃာတော်တို့ ဟောကြားခြင်းမှာ....

'ပရိသာဝန ဒါနဉ္စ၊ အာဝါသ ဒါနမေဝ စ။
ဂိလာန ဝတ္ထု ဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇဏ္ဍကာဝါသ-ပဋိသန်္ဓရဏံ တထာ။
ပဉ္ဆသီလ သမာဒါနံ၊ ကတွာ တံ သာဓု ရက္ခိယံ။
ဥဖဝါသထ္ဌ+ပဝါသော စ၊ ဂတ္တဲ့ဗ္ဗော+ပေါသထေ ဂ္ဂတီ။

လူတို့ကို အစိုးရသောမင်းကြီး....ရေစစ်အလှူ၊ ကျောင်းကန်စသော အာဝါသအလှူ၊ ဂိလာန=လူနာတို့ အကျိုးငှာ ယာဂုဝတ် ဆေးဝတ် စသော အလှူတို့ကို ပေးလှူရာ၏။

ထိုမှတပါးလည်း ဆွေးမြည့် ယိုယွင်း အိုမင်းခြင်းနေသော ကျောင်း ကန်နှင့် ဘုရား ပုထိုး စေတီ-စသော အာဝါသကိုလည်း ပြုပြင်ရာ၏။ ငါးပါးသီလကို အမြဲဆောက်တည်၍ သီတင်းနေ့တံငှင်းဥ်ဒ် ဥပုသ်သီလကိုလည်း မပြတ်မလတ်ရအောင် စောင့်သုံးရာ၏၊ ဤသို့ပြုလျှင် အသက်ရှည်စွာ နေရရာသတည်း'ဟု ဟော်တော်မူကြကုန်၏။

ဝသဘမင်းလည်း သံဃာတော်တို့ ဟောကြားသော ငါးပါးသီလကို အမြဲဆောက်တည်ခြင်း၊ ဥပုသ်သီတင်း စောင့်သုံးခြင်းနှဲ့ ရေစစ်, ဆေး, ကျောင်း, အဟောင်းပြုပြင်ခြင်း အလှူတွင်မှု မကင်ပဲ (အာဒရတင်းတိမ်ခြင်း မရှိပဲ) မိမိနိုင်ငံ (သီဟိုဠ်ကျွန်း တကျွန်းလုံး၌) ရဟန်း သံဃာတော်ကိုအား သုံးနှစ်တစ်ကြိမ် တိစီဝရိုက် သင်္ကန်းတို့ကို လှူဒါန်းပြီး အမျိုးမျိုးသော ပျားဆွမ်း ဃနာဆွမ်း-စသော မွန်မြတ်သော ဆွမ်းအလှူနဲ့ ဆီမီးထောင်ပြည့် ညှီထွန်းခြင်း-စသော ဆီမီးအလှူကိုလည်း လှူဒါန်းကာ ကျောင်းအသစ် သိမ်အသစ် စေတီအလှူတို့ကိုလည်း ဆောက်လုပ်တည်ထား ကိုးဘုယ်တော် မူသတဲ့။ အဲဒီလို ဝသဘမင်းဟာ ပြည်သူလူထုနဲ့ ရဟန်း သံဃာတော်တို့ အကျိုးငှာ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူသောကြောင့် မကောင်းသောဘေးရန်အန္တရာယ် စဉ်းငယ်မျှ မကျရောက်ပဲ ၄၄-နှစ်တိုင်တိုင် မင်းပြုရသည် မိတ်ဆွေ။

၂။ ဓမ္မမိတ်ဆွေ။ ။ဝသဘမင်းအကြောင်း ကြားရဟာဟာ အင်မအန်မှ ဝမ်းမြောက်စရာပါပဲ မိတ်ဆွေ၊ ဒါကြောင့်ပဲ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလက်ာသစ်မှာ....

(၁) ရေစစ် ဆေး ကျောင်း၊ အဟောင်းပြုပြင်၊ ပဋ္ဌင်+အဋ္ဌ၊ ဤငါးဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည့်၊ ၊ ဟူ၍လည်းကောင်း။

(၂) အန္နဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လူအာယု၊ မန္ဓာတုသို့၊ ရှည်မှလွှဲ.ပေါ်၊ သက်တမ်းကျော်၏။

(၃) ကုဘော်ဆင်မြန်း၊ ဝတ် သက်နှံ့ ကိုး လူဒါန်းသည့်သူ၊ အဆင်းလှသည့်၊ နတ်လူတို့ဘောင်၊ ဖြစ်ပျံ့ခဲ့နှောင်ဝယ်၊ အခေါင်ဥ်းစွန်း၊ ကိုယ်ရောင်ထွန်းလျှံ၍ တုကျွန်းလွှဲတွာ၊ မယ်ဥမွာနှင့်၊ ပဘာဝတီ၊ နတ်ဘုရှိသို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။

(၄) ဆီမံ့းအလှ၊ မျက်စိဟူရှင့်၊ယာဉ်မူ လှသီး၊ မျိမ်းသာကြီးဏီ၊

(၅) ခဲမှီး အာဝါ၊ သာယာရိပ်ခြမ်း၊ ကျောင်းသခ်မ်းကား၊ ဆုံးဘမ်းမရှိ၊ ကြီးဘိကျီးရပ်၊ နိဗ္ဗာန်ခပ်ဆော်၊ ဟပွလံ၊ ရွှပ်ရုံတည့်၊ (သဗ္ဗံ-ဟုဆိုလိုသည်။)

(၆) နက်ဘံသာရ၊ နှံသာသပြင့်၊ ခင်္ဂတရား၊ သူတပါး:အား၊ ဟောကြားပြီး၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှမျှ:မင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်းဖွေတော်၊ ပိန်းတာဂ်ဝှက်သည်၊ ၊တုဖက်မစံ မခိုင်းဘည်း၊ ၊ဟူ၍လည်းကောင်း....

ကုသိုလ်ကောင်းမှု တစ်မျိုးမိန်၏ အကျိုးအာနိသင်ဟာ ဘယ်လောက်ကြီးမား:တယ်ဆိုတာ ခင်ဗျား:တို့ ကျွန်တော်တို့လို လူပြိန်းများ:ပင်နား:သည်နိုင်အောင် ပါဠိကျမ်းဂန်တွေထဲက ထုတ်ဆောင်ပြီး လက်ာစီကုံး:ထား:ခဲ့တာပဲ ထင်ပါရဲ့၊ ကျွန်တော်ပြင့် အုံးလို ကုသိုလ်ကောင်းမှု တစ်ခုစီရဲ့အကျိုးကို သိလာလေ 'ဒီကုသိုလ်ကို ပြုလျှင် ဒီအကျိုး ရရှိနိုင်တယ်'လို့ ထုတ်ဖော် ဟောကြား:တော်မူတဲ့ မြတ်စွာဘုရား:ကို ဂကျေးဇူး:တင်လို့ မဆုံး၊ ရှိခိုး:လို့ မဆုံး:နိုင်လေ ဖြစ်ရပါတယ်မိတ်ဆွေ။

၁။ ဝမ္ဗမိတ်ဆွေ။ ။ကိုင်း....နောင် တွေ့ပဲ့ ဆွေးနွေးကြသေး:တာပေါ့၊ အခုတော့ ဒီမျှနဲ့ တခန်းရပ် စကား:ပြတ်ကြဦး:စို့၊ နောင်လဲ ယဉ္ဇလို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ တွေ့ပါရစေ-လို့ ဆုတောင်း:ပါတယ်မတ်ဆွေ။

၂။ ဝမ္ဗမိတ်ဆွေ။ ။သူ့ဘဝတွေ-သာဝေ-သာဝ၊ ကျွန်တော်လဲ ခင်ဗျား:လိုပဲ ဆုတောင်း:လိုက်ပါဘယ်။ 'ကျန်းကျန်းမာမာ၊ ခွန်းခုန်းသတ္တိသာနဲ့ တိုင်ဋက ရေဆရာတော် အမှု:ပြုသော နာယက ဆရာတော်များ: ဆဖွဲ့ရော၊

ဇာတ်လမ်းတွဲ ဟာသဓာတ်

(ယခုစာစဉ်ဟာ ဇာတ်လမ်းတွဲ ဟာသဓာတ် ဖြစ်ပါသည်။ ဇာတ်လမ်းတွဲ ဟာသဓာတ်ဆိုသည်မှာ ဇာတ်လမ်းတွဲ ဟာသဓာတ်ကို ဆိုလိုပါသည်။)

ဒီတစ်ခါတော့ ဒါယကာ မိုးမိတ်မခိုင်ကြီးနဲ့ ကြင်ယာတော် ဒေါ်ခင်ခင်ဆွေတို့ ဘုရားဖူးခရီးစဉ်ကို ဆက်ပြီး ဖော်ပြပေးသွားမှာပါ။

ကျနော်တ

ထုတိမင်္ဂလာ အာသီသပတ္ထနာ

အရှင်ပညာသာမိ

စစ်ကိုင်းမြို့နယ် (မန္တလေး တဘက်ကမ်း)၌ တိပိဋကာ=နိယာယ သာသနာပြုဆရာတော်ကြီးများ- သံဃာတော်များ- ဂေါပက လူကြီးမင်းများ-အမြို့မြို့ အနယ်နယ်မှ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့ စုပေါင်း ပါဝင် တည်ထောင် ဖန်ဆင်း ထားသည့် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ 'တိပိဋကာ= နိကာယ ကျောင်းတိုက်ကြီး'၏ 'သုံးနှစ် ခရီးစောင်'၌-

(၁) ဥယျာဉ်မှူးကြီး နှင့် တူသော တိပိဋကာ ဓရ ဆရာတော်ဘုရား သက်တော်ရာကျော် ရှည်ပါစေခြင်း အကျိုးငှာ လည်းကောင်း၊

(၂) ဥယျာဉ်လယ်ယာ မြေကောင်းနှင့် တူသောမိုးမိတ်ကုန်းမြေ တိပိဋကာ = နိကာယ ကျောင်းတိုက်ကြီး သာသနာတော်၌ အခွန်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာ လည်းကောင်း၊

(၃) ဘုံးပွင့်သီးငုံ လွန်ပြည့်စုံသည့် သစ်ပင် ပျိုးပင်နှင့်တူသော တိပိဋကာ= နိကာယ စာမေးပွဲတို့၌ အောင်ဆဲ+အောင်လတ်တံ. ဖြစ်တော် မူကြသည့် တိပိဋကဓရအလျာ သံဃာတော်များ သက်တော် ရာကျော်ရှည်တော်မူကြပါစေခြင်း အကျိုးငှာလည်းကောင်း-

တိပိဋကာ = နိကာယကျောင်းတိုက်မှ
အရှင်ပညာသာမိ
(သာသနဓဇသိရီပဝရဓမ္မာစရိယ)
ချီးကျူး ရေးသား ပူဇော်အပ်သော

'ထုတိမင်္ဂလာ အာသီသပတ္ထနာ'
ဂါထာဝါဋ်ဆုံးကျမ်း

(၁) မဟာထေရော မဟာစေရော၊
မဟာဇနယာ မဟာကံတော။
စိရံဇီ ဝတု သော ထေရော။
သာသနဿ ဓုရံ ဝဟံ။ ။

မဟာထေရော=သက်တော်က ခုနစ်ဆယ်ပြည့် ဖြည့်ဆဲသည့် သိက္ခာ ဝါတော်က ငါးဆယ်ကျော် အရွယ်တော် ပွားစီး မဟာထေရ်ကြီးလည်း ဖြစ်တော်မူပါထသော။

မဟာစေရော = ငင်းကွန်း ဓမ္မနာဒကျောင်းတိုက် မိုးမိတ် တိပိဋကာ= နိကာယ ကျောင်းတိုက်ကြီးတို့၏ ဦးစီးနာယက၊ မလွန် ဆန်လှ

အသင်း၊ မင်းကွန်း ပုပ္ပဝါသဘ လူအိုရုံ **အသင်း** အစရှိသော **အသင်း**အဖွဲ့တို့၏ ရှေ့ဆောင် ပုဂ္ဂဝ + ဝန်ဆောင် ဘာရုံတ္ထာ ရဏာ + နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင် =ဟိတခရ+နိကာယ်စာတသ္ဘာကော် မေးပွဲ **အစ**ရှိသော ထိုထိုဖောတော် ပွဲတို့ဌာန **နည်း**လမ်းညွှန်ပြ သြဝါဒါ **စ**ရိယ ဖြစ်သဖြင့် ကြီးမြတ်သော ဆရာတော် ဖြစ်တော်မူပါ**ထ** သော။

မဟာ ဇယော=သက်တော် ပျိုမျစ် ဆယ် **သုံး**နှစ်မှ အာဒိ စ၍ လေးဆယ် နှစ်နှစ်အထိ နှစ်ပေါင်း သုံးဆယ် ထိုအခါမှန် တွင်းဝယ် အန္တရာယ် အမျိုးမျိုး ခေတ်ဆိုးတွေ့ အဖုံဖုံ တွေ့ခဲ့ကြုံလည်း အာရုံမပြန့် တအံ့တသြ နှစ်ဆယိကျော်သော စာတော်ပွဲတို့၌ နဲ့တိုင်း နဲ့တိုင်း ပင် အကျ, **အန**ားမရှိ ဝဇယ အောင်ပန်း လက်လှမ်း၍ အလွယ် တကူ ဆွတ်ခူတော် မူခဲ့သဖြင့် ပြော ထူများလှ **အော**င်ပွဲရ ပုဂ္ဂိုလ် တစ်ဆူ ဖြစ်တော်မူပါ ထ**သော**။

မဟာဂ်ော=သက်တော်ပျိုမျစ် ဆယ် **သုံး**နှစ်ဝယ် ကစ္စည်း သဒ္ဓါကြီး ရှစ်စောင် **အော**င်လက်မှတ်နှင့် တကွ သက်ရွယ်တော် နှစ်ဆယ် အရွယ်မှာ 'ပရိယတ္တိ သာသန **အနု**ရက္ခက' ဘွဲ့တံဆိပ် တော်မှ စ၍ ခြောက်ဆယ့်ရှစ်နှစ်အရ 'အဂ္ဂ မဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် တိုင်အောင် မြား မြောင် သော **အော**င်လက်မှတ်တို့နှင့်တကွ ဘွဲ့ တံဆိပ် ဆယ့်လေးခုရ ပုဂ္ဂလ ဓိဌာန ဖြစ်တော်မူထ**သော**။

သော မဟာထေရော = ဝဠုံသကာတွဝ် ပထမ၊ တိပိဋကဓရတွင် လက်ဦး **အော**င်ပန်းစံ ဆွတ်ခူးသည့် ပုဂ္ဂိုလ်ထူးကိုကော်းဝင် **အ**ကြင် မင်း ကွန်း ဓမ္မနာဒတို့က် ဆရာတော် မထေရ်မြတ်သည်။

အတ္ထိ = ပြည်ထောင်စု မြန်ပြည်ဘောင် သာသနာ့**အ**သရေ ဆောင်၍ နေ **အ**ယောင် လ-**အ**လာ: ပမာထာ: ရ**အော**င် ထင်ရှား:စွာ ရှိတော်မူ ပါ၏။

သော မဟာထေရော = ပညာ + သဒ္ဓါ နှစ်ဖြာ ဥက္ကင်္ဋ ထို မထေရ်မြတ် သည်။

သာသနဿ ဓုရံ = သာသနာရောင်ရှိန် ပြောင်ထိန်ပြိုးပြက် တိုးတက်ရာ တိုးတက်ကြောင်း ကောင်းမြတ် သော **အ**ခြေခံ ပရိယတ္တိသာသန့် ဝန်ကို။

ဝဟံ-ဝဟန္တော = ဆဆတပိုး ပပဖြိုး **အော**င်ကြိုးကုတ် **အ**န် ထောင်

ရွက်ဆောင်တော်မူလျက်။ (၀၇)
ရွက် ဆောင် တော် မူ နိုင် သည်
ဖြစ်၍။

စိရံ ဇီဝဘု = သက်တော်ရာကျော် ရှည်
တော်မူပါစေ သတည်း။ (၀၇)
စိရံ ဇီဝတု=အာယုကပ်ထက် လွန်
တက်ပိုကာ ရှည် မြင့် စွာ လျှင်
ပ+အာ+ဝ၇+ တေ+ မြေ+ ရေ+
လေ+မီး ဓာတ်ကြီးလေးဝ ညီ မျှ
စာလျက် ဇီဝနာမ်ရုပ် စောင့်ထိန်း
ချုပ်၍ ရုပ်ကလာပ်နာမ်ကလာပ်
မပြတ်ဆက်စည် သန္တာန် ရှည်၍
တည်တော်မူပါစေသတည်း။ ။

.... ❀ ....

(၂) အာဇာညခေတ္တာ နိကာယော၊
မိုးမိတ်ဝှယော တိပေဋ္ဌကော။
စိရံ တိဋ္ဌတု သွာရာမော၊
သာသနဿ ဓုရန္ဓရော။ ။

မိုးမိတ်ဝှယော=မိုးမိတ်စေတီ ကုန်းမြေ
မဟီဝယ် စီရရှိ သပ်ရပ် တည်
ဆောက်အပ်သဖြင့် အန္ဓတ္ထဘွဲ့ချီး
မိုးမိတ်=ဟူသော အမည်လည်း
ရှိပါထသော။

တိပေဋ္ဌကော နိကာယော = တိပိဋကတ
နိကာယ-ဟု ဘွဲ့ရထင်ရှား စာ
သင်သား‌တို့ တရား‌မွှေ့လျော်
နေ ပျော် စံ ဘိ ဂုဏ် ထူး ရှိ၍
'တိပိဋက = နိကာယ' နာမ

ချီးကျူး အမည်ထူးလည်း ရှိပါ
ထသော။

အာဇာညခေတ္တာ = သာသနာ့ဇာနည်
ကျင့်စာဂီနှင့် ဉာဏ်ရည် တောက်
ကြွား တိပိဋကဓရအလျာ အာ
ဇာနည် ပို့ဆောင်မှာ‌းကို လေးပါး
ပစ္စယ မလိုရ အောင် နေ့ည
မစောင်း သွန်း လောင်း ပြုစုရာ
လယ် ယာ မြေ ကောင်း သဖွယ်
လည်း ဖြစ်ပါထသော။

ယော အာရာမော = ဘုရား မုခပါဋ္ဌ
ပိဋကတ်ကို မပြတ်ရွတ်အံ ကျက်
မှတ် သံ တို့ ကြောင့် နဘန်တုန်
ဟည်း တိပိဋက=နိကာယ တည်း
ဟူသော အကြောင် ကျောင်းတိုက်
ကြီးသည်။ အတ္ထိ=ထင်ရှား‌မသွေ
ရှိပါစေ၏။

သော အာရာမော = ဘုရား မုခပါဋ္ဌ
ပိဋကတ်ကို မပြတ် ရွတ်အံ ကျက်
မှတ် သံ တို့ ကြောင့် နဘန်တုန်
ဟည်း တိပိဋက=နိကာယ တည်း
ဟူသော ထို ကျောင်းတိုက်ကြီး
သည်။

သာသနဿ ဓုရံ = သာသနာ‌ရောင်ရှိန်
ပြောင်ထိန် ပြိုးပြက် တိုးတက်ရာ
တိုးတက်ကြောင်း ကောင်းမြတ်
သောအခြေခံ ပရိယတ္တိသာသန့်
ဝန်ကို။

ဝဟံ-ဝဟန္တော = ဆဆတပိုး ပပဖြိုး
အောင် သယ်ပိုး ရွက်ဆောင်

လျက်၊ (၀၂)ရွက်ဆောင်နိုင်သည် ဖြစ်၍။

စိရံ = အနှစ်၀ါးထောင် မြား၊မြောင်ရှည် ကြာ အ၀ါကာလပတ်လုံး။

တိဋ္ဌတု=ကမ္ဘာ့တန်းဆာ လျှမ်းလျှမ်းဖြာ ၍ လ-ပမာ + နေအလား၊ကဲ့သို့ ထင်ရှား၊ပုံသေ တည်တံ့နိုင်ပါစေ သတည်း။

....❀....

(၃) အာဇညရွက္ခော ဥဋ္ဌိတော၊
ဇယလဒ္ဓော မဟုဿ၀ေ။
စိရံ ဇောတေတု သော ရွက္ခော၊
သာသနဿ ဓုရံ ၀ဟံ။ ။

ယော အာဇညရွက္ခော=သာသနာ့ အာဇာနည် ကျင့်စာဂိန္ဒင့် ဉာဏ်ရည် တောက်ကြွား၊ အကြင် တိပိဋကဓရ လောင်းလျာ တည်းဟူသော အာဇာနည်ယောက်ျား အာဇာနည် ပျိုးပင် တော် များ သည်။

မဟုဿ၀ေ=မြန်မာပြည်အရပ်ရပ် တည် ထောင်ကျင်းပအပ်သည့် စာပြန် +စာမေးပွဲ ဟူသမျှတို့၏ အကြီး အချုပ်၊ မဟုဿဝ ဝဲခြီး တိပိဋကဓရ စာမေးပွဲ နိကာယ် စာ လျှောက်မေးပွဲ တည်း ဟူသော မြတ်သောစာပွဲသဘင်ကြီးများ၌။

ဇယလဒ္ဓော= ဝိနယဓရ+ဝိနယဓကာဝိဒ + ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ – ဤသို့စသည့် ဇယ္ဈ အောင်ပန်း အခန်းခန်းကို ဆွတ် လှမ်းရယူ ပန်ဆင် တော် မူကြ လျက်။

(အာဇညခေတ္တမိ) = အာဇည ခေတ် ထွန်းသစ်အောင်မြင် အာဇာနည် သစ်ပင်တို့ကို ပြုစုပျိုးထောင်ရာ မိုးမိတ်တိပိဋကာ=နိကာယ တည်း ဟူသော လယ်ယာမြေခင်းကြီး၌။

ဥဋ္ဌိတော = ရာပေါင်းများ၍စွာ လူတကာ တို့ ကြည်သာ ဝမ်းမြောက် လက် ပမ်း ခတ် လောက် အောင် ပေါ် ပေါက်ဖြစ်ထွန်းခဲ့လေပြီ။

သော အာဇညရွက္ခော=ထိုဗာပိဋကဓရ လောင်းလျာ အာဇာနည် ယောက်ျား အာဇာနည် ပျိုးပင် တော်များ သည်။

သာသနဿ ဓုရံ = သာသနာ ရောင်ရှိန် ပြောင်ထိန်ပြိုးပြက် တိုးတက်ရာ တိုးတက်ကြောင်း ကောင်းမြတ် သောအခြေခံ ပရိယတ္တိ သာသနာ ဝန်ကို။

၀ဟံ-၀ဟန္တော = ဆောဆတပိုး ပပြုံး အောင် သယ်ပိုး ရွက်ဆောင်နိုင် လျက်။ (၀၁)သယ်ပိုးရွက်ဆောင် နိုင်သည်ဖြစ်၍။

စိရံ = ဘွဲ့ရသည်ထက် လွန်တက်ပိုကာ ရှည်မြင့်စွာ။

ဇောတေတု = အာရှင်တို့ + တပည့်တော်တို့ရဲ့ရှေ့.သွား တိပိဋကဓရ ဆရာတော်ဘုရားကဲ့သို့ ထင်ရှားပုံသေ ထွန်းလင်း တောက်ပ . ပါစေသတည်း။

(၃၀၅) စိရံ ဇောတေတု = ရှေ့.သွား ပုဂံဝေဘ နှိုင်း သင့် လျော် သော:

ဘုပည့်တော်တို့၏ တိပိဋကဓရ ဆရာတော်ဘုရားကဲ့သို့ ရှည်လျား မြင့်မြတ် သာသနာ တန်ဆောင်ထွန်းတောက်အောင်လျှင် ရွက် ဆောင်တော် မူနိုင် ကြပါစေသတည်း။

ဆရှင်ပညာသာမိ





မန္တြာ(ဂ)ပါး နှင့်
ဘုရားကိုယ်တော်(ဂ)ဆု

ကြည်လင်ပြာလဲ့သော ကောင်းကင် နှင့် ညီမျှမိုင်းဝေသီသော မင်းဝံတောင် တန်းကြီးကို နောက်ခံပြု၍ စိမ်းဖန့်သော မိုးမိတ် ကုန်းမြေမြင့်တွင် သြဒါတ ရံသီ ယော=စံပယ်၊ ကြက်ရုံး၊ ဇွန်းပန်းကုံးနှစ်၊ ငွေတုံးဘော်စိုင်၊ စိန်ပန်းခိုင်အတူ၊ ဝတ်လဲတော်ဘွဲ့ဖြူနှင့်၊ ကြာဖြူပန်း အသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ထုံးသင်္ဃန်းရောင်ဖြင့် ထင်ရှားတင့်တယ် သပ္ပာယ်လှသော မိုးမိတ်စေတီတော်ကြီးကို ရောဝတီမြစ်၏ အလယ်မှ ဖူးတွေ့လိုက်ရပြီဆိုသည်နှင့် ကျွန်တော်. သူငယ် ခွင်းမှာ ပင်တ ယောမနုသ်းသဖွားဟုန်ဝေ တဖွဲ့ဖွဲ့ ရှိနေပါသည်။

ကုန်းတော်သို့ မော်တော် တပ်သည် နှင့် ရောင်းစရပ်ကြီးမှ တက်၍ မိုးမိတ် စေတီတော်ကြီးကို အားပါးတရ ကြည့်ညို ဖူးမြော်ရသည်။ စေတီတော်ကြီးမှာ လိုဏ်ဂူ အသီးသီးဖြင့် စံပယ်နေတော်မူကြသည့် နှစ်ကျိပ်ရှစ်ဆူ ကိုယ်တော်များကို ခွီးကျူးရှိမကုန် ရှိနေပါသည်။ စေတီတော်ကြီး၏ တောင်ဘက်ထွင် အမရပုရခေတ်မှ ရှင်းစက်တော်ရာစေတီအစစ်ကိုဦးခိုက်ရသည်။ ငါးရာ့ငါးဆယ်

ဇာတ် တော် ရုပ် ပုံ များ း စန်း ရံ လျှက် ရှိ သည်။ တစ်ရှ့ ရှစ်ကွက် စက်လက္ခဏာ တော်များ ကို ပူဇော်ဦးခိုက်နေကြသည်။

ဘေဒင်ဘွဲ့တော်ရ ထေရာ၊ ထေရီ၊ ဥပါသကာ၊ ဥပါသကီ ၇၅-ပါး မှာ မျက်နှာပုံသဏ္ဌာန် စရိုက်ဟန်အသီးသီး ရှိမြင်းဖွယ်ဖြစ်သည်။ ထိုစက်တော်ရာကြီး၏ တောင်ဘက်တွင် 'သာသနသောဘိကီ' သိမ်တော်ကြီး တည်ရှိသည်။ ထိုသိမ်တော်ကြီးအတွင်းဝယ် ကြာပလွင်များပေါ်၌ မြဿ ၇-ပါးဖြင့် ဥဏှတော် ၅-တောင်ခန့်ရှိ ရုပ်ဝေဟ်မူ ဘုရားကိုယ်တော် ၇-ဆူကို ဖူးရသည်။ တစ်ဆူလျှင် တမူခြားသော မူဖြာ လက်ဟန်များဖြင့် သက်တော်ထင်ရှား စံနေတော်မူ သကဲ့သို့ရှိသည်။

ဤတွင် ကျွန်တော် သူငယ်ချင်းက စပ်စုလာပြီ-

သူငယ်ချင်း။ ။သူငယ်ချင်းကို တစ်ခု လောက်မေးပါရစေ။

ကျွန်တော်။ ။ဖြေနိုင်တယ်ဆိုလျှင် ဖြေဖို့ အသင့်ပါပဲ မောင်ရင်ရယ်။

ချင်း။ ။နှစ်ကျိပ်ရှစ်ဆူ ကိုယ်တော်များ အကြောင်းကို 'ရတနာမွန် မဂ္ဂင်း' မှာ ရေးသားခဲ့တာ ဖတ်ဖူးပါဖြီ။

တော်။ ။အရှင်ဂေါတမ ဗုဒ္ဓ ပါရမီဖြည့် တော် မူ ခဲ့ တဲ့ အလောင်းတော်ဘဝများမှာ တွေ့ဆုံ ကြုံကြိုက်ခဲ့သော နိယတဗျာဒိတ်ပန်းကို ဆင်မြန်း တော် မူ ခဲ့ ရသော နှစ် ဆယ့် ခုနှစ် ဆူ သော မြတ်စွာဘုရားများကို ရေးခဲ့တာကို သူငယ်ချင်း ဖတ်ခဲ့ရမှာပေါ့။

ချင်း။ ။ဟုတ် ပါ တယ်၊ အခုမေးချင်တာက ဟို နှစ်ကျိပ် ရှစ်ဆူသော

ကဿပမြတ်စွာဘုရား၊ ဂေါတမ
မြတ်စွာဘုရား=ဤ ၇ ဆူလေး
တော်။ ။ဟုတ်ပြီသူငယ်ချင်း၊ အဲသည်
၇- ဆူသော ဘုရား တို့ အား
အထူးဝိသေသပြု၍ ထုလုပ်
ဇော်ခြင်း အကြောင်းကို ငါဖဲ့
သလောက် ပြောရမယ် ဆိုလျှင်
'အာဠာနာဠိယသုတ်' ကို ပြော
ရမယ် ထင်ပါတယ်၊ တခါက
'ရတနာမွန် မဂ္ဂင်း'မှာပဲ ရေး
ခဲ့ပါပြီ၊ ယခု အကိုချုံး၍ ပြော
ပါရစေ။

ချင်း။ ။၇-ဆူသောဘုရား အကြောင်း
ကို သိရလျှင် ကျေနပ်ပါပြီ။

တော်။ ။ကောင်းပါပြီ၊ ထိုအာဠာနာ
ဋိယ သုတ်တော် ဖြစ်ပေါ်လာရ
ခြင်း အကြောင်းက စတုလောက
ပါလ နတ်မင်းကြီးများနှင့် တကွ
တန်ခိုးကြီးကြကုန်သော သိကြား
နတ်များ အစည်းအဝေးကြီး ပြု
လုပ်ကြပါတယ်၊ ထိုသိကြား နတ်
မင်းများက တိုင်ပင်၍ ဆုံးဖြတ်
ကြတာက ရတနာသုံးပါး၌ ဧ၌
သေ၍ နိဗ္ဗာန် ရောက်ကြောင်း
တရားတို့ကို ပွားများ ကျင့် ကြံ
အားထုတ်လေ့ ရှိသော ဗုဒ္ဓ၏
တပည့်သာဝကများအား နှောင့်
ယှက်သော နတ်ဘီလူး မိစ္ဆာ
များကို မိမိတို့အာဏာဖြင့် ဒဏ်
ခတ်ကြရမည်၊ ထိုဆုံးဖြတ်ချက်ကို

ကိုယ်တော်မြတ်များ အနက်မှ ၇ဦး
ဆူသော ဘုရား ကိုယ်တော်မြတ်
များကို အထူးဝိသေသပြု၍ ထု
လုပ်ပူဇော်ထားတာကို သိခဲ့ချင်လို့
ပါ။

တော်။ ။ဘွဲ့တော်များကို သတိထား
မိသလား သူငယ်ချင်း....။

ချင်း။ ။ဝိပဿီ မြတ်စွာဘုရား၊ သိခီ
မြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာ
ဘုရား၊ ကကုသန် မြတ်စွာဘုရား၊
ကောဏာဂုံ မြတ် စွာ ဘုရား၊

ဘုရား ကိုယ်တော် ခုနှစ်ဆူ ကိန်းဝပ်ရာ
သောဘီဏီ သိမ်တော်မုခ်ဦး

မြတ်စွာဘုရားထံတော်သို့ သွား ရောက်လျှောက်ထား အသိပေး ကြမည်။ဒါဒီလိုစည်းဝေးဆုံးဖြတ် ကြတဲ့နေရာက 'အာဠာနာဋ္ဌ' အ မည်ရှိတဲ့ နတ်မြို့တော်မှာ ဖြစ်တဲ့ အတွက် 'အာဠာနာဋိယသုတ်'လို့ အသိအမှတ် ပြုကြပါတယ်၊ အဲဒီ ဆုံးဖြတ်ချက် (ကြညာချက်)မှာ ပဏာမအနေဖြင့် ယခု သူငယ် ချင်း ပြောတဲ့ ဘုရားကိုယ်တော် မြတ် ၇-ဆူကို ရှိခိုးကြပါတယ်။

ချင်း။ ။ဘယ်လို ဝိသေသနှင့် ရှိခိုးပါ သလဲ။

တော်။ ။ ၁။ စက္ခုငါးတန် အမြင်သန် တဲ့ မူသော ဝိပဿီ မြတ်စွာဘုရားအား ရှိခိုး ပါ၏။

၂။ မဟာကရုဏာဖြင့် ကြင် နာတော် မူသော သိခီ မြတ်စွာဘုရားအား ရှိခိုး ပါ၏။

၃။ ကိလေသာကို အကြွင်းမဲ့ ဖျက်ဆီးတော် မူသော ဝေဿဘူ မြတ်စွာဘုရား အား ရှိခိုးပါ၏။

၄။ မာရ်ငါးပါးကို အောင် တော်မူသော ကကုသန် မြတ်စွာဘုရားအား ရှိခိုး ပါ၏။

၅။ သစ္စာအနက် ၁၆-ချက် မဂ်တရားဖြင့် စင်ကြယ် သော ကောဏာဂုံ မြတ် စွာဘုရားအား ရှိခိုးပါ ၏။

၆။ ကိလေသာ တို့မှ လွတ် ကင်း တော် မူ သော ကဿပ မြတ်စွာဘုရား အား ရှိခိုးပါ၏။

၇။ ရောင်ခြည်တော် ခြောက် သွယ်ဖြင့် တင့်တယ်တော် မူသော ဂေါတမ မြတ်စွာ ဘုရားအား ရှိခိုးပါ၏။ အဲ သည် လို ဝိသေသ ပြုကြပါတယ်။

ချင်း။ ။ကျေးဇူးတင်ပါတယ် သူငယ် ချင်း။

တော်။ ။မြင်းခြံကိုးဆောင်တိုက်ဆရာ တော်ဘုရား (ဦးဝေဗုလ္လ) ဖွင့်ဆို တော် မူထား တဲ့ 'မဟာပရိတ် တော်ကြီး နိဿယသစ်' အနက် မြန်မာပြန်ကို ကြား နာ ရ လျှင် ပိုပြီး ကြည်ညိုစရာ ဖြစ်ပါလိမ့် မည်။

ချင်း။ ။ကြား နာပါရစေဗျာ....။

တော်။ ။ ....

(၁) စက္ခုမန္တသ=ဇုဒ္ဓ၊ ဝမ္မ၊ သမန္တနှင့် ဒီဗ္ဗ၊ ပညာ၊ သခ်ၤာပေါင်းစု၊ဖက်

ရှိခိုးခြင်းသည်။ အတ္ထု = ဖြစ်ပါ
စေသတည်း။

(၄) မာရသေနာပမဒ္ဒိနော = မာရ်ငါး
ပါးကို၊ လှုံ့ထား:မဖက်၊ ဉာဏ်
လက်နက်ဖြင့်၊ ပယ်ဖျက် နှိမ်နင်း
တော်မူသော။ ကကုသန္ဓသ စ=
ကကုသန်ဟု၊ နာမ်ထင်ပေါ်၊ မြတ်
ရှင်တော်အား:လည်း။ နမော =
ရှိခိုး:ခြင်း:သည်။ အတ္ထု = ဖြစ်ပါ
စေသတည်း။

(၅) ဗြာဟ္မဏသ = မစင်မကြယ်၊ မြစ်
မဖွယ်ကို၊ ပင်လယ်မြစ်ကြော၊
ရေယဉ်ခွံမျောစေသကဲ့သို့၊ မျှစ
အပ်ပြီးသော ကောင်းမှု ရှိတော်
မူသော။ ဝုသိမတော = တစ်ဆယ်
ခြောက်ချက်၊ အနက်စဉ်စိ၊ အဌဇီ
ဟု၊ အင်ညီပေါင်းရုံး၊ မဂ်သိပ်ဝင်:
သုံးတော်မူ ပြီးသော။ ကောဏာ
ဂမနသ စ=ကောဏာဂုံဟု၊ သုံးဘုံ
လုံး သ ခင်၊ မြတ် ရှင် ပင် အား:
လည်း။ နမော=ရှိခိုး:ခြင်း:သည်။
အတ္ထု=ဖြစ်ပါစေသတည်း။

(၆) သဗ္ဗဓိ=ခပ်သိမ်း:မျာ:စွာ၊ ကိလေ
သာတို့မှ။ ဝိပ္ပမုတ္တာသ=ထင်လင်း
မ ချွတ်၊ စင် ကင်: လွတ် တော်
မူသော။ ကဿပသ စ=ကဿပ
ဟု၊ နာမထင်ရှား:၊ မြတ်ဘုရား
အား:လည်း။ နမော = ရှိခိုး:ခြင်း:
သည်။ အတ္ထု = ဖြစ်ပါစေ သ
တည်း။

မတုန်နိုင်အောင်၊ စက္ခုငါး:တန်၊
အမြင်သန်တော် မူသော။ သိရိ
မတော = ဥက္ကာဓိန်နှင့်၊ ပုက္ကာမ်န်
ဓာတ်၊ ဂုဏ်အရှိန် လျှပ်သကဲ့သို့၊
ကြီးမြတ်သော ဘုန်းဟုက်သရေ
ရှိတော်မူသော။ ဝိပဿိသ စ =
ဝိပဿီဟု၊ သညီအာန္ဒတ္ထ၊ ရွှေဘွဲ့
တော် သ,အပ်သော၊ အစိန္တေယျ
မြတ်စွာဘုရား:အား:လည်း။ နမော
=သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုး
ပူဇော်ခြင်း:သည်။ အတ္ထု=ဖြစ်ပါ
စေသတည်း။

(၃) သိခ္ခီဘူတာနုကမ္ပိနော = အလုံးစုံ
သော၊ သုံးဘုံရပ်ရွာ၊ သတ္တဝါတို့
အား:၊ စဉ်လာပကတိ၊ ကြင်နာ
တော်မူလေ့ရှိသော။ သိခီသာပိ
စ=သိခီမည်သာ၊ စော မြတ် စွာ
အား:လည်း။ နမော = ရှိခိုး:ခြင်း:
သည်။ အတ္ထု = ဖြစ်ပါစေ
သတည်း။

(၄) နှာတကဿ = ကိလေသာ ညစ်
ကြေး၊ ရစ်အမြှေး:ကို၊ ဆေး:လျော်
တော် မူပြီး:ထသော။ ဘပဿိ
နော = ရန်သူကြီး:ကို၊ အနိုး:မခံ၊
အလျှံဆူဒေါ၊ ပူပန်စေသကဲ့သို့၊
ကိလေသမာရ်၊ ကိုယ်တွင်း:ရန်ကို၊
ပူပန်စေတတ်၊ အကြွင်း:မဲ့ ဖျက်
ဆီး:တော်မူ တတ်သော။ ဝေဿ
ဘုဿ စ = ဝေဿဘူမည်၊ ထွတ်
ဘုန်း:စည်အား:လည်း။ နမော =

(၇) ယော=အကြင်ငါတမ၊ လောက သရဏာင်၊ ဘုရား:ရှင်သည်။ သဗ္ဗဒုက္ခာပနှုဒနံ=ဆင်:ရဲခပ်သိမ်း၊ ငြိမ်:ဒေလတ်လတ်၊ ပယ်ဖျောက် ဘော်မူတတ်သော။ ကွမံ ဓမ္မံ= ဤ ဆယ်ပါ:သော တရား:တော် မြတ်ကို။ ဒေသေသိ=ကရုဏာရှေး ရှု။၊ ဟောကြား:တော် မူလေပြီ။ အဂီရဿသ =ကိုယ်တော်မြတ်မှ၊ လျှပ်မိုး:လျှပ်စက်၊ ပြိုး:ပြိုး:ပြက်သို့၊ ထွန်:ထွက်သော ရောင်လျှံရှိတော် မူသော။ သိရိမတော = ရွှေတန် ဆောင်မိ:၊ ဝေပြောင်ညီ:၏သို့၊ ကြီး:မြတ်သော ဘုန်:ကျက်သရေ ရှိတော်မူသော။ သက္ကပုတ္တသ = ခ တ္တိ ယ ဇာတ်၊ မတိမ်ကောရန်၊ စွမ်: သန် စုံ ဖက်၊ ဂုဏ် အ နက် ကြောင့်၊ 'သက္ကာဝတ'၊ ဝံသ အသမ္ဘိန်၊ ကမ္ဘာရှိန်သား:၊ သာ ကိန္ဒရာဇ်၊ သာကီဝင် မင်:သား: ဖြစ်တော်မူသော။ တသ=ထို ငါ တို့ ဂေါတမ၊ လော က ထွတ် ထား:၊ အစိန္တေယျ မြတ်စွာဘုရား အား:။ နမော = ရှိခိုး:ခြင်:သည်။ အတ္ထု=ဖြစ်စေသတည်း။ အဲဒါ သူငယ်ချင်:သိလိုတဲ့ မုဒြာ ၇-ပါ: နှင့် ဘုရား ကိုယ်တော် ၇-ဆူ အကြောင်:ပါ သူငယ် ချင်:။

ချင်:။ ။သာဓု သာဓု သာဓုပါခင်ဗျာ။

သုခီအတ္တာနံ ပရိဟရန္တု။

သုခ

●ယတု
မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ
တိပိဋကာ=နိကာယ ကျောင်းတိုက်အတွင်း
ဆရာဝန်ကြီး ဦးသာလှ၊ ဒေါ်ခင်ညွန့် သားသမီးတစုတို့၏
အာဘိဓဇ အာဘိဓမ္မာ နှစ်ထပ်ကျောင်းတော်ကြီးနှင့်
ပြုပြင်တိုးခဲ့, အသစ်ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ
သာသနာ့ အဆောက်အအုံများ စုပေါင်းလှူဒါန်း
ရေစက်ချပွဲတွင်
၄၅-ပဒ အချိုည-အချည

အာဘိဓဇနှင့် အာဘိဓမ္မာ နှစ်ထပ်ကျောင်းတော်ကြီး

မင်္ဂလာပိုဒ်စုံရတု

ထွန်းပတေဇော။ ။မြတ်ဗုဒ္ဓာတို့၊ ပွင့်လာမည့်ဟိတ်၊ ထိုနိမိတ်ဖြင့်၊ မြေမြိတ်မတ္တာ၊ ပေါဦးစက၊ ငါးဝရွှေကြာ၊ ပဒုမ္မာဝယ်၊ ရှစ်ဖြာအင်္ဂါ၊ ပရိကွန်ရာနှင့်၊ မြင်ခါသော်လတ်၊ ဖြဟ္မာမြတ်တို့၊ တပ်အပ်ဖတ်တိုင်း၊ လူ့သမိုင်းဝယ်၊ တုန်ိုင်းမရ၊ သံဂုံပမ၊ တေးယျနောင်တော်၊ မြတ်ဘုန်းမော်လျင်၊ ထွန်းပေါပွင့်ရာ၊ သာသနာကို၊ ဖြာဖြာပ,ဝင်း၊ လင်းထက်လင်းရှဲ၊ ဆယ်စင်းနေမျှ၊ ကဲပိုဆလျက်၊ တောက်ပရောင်ဝါ၊ တင့်ရွှန်းစွာဖြင့်၊ ကမ္ဘာဆုံးတိုင်၊ အဝန်ခိုင်ရှဲ၊ မယိုင်ရှည်ကြာ၊ တည်စေငှာဟု၊ ဝမ်းသာနှစ်ခြိုက်၊ ရင်ဝယ်ပိုက်လုက်၊ ဖိုးထိုက်သိန်းတန်၊ များဗိမာန်ကို၊



ခိုးမိတ်ကုန်းမြေ၏ အနောက်ဖြောက်ယွန်းတွင်ရှိသော ဤရေလျောင်ကန်ကြီးဖြင့် ရေပေးရေး နည်းစနစ်ကြောင့် ရာခက်အစဲ ပြေလည်ခဲ့သည်။

ကုန်းမြေတစ်ခုလုံး စိုပြည်သန်းဆန်း စေသည်။

ဝေယန္တီမြို့၊ ဟန်ဘလားသို့၊ မခြားမဲ့သွင်၊ တင့်ယွယ်ပြင်၍၊ ဆင်ယင်ပေးလှူ၊ တောင်းဆုယူ၍၊ ဆောက်ဦဒါန်၊ ပန္နက်ချလျက်၊ ဘဝဆွတ်နှုတ်၊ အေးစေပြုသည်၊ ။ **ဖူးရှိဝိမာန် တည်စေတဲ့သည် ဘုရား။**

ကျွန်းမြစေမြည်ဟာ။ ။တောင်လက်ယာဌာ၊ ဖြာဖြာဝတ်ရွှန်း၊ မျိုးကုဏ်ထွန်းသည့်၊ မင်းဒွန်းဥာဏ်၊ မြန်ဒေသဝယ်၊ တိဝိဋ္ဌကရ၊ မှောက်ဟောတွာ၊ ဂါခိုဏ်းဂေဝတွင်၊ အာဠဝကခေါင်သာ၊ ဟာဝပဿိတ်၊ ဘွဲ့ဂုဏ်ဟိတ်ဖြင့်၊ 'အရှင်ဝိစိတ္တသာရာဘိဝံသ'၊ နာမယင်ရှား၊ ယေရိမြတ်ဘုး၊ ရှေ့သွားမရှုချက်၊ ရှေ့ဆောင်ချက်ဖြင့်၊ ထက်အောက်နှံ့သိ၊ ဗုဒ္ဓဝါဒသာ၊ ဝိပိဋကဓရ၊ နိုင်ငံယကို၊ ရှည်ပ တည်ရန်၊ ရည်သန်ကြိုးစား၊ တာည်ဘုံးတို့၊ ပွားများယင်၊ ဗုဒ္ဓဘုန်းအားလင့်၍၊ အသစ်အဆောင်း၊ သိမ်တန်မင်းသောင်းနှင့်၊ တိုက်ကျောင်း မစောင်းတန်း၊ ဆောက်လှူဒါန်းကာ၊ ကျွန်းမာစေခြောင်း၊ ဆေးပေးကျောင်းမှ၊ အပေါင်းထို့ငြင်၊ နာရီစင်နှင့်၊ တသွင်ရေဘီး၊ စက်သင်ဖြူးလျှင်၊ ဟသီးပိုးထုတ်၊ ပိဋကတ်တင်ဟု၊ သိုက်မြုတ်ဖုံဖုံ၊ မျှားသောက်ဒုံကို၊ ပံယင်ပညဲးဖြင့်၊ ဖန်စီရင်၍၊ ပန်ဆင်မြတ်ဆု၊ နိဗ္ဗာန်ရှသည်၊ ။ **လေးပြိုဓိဋ္ဌာန်ချည်စေတဲ့သည် ဘုရား။**

သွန်းချဝွဖြာ။ ။ရေဇလာကို၊ ပတ္ထနာဆု၊ နိဗ္ဗာန်ရှု၍၊ ခရူသခ်ာ၊ မြက်နေဘာဖြင့်၊ မြေမှာသွန်းလောင်း၊ အောင်စေကြောင်းလျှင်၊ အောင်မောင်းဆော်လျက်၊ အောင်စည်နှက်၍၊ ရက်မင်္ဂလာ၊ မြတ်အသံနှင့်၊ လိတ္တာတြင်း၊ နဝင်းကြုံကြိုက်၊ ခါကောင်းဆိုက်၍၊ အမြိုက်ကောဇာ၊ ထောင့်သုံးရာတွင်၊ စွန်းလာလေးဘဝ်၊ သက္ကရာဇ်ဝယ်၊ တွန်းသင်္ဃသော်တာ၊ ဗျိုင်းတာရာနှင့်၊ ပြုဇွာဘဒြပိုဒ်၊ ကိမ်ညိုကိုက်တွင်၊ ပြိုင်ခိုက်ယွဲင်း၊ တော်သလင်းဟု၊ ယင်းမာရွှင်ပျ၊ သင်္ဃင်းသန္တိ၊ ပက္ခအာဆွက်၊ ဥာဏ်လေးရက်တွင်၊ ဘဂဝါအာဂတာ၊ ဒအာက်မှာနရက်၊ စုန်ဆန်သာ၍၊ စက်ကွင်းကဏ္ဍာ၊ အဝိဇ္ဇာဖကြောင့်၊ သံသာဝဲကျ၊ မျှားသတ္တအား၊ ရကြထပ်တူ ရှိစိမ်ဟူ၍၊ အလူဒါန၊ ကုသလကို၊ အမျှရစေ၊ သွန်းချဝေလျက်၊ ဤမြေပဝါ၊ သက်သေပြုသည်၊ ။ **အားမှုနိဗ္ဗာန်ရည်စေတဲ့သည် ဘုရား....။**

မောင်အုံးကြိုင်၊ ဝိဇ္ဇာ (မြန်မာစာ) ရေးသားပူဇော်၍
ဆရာကြီး ဦးဆန်းထွန်း ဖတ်ကြားပူဇော်ပါသည်။
၁၃၄၁-မှ၊ တော်သလင်းလပြည့်ကျော် ၄-ရက်
(၉-၉-၇၉)



၃-၁၁-၈၁ နေ့

မန္တလေးမှ မင်းကွန်းသို့ ဖြတ်သန်း နေသော မော်တော်ယေ်မှာ တရိပ်ရိပ် ပြေးနေသည်။ ၎င်း မော်တော်ပေါ်၌ ထိုင်၍ လိုက်ပါလာသော ကျွန်တော်၏ စိတ် အစဉ်သည်လည်း တရိပ်ရိပ် ပြေး နေ၏။ မော်တော်ယေ်ကား 'မင်းကွန်း သို့ရောက်ရှိရန်' ဟူသော တိကျသည့် ရည်ရွယ်ချက်ဖြင့် ရေကိုဆန်၍ ပြေးနေခြင်း ဖြစ်သည်။ ကျွန်တော်၏ စိတ် အစဉ်မူ ကား ဦးတည်ချက် အတိအကျမရှိ၊ မျက်စိရှေ့တွင် မြင်တွေ့နေရသော ခရီး သွားဖော်များထဲမှ တီးဟုံး တီးတိုးပြော ဆိုရယ်မောနေကြသူ အမျိုးသမီးတစ်ဦး ကို လည်းကောင်း၊ သူတစ်ပါး အားပါး တရ ပြောဆိုနေကြသည့် အချက်အလက် များကို တည်မှီ၍ တစုံတရာ ၎င်ရောက် ဘွေးနွေး ပြောဆိုခြင်းလည်းမရှိပဲ ပြုံး လိုက် မဲ့လိုက် တည်လိုက်နှင့် အမှုအရာ အမျိုးမျိုး ပြောင်းလဲ ဖြစ်ပျက်နေသူ တစ်ဦးကို လည်းကောင်း မည်သူ့ကိုမျှ ဂရုမစိုက်နိုင်ပဲ စာတစ်အုပ်ကိုဖြန့်၍ သဲသဲ မဲမဲ ဖတ်ရှုနေသူ လူကြီးတစ်ယောက်နှင့် သူ့ဘေးအနီးတွင် ကပ်လျက် ထိုင်ကာ

မော်တော်ဦးဘက်က ဖွားကနဲ လွှားကနဲ မြန်ကျဲပုံလွန်လာပြီး လှိုင်းတွန့်ကလေးများ အဖြစ် ဝေးကွာ ကျန်ရစ်ခဲ့သော ရောဝတီမြစ်၏ ရေပွင့် ရေပန်းများကို အာရုံဝင်ရှာသည့် ကလေးငယ်အား လည်းကောင်း၊ ကူးပြောင်း လှည့်ပတ် ကြည့်ရှုယင်း ပန်းပင် ပန်းချုံကလေး များသို့ ဝဲ့ကာဝဲကာ ပုံလိုက်နားလိုက် လုပ်နေသော လိပ်ပြာငယ် တစ်ကောင် ဖမာ တည်ငြိမ်စွာ ရပ်တည်နိုင်ခြင်း မရှိပဲ မြင်ရာ တွေ့ရာ ကြားရာတို့၌ တဒင်္ဂမျှ စိတ်ဝင်စား သယောင် ရှိလျက် ဆက် လက်ပြေးလွှား နေပြန်ပါသည်။

မန္တလေးသို့လည်းကောင်း၊ စစ်ကိုင်း သို့ လည်းကောင်း အခေါက် ခေါက် အခါခါ ရောက်ဖူးခဲ့သော ကျွန်တော် သည် ငယ်စဉ်ကတည်းက မင်းကွန်း ခေါင်းလောင်းကြီး နှင့် ဒေါ်ဦးစွန်း လူအိုရဲ့ တို့ကြောင့် တရင်းတနှီး ဆိုရှိ ကျွမ်းဝင်နေသော မင်းကွန်း ဘက်သို့ တခါတခေါက်မျှ မရောက်ဖူးခဲ့ပါ။

ယခုအခွင့်နှင့်တွင် မင်းကွန်း မိုးမိတ် ကုန်းမြေသို့ ရောက်ရပါတော့မည်။ တိပိဋကဓရ မဟာဿာဝကရိုက အဂ္ဂမဟာ ပဏ္ဍိတ ဦးဝိစိတ္တာသာရာ ဘိဝံသ ဆရာ တော်ဘုရား၏ သက်တော် ၇၀-နှစ်ပြည့် မြောက်သည့် ပဌနိယပွဲသို့ ဖူးမြော် ပူဇော်ရန် အဆိုတော် မာမာဇော်၊ မင်း [illegible] ဖောင်ဖောင်ကြီးတို့နှင့် အတူ လာမဲ့ြမြင်းဖြစ်ပါသည်။ ဓာရေး ဆရာ ဒါရိုက်တာ ဦးသုခတို့လည်း မင်း ကွန်းသို့ ရောက်နေကြပြီဟု ဘဏ်ရပါ၏။ အဆိုတော် ရီရီသန့်လည်း လာလိမ့်မည် ဟု ကြားရပါသည်။ ကျွန်တော် တို့ စီနှင်း လိုက် ပါလာသည့် ရထား နှင့် တော့ ပါမလာခဲ့ပါ။ လေယာဉ်နှင့် လာ လေမလား၊ သူ ရောက်မလာလျှင် သူနှင့် တိုက်ထား သည့် ပူဇော်ပွဲသီချင်းကို ဘယ် သူ့ အား ဆိုခိုင်းရပါ့။

ကျွန်တော်၏ စိတ်သည် မရောက်ဖူး သေးသော မင်းကွန်း မိုးမိတ် ကုန်းမြေ သို့ မှန်းဆ ရောက်ရှိသွားရာမှ ပူဇနီယ ပွဲတွင် အတူယှဉ်တွဲ ကန်တော့ကြရမည့် အနုပညာရှင်များသို့ ကူးပြောင်းရောက် ရှိသွားပြန်ပါသည်။ ထိုမှတဖန် ဓမ္မဂိတ ဖြင့် ပူဇော်ကြရာ၌ တီးမှုတ်ပေးကြမည့် ဆိုင်းဆရာတို့ကို တွေးမိလျက် ကြဲ့တင် ပေးပို့ထားသော ဆရာတော်ဘုရား၏ ထေရပွတို့နှင့် သက်တော် ၇၀ - ပြည့်နှစ် ပူဇော်ပွဲ ဓမ္မဂိတကို လေ့ကျင့်ထားကြ ပါ့မလား၊ အဆင်ပြေပြေ ဖြစ်မှ ဖြစ်ပါ့ မလား။ သီဆိုကြမည့် အနုပညာရှင်များ က ယနေ့ညနေမှ မင်းကွန်း မိုးမိတ်ကုန်း မြေသို့ ရောက်ကြမည်။ တီးမှုတ်ပေးကြ မည့် ဆိုင်းဆရာတို့နှင့် မတွေ့ရသေး၊ ညဘက်ကျမှ ခဏတဖြုတ် တွေ့ပြီး နက် ဖြန် ပူဇော်ပွဲ ကျင်းပရမည့် အခွင့်တွင် ဆိုင်းနှင့် အဆို အံဝင်ခွင်ကျ မရှိလျှင် ဒုက္ခဟု စိတ်ပူမိပြန်ပါသည်။ ဤသို့ဖြင့် လုက မော်တော်ပေါ်တွင် ထိုင်လုက် လိုက်ပါလာရသော်လည်း စိတ်က မူကား

မနားမနေ ပြေးလွှားကူးသန်း မော ပန်းနေပါတော့သည်....။

၄-၁၁-၈၁ နေ့

ဆရာတော်ဘုရား၏ သက်တော် ၇၀-နှစ်ပြည့် ပူဇနီယ ပွဲတော်ကြီးမှာ အစီအစဉ် ၉-ခုတို့ဖြင့် ထူးထူးကဲကဲ လှိုက်လဲဝမ်းသာဖွယ်ရာ အောင်မြင်လုဆဲဆဲ ရှိနေပါပြီ။

ဆရာတော်ဘုရား သည် ဗုဒ္ဓ ရက္ခိတ ကျောင်းနှင့် ဓမ္မာရုံကြီးတစ်ခုလုံး ပြည့်လျှံကျိတ်ခဲ သဒ္ဓါကဲ့မောက် ရောက်ရှိလာကြသော ဒါယကာ၊ဒါယိကာမတို့အား ရှစ်ပါးသီလ ချီးမြှင့်၍ မဲတ္တာရှေ့ထား တရား တော်မြတ် ဟောကြားဆုံးမတော်မူပါသည်။

ကျွန်တော်သည် ထိုပူဇနီယပွဲ၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရပါသည်။ အစီအစဉ် ၁-မှ အစီအစဉ် ၇-သို့ ရောက်သည်အထိ တထိတ်ထိတ်နှင့် ကျိတ်၍ စိတ်စောနေရပါသည်။ သီဆိုကြမည့် အနုပညာရှင်များနှင့် ဆိုင်းပညာရှင်တို့မှာလည်း များပြားလှသော ပရိသတ်တို့ခြေးနားထားသဖြင့် ကွာလှမ်းနေပါသည်။ ထို့ကြောင့် အဝင် အထွက် အထားအသို မှန်ပါ့မလား၊ စည်းကိုက်ဝါးကိုက် အလိုက်သင့် ဖြစ်ပါ့မလားဟု တွေးတော ရင် မောနေရပါသည်။ သို့သော် အစီအစဉ် အားလုံး ချောမောစွာဖြင့် ဆရာတော်ဘုရားထံတွင် ရှစ်ပါးသီလ ခံယူဆောက်တည်ခြင်းနှင့် တရားတော်မြတ် နာယူခြင်း အစီအစဉ် အမှတ် ၈-သို့ ရောက်ရှိလာခဲ့ပါပြီ။

ကျွန်တော် သည် ရုပ်ရှင်ပွဲများ၊ ပြဇာတ်ပွဲများ၊ ပဒေသာကပွဲများ၊ အခြား ပြင်ပ ဧည့်ခံမင်္ဂလာပွဲပေါင်းများစွာတို့ကို စိတ်လက် အေးချမ်းစွာ ဆောင်ရွက် လုပ်ကိုင်ခဲ့ဖူးပါသော်လည်း ဤ ပူဇနီယပွဲတွင် စိုးရိမ်ပူပန်စိတ် ပြင်းပြနေမိပါသည်။ အကြောင်းမှာကား သူတော်ကောင်း ပုဂ္ဂိုလ် ထဲ့း ကြီး များအား ကြုံတောင့်ကြုံခဲ့ ပူဇော်ခွင့်ရသည် ဖြစ်သောကြောင့် အဆစ်အငေါ့ အမှား အယွင်း လုံးဝမရှိ၊ ပကတိ ချောမွေ့အေးချမ်းစွာ အောင်မြင်ပြီးမြောက်စေလိုသော စိတ်စေတနာကြောင့် ဖြစ်ပါသည်။

ဆရာတော် ဘုရား သည် တရားနာပရိသတ်တို့အား ရှစ်ပါးသီလ ပေးနေပါသည်။ ကျွန်တော်ကား တထိတ်ထိတ် လှုပ်ခုန်နေသော ရင်ကို တဖြည်းဖြည်း ငြိမ်ဆိမ်သွားအောင် အသက်ကို မှန်မှန် ရှိုက်ရှူယင်း ရှိခိုးဝတ်ပြုကာ လိုက်လံ ရွတ်ဆိုနေရာမှ အသာအယာ မော့၍ ပူးမြော်လိုက်မိပါသည်။

တိပိဋကဓရ ဆရာတော်ဘုရားသည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ....' ဟု လေးလေးမှန်မှန်ကြီး ရွတ် ဆို ပေး ပြီး လျှင် လက်တစ်ချောင်းကို အခြားလက်တဆက်ဖြင့် အသာချိုး၍ မှတ်သားလိုက်ပါ၏။

ပြု၍။ အပ္ပမာဒေန = မမေ့ မလျော့ မပေါ့မတန် ထက်သန်သော သတိတရား ဖြင့်။ သမ္မာဒေထ = မကျိုး၊ မပေါက်၊ မကျား၊ မခြောက်ရအောင် ထိန်းသိမ်း ဆောင့်ချောက် ပြည့် စုံ ကြ ပါ စေ ကုန် လော့' ဟု အဋ္ဌဂ်သီလတော်မြတ်ကို ပေး အပ် ချီးမြှင့်တော် မူပါသည်။ ပရိသတ် အားလုံးက 'သာဓု-သာဓု-သာဓု' ဟု ဝမ်းမြောက်ဝမ်းသာ ရွတ် ဆို နေ ကြ ပါ ပြီ။

ကျွန်တော်၏ စိတ်တွင်မူကား 'ဒါဟာ ငါတို့ အနုပညာသည် များကို သတိ-သတိ-သတိ ဟု ရည် ရွယ် ဆုံး မ တော် မူခြင်း ဖြစ်သည်။ 'စိတ်' ကို လွတ်ထား၍ မဖြစ်၊ ထာဝစဉ် မမေ့မလျော့ မပေါ့ မတန် သတိရှိနေမှ ကောင်းလိမ့်မည်' ဟု လှစ်ကနဲ တွေးလိုက်မိပါသေး သည်။ ပြီးမှ သာဓု သုံးကြိမ် အမြန်ရွတ်ဆို၍ ဆရာ တော်အား ဦးချလိုက်ရပါသတည်း။

ဗိုလ်ထေးဇင်အောင်

'ဒုတိယပို ဇုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟော်ကာ အစ်ခြောင်းကို ဂရို့ချိုးလိုက် ပြန်၏။

'တတိယပို ဇုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟဘိ၍ ဟော်ခြောင်းကို ဘျိုး၍ ဟော်သားတော် မူလိုက်ပြန်ပါ သည်။

ဆရာတော်သည် စိတ် နေ လှုပ် ရှား မရပ်မနား ပြေးလွှားကာ အမြဲတစေ ပင်ပန်းနွမ်းနယ်နေသော တပည့်သား တစ်ဦးကို ထာဝစဉ် သတိ ရှိနေစေရန် ဤသို့ဤပုံ ဂရု ဓမ္မ ထား ရမည်ဟု နည်း လမ်းပြ၍ ဆုံးမတော် မူလေပြီ။

နောက်ဆုံး၌ ဆရာတော်သည်....

'သာ ဓေ ဝေါ = နှုလုံး ပျော့ ပျောင်း သူ့ တော်ကောင်းတို့သည်။ တိသရဏေန =သရဏာကုံသုံးပါး နှင့်။ သဟ = တကွ။ အဋ္ဌင်္ဂုပေါသထသီလံ = အဋ္ဌင် ဥပုသ် သီလကို။ သာဓုကံ ကတွာ = မြဲမြံ စွာ



မင်းကွန်း ဓမ္မနာဒကျောင်းတိုက် နာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသမထေရ်အရှင်မြတ်အား 'အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဂုဏ်ပူဇော်ပွဲတော်'ကို ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် ကျင်းပရာ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့က ချီးကျူးပူဇော်အပ်သော....

အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ာပူဇော
မင်္ဂလာပိုဒ်စုံ ရတု

၁။ ဩဘာ မင်္ဂလာ။ ။ဥဒါန်းသာပိမ့်၊ စက္ကဝါကုဋေ၊ တသိန်းရေသား၊ သုံးထွေခေတ်ဝ၊ သုံးလောကတွင်၊ သုံးပါးလူနတ်၊ မြတ်လှမြတ်ခေါင်၊ မြတ်လေးနောင်တို့၊ အောင်ငြားမှန်ရာ၊ ဘဒ်ကမ္ဘာဝယ်၊ ထွတ်ချာမဏ္ဍိုင်၊ လေးကျွန်းဆိုင်သည့်၊ ဦးကိုင်မြင်းမိုရ်၊ လေးရောင်ပျိုတွင်၊ မြည်ရောင်ရွှန်း၊ ဇမ္ဗူကျွန်းဌာ၊ တောက်ထွန်းသာသနာ၊ တည့်မွန်းသာက၊ ညွှန်းရာရှေ့မှောက်၊ မြတောင်ပေါက်၍၊ အံ့လောက်ဂူလိုက်၊ စရည်းမြိုင်ဌာ၊ သုံးခိုင်သာသနာ၊ တည်စိမ့်ငှာဟု၊ ဦးစွာပထမ၊ ဓမ္မသင်္ဂါယ်နာ၊တင်သော့ခါဝယ်၊ အာနန္ဒာညီလား၊ထင်မှတ်မှားဖို့၊ ထူးခြားစာဆူ၊ ပွင့်ပြန်မူဟု၊ နတ်သူဇာသောင်းကြွေး၊ ကောင်းကြီးပေးလျက်၊ ဆုရေးမိမိ၊ ဆင်လို့ဘိ၍၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာ-ဂါရိကာသခင်၊ (ဝိစိတ္တာသာရာဘိဝံသ) ထေရ်အရှင်အား၊ ရှိတင်ဦးခိုက်၊ ပူဇော်ကြိုက်သည်....။

အမြိုက်နိဗ္ဗုတည့်လေး—မြတ်ဆုပေး။
ဩဘာမင်္ဂလာတည့်နက်လေး—သောင်းလုံးကြွေး။

၂။ ထေရမနာ တင်လွှာ။ ။နိဒါန်းဖြာပိမ့်၊ သာသနာ့တံခွန်၊ ဇာနည်မွန်ကား၊ ထူးချွန်ပထမ၊ ကျော်စာဝန္နှင့်၊ သာသနဟိတ၊ သာသနဓဇ၊ သီရိပဝရ၊ ဓမ္မာစရိယ၊ နှစ်ဘွဲ့ရသား၊ အဋ္ဌကထာပြန်၊ ကျော်တတန်ကို၊ လျင်မြန်ဆွတ်ခူး၊ တံဆိပ်ထူးနှင့်၊ ရွှေးဦးပဌမ၊ ဗုဒ္ဓသာသန-ဝိသိဋ္ဌတည့်၊ တိပိဋကဓရ၊ မဟာတိပိဋက-ဓရာဝိဒနှင့်၊ ဓမ္မဘဏ္ဍာဂါရိကာဟု၊ မင်္ဂလာလှိုက်ခြည်၊ ဘွဲ့ထူးစည်ခဲ့၊ တမည်ခုခါ၊ သာသနာလျှင်၊ တေဇာရွှန်းပြိုင်၊ တန်ခိုးလှိုင်က၊ ပြည်ပိုင်အစိုးရ၊ တံဆိပ်သ,သား၊အဂ္ဂနာဂ်ဆွယ်၊ မဟာသွယ်လျက်၊ ကျော်ဖွယ်တဝ၊ ပဏ္ဍိစာတည့်၊ သမယမဟာ၊ ဤအခါကား၊ ကောဇာသင်္ကရာဇ်၊ တစ်ထောင့်သုံးရာ၊ လေးဆယ်

သာဒူ၊ သခ်ၤဘစ်ဒွန်း၊ လိုဏ်ဂူနန်းဝယ်၊ ထူးဆန်းပူဇော်၊ ၇ တံဆိပ်တော်ဖြင့်၊ ဆောင်ရွက်ပွဲသင်၊ မြဘ်အာရှင်ဆား၊ ရှိတင်ဦးခိုက်၊ ပူဇော်ကြိုက်သည်....။

သန္တိုက်နိဒ္ဒါတည့်လေး—မြတ်ဆုပေး။

ဒေဝနာဘင်လွှာတည့်ဟစ်ကြွေး—ကမ္ဘာဘေး။

ဒု။ ခးကာဇာဒဉ်ဆာ။ ။နိဂုံးဖြာပိမ့်၊ ဇေယျာမြေခက်ယွန်း၊ မင်းကွန်းသာဒူ၊ ဂုဏ်မြင့်၊ ဒေဿကုံဝယ်၊ ဗဒုံမင်းခေါ်၊ မြတ်ဘိုးတော်၏၊ ကြင်ဖော်မှန်ဘိ၊ သီရိမြိုက်ဆား၊ မဟေဿာမှ၊ သားလှမင်းရဲ၊ ရွှေတောင်ကဲ၏၊ ခေါ်မြဲဂုဏ်ဟိတ်၊ ဇောဝိဇာဂိတ်ဖြင့်၊ မိုးမိတ်မင်းသား၊ ကုန်းထက်ကြွားတွင်၊ ငါးပါးနိကာယ်၊ သုံးပွဝ်ဝိဒ္ဒကာ်၊ ဇကျောင်းဘော်မြတ်၌၊ ဥက္ကင်္ဌဇာနေ၊ ပေါ်ထွန်းစေဟု၊ မျှော်ဇော်ရှုန်း၊ ကြယ်ခေကျော်သန်းဖြင့်၊ ပွင့်လန်းမိုးလုံး၊ ဘဝဂ်ဆုံးလိမ့်၊ ခြိမ့်အုံးတေဇ၊ ပိဋ္ဌဝါရှူ၊ ခေဆရ်ဘဆူလို၊ ပေါ်မူပေါ်ဆဲ၊ ပေါ်တော်မြဟု၊ ဝမ်းထဲသာတောင်း၊ နှုးညွှဉ်းချောင်းလျက်၊ သက်ကောင်းကျန်းဘိ၊ ရာဇကျော်ထိဟု၊ ထုတိမဂ်လာ။ ဇောဝ်သြာနှင့်၊ သောမနာဆင့်လောင်း၊ အောင်ဆုတောင်းလျက်၊ အောင်ပေါင်းဆုယင်၊ မြတ်ဆထရ်ရှင်ကို၊ ရှိတင်ဦးခိုက်၊ ပူဇော်ကြိုက်သည်....။

အန္တိုက်နိဒ္ဒါတည့်လေး—မြတ်ဆုပေး။

ကောဇာဒဉ်ကာတည့် မှတ်ကာတွေး— နိဂုံးစေး။ ။

(မဟာသရေစည်သူ ဦးခွန်းသာ ရေးသားစီကုံး၍၊ ၂ ရွှေတိဂုံ ဂေါပကအဖွဲ့လူကြီးဟောင်း အင်ဒိမ်းစား ဒု-ဗိုလ်မှူးကြီး ဦးအောင်သိမ်း ဖတ်ရွတ်ပူဇော်သည်။)

စရေးသားဆက်အစဉ်ဆု

စဘဆိုတော် လက်ဝဲမင်းညီ

စထစသီရိစဇယံဆူရ ဦးခွန်းသာ



တိပိဋကရေသာသနာ့မိခင်ကြီး

လူထုဒေါ်အမာ

တိပိဋကဓရ သာသနာ့ အာဇာနည်များ အများအပြား ပေါ်ထွန်းရေးအတွက် အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်က ကြိုးပမ်း အားထုတ်နေတော်မူပုံ၊ အောင်မြင်တိုးတက် နေပုံတွေကို ကြားရမြင်ရတွေ့ရတဲ့အခါ ဆရာ တော်ရဲ့ သာသနာ့ မိခင်ကြီးဖြစ်သူ ဆရာကြီး ဒေါ်ဓမ္မစာရီ မြင်စေချင်စမ်းပါဘိ-လို့ စိတ် ထဲ မချင့်မရဲ အောက်မေ့မိပါတယ်။

မိခင်ကြီး စိုက်ပျိုးပြုစုခဲ့တဲ့ သာသနာ အပင်မှ အကိုင်း အခက် အညွှန့် အတက်တွေ ဝေဖြာအုံဆဲဆဲအခြေကို မိခင်ကြီး မြင်ခဲ့ပါ လျှင် ဘယ်လိုများ မိန့်လေမည်မသိ-လို့လဲ ရောရမ်း မှန်းဆမိရပါတယ်။

ဆရာတော်ရဲ့သာသနာ့မိခင်ကြီးကို အများက "အိမ်ကြီးချောင်ဆရာကြီး ဒေါ်ဓမ္မစာရီ" လို့ပဲ ခေါ်ဝေါ်ခဲ့ကြတယ်၊ နို့ပေမယ့် ကျွန်မ တို့ အမေကတော့ "ဆရာတုတ်ကလေး" လို့ပဲ တရင်းတနှီး ခေါ်တတ်တယ်၊ အမေတို့က မန္တလေးဈေးချိုတော်ပိုးကုန်တန်းမှာ ပိုးထည် ဆိုင် ထွက်နေတဲ့ တုတ်တုတ်ဘဝတဲ့က ဆရာ ကြီး ဒေါ်ဓမ္မစာရီနဲ့ သိခဲ့၊ ကျွမ်းခဲ့၊ ခင်မင်ခဲ့၊ မိဘချင်းကလဲသိကျွမ်းခင်မင်ခဲ့ကြတာမို့ ပါပဲ၊ ဒါမ်ကြောင့်လဲ ကျွန်မ တခုခုတလေ မင်းကွန်း အိမ်ကြီးချောင်ကိုသွားပြီး ဆရာကြီးကို ကန် တော့တဲ့အခါ ဆရာကြီးက ကျွန်မကို "မယ်စု သမီး အမာလာသလားဟဲ့" လို့ တုမသားချင်း လို မေးမြန်းနှုတ်ဆက်တယ်၊ "အကြောင်းကိစ္စ တွေ များပြားလို့ ဆရာကြီးဆီ မကြာမကြာ အကန်တော့မရောက်နိုင်ပါဘူး" လို့ ကျွန်မက အကြောင်းပြယင်လဲ "အံမယ် ငါ သိလျှင် ဆွဲဝတ်ပေးလိုက်ပြန်ရော့မယ်" လို့ ဆရာကြီး

ဆရာကြီး ဒေါ်ဓမ္မစာရီ ➡
သီလရှင်ဝတ်ခါနီး
၁၆-နှစ်သမီး အရွယ်

ကျွန်မကို မချင့်မရဲနဲ့ ကျွန်မအပေါ်ထားရှိတဲ့ သူ့သံယောဇဉ်ကို ဖော်ပြလေ့ရှိပါတယ်။

၂၇-၆-၆၈-နေ့ကတော့ ဆရာကြီးအသက် ၉၀-ပြည့် ပူဇော်ပဲ့ကို ကျွန်မတို့ သွားခဲ့ကြတယ်၊ ဆရာကြီး အသက် ကြီးရင့်ပြီမို့ အမှတ်တရဓာတ်ပုံလဲ ရိုက်ခဲ့မယ်-လို့ ဓာတ်ပုံ သတင်းထောက်တယောက်ကိုပါခေါ်သွားပြီး ဘီး(ဘိန်း) တပ် ကုလားထိုင်ကလေးနဲ့ရွှေ့လျားသွားလာနေရပြီဖြစ်တဲ့ ဆရာကြီး ဒေါ်ဓမ္မစာရီရဲ့ပုံတွေကို ရိုက်ယူခဲ့တယ်။

ဓာတ်ပုံရိုက်ယင်း ဆရာကြီးနဲ့ ရှေးဟောင်းနှောင်းဖြစ် တွေကို စကားစပ်မိတဲ့အခါတော့ ဆရာကြီးဟာ အသက် ၉၀-ရှိပြီမို့ လူ့သက်တမ်းမှာ တွေ့ဝေတဲ့အရွယ်ရောက်ပြီလို့ သတ်မှတ်မှုရှိပေမယ့် ဆရာကြီးက ဘာကိုမှ မတွေ့ဝေတဲ့



အပြင် ငယ်ရွယ်စဉ်က ကဗျာတွေ စာတွေကို တောင်အုံသြစရာကောင်း လောက်အောင် ရွတ်ဆိုပြသနေတာကို တွေ့ရတယ်၊ ဒါကြောင့် ကျွန်မက ကြားနာရခဲတဲ့ ရှေးဟောင်းနွှောင်းဖြစ်တွေကိုလက်နဲ့လိုက်ရေးပြီး အဲဒီအခေါက်က မှတ်သားယူခဲ့တယ်။

ဆရာကြီးဒေါ်မမစောရီဟာ ၁၂၄၀ - ပြည့်နှစ် တပို့တွဲ လဆန်း ၄- ရက် ဖွား စနေသမီး ဖြစ်တယ်၊ အသက် ၉-နှစ် အရွယ်လောက် စာသင်ကျောင်းက ၄-တန်း အောင်ပြီး ကတည်းက မန္တလေးမှာ ရှိတဲ့ လူလတ်တန်း စာမံဘများပြုလုပ်ထရှိတဲ့ အတိုင်း မန္တလေး ဇေးမြို့တော်က ပိုးကုန်တန်းမှာ အရောင်းအဝယ် ၁၀-ရပါတယ်၊ ဆရာကြီးရဲ့ အမေ ညီမ မမကြီးတို့၊ ဒေါ်မြင့်တို့ ပိုးကုန်ဆိုင်မှာပေါ့။

အဲဒီခေတ်က မန္တလေးဈေးချိုထဲက ရွှေဆိုင်တန်းတို့၊ ပိုးကုန်တန်းတို့ ဆို

ဆရာကြီး ၉၀-ပြည့် မွေးနေ့မှာ မစိုးရိမ်ဆရာဝော်ကြီးကို ဆရာကြီး ကန်တော့နေစဉ်

၂၇-၆-၆၀ နေ့က ဆရာကြီးပြောသမျှကို လူထုဒေါ်အမာ ရေးမှတ်ယူနေစဉ်

ဆရာကြီး ဒေါ်ဝမ္မစာရီ
၂၇-၆-၆၈ နေ့က
အသက် ၉၀-အရွယ်မှဲ့

ဒါပေမယ့် ကိုယ့်ဘာသာ ပြုတ်လာတာ ဆိုတော့ မကုန်စင်ဘူးပေါ့၊ အဲဒီ ဆံပင်တွေကို အမေ(ဒေါ်သီး)က လိုက်ကောက်ပြီး နောက်တော့ ဆံစုစည်း ဆားပါသတဲ့၊ ဖျားချိုသူတွေရဲ့ တရားနာ အဖွဲ့ခေါင်းဆောင် ကွမ်းရေတော်မင်း ဦးဖေက တုတ်ရုတ်ရဲ့ နေကွမ္မဒိုပါရမီကို ရှူ ညီ ဖြည့်တဲ့အနေနဲ့ သူ့သမီးကြီး 'မသက်စု'ကို ချော့မော့ ပြောဆိုပြီး စုတ်တာဘ်တို့ တိတ်တဆိတ် မင်းကွန်း ဘက်ကို ထွက်ပြေးလာတဲ့အခါ ထည့် ပေးလိုက်သတဲ့။ ကွမ်းရေတော်မင်းဟာ နောက်ပိုင်း (တုတ်တုတ် ဆရာကြီး ဒေါ်မမှုစာရီ)ဖြစ်လာတဲ့အခါ သမီးအငယ် ကိုလဲ ဆရာကြီးထံမှာပဲ သီလရှင်ဝတ်စေလို့ နောက်ဘဲခြံနှိမ်မှာ စစ်ကိုင်းတောင်ရိုး 'ချပ်သင်းချောင်ဆရာကြီး ဒေါ်ဝိစာရီ' ဖြစ်သွားတာပါ၊ လာနှစ်ယီအသက်-၉၀ ရှယ် အသက်ဘင်္ဂဝါး ရှိနေတယ်၊ ချပ်သင်းချောင်ဆရာကြီး ဒေါ်ဝိစာရီရဲ့ အဖေ (ကွမ်းရေတော်မင်း)ဦးဖေ၊ အမေ (ဒေါ်ဖြူ)တို့ရဲ့ ဓာတ်ပုံ ချပ်သင်း ချောင်မှာ ရှိသတဲ့။

ဆရာကြီး ဒေါ်ဝမ္မစာရီက 'ကွမ်းရေတော်မင်းဟာ ရုပ်က သန့်ပြန့်တယ်၊ ပညာရှိပုံပေါက်တယ်၊ ဓမ္မစဉ်နှလဲ အားကြီးတယ်၊ စာရေးလဲ ကောင်းတယ်' လို့ ကျွန်မကိုပြောပြပါသေးတယ်၊ ကွမ်းရေတော်မင်းကို တနေ့တော့ ဓမ္မသံဝေဖြစ်တာနဲ့ သူ့ဒကာမကြီး (ဒေါ်ဖြူ)ဆီ ခွင့်တောင်းတဲ့အခါ တေးထပ်တစ်ပုဒ်

ဝုံးမင့်မြိုင်မှာ၊ အုံးမင့်လိုက် ဇောရ
ခစန်း။

ပုတီးနဲ့အပြီးစံ၊ မှီးနရန် နိမ့်ကမ်း၊
သီးစလံ သိမ့်ကြမ်းလို့၊ စိမ့်စခန်း လဲ
ကြည်။ ဝေဆာယာ သေလာဆွန့်ခ်ီ
သို့၊ ကေစောကွန့် မြန်း ချင် တော့ ပြီ။

ခေမာညွန့် နန်းမော့ပြည်ကို၊ ပန်း
ပျော့ထည် ဝတ်လဲနှင့်၊ မချွတ်ပဲ ကျွတ်
ပဲ့ခွင်၊ ကြိုးလေမှပင်။ သော့မနှေး
ကြော့ကြေးမျှင်ငယ်၊ တော့်လေးဝဖ်
ခွင့်ဖေးပါ့လေး။ ။

အင်းဝက အုတ်ကျောင်းကြီးကို ဘုရင်
မင်းမြတ်က ပြင်ဆင်ပြီး ရေစက်ချသွား
တော့ စုဖုရားလတ်တို့ ရေစက်ချပွဲ ပါ
သွားတာကို မှန်းပြီး တောင်သမန်လယ်
စား မောင်ဖေငယ် က ရေးပေးတဲ့
လေးချိုးကတော့....

ရေးပြီး ခွင့်တောင်းတယ်လို့ ပြောပြီး
ကျွန်မကို ဆရာကြီး ဒေါ်မမစာရီက
ဒီတေးထပ်ကို ရွတ်ပြပါသေးတယ်၊
'ယင်း ကွမ်းရေတော်မင်းရေးတဲ့ တေး
ထပ်ဟာ အပုဒ်တိုင်း ဒရန့်မလွတ်ဘူး၊
မြန်မာပညာရှိ ဦးဖေက စာရေးယင်
ဒရန့်ပါမှ ကောင်းတာ၊ တောင်သမန်
လယ်စား မောင်ဖေငယ်က အရှင်သီပေါ
မင်းသားအတွက် စာဖွဲ့ခံ 'စုဖုရားလတ်'
ဖို့ ရေးပေးတဲ့ လေးချိုးလေး တစ်ပုဒ်ကို
လဲ နားထောင်ကြည့်'လို့ ပြောပြီး ကျွန်မ
ကို ဆိုပြလို့လိုက်ရေးမှတ်ခဲ့ပါသေးတယ်။

ကွမ်းရေတော်မင်း ဦးဖေရေး
ခွင့်တောင်းတေးထပ်–

ငွေဝတ်မှုန်လေနဲ့လို့၊ ကြွေမတဲ့
သင်းကြူ။ ငွေပုလဲသလင်းဖြူ၊
ပယင်းဂူအုတ်နန်း။ နွှန်းချင့်တော့

ကုဝေဒဂုဏ်ရည်ရင့်သန်သော ဆရာကြီး ဒေါ်မမစာရီရဲ့ အိမ်နီးချင်း ဒေါ်မမစာရီ အိမ်ဦးအိုးဖြစ်ပြီး ကုဝေဒ
ဆရာကြီးနဲ့ ချဆောင်လာစဉ်

နှစ်နည်းနည်း နတ်ကယ်၊ ။

ပယာဂမှာဖြင့်၊ နာဝါယာဉ်မှန် ညာဉ်ကယ်နှင့်၊ ရေယက်ပြင် ပထ လမ်းကဲ့သ၊ ရွှေစက်ပြင် ကြွအလှမ်း၊ မြန်းရှာလိမ့်မယ်၊ ။

တောစုံစွာ နံ့သာသ, ပါတဲ့ စောပုညာ သာပတ္တာမြွှင်းယဉ်နှင့်၊ နှစ်ဌာန ရှေ့နန်းဆွယ်၊ ကြက်မောင်မယ် စံကွန်း၊ ။

နှင်းစဲခြိန်၊ ရင်းရဲ ရွှေဝတီန်သို့၊ ရွှေတ သိန် စုခေါင် ဆိုက်ရှာရော့၊ မျှော်သိုက်မယ် သိရ်သမ္ဘာရဲ့၊ ကိန္နရာပံု+မ ထုံးတို့လို၊ ပြုံးဖြောင့်ဖြောင့် လှမ်း။ ။တဲ့။

'ဟဲ့အမာ ပယာဂ ဆိုတာ သိရဲ့လား၊' 'မသီပါဘုရား၊' 'မန္တလေးဂေါဝိန်ဆိပ်ခွာ ပုဏ္ဏားတွေ ရေချိုးတဲ့ဆိပ်ကို ပယာဂဆိပ်ကမ်းလို့ ခေါ်တယ်၊ လေးချို့ထဲက 'နာဝါယာဉ်မှန်ညက်'ဆိုတာက 'ရေနန်းစကြာယာဉ်'ကို ပြောတာ၊ 'ရင်းရဲကျောက်ဆောင်'က အင်းဝဆိပ်ကမ်းမှာ ရှိတယ်'လို့လဲ ရှင်းပြပါသေးတယ်။ ကျွန်မက ဆရာကြီး ဒေါ်ဓမ္မဓာရီ အသက် ၉၀-အရွယ်မှာ ဒီတေးထပ်တွေ၊ လေးချို့တွေကို ဆိုပြ ရှင်းပြနေတာကို တအံ့တသြ ဝမ်းသာယင်း တဘက်ကလဲ အာမီ လိုက်ရေးနေရပါတယ်။

'ဆရာကြီး သီလရှင် ဘယ်တော့မှ ဝတ် ရပါသလဲ ဘုရား။' 'အဖေတို့ အမေတို့က သူတို့သမီးကို ခေါင်းရိတ်ပြီး သီလရှင် ဝတ်ပေးယင် တရားစွဲမယ်ဆိုလို့ ဆရာတွေက ဝတ်မပေးကြဘူး၊ ဒါကြောင့် ဥပုသ်ရက်ရှည်ပဲ စောင့်နေရတယ်။ ၁၂၅၆-ခုနှစ်က အိမ်ကထွက်ခဲ့တာ ၁၂၅၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့ကမှ သီလရှင် ဖြစ်တယ်၊ သီလရှင် ဖြစ်ပြီးတော့ ဆရာကြီးဆရာအိုနဲ့ ဆရာတော် ဦးဉာဏတို့ဆီမှာ စာသင်ရတယ်၊ ကြီးလာတော့ အရှေ့ပြင် ဝိသုဒ္ဓါရာမ ဆရာတော် (အရှေ့အင်းခန်း ဆရာတော်ကြီး)နဲ့ လယ်တီဆရာတော်ဘုရားကြီးဆီမှာ စာ သင်ရတယ်'လို့ ဆရာကြီးက အမိန့်ရှိပါတယ်။

သီလရှင် ဆရာအိုဆိုတာက မင်းတုန်းမင်းကြီး လက်ထက်မှာ သီလရှင်ထဲက ပရိယတ်ဘက်မှာ နာမည်ကြီးလှတဲ့ သီလရှင် မယ်ကင်း (ခေါ်) ဆရာကင်း၊ ဝိပဿနာဘက်က နာမည်ကြီးလှတဲ့ သီလရှင် မယ် နတ်ပေးတို့ရဲ့ တပည့် ဒေါ်သောရီဘွဲ့ခံ ဆရာထပ်တို့ ရှိပါ



ဆရာကြီးရဲ့ စာတာဒွင် ၁၂ရာသီဂြိုဟ်တည်နေပုံ

တယ်။ ဆရာထပ်က ဆရာကြီး အခုနေ သွားတဲ့ ရန်ကုန် အိမ်ကြီးချောင်နား (အနောက်ဘက်) က မယ်နတ် ပေး သိတင်းသုံးသွားတဲ့ 'ဂူကလေးချောင်' မှာ ဆရာကြီးမယ်နတ်ပေး မရှိတဲ့နောက် နေဆိုင်ပါတယ်၊ ဆရာထပ် အနိစ္စရောက် တော့ တပည့် ဆရာအိ (ခေါ်တဲ့) ဒေါ်စိတြာ နေထိုင်သီတင်းသုံးပါတယ်။ ဆရာအိဟာလဲ သူ့ဆရာ ဒေါ်သောရီ လို ပဲ အဘိဓမ္မာ နိုင်နင်း တတ်ကျွမ်းတယ် လို့ နာမည်ကြီးပါတယ်။ ကျွန်မတို့ရဲ့ ဆရာကြီး ဒေါ်ခမ္မစာရီဟာ ဆရာအိရဲ့ တပည့်ပါပဲ။

ဆရာကြီး ဒေါ်ခမ္မစာရီရဲ့ ဖခင်ကြီး အနိစ္စရောက်တော့ အမေက လာခေါ်သဘဲ့၊ အဖေ မရှိတော့ဘူး၊ လူထွက်ခဲ့တော့ပေါ့၊ ဆရာကြီးက မထွက်ချင်ပါဘူးလို့ ငြင်းပယ်တဲ့အခါ ပြောမရယင် အဝတ် ဆွဲချွတ်တန်ယင် ချွတ်မယ်လို့ အမေက ပြောနေပါရောတဲ့။

အဲဒီအချိန်မှာ စိန်တုံးမိဖုရားကြီး ကိုးကွယ်တဲ့ ဝဇီရာရာမ ဆရာတော်ကြီးရဲ့ တပည့် ဆရာတော် ဦးဇိန သီဟိုဠ်ကို ဘုရားဖူးကြွပါတယ်၊ သက္ကရာဇ် ၁၂၅၉၊ ၁၂၆၀-ပြည့်လောက်မှာ သီဟိုဠ်သွားပြီး ဆရာတော် ဦးဇိနတို့ အဖွဲ့ ရွှေကြုတ်လှူတော့ ဆရာကြီးလဲ သီဟိုဠ်ကို တခြားတပည့် ဒကာတွေနဲ့အတူ ဘုရားဖူး လိုက်သွားပါတယ်၊ ဗောဓိပင်ကိုဖူးပြီး ဆရာတော် ဦးဇိန ပြန်ကြွသွားတော့ မော်လမြိုင်က (ဆရာကြီးအပေါ်မှာ အမေလို့ ချစ်တဲ့) သီလရှင်ကြီး ဒေါ်ဖန်လို့ ခေါ်တဲ့ ဒေါ်သောရီရဲ့ တပည့်တခို့ နဲ့အတူ ဆရာကြီး ဒေါ်ခမ္မစာရီ သီဟိုဠ်မှာ ၂-နှစ်လောက် နေစာသင်နေရစ်တယ်၊ သီဟိုဠ်မှာ သီလရှင် မရှိဘူး။

ဆရာတော် ဦးဇိနအဖွဲ့ မြန်မာပြည် ပြန်ကြွသွားတဲ့အခါ ဆရာတော် ဦးဇိန အပ်နှံပေးခဲ့တဲ့ သီဟိုဠ်သား သီတင်းသည် အနာဂါရိုက ဥပါသကာထံမှာ ဆရာကြီး သီဟိုဠ်ဘာသာ သီဟိုဠ်စာကို သင်နေရစ်တယ်၊ အဲဒီ အနာဂါရိုက ဥပါသကာကြီးကပဲ ဆရာကြီးတို့ အဖွဲ့ သီလရှင်များရဲ့ စာ, ဝတ်, နေရေးကို တာဝန်ယူလှုဒါန်းပါသတဲ့၊ ဆရာကြီး ဒေါ်ခမ္မစာရီဟာ သီဟိုဠ်ဘာသာရော သီဟိုဠ်စာကိုပါ ကောင်းကောင်း တတ်လာခဲ့ပါတယ်၊ ဒါကြောင့် ဗမာပြည် ပြန်ရောက်တော့ သီဟိုဠ်စာ သင်ချင်တဲ့ ရဟန်းတွေကို သီဟိုဠ်စာ သင်ပေးပါတယ်။

ဆရာကြီးက ဉာဏ် ထက် မြက် သူ ခမ္မစဆန္ဒအား ကြီး သူ ဖြစ် လေ တော့ ပရိယတ်ဘက်မှာ ပေါက်မေါက်ရောက်ရောက် တတ် မြောက် ခဲ့ ပါ တယ်၊ ဒါကြောင့် သီလရှင်ထဲမှာ ပရိယတ်တတ်တယ်၊ အပြောအဟော ကောင်းတယ်လို့ နာမည်ကျော်ဘာပါ။

ကျွန်မတို့ ကြားဖူးတဲ့သတင်း တစ်ခု ကလယ်ဘီပဏ္ဍိတ ဦးမောင်ကြီးနဲ့ ဆရာ

တုံဝါကသေး ဒေါ်မမွစာရီတို့ ရင်းရင်း
နှီးနှီး အပွင့်ရှိကယ်၊ လယ်တီ ပဏ္ဍိတ
ဦးဒေဝင်ဟူး ဒကုန်မဂ္ဂင်းက ယုဝတီ
စာပွဲ ဝင်ခန်းမှာ အခြဲ ရေးနေတဲ့
ကဒေပဒေါ် မန္တိသေးခင်တုတ်'ဟာ ဆရာ
တုံဝါသေးကို ကုဏ်ပျုပြီး ယူထားတဲ့
နာရေးပဲလို့ ကြားဖူးပါတယ်၊ ဒါကြောင့်
ဆရာကြီးဟို လယ်တီပဏ္ဍိတ ဦးမောင်
ကြီး အရင်ကြောင်း ဖမ်းကြည့်တော့ ဆရာ
ကြီးက-

'လယ်တီ ပဏ္ဍိတနဲ့ ဆရာကြီးက
ငယ်ငယ် ကတည်းက သိကျွမ်းခဲ့တယ်၊
လယ်တီ ပဏ္ဍိတ ၁၂၄၁-ပြည့် တပို့တွဲ
လဆန်း ၃ ရက်၊ ကြာသပတေးသား၊
ဆရာကြီး က ၁၂၄၁ .... ပြည့်၊
တပို့တွဲလဆန်း ၄-ရက်၊ စနေသမား၊
ဆရာကြီးက ၅-ရက် ကြီးတယ်၊ အရှေ့
အင်းခန်း ဆရာတော်ကြီး ဆီ လယ် တီ
ပဏ္ဍိတ သက်တင်သင်ကတည်းက ဆရာ
ကြီးဘို့က အင်းခန်း ဆရာတော်ကြီးဆီ
တရားနာယင်း သိခဲ့တယ်။ နောက်
အသက် ၂၆-နှစ်ကျေတော့ လယ်တီ ဆရာ
တော်ဘုရားရဲ့အရိပ်အောက်မှာ သင်္ဃိဟ်
သာသနာအတူ ပြုကြာ၊ ဆရာကြီးက
မိန်းကလေးတွေကို သင်္ဃိဟ် သင်ပေး
တယ်၊ လယ်ဘီ...ပဏ္ဍိတက သက်နှံးဝတ်နဲ့
ရဟန်းတွေကို စာချတယ်၊ ဒီလို ဗဟန်း
ပါ သာသနာပြုနေကြတာ၅-နှစ်နီးပါး
ကြာတယ်။လယ်တီဆရာတော်ဘုရားကြီး
ဆိုတဲ့ ခမ္မပင်ရိပ်ကြီးအောက်မှာ အကိုင်း
အခက်တွေလို လယ်တီပဏ္ဍိတနဲ့ အတူ
သာသနာပြုနေကြတော့တစ်ဦးနဲ့တစ်ဦး
ရင်းနှီးမှုရှိပုံပါတယ်၊ လယ်တီပဏ္ဍိတက
ကဗျာဉာဏ် အလွန် ထက်သန်တယ်၊
တေးထပ်တစ်ပုဒ်ကို ချက်ချင်းကောက်
ရေးနိုင်တာ၊ ဆရာကြီးရဲ့ မွေးသက္ကရာဇ်
နဲ့ ဇာတာခွင်ကို ကြည့်ပြီး သူက တေး
ထပ် ချက်ချင်းစပ်ပေးတယ်'လို့ ဖြောပြီး
ဆရာဦးမောင်ကြီး စပ်ပေးတဲ့ တေးထပ်
ကို ကျွန်မကို ရွတ်ပြပါသေးတယ်။

၁၂၄၁-ပြည့် တပို့တွဲလဆန်း ၁၄-
ရက်၊ စနေသမီးကို လယ်တီပဏ္ဍိတ ရေး
ပေးတဲ့ တေးထပ်က-

သုဉ်စာလီ ဒွေးသတတ်၊ သေဟသ်
ခါချိုဒ်။ ရွေးဒြပ် ကမ္ဘာရှိန်ငယ်၊ တာဝ
တိန်ဘုံ ခြဲ။ စံဒပျော်တုန်း ရဝေ.ပေါ်မှာ၊
မခွေ.တော်မူပဲခို့.ထင့်။

ဆန်းစတု ဇာဏ္ဍာ စနေတွင်၊ ကုမ်မာ
သေ ကြိမ်သင့်၊ ကြုံသုဘပလေ အချိန်သင့်
ပါဘိ၊ စိန်ဆင့်တဲ့မြလို့။ မ.ကာရေ
ကြွက်+ရာဟု၊ စက်သာန္တ ပူးစံလို့ခို့။

ညာလင် ဝင်၍ကြိုတယ်၊ ခြသေ့.
ကြိုဟ် ဗြဿဘမွေ့.ပါလို့၊မိန်စနေ့ မနုဆင်၊
စန်းကုံသင်မြင်။ သူဇာနတ် စုတေအင်
မှာ၊ လူ.မြေတွင် ဝင်စား၍ လေး။

လယ်ဘီဆရာတော်ဘုရားကြီးရန်ကုန်
ဆင်းပြီး တရားဟော သာသနာပြုတော့
လဲ ဆရာကြီ.တို့ပါအဘူလိုက်ပါကြတာ
ကိုး၊ ရန်ကုန်မှာ လယ်တီ ဆရာတော်
ဘုရားကြီးက ရွှေဂုံတိုင် တောရကျောင်း
နဲ့ကပ်ယက် ဦးပြင်းထောင် ခြံထဲ မှာ

သီတင်းသုံးနေတော့ တနေ့မှာ ဆရာကြီးနဲ့ ပရမတ္ထကုမ္မာရီ အသင်း သူတွေက ဆရာတော်ဘုရားကြီးကို သွားကန်တော့ကြတယ်၊ ဒီအခါမှာ ဆရာတော်ဘုရားကြီးအနား အမြဲကပ်လျက်ရှိတဲ့ လယ်တီပဏ္ဍိတက–

သီရိမြ။ တေ စုံစုံဆင့်လို့၊ ယုန်မင့်ဟန်နှင့် သော်တာနှယ်။ ဂုဏ်ရင့်ကံရင့် ပေါ်လာထယ်သည်၊ အနော်ဇာနှယ် ဆိုရန်သင့်။ ကုမ္မာရီစု၊ သိန်နေဟန်ငယ်၊ ဝတ်နှံ ဝေယန်၊ နတ်နန်းသူတို့ထင့်။

ရွှတ်ဆိုမိန်မြွက် ဗျာခွဲသံမှာ၊ သဒ္ဒါခြေငံနှုတ်လွှာဖွင့်၊ ပြဟ္မာဝေယန် ဥက္ကဋ္ဌာမြင့်က၊ သုဒ္ဓါသခင့် ကူသလို။ ကဆန်စန်းရောင် ပုဇ္ဈာလင်း၊ ကုမ္မာအသင်း ညီကြီးညီတော့သကို။

ကြုံခဲကြုံရ မြန်နယ်နကိုမှာ၊ အံ့ဖွယ်ပိုမို သရေမြင့်လို့၊ ရွှေနှင့် စိန်နှင့် နေနှင့် လပမာ၊ ရေနှင့်ကြာသို့သာ၊ နောင်လဲစဉ်ဆက် မပြတ်ပါအောင်၊ အမြတ်သဒ္ဓာကြည် ရွှန်းဝေဖို့လေး။ "အောင်ငဲ့ယင် လျက် ဖြေပ်ဖြာအောင်၊ ပရမတ် ကမ္ဘာတည် ထွန်းစေဖို့လေး။ "လို ရေးပေးသတဲ့။ လယ်တီပဏ္ဍိတက ချက်ချင်းရေးပေးတဲ့စာကို အနှစ် ၆၀ - ကျော်အထိ ဆရာကြီးက မှတ်မိ သိဆိုပြနေပါတယ်။

ဆရာကြီးက ငယ်ငယ် ကတည်းက သီလရှင်ဝတ်ချင်တယ်၊ သီလရှင် ဖြစ်လာတော့လဲ စာသိပ်တတ်ချင်သတဲ့၊ တတ်ချင်တာမှ သီလရှင်တွေလို တတ်ချင်တာ မဟုတ်ဘူး၊ ဘုန်းကြီးတွေ တတ်သလို တတ်ချင်တာတဲ့၊ ဒါကြောင့် ပထမတော့ သီလရှင် ဆရာကြီးတွေဆီမှာ စာသင်တယ်၊ နောက်တော့ ဘုန်းကြီးတွေချတဲ့ စာကို သီလရှင် ဆရာကြီးတွေက ရှေ့နားက လိုက်ပြီးတော့ ဒေါ်ပွေလာရီတို့ သီလရှင်အငယ်တွေက နောက်နားက လိုက်ပြီး တက်ကြရတယ်၊ အရွယ်ကငယ်ခဲလေတော့ ဘာသာစာ လိုက်မောက်ရဘူး၊ ဆရာကြီးတွေသွားမှ နောက်က လိုက်ရတာ။

ရန်ကုန်မှာ ရွှေဂုံတိုင် တောရဆရာတော်ဘုရားရဲ့ တပ်အုပ်က စာချုပ်တော့ တိုက်ထဲမှာ သီလရှင်နေပြီး စာလိုက်တက်နိုင်အောင် ဆေးဘဲ့ ဦးသွင်ရဲ့ နှိုးဆော်မှုနဲ့ ပရမတ္ထကုမ္မာရီ အသင်းသူ ဒေါ်သိန်းကဇရပ်ကလေး ဆောက်ပေးလို့ အဲဒီကနေပြီး စာတက်ခဲ့ရတဲ့။

ဆရာကြီး ဒေါ်ခမ္မစာရီဟာ ပညာဉာဏ် ထက်မြက်သူဖို့ စာပေကျမ်းဂန်တယ်မြောက်ရုံသာမက အဟောအပြောပါကောင်းလို့ သီလရှင်လောကမှာ ထင်ရှားကျော်ကြားတဲ့ ဘဒန္တကို ရောက်လာတယ်၊ ဆရာကြီး ပြုစုရေးသားတဲ့ 'သစ္စဝါဒီဒီပကာ' ဟာ နာမည်ကြီးပါတယ်၊ ဒီအတွက် ရွှေတံဆိုင်ကြီးတန်ဆဲခါးမြိုင်ပုဇ္ဈော်တာကို လဲခံရတယ်၊ ဒါကြောင့် သီလရှင်လောကမှာသာမက ရဟန်းသံဃာတော်များ လောကတစ်တောင် အရေးတယူ အလေးဒူနက် အာရုံပြုတာကို ခံရပါတယ်။

တခါတုန်းက မန္တလေး ဘုရားကြီး စိုက် ဆရာတော် ဦးမာလာရဲ့ ဖျာပုံကျောင်းမှာ ဆွမ်းကျွေးရှိလို့ ညောင်ကန် ဆရာတော်ကြီး(ဦးကွန္ဒ)ကို ပင့်ပြီး ဆွမ်းကပ်တော့ ညောင်ကန် ဆရာတော်ကြီးက ဖျာပုံဆရာတော် ဦးမာလာကို 'ကိုယ်တော် မယ်ခမ္မစာရီရဲ့ တရားမျှားနာဖူးရဲ့လား' လို့ မေးပါသတဲ့၊ ဦးမာလာက 'မနာဖူးပါဘူး' လို့ မိန့်တော့၊ 'ကိုယ်တော် နိဗ္ဗာန်နဲ့ ဝေးသေးသကိုး' လို့ ညောင်ကန်ဆရာတော်ကြီးက အမိန့်ရှိပါသတဲ့၊ ပြီးတော့မှ 'ကိုယ်တော်တို့ သူ့ဆီကို သွားမှ နက်နက်နဲနဲ မေးတာပြုတာကို ဖြေလို့ ကောင်းတာ' လို့လဲ အမိန့်ရှိပါသတဲ့။

ဒေါ်ခမ္မစာရီက ပါဠိဆိုယင် အဋ္ဌကထာ ဋီကာမှ ကြိုက်တာ၊ ဒါကိုသာ အဖတ်ခိုင်းတယ်၊ ပါဠိတစ်ပုဒ်ရဲ့ ပရိယာယ်ပုဒ်တွေ မျှားလေလေ ကြိုက်လေပဲ၊ အဲဒီလိုမျှား ဖြစ်ယင် 'ပင်လုံးကျွတ်ပွင့်တဲ့ အင်ကြင်းပင်ကို မြင်ရသလိုပဲ' လို့ ပြောလေ့ပြောထ ရှိတယ်။

ဒေါ်ခမ္မစာရီကို အနီးစခန်း ဆရာတော်ကတော့ တရားပွဲတစ်ခုမှာ အမျိုးသမီး သာသနာဘက်က ထိုက်ထိုက်တန်တန်နေဖို့ သတိပေးပြီး 'ဘုန်းကြီး သဘောပြောရယင် ပရိသတ်နဲ့ ညှိခံဖို့ ဆရာကြီး ဒေါ်ခမ္မစာရီပဲ သိလရှင်ဘက်က ခန့်ခန့် ညားညား ရှိတယ်၊ ပညာအရည်အချင်းကလဲ ဂုဏ်ယူလောက်အောင် ရှိတယ်၊ သာသနာဘက်မှ ဆရာတော်တွေရဲ့ အရေးတယူ အာရုံပြုတာကို ခံရတဲ့ပုဂ္ဂိုလ်ပဲ' လို့ ပြောဟောသွားဖူးပါတယ်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက ဒဂုန်မဂ္ဂဇင်းမှာ ထေရာထေရီ ဘာသာပြန်တွေကို ဆရာကြီး ဒေါ်ခမ္မစာရီ ရေးပါလို့ တိုက်တွန်းပါတယ်၊ ဆရာကြီးက စာချနေရတာနဲ့ မရေးအားတဲ့ အခါမှ ဆရာကြီး မရေးနိုင်လို့ သူကိုယ်တိုင် ရေးတာပါတဲ့၊ ရေးတော့လဲ ထေရာထေရီ ဘာသာပြန်၊ သာဓုသုန္ဒရီ၊ ဝိပါက်တော် ၁၂-ပါး စသည်တို့ကို ရေးပြီးတဲ့အခါ ဆရာကြီး ဒေါ်ခမ္မစာရီ ဆီကို ပို့ပြီး အတည်း ဖြတ်ခိုင်းတယ်၊ ပြီးမှ ဧိုက်နှိပ် တာ ဖြစ်ပါသတဲ့။

လယ်တီပဏ္ဍိတ လူဝတ် လဲချင်တော့ လယ်တီ ဆရာတော် ဘုရား က နှမြောသလိုပဲ ဆရာကြီးတို့ကလဲ နှမြောတယ်၊ ဆရာတော်ကြီးက လယ်တီ ပဏ္ဍိတ ကို တေးထပ် တစ်ပုဒ်ရေးပြီး ဆုံးမတော်မူသေးတယ်၊ အဲဒီတေးထပ်ကို သုခမွဝတီ ဦးပန်းမောင်က 'ဥာဏာရီ' မှာ ထုတ်ဖော်ဖူးတယ်၊ ဆရာကြီး ဒေါ်ခမ္မစာရီကလဲ ဒီတေးထပ်ကို ကျွန်မကို ရွတ်ပြတယ်၊ ရွတ်ပြတော့ ဦးပန်းမောင် ချဖးတာနဲ့ တနေရာမှာ နည်းနည်း ကွဲနေလို့ ဆရာကြီး ရွတ်ပြတာကို ဖော်ပြပါရစေ-

ပါရမီ သမ္ဘာရှိပါဘိ၊ တသားကို ဘုန်းဝေ။ စာမရိထုံးအနေလို၊ သုံးမသွေသိလ။

ပရယတ် စံမဟေမှာ၊ ဉာဏ်ကဝေ ခရီး
လောက်သူပါ့။

စိတ္တာနှင့် ပညာ၊ သာဃနာ မှန်လှ၊
ဘာဝနာ ဉာဏ်အစကိုတော့၊ အာနန္တ
ဝေးပယ်။ သမ္မဇ္ဇဉ် ဆိုခွင့်မျှားကိုတော့၊
ချိုနှင့်လား မေးမယ့်သူကွယ်။

လက္ခဏာ မြင်နှုန်းခြယ်သည်၊ ယာဉ်
သုံးသွယ် နေရာကျကိုတော့၊ ပေယျာလ
နာနာသူကန်၊ ရွှေးမှုမကြုံ။ ကဗျာမှု
ကလေးဉာဏ်မှာ၊ အရေးသန်သန် သူ
စွဲရှာထင့်လေး။

ဆရာဦးပန်းမောင် ရေးပြတဲ့ တေး
ထပ်မှာ အချုပ်ဒ်က 'ကဗျာမှုကလေး
ဉာဏ်ဖှာ'လို့ အစား ပိဋ္ဌကတ်ကလေး
ဉာဏ်မှာလို့ ပါပါတယ်၊ ဆရာကြီး
ဒေါ်ခမ္မစာရီ အလှုတ် ရတာကမျှား
ပိုမှန်သလား လို့ မူကွဲကို ဖော်ပြတာပါ။

လယ်တီပဏ္ဍိတ သက်နှံး ယား လို့
ကွန်ပြူတာပျက်ပြီး လူထွက်ချင် နေတော့
ဆရာကြီးတို့က ရိပ်မိကြပါပြီ၊ နောက်
တော့ လယ်တီပဏ္ဍိတက လူဝတ်လဲယင်
ဝတ်ဖို့ အဝတ်အစား တွေ့မမကြီးဆီက ပို့
ပေးထားတာ၊ လယ်ပဏ္ဍိတက မမကြီးဆီ
ပို့ ပေးဖို့ ရေးစပ်ထားတဲ့ ကဗျာတွေကို
ခိုးဖွင့်ကြည့်ပြီး ဆရာတော်ကြီးကို ပြကြ
သတဲ့၊ အဲဒီမှာ ဆရာတော်ကြီးက
လယ်တီပဏ္ဍိတကို ရိုက်မယ် လုပ်တော့
လယ်တီ ပဏ္ဍိတက ထွက်ပြေးရောတဲ့။

လယ်တီ ဆရာတော်ကြီးရဲ့ စာအုပ်
တွေကို 'ကဝိမျက်မှန် ဒေါ်အေးမေတို့
တိုက်'မှာ ရိုက်တာမို့ ဆရာကြီးတို့က
အဲဒီတိုက်ကို မကြာ မကြာ ရောက်တယ်၊
လယ်တီပဏ္ဍိတ လူထွက်ချင်နေပြီ ဆိုတာ
ဒေါ်အေးမေတို့က ကြားတော့ တစ်နေ့
မှာ ဆရာကြီး ဒေါ်ခမ္မစာရီကို 'ဆရာ
လေးရယ် လယ်တီပဏ္ဍိတကို လျှောက်
လိုက်စမ်းပါ၊ ကျွန်မတို့မျှား အားကိုး
ပြီး လူထွက်မယ် မကြံပါနဲ့လို့'၊ 'ဒီစကား
ကို ဆရာကြီးက လယ်တီပဏ္ဍိတကို ပြော
ပြတော့ ဒါကိုလဲ လယ်တီပဏ္ဍိတက ပိတ်
ဆိုး တယ်၊ ပြီးတော့.... ဘာ ပြော
သလဲ ဆိုတော့ 'ငါ့မှာ ဆရာလေးကို
အားကိုးရမယ် မှတ်နေတာ၊ ခုတော့
ရေသီတာက မီး ထ တောက်နေပြီ' လို့
ပြောပြီး....

နိဿယော ကွဘိ မညွန့်၊
မစ္ဆာ ဥဒကဂေါစရာ။
တမှာ အဂ္ဂိ ပဇ္ဇလွှဲ၊
ဇာတံ သရဏတော ဘယံ။(၁)

နိဿယော ကွတိ မညွန့်၊
သကုဏာ နဘဂေါစရာ။
တမှာ အဂ္ဂိ ပဇ္ဇလွှဲ၊
ဇာတံ သရဏဂတော ဘယံ။(၂)

လို့ ပါဠိဂါထာ စာ ၂ ပုဒ် ရေးပေး
တယ်။ (အဓိပ္ပာယ်ကတော့) ငါးတွေရဲ့
အားကိုးရာ ရေက မီးထ,တောက်ယင်
ငါးတွေ ဒုက္ခရောက်တယ်၊ ငှက်တွေရဲ့
အားကိုးရာ မိုးကောင်းကင်က မီးထ,
တောက်ယင် ငှက်တွေမှာ ဒုက္ခရောက်ရ
တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲတဲ့။

ဆရာကြီးတို့ကတော့ လူမထွက်စေချင်ပဲကိုး၊ ဒါကြောင့် သူ့ပစ္စည်းတွေဆဲက တွေ့တဲ့ ကြိုးလိမ် လက်ကောက်ဝတ်-ရံနဲ့ ဓားထစ်တွေကို နောက်ထပ်ရှာပြီး ဆရာတော်ကြီးကို ပြကြပြန်တော့ လယ်တီပဏ္ဍိတက 'ငါ့မှာ အကြောင်းရှိယင် ဆရာလေးကို အားကိုးရတာ၊ ခုတော့ ဆရာလေးက နှိပ်စက်တယ်'လို့ ပြောပါသတဲ့၊ လယ်တီပဏ္ဍိတဟာ တားမရပါဘူး၊ လူထွက်သွားပါတယ်၊ လူထွက်တော့ သက်နိုးမဆီးခင်က လူနာမည် 'မောင်သန့်စင်'ကို အသုံးမပြုတော့ပဲ အမျိုးသမီးရဲ့ နာမည် 'မမကြီး'နဲ့ လိုက်ဖက်အောင် လား မသိ၊ 'မောင်မောင်ကြီး'ဆိုတဲ့ နာမည်ကို ယူလိုက်ပါတယ်။

ဆရာကြီးက 'တို့မျော်းတော့ ၁၂၅၆-ခုနှစ်က အိမ်ကထွက်လာပြီး ဥပုသ်စောင့်တယ်၊ ၁၂၅၇-ခုနှစ်မှာ သီလရှင်ဝတ်တယ်၊ အဲဒီကတည်းက ကနေ့အထိ (၁၃၃၀-ခုနှစ်အထိ) တခါမှ လူထွက်ဖို့ မတွေးဖူးဘူး၊ မကြုံဖူးဘူး'လို့ ကျွန်မကို ပြောပါတယ်။

ဆရာကြီးဒေါ်မွေစာရိက စကားစပ်မိနေလေတော့ ရတနာပုံတော် သီလရှင်သမိုင်းကလေးကိုလဲ အကျဉ်းချုပ် ကျွန်မကို ပြောပါသေးတယ်-

သူ့ဆရာက သီလရှင်၊ ဂူကလေးချောင်က သီလရှင်ဆရာအိ၊ ဆရာအိရဲ့ ဆရာကသီလရှင် ဆရာထပ်ခေါ်တဲ့ မယ်ဇသာရီ၊ မယ်သောရီရဲ့ ဆရာက ဆရာကင်းနဲ့ မယ်နတ်ပေးတို့ ဖြစ်ပါသတဲ့။

မယ်နတ်ပေးက တောင်မြို့ (အမရပူရ) ဘိုးတော်ဦးဝိုင်းရဲ့သား အိမ်ရှေ့မင်း ကသည်းပြည်ကို သွားတိုက်တော့ အပြန်မှာ ကသည်းကြီး တစ်ယောက်နဲ့ သမီးမိန်းကလေး တစ်ယောက် တောင်မြို့ ပါလာတယ်၊ အဖေ ကသည်းကြီးက မင်းကွန်းဘုရားကြီး တည်ရာမှာသွားပြီး အုပ်ချုပ်ပေးရတော့ သမီးမိန်းကလေးကို ဝါးချက်ရွာ (ဝတ်ချက်ရွာ) အထက်က 'ဂူဘစ်လုံးချောင်'က သီလရှင် တစ်ပါးဆီ အပ်ထားခဲ့တယ်၊ ဒီမိန်းကလေးကြီးပြင်းလာတော့ 'သီလရှင် မတ်နတ်ပေး'ရယ်လို့ ထင်ပေါ်ကျော်ကြားလာတယ်။ မယ်နတ်ပေးကို ကြီးပြင်းအောင်မွေးပေးတဲ့ သီလရှင်ကြီးက 'တောင်ဆောင်တော် မိဖုရား'ကိုးကွယ်တဲ့ သီလရှင်ကြီးတဲ့။

သီလရှင် မယ်ကင်းလဲ အင်းဝကို ရောက်လာတဲ့ ကသည်း အမျိုးသမီးကလေးပဲ။

ဒီသီလရှင်-၂-ပါးဟာ စစ်ကိုင်းတောင်ရိုး ဥမင်သုံးဆယ် ဘုရားမြောက်ဘက်က ကြာနီကန်တောထဲ တဲထိုးပြီး တရားအားထုတ် နေကြတယ်၊ အဲဒီလို နေတဲ့အချိန်က အမရပူရမှာ ပုဂံမင်း စိုးစံနေတယ်၊ မင်းတုန်းမင်းက မင်း မဖြစ်သေးဘူး၊ မင်္ဂလာ အိမ်တော်စံဘဝ၊ နောင်တော်ကို လုပ်ကြံဖို့ ပုန်ကန် ခြားနားလာတဲ့ အခါ ရွှေဘို ဒီစတြိတ်

ကျောက်မြောင်းကနေပြီး စစ်ကိုင်းအထိ ရောက်လာတယ်။

တစ်နေ့တော့ သီလရှင် ဆရာကြီး ၂-ပါး (ဆရာကင်းနဲ့ ဆရာမယ်နတဲပေး) ချုံထဲမှာ တရား အား ထုတ် နေ့တုန်း တော ထဲ ယော ကျား တစ် ယောက် ရောက်လာပြီး 'မင်းတုန်းမင်းသား ရေကြည်တော် ဆာလို့ ရေပေးပါ' လို့ တောင်း လာ တယ်၊ ဆရာကြီးတွေက ယူပါ-ယူပါလို့ ပြောပြီး ပေးလိုက်တယ်၊ ရေသောက်ရတဲ့ မင်းတုန်းမင်းသားက 'ရေ ဘယ်က ရခဲ့သလဲ' မေးတော့ 'ချုံထဲမှာ တရား အား ထုတ်နေတဲ့ သီလရှင် ဘွဲ့ဆီကပါ' လို့ လျှောက်တဲ့အခါ လိုက် ကြည့်ပြီး ကြည်ညိုတာနဲ့ 'ငါထီးနန်း ရယင် ဒီသီလရှင် ဆရာကြီးတွေကို မင့် ကိုးကွယ်မယ်' လို့ မှတ်သား သွား သတဲ့။

တောင်မြို့ရောက်တော့ မိုးကောင်း ဝန်က ညီတော် မင်းတုန်းရဲ့အကြံကို နောင်တော် ပုဂံမင်းကို လျှောက်တော့ နောင်တော် ပုဂံမင်းက အသာတကြည်ပဲ 'ဖြစ်မှ ဖြစ်ရမယ်လေ၊ ညီတော် နန်းစံချင်ယင် ငါ ဆင်းပေးမှာပေါ့' လို့ ပြောပြီး အနောက် မုခ် က ဆင်း ပေး တော့ ညီတော် မင်းတုန်းက အရှေ့မုခ်က နန်း တက်တယ်။ နို့ပေမယ့် မင်းပြောင်း မင်း လွှဲမှာ လူတွေတော့ အနည်းနဲ့ အများ ဒုက္ခ ရောက်ကြပါသေးတယ်။

တောင်မြို့က မန္တလေးကို မင်းတုန်း မင်း ပြောင်းရွှေ့လာတဲ့အခါ နန်းတော် အနောက်ဘက်က တောရကျောင်းမှာ တောနဲ့တူအောင် ဖန်တီးပြီး သီလရှင် ဆရာကြီး ၂-ပါးကို ရွှေထီးမိုးပြီး လာ ပင့်တယ်။

ဆရာကြီးတွေဆီကို တစ် နေ့ တော့ အပျိုကလေးတစ်ယောက် ရောက်လာပြီး သီလရှင် ဝတ်သတဲ့၊ သူ့နာမည်က မယ် ထပ်၊ သီလရှင်ဘွဲ့က မယ်သောရီတဲ့၊ ခီ မယ် သောရီရဲ့ အမျိုးတွေ ပန်းဆိုးတန်း မင်္ဂလာစေ့းမှာ ရှိသေးတယ်၊ မင်းကွန်းက ဂူဏလေးချောင်ကို မယ်သောရီ တည် တာပဲ၊ မယ်သောရီကို တောင်ဆောင် တော်မိဖုရားက တစ်လကို ရိက္ခာတော် ၃၀၀ ကျပ်နဲ့ ပိုးအုပ်တွေ ကိုယ်ရုံတို့ခါး ဝတ်တို့ ချုပ်ဖို့ လှူတယ်၊ မယ်သောရီက ပိုးအုပ်ကို ဘုရားကန့်လန့်ကာ (ကလ-ကာ) ချုပ်လှူတယ်၊ ဘုန်းကြီးတွေကို လှူ တယ်၊ သူမဝတ်ဘူး၊ ဒေါ်သောရီ၏ တပည့်က အင်းဝက ဆရာအိတဲ့၊ ဆရာ အိဟာ ဒေါ်ခမ္မစာရီရဲ့ ဆရာပဲ။

ဆရာကြီး ဒေါ်ခမ္မစာရီကလဲ သူ့ ဆရာ့ဆရာတွေလိုပဲ ပိုးကို ဘယ်တော့မှ မဝတ်ဘူး၊ ဖျင်ကိုပဲ ကိုယ်ရုံ ရုံတယ်၊ အဲဒါကို လယ်တီပဏ္ဍိတ ဦးမောင်ကြီး က မြင်တော့ တောကို ဖျင်အုပ်မှာပြီး ဆရာကြီးကို လှူတယ်၊ ဆရာကြီးက ဖျင် ကိုယ်ရုံကို ရုံထားတော့ ဦးမောင်ကြီးက 'တို့ဆရာကလေးက ဖျင်ရုံပေမယ့် ကြည် ညိုဖွယ် ဖြစ်နေတာပဲ' လို့ ပြောသတဲ့။

ဆရာကြီး တရား ဟော လို့ စေ့းချို မြောက်ပေါက်အထွက်က အင်္ဂလိပ် ကုန် သည် ဒေါ်ခင် အသက် ၄၀-ရွယ်လောက်

လဲ သိသရှင်ဝတ်ထယ်၊ ရေကြည်စုက စိန်ကုန်သည့် အရီးအိုရဲ့ သမီး မပုလဲ သိလရှင်ဝယ်ဟယ်-လို့ ဆရာကြီးက ကျွန်မကို ပြောပြပါဘယ်။

အဲဒါပြီးတော့ ဒုတိယကမ္ဘာစစ်ကြီး အာဘွင်းက မစိုးရိမ် ဆရာတော်ကို ပူဇော်တဲ့ ဟေးထပ်တစ်ပုဒ်ကိုလဲ ပြန်လည် ရွတ်ဆိုပြပါဘယ်၊ ဒုတိယ ကမ္ဘာစစ်ကြီးအာဘွင်းက အဂ္ဂမတာ ပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသူရိယ (ပြည်ထောင်စုခေတ်၌ အဘိဓဇ မဟာရဋ္ဌဂုရု+ဆဒ္ဒသင်္ဂါယနာ သံဃ မဟာနာယက) က စပ်ကို တိမ်းရှောင်လို့၍ ပထမမှာ ရှား ပင် ချောင်၌ နေပြီး တဘိသန္နစ်မှာ မင်းကွန်း ဒေါကြမ်း တိုက်မှာ ခြေပြောင်းပြီး သီဘင်းသုံး ဝါဆို ပါတယ်၊ အဲဒီအခါက ဝါကျွတ် ကန်တော့ပွဲမှာ ဆရာကြီးတို့က မစိုးရိမ်ဆရာတော်ကို 'ဂါထာကိုးခန်း စာတော်ပန်း' အပြင် အာမိသပူဇာအနေနဲ့ ငါးကျပ်တန် ငွေစက္ကူထွေကို ဒေါင်းရုပ်လုပ် ပူဇော်ပြီး ဒေါင်းနှုတ်သီးမှာ အောက် ပါတေးထပ်ကို ကိုက်ချီထားစေပါသတဲ့၊ မစိုးရိမ် ဆရာတော် ဘုရားကြီး က ပဋ္ဌာန်းချရာမှာ နာမည်ကြီးတာမို့-

ကွန်းရွှေမြိုင် သောင်းကေတုဆီက၊
သြောင်း ဟေတု ဟေတူ၊ ဒေါင်းရွှေဥ
နေတဆူငယ် (ဆရာတော်ရဲ့ ဘွဲ့တော်က ဦးသူရိယ မှုတ်လား)၊ ဇေယျတူ သံရင့်။

ကျောင်း ဆောင် တော် ဝေဇယန်မှာ၊ နေရဇာန် လမ်းဖြောင့်ကိုဖွင့်။

ပစ္စည်း (နှင့်) ပစ္စယုပ္ပန်၊ နှစ်ရုပ်နာမ်ဒွန်ပွင့်။ ။

ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊ ခုနစ်ဆင့် ဇောဇျင်။ ။

စက်ဘုန်းရောင် သာရွှဲင် မြူးသော် ကြောင့်၊ ကြာခင်ဘူး ပွင့်မည့်အရှင်။

မစိုးရိမ့် ဂုဏ်သခင်ကို၊ စုံအလင်း ဆုခြွေသန့်ပါလို့၊ ဥဒေတယံ့ မောရဗျာဂီ။ ။

ဟောဘုရာ့ လာပြီ။ ။

နိဗ္ဗာန်နန်း မှူးမယ့်ထေရ်ကို၊ ဦးငဲ့ချီ ငွေဒေါင်း ဘုရာ့လေး။ ။

ဒီဇေးထပ် ကို 'မေခ္ခဳဃောဥ်ပို့' ကလောင်အမည်ခံ ဦးဝိစိတ္တာသာရာဘိဝံသက ရေး စပ်ပြီး ဆရာတော်က ဦးသူရိယမို့ ဒေါင်းနဲ့ ပူဇော်ကြတာတဲ့လေ။

ဆရာကြီး အသက် ၉၀-ပြည့် မွေးနေ့မှာ မစိုးရိမ်ဆရာဝေါ် ဘုရားကြီး ကြွရောက် ချီးမြှင့်တော့ ဆရာကြီးက ဆရာတော်ဘုရားကြီးကို ကန်တော့ဖယင်းနဲ့ ဆရာ+ဒကာ နှစ်ဦးစလုံးက အိုမင်းလှကြပြီမို့ 'ဒီလိုသာပဲ အမြဲ ကန်တော့ပူဇော်နေချင်ပါဘိတယ်' လို့ ကျွန်မတို့ကို ပြောပါသေးတယ်။ မစိုးရိမ် ဆရာတော်က ၁၂၄၁-ခုဖွား၊ ဆရာကြီးက ၁၂၄၀-ပြည့်ဖွား၊ တစ်နှစ်ငယ် တစ်နှစ်ကြီး ဖြစ်ကြပြီး ငယ်စဉ်ကတည်းက ရင်းနှီး ကြည်ညိုခဲ့ကြပါသတဲ့။

ဆရာကြီး ဒေါမမွစာရီ သီတင်းသုံးနေထိုင်တဲ့ 'ရန်ကုန် အိမ်ကြီးချောင်' က

ဓမ္မနာဒတိုက်ရဲ့ အထက်နားကလေးတွင် ကပဲနေပါတယ်၊ ရန်ကုန်က ဒေါ်ဘုတ်ဆုံရဲ့သမီး ပရမတ္ထကုမ္မာရီ အသင်းသူ ဒေါ်ကြင်က ဆောက်လုပ်လှူဒါန်းထားတဲ့ ရေနံတွေ မှည့်နေတဲ့ သစ်သား မှန်တံခါးတပ် ဇရပ်ကြီးကို အစွဲပြုပြီး 'ရန်ကုန် အိမ်ကြီးချောင်'လို့ ခေါ်စာပါ၊ အဲဒီရဲ့အထက်နား ကပ်နေတာက မယ်သောရီ တည်သွားတဲ့ (မယ်နတ်ပေးတရားအားထုတ်တဲ့ ဂူကလေးကို အစွဲပြုပြီး မှည့်ခေါ်တဲ့)ဂူကလေးချောင်ပါ။ ဆရာကြီး ဒေါ်ဓမ္မစာရီဟာ လယ်တီဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်အစရှိတဲ့ ဆရာတော်ကြီးများထံ ဩဝါဒခံ တရားဓမ္မနဲ့ ပတ်သက်လို့ ဗဟုသုတလောက်ငကုံထံတဲ့အပြင် ပထမဓမ္မနာဒဆရာတော် ဦးပညာစက္ကမထေရ်ထံ အဘိဓမ္မာ မူလဋ္ဌီကာ အနုဋ္ဌီကာကျမ်းများ၊ နေတ္တိကျမ်းများကို ဆိုဝါအဖြစ် သွင်ကြား တတ်မြောက်လို့ အဋ္ဌကထာဋ္ဌီကာကြီး များကို ကောင်းကောင်း ကြည့်နိုင်တဲ့ ဉာဏ်ပညာကြွယ်ဝသူ ဖြစ်လေတဲ့ တရားသဘောကို နက်နက်နဲနဲ ကြံတတ် မေးတတ် ကျင့်တတ်သူ ဖြစ်ပါတယ်၊ နေ့အခါမှာ ပါဠိအဋ္ဌကထာဋ္ဌီကာကို ကြည့်ပြီး ညအခါ ပါဠိအဋ္ဌကထာဋ္ဌီကာတို့နှင့်အညီတရားနလုံး ကျင့်သုံးနိုင်သူ၊ ကျင့်သုံးသူဖြစ်၍ ဝိဇ္ဇာ(နှင်)စရဏ=အသီရော အကျင့်ဝါစွယ်စုံပုဂ္ဂိုလ် ဖြစ်ပါတယ်။

ဆရာကြီးဟာ ဝိနည်း ပိဋကတ်ကိုလဲ နာယူသင်ကြားခဲ့တဲ့အတွက် ဘုရားလက်ထက်က မိထွေးတော် ဂေါတမီ အစရှိတဲ့ရဟန္တာထေရီတို့ ကျင့်ပုံတွေကိုလဲ ဇလွလာမှတ်သား အဝါးဝသူဖြစ်လို့ ရဟန်းယ်များကို ဆုံးမစကား ပြောကြားလို့ယင် တိုက်ရိုက် မပြောပဲ 'ဦးဇင်း- ဘယ်မထေရ်ဟာ ဘယ်လို ကျင့်သတဲ့၊ စာထဲမှာ ပါတယ်၊ ဘယ်ဆရာတော်ကြီးကတော့ ဘယ်လို ကျင့်သတဲ့' စသည်ဖြင့် သွယ်ဝိုက်၍ အဆုံးအမ စကား ပြောကြားလေ့ရှိပါတယ်။ ယနေ့ သာသနာတော်မှာ လွန်စွာဆောင်ရွားနေတဲ့ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသဟာ ဆရာကြီးက ငယ်ငယ်ကတည်းက ဓမ္မဆိုင်ရာ နည်းပေးလမ်းပြ သွန်သင်ဆုံးမသတဲ့ သားရဟန်း တပါးပါပဲ။

ဆရာကြီး မြေတောင်မြောက်ပြီး ရှင်သန်ကြီးထွားအောင် ပြုစုယှီးထောင်ခဲ့တဲ့ သာသနာ့အပင်ကြီးဖြစ်တဲ့ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရန်ကုန်မြို့မှာ ကျင်းပတဲ့ ဆဋ္ဌသင်္ဂါယနာ ပွဲတော်ကြီးမှာ မဟာစည် ဆရာတော်ဘုရားကမေးသမျှကို အောင်မြင်စွာ ဖြေဆိုနေတဲ့သတင်းကောင်းကို ဆရာကြီး ဒေါ်ဓမ္မစာရီက မင်းကွန်းကနေပြီး ကြားရတဲ့အခါ သာမန်လူတို့ရဲ့ ပီတိနှလုံး လှုပ်ခိုက်မှုမျိုး မဖြစ်ဘဲ သားရဟန်းဆီကို သဘီပေးမှုပြုတဲ့ စာတစ်စောင် ပို့ပါသတဲ့။ စာမှာက ဘုရားရှင်ရဲ့ ပိဋကတ်တွေကို နှုတ်ဆုံ ဖြေကြားနေရာမှာ ဖြကာမတ္တမဟုတ်ဘဲ အရှင်နာဂသေနရဲ့

ဆုံးကို နှလုံးမူပြီး ထိုတရားတော်တွေကို ကိုယ်တိုင်လဲ ဆင်ခြင်သုံးသပ်ပါ၊ ရှင်နာဂသေနဟာ သူဟောတဲ့တရားကို သူပြန်ပြီးသုံးသပ်လို့ သောတာပန် ဖြစ်ရတယ်လို့ ပါသတဲ့။

ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသဟာ မိမိ ကျောင်းကနေပြီး အိမ်ကြီးချောင်ကို တစ်နေ့လျှင် အနည်းဆုံး တစ်ခေါက်တက်ပြီး မယ်တော် ဆရာကြီးကို ကြည့်ရှု စောင့်ရှောက်တယ်၊ မယ်တော် ဆရာကြီးကလဲ သား ရဟန်းကျောင်းကို မကြာမကြာ လာရောက်ပါတယ်။ တနေ့တော့ ဆရာတော်က စာချနေပါတယ်၊ စာဆိုတဲ့ ရဟန်းငယ်ကို အား မရနိုင်လို့ အသံပြင်းပြင်းနဲ့ ငေါက်ငမ်း ပြောဆိုသံကို ဆရာကြီးက ကြားလိုက်တော့ 'အံမယ် စာချနေသလား အောက်မေ့ပါ၊ ဒီပြီးသတ်တော့ မောင်ပဉ္စင်းက လှည်းမောင်းနေတာကိုး' လို့ မြည်တွန်တောက်တီးသွားပါသတဲ့။

ဆရာကြီးဟာ အသက် ၉၀-ကျော် အထိ သတိမလွတ်ပဲ တရားဓမ္မနဲ့သာငယ်ရွယ်သူတွေကို ဆိုဆုံးမယင်း ၁၃၇၃-ခု ဝါခေါင်လဆုတ် ၆-ရက်နေ့ ည ၁၁-နာရီ ၁၅-မိနစ်အချိန် အသက် ၉၃-နှစ်အရွယ်မှာ လူ့ရပ်ငြိုးလို့ နတ်ထီး ခိုလှုံသွားပါတယ်။

မယ်တော်ကြီး ဒေါ် ဓမ္မစာရီရဲ့ နောက်ဆုံး စျာပနာကို (၂၀-၈-၇၁) ၁၃၁၃-ခု၊ ဝါခေါင်လကွယ် နေ့မှာ ကျင်းပတော့-

တပည့်ရင်း ပထမကျော် ဒေါ်ပုည ဝတီက-

သီလာဒိဂုဏာဿမွန့်၊
နာနာရတ္နေသု ပါကဋံ။
တုတိ သုဇဉ္ဉထေရိ ဝ၊
ဝန္ဒာမာ + စေရိနံ မယံ။

သီလ-သမာ-ဓိပညာဟူ သုံးဖြာထွေထူး ဂုဏ်ကျေးဇူးတို့နှင့် အထူး ကုံလုံပြည့်စုံပါပေ ထသော+ကမ္ဘာ့သမိုင်းဝင်မြန်မာ့ တိုင်းတွင် မက သမ်ဟိုင်္ဒစ္ဆသား တိုင်းအများတို့၌ သိကျာသုံးတန့် ကြိုင်ရန် ဖြင့် လှိုင်ပျံ့ကျော်ကြား အလွန်ထင်ရှားပါပေထသော + ဘာသန္တရဆေက ဓမ္မဒေသက ပုဂ္ဂလနှင့် သစ္စဝါဒီဋ္ဌိကာလမ်းမှန် ကျမ်မြတ်ဂန်ကို ပြုဖန်ရေးသအနန္တတ္ထကြောင့် ဂန္ဆကာရက ပုဂ္ဂလ-ဟုနာမကျော်ကြား အလွန်ထင်ရှားပါပေထသော + မိန်းမတကာ သူတော်စုံတို့တွင် သီလဝတီ ဥက္ကဋ္ဌ ထူးမြတ်သောပါရမီ နွယ်သာကီဘင့်ထူး မဟာထေရီမယ်တစ်ဦးပမာ ဖြစ်ပါပေထသော + ကျမ်းဂန်သာကေ ထုတ်ဖော်ပြ၍ ကျနသိပ်သည်း နိဿရည်းဖြင့် ကျင့်နည်းအဝဝ ဆိုဆုံးမသည့် အနန္တကျေးဇူးရှင် ဆရာသခင်အရှင်မကြီးကို + ဂူဂလေးဟုပြန့်မွှေးသည်ာ ချောင်ရိပ်သာဥ် ဆရာစဉ်ဆက် ဆုံးမချက်ကို မပြတ်လိုက်နာခု တိုင် ကြာအောင် ညီညာဝပ်တွားတပည့်အများတို့သည်+ပစ္စုပ်သံသာနှစ်ဖြာဝင့်ကြွေး အပြစ်ဘေးမှ လွတ်အေး

စေဌာ့ စေတနာဖြင့် ဝေဖြာညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ကြပါ၏ ဘုရား....လို့ ဆရာကြီးကို ပါဠိ ဂါထာနဲ့ ပူဇော်ကန်တော့တယ်။

မင်းကွန်း ဓမ္မနာဒတိုက် ဓမ္မာစရိယ စာချဆရာတော် အရှင်ဝေပုလ္လဘာစာရ ကတော့–

အမှံ=တိပိဋကဓရ ပထမ ဝဋ်သကာ ကြည်ညာထင်ရှား ဆရာတော်ဘုရား နှင့်တကွ ဓမ္မနာဒတိုက်သား အကျွန်ုပ်တို့ သံဃာအများ၏။ မာတာ=ဂေါတမီ ပမာ အရာရာဝယ် သာသနာ အချို့ကျစေဖို့ ပေါရာဏိက ထေရအပဒါန် နည်းနာမွန်ကို ညွှန်လျက် ညွှန်လျက် နှစ်သက်စဖွယ် သဒ္ဒာကြွယ်၍ နာဖွယ်ကြည်နူး မြွက်ဖော်ကျူးသဖြင့် ကျေးဇူးများဖြင့် သာသနာ့ မိခင်ကြီး ဖြစ်ပါပေထသော။ ယာ ဓမ္မစာရီ=ယနေ့ခေတ် သီလရှင် သာသနာဝင်ဝယ် အရှင်မ ခေမာလော မှတ် ထင် စေ ခေါ လောက် အောင် သဘော ဉာဏ် ဂမ္ဘီရ ဟောပြောပုံ ဆန်းကြယ်လှသည့် အကြင်ဆရာကြီး ဒေါ်ဓမ္မစာရီသည်။ မဟာ ဖဟန္တီ = ဆယ့်ခုနှစ်နှစ် ပျိုမျစ်နုစဉ် သီလရှင် ဘဝ ဖြစ်သည်ကလျှင် စ၍သော်မှ ရေတွက်ပါဒသင် သိက္ခာ ခုနှစ်ဆယ် ခြောက် ပြည့်မြောက် ခိုင်ဖြိုး ထေရ်ကြီးပါမောက် ပြောင်ရွယ်လည်း ရောက်ခဲ့ပါပေ၏... လို့ ဆရာကြီးကို ဂုဏ်ပြု ထောမနာခဲ့ပါတယ်။

မလိုင်က ကာဗျဝိဒူ အရှင်စန္ဒဇောတိ ရေးဖွဲ့တဲ့ သံဝဂ ဓမ္မဂီတိ မှာ တော့-....ဓမ္မစာရိနိ = ဓမ္မ ဝိနယ ရှိသမျှဟု ပိဋကသုံးပုံ ရဂုံကျက်စား ဖက်မထား ပဲ မျက်ဝါးထင်ထင် ကျွမ်းကျင်တတ်သိ တောတိုင်း လှည့်ပေသော။ ယာ ဓမ္မစာရိနီ= အမျိုးသမီး သာသနာဝင် သီလရှင်လောက ထိပ်ဆုံးမှ ထင်ပေါ်သဖြင့် စင်တော်ကကောက် ချိုးမြောက်ဖွဲ့ချိုး အကြင် သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီသည်။ အာဂတာဂမဒ္ဓဇရသ = ပရိယတ္တိ သာသနာ ဝဋ်သကာ ဘွဲ့ထူးရ အစိုးရပထမကျော် နိုင်ငံတော်တိပိဋကဓရ သာသနာ့ လက်ရွေး ဓမ္မနာဒ ဆရာတော်ကလေး အရှင် ဝိစိတ္တသာရာဘိဝံသ၏။ မာတာ အာသိ = မဟာပဇာပတိ ဂေါတမီ သက်တော် ရှည်ဘွဲ့ချိုး မိတ္တေးတော်ကြီးပမာ အရာရာ ယုယသည့် သာသနာ့မိခင် ဂုဏ်ဇင်အင်ပြိုး ကျေးဇူးရှင် မယ်တော်ကြီး ဖြစ်ခဲ့ပါပေ၏။ လို့ ဂုဏ်ပြု ထောမနာခဲ့ပါတယ်။

အပင့်ကြီးလို့ အသိုးအောင်ယ်၊ အသိုးအောင်လို့ မြားမြောင်တဲ့ မျိုးစေ့တွေကို ပေးစွမ်းနိုင်တယ် ဆိုစကားနဲ့ တူလှပါဘိတယ်။ ။

လူထု ဒေါ်အမာ

ပန်ကြားချက်

မင်းကွန်းဖောင်ရိုး မိုးမိတ်ကုန်းမြေနှင့် ရန်ကုန်ရှိ နိကာယ ကျောင်းဘော်တွင် ဆောက်လုပ် လှူဒါန်းထားကြသော သာသနိက အဆောက်အအုံများနှင့် အလှူရှင်တို့၏ ဓာတ်ပုံများကို ဖော်ပြရန် ရည်ရွယ်ထားသော်လည်း အချိန်မီ မရရှိပါ၍ မဖော်ပြနိုင်ပါ။

(ဒုတိယ သုံးနှစ်ခရီး စာစောင်တွင် ဖော်ပြနိုင်ရန် ဆက်လက် ကြိုးပမ်းလျက် ရှိပါသည်။)

စာစောင်ထုတ်တိ

တိပိဋ္ဌက = နိကာယ သာသနာပြုအဖွဲ့နှင့် ကျောင်းတိုက်အုပ်ချုပ်မှု

နာယက ဆရာတော်ကြီးများ

၁။ အဂ္ဂမဟာပဏ္ဍိတ ဘဒန္တအရိန္ဒမ၊ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ မင်းကွန်းဘောင်ရှိ။
၂။ မြတောင်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မင်းကွန်းတောင်ရှိ။
၃။ ရွှေဘိုချောင်ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၊ မင်းကွန်းတောင်ရှိ။
၄။ ရေဦးတိုက်ဆရာတော် ဘဒ္ဒန္တကောဿလ္လ၊ မင်းကွန်းတောင်ရှိ။
၅။ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဓံသ၊ မင်းကွန်းတောင်ရှိ။
၆။ ဓမ္မနာဒတိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ မင်းကွန်းတောင်ရှိ။
(အဖွဲ့အကျိုးတော်ဆောင်)
၇။ ရှားပင်တိုက်သစ်ဆရာတော် ဦးစန္ဒိမာ၊ မင်းကွန်းတောင်ရှိ။
၈။ ကျောက်စာခင်လေးချောင် သီရိဓဇဆရာတော် ဦးကံသ၊ မင်းကွန်းဘောင်ရှိ။
၉။ ဝေယန်ဘုံမြင့်ဆရာတော် ဦးဇောတိက၊ မင်းကွန်းတောင်ရှိ။
၁၀။ ရတနာဘုံမြင့်ဆရာတော် ဦးအာစာ၊ မင်းကွန်းတောင်ရှိ။

တိပိဋ္ဌက = နိကာယ သာသနာပြုအဖွဲ့

အမှုဆောင်လူကြီးများ

၁။ ဥက္ကဋ္ဌ - ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးသာလှ၊ (၁၀-ခ) မာတင်ရိပ်သာ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၂။ ဒုဥက္ကဋ္ဌ - ဦးညီဉာ၊ အိုးဘန်းကလေး၊ စစ်ကိုင်းမြို့။
၃။ ဒုဥက္ကဋ္ဌ - ဦးစိန်ဖေသောင်း၊ ရွှေတိုးလှေတန်း၊ မန္တလေးမြို့။
၄။ ဘဏ္ဍာတော်ဒေါ်ထိန်း - ဦးဖိုးမြို့၊ အမှတ်(၃၀၀)သူဌေးတန်း၊ မန္တလေးမြို့။
၅။ အကျိုးတော်ဆောင် - မန်းခေါင်ဦးလှရွှေ၊ အာဇာနည်လမ်း၊ မန္တလေးမြို့။
၆။ တွဲဖက် အကျိုးဆောင် - ဦးအေးမောင်၊ စိတ္တမဟီ မဘရပ်ရပ်၊ မန္တလေးမြို့။
၇။ တွဲဖက် အကျိုးဆောင် - ဦးခင်ကျော်ကျော်၊ မျက်ပါးရပ်၊ မန္တလေးမြို့။
၈။ စာရင်းကိုင် - ဦးသိန်းခမောင်၊ (၃၃)လမ်း၊ ဘုံဘိုင်တန်း၊ မန္တလေးမြို့။
၉။ စာရင်းစစ် - ဦးပါ၊ ခဲလန်တန်း၊ မလွန်ရပ်၊ မန္တလေးမြို့။
၁၀။ ပြန်ကြားရေးမှူး - ဦးအောင်ခန့်၊ (၄၀)၊ ၂၂ စီလမ်း၊ မန္တလေးမြို့။
1) ၁၁။ ပြန်ကြားရေးမှူး - ဦးမောင်မောင်အေး၊ ၂၈လမ်း၊ သံဖြူတန်းကြီး၊ မန္တလေးမြို့။

တိပိဋကတ် = နိကာယ သာသနာပြုဖွဲ့ ရန်ကုန်ဌာနခွဲ ဂုဏ်ထူးဆောင် နာယကကြီးများ

၁။ ဦးအောင်မြင် - အမှတ်(၃၅)ဈေးလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
၂။ ဦးစောဦး အမှတ်(၉၅)သင်္ဃောလမ်း၊ ရန်ကုန်မြို့။
၃။ ဦးခွန်းသာ - အမှတ်(၃၁)ရွှေတောင်ကြားလမ်း၊ ရန်ကုန်မြို့။
၄။ ဦးသုခ - အမှတ်(၃၁)ပါရမီလမ်း၊ ပါရမီရိပ်သာ၊ ရန်ကုန်မြို့။
၅။ ဦးအောင်ဇင် - အမှတ်(၃) ဂ-လမ်း၊ အာရှ.ကြို.ကုန်း၊ ရန်ကုန်မြို့။
၆။ ဦးအောင်သိမ်း - အမှတ်(၄၆) တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။
၇။ ဦးဩဘာ - မိုးကောင်းဘုရား၊ အရိယာဓမ္မာရုံ၊ ရန်ကုန်မြို့။
၈။ ဦးမြင့် - အမှတ်(၄၈)ဂွတ္တလစ်လမ်း၊ ရန်ကုန်မြို့။
၉။ ဦးကျော်သောင်း - အမှတ်(၈၂)အင်းလျားလမ်း၊ ရန်ကုန်မြို့။
၁၀။ ဦးညွန့် - ဆမှတ်(၃)ငါးထပ်ကြီးရိပ်သာလမ်း၊ ရန်ကုန်မြို့။

ရန်ကုန်ဌာနခွဲ အမှုဆောင်လူကြီးများ

၁။ ဆရာဝန်ကြီး ဦးသာလှ - (၁၀-ခ)မဟာဗဒ္ဓရိပ်သာ ပြည်လမ်း၊ ရန်ကုန်မြို့။
၂။ ဦးသန်း - အမှတ်(၃၉၇) အောက်ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့။
၃။ ဦးစွန် - အမှတ်(၁၁၊၁၅)၄၁ လမ်း၊ ရန်ကုန်မြို့။
၄။ ဦးလှမောင် - အမှတ်(၁၃၉)ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။
၅။/ ဦးစောလှိုင် - အမှတ်(၂၃)ဆုံးမြောင့်လမ်း၊ ရန်ကုန်မြို့။

ရန်ကုန်ဌာနခွဲ တွဲဖက်အမှုဆောင်လူကြီးများ

၁။ ဦးတင်မောင် - ၁၆၂ စီ၊ ပဌမသီရိရိပ်သာ၊ ရန်ကုန်မြို့။
၂။ ဦးသောင်းမြင့် - မဂ်လာသောင်းပုံနှိပ်တိုက်(၃၃)လမ်း ၂၀၊ပဲခူးမြို့။
၃။ ဦးမောင် - အမှတ်(၂၃)သုံးမြောင့်လမ်း၊ ရန်ကုန်မြို့။
၄။ ဦးအေးမောင် - အမှတ်(၈၁၅)မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
၅။ ဦးပီတာ(ခ)ဦးမြင့်စိန် - အမှတ်(၁၃၄)မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။
၆။ ဦးလှဝင်း - အမှတ်(၄၈) ၄၄ လမ်း၊ ရန်ကုန်မြို့။
၇။ ဦးလှအောင် - အမှတ်(၃၉)မဂ္ဂင်လမ်း၊ ကျားကွက်သစ်၊တာမွေ၊ ရန်ကုန်မြို့။
၈။ ဦးတင်ရွှေ - အမှတ်(၁၀)သီရိဂုဏ်ရည်ခြံ၊ ဂွတ္တလစ်လမ်း၊ ရန်ကုန်။
၉။ ဦးမောင်းမောင်အေး - (၁၁၃၈)သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ။
၁၀။ ဦးလှကြိုင် - အမှတ်(၁၄)အောင်သီဒွိလမ်း၊ မရမ်းကုန်း။

ရန်ကုန်ဌာနခွဲ ကျမ်းကျင်မှုဆိုင်ရာ တွဲဖက်အမှုဆောင်လူကြီးများ

၁။ ဦးဘစမ်၊ ဥပဒေဘက်ဆိုင်ရာ (၄-က) ဝင်ဒါမီယာကုတ်၊ ရန်ကုန်မြို့။
၂။ ဦးဝင်းထိန်၊ ဆောက်လုပ်ရေးဘက်ဆိုင်ရာ မြို့ပတ်အင်ဂျင်နီယာ၊ ရန်ကုန်မြို့။
၃။ ဦးသိုက်အောင်၊ စာရင်းစစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။
၄။ ဦးခင်မောင်ကြီး၊ စာရင်းကိုင် အမှတ်(၄၄) လောင်းဝစ်လမ်း၊ ရန်ကုန်မြို့။

မင်းကွန်းတိပိဋကဓနိကာယ သာသနာပြုအဖွဲ့
ဂုဏ်ထူးဆောင် နာယကကြီးများ

၁၊ ဦးသာဌေး ဓနကျောင်းတကာကြီး ပိုက်ကျုံးရပ်၊ မန္တလေးမြို့။
၂။ ဦးထီ၊ ကျောင်းတကာကြီး ၈၅ လမ်း၊ ဝါးတန်းရပ်၊ မန္တလေးမြို့။
၃။ ဦးအောင်ခန့်(ရွှေသမင်အချို့ခြောက်လုပ်ငန်း) ၂၂စီလမ်း၊ တိုက်အမှတ် (၄၀)၊ မန္တလေးမြို့
၄။ ဦးသန်းအောင် (ရွှေဒင်္ဂါး) ၁၄ ဒါးဘန်းရပ်၊ မန္တလေးမြို့။
၅။ ဦးသန်းညွန့် ကုန်သည်ကြီး ၁၆ ဒေါင်းရိုးရပ်၊ မန္တလေးမြို့။
၆။ ဦးစံဝင်း ကုန်သည်ကြီး ၁၆ ဒေါင်းရိုးရပ်၊ မန္တလေးမြို့။
၇။ ဦးကျော်သိန်း (အရှေ့တောင်း)၊ ၁၅ လမ်း၊ ဝါးတန်းရပ်၊ မန္တလေးမြို့။
၈။ ဦးလှိုင်ကြည် (ကျဲရှိုင်းဖိနပ်) ဓာတ်နှန်းရပ်၊ မန္တလေးမြို့။
၉။ ဦးလှမောင် ကုန်သည်ကြီး ၁၉ လမ်း၊ မင်းတဲအိုကင်းရပ်၊ မန္တလေးမြို့။
၁၀။ ဦးချစ်မောင် ကုန်သည်ကြီး ၁၉ လမ်း၊ မင်းတဲအိုကင်းရပ်၊မန္တလေးမြို့။
၁၁။ ဦးကိုလေး ၈၁ လမ်း၊ အရှိုးကြီးရပ်၊ မန္တလေးမြို့။
၁၂။ ဦးသောင်းစိန် (နေမင်းဆေးလိပ်လုပ်ငန်း) စိန်ပန်းရပ်၊ မန္တလေးမြို့။
၁၃။ ဦးခင်မောင် (အထက်မြန်မာပြည်ရပ်ရွာ) ၂၆ လမ်း၊ အာဇာနည်လမ်း၊ မန္တလေးမြို့။
၁၄။ ဦးဝင်းမောင် (ထုံးကုန်သည်) ၈၄ လမ်း၊ ကွမ်းခြံရပ်၊ မန္တလေးမြို့။
၁၅။ ဦးမြစိန် ဗဟိုတရားရုံးအကျိုးတော်ဆောင် ၈၁ လမ်း၊ သူဌေးတန်းရပ်၊ မန္တလေးမြို့။
၁၆။ ဒေါက်ဘာ စံထွန်းအောင် အထူးကုဆရာဝန်ကြီး ၂၆ လမ်း၊ ပဲခူးရပ်၊ မန္တလေးမြို့။
၁၇။ ဦးတော မန်းဆိပ်ကမ်းအခြေခံလုပ်သားအဖွဲ့ညွှန်ကြား မန္တလေးမြို့။
၁၈။ ဦးဝင်းမောင်(ဝင်းသန်းလွှက်ဖက်စို ၁ ဖက်ခြောက်ပဲရုံ)၈၅ လမ်း၊ဝါးတန်းရပ်၊ မန္တလေး။
၁၉။ ဦးစိန်ဝင်း ၃၂ လမ်းထောင့် မန္တလေးမြို့။
၂၀။ ဦးဘစိ (အငြိမ်းစား ကောလိပ်ကျောင်းအုပ်ကြီး) မန္တလေးမြို့။
၂၁။ ဦးသွဲ ပဲစားကြီး ၈၆ လမ်း၊ ပဲစားတန်း၊ မန္တလေးမြို့။
၂၂။ သမားဘော်ကြီး ဦးအုန်းရွှေ(မြန်မာသမားဘော်ကြီး)၈၂လမ်း၊ပြည်လုံးချမ်းသာရပ်မန္တလေး
၂၃။ ဦးဌေးမောင် (ဗေဒါ) ၂၆ လမ်း၊ ဆိုင်းတန်းရပ်၊ မန္တလေးမြို့။
၂၄။ ဦးစိုးညွန့် ကုန်သည် ၈၄လမ်း၊ ကျောက်ဓင်း၊ မန္တလေးမြို့။
၂၅။ ဦးစိုးလင်း ထင်းကုန်သည် ၄၂လမ်း၊ မင်းသားစုရပ်၊ မန္တလေးမြို့။
၂၆။ ဦးသွဲ ဘို မင်းကွန်းရွာ စစ်ကိုင်းမြို့နယ်။

၂၇။ ဦးဖိုးအိ ထန်းမြင့်ရွာ စစ်ကိုင်းမြို့နယ်။
၂၈။ ဦးတင်ဦး စိတ္တသုခချောင် စစ်ကိုင်းမြို့နယ်။
၂၉။ ဦးသိန်းတန် ကုန်သည်ကြီး စစ်ကိုင်းမြို့နယ်။
၃၀။ ဦးစန်းတင့် သစ်စက်ပိုင် စစ်ကိုင်းမြို့။
၃၁။ ဦးဘိုရှိန်း ကျောင်းတကာကြီး ကွေ့ကြီးရပ် မြင်းခြံမြို့။
၃၂။ ဦးဘသာ ဆေးရုံတကာ-ကျောင်းတကာကြီး မိတ္ထီလာမြို့။
၃၃။ ဦးခင်မောင်ဝင်း မိတ္ထီလာမြို့။
၃၄။ ဦးလှ ရေထွက်ဦးလမ်း တောင်ကြီးမြို့။
၃၅။ ဦးထိန် (ဂဠုန်မင်း ဘက်ထရီသုပ်ငန်း) ချောက်မြို့။
၃၆။ ဦးစံရွှေ ကျောင်းတကာကြီး၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့။
၃၇။ ဒေါ်ရွှေညွှန့် ကျောင်းအမကြီး သဇ္ဇေးတန်း၊ မန္တလေးမြို့။
၃၈။ ဒေါ်စောဘင် ကျောင်းအမကြီး ဒုံးတန်းရပ်၊ မန္တလေးမြို့။
၃၉။ ဒေါ်လှန္ဒာဂီ ဂူကလေးချောင် မင်းကွန်းတောင်ရိုး။
၄၀။ ဒေါ်လှဒေသီရိ ဂူကလေးချောင် မင်းကွန်းတောင်ရိုး။

အမှတ်စဉ် (၃) နှင့် (၄)မှာ အကျိုးဝေဘာဆောင် နာယကလူကြီးမင်းများ ဖြစ်ပါသည်။

တံဆိပ်အမှုဆောင် လူကြီးများ

၁။ ဦးသူဘော် ရွှေဆိုင်းကုန်သည် မျက်ပါးရပ် မန္တလေးမြို့။
၂။ ဦးဝင်း ။ ဂင်း ။
၃။ ဦးခွန်ကြည် ။ ဂင်း ။
၄။ ဦးကျော်ဌေး (အုံတ်လုပ်ငန်းပိုင်ရှင်) ပဲကုန်ရပ်၊ မန္တလေးမြို့။
၅။ ဦးသိန်းတင် ဝိန်ရွှေရတနာကုန်သည် ပဲကုန်းရပ်၊ မန္တလေးမြို့။
၆။ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်) ဂ၂-လမ်း၊ ရသာဘန်းရပ်၊ မန္တလေးမြို့။
၇။ ဦးဘိုကေ ဓကျောင်းတကာ တောင်ကြခတ်ဝင်း၊ မန္တလေးမြို့။
၈။ ဦးချစ်တင် ရွှေကုန်သည် ၂၂-စီလမ်း၊ မန္တလေးမြို့။
၉။ ဦးစိန်း ကုန်သည် အောင်မြေသာစံ မဲအိုးတန်း၊ မန္တလေးမြို့။
၁၀။ ဦးအောင်မြင့် နဘဲကြူးရပ်၊ မန္တလေးမြို့။
၁၁။ ဦးစိန်မောင် ဂင်း
၁၂။ ဦးကိုကိုကြီး (မန်းဓေတ်) ၂၆ လမ်း၊ ဆိုင်းတန်းရပ်၊ မန္တလေးမြို့။
